
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်
ဒုတိယအကြိမ်ထုတ်ဝေခြင်း
လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မာတိကာ

အပိုင်း ၁

၁။ ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်၏
အခြေခံ လမ်းစဉ်နှင့် လုပ်ငန်းစဉ်များ

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်၏
အခြေခံ လမ်းစဉ်နှင့် လုပ်ငန်းစဉ်များ ၁ 1
ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ် ၁ 1
ဒုတိယ လမ်းစဉ်၏ အခြေခံသဘောထားချမှတ်ခြင်း ၆ 6
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ် ၆ 6
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်၏ ရည်မှန်းချက် ၇ 7
ဒုတိယလမ်းစဉ် လုပ်ငန်းစဉ်များ ၈ 8
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်ချမှတ်ရန်
အရှေ့တိုင်းတွင် ကြိုးပမ်းမှု ၁၀ 10
ဒုတိယ လမ်းစဉ်နှင့် ပါတီတည်ဆောက်ရေးဆိုင်ရာ
တာဝန်ခွဲဝေမှုများ (၁၉၅၆-၅၇) ၁၁ 11
၁၉၅၉ ကေအဲန်ယူပါတီ၏ ပထမအကြိမ်မြောက် ကွန်ဂရက် ၁၂ 12
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ် တိုင်းဒေသကြီးများနှင့်
တပ်မဟာများဖွဲ့စည်းခြင်း ၁၃ 13
အရှေ့တိုင်းခရိုင်များ ၁၄ 14
အရှေ့တိုင်း တပ်မဟာများ ၁၄ 14
မြစ်ဝကျွန်းပေါ်တိုင်းအား ပြန်လည်ဖွဲ့စည်းခြင်း ၁၅ 15

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးရိုးမတိုင်းအား ပြန်လည်ဖွဲ့စည်းခြင်း		၁၈	18
ပဲခူးတိုင်းသမိုင်း		၂၁	21
ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့် တပ်ပေါင်းစု တည်ဆောက်ရေး		၂၃	23
မွန်-ကရင် သဘောတူညီချက်	၂၃	23	
ပအိုဝ်း တော်လှန်ရေး	၂၉	29	
ကယန်းတော်လှန်ရေး	၃၂	32	
ရှမ်း တော်လှန်ရေး		၃၃	33
ချင်း တော်လှန်ရေး	၃၅	35	
ကချင်လူမျိုး၊ ရခိုင်လူမျိုးများနှင့် ဆက်ဆံရေး		၃၈	38
ကေအဲန်ယူ ဒုတိယလမ်းစဉ်နှင့် လူမျိုးစုံ လူတန်းစား အသီးသီးပါဝင်သော တပ်ပေါင်းစုတည်ဆောက်ရေး			
တပ်ပေါင်းစု ဖြစ်ပေါ်လာပုံ		၄၀	40
၁၉၅၆ ခုနှစ်၊ ချင်းအမျိုးသားခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း	၄၀	40	
ညီညွတ်သော လူမျိုးစု တပ်ဦး		၄၁	41
အမျိုးသား ဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု		၄၂	42
မဒညတ တည်ဆောက်ရန် ကြိုးပမ်းမှု		၄၅	45
မဒညတ တည်ဆောက်ခြင်း		၄၈	48
K.N.U.P. နိုင်ငံခြားဆက်သွယ်ရေး ကြိုးပမ်းမှု		၅၀	50
S.S.P.P. သမိုင်း		၅၆	56
တံခွန်နီ အဖွဲ့ခေါင်းဆောင်များ တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံ ဆွေးနွေးခြင်း		၅၈	58
K.I.A. နှင့် S.S.A. ပဋိပက္ခ		၆၂	62
S.S.A. နယ်မြေမှ တံခွန်နီအဖွဲ့ နှုတ်ဆက်ပွဲ		၆၅	65
ဗမာပြည် လူမျိုးစုများ ပြဿနာစာတမ်း		၆၉	69

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်။

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်ကို ရေးဆွဲသည့်ပုဂ္ဂိုလ်များ ဖြစ်သော၊ မန်းဘဇန်နှင့် စောဟန်တာသာမွေးတို့ ဖြစ်သည်။ ကရင့်လက်နက်ကိုင် တော်လှန်ရေး၏ ဗွေဆော်ဦးကာလ၊ ၁၉၄၉ ခုနှစ်မှ၊ ၁၉၅၃ ခုနှစ် ဝိန့်ထောင်-ကွန်ဖရင့် ကျင်းပသည့် အချိန်ထိ ကာလပိုင်းကို ပထမ လမ်းစဉ်ဟူ၍ သတ်မှတ်ခဲ့သည်။

ပထမ လမ်းစဉ်သည် အမျိုးသားရေး အမြင်သက်သက်သာ ဖြစ်သည်ကိုလည်း ဖော်ပြခဲ့သည်။

ကရင့်လက်နက်ကိုင် တော်လှန်ရေးသမိုင်းကို ရေးသားခဲ့သူ ဆရာကြီး စကော လယ်တော ကလည်း၊ ဤအချက်ကို ၁၉၅၁ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သော ကေဂျီဘီ (K.G.B.) အစည်းအဝေးတွင်အောက်ပါအတိုင်း အခိုင်အမာ ထောက်ခံခဲ့သည်။

K.G.B. ခေတ်ကာလ ကော်သူးလေဝါဒမှာ တမျိုးသားလုံး၏ ဝါဒဖြစ်ပြီး၊ ဒီမိုကရေစီကို အခြေခံလျက်ရှိသည်။ ခပ်တိုတိုစကားတခွန်းတည်းဆိုရလျှင် “ကရင်ဝါဒ” Karenism. ပင်ဖြစ်သည်။

“The policy of Kaw Thoo Lei is Nationalism based on democracy in the World” ဖြစ်သည်။

ဆက်လက်၍ ဖော်ပြရာတွင် ကရင်တမျိုးသားလုံး၏ ဝါဒသည် မွန်မြတ်သည့် အချက် (၅)ချက် အပေါ်တွင် မှီတည်ပြီး၊ မိဘ ဘိုးဘွားတို့၏ ရှေးပဝေဏီ ကာလ ကတည်းက အဆင့်ဆင့် ဆင်းသက်လာသည့် အောက်ပါအချက်များပင် ဖြစ်သည်။

(၁) အမှန်တရား၊ Truth.

(၂) သန့်ရှင်းစင်ကြယ်ခြင်း၊ Purity.

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၃) ညီအကို မောင်နှမ ချစ်စိတ် Brotherhood.

(၄) အတူယှဉ်တွဲနေထိုင်စားသောက်မှုCo-operative Living.

(၅) သစ္စာရှိမှု Loyalty.

ဤမွန်မြတ်သည့် အချက် (၅)ချက်အပေါ်မှီတည်ပြီး၊ နိုင်ငံရေး၊ စီးပွား ရေးနှင့် အမျိုးသားရေး စသည်တို့နှင့် သက်ဆိုင်သည့် `ပေါ်လစီ´ အခိုင်အမာ လုပ်ငန်း အားလုံး ကို ရေးဆွဲခဲ့သည်။

မှတ်ချက်။ ။ K.G.B. (Kaw Thoo Lei Governing Body) ခေါ်ကော်သူးလေ အုပ်ချုပ်ရေး အဖွဲ့ကို ၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင်၊ ကေအဲန်ယူ ဥက္ကဋ္ဌ စောဘဦးကြီး ကျဆုံး ပြီးနောက်တွင် ဖွဲ့စည်းခဲ့သည်။

၁၉၅၁ ခုနှစ် ဧပြီလ (၄)ရက်နေ့တွင် အရှေ့တိုင်းမှ ခေါင်းဆောင်များနှင့်သာ စတင် ဖွဲ့စည်းခဲ့ပြီး၊ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလတွင် မြစ်ဝကျွန်းပေါ် ခေါင်းဆောင်များဖြင့် ပေါင်း စပ် ပြီး ပြန်လည် ဖွဲ့စည်းခဲ့သည်။

၁၉၄၉ နှစ် ဇန္နဝါရီလ (၃၁)ရက်နေ့တွင် စတင်ခဲ့သော လက်နက်ကိုင် တော်လှန် ရေး သည်၊ တော်လှန်ရေးကာလ ကျင့်သုံးရမည့်၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး လုပ်ငန်း များ အတွက် တိကျသော လမ်းညွှန်ချက်များကို ရေးဆွဲချမှတ် နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် တောင်ငူမှတဆင့် အရှေ့တိုင်းသို့၊ ဆုတ်ခွာခဲ့သော ခေါင်းဆောင် များနှင့် မြစ်ဝကျွန်းပေါ်သို့ ဆုတ်ခွာခဲ့သော ခေါင်းဆောင်များ၏ ဒေသဆိုင်ရာ အကောင် အထည် ဖော်မှုများသည် တူညီ ချက်များ ရှိသကဲ့သို့ ကွာခြားချက်များလည်း ရှိခဲ့သည်။

ကော်သူးလေအရှေ့တိုင်းသို့ ဆုတ်ခွာခဲ့သော ခေါင်းဆောင်များတွင် စောဘဦး ကြီး၊ ပ အိုဝ်းဦးလှဖေ၊ စကောဝါးခို (စောဖိုးချစ်)၊ ပဒိုဝီရီကျော်၊ ပဒိုစုမော်လွီး၊ ပဒိုဘထွန်း၊ ဂျွန်ဆင်ဒီ ဖိုးမင်း၊ စောစိန်တင်၊ စောဖိုးမောင် တို့ပါဝင်ပြီး ၎င်းတို့မှာ ဗဟိုအဖွဲ့ချုပ် ဖြစ် သည်။

မြစ်ဝကျွန်းပေါ်သို့ ဆုတ်ခွာခဲ့သော ဗဟိုခေါင်းဆောင်များတွင် ဗိုလ်ချုပ် စိုင်းကေ၊ မန်း ဘဇန်၊ စကောလယ်တော၊ မန်းသိန်း၊ ဆရာသာမြိုင် (မန်းရှန်ဖလေ့) တို့ ပါဝင်ခဲ့သည်။

တောင်ငူသို့ ဆုတ်ခွာခဲ့သော ခေါင်းဆောင်များသည်၊ ဇူလိုင်လ (၁၄)ရက် နေ့တွင် ကော်သူးလေ အစိုးရကို ဖွဲ့စည်းပြီး ကော်သူးလေပြည်ကို ကြေညာခဲ့သည်။ ကော်သူးလေ

အစိုးရ ဖွဲ့ရာတွင် စောဘဦးကြီးကိုယ်တိုင် တောင်ငူသို့ပင် မရောက်သေးပေ။ ဝန်ကြီးချုပ်မှာ စောဘဦးကြီးဖြစ်ပြီး တခြား ဌာနဆိုင်ရာ ဝန်ကြီး(၇)ဦးကို တင်မြောက်ခဲ့သည်။ ဝန်ကြီး အားလုံးတွင် မြန်မာနိုင်ငံ လွှတ်တော်၌ အတွေ့အကြုံရှိသူ (၂)ဦးသာ ပါရှိခဲ့သည်။ ၎င်းတို့မှာ စောဘဦးကြီးနှင့် ဦးလှဖေ တို့ပင် ဖြစ်သည်။ ကော်သူးလေပြည်ကို ထူထောင်သည်ဟု ဆို သော်လည်း၊ အုပ်ချုပ်ရေးများကို မည်သည့် နေရာဒေသ တနေရာတွင်မျှ စနစ်တကျ မချ မှတ်နိုင်ခဲ့ပေ။ စစ်ပူ ကာလဖြစ်၍ ဖဆပလ တပ်များက ကော်သူးလေ ပြည်ဟု သတ်မှတ် သော ဒေသများကို အပြင်းအထန် ထိုးစစ်ဆင်ခဲ့သည်။ ၁၉၅၀ ခုနှစ်၊ မတ်လတွင် ကော်သူး လေ မြို့တော်၊ တောင်ငူကို ဖဆပလ တပ်များက သိမ်းပိုက်လိုက်သဖြင့် ဝန်ကြီးအားလုံး မော် ချီးသို့ ပြောင်းရွှေ့ခဲ့ကြ ရသည်။

ဧရာဝတီတိုင်းသို့ ဆုတ်ခွာခဲ့သော K.N.U. ဗဟို ခေါင်းဆောင်များကို တောင်ငူရှိ ဗဟို အုပ်ချုပ်ရေးအဖွဲ့က သီးခြားလုပ်ပိုင်ခွင့် ပေးထားသည့်အပေါ် ၁၉၄၉ ခုနှစ် ဇွန်လတွင် ညောင် တုန်းမြို့၌ အစည်း အဝေးတခု ကျင်းပပြုလုပ်ခဲ့ပြီး၊ တပ်မများကို စနစ်တကျ ပြန်လည် ဖွဲ့စည်းခဲ့သည်။ နယ်မြေများကိုလည်း ခွဲဝေ သတ်မှတ်ခဲ့သည်။

ကော်သူးလေ အစိုးရအုပ်ချုပ်ရေး (၃)လအကြာ၊ ၁၉၄၉ ခုနှစ်၊ စက်တင်္ဘာလ (၂၀)ရက်နေ့တွင် စစ်အုပ်ချုပ်ရေးသို့ ပြောင်းလဲခဲ့သည်။ စစ်အုပ်ချုပ်ရေးကြောင့်၊ အရှေ့ တိုင်း၊ ဧရာဝတီတိုင်းအတွင်း စစ်ဘက်ကသာ တော်လှန်ရေး၊ အုပ်ချုပ်ရေးကို ရှေ့ဆောင် ခွင့် ရခဲ့သောကြောင့်၊ စည်းရုံးရေး အုပ်ချုပ်ရေး လုပ်ငန်းများတွင် အခွင့်အာဏာများ အလွန်အမင်း သုံးစွဲခဲ့ကြသည်။ ထို့ကြောင့် လူထု စည်းရုံးရေး လုပ်ငန်းများ ပျက်ပြားလာ ခဲ့ရ သည်။ စောဘဦးကြီးသည် စစ်အုပ်ချုပ်ရေးတွင် စစ် သေနာပတိချုပ် တာဝန်ကို ရယူ ထား သော်လည်း၊ စစ်အတွင်းဝန်ဖြစ်သူ ဦးစောလုံ ကသာ အုပ်ချုပ်ရေးကို ကြိုးကိုင်ခဲ့သည်။ စစ် အုပ်ချုပ်ရေး တာဝန်ခံများသည် တော်လှန်ရေးအတွေ့အကြုံများ မရှိသောကြောင့် လူထု စည်းရုံးရေး လုပ်ငန်းများကို အကောင်အထည် မဖော်နိုင်ကြပေ။ အုပ်ချုပ်ရေးများတွင် လည်း ဖရိုဖရဲဖြစ်လာသည်။ အခြေအနေကို ထိန်းသိမ်းရန် စောဘဦးကြီးက၊ မြစ်ဝကျွန်း ပေါ် စစ်ဦးစီးချုပ်တာဝန် ယူနေသော ဗိုလ်ချုပ်စိုင်းကေအား က/န (ကြေးနန်း)ဖြင့် မှာယူ ခဲ့သည်။ ဗိုလ်ချုပ် စိုင်းကေ ရောက်လာသောအခါ အရှေ့တိုင်း ကေအဲန်ယူ အစည်းအရုံးကို ဖော်ထုတ် ရန် ကြိုးပမ်းသော်လည်း အရှေ့တိုင်း ခေါင်းဆောင်များက လက်မခံ ခဲ့ကြချေ။

မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များက ဗဟိုမှ ချမှတ်ထားသော စစ်အုပ်ချုပ်ရေး သည် ကရင့်တော်လှန်ရေး အခြေအနေနှင့် မကိုက်ညီဟု ယူဆခဲ့သည်။ အမျိုးသား တော်လှန်ရေးတွင် နိုင်ငံရေးကသာ ဦးဆောင်မှု ကဏ္ဍကို ရယူရမည်။ နိုင်ငံရေး အုပ်ချုပ် ရေး လုပ်ငန်းများအတွက် အဖွဲ့အစည်း (သို့မဟုတ်) ရှေ့ဆောင် ပါတီတရပ် ရှိရမည်ဟု ယုံကြည်နေ ကြသည်။ ထိုကြောင့် K.N.U. ခေါင်းဆောင် မန်းဘဇန်က ဦးဆောင်ပြီး၊ ပုသိမ် ခရိုင် ကျောင်း ကုန်းမြို့နယ်၊ ရွာသာကုန်း ကျေးရွာတွင် အစည်းအဝေးတရပ် ခေါ်ဆိုရာ၊ ကိုယ်စားလှယ် (၂၀၀)ကျော် တက်ရောက်ခဲ့သည်။ K.N.U. အစည်းအရုံးကို ပြန်လည် ဖွဲ့စည်း ခဲ့သည်။ ကေအဲ နယူ အစည်းအရုံး၏ ရှေ့ဆောင်မှုကြောင့် လူထု စည်းရုံးရေးနှင့် တော်လှန်ရေးလုပ်ငန်းများ ကို ဆက်လက် ထိန်းသိမ်း နိုင်ခဲ့သည်။

သို့သော် ၁၉၅၁- ၅၂ “ကျော်ဇော” စစ်ဆင်ရေးသည် မြစ်ဝကျွန်းပေါ်ရှိ၊ မြစ်ဝ ကျွန်း ပေါ် တပ်မဟာ (၁)နယ်မြေကို ကြည်း၊ ရေ၊ လေ တပ်တို့ဖြင့် အပြင်းအထန် ဝိုင်းပတ် ထိုးစစ် ဆင်ခဲ့သဖြင့်၊ တပ်မဟာ(၁) လက်အောက်ခံ တပ်ရင်းများ အိမ် ထောင်သည် အားလုံး၊ ပဲခူး ရိုးမ အနောြက်ခမ်းသို့ ဆုတ်ခွာ သွားခဲ့ရသည်။ တပ်မဟာ(၂)၊ တပ်မဟာ(၄) နယ်မြေ များကို လည်း ဆက်လက် ထိုးစစ် ဆင်ရာ တပ်မဟာ အဖွဲ့များက ရခိုင်ရိုးမဘက်သို့ ပြောင်းရွှေ့ခဲ့ကြ ရသည်။

အရှေ့တိုင်းတွင် စစ်အုပ်ချုပ်ရေးအတွင်း အခွင့်အာဏာများ အလွန်အမင်း သုံးစွဲခဲ့မှု၊ လူထု ဆန့်ကျင်ရေးကိစ္စများ များပြားလာပြီး စည်းရုံးရေးလည်းကျ၊ အုပ်ချုပ်ရေး လုပ်ငန်း များတွင်လည်း ဖရိုဖရဲ ပရမ်းပတာ ဖြစ်လာရသည်။ စစ်ခေါင်းဆောင်များသည် စစ် အတွေ့အကြုံ မရှိသောကြောင့်၊ စစ်ပွဲများအတွင်း အဆုံးအရှုံးများ များလာသည်။ ခေါင်းဆောင်များ ကိုယ်တိုင် ရန်သူထံ အရှုံးပေးမှုများ ရှိ လာသည်။

အရှေ့တိုင်းထိုးစစ်သည် မြစ်ဝကျွန်းပေါ်တိုင်း ထိုးစစ်ကဲ့သို့ အပြင်းအထန် ထိုးစစ်ဆင် နိုင်ခဲ့သည် မဟုတ်ပေ။ တောင်ပေါ်ဒေသဖြစ်၍ စစ်ဆင်ရေးကို ၎င်းတို့ စိတ်ထင် သည့်အတိုင်း မလုပ်ဆောင် နိုင်ခဲ့ပေ။ သို့သော် ကေအဲန်ယူ အစည်းအရုံး၏ ရှေ့ဆောင်မှု ကို မ တည်ဆောက်နိုင်ခဲ့ခြင်း၊ အမြင့်ဆုံး ခေါင်းဆောင် နှစ်ဦးဖြစ်သူ စောဘဦးကြီးနှင့် ဗိုလ်ချုပ် စိုင်းကေတို့ ကျဆုံးသွားခဲ့ရခြင်းကြောင့် မရေရာသော အခြေကို အချိန်အတန်ကြာ ရင်ဆိုင်ခဲ့ ကြရသည်။

မြစ်ဝကျွန်းပေါ်တိုင်း ဒေသကြီးတွင် K.N.U. ကေအဲန်ယူ အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သော်လည်း၊ စည်းရုံးရေး အုပ်ချုပ်ရေးများတွင် ယခင် စစ်အုပ်ချုပ်ရေး ခေါင်းဆောင်များ ပါဝင်လာပြီး၊ အုပ်ချုပ်ရေးအာဏာသည် စစ်ခေါင်းဆောင်များ လက်ထဲတွင်သာ ရှိခဲ့သည်။ ထို့ကြောင့် စစ်ဗြူရိုကရက်စနစ်၊ စစ်ဘုရင်ဝါဒသာ လွှမ်းမိုး လျက်ရှိသည်။ ကျော်ဇော စစ်ဆင်ရေးကြောင့် အုပ်ချုပ်ရေးလုပ်ငန်းများ ယိုယွင်းနေသော ကာလကို အခွင့်ကောင်းယူပြီး ဖဆပလ က နိုင်ငံရေး ထိုးစစ် တရပ်ကို စတင်လိုက်သည်။ ဒီမိုကရေစီ အရေးနှင့် လက်နက် အလဲအလှယ် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များဖြင့် ဒေသ အသီးသီးသို့ ကွင်းဆင်းပြီး၊ ကာကွယ်ရေး လက်နက်ကိုင် တပ်ဖွဲ့အသီးသီး၊ ကျေးရွာ အသီးသီးသို့ ဝါဒဖြန့်ချိ စည်းရုံးနေသည်။ အချိန်အနည်းငယ်အတွင်း ကျေးရွာ အများ အပြားတွင် အလံဖြူများ ထောင်လာကြသည်။ စစ်အုပ်ချုပ်ရေးကြောင့် ကိုယ်ကျိုးစီးပွား ကြွယ်ဝလာသော ဒေသခံတပ်မှူးများသည် ရန်သူ၏ ဝါဒဖြန့် မှုကို လက်ခံပြီး စေ့စပ်ရေး လုပ်လာကြသည်။ ငြိမ်းချမ်းရေးကို လက်ခံသော တပ်မှူးများသည် လက်နက်ကိုင်ဆောင်ခွင့် တာဝန် ကျသော ဒေသများတွင် တရားဝင် အုပ်ချုပ်ခွင့်၊ အခွန်ကောက်ပိုင်ခွင့်၊ စီးပွားရေး လုပ်ငန်း များကိုလည်း ရရှိလာကြသည်။ ထို့ကြောင့် တပ်မှူးအများအပြား ရန်သူထံ လက်နက်ချ ကြပြီး မိမိတို့ ဒေသတွင်း၌ ရန်သူ၏ စည်းရုံးရေး အစီအစဉ်များတွင် ဝင်ရောက်သွား ကြသည်။

အထက်ဖော်ပြချက်များသည် ကရင်လက်နက်ကိုင်တော်လှန်ရေး အစပိုင်း ကာလ၊ ၁၉၄၉-၅၆ အထိ တိုင်းဒေသ ၂ ခုဖြစ်သော၊ မြစ်ဝကျွန်းပေါ်နှင့် အရှေ့ တိုင်းဒေသ အခြေအနေများ ဖြစ်သည်။ ဤ အခြေအနေဖြင့် ကရင်အမျိုးသားများ မျှော်မှန်းချက် ဖြစ်သော၊ ကရင်ပြည်ကို ရရှိရန် မဆိုထားနှင့် ရန်သူ၏ နိုင်ငံရေး၊ စစ်ရေး ထိုးစစ်အတွင်း လုံးဝ ခြေမှုန်းခြင်း ခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရပေသည်။

ဒုတိယလမ်းစဉ်၏ အခြေခံသဘောထားချမှတ်ခြင်း၊

“ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒသည်၊ ကရင့်တော်လှန်ရေးကို အကျိုး မပြုနိုင်။ လူမျိုးစု သွေးစည်းညီညွတ်ရေး ဝါဒကို ကျင့်သုံးရမည်။ ဗမာပြည်တွင်းရှိ လူမျိုးအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ထိုသို့ ပူးပေါင်းရာတွင် တန်းတူမှု လွတ်လပ်မှု ရှိသော အမျိုးသားရေးဝါဒကို ကျင့်သုံးရမည်။

ကရင်အမျိုးသားများ ဆန့်ကျင်တိုက်ခိုက်နေသည်မှာ မြန်မာလူမျိုးမဟုတ်။ ဖဆပလ အစိုးရသာ ဖြစ်သည်။ ဖဆပလ အစိုးရသည် ဗမာပြည်သူ၊ အလုပ်သမား၊ လယ်သမားများအပေါ် ဖိနှိပ် တိုက်ခိုက် နေသည်ဖြစ်၍ အဖိနှိပ်ခံ မြန်မာအလုပ် သမား၊ လယ်သမားများနှင့် ချစ်ကြည်ရင်းနှီးမှုရှိပြီး၊ ပူးပေါင်း တိုက်ရမည်ဖြစ်သည်။ လူမျိုးစု သွေးစည်း ညီညွတ်ရေး ဝါဒအပေါ် မြန်မာ အလုပ်သမားများနှင့် ရင်းရင်း နှီနှီး ပူးပေါင်း တိုက်ပွဲဝင်ရမည်။

မြေရှင် ပဒေသရာဇ် ဖဆပလ အစိုးရသည်၊ နယ်ခြံစံနစ်၊ မြေရှင် ပဒေ သရာဇ် စံနစ်၊ မဟာလူမျိုး ကြီးဝါဒကို ကိုယ်စားပြုသော အစိုးရဖြစ်သည်။ သို့သော် ဖဆပလ အစိုးရကို အဓိကထား တိုက်ရမည်။ နယ်ခြဲ ပဒေသရာဇ်နှင့် မဟာလူမျိုးကြီး ဝါဒကို ဆန့်ကျင်သည့် လုပ်ငန်းများကိုလည်း ချမှတ်ရမည်။

ကရင်ပြည်တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသော ကရင်ပြည်ကို ထူထောင်ရမည်။ တိုင်းပြည်အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာရှိသော ကရင်ပြည် ဖြစ်ရမည်။ သီးခြားပြည်နယ်အဖြစ် ခွဲထွက်သည်ထက် ပူးပေါင်းခြင်းက ပိုမိုအကျိုးရှိသည်။ သို့သော်လည်း ပြည်နယ်တိုင်းတွင် လူမျိုးရေး ရပိုင်ခွင့် အခွင့်အရေး အပေါ်တွင် ခွဲထွက် လိုက ခွဲထွက်ပိုင်ခွင့်လည်း ရှိရမည်။

ကရင့်တော်လှန်ရေးတွင် စစ်ရေး ဦးဆောင်မှုကို မပေးဘဲ၊ နိုင်ငံရေးကသာ ဦးဆောင်မှုကို ပေးရမည်။ ဦးဆောင်ပါတီတရပ် ရှိရမည်။ လက်နက်ကိုင် တိုက်ပွဲကာလ ဖြစ်၍ လက်နက်ကိုင် စည်းရုံးရေးသည် အဓိက စည်းရုံးရေးအသွင် ဖြစ်သည်။
ဦးဆောင်ပါတီအောက်တွင် စည်းကမ်းရှိသော တပ်မတော်ရှိရမည်။
အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုတရပ် ဖွဲ့စည်းရမည်။
လူမျိုးများ။

ဗမာပြည်တွင် တော်လှန်ရေး အဖွဲ့အစည်းအားလုံး ပါဝင်သော ပြည်သူ့ဒီမိုကရေစီ တပ် ပေါင်း စုတရပ် ဖွဲ့စည်းရမည်။

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်

ပထမလမ်းစဉ်၏ ခွဲျိုယွင်းအားနည်းချက်များကို သုံးသပ်ရာတွင်

၁။ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ၊ မြန်မာ ဆန့်ကျင်ရေးမုန်းတီးမှု၊ တိုက် ခိုက်မှုများသည်၊ တော်လှန်ရေးကို အကျိုးမပြုသည့်အပြင် ကရင့်တော်လှန်ရေးကို ပျက်စီး စေနိုင်သည်။

၂။ တိကျ မှန်ကန်သော တော်လှန်ရေး လမ်းစဉ် လုပ်ငန်းစဉ်များ ချမှတ်နိုင်မှု မရှိခြင်း၊

၃။ စစ်အုပ်ချုပ်ရေးကို ချမှတ်ခဲ့ခြင်းကြောင့် တော်လှန်ရေးအခြေအနေနှင့် မကိုက် ညီသည့် အပေါ် ခေါင်းဆောင်(၂)ဦးဖြစ်သူ စောဟန်တာသာမွေးနှင့် မန်းဘဇန်တို့က အောက်ပါ အတိုင်း ရေးဆွဲခဲ့ကြသည်။

က။ ကရင့်တော်လှန်ရေး၏ ရည်ရွယ်ချက်၊

ခ။ ကရင့်တော်လှန်ရေး၏ အဓိက ရန်သူ၊

ဂ။ ကရင့်တော်လှန်ရေး၏ အဓိက ပစ်ကွင်း၊

ဃ။ ကရင့်တော်လှန်ရေး၏ အင်အားစုများ၊

င။ ကရင့်တော်လှန်ရေး၏ ဝင်ရိုး၊

စ။ ကရင့်တော်လှန်ရေး၏ လုပ်ငန်းစဉ်များတွင် ပါဝင်သော လုပ်ငန်းစဉ်များကို ရေးဆွဲခဲ့ပြီး၊

၁၉၅၃ ခု၊ ဇွန်လ (၉)ရက်နေ့ မြစ်ဝကျွန်းပေါ်ရှိ ဝိန့်ထောင် ကွန်ဖရင့်တွင် တင်သွင်းပြီး ဆွေးနွေး အတည်ပြုခဲ့သည်။ စမ်းသပ် ကျင့်သုံးခဲ့ကြသည်။ ဆက်လက်ပြီး ၁၉၅၄ ခု၊ ဩဂုတ်လ (၂၄)ရက်နေ့ လှေဆွဲ ကွန်ဖရင့်တွင်၊ ဤ လမ်းစဉ်ကို ဒုတိယ လမ်းစဉ်ဟု သတ်မှတ်ခဲ့သည်။ လှေဆွဲ ကွန်ဖရင့်တွင် နိုင်ငံရေး၊ စစ်ရေး ဆောင်ရွက် ချက်များကို ပြန်လည် ဆန်းစစ်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြုလုပ်ခဲ့သည်။ ဤလှေဆွဲ ကွန်ဖရင့်၌ပင် ကရင့်တော်လှန်ရေး အောင်ပွဲဆင်ရေးအတွက် တပ်ဦးပါတီတခုကို ဖွဲ့စည်းရန် ထို တပ်ဦး ပါတီ၏ အောက်တွင် အမြဲတမ်း တပ်မတော်၊ ပြောက်ကျား တပ်မတော်ကို ဖွဲ့စည်း ရန်ကိုလည်း အဆိုပြုခဲ့သည်။ ကျေးရွာကာကွယ်ရေးတပ်ကိုမူ ဆက်လက်၍ ထားရှိ လေသည်။

၁၉၅၃ ခုနှစ် ဝိန့်ထောင် ကွန်ဂရက်မှ ချမှတ် အတည်ပြု ကျင့်သုံးခဲ့သော ဒုတိယ လမ်းစဉ်ကို ပြန်လည် သုံးသပ်ရာတွင် အောင်ပွဲဆီသို့ ပို့ဆောင်နိုင်သော လမ်းစဉ်ဟု အသိအမှတ် ပြုကြ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ထို့ကြောင့် ဒုတိယလမ်းစဉ်ကို ကော်သူးလေ နယ်မြေများ ဖြစ်သော အရှေ့တိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်း အားလုံးတွင် ကျင့်သုံးရန် အမျိုးသား ကွန်ဂရက် တရပ်ကို ၁၉၅၆ ခုနှစ်၌ အရှေ့တိုင်း မောကို ကွန်ဂရက်တွင် ခေါ်ယူပြီး အတည်ပြုခဲ့သည်။

၁၉၅၆ ခုနှစ် ဇွန်လ (၂၆)ရက်နေ့မှ ဇူလိုင်လ(၅)ရက်နေ့အထိ ကျင်းပခဲ့သော မောကို ကွန်ဂရက်တွင် ဒုတိယလမ်းစဉ်ကို အတည်ပြုခဲ့သည်။

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်၏ ရည်မှန်းချက်၊

ရည်မှန်းချက် (၁)။ ကရင်အမျိုးသားများ၏ အချုပ်အခြာအာဏာပိုင် ကရင်ပြည် ရရှိရေး။

ရည်မှန်းချက် (၂)။ ဗမာပြည်ရှိ တိုင်းရင်းသား လူမျိုးစုအားလုံး အချုပ်အခြာ အာဏာ ပိုင်သော ပြည်နယ်များ ရရှိရေး။

ရည်မှန်းချက် (၃)။ လူမျိုးစုများ၏ ဆန္ဒအရပူးပေါင်း၍ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ပြည်သူ့ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရန်။

ရည်မှန်းချက် (၄)။ အဆုံးသတ် ရည်မှန်းချက်မှာ ဆိုရှယ်လစ် လူဘောင်ဆီသို့ ချီတက်သွားရန် ဖြစ်သည်။

ကရင့်တော်လှန်ရေး အခြေခံ ရန်သူ။ - နယ်ခြဲစနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်။
အဓိက တိုက်ကွင်း။ - ဖဆပလ အစိုးရ။
ကရင့်တော်လှန်ရေး တိုက်ပွဲ သဏ္ဌာန်။ - လက်နက်ကိုင်တိုက်ပွဲ။
စည်းရုံးရေး သဏ္ဌာန်။ - လက်နက်ကိုင် စည်းရုံးရေး။
လက်နက်ကိုင် တိုက်ပွဲသည် အဓိက စည်းရုံးရေး သဏ္ဌာန်ဖြစ်သည်။
အဓိက ဝင်ရိုး။ - မြေယာ တော်လှန်ရေး။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယ လမ်းစဉ်၏ လုပ်ငန်းစဉ်များ၊

၁။ နိုင်ငံရေး လုပ်ငန်း။

ကေအဲန်ယူပါတီကို ကရင့်တော်လှန်ရေးရှေ့ဆောင် တပ်ဦးပါတီအဖြစ်ထင်း၊ ကေအဲန်ယူ အစည်းအရုံးအား ကရင့်တော်လှန်ရေး၏ ကျောရိုးအဖြစ်ထင်း၊ စည်းရုံးဖွဲ့စည်း တည် ထောင်သွားရန်။

၂။ လူမျိုးစုလုပ်ငန်း။

ဒီမိုကရက်တစ် လူမျိုးစုများ၏ ညီညွတ်ရေး အင်အားစုများကို စုပေါင်းပြီး တပ်ပေါင်းစု ဖွဲ့စည်းသွားရန်။

၃။ ဒီမိုကရေစီတပ်ပေါင်းစုလုပ်ငန်း။

ဗမာပြည်အတွင်းရှိ တော်လှန်သော အင်အားစု အားလုံးကို စုစည်းပြီး ပြည်လုံးဆိုင်ရာ တပ် ပေါင်းစုကြီးကို တည်ဆောက်ရန်။

(၄) စီးပွားရေးလုပ်ငန်း။

ပြည်သူ့ဒီမိုကရေစီ စီးပွားရေးလုပ်ငန်းနှင့်အညီ လူတန်းစား (၄)ရပ်အတွက်၊ ၎င်းတို့၏ အကျိုးစီးပွား အသီးသီးနှင့် ကိုက်ညီသည့် စီးပွားရေးပေါ်လစီများကို ချမှတ်ကျင့်သုံးရန်။

(၅) စစ်ရေးလုပ်ငန်း။

ကော်သူးလေ ပြည်သူ့တပ်မတော်ကို ဖွဲ့စည်းရာတွင် တပ်မတော် (၃) ရပ်ကို ထားရှိရန်။

က။ K.P.L.A. (ကေပီအယ်လ်အေ)၊ ကရင်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊

ခ ။ K.P.G.F. (ကေပီဂျီအက်ဖ်)၊ ကရင်ပြည်သူ့ ပြောက်ကျားတပ်မတော်၊

ဂ ။ K.N.D.O. (ကေအဲန်ဒီအို)၊ ကရင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့၊

(၆) အုပ်ချုပ်ရေးလုပ်ငန်း။

ရန်သူစိုးမိုးသည့် နယ်မြေများအတွင်း ရန်သူ့အာဏာကို တိုက်ဖျက်ပြီး ကရင့် တော်လှန် ရေး၊ အုပ်ချုပ်ရေး အာဏာကို အစားထိုး တည်ဆောက်ရန်။

(၇) လူမှုရေးလုပ်ငန်း။

ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင် သွား ရန်။

(၈) ဘာသာရေးလုပ်ငန်း။

ဘာသာရေးတွင် ဘာသာတိုင်း တန်းတူခြင်းနှင့် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရရှိရေး ဆောင်ရွက်ရန်။

(၉) နိုင်ငံခြားရေး ပေါ်လစီ။

နိုင်ငံခြား ဆက်ဆံရေးတွင် အောက်ပါ နိုင်ငံတကာ မူကြီး (၅)ချက်ကို အခြေခံ ကျင့်သုံး ဆက်ဆံရန်။

က။ တနိုင်ငံနှင့် တနိုင်ငံ အချုပ်အခြာပိုင် နယ်မြေကို အပြန်အလှန် လေးစား လိုက်နာ ကြရန်၊

ခ။ တနိုင်ငံနှင့် တနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက် နှောက်ယှက် စွက်ဖက်ခြင်း မပြုရန်၊

ဂ။ နိုင်ငံတခု၏ လွတ်လပ်ခွင့်ကို အင်အားသုံး၍ ကျူးကျော် ခြိမ်းခြောက်ခြင်း မပြုရန်၊

ဃ။ အပြန်အလှန်အကျိုးပြုခြင်း ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးတက်အောင် ဆောင် ရွက်ရန်၊

င။ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်း ကြရန်။

ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ် ချမှတ်ရန်
အရှေ့တိုင်းတွင် ကြိုးပမ်းမှုများ

၁၉၅၆ ခုနှစ်၊ ဇွန်လ (၂၆)ရက်မှ ဇူလိုင်လ(၅)ရက်နေ့အထိ ကျင်းပခဲ့သော မောကို ကွန်ဂရက်မှ ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်ကို အတည်ပြုပြီး၊ အရှေ့တိုင်း တွင် အကောင်အထည်ဖော်ရန်၊ ဗဟို နိုင်ငံရေးသင်တန်းပို့ချမှုကို ကျောက်ကြီးမြို့နယ်၊ မြေနီကုန်း ကျေးရွာတွင် ပထမအကြိမ် ပြုလုပ်ခဲ့သည်။ သင်တန်းတက်ရောက်သူ အများစု မှာ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်တို့မှ ဖြစ်ပြီး၊ ဘားအံ နှင့် ဖာပွန် ခရိုင်တို့မှ အခ့ျို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းသားအားလုံး (၁၀၀)နီးပါး တက်ရောက် ကြသည်။

သင်တန်း ပို့ချသူများ၊ ပို့ချခဲ့သော ဘာသာရပ်များ၊

၁။ မန်းဘဇန် မျက်မှောက် နိုင်ငံရေး အခြေအနေနှင့် တော်လှန် ရေး သဘောတရားဆိုင်ရာ

သေနင်္ဂဗျူဟာ ပြဿနာ၊

၂။ စကောလယ်တော ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်၊

၃။ မန်းရှန်ဖလေ့ (ဆရာသာမြိုင်) ပါတီ တည်ဆောက်ရေးနှင့် မြေယာ လုပ်ငန်း။

၄။ ဆရာဘာဟု(မန်းဖလါးစေး) တော်လှန်ရေးဆိုင်ရာ စည်းရုံးရေး လုပ်ငန်းများ၊

ဒုတိယ အကြိမ်မြောက် ဗဟို နိုင်ငံရေးသင်တန်းကို “မယ်ဝေ”တွင် ပြုလုပ်ခဲ့ သည်။ သင်တန်း တက်ရောက်သူ အများစုမှာ သထုံခရိုင်၊ ဖာပွန်ခရိုင်တို့မှ ဖြစ်သည်။ တပ်မဟာ (၅)မှ တပ်မဟာမှူး ဗိုလ်စိုး နှင့်တကွ၊ တပ်မှူး အများအပြား တက်ရောက် ခဲ့ကြသည်။ K.R.C. ဗဟို ဌာနချုပ်မှ ခေါင်းဆောင်များဖြစ်သော ဗိုလ်ချုပ်အုန်းဖေ၊ ပဒို ဖူးလယ်မူး၊ ပဒိုဖိုးညော၊ ဗိုလ်ချုပ်စိုင်းကေ၏ ဇနီးတို့ တက်ရောက်ကြသည်။ သင်တန်း သား အားလုံး (၂၀၀)ကျော် တက်ရောက် လေ့လာ ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယ လမ်းစဉ်နှင့် ပါတီတည်ဆောက်ရေးဆိုင်ရာ တာဝန်ခွဲဝေမှုများ၊
(၁၉၅၆ -၅၇)

ဒုတိယလမ်းစဉ်သည် နယ်ခြဲပဒေသရာဇ် စံနစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ တော်လှန်ရေးဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ K.N.U. တပ်ဦးပါတီ၏ ရှေ့ဆောင်မှုအောက်တွင် ချမှတ်ခဲ့ပြီး၊ ဧရာဝတီတိုင်းတွင် စတင် ကျင့်သုံးခဲ့ရာ အောင်မြင်သည်ဟု အခိုင်အမာ ယုံကြည်ပြီး၊ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်တွင် ကော်သူးလေ အုပ်ချုပ်ရေး နယ်မြေအားလုံး၌ ကျင့်သုံးကြရန် အတည်ပြုခဲ့သည်။ ထို့နောက် ရာဝတီတိုင်း၊ ပဲခူးတိုင်းများအတွင်း အကောင်အထည်ဖော်ရန် အောက်ပါ ခေါင်းဆောင်များကို တာဝန် ခွဲဝေ အကောင်အထည် ဖော်ခဲ့သည်။

၁။ မြစ်ဝကျွန်းပေါ်တွင် အကောင်အထည်ဖော်ရန် ဗိုလ်ချုပ်မြမောင် (ခေါ်)မန်းသုခနုတ် နှင့် ဗိုလ်မှူးကျင်ဖေ (ခေါ်) စောကိုးဒို တို့အား ၎င်း၊

၂။ အရှေ့တိုင်းတွင် မန်းဘဇန် (ခေါ်) မန်းစိုးကမော၊ ပဒိုမန်းသိန်း (ခေါ်)ဖူးလယ်မူး၊ ပဒိုဝေသော၊ ဆရာဘာဟု (ခေါ်) မန်းဖလားစေး၊ ဆရာသာမြိုင် (ခေါ်) မန်းရှန်ဖလေ့၊ ဗိုလ်မှူးတင်ဦး (ခေါ်) ဖူးတာအယ် တို့အား တာဝန်ပေးခဲ့သည်။

အရှေ့တိုင်းတွင် မန်းဘဇန်နှင့် မန်းသိန်းတို့အား တပ်မဟာ(၃) နယ်မြေသို့ ၎င်း၊ ဆရာဘာဟုကို တောင်ငူသို့၎င်း၊ မန်းရှန်ဖလေ့ကို ဖာပွန်ခရိုင်သို့၎င်း၊ ဗိုလ်မှူးကြီး တာအယ်ကို တပ်မဟာ(၆)သို့၎င်း အသီးသီး တာဝန်ခွဲဝေပေးပြီး၊ ဒုတိယ လမ်းစဉ်ကို ချမှတ် နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၉ ကေအဲန်ယူ ပါတီ၏ ပထမအကြိမ်မြောက် ကွန်ဂရက်။

ကေအဲန်ယူပါတီ၏ ပထမအကြိမ်မြောက် ကွန်ဂရက်ကို ဖေဖော်ဝါရီလတွင် ကျင်းပရာ

(က) (၁) ကရင့်တော်လှန်ရေး၏ ဒုတိယလမ်းစဉ်ကို ပြန်လည်သုံးသပ်ပြီး၊ ပိုမို ပြည့်စုံစေရန်အတွက် ပြုပြင် ဖြည့်စွက်ခြင်းများကို ပြုလုပ်ခဲ့သည်။

(၂) စစ်ရေးလမ်းစဉ်၊ မြေယာလမ်းစဉ် နှင့် စည်းရုံးရေးလုပ်ငန်းများကို ဆွေးနွေး သုံးသပ် ကြသည်။

(၃) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖဆပလ နှင့် တွေ့ဆုံ ဆွေးနွေး ရေးမူကို ချမှတ်ခဲ့ သည်။ ဤသို့ ဆွေးနွေးခြင်းသည် နည်းပရိယာယ် အရသာ ဖြစ်သည်ဟု သဘောထားသည်။

(၄) တပ်ပေါင်းစု တည်ဆောက်ရေးတွင် လူမျိုးစုများနှင့်ငင်း၊ ဒီမိုကရေစီ အင်အားစုများ နှင့်ငင်း၊ တပ်ပေါင်းစုနှစ်ရပ် တည်ဆောက်ရန်။

(၅) ကွန်မြူနစ်ပါတီနှင့် ပူးပေါင်း လုပ်ဆောင်ခြင်းသည် လူတန်းစား တော် လှန်ရေး အင်အားစုများနှင့် ဆက်လက်တွေ့ဆုံ ဆွေးနွေးရန်။

(၆) တပ်ပေါင်းစုဆိုင်ရာ ရည်ရွယ်ချက်၊ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ လုပ်ငန်းများ၊ စည်းရုံးရေး လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ရန် စသည်တို့ ဖြစ်သည်။

(ခ) ၁၉၅၉ ခုနှစ်၊ ပါတီ၏ ပထမအကြိမ်မြောက် ကွန်ဂရက်မှ ချမှတ်သော လုပ်ငန်း စဉ် များကို အကောင်အထည်ဖော်ဆောင်ရန် အောက်ပါ ဗဟို ကော်မတီ သစ်များကို ရွေးချယ် တင်မြှောက်ခဲ့သည်။

၁။ ဥက္ကဋ္ဌ ၊ စောဟန်တာသာမွေး၊ - နိုင်ငံရေး ဦးဆောင် အဖွဲ့၊
၂။ အတွင်းရေးမှူး၊ မန်းဘဇန်၊ - နိုင်ငံရေး ဦးဆောင် အဖွဲ့၊
၃။ ဗဟိုကော်မတီ၊ ဗိုလ်ချုပ်မင်းမောင်၊ - နိုင်ငံရေး ဦးဆောင် အဖွဲ့၊
၄။ ဗဟိုကော်မတီ ဗိုလ်ချုပ်ကော်ထူး၊ - နိုင်ငံရေး ဦးဆောင် အဖွဲ့၊
၅။ ဗဟိုကော်မတီ မန်းရှန်ဖလေ့ (ဆရာသာမြိုင်)၊- နိုင်ငံရေး ဦးဆောင် အဖွဲ့၊
၆။ ဗဟိုကော်မတီ ပဒိုသိန်းမောင်၊ - နိုင်ငံရေး ဦးဆောင် အဖွဲ့၊

ပေါ်လစ်ဗျူရို၊ (နိုင်ငံရေး ဦးဆောင်အဖွဲ့) (၆)ဦးနှင့် အခြား အရာဗဟို ကော်မတီ (၉)ဦး အရာ ဗဟိုကော်မတီ (၁၀)ဦး စုစုပေါင်း(၂၅)ဦးကို ရွေးချယ် တင်မြှောက်ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၈) ဗဟိုကော်မတီ (၉)ဦးနှင့် အရံ ဗဟိုကော်မတီ (၁၀)ဦး။

၁။ စကောလယ်တော၊ ၁၁။ ဗိုလ်ချုပ် မြရင်၊
၂။ ဆရာစိန်ဟန်၊ ၁၂။ ဗိုလ်မှူးဘော်လ်ဒွင်/ဘော်လ်ဒွင်ကြီး၊
၃။ ဗိုလ်ကြီးစောအုန်းဖေ၊ ၁၃။ ဗိုလ်တာအယ်၊
၄။ ဆရာဘာဟု /မန်းဖလားစေး၊ ၁၄။ ဗိုလ်စံလင်း၊
၅။ မန်းကော်စေး /မန်းကျော်လွင်၊ ၁၅။ ဗိုလ်မီးသ၊
၆။ စောမျိုးသွေး၊ ၁၆။ ဗိုလ်မောင်မောင်၊
၇။ စောစိန်မှုံ၊ ၁၇။ ဗိုလ်သန်းအောင်၊
၈။ စောကျော်စိန်၊ ၁၈။ ဗိုလ်အေးဟန်၊
၉။ ဦးစိုးအောင်၊ ၁၉။ ဗိုလ်ကျင်ဖေ၊
၁၀။ ဗိုလ်မှူးမြမောင်၊

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်၊
တိုင်းဒေသကြီးများနှင့် တပ်မဟာများ ဖွဲ့စည်းခြင်း။ ၁၉၅၃- ၅၆-၅၈။

(၁) အရှေ့တိုင်း။ ထိုင်းနိုင်ငံနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းအကြား နယ်မြေ။
(၂) မြစ်ဝကျွန်းပေါ်တိုင်း။ လှိုင်မြစ်နှင့် ဘင်္ဂလားပင်လယ်အော် အကြားရှိ နယ်မြေ။
(၃) ပဲခူးရိုးမတိုင်း။ ရန်ကုန်-မန္တလေး မီးရထားလမ်းနှင့် လှိုင်မြစ်အကြားရှိ နယ်မြေ
ဖြစ်သည်။ ယင်းက မြစ်ဝကျွန်းပေါ်တိုင်းကို တပ်မဟာ (၆)နယ် မြေဟု သတ်မှတ်ထားပြီး၊
၁၉၅၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် သီးခြား ပဲခူးတိုင်းအဖြစ် သတ်မှတ် လိုက်သည်။

အရှေ့တိုင်းတွင် ပါဝင်သော ခရိုင်များ

(၁)။ တောင်ငူခရိုင်။ ထန်းတပင်မြို့နယ်၊ ဘောဂလီမြို့နယ်၊ သံတောင်မြို့နယ်၊ ပျဉ်းမနားမြို့နယ်။ (နောက်ပိုင်း ဗိုလ်ဇော်ဒူးမှ ဖော်ထုတ် သည်။)

(၂)။ သထုံခရိုင်။ ဘီးလင်းမြို့နယ်၊ ကျိုက်ကော်၊ ကျိုက်ထိုမြို့နယ်။

(၃)။ ကျောက်ကြီးခရိုင်။ ကျောက်ကြီးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ မုန်းမြို့နယ်။

(၄)။ သံလွင်ခရိုင်။ သံလွင်ခရိုင်။

(၅)။ မူတြော်ခရိုင်။ ဖာပွန်မြို့နယ်၊ ဘားအံမြို့နယ်။

(၆)။ ဒူးပလာယာခရိုင်။ ကော့ကရိတ်မြို့နယ်၊ ဝင်းရေးမြို့နယ်၊ ကျုံဒိုးမြို့နယ်၊ ကြာအင်းမြို့နယ်။

အရှေ့တိုင်းရှိ တပ်မဟာများ

တပ်မဟာ(၁)။ သထုံခရိုင် - ဘီးလင်းမြို့နယ်၊ ကျိုက်ကော်မြို့နယ်နှင့် ကျိုက် ထိုမြို့နယ် တို့တွင် အခြေစိုက်သည်။ ယွင်က (Delta force)ခေါ် မြစ်ဝကျွန်းပေါ် တပ်မဟာ၊ တပ်မဟာ(၅) နောက်ပိုင်းတွင် တပ်မဟာ(၁) ဖြစ် လာပြီး ဗိုလ်လင်းထင်၊ ဗိုလ်စိုးတို့မှ ဦးစီးခဲ့သည်။

တပ်မဟာ(၂)။ တောင်ငူခရိုင် - ထန်းတပင်၊ ဘောဂလီ၊ သံတောင်၊ ပျဉ်းမနား၊ အထိဖြစ်ပြီး ဗိုလ်မှူးဘောနေမှ တာဝန်ယူခဲ့သည်။

တပ်မဟာ(၃)။ ကျောက်ကြီးခရိုင် - ကျောက်ကြီး၊ ရွှေကျင်၊ မုန်းမြို့နယ်တို့ ဖြစ်ပြီး၊ ဗိုလ်ကြာမောင်၊ ဗိုလ်မှူးထရူးမင်း၊ ဗိုလ်မှူးကြီး ကဆယ်ဒိုတို့မှ ဦးစီးခဲ့ကြသည်။

တပ်မဟာ(၄)။ လှိုင်းဘွဲ့။ Light brigade အလင်းရောင်တပ်မဟာ ဟုလည်း ခေါ်ခဲ့သည်။

တပ်မဟာ(၅)။ သထုံခရိုင်။ သထုံတပ်မဟာကို ရွှေလင်းယုန် တပ်မဟာဟု လည်း ခေါ်ခဲ့သည်။

တပ်မဟာ(၆)။ ဒူးပလာယာခရိုင်။ ကော့ကရိတ်၊ ဝင်းရေး၊ ကြာအင်း၊ ကျုံဒိုးတို့တွင် အခြေ ပြုပြီး၊ ဗိုလ်မှူးကျော်နီထူး၊ ဗိုလ်အေးမြိုင်၊ ဗိုလ်ရွှေဆိုင်း တို့ အသီးသီးတာဝန်ယူခဲ့သည်။

တပ်မဟာ(၇)။ သံလွင်ခရိုင်(မူတြော်ခရိုင်)။ ဖာပွန်၊ ဘားအံ တို့တွင် အခြေခံပြီး၊ ဗိုလ်မှူး ချုပ်အယ်လ်မိုးပီ၊ ဗိုလ်ကြီးအက်ဒဝက်တို့ တာဝန်ခံ အုပ်ချုပ်ခဲ့သည်။

အရှေ့တိုင်းကော်မတီ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဥက္ကဋ္ဌ - ပဒိုမန်းသိန်း၊

အတွင်းရေးမှူး - ဆရာအုန်းဖေညွန့်၊

တပ်မှူးချုပ် - ဗိုလ်ချုပ်အုန်းဖေ၊

“ဟန်တာသာမွေးတဦးတည်း၏ သဘောဆန္ဒဖြင့် ရွေးချယ်ခဲ့သော ကော်မတီဖြစ်သည်။”

အရှေ့တိုင်း။

၁၉၅၆ ခုနှစ် မောကို ကွန်ဂရက်မှ ချမှတ်ခဲ့သော၊ အရှေ့တိုင်း တပ်မဟာများ ဖွဲ့စည်းပုံ

ကော်သူးလေ စစ်ဦးစီးချုပ်၊ - ဗိုလ်ချုပ် မင်းမောင်၊

ဒုတိယ စစ်ဦးစီးချုပ်၊ - ဗိုလ်ချုပ် ကော်ထူး၊

ကော်သူးလေ အရှေ့တိုင်း တိုင်းမှူး၊ - ဗိုလ်ချုပ် အုန်းဖေ၊

ကော်သူးလေ တပ်မ(၁) တပ်မမှူး၊ - ဗိုလ်မှူးကြီး ဘလှစိန်၊

ကော်သူးလေ တပ်မ(၂) တပ်မမှူး၊ - ဗိုလ်ချုပ် တာကပေါ၊

တပ်မ(၁)တွင်၊ တပ်မဟာ(၂) နှင့် တပ်မဟာ(၃) တို့ဖြင့်ဌင်း၊

တပ်မ(၂)တွင်၊ တပ်မဟာ(၄)၊ တပ်မဟာ(၅)၊ တပ်မဟာ(၆) တို့ဖြင့် ဖွဲ့စည်းထားသည်။

မြစ်ဝကျွန်းပေါ်တိုင်းအား ပြန်လည်ဖွဲ့စည်းခြင်း

၁၉၅၆ ခုနှစ်၊ ဒုတိယလမ်းစဉ် ချမှတ်ပြီး၊ အနောက်ရိုးမ အပါအဝင်နှင့် တပ်မဟာ များ ကို အောက်ပါအတိုင်း ပြန်လည် ဖွဲ့စည်းခဲ့သည်။

အမှတ်(၁)ခရိုင်၊ တပ်မဟာ(၁) နယ်မြေ။

စံကင်း၊ အဖျောက်၊ ဇကာကြီး၊ (ဟသံတမြို့နယ်) တို့ ပါဝင်သည်။

အမှတ်(၂)ခရိုင်၊ တပ်မဟာ(၂) နယ်မြေ။

မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်း တခြမ်းပါဝင်သည်။

အမှတ်(၃)ခရိုင်၊ တပ်မဟာ(၃) နယ်မြေ။

ဟံသာဝတီ၊ တွံတေး၊ ကွမ်းခြံကုန်း၊ နယ်မြေများဖြစ်သည်။

အမှတ်(၄) ခရိုင်၊ တပ်မဟာ(၄) နယ်မြေ။

ဇလွန်၊ ဝိန်လားဖန်း၊ ထူးကြီး၊ ကျုံပျော်၊ အင်းမြေ အခြုံဖြစ်သည်။

အမှတ်(၅) ခရိုင်။ ဒေးဒရဲ၊ ငွေသောင်ယံ၊ မော်လမြိုင်ကျွန်း တခြမ်း နှင့် ဖျာပုံဒေသတို့ ပါဝင်သည်။

အမှတ်(၇) ခရိုင်။ ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူ၊ ပန်းတနော်တို့ ပါဝင်သည်။

အမှတ်(၈) ခရိုင်။ ငပုတော၊ ပုသိမ် အရှေ့ပိုင်း၊ သာပေါင်းနှင့် သင်္ဘောကျင်း မြို့နယ်များ ပါဝင်သည်။

အမှတ်(၆) ခရိုင်။ ယခင်က မြစ်ဝကျွန်းပေါ်တိုင်းတွင် ပါဝင်သော်လည်း၊ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်မှစပြီး ပဲခူးတိုင်းအဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက် သည်။

မှတ်ချက်။ ။ မြစ်ဝကျွန်းပေါ်၌ ကော်သူးလေ အစိုးရ ဖွဲ့စည်းစဉ်က တပ်မဟာ (၇)ခုတွင် တပ်ရင်း (၂၅)ရင်း ရှိခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဒုတိယ လမ်းစဉ်ကို ပြန်လည်ချမှတ်သောအခါ၊ တပ်မတော် (၃)ရပ်ကို ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။

(၁)။ ကရင်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ Karen People Liberation Army (K.P.L.A.)

(၂)။ ကရင်ပြည်သူ့ ပြောက်ကျားတပ်မတော်၊ Karen People Guerrilla Force (KPGF).

(၃)။ ကရင်အမျိုးသား ကာကွယ်ရေးတပ်မတော်၊ Karen National Defence Organization (K.N.D.O.) တို့ဖြစ်သည်။

K.P.L.A. တပ်မဟာ (၁)ခုတွင် တပ်ရင်း(၃)ရင်းဖြင့် ဖွဲ့စည်းထားသည်

၁၉၅၆ ခုနှစ်၊ မြစ်ဝကျွန်းပေါ် တိုင်းကော်မတီ

မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ - ဆရာစိန်ဟန်
(မန်းဖန်ထန်း/ မန်းမနိတ်)
တိုင်း တပ်မှူးချုပ် - ဗိုလ်ချုပ် စိန်မှူ၊
ဒု -တိုင်း တပ်မှူးချုပ် - ဗိုလ်မှူးကြီး မြမောင်၊
တိုင်း နိုင်ငံရေးမှူး - ဦးစိုးအောင်၊
KPLA တပ်မဟာမှူး - ဗိုလ်မှူးကြီး ကျင်ဖေ၊
တပ်ရင်း(၁) ရင်းမှူး - ဗိုလ်မှူး မြသိန်း၊
တပ်ရင်း(၁) ဒုရင်းမှူး - ဗိုလ်အောင်ချစ်၊

တပ်ရင်း(၂) ရင်းမှူး - ဗိုလ်ချစ်တင်၊

တပ်ရင်း(၂) ဒုရင်းမှူး - ဗိုလ်သောင်းညွန့်၊

ဗိုလ်ချစ်တင် ကျဆုံးပြီးနောက် ဗိုလ်သောင်းညွန့် တပ်ရင်းမှူး ဖြစ်လာသည်။ ဒုတိယ တပ်ရင်းမှူးနေရာ ကို ဗိုလ်အေးကျော်က တာဝန်ယူခဲ့သည်။

တပ်ရင်း(၃) တပ်ရင်းမှူး - ဗိုလ်မှူး ဘော်လ်ဒွင်၊

တပ်ရင်း(၃) ဒုတိယ တပ်ရင်းမှူး - ဗိုလ်သာစိန်၊

ဗိုလ်ဘော်လ်ဒွင်အား လူမျိုးစု နယ်မြေသို့ တာဝန်ပေးရန် အရှေ့တိုင်းသို့ စေလွှတ်ခဲ့ရာ၊ ၎င်း၏ နေရာကို ဗိုလ်ဝင်းအား တာဝန်ပေးခဲ့သည်။

မြစ်ဝကျွန်းပေါ်ရှိ K.P.G.F. ပျောက်ကျား တပ်ရင်းမှူးကို အောက်ပါအတိုင်း ဖွဲ့စည်း ထားသည်။

အမှတ်(၁)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၂) တပ်ရင်းမှူး ဗိုလ်သန်းမြင့်၊

အမှတ်(၂)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၆) တပ်ရင်းမှူး ဗိုလ်ထီးမူး၊

နောက်ပိုင်းတွင် ဗိုလ်ကွက်ကော့ ဖြစ်လာသည်။

အမှတ်(၃)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၃) တပ်ရင်းမှူး ဗိုလ်အောင်ချစ်၊

အမှတ်(၄)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၄) တပ်ရင်းမှူး ဗိုလ်သက်ဖော၊

အမှတ်(၅)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၇) တပ်ရင်းမှူး ဗိုလ်မှူးကျော်နီ၊

အမှတ်(၇)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၃) တပ်ရင်းမှူး ဗိုလ်ဖားရှိ၊

အမှတ်(၈)ခရိုင်တွင်၊ K.P.G.F. တပ်ရင်း(၅) တပ်ရင်းမှူး ဗိုလ်ခါဆူ၊ တို့ ဖြစ်သည်။

ဗဟိုလုံခြုံရေးအတွက် အထူးတပ်ဖွဲ့ တဖွဲ့ ဖွဲ့စည်းခဲ့ရာ တပ်ရင်းအသီးသီးမှ၊ တပ်စိတ် တစိတ်စီ ရွေးချယ်ပြီး ဖွဲ့စည်းခဲ့သည်။ ဗဟို လုံခြုံရေးအတွက် တပ်မှူးကို ဗိုလ်မှူး မိုးဟိန်းအား ရွေးချယ်ခဲ့သည်။

K.P.G.F. တပ်မဟာ(၁)တွင် တပ်ရင်း(၆)နှင့် တပ်ရင်း(၇)တို့ဖြင့် ပါဝင် ဖွဲ့စည်း ခဲ့ပြီး တပ်မဟာမှူးမှာ ဗိုလ်မှူး အက်စ်သိန်း ဖြစ်သည်။ K.P.G.F. တပ်မဟာ(၂)တွင် တပ်ရင်း(၃)၊ တပ်ရင်း(၄) တို့အပြင် တပ်ရင်း(၅)ကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့ပြီး၊ တပ် မဟာမှူးမှာ ဗိုလ်ထွန်းအေး ဖြစ်သည်။

ပဲခူးရိုးမတိုင်းအား ပြန်လည်ဖွဲ့စည်းခြင်း

ပဲခူးရိုးမတိုင်းသည်၊ ရန်ကုန်- မန္တလေး မီးရထားလမ်းနှင့် ဂျိုင်းမြစ် အကြားရှိ နယ်မြေများလည်း ပါဝင်သည်။ ယခင်က မြစ်ဝကျွန်းပေါ် တပ်မဟာ(၆) နယ်မြေအဖြစ် ဖွဲ့စည်းထားသည်။ ၁၉၅၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် ပဲခူးတိုင်းအဖြစ် သီးခြား ဖွဲ့စည်း ပေးခဲ့ပြီး ၁၉၅၆ ခုနှစ်၊ ဇွန်လတွင် မောကို ကွန်ဂရက်မှ အတည်ပြု ပေးခဲ့သည်။ ပဲခူးရိုးမကို ခရိုင် (၃)ခရိုင်ဖြင့် ဖွဲ့စည်းထားသည်။

အမှတ်(၁) ခရိုင်။ သာယာဝတီနှင့် ပြည် နယ်မြေဒေသများ၊
အမှတ်(၂) ခရိုင်။ မော်ဘီနှင့် အင်းစိန် နယ်မြေဒေသ၊
အမှတ်(၃) ခရိုင်။ ပဲခူးဒေသအတွင်း နယ်မြေများ ဖြစ်သည်။

၁၉၅၆ ခုနှစ်၊ စတင်ဖွဲ့စည်းခဲ့သော ပဲခူးတိုင်း အုပ်ချုပ်ရေးအဖွဲ့မှာ

ပဲခူးတိုင်း ဥက္ကဋ္ဌ - စောမျိုးသွေး၊
ဒုတိယ ဥက္ကဋ္ဌ - ဗိုလ်မောင်မောင်၊ (တပ်မဟာမှူး နှင့် စစ်ဦးစီးမှူး)၊
အတွင်းရေးမှူး - ဗိုလ်အေးဟန်။

ဗိုလ်မျိုးသွေးသည် ပဲခူးရိုးမသို့ ရောက်ရှိပြီး၊ မကြာခင် ဗမာပြည် ကွန်မြူနစ် ပါတီမှ၊ ဆရာမ ဒေါ်အေးမြင့်နှင့် လူမှုရေး မှားယွင်း ကျူးလွန်ခဲ့ခြင်းကြောင့်၊ ဥက္ကဋ္ဌ နေရာမှ ဖယ်ရှားလိုက်ပြီး၊ ဗိုလ်အေးဟန်အား၊ တိုင်းဥက္ကဋ္ဌအဖြစ် ခန့်အပ် လိုက်သည်။ တိုင်းအတွင်း အရေးမှူးကို ဗိုလ်သန်းအောင်မှ တာဝန်ယူခဲ့သည်။

၁၉၅၉ ခုနှစ်၊ ကေအဲန်ယူပါတီ ကွန်ဂရက် ကျင်းပပြီးသောအခါ စောမျိုးသွေး၊ ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင်တို့အား၊ တပ်ပေါင်းစု လုပ်ငန်းများ တာဝန်ယူရန် အရှေ့တိုင်း ပါတီဌာနချုပ်သို့ ခေါ်ယူလိုက်သည်။ ၁၉၅၉ ခုနှစ်၊ ပါတီ ကွန်ဂရက်အပြီး၊ ပဲခူးတိုင်းတွင် တာဝန်ထမ်းဆောင်ရန် မန်းဖလားစေး (ခေါ်)ဆရာဘာဟုအား တာဝန် ပေး စေလွှတ်ရာ၊ ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရသဖြင့်၊ ဗိုလ်တင်ဦး (ဖူးတာအယ်)အား စေလွှတ် ခဲ့သည်။ ထိုစဉ်က ဗိုလ်တင်ဦးမှာ အရှေ့တိုင်း တပ်မဟာ(၆) နယ်မြေတွင်၊ ဇုံမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော အချိန်လည်း ဖြစ်သည်။

၁၉၅၉ ခုနှစ်၊ ပဲခူးတိုင်း၏ ၊ ဖွဲ့စည်းပုံမှာ အောက်ပါ အတိုင်းဖြစ်သည်။

ပဲခူးတိုင်း ဥက္ကဋ္ဌ - ဗိုလ်မှူးကြီး တာအယ် (ဗဟိုကော်မတီ)၊
အတွင်းရေးမှူး - ဗိုလ်အေးဟန်၊
စည်းရုံးရေးမှူး - ဗိုလ်ကြည်လင်း၊
လုံခြုံရေးမှူး - ဗိုလ်မှူးလောကွား (ဝရဇိန်)၊
တိုင်းကော်မတီဝင်များ - ဗိုလ်ကြာချစ်၊ ဗိုလ်ကြီးသာချို၊ ဗိုလ်ထိုကြည်၊ ဗိုလ်စံခ၊
ဗိုလ်ညောင်ရေ၊ ဗိုလ်အုန်းမောင်၊ ဗိုလ်မှူးအောင်စိန်၊
ဘဏ္ဍာရေးမှူး - ဆရာမှုံ တို့ ဖြစ်ကြသည်။

ဗိုလ်ချုပ်စောစိုင်းကေ
ခရိုင်ကော်မတီများနှင့် နယ်မြေများ ခွဲဝေ သတ်မှတ်ခြင်း။

အမှတ်(၁)ခရိုင် ဥက္ကဋ္ဌ - ဗိုလ်ကြာချစ်၊ (တိုင်းကော်မတီ)၊
အတွင်းရေးမှူး - ဗိုလ်အုန်းမောင်၊ (နောင်တွင် ခရိုင် ဥက္ကဋ္ဌ ဖြစ် လာပြီး၊
အတွင်းရေးမှူးနေရာကို ဗိုလ်သာချို (တိုင်းကော်မတီ)က တာဝန်ယူ ခဲ့ရသည်။
အမှတ်(၁)ခရိုင်၏ အုပ်ချုပ်ရေး နယ်မြေများမှာ သာယာဝတီ၊ လက်ပံတန်း၊ စစ်ကွင်း မြို့နယ်
နှင့် ဆက်စပ်နေသော တောင်ပေါ်ဒေသနှင့် ကွင်းဒေသများ ဖြစ်သည်။
အမှတ်(၂)ခရိုင် ဥက္ကဋ္ဌ - ဗိုလ်ကြီးထိုကြည် (တိုင်းကော်မတီ)၊
အတွင်းရေးမှူး - ဗိုလ်စံခ၊
အမှတ်(၂)ခရိုင်၏ အုပ်ချုပ်ရေးနယ်မြေများမှာ၊ ဇောင်းတူ၊ ငဖြူကလေး၊ ဥက္ကံ၊ သုံးဆယ်၊ ဖ
လုံ တို့ ဖြစ်သည်။
အမှတ်(၃)ခရိုင် ဥက္ကဋ္ဌ - ဗိုလ်ညောင်ရေ၊ (တိုင်းကော်မတီ)၊
အတွင်းရေးမှူး - စောထော့မဲပါ (ဆင်ပိုင်ရှင် ဖူးစကော၏
သား ဖြစ်သည်။)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမှတ်(၃)ခရိုင်၏ အုပ်ချုပ်ရေးနယ်မြေမှာ၊ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဒိုက်ဦး ရထားလမ်း - ကားလမ်း အနောက်ဖက်ခြမ်း ဖြစ်သည်။ အမှတ်(၃)ခရိုင်မှ ခရိုင်ကော်မတီဝင်များ မှာ ဗိုလ်ကြီးဘလုံ၊ ဦးဖိုးတုတ် တို့ပါဝင်သည်။

အမှတ်(၄)ခရိုင် ဥက္ကဋ္ဌ - ဗိုလ်ကြီးကြာချစ်၊ (တိုင်းကော်မတီဝင်)၊

အတွင်းရေးမှူး - ဗိုလ်လွစ်(စ်)။

ဗိုလ်လွစ်(စ်)သည် ၁၉၅၃ ခုနှစ်၊ ဖာပွန်ကွန်ဂရက်သို့ ဗိုလ်ကြီးတာအယ် နှင့်အတူ လိုက်ပါလာသူဖြစ်သည်။ အမှတ်(၄)ခရိုင်တွင် ကမ္ဘာရှားအေးမောင်မှာ ခရိုင် အလုပ်အမှူ ဆောင် ကော်မတီတွင် ပါဝင်သည်။

ပဲခူးတိုင်းအတွင် ခရိုင်အသီးသီး၌ ဖွဲ့စည်းထားသော တပ်ရင်းများနှင့် တပ်မမှူး များမှာ၊ -

အမှတ်(၁)ခရိုင်တွင်၊ ဗိုလ်မှူးလောကွား (တိုင်းလုံခြုံရေးမှူး)မှ ဦးစီးပြီး ဖွဲ့စည်းထားသော တပ်ရင်း(၁၇)။

အမှတ်(၂)ခရိုင်တွင်၊ ဗိုလ်မှူးထိုကြည် (တိုင်းကော်မတီ)နှင့် ဗိုလ်ကြီးထွန်းလင်း တို့ ဦးစီး ဖွဲ့စည်း ထားသော တပ်ရင်း(၂၁)။

အမှတ်(၃)ခရိုင်တွင်၊ ဗိုလ်သာချို (တိုင်းကော်မတီ)မှ ဦးစီး ဖွဲ့စည်းထားသော တပ်ရင်း(၁၆)။

အမှတ်(၄)ခရိုင်တွင်၊ ဗိုလ်ကြီး စိန်ညို ဦးစီးသော တပ်ရင်း(၂၂)၊ စုစုပေါင်း တပ်ရင်း (၄)ရင်း ရှိသည်။

တပ်များကို ပြန်လည်ဖွဲ့စည်းရန် တာဝန်ပေးခံရသော တိုင်းနှင့် ခရိုင် အလုပ်အ မှူဆောင်များမှာ၊ - (၁) ဗိုလ်ကြီးအုန်းမောင်၊ (၂) ဗိုလ်ကြီးစံခ၊ (၃) ဗိုလ်အောင်နိုင်၊ (၄) ဗိုလ်ကျော်၊ (၅) ဗိုလ်ညောင်ရေ တို့ ဖြစ်ကြသည်။

ပဲခူးရိုးမတိုင်းသမိုင်း

၁၉၄၉ ခုနှစ်၊ ရန်သူသည် ထုံးကြီး၊ စာဘူးတောင်း တို့ကို ပြန်လည် သိမ်းပိုက် လိုက်သည့် အချိန်အထိ၊ ပဲခူးတိုင်းတွင် ကရင်လက်နက်ကိုင်ဟူ၍ တဦး တယောက် မျှပင် မရှိသေးချေ။ အရှေ့တိုင်းတွင်ရှိနေသော စောဘဦးကြီး၏ မေတ္တာ ရပ်ခံချက် ကြောင့် ဗိုလ်ချုပ်စိုင်းကေ၊ ဆရာစကောလယ်တော၊ ဗိုလ်ရောလေ တို့သည် မြစ်ဝကျွန်းပေါ်မှ အရှေ့တိုင်းသို့ ထွက်ခွာလာခဲ့သည်။ အရှေ့တိုင်းခရီးတွင် ပဲခူးရိုးမကို ဖြတ်ကျော်ရမည် ဖြစ်သည်။ လုံခြုံရေးအတွက် ဗိုလ်ကြီး စီးပလိန်းအပြင် ဗိုလ်နော်တယ်၊ ဗိုလ်တာမလာ၊ ဗိုလ်ဘီလူး၊ ဗိုလ်သံပြားတို့လည်း ပါဝင်ခဲ့သည်။

ဗိုလ်ချုပ်စိုင်းကေနှင့်အဖွဲ့သည် ဧပြီလလယ်လောက်တွင် ဇောင်းတူသို့ ရောက်ရှိ လာခဲ့သည်။ ဤဒေသကို ဖြတ်သန်းစဉ်တွင် အချက်အခြာကျသော နေရာဖြစ် ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အရှေ့တိုင်းနှင့် အနောက်တိုင်းနယ်မြေကို ထိန်းချုပ်ရန် အတွက်၊ လက်နက်ကိုင်တပ်ဖွဲ့များ ထားရှိရန်နှင့် ဒေသအုပ်ချုပ်ရေး လုပ်ငန်းများကို လည်း ချမှတ်သင့်ကြောင်း တွေ့ရှိခဲ့သည်။ နယ်မြေအားဖြင့် အတော်အတန် ကျယ်ဝန်း ပြီး ကျွန်းသစ် အများအပြားလည်း ခုတ်လှဲထားသည့်အပြင် မခုတ်လှဲရသေးသော ကျွန်းသစ် အများအပြား ရှိနေသေးကြောင်းကို တွေ့ရသည်။ ဝင်ငွေကောင်းသော ဒေသဖြစ် လာ နိုင်သည့်အတွက် ဗိုလ်ကြီးစီးပလိန်း၏ စစ်တပ်ကို တိုးခ့ဲ်တည်ဆောက်ရန်နှင့် အုပ်ချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန်၊ ဇောင်းတူတွင် တလခန့် နေထိုင်ပြီး အကူအညီ ပေးခဲ့သည်။

အုပ်ချုပ်ရေးလုပ်ငန်းအတွက် လူသစ်များ ခေါ်ယူပြီး ဆောင်ရွက်စေသည်။ သာယာဝတီမြို့တွင် နေထိုင်သော၊ သစ်တော အရာရှိဟောင်းများ ဖြစ်သည့် ပဒိုမောင်ခင်၊ ပဒိုချတိုး တို့ကို ခေါ်ယူပြီး သစ်တောလုပ်ငန်းကို ကြပ်မတ်စေခဲ့သည်။ စစ်တပ်ကိုလည်း တိုးခ့ဲ်ခဲ့ရာ ဗိုလ်စီးပလိန်းတပ်သည် လူအင်အား (၁၀၀)ခန့် ရှိလာ လေသည်။ ပဲခူးရိုးမတွင် အုပ်ချုပ်ရေး လုပ်ငန်းများ စနစ်တကျ ရှိလာသောအခါမှ၊ အရှေ့တိုင်းသို့ ခရီးဆက်ခဲ့ လေသည်။

၁၉၅၁ ခုနှစ်သို့ ရောက်သောအခါ၊ ဗိုလ်စီးပလိန်းသည် ပြည်မြို့ရှိ ကရင် လက်နက်ကိုင်တပ်ရင်းမှ ကစင့်ကလျားဖြစ်နေသော တပ်သားများကို စုစည်းပြီး၊ တပ်ရင်းတရင်း ဖွဲ့စည်းထားသည်။ ထိုတပ်ရင်းနှင့် သာယာဝတီ တောင်ပိုင်းကို အခြေခံ သော တပ်ရင်း

(၁၇)ကို ပူးပေါင်းလိုက်ပြီး၊ တပ်မဟာ (၁)ခုကို ဖွဲ့စည်းလိုက်သည်။ ထိုတပ်မဟာကို တပ်မဟာ(၆)ဟု သတ်မှတ်ပြီး၊ တပ်မဟာ(၆)ကို မြစ်ဝကျွန်းပေါ် အုပ်ချုပ်ရေးတွင် ထည့်သွင်းခဲ့သည်။ တပ်မဟာမှူးမှာ ဗိုလ်ကြီးစီးပလိန်း ကိုယ်တိုင် ဖြစ်သည်။

၁၉၅၁ ခုနှစ် နှစ်ကုန်၊ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်သူတပ်မှူး ဗိုလ်ချုပ် ကျော်ဇော ဦးဆောင်သည့် မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးတွင် ကော်သူးလေ တပ်မဟာ (၁) နယ်မြေ ဖြစ်သော၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော် နယ်မြေနှင့် အခြား တပ်မများ သို့၊ ကြည်း၊ ရေ၊ လေ တပ်များဖြင့်၊ ထိုးစစ်ဆင် တိုက်ခိုက်ရာ တပ်မဟာမှူး ဗိုလ်ချုပ်ကော်ထူးက တပ်ရင်း(၁၈)နှင့်အတူ အမျိုးသမီး အိမ်ထောင်သည် (၂,၀၀၀)ကျော် တို့ကို ပဲခူးအနောက်ခြမ်း တောင်ခြေသို့ ရွှေ့ပြောင်းလိုက်ပြီး ကျန်တပ်ရင်း တပ်ဖွဲ့များနှင့် ရန်သူကို ခုခံ ကာကွယ် တိုက်ခိုက်ခဲ့သည်။ ရန်သူ အများအပြား သေကြေ ဒဏ်ရာ ရခဲ့ကြသည်။ နောက်ပိုင်းတွင် ရန်သူသည် အဆမတန် များပြားသော အင်အားဖြင့် တပ်မဟာ(၁) နယ်မြေကို ဝိုင်းပတ် ပိတ်ဆို့ တိုက်ခိုက်ခဲ့သဖြင့် ကျန် တပ်မဟာမှ တပ်ရင်း တပ်ဖွဲ့များအားလုံး၊ နယ်မြေကို စွန့်ခွာ ခဲ့ပြီး၊ ပဲခူးအနောက်ခြမ်း ဒေသသို့ ဆုတ်ခွာ ခဲ့ကြသည်။ တပ်မဟာ(၁)မှ တပ်ရင်းများသည် ပဲခူးသို့ ဆုတ်ခွာစဉ် တပ် တခု်ုကို ချန်လှပ်ထား ခဲ့ပြီး ရန်သူကို ခုခံတိုက်ခိုက်ရင်း လူထုအား စည်းရုံးရန် တာဝန် ပေးအပ် ခဲ့သည်။

၁၉၅၁- ၅၂။ ပဲခူး အနောက်ခြမ်းတွင် စခန်းချလာသော၊ တပ်မဟာ(၁) တပ်ရင်းများသည် အရှေ့ခြမ်းတွင် အခြေပြုထားသော ဗိုလ်စီးပလိန်း၏ တပ်မဟာ (၆)မှ တပ်ဖွဲ့များနှင့်အတူ ပူးပေါင်းပြီး သာယာဝတီအကြား မီးရထားလမ်း၊ ကား လမ်းမပေါ်ရှိ မြို့အများအပြားကို တိုက်ခိုက်ရာ လက်နက်ပစ္စည်း ကိရိယာများ၊ အဝတ် အထည်များ အများအပြားကို သိမ်းပိုက်ရယူနိုင်ခဲ့သည်။

ပဲခူးတိုင်း၏ မြောက်ပိုင်းနယ်မြေဖြစ်သော ကွမ်းချောင်းအထက်ပိုင်း နယ်မြေ သည် တောင်ငူခရိုင်တွင် ပါဝင်သည်။ တောင်ငူရှိ တောင်ပေါ်ဒေသတွင် ကရင်အများ အပြား နေထိုင်သော ကရင်ရွာ အများအပြားလည်း ရှိသည်။ သို့ရာတွင် ထိုဒေသများမှာ ဗကပ တို့၏ အုပ်ချုပ်ရေး နယ်မြေများ ဖြစ်သည်။ ပဲခူးရိုးမ တောင်ပေါ် ဒေသတွင် ကရင်ရွာပေါင်း (၂၀)မျှ ရှိပြီး၊ အိမ်ခြေအား ဖြင့် (၅၀၀)ခန့် ရှိသည်။ လူဦးရေ နည်းပါးလှ သည့် နယ်မြေလည်း

ဖြစ်သည်။ ထို့ကြောင့် တပ်မဟာ တခုသာ ထားရှိပြီး ဗဟို ဌာနချုပ်လက်အောက်တွင် ဖွဲ့စည်းထားရှိကာ ခရိုင်တခုလျှင် တပ်ရင်း တရင်းသာ ရှိသည်။

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်နှင့် တပ်ပေါင်းစု တည်ဆောက်ရေး

ကရင်အမျိုးသားများ၏ တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသော၊ ကရင်ပြည် ရရှိရေး၊ နိုင်ငံရေးလှုပ်ရှားမှုသည် မြန်မာပြည်ရှိ လူမျိုးများ အားလုံးနှင့် အကြိုးဝင်သည်ကို ကေအဲန်ယူ ဥက္ကဋ္ဌ စောဘဉီးကြီးက အလေး အနက် ခံယူ ထားသည်။ လူမျိုးများအားလုံး၊ ကရင်အမျိုးသားများနှင့်အတူ တိုက်ပွဲ ဝင်ရန်လည်း ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် ကျင်းပသော ကေအဲန်ယူ အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အရေးပေါ်အစည်းအဝေး၌၊ လူမျိုးစု အဖွဲ့အစည်းများ ဖွဲ့စည်းရန် သဘောထား ကို ချမှတ် ခဲ့သည်။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာ(၁၀)ရက်နေ့တွင် မော်လမြိုင်၌ ကျင်းပသော ကရင် အမျိုးသား ညီလာခံတွင်၊ နယ်မြေအရင်း၊ လူမျိုးရေးအရ အနီးစပ်ဆုံး ဖြစ်သော “မွန်” အမျိုးသား ခေါင်းဆောင်များကို ဖိတ်ခေါ်ခဲ့ရာ၊ (၁) နိုင်လှမောင်၊ (၂) နိုင်ဖိုးချို၊ (၃) မိဟောင်ဆွာ၊ (၄) နိုင် ဘလွင်(ခေါ်) နိုင်ရွှေကျင် တို့ တက်ရောက်ခဲ့သည်။ ထို ညီလာခံ၌ပင် မွန်ခေါင်းဆောင်များနှင့် ကရင်ခေါင်းဆောင်များ လွတ်လပ်သည့် တိုင်း ပြည် ရရှိ ပေါ်ပေါက်ရေးကို ဆွေးနွေးတိုင်ပင်ခဲ့ ကြသည်။ မော်လမြိုင် ညီလာခံတွင် ကရင်အမျိုးသား ကာကွယ် ရေးအဖွဲ့ (K.N.D.O.)ဖွဲ့စည်း ရာ၊ မွန်တို့ ကလည်း “မွန်အမျိုးသား ကာကွယ်ရေးအဖွဲ့” (M.N.D.O.)ကို ဖွဲ့စည်းခဲ့သည်။ မော်လမြိုင် ညီလာခံကျင်းပပြီးနောက်ပိုင်းတွင်၊ မွန်နှင့် ကရင် ခေါင်းဆောင် များသည် ရန် ကုန်မြို့တွင် တွေ့ဆုံပြီး၊ အချက်(၄)ချက်ပါဝင်သည့် “မွန်-ကရင် သဘောတူ ညီချက်” ကို လက်မှတ်ရေးထိုးခဲ့ကြ သည်။

“မွန်-ကရင်သဘောတူညီချက်”

၁။ မွန်နှင့် ကရင်တို့သည် အတူတကွ လက်တွဲပြီး၊ စည်းလုံးညီညွတ်စွာဖြင့် ကရင် ပြည်၊ မွန်ပြည် ရရှိသည်အထိ လက်တွဲဆောင်ရွက်သွားရန်။

၂။ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ရာတွင်၊ ကရင်ဖြစ်စေ၊ မွန်ဖြစ်စေ ပြုလုပ်လို ပါက တဦးကို တဦး၊ ကြိုတင်အသိပေးသွားရန်။ ကြိုတင် အသိပေးခြင်း မရှိဘဲ သီးခြား လုပ်ဆောင်ခြင်းများ မပြုလုပ်ရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၃။ လွတ်လပ်သည့် ကရင်ပြည်နှင့် မွန်ပြည် ရရှိသည့်အချိန်တွင်လည်း ငွေ စက္ကူ တမျိုးတည်းကိုသာ အတူတကွ သုံးစွဲသွားရန်။

၄။ တိုင်းပြည်ရရှိရေး ကြိုးပမ်းချက်တွင်၊ ကရင်ကိုထိလျှင် - မွန်ကို ထိသကဲ့ သို့၎င်း၊ မွန်ကိုထိလျှင် - ကရင်ကိုထိသကဲ့သို့ သဘောထားရမည်စသည့် အချက်(၄) ချက်ကို လက်မှတ်ရေးထိုးကြသည်။

ကရင်ပြည်၊ မွန်ပြည် အတူတကွ တောင်းဆိုရာတွင် ၁၉၄၇ ခုကာလ၊ ကရင်အမျိုးသားများ အစည်းအရုံးက တောင်းဆိုသော၊ ကရင်ပြည် သတ်မှတ်ရာတွင် တောင်ငူခရိုင်အပါအဝင်၊ တနင်္သာရီတိုင်း ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်၊ ဟံသာဝတီ ခရိုင်၊ ညောင်လေးပင် ဆပ်ဒီဗီရှင်း (Sub-Division) တို့ ဖြစ်သည်။

မွန်အမျိုးသားခေါင်းဆောင်များ တောင်းဆိုသော မွန်ပြည်ကို သတ်မှတ်ရာ တွင် တနင်္သာရီတိုင်း၊ မော်လမြိုင်ခရိုင် အပါအဝင် အောက်ဗမာပြည်ကို မွန်ပြည် နယ်အဖြစ် သဘောထားသည်။

ကရင်များတောင်းဆိုသော ကရင်ပြည် နယ်မြေများကို မွန်ခေါင်းဆောင်များက ထောက်ခံသကဲ့သို့ မွန်ခေါင်းဆောင်များ တောင်းဆိုသော မွန်ပြည် နယ်နမိတ် သတ်မှတ် ချက်ကိုလည်း ကရင်များက ထောက်ခံခဲ့သည်။ မွန်ပြည်၊ ကရင်ပြည် နယ်မြေများ သတ် မှတ်ရာတွင် နယ်မြေခြင်း ထပ်နေသော်လည်း အငြင်းပွားမှု မရှိဘဲ မွန်-ကရင် သွေးစည်း ညီညွတ်ခြင်း ရှိကြောင်းကို ပြသခဲ့ကြသည်။

၁၉၄၇ ခုနှစ်၊ ကရင်အမျိုးသား ညီလာခံတွင် မွန်ကာကွယ်ရေးတပ်ဖွဲ့ (M.N.D.O.) Mon National Defence Organization ကို တပ်ရင်း (၂)ရင်းဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုတပ်ရင်းများမှာ သထုံခရိုင်တွင် တပ်ရင်း(၁)ရင်း၊ တနင်္သာရီတိုင်း မော်လမြိုင်နှင့် ဘိတ် (မြိတ်) ဘက်တွင် တပ်ရင်း (၁)ရင်း တို့ဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ(၃)ရက်နေ့တွင် K.N.D.O. နှင့် M.N.D.O. ကို ဖဆပလ က မတရားအသင်း အဖြစ် ကြေညာခဲ့သည်။ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲတွင် ဗိုလ်ကြီးတာကပေါ ဦးဆောင်မှု အောက်တွင်၊ သထုံ တပ်မဟာမှ M.N.D.O.များ ပါဝင်ပူးပေါင်းခဲ့ပြီး၊ အင်းစိန် မှ ဆုတ်ခွာခဲ့သည်အထိ ကူညီ တိုက်ခိုက်ခဲ့ကြသည်။ M.N.D.O. ကို ဦးဆောင်သော မွန်တပ်ဖွဲ့မှာ ဗိုလ်မောင်ညွန့် ဖြစ်သည်။ တနင်္သာရီ တိုင်း၊ ဘိတ်(မြိတ်)

ထားဝယ် ခရိုင် တွင်ရှိသော M.N.D.O. တပ်ဖွဲ့များသည် K.N.D.O. နှင့်အတူ ဖဆပလ မှ လက်နက်များ သိမ်းယူရာတွင် ပါဝင်သဖြင့် အင်းစိန်တိုက်ပွဲတွင် ပါဝင်ခွင့် မရ လိုက်ကြပေ။

အခြားလူမျိုးများဖြစ်သော ကရင်နီ၊ ပအိုဝ်း၊ ကချင်၊ ချင်း၊ လားဟူ စသည့် လူမျိုးများလည်း ကရင့်တော်လှန်ရေးကို အားပေးကူညီကြသည်။ ကရင်လက်နက်ကိုင်များက၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့များဖြစ်သော ပျဉ်းမနား၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ကလော စသော မြို့များကို သိမ်းပိုက်ရာတွင်၊ ရှမ်းပြည်ရှိ ရှမ်းအမျိုးသားများက တတ်အား သ၍ ကူညီခဲ့ကြသည်။ သို့သော် ကရင်များ တောင်းဆိုသော ဒေသ၊ မြို့နယ်များ မဟုတ်သည့်အတွက် အခြားတော်လှန်ရေး အဖွဲ့ဖြစ်သော `ဗကပ´ လက်ထဲသို့ အပ်နှံခဲ့သည်။

ကေအဲန်ယူ အစည်းအရုံးကို ဦးဆောင်ခဲ့သူ စောဘဦးကြီးသည်၊ လူမျိုးစု အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ယိုင်းပင်းကူညီရေး၊ အခိုင်အမာ လက်တွဲရေး၊ သဘောထား များကို လက်တွေ့ကျင့်သုံး ခဲ့သည်မှာ၊ “မွန်-ကရင် သဘောတူညီချက်” လက်မှတ်ရေးထိုး ခဲ့ခြင်းက သက်သေပြခဲ့သည်။ ထို့ကြောင့် ကေအဲန်ယူ အစည်းအရုံး၏ နိုင်ငံရေး ရှေ့ ဆောင်မှုကို၊ အဖိနှိပ်ခံ လူမျိုးအသီးသီးက လေးစားသမှု ပြုခဲ့ကြသည်။

စောဘဦးကြီး ကျဆုံးပြီးသည့်နောက်ပိုင်း၊ ကေအဲန်ယူပါတီ၏ နိုင်ငံရေး ရှေ့ ဆောင်မှု အောက်တွင်၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ တပ်ပေါင်းစု တည် ဆောက်ရေး လုပ်ငန်းသည် ပါတီ သေနင်္ဂဗျူဟာ ဆိုင်ရာ လုပ်ငန်းစဉ် (၃)ရပ်တွင် တတိယ အရေးကြီးဆုံး လုပ်ငန်းစဉ်အဖြစ် ဖော်ပြထားသည်။

သေနင်္ဂဗျူဟာ ဆိုင်ရာ လုပ်ငန်းကြီး(၃)ရပ်တွင်၊ (၁) ပါတီတည်ဆောက်ရေး၊ (၂) တပ်မတော်တည်ဆောက်ရေး၊ (၃) တပ်ပေါင်းစု တည်ဆောက်ရေးတို့ပင် ဖြစ်သည်။ ကေအဲန်ယူတို့သည်၊ ညီနောင်အဖွဲ့အစည်းများဖြစ်သော

(က) ကရင်နီ တော်လှန်ရေး၊

(ခ) ကယန်း တော်လှန်ရေး၊

(ဂ) ရှမ်း တော်လှန်ရေး၊

(ဃ) ကချင် တော်လှန်ရေး၊

(င) ပအိုဝ်း တော်လှန်ရေး၊

အင်အားစုများကို ကူညီအားဖြည့်ခြင်း၊ ပူးပေါင်း ဆောင်ရွက် ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကရင်နီပြည်သားများဖြစ်သော ကယား၊ ကယန်း၊ ပကူး၊ ပရဲ့၊ မနုမနော လူမျိုးများကို ကရင်မျိုးနွယ်စုအဖြစ် သတ်မှတ်ခဲ့ကြသည်။ ကေအဲန်ယူ အစည်းအရုံး ပေါ်ပေါက်လာသော အချိန်တွင်၊ ကေအဲန်ယူအစည်းအရုံးတွင် ပါဝင်လာခဲ့သည့် ကရင်နီ ပြည်နယ်တွင်၊ K.N.U. အစည်းအရုံး ဥက္ကဋ္ဌမှာ ပဒိဉီးဘီ နှင့် K.N.D.O. ကာကွယ်ရေးမှူး မှာ စကောထောပလို (ရစ်ချ်မွန်) ဖြစ်သည်။ ကရင်နီ ခေါင်းဆောင်များသည် ကေအဲန်ယူ အစည်းအရုံးတွင် ပါဝင်ပြီး၊ ကရင်နီပြည် ထူထောင်ရေးကို တိုက်ပွဲဝင် တောင်းဆိုကြ သည်။ (မနုမနော အား ယခုအခါ “ကော်ရော်” ဟု ပြောင်းလဲ ခေါ်ဝေါ်နေကြသည်။)

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် ဗရင်ဂျီ ဘာသာဝင်ဖြစ်သူ၊ စော အေမြလေး က ကရင်နီ၊ ကယားပြည်နယ် K.N.U. ဥက္ကဋ္ဌ ပဒိဉီးဘီကို ဖမ်းဆီး ချည်တုတ်ပြီး၊ ဂုံနီအိပ်တွင်း ထည့်ကာ မြစ်ထဲသို့ ပစ်ချ သတ်ဖြတ်လိုက်သည်။ ထို ကိစ္စနှင့် ပတ်သက်၍ ခရစ်ယာန် ဘာသာဝင်ဖြစ်သော၊ ကယား၊ ကယန်း၊ ပရဲ့ လူမျိုးများက ဗရင်ဂျီ ဘာသာဝင်များကို ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ဖြင့် ဘာသာရေး အဓိကရုဏ်းကြီး ပေါ်ပေါက်ခဲ့လေသည်။ ထိုဘာသာရေး အဓိကရုဏ်း ကြောင့် ရန်သူ့တပ်တွင် အမှုထမ်း နေကြသော ခရစ်ယာန်ဘာသာဝင် စစ်သား၊ ပုလိပ်များသည်၊ ရှမ်းပြည်နယ် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ လွိုင်ကော် အစရှိသော မြို့များမှ ပြန်လာကာ ဗရင်ဂျီ ဘာသာဝင်များကို တိုက်ခိုက်လေသည်။ ဗရင်ဂျီ ဘုန်းကြီး အခ့ျို အသတ်ခံကြရသည်။ ထို ဩဂုတ်လ (၈)ရက်နေ့အား “ကရင်နီ တော်လှန်ရေး နေ့”ဟူ၍ သတ်မှတ်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်၊ ကရင်တော်လှန်ရေး စတင်ချိန်တွင် ပါဝင်လာသော၊ ကရင်နီ စစ်တပ်ကို ကရင်အမျိုးသားတပ်မတော် တပ်မဟာ(၁)အဖြစ် ဖွဲ့စည်းပြီး၊ ကရင်နီပြည်ကို အုပ်ချုပ်ခွင့် ပေးထားသည်။ ကရင်နီတပ်ကို ဦးစီးသော တပ်မှူးမှာ ထောပလို (ခေါ်) ရစ်ချ်မွန်၊ ဗိုလ်ကြီး အက်စ်သိန်း၊ ဗိုလ်မောင်လေး၊ ဗိုလ်ကြီး ထွေးကျော် တို့ဖြစ်သည်။

ကရင်နီနယ်သည် မျိုးနွယ်များ ကွဲပြားမှု၊ ဘာသာရေး ယုံကြည်ချက် ကွဲပြားမှု တို့ အပေါ်တွင် အသုံးချကာ ရန်သူက ၎င်းတို့၏ ဒေသများကို တခုပြီးတခု ပြန်လည် သိမ်းပိုက် နိုင်ခဲ့သည်။ နောက်ဆုံး ကရင်နီ တော်လှန်ရေးအဖွဲ့သည်၊ ပကူးများ နေထိုင် သော မော်ချီးမြို့ ပတ်ဝန်းကျင် တဝိုက်၌သာ အခြေခံနိုင် တော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၄ ခုနှစ်တွင် ကော်သူးလေ အုပ်ချုပ်ရေးမှ ကရင်နီနယ်ကို လွတ်လပ် သည့်၊ ကရင်နီ ပြည်နယ်အဖြစ် အသိအမှတ်ပြုပြီး၊ ကော်သူးလေ တပ်မဟာ(၁)ကို ကရင်နီပြည် တပ်မတော်အဖြစ်သို့ ပြောင်းလဲ ဖွဲ့စည်းပေးခဲ့သည်။ ကရင်နီပြည်သည် လွတ်လပ်ပြီး ကော် သူးလေနှင့် တန်းတူ ဆက်ဆံရေးကို ကရင်နီပြည်မှ ကော်ကဆာ စောရွှေနှင့် ဆရာ စကော လယ်တောတို့ စာချုပ်ချုပ်ဆိုပြီး အတည်ပြုခဲ့ကြသည်။ ၁၉၅၅ ခုနှစ်၊ ကရင်နီပြည် သမ္မတ ကော်ကဆာစောရွှေ ကွယ်လွန်သွားသောအခါ၊ သူ၏ ဇနီးကို သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြသည်။ အမျိုးသမီးတဦးဖြစ်ပြီး သား သမီးများကို စောင့်ရှောက် ရခြင်းနှင့် အိမ်မှု ကိစ္စများကြောင့် သမ္မတ တာဝန်ကို ထိထိရောက်ရောက် ဆောင်ရွက် နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ၁၉၅၆ ခုနှစ်တွင် ရာထူးမှ နှုတ်ထွက်ခဲ့ပြီး၊ သူမနေရာတွင် “စမောင်ရိုး” ကို ရွေးချယ် တင်မြှောက်လေသည်။ စမောင်ရိုးသည် ပကူး အမျိုးသား လူငယ်တဦးဖြစ်ပြီး၊ အတွေ့အကြုံ နုနယ်သူ တဦး လည်းဖြစ်သည်။ သူ့ကို မော်ချီး သတ္တုတွင်း မန်နေဂျာ မျက်နှာ ဖြူတဦး (အင်္ဂလိပ်လူမျိုး) က၊ ဝင်ရောက် ချယ်လှယ်ပြီး၊ သူ၏အပေါင်းအသင်းများ ဖြစ် သော၊ “အရီးကီး” “ထေထေ” “ဖိုးထေ” စသော ပုဂ္ဂိုလ် များမှာ ရန်သူ၏ သွေးခွဲ သပ်လျှို ခြင်းကို ခံထား ရသူများ ဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် ကရင်နီပြည်လုံးဆိုင်ရာ ကွန်ဂရက်ကို ခေါ်ယူခဲ့ပြီး၊ နယ်ခြဲ ဆန့် ကျင်ရေး၊ မြေရှင်ပဒေသရာဇ်လမ်းစဉ်ကို ချမှတ်လိုက်သည်။ ထို့နောက် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ K.N.P.P. Kareni National Progressive Party. ကို ဖွဲ့စည်း တည် ထောင် လိုက်သည်။ K.N.P.P. ဗဟို အလုပ်အမှုဆောင် ကော်မတီကို ဖွဲ့စည်းရာ အောက်ပါ ပုဂ္ဂိုလ်များ ကို ရွေးချယ် တင်မြှောက်လိုက်သည်။

ဥက္ကဋ္ဌ - စကောထောပလို (ရစ်ချ်မွန်)၊

ဒုတိယ ဥက္ကဋ္ဌ - စကောမိအက် (ကယန်းလူမျိုး)၊

အတွင်းရေးမှူး - စောလှဦး ခေါ်ဂေဆိုး (ပကူးလူမျိုး)၊

တွဲဘက်အတွင်းရေးမှူး - စောမောရယ် (ကယား)နှင့် ဗဟို အလုပ်အမှုဆောင် (၅)ဦးကို ရွေးချယ် တင်မြှောက်လိုက်သည်။

၁၉၅၇ ခုနှစ်တွင် "စမောင်ရိုး"နှင့် နောက်လိုက်များက၊ ဥက္ကဋ္ဌ ထောပလို (ခေါ်) ရစ်ချ်မွန် ကို ပစ်သတ်လိုက်သည်။ ဤပဋိပက္ခကြောင့် နှစ်ဘက် တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသကဲ့သို့ ကရင်နီ ပြည်သူ များမှာလည်း လွန်စွာ ဒုက္ခရောက်ခဲ့ကြရသည်။

ဥက္ကဋ္ဌ ထောပလို ကွယ်လွန်ပြီးနောက်၊ သူ၏ နေရာတွင် စကောမိအက် ကို တင်မြှောက်ခဲ့လေသည်။ စကောမိအက်သည် ပညာအရည်အချင်း နည်းသော်လည်း၊ ရိုးသားဖြောင့်မတ်ပြီး လုပ်ငန်းကို ကြိုးစား အကောင်အထည် ဖော်ခဲ့သူ တဦးဖြစ်သည်။ ၁၉၅၉ ခုနှစ်သို့ ရောက်သောအခါ ကယန်းလူမျိုး စောကျော်နိုင်ကို၊ K.N.P.P. ဥက္ကဋ္ဌ အဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် စောလှဦး (ခေါ်)ဂေဆိုး ကို၊ ရန်သူ ဖမ်းမိသွားပြီး မကြာမီမှာပင် ဥက္ကဋ္ဌ ဖြစ်သူ စောကျော်နိုင်လည်း ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရပြန်သည်။ တွဲဘက်အတွင်းရေးမှူး စောမောရယ်နှင့်အတူ ဗိုလ်ချုပ် အောင်သန်းလေး၊ ဗိုလ်စံခ တို့၏အဖွဲ့သာ ကျန်ခဲ့တော့သည်။ ဗိုလ်စောမောရယ် သည်လည်း အလုပ် ကြိုးစားသူ ဖြစ်သဖြင့် ပြည်သူလူထု၏ ထောက်ခံမှုကို ရရှိသူ တဦး ဖြစ်သည်။

ကရင်နီပြည်၏ နိုင်ငံရေးအခက်အခဲကို ကူညီရန် ဗိုလ်မောရယ်က ကေအဲန်ယူ ပါတီကို အကူအညီတောင်းခံလာရာ၊ ကေအဲန်ယူပါတီ၏ အရှေ့တိုင်း စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကော်ထူးက၊ ၁၉၅၉ ခုနှစ်တွင်၊ ပါတီမှ တပ်ဖွဲ့တဖွဲ့ကို စေလွှတ်လိုက်သည်။ ထို တပ်ဖွဲ့ကို စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ဒါဝိတ် နှင့် ဗိုလ်ထွန်းလူ တို့က ဦးဆောင်သွားသည်။ ၎င်းအဖွဲ့တွင် ဌာနချုပ်မှ ဗိုလ်အောင်ကိုး၊ ချာတိတ် (ဗိုလ်ဒါဝိတ်၏ ညီ)၊ အထွန်း၊ မြဝင်း စသော တိုက်ခိုက်ရေး ကောင်းသည့် တပ်ဖွဲ့များ ပါဝင်လေသည်။ ဗိုလ်ဒါဝိတ်သည် စည်းရုံးရေး ကောင်းပြီး၊ "ဘူးသို၊ ကွာခီး"ရှိ ခရစ်ယာန် သင်းအုပ်ဆရာများကို ချဉ်းကပ်ကာ လူထုစည်းရုံးရေး၊ ဘာသာရေး အစီအစဉ်များတွင် ပါဝင်ကူညီခဲ့သည်။ ဤသို့ဖြင့် ကရင်နီ လူငယ်များကို

စည်းရုံးရာ တပ်ခွဲ တခွဲခန့်အထိ စည်းရုံး ဖွဲ့စည်းနိုင် ခဲ့သဖြင့် လိုအပ်သော လက်နက်များကို ကော်သူးလေ ဗဟိုဌာနချုပ်မှ ပေးပို့ တပ်ဆင် နိုင်ခဲ့သည်။

ကရင်နီ ကာကွယ်ရေးတပ်ဖွဲ့ အင်အား ကောင်းလာသောအခါ၊ စမောင်ရိုး၊ အရီးကီး၊ မောင်တောင်ကြီးတို့သည် ရန်သူနှင့် ပူးပေါင်းပြီး ဗိုလ်ဒါဝိတ်ကို ဆန့်ကျင်လာ သည်။ ဗိုလ်ဒါဝိတ်က အရေးယူရန် စီစဉ်နေချိန်မှာပင် အိမ်ထောင်သည်များ အားလုံး ရန်သူဘက်သို့ ပြောင်းရွှေ့သွားကြသည်။ ထို့နောက် ပြောက်ကျား တပ်ဖွဲ့များ ဖွဲ့စည်းပြီး၊ ရန်သူ့တပ်နှင့်အတူ နယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြောင်းကို ပြည်သူ များမှ သတင်းပေးသဖြင့် ဗိုလ်ဒါဝိတ်က သွားရောက် တိုက်ခိုက်ရာ လမ်းခုလပ်တွင်ပင် ခြုံခို တိုက်ခိုက်ခြင်းခံရပြီး နောက် ဗိုလ်ဒါဝိတ် ကျဆုံးခဲ့ရသည့်အတွက်၊ ဗိုလ်ဒါဝိတ် နေရာတွင် ဗိုလ်ထွန်းလူက တာဝန်ယူခဲ့ရသည်။ ကရင်နီတပ်နှင့်အတူ တွဲဖက်ပြီး၊ တိုက်ပွဲ ဝင်ခဲ့သော ကာလတွင် ဗိုလ်အောင်ကိုးလည်း ကျဆုံးခဲ့ရသည်။ ဗိုလ်ထွန်းလူ ဦးဆောင်သော ပါတီတပ်ခွဲ၏ အကူအညီဖြင့် ဗိုလ်ချုပ်အောင်သန်းလေး ဦးစီးသော ကရင်နီတပ်ဖွဲ့မှာ တပ်ခွဲ တခွဲအထိ ပြန်လည် ဖွဲ့စည်းနိုင်ခဲ့သည်။ ကရင်နီနယ်မြေ အခြေအနေ ကောင်းလာသော အခါတွင်မှ ကေအဲန်ယူပါတီ စစ်ဦးစီးဌာနချုပ်မှ မိမိတပ်ဖွဲ့ကို ပြန်လည်ခေါ်ယူခဲ့သည်။

ပအိုဝ်းတော်လှန်ရေး

ကိုလိုနီခေတ်မှစပြီး ကရင့် တော်လှန်ရေး စတင်သည့် အချိန်အထိ ပအိုဝ်း လူမျိုးကို ကရင် မျိုးနွယ်စု တခု အဖြစ် အသိအမှတ် ပြုထား ကြသည်။ ပအိုဝ်း လူမျိုးကို ယခင်က "တောင်သူ" ဟု ခေါ်ကြသည်။

ကိုလိုနီခေတ်တွင် ပအိုဝ်း ခေါင်း ဆောင် ဦးလှဖေသည်၊ ဗြိတိသျှ ပါလီမန် တွင် ကရင် အမျိုးသားကို ကိုယ်စားပြုပြီး၊ ကရင်အမတ်တဦးအဖြစ်ဖြင့် ရွေးချယ် ခံ ရသည်။ ကေအဲန်ယူ အစည်းအရုံး စတင် ဖွဲ့စည်းသောအခါ ဦးလှဖေကို ဒုတိယ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။

၁၉၄၉ ခုနှစ်၊ ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေး စသောအခါ၊ တောင်ငူမြို့တွင် ကော်သူးလေ အစိုးရကို ဖွဲ့စည်းရာတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ရွေးချယ်ခံရသူလည်း ဖြစ်သည်။ ၁၉၅၀ ခုနှစ်၊ စောဘဦးကြီး ကွယ်လွန် သောအခါ ကေအဲန်ယူ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရန် နှစ်ကြိမ်တိတိ ကမ်းလှမ်းခြင်း ခံခဲ့ ရသည်။

ကရင့်တော်လှန်ရေးစခဲ့သည့် ၁၉၄၉ ခုနှစ်တွင် အောက်ဗမာပြည်ရှိ ပအိုဝ်းများ ပါဝင် တိုက်ခိုက် ခဲ့ကြသည်။ ကရင့်တပ်မတော်မှ တောင်ကြီးမြို့ကို သိမ်းပိုက်သည့် နောက်ပိုင်း တွင်၊ ရှမ်းပြည်ရှိ ပအိုဝ်းအမျိုးသားများက လက်နက်ကိုင် တော်လှန်ရေးကို စတင်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်တွင်၊ ကော်သူးလေ အစိုးရကို ဖျက်သိမ်းပြီး၊ စစ်အုပ်ချုပ်ရေး ချမှတ် သောအခါ စောဘဦးကြီးသည် ဦးလှဖေအား၊ ပအိုဝ်းဒေသတွင် ပအိုဝ်း လက် နက်ကိုင် တော်လှန်ရေးကို အကူ အညီပေးရန် စေလွှတ်ခဲ့သည်။

ထိုအချိန်က ပအိုဝ်းအဖွဲ့အစည်းမှာ "ပအိုဝ်း လွန်ပူး" အဖွဲ့ဖြစ်သည်။ ပအိုဝ်း အဖွဲ့ ခေါင်းဆောင်များမှာ ဖြားတန်နမ်းအော၊ ဗိုလ်ချုပ် ချန်ဆုံ၊ အတွင်းရေးမှူး ခရစ္စတီးစံလုံး၊ စစ် ဗျူဟာမှူး ဗိုလ်စပါယ်ရှယ်တို့ ဖြစ်ကြသည်။

ပအိုဝ်းလက်နက်ကိုင် တော်လှန်ရေးသည် ရှမ်း မြေရှင်ပဒေသရာဇ်နှင့် ရှမ်း စော်ဘွား များကို ဆန့်ကျင် တိုက်ခိုက်မှုမှ စတင်ခဲ့သည်။ ရှမ်းစော်ဘွားများ၊ တိုက်သူကြီး များသည် ပ အိုဝ်းလူမျိုးများအပေါ် အနိုင်ကျင့်ဖိနှိပ်မှုကြောင့် လက်နက်ကိုင် တော်လှန် တိုက်ခိုက်ခဲ့ကြ သည်။ ပအိုဝ်းနှင့် ရှမ်း အပြန်အလှန် တိုက်ခိုက်မှု၊ ကျေးရွာများကို အပြန်အလှန် မီးရှို့မှုများ

ဖြစ်သည်။ ရှမ်းပြည် တောင်ပိုင်းတွင် ပအိုဝ်း လူမျိုးများက အင်အားပိုမိုသာလွန်သဖြင့်၊ ရှမ်း ကျေးရွာများကို ပိုမို ပျက်စီးစေပြီး အသက် ဆုံးရှုံးရမှု များမှာလည်း ပိုမို များပြားခဲ့သည်။

၁၉၅၄ ခုနှစ်၊ ပအိုဝ်းခေါင်းဆောင်များက ကရင့်တော်လှန်ရေးသို့၊ နိုင်ငံရေး ရှေ့ဆောင်မှုပေးရန် အကူအညီ တောင်းခံလာရာ၊ ဗိုလ်စံလင်းနှင့် ဗိုလ်အေးဟန် တို့ကို စေလွှတ်ခဲ့သည်။ ဆေးဝါးကုသမှုနှင့်ပတ်သက်၍ ကရင်နီတွင်အမှုထမ်း နေသော ဆရာမ နှစ် ဦးဖြစ်သူ နော်ရှသ နှင့် နော်ရှားခူ တို့ကို စေလွှတ်ခဲ့သည်။ ထိုအချိန်က ကရင်နီသည် ကေအဲန် ယူ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေပြီး၊ နယ်မြေ ခြင်းလည်း ထိစပ်နေခြင်းကြောင့် အလွယ်တကူ စီစဉ်နိုင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင်၊ “ပအလဖ” ခေါ် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ P.N.L.O. “Pao National Libration Organization” အဖြစ် တည်ရှိခဲ့သည်။

ခေါင်းဆောင်များမှာ -၁။ ဗိုလ်ချုပ် ချန်ဆုံ ဥက္ကဋ္ဌ၊
၂။ ခရစ္စတီးစံလုံး အတွင်းရေးမှူး၊
၃။ ဗိုလ်စပါယ်ရှယ် စစ်ဦးစီးချုပ်၊
နာယကများမှာ - ၁။ ဖြားတန်နမ်းအော၊
၂။ ဖြားတန်လောင်ခဲ၊
၃။ ဖြားတန်တောင်းပလိုင်း၊
အကြံပေးပုဂ္ဂိုလ်များမှာ- ၁။ ဦးလှဖေ နှင့်
၂။ ဗိုလ်စံလင်းတို့ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် ပအိုဝ်း အဖွဲ့ခေါင်းဆောင်များဖြစ်သော၊ ဦးလှဖေ၊ ဗိုလ်စံ သိန်း၊ ဗိုလ်ကြီးအောင်ခမ်းထီတို့သည်၊ ရန်သူ့ထံ လက်နက်ချသွားကြသည်။ ရန်သူ့ထံ အည့ံမခံသော ပုဂ္ဂိုလ်မှာ ဘုန်းတော်ကြီး ဆရာတော် ဦးနေမိ ဖြစ်သည်။ ဆရာတော် ဦးနေမိသည်၊ ပအိုဝ်း လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက် စည်းရုံး လှုံ့ဆော်ပြီး ခေါင်းဆောင်မှု ပေးခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ဗိုလ်စံသိန်း၊ အောင်ခမ်းထီ၊ ဗိုလ်ကြီးအောင်ခမ်းတို့သည် လက်နက်ကိုင် တော်လှန်ရေးတွင် ပြန်လည် လုပ်ကိုင်ခဲ့ကြသည်။ ထို့နောက် ဗကပ မှ ဗိုလ်လှ မောင်ဆိုသူသည် ကွန်မြူနစ်ပါတီမှထွက်ကာ လာရောက် ပူးပေါင်းသည်။ ဦးလှဖေ နောက်သို့ လိုက်သွားသော ဗိုလ်တာကလယ် မှာလည်း ပြန်လည် ဝင်ရောက် လာသည်။

၁၉၆၇ ခုနှစ် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့။ ပအလဖ ကို ဖျက် သိမ်းပြီး၊ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ကို ဖွဲ့စည်းလိုက် ကြသည်။ ပအိုဝ်းနယ်မြေတွင်ရှိသော လူမျိုးစုံ ပြည်သူများ အားလုံး ပါဝင်လာပြီး၊ နေဝင်း စစ်အစိုးရကို ပူးပေါင်းတိုက်ခိုက်ရန် ထိုသို့ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ပအိုဝ်း တော်လှန်ရေးကို ကူညီရန် ကေအဲန်ယူပါတီမှ ဗိုလ်စံလင်း၊ ဗိုလ်မှူး ဘောလ်ဒွင် အပြင် အခါအားလျော်စွာ လိုအပ်သော အကူအညီများကို ပေးခဲ့သည်။

ပအိုဝ်း တော်လှန်ရေးတွင် ဗိုလ်တာကလယ် ဥက္ကဋ္ဌ တာဝန်ယူနေချိန်တွင် ဗကပ ဗဟို ကော်မတီဝင်တဦးဖြစ်သူ ဦးအောင် (ခေါ်) ဗိုလ်မျိုးမြင့်မှ လာရောက်၍ နိုင်ငံရေး သင်တန်းကို ပို့ချခဲ့သည်။ ထို့နောက် ဗကပ မှ ပြောင်းလာသော ဗိုလ်လှအောင်၊ ဗိုလ် တာကလယ် တို့နှင့် ပူးပေါင်းပြီး ပအိုဝ်း တော်လှန်ရေးကို လူတန်းစား တော်လှန်ရေးသို့ ပြောင်းလဲ ဖွဲ့စည်းလိုက် သည်။

ဦးလှဖေ နှင့် အောင်ခမ်းထီ အဖွဲ့သည် အမျိုးသားဒီမိုကရေစီ တော်လှန် ရေးလမ်းစဉ် ကို ချမှတ် ရှေ့ဆောင်ခဲ့သည်။ အဖွဲ့ (၂)ဖွဲ့ကြား လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပြီး နှစ်ဘက်စလုံး တွင် ထိခိုက်ကျဆုံးမှုများ ရှိခဲ့သည်။ အစ ပထမတွင် တာကလယ်တို့ အဖွဲ့မှာ အင်အား ကောင်းသော်လည်း နောက်ပိုင်းတွင် ဦးလှဖေကို အများစုက ထောက်ခံလာ သည်။ ပအိုဝ်း နယ်မြေ (၉)ခုတွင်ဦးလှဖေ နောက်သို့ နယ်မြေ (၇)ခု လိုက်ပါလာသည်။ ၁၉၇၅ ခုနှစ်တွင် ဦးလှ ဖေ ကွယ်လွန်ပြီးနောက် အောင်ခမ်းထီ၊ ခွန်ရဲနောင်၊ ဦးကျော်စိန် တို့ ပူးပေါင်းပြီး၊ (ပအမဖ) ကို ပအိုဝ်း အမျိုးသားအဖွဲ့ (P.N.O.) ဟု အမည်ပြောင်းလဲ ခေါ်ဆို ခဲ့သည်။

ခွန်ရဲနောင် ရှမ်းပြည်သို့ ပြန်နေသောအချိန်သည်၊ ဗိုလ်တာကလယ်သည် နောက်လိုက် အင်အား (၁၀၀)ကျော်နှင့် မြောက်ပိုင်းသို့ ချီတက်ကာ (ဗကပ) ခေါင်းဆောင် များနှင့် သွားရောက် တွေ့ဆုံကြသည်။ ဗိုလ်တာကလယ်အဖွဲ့ အရှေ့ မြောက်ပိုင်းတွင် တနှစ်ကျော်ကြာ ပြီးနောက် လက်နက်အပြည့်အစုံဖြင့် တောင်ပိုင်းသို့ ဆင်းလာကြသည်။ ဗိုလ်တာကလယ်နှင့် အတူ (ဗကပ) မှ တပ်ခွဲ(၂)ခွဲ၊ အင်အား အပြည့် နှင့် လိုက်ပါလာ လေသည်။ ဗိုလ်တာကလယ် အဖွဲ့က “ရလလဖ” ဟုပင် ဆက်လက် အမည် ခံခဲ့သည်။ ဗိုလ်တာကလယ်အဖွဲ့တွင် အမြင့် ဆုံး တပ်မှူးများ၊ အောက်ခြေ တပ်မှူးများသည် ကရင်လူမျိုးအများစု ဖြစ်သည်။ ကရင်နီ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နယ်စပ်တွင် အခြေခံပြီး၊ တခ့ျိုမှာ ပလောင် ဒေသသို့ ကူးပြောင်းကာ၊ ကယန်းပြည်သစ် နယ်မြေတွင် အခြေချ လေသည်။

ကယန်း တော်လှန်ရေး

ကယန်းလူမျိုးများသည် ကရင်ပြည်နယ် အနောက်ခြမ်းတွင် နေထိုင်သည်။ ဘော်လခဲ အထက်ပိုင်း နယ်မြေဖြစ်သည်။ အများစုမှာ ရှမ်းပြည် တောင်ပိုင်း ရေတာရှည် အရှေ့ပိုင်း၊ တောင်ပေါ်ဒေသနှင့် တောင်ခြေဒေသ မိုးဖြဲနယ်တွင် နေထိုင်ကြသည်။ ဘွဲ့ ကရင်အနွယ်များ လည်းဖြစ်သည်။ အရှေ့ ဘွဲ့ ကရင်က ၎င်းတို့ကို ကရင်နီဟု ခေါ်သည်။ ယခင်က ပဒေါင် လူမျိုးဟု ခေါ်သော ဘွဲ့ ကရင်သည်၊ နောက်ပိုင်းတွင် ကယန်းဟူ၍ ၎င်းတို့ကို ခေါ်ဆိုကြ သည်။ အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ နှစ်ခြင်း ခရစ်ယာန် ဘာသာဝင်များ လည်း အများအပြား ရှိသည်။

ကရင်နီပြည်တွင် တော်လှန်ရေးစသောအခါ ကရင်နီပြည်နယ်အတွင်း နေထိုင် ကြ သော၊ ကယန်း လူမျိုးများအတွင်း နှစ်ခြင်းခရစ်ယာန်များ တော်လှန်ရေးတွင် ပါဝင်လာ ကြ သည်။ ဗုဒ္ဓဂျီ ဘာသာဝင် ကယန်းများကမူ ရန်သူ၏ လှည့်စား မှိုင်းတိုက်မှုကြောင့် တော်လှန်ရေးကို ဆန့်ကျင်ခဲ့ကြသည်။ နောက်ပိုင်း စစ်အစိုးရက စီးပွားရေးလုပ်ငန်းများ အား ပြည်သူပိုင်သိမ်းခြင်း၊ ငွေစက္ကူများကို တရားမဝင်ကြေညာခြင်း၊ သာသနာပြု ဘာသာ ရေး အဆောက်အဦများကို ဖျက်သိမ်းကာ အစိုးရကျောင်းများအဖြစ် ပြောင်းလဲပစ်သော အခါ တွင်မှ၊ ဗုဒ္ဓဂျီဘာသာဝင် ကယန်းလူမျိုးများမှာ လက်နက်စွဲကိုင်ပြီး စစ်အစိုးရကို တော်လှန် တိုက်ခိုက်လာ ကြသည်။

၁၉၆၄ ခုနှစ်တွင်၊ U.M.P. တပ်မှ တပ်ရင်း(၇) တပ်ရင်းမှူးဖြစ်သူ ဗိုလ်ပြန် (ဂေဘရယ်ပျ န်)သည်၊ ကယန်းလူထု (၁)ထောင်ကျော်ခန့်ကို စည်းရုံးပြီး၊ လက်နက်စွဲ ကိုင်ကာ ရန်သူ စစ် စခန်းများကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ရန်သူထံမှ လက်နက် အများအပြားကိုလည်း သိမ်းပိုက်နိုင်ခဲ့ကြသည်။ သို့သော် အခိုင်အမာ အခြေချခြင်း မပြု နိုင်မီမှာပင် ရန်သူ၏ တန်ပြန်ထိုးစစ်ကြောင့် နယ်မြေအမြောက်အများ ရန်သူ့ လက်တွင်း ပြန်လည် ကျရောက်သွား ရသည်။ နောက်ပိုင်းတွင် ရန်သူက နိုင်ငံရေးအရ လှည့်စားကာ ဗုဒ္ဓဂျီ ဘုန်းတော်ကြီးများကို ချဉ်းကပ်လျက် အခွင့်အရေးများဖြင့် စည်းရုံးခဲ့သဖြင့် လအနည်းငယ်အတွင်းမှာပင် လက်နက်ချအညံ့ခံကုန်ကြသည်။ ကယန်းအဖွဲ့မှ ဝိန်းလူထား (ခေါ်) ဦးရွှေအေး နှင့် အဖွဲ့သား (၄ - ၅) ယောက်ခန့်သာ ကျန်ခဲ့ပြီး တော်လှန်ရေးကို ဆက်လက်ချီတက်ခဲ့သည်။

ဝိန်းလူထား သည်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား တယောက်ဖြစ်သည်။ စစ်အာဏာရှင်ကို ရွံ့ရှာမုန်းတီးပြီး၊ တော်လှန်ရေး ဗဟုသုတ ကြွယ်ဝသူ တဦးလည်း ဖြစ်သည်။ သူသည် ကယန်း တော်လှန်ရေးသမားများ အားလုံးနီးပါး လက်နက်ချသော အချိန်တွင် ကေအဲန်ယူပါတီသို့ ရောက်ရှိလာခဲ့ပြီး၊ အကြံဉာဏ်နှင့် လက်နက်များကို အကူအညီပေးရန် တောင်းခံခဲ့သည်။ ကေအဲန်ယူပါတီက လက်နက်များအပြင် အကြံ ဉာဏ်များနှင့်လည်း အားပေးကူညီခဲ့သည်။ စိတ်ဓါတ် မကျရန်နှင့် တော်လှန်ရေး အလံကို မြင့်မြင့်မားမား လွှင့်ထူရန်၊ အခြားသော မဟာမိတ်များနှင့် လက်တွဲ ဆောင် ရွက်ကြရန်၊ အပြန် အလှန် ကူညီခြင်း ပြုလုပ်ကြရန် စသည့်အကြံများ ပေးခဲ့သည်။

ကေအဲန်ယူပါတီ၏ အကူအညီဖြင့် လက်နက်ကိုင် အင်အား (၁၀)ကျော် ဖြစ်လာသည်။ ကရင်နီ လက်နက်ကိုင်တော်လှန်ရေးနှင့်လည်း ဆက်သွယ်ရာ၊ အကူ အညီများ ရလာသဖြင့် အင်အား (၃၀)ကျော်ဖြစ်လာခဲ့သည်။ ရန်သူကို ပြတ်ပြတ် သား သား တိုက်ခိုက်သဖြင့် ကယန်းပြည်သူများကလည်း သူ၏ ခေါင်းဆောင်မှုကို ထောက်ခံ လာခြင်းကြောင့် နယ်မြေများ ကျယ်ဝန်းလာခဲ့သည်။

၁၉၆၅ ခုနှစ်၊ “ညလတ” ခေါ်ညီညွတ်သော လူမျိုးစုများ တပ်ဦးကို ဖွဲ့စည်းသောအခါ တပ်ပေါင်းစုတွင် ပါဝင်လာခဲ့သည်။ နောက်ပိုင်း ၁၉၇၆ ခုနှစ် “လညတ”သို့ ပြောင်းလဲ ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သည်။ ထိုတပ်ပေါင်းစုတွင် ကရင်၊ ကရင်နီ၊ ကယန်း လူမျိုးများနှင့် အတူ ထိုတပ်ပေါင်းစုတွင် အင်အား (၁၀)ယောက်ဖြင့် ပူးပေါင်း ပါဝင်ခဲ့သည်။ ကယန်း လက်နက်ကိုင် တော်လှန်ရေးသည် ကယန်း နိုင်ငံတော်ကို ထူထောင်ရန်မဟုတ်။ လူမျိုးများ တန်းတူပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကိုသာ တောင်းဆိုနေ ခြင်းဖြစ်သည်။

“ရှမ်း”တော်လှန်ရေး

၁၉၅၈ ခုနှစ် မေလ(၂၁)ရက်နေ့တွင် စဝ်နွဲ့ ဦးဆောင်သော ရှမ်းလူငယ် (၅၀)ကျော် (၆၀)ခန့်သည် အစိုးရကို လက်နက်ကိုင် တော်လှန်ခဲ့ကြသည်။ ၎င်းအဖွဲ့ကို “နွံစစ်ဟန်”ဟု ခေါ်ခဲ့သည်။ အဓိပ္ပါယ်မှာ “ရဲရင့်သော လူငယ်အဖွဲ့”ဟု အဓိပ္ပါယ်ရသည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား အများအပြား တောခိုပြီး၊ “စဝ်နွဲ့”အဖွဲ့တွင် ပါဝင် ပူးပေါင်းလာကြသဖြင့် လက်နက်ကိုင် တပ်ဖွဲ့ အင်အားကြီးထွား လာခဲ့သည်။

စဝ်နွဲ့သည် အာဏာရှင်ဆန်လာသဖြင့် ရှမ်းလူငယ်တခ့ျုိ့မှာ ထိုအဖွဲ့မှ ခွဲထွက် သွားကြသည်။ ထို ခွဲထွက်သွားသော အဖွဲ့ကို စိုင်းပန်နှင့် စိုင်းဆပ် (ဆေထင်) တို့က ဦးဆောင်ကြပြီး၊ ရှမ်းပြည်နယ် သီပေါ သို့ တက်သွားသည်။ ရှမ်းပြည်တွင် စည်းရုံး သိမ်းသွင်းနိုင်သဖြင့် လူအင်အား လက်နက်ကိုင်အင်အား ကြီးထွားလာခဲ့ရာ တပ်ရင်း (၄)ရင်းအထိပင် တိုးခ့ျဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ၎င်းတို့အဖွဲ့ကို “ရှမ်းပြည် လွတ်မြောက်ရေး တပ်မတော်” Shan State Independent Army ဟု ခေါ်တွင်သည်။ နောက်ပိုင်းတွင် ရှမ်းပြည်သည် ယခင်ကတည်းက လွတ်လပ်သည့် တိုင်းပြည်တခု ဖြစ်ခဲ့သည့်အပေါ် လွတ်လပ်ရေးအတွက် တိုက်ခိုက်ရန် မလိုအပ်ဟူသော သဘောထားဖြင့်၊ ရှမ်းပြည် တပ်မတော် S.S.A. Shan State Army ဟု အမည်ပြောင်းလဲခဲ့သည်။

ရှမ်းလက်နက်ကိုင် တော်လှန်ရေးစတင်ချိန်တွင် “စိုင်းခမ်း” ဦးဆောင်သော လက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့သည် ကော်သူးလေဗဟို (K.R.C.)သို့ ရောက်ရှိ လာပြီး၊

ကရင်နှင့် ရှမ်းတို့ လက်တွဲကာ
လွတ်လပ်ရေး ရသည်အထိ လက်တွဲဆောင်ရွက်သွားရန်၊
အပြန်အလှန်ကူညီရန်၊
တန်းတူ ရည်တူ သဘောထားပြီး သဘောတူ လက်မှတ်များ ရေးထိုးခဲ့ကြသည်။ ထိုလက်မှတ် ရေးထိုးပွဲသို့ ရှမ်းကိုယ်စားလှယ်ဘက်မှ စိုင်းခမ်းက လက်မှတ်ရေးထိုးပြီး၊ ကော်သူးလေဘက်မှ ဆရာစကောလယ်တောက လက်မှတ်ရေးထိုးခဲ့သည်။

စဝ်နွဲ့ (ခေါ်)ဆောယန်ရှမ်းနှင့်ကရင် သဘောတူညီချက်အရ၊ ကော်သူးလေ ဗဟိုမှ ပဒ္မမဦးဆုံးဗိုလ်ဘခင်ကို စေလွှတ်ပြီး၊ ရှမ်း တော်လှန်ရေးကို အကူအညီ ပေးခဲ့သည်။ “ဗိုလ်ဘခင်” က

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မိုင်းစစ်ဆင်ရေးကို သင်ကြားပေးခဲ့သည်။ ဒုတိယ ပဂ္ဂိုလ်မှာ “စောဘာဘာ” ဖြစ်ပြီး၊ ရှမ်းတော်လှန်ရေးအား အချက်ပြ ဆက်သွယ်ရေး နည်းပညာကို သင် ကြားပေးခဲ့သည်။ ဒုတိယ အကြိမ်တွင် “ဗိုလ်ချုပ် ကော်ထူး”နှင့် “ဗိုလ်စီးပလိန်း”တို့က စစ်ရေးဆိုင် ရာ နည်းနာများကို သင်ကြား ပို့ချလေသည်။ တတိယ အနေဖြင့် “ဂျဖူးညို”ကို စေလွှတ်ပြီး အုပ်ချုပ်ရေး နှင့် ပတ်သက်သော နည်းစံနစ်များ ကို သင်ကြားပြသပေးခဲ့သည်။

နောက်ဆုံးတွင် “ဥက္ကဋ္ဌ ဟန်တာသာ မွေး၊ ဗိုလ်ချုပ်အုန်းဖေ၊ ပဒိုဝီရီကျော်” တို့ သွားရောက်ပြီး၊ ရှမ်းပြည် တော်လှန်ရေးကို အကြံဉာဏ်များ ပေးခဲ့သည်။

၁၉၆၀ ခုနှစ်တွင်၊ ကရင့်တော်လှန်ရေးမှ ရှမ်းပြည်တော်လှန်ရေးသို့ တပ်ရင်း တရင်း အင်အား အပြည့်ရှိသော တပ်ဖွဲ့ တဖွဲ့ကို စေလွှတ်ခဲ့သည်။ ထို တပ်ရင်းမှာ တပ်မဟာ(၅)မှ ဗိုလ်လင်းထင် ကိုယ်တိုင် ဦးဆောင် သွားရောက်ခဲ့သည်။ ထို တပ်ဖွဲ့သည် ရှမ်းပြည်အသွား ကရင်နီနယ်မြေ “ဟိုကျစ်”သို့ ရောက်သောအခါ၊ ကယား ရဲတပ်ဖွဲ့အပြင် ကယားပြည်သူ့စစ်များနှင့် တိုက်ပွဲ ဖြစ်ပွား လေသည်။ တနေ့တည်း တိုက်ပွဲ (၃)ကြိမ် ဖြစ်ပွားခဲ့သဖြင့် ခရီးမပေါက်ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ရသည်။

၁၉၆၂ ခုနှစ်တွင်၊ ဗိုလ်မှူးဘရှိုင်းနှင့် ဗိုလ်မှူးဘောလ်ဒွင်တို့ ဦးစီးသော စစ်ကြောင်း တကြောင်းကို ရှမ်းပြည်သို့ စေလွှတ်ခဲ့သည်။ ထိုစစ်ကြောင်းတွင် တပ်မဟာ (၇) တပ်ခွဲတခွဲနှင့် တပ်မဟာ(၃)မှ တပ်ခွဲတခွဲတို့ ပါဝင်သည်။ တပ်မဟာ(၇)မှ တပ်ခွဲကို ဗိုလ်ကြီးစံဖေမှ ဦးစီးပြီး၊ တပ်မဟာ(၃)မှ တပ်ခွဲကို ဗိုလ်ကြီးဇော်ဒူးက ဦးစီးခဲ့သည်။ ထိုစစ်ကြောင်းသည် ရှမ်းပြည်သို့ ရောက်ရှိ သွားပြီး၊ “စဝ်နွဲ့” တပ်နှင့် ပူးပေါင်းကာ ရန်သူကို ပူးတွဲ တိုက်ခိုက်ကြသည်။ ထို စစ်ကြောင်းသည် “စဝ်နွဲ့”အား များစွာ အထောက်အကူ ဖြစ်ခဲ့သော်လည်း စစ်ကြောင်း အတွက် လိုအပ်သော၊ ရုပ်ဝတ္ထုများကို “စဝ်နွဲ့”က အကူအညီ မပေး နိုင်သောကြောင့်၊ ၁၉၆၃ ခုနှစ်တွင် စစ်ကြောင်းကိုပြန်လည် ရုပ်သိမ်းလိုက်ရသည်။

“ချင်း”တော်လှန်ရေး

“ချင်း”လူမျိုးများသည် “ချင်းတောင်” လူရှိုင်းတောင်တန်း၊ ရခိုင်တောင်ပေါ်နှင့် တောင်ခြေတို့တွင် နေထိုင်ကြသည်။ ဧရာဝတီမြစ် အနောက်ဖက်၊ ပြည်၊ သရက်နှင့် သာယာဝတီခရိုင်၊ ပဲခူးနှင့် တောင်ငူ ဒေသများတွင်လည်း နေထိုင် ကြသည်။ မြေပြန့် တွင် နေထိုင်သော ချင်းအမျိုးသားများကို “အရှိ ချင်း”ဟု ခေါ်သည်။

ချင်းအမျိုးသားများကို (ဗကပ) ဗမာပြည် ကွန်မြူနစ်ပါတီ မှ စည်းရုံးပြီး၊ ချင်းအမျိုးသား ဦးစီးအဖွဲ့ကို ဖွဲ့စည်းလေသည်။ ချင်းအဖွဲ့သည် ဗကပ ခေါင်းဆောင်မှု အောက်တွင် တော်လှန်ရေးကို စတင်ခဲ့သည်။

ချင်းအမျိုးသားများသည် မဟာဗမာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေးတွင်၊ မြန်မာ လူမျိုးများသည်၊ ဘာသာရေး နိုင်ငံရေးကို အခြေခံပြီး မိမိတို့ ချင်းလူမျိုး တို့ကို နည်း မျိုးစုံဖြင့် ဖိနှိပ်သည်ဟုသာ စွဲမှတ်ထားသည်။

၁၉၆၅ ခုနှစ်တွင် ချင်းလူငယ် (၃)ဦးဖြစ်သော (၁) ဂျင်မီ၊ (၂) ဟန်ခန်းထန်၊ (၃) ပီတာတို့သည် ကေအဲန်ယူပါတီ ဗဟိုသို့ ရောက်လာကြပြီး တော်လှန်ရေး လုပ်ငန်း များကို လေ့လာခဲ့ကြသည်။ ကေအဲန်ယူပါတီ ခေါင်းဆောင်များကလည်း အကြံဉာဏ် များ ပေးခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ချင်းလူငယ် အယောက် (၂၀)သည် ကေအဲန်ယူပါတီ ဗဟိုသို့ ထပ်မံ ရောက် ရှိလာကြပြီး စစ်သင်တန်း၊ ဖောက်ခွဲရေးသင်တန်းနှင့် အချက်ပြ ဆက် သွယ်ရေး သင်တန်းများကိုလည်း တက်ကြွစွာဖြင့် လေ့လာ သင်ယူခဲ့ကြသည်။ သင်တန်းပြီးနောက် K.N.U.P. ဗဟိုမှ ၎င်းတို့အသုံးပြုရန် ဆက်သွယ်ရေး စက်တလုံး ပေးလိုက်ပြီး အပြန်အလှန် ဆက်သွယ် အသုံးပြုခဲ့ကြသည်။

၁၉၆၇ ခုနှစ်တွင် ချင်းလူငယ် (၄)ဦးတို့သည် ကေအဲန်ယူပါတီ ဗဟိုသို့ ထပ်မံ ရောက်ရှိလာပြီး၊ သင်တန်းများ တက်ရောက်ကာ ပြန်သွားကြသည်။ ထို့နောက် “ချင်းအမျိုးသားကောင်စီ” ကို ဖွဲ့စည်းပြီး၊ လက်နက်ကိုင် တော်လှန်ရေး ကို ဦးဆောင်ရန် ပြင်ဆင်ကြသည်။

၎င်းတို့သည် လက်နက်ကိုင်တော်လှန်ရေး စတင်ရန် ပြင်ဆင်ချိန်တွင်၊ အိန္ဒိယပြည်မှ၊ အိန္ဒိယ အစိုးရကို ဆန့်ကျင် တိုက်ခိုက်သော ဇိုမီချင်းတို့သည် ဗမာပြည် တွင်းသို့ ဝင်လာပြီး၊ မြို့အများအပြားကို တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့၏ လက်နက် ခဲယမ်းများ ငွေကြေးနှင့် လူ

အသုံးအဆောင်များ ဆေးဝါးများကိုလည်း လုယူ သွားကြ သည်။ ဤကဲ့သို့ ဖြစ်ပွားပြီး သည့်နောက်ပိုင်းတွင် ချင်းခေါင်းဆောင် တဦးဖြစ်သူ “ဟန်ခန်းထန်”ကို ရန်သူက ဖမ်းဆီးရမိ သွားခဲ့သည်။ ဥက္ကဋ္ဌ ဂျင်မီမှာ ကျန်းမာရေး မကောင်းသဖြင့်၊ ချင်း ပြည်သူ့ပြန်ရန် အခက်အခဲ ဖြစ်နေသည်။ ထို့ကြောင့် တော်လှန်ရေးဒေသဖြစ်သော၊ ကရင်၊ ကရင်နီ၊ ကချင် ဒေသများတွင် လှည့်လည် နေ ထိုင်ပြီး နောက်ဆုံးတွင် ပြည်ပသို့ သွားရောက် အခြေချ လေသည်။

ဗမာပြည် ဝန်ကြီးချုပ် ဦးနုသည်လည်း ပြည်ပသို့ ထွက်ခွာပြီး၊ ပါလီမန် ဒီမိုကရေစီ ပါတီကို ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် မန်းဘဇန် မှာလည်း ကေအဲန်ပါတီမှ ခွဲထွက်ကာ ဗိုလ်မြ နှင့် ပူးပေါင်း၍ K.N.U. ကို ပြန်လည် ဖွဲ့စည်းခဲ့သည်။ K.N.U. သည် ဦးနု ဦးဆောင်သော “တည်လ” တပ်ပေါင်းစုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုက် သည်။ ချင်း ခေါင်းဆောင် ဂျင်မီကလည်း မူလအဖွဲ့ဖြစ်သော ချင်းအမျိုးသားကောင်စီမှ ဇိုမီ အမျိုးသား တပ်ဦးကို ဖွဲ့စည်းပြီး၊ “တည်လ” အဖွဲ့ဝင် ဖြစ်လာသည်။ ၎င်းပြင် ချင်းခေါင်း ဆောင် တဦး ဖြစ်သူ “ဦးမန်းတလင်း”သည်၊ ချင်းဒီမိုကရေစီပါတီကို ဖွဲ့စည်းပြီး၊ “တည်လ” အဖွဲ့တွင် ချင်း အဖွဲ့အနေနှင့် ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် ကေအဲန်ယူသည် “တည်လ” မှထွက်ခဲ့သဖြင့် “တည်လ”အဖွဲ့မှာလည်း ရပ်ဆိုင်းသွား သကဲ့သို့ “ချင်း ဒီမိုကရေစီ ပါတီ”လည်း ပျက်သွား ခဲ့သည်။ ၎င်း၏ အဖွဲ့ဝင်များဖြစ်သော ချင်းလူငယ်များကို ဝီလီယန် (William) က ဦးဆောင်ပြီး ဂျင်မီအဖွဲ့နှင့် ပူးပေါင်း လိုက်သည်။ နောက်ဆုံး ဂျင်မီသည် ဗိုလ်မှူးခိုင်မိုးလင်း၏ ရခိုင်အဖွဲ့နှင့် ပူးပေါင်းပြီး ချင်းပြည်နယ်သို့ အပြန် ရန်သူ၏ စောင့်ကြို တိုက်ခိုက်ခြင်းကို ခံခဲ့ရပြီး၊ ချင်းအဖွဲ့ဝင် (၁၃)ဦးစလုံး ကျဆုံးသွား ကြသည်။ ဥက္ကဋ္ဌ ခိုင်မိုးလင်းလည်း ကျဆုံးပြီး၊ ကျန်သော ရခိုင်တပ်ဖွဲ့များ အားလုံး အဖမ်းခံကြရသည်။

ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း၏ လမ်းညွှန်ချက်

၁။ ရခိုင်ပြည် လွတ်လပ်ရေးအတွက် ရခိုင့် တပ်မတော်ကို တည်ဆောက်ကြ။
၂။ ရခိုင်ပြည် လွတ်လပ်ရေးအတွက် ဘဝတူ အဖိနှိပ်ခံ လူမျိုးစုများနှင့် လက်တွဲကြ။
၃။ ရခိုင်ပြည် လွတ်လပ်ရေးသည် လက်နက်ကိုင် တိုက်ပွဲမှတပါး အခြားသော နည်းလမ်း မဟိ။

၄။ ရခိုင်ပြည် လွတ်လပ်ရေးသည် ရခိုင်အမျိုးသား စည်းလုံး ညီညွတ်ရေး၏ လက်ဝယ်တွင် ဟိသည်။

၅။ ရန်သူ့ထံတွင် ဒူးထောက် လက်မြှောက်ခြင်းသည် အဖိနှိပ်ခံ ပြည်သူများအတွက် ခွင့်မ လွှတ်နိုင်သော ရာဇဝတ်မှုကို ကျူးလွန်ရာ ရောက်သည်။

A.L.P. ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း

(A.L.P. စစ်ဦးစီးချုပ်)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့်
ကချင်လူမျိုး၊ ရခိုင်လူမျိုးများနှင့် ဆက်ဆံရေး

၁၉၅၃ ခုနှစ်မှ ၁၉၇၅ ခုနှစ် အကြား ၁၉၆၃ ခုနှစ်တွင်၊ ရန်နိုင်ဆွေ ဦးစီးသည့် ရခိုင် အမျိုးသားတပ်ဦး၊ ကိုယ်စားလှယ်အဖွဲ့သည် ကေအဲန်ယူပါတီဗဟိုသို့ ရောက်ရှိ လာပြီး၊ ဘုံရန်သူကို ပူးပေါင်း တိုက်ခိုက်ရန်၊ အပြန်အလှန်ကူညီရန် စသည်များကို ကေအဲန်ယူ ပါတီမှ လက်ခံပြီး သဘောတူညီမှုများ ရခဲ့သည်။ တပ်ဦး ဥက္ကဋ္ဌ ရန်နိုင်ဆွေသည် ရခိုင်ပြည် အပြန်ခရီးတွင်ပင် အဖမ်းခံရသဖြင့် ဆက်လက် မလှုပ်ရှားနိုင်ခဲ့ပေ။ နောက်ပိုင်း ဘုန်းတော် ကြီး ဦးပညာဝံသသည် ကေအဲန်ယူပါတီသို့ တကြိမ်မက လာရောက်ဆွေးနွေးခဲ့သည်။ မြစ်ဝကျွန်းပေါ်တွင်လည်း ရခိုင်အဖွဲ့များ ရောက်လာ ကြပြီး၊ လက်နက်ကိုင် တော်လှန်ရေး စတင်ရန် ဆက်သွယ်ကြသည်။ ကေအဲန်ယူပါတီ ခေါင်းဆောင်များကလည်း တတ်နိုင်သ၍ အကူအညီများ ပေးခဲ့ ကြသည်။ သို့သော် အဖွဲ့အတွင်း အချင်းချင်း စည်းလုံးညီညွတ်မှုကို မ တည်ဆောက်နိုင် ကြသဖြင့် လက်နက်ကိုင်တော်လှန်ရေးအဆင့်သို့ ရောက်မလာခဲ့ပေ။

၁၉၇၀ နောက်ပိုင်း၊ မန်းဘဇန်သည် ကေအဲန်ယူပါတီမှ ခွဲထွက်ကာ ဗိုလ်မြနှင့် ပူးပေါင်း စဉ် K.N.U. ကို ပြန်လည်ဖွဲ့စည်းသော ကာလတွင်၊ ရခိုင်ပြည် လွတ်မြောက်ရေး ပါတီမှ ခိုင်မိုးလင်းအဖွဲ့ ရောက်ရှိလာပြီး၊ K.N.U. နယ်မြေအတွင်း၌ ပူးတွဲလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။ A.L.P. ဗိုလ်မှူးခိုင်မိုးလင်းနှင့်အဖွဲ့ ရခိုင်သို့ အပြန်လမ်းတွင် ရန်သူ၏ ဝိုင်းပတ် ချေမှုန်းခြင်းကို ခံခဲ့ရသဖြင့် ခိုင်မိုးလင်းနှင့်အတူ ရဲဘော်အခ့ျို ကျဆုံးခဲ့ရပြီး အခ့ျိုမှာ အဖမ်းခံခဲ့ရသည်။

ကချင်လူမျိုးများနှင့် ကရင့်လက်နက်ကိုင် တော်လှန်ရေးသည်၊ ၁၉၄၉ ခုနှစ် ကတည်းက အတူ ပူးတွဲ တော်လှန်ခဲ့ကြသည်။ ကရင်တို့ တော်လှန်ရေး စတင် သောအခါ ကချင်လက်နက်ကိုင်တပ်ရင်း(၁) မှ ဗိုလ်နော်ဆိုင်းသည်၊ ကချင် တပ်ရင်း (၁)မှ တပ်ခွဲ(၂)ခွဲကို ဦးဆောင်ပြီး ကေအဲန်ယူဘက်မှ ကူညီ တိုက်ခိုက်ခဲ့သည်။ ကရင် တပ် အခ့ျိုနှင့် ပူးပေါင်းပြီး နော်ဆိုင်းဦးဆောင်သော တပ်စု တစုသည် မိတ္ထီလာမှ လေယာဉ် တစီးကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မေမြို့အနီးတွင် ထိန်းသိမ်းခံထားရသော ကရင် တပ်ဖွဲ့များကို သွားရောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကယ်တင်ခဲ့သည်။ ဆက်လက်ပြီး မန္တလေး အကျဉ်းထောင်တွင် အဖမ်းခံနေရသော ကရင် အမျိုးသား လက်နက်ကိုင် အမှုထမ်းများ အားလုံးကိုလည်း သွားရောက် လွှတ်ပေးခဲ့သည်။

နော်ဆိုင်း၏ ရည်ရွယ်ချက်မှာ ကရင်များလွတ်လပ်ရေးရပါက ကချင်ပြည် သို့ပြန်ပြီး ကချင် လွတ်လပ်ရေးကို တိုက်ခိုက်ရယူရန် ရည်ရွယ်ခဲ့သည်။ ကရင်တပ် ဖွဲ့နှင့် တနှစ်နီးပါး အတူလက်တွဲ တိုက်ပွဲဝင်ခဲ့သည်။ ညောင်လေးပင် ဒိုက်ဦး စစ်မြေပြင်တွင် ကချင်စစ်သား အများအပြား အသက်ပေး သွားကြသည်။ ၁၉၄၉ ခုနှစ် နှစ်ကုန်တွင် ကရင်စစ်သားများနှင့် အတူ ကချင်ပြည်သို့ ချီတက်ခဲ့သည်။ လမ်းတွင် ရှမ်းပြည်နယ် နမ့်ခမ်းသို့ ရောက်သောအခါ ကရင်ဆရာဝန်နှင့် ဆရာမ အားလုံးလိုလို သူနှင့် လိုက်ပါသွားကြသည်။ ကချင်လွတ်လပ်ရေး အတွက် ကချင် အများအပြားရှိသည့်၊ ကွတ်ခိုင်၊ နမ္မတူ၊ နမ်းခမ်းစသည့်နယ်မြေများကို အခြေခံပြီး တိုက်ပွဲဝင်ခဲ့သည်။ ရန်သူက သူ့ကို ပြင်းပြင်းထန်ထန် လိုက်လံတိုက် ခိုက်သဖြင့် တရုတ်ပြည်ဘက်သို့ ကူးသွားခဲ့သည်။

ဗိုလ်နော်ဆိုင်း တရုတ်ပြည်တွင်းသို့ ရောက်နေစဉ် လားရှိုး၌ ကျန်ရှိ နေသော တပ်မှူး ဇော်ဆိုင်း သည် ကေအဲန်ယူဒ္ဓ ကျန်ခဲ့သော တပ်တချို့ကို ပြန် ခေါ်ရန် အောက်ပိုင်းသို့ ဆင်း လာခဲ့သည်။ လမ်းတလျှောက် ဖြတ်သန်းခဲ့ရသော ပအိုဝ်း နယ်မြေ၊ ကရင်နီနယ်မြေ၊ သံလွင် အရှေ့ဘက်ကမ်း ဒေသများတွင်၊ ရန်သူနှင့် အကြိမ်ကြိမ် တိုက်ခိုက်ပြီး၊ နောက်ဆုံး ကေအဲန် ယူနယ်မြေ အရှေ့တိုင်းသို့ ရောက်ခဲ့သည်။ အရှေ့ တိုင်း ဒေသတွင် စောင့်ဆိုင်းရင်း၊ ၁၉၅၃ ခု နှစ်တွင်၊ နော်ဆိုင်းကိုယ်တိုင် တရုတ် ကွန်မြူနစ် ပါတီသို့ဝင်ရောက်သွားကြောင်း သတင်းကို ရသောအခါမှ မြောက်ပိုင်းသို့ ပြန်သွားကြ သည်။

ဗိုလ်ဇော်ဆိုင်းသည် ကချင်တက္ကသိုလ် ကျောင်းသားများနှင့် ဆက်သွယ်ပြီး ၁၉၅၈ ခု နှစ်တွင်၊ ကွတ်ခိုင်သို့ ပြန်တက်သွားသည်။ ကျန်ရှိသေးသော ကချင် စစ်သား များကိုလည်း တသုတ်ပြီးတသုတ် စီစဉ်ပို့ဆောင်ရာ နောက်ဆုံးတွင် အားလုံး ချောချော မောမော ရောက်ရှိ သွားကြသည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် ကချင်လွတ်လပ်ရေး အဖွဲ့ချုပ် K.I.O. ကို ဖွဲ့စည်း လိုက်သည်။ နောက် (၂)နှစ်အကြာ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီ လ (၅)ရက်နေ့တွင် ကချင် လွတ်လပ်ရေးတပ်မတော် K.I.A. ကို ဖွဲ့စည်းသည်။

၁၉၆၅ ခုနှစ်၊ K.N.U.P. ထံသို့ အကူအညီ တောင်းခံခဲ့ဖူးသည်။ ၁၉၆၅ ခုသည်၊ K.N.U.P. မှ အခက် အခဲရှိသဖြင့် ငွေအနည်းသာ အကူအညီ ပေးနိုင်ခဲ့သည်။

၁၉၇၀-၇၅။ K.N.U.P. မှ တံခွန်နီ ကိုယ်စားလှယ်အဖွဲ့၏ မြောက်ပိုင်းခရီးစဉ် အပြန်တွင်၊ K.I.A. မှ ခေါင်းဆောင် “ဇော်တန်”နှင့် အဖွဲ့အား၊ ရန်သူ၏ လျှို့ဝှက် ကြေးနန်းများကို ဖော်ထုတ်ရန် နည်းစံနစ်များကို လအနည်းငယ် အချိန်ယူ၍ သင်တန်း ပေးခဲ့သည်။ “ဇော်တန်” ၏ ကချင်အဖွဲ့တွင် ကရင်လူငယ် ကျား/မ အခ့ျို ပါဝင်ဆဲ ရှိလေသည်။

၁၉၇၅ ကာလသည် ကချင်လွတ်လပ်ရေးအဖွဲ့နှင့် (ဗကပ)များ နယ်မြေကိစ္စနှင့် ပတ်သက်၍ လက်နက်ကိုင် ပဋိပက္ခဖြစ်နေသော အချိန်ကာလလည်း ဖြစ်သည်။ ၁၉၇၃-၇၄ K.N.U.P. ၏ တံခွန်နီအဖွဲ့ အပြန်ခရီးတွင် ဆရာကြီး စကောလယ်တောနှင့် တွေ့ဆုံပြီး အပြန်ခရီးတွင် (ဗကပ)တို့၏ ဝိုင်းဝန်းတိုက် ခိုက်မှုကြောင့် “ဇော်တန်” ကျဆုံးခဲ့ရသည်။ သူနှင့်အတူ ကရင် အမျိုးသား ကြားဖြတ်စက် သင်တန်းသားအခ့ျို လည်း ကျဆုံးခဲ့သည်။

ကေအဲန်ယူ ဒုတိယလမ်းစဉ်နှင့်
လူမျိုးစုံ လူတန်းစား အသီးသီးပါဝင်သော တပ်ပေါင်းစု တည်ဆောက်ရေး

၁၉၅၆ ခုနှစ်၊ ဧပြီလ(၄)ရက်နေ့တွင်၊ ဖာပွန်မြို့နယ်ရှိ ကေအဲန်ယူ ဗဟို စခန်း၌ ဒီမို ကရက်တစ် လူမျိုးများ ညီညွတ်ရေးတပ်ဦး (ဒလညတ)ကို ဖွဲ့စည်းခဲ့သည်။ ပါဝင်သော အဖွဲ့အစည်းနှင့် ခေါင်းဆောင်များမှာ၊ -

၁။ ဟံတာသာမွေး ကေအာရ်စီ၊
၂။ မန်းဘဇန် ကေအာရ်စီ၊
၃။ ကော်ကဆာထောပလို ကေအဲန်ပီပီ၊
၄။ ဒေါ်သိန်းမြ ကေအဲန်ပီပီ၊
၅။ ဗိုလ်ဘခင် ပီအဲန်အို၊
၆။ နိုင်အောင်ထွန်း မွန်ပြည်သူ့ တပ်ဦး၊
၇။ နိုင်ရွှေကျင် မွန်ပြည်သူ့ တပ်ဦး၊

(က) လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ စုပေါင်း၍ တပ်ပေါင်းစု ဖွဲ့ရန်၊
(ခ) လူမျိုးစုံ အခွင့်အရေး အပြည့်အဝ ရရှိရန်၊
(ဂ) ကျယ်ပြန့်သော ဒီမိုကရေစီ တပ်ပေါင်းစုကြီး ဖွဲ့စည်းရန်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“မောကို”ညီလာပြီးနောက်၊ ဗဟိုနိုင်ငံရေးသင်တန်းကို၊ “မယ်ဝိုင်”တွင် ကျင်းပ ပြုလုပ်စဉ်၊ “ချင်း” ဦးစီးအဖွဲ့၊ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကေအဲန်ယူ တပ်မဟာ(၃) ဌာနချုပ် ဖြစ်သော၊ “လယ်ထခီး”သို့ ရောက်ရှိ လာကြပြီး၊ ကေအဲန်ယူပါတီ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံခဲ့ကြသော နှစ်ဘက် ခေါင်းဆောင်များမှာ၊

၁။ စကောလယ်တော၊ ၂။ မန်းဖလားစေး (ဆရာဘာဟု)၊
၁။ ဆလိုင်းသာထူး (ဥက္ကဋ္ဌ)၊ ၂။ ဆလိုင်းသာဦး (ဗဟိုဌာနချုပ်မှ လူငယ်တဦး)

၁၉၆၀ ခုနှစ် ဧပြီလတွင်၊ လူမျိုးစုများ လွတ်မြောက်ရေး မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းသည်။ ဟန်တာသာမွေးမှ ဦးစီးပြီး အောက်ပါ အဖွဲ့များကို ဖိတ်ကြား ခဲ့သည်။

(ကေအဲန်ယူပါတီကို ဖွဲ့စည်းခဲ့သော်လည်း ဟန်တာသာမွေးနှင့်အဖွဲ့သည်၊ ကေအာရ်စီ (K.R.C.) ခေါ် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။)

၁။ ကရင်နီအဖွဲ့၊
၂။ ရှမ်းအဖွဲ့၊
၃။ ကချင်ကျောင်းသားများ အဖွဲ့မှ တက်ရောက်သည်။ (ထိုစဉ်က ကချင် လက်နက်ကိုင် မစသေးပါ)။

၁၉၆၅ ခုနှစ်၊ ဩဂုတ်လတွင် “လူသော”မြို့နယ်၊ “ထီးထာ” ရွာတွင်၊ “ညီညွတ်သော လူမျိုးစုများ တပ်ဦး”ကို ဖွဲ့စည်းခဲ့သည်။ ဤတပ်ပေါင်းစုသည် နယ်ခြေ ဆန့်ကျင်ရေး၊ မဟာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး အခြေခံအပေါ်တွင် ဖွဲ့စည်းခဲ့သော တပ်ပေါင်းစု တခုဖြစ်သည်။

ညီညွတ်သော လူမျိုးစုများ တပ်ဦး (ညလတ)၊
United National Front (UNF)

၁။ ကေအဲန်ယူပါတီမှ မန်းဘဇန်၊
၂။ ကရင်နီအဖွဲ့မှ စောမောရယ်၊
၃။ ရှမ်းပြည်စစ်ကောင်စီ (S.S.W.C.) ဗိုလ်မှူး ဆေထင်၊
၄။ ကယန်းပြည်သစ်ပါတီ K.N.L.P. ဦးရွှေအေး (ငိန်းလူထား)၊
၅။ ဇိုမီး ချင်းအမျိုးသားတပ်ဦး ဟန်ခန်းထန်၊

၁၉၆၇ ခုနှစ်၊ ကရင်နီ ဗဟို “ဂေဂေါ်ပယ်လ်” တွင် လူမျိုးစုများ ညီညွတ်ရေး တပ်ဦး “လည်တ” National United Front (NUF) ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်ခဲ့သည်။

၁။ မန်းဘဇန် (ကေအဲန်ယူပါတီ)၊

၂။ ဗိုလ်ချုပ်ကော်ထူး (ကေအဲန်ယူပါတီ)၊

၃။ စောမောရယ် (ကေအဲန်ပီပီ)၊

၄။ နိုင်ရွှေကျင် (မွန်ပြည်သစ်ပါတီ)၊

၅။ နိုင်ဆံမိတ် (မွန်ပြည်သစ်ပါတီ)၊

၆။ ဂျင်မီ (ဇိုမီ ချင်းအမျိုးသားတပ်ဦး)၊

၇။ ဦးရွှေအေး (ကေအဲန်အယ်ပီ)၊ K.N.L.P.

အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု ဖြစ်ပေါ်လာပုံ

၁၉၄၇ ခုနှစ်အတွင်း၊ အလံနီ ကွန်မြူနစ်ပါတီသည် ဖဆပလ ကို တော်လှန် ပုန်ကန်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ် ပါတီ (အလံဖြူ)သည် ဖဆပလ ကို ဆန့်ကျင်ပုန်ကန်သည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၄)ရက် နေ့တွင် ပြည်သူ့ရဲဘော် ပါတီခေါ်ရဲဘော်ဖြူတို့ ကလည်း ဖဆပလ ကို တော်လှန်ခဲ့ သည်။

အထက်ပါ တော်လှန်ရေးများသည် လူတန်းစားအခွင့်အရေးကို အခြေခံပြီး၊ ဖဆပလ ကို တော်လှန်ပုန်ကန်ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ (၃၁)ရက်နေ့တွင် ကေအဲန်ယူနှင့် ဖဆပလ လက်နက်ကိုင်ပဋိပက္ခသည် ကရင် လူမျိုးများ၏ သီးခြား ပြည်နယ် ရရှိရေး ညှိနှိုင်းဆွေးနွေးဆဲ ကာလ၌ပင် စတင်ခဲ့ခြင်း ဖြစ်သည်။

ကရင်လူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးသည်၊ ဗကပ၊ အလံနီ၊ ရဲဘော်ဖြူ အင်အားစုများ၏ လက်နက်ကိုင် လှုပ်ရှားမှုနှင့် အပြန်အလှန် ဆက်စပ်မှု မရှိခဲ့ပေ။ ၎င်းအပြင် ကရင် လက်နက်ကိုင် ပုန်ကန်မှု စတင်သောအခါ အလံနီ ကွန်မြူနစ်ပါတီက K.N.U. အား၊ “နယ်ခြံနောက်လိုက်၊ ခွေးရူးတစု အပြုတ် တိုက်” ဟူသော ကြွေးကြော်သံဖြင့်၊ လက်နက်ကိုင် ပဋိပက္ခအတော်အတန် ရှိခဲ့သည်။ အလံဖြူ ကွန်မြူနစ်ပါတီကလည်း ကရင်လက်နက်ကိုင် အဖွဲ့ကို “နယ်ခြံ လက်ကိုင် တုတ်” ဟု သတ်မှတ်ကာ စတင်တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ် အင်းစိန် တိုက်ပွဲမှ ရန်ကုန်ကို သိမ်းပိုက်ရန် ပြည်မှ ဆင်းလာသော ကရင်သေနတ်ကိုင် တပ်ရင်း(၂) 2nd Battalion Karen Rifel ကို ပြည်သူ့ရဲဘော်တပ်ဖွဲ့က လမ်းတွင် ဖြတ်တိုက်ခဲ့ကြသည်။ အလံဖြူ ကွန်မြူနစ်ပါတီကလည်း တိုက်ခိုက် နှောက်ယှက် ခဲ့သည်။

အလံနီ၊ အလံဖြူတို့ အခြေခံသော ပဲခူးရိုးမတောင်ခြေ၊ ပျဉ်းမနား၊ ပေါင်းတလည် နှင့် အထက် ဗမာပြည်၊ မြစ်ဝကျွန်းပေါ်ရှိ တွံတေးတောကြီးတန်း၊ ရခိုင် ရိုးမ တောင်ခြေ ဒေသများတွင် လက်နက်ကိုင် ပဋိပက္ခ သာမက ကရင်လူထုကို အမျိုး မျိုး ခြိမ်းခြောက် နှောက်ယှက်ကြလေသည်။

၁၉၄၉ ခုနှစ်တွင် စောဘဦးကြီးသည် လူတန်းစား လက်နက်ကိုင် အင်အားစု များနှင့် လက်တွဲပြီး၊ ပြည်သူ့ဒီမိုကရေစီတပ်ဦးကို ဖွဲ့စည်းရန် ကြိုးပမ်းခဲ့သည်။ ထိုကြိုး ပမ်းမှုတွင် မေဂျာမောင်ကလေး၊ တာနဲမူး တို့ကို စေလွှတ်ပြီး၊ ပြည်သူ့ရဲဘော်နှင့် အလံနီ ကွန်မြူနစ်တို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အား တွေ့ဆုံခဲ့သည်။ သဘောတူပါက (၃)ပါတီ အဖွဲ့ကို ဖွဲ့စည်းရန် ဖြစ်သည်။ သို့သော် ရဲဘော်ဖြူနှင့် ကွန်မြူနစ်ပါတီ တို့က စောဘဦးကြီးကို နယ်ခြဲလက်ကိုင်တုတ်၊ မြေရှင်သား၊ "နယ်ခြဲလက်ကိုင် တုတ်၊ အပြုတ်တိုက်ဖို့" အမိန့်ကိုပင် ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် တပ်ပေါင်းစုဖွဲ့ရန်မှာ မအောင်မြင်ခဲ့ပေ။

၁၉၄၉ ခုနှစ်၊ ကေအဲန်ယူမှ အင်းစိန်ကို သိမ်းပိုက်ထားစဉ်၊ အင်းစိန် ထောင်မှ အကျဉ်းသား အားလုံးကို လွှတ်လိုက်လေသည်။ ၎င်း အကျဉ်းသားများထဲမှ အလံဖြူ ကွန်မြူနစ်ပါတီ (C.P.B.)မှ ရဲဘော် အများအပြား လွတ်မြောက် ခဲ့ရသည်။ လွတ်မြောက် သွားသူများထဲတွင် ဗမာပြည် ကွန်မြူနစ်ပါတီ (C.P.B.) အလုပ်သမား သမဂ္ဂ ဥက္ကဋ္ဌ ဦးကျော်ငြိမ်း (R.E.T.)လည်း ပါဝင်လေသည်။ စောဘဦးကြီးသည် ဦးကျော်ငြိမ်း မှတဆင့် တပ်ပေါင်းစုဖွဲ့စည်းရန် ကြိုးစားခဲ့သေးသော်လည်း မအောင်မြင်ဘဲ၊ ဦးကျော်ငြိမ်းကို စောဘဦးကြီး၏ နောက်လိုက် ခွေးဟုဆိုကာ ဝိုင်းပယ်ခြင်းကိုပင် ခံခဲ့ရ သေးကြောင်း သိရှိခဲ့ရသည်။

၁၉၅၂ ခုနှစ်၊ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေး၊ ရန်သူ၏ စစ်ရေး၊ နိုင်ငံရေး ထိုးစစ်ကာလတွင်၊ ကေအဲန်ယူ ဥက္ကဋ္ဌ မန်းဘဇန်နှင့် ဗိုလ်ကျော်စိန်တို့၏ ကြိုးပမ်းမှုကြောင့်၊ ဗမာပြည် ကွန်မြူနစ် ပါတီ နှင့် သဘောတူညီချက် ရရှိခဲ့ပြီး၊ လက်နက်ကိုင် ပဋိပက္ခကို ရပ်စဲ နိုင်ခဲ့သည် သာမက၊ (၄)ပါတီ ညီညွတ်ရေး၊ ပူးတွဲ စစ်ဆင်ရေး၊ ပူးတွဲ စစ်ကော်မီတီ ဖွဲ့ရေးများကို သဘောထား ချမှတ်နိုင်သည်။ ၎င်းစာချုပ်ကို ၁၉၅၂ ခုနှစ် မေလ၌ ချုပ်ဆိုနိုင်ခဲ့ပြီး၊ "အနန်းကုန်းစာချုပ်" သို့မဟုတ်၊ "ဇင် - ဇန်" သဘောတူညီချက်၊ ခေါ်"ဇင် - ဇန်" စာချုပ်ဟုလည်း ခေါ်သည်။

ဇင်-ဇန် စာချုပ်တွင် ပါဝင်သော နှစ်ဘက်ခေါင်ဆောင်များမှာ၊ -

ကေအဲန်ယူ မှ၊ -		ဗမာပြည် ကွန်မြူနစ်ပါတီ၊ -	
၁။	မန်းဘဇန်၊	၁။	သခင်ဇင်၊
၂။	စောမောင်တိုး၊	၂။	ဗိုလ်ရဲထွန်း၊
၃။	စောသန်း၊	၃။	သခင်တင်ထွန်း၊
၄။	ဗိုလ်မှူးချစ်တင်၊	၄။	ရဲဘော် စိုးသန်း တို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှစ်ဘက် နယ်မြေအုပ်ချုပ်ရေးကိစ္စနှင့် ပတ်သက်၍ သဘောတူညီ ချက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ၏ တင်ပြချက်တွင်၊ မိမိတို့အခြေခံသော နယ်မြေမှ အခြေ အနေအရ စွန့်ခွာခဲ့ရပြီးနောက်၊ K.N.U. ဘက်မှ ဝင်ရောက်ကာ အခြေပြုလျှင် ထိုနယ်မြေကို၊ ဗကပ နယ်မြေအဖြစ် သဘောထားရမည်။ ဗကပ တို့က ထိုနယ်မြေကို ပြန်လည် နေထိုင်မည်ဆိုလျှင် K.N.U. တပ်ဖွဲ့ များမှ ပြန်လည် ပေးအပ်ရမည်။ ထို့အတူ K.N.U. ၏နယ်မြေကို ဗကပ က အခြေချထားချိန် K.N.U. က ပြန် လည်ဝင်ရောက်လာ ခဲ့လျှင်၊ ဗကပ တပ်ဖွဲ့များ ထိုနေရာမှ ဖယ်ပေးရမည်။ ဤသို့ နှစ်ဘက် သဘောတူညီ ချက်များ ရယူခဲ့သဖြင့် “ဘုံရန်သူ” စစ်အစိုးရ ကို ထိထိ ရောက်ရောက် တိုက်ခိုက် နိုင်ခဲ့သည်။

ဆက်လက်၍ (၂)ပါတီ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အကောင်အထည် ဖော်နိုင် ခဲ့သည်။ ပူးပေါင်းဆောင်ရွက်ရာတွင် ပထမအဆင့် စစ်ရေးအဆင့် ပူးတွဲ စစ်ကော်မတီဖွဲ့ရန် ကိုလည်း ကြိုးစားကြသည်။ ထို့အပြင် “အနန်းကုန်း သဘောတူ ညီချက်” တွင် (၄)ပါတီ ညီညွတ်ရေးရရှိရန် သဘောထားများကိုလည်း ချမှတ်ထား ကြသည်။ ထို (၄)ပါတီမှာ ဗမာပြည် ကွန်မြူနစ်ပါတီ (C.P.B.)၊ ကွန်မြူနစ်ပါတီ ဗမာပြည် (အလံနီ)၊ ရဲဘော်ဖြူနှင့် ကေအဲန်ယူပါတီ တို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပီ KNUP နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ C.P.B. တို့ ပူးပေါင်း၍ မဒညတ တည်ဆောက်ရေး ကြိုးပမ်းမှုများ

၁၉၅၅ ခုနှစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပပြီးနောက်၊ ကေအဲန်ယူပါတီနှင့် ဆွေးနွေးရန် အဖွဲ့တဖွဲ့ကို စေလွှတ်ခဲ့သည်။ ထိုအဖွဲ့ကို အောက်ဗမာပြည် တိုင်း ဥက္ကဋ္ဌ ကိုမြက ဦးဆောင်ပြီး၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်ညွန့်မောင်၊ ဗိုလ်ဘုန်းကျော်တို့ ပါဝင်ခဲ့သည်။ ထို အစည်းအဝေးတွင် ကေအဲန်ယူ ပါတီ ဘက်မှ ဆရာစကောလယ်တော၊ စူမော်လွီ တို့ ပါဝင်ခဲ့သည်။

ကေအဲန်ယူပါတီ	ဗမာပြည် ကွန်မြူနစ်ပါတီ
၁။ ဆရာစကောလယ်တော၊	၁။ တိုင်း ဥက္ကဋ္ဌ ကိုမြ၊
၂။ စူမော်လွီ၊	၂။ ဗိုလ်ညွန့်မောင်၊
	၃။ ဗိုလ်ဘုန်းကျော်၊

တို့ ဆွေးနွေးပွဲတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဘက်မှ (၅၅)လမ်းစဉ်ကို ရှင်းလင်းတင်ပြသည်။ ကေအဲန်ယူပါတီဘက်မှလည်း ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို တင်ပြလေသည်။

အနန်းကုန်း သဘောတူညီချက်အရ (၄)ပါတီ တွေ့ဆုံပြီး၊ ညီလာခံလုပ်ရန်။ ဗမာပြည် ကွန်မြူနစ်ပါတီ က တင်ပြလေသည်။

ကေအဲန်ယူပါတီက (၄)ပါတီသာမက၊ တော်လှန်သော အဖွဲ့အစည်း အားလုံး ပါဝင်သည့်၊ အစည်းအဝေးခေါ်ရန် တင်ပြရာ၊ မူအရ လက်ခံ အတည်ပြု ခဲ့ကြသည်။ တော်လှန်သော အဖွဲ့အစည်း အားလုံးပါဝင်သည့် အစည်းအဝေးကို၊

(၁) ၁၉၅၉ ခုနှစ်၊ မတ်လအတွင်း၊ ပဲခူးတိုင်းတွင် ကျင်းပရန် သဘောတူသည်။ ပဲခူးဒေသတွင် ကျင်းပရန် အခြေအနေ မပေးပါက အရှေ့တိုင်းဒေသတွင် ကျင်းပ ရန်ကိုလည်း သဘောတူကြသည်။

တော်လှန်သော အဖွဲ့အစည်း အားလုံးပါဝင်ရေးတွင် လူမျိုးစုအဖွဲ့များ ဖြစ်သော၊ မွန်အဖွဲ့၊ ကရင်နီအဖွဲ့၊ ပအိုဝ်းတော်လှန်ရေးအဖွဲ့၊ စသည့် အဖွဲ့အသီးသီး တို့မှာ ယခင်က ကရင့်တော်လှန်ရေးတွင် တပေါင်းတည်း ပါဝင်ခဲ့ကြသော်လည်း၊ ၁၉၅၃ ခုနှစ် တွင် မွန်ကၚင်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၄ စက်တင်ဘာလတွင် ကရင်နီ နှင့် ပအိုဝ်း တော်လှန်ရေးအဖွဲ့ အသီးသီးတို့မှာ (ပအမဖ)ကို ဖွဲ့စည်းပြီး၊ ကရင့်တော်လှန်ရေးမှ ခွဲထွက်ကာ သီးခြား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ အဖြစ် ရပ်တည်နေကြပြီ ဖြစ်သည်။

ပအိုဝ်းအဖွဲ့ခေါင်းဆောင် ဦးလှဖေ၏ (ပအမဖ) အဖွဲ့ကို၊ ကူညီရန် ကေအဲန်ယူ ပါတီမှ ဗိုလ်မှူးဘော်လ်ဒွင် ကို စေလွှတ်ထားခဲ့လေသည်။

(၂) တော်လှန်ရေးအဖွဲ့အစည်းများကို ဖိတ်ကြားရန်အတွက်၊ ကေအဲန်ယူပါတီ မှ၊ မွန်၊ ပအိုဝ်း၊ ကရင်နီ အဖွဲ့များကို ဖိတ်ကြားရန်၊ ကွန်မြူနစ်ပါတီ ဗမာပြည်က အလံနီ၊ ပြည်သူ့ရဲဘော်၊ ရခိုင်နှင့် ဂဒူးဂနန်း အဖွဲ့များကို ဖိတ်ကြားရန် သဘောတူ ကြ သည်။ ၁၉၅၅-၅၆ ခုနှစ်အထိ အခြားသော တော်လှန်ရေး အဖွဲ့အစည်းများ မပေါ်ပေါက် သေးပေ။

(၃) လက်နက်ကိုင်တော်လှန်ရေး အင်အားစု အားလုံးပါဝင်သော အဖွဲ့အစည်း ပေါင်းစုံ ဆွေးနွေးပွဲအတွက် နေရာထိုင်ခင်းများစီစဉ်ရန် ကေအဲန်ယူပါတီနှင့် ဗမာပြည် ကွန်မြူနစ် ပါတီ မှ ခေါင်းဆောင် (၃)ဦးစီကို ရွေးချယ်ကြပြန်သည်။

(၄) အစည်းအဝေး ကုန်ကျစရိတ်ကိုလည်း ကမကထပြုလုပ်သည့် ကေအဲန်ယူ ပါတီ နှင့် ကွန်မြူနစ် ပါတီဗမာပြည် အဖွဲ့ (၂)ဖွဲ့မှ ငွေကျပ်နှစ်သောင်းစီ ထည့်ဝင်ရန်၊ အခြားအဖွဲ့အစည်း များမှလည်း ကူညီနိုင်သလောက် ထည့်ဝင်သွားရန် သဘောတူ ကြသည်။

၁၉၅၆ ခုနှစ်၊ မတ်လတွင် တော်လှန်သော အဖွဲ့အစည်းများ အစည်း အဝေးကို ကျင်းပရန်ရှိသော်လည်း၊ ၁၉၅၆ ခုနှစ်တွင် ပဲခူး၌ ရန်သူ၏ “အောင်မာယ” ထိုးစစ် ရှိနေ သဖြင့်၊ အစည်းအဝေး ပြင်ဆင်ရေးတွင် ဗမာပြည် ကွန်မြူနစ် ပါတီ မှ မပါဝင်နိုင် တော့ပေ။ ထို့ကြောင့် အစည်းအဝေးကို ယာယီ ရပ်ဆိုင်း ခဲ့ကြသည်။

သို့သော် ၁၉၅၆ ခုနှစ် မတ်လတွင်၊ ဗမာပြည် ကွန်မြူနစ်ပါတီ က၊ ကေအဲန်ယူပါတီနှင့် တွေ့ဆုံရန် သခင်တင်ထွန်းကို တာဝန်ပေးလိုက်ကြောင်း၊ ကြေး နန်းဖြင့် သတင်းပေးပို့လိုက် သည်နှင့် ရွှေကျင်မြို့နယ်တွင် သခင်တင်ထွန်းနှင့် ဆရာ စကောလယ်တောတို့ တွေ့ဆုံခဲ့ကြ သည်။ နှစ်ဘက် တွေ့ဆုံပြီးနောက် တပ်ပေါင်းစု ဖွဲ့ရေးကို ညှိနှိုင်းကြသည်။ ထိုအချိန်တွင် မန်းဘဇန်က “မောကို” ကွန်ဂရက်သို့ တက်ရောက်ရန် အရှေ့တိုင်းသို့ ထွက်ခွာခဲ့သည်။ သခင် ဇင်ကလည်း ပဲခူးမှတဆင့် တက်လာကြောင်း၊ ဆရာစကောလယ်တောနှင့် သခင်တင်ထွန်းတို့ ဆွေးနွေးပွဲကို ရပ်ဆိုင်းပြီး ၎င်းတို့ကို စောင့်နေကြလေသည်။

၁၉၅၆ ခုနှစ် ဇွန်လ(၆)ရက်နေ့တွင် မောကို ကွန်ဂရက်ကို ကျင်းပလေသည်။ မောကို ကွန်ဂရက်တွင် ကေအဲန်ယူပါတီ၏ ဒုတိယလမ်းစဉ်ကို အတည်ပြုခဲ့သည်။ ကရင်အမျိုးသား အားလုံးအတွက် ရှေ့ဆောင်ပါတီတရပ်ကို ဖွဲ့စည်းပြီး၊ ကေအဲန်ယူ အစည်းအရုံးကို တော်လှန်ရေးအတွက် ထောက်ခံမှု ရရှိရေးနှင့် တိုင်းပြည် တည် ဆောက်ရေး၊ အာဏာရရှိရေး အတွက် စည်းရုံးရန်၊ လူမျိုးစုများနှင့် တပ်ပေါင်းစု ဖွဲ့စည်းရန်၊ ဒီမိုကရေစီ အင်အားစုများနှင့် တပ်ပေါင်းစု ဖွဲ့စည်းရန် တို့ကိုလည်း ချမှတ် နိုင်ခဲ့လေသည်။

မောကို ကွန်ဂရက်အပြီး ဗမာပြည် ကွန်မြူနစ်ပါတီ အဖွဲ့တဖွဲ့သည် ကေအဲန်ယူ ပါတီနှင့် ကျောက်ကြီးမြို့နယ်၊ "ပနာကွီထာ"ရွာတွင် လာရောက် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် -

ကေအဲန်ယူပါတီမှ		ဗမာပြည် ကွန်မြူနစ်ပါတီ မှ	
၁။	မန်းရှန်ဖေလေ့(ဆရာသာမြိုင်)၊	၁။	သခင်ဇင်၊
၂။	မန်းဖလားစေး (ဆရာဘာဟု)၊	၂။	ရဲဘော်မြ၊
၃။	ဗိုလ်တင်ဦး (တာအယ်)၊	၃။	ဗိုလ်ဘုန်းကျော် တို့ဖြစ်သည်။

နှစ်ဘက် မိမိတို့၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ လမ်းစဉ် လုပ်ငန်းစဉ် များကို တင်ပြကြသည်။ တူညီသည့်အချက်၊ မတူညီသည့်အချက်များကို ရှာဖွေပြီး၊ ပူးတွဲ ဆောင်ရွက်နိုင်ရေး ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ဗကပ များ ချမှတ်ထားသော၊ (၅၅)လမ်းစဉ်သည်၊ ပါလီမန်တွင် ဝင်ရောက်နိုင်ရေးကို နည်းလမ်း ရှာဖွေခြင်းသာ ဖြစ်သည်။ ပါလီမန်အတွင်းသို့ ဝင်ရောက်ပြီး အခွင့်အရေးအတွက် တိုက်ပွဲဝင်သွားရန် ဖြစ်သည်။ ထိုစည်းဝေးပွဲမှ (၂)ပါတီ အကြား တူညီချက် အနည်းအကျဉ်းသာ တွေ့ရှိရပြီး၊ မတူညီသည့် အချက်များမှာ အများစု ဖြစ်နေကြောင်း တွေ့ရသည်။ နောက်ဆုံးတွင် ရန်သူအား ပူးပေါင်းတိုက်ခိုက် နိုင်ရေးအတွက် အောက်ပါ သဘောတူညီချက်များကို ချမှတ်ခဲ့သည်။

၁။ JOC. Joint Operation Committee. စစ်ရေး ပူးတွဲ ကော်မတီကို ဖွဲ့စည်းပြီး ရန်သူအား လက်နက်ဖြင့် ပူးတွဲတိုက်ခိုက်ရန်။

၂။ မတူညီမှုများ ပေါ်ပေါက်လာပါက တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေး နည်းလမ်း ဖြင့်သာ ဖြေရှင်းရန်။

၃။ လိုအပ်ချက်အပေါ် တတ်နိုင်သ၍ အပြန်အလှန် ကူညီသွားရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၄။ ရန်သူ၏ သတင်းများကို အပြန်အလှန် ပေးပို့ ကူညီသွားရန်။

၅။ စာပေးစာယူဖြင့်ၚင်း ကြေးနန်းစက်ဖြင့်ၚင်း အပြန်အလှန် အဆက် အသွယ် ပြုရန်။

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု ဖွဲ့စည်းတည်ထောင်ခြင်း

ကေအဲန်ယူပါတီနှင့် ဗကပ ခေါင်းဆောင်များ၏ ကြိုးပမ်းမှုကြောင့်၊ မဒညတ တပ်ပေါင်းစုကို ဖွဲ့စည်းရန် ဆုံးဖြတ်ကြသည်။ အစည်းအဝေးကို ရွှေကျင်မြို့နယ်၊ လေးအိမ်စုတွင် ကျင်းပရန် စီစဉ်ထားကြသည်။ အစည်းအဝေး စကာနီးတွင် ရန်သူမှ သတင်းရသွားလေသည်။ ထို့ကြောင့် အစည်းအဝေးကို "ထိုကော့ သောခီး"သို့ ရွှေ့ပြောင်းလိုက်ပြီး၊ ၁၉၅၉ ခုနှစ်၊ မေလ(၅)ရက်နေ့တွင် ထိုကော့ သောခီး၌ အစည်းအဝေးကို ကျင်းပပြီး၊ မေလ (၉)ရက်နေ့တွင် သဘောတူ လက်မှတ်ရေးထိုး နိုင်ခဲ့ ကြသည်။

တက်ရောက်လာသော ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များမှာ၊

ကေအဲန်ယူပါတီမှ၊	ဗမာပြည်ကွန်မြူနစ်ပါတီမှ၊	မွန်ပြည်သစ်ပါတီမှ၊
၁။ မန်းဘဇန်၊	၁။ သခင်ဇင်၊	၁။ နိုင်ရွှေကျင်
၂။ ဗိုလ်ချုပ်ကော်ထူး၊	၂။ သခင်တင်ထွန်း၊	
၃။ ဗိုလ်မှူးကြီးတာအယ်၊	၃။ ဗိုလ်ရဲမောင်၊	
၄။ ဗိုလ်မှူးဘော်လ်ဒွင်၊	၄။ ရဲဘော်ဌေး (စည်းဝေးသို့ နောက်ကျရောက်ခဲ့သူ)၊ တို့ ဖြစ်သည်။	

နောက်ပိုင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ (၁) ဦးဘိုးကျော် ကၡင်း၊ ချင်း အမျိုးသားတပ်ဦးအဖွဲ့မှ (၁) ဆလိုင်းစံအောင်တို့ ပါဝင်လာကြသည်။

ဆုံးဖြတ်ချက်များမှာ။

၁။ တပ်ပေါင်းစုအမည်၊ "အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု"။

၂။ တပ်ပေါင်းစု အဖွဲ့ဝင် (၅)ဖွဲ့စလုံးတွင် လွတ်လပ်မှု တန်းတူမှုနှင့် အမှီအခို ကင်းမှု ရှိရမည်။ တနည်းအားဖြင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့် အဝ ရှိသည်။ တသင်း တဖွဲ့မှ တသင်း တဖွဲ့သို့ ဦးစီးချုပ်ကိုင်မှု မရှိချေ။ တပ်ပေါင်းစု၏ စည်းရုံးရေးအတွင်း တူတာတွဲလုပ်၊ မတူသေးပါက ညှိနှိုင်း၊ ညှိနှိုင်း၍ မရသေးပါက သီးခြားစီလုပ် ဟူ၍ ဖြစ်သည်။

၃။ သဘောတူ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများသဘောတူ ဆုံးဖြတ်ချက်မျိုး မဟုတ်ဘဲ၊ အားလုံးသဘောတူမှ ဆုံးဖြတ်ချက် ချရမည်ဖြစ်သည်။ အဖွဲ့တဖွဲ့မှ သဘောမတူ၍

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကန့်ကွက်ခဲ့လျှင် ဆုံးဖြတ်ချက်ချမှတ်၍ မရချေ။ ထို့ကြောင့် ဤတပ်ပေါင်းစုသည် အဖွဲ့တခု ခုမှ ဦးစီး ခေါင်းဆောင် မဟုတ်သည်ကို ဖော်ပြ သည်။

၄။ တပ်ပေါင်းစုကိုတည်ဆောက်ရန်အတွက် ဗဟိုသဘာပတိအဖွဲ့ကို ရွေးချယ် တင်မြှောက်ကြသည်။ တပ်ပေါင်းစု အတွင်းရေးမှူးကို ပါတီအသီးသီးမှ ရွေးချယ် စာရင်းပေး ထားရမည်ဖြစ်ပြီး၊ တချိန်ချိန်တွင် အတွင်းရေးမှူး တာဝန် ကို အလှည့်ကျ ထမ်းဆောင်ကြရ မည်။

ကေအဲန်ယူပါတီသည် ဗကပနှင့် တပ်ပေါင်းစု ဖွဲ့နိုင်ခြင်းကြောင့် ရန်သူက ကေအဲန်ယူ ပါတီအား ဗကပ နောက်လိုက်ဟူ၍ငင်း၊ ဗကပ လက်ကိုင် တုတ် ဟူ၍ငင်း အမျိုးမျိုး စွပ်စွဲ ပြောဆိုခဲ့ကြသည်။ မဒညတ ကို တည်ဆောက် နိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင် တိုက်ခိုက် မှု အင်အားကို တိုးမြှင့်နိုင်ခဲ့သည် သာမက၊ နိုင်ငံရေးအရ၊ လူမျိုးစုံပြည်သူတို့၏ စည်းလုံး ညီညွတ်ရေးကိုလည်း အခိုင်အမာ ဖော်ထုတ် ပြသနိုင်ခဲ့သည်။

သခင်ဇင် (၁၉၁၂-၁၉၇၅) နိုင်ရွှေကျင်

၁၉၅၉ ခုနှစ် မဒညတ ၏ စည်းရုံးရေးမူ (၅)ချက်

(၁) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လွတ်လပ်ခွင့် လုံးဝ ရှိရမည်။

(၂) ပါတီကြီး၊ ပါတီငယ် မရှိ။ လုံးဝတန်းတူမှု ရှိရမည်။

(၃) တဖွဲ့နှင့်တဖွဲ့ ဩဇာမသုံးရ၊ အပြန်အလှန် လေးစားကူညီမှု ရှိရမည်။

(၄) လုပ်ငန်းစဉ်များတွင် အားလုံးတူမှ လုပ်ရမည်။

(၅) အဖွဲ့ဝင်အားလုံး လုပ်ငန်းအောင်မြင်ရေးအတွက် အားလုံး ညီညွတ်စွာ ကျရာ တာဝန် ကို ဆောင်ရွက်သွားရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.N.U.P. နိုင်ငံခြား ဆက်သွယ်ရေး ကြိုးပမ်းမှု

၁၉၇၁ - ၇၅။ တံခွန်နီ အဖွဲ့ကို စေလွှတ်ခြင်း

၁၉၇၀ ခုနှစ်၊ (၇)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးတွင်
ကေအဲန်ယူပါတီ၏ နိုင်ငံရေး၊ စစ်ရေး အခြေအနေကို သုံးသပ်ခြင်း။

၁၉၆၆ ခုနှစ်၊ အရှေ့တိုင်း ကရင်လက်နက်ကိုင် တော်လှန်ရေး အဖွဲ့ အစည်း အတွင်း နိုင်ငံရေး အခြေခံအမြင်ချင်း မတူညီမှုတို့ကြောင့် ဗိုလ်မြဦးဆောင်ပြီး၊ K.N.L.C. ကို၊ (Karen National Liberation Council) ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် ပါတီအဖွဲ့အစည်းဝင်များကို၊ အရှေ့တိုင်းမှ ထွက်သွားရန် အမိန့် ထုတ်ခဲ့လေသည်။
၁၉၆၇ ခုနှစ်၊ (၆)ကြိမ်မြောက် ပါတီ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို ပါတီဥက္ကဋ္ဌက လက်မခံနိုင်ခြင်း၊ ပါတီဗဟို ကော်မတီ အစည်းအဝေးကိုလည်း တက် ရောက်ခြင်း မရှိ သောကြောင့် ပါတီ ဥက္ကဋ္ဌအသစ် တဦးကို ရွေးချယ် ခဲ့ရခြင်း။
၁၉၆၅ ခုနှစ်မှ စတင်ပြီး၊ ၁၉၆၈ ခုနှစ်၊ ရန်သူသည် မြစ်ဝကျွန်းပေါ်တိုင်းကို ထိုးစစ်ဆင် တိုက်ခိုက်ရာ၊ ၁၉၆၆ ခုနှစ်တွင် ဆင်မင်း စစ်ဆင်ရေး၊ ၁၉၆၆ ခုနှစ် အောင်စစ်သည်ထိုးစစ်၊ ၁၉၆၆-၇၀ မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁)မှ အဆင့် (၁၀) အထိ၊ စစ်ရှိန်များကို တိုးမြှင့်ကာ ကြည်းကြောင်း ရေကြောင်းများဖြင့် ပိတ်ဆို့ တိုက်ခိုက် သဖြင့် မိမိတို့ တပ်ဖွဲ့ အများအပြား အခြေခံ ဒေသများကို စွန့်ခွာခဲ့ရပြီး အမြောက်အများ အသက် စွန့်ကာ ခုခံစစ်ကို ဆင်နွှဲခဲ့ကြ သည်။

၁၉၆၆-၆၈ ခုနှစ်တွင် ကေအဲန်ယူပါတီ၏ မဟာမိတ်အင်အားစုများ ဖြစ်သော ဗမာ ပြည်ကွန်မြူနစ်ပါတီအတွင်း ပါတီတွင်း ပြန်လည်ပြင်ဆင်ရေး ဝါဒီများ အပေါ် ဖြုတ်/ထုတ်/ သတ်-မှုများ ပြုလုပ်ခြင်း။
၁၉၆၇ ခုနှစ်မှစပြီး အင်းစိန်ခရိုင်ကို လက်လွတ်ဆုံးရှုံးခဲ့ခြင်း။ ရန်သူသည် ၁၉၆၈ ခုနှစ် မှစ ပြီး၊ တပ်မ(၉၉)ကို အသုံးပြုကာ အောင်စိုးမိုး စစ်ဆင်ရေးဖြင့် ပဲခူးတိုင်း ဒေသကြီးကို ထိုးစစ် ဆင် တိုက်ခိုက်လာခြင်း။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီ၏ ပဏာမကိုယ်စားလှယ်များလည်း၊ တရုတ်ပြည်မှ ပြန် ရောက်ပြီး နောက်၊ ဒုတိယ အကြိမ် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို ထပ်မံ စေလွှတ်ရန်၊ ၁၉၇၀ ခုနှစ်၊ သခင် ဇင် နှင့်သခင်ချစ် တို့က အကြံပြုခြင်း။

အထက်ပါ အခြေအနေပေါ်တွင် ဒုတိယ အကြိမ်မြောက် ကိုယ်စားလှယ် အဖွဲ့ကို ထပ်မံ စေလွှတ်ရန်၊ ၁၉၇၀ ခုနှစ် (၇)ကြိမ်မြောက် ကေအဲန်ယူပါတီ ဗဟို ကော်မတီ အစည်းအဝေးက အတည်ပြုခဲ့သည်။

ဒုတိယအကြိမ်မြောက် ကိုယ်စားလှယ်အဖွဲ့ကို ကေအဲန်ယူပါတီ၏ ပေါလစ် ဗျူရို ဆရာ စကောလယ်တောက ဦးဆောင်မည်ဖြစ်ပြီး “တံခွန်နီ”အဖွဲ့ဟု အမည် ပေးခဲ့ သည်။ ထိုအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းခဲ့သည်။

၁။ စကောလယ်တော အဖွဲ့ခေါင်းဆောင် (ပေါလစ်ဗျူရို)၊
၂။ စောမီးသ ဒု-အဖွဲ့ခေါင်းဆောင်၊ (ဗဟိုကော်မတီ)၊
၃။ မန်းရှာလားဖန်း အတွင်းရေးမှူး၊
၄။ မန်းစဘီ ဆေးတပ်ဖွဲ့၊
၅။ ဖါးသဒါး ဆေးတပ်ဖွဲ့၊
၆။ ဖါးလယ်ဒါး ဆေးတပ်ဖွဲ့၊
၇။ စောရှီးဒီး ဆေးတပ်ဖွဲ့၊
၈။ မောင်ဖုန်း ဆေးတပ်ဖွဲ့၊
၉။ စောတင်ငွေ အချက်ပြဆက်သွယ်ရေး၊ ကြားဖြတ်စက်၊
၁၀။ စောဒိခလေး အချက်ပြဆက်သွယ်ရေး၊ ကြားဖြတ်စက်၊
၁၁။ စောထို အချက်ပြဆက်သွယ်ရေး၊ ကြားဖြတ်စက်၊
၁၂။ စောအယ်ကော်၊
၁၃။ စောဟင်နရီ (ခေါ်) အယ်တာတော၊ လုံခြုံရေး တပ်မှူး၊
၁၄။ ဗိုလ်မှူးသာမောင်၊
၁၅။ စောလီလေး (ခေါ်) ဝင်းရွှေချစ်
၁၆။ စောဇော်မင်း၊
၁၇။ စောထွန်းကြည်၊

၁၈။ စောဆာယု၊

၁၉။ ပါစက၊

၂၀။ စောဒေးဖိုး (ခေါ်) စောတေးဖိုး (ခေါ်) ညီလေး (ဦးစိုးအောင်၏ သား)၊

၂၁။ စောဂျိုး၊

၂၂။ သောင်းကြည်၊

၂၃။ ထင်ကျော်၊

၂၄။ စောဂျောလေ၊

၂၅။ စောကျော်သောင်း၊

၂၆။ စောငမုန့်၊

၂၇။ နေကော်ထူး၊

၂၈။ စောဘမိုး၊

၂၉။ စောသမိန်ထွန်း၊

၃၀။ စောမိုးကျော်၊

၃၁။ စောသန်းမြ၊

၃၂။ ဆရာထွန်းလှ၊

၃၃။ စောမြသောင်း၊

၃၄။ စောထီးမူး၊

၃၅။ စောထွန်းငွေ၊

၃၆။ ကိုဇော်လွင်တို့ ဖြစ်သည်။

တံခွန်နီကိုယ်စားလှယ်အဖွဲ့သည် ထီးထာစခန်းမှ သံလွင်ချောင်းကို ကူးပြီး၊ သံလွင်အရှေ့ဘက်ကမ်း စွပ်ပိုင်ချောင်းရှိ၊ ကရင်နီ ဗဟိုစခန်းတွင် ခရီးအစီ အစဉ်များ ကို ရေးဆွဲလေသည်။ ကြေးနန်းအဆက်အသွယ်များ ပြုလုပ်ခြင်းဖြင့်လည်း တလ ကျော်ကျော်အချိန် ကြာမြင့်ခဲ့လေသည်။ ကရင်နီ ဗဟိုဌာနချုပ်တွင် ဥက္ကဋ္ဌ ဗိုလ်မှူး မော်ရယ်၊ ဗိုလ်ချုပ်စောမွန်နား၊ (ဗိုလ်ချုပ်အောင်သန်းလေး အနားယူသဖြင့် စစ်ဦးစီးချုပ် ဖြစ်လာသူ)၊ ဗိုလ်ချုပ်အောင်သန်းလေး တို့နှင့် တွေ့ဆုံ ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်နီ ဗဟိုဌာနချုပ်မှ ဆက်လက်ထွက်ခွာရာ၊ သံလွင်မြစ် အရှေ့ ဘက်ကမ်း နယ်မြေ၊ "တာကပေါ"စခန်းသို့ ရောက်လေသည်။ "တာကပေါ" စခန်းသည် တပ်ခွဲစခန်းဖြစ်ပြီး၊ ဇီးတောရွာ တဖက်ကမ်းတွင် ရှိသည်။ ဇီးတောရွာသည် စင်စစ် သံလွင်ချောင်းနံဘေး၌ ရှိသည်မဟုတ်။ ချောင်းနှင့် ခပ်လှမ်းလှမ်း တနေရာတွင် တည်ရှိသော ရွာဖြစ်သည်။ တာကပေါ တပ်စခန်းသည် အခိုင်အမာ တည်ဆောက်ထား သော စခန်းဟုဆိုနိုင်ပါသည်။ ကတုတ်ကျင်းများ၊ လျှောက်မြောင်း (ဆက်သွယ်ရေး မြောင်း)များ၊ ပစ်ကျင်းများဖြင့် စနစ်တကျ တည်ဆောက် ထားသည်။ ရန်သူ စစ်စခန်းများကဲ့သို့ပင် သစ်ပင်များကင်းမဲ့နေသော သတ်ကွင်းများလည်း ရှိနေသည်။ တာကပေါ စခန်းတွင် နှစ်ရက်မျှ နားနေပြီး သံလွင်ချောင်း အနောက်ဘက်သို့ ပြန်ကူးကြသည်။ သံလွင်ချောင်း အနောက်ဘက် ကမ်းခြေ တလျှောက်၊ ဆက်လက် ချီတက်ရာ ပအိုဝ်းနယ်မြေ၊ (ရလလဖ) တပ်ဖွဲ့များရှိသော ရွာစဉ်များကို တရွာပြီး တရွာ ဖြတ်ကျော်လာခဲ့သည်။ ထိုကာလသည် ပအိုဝ်း အဖွဲ့ဖြစ်သော ရှမ်းပြည်လူမျိုးစုများ လွတ်မြောက်ရေး အဖွဲ့တွင်၊ အောင်ခမ်းထီနှင့် ဗိုလ်တာကလယ်တို့ အချင်းချင်း မကွဲ ကြသေး။ ပအိုဝ်းတပ်ဖွဲ့များမှာ အင်အား တောင့်တင်းပြီး လက်နက်ကောင်းများကိုလည်း တပ်ဆင်ထားကြသည်။ တံခွန်နီ အဖွဲ့သည် ပအိုဝ်းနယ်မြေမှတဆင့်၊ လွယ်လင်၊ နမ့်ဆမ် ကားလမ်းကို ဖြတ်ကျော်ပြီး၊ အက်စ်အက်စ်အေ (S.S.A. Shan State Army) နယ်မြေကို သွားရမည် ဖြစ်သည်။ ရှမ်းပြည် နယ်မြေကို ဖြတ်ရန်မှာ၊ ရန်သူသည် ကားလမ်းကို ဖြတ်ပိတ် ထားသဖြင့် ချက်ချင်း မကူးနိုင်။ S.S.A. တပ်ဖွဲ့များကလည်း ကားလမ်း တဖက်တွင် ကြိုတင်၍ စောင့်နေကြသည်။ ကားလမ်းကို မကူးနိုင်သေးခင် စပ်ကြားတွင် တံခွန်နီအဖွဲ့သည် (ရလလဖ) ပအိုဝ်းတပ်ဖွဲ့များနှင့် ပူးပေါင်းပြီး၊ ပအိုဝ်း နယ်မြေအတွင်း တောင်ကြားများတွင် လှည့်လည် ရွှေ့ပြောင်းကာ စခန်းချခဲ့ရသည်။ ပအိုဝ်းတပ်ဖွဲ့ အင်အား (၁၀၀)ကျော်ခန့်က တာဝန်ယူပြီး ပို့ဆောင် ပေးလေသည်။

ထို တံခွန်နီအဖွဲ့နှင့် (ရလလဖ) ပအိုဝ်းအဖွဲ့တို့ ပူးတွဲနေစဉ် နမ့်ဆမ် လွယ်လင် ကားလမ်း၌ လှုပ်ရှားနေသော ရန်သူတပ်ဖွဲ့ကို တိုက်ခိုက်ရန် အစီအစဉ်များ ရေးဆွဲ ကြသည်။ တိုက်ခိုက်ရေး အစီအစဉ်တွင်၊ ဗိုလ်တာကလယ်၊ ဗိုလ်ကြီးမန်း ဦးဆောင် သော တပ်ပေါင်းစု တပ်ဖွဲ့နှင့် ဗိုလ်မှူးစံလင်း ဦးဆောင်သော တပ်ပေါင်းစု တပ်ဖွဲ့ (တံခွန်နီ အဖွဲ့ဝင်များ အပါအဝင်) ပူးပေါင်းပြီး၊ ရန်သူကို တိုက်ခိုက်ခဲ့သည်။

ထိုသို့ ပူးပေါင်းတပ်များ လှုပ်ရှားခဲ့စဉ် သီပေါမြို့နယ် နမ့်ဆမ်ကျေးရွာ အနီး၊ စခန်းတခုတွင် တံခွန်နီကိုယ်စားလှယ်များအတွင်း အတွေးအခေါ်နှစ်ရပ် တိုက်ပွဲ ပေါ်ပေါက် ခဲ့သည်။

(၃၃)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ပြန်လည် ချမှတ်သော အခိုင်အမာ ပေါ်လစီအရ လူမျိုးစုလက်နက်ကိုင်အားလုံးသည် ဗမာပြည် ကွန်မြူနစ် ပါတီ၏ ဦးဆောင်မှု အောက်တွင် လက်နက်ကိုင် အောင်ပွဲကို ရယူရန်နှင့် K.N.U.P. ကို ကရင့်အလုပ်သမား ပါတီ အဖြစ် တိုးမြှင့် ဖွဲ့စည်းပြီး “မဒညတ” တပ်ပေါင်းစုဖြင့်သာလျှင် အောင်ပွဲခံရေး စသော အခြေခံ နိုင်ငံရေး “မူ” နှစ်ရပ်သည် တံခွန်နီအဖွဲ့အတွင်း ကြီးမား သော နိုင်ငံရေး ပဋိပက္ခကို ဖြစ်ပေါ်စေခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို အကြွင်းမဲ့ခံယူရန်၊ (၁) စောဘမိုး၊ (၂) စော သမိန်ထွန်း၊ (၃) စောသန်းမြ (ထီးလုံ၊ နောင်လုံ)၊ (၄) စောမိုး ကျော်၊ (၅) ဆရာ လှထွန်း၊ (ဘားအံ တရုတ် ကျောင်းဆရာ)၊ (၆) စောမြသောင်း၊ (၇) စောထို၊ (၈) စော နေကော်ထူး တို့မှ တင်ပြ ခဲ့ကြသည်။

တံခွန်နီအဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ငင်း၊ တရုတ် ကွန်မြူနစ် ပါတီ နှင့်ငင်း တွေ့ဆုံမည်ဖြစ်သည်။ ထိုသို့တွေ့ဆုံရာတွင် မိမိတို့၏ ကရင်အမျိုးသား နိုင်ငံရေး ရပ်တည်ချက်အပေါ်မှ ဆွေးနွေးကြရမည်ဖြစ်ရာ၊ မိမိတို့ အဖွဲ့အစည်းအတွင်း နိုင်ငံရေး အမြင်ကွဲလွဲချက်များ ရှိနေခြင်းကြောင့်၊ ရှုတ်ထွေးနိုင်စရာ ရှိကြောင်းကို အဖွဲ့ခေါင်း ဆောင် ဆရာစကောလယ်တောက ကေအဲန်ယူပါတီ ဗဟို ဌာနချုပ်သို့ အလျင်အမြန်ပင် ကြေးနန်းပေး ပို့ပြီး သဘောထား အဆုံးအဖြတ်ကို တောင်းခံလိုက်သည်။ ထိုအချိန်တွင် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး ကျဆုံးသွားပြီ ဖြစ်၍၊ ပါတီဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ် မြမောင်မှ လွှဲပြောင်း တာဝန်ယူထားချိန် ဖြစ်သည်။ ဗိုလ်ချုပ်မြမောင်က ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု ကို လက်ခံသော အဖွဲ့အား ချန်လှပ်ခဲ့ပြီး ခရီးဆက်ရန် ညွှန်ကြားချက် ပို့လာသည်။ ထို့ကြောင့် စောဘမိုး နှင့် အဖွဲ့ဝင် စုစုပေါင်း (၈)ဦးသည် သီပေါမြို့နယ်၊ နမ့်ဆမ်တွင် ချန်လှပ် ထားခြင်း ခံခဲ့ရလေသည်။

မှတ်ချက် ။ ။ ဗိုလ်မှူးချုပ်ကျင်ဖေသည် ကေအဲန်ယူပါတီ၏ အထွေထွေ အတွင်းရေးမှူး ချုပ်အဖြစ်၊ တာဝန်ထမ်းဆောင်နေသောကာလ၊ ၁၉၇၀ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့ တွင် ကျဆုံး သွားသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၂ ခုနှစ် ဧပြီလတွင် ကေအဲန်ယူပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူးမှာ နှလုံး ရောဂါဖြင့် ကွယ်လွန် ခဲ့ရသည်။

တံခွန်နီအဖွဲ့သည် အရှေ့တိုင်း ဌာနချုပ်မှ ထွက်ခွာလာခဲ့သော နေ့စွဲမှာ ၁၉၇၂ ခုနှစ်၊ စက်တ်ဘာ လကုန်ရက် ဖြစ်သည်။

တံခွန်နီအဖွဲ့ ရလလဖ နယ်မြေသို့ ရောက်စဉ် အဖွဲ့ဝင် စောဂျိုးနှင့် သောင်းညွန့် တို့ကို ဗဟို ဌာနချုပ်သို့ ပြန်လည် စေလွှတ်ခဲ့ရာ နှစ်ဦးစလုံး ပျောက်ဆုံးကာ ပြန်လည် ရောက် မလာတော့ ပေ။ ကျန်သောအဖွဲ့ဝင် (၂၆) ယောက်သည် အခွင့်အရေးရသည်နှင့်၊ လွယ်လင်၊ နမ့်ဆန် ကား လမ်းကို ဖြတ်ကျော်ပြီး S.S.A. နယ်မြေထဲသို့ ရောက်ရှိလာခဲ့ သည်။ ကားလမ်း တဖက်တွင် စောင့်ကြိုနေသော S.S.A. တပ်ဖွဲ့မှ အင်အား (၁၀၀)ခန့်နှင့် ပူးပေါင်းပြီး၊ ဆက်လက်ချီတက်ခဲ့ ကြရာ၊ ဗကပ အလယ်ပိုင်းတိုင်း `မိုင်းကိုင်´ ဒေသသို့ ရောက်ခဲ့သည်။ မိုင်းကိုင် ဒေသတွင် နှစ် ပတ်မျှ နေထိုင်နေစဉ်၊ အလယ်ပိုင်းတိုင်း ဒေသတာဝန်ခံက၊ S.S.A. တပ်ဖွဲ့၊ (ဗကပ) တပ်ဖွဲ့နှင့် တံခွန်နီ တပ်ဖွဲ့တို့ ပူးပေါင်းပြီး၊ ရန်သူကို တိုက်ခိုက်ရေး အစီအစဉ်တခုကို ရေးဆွဲခဲ့သည်။ ရန်သူကို တိုက်ခိုက်ရန် ရက် အတန်ကြာ အလစ်အငိုက် ရှာဖွေကြသည်။ နောက်ဆုံး ရန်သူလာ လမ်းတခု၏ တောင် ကြော တနေရာတွင် နေရာချထားမှု ပြုလုပ်နေစဉ် တံခွန်နီတပ်ဖွဲ့များ နေရာယူမည့် တောင် စွယ်တွင် ရန်သူ၏ သနက (၂)က ဝိုင်းပတ် တိုက်ခိုက်လာသဖြင့် တံခွန်နီ အဖွဲ့၏ တပ်မှူး စောအယ်တာတော(ခေါ်) စောဟင်နရီ၊ (၂) ဦးစိုးအောင်၏သား ညီလေး(ခေါ်) စောဒေးဖိုး နှင့် (၃) စောပါစက တို့ (၃)ဦး ကျဆုံးခဲ့ရသည်။ ပါစက သည် ပထမ ကိုယ်စားလှယ်အဖွဲ့မှ ပြန်လည် လိုက်ပါလာသောသူ ဖြစ်သည်။ အဖွဲ့ဝင် ဗိုလ်သာမောင်မှာ အပြင်းအထန် ဒဏ်ရာ ရရှိခဲ့သည်။

တံခွန်နီ အဖွဲ့မှ အင်အား (၂၃) ယောက်၊ S.S.A. တပ်ဖွဲ့မှ ဗိုလ်မှူး ဆေထင် ဦးဆောင်သော အင်အား(၁၀၀)တို့သည် (ဗကပ) အလယ်ပိုင်းတိုင်းမှ ဆက်လက်ထွက်ခွာ ခဲ့သည်။ မိုးဟိန်း၏ S.U.R.A. အဖွဲ့နယ်မြေ၊ ထို့နောက် S.U.A. ခေါ်ခွန်ဆာအဖွဲ့ နယ်မြေတို့ကို အသီးသီး ဖြတ် ကျော်ခဲ့ပြီး၊ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ဗမာပြည် ကွန်မြူနစ်ပါတီဌာနချုပ် ဖြစ်သော “ပန်ဆန်း”သို့ ရောက်ခဲ့လေသည်။ ထိုအချိန်က ဗမာပြည် ကွန်မြူနစ်ပါတီ ဌာနချုပ်သည် “ပန် ဆန်း” ၌ ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်ကြီးများ

Bo Tun Lin, Thakin Than Tun & Thakin Soe

Bo Kyaw Zaw

Thakin Ba Thein Tin

S.S.P.P. သမိုင်း

၁၉၅၉ ခုနှစ်၊ ရှမ်းတက္ကသိုလ်ကျောင်းသားများ တောခိုပြီး၊ စဝ်နွဲ့ ဦးဆောင် သော၊ “နွံစစ်ဟန်” အဖွဲ့ထဲသို့ရောက်ခဲ့ကြသည်။ စဝ်နွဲ့သည် လက်နက်ကိုင် အင်အား ကြီးထွား လာသောအခါ အာဏာရှင်တဦး ဖြစ်လာသည်။ မြေရှင် ပဒေသရာဇ်စံနစ်ကိုလည်း တည်ဆောက် ခဲ့လေသည်။ ထို လူငယ်များ၏ အကြံပြုချက်များကို လက်မခံသောကြောင့် စိုင်းပန်နှင့် စိုင်း ဆပ်ခေါ်(ဆေထင်) ဦးဆောင်ပြီး၊ ခွဲထွက်သွားသည်။ သီပေါနယ်သို့ တက်သွားပြီး၊ လူထုကို စည်းရုံး သိမ်းသွင်း နိုင်ခဲ့သဖြင့် ထောက်ခံသူ အင်အား များပြား လာသည်။ လက်နက်ကိုင် တပ် တပ်ရင်း (၄)ရင်းရှိသည်အထိ ဖြစ်လာ သည်။ S.S.I.A. ခေါ်ရှမ်းပြည် လွတ်လပ်ရေး တပ်မတော်ဟု ခေါ်တွင်ခဲ့သည်။ နောက်ပိုင်း ရှမ်းလူမျိုး တို့သည် လွတ်လပ်ရေး ရထားပြီး သော တိုင်းပြည်တခုဖြစ်သည့် အားလျော်စွာ လွတ်လပ် ရေးအတွက် တိုက်စရာ မလို သောကြောင့်၊ S.S.I.A. မှတဆင့်၊ S.S.A. ရှမ်းပြည် တပ်မတော် ဟုသာ ပြန် လည် မှည့်ခေါ်ခဲ့ သည်။

သီပေါတွင် အခြေချသော S.S.A. တပ်ရင်း (၄)ရင်းကို စုစည်းပြီး တပ်မ တခု ဖွဲ့စည်းခဲ့ သည်။ မြောက်ပိုင်း တပ်မဟု ခေါ်တွင်ခဲ့သည်။ နောက်ပိုင်း လက်နက်ကိုင် တော်လှန်ရေး ဆင် နွှဲရာတွင် ရှေ့ဆောင်မှုပေးနိုင်မည့် နိုင်ငံရေး ဦးဆောင်မှု ပါတီတရပ် လိုအပ်နေကြောင်းကို သိမြင်လာခဲ့ပြီးနောက် S.S.P.P. (ခေါ်) ရှမ်းပြည် တိုးတက်ရေး ပါတီ ကို ထူထောင်ခဲ့ ကြသည်။

၁၉၇၁ ခုနှစ်တွင် ကွန်ဂရက်ခေါ်ပြီး ခေါင်းဆောင် (၂၁)ဦး ပါဝင်သော နိုင်ငံရေး ဦးဆောင်အဖွဲ့တခုကို ထူထောင်လိုက်သည်။ ထို့နောက် အဖွဲ့ဝင် (၁၁)ဦး ပါသော နိုင်ငံ ရေး အုပ်ချုပ်မှုကော်မတီတခု P.E.C. ကို ဖွဲ့စည်း လိုက်သည်။ အဖွဲ့ဝင်များမှာ၊

၁။ ခွန်ကြာနု ဥက္ကဋ္ဌ၊
၂။ စဝ်ဘွန်ထိုင်း ဒု- ဥက္ကဋ္ဌ၊
၃။ စဝ်ဆေးခန် ဒု-ဥက္ကဋ္ဌ၊
၄။ ဆေးလင်း စစ်ဦးစီးချုပ်၊
၅။ ဆေးဝိုင် အတွင်းရေးမှူးချုပ်၊
၆။ စဝ်ဆေထင် တွဲဘက်-အတွင်းရေးမှူး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇။ ဗိုလ်မှူးကြီးစံမိန်း တပ်မမှူး၊

၈။ စဝ်ဆေဆင့် အုပ်ချုပ်ရေးတာဝန်ခံ၊

၉။ စဝ်အူးမိုင်း ဆေးဝါးနှင့် ကျမ္မာရေးတာဝန်ခံ၊

၁၀။ စဝ်မိန်း တွဲဘက် စစ်ဦးစီးချုပ် တို့ ဖြစ်သည်။

အမျိုးသားဒီမိုကရေစီလမ်းစဉ်ကို အတည်ပြုခဲ့ကြသည်။ နောက်ပိုင်းတွင် ဗမာ ပြည် ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံပြီး၊ ပူးပေါင်း လုပ်ဆောင်သင့်သည် ဟူသော အယူ အဆ ရှိသူများ အဖွဲ့နှင့် အချိန်ယူ စောင့်ကြည့် လေ့လာသင့်သည်ဟု ယူဆသော အဖွဲ့ ဟူ၍ အဖွဲ့အစည်း ခေါင်းဆောင်ပိုင်းအတွင်း ကွဲလွဲလာခဲ့သည်။ အချိန်ယူ စောင့်ကြည့် ရန် လိုအပ်သေးသည် ဟူသောအဖွဲ့မှာ အများစုဖြစ်နေသည်။ မတင်မကျ ဖြစ်နေသော ကာလတွင် မြောက်ပိုင်း ဗဟို အဖွဲ့ဝင် (၇)ဦးတည်းဖြင့်သာ အစည်းအဝေးထိုင်ပြီး၊ ဗမာ ပြည် ကွန်မြူနစ်ပါတီနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ ဗဟို ကော်မတီ အစည်းအဝေးသို့ တက်ရောက် ရန် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ခရီးလမ်း အခက်အခဲ ကြောင့် ရောက်မလာနိုင်သော အချိန် ဖြစ်နေသည်။ မြောက်ပိုင်းခေါင်းဆောင် အဖွဲ့က ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံ ပြီးမှ ဥက္ကဋ္ဌ ခွန်ကြာနု ပြန်လည် ရောက်ရှိလာသည်။ အဖွဲ့အစည်းအတွင်း၊ အမြင်မတူညီမှု ကြီးထွားလာပြီး၊ ဥက္ကဋ္ဌ ခွန်ကြာနု၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးချုပ် ဆေးဝိုင်၊ အုပ်ချုပ်ရေး တာဝန်ခံ ခေါင်းဆောင် ဆေဆင့်နှင့် ဆေးဝါး နှင့် ကျမ္မာရေးတာဝန်ခံ စဝ်အူးမိုင်း တို့ တောင် ပိုင်းသို့ ထွက်ခွာသွားလေသည်။

ကျန်သော မြောက်ပိုင်းအဖွဲ့သည် အစည်းအဝေးခေါ်ယူပြီး၊ တောင်ပိုင်းသို့ ထွက်ခွာ သွားသော၊ ဥက္ကဋ္ဌနှင့်အဖွဲ့ကို ထုတ်ပယ်လိုက်သည်။ ဒုတိယဥက္ကဋ္ဌ စဝ်ဘွန်ထိုင်း မှာ ဥက္ကဋ္ဌ ဖြစ်လာသည်။ မြောက်ပိုင်းအဖွဲ့က ကိုယ်စားလှယ် စေလွှတ်ပြီး ဗမာပြည် ကွန်မြူနစ်ပါတီ နှင့် တွေ့ဆုံဆွေးနွေးပြီးနောက်၊ လက်တွဲ ဆောင်ရွက်ရန် သဘောတူ ညီမှုများ ရရှိခဲ့သည်။ ထို့ကြောင့် လက်နက်အကူအညီများ ရရှိလာခဲ့ပြီး၊ အင်အား (၅,၀၀၀) ငါးထောင်ကျော် ဖြစ်လာခဲ့သည်။ ရန်သူ စစ်အစိုးရကို ပိုမို တိုက်ခိုက်နိုင်ခဲ့ပြီး အောင်ပွဲများ လည်း ရရှိလာခဲ့ သည်။ ခွန်ကြာနု အား အဖွဲ့အစည်း ဖြိုခွဲသူအဖြစ် ပြောဆို ကြသည်။

တံခွန်နီကိုယ်စားလှယ်အဖွဲ့၊ S.S.A. သို့ ရောက်သွားသော အချိန်သည် S.S.P.P. အဖွဲ့ (၂)ဖွဲ့ မကွဲသေးချိန် ဖြစ်သည်။ ဆေထင်သည် အင်အား (၁၀၀)ကျော် ဖြင့် "တံခွန်နီ" အဖွဲ့နှင့် ပူးပေါင်းပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံရန် လိုက်ပါခဲ့ လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဌာနချုပ်ဖြစ်သော ပန်ဆန်းမှတဆင့် တံခွန်နီ ကိုယ်စားလှယ် ခေါင်းဆောင်များဖြစ်ကြသော (၁) ဆရာစကောလယ်တော၊ (၂) မန်းရှာ လားဖန်း၊ (၃) ဦးမီးသ၊ (၄) စောဇော်မင်း၊ (၅) စောထွန်းကြည် တို့သည် တရုတ် ပြည်ထဲသို့ ဝင်သွားကြသည်။

ကျန် ကိုယ်စားလှယ် အဖွဲ့ဝင် (၁၈)ဦးနှင့် ဗိုလ်မှူးဆေထင် ဦးစီးသော S.S.A. တပ် အင်အား (၁၀၀)ခန့်သည်၊ ဗကပ ဌာနချုပ် ပန်ဆန်းတွင်ပင် ကျန်ခဲ့သည်။ ဗကပ ခေါင်းဆောင်များက ကိုယ်စားလှယ်များကို ဆေးသင်တန်းနှင့် စစ်သင်တန်းများကို ပို့ချပေး လေသည်။ ဆေးသင်တန်းသို့ တက်ရောက်သော K.N.U.P. တံခွန်နီ ကိုယ်စားလှယ်များ တွင် မောင်ဖုန်း၊ မန်းစဘီ၊ ဖါးသဒါးနှင့် ဖါးလယ်ဒါးတို့ ပါဝင်သည်။ တခ့ျိုမှာ S.S.A. တပ်ဖွဲ့ များနှင့်အတူ စစ်သင်တန်းကို တက်ရောက်လေ့လာခဲ့ကြသည်။ သင်တန်း တက်နေစဉ် ဗမာပြည်ကွန်မြူနစ်ပါတီ မှ (၃၃)ကြိမ်မြောက် ဗဟိုကော်မတီ၏ စာတမ်းကို လေ့လာရန် ဖြန့်ဝေ ပေးထားသည်။ ထိုစာတမ်းမှာ ဗကပ ၏ ဦးဆောင်မှုကို ခံယူရန်ပင်ဖြစ်သည်။ နောက်ပိုင်း တံခွန်နီ ကိုယ်စားလှယ်အဖွဲ့၏ ရည်ရွယ်ချက်ကို သိရှိသွားသဖြင့် စာတမ်းများ ကို ပြန်လည် ရုပ်သိမ်းခဲ့လေသည်။ နှစ်လနီးပါး ကြာမြင့်ခဲ့ပြီးနောက် ဆရာစကော လယ်တော နှင့်အတူ တံခွန်နီ ကိုယ်စားလှယ်များ ပြန်လည် ရောက်ရှိလာခဲ့သည်။ ထိုအခါ ပန်ဆန်းတွင် ကျန်ခဲ့သော ကိုယ်စားလှယ်များအား တရုတ်ပြည်တွင်းသို့ စေလွှတ်ပြီး လေ့လာရေး ခရီးထွက်ရန် စီစဉ် ပေးလေသည်။

ထိုခရီးစဉ်တွင် ယူနန်ပြည် ဆစ်ဆောင်ပနားဒေသ၊ ရှမ်းအမျိုးသား ကိုယ်ပိုင် အုပ်ချုပ်ရေးတိုင်းဖြစ်သော၊ ကျေးဟုန်မြို့ ဟော်တယ်တွင် တည်းခိုရင်း၊ သကြားစက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ စက္ကူစက်ရုံများသို့ လိုက်လံ ပို့ဆောင် ပြသလေသည်။

တံခွန်နီအဖွဲ့သည် ဗမာပြည် ကွန်မြူနစ်ပါတီ ဌာနချုပ်ဖြစ်သော ပန်ဆန်း တွင် နှစ်လခန့် နေပြီးနောက်၊ S.S.A. ရှမ်းပြည်တပ်မတော်၊ တပ်ဖွဲ့များနှင့်အတူ၊ ၁၉၇၃ ခုနှစ် မေလတွင်

ပြန်လည် ထွက်ခွာခဲ့လေသည်။ S.S.A. နယ်မြေဖြစ်သော သီပေါမြို့နယ်သို့ ပြန်ရောက်သောအခါ၊ ထိုဒေသအတွင်း လှည့်လည်ပြီး နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး လှုပ်ရှားမှုများကို ပူးတွဲ လုပ်ဆောင် ခဲ့ကြသည်။ တံခွန်နီ အဖွဲ့ကို ဖူးစကောလယ်တော က ဦးဆောင်ပြီး၊ S.S.A. အဖွဲ့ကို ဆေထင်က ဦးဆောင် ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တံခွန်နီ အဖွဲ့ခေါင်းဆောင်များ တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံ ဆွေးနွေးခြင်း

တံခွန်နီ ကိုယ်စားလှယ်အဖွဲ့သည်၊ တရုတ်ပြည်နယ်စပ်၊ ယူနန်ပြည်နယ်၊ စုမောင်မြို့ကို ရောက်ပြီး၊ တော်လှန်ရေး ကော်မတီ၏ သဘာပတိလည်းဖြစ်၊ ပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်သူ ရဲဘော်ကျင်နှင့် တွေ့ဆုံသည်။ တော်လှန်ရေး ကော်မတီ၏ ဥက္ကဋ္ဌ သည် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏အရန် ဗဟိုကော်မတီလည်း ဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည် ကွန်မြူနစ်ပါတီက စုမောင်မြို့၌ပင် တွေ့ဆုံရန် တော်လှန်ရေး ကော်မတီ ဥက္ကဋ္ဌ ရဲဘော်ကျင်ကို တာဝန်လွှဲပေးထားသည်။ ထိုသို့ တွေ့ဆုံရာတွင် တံခွန်နီ ကိုယ်စားလှယ်မှ တရုတ်ပြည်ကွန်မြူနစ်ပါတီ ကိုယ်စား လှယ်သို့ တင်ပြရာတွင် အချက် (၃)ချက်ကို အဓိက ဆွေးနွေးခဲ့သည်။

ပထမ အချက်မှာ ကေအဲန်ယူပါတီ K.N.U.P. ဖွဲ့စည်းရခြင်း အကြောင်းနှင့် ကေအဲန်ယူပါတီ၏ မူဝါဒ လမ်းစဉ်၊ ဒုတိယ အချက်မှာ ဗမာပြည် လူမျိုးစုများ ပြဿနာကို တင်ပြပြီး၊ ဗမာပြည် တော်လှန်ရေး၏ ထူးခြားချက်မှာ လူမျိုးစုပြဿနာ ဖြစ်သည်။ ဗမာပြည်သည် လူမျိုးပေါင်းစုံနေထိုင်သော တိုင်းပြည်ဖြစ်သဖြင့် ထူးခြား သော လက္ခဏာနှင့် ဝိသေသများရှိပြီး၊ တရုတ်ပြည်နှင့် မတူညီဘဲ သီးခြား လက္ခဏာ ဆောင်သည်များကိုဂင်း၊ တတိယ တင်ပြချက်တွင် တပ်ပေါင်းစု ပြဿနာ ပင်ဖြစ်သည်။ K.N.U.P. အနေနှင့် တပ်ပေါင်းစုနှင့် အာဏာသိမ်း နိုင်မည်ဟု ယုံကြည်ထားကြသဖြင့် တပ်ပေါင်းစု ပြဿနာသည် အလွန်အရေးကြီး ကြောင်းကို ဆွေးနွေး တင်ပြသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီကလည်း ရှေ့တန်းမှ ရောက်လာသော ကိုယ်စားလှယ် အဖွဲ့ကို ကြိုဆိုကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သေနတ်သံ အောက် တွင် လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးများ ပေါ်ပေါက်လာကြောင်း။ တော်လှန်ရေး တရပ်မှာ ပစ္စည်းမဲ့ အလုပ်သမားပါတီတရပ်ရဲ့ ခေါင်းဆောင်မှု ရှိရမှာဖြစ်ပြီး၊ ဒီ ပစ္စည်းမဲ့ အလုပ်သမားပါတီသည် မာက်စ်၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို တိကျစွာ လက်ခံ ကျင့်သုံးရမည် ဖြစ်ကြောင်း၊ တော်လှန်ရေး အင်အားစုအားလုံး စုစုစည်းစည်း ညီညီ ညွတ်ညွတ်ရှိရန် လိုအပ်ကြောင်းကို အကြံပြု လေသည်။

တရုတ်ကွန်မြူနစ်ပါတီသည် ဗမာပြည်၏ အမျိုးသားဒီမိုကရေစီ တော်လှန် ရေးကို ထောက်ခံအားပေးကြောင်း၊ လိုအပ်ပါက အကူအညီများလည်း ပေးမည်ဖြစ် ကြောင်း၊ အမှန်တကယ် န

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ယ်ခ့ျဲ ပဒေသရာဇ်စံနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်သည် ဆိုလျှင် လိုအပ်သည်များကို ဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း၊ လက်နက်များကို လည်း ကူညီနိုင်ကြောင်း။

သို့သော်လည်း ဗကပ မှတဆင့် အကူအညီများကို ရယူနိုင် မည်ဖြစ်ကြောင်းနှင့် တရုတ်ပြည် သို့ လာရောက် လည်ပတ် လေ့လာမည်ဆိုပါကလည်း၊ မိမိတို့အနေဖြင့် လှိုက်လဲစွာ ကြိုဆို သွားမည် ဖြစ်ကြောင်းအပြင်၊ ထိုသို့သော ခရီးစဉ်များ ရှိပါက ဗကပ မှတဆင့် အကြောင်းကြား နိုင်ပါကြောင်း စသည်တို့ကို ပြန်လည် ဆွေးနွေးလာသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံပြီးသည်နှင့် ဗမာပြည် ကွန်မြူနစ် ပါတီ (ဗကပ)နှင့် ဆက်လက် ဆွေးနွေးကြသည်။ တက်ရောက်သော နှစ်ဘက် ကိုယ်စား လှယ်များတွင်၊

ဗမာပြည် ကွန်မြူနစ်ပါတီဘက်မှ၊

(၁) သခင်ဗသိန်းတင် ဥက္ကဋ္ဌ၊

(၂) သခင်ဖေတင့် ဒုတိယ ဥက္ကဋ္ဌ၊

(၃) စိုင်းအောင်ဝင်း တို့ဖြစ်ပြီး၊

ကေအဲန်ယူပါတီဘက်မှ

(၁) ဆရာစကောလယ်တော အဖွဲ့ခေါင်းဆောင်၊

K.N.U.P. ပါတီ ဗဟိုကော်မတီ၊ P.B.

(၂) စောမီးသ ဗဟိုကော်မတီ၊ ဒုတိယ အဖွဲ့ခေါင်းဆောင်၊

(၃) မန်းရှာလားဖန်း အဖွဲ့ဝင်၊ အတွင်းရေးမှူး၊

(၄) စောဇော်မင်း အဖွဲ့ဝင်၊

(၅) စောထွန်းကြည် အဖွဲ့ဝင်တို့ ဖြစ်ကြသည်။

ထိုဆွေးနွေးပွဲတွင် ကေအဲန်ယူပါတီဘက်မှ တရုတ်ပြည် ကွန်မြူနစ်ပါတီသို့ တင်ပြခဲ့သော စာတမ်းအတိုင်း၊ ဗကပ ကိုယ်စားလှယ်အဖွဲ့သို့ တင်ပြသည်။ ဆွေးနွေးပွဲ မတိုင်မီတွင် လည်း စာတမ်းကို ကြိုတင်၍ လေ့လာနိုင်ရန် ပေးအပ်ထား သည်။

ထိုဆွေးနွေးပွဲ၌ ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင်က ဆွေးနွေးရာတွင်၊ “ကေအဲန်ယူပါတီ သည်၊ အလုပ်သမားပါတီအနေနှင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်စသော

ခေါင်းဆောင်မှုနှင့် ဖွဲ့စည်းထားခြင်းသည် မသင့် လျော်ကြောင်း၊ ထိုသို့ ဖွဲ့စည်းခြင်းသည် ဗကပ နှင့် စဉ်ပြိုင်သကဲ့သို့ ဖြစ်နေသဖြင့် မလုပ်သင့်ကြောင်း၊ ကေအဲန်ယူပါတီသည် အမျိုးသား တိုးတက်ရေး ပါတီအဆင့်သာ ရှိသင့်ကြောင်း၊ ဗကပ နှင့် စင်ပြိုင်ဖွဲ့စည်းသော အဖွဲ့အစည်း မှန်သမျှသည် တည်မြဲမှု မရှိကြကြောင်း ပွင့်ပွင့်လင်းလင်း အားမနာစတမ်း ပြော ရလျှင် ကေအဲန်ယူပါတီသည် အမျိုးသား တိုးတက်ရေးပါတီအဖြစ် ဖွဲ့စည်းခြင်းကသာလျှင် မှန်ကန်မည်ဟု ဆွေးနွေး ခဲ့သည်။”

လူမျိုးစုပါတီနှင့် ပတ်သက်ပြီး၊ သခင်ဗသိန်းတင်က ဆက်လက်ဆွေးနွေး ရာတွင် ကေအဲန်ယူ ပါတီအနေနှင့် မဒညတ ကို ဖွဲ့စည်းသည်။ မဒညတ သည် ဗကပ နှင့်လည်း မဟာမိတ်ဖွဲ့ထား ပြီး၊ တချိန်တည်းတွင် လူမျိုးစု တပ်ဦးကိုလည်း ဖွဲ့စည်းသည်။ ထိုသို့ ဖွဲ့စည်းခြင်းဖြင့်၊ လူမျိုးစု အဖွဲ့အစည်းများက မဒညတ နှင့် စင်ပြိုင် ဖြစ်သွားသဖြင့် မလုပ်သင့်ကြောင်း၊ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ အမြင်သာ ဖြစ်ကြောင်းကို ဆွေးနွေးလေသည်။ ဥက္ကဋ္ဌ ဗသိန်းတင်၏ ဆွေးနွေးချက်အပေါ် တံခွန်နီအဖွဲ့ခေါင်းဆောင် ဆရာကြီး စကော လယ်တောက ကေအဲန်ယူပါတီ ဖွဲ့စည်းရခြင်းနှင့် လူမျိုးစုတပ်ဦး ဖွဲ့စည်းရခြင်းမှာ ဗကပ ကို စင်ပြိုင်ဖွဲ့စည်းခြင်း မဟုတ်ကြောင်း၊ လူမျိုးစု ညီညွတ်ရေး တပ်ဦးသည်၊ မဒညတ ဖြစ်မြောက်ရေးအတွက် တွန်းအားတခု ဖြစ်လာရန် သဘောထားပြီး ဖွဲ့စည်းခဲ့ခြင်းသာ ဖြစ်ကြောင်း၊ တနေ့တွင် လူမျိုးစုအားလုံး မဒညတ ထဲတွင် ပါဝင်လာကြမှာ ဖြစ်ကြောင်းကို ပြန်လည် ပြောကြားသည်။ ဆက်လက်၍ လူမျိုးစုများ အခြေအနေကို တင်ပြရာတွင် လူမျိုးစု များသည် မဒညတ အထဲသို့ တပြိုင်တည်း ပါဝင်လာရန် ဖိတ်ခေါ်ထားသော်လည်း၊ ၎င်း တို့၏အတိတ်မှ ခါးသီးသော သမိုင်းကြောင်း အတွေ့အကြုံများ ရှိနေကြကြောင်း၊ ထို့ကြောင့် ဘုံရန်သူကို စုစုစည်းစည်း တိုက်ခိုက်နိုင်ရန်၊ ပထမ အဆင့်အနေဖြင့် ဖွဲ့စည်း ထားခြင်းသာ ဖြစ်ကြောင်း၊ ၎င်းမှတဆင့် ကျယ်ပြန့်သော တပ်ပေါင်းစုထဲသို့ ဝင်ရောက်လာ နိုင်ရန်ကို ရည်ရွယ်ထား ကြောင်းတို့ကို ရှင်းပြခဲ့သည်။

ဆက်လက်ပြီး၊ ကေအဲန်ယူပါတီ ဖွဲ့စည်းခြင်းနှင့် လူမျိုးစု ညီညွတ်ရေး တပ်ဦး ဖွဲ့စည်းရခြင်း ကို ဥက္ကဋ္ဌကြီး သခင်ဇင်နှင့် ဆွေးနွေးခဲ့ကြောင်း၊ အခြေအနေ အရပ်ရပ် အပေါ် စဉ်းစား ဆင်ခြင် တွက်ချက်ကာ ဖွဲ့စည်းခြင်းဖြစ်၍ သခင်ဇင်၊ သခင်ချစ် တို့ ကလည်း သဘောပေါက် နားလည်ပြီး၊ တခုတည်းသော တပ်ပေါင်းစုဖြစ်၍ ကြိုးပမ်းမှုကို နားလည် သဘောပေါက်ကြ

ကြောင်း၊ ထို့အပြင် အမျိုးသားရေး ပေါ်လစီနှင့် ပတ်သက်၍ ကေအဲန်ယူ ပါတီက တလျောက်လုံး တင်ပြခဲ့သော တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို လက်ခံကြ သည့်အပြင် အနာဂတ် ဗမာပြည်ကို စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစံနစ်ဖြင့် တည်ဆောက်ရမည်ကိုလည်း လက်ခံထားကြကြောင်းကို ရှင်းပြလေသည်။ ပြည်တွင်း၌ ရှိနေကြသော ဗကပ ခေါင်းဆောင်များသည် ဗမာပြည်ရှိ တိုင်းရင်းသားအားလုံး၊ လူမျိုးစု အားလုံး၊ တန်းတူရည်တူမှုအပေါ် အခြေခံသည့် ပြည်နယ် အသီးသီးရှိကြပြီး၊ ပြည်နယ်များ နှင့် စုစည်းထားသော ပြည်သူ့ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံကို တည် ဆောက်ကြမည်။ မြန်မာ အမျိုးသားများကလည်း တင့်တယ် လျောက်ပတ်သော အကျယ် အဝန်းရှိသည့် ပြည်နယ်တခုကို ရရှိပိုင်ဆိုင် စေရမည်။ ပြည်ထောင်စုသစ်ကြီးကိုလည်း အများလက်ခံသော အမည်သစ် တခုကို ပြည်ထောင်စုသားအားလုံး၏ ဆန္ဒအတိုင်း ခေါ်ဆို သွားမည်ဟုလည်း ထည့်သွင်း ဆွေးနွေး ခဲ့သည်။ အထက်ပါ အမျိုးသားရေး ပေါ်လစီကို ၁၉၆၉ ခုနှစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီ၏ နောက်ဆုံး ထုတ်ပြန်ထားသော ပေါ်လစီအဖြစ် ဗဟိုကလည်း အတည်ပြု ထားကြောင်းကိုပါ တင်ပြလေသည်။

ထိုအခါ ဗသိန်းတင်က သခင်ဇင်၊ သခင်ချစ်တို့သည် ပြည်တွင်း၌ ရှိနေပြီး နောက်ဆုံး နိုင်ငံတကာ အခြေအနေကို မိမိတို့လောက် ပြည့်ပြည့် စုံစုံ မသိကြကြောင်း၊ ဗမာပြည်အနေ နှင့် ဖြစ်သင့်သည်မှာ တရုတ်ပြည် ပုံစံအတိုင်း ပြည်ထောင်စု စနစ်သာ ဖြစ်သင့်ကြောင်း၊ ပြည်နယ်များအတွက်၊ ကိုယ်ပိုင် အုပ်ချုပ်ရေးသာ ဖြစ်သင့်ကြောင်းကို ရှင်းပြလေသည်။ ပြည်တွင်း ဗကပ ခေါင်းဆောင်များနှင့် အမြင်ကွဲလွဲသည်ကို သူတို့က တာဝန်ယူကြောင်း ပြန်လည် ဆွေးနွေးလေသည်။ ထိုအချိန် ၁၉၇၃ ခုနှစ်အထိ ပြည်တွင်း၌ သခင်ဇင်၊ သခင်ချစ် စသော ခေါင်းဆောင်များမှာ ဆက်လက် အသက် ရှင်ဆဲ ဖြစ်သည်။

တံခွန်နီအဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ဖြစ်သော ပန်ဆန်း တွင် (၂)လခန့် နေပြီးနောက်၊ S.S.A. တပ်ဖွဲ့နှင့်အတူ ၁၉၇၃ ခုနှစ် မေလတွင် တောင်ပိုင်းသို့ ပြန်လည် ထွက်ခွာခဲ့သည်။ S.S.A. တပ်ဖွဲ့နှင့် တံခွန်နီ ကိုယ်စားလှယ်တို့သည် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်သို့ ရောက်သောအခါ၊ S.S.A. နယ်မြေအတွင်း လှည့်လည်ပြီး၊ ပူးတွဲစစ်ရေး လှုပ်ရှားမှုများ ပြုလုပ်လေသည်။ မိုးတွင်းကာလဖြစ်သဖြင့် တောတွင်း၌သာ စခန်းချ နေထိုင်ကြလေသည်။

K.I.A. နှင့် S.S.A. ပဋိပက္ခ

S.S.A. နယ်မြေဒေသအတွင်း လှည့်လည်နေစဉ်၊ ကျောက်မဲ မြို့နယ်အတွင်း၊ K.I.A. ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် S.S.A. ရှမ်းပြည် တပ်မတော်တို့၏ လက်နက်ကိုင် ပဋိပက္ခသတင်းကို၊ ဗမာ့ တပ်မတော် ရှေ့တန်း စခန်းမှ၊ နောက်တန်း ဌာနချုပ်သို့ ပေးပို့သော ကြေးနန်းသတင်းကို တံခွန်နီ ကြားဖြတ် ဆက်သွယ်ရေး သတင်းတပ်ဖွဲ့မှ ဖမ်းယူ ရရှိခဲ့သည်။ တံခွန်နီ ကြေးနန်း ဆက်သွယ်ရေးတာဝန်ခံ စောတင်ငွေက ကြားဖြတ်ရယူခဲ့သော သတင်းကို အဖွဲ့ခေါင်းဆောင် ဆရာစကော လယ်တောအား တင်ပြသည်။ ဆရာစကောလယ်တော သည် S.S.A. ဥက္ကဋ္ဌ နှင့် K.I.A. ခေါင်းဆောင်များကို မိမိနှင့် လာရောက် တွေ့ဆုံ ကြရန် ကြေးနန်း ပို့ လိုက်လေသည်။ မကြာမီ K.I.A. တပ်မတော်မှ ဗိုလ်ချုပ် ဇော်တန်သည် သူ့တပ်ဖွဲ့ဝင် (၅၀)ဖြင့် ရောက်လာသည်။ K.I.A. အဖွဲ့နှင့် တံခွန်နီ အဖွဲ့တို့ တောထဲ၌ပင် အတူတကွ စခန်းချ နေထိုင် ကြသည်။

ဆရာစကောလယ်တော၏ ဖြန်ဖြေမှုကြောင့်၊ S.S.A. နှင့် K.I.A. အဖွဲ့တို့ သည် အပစ် ရပ်ခဲ့ကြပြီး ကျေအေး ခဲ့ကြသည်။ ထိုအချိန်တွင် S.S.A. အဖွဲ့အစည်းအတွင်း ပဋိပက္ခမဖြစ် သေးပေ။ ရှမ်းတပ် တဖွဲ့တည်း ရှိနေသေးသော အချိန် လည်း ဖြစ်သည်။

မှတ်ချက်။ ။ S.S.P.P. ရှမ်းပြည် တိုးတက်ရေးပါတီ၊ S.S.A. ရှမ်းပြည် တပ်မတော်။

K.I.A. အဖွဲ့မှ ဗိုလ်ချုပ်ဇော်တန် နှင့် ရှမ်းအဖွဲ့မှ စိုင်းဟိုပုန်း စိုင်းစဝ်မင်း စိုင်းရွှေလင်း တို့ နှစ်ဘက် တွေ့ဆုံကာ ကျေအေးခဲ့ကြသည်။

ဆရာစကောလယ်တော က K.I.A. နှင့် S.S.A. အဖွဲ့ခေါင်းဆောင်များအား ဗမာပြည် မြောက်ပိုင်း ခရီးစဉ်၏ ရည်ရွယ်ချက်၊ တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဗမာပြည် ကွန်မြူနစ် ပါတီတို့နှင့် ဆွေးနွေးချက်များကိုလည်း ရှင်းပြ ပေးခဲ့သည်။

မိုးတွင်းကာလဖြစ်သောကြောင့်ငင်း အခွင့်အရေး ကြုံကြိုက်နေသဖြင့်၊ ဗိုလ်ချုပ် ဇော် တန်က တံခွန်နီ ကြေးနန်းနှင့် ရန်သူကြေးနန်းသတင်း ကြားဖြတ် ဖမ်းယူစက် တာဝန်ခံ ကိုတင် ငွေအား မိမိတို့အဖွဲ့နှင့် ပါလာသော ရဲဘော်အခ့ျပိုကို ကြားဖြတ် လျှို့ဝှက်သတင်း ဖော်ထုတ် ခြင်း၊ နည်းစံနစ်ကို သင်ကြားပေးရန် မေတ္တာရပ်ခံလာသောကြောင့်၊ သင်တန်း တခုကိုလည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စီစဉ်ပေးခဲ့ရသည်။ သင်တန်းကာလမှာ (၅)လကျော် ကြာမြင့်ခဲ့သည်။ ကချင်ရဲဘော် (၂)ယောက်နှင့် ရဲမေ (၃)ဦးတို့ တက်ရောက် လေ့လာခဲ့သည်။

ဗိုလ်ချုပ်ဇော်တန်နှင့် လိုက်ပါလာသော တပ်ဖွဲ့အင်အား (၅၀)ခန့်တွင် ကရင် အမျိုးသား အခ့ျုိလည်း ပါလာသည်။ ကရင်အမျိုးသား ဘောလုံးသမား ဖယ်ရီဒွေး ၏ ညီ ဖြစ်သူ ပီတာဒွေး၏သား စောငယ်ဒွေးလည်း သင်တန်းသို့ တက်ရောက်ခဲ့သည်။ ရဲမေ (၃)ဦး တွင် ကရင်အမျိုးသမီး (၂)ဦး ပါဝင်သည်။

သင်တန်းပြီးဆုံး၍ ဗိုလ်ချုပ်ဇော်တန်နှင့် ကချင်တပ်ဖွဲ့များလည်း S.S.A. နယ်မြေမှ ပြန်လည် ထွက်ခွာ သွားခဲ့လေသည်။ မကြာမီ ဗိုလ်ချုပ် ဇော်တန်နှင့် အင်အား (၂၀)ခန့်ကို ဗကပ တပ်ဖွဲ့အင်အား (၂၀၀)ခန့်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ရာ ဗိုလ်ချုပ် ဇော်တန်နှင့် တပ်သား (၈)ယောက် ကျဆုံးသွားသည်။ ကျဆုံးသွားသူများထဲတွင် ပီတာဒွေး၏သား စောငယ်ဒွေး လည်း ပါသွားလေသည်။ ဗိုလ်ချုပ်ဇော်တန်မှာ နောက်ဆုံး ကျဆုံးသွားသော K.I.A. ခေါင်းဆောင်ပင် ဖြစ်သည်။

(K.I.A. ကို ခေါင်းဆောင်ခဲ့သော ညီအစ်ကို များဖြစ်သည့်၊ ဗိုလ်ချုပ် ဇော်ဒူး၊ ဇော်တန်၊ ဇော်ဆိုင်းတို့ (၃)ယောက်စလုံး ကျဆုံးသွားလေသည်။)

S.S.A. နယ်မြေမှ တံခွန်နီအဖွဲ့ နှုတ်ဆက်ပွဲ

ဆရာစကောလယ်တော ဦးဆောင်သော တံခွန်နီအဖွဲ့သည်၊ S.S.A. နယ်မြေ သို့ ၁၉၇၃ မေလလောက်တွင် ရောက်လာပြီး၊ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ လလောက်တွင် ပြန်လည် ထွက်ခွာရန်ပြင်ဆင်ထားလေသည်။ နှုတ်ဆက်ပွဲ ကျင်းပရာတွင် ဗိုလ်မှူး ဆေထင် အဖွဲ့က တကြိမ်၊ ခွန်ကြာနုအဖွဲ့က တကြိမ် သီးခြား ပြုလုပ်သဖြင့်၊ S.S.A. ရှမ်းပြည် တပ်မတော် အတွင်း နှစ်ခြမ်း ကွဲသွားသည်ကို သိခဲ့ ကြရသည်။

S.S.A. သမိုင်းနှင့်ပတ်သက်၍ ရှမ်းတော်လှန်ရေး ဖြစ်ပေါ်လာပုံကို မကွဲမီ အခြေအနေနှင့် ကွဲခဲ့ရခြင်း အကြောင်းအခ်ျိုကို ရေးသား တင်ပြလိုပေသည်။ ရှမ်းလူမျိုး၊ ရှမ်းပြည် တော်လှန်ရေးကို ပထမဦးဆုံး ဦးဆောင်သူမှာ စဝ်နွဲ့ ဖြစ်သည်။ ၎င်း၏ တော်လှန်ရေးအဖွဲ့ကို “နွံစစ်ဟန်” (ရဲရင့်သော လူငယ်အဖွဲ့)ဟု ခေါ်သည်။

ရှမ်းပြည်အတွင်း ဗမာ့တပ်မတော်က ရှမ်း ပြည်သူ လူထုများအပေါ် စော်ကား သောကြောင့်၎င်း၊ ပြည်နယ် ပြည်မ ဆက်ဆံရေး ဖဆပလ အုပ်ချုပ်ရေးအပေါ် မကြေ နပ်သဖြင့် တက္ကသိုလ်ကျောင်းသားများက လက်နက်စွဲကိုင် လာကြသည်။ ကျောင်းသား အများအပြား တောခိုကြပြီး၊ စဝ်နွဲ့အဖွဲ့နှင့် ပူးပေါင်း လာကြသဖြင့်၊ စဝ်နွဲ့ အဖွဲ့သည် အင်အားကြီးထွား လာလေသည်။ စဝ်နွဲ့ သည် အင်အားကြီးထွားလာသောအခါ အာဏာရှင်ဆန်လာခဲ့သည်။ မိမိအုပ်ချုပ်ရေး ဒေသတွင် မြေရှင် ပဒေသရာဇ်စံနစ်ကို တည်ဆောက်လေတော့သည်။ လူငယ်များနှင့် သဘောထား ကွဲလွဲမှုများရှိလာပြီး၊ အကြံပြုချက်များကို လက်မခံသဖြင့် လူငယ် ခေါင်းဆောင်များဖြစ်သော စိုင်းပန်နှင့် စိုင်းဆပ် (ခေါ်) ဆေထင်တို့က ဦးဆောင်ပြီး စဝ်နွဲ့ အဖွဲ့မှ ခွဲထွက်သွားလေသည်။ ခေါင်းဆောင် နှစ်ဦးသည် `သီပေါ´နယ်သို့ တက်သွားပြီး၊ ရှမ်းလူထု ကို စည်းရုံးရာ ရှမ်းလူထုအများအပြား၏ ထောက်ခံမှုကို ရခဲ့သည်။ ထို့နောက် ရှမ်းပြည်လွတ်မြောက် ရေး တပ်မတော် လက်နက်ကိုင်တပ်ကို ဖွဲ့စည်းရာ၊ တပ်ရင်း (၄)ရင်းအထိ အင်အား တိုးတက်လာ ခဲ့သည်။ ၎င်းလက်နက်ကိုင် တပ်ဖွဲ့ကို S.S.I.A. (ခေါ်) ရှမ်းပြည် လွတ်လပ်ရေး တပ်မတော်ဟု အမည်ပေးလေသည်။ နောက်ပိုင်း ရှမ်းပြည်နှင့် ရှမ်းလူမျိုးတို့သည် လွတ်လပ်ရေးရပြီးသော လူမျိုးဖြစ်သည့်အတွက် လွတ်လပ်ရေးကို တိုက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စရာ မလို ကြောင်း၊ ထို့ကြောင့် S.S.I.A. Shan State Independent Army မှ ရှမ်းပြည် လွတ်မြောက်ရေး တပ်မတော် S.S.A. Shan State Army ဟု ပြန်လည် ခေါ်တွင် လေသည်။

သီပေါနယ်တွင် အခြေခံသော S.S.A. တပ်ရင်း (၄)ရင်းကို စုစည်းပြီး တပ်မ တခုကို ဖွဲ့စည်းသည်။ မြောက်ပိုင်းတပ်မဟု ခေါ်တွင်သည်။ နောက်ပိုင်းတွင် လက် နက်ကိုင် တော်လှန်ရေး ဆင်နွှဲရာတွင် ရှေ့ဆောင်မှု ပြုနိုင်သော နိုင်ငံရေးပါတီတရပ် လိုအပ်နေသည်ကို သဘောပေါက် လာသဖြင့်၊ S.S.P.P. ရှမ်းပြည် တိုးတက်ရေးပါတီကို တည်ထောင်လိုက်သည်။ ၁၉၇၁ ခုနှစ် ဩဂုတ်လတွင် ကွန်ဂရက်ကို ခေါ်ယူပြီး ခေါင်းဆောင် (၂၁)ဦး ပါဝင်သော နိုင်ငံရေး ဦးဆောင် ဗဟိုကော်မတီအဖွဲ့ကို ရွေးချယ်ခဲ့ပြီး အဖွဲ့ဝင် (၁၀)ဦးပါသော နိုင်ငံရေး အုပ်ချုပ်မှု ကော်မတီ Political Excecutive Committee ကို ဖွဲ့စည်းလိုက်သည်။

ခွန်ကြာနု	ဥက္ကဋ္ဌ၊
စိုင်းဘွန်ထိုင်း	ဒုတိယ ဥက္ကဋ္ဌ၊
စဝ်ဆေးခန်	ဒုတိယ ဥက္ကဋ္ဌ၊
ဆေးလင်း	စစ်ဦးစီးချုပ်၊
ဆေးဝိုင်	အတွင်းရေးမှူးချုပ်၊
စဝ်ဆေထင်	တွဲဘက် အတွင်းရေးမှူး၊
ဗိုလ်မှူးကြီး စံမိန်း	တပ်မမှူး၊
စဝ်ဆေဆင့်	အုပ်ချုပ်ရေးတာဝန်ခံ၊
စဝ်အူးမိုင်း	ဆေးဝါးနှင့် ကျန်းမာရေး တာဝန်ခံ၊
စဝ်မိန်း	တွဲဘက် စစ်ဦးစီးချုပ်၊

တို့မှာ နိုင်ငံရေး အုပ်ချုပ်မှု ကော်မတီများ ဖြစ်သည်။

ရှမ်းပြည်တိုးတက်ရေးပါတီ S.S.P.P. သည် အမျိုးသား ဒီမိုကရေစီ လမ်းစဉ်ကို လက်ခံ အတည်ပြုခဲ့သည်။ နောက်ပိုင်းတွင် ဗမာပြည် ကွန်မြူ နစ်ပါတီ နှင့် ပူးပေါင်း လုပ်ဆောင်သင့်သည်ဟု ခံယူသောအဖွဲ့နှင့် အချိန်ယူပြီး စောင့်ကြည့် သင့်သေးသည်ဟု ယူဆ သောအဖွဲ့ဟူ၍ ခေါင်းဆောင်ပိုင်းအတွင်း ကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။ အချိန်ယူပြီး စောင့် ကြည့်ရန် လိုသေးသည်ဟု ယူဆသော အဖွဲ့က အများစုဖြစ်သည်။ မတင်မကျ ဖြစ်နေသော

ကာလတွင် လူနည်းစု ဖြစ်သော မြောက်ပိုင်းမှ အဖွဲ့ဝင် (၇)ဦးဖြင့်သာ အစည်းအဝေးပွဲထိုင်ပြီး၊ ဗမာပြည် ကွန်မြူနစ် ပါတီနှင့် သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လေသည်။ ဗဟိုကော်မတီဝင် အားလုံး ပါဝင်ပြီး အစည်းအဝေး ထိုင်ရန် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လမ်းခရီး အခက်အခဲကြောင့် ရောက်မလာ နိုင်သေးသော အချို့နတွင် ဖြစ်သည်။ မြောက်ပိုင်း ခေါင်းဆောင်အဖွဲ့က ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံပြီးမှ၊ ဥက္ကဋ္ဌ ခွန်ကြာနု နှင့် အမှုဆောင် ကော်မတီအခ့ျုိ့မှာ စည်းဝေးပွဲသို့ ရောက်လာကြသည်။ အဖွဲ့အစည်းအတွင်း အမြင်မတူညီမှုမှာ ကြီးထွား လာပြီး ဥက္ကဋ္ဌ ခွန်ကြာနု၊ အတွင်းရေး မှူး ဆေးဝိုင်၊ အုပ်ချုပ်ရေးတာဝန်ခံ စဝ်ဆေဆင့်၊ ကျန်းမာရေးတာဝန်ခံ စဝ်အူးမိုင်း တို့ တောင်ပိုင်းသို့ ထွက်ခွာသွားလေသည်။ ကျန်သော မြောက်ပိုင်း ခေါင်းဆောင်အဖွဲ့က အစည်းအဝေး ခေါ်ယူပြီး၊ တောင်ပိုင်းသို့ ထွက်ခွာသွားသော ဥက္ကဋ္ဌနှင့် အဖွဲ့ကို အဖွဲ့အစည်းမှ ထုတ်ပယ်လိုက်လေသည်။ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ စဝ်ဘွန်ထိုင်းက ဥက္ကဋ္ဌ ဖြစ်လာသည်။ မြောက်ပိုင်းအဖွဲ့က ကိုယ်စားလှယ် စေလွှတ်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံပြီး လက်တွဲဆောင်ရွက်ရန် သဘောတူ ညီချက်များ ရရှိခဲ့ကြသည်။ ထို့ကြောင့် လက်နက်အကူအညီများ ရရှိခဲ့ပြီး အင်အား (၅)ထောင်ကျော်အထိ တိုးတက်လာကာ၊ ရန်သူကိုလည်း ပိုမို တိုက်ခိုက်လာနိုင် ခဲ့သည်။ ဥက္ကဋ္ဌ ခွန်ကြာနုတို့ အဖွဲ့ကိုလည်း အဖွဲ့အစည်းကို ဖြိုခွဲသူအဖြစ် ပြောဆို လေသည်။ တံခွန်နီကိုယ်စားလှယ်အဖွဲ့ S.S.A. နယ်မြေသို့ ရောက်သွားသော အချိန်သည် S.S.A. ခေါင်းဆောင်ပိုင်းအတွင်း အကွဲအပြဲ မဖြစ်သေးသော အချိန်ဖြစ်သည်။ ဆေထင်သည် အင်အား (၁၀၀)ခန့်ကို ဦးဆောင်ပြီး၊ ဆရာစကော လယ်တော ဦးစီးသော၊ တံခွန်နီအဖွဲ့နှင့် ပူးတွဲကာ ဗမာပြည် ကွန်မြူနစ် ပါတီနှင့် တွေ့ဆုံခဲ့လေသည်။ K.N.U.P. တံခွန်နီအဖွဲ့နှင့် ဆေထင်ဦးဆောင်သော S.S.A. အဖွဲ့တို့သည် ဗကပ ဌာနချုပ်မှ ၁၉၇၃ ခုနှစ် မေလတွင် အတူထွက်လာခဲ့ပြီး ရှမ်း ပြည်၌ အတူလက်တွဲကာ စစ်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ သည်။ ရှမ်း ပြည်တွင် တနှစ်ခွဲ မျှနေပြီးနောက် အောက်ပိုင်းသို့ ထွက်ခွာခဲ့သည်။

မန်းရှာလားဖန်း
မာနယ်ပလော၊ K.N.U. ဌာနချုပ်၊

ဗမာပြည် လူမျိုးစုများ ပြဿနာ စာတမ်း

(မန်းရှာလားဖန်း တင်ပြသည်။)

မျက်မှောက် ဗမာပြည်၏ နှစ်(၂၀)ကျော်ကြာ ပြည်တွင်းတော်လှန်ရေး စစ်ပွဲကို ကြည့်လျှင် ပစ္စည်းမဲ့လူတန်းစား အမျှူးပြုသော အလုပ်သမား၊ လယ်သမား မဟာမိတ်ကို အခြေခံသော ဒီမိုကရေစီ လိုလားသည့် တော်လှန်သော လူတန်းစားများ လူမှုရေး အဖွဲ့အစည်းများ ပါဝင်သော ဒီမိုကရေစီ တော်လှန်ရေး၏ အခြေခံ အင်အားစု တရပ်ကို တွေ့ရပေသည်။

တချိန်တည်းတွင် ယင်းတော်လှန်ရေး၏ ဘေးပတ်ဝန်းကျင် အနံ့အပြားတွင် အဖိနှိပ်ခံ လူမျိုးစု အသီးသီး၏ လက်နက်ကိုင် တော်လှန်ရေး အင်အားစုများကို ပေါ်လွင်ထင်ရှားစွာပင် တွေ့မြင်ရပေသည်။ ဤအချင်းအရာသည် ပကတိ လက်တွေ့ဖြစ်ရပ်ဖြစ်၍ ဗမာပြည် တော်လှန်ရေး ပြဿနာကြီးထဲတွင် လေးနက် စေ့စပ်စွာ ထည့်သွင်း စဉ်းစားခြင်း မပြုဘဲ နေ၍ မဖြစ်နိုင်ပေ။ ဤအကြောင်းမှာ ဤပြဿနာကို နားမလည်လျှင် ဗမာပြည် တော်လှန်ရေး တရပ်လုံးကို နားလည်နိုင်မည် မဟုတ်သောကြောင့် ဖြစ်ပေသည်။

ဆိုးယုတ် ပက်စက်သည့် အုပ်စိုးသူ လူတန်းစား ဖောက်ပြန်ရေးသမား အဆက်ဆက်၏ နိုင်ငံရေးအရ ဖိနှိပ်ခြင်း၊ စီးပွားရေးအရ သွေးစုတ်ခြင်း၊ ယဉ်ကျေးမှုအရ ခေတ်နောက်ကျအောင် လုပ်ခြင်းနှင့် လူမျိုးရေးအရ ကျွန်ဇာတ်သွင်းခြင်းများကို လူမျိုးစုများ အနေနှင့် ခါးသီးစွာ ရေရှည်ခံစားလာခဲ့ရပေသည်။ လူမျိုးစုများသည် မျက်မှောက်တွင် နိုးကြား ထကြွလာပြီး မိမိတို့၏ အမျိုးသားကံကြမ္မာကို ဆုပ်ကိုင်လာကြခြင်း၊ လက်နက်ကိုင်စွဲလာကြခြင်း၊ ထကြွတိုက်ပွဲဆင် တော်လှန်လာကြခြင်းသည် အလွန်ပင် တရားနည်းလမ်း ကျလှ၏။ အလွန်ပင် ကောင်းလှ၏။ အလွန်ပင် လိုအပ်၍ အချိန်လည်း မီလှ၏။

တရားနည်းလမ်းကျသည် ဆိုခြင်းမှာ ၎င်းတို့၏ တိုက်ပွဲသည် “သူများက ကြာမြင့်စွာ လုယူထားသော မိမိတို့၏ ကိုယ်ပိုင်ပစ္စည်း”ကို ပြန်လည်၍ တိုက်ခိုက် သိမ်းယူနေသောကြောင့် ဖြစ်သည်။ အလွန်ကောင်းသည်ဟု ဆိုခြင်းမှာ ယင်း တိုက်ပွဲ များသည် တော်လှန်သောဘက်မှနေ၍ ဖောက်ပြန်ရေးသမားများကို ထိရောက်စွာပင် တိုက်ဖျက်နိုင်စွမ်း ရှိနေခြင်းကြောင့်ဖြစ်၏။ အလွန်လိုအပ်၍ အချိန်မီ သည်ဟု ဆိုခြင်းမှာ ၎င်းတို့ရွေးချယ်လိုက်သော လက်နက်ကိုင် တိုက်ပွဲအသွင်သည် အခြေအနေ၏ ပြီးပြည့် စုံသော ပြဋ္ဌာန်းမှု ဖြစ်ခြင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကြောင့်သာ မဟုတ်သေးဘဲ ယင်းတိုက်ပွဲများသည် ဖောက် ပြန်ရေးသမားများ စတင်ကျဆုံးချိန်နှင့် မိမိ အင်အားစုများ နိုးကြား ထကြွလာမှု တစုံ တရာ ရင့်မှည့်လာချိန်တွင် စတင်လိုက်သောကြောင့် ဖြစ်သည်။

မျက်မှောက် သမိုင်းကာလသည် လူ့သမိုင်းတွင် လူတန်းစားရှိသော လူ့ အဖွဲ့အစည်းမှ လူတန်းစားမဲ့သော လူ့အဖွဲ့အစည်းသို့ ကူးပြောင်းနေသော မဟာ တော် လှန်ရေးကြီး၏ ကာလပိုင်း တခုဖြစ်၏။ သမိုင်းတွင် အသစ်လွင်ဆုံး ကုန်လုပ်စွမ်း အားစုကို ကိုယ်စားပြုသော အလုပ်သမား လူတန်းစားတရပ် ပေါ်ထွန်းလာပြီး လူ့အဖွဲ့ အစည်းနှင့် သဘာဝလောက၏ ဖြစ်ရိုးဖြစ်စဉ် အခြေခံတရား တစုံလုံးကို ဂုဏ်ရောင် ပြောင်စွာ ရှာဖွေ တွေ့ရှိလိုက်သော မဟာခေတ်ကြီးဖြစ်၏။

ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားအနေနှင့် မိမိတို့ ရှာဖွေ တွေ့ရှိလိုက်သော ယင်းပစ္စည်းမဲ့ ကမ္ဘာအမြင်ကို စွဲမြဲစွာ အခြေခံကာ လူ့အဖွဲ့အစည်းနှင့် သဘာဝ လောကကို ကိုယ်ပိုင်အသိရှိရှိဖြင့် တက်ကြွစွာပြုပြင်ပြောင်းလဲပစ်နေသော မဟာတော်လှန်ရေး ခေတ်ကြီးလည်းဖြစ်ပေသည်။ တနည်းအားဖြင့် သမိုင်းတွင် အသစ်လွင် အတိုးတက်ဆုံးဖြစ်သော အလုပ်သမား လူတန်းစားသည် မိမိတို့၏ ကမ္ဘာအမြင် ဖြစ်သော မာ့စ်၊ လီနင်ဝါဒ အခြေခံသဘောတရားကို စွဲမြဲစွာ ဆုပ်ကိုင်၍ လူတန်းစားနှင့် လူတန်းစား ဖိနှိပ်မှုကို ခြေမှုန်း ပစ်ရန် အတွက် လူ့အဖွဲ့အစည်းနှင့် သဘာဝ လောကကို မှောက်လှန် ပြောင်းလဲပစ်နေသော မဟာတော်လှန်ရေးကာလ ဖြစ်သည်။

အတိအကျအားဖြင့်ပြောမည်ဆိုလျှင် “ခုအချိန်ဟာ တကမ္ဘာလုံးက အ ရင်းရှင်နဲ့ နယ်ခြဲစနစ်တို့ ကျေပြုန်း ပျက်စီးရာသို့ ဦးတည်သွားနေပြီး တကမ္ဘာလုံးက ဆိုရှယ်လစ် စနစ်နှင့် ပြည်သူ့ ဒီမိုကရေစီ စနစ်တို့က အောင်ပွဲဆီသို့ ရှေ့ရှု ချီတက်နေတဲ့ သမိုင်းခေတ်” ယင်းခေတ်၏ မာ့စ်၊ လီနင်ဝါဒဖြစ်သော မော်စီတုန်း အတွေးအခေါ်နှင့် ကမ္ဘာလောကကို အမြင့်မားဆုံး ကိုယ်ပိုင်အသိဖြင့် အတက်ကြွဆုံး ပြုပြင်ပြောင်းလဲနေသော မဟာ တော်လှန်ရေး ခေတ်ကြီးဖြစ်ပေသည်။

မျက်မှောက်ခေတ်တွင် မည်သည့် တော်လှန်ရေးအဖွဲ့အစည်း၏ လှုပ်ရှားမှုပင် ဖြစ်စေ ယင်းလှုပ်ရှားမှုအနေနှင့် တရားနည်းလမ်းကျရုံ၊ လက်တွေ့လိုအပ်သော အပြုအမူ ဖြစ်ရုံ၊ အချိန်မှီရုံနှင့် အောင်ပွဲမရနိုင်ပေ။ သို့မဟုတ် ယာယီနှင့် တစိတ် တပိုင်း အောင်ပွဲကိုသာ ရနိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြီး ထာဝရနှင့် ပြီးပြည့်စုံသော အောင်ပွဲကို မရနိုင်ပေ။ ဤသို့ ဖြစ်ရသည့်အကြောင်းမှာ ကမ္ဘာလောက တခုလုံးကို ကိုယ်ပိုင် အသိရှိရှိဖြင့် ဝိဇ္ဇာနည်းကျ ပြုပြင်ပြောင်းလဲနေသော မဟာတော်လှန်ရေး ခေတ်ကာလထဲသို့ ကျနော်တို့အားလုံး လူသားတရပ်လုံး ရောက်ရှိနေသောကြောင့် ဖြစ်၏။ ကြီးမြတ်သော မာ့စ် နှင့် အိန်ဂျယ် တို့သည် ကမ္ဘာလောကကို အကန်းလို ပြုပြင် ပြောင်းလဲ ခဲ့ရသော လူသားတို့၏ မိုက်မှောင်သော ခေတ်ကာလကို စောစွာ ကတည်းကပင် ဂုဏ်ပြောင်စွာ အဆုံးသတ် ပစ်လိုက်ပြီ ဖြစ်သောကြောင့်တည်း။

မျက်မှောက် ဗမာပြည်လူမျိုးစုများ လှုပ်ရှားမှုသည် ကျယ်ပြန့်လာနေ၏။ နက်နဲနေ၏။ ထို့ကြောင့် ဗမာပြည် ပစ္စည်းမဲ့ လူတန်းစားအနေနှင့် ယင်းပြဿနာကို သိမြင် ဖြေရှင်းနိုင်ရေးနှင့် လူမျိုးစုများ လှုပ်ရှားမှုကိုယ်၌က တိကျ မှန်ကန်သော ဦး တည်ချက်နှင့် လက်ငင်း လုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးကိစ္စ ဖြစ်နေပေသည်။ ယင်းပြဿနာများကို နားလည် ဖြေရှင်းနိုင်ရန်မှာ လည်း မာ့စ်၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်၏ ရပ်တည်မှု၊ အမြင်၊ နည်းနာ တို့ကသာ တတ်စွမ်းနိုင် ပေသည်။

ဤအကြောင်းမှာ ယင်းဝါဒသဘောတရားသည် ကမ္ဘာလောကကို မှန်ကန်စွာ မြင်နိုင်၍ အောင်မြင်စွာ ပြုပြင်နိုင်သည့် တခုတည်းသော အမှန်ဆုံး ဝိဇ္ဇာပညာ ဖြစ်သော ကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ဗမာပြည် လူမျိုးစုများ ပြဿနာကို မာ့စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်၏ ရပ်တည်မှု၊ အမြင် နည်းနာတို့ဖြင့် စူးစမ်း လေ့လာရေး၊ ကိုင်တွယ် ဖြေရှင်းရေးဟူသော မဟာတာဝန်ကြီးသည် ဗမာပြည် ပစ္စည်းမဲ့များ၏ ပခုံး ပေါ်သို့ ကျရောက်နေပေသည်။

ထို့ကြောင့် ယင်းပြဿနာကို မာ့စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအ ခေါ်၏ ရပ်တည်မှု၊ အမြင်၊ နည်းနာတို့ဖြင့် လက်လှမ်းမီသမျှ လေ့လာ စူးစမ်း တင်ပြ ဆွေးနွေး ရခြင်း ဖြစ်ပေသည်။

ဗမာပြည်လူမျိုးစု ပြဿနာကို ဘာ့ကြောင့် တင်ပြရပါသနည်း။ လူမျိုးစု ပြဿနာ ကို အရေးကြီး တင်ပြရသည့် အကြောင်းမှာ “ဗမာပြည် လူမျိုးစု ပြဿနာသည်၊ ကိုလိုနီ တပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက် ဖြစ်သောကြောင့် ဖြစ်၏။”

ဤအချက်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ပိုမို ရှင်းလင်း လွယ်ကူ စေရန် အတွက် အကြောင်းအရာ (၄)ရပ်ကို ဆွဲ၍ ဆွေးနွေး တင်ပြဖို့ လိုပေမည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ၵင်းတို့မှာ၊ -

(၁) ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှုအား ကိုလိုနီတပိုင်း၊ ပဒေသရာဇ် တပိုင်း၊ ဗမာပြည်၏ ထူးခြားချက်ကို ပြဋ္ဌာန်း လိုက်သည့် ရုပ်ပိုင်း အခြေခံ၊

(၂) ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှု၏ အရေးပါမှု၊

(၃) လူမျိုးစုများ လှုပ်ရှားမှုက ဗမာပြည် တော်လှန်ရေးအတွင်း အဓိက ပြဿနာ အဆင့် အတန်းသို့ တက်လှမ်းလာပုံ၊

(၄) ဗမာပြည်တော်လှန်ရေး၏ ထူးခြားသော လက်နက်ကိုင် တပ်ပေါင်းစု ပြဿနာ စသည့် အကြောင်းအရာ (၄)ရပ် ဖြစ်ပေသည်။

၁။ ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှုအား ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာ ပြည်၏ ထူးခြားချက်ကိုပြဋ္ဌာန်းလိုက်သည့် ရုပ်ပိုင်း အခြေခံ၊

ဗမာပြည်သည် လူမျိုးများစွာ ရောပြွန်းနေထိုင်သော လူမျိုးပြွန်းနိုင်ငံ ဖြစ်ခြင်း၊ လူမျိုးကြီးက လူမျိုးငယ်များကို ရေရှည် ဖိနှိပ်အုပ်ချုပ်လာခဲ့ခြင်း၊ လူမျိုးငယ်များက လူမျိုးကြီးများကို ယုံကြည်အားကိုးမှု ကင်းမဲ့လာခြင်း၊ အမျိုးသားရေး ပဋိပက္ခ ကြီးမား လှခြင်း၊ လူမျိုးကြီးက တိုးတက်၍ လူမျိုးငယ်များက ခေတ်နောက်ကျခြင်း၊ လူမျိုးအားလုံး တနိုင်ငံတည်း တွင် ကာလကြာမြင့်စွာ သမိုင်းတလျှောက် အတူတကွ ရောနှော နေထိုင် လာကြခြင်း စသည့် အချက်များသည် လူမျိုးစုများ ပြဿနာကို ကိုလိုနီတပိုင်း၊ ပဒေသရာဇ် တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ပြဋ္ဌာန်းလိုက်သော ရုပ်ပိုင်း အခြေခံများဖြစ်သည်ဟု ကျနော်တို့ မယူဆပေ။ အကြောင်းမှာ အလားတူ အခြေအနေမျိုးကို ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း တရုတ်ပြည် တွင် ဖြစ်စေ၊ အခြား အခွံ့ျိုသော နိုင်ငံများတွင်ဖြစ်စေ အနည်းနှင့်အများ ဆိုသလို တွေ့ နေကျ ကိစ္စ ဖြစ်နေသောကြောင့် ဖြစ်၏။

ဤသို့ဆိုလျှင် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက် ပြဋ္ဌာန်း လိုက်သော ရုပ်ပိုင်းအခြေခံဆိုသည်မှာ ဘာကို ဆိုလိုတာလဲ။ ဦးစွာ အားဖြင့် လူမျိုးစုများ၏ ဦးရေသည် များပြား၍ လယ်သမား လူတန်းစား အများစုမှာ လူမျိုးစုများ ဖြစ်နေခြင်းပင် ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗမာပြည်ရှိ လူမျိုးစုများ၏ ဦးရေသည် တပြည်လုံး လူဦးရေ စုစုပေါင်း၏ တဝက် ကျော် ရှိပေသည်။ တပြည်လုံးရှိ လယ်သမား လူတန်းစား တဝက်ကျော်သည် လူမျိုးစုများ ဖြစ်နေပေသည်။ ထို့ကြောင့် ဗမာပြည်တွင် လယ်သမားအရေးနှင့် လူမျိုးစုများ အရေးသည် ဆက်စပ်မှု အတိုင်းအတာ ပိုမို၍ ကြီးမားနေပေသည်။ ယင်းဧရာမ လူမျိုးစုများ လယ်သမား များသည် ဗမာပြည် လူ့အဖွဲ့အစည်းတွင် ခေတ် အနောက်ကျဆုံးဖြစ်၏။ ဤ အလုပ်သမား လူတန်းစားပြီးလျှင် တော်လှန်ရေးတွင် အတက်ကြွဆုံး ဖြစ်၏။ အင်အား အကြီးဆုံး တော်လှန်ရေး တွန်းအားများ ဖြစ်၏။

လူမျိုးစုများ အင်အားကြီးသည်ဟု ဆိုလိုက်သည့် ရုပ်အခြေခံမှာလည်း ၎င်းတို့၏ ပြဿနာသည် လယ်သမားလူတန်းစား ပြဿနာနှင့် ခွဲမရအောင် ဆက်စပ် နေသော ကြောင့်လည်း ဖြစ်ပေသည်။ ဗမာပြည် တော်လှန်ရေး၏ ရှေ့တန်း တိုက်ပွဲ စစ်မျက်နှာမှ စစ်သည် တော် အများစုမှာ လူမျိုးစုများ ဖြစ်၏။ လယ်သမားများဖြစ်၏။

ဗမာပြည်တော်လှန်ရေး၏ အလုပ်သမား လယ်သမား အခြေခံ မဟာမိတ် သည် လူမျိုးစု လယ်သမားများနှင့် ကင်းကွာလျှင် လက်တွေ့တွင် အရာရောက်လှမည် မဟုတ် ချေ။ လယ်လုပ်သူ လယ်ပိုင်ရေး ပေါ်လစီသည်၎င်း၊ အလုပ်သမား ခေါင်းဆောင်သော လယ်သမား ပြောက်ကျားစစ် ဆိုသည့် အချက်သည်၎င်း၊ ကျေးလက် မီးရှူးတန်ဆောင် ဆိုသည့် အချက် သည်၎င်း၊ ခေတ်မီ တိုးတက်သော ယဉ်ကျေးမှု ထွန်းကားရေးဟူသော လယ်သမား လူတန်းစား၏ ဦးဆုံး လိုအပ်ချက်သည်၎င်း လူမျိုးစုများနှင့် ကင်းကွာလျှင် လက်တွေ့တွင် အရာရောက်လှမည် မဟုတ်ချေ။

ဤ အချက်အလက်များကိုကြည့်လျှင် ဗမာပြည် လူမျိုးစုများ ဦးရေများ ပြားမှုနှင့် လယ်သမား အများစုမှာ လူမျိုးစုများ ဖြစ်နေခြင်း ဟူသောအချက်ကို ရှင်းလင်းစွာပင် တွေ့ရ ပေသည်။ ယင်းသို့သော ရုပ်ပိုင်း အခြေအမြစ်မျိုးကို ကိုလိုနီ တပိုင်း၊ ပဒေသရာဇ် တပိုင်း တရုတ်ပြည်တွင် မတွေ့ရဘဲ (၀၊) အတိုင်းအတာ ကြီးမားစွာ မတွေ့ရဘဲ လက်ရှိ ဗမာပြည်တွင် တွေ့နေရကြောင်း မည်သူမဆို လွယ်ကူစွာ မြင်နိုင်ပေသည်။ ဤ အချက်မှနေ၍ ကိုလိုနီတ ပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်တွင် ထူးခြားသော ရုပ်ပိုင်း အခြေခံများလည်း ရှိနေ ကြောင်း လွယ်ကူစွာပင် နားလည် နိုင်ပေသည်။

ဒုတိယအားဖြင့် ဗမာပြည် လူမျိုးစုများ နေထိုင်ရာ ဒေသများ၏ အကျယ် အဝန်းနှင့် တည်နေရာ နေရာအနေအထားကို ကြည့်၍ ပြောခြင်း ဖြစ်သည်။ ဗမာ ပြည် လူမျိုးစုများ နေထိုင်ရာ ဒေသများကို ကြည့်လျှင် ဗမာပြည်၏ အရှေ့ အနောက် တောင် မြောက် လေး ဘက် လေးတန်မှ ကျယ်ဝန်း ရှည်လျားသော နယ်စပ်ဒေသ တလျောက် ဝိုင်းပတ် တည်ရှိ နေသည်ကို တွေ့ရပေသည်။ လူမျိုးစုဒေသများ၏ အကျယ်အဝန်းမှာ တပြည်လုံး အကျယ်အဝန်း၏ (၅)ပုံ (၃)ပုံမျှ ကျယ်ဝန်း ပေသည်။

လူမျိုးစုများသည် တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး အလွန် ညံ့ဖျင်းကာ သွားရ လာရ အလွန်မှ ခက်ခဲလှ၏။ တပြည်လုံးမှ အရေးကြီး ထွက်ကုန်များ အထူးသဖြင့် သတ္တု တူးဖော်ရေး လုပ်ငန်းများတွင် အရေးကြီးလှသော ဒေသများဖြစ်၏။ ရန်သူ့ဒေသနှင့် အဝေးဆုံး၊ ရန်သူ အရောက်အပေါက် အနည်းဆုံး၊ ရန်သူ့ သြဇာ အမှေး မှိန်ဆုံး ခေတ်နောက် အကျဆုံး ဒေသများ ဖြစ်၏။

ဤဒေသမျိုးသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း တော်လှန်ရေး၏ သေနင်္ဂဗျူဟာ ကျေးလက် အခြေခံဒေသ တည်ဆောက်ရေး ပြဿနာတွင် ပထမ တန်းစား အရေးကြီးသော ဒေသများဖြစ်၏။ အကယ်၍ ဤသို့သော ဒေသမျိုး အ တော်များများသည် လူမျိုးစုများ နေထိုင်ရာ ဒေသ မဟုတ်ဘဲ ရှိနေလျှင် ဓမ္မတာပင် လူမျိုးစုများ ပြဿနာ၏ အရေးကြီးမှုကို အားပျော့သွားစေလိမ့်မည် ဖြစ်သည်။ သို့သော် ဗမာပြည်တွင် ဤသို့သော ဒေသ အားလုံးလိုလိုပင် လူမျိုးစုများနေထိုင်ရာ ဒေသများ ဖြစ်နေသည်ကို တွေ့ရပေသည်။ ဤသို့သော အခြေအနေမျိုးသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း တရုတ်ပြည်နှင့် နှိုင်းယှဉ်ကြည့်လျှင် ထပ်တူ ထပ်မျှ မဟုတ်ဘဲ ထူးခြားမှု ရှိနေကြောင်းကို မည်သူမဆို လွယ်ကူစွာ မြင်နိုင် ပေသည်။

တတိယအားဖြင့် နယ်ခြံဆန့်ကျင်ရေးတိုက်ပွဲ၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲ၊ လူမျိုးရေး အနိုင်ကျင့်မှု ဆန့်ကျင်ရေး တိုက်ပွဲများကို လက်နက်ကိုင် တိုက်ပွဲ အသွင်နှင့် ဖြစ်စေ လူထု တိုက်ပွဲအသွင်နှင့်ဖြစ်စေ၊ ဗမာပြည်၏ သမိုင်းဝင် တော်လှန်ရေးများတွင် ပါဝင်ခဲ့ ကြယုံမက၊ မျက်မှောက် နှစ်(၂၀)ကျော်ကြာ လွတ်မြောက်ရေး စစ်ပွဲအတွင်း လူမျိုးစု များ၏ မိမိတို့၏ ကိုယ်ပိုင် နိုးကြားမှုနှင့် မိမိတို့ဖာသာ လက်နက်စွဲကိုင်ပြီး အမှီအခိုကင်းစွာ ရပ်တည်

တော်လှန်ခဲ့ကြခြင်းပင် ဖြစ်၏။ ဤသို့ဖြင့် ရန်သူဒေသဖြူကို လက်နက်ကိုင် တိုက်ပွဲအသွင်ဖြင့် ဝိုင်းရံ ထားလိုက်သည်ကို ထူးခြားစွာ တွေ့ရပေသည်။

ဗမာပြည်၏ သမိုင်းဝင် တော်လှန်ရေး ခရီးကြမ်းကို ပြန်လည် လေ့လာ ကြည့်လျှင် နယ်ခြဲဆန့်ကျင်ရေးတွင်၎င်း၊ ဖက်ဆစ်ဆန့်ကျင်ရေးတွင်၎င်း၊ လူမျိုးကြီး ဝါဒနှင့် အမျိုးသားရေး အနိုင်ကျင့်မှု ဆန့်ကျင်ရေးတွင်၎င်း၊ လူမျိုးစုများက ရှေ့တန်း စစ်မျက်နှာ များတွင် ရဲရဲတောက် ချီတက် တိုက်ခိုက်ခဲ့ကြသည်ကို တွေ့ရပေသည်။ မျက်မှောက် နှစ်(၂၀)ကျော်ကြာ လွတ်မြောက်ရေး စစ်ပွဲကို ကြည့်လျှင်လည်း လူမျိုးစု အားလုံးလိုလိုပင် မိမိတို့၏ ကိုယ်ပိုင် နိုးကြားမှု ရေချိန်အလိုက် လက်နက်ကိုင် တော်လှန်ရေး လမ်းကြောင်း ပေါ်သို့ ဆင့်ကဲ ဆင့်ကဲ ရောက်ရှိလာခြင်း၊ ခက်ခဲလှသည့် အခြေအနေတွင် မိမိတို့၏ ခြေနှစ်ဖက်ဖြင့် မြဲမြံစွာ ရပ်တည် တိုက်ပွဲဝင်လာခဲ့ ကြခြင်း၊ မိမိတို့၏ လိုအပ်ချက်များကို မိမိတို့၏ လက်နှစ်ဖက်ဖြင့် ဖန်တီးကြကာ အမှီအခို ကင်းစွာ ရပ်တည်လာခဲ့ကြခြင်း၊ ပစ္စည်းမဲ့ လူတန်းစား၏ တိုက်ရိုက် ကူညီဖေးမမှုကို မရရှိသည့် အခြေအနေတွင် နိုင်ငံရေး အရ၊ စစ်ရေး အရ၊ စီးပွားရေးနှင့် အတွေး အခေါ်အရ အမှီအခိုကင်းစွာ ရပ်တည် တိုက်ခိုက်လာ ကြခြင်း၊ မိမိတို့၏ ကိုယ်ပိုင် တိုက်ပွဲ အတွေ့အကြုံအမျိုးမျိုးကို သုံးသပ် ပေါင်းချုပ်ကာ တိုးတက်မှုကို တဆင့်ပြီး တဆင့် ရှာကြံ လှမ်းတက် လာခဲ့ကြခြင်းများကို တွေ့ရပေသည်။

လူမျိုးစုများ၏ အဆင့်ဆင့် တိုက်ပွဲဝင် တော်လှန်မှုနှင့် ပတ်သက်၍ အရေး ကြီးသည့် အချက်အလက်မှာ လူမျိုးစုများသည် ယေဘူယျအားဖြင့် မိမိတို့၏ လှုပ်ရှားမှု အဆင့်တိုင်း တွင် မိမိတို့၏ လူမျိုးစုဆိုင်ရာ လက္ခဏာနှင့် လယ်သမား လှုပ်ရှားမှု လက္ခဏာကို ဆက်စပ် ဖော်ပြခဲ့ခြင်းပင် ဖြစ်ပေသည်။

ဤအချက်တွင်လည်း ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည် တော် လှန်ရေးပြဿနာသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း တရုပ်ပြည်နှင့် ထပ်တူ မဟုတ်ဘဲ သူ့ကိုယ်ပိုင် ထူးခြားချက်ကို ပြဋ္ဌာန်းသော ရုပ် အခြေခံအားများလည်း ရှိ သေးကြောင်း လွယ်ကူစွာ မြင် နိုင်ပေသည်။ အထက်ဖော်ပြပါ လူမျိုးစုများ၏ ဦးရေ များပြား၍ လယ်သမား တဝက်ကျော်မှာ လူမျိုးစုများဖြစ်ခြင်း၊ ဗမာပြည်ရှိ လူမျိုးစုများ နေထိုင်ရာ ဒေသ၏ တည်နေရာ အနေအထားနှင့် အကျယ်အဝန်း ဗမာပြည် သမိုင်းဝင် တော်လှန်ရေးများတွင် တက်ကြွစွာ ပါဝင်ခဲ့ယုံမက၊ မျက်မှောက် လွတ်မြောက်ရေး စစ်ပွဲတွင်လည်း မိမိတို့၏ ကိုယ်ပိုင် နိုးကြားမှု

ဖြင့် အမှီအခိုကင်းစွာ ထကြွ ပုန်ကန် လာကြကာ ရန်သူ့ ဒေသဖြူကို လက်နက်ကိုင် တိုက်ပွဲ အသွင်ဖြင့် ဝိုင်းရံ ထားကြခြင်း ဟူသော အချက်ကြီး (၃)ချက်သည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ပြဋ္ဌာန်းသော ရုပ်ပိုင်း အခြေခံ ဖြစ် ပေသည်။

သို့သော်လည်း ရုပ်ပိုင်း အခြေခံသည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ဖော်ပြသော အလုံးစုံသော သဏ္ဌာန် မဟုတ်သေးပေ။ အလုံးစုံသော သဏ္ဌာန် ၏ ရုပ်ပိုင်းအခြေခံ (၀ါ) ရုပ်ပိုင်း အခြေအနေ (၀ါ) အစပြု ချက်မျှသာ ဖြစ်ပေသည်။ သို့သော်ယင်း အလုံးစုံသော ထူးခြားချက်တို့၏ အစပြု ချက်ဖြစ်သည့် ယင်း ရုပ်ပိုင်း အခြေခံ (၀ါ) ရုပ်ပိုင်း အခြေအမြစ်ကို ရှင်းလင်းစွာ မြင်မထားပါက အခြားသော ထူးခြားချက်များကိုလည်း ရှင်းလင်းစွာ နားလည် နိုင်မည် မဟုတ်ပေ။ အကြောင်းမှာ ပြဿနာ၏ အစပြုချက်ကို သိမြင် နားလည်ခြင်း မရှိသောကြောင့် ဖြစ်ပေသည်။

၂။ ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှု၏ အရေးပါမှု၊

ဗမာပြည်တော်လှန်ရေးတွင် လူမျိုးစုများ၏ လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲမှု အတိုင်းအတာသည် သိပ် မသေးငယ်လှပေ။ သူတို့သည် တပြည်လုံး၏ နယ်မြေ (၅)ပုံ (၃)ပုံ ပေါ်ရှိ လူမျိုးစုဒေသများတွင် လက်နက်ကိုင်တိုက်ပွဲ အသွင်ဖြင့် စည်းရုံးလှုပ်ရှား ကြပြီး ရန်သူအား ဘက်စုံ ထိရောက်စွာ ထိုးနှက် တိုက်ခိုက်နေသည်ကို တွေ့ရပေသည်။ ဤအချက်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ခွဲခြား မြင်နိုင်ပေသည်။

နိုင်ငံရေးအရ ။ ။ လူမျိုးစုများ၏ လက်နက်ကိုင် တော်လှန်ရေးသည် ရန်သူ လူတန်းစားကို နိုင်ငံရေးအရ အကြီးအကျယ်ပင် တကောင်ကြွက်ဘဝသို့ ရောက်စေပေသည်။ ဤအချက်နှင့်ပတ်သက်၍ ရန်သူများက “အမျိုးသား စည်းလုံး ညီညွတ်ရေး” “ပြည် ထောင်စုကြီး စည်းလုံးခိုင်မာရေး”ဟူသော နိုင်ငံရေး လှုံ့ဆော်မှုများကို မပြတ်မလပ် လုပ်နေရ ခြင်းက ပေါ်လွင်စေခဲ့ပေသည်။ ဤ အချက်ကို ကြည့်လျှင် လူမျိုးစုများ၏ လက်နက်ကိုင် တိုက်ပွဲသည် နိုင်ငံရေးအရ ရန်သူအား တကောင်ကြွက် ဖြစ်ရန်အတွက် မည်မျှ အရေး ကြီးသော စွမ်းဆောင်မှု ဖြစ်ကြောင်းကို လွယ်ကူစွာ မြင်တွေ့နိုင်ပေသည်။ ဤကိစ္စသည် လူမျိုးစုများ အနေနှင့် ဗမာပြည် တော်လှန်ရေးတွင် အကြီးကျယ်ဆုံး စွမ်းဆောင်မှု ဖြစ်၏။ လူမျိုးစုံ ပြည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သူများ၏ တောင်းဆိုချက်နှင့် ကိုက်ညီ၍ တော်လှန် ရေး၏ လိုအပ်ချက်လည်း ဖြစ်၏။ ဗမာပြည် ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှုကို အကြီးမားဆုံး ကောင်းမှု ပြုလိုက်ခြင်း လည်း ဖြစ်၏။

စစ်ရေးအရ ။ ။ လူမျိုးစု တော်လှန်ရေးများသည် လက်နက်ကိုင် တိုက်ပွဲ အသွင်ဖြင့် ရန်သူ၏ ဒေသဖြူကို ဝိုင်းရံထားလျက်ရှိ၏။ ထို့နောက် အခြေခံအားဖြင့် ပြောက်ကျား စစ်ပွဲကို ဆင်၊ လှုပ်ရှားစစ်ကို ရှေ့ဆောင်အဖြစ်ထားကာ ရန်သူ၏ လက်ရှိ အင်အား များကို သုတ်သင် ချေမှုန်းလျက် ရှိကြ၏။ ထို့ပြင် ရန်သူ၏ သေနင်္ဂဗျူဟာ အခြေခံ စခန်းများ၊ ဆက် သွယ်ရေး နှင့်ထောက်ပံ့ရေး လမ်းကြောင်းများကို တိုက်ခိုက်ဖျက်ဆီးပစ်ခြင်း၊ ဆုပ်ငင်ထား ခြင်း၊ ခြိမ်းခြောက်နေခြင်း စသည့် စစ်ရေးဆောင်ရွက်ချက်များကို ထိရောက်စွာပင် လုပ် ဆောင် လျက် ရှိနေကြပေသည်။ စစ်ရေးနှင့် ပတ်သက်၍ လူမျိုးစု တော်လှန်ရေးများ၏ အကြီးမား ဆုံး စွမ်းဆောင်ချက်မှာ ရန်သူ၏ လက်ရှိအင်အားနှင့် ရုပ်ဝတ္ထုပစ္စည်းအင်အားကို အကြီးအကျယ် ကုန်ခမ်းစေသည့်အပြင် ရှည်လျား ကျယ်ပြောသော ဒေသတလျောက် အင်အားကြီးမားသော ရန်သူတပ်များကို အင်အားသေးသွားအောင် ဖြန့်ခွဲ ပစ်နိုင်စွမ်း ရှိခြင်း ပင် ဖြစ်လေသည်။

ဤအချက်သည် စစ်ရေးဘက်တွင် ဗမာပြည်တော်လှန်ရေးကို အကောင်းဆုံး အလုပ်အကျွေးပြု စွမ်းဆောင်နိုင်သည့် အချက်ဖြစ်၏။

စီးပွားရေးအရ ။ ။ လူမျိုးစု တော်လှန်ရေးများသည် ရန်သူ၏ ဆန် စပါး၊ သစ်တော၊ ရေနံနှင့် သတ္တု၊ ရေထွက်ပစ္စည်း စသည့် နိုင်ငံတော်၏ အရေးကြီး ကုန်ပစ္စည်း အခြေခံ အရင်းအမြစ်များကို သိမ်းပိုက်ထားပြီး တိုက်ခိုက်ဖျက်ဆီးပစ်ခြင်း၊ ရပ်ဆိုင်းသွား အောင် လုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် လက်တွေ့လုပ်ရပ်တို့ဖြင့် ရန်သူ၏ စီးပွားရေး လုပ်ငန်းအရပ်ရပ်ကို အကြီးအကျယ် ထိခိုက်စေကာ စီးပွားရေး အကျပ်အတည်းဟူသော ချောက်ကမ်းပါးထဲသို့ ရန်သူအား အားကောင်းကောင်းနှင့် တွန်းပို့လျက်ရှိနေပေသည်။ ရန်သူ၏ ဘဏ္ဍာရေးအင်အားကို ခြောက်ခန်းစေလျက် ရှိနေပေသည်။ ဤအချက်သည် လည်း လူမျိုးစု တော်လှန်ရေးများ၏ ကြီးမားသော ကောင်းမှု ပြုချက်ပင် ဖြစ်ပေသည်။

ယဉ်ကျေးမှုအရ ။ ။ လူမျိုးစု တော်လှန်ရေးအင်အားစုများသည် ရန်သူ၏ ယဉ်ကျေးမှုနှင့် ဝါဒဖြန့်ချိရေး လုပ်ငန်းများကို ကျယ်ပြန့်သော ကျေးလက်ဒေသများအတွင်း တိုက်ဖျက် နှောက်ယှက် ပစ်နိုင်ကြ၏။ ဤမျှသာ မဟုတ်သေးဘဲ ကျယ်ပြန့်သော ကျေးလက် လူမျိုးစု ဒေသများတွင် ရန်သူအား ဆန့်ကျင်ထားသည့် မိမိတို့ အမျိုးသား စာပေ ယဉ်ကျေးမှုနှင့် ပညာရေးလုပ်ငန်းများကို အင်အားရှိသမျှ ကြိုးစားပမ်းစား ထူထောင်နေကြသည်ကို တွေ့ရပေသည်။ ဤသို့ဖြင့် ရန်သူ လူတန်းစား၏ ယဉ်ကျေးမှုအဟောင်းကို တိုက်ဖျက် ကြကာ ပိုမို ပြီး ဒီမိုကရေစီကျသည့် အမျိုးသား စာပေ၊ ယဉ်ကျေးမှုများကို ထူထောင်ကြ လေသည်။ ဤ အချက်သည်လည်း လူမျိုးစုများ၏ မသေးငယ်လှသော စွမ်းဆောင်မှုများ အဖြစ် မြင်နေ ရ ပေသည်။

ဤ အထက်ပါ အချက်အလက်များကိုကြည့်လျှင် လူမျိုးစုများ၏ လက်နက် ကိုင် တော်လှန်ရေးသည် ရန်သူအား နိုင်ငံရေးအရ မည်မျှ တကောင်ကြွက် ဖြစ်စေ ကြောင်း၊ စစ် ရေးအရ ရန်သူကို ဖြိုခွဲပစ်ပြီး အားသေးသွားအောင် လုပ်နိုင်သည့်အပြင် ရန်သူ့ လက်ရှိ အင်အားနှင့် ရုပ်ဝတ္ထုအင်အားကို မည်မျှ ကုန်ခမ်း သွားစေကြောင်း၊ စီးပွားရေးအရ ရန်သူကို မည်မျှ အကျပ်အတည်း ဆိုက်ရောက် နေစေကြောင်း၊ ယဉ်ကျေးမှုအရ ရန်သူ၏ စည်းရုံး ဝါဒဖြန့်မှုကို မည်မျှ တိုက်ဖျက် နိုင်ကြောင်းကို လွယ် ကူစွာ တွေ့မြင်နိုင်ပေသည်။

ဤစွမ်းဆောင်မှုများကိုကြည့်လျှင် ဗမာပြည်လူမျိုးစုများ၏ လှုပ်ရှားမှုများသည် တော်လှန်ရေးစစ်ပွဲ၏ အရေးကြီးအဆင့်သို့ စောစွာကတည်းကပင် ရောက်ရှိ နေခဲ့ပြီး ဖြစ်ကြောင်း တွေ့ရလေသည်။ တနည်းအားဖြင့် လူမျိုးစုများ၏ ထူးခြားသော ရုပ်ပိုင်း အခြေခံပေါ်တွင် ယင်းတို့၏ လှုပ်ရှားမှု အတိုင်းအတာနှင့် သဏ္ဌာန်သည် ယင်း လှုပ်ရှားမှု၏ အရေးကြီးမှုကို အတိအကျ အကောင်အထည် ရှိရှိ ဖော်ပြလိုက်ခြင်း ဖြစ်ပေ သည်။ ဤ သည်ပင် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ပင်ကိုယ် ထူးခြား ချက်ကို ညွှန်ပြ လိုက်ခြင်းလည်း ဖြစ်ပေသည်။

၃။ လူမျိုးစုများ လှုပ်ရှားမှုက ဗမာပြည် တော်လှန်ရေးအတွင်း အဓိက ပြဿနာ အဆင့်အတန်းသို့ တက်လှမ်းလာပုံ၊

ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှုက ကိုလိုနီတပိုင်း ပဒေသရာဇ် တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ဖန်တီးလိုက်သည့် အချက်များအဖြစ် ကြည့်ရာတွင် ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှု၏ ကြုံခိုင်သော တော်လှန်သည့် လက္ခဏာနှင့် ယင်း၏ အဆက်မပြတ် ဖြစ်ပေါ် တိုးတက်မှုသည် ပို၍ အရေးကြီးသော အကြောင်းအချက် တရပ် အဖြစ် တွေ့ရပေသည်။

ဤ အချက်နှင့်ပတ်သက်၍ ဦးစွာအားဖြင့် ရှည်လျား ကြမ်းတမ်း ပြင်းထန် လှသည့် လက်နက်ကိုင် တိုက်ပွဲကို ကိုယ့်အားကိုယ်ကိုး၊ ရေရှည်ဇွဲဖြင့် ကြုံကြိုခံ ဆင်နွှဲရင်း ကြွယ်ဝသော စစ်ရေး နိုင်ငံရေး စည်းရုံးရေး အတွေ့အကြုံများကို မိမိတို့၏ လက်တွေ့ တိုက်ပွဲများ အတွင်းမှ ရရှိခဲ့ကြ၏။

လူထုတိုက်ပွဲ၊ စစ်ရေးတိုက်ပွဲနှင့် နိုင်ငံရေးတိုက်ပွဲ၊ ရှေ့တန်းစစ်မျက်နှာ လုပ်ငန်း နှင့် စစ်နောက်ပိုင်း လုပ်ငန်း၊ ဒေသဖြူ လုပ်ငန်းနှင့် ဒေသနီ လုပ်ငန်း၊ ပါတီတွင်းလုပ်ငန်းနှင့် ပါတီပ လုပ်ငန်း၊ တပ်တွင်းလုပ်ငန်းနှင့် တပ်ပြင် လုပ်ငန်း၊ စစ်ရေး လုပ်ငန်းနှင့် နိုင်ငံရေး လုပ်ငန်း၊ တော်လှန်ရေး လုပ်ငန်းနှင့် ပြုပြင်ရေး လုပ်ငန်း၊ ဗြောင်ကျသော တိုက်ပွဲနှင့် မသဲ ကွဲသော တိုက်ပွဲ၊ ကြမ်းတမ်းသော တိုက်ပွဲနှင့် သိမ်မွေ့ ရှုပ်ထွေးသော တိုက်ပွဲ၊ ရန်ဘက် ပဋိပက္ခနှင့် ပြည်သူတွင်း ပဋိပက္ခ၊ စီးပွားရေး လုပ်ငန်းနှင် ဘဏ္ဍာရေး လုပ်ငန်း၊ အတွေးအခေါ် လုပ်ငန်း နှင့် ယဉ်ကျေးမှု လုပ်ငန်း၊ ပါတီ တပ်မတော်နှင့် တပ်ပေါင်းစု တည်ဆောက်ရေး လုပ်ငန်း စသည့် အထွေထွေ လုပ်ငန်းများကို တခုချင်း ဆောင်ရွက် သည့် အတွေ့အကြုံ ဆက်စပ် တွဲဖက် ဆောင်ရွက်သည့် အတွေ့အကြုံများကို အမှန် ဘက်နှင့် ဆန့်ကျင်ဘက်များ ရရှိခဲ့ ကြပေသည်။ (သဘောတရားရေး၏ အခြေခံသည် လက်တွေ့ဖြစ်၍ ခံယူမှုကို အတွေ့အကြုံက ပြဋ္ဌာန်းသည်ဟူသော မာ့စ်ဝါဒ အမြင်အရ ကြည့်လျှင် ယင်း လူမျိုးစု လက်နက်ကိုင် တိုက်ပွဲများ၏ ရှည်လျားကြွယ်ဝသော အတွေ့ အကြုံများသည် အလွန်တရာမှပင် အဖိုးထိုက်တန်ကြောင်း မာ့စ်ဝါဒီတိုင်း လွယ်ကူစွာ နားလည် နိုင်ပေသည်။

ဒုတိယ အားဖြင့် လူမျိုးစု လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း အတော် များများသည် မိမိတို့၏ ကိုယ်ပိုင် နိုးကြားမှု၊ ကိုယ်ပိုင်တိုက်ပွဲ အတွေ့အကြုံများမှတဆင့် ပိုမို မြင့်မားသော နိုင်ငံရေး ခံယူမှုအဆင့်သို့ တလှမ်းပြီး တလှမ်း ခြေလှမ်း မှန်မှန်ဖြင့် လှုပ်ရှား တက်ကြစွာ လှမ်းလာနေခြင်းပင် ဖြစ်သည်။

ယနေ့ လူမျိုးစု လက်နက်ကိုင် တော်လှန်ရေးအင်အားစုအခ့ျိုသည် မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ သဘောတရားရေး လမ်းညွှန်မှုကိုခံယူကာ ယင်း သဘောတရားရေး လမ်းညွှန်မှုအရ ပါတီ၊ တပ်မတော်၊ တပ်ပေါင်းစုကို တည် ဆောက်ပြီး မိမိတို့၏ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး လုပ်ငန်းများကို မြင့်မားသော အသိစိတ်ဓါတ်နှင့် တည်ဆောက်နေကြပေသည်။ အခ့ျိုသော အဖွဲ့အစည်းများမှာ ခံယူ နိုင်သော အဆင့်မှနေ၍ စတင် ခံယူ ကျင့်သုံးလာနေကြ၏။ အခ့ျိုမှာ ယင်း ဝါဒ သဘောတရားကို ခံယူကျင့်သုံးရန် လိုအပ်ကြောင်းကို မိမိတို့၏ ကိုယ်ပိုင် အတွေ့အကြုံ များမှ တစတစ သဘောပေါက်စ ပြုလာကြပြီ ဖြစ်သည်။

လူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများ၏ ရှေ့သို့ ချီတက်ခဲ့သည့် ဖြစ်စဉ်၊ မာ့စ် လီနင် ဝါဒကို ခံယူ ကျင့်သုံးသည့် ဖြစ်စဉ် တိုက်ပွဲခရီးကို ဖြတ်သန်း၍ တရွေ့ ရွေ့ ချီတက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပေသည်။ အကြောင်းမှာရှေ့သို့ဆက်လက်ချီ တက်မှု၊ မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ခံယူကျင့်သုံးမှုသည် အဖွဲ့အစည်းအတွင်း ပါတီတွင်း တိုက်ပွဲအရသာ ဖြစ်ထွန်း လာသောကြောင့် ဖြစ်ပေသည်။ မိမိတို့၏ အတွင်းပိုင်း နိုးကြားမှု၊ လူတန်းစား တိုက်ပွဲဆင်မှု အရသာ ဖြစ်ထွန်းလာသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ခြေလှမ်းမှန်မှန်ဖြင့်သာ တရွေ့ရွေ့ ချီတက်လာ သည်ကို တွေ့ရပေသည်။

ဤ အချက်အလက်များသည် လက်တွေ့ ပကတိ ဖြစ်ရပ်ဖြစ်၍ အသိအမှတ် မပြု၍မ ဖြစ်ချေ။ မာ့စ် လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်၏ အခြေခံ အမြင်အရ ဆိုလျှင် သဘောတရား၏ အခြေခံသည် လက်တွေ့ ဖြစ်ပေသည်။ လူတို့၏ လူမှုရေး အသိ၏ အခြေခံသည် လူတို့၏ လူမှုရေးလက်တွေ့ ဖြစ်ပေသည်။ အရာ ကိစ္စတခု၏ လှုပ်ရှားပြောင်းလဲမှု တိုးတက်မှု၏ အခြေခံ အကြောင်းအရင်းသည် ယင်းကိစ္စ၏ အတွင်းပိုင်း ပဋိပက္ခကြောင့် ဖြစ်၏။

တော်လှန်ရေးကို ပြင်ပမှ တင်သွင်း၍ မရဟူသော ရုပ်ဝါဒအရဆိုလျှင် လူမျိုးစုများ အနေနှင့် မိမိတို့ဘာသာ မိမိတို့၏ အတွင်းပိုင်း တိုက်ပွဲအရ မိမိတို့၏ ကိုယ်ပိုင် နိုးကြားမှုအရ၊ လက်နက်ကိုင် တော်လှန်ရေးကို ဆင်နွှဲပြီး လွတ်မြောက် ရေးကို ရှာကြံကြခြင်း၊ မာ့စ် လီနင် ဝါဒ မော်စီတုန်း အတွေးအခေါ်ကို တစတစ ခံယူ ကျင့်သုံးလျက် ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့်

ချီတက်ခဲ့ခြင်းဟူသော လက်တွေ့ ဖြစ်ရပ်များသည် ဗမာပြည် တော်လှန်ရေးအတွက် ဗမာပြည် ပစ္စည်းမဲ့ အရေးတော်ပုံနှင့် ကမ္ဘာ့တော်လှန်ရေးနှင့် ကမ္ဘာ့ပစ္စည်းမဲ့ အရေးတော်ပုံအတွက် အလွန်တရာမှပင် အဖိုး ထိုက်တန် လှပေသည်။ (ဗမာပြည် တော်လှန်ရေး၏ ကြီးမားသော သာလွန်ချက်လည်း ဖြစ်ပေသည်။)

"တနည်းအားဖြင့် ပြောလျင် ဘဝနှင့် ယှဉ်သော အသိ၊ လက်တွေ့နှင့် ယှဉ် သော သဘောတရား၊ ခံစားချက်နှင့် ယှဉ်သော ခံယူကျင့်သုံးမှု၊ အတွင်းပိုင်း နိုးကြား တိုက်ပွဲဆင်မှုနှင့် ယှဉ်သော ပြင်ပ တွန်းအားများသည်သာလျှင် ထိရောက် ခိုင်မြဲ နိုင်ပေသည်။"
(ထို့ကြောင့် လူမျိုးစုများ၏ လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင်မှု မှစ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို တစတစ ဆုပ်ကိုင် ကျင့်သုံးရင်း ရှေ့သို့ တက်လှမ်း ချီတက်နေမှုဟူသော အချင်းအရာသည် ဗမာပြည် တော်လှန်ရေး၏ သာလွန်ချက် ဖြစ်၏။ လူမျိုးစုပြဿနာကို တော်လှန်ရေးပြဿနာ၏ အရေးကြီးဆုံး အဆင့်သို့ တွန်းတင်ထားသော အချက်ဖြစ်သည်။)
(အကယ်၍ လူမျိုးစုများ လှုပ်ရှား မှုတွင် ထူးခြားသော ရုပ်ပိုင်း အခြေခံ၊ ယင်း၏ အတိုင်းအတာ ကြီးမားမှု ရှိသော်လည်း ယင်းလှုပ်ရှားမှုကိုယ်၌က တော်လှန်သောလက္ခဏာနှင့် တိုးတက်မှု လက္ခဏာမရှိလျှင် ဤပြဿနာသည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်အား ထူးခြားမှုကို အနည်းငယ်မျှပင် ဖြစ်စေနိုင်မည် မဟုတ်ချေ။ အကြောင်းမှာ မှစ် လီနင်ဝါဒသည် အရာကိစ္စတရပ်ကို ကြည့်ရှု အကဲဖြတ်ရာတွင် ယင်းအရာ ကိစ္စ၏ လက်တွေ့ကျသော တော်လှန်သည့် လက္ခဏာနှင့် တိုးတက်သော ဦးတည်ချက်ကို အခြေခံ၍ အကဲဖြတ်လေ့ ရှိသောကြောင့် ဖြစ်ပေသည်။)

ဤ အချင်းအရာကို ကြည့်လျှင် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာ ပြည်သည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း တရုတ်ပြည်နှင့် ယေဘူယျ တူညီချက် များ ရှိနေသည့်တချိန်တည်းတွင် မိမိတို့၏ ကိုယ်ပိုင် ထူးခြားချက်ကလည်း ရှိနေ ကြောင်းကို မှစ်ဝါဒ အမြင်အရ ရိုးရိုးလွယ်လွယ်နှင့်ပင် မြင်နိုင်ပေသည်။

၄။ ဗမာပြည်တော်လှန်ရေး၏ ထူးခြားသော လက်နက်ကိုင် တပ်ပေါင်းစုပြဿနာ

သမိုင်းတွင် အဆက်မပြတ် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးများတွင် မိတ် ဆွေ (ဝါ) မဟာမိတ်မရှိဘဲ အောင်ပွဲ မဆင်နိုင်ခဲ့ဟူသော ကောက်ချက်သည်၊ မှစ် လီနင်ဝါဒ မော်စီတုန်း

အတွေးအခေါ်၏ အရေးကြီး အချက်တချက်ဖြစ်ကြောင်း ကျနော် တို့ လက်ခံထားကြပေသည်။ တစုံတရာသော နိုင်ငံတကာ အခြေအနေနှင့် တစုံတရာ သော ပြည်တွင်းအခြေအနေက ပြဋ္ဌာန်းလိုက်သော တပ်ပေါင်းစု (ဝါ) ကျင့်သုံးသော ပြည်သူ့ တရုတ်ပြည်ကို မွေးထုတ်ခဲ့ပေသည်။ ပစ္စည်းမဲ့ အာဏာရှင် စံနစ် ကျင့်သုံးသော ဆိုရှယ်လစ်စနစ် တည်ဆောက်ရန် အတွက် ရှေးဦး လိုအပ်ချက်ကို ဖန်တီးခဲ့၏။ ကျနော်တို့၏ တော်လှန်ရေးတွင် ပစ္စည်းမဲ့ လူတန်းစား အမှူးပြုသော တပ်ပေါင်းစုနှင့်သာ အောင်ပွဲခံနိုင်မည်ဟူသော အချက်ကို နိုင်ငံတကာ တော်လှန်ရေး အတွေ့အကြုံများနှင့် ကျနော်တို့၏ ကိုယ်ပိုင် အတွေ့ အကြုံများက ကျနော်တို့အား ပြသခဲ့ပြီး ဖြစ်ပေသည်။

သို့သော် တပ်ပေါင်းစု ပြဿနာနှင့်ပတ်သက်၍ ကျနော်တို့ မျက်မှောက်ပြု နေရသော အခြေအနေသည် ပဒေသရာဇ် နယ်ခြဲ ရုရှားနှင့် တူပါသလော။ ကျနော် တို့၏ အဖြေမှာ မတူဟူ၍ ဖြစ်၏။ အကြောင်းမှာ ကျနော်တို့ တိုင်းပြည်၏ လူ့အဖွဲ့အစည်းလက္ခဏာမှာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း ဖြစ်သော ကြောင့် ဖြစ်၏။ ဤသို့ဆိုလျှင် တပ်ပေါင်းစု ပြဿနာတွင် ကိုလိုနီတပိုင်း၊ ပဒေသ ရာဇ်တပိုင်း တရုတ်ပြည်နှင့် တူပါသလော။ ကျနော်တို့၏ အဖြေမှာ ထပ်တူ ထပ်မျှ လည်း မဟုတ်သေးဟူ၍ ဖြစ်၏။ တရုတ်ပြည်နှင့် ဗမာပြည်သည် လူ့အဖွဲ့အစည်း လက္ခဏာခြင်း တူညီလေသည်။ ယေဘူယျ တပ်ပေါင်းစု လက္ခဏာသည် တူညီ ပေသည်။ သို့သော် ကျနော်တို့အတွက် တရုတ်ပြည်နှင့် တူညီသော အခြေခံပေါ်တွင် ကိုယ့်ကိုယ်ပိုင် ထူးခြားချက် အခြုံလည်း ရှိပေသေးသည်။ ဤ ထူးခြားချက်ကို ကျနော်တို့ နိုင်ငံ၏ ထူးခြားသော ရုပ်ပိုင်း အခြေခံနှင့် ယင်းရုပ်ပိုင်း အခြေခံ၏ တည်ရှိမှု သဏ္ဌာန်က ပြဋ္ဌာန်း လိုက်လေသည်။

ဤ အချက်နှင့် ပတ်သက်၍ ဖော်ပြရာတွင် ဦးစွာအားဖြင့် အလုပ်သမား လယ်သမား အခြေခံ မဟာမိတ် ပြဿနာမှ စတင် ခွဲခြမ်းစိတ်ဖြာရမည် ဖြစ်ပေသည်။ ဗမာပြည် အလုပ်သမား လူတန်းစား၏ အခြေခံမဟာမိတ်ဖြစ်သော လယ်သမား လူတန်း စားသည် တရုတ် လယ်သမားလူတန်းစားနှင့် ထပ်တူ ထပ်မျှ မဟုတ်ပေ။ အကြောင်းမှာ ဗမာပြည် လယ်သမား အများစုမှာ လူမျိုးစုများ ဖြစ်နေသောကြောင့် ဖြစ်သည့်အပြင်၊ ယင်း လယ်သမား အတော်များများကို သက်ဆိုင်ရာ လူမျိုးစု တော်လှန်ရေး အဖွဲ့ အစည်းများက စည်းရုံးထားသောကြောင့် ဖြစ်ပေသည်။ ယင်း လူမျိုးစု လယ်သမား များသည် လယ်သမားလူတန်းစား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အသိအမြင် နယ်ခ့ျဲဆန့်ကျင်ရေးဟူသော ယေဘုယျ အမျိုးသား ရှိနေသောကြောင့် ဖြစ်၏။ သို့မဟုတ် ယင်းအသိမျိုးရှိသော လယ်သမား လူတန်းစား၏ ထုထည်မှာ တရုတ်ပြည်ထက် အတိုင်းအတာ ပိုကြီးနေသောကြောင့် ဖြစ်၏။

ဤအချက်ကိုကြည့်လျှင် တရုတ်လယ်သမားနှင့် ဗမာလယ်သမား တရုတ် အလုပ်သမား လယ်သမား အခြေခံ မဟာမိတ်၏ နိုင်ငံရေးမျှော်မှန်းချက်နှင့် ဗမာပြည် အလုပ်သမား လယ်သမား အခြေခံ မဟာမိတ်၏ နိုင်ငံရေး မျှော်မှန်းချက်တို့သည် ယေဘုယျ တူညီသည်မှာ ထပ်တူ ထပ်မျှ မဟုတ်နိုင်ကြောင်းကို လွယ်ကူစွာ နားလည် နိုင်ပေသည်။

ဒုတိယအားဖြင့် လက်နက်ကိုင် တော်လှန်ရေး တပ်ပေါင်းစု ပြဿနာ ဖြစ်၏။ တရုတ်ပြည် တော်လှန်ရေးတွင် တရုတ် အလုပ်သမား လူတန်းစားက မဟာမိတ် လက်နက်ကိုင် တော်လှန်ရေး တပ်ပေါင်းစုကို ဖွဲ့စည်းရန် ရှာဖွေရာတွင် လူမျိုးစု လက်နက်ကိုင် တော်လှန်ရေး အင်အားစုများနှင့် မကြုံတွေ့ခဲ့ရပေ။ (၀၂) အတိုင်းအတာ မကြီးမားခဲ့ပေ။

ထို့ကြောင့် ဗမာပြည်တော်လှန်ရေး၏ လက်နက်ကိုင်တော်လှန်ရေး တပ်ပေါင်း စု၏ အခြေခံ နိုင်ငံရေးရည်ရွယ်ချက်မှာလည်း တရုတ်ပြည်နှင့် တူညီသော အခြေခံ ရှိသည်မှအပ၊ လုံး၀ ထပ်တူထပ်မျှ မဖြစ်နိုင်ကြောင်းကို လွယ်ကူစွာပင် နားလည် နိုင်ပေသည်။

တတိယအားဖြင့် လက်နက်ကိုင်တော်လှန်ရေး တပ်ပေါင်းစုကို ဖွဲ့စည်းရာတွင် ထပ်တူ မဖြစ်သည့် အချက်ဖြစ်၏။ ဗမာပြည် တော်လှန်ရေး လက်နက်ကိုင် တော်လှန်ရေး တပ်ပေါင်းစုကို စည်းရုံးရာတွင် မဟာမိတ်ပြု စည်းရုံးရမည့် အင်အားစု များသည် အမှီအခိုကင်းစွာ လက်နက်ကိုင် တိုက်ပွဲဆင်နေသော၊ လူမျိုးစု တော် လှန်ရေးများ ဖြစ်သည့်အပြင် အလုပ်သမား လူတန်းစား ပါတီအနေနှင့် ယင်း အဖွဲ့ အစည်းအခ့ျိုနှင့် ယခင်က လက်နက်ကိုင် ပဋိပက္ခ အတော်ကြီးကြီးမားမား ဖြစ်ခဲ့ ဖူးသော အချက်ကို တွေ့ရပေသည်။

ဤ အချက်မှနေ၍ လက်နက်ကိုင် တော်လှန်ရေးတပ်ပေါင်းစုကို စည်းရုံး ရာတွင်၎င်း၊ အခက်အခဲ ပိုများ၍ ပိုမို နှေးကွေးမည်မှာ သေချာပေသည်။ သမိုင်းကလည်း ဤအချက်ကို ပြသခဲ့၏။ ထို့ကြောင့် လက်နက်ကိုင် တော်လှန်ရေး တပ်ပေါင်းစု ဖွဲ့စည်းရာတွင်၎င်း၊ ယင်း တပ်ပေါင်းစုအပေါ် အလုပ်သမား လူတန်းစား ဦးဆောင်မှု ထူထောင်ရာတွင်၎င်း၊ ဗမာပြည် တော်လှန်ရေးနှင့် တရုတ်ပြည် တော်လှန်ရေးအတွင်း ကျင့်သုံးသည့် နည်းပရိယာယ်မှာလည်း ယေဘူယျ တူညီချက် မှအပ လုံး၀ ထပ်တူထပ်မျှ မဖြစ်နိုင်ကြောင်းကို လွယ်ကူစွာ နားလည်

နိုင်ပေသည်။ ဗမာပြည် တော်လှန်ရေးအဖို့ ထူးခြားချက် အခ့ျုိကို မျက်မှောက်ပြုနေရ ကြောင်း သမိုင်း ကလည်း ပြသခဲ့ပြီး ဖြစ်သည်။

တပ်ပေါင်းစု ပြဿနာဆိုင်ရာ အထက်ပါ အချက် (၃)ချက်ကို ချုပ်လိုက်လျှင် (၁) တပ်ပေါင်းစု ပြဿနာတွင် ဗမာပစ္စည်းမဲ့လူတန်းစားသည် မှစ် လီနင် တို့၏ တပ်ပေါင်းစုဆိုင်ရာ အရင်းခံ အကျဆုံး"မူ"ကို ဆုပ်ကိုင်၍ ကိုလိုနီတပိုင်း၊ ပဒေသရာဇ် တပိုင်း တရုတ်ပြည်၏ "တပ်ပေါင်း စုမူ"ကို နီးကပ်စွာ အခြေခံကာ ယင်း အခြေခံနှင့် ကိုယ့်လက်တွေ့ တပ်ပေါင်းစု ဖွဲ့စည်းမှု ဆိုင်ရာ ထူးခြားချက်နှင့် သိပ်သီးစွာ ပေါင်း စပ်ရမည်။ ဤအချက်မှနေ၍ တပ်ပေါင်းစုဆိုင်ရာ မှစ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ သဘောတရားရေး သဏ္ဌာန် တပ်ကို လက်နက် သစ်များ ဖြည့်ဆည်း ပေးရမည် (၀ါ) ရှင်သန်စေရမည်။

ဤသည် ပစ္စည်းမဲ့ လူတန်းစား တရပ်လုံး၏ မွန်မြတ် ဂုဏ်ယူဖွယ်ရာသော မဟာတာဝန် ဖြစ် ပေသည်။ (၂) ဗမာပြည် လယ်သမား အလုပ်သမား အခြေခံ မဟာမိတ်ပင် ဖြစ်စေ၊ လက်နက်ကိုင် တော်လှန်ရေး တပ်ပေါင်းစုပင် ဖြစ်စေ၊ အမျိုး သားရေး သဏ္ဌာန်အခ့ျုိ မုချ ပါဝင်မည် သို့မဟုတ် တရုတ်ပြည်မှာထက် အမျိုးသားရေး သဏ္ဌာန် ပေါ်လွင်မည်မှာ သံသယ ဖြစ်စရာ မရှိပေ။ ဤအချက်နှင့် ပတ်သက်၍ မှစ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အခြေခံ ရပ်တည်မှုအဖြစ် နည်းနာများကလည်း ခွင့်ပြုပေသည်။ (၃) တပ်ပေါင်းစု ဖွဲ့စည်း ရာတွင် တရုတ်ပြည်ထက် ပိုမို ရှုပ်ထွေး ခက်ခဲ၍ ပိုမိုရှည်သည့်အပြင် ယင်းတပ်ပေါင်းစုကို အလုပ်သမား လူတန်းစား ဦးဆောင်မှုဟူသော ရှေ့ဆောင် အမြုတေကို အခိုင်အမာ သွတ်သွင်းရာတွင်လည်း မုချပင် ပိုမို ရှည်ကြာမည် ဖြစ်သည်။ နှစ်(၅၀)ကျော်ကြာ တိုက်ပွဲ သမိုင်းကလည်း ဤအချက်ကို ညွှန်ပြခဲ့ပြီး ဖြစ်သည်။

အထက်ပါ အချက်အလက် အားလုံးကိုကြည့်လျှင် လူမျိုးစု ပြဿနာသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်ဖြစ်ကြောင်းကို ခြုံ၍ အောက်ပါအတိုင်း နိဂုံးချုပ်ချက် အခ့ျုိကို ရရှိပေသည်။

(၁) ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှုအား ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ပြဋ္ဌာန်းလိုက်သည့် ရုပ်ပိုင်း အခြေခံ ဗမာပြည် လူမျိုးစုများ လှုပ်ရှားမှု၏ အရေးပါမှု၊ လူမျိုးစုများ လှုပ်ရှားမှုက ဗမာပြည် တော်လှန် ရေးအတွင်း အဓိက ပြဿနာ အဆင့်အတန်းသို့ တက်လှမ်းလာပုံ၊ ဗမာပြည် တော်လှန်ရေး၏ ထူးခြားသော တပ်ပေါင်းစု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြဿနာဟူသော အချက် (၄)ချက်၏ တည်ရှိနေမှုကို ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်အဖြစ် ကျနော်တို့ မုချ အသိအမှတ်ပြုရမည်။

(၂) ဗမာပြည်၏ ထူးခြားသော လူမျိုးစု ပြဿနာကို ကြည့်ရာတွင် ယင်းပြဿ နာထူးကို ပြဋ္ဌာန်းလိုက်သည့် ရုပ်ပိုင်းအခြေခံကို အခြေစိုက်၍ လေ့လာ ဆန်းစစ်ရမည်။ ယင်း ရုပ်ပိုင်း အခြေခံအပေါ်မှနေ၍ ဖြစ်ပေါ်လာသော ယင်းလူပ်ရှားမှု၏ အတိုင်း အတာနှင့် အရေးပါမှုကို လေ့လာရမည်။ ထို့နောက် ဗမာပြည် တော်လှန်ရေး၏ တပ်ပေါင်းစု ပြဿနာကို ယင်း ပြဿနာထူး၏ ရုပ်ပိုင်း အခြေခံမှ ဖြစ်ပေါ်လာသော ယင်းလူပ်ရှားမှု၏ အတိုင်းအတာနှင့် အရေးပါမှု၏ အတိအကျ ဖော်ပြချက် အဖြစ် သဘောထား ရှုမြင်ရမည် ဖြစ်သည်။

(၃) တတိယ အားဖြင့် ဗမာပြည်တော်လှန်ရေး၏ ထူးခြားချက်သည် ဗမာပြည် တော်လှန်ရေး၏ သာလွန်ချက်ဖြစ်သည်။ ဗမာပြည် တော်လှန်ရေး၏ ပြဿနာသစ် ဖြစ်မည့် ဗမာပြည် တော်လှန်ရေးအတွင်း ပစ္စည်းမဲ့ လူတန်းစား၏ ကိုယ်ပိုင် ရတနာ ဖြစ်သည်။ ထို့ကြောင့် ဤပြဿနာအပေါ် ချစ်မြတ်နိုးရမည်။ တန်ဖိုးထားရမည်။ အလေးထား ဂရုစိုက်ရမည်။ ဤပြဿနာအပေါ် မှစ် လီနင်ဝါဒ မော်စီတုန်း အတွေး အခေါ်၏ ရပ်တည်မှု အမြင်တို့ဖြင့် သေချာစွာ ဆန်းစစ်လေ့လာပြီး မှစ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ ရပ်တည်မှု အမြင်တို့ဖြင့် သေချာစွာ ဆန်း စစ်လေ့လာပြီး မှစ်ဝါဒ နည်းအတိုင်း ကိုယ်တွယ်ရမည် ဟူသော အချက်ကို ကျနော်တို့ ရရှိပေသည်။

(၄) စတုတ္ထအနေဖြင့် ဗမာပြည်၏ ထူးခြားချက်ကို နားမလည်သူ သို့မဟုတ် နားလည်လို စိတ် မရှိသူသည် စင်စစ် ဗမာပြည် တော်လှန်ရေးကို အနည်းငယ်မျှပင် နားမလည်နိုင်ချေ။ မှစ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အင်အားနှင့် အဆီအနှစ်ကိုလည်း နားမလည်နိုင်ချေ။ သို့မဟုတ် မကျင့်သုံးနိုင်ချေ။ အကြောင်း မှာ လီနင် သင်ကြားသည့် "မှစ် ဝါဒ၏ အနှစ်သာရ အကျဆုံးအရာ မှစ်ဝါဒ၏ အသက် ပါသည့် ဝိဉာဉ်မှာ တိကျသည့် အခြေအနေကို တိတိကျကျ ခွဲခြမ်း စိတ်ဖြာ ခြင်းဟူသည့် အချက်တွင် တည်သည်" ဟူသော မူနှင့် ဆန့်ကျင် နေသောကြောင့် ဖြစ်၏။

ရဲဘော် မော်စီတုန်း ညွှန်ပြသည့် "မည်သည့် ပြဿနာတွင်မဆို ကြည့်ရာတွင် ယင်း ပြဿနာ၏ ယေဘူယျ လက္ခဏာနှင့် သီးခြား လက္ခဏာကို မတွေ့ တွေ့အောင် ရှာရမည်"

ဟူသော အချက်နှင့်ငင်း၊ “အများဆိုင်ရာ လက္ခဏာနှင့် တခုချင်း လက္ခဏာ၊ အကြွင်းမဲ့ လက္ခဏာနှင့် နှိုင်းယှဉ်မှု လက္ခဏာဟူသည့် တရားသည့် အရာစွမ်းများ၏ ပဋိပက္ခ ပြဿနာနှင့် ပတ်သက်သည့် အဆီအနှစ်များ ဖြစ်ရာ ၎င်းကို နားမလည်လျှင် အနုပဋိလောမကို စွန့်ပယ်သည်နှင့် တူပေသည်”ဟူသော အချက်ကို ဆန့်ကျင်ရာ ကျသောကြောင့် ဖြစ်ပေသည်။

တွေးခေါ်ခံစားမှုနှင့် လုပ်ဟန်အရ အရိုးသားဆုံး အသန့်ရှင်းဆုံးသော မာ့စ်ဝါဒီ များတွင် အကြီးမားဆုံးသော ထူးခြားချက် တရပ်ရှိပေသည်။ ၎င်းမှာ တလောကလုံးရှိ အရာအားလုံးထက် ပြဿနာသစ် တိုက်ပွဲသစ်ကို အချစ်မြတ်နိုးဆုံး ဖြစ်ခြင်းပင် ဖြစ်၏။ ဤသို့ ဖြစ်ရသည့် အကြောင်းမှာ မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အသက် ဝိညာဉ်သည်၎င်း၊ လူသားတို့၏ တည်ရှိမှုဆိုင်ရာ အသက် ဝိညာဉ်သည်၎င်း၊ ယင်း ပြဿနာသစ် တိုက်ပွဲသစ်ထဲတွင် ကိန်းအောင်းနေသောကြောင့် ဖြစ်၏။ လူသား တရပ် လုံး၏ တည်ရှိမှုနှင့် ဖြစ်ပေါ် တိုးတက်မှုသည် ယင်း၏ အထွေထွေ တိုက်ပွဲက အဆုံးအဖြတ် ပေးနေခြင်းကြောင့် ဖြစ်၏။

အထက်ပါ အကြောင်းအချက်အားလုံးနှင့် ကောက်ချက်များသည် လူမျိုးစု ပြဿနာကို တင်ပြရသည့် အကြောင်းအရင်း ဖြစ်ပေသည်။

ရဲဘော်ဖန်း (၂၇၊ ၇၊ ၁၉၇၂)။

လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာန
Independent Karen Historical Research Association.
(I.K.H.R.A.)

မာတိကာ အပိုင်း(၂)

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့် တော်လှန်သော မျိုးချစ်များ။

၁။ ဆရာကြီးစကောလယ်တော၏ နိုင်ငံရေးဖြတ်သန်းမှု ၅ 89
- ကျောင်းသားဘဝ ၅ 89

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

- ကျောင်းဆရာဘဝ ၉ 93
- ဂျပန်ဆန့်ကျင်ရေးတော်လှန်ရေးသမားဘဝ ၁၀ 94
- ဒုတိယကမ္ဘာစစ်အပြီး ကျောင်းဆရာဘဝ ၁၁ 95
- ကရင်အမျိုးသားတော်လှန်ရေး လှုပ်ရှားမှု ၁၂ 96
- တော်လှန်ရေးပထမလမ်းစဉ်နှင့် ဆရာကြီးစကောလယ်တော ၁၅ 99
- ကေဂျီဘီ (K.G.B.) ယာယီသဘာပတိ ရွေးချယ်ခံရခြင်း ၁၇ 101
- ပထမ အကြိမ် တွေ့ဆုံခြင်း ၂၁ 105
- ဒုတိယအကြိမ် တွေ့ဆုံခြင်း ၂၄ 108
- တတိယအကြိမ်တွေ့ဆုံခြင်း ၂၆ 110
- ဆရာကြီးစကာလေယ်တောနှင့် မြောက်ပိုင်းခရီးစဉ် ၃၀ 114
- (သတင်းထောက် စိုးမင်း (စျာန်ရ)နှင့် အမေး အဖြေ)
၂။ ဗိုလ်ချုပ်ကော်ထူး ၄၅ 129
- စစ်ရေးစွမ်းဆောင်ချက် ၄၇ 131
- ဝိန့်ထောင် ကွန်ဖရင့် ၅၁ 135
- လှေဆွဲ ကွန်ဖရင့် ၅၁ 135
- အရှေ့တိုင်း ခရီး ၅၃ 137
- ဆောမူခိုလော်စခန်း ၅၅ 139
- မောကို ကွန်ဂရက်နှင့် မင်းရန်အောင် ထိုးစစ် ၅၅ 139
- ဒုတိယ လမ်းစဉ်နှင့် ရန်သူအား ပြန်လည်တိုက်ခိုက်ခြင်း ၅၇ 141
- အရှေ့တိုင်း အစည်းအဝေး ၅၈ 142
- တပ်တွင်းပြဿနာကို ဖြေရှင်းခြင်း ၆၀ 144
- ၁၉၅၈ ခုနှစ် အရှေ့တိုင်း ကွန်ဖရင့် ၆၀ 144
- အရှေ့တိုင်း စစ်ဦးစီး ဌာနချုပ် ၆၁ 145
- အိမ်စောင့်အစိုးရနှင့် တွေ့ဆုံခြင်း ၆၁ 145
- ကရင်ပြည်နယ် ကိစ္စ ၆၂ 146
- လက်နက်ကိုင်အဖွဲ့အစည်းကိစ္စ ၆၂ 146

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

- ဒီမိုကရေစီ အခွင့်အရေး ကိစ္စ ၆၃ 147
- ၁၉၆၁ ခုနှစ် အောင်မော်အေး ထိုးစစ် ၆၄ 148
- တပ်ပေါင်းစုဆိုင်ရာ ဆောင်ရွက်ချက်များ ၆၅ 149
- အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု ၆၇ 151
- ရာထူးကို မမက်၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း ၆၈ 152
- ညီညွတ်ရေးကို ဦးထပ်ထားလျက် ငြိမ်းချမ်းစွာ ဖြေရှင်းခြင်း ၆၉ 153
- ပါတီ၏ လမ်းညွှန်မှုကို အာမခံခြင်း ၇၁ 155
- ထမ်းဆောင်ခဲ့သော တာဝန်များ ၇၅ 159
- နိဂုံးချုပ် တိုက်ပွဲ ၇၆ 160
- နောက်ဆက်တွဲ ဖြည့်စွက်ချက် ၇၈ 162
၃။ ဗိုလ်ချုပ်မြမောင် ၇၉ 163
၄။ ဗိုလ်မှူးချုပ်ကျင်ဖေ ၈၆ 170
၅။ ဗိုလ်မှူးစံလင်း ၉၀ 174
၆။ မေဂျာမောင်ကလေး အတ္ထုပ္ပတ္တိ ၉၃ 177
- K.N.U. Party အတွင်း လမ်းစဉ်နှစ်ရပ် တိုက်ပွဲ ၉၅ 179
- မြစ်ဝကျွန်းပေါ်လှုပ်ရှားမှု ၉၇ 181
- အတွေးအခေါ်နှစ်ရပ် ၉၈ 182
- ဦးမောင်ကလေးနှင့် နိုင်ငံရေးတိုက်ပွဲ ၉၉ 183
- လပွတ္တာမြို့နယ် ဒုတိယအကြိမ် ဆွေးနွေးပွဲ ၁၀၂ 186
- တိုင်းကော်မတီမှ ဦးမောင်ကလေးအပေါ် အရေးယူခြင်း ၁၀၃ 187
- ဦးမောင်ကလေးနှင့် မြစ်ဝကျွန်းပေါ် ထိုးစစ် ၁၀၄ 188
- K.N.U.P. မှ ခွဲထွက်ပြီး K.N.U. ကို ဖွဲ့စည်းခြင်း ၁၀၅ 189
- K.N.U. ညွှန်ကြားချက်နှင့် နိဂုံးချုပ် တိုက်ပွဲ ၁၀၆ 190
- မစ္စစ်ကွန်စတန့်အောလ်မာ့(စ်) ၁၀၉ 193

၇။ ဗိုလ်မှူးဘော်လ်ဒင် ၁၁၁ 195

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၈။ ဗိုလ်ကျော်လှိုင် (မြပုခက်)	၁၁၇	201
၉။ ဗိုလ်မှူးမိုးဟိန်း	၁၂၃	207
၁၀။ ဗိုလ်သန်းလှ	၁၂၇	211
၁၁။ မန်းရှာလားဖန်း	၁၃၅	219
၁၁။ ဗိုလ်တင်ငွေ	၁၃၉	223
၁၂။ ရဲဘော်လိလေး	၁၄၃	227
၁၃။ ရဲဘော်ဇော်မင်း	၁၅၁	235
၁၄။ မန်းစဘီ	၁၅၃	237
၁၅။ စောသမိန်ထွန်း	၁၅၅	239
၁၆။ ဗိုလ်သဆဲ့	၁၅၉	243
၁၇။ မန်းအောင်ဌေး	၁၆၇	251

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

ဆရာစကောလယ်တော

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆရာ စကောလယ်တော၏ နိုင်ငံရေးဖြတ်သန်းမှု

ကျောင်းသားဘဝ

`ဆရာကြီး စကောလယ်တော်´၏ ဇာတိကျေးရွာမှာ တောင်ငူခရိုင် ကျောက်ဖျာကျေးရွာဖြစ်သည်။ ကျောက်ဖျာရွာသည် တောင်ငူနှင့် မိုင်(၄၀)မျှ ကွာဝေးသော တောင် ပေါ်ရွာတရွာဖြစ်သည်။ သူ့ဖခင်မှာ ကျေးရွာသူကြီး တဦးဖြစ်သည်။ အင်္ဂလိပ်ခေတ် သူကြီးဖြစ်၍ ဩဇာ အရှိန်အဝါ အတော်အတန် ရှိလေသည်။ မိဘများမှာ အစဉ်အလာ အားဖြင့် တောင်ယာလုပ်ကိုင် စားသောက် လာခဲ့သူများ ဖြစ်သည်။ ကျေးရွာလူကြီး တဦး၏ အိမ်ထောင်စုပင် ဖြစ်သော်လည်း ခဲ့ျိုခဲ့ျိုတဲ့တဲ့ နေထိုင်ခဲ့ကြရသည်။

ဆရာကြီး စကောလယ်တော၏ ငယ်အမည်မှာ “စောထောယေ” ဖြစ်သည်။ (၆)နှစ်သား အရွယ်တွင် ကျောက်ဖျာရွာရှိ မူလတန်းကျောင်း၌ စတင် ကျောင်းတက်သည်။ ကရင်အမျိုးသားကျောင်းဖြစ်၍ ကရင်စာပေကို အဓိကထား သင်သည်။ စာသင်နှစ်ကုန်ခါနီး နေ့တနေ့တွင် ပညာအုပ် တဦးက ထိုဒေသရှိ ကျောင်းများကို လိုက်လံ စစ်ဆေးရာတွင် ကျောက်ဖျာရွာသို့လည်း ဝင်ရောက်ခဲ့ လေသည်။ ပညာအုပ်ဖြစ်၍ ရပ်ရွာလူကြီးက မြင်း များဖြင့် တခမ်းတနား လိုက်လံ ပို့ဆောင်ကြသည်။ ဟင်းပေါင်းစုံဖြင့်လည်း ဧည့်ခံ ကျွေးမွေး ကြသည်။ လူတိုင်းက ဂရုတစိုက် ဧည့်ခံ ကျွေးမွေးသည်ကို ကလေးအရွယ်သာရှိသည့် စောထောယေ သည် အလွန်အားကျမိသည်။ ထို့ကြောင့် ရွာသားတဦးကို ချဉ်းကပ်ပြီး၊ ဤသို့ ဧည့်ခံပြုစု ခံရသူမှာ ဘယ်နှစ်တန်း အောင်သလဲဟု မေးမြန်းခဲ့သည်။ ထိုလူကြီးက ဘီအေ အောင်တယ်ဟု ပြောပြလိုက်သောအခါ ငယ်ရွယ်သေးသော စောထောယေသည် သူလည်းတနေ့တွင် ဘီအေ အောင်ရမည်ဟု စိတ်ဆုံးဖြတ် ခဲ့လေသည်။

ငယ်ရွယ်သူပီပီ အရာရာကို အားကျတတ်သည်မှာ ကလေးများ၏ သဘာဝ စိတ်ဖြစ်သည်။ ကလေးသဘာဝတွင် မေ့လွယ် ပျောက်လွယ် ဖြစ်တတ်သော်လည်း စော ထောယေ၌မူ စွဲစွဲမြဲမြဲပင် ရှိနေခဲ့ပေသည်။

ကျောက်ဖျာ မူလတန်းကျောင်းတွင် မူလတန်းအောင်ပြီးနောက်၊ အင်္ဂလိပ်စာသင်ကြားသောကျောင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်ရာ၊ စောထောယေ၏ မိသားစုမှာ ငွေကြေး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခဲ့ျိုတဲ့သဖြင့် သူ့ကို အင်္ဂလိပ်ကျောင်းသို့ ပို့နိုင်စွမ်း မရှိခဲ့ကြပေ။ သို့သော် ဦးလေးတဦး၏ စီစဉ်ပေးချက်အရ ရွှေကျင်မြို့တွင် အလယ်တန်း ပညာကို ဆက်လက် သင်ကြားခွင့် ရခဲ့လေသည်။ ရွှေကျင်မြို့၌ပင် (၇)တန်း စာမေးပွဲကို အောင်မြင်ခဲ့၍၊ စောထောယေသည် အထက်တန်းကျောင်းသို့ ဆက်တက် ရမည်ဖြစ်သည်။ သူ့အား ကူညီခဲ့သော ဦးလေးမှာ ကွယ်လွန်သွားပြီ ဖြစ်သဖြင့် ရှေ့ဆက် ပညာသင်ကြား ရေးအတွက် အခက် ကြုံရပြန် သည်။ ပညာရေး တပိုင်းတစဖြင့် ကျောင်းမထွက်လို။ သူ့ အဓိဋ္ဌာန်ကိုလည်း သူမဖျက်နိုင်။ ဤသို့ အခက် ကြုံနေခိုက် ကံအားလျော်စွာပင် သူ့အစ်ကို ဝမ်းကွဲတော်သူတဦး၏ ထောက်မ ကူညီမှု ဖြင့် (၈)တန်းကို တက်ရောက် ဖြေဆို အောင်မြင်ခဲ့သည်။ စောထောယေ (၈)တန်း အောင်မြင် သောနှစ်သည် ၁၉၃၀ ခုနှစ် ဖြစ်သည်။ ကမ္ဘာ့ စီးပွားပျက် ကပ်ကြီး ဆိုက်ရောက် ခဲ့ပြီး၊ ပြည်တွင်းတွင် တောင်သူလယ်သမား အရေးတော်ပုံ ကဲ့သို့သော၊ ကိုလိုနီ အုပ်ချုပ်ရေး ဆန့်ကျင်သည့် တိုက်ပွဲများ ပြင်းထန်လာသော အချိန်လည်း ဖြစ် သည်။ ပြည်သူတိုင်း အခက်အခဲ ကြုံတွေ့နေကြရသည်။ စောထောယေ၏ အစ်ကို ဝမ်းကွဲသည်လည်း အများနည်းတူ ဆင်းရဲခြင်းကပ်ကို ကြုံတွေ့နေရသဖြင့် သူ၏ ပညာရေး ကို ဆက်လက်ကူညီ ရန် လုံးဝ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် စောထောယေ သည် ဇာတိရွာသို့ ပြန်လည်ပြီး နေထိုင် ခဲ့ရလေသည်။

တနေ့တွင် ကျောက်ဖျာရွာမှ မိုင်(၄၀)ခန့်ဝေးသော တောင်ငူမြို့သို့ စောထော ယေ တယောက်၊ တကိုယ်တည်း ခြေလျင်ခရီး ထွက်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ ပညာသင်ကြားရန်သာဖြစ်သည်။ သို့သော် မည်သည့်နည်းဖြင့် ပညာသင်ကြားရမည် ကိုကား သူမသိသေး။

သူ့တွင် ကျောင်းစရိတ်အတွက် ငွေ တပြားမှ မပါခဲ့ပေ။ သူသည် ကျောင်းအုပ် ကြီး ထံသို့ သွားပြီး၊ ကျောင်းနေခွင့် တောင်းခံ ခဲ့သည်။ သူ ကံကောင်းသည်မှာ ထိုစဉ်က တောင်ငူ အထက်တန်းကျောင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဖွင့်လှစ်သော နှစ် ဖြစ် သည်။ ကျောင်းလခအတွက် စိုက်ပျိုးရေး လုပ်သားအဖြစ် လုပ်ကိုင်ခြင်းဖြင့် ကျောင်းလခ ပေးသွင်း ရန် ကျောင်းအုပ်ဆရာကြီးနှင့် အပေးအယူ တည့်ခဲ့သည်။

ထိုအချိန်က ကျောင်းစိုက်ပျိုးရေးတွင် ပါဝင်လုပ်ကိုင်ကြသော ကျောင်းသား (၂၀)ခန့် ရှိသည်။ ထိုကျောင်းသား အားလုံးတွင် စောထောယေ သည် အများထက် လုံ့လ ဝီရိယ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အကောင်းဆုံး၊ အတက်ကြွဆုံး လုပ်ကိုင်ခဲ့သည်။ သူ၏ ဝီရိယ ရှိမှုကြောင့် တနေ့လျှင် တစ်မူး၊ တစ်မတ်မှ တခါ တရံ ငါးမူးအထိ ဝင်ငွေ ရရှိသော နေ့လည်းရှိခဲ့သည်။

ဤဝင်ငွေဖြင့် ကျောင်းလခများကို ပေးသွင်းခဲ့သည်။ ဝက်ငယ်များကို မွေး၍ ဝင်ငွေ ရှာလိုက်သေးသည်။ စိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် ဆရာ၊ ဆရာမ များအိမ်သို့ သွားရောက်ပြီး၊ ကူညီလုပ်ကိုင် ပေးခဲ့သေးသည်။ အိမ် ပတ်ဝန်းကျင် သန့်ရှင်းပေးခြင်း၊ အိမ်သာ ကျင်းတူးခြင်း စသည့် တောက်တိုမယ်ရ အလုပ်များ ကိုလည်း မပျင်းမရိ လိုက်လံ ဆောင်ရွက်ပေးတတ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက သူ့ကို ခင်တွယ်ပြီး အစား အသောက်များ ပေးကမ်းကြသည်။ စောထောယေ၏ အထက်တန်း ကျောင်းသားဘဝ သည်၊ လူအများ၏ ခင်မင်မှုကို ခံခဲ့ရသော ဘဝဖြစ်သည်။

ဤသို့ဖြင့် (၁၀)တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ (၁၀)တန်း အောင်ပြီး ဖြစ်၍ တက္ကသိုလ် ဆက်တက်ရမည်သာဖြစ်သည်။ သို့သော် တက္ကသိုလ်ကျောင်း ဖွင့်ခါနီး အချိန် အထိ သူ့ကို ကူညီမည့်သူ တဦးမျှ မတွေ့သေးပေ။ သူသည် နေ့စဉ် ဆုတောင်းပြီး ကူညီမည့် သူကို မျှော်လင့်တမ်းတနေမိသည်။ ဘီအေ အောင်ရမည် ဟူသော ရည်မှန်းချက် ကလည်း၊ သူ့တွင် ခိုင်ခိုင်မာမာ ရှိနေလျက်ပင် ဖြစ်သည်။ ကျောင်းဖွင့်ရန် ရက်အနည်းငယ် အလိုတွင် နီးစပ်သူများပေးကမ်းသော ငွေ (၇)ကျပ်နှင့် (၃)မူးကို ယူပြီး၊ အိမ်မှ စထွက် ခဲ့လေသည်။ သူ့ကို ကူညီခဲ့သော အကိုဝမ်းကွဲထံသို့ ချဉ်းကပ်ပြီး အကူအညီတောင်းရာ ကူညီငွေ (၂၀)ကျပ် ရခဲ့သည်။ ထိုငွေ (၂၇)ကျပ် (၃) မူးနှင့်ပင် ရန်ကုန်သို့ မီးရထားဖြင့် စတင် ထွက်ခဲ့သည်။ တောင်ငူနှင့် ရန်ကုန် မီးရထားခ (၃)ကျပ်တမတ်ဖြစ်ပြီး၊ ရန်ကုန် ဘူတာကြီးမှ တက္ကသိုလ် ကျောင်းသို့ အင်္ဂါးကားခ မှာ(၁)ကျပ်၊ ထမင်းစားပြီးနောက် အခြား တိုလီမိုလီများကို ဝယ်ရာ လက်ထဲတွင် ငွေ (၁၀)ကျပ် တိတိသာ ကျန်တော့သည်။

ပညာရေးအတွက် စောထောယေ၏ ပထမဦးဆုံး လှုပ်ရှားမှုမှာ တက္ကသိုလ် ကျောင်းအုပ်ကြီး၏ ရုံးခန်းသို့ တည့်တည့်မတ်မတ်သွားပြီး၊ သူ၏ အခြေအနေနှင့် အခက်အခဲကို တင်ပြခြင်းပင်ဖြစ်သည်။ ကျောင်းစရိတ်အတွက် အလုပ်တခု စီစဉ်ပေးရန် တောင်းပန် ပြောဆိုခဲ့သည်။ ကျောင်းအုပ်ကြီးကလည်း စေတနာ အပြည့်ဖြင့် တက္ကသိုလ် ဆိုသည်မှာ စာကို အမြောက်အများ ဖတ်ရကြောင်း၊ ကျောင်းတဖက် အလုပ်တဖက်ဆိုလျှင် စာမေးပွဲအောင်ရန် လွယ်ကူမည် မဟုတ်ကြောင်း ပြန်လည် ရှင်းလင်း ပြောပြခဲ့သည်။ စော

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထောယေကလည်း ကိစ္စမရှိကြောင်း၊ စာကျက်မှတ်ရန်မှာ မိမိတာဝန်သာဖြစ်ကြောင်း၊ မိမိကြိုးစားနိုင်ကြောင်း ပြန်လည်ပြောကြားရာ ကျောင်းအုပ် ဆရာကြီးကလည်း သူ့ကို သနားသဖြင့် ထမင်းရုံတွင် အလုပ်တခု ပေးခဲ့သည်။ ထိုအလုပ်မှ ရသော အခကြေးငွေဖြင့် ကျောင်းစရိတ်ကို ပေးခဲ့သည်။ သို့သော် ထိုငွေကြေးမှာ ကျောင်းစရိတ်အတွက် မလုံ မလောက် ဖြစ်နေပြန်သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီးထံသို့ တဖန် ချဉ်းကပ်ပြီး၊ အခြားအလုပ်တခု ထပ်မံပြီး စီစဉ်ပေးရန် တောင်းပန် ပြောဆိုရာ၊ ကျောင်းစာကြည့်တိုက်၌ အလုပ်တခု ထပ်မံ စီစဉ်ပေးခဲ့ ပြန်သည်။ ထို အလုပ်မှာ တနှစ်လုံးအတွက် (၁၀၀)ကျပ်သာ ရခဲ့သည်။ ကျောင်းလခ အတွက် ထက်ဝက်သာ ပေးသွင်းရသည်။ သို့သော် ကျန် အသုံးစရိတ်များ အတွက် လည်း လုံလောက်သည့် အဆင့်သို့ မရောက်ခဲ့ပြန်ပေ။

ထိုသို့ မလောက်မင ပြဿနာကို ဖြေရှင်းရန်အတွက် အခြားသော အချိန်ပိုင်း အလုပ်များကို ရှာဖွေ ကြည့်ပြန်သည်။ ထိုအချိန်ကာလ ဂျပ်ဆင် ကောလိပ်တွင် ကျေးလက်တောရွာ ပြုပြင်ရေးအဖွဲ့များ ဖွဲ့စည်းလာသော ကာလ ဖြစ်သည်။ ထိုအဖွဲ့အစည်း များသည် ကျောင်းအားရက်များ၌ ဒညင်းကုန်း၊ လှော်ကား၊ မော်ဘီ၊ ဝါးနက်ချောင်းနှင့် ရန်ကုန် တဖက်ကမ်း တို့တေး၊ နတ်စင်ကုန်း စသည်တို့သို့ သွားရောက်ပြီး ကျေးရွာများကို အကူအညီအမျိုးမျိုး ပေးခဲ့ကြသည်။ ရွာသန့်ရှင်းရေး၊ အိမ်သာဆောက်၊ ရေတွင်းတူး စသည်များကို ကျေးရွာများအား ကူညီရာတွင် ကျေးရွာအသီးသီးကလည်း အပြန်အလှန် ငွေကြေး အကူအညီများ ပေးခဲ့ကြသည်။ စောထောယေသည် ထိုအဖွဲ့ အစည်း ထဲတွင် ဝင်ရောက် လုပ်ကိုင်သောကြောင့် စရိတ်စက အခ့ျိုု ရရှိခဲ့သည်။

ဤသို့ ခ့ျိုခ့ျိုတဲ့တဲ့ဖြင့် တက္ကသိုလ်ပညာကို သင်ကြားရာ ပထမ နှစ်ကို အလွယ်တကူပင် အောင်မြင်ခဲ့ သည်။ တနေ့တွင် ခရစ္စမတ် ကျောင်းပိတ်၍ ရွာသို့ ပြန်ခဲ့ရာ၊ ရန်ကုန်အပြန် ခရီးအတွက် ခရီးစရိတ်ကို မိဘများက မပေးနိုင်ဘဲ ရှိနေသည်။ သူမှာလည်း ငွေ (၅)မတ်သာ ကျန်တော့သည်။ ရန်ကုန် အရောက်ဆိုလျှင် ငွေ (၅)ကျပ် တိတိ လိုနေသည်။ မည်သူ့ထံမှလည်း မျှော်လင့်၍ မရနိုင်။ သို့သော် ဘီအေ အောင်ရမည် ဟူသော မူလ ရည်ရွယ်ချက်ကြီးကိုကား အပျောက်မခံနိုင်။ ငွေ (၅)မတ်နှင့်ပင် အိမ်မှ ထွက်ခဲ့ လေသည်။

စောထောယေသည် လမ်းခရီးတွင် မောပန်းသဖြင့် ကျောက်တုံး တတုံးပေါ်ထိုင်၍ နားနေရင်း၊ ခွေးများနှင့်အတူ မျက်ရည်များလည်း စီးကျနေစဉ် သူ့ဘဝကို သူစဉ်းစားကြည့်

မိသည်။ အခ့ျိုသူများမှာ တက္ကသိုလ် ကျောင်းတက်ရာတွင် ကားစီး၍ လာကြသည်။ ဝတ်ကောင်း စားလှများလည်း ဝတ်ဆင်နိုင်ကြသည်။ ကျောင်းလခလည်း ပူပင်စရာ မလိုခဲ့ပေ။

ငွေကို လိုအပ်သလို သုံးစွဲနိုင်ခဲ့ကြသည်။ မိမိဘဝမှာမူ အဝတ်အစား ကောင်း ကောင်း ဝတ်ပြီး ငွေရေး ကြေးရေး ဖောဖောသီသီ သုံးနိုင်ဖို့ အပထား၊ ကျောင်းသွားဖို့ကိုပင် ခရီးစရိတ် မရှိခဲ့ပေ။ ကျောင်းဆက်လက် တက်နိုင်မည့် အလားအလာမှ ရှိပါ့မလား။ ကျောင်း ထွက်လျှင် ကောင်းမလား စသည်ဖြင့် အမျိုးမျိုး စဉ်းစားရင်း စိတ်ရှုပ်ထွေး ခဲ့ရသည်။

သို့သော် နောက်ဆုံး၌ တက္ကသိုလ် အောင်ရမည်ဟူသော မူလ အဓိဋ္ဌာန်ဖြင့် လက်တွင်ရှိသော ငွေ(၅)မတ်နှင့်ပင် လမ်းဆက်လျှောက်ရန် ဆုံးဖြတ်ခဲ့သည်။ (၄)ပတ်ခန့် လျှောက်လျှင် ရန်ကုန်ကျောင်းသို့ ရောက်မည်ဟု သူခန့်မှန်းသည်။ ဤသို့ဖြင့် ခြေလျင် ခရီးကို စတင်ထွက်ခဲ့သည်။ ထိုနေ့မှာပင် သူနှင့် အဘွားတော်စပ်သူ ရှိရာရွာသို့ ရောက်ရှိပြီး ထိုအိမ်တွင် ဝင်ရောက် တည်းခို ခဲ့သည်။

အဘွားသည် သူ၏ မြေးကိုကြည့်ပြီး သနားမိသော်လည်း သူ့အခြေ အနေသည် မြေးဖြစ်သူအား မကူညီနိုင်ခဲ့ပေ။ သို့သော် သူ့အိမ်တွင် တည်းခိုနေသော ရှမ်း တယောက် ကို အဖြစ်မှန်ပြောပြပြီး အကူအညီ တောင်းခဲ့လေသည်။ သူ၏ မြေးသည် ပညာ သင်ကြားရန် ဆန္ဒပြင်းပြသူဖြစ်သည်။ စာလည်း အတော်အတန် ရသည်။ သို့သော် ဆင်းရဲသဖြင့် ကျောင်း စရိတ် မရှိ၊ ကိုယ်တိုင်ရှာဖွေရင်း ကျောင်းတက်ရကြောင်းကို ပြောပြ သည်။ ရှမ်းအဘိုးကြီးက လည်း “စောထောယေ” ကို ကြည့်ရင်း သနားသဖြင့် ငွေ (၅)ကျပ် ထုတ်ပေးခဲ့သည်။ ဤငွေဖြင့် ရန်ကုန် တက္ကသိုလ်ကျောင်းသို့ ပြန်လည် ရောက်ရှိပြီး၊ ထိုနှစ်မှာပင် ဒုတိယနှစ်ကို နှစ်ချင်းပေါက် အောင်မြင်ခဲ့ပြန်သည်။ စောထောယေ သည် ဆက်လက်ပြီး၊ တက္ကသိုလ် ပညာကို (၄)နှစ်လုံးလုံး အလုပ်လုပ်ရင်း ကြိုးပမ်း သင်ကြား ခဲ့ရာ၊ နောက်ဆုံးတွင် ဘီအေ ဘွဲ့ကို ဆွတ်ခူးရရှိခဲ့လေသည်။ သူ၏ အဓိဋ္ဌာန်လည်း ပြည့် မြောက်ခဲ့ပြီ ဖြစ်သည်။

ကျောင်းဆရာဘဝ

ဘီအေ အောင်ပြီးနောက် ရန်ကုန်ရှိ (A.B.M. Press) American Baptist Mission Press တွင် အလုပ်ဝင်ခဲ့သည်။ A.B.M. Press သည် ထိုအချိန်က အကြီးဆုံး ပုံနှိပ်စက် တခု ဖြစ်ပြီး၊ Morning Star သတင်းစာကို၊ ကရင်လို ထုတ်ဝေ ဖြန့်ချိလျက် ရှိသော သတင်းစာ တ

စောင်လည်း ဖြစ်သည်။ ထိုသတင်းစာတွင် တွဲဖက်အယ်ဒီတာ အဖြစ် စောထောယေ တာဝန်ယူရသည်။ A.B.M. Press တွင် အလုပ်လုပ်နေစဉ် သာယာဝတီ A.B.M. အထက်တန်းကျောင်း ကျောင်းအုပ် ဆရာကြီး ဂျိမ်းတာပ က သူ၏ ကျောင်းတွင် အထက်တန်းပြဆရာ လိုသဖြင့် လာရောက် ခေါ်ယူသည်။ စောထောယေ ကလည်း သူ၏ ပုံနှိပ်စက် မန်နေဂျာဖြစ်သူ မစ္စတာစမစ်နှင့် သူဆွေးနွေး မည်ဖြစ်ကြောင်း၊ အကယ်၍ မစ္စတာစမစ် ခွင့်ပြုပါက သွားရောက် ကူညီမည်ဟု ကတိပေးလေသည်။ မစ္စတာစမစ်သည် စောထောယေ အား ခွင့်ပြုချင်ပုံမရပေ။ မောနင်းစတား သတင်းစာမှာ မြန်မာပြည်တွင် တိုင်းရင်းသား ဘာသာဖြင့်ထုတ်ဝေသော တခုတည်းသော သတင်းစာ လည်း ဖြစ်သည်။ ၁၉၄၁ ခုနှစ်မှာပင် စတင်ထုတ်ဝေခဲ့ပြီး၊ ဆက်လက် တည်တံ့ ခိုင်မြဲ နိုင်ဖို့ရန် မှာလည်း၊ ပညာရှင် အများအပြား လိုအပ် နေသေးကြောင်း သူ့ကို ရှင်းပြခဲ့သည်။ စောထောယေ လည်း ဆရာကြီး ဂျိမ်းတာပ နှင့် မစ္စတာစမစ်တို့ တွေ့ဆုံညှိနှိုင်းပြီးမှ မစ္စတာစမစ် ကိုယ်တိုင် သွားခွင့်ပြုမှသာ သွားမည်ဖြစ်ကြောင်း ပြန်လည် ပြောကြားခဲ့ သည်။ ထိုစဉ်က သာယာဝတီ A.B.M. အထက်တန်းကျောင်းသည်လည်း နှစ်ခြင်း သာသနာ အဖွဲ့ကြီး၏ အုပ်ချုပ်မှု အောက်တွင်ရှိရာ၊ ကျောင်း၏ လိုအပ်ချက်နှင့် ပတ်သက်၍ A.B.M. Press တွင်လည်း တာဝန်ရှိသဖြင့် အမှန်တကယ် လိုအပ်ပါက မစ္စတာစမစ် အနေဖြင့် မလွဲမရှောင်သာ ခွင့်ပြု ရမည်သာ ဖြစ်သည်။ ဆရာ ဂျိမ်းကလည်း အမှန်တကယ် လိုအပ်နေသဖြင့် စောထောယေ ကို လာရောက် ဖိတ်ခေါ်ရခြင်းဖြစ်သည်။ ဤသို့ဖြင့် စောထောယေသည် သာယာဝတီ A.B.M. အထက်တန်းကျောင်း၏ အထက်တန်းပြ ကျောင်းဆရာ Senior Master တယောက် ဖြစ်ခဲ့ရလေသည်။ ကျောင်းဆရာလုပ်ရင်း ကရင်လူငယ်များ၏ ပညာရေးကို တဖြည်းဖြည်း စိတ်ဝင်စားလာမိသည်။ ပညာရေး ကဏ္ဍတွင် တသက်တာ ဆောင်ရွက်ရန်ကိုလည်း ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် B.Ed (Bachelor of Education)ကို တက်ရောက် သင်ကြားရန် အစမ်းစာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ပြန်သည်။ အစမ်းစာ မေးပွဲ အောင်မြင်ပြီး B.Ed သင်တန်းကို တက်ရောက် သင်ကြားခဲ့ရာ အောင်မြင်ခဲ့သည်။ ထို့နောက် ယခင် သာယာဝတီ A.B.M. အထက်တန်း ကျောင်း၌ပင် ကျောင်းအုပ် ဆရာအဖြစ် ပြန်လည် အမှုထမ်းလေသည်။ ကျောင်းအုပ်ဆရာ အဖြစ် တနှစ် ပြည့်ပြီးသော အခါ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ပြီး ဂျပန်ဝင်လာရာ မိမိ ဇာတိရွာတွင် ပြန်လည် နေထိုင် ခဲ့ရလေသည်။

ဂျပန်ဆန့်ကျင်ရေး “တော်လှန်ရေးသမားဘဝ”

ဂျပန်ခေတ်တွင် ကျောက်ဖျာ၌ ပြန်လည်နေထိုင်သည်ဟု ဆိုသော်လည်း ဂျပန်ဆန့်ကျင်ရေး ကာလအတွင်း လက်နက်ကိုင် တော်လှန်ရေးတွင် တပ်ခွဲမှူးအဖြစ် တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ် တက်နေစဉ် အချိန်က တက္ကသိုလ် အရံတပ်ရင်းတွင် ပါဝင်ခဲ့သဖြင့် စစ်ပညာကို အတော်အတန် လေ့လာ သင်ကြားခဲ့ရသော အကျိုးကျေးဇူးပင် ဖြစ်သည်။

ဆရာထောယေ၏ တပ်ဖွဲ့သည် ဖို့စ် (၁၃၆)၏ လက်အောက်ခံ ပြောက်ကျား တပ်ဖွဲ့ (Spider Guerilla Force) ဟု ခေါ်သည်။ ပင့်ကူ ပြောက်ကျားတပ်ဖွဲ့ကို စတင် အုဒ္ဒါမြစ်ချခဲ့သူမှာ `မေဂျာစီးဂရင်း´ဖြစ်သည်။ စီးဂရင်းသည် ၁၉၃၉ ခုနှစ်၊ ဗြိတိသျှ တပ်ဖွဲ့များ အိန္ဒိယသို့ ဆုတ်ခွာခဲ့ရာတွင် လိုက်ပါမသွားဘဲ၊ ဖာပွန်၌ တိတ်တဆိတ် ပြောင်း ရွှေ့နေထိုင်ခဲ့ပြီး၊ ဂျပန်ဆန့်ကျင်ရေး မြေအောက် လှုပ်ရှားမှုများအတွက် ထိုဒေသရှိ ကရင် အမျိုးသားများကို စည်းရုံးသိမ်းသွင်းခဲ့သည်။

နောက်ပိုင်း ဖို့စ် (၁၃၆)နှင့် အဆက်အသွယ်ရပြီး၊ လေထီးသမားများ ဆင်းသက်ကာ၊ ပြောက်ကျားအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ “မေဂျာ စီးဂရင်း”မှာ မြေ အောက် လှုပ်ရှားမှုများကို ဆောင်ရွက်ဆဲတွင် ဂျပန်များ ဖမ်းမိပြီး၊ သေဒဏ်ပေး ခြင်းကို ခံခဲ့ရလေသည်။ ၎င်းနှင့်အတူ ကရင်အမျိုးသားအခ့ျိုလည်း၊ ပါဝင်ခဲ့လေသည်။ ဖို့စ် (၁၃၆) ၏ လက်အောက်ခံ ပြောက်ကျားအဖွဲ့များသည် ပဲခူးရိုးမတွင်လည်း ဖွဲ့စည်းခဲ့ကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက ရိကွာများကို စီစဉ် ဆောင်ရွက် ပေးသည်။ ဆရာကြီး ထောယေသည် ကျောင်းဆရာဘဝမှ တိုက်ခိုက်ရေးသမား၊ ပြောက်ကျားဗိုလ်ဘဝဖြင့် မုန်းမြို့နယ်၊ မုန်းချောင်းနှင့် ထန်းတပင်မြို့နယ် တဝိုက်တွင် ပါဝင်လှုပ်ရှား ခဲ့ရသည်။ ထို ဒေသတဝိုက်ကို တာဝန်ယူရသော အင်္ဂလိပ် တပ်မှူး အမည်မှာ ကပ္ပတိန်ဟော့စ်မန် ဖြစ်သည်။ ဗိုလ်ထောယေမှာ သူ့ လက်အောက်တွင် ဒု-ခွဲမှူး တာဝန်ယူရသည်။ ကပ္ပတိန် ဟော့စ်မန်နှင့် ဗိုလ်ထောယေတို့၏ တပ်ဖွဲ့များသည် စစ်တောင်းမြစ်ကို ဖြတ်ကျော်လာသော ဂျပန် များကို ရင်ဆိုင်တိုက်ခိုက်ရန် တာဝန်ယူရသည်။ ထိုဒေသတွင် တိုက်ပွဲများ အပြင်း အထန် ဖြစ်ခဲ့သည်။ ဗိုလ်ထောယေ ဦးစီးသော တပ်ဖွဲ့သည် မိုင်းဗုံး စစ်ဆင်ရေးနှင့် ခြံခိုု တိုက်ခိုက်ရသော ရွှေ့လျားတပ်ဖွဲ့ဖြစ်ပြီး အင်အား (၅၀)ခန့် ရှိ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ အင်အား (၂၀၀)ခန့် ရှိသော ဂျပန်တပ်များကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ထောယေကိုယ်တိုင် ဝန်ခံ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယ ကမ္ဘာစစ်အပြီး “ကျောင်းအုပ်ဘဝ”

ဒုတိယ ကမ္ဘာစစ်ပြီးဆုံးပြီးနောက် သာယာဝတီ (A.B.M.) အထက်တန်း ကျောင်း ကျောင်းကော်မတီမှ ဆရာထောယေအား ကျောင်းအုပ်အဖြစ် တဖန် ပြန်လည်လုပ်ကိုင်ရန် ဖိတ်ခေါ်ပြန်သဖြင့် ယခင်ကလည်း ပညာရေးတွင် ဝါသနာ အထုံပါခဲ့သည့်အလျောက် ပြန်လည် လက်ခံခဲ့သည်။ ဤ အကြိမ်တွင် ကျောင်းအုပ် အဖြစ် ပြန်လည်လုပ်ကိုင်ရာ သူ့တွင် အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင် ခဲ့ရသည်။ ကျောင်းတွင် ဘဏ္ဍာငွေ လုံးဝမရှိ။ ဒုတိယ ကမ္ဘာစစ်မတိုင်မီက အစိုးရ ထောက်ပံ့ကြေး တနှစ်လျှင် (၂)သောင်းခန့် ရရှိခဲ့သည်။ ယခုတော့ ထို ထောက်ပံ့ကြေးများကို ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်သည်။ ကျောင်း ဆရာလည်း တယောက်မျှ မရှိ။ သို့သော် ယခင်ထဲက အလုပ်တခုကို လုပ်ရန် ဆုံးဖြတ်ချက် ချပြီးလျှင် ဖြစ်မြောက် အောင်မြင်အောင် လုပ်တတ်သော အလေ့အထရှိသဖြင့် မလျော့တမ်း ကြိုးပမ်း ခဲ့လေသည်။ ကျောင်းစဖွင့်သော ရက်ပိုင်းကာလ၌ဆိုလျှင် သန့်ရှင်း ရေး လုပ်မည့်သူပင် မရှိဖြစ်ရာ ကျောင်းအုပ်ကြီး ကိုယ်တိုင်ပင် သန့်ရှင်းရေး လုပ်ရသည်။ ဆရာ ဆရာမ မလုံလောက်မှု ကြောင့် တနှစ်လုံးပင် မနားမနေ အားလပ်ချိန်မရှိ စာသင် ခဲ့ရလေသည်။
ငွေကြေးအထောက်အပံ့ မရသောကြောင့် ကိုယ်ထူကိုယ်ထ စံနစ်ဖြင့်သာ လုပ်ဆောင်ရမည် ဖြစ်ရာ ကျောင်းအုပ်ချုပ်ရေး စည်းကမ်းနှင့် အောင်နှုန်း ကောင်းအောင် ကြိုးပမ်းရမည် ဖြစ်သည်။ အောင်ချက်ကောင်းလျှင် ကျောင်းသားဦးရေ များလာမည်။ ကျောင်းသားဦးရေ များလာလျှင် ကျောင်းဝင်ငွေလည်း တိုးလာမည်ဖြစ်ပြီး၊ ဆရာ ဆရာမ တို့၏ လစာနှုန်းနှင့် ကျောင်းကိစ္စများကိုလည်း ဖြေရှင်းနိုင်မည် ဖြစ်သည်။ ကြိုးပမ်းချက် အတိုင်းပင် ပထမနှစ်တွင် အောင်ချက် ကောင်းခဲ့သည်။ အထက်တန်း ကျောင်းထွက် လက်မှတ်ရ (S.L.C.) စာမေးပွဲတွင် ၈၀% အောင်မြင်ပြီး၊ တက္ကသိုလ် ဝင်တန်းတွင် ၆၀% အောင်မြင်လေသည်။

ကျောင်း စည်းကမ်း၌လည်း ကောင်းသဖြင့် ကျောင်းသားဦးရေ တိုးများ လာသည်။ ထို့ကြောင့် ကျောင်းဆရာ၊ ဆရာမများကိုလည်း၊ လစာ ကောင်းကောင်း စီစဉ် ပေးနိုင်ခဲ့သည်။ နယ်ကျောင်းသားများလည်း (A.B.M.)ကျောင်းတွင် လာရောက် ပညာ သင်ခဲ့ရာ၊ ကျောင်းအုပ် ချုပ်ရေး ကော်မတီက ဘော်ဒါဆောင် ထားရန် ဆုံးဖြတ်သည့်အပြင်၊ ကျောင်းသားတ ယောက် တနှစ် (၆၀)ကျပ်ဖြင့် လက်ခံ မည်ဖြစ်သည်။ ကုန်ဈေးနှုန်းများ ကြီးမြင့်သဖြင့်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၆၀)ကျပ်မှာ လုံလောက်မည် မဟုတ်ပေ။ ယခင်က (၂၅)ကျပ်နှင့်ပင် လက်ခံ နိုင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဆုံးဖြတ်ချက်အတိုင်း မဖြစ်မနေ အကောင်အထည် ဖော်ရမည်ဖြစ်ရာ၊ ဆရာကြီး ထောယေ ကိုယ်တိုင် ဘော်ဒါဆောင် ကိစ္စ၊ ငွေကြေး လုံ လောက်နိုင်ရေးအတွက် ကျောင်းစိုက်ပျိုးရေး စီမံကိန်းကို အကောင်အထည် ဖော်ခဲ့ရသည်။ ကိုယ်တိုင်လည်း နွားချေး ထမ်းရသည့်အခါလည်း ရှိသည်။ နွားလှည်းရသည့်အခါ နွားလှည်းနှင့် သယ်ဆောင်ရသည်။ ကျောင်းဆင်းလျှင် ပေါက်တူး တလက်ဖြင့် ခါးတောင်း မြှောင်အောင်ကျိုက်ပြီး၊ စိုက်ခင်း ထဲ၌သာ တနေကုန်သည်အထိ အလုပ်လုပ်နေ လေသည်။ ပထမ နှစ် ဘော်ဒါဆောင်တွင် ကျောင်းသား (၇၀)ခန့် ရှိရာ၊ အသီးအနှံများကို လုံလုံ လောက်လောက် စားရသည့်အပြင် နှစ်ကုန်တွင်လည်း အမြတ်ငွေ (၂,၁၃၀ိ/-) ကျန်ခဲ့လေသည်။ ဆရာကြီး၏ ကြိုးပမ်းချက်ကြောင့် ဒုတိယနှစ်တွင် ဘော်ဒါဆောင် ကျောင်းသားများသည် ထမင်းဟင်း ကောင်းကောင်း စားလာနိုင် ကြသည့်အပြင်၊ ကျောင်းသား အများအပြားပင် စိုက်ပျိုးရေးပညာ တတ်မြောက် လာကြသည်။ ကျောင်း စရိတ် မတတ်နိုင်သော ကျောင်းသားများသည်ပင် စိုက်ပျိုးရေးလုပ်ပြီး ဝင်ငွေရှာရာမှ စရိတ်စကများ ရလာကြသည်။ ဆရာကြီးသည် သူ အထက်တန်း ကျောင်းသားဘဝက ကျောင်းစရိတ် ရှာခဲ့သည့် နမူနာအတိုင်း အစီအစဉ်များ ချမှတ်ပေးခဲ့သည်။

၁၉၄၉ ခုနှစ်၊ ကရင်လက်နက်ကိုင် တော်လှန်ရေးကြီး စတင်ခဲ့သည့် အထိ ဆရာကြီး ထောယေသည် ကျောင်းအုပ်ဆရာကြီး ဘဝဖြင့်၊ ကျောင်းရန်ပုံငွေ (၁၂,၀၀၀ိ/-) တသောင်း နှစ်ထောင်ကျပ်တိတိ စုဆောင်းနိုင်ခဲ့သည်။ ရန်ပုံငွေ စုဆောင်းရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းကြီးကို အဆင့်အတန်း မြှင့်တင်နိုင်ရန် ဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေး စတင်ခဲ့သည်တွင် ဆရာကြီးသည် အဆိုပါ ရန်ပုံငွေများကို ကျောင်းကော် မတီ ထံသို့ စနစ်တကျ အပ်နှံခဲ့လေသည်။

ကရင်အမျိုးသား တော်လှန်ရေး လှုပ်ရှားမှု

၁၉၄၇ ခုနှစ်၊ ကေအဲန်ယူ (K.N.U.) အစည်းအရုံးနှင့် ကေအဲန်ဒီအို (K.N.D.O.)များကို တနိုင်ငံလုံး ဖွဲ့စည်းခဲ့ရာ၊ သာယာဝတီ မြို့တွင်လည်း၊ ကေအဲန်ယူ (K.N.U.) အစည်းအရုံးနှင့်၊ ကေအဲန်ဒီအို (K.N.D.O.) အဖွဲ့များ ရှိသည်။ ဆရာကြီး ထောယေမှာ ကျောင်းအုပ်အဖြစ်

သာယာဝတီတွင် ဆက်လက် နေထိုင်ဆဲ ကာလ ဖြစ်သည်။ ကေအဲန်ယူအစည်းအရုံး ဗဟို ကော်မတီတွင် ပါဝင်သော၊ ဗိုလ်ချုပ် စိုင်းကေမှာ သူနှင့် ကျောင်းနေဖက်များ ဖြစ်သည်။ အခု ျိုသော ဗဟို ခေါင်းဆောင်များသည်လည်း သူနှင့် တတန်းတည်းသားများ ဖြစ်ကြသည်။ ကျောင်းကိစ္စရှိ၍ ရန်ကုန်သို့ ဆင်းသွားရသည့် အခေါက်တိုင်း၊ ၎င်းတို့နှင့် အမျိုးသားရေး ကိစ္စ၊ နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်တွင် ဆရာကြီးထောယေ၏ မိတ်ဆွေများသည် သူ့အား အမျိုးသား နိုင်ငံရေး လောကသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ ကြသည်။ ဆရာကြီးကမူ ပညာရေးကို ပိုမိုစိတ်ဝင်စားသဖြင့် ကျောင်းအုပ် တာဝန်ကိုလည်း လက်မလွှတ်နိုင်။ အစားထိုးရမည့်သူလည်း မရှိသေး။ ထို့ကြောင့် မိတ်ဆွေများက သူ့အား အချိန်ပိုင်းသာ လုပ်ဆောင်ရန် အကြံပြု ဖိတ်ခေါ်ပြန်သည်။ ဤသို့ဖြင့် သာယာဝတီခရိုင် ကေအဲန်ယူအစည်းအရုံးတွင် သူ ဝင်ရောက် ကူညီခဲ့သည်။ ကေအဲန်ဒီအို တွင်လည်း ကူညီသည်။ ဤသို့ ပါဝင်ခဲ့ရာမှ သူ့အမည်ကို စကောဘွဲ့ တပ်ကာ “စကောလယ်တော” ဟု ပြောင်းခဲ့လေသည်။ `စကော´ ဆိုသည်မှာ အကြီးအကဲကို ဆိုလိုသည်။ ဗမာ့ လွတ်လပ်ရေး လှုပ်ရှားမှုတွင် နိုင်ငံရေးသမားများကို သခင်တပ်ခေါ်သကဲ့သို့ ကရင် ခေါင်းဆောင်များသည်လည်း မိမိတို့၏ အမည်များကို “စကော” တပ်ပြီး ခေါ်ကြသော ကာလဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်စိုင်းကေမှာ (စကော သဝါး)၊ မန်းဘဇန်မှာ (စကောတူရယ်)၊ စောမောင်မောင်သန်းမှာ (စကောမောလေး) စသည်ဖြင့်၊ အသီးသီး “စကော”တပ်၍ အမျိုးသား အမည်များ ခံယူကြလေသည်။ စကော ထောယေ (စကောလယ်တော)သည် သာယာဝတီခရိုင်တွင် ကေအဲန်ယူနှင့် ကေအဲန်ဒီအို လှုပ်ရှားမှုများကို၊ အချိန်ပိုင်း အနေဖြင့် ကူညီနေသော်လည်း လက်နက်ကိုင် တော်လှန်ရေး တွင် ကိုယ်ထိလက်ရောက် ပါဝင်ရေး၊ မပါဝင်ရေးကိုမူ ယတိပြတ် ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိ သေးချေ။ အမျိုးသားပညာရေး သံယောဇဉ်ကြိုးကိုလည်း ဖြတ်တောက်နိုင်ခြင်း မရှိ သေးချေ။

ထိုကာလတွင် ကေအဲန်ယူ၏ ကရင်ပြည်တောင်းဆိုမှု တိုက်ပွဲသည် အရှိန်မြင့် သည်ထက် မြင့်လာသည်။ အနုနည်းဖြင့် တောင်းဆိုခဲ့သည်မှာ အချည်းနှီး ဖြစ်လာသည်။ ထို့ကြောင့် ကေအဲန်ဒီအို များသည် ရရာလက်နက်များကို လျှို့ဝှက် စုဆောင်းလာ ကြ သည်။ ဤသည်ကို ဖဆပလ ကရိပ်မိပြီး၊ သာယာဝတီရှိ ကရင်ခေါင်းဆောင်များကို ဖမ်းဆီး ရာဆရာစကောလယ်တော သည်လည်း အဖမ်း ခံခဲ့ရသည်။ လက်နက်ပုန်းများကိုကား မမိ။ သာယာဝတီ အရေးပိုင်က သူ့အား အာမခံသဖြင့် ချမ်းသာရာ ရခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးမစမီ သာယာဝတီတွင် ဗိုလ်ချင်း၊ ဗိုလ်စိန်မှန်တို့ ဖွဲ့စည်းထားသော တပ်များနှင့် ပြည်ထောင်စု စစ်ရဲ တပ်ဖွဲ့များသည် သာယာ ဝတီတဝိုက် ဓါးပြတိုက်ကြသည်။ နေ့လည်ဘက်တွင် အလည်အပတ် သဘောမျိုးဖြင့် အိမ်များသို့ လည်ပတ်ပြီး၊ ညဘက်တွင် ဓါးပြ ဝင်တိုက်လေသည်။ ထို ဓါးပြများသည် ဆရာစကောလယ်တော၏ ခေါင်းကိုပင် ခြေထောက်နှင့် ကန်ကြသည်။ ထိုသို့ ခံရသည့် တိုင် ဒေါသ မဖြစ်ခဲ့။ နောက်ပိုင်းတွင် ဓါးပြများသည် တဆင့်ထက် တဆင့် တိုးလာသည်။ (A.B.M.) ကျောင်းကိုဝိုင်းကာ သူ၏ ကျောင်းသူနှစ်ယောက်ကို အကြမ်းဖက် ခေါ်ဆောင် သွားပြီး၊ အဓမ္မ ပြုကျင့် ခဲ့ကြလေသည်။ ဆရာကြီးစကောလယ်တောမှာ၊ ထိုကိစ္စအတွက် အလွန်ပင် စိတ်ထိခိုက်ခဲ့သည်။ မိမိသည် အေးချမ်းစွာ နေထိုင် ပေါင်းသင်းလိုသည်။ သို့သော် အခြေအနေကား မပေးအပ်ခဲ့။ မတရားမှုကို ခုခံ တော်လှန်ရမည်ဟူသော စိတ်ကူး ပေါက်လာသည်။

ဤသည်မှာ သူ့အား လက်နက်ကိုင် တော်လှန်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိ စေခဲ့သည့် အစဦးဆုံး စိတ်ကူး ဖြစ်လေသည်။ ထို စိတ်ကူးမှနေ၍ သူ့တွင် အတွေး အခေါ်တခု ပေါ်ပေါက်လာသည်။ ကရင်လူမျိုးကို သူ အလွန်ချစ်ခင်သည်။ မိမိ၏ ကရင် လူမျိုး တိုးတက်ကြီးပွားသည်ကို မြင်တွေ့လိုသည်။ ကရင်ကို အမှန်တကယ် ချစ်လျှင်၊ ကရင်တို့ကို ဖိနှိပ်ညှဉ်းဆဲသော ရန်သူအား ပြတ်ပြတ်သားသား ဆန့်ကျင် တိုက်ခိုက် ရမည်ဟု တွေးခေါ်သည်။ သို့မှသာ မျိုးချစ် ပီသမည်။ ဤသို့ဖြင့် ဆရာကြီး စကောလယ်တောသည် ရဲရင့်သော အဘိဓမ္မာကို ထူထောင်ပြီး လက်နက်ကိုင် တော် လှန်ရေး၌ ကိုယ်ထိလက်ရောက် ပါဝင်ရန် ဆုံးဖြတ်ချက် ချခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေး “ပထမ လမ်းစဉ်”နှင့် ဆရာကြီး စကောလယ်တော

ဆရာစကောလယ်တော အခြေခံသော သာယာဝတီခရိုင်သည် ကရင် အမျိုးသား များထူထပ်စွာ နေထိုင်သော ခရိုင်တခုဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေး စတင် တော့မည် ဖြစ်၍ ဆရာစကောလယ်တော လည်း သာယာဝတီ တောင်ပိုင်းတွင် ဖွဲ့စည်းထား သော K.N.D.O. ကေအဲန်ဒီအို များရှိရာ၊ ကုမ္မနဲဘက်သို့ ပြောင်းရွှေ့ သွားခဲ့သည်။ ထို ဒေသတွင် ကေအဲန်ဒီအို တပ်ခွဲတခွဲ ဖွဲ့စည်းထားသည်။ ထိုတပ်ခွဲ၌ ဆရာကြီး စကော လယ်တော အား ဒု-ခွဲမှူးအဖြစ် တာဝန်ပေး ခဲ့သည်။ နောက်ပိုင်းတွင် တပ်ခွဲမှူး အဖြစ် တာဝန်ပေးသည်။ ဒေသတခွင်တွင် ဖဆပလ တပ်များနှင့် ရင်ဆိုင်တိုက်ခဲ့ရသော အကြိမ် မှာ သိပ်မရှိလှပေ။ ထိုဒေသ၌ အလံနီပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်များ စုပေါင်း နေထိုင်သည့် အခြေခံ ဒေသ နယ်မြေ ဖြစ်သည်။ ကွန်မြူနစ်ပါတီ တပ်အင်အားမှာ သိပ်မများ လှပေ။ အဖျောက်၊ ဇကာကြီး၊ ရေလဲတို့တွင် ပြည်သူ့ ရဲဘော် အများအပြား ရှိသည်။ ပထမတွင် ကေအဲန်ဒီအိုနှင့် နားလည်မှုအပြည့်အဝရှိကြသည်။ နောက်ပိုင်းတွင် ကေအဲန်ဒီအို ကို ဆန့်ကျင် တိုက်ခိုက်လာသဖြင့်၊ အချင်းချင်း တိုက်ပွဲများ ဖြစ်ပွားရသည်။ ဆရာ စကောလယ်တောသည် ထို ကေအဲန်ဒီအို တပ်ခွဲနှင့်အတူ သူကိုယ်တိုင် ပါဝင် တိုက်ခိုက် ခဲ့လေသည်။ မြစ်ကျိုး၊ အဖျောက်၊ ရေလဲ၊ ဇကာကြီး တဝိုက်တွင် ဖဆပလ ကို၊ ဆန့်ကျင်သည့် အင်အားစု အချင်းချင်း တိုက်ခိုက်နေရသော ကာလ ဖြစ်သည်။ နောက်ပိုင်းတွင် ဒေသတွင်း အုပ်ချုပ်ရေးကို စစ်အုပ်ချုပ် ရေးသို့ ချမှတ်လိုက်သည်။ ဒုတိယ ကမ္ဘာစစ်အပြီး ဗြိတိသျှအစိုးရက ဗမာပြည်ကို ဒုတိယ အကြိမ် ပြန်လည်ဝင်ရောက်လာစဉ် ချမှတ်ခဲ့သော အုပ်ချုပ်ရေးစနစ်မျိုး ဖြစ်သည်။ ဆရာ စကောလယ်တောမှာ ခရိုင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်း ဆောင်ရပြန်လေသည်။ {SCAO – Senior Civil Affair Officer} မြို့ပြ အုပ်ချုပ်ရေးအရာရှိ ဖြစ်လေသည်။ နောက်ပိုင်း ဖဆပလသည် ရန်ကုန်၊ အင်းစိန်မှ တောင်ငူအထိ ပြန်လည် သိမ်းပိုက်လိုက်သောအခါ တောင်ငူ ဌာနချုပ်မှာ တောတွင်းသို့ ဝင်ရောက် ခဲ့ကြရ လေသည်။

လက်နက်ကိုင် တော်လှန်ရေး အစပြုကာလမှာပင် စောဘဦးကြီးသည် အရွှေ့ တိုင်းမှ နေ၍ သူ၏ လုပ်ဖော်ကိုင်ဘက် တဦးဖြစ်သော ဗိုလ်ချုပ်စိုင်းကေ အား အကူအညီ လို သောကြောင့် မှာယူသည်။ ထိုအချိန်က ဗိုလ်ချုပ်စိုင်းကေမှာ မန်းဘဇန်၊ ဟန်တာသာ မွေး တို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှင့်အတူ ရှိသည်။ မြစ်ဝကျွန်းပေါ်ကေအဲန်ယူကို ပြန်လည် တည်ဆောက်ရာ၌ အဓိက အခန်းမှ ပါဝင်ဆောင်ရွက်နေသော ကာလ ဖြစ်သည်။

ဥက္ကဋ္ဌကြီး၏ မှာကြားချက်အရ ဗိုလ်ချုပ်စိုင်းကေသည် အရှေ့တိုင်းသို့ ထွက်လာရာတွင် သူ၏ ကျောင်းနေဘက် တဦးဖြစ်သူ ဆရာစကောလယ်တော အားလည်း အတူ တကွ ခေါ်ဆောင်လာခဲ့သည်။ ဆရာ စကောလယ်တောသည် အရှေ့တိုင်းသို့ ရောက် သည်နှင့် ကေအဲန်ယူကို ပြန်လည်ဖွဲ့စည်းရန်အတွက် စည်းရုံးရေးလုပ်ငန်းများ စတင် ဆောင်ရွက်လေသည်။ လောလောဆယ်အားဖြင့် အရှေ့ဘက်၊ ညောင်လေးပင် ခရိုင် ဖြစ်သော ရွှေကျင်၊ ကျောက်ကြီး၊ မုန်း စသည့် နယ်မြေနှင့် ပဲခူး၊ အင်းစိန်၊ ဝေါ၊ ထုံးကြီး တို့မှ ပြောင်းလာသော စစ်ပြေး ဒုက္ခသည် များအတွက် နေရာချထားရေးနှင့် ရိက္ခာများ ရရှိရေးကို အတတ်နိုင်ဆုံး အကူအညီ ပေးခဲ့လေသည်။

GS Kyin Pae, S Kaw Lwel Taw, Nai Ba Lwin, Mahn Ba Zan,
Saw Maw Yel, Cap Than Aung, Maj San Linn & Office Staffs.
Sept 27, Thantaung Township, Bawgli Village.

(၃)ပါတီ ကိုယ်စားလှယ် အဖွဲ့ဝင်များ။ (စက်-၂၇၊ သံတောင်မြို့နယ်၊ ဘောဂလီကျေးရွာ)

(ဝဲမှ ယာ) အတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျင်ဖေ၊ စကောလယ်တော၊ နိုင်ဘလွင်၊ မန်းဘဇန်၊ စောမော်ရယ်၊

ဗိုလ်သန်းအောင်၊ ဗိုလ်မှူးစံလင်း နှင့် K.N.U.P. ရုံးအဖွဲ့ဝင်များ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေဂျီဘီ (K.G.B.) ယာယီ သဘာပတိ ရွေးချယ် ခံရခြင်း

၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ဥက္ကဋ္ဌကြီး စောဘဦးကြီး ကျဆုံးပြီး နောက်၊ ဥက္ကဋ္ဌသစ်ရွေးချယ်ရန် ကိစ္စများ ပေါ်ပေါက်လာခဲ့လေသည်။ စောဘဦးကြီး ကျဆုံးပြီးဖြစ်၍ လစ်လပ်သောနေရာတွင် ဗိုလ်ချုပ်စိုင်းကေအား တင်မြှောက်ရန် အားလုံးက သဘောတူလေသည်။ သို့သော် ဗိုလ်ချုပ်စိုင်းကေ လည်း ဥက္ကဋ္ဌကြီးနှင့်အတူ ကျဆုံးသွားကြောင်း ဖာပွန်ရှိ စောဘဦးကြီး၏ ဇနီးက ကြေးနန်းပို့လာသဖြင့်၊ ဥက္ကဋ္ဌသစ် အဖြစ် တဦးဦးကို ရွေးချယ်ရန် ကိစ္စရှိလာသည်။ ထို့ကြောင့် တင်မြှောက်ရေး အစည်းအဝေး တရပ်ကို အလျင်အမြန် ခေါ်ယူ ခဲ့ကြသည်။ ထိုအစည်းအဝေးကို မော်ချီးတွင် ခေါ်ယူရာ ဆရာစကော လယ်တော လည်း တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌ အဖြစ် ဦးလှဖေကို တင်မြှောက်ရန်၊ ဦးလှဖေ မလုပ်မှသာ ဂျေဖူးညိုကို ဥက္ကဋ္ဌ တင်ရန် စသည်ဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ ဂျေဖူးညို ကိုယ်တိုင်လည်း အစည်းအဝေးကို တက်ရောက်ခဲ့သည်။ ဆုံးဖြတ်ချက်အရ တောင်ကြီးဘက်သို့ ရောက်နေသော ဦးလှဖေ အား အကျိုးအကြောင်း၊ ကြေးနန်းပို့ရာ ဦးလှဖေမှာ ပအိုဝ်း တော်လှန်ရေးတွင် ကိုယ်တိုင် ဦးဆောင်နေရသဖြင့်၊ ထိုတာဝန်ကို လက်မခံနိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ ဂျေဖူးညို ကလည်း ဥက္ကဋ္ဌ မလုပ်ချင်။ စစ်အုပ်ချုပ်ရေး ချမှတ်ခဲ့စဉ်က လက်နက်ကိုင် တော်လှန် ရေးကာလ၊ မည်သည့် အဖွဲ့အစည်းမှ မဖွဲ့စည်းရဟု သူကိုယ်တိုင် အမိန့်တရပ် ထုတ်ပြန်ခဲ့၍ ဖြစ်သည်။ သို့သော် မလွဲမရှောင်သာ ဥက္ကဋ္ဌ သစ်နေရာ လက်ခံပြီး နှစ်ရက်အကြာတွင် မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များ၏ကိုယ်စား ဟန်တာသာမွေးထံမှ ကြေးနန်း တစောင် ရရှိခဲ့သည်။ ကရင့်တော်လှန်ရေး တိုးတက်ခိုင်မာရေးအတွက် ကေအဲန်ယူ အစည်း အရုံးကို ပြန်လည် ဖော်ထုတ်ရန်၊ တောင်းဆိုထားသော ကြေးနန်း ဖြစ်သည်။ ကရင့် တော်လှန် ရေး အတွက် ကေအဲန်ယူ ကို ဖွဲ့စည်းရမည်ဆိုလျှင် သူ ဥက္ကဋ္ဌ မဟုတ်တော့ဟု ဆိုပြီး၊ စောဟန်တာသာမွေး ထံသို့ ကြေးနန်းပြန်ပို့ လိုက်သည်။ နောက်ဆုံး ဥက္ကဋ္ဌ တာဝန်မှ အပြီး အပိုင် ထွက်သွားခဲ့သည်။

၁၉၅၁ ခုနှစ် ဇန္နဝါရီလ (၉)ရက်နေ့တွင် အစည်းအဝေးကို ပြန်လည် ခေါ်ယူ ရ ပြန်သည်။ အစည်းအဝေးကို တောင်ငူ ခရိုင်တွင် ခေါ်ယူခဲ့ကြသည်။ ဥက္ကဋ္ဌ သစ် တယောက်

ရှာဖို့ဆိုလျှင် အဖွဲ့ငယ်တဖွဲ့ ဖွဲ့ရမည်ဖြစ်သည်။ ထိုအဖွဲ့ကို အမည်အမျိုးမျိုး ပေးကြသည်။ နောက်ပိုင်းတွင် (K.G.B. Kawthooli Governing Body.) ကဂျီဘီ (ကော်သူးလေ အုပ်ချုပ်ရေး အဖွဲ့) ဟူ၍ အမည်ပေးပြီး၊ ဖွဲ့စည်းရန် ဖြစ်သည်။ ထိုအဖွဲ့၏ ဥက္ကဋ္ဌ ကို ရွေးချယ် ကြရမည်ဖြစ်သည်။ အဖွဲ့ ဖွဲ့ပြီးနောက် သဘာပတိရွေးချယ်ရာတွင် ပြဿနာ ပေါ်လာပြန်သည်။ သဘာပတိ အဖြစ်ဆိုလျှင် ပအိုဝ်း ဦးလှဖေကို ရွေးချယ်ရန် ဆုံးဖြတ်ကြပြန်သည်။ ဒုတိယ သဘာပတိ အနေဖြင့် ဗိုလ်ချုပ်မင်းမောင် ကို ရွေးချယ်ရန် ဆုံးဖြတ်ပြီး အဖွဲ့ငယ်များ ဖွဲ့စည်းရာ ဆရာ စကောလယ်တောမှာ မြစ်ဝကျွန်းပေါ် ကိုယ် စားလှယ်အဖြစ် ရွေးချယ် ခံရသည်။ ထိုအစည်းအဝေးတွင် အရေးကိစ္စ အမျိုးမျိုးကို ဆွေးနွေး တင်ပြခဲ့ကြသည်။

တဖန် ဦးလှဖေကို ကြေးနန်းပို့သောအခါ ဦးလှဖေကလည်း၊ သူပြန်မလာ နိုင်ကြောင်း ငြင်းပယ် ပြန်သည်။ ထို့ကြောင့် သဘာပတိအဖြစ် ဗိုလ်ချုပ်မင်းမောင် သာလျှင် လုပ်ရန် ရှိတော့သည်။ ဤသည်မှာ သဘာဝကျပြီး လုပ်ထုံး လုပ်နည်းနှင့် အညီ ဖြစ်လေသည်။ သို့သော် ဗိုလ်ချုပ်မင်းမောင်သည် စင်စစ် နိုင်ငံရေးကို နားမလည်။ တော်လှန်ရေးတွင် မျိုးချစ် တယောက်အဖြစ် ပါဝင်လာခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူ မလုပ်တတ်ကြောင်း ရိုးသားစွာပင် ငြင်းပယ်ခဲ့သည်။ သဘာပတိ တင်မြှောက်ရေး ကိစ္စမှာ မပြီးမပြတ် ရှိနေပြန်သည်။ နောက်ဆုံး ဗိုလ်ချုပ်မင်းမောင် ကိုယ်တိုင် မြစ်ဝကျွန်းပေါ်၌ ရှိသော မန်းဘဇန်နှင့် ဟန်တာသာမွေး တို့ထံ ကြေးနန်း ပို့လေသည်။ “ခင်ဗျားတို့ စခဲ့တဲ့ အလုပ်ဟာ၊ အခု ခေါင်းဆောင်ရွေးတာဘယ်သူမှ လက်မခံပါ။ ဒါကြောင့် ခင်ဗျားတို့ တယောက်ယောက် တက်လာ ဥက္ကဋ္ဌ လုပ်ပါ” စသည်ဖြင့် ကြေးနန်းပို့လေသည်။ မုဆိုး ကော်ကဆာက လည်း သူ့အနေဖြင့် (K.G.B.) ဥက္ကဋ္ဌ လုပ်ရန် ဝန်မလေးကြောင်း၊ သို့သော် လောလောဆယ်၌ မြစ်ဝကျွန်းပေါ် စည်းရုံးရေး လုပ်ငန်းများအတွက်၊ အရေးကြီးသော တာဝန်များကို ဆောင်ရွက်နေရသဖြင့် မလာနိုင်သေးကြောင်း၊ သူတက် မလာမီ သူ့ ကိုယ်စား ဆရာထောယေက ဆောင်ရွက်ရန်၊ အားလုံး လက်ခံမည်ဆိုလျှင် သူ့အနေဖြင့် သဘာပတိ တာဝန်ကို လက်ခံမည်ဆိုပြီး ကြေးနန်း ပြန်ပို့ခဲ့သည်။ ဗိုလ်ချုပ်မင်းမောင်မှာ ကြေးနန်းရရချင်း ဆရာစကောလယ်တောအား မှာယူပြီး ကြေးနန်းကို ဖတ်ပြသည်။ ဆရာ စကောလယ်တော ကလည်း ဟန်တာသာမွေး ထံ ကြေးနန်းပြန်ပို့ပြန်သည်။ “ကျနော့်ကို အရူး မလုပ်ပါနဲ့၊ ကျနော် ဘာမှ မလုပ် တတ်ပါ။ ခင်ဗျားကိုယ်တိုင် တက်လာပါ။ ခင်ဗျားကို အားလုံး မျှော်နေပါတယ်။” ဟူ၍ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဟန်တာသာမွေးက ဆရာစကောလယ်တောအား ပြန်လည် နှစ်သိမ့် သည်မှာ “ခေါင်းဆောင်တယောက် ဆိုသည်မှာ တာဝန်ကို မကြောက်ရဘူး။ ခင်ဗျား လုပ်နိုင်ပါ တယ်။ ခင်ဗျားကို ယုံကြည်ပါတယ်။ လုပ်သာ လုပ်ပါ။ ခင်ဗျားနဲ့ အတူ ရှိသည်။” ဟူသော ကြေးနန်းကို ရလျှင် ဆရာကြီး စကောလယ်တောက အချက်တချက်ကို ဆင်ခြင် သုံးသပ်မိခဲ့သည်။ ၎င်းမှာ ဥက္ကဋ္ဌကြီး ကျဆုံးခဲ့သည်မှာ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက် ဖြစ်ရာ၊ ယခု ၁၉၅၁ ခုနှစ် ဧပြီလ သို့တိုင် ရောက်ခဲ့ပြီ ဖြစ်သော်လည်း ဥက္ကဋ္ဌ မရှိသေး။ ကော်သူးလေ ဌာနချုပ်ကို ယခင်က မော်ချီးတွင် ထားရာ လုံခြုံမှု မရှိတော့သဖြင့်၊ ဖာပွန်သို့ ပြန်လည် ပြောင်းရွှေ့ခဲ့ရပြီး ဖြစ်သည်။ ဖာပွန်တွင် လူအမြောက်အများရှိပြီး ပြဿနာလည်း အမြောက်အများ ရှိနေသည်။ အခက်အခဲ အကျပ်အတည်းများစွာ ရှိနေသော်လည်း မည်သူမျှ ဝင်ရောက် တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်း မရှိသေးပေ။ အစည်းအဝေး ထပ်မံ ခေါ်ယူလျှင် အချိန်လည်း ကြာဦးမည်။ ရွေးချယ်မည့်သူများက လုပ်နိုင် မလုပ်နိုင် ဆိုသည် မှာလည်း သေချာလှသည်မဟုတ် ဟူ၍ လက်ရှိ အခြေအနေကို သုံးသပ် မိခဲ့သည်။ ထို့ကြောင့် သူသည် ဖာပွန်သို့တက်ပြီး K.G.B. ယာယီ သဘာပတိအဖြစ် လက်ခံ လိုက်လေသည်။ အခက်အခဲ အကျပ်အတည်း မျိုးစုံ ကြားထဲ၌ပင် အလုပ် စတင် လုပ်ခဲ့ရသည်။ ထိုအချိန်က ဖာပွန်တွင် ကော်သူးလေ အသံလွှင့်ဌာန လည်း ရှိသည်။ စစ်ဦးစီး ဌာနချုပ်လည်း ရှိသည်။ အင်္ဂလိပ်ကပြား အမျိုးသားများ၊ မြန်မာ အမျိုးသားများ လည်း ရှိသည်။ နဂါးနက်၊ မာဃ၊ ကျွဲချို၊ အစရှိသော အသံလွှင့် ဌာနတွင် တာဝန်ယူ ကြသူများလည်း အကျပ်အတည်းများ တွေ့နေကြသည်။ စက်ယန္တယားနှင့် ပတ်သက်သူ များလည်း ရှိသည်။ အားလုံး အကျပ်အတည်းနှင့် ကြုံနေကြရသည်။ ဆရာ စကောလယ် တော ဖာပွန်သို့ ရောက်ခဲ့ပြီးနောက် ဘဏ္ဍာရေး ကိစ္စများကို စနစ်တကျရှိရန် ကြိုးပမ်း ဆောင်ရွက်ရာတွင် အောင်မြင်ခဲ့သည်။ ခရိုင်အသီးသီးမှ ဗဟိုသို့ ဘဏ္ဍာငွေများ ပုံမှန် ပြန်ပို့ကြသည်။ ခရိုင်နှင့် ဗဟို ဆက်သွယ်ရေး ကိစ္စများ၊ ဌာနဆိုင်ရာ ကိစ္စများလည်း ပုံမှန် လည်ပတ်လာသည်။ ဌာနချုပ်စခန်းတွင် အင်အား (၄၀၀)ခန့်ရှိရာ အစားအသောက် ရိက္ခာ အဝတ် အစားနှင့် နေထိုင်ရန် အဆောက်အဦများကိုလည်း ကောင်းမွန်စွာ စီစဉ် ဆောင်ရွက် နိုင်ခဲ့သည်။

ဆရာကြီး စကောလယ်တော ဖာပွန်တွင် (K.G.B.) ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်စဉ် ကာလတွင် ဖာပွန်ရှိ (K.G.B.) ခေါင်းဆောင် အများစုမှာ အသက်ကြီးရင့် သူများ ဖြစ်ကြ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ခရိုင်နှင့် အောက်ခြေတွင် ပြဿနာ တခုခု ဖြစ်လာပါက လွတ်လပ်စွာ မသွားမလာ နိုင်သူက များသည်။ ထို့ကြောင့် ဆရာ စကောလယ်တော သည်သာ အများ ဆုံး သွားလာဆောင်ရွက်ရလေသည်။

အရှေ့ဖက်တွင်ရှိသော ခရိုင်ဒေသ အနံ့အပြားသို့ ရောက်ခဲ့သည်။ ထို့ကြောင့် လူထုတရပ်လုံးနှင့် ထိတွေ့ရင်းနှီးပြီး၊ ပြဿနာများကို ဝိုင်းဝန်းဖြေရှင်း အကြံဉာဏ်များ ပေးခြင်းဖြင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုရခဲ့သည်။ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသဖြင့်လည်း ညွှန်ကြားချက်များပေးတိုင်း တက်တက်ကြွကြွ အကောင်အထည် ဖော်ကြသည်သာ များသည်။ နောက်ပိုင်းတွင် (K.G.B.) ၌ ဌာနဆိုင်ရာ တာဝန်များ ခွဲဝေကြရာ၊ ဆရာစကော လယ်တောမှာ နိုင်ငံခြားရေးဌာနကို တာဝန် ယူရလေသည်။ ဆရာ စကောလယ်တော လည်း နိုင်ငံရပ်ခြားသို့ တခါတရံ ရောက်ခဲ့ရာ၊ အတွေ့အကြုံလည်း ပိုမိုရလာခဲ့သည်။ အရှေ့တိုင်း (K.G.B.) ဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလတွင် သင်တန်းများလည်း အခါအား လျော်စွာ ပေးခဲ့ရသည်။

၁၉၅၄ ခုနှစ်ကုန်ကာနီးတွင် "မုဆိုးကော်ကဆာ" အရှေ့တိုင်းသို့ ရောက် လာသည်။ ရောက်ရောက်ခြင်း (K.G.B.)ကို ဖျက်သိမ်း လိုက်ပြီး၊ (K.R.C. – Karen Revolutionary Council) "ကရင်တော်လှန်ရေးကောင်စီ"ကို ဖွဲ့စည်းလိုက်သည်။ ထို ကရင် တော်လှန်ရေးကောင်စီတွင် ဆရာစကောလယ်တောမှာ အတွင်းရေးမှူး အဖြစ် တာဝန်ယူရသည်။ မူဆိုးကော်ကဆာ နှင့် ဆရာစကောလယ်တောမှာ ဆရာ တပည့် အရင်းဖြစ်၍ တလေးတစား ဆက်ဆံကြသည်။ အရှေ့တိုင်းတွင် ပြဿနာပေါ်တိုင်း 'ဆရာစကောလယ်တော'ကိုသာ တာဝန်ပေးလေသည်။ မဟာမိတ် အခန်းကဏ္ဍနှင့် ပတ်သက်၍ အထူးသဖြင့် လူမျိုးစု ပြဿနာ ကိစ္စများတွင်လည်း တာဝန်ပေး၍ ယူရပြန် သည်။ အခြားခေါင်းဆောင်များမှာ ဆရာ စကောလယ်တော လောက် စကားပြောဆို ဆက်ဆံရာတွင် မကျွမ်းကျင်ကြ။ ထို အချိန်က ဗမာပြည် ကွန်မြူနစ်ပါတီမှာ ကရင့် တော်လှန်ရေးနှင့် အဆက်အသွယ် ပုံမှန် ရှိခဲ့၍ ကွန်မြူနစ်ခေါင်းဆောင်များနှင့် တွေ့ဆုံ ရမည်ဆိုလျှင် ဆရာ စကောလယ်တော ကိုသာ ရွေးချယ် ဆောင်ရွက် ခဲ့လေသည်။ ဤသို့ဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီ ခေါင်းဆောင်များနှင့် ပိုမို ရင်းနှီးလာသည်သာမက ၎င်းတို့ထံမှ အတွေ့အကြုံ များလည်း ရလာသည်။

ကျနော်ရေးသားတင်ပြခဲ့သော "ဆရာကြီးစကောလယ်တော"၏ ကျောင်း သားဘဝ၊ ကျောင်းဆရာ ဘဝ၊ ကျောင်းအုပ်ကြီး ဘဝနှင့် ကရင်အမျိုးသား လက်နက် ကိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေးသမားဘဝ အခြေအနေအခဲ့ျိုသည် “ဆရာကြီး”၏ အတ္ထုပ္ပတ္တိ ပထမ ပိုင်း မျှ သာ ဖြစ်ပါသည်။ အဆိုပါ အတ္ထုပ္ပတ္တိ ပထမပိုင်း ကာလနှင့် ယခု ဆက်လက် ဖော်ပြမည့် “မြောက်ပိုင်း ခရီးစဉ်” ကာလသည်၊ နှစ်ပေါင်း (၂၀)ကျော် ကွာခြား ခဲ့ပါသည်။ နှစ်ပေါင်း (၂၀)အတွင်း သူကိုယ်တိုင် ပါဝင်ဆောင်ရွက် ဖြတ်ကျော်ခဲ့ရသော “တော်လှန်ရေး” လှုပ်ရှားမှု နှင့် မြန်မာပြည် နိုင်ငံရေး ဖြစ်စဉ် အတွင်း အချိုးအကွေ့ပေါင်း များစွာရှိခဲ့ပါသည်။

ကေအဲန်ယူ၏ ဒုတိယ လမ်းစဉ်အတွင်း နိုင်ငံရေး ဆိုင်ရာ သဘောတရား ချမှတ်ချက် များ၊ ဖဆပလ ၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ထိုးစစ်များ၊ မဟာမိတ် နှင့် တပ်ပေါင်းစု တည်ဆောက်ရေးဆိုင်ရာ ကြိုးပမ်းမှု၊ ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးကာလ အယူအဆဆိုင်ရာ ပဋိပက္ခ၊ အမျိုးသားချင်း လက်နက်ကိုင် ပဋိပက္ခ၊ ကေအဲန်ယူပါတီ၏ နိုင်ငံရေး သဘောတရား ပြုပြင်ပြောင်းလဲမှု၊ အမျိုးသား စည်းလုံး ညီညွတ်ရေး တည်ဆောက်ခြင်း စသော ကိစ္စရပ်ပေါင်းများစွာ အပေါ် အခြေခံသော အချိုး အကွေ့များစွာ ရှိခဲ့လေသည်။ ထိုနိုင်ငံရေး ရပ်တည် လုပ်ဆောင်ချက်များသည် နောင်လာ နောက်သားများ အတွက် မှတ်သားစရာများ ဖြစ်မည်ဟု ယုံကြည် မိပါသည်။

“အဆိုပါ နှစ်ပေါင်း(၂၀)ကာလ ကရင့်တော်လှန်ရေးဖြစ်စဉ်နှင့် ဆရာကြီး၏ ပတ်သက်မှုကို ဆရာစကောလယ်တော၏ အတ္ထုပ္ပတ္တိကို ရေးသားမည့်သူများမှ အသေး စိတ်ကို ဆက်လက် ရေးသား ဖော်ပြ သွားကြမည် ဖြစ်ပါသည်။ ကျနော့် အနေဖြင့် ဆရာကြီး နှင့် အခိုက်အတန့် အားဖြင့်ငင်း၊ လုပ်ငန်းတခုခုကို အကြောင်း ပြု၍ငင်း၊ တွေ့ကြုံခဲ့ရသော ကာလ(၃)ခုကို အနည်းငယ်စီ ရေးသား တင်ပြမည် ဖြစ်ပါသည်။”

အဆိုပါ ကာလ(၃)ခုမှာ -

(က) ၁၉၆၃ ခုနှစ်၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး ကာလ။

(ခ) ၁၉၆၈ ခုနှစ်၊ ကေအဲန်ယူ၏ သဘောတရားရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှု ကာလ။

(ဂ) ၁၉၇၅ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည် တည်ဆောက်သော ကာလ ဟူ၍ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထိုကာလများမှာ ကရင့်တော်လှန်ရေး၏ ထူးခြားသော အပြောင်းအလဲ ကာလများ၌ပါဝင်ပြီး၊ ထိုကာလများအတွင်း ဆရာကြီးနှင့် တွေ့ဆုံခဲ့ရသော အခိုက်အတန့် ကာလများ ဖြစ်သည်။

ပထမအကြိမ် တွေ့ဆုံခြင်း

ကျနော်သည် ၁၉၆၃ ခုနှစ်၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဆွေးနွေးပွဲကာလတွင် ဆရာကြီးနှင့် (၂)ကြိမ်တိတိ တွေ့ဆုံခွင့် ရခဲ့ပါသည်။ ပထမဆုံး အကြိမ်မှာ ရန်ကုန်မြို့ အလုံမစ်ရှင်လမ်း၊ ဘရေတန် အထက်တန်း ကျောင်း၌ ဖြစ်သည်။ ငြိမ်းချမ်းရေး ကိုယ်စားလှယ်တော်များဖြစ်သော မွန် ကရင် ကရင်နီ (၃)ပါတီ ကိုယ်စားလှယ်များနှင့် အတူ လာရောက်ပြီး လူထုရှင်းလင်းပွဲ တခု ကျင်းပကြသည်။ အဆိုပါ လူထုရှင်းလင်းပွဲသို့ ရန်ကုန် တက္ကသိုလ်မှ ကျောင်းသူ ကျောင်းသားများအား ဖိတ်ကြားသဖြင့် တက်ရောက် ခဲ့ခြင်းဖြစ်သည်။

(၃)ပါတီ ကိုယ်စားလှယ်များမှာ၊ ကေအဲန်ယူပါတီမှ မန်းဘဇန်၊ စကောလယ် တော၊ ဗိုလ်မှူးစံလင်း၊ မွန်ပြည်သစ်ပါတီမှ နိုင်ရွှေကျင်၊ နိုင်ထင်၊ နိုင်ဝေ၊ ကရင်နီ တိုးတက် ရေးပါတီမှ ဥက္ကဋ္ဌကြီး စောမောရယ်နှင့် ကိုယ်စားလှယ်အခ့ျို အသီးသီး တက်ရောက်ခဲ့ ကြသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကာလဖြစ်၍ ကရင် အမျိုးသားများ အားလုံးက အထူးစိတ်ဝင်စားကြသည်။ ထို့ကြောင့် မဟာရန်ကုန် အတွင်း အင်းစိန်၊ ခဝဲခြံ၊ ဟံသာဝတီ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ အလုံ ဝို့က်ဟော(လ်)၊ အစရှိသည့် ရပ်ကွက်များ အပါအဝင်၊ သံလျင်၊ တံတား စသည့် မြို့နယ် ဒေသများရှိ ကရင်အမျိုး သားများကလည်း တက်ရောက်လာကြလေသည်။ ပြည်တွင်းစစ် (၁၀)နှစ်ကျော် ကာလ အတွင်း တောတွင်းမှ အမျိုးသား ခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံ နှုတ်ဆက် ကြရမည် ဖြစ်ပြီး၊ ငြိမ်းချမ်းရေး ရတော့မည်ဟူသော မျှော်လင့်ချက် စိတ်ကူးများကလည်း၊ တက်ရောက်လာသော ကရင် အမျိုးသားများအတွက် ဝမ်းမြောက် အားရစရာ ဖြစ်သည်။ လူထု ရှင်းလင်းပွဲတွင် (၃)ပါတီကိုယ်စားလှယ် ခေါင်းဆောင် ဖြစ်သော မန်းဘဇန်က မိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကိုယ်စားလှယ်များကလည်း အနည်းငယ်စီ ပြောကြား ခဲ့ကြသည်။ ထိုအချိန်

ဆရာကြီး စကောလယ်တော မှာ အသက်အားဖြင့် (၄၀)ပတ် ဝန်းကျင်သာ ရှိသဖြင့် အရပ်အမောင်းမြင့်မြင့် ကိုယ်လုံးကိုယ်ဖန်မှာလည်း သန်စွမ်းသော လက္ခဏာ ရှိသည်။ နဖူးမြင့်ပြီး နှာတန်ပေါ်၍ တည်ငြိမ် ခန့်ညားလျက်ရှိသည်။ မျက်လုံး ပါးစပ်၊ ဖွဲ့စည်းပုံမှာ ထိုင်းတရုတ်မျိုးနွယ်ပုံ ပေါ်လွင်နေသည်။ ကျနော်သည် ဆရာကြီး စကောလယ်တော ကို ပထမ အကြိမ် တွေ့ဖူးခြင်းဖြစ်သည်။ “ဆရာကြီး စကောလယ်တော ကျားစီးပြီး ခရီးသွားသည်” ဟူသော တင်စားမှုများ ရှိခဲ့သည်ကို အမှတ်ရပြီး သူ့ကို မကြာခဏ အကဲ ခတ်မိသည်။ ထို လူထု ရှင်းလင်းပွဲအပြီး မရွေးမနှောင်း ရက်ပိုင်း ကာလ အတွင်းမှာပင် အလုံနှင့် ကြည့်မြင်တိုင်ကြား ဝို့က်ဟော(လ်) ရပ်ကွက်ရှိ ကသစ် လမ်းတွင် ဒုတိယ အကြိမ် ပြန်လည် ဆုံခဲ့သည်။ ထိုအစည်းအဝေးမှာ အေဘီကေအို ရုံး (All Burma Karen Organization.) ၏ အပေါ်ထပ်တွင် ဖြစ်သည်။ (၃)ပါတီ ငြိမ်းချမ်းရေး ကိုယ်စား လှယ်များနှင့် (A.B.K.O.) အဖွဲ့ဝင်များ၏ နှစ်ဖက် တွေ့ဆုံ မိတ်ဆက်ပွဲဖြစ်၍ ငြိမ်းချမ်း ရေးနှင့် ပတ်သက်သော လက်ငင်း အခြေအနေနှင့် နိုင်ငံရေး သဘောထားအမြင်များကို တလှည့်စီ ရှင်းလင်းကြခြင်းများ ပြုလုပ် ကြသည်။ ထို ဆွေးနွေးပွဲတွင် (A.B.K.O.) အဖွဲ့မှ (၁) ဥက္ကဋ္ဌ မန်းမြသီး၊ (၂) မန်းတင်ညွန့်၊ (၃) မန်းစံလှိုင်၊ (၄) စောသာဒင်၊ (၅) မန်းဒါဝိတ်၊ (၆) မန်းအောင်ကြည်၊ (၇) မန်းကျော်အောင်လွင်၊ (၈) မန်းစရွဲမောင်၊ (၉) စ’ ဝင်းသိန်း၊ (၁၀) စောထူး၊ (၁၁) မန်းအောင်ဌေး(ကျနော်) စသည်တို့ တက်ရောက်ခဲ့ပါသည်။ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကာလတလျောက် သူသည် မှတ်တမ်းများကို အဓိက စီစဉ်ရေးသားသူ ဖြစ်သည်။ သူ၏ မှတ်တမ်းများကို အခါ အားလျော်စွာ ဖတ်ခဲ့ရသည်။ ဆရာစကောလယ်တောသည် စာရေးရာတွင်၎င်း၊ စကားပြောရာတွင်၎င်း၊ သွယ်ဝိုက်မှု မရှိ။ ထို့ကြောင့် ရေးသားချက်များသည်လည်း ရှင်းလင်းပြီး အလွယ်တကူ သဘောပေါက်နိုင်ပေသည်။

၁၉၆၃ ခုနှစ်ကာလသည် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေး အတွင်း အယူအဆရေးရာပေါ် အခြေခံကာ ခေါင်းဆောင်ပိုင်း နှစ်ခြမ်းကွဲ ခဲ့ရသော နှစ်ဖြစ်သည်။ ကရင့်တော်လှန်ရေး (၁၀)နှစ်ကျော် ကာလအတွင်း ပထမ အကြိမ် ဖြစ်သည်။ လက်ယာအင်အားစုကို ပိုမိုအားကိုးလာပြီး၊ လက်နက်နှင့် ငွေရေး ကြေးရေး အကူအညီများကိုလည်း အထူး မျှော်လင့်သော ကာလ ဖြစ်သည်။ လက်ယာအကြိုက် ကို လိုက်ကာ အပေးအယူ လုပ်ခဲ့ကြသည်။ ထိုအချက်ကို အခြေခံပြီး (K.R.C.) နှင့် (K.N.U.P.) တို့ ကွဲခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လူနည်းစုဖြင့် ခွဲထွက်ခြင်းကို ဦးဆောင်သွားသူမှာ (K.R.C. – Karen Revolutionary Council) ဥက္ကဋ္ဌ မုဆိုးကော်ကဆာ (ခေါ်) စောဟန်တာသာမွေး ဖြစ် သည်။ စောဟန်တာသာမွေးသည် ၁၉၅၄ ခုနှစ်တွင် စတင်ဖွဲ့စည်းသော (K.R.C.) ၏ ဥက္ကဋ္ဌ ဖြစ်သည်။ ကေအာစီသည် ကေအဲန်ယူပီ ပါတီ၏ ဦးဆောင်မှုကို ခံယူသော အစိုးရ အဖွဲ့ အစည်းတခု ဖြစ်သည်။ အုပ်ချုပ်ရေး လုပ်ငန်းများကို အဓိကထားပြီး ဆောင်ရွက်သည်။ စောဟန်တာသာမွေးသည် ၁၉၅၄ ခုနှစ်မှစပြီး၊ မြစ်ဝကျွန်းပေါ်မှ အရှေ့တိုင်းသို့ တက်လာ ပြီးနောက် ကေအာစီကို ဖွဲ့စည်းရာတွင် ကိုယ်တိုင် ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုင်း-မြန်မာ နယ်စပ်တွင် အခြေခံသဖြင့် ထိုင်းနိုင်ငံအတွင်း မကြာခဏ သွားရောက်ရာ လက်ယာ ကွန်မြူနစ်ဆန့်ကျင်ရေး ကိုယ်စားလှယ် အခ့ျိုနှင့် အဆက်အသွယ် ရခဲ့သည်။ လက်ယာ အင်အားစုကို ပိုမို အားကိုး လာသည်။ အထူးသဖြင့် လက်နက်နှင့် ငွေရေး ကြေးရေး အကူအညီများကို အထူး မျှော်လင့် ခဲ့သည်။ လက်ယာအကြိုက်ကို လိုက်ကာ အပေးအယူ လုပ်ပြီး လက်ဝဲယိမ်းသော ကေအဲန်ယူ ပီကို ဆန့်ကျင်လာသည်။ သူကိုယ်တိုင် ပါဝင်ပြီး ချမှတ်ထားသော ဒုတိယ လမ်းစဉ်ကိုပင် ပြန်လည် ဆန့်ကျင်လာသည်။ ဤသို့ဖြင့် ၁၉၆၃ ခုနှစ် ကွန်ဂရက်တွင် ကေအဲန်ယူပီ၏ လမ်းစဉ်ကို ပြောင်ပြောင်တင်းတင်း ဝေဖန်ပြီး၊ အများစု၏ သဘောထားကို အလေး မထား တော့ဘဲ၊ ခွဲထွက် သွားခဲ့ လေသည်။ ၎င်းနှင့် အတူ အရှေ့တိုင်းမှ ပဒိုဝေသော၊ ပဒိုဖိုးညော၊ ပဒိုဝီရီကျော် စသော ခေါင်းဆောင်များနှင့် ဗိုလ်လင်းထင်၊ ထရူးမင်း၊ မိုးဇက် စသည့် တပ်မှူး များ ပါသွားကြသည်။ ကွန်ဂရက်အပြီး မရွေးမနှောင်း ကာလမှာပင် နေဝင်းစစ် အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ခေါ်ယူရာ၊ စောဟန်တာသာမွေး ဦးဆောင်ပြီး (K.R.C.) အဖွဲ့ အနေဖြင့် သီးခြား တွေ့ဆုံ ဆွေးနွေးခဲ့ သည်။ ထိုဆွေးနွေးပွဲတွင် အခြားသော လူမျိုးစု လက်နက်ကိုင် တော်လှန်ရေး အသီး သီးနှင့် သဘောတူညီချက် မရဘဲ၊ ဆွေးနွေးပွဲ ပျက်သွား ခဲ့သော်လည်း၊ စောဟန်တာ သာမွေး ဦးဆောင်သည့် ကေအာစီ အဖွဲ့သည် နေဝင်း စစ် အာဏာရှင် တို့နှင့် သဘော တူညီချက် ရယူပြီး ပူးပေါင်း သွားခဲ့လေသည်။

နေဝင်း စစ်အစိုးရသည် ပထမတွင် ကေအာစီကို အထူး အခွင့်အရေးများ ပေးခဲ့ သော်လည်း နောက်ပိုင်းတွင် ကန့်သတ်ချုပ်ချယ်မှုများ လုပ်လာသဖြင့် ဗိုလ်လင်းထင် တို့ ပုန်ကန်ရန် စီစဉ်ကြသည်။ ဗိုလ်နေဝင်း စစ်တပ်မှ အချိန်မီ သိရှိခဲ့ပြီး၊ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ရာ ဗိုလ်လင်းထင် ကျဆုံးသွားသည်။ စောဟန်တာသာမွေး ကိုလည်း ပထမ တွင်

ပညာရေး သုတေသနဌာနခွဲ သုတေသန အရာရှိအဖြစ် ခန့်အပ်ပြီး နောက်ပိုင်း အသက်အရွယ်ကြီးလာသောကြောင့် အနားပေးခဲ့ လေသည်။

စောဟန်တာသာမွေးသည် ဆရာကြီး စကောလယ်တော၏ ဆရာအရင်း ဖြစ် သည်။ ၁၉၅၄ ခုနှစ် ကေအာစီကို ဖွဲ့စည်းရာ ဆရာ စကောလယ်တောမှာ အထွေထွေ အတွင်းရေးမှူး အဖြစ် တာဝန်ယူခဲ့ရပြီး၊ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသော်လည်း စောဟန်တာ သာမွေး၏ ပြည်ပမှီခိုရေးဝါဒ၊ အမျိုးသား အကျိုးနှင့် ဆန့်ကျင်သော လုပ်ရပ်များကို အနည်းငယ်မှ လက်ခံတိမ်းညွတ်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် စောဟန်တာသာမွေး ခွဲထွက် သွားသော်လည်း ဆရာစကောလယ်တောမှာ ကေအဲန်ယူပါတီနှင့် ဒုတိယ လမ်းစဉ် အပေါ်တွင် ဆက်လက် ရပ်တည်ခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယအကြိမ် တွေ့ဆုံခြင်း

၁၉၆၈ ခုနှစ် ဆရာကြီးစကောလယ်တောနှင့် နောက်ထပ် တွေ့ဆုံ သည်မှာ အရှေ့တိုင်း ကရင်နီနယ်စပ် တောင်ပေါ်ရွာ တရွာတွင် ဖြစ်သည်။ ကျနော် တက္ကသိုလ် အောင်ပြီးစ ကျောင်းဆရာ ဘဝ ဖြစ်ပါသည်။ ကေအဲန်ယူ ပါတီ၏ စီမံချက်အရ အရှေ့တိုင်း တွင် မူလ တန်း သင်တန်းတစ်ခုကို ဖွင့်လှစ် မည်ဖြစ်ရာ ထိုသင်တန်းတွင် အကူအညီ ပေးရန် ဖြစ်သည်။ ဆရာကြီးစကောလယ်တောသည် ထိုသင်တန်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ယူမည် ဖြစ်သည်ကိုလည်း ကြိုတင် သိရှိထားသည်။ ကျနော်နှင့်အတူ တက္ကသိုလ်မှ မိတ်ဆွေ အခ့ျို လည်း စိတ်အားထက်သန်စွာ လိုက်ပါ ကူညီခဲ့ကြသည်။ ကျနော်တို့ ခရီး စဉ်သည် ပထမ အဆင့်အနေဖြင့် ပဲခူးရိုးမရှိ ကေအဲန်ယူပီ စစ်ဦးစီး ဌာနချုပ်သို့ ရောက်ခဲ့ ပါသည်။ ထိုမှတဆင့် ဖြူး၊ တောင်ငူမြို့နယ်ရှိ ပါတီဌာနချုပ်ရှိရာ “ဖလေးဆာလို” တောင် ပေါ် ကျေးရွာသို့ ရောက်ခဲ့သည်။ သင်တန်းဖွင့်လှစ်မည့် “ဖခါလေးခို” ကျေးရွာသည်၊ ဌာနချုပ်နှင့် (၃)ရက် ခရီးခန့်မျှရှိ ကရင်နီဒေသနှင့် နီးသည်။ “ဖခါလေးခို” ကျေးရွာသည် တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားသော ကျေးရွာတရွာ ဖြစ်သည်။ ဆရာကြီး စကောလယ်တော သည် ထို ရွာ၌ ကျနော်တို့ကို စောင့်ကြိုနေပါသည်။ ထို မူလတန်း ကျောင်းဆရာ သင်တန်းကို အရှေ့တိုင်းရှိ ကျောက်ကြီး၊ ဘောဂလီ၊ သံတောင်၊ တောင်ငူ၊ ထန်းတပင် မြို့နယ်နှင့် ကရင်နီ ဒေသမှ ကျောင်းဆရာ ဆရာမ (၄၀)ခန့် တက်ရောက် သင်ကြား ခဲ့ကြသည်။ “ဖခါလေးခို” ကျေးရွာသည် တောင်ပေါ်ရွာသာ ဖြစ်သော်လည်း သေသေသပ်သပ် တည်ဆောက်ထားသော ရွာဖြစ်သည်။ ဆရာကြီးသည် ကျောင်းဆရာ တဦး ဖြစ်ခဲ့သဖြင့်၊ သူ၏ သင်ကြားချက် များသည် အဆင့်မြင့်ပြီး အလွယ်တကူ နားလည် နိုင်သော နည်းနာများဖြင့် သင်ကြားသည် ကို တွေ့မြင်ခဲ့ရသည်။

အထူးသဖြင့် သင်ခန်းစာများကို ပုံစံများ၊ ဇယားများ၊ ရုပ်ပုံများ ရေးဆွဲပြီး သင်ကြား လေ့ရှိသည်။ တိုတို တုတ်တုတ် ရှင်းလင်း တတ်သည်။ ရယ်စရာများ ပြောလေ့ မရှိ သော်လည်း၊ အလွန်ရင်းနှီးပြီး စေတနာပါသော အမူအရာများကို တွေ့ရသည်။ ပျင်းရိစရာ အချိန်များတွင် တပည့်များအား မတ်တပ်ရပ်ခိုင်းပြီး သီချင်းဆိုခိုင်းသည်။ နံနက်တိုင်း သင်တန်းမစမီ တပည့်များအား အမြဲဆိုခိုင်းသော သီချင်းတပုဒ်မှာ “သာယာ လှပသော၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကျုပ်တို့ နယ်မြေ” သီချင်းဖြစ်သည်။ တောင်ပေါ်ဒေသ၏ လှပပုံနှင့် တောင်ပေါ်သား တဦး၏ ဘဝကို ကျူးရင့် သီဆို ထားသော သီချင်းတပုဒ် ဖြစ်သည်။ ဆရာကြီးသည် တောင်ပေါ်ဒေသ၏ သဘာဝကို အထူးချစ်မြတ်နိုးသူ တဦးဖြစ်သည်။ ဆရာ ဆရာမ များသည် တက်တက် ကြွကြွဖြင့် ဂရုတစိုက် သင်ကြားကြ၍ ပျော်စရာ သင်တန်းတခု ဖြစ်ခဲ့သည်။ သို့သော် သင်တန်းပြီးဆုံးရန် ရက်ပိုင်းအလိုတွင် မြန်မာ့ တပ်မတော်၏ စစ်ကြောင်း တကြောင်း ချဉ်းကပ်လာသဖြင့် သင်တန်းကို အလျင်အမြန် လက်စသတ်လိုက် ရသည်။ ကျနော်တို့အဖွဲ့လည်း ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်လည် ထွက်ခွာ ခဲ့ကြသည်။

၁၉၆၈ ခုနှစ် ကာလသည် ကေအဲန်ယူပါတီအတွင်း အယူအဆ ရေးရာ ပြောင်းလဲ မှု တခုကို ဦးတည်နေလျက် ရှိသည်။ ပါတီအား အမျိုးသား တိုးတက် ရေးပါတီမှ အလုပ်သမား ပါတီသို့ ကူးပြောင်းရန် ပါတီဝင်များက ကြိုးပမ်းလာကြသည်။ ထိပ်ပိုင်း ခေါင်းဆောင်များ အတွင်း အယူဝါဒရေးရာ ကွဲပြားမှုများ ပေါ်ပေါက် လာလေသည်။ နောင်နှစ်အနည်းငယ် အတွင်း ပါတီ၏ လက်ဝဲစွန်းကျမှုကို ဝေဖန် တိုက်ခိုက်ရင်း၊ ကရင့် တော်လှန်ရေး နှစ်ခြမ်းကွဲ ကာ လက်နက်ကိုင် ပဋိပက္ခ အဆင့်သို့ပင် ရောက်ခဲ့သည့် အတွက် ကရင် အမျိုးသားအခ့ျို အသက် ဆုံးရှုံးခဲ့ကြ ရလေသည်။

ကေအဲန်ယူပါတီ၏ မဟာမိတ်၊ တိုက်ဖော် တိုက်ဖက်များဖြစ်သော ကွန်မြူနစ် ပါတီ အတွင်း၌လည်း ပြန်လည် ပြင်ဆင်ရေးသမားများအား သုတ်သင် ရှင်းလင်း နေသော ကာလ ဖြစ်သည်။ ဆင့်ကဲဆင့်ကဲ သုတ်သင်ကြသည်။ နောက်နှစ် အတွင်း၌ပင် ကေအဲန်ယူပီ ဥက္ကဋ္ဌ မန်းဘဇန်မှာ ပါတီမှ နုတ်ထွက်ပြီး၊ အရှေ့တိုင်း ကေအဲန်ယူပါတီ၏ ဂိုဏ်းခွဲ၊ ဗိုလ်မြ ဦးဆောင် သော ကရင်အမျိုးသား လက်နက် ကိုင်အဖွဲ့နှင့် ပူးပေါင်း သွားခဲ့သည်။ မန်းဘဇန်နေရာတွင် ဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ် ကော်ထူးကၫင်း၊ အတွင်းရေးမှူး အဖြစ် ဗိုလ်ချုပ်ကျင်ဖေကၫင်း တာဝန်ယူခဲ့သည်။ ထိုအချိန်က ဆရာစကောလယ်တော သည် ပါတီဗဟိုကော်မတီဝင်နှင့် နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်အဖြစ် ကျန်ခဲ့သည်။

တတိယအကြိမ် တွေ့ဆုံခြင်း

၁၉၇၅ ခုနှစ်။ ဆရာကြီးစကောလယ်တောနှင့် ပြန်လည် တွေ့ဆုံခဲ့ ရသော နှစ်သည်၊ ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးအတွင်း၊ ၁၉၆၉-၇၀ ခုနှစ်တွင် စတင်ခဲ့သော လက်နက်ကိုင် ပဋိပက္ခကို အပြီးအပိုင် ရပ်ဆိုင်းလိုက်ကြပြီး၊ အမျိုးသား စည်းလုံး ညီညွတ်ရေး ပြန်လည် တည်ဆောက်သော ကာလဖြစ်သည်။ နေဝင်း စစ်အစိုးရ သည်၊ မြစ်ဝကျွန်းပေါ်ကို ပိတ်ဆို့ပြီး စစ်ဆင်ရေး လုပ်ခဲ့ရာ၊ ကေအဲန်ယူပါတီ (K.N.U.P.) သည် မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေး အခြေစိုက်စခန်းများကို လက်လွှတ် ဆုံးရှုံးနေ ရသော ကာလ ဖြစ်သကဲ့သို့ ပဲခူးရိုးမတွင်လည်း နေဝင်း စစ်အစိုးရ၏ ထိုးစစ်ကြီးများနှင့် ရင်ဆိုင်နေ ရသော ကာလဖြစ်သည်။ ကေအဲန်ယူပါတီမှ အမြဲတမ်းတပ်များနှင့် ပြောက်ကျား တပ်များ ဘက်တွင် အကျအဆုံး များလာသဖြင့်၊ နောက်ဆုံး ပဲခူးရိုးမကို လက်လွှတ်ရ တော့မည့် အခြေ အနေတွင် ရှိနေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များဖြစ်ကြသော၊ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ် စသော ခေါင်းဆောင်များလည်း ပုံစံအမျိုးမျိုးဖြင့် ကျဆုံး ခဲ့ကြသည်။ စခန်းများ တခုပြီး တခု၊ သုတ်သင် ရှင်းလင်း ခံရပြီး၊ အများအပြား ကျဆုံးခြင်း၊ လက်နက် ချခြင်းများ၊ အဖမ်းခံရခြင်းများဖြင့် အကျပ်အတည်း ကာလ ဖြစ်သည်။ ဤအခြေအနေတွင် ကေအဲန်ယူပါတီ သည် ကြွင်းကျန်သမျှသော အင်အားကို စုစည်းပြီး၊ အရှေ့တိုင်းသို့ ချီတက်ခဲ့လေသည်။ အရှေ့ ကော်သူးလေ တွင် ၁၉၇၀ ခုနှစ်၊ ကေအဲန်ယူ ကွန်ဂရက်မှ အမျိုးသားချင်း ပြန်လည်ပေါင်းစည်း ရေးဟူသော ဆုံးဖြတ်ချက်များ ချထားပြီးလည်း ဖြစ် လေသည်။

၁၉၇၅ ခုနှစ် သီတင်းကျွတ်လတွင် ပဲခူးရိုးမမှ ကေအဲန်ယူပါတီ ခေါင်းဆောင်များ ရဲဘော်များနှင့် ၁၉၇၃ ခုနှစ်က မြောက်ပိုင်း ခရီးစဉ်သို့ ချီတက်ပြီး ပြန်လည်ရောက်ရှိ လာသော ရဲဘော်များသည်၊ “ဒူးဒါးဂေး” (ဖာပွန်ခရိုင်) ကျေးရွာတွင် တွေ့ဆုံပြီး၊ ကွန်ဂရက် ကျင်းပရန် ပြင်ဆင်ကြ လေသည်။ ထိုကွန်ဂရက်သည် ကေအဲန်ယူပါတီ၏ အင်္ဂမ အကြိမ် မြောက် ကွန်ဂရက်ဖြစ်သကဲ့သို့ နောက်ဆုံး ကွန်ဂရက်လည်း ဖြစ်သည်။ ကွန်ဂရက်၌ မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးတိုင်း၊ အရှေ့တိုင်း စသည့်တိုက်ကွက်များ သတ်မှတ် ပြီး ကျင်းပ မည်ဖြစ်ရာ၊ ကျနော့်အနေဖြင့် မြေပေါ် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့် ရခဲ့လေသည်။

ထိုညီလာခံမှ အမျိုးသားစည်းလုံး ညီညွတ်ရေးအတွက် ကေအဲန်ယူပီ K.N.U.P. ကို ဖျက်သိမ်းပြီး အရှေ့တိုင်း ကေအဲန်ယူတွင် တပေါင်းတစည်းတည်း ပူးတွဲ လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ ပါတီဖျက်သိမ်းရေးကို ဆန့်ကျင်သော ရဲဘော် တခ့ျိုသာ ခွဲထွက် သွားခဲ့ပါသည်။

၁၉၇၅ ခုနှစ်၊ ကရင်အမျိုးသားချင်း ပြန်လည် ပေါင်းစည်းခြင်းနှင့် ပတ်သက်၍ ဆရာစကောလယ်တောသည် သူရေးသားခဲ့သော ကရင့်တော်လှန်ရေးသမိုင်း မှတ်စုတွင်၊

“မြန်မာနိုင်ငံအတွင်း လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲခဲ့သော လူမျိုးစုများအတွင်း သွေးကွဲခဲ့သည့် သမိုင်းဖြစ်စဉ်များအနက် ယခုကဲ့သို့ အမျိုးသားချင်း ပြန်လည် ပေါင်းစည်း နိုင်သည်မှာ ဤ အကြိမ်သည် ပထမ ဦးဆုံးသော အကြိမ် ဖြစ်သည်ဟုလည်း မှတ်ချက် ချခဲ့ လေသည်။”

ဆရာကြီး စကောလယ်တောသည် ကရင်အမျိုးသားများကို အမှန် တကယ် ချစ်သော အမျိုးချစ် တယောက်ဖြစ်သည်။ အမျိုးသားကို ချစ်လျှင် အမျိုးသားရန်သူများကို ပြတ်ပြတ်သားသား ဆန့်ကျင်ရမည်ဟူသော အဘိဓမ္မာကို ခံယူလျက် ကျောင်းဆရာ ဘဝကို စွန့်လွှတ်ပြီး လက်နက်ကိုင် လမ်းစဉ်ကို ပြတ်ပြတ်သားသား ဆင်နွှဲခဲ့သူဖြစ်သည်။ သူ ခံယူသော အဘိဓမ္မာ အပေါ်တွင်လည်း သစ္စာရှိလေသည်။ ခေါင်းဆောင်တခ့ျိုသည် အမျိုးသားကို အကျိုးပြုရန် သစ္စာ ဆိုကြသော်လည်း နောက်ပိုင်းတွင် ကိုယ်ကျိုးအတွက် ရန်သူ့ထံ ဒူးထောက် အလျော့ပေးကာ ရန်သူနှင့် ပူးပေါင်း လုပ်ဆောင်သွားကြပြီး၊ အမျိုးသားထုအပေါ် သစ္စာမဲ့စွာ ကျောခိုင်း သွားခဲ့ကြသည့် သာဓကပေါင်း များစွာ ရှိသည်။

ဆရာစကောလယ်တောမှာ သစ္စာတရား ကြီးမားလှပြီး၊ စိတ် ပြဋ္ဌာန်းလျှင် စွဲစွဲမြဲမြဲ ရှိလှသည်။ ကိုယ့်ဒူး ကိုယ်ချွန်ပြီး၊ ဆင်းတောင့် ဆင်းရဲဖြင့် တက္ကသိုလ် ဘွဲ့ကို ရယူခဲ့ပြီး၊ ထိုပညာရပ်ကိုလည်း သူအလွန် တန်ဖိုးထားသည်။ ထိုပညာဖြင့် အမျိုးသားကို အလုပ် အကျွေး ပြုရန်လည်း ဆုံးဖြတ်ခဲ့သည်။ ကျောင်း ဆရာဘဝဖြင့် ဘဝ တသက်တာကို မြုပ်နှံရန် ပြင်ဆင်ခဲ့သည်။ အနစ်နာလည်း ခံသည်။ သူကိုယ်တိုင် ကျောင်း၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း ပညာရေး အတွက် စိုက်ပျိုးရေးလုပ် ခြံစိုက်ပြီး ကျောင်းရံပုံငွေ ရှာခဲ့သည်သာမက ကျောင်း ဆရာ ဆရာမ များကိုလည်း ကူညီ နိုင်သည်အထိ ကြိုးပမ်း ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခေါင်းဆောင်တခ့ျိုမှာ ပြည်သူ့ဘဏ္ဍာကို အလေးမထားဘဲ၊ လက်ဖွာရေး ကျကြသည်။ ကိုယ်ကျိုးသုံးကြသည်။ ဆရာစကောလယ်တောသည် အထက်တန်း ကျောင်း ကျောင်းဆရာဘဝက ကိုယ်တိုင် စိုက်ပျိုးရင်း၊ ရှာဖွေခဲ့သော ကျောင်း ရံပုံငွေ (၁၂,၀၀၀ိ/-) တစ်သောင်း နှစ်ထောင်ကို ကျောင်းကော်မတီထံ အပ်နှံပြီးမှ တော်လှန်ရေး သို့ ဝင်ရောက်ခဲ့သည်။ တော်လှန်ရေး တလျောက်လုံး ငွေရေး ကြေးရေးတွင် အလွန် စေ့စပ် သေချာပြီး၊ သူ့ ငွေကြေးကို အလွန် ဂရုစိုက်တတ်သည်။

သူသည် ခရစ်ယာန်ဘာသာကို အလွန်ကိုင်းရှိုင်းသူ တဦးဖြစ်သည်။ ခရစ်ယာန် တဦး လိုက်နာစောင့်ရှောက်ရမည့် ဝတ္တရားနှင့် ကျင့်ကြံမှု အားလုံး ကိုလည်း မပျက်မကွက် စောင့်ထိန်းခဲ့သူ တဦးဖြစ်သည်။ သူ၏ ဘဝတွင် ခရစ်တော်ကို လေးလေးနက်နက် ယုံကြသည်ဟု ဝန်ခံခဲ့သည်။ သမ္မာကျမ်းစာအရ ခရစ်ယာန် တယောက်ဖြစ်လျှင် ဆင်းရဲသားကို ချစ်ရမည်။ အလုပ်အကျွေး ပြုရမည်ဟု ခံယူထားသည်။ ထို့ကြောင့် ဘဝ တလျောက် ဆင်းရဲသားများကို ကူညီခဲ့သည်။ ဤသို့ ကူညီခြင်းသည် ခရစ်တော်၏ သစ္စာ ရှိသော တပည့်ဖြစ်သည်ဟု ခံယူသည်။

သူ၏ ဘာသာရေး ယုံကြည်ချက်နှင့်ပတ်သက်၍ ဘုရားမဲ့ဝါဒီ၊ ကွန်မြူနစ် ခေါင်း ဆောင်အခ့ျိုနှင့် လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရာတွင် မည်သည့် ပြဿနာ တစုံ တရာမျှ မရှိခဲ့ပါ။ သူ့အားဝေဖန် ထောက်ပြစရာပင် မရှိခဲ့ပါ။ ခေါင်းဆောင်အခ့ျိုသည် ကွန်မြူနစ်ဝါဒီများကို ဆန့်ကျင်သည်။ များသောအားဖြင့် ဘုရားမဲ့ ဝါဒီများဖြစ်၍ ၎င်းတို့နှင့် လက်တွဲ ဆောင်ရွက်ရန် ငြင်းဆိုကြသည်။ ဆရာကြီး စကောလယ်တောသည် ကွန်မြူနစ် များနှင့် ပူးပေါင်းရာတွင်၊ အလုပ်သမား လယ်သမား တည်းဟူသော ဆင်းရဲသားများ အတွက် အကျိုးပြုလုပ်ငန်းများ ဖြစ်သည်ဟူသော၊ အခြေခံဦးတည်ချက် တခုတည်းနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ သူသည် ခရစ်ယာန်တဦးလည်း ဖြစ်ပြီး လက်ဝဲဝါဒီ တဦးလည်း ဖြစ်သည်။ ကေအဲန်ယူပါတီ အနေဖြင့် အလုပ်သမား ပါတီတရပ် ထူ ထောင်ရေးတွင် သူသည် ဗဟို ကော်မတီဝင်လည်းဖြစ် နိုင်ငံရေး ဦးဆောင်အဖွဲ့လည်း ဖြစ်၍ ထိုအယူအဆကို တာဝန်ခံရန် အဆင်သင့် ရှိခဲ့သည်။

သူသည် ကျောင်းသားဘဝက ရောဘတ်အိုဝင်၏ လူမှု တော်လှန်ရေးကို အလွန် နှစ်သက်သည်။ တက္ကသိုလ်ကျောင်း တက်နေစဉ်၊ ကျေးရွာများသို့ ဆင်းပြီး၊ ကျေးလက်

ပြုပြင်ရေးအဖွဲ့တွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ နောင်တွင် ကရင် အမျိုးသားများ အတွက် ဆိုရှယ်လစ် စီးပွားရေးစံနစ်သည် အသင့်တော်ဆုံး ဖြစ်သည်ဟု ယူဆခဲ့သည်။ ကွန်မြူနစ်နိုင်ငံကဲ့သို့ မဟုတ်ဘဲ၊ ပုဂ္ဂလိကပိုင်ဆိုင်မှု စံနစ်ရှိသည်ဟု ခံယူထားသည်။ ကရင်များသည် ရှေးမဆွကပင် စုပေါင်း လုပ်ကိုင် ခြင်း၊ စုပေါင်း စားသုံးခြင်း စနစ်ကို အစဉ် အလာအရ ကျင့်သုံးခဲ့သူများ ဖြစ်ရာ ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို ထူထောင်ဖို့ရန် သင့်လျော်သည်ဟု ခံယူထား လေသည်။

ဆရာကြီး စကောလယ်တောနှင့် ဥက္ကဋ္ဌကြီး မန်းဘဇန်တို့၏ တူညီချက်နှင့် ခြားနားချက်အခ်ျိုကို ကျနော်စစ်ကြောမိပါသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန် သည် ခရစ်တော်ကို ယုံကြည်သည်။ တိုးတက်သော အမျိုးသားရေးဝါဒီ အဖြစ် ခံယူသည်။ ဤအချက်သည် သူတို့နှစ်ဦးတွင် တူညီကြသည်။ သို့သော် မန်းဘဇန်သည် အမျိုးသားပါတီ တရပ်အနေဖြင့် အလုပ်သမားပါတီအဖြစ် ခံယူ လုပ်ဆောင် ရန်ကိုကား အာမခံနိုင်ခြင်း မရှိခဲ့ပေ။ ဤကိစ္စ သည် ဥက္ကဋ္ဌကြီး မန်းဘဇန် အနေဖြင့် ကေအဲန်ယူပါတီအား မလွဲမရှောင်သာ လမ်းခွဲခဲ့ ရသော ကိစ္စ ဖြစ်လေသည်။

ဆရာကြီးသည် ဆင်းရဲသားဘဝကို ခံယူပြီး ပစ္စည်းမဲ့ လူတန်းစားဘဝ လွတ် မြောက်ရေး တိုက်ပွဲများကို ထောက်ခံသည်။ လက်တွေ့တွင်လည်း အားပေး ဆောင်ရွက် သည်။ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို ဆန့်ကျင်သည်။ ဆရာကြီးသည် သူ့ ကိုယ်သူ ကွန်မြူနစ်ဟု မကြေညာသော်လည်း ကွန်မြူနစ် ဆိုသူများထက်ပင် ဆင်းရဲသား ဘဝကို လက်တွေ့ကျကျ ခံယူကျင့်သုံးသည်။ သူ၏ ဘဝ တလျောက်လုံး၊ ခြိုးခြံစွာ စည်းကမ်းရှိစွာ နေထိုင်ခဲ့သည်။ အဆောင်အယောင် မရှိသော သူ၏ တဲငယ်တွင် တင့်တယ်စွာ နေထိုင် တတ်သည်။ အမျိုးသား အတွက်ငင်း၊ မည်သည့် ဆင်းရဲသားများ အတွက်သော်ငင်း၊ ဆောင်ရွက်ရန် အသင့်ရှိသည်။ ၁၉၇၅ ခုနှစ်မှစ၍ ကေအဲန်ယူတွင် ပူးပေါင်းလုပ်ဆောင်စဉ် ကာလအတွင်း၊ အဖွဲ့အစည်းအတွင်း လိုအပ်သော စာပေရေးရာ ကိစ္စအဝဝကို အောင်မြင်စွာ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဆရာကြီး စကောလယ်တောသည် သူ၏ နောက်ဆုံး တသက်တာတွင် ကေအဲန်ယူ အစည်းအရုံး၏ တာဝန်ကို ထမ်းဆောင်ရင်း၊

(၁) သန္ဓေးထူး စာစောင်ကို ကိုယ်တိုင် ဦးဆောင် ထုတ်ဝေခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၂) K.N.U. Bullintin ကို ထုတ်ဝေခဲ့သည်။

(၃) ကရင့်တော်လှန်ရေး သမိုင်းတစောင်ကို ပြုစုထားခဲ့သည်။

ဆရာကြီးသည် ၁၉၈၉ ခုနှစ် မတ်လ(၇)ရက်နေ့တွင် ကွယ်လွန် သွားသည်။ ကွယ်လွန်စဉ်က အသက် (၇၄)နှစ်ဖြစ်သည်။ ပင်ပန်း ဆင်းရဲစွာဖြင့် သင်ကြား တတ် မြောက် ခဲ့ရသော ပညာကို၊ မိမိ၏ ကရင်အမျိုးသားများနှင့် ဆင်းရဲသား လူတန်းစား များအတွက်၊ ဘဝ တသက်တာ အကျိုးပြုခဲ့သော ခေါင်းဆောင် တဦးအဖြစ် တလေးတစား ဦးညွှတ် မှတ်တမ်းတင် အပ်ပါသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆရာကြီး စကောလယ်တောနှင့် မြောက်ပိုင်း ခရီးစဉ်

၁၉၈၂ ခုနှစ်၊ ဇန္နဝါရီလ (၁၇)ရက်နေ့ တနင်္ဂနွေနေ့ဖြစ်ပါတယ်။ ကေအဲန်ယူ ဗဟိုဌာနချုပ်မှာ ဆရာကြီး စကောလယ်တောနှင့် ကျနော် စိုးမင်း (စျာန်ရ)တို့၏ တွေ့ဆုံ မေးမြန်းခန်း ဖြစ်သည်။ နောင်လာ နောက်သားများ သင်ခန်းစာ ယူနိုင်ရေးအတွက် မှတ် တမ်း ပြုလိုက်ပါသည်။

* ဆရာကြီး စကောလယ်တောခင်ဗျား။ ကေအဲန်ယူပါတီ (Karen National United Party) က တရုတ်ပြည်ကို ကိုယ်စားလှယ် စေလွှတ်တဲ့အချိန်က ဗမာပြည် ကွန်မြူနစ် ပါတီ နှင့်လည်း ဆွေးနွေးခဲ့တယ်၊ တရုတ်ပြည် ကွန်မြူနစ်ပါတီ နဲ့လည်း ဆွေးနွေးခဲ့တယ်လို့ ကြားခဲ့ဖူးပါတယ်။ အဲဒီလို သွားရောက် ဆွေးနွေးတဲ့အခါနှင့် ပတ်သက်ပြီး ဘာကြောင့် သွားရောက် ဆွေးနွေးရပါသလဲ။ ဆွေးနွေးဖို့အတွက် နောက်ခံ အခြေခံ အကြောင်းအရာ တွေက ဘာတွေလဲဆိုတာကို သိပါရစေ ခင်ဗျား။

* ကျနော်တို့ ၁၉၇၀ ခုနှစ်မှာ၊ ကေအဲန်ယူရဲ့ (၇)ကြိမ်မြောက် ညီလာခံ တရပ်ကို ပဲခူးရိုးမမှာ ကျင်းပခဲ့ပါတယ်။ ညီလာခံကျင်းပတဲ့ အချိန်ကာလမှာ၊ ဗမာပြည် ကွန်မြူနစ် ပါတီ ခေါင်းဆောင်များဖြစ်ကြတဲ့ သခင်ဇင်နှင့် သခင်ချစ် တို့လည်း၊ ကျနော်တို့နဲ့ မနီး မဝေးမှာ ရှိနေပါတယ်။ ညီလာခံ မကျင်းပမီမှာ ဗဟို ခေါင်းဆောင် အချင်းချင်းတွေ့ဆုံပြီး အပြန်အလှန် ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။

ကျနော်တို့ ကေအဲန်ယူပါတီဟာ တရုတ်ပြည်ကိုသွားဖို့၊ ၁၉၆၈ ခုနှစ် ကတည်းက ကြိုးပမ်းခဲ့ပါတယ်။ ဒီကြိုးပမ်းချက်မှာ ပဏာမ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့တယ်။ ဒီပဏာမ ကိုယ်စားလှယ်အဖွဲ့ရဲ့ တရုတ်ပြည် ခရီးဟာ အတော်လေး ကြာခဲ့ပါတယ်။ တရုတ်ပြည်ကိုလည်း ရောက်သွားပါတယ်။ ဒါပေမဲ့ အပြန် ခရီးမှာ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန် ကျဆုံးခဲ့ပြီး ရဲဘော်တွေသာ စခန်းကို ပြန်ရောက်ပါတယ်။ ဒီပြန်လာတဲ့ ရဲဘော်တွေရဲ့ တင်ပြချက်အရ ကျနော်တို့ ကေအဲန်ယူပီ ရဲ့ ဗဟိုအာဏာပိုင် အဖွဲ့ကို လာရောက်တွေ့ဆုံဖို့ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဗမာပြည် မြောက်ပိုင်းမှာရှိတဲ့၊ ဗမာပြည် ကွန်မြူနစ် ပါတီ ဒုဥက္ကဋ္ဌ သခင်ဖေတင့်ကလည်း လက်ရှိ အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ် ပေါင်းစုလုပ်ငန်း ကြီးထွားရေးအတွက်၊ ကေအဲန်ယူပါတီရဲ့ တင်းပြည့်ပါတီ ကိုယ်စားလှယ် အဖွဲ့ တခု၊ တရုတ်

ပြည်ကို သွားရောက် လေ့လာနိုင်ရင် ကောင်းမယ်လို့လဲ အကြံပြုခဲ့ ပါတယ်။ ပဲခူးရိုးမမှာရှိတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ဖြစ်ကြတဲ့ သခင်ဇင်၊ သခင်ချစ် တို့ကလည်း သဘောတူ လက်ခံ ခဲ့ပါတယ်။ ဒါကြောင့် ၁၉၇၀ ခုနှစ် ပါတီ ညီလာခံမှာ တရုတ်ပြည်ကို အာဏာပိုင် အဖွဲ့တဖွဲ့ စေလွှတ်ဖို့ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက် အပေါ်မှာ ကိုယ်စားလှယ် စေလွှတ်ခဲ့ကြတာ ဖြစ်ပါတယ်။

တော်လှန်ရေးတရပ်မှာ မဟာမိတ်လိုပါတယ်။ မဟာမိတ်ဆိုတာ ပြည်တွင်းမှာ သာမက ပြည်ပမှာလည်း တည်ဆောက်ထားဖို့ လိုပါတယ်။ ကမ္ဘာ့ တော်လှန်ရေးသမိုင်းကို ပြန်ပြီး ဆန်းစစ်ကြည့်ရင်၊ ပြည်တွင်း အင်အားစုလောက်နဲ့ မလုံလောက်ပါဘူး။ ပြည်ပ အကူအညီ မဟုတ်သည့်တိုင်အောင် ပြည်ပရဲ့ အားပေး ထောက်ခံမှုကို လိုအပ်တယ်လို့ မြင်ပါတယ်။ ဒီလို အမြင်အပေါ်မှာလည်း လက်ရှိ ပြည်တွင်းမှာဆိုရင် မဟာမိတ် အဖွဲ့ ရှိတယ်။ တပ်ပေါင်းစု မဒ ညတ ဖွဲ့စည်းထားတာ ရှိတယ်။ ဒါပေမဲ့ ပြည်ပ မဟာမိတ်အဖွဲ့ လိုသေးတယ်လို့ မြင်တယ်။ ၁၉၆၈-၆၉ မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ သဘောထား အပေါ်မှာ ပီကင်း က တပ်သား လွှတ်တာတွေ ရှိခဲ့ပါတယ်။ အထူးသဖြင့် တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ နိုင်ငံတကာ ပစ္စည်းမဲ့ဝါဒအပေါ်မှာ အခြေခံပြီး၊ အဖိနှိပ်ခံ အမျိုးသား များနဲ့ ပစ္စည်းမဲ့တော်လှန်ရေးတွေကို တာဝန်ရှိတယ်ဆိုပြီး သူတို့ ပြည်သူတွေကို ကြေညာ ပါတယ်။ ဒီကြေညာချက်အပေါ်မှာ ကျနော်တို့ ဝမ်းသာ ပါတယ်။

ကျနော်တို့ တရုတ်ပြည်ကိုသွားဖို့ အဓိက အချက်ကတော့၊ နိုင်ငံရေး အဆက် အသွယ် ရဖို့နဲ့၊ ကျနော်တို့ တော်လှန်ရေးကို နိုင်ငံတကာရဲ့ အားပေး ထောက်ခံမှု ရဖို့ ပါဘဲ။ ဒါဟာ အဓိက ပါဘဲ။ တရုတ် ကွန်မြူနစ်ပါတီနဲ့ အဆက် အသွယ်ရရေးဟာ ကျနော်တို့ရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တယ်။ ဒုတိယ အချက်ကတော့ လေ့လာရေးပါဘဲ။ ကျနော်တို့ အဖွဲ့မှာ လူ (၄၀)လောက် ရွေးချယ်ထား ပါတယ်။ နောက်ပိုင်း (၃၅)ယောက် သွားနိုင်ခဲ့ တယ်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ စီးပွားရေး စတဲ့ အဘက်ဘက်က လေ့လာဘို့ ရဲဘော်တွေကို ခေါ်သွားတာ ဖြစ်ပါတယ်။ တရုတ်ပြည်ဟာ စာထဲမှာ ဖတ်ရတာ၊ ကြား ရတာ၊ ဘယ်လောက် မှန်သလဲ၊ ဘယ်လောက် လုပ်နိုင်သလဲ၊ သူတို့ပြောတာ တကယ် ဟုတ်/ မဟုတ် လေ့လာဖို့ပါဘဲ။

နောက်ပြီး လူမျိုးစု ပြဿနာကို ဘယ်လို ဖြေရှင်းကြသလဲ။ စက်ရုံ အလုပ်ရုံ တွေကို လည်း လက်တွေ့ လေ့လာချင်တယ်။ ဒီ ရည်ရွယ်ချက်နဲ့ သွားတာ ဖြစ်တယ်။ တခ္ုိက ထင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ချင်ထင်မယ်၊ ကျနော်တို့ တရုတ် ပြည်ကို သွားတာ လက်နက် အကူအညီ ရရေးအတွက် ဖြစ်တယ်။ ကျနော်တို့ဟာ လက်နက်အကူ အညီထက် နိုင်ငံရေး လေ့လာ ရေးပါဘဲ။ ကျနော်တို့ကေအဲန်ယူပီ က အခွင့် အာဏာ ပေးလိုက်တာ အကူအညီ တောင်း မည့်ကိစ္စ မပါဘူး။ ကျနော်တို့လည်း မတောင်းခဲ့ပါဘူး။

* ဆရာကြီး စကောလယ်တော ဦးဆောင်ပြီး သွားတဲ့အဖွဲ့ဟာ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ တရုတ် ကွန်မြူနစ်ပါတီတို့နဲ့ ဆွေးနွေးခဲ့တဲ့ ကိစ္စကို ဆက်လက်ပြီးတော့ ရှင်းပြ စေချင်ပါတယ်။

* ကျနော်တို့အဖွဲ့ဟာ အခု ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ အရှေ့မြောက်ပိုင်း စစ်ဒေသ၊ သူတို့ရဲ့ ဌာနချုပ်ကို ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလမှာ ရောက်သွား ပါတယ်။ ရန်သူဟာ လွယ်မော်ဒေသ၊ အက်စ်ယူအေ (S.U.A.) ဌာနချုပ်ကို ဝင်တိုက်တော့၊ အရင် သွားနေကြ လမ်းတွေ တခုမှ သွားလို့ မရတော့ဘူး။ ကျနော်တို့ အက်စ်အက်စ်ပီပီ (S.S.P.P.) ဒေသမှာ အတော်ကြာကြာ စောင့်နေရတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီ အရှေ့မြောက်ဘက် စစ် ဒေသရဲ့ နိုင်ငံရေးမှူးဟာ ရဲဘော်တင်ရီ ဖြစ်တယ်။ ဒု နိုင်ငံရေးမှူးက ရဲဘော်ခင်မောင်ကြီး ဖြစ်တယ်။ သူတို့ဟာ ဗဟိုမှာ ဦးစီးပြီး အရှေ့မြောက်ဘက် စစ်ဒေသကို ဖွဲ့စည်းတယ်။ အဲဒီစစ်ဒေသဟာ အင်အား အကြီးဆုံး ဖြစ်တယ်။ အဲဒီမှာ ဗကပ ဌာနချုပ်လုပ်ထားတယ်။ အဲဒီကဘဲ တရုတ်ပြည်ကို သွားဘို့ အဆက်အသွယ် လုပ်ရတယ်။ ကျနော်တို့ သွားဖို့ ကိစ္စ သခင်ဗသိန်းတင် ဆီကို က/နပို့လိုက်တယ်။ ဥက္ကဋ္ဌ သခင်ဇင်နဲ့ သခင်ချစ်တို့ရဲ့ စာလည်းပါတယ်။ ကျနော်တို့ အရှေ့မြောက်ပိုင်း စစ်ဒေသကို ရောက်တော့ ဝမ်းသာ ကြတယ်။ အဆက်အသွယ်ရဖို့လည်း ကြိုးစားကြတယ်။ ဟိုမှာ သွားနိုင်တယ် ဆိုတဲ့ ပြန်ကြားချက်ရဖို့ နှစ်လလောက် ကြာပါတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီက၊ ပြည်နယ် ကော်မတီဟာ နယ်စပ်မှာဘဲ ရှိတယ်။ အဲဒီ နယ်စပ်အထိကားတွေ ရောက်တယ်။ သူတို့က ကျနော်တို့ကို ကားနဲ့ လာကြိုကြတယ်။ ကျနော်တို့ကို လာကြိုတဲ့သူကတော့ ကာနယ်ဖူးစ် ဖြစ်တယ်။ တပ်ရင်းမှူး တယောက် ဖြစ်တယ်။ ပြည်နယ်ကတော့ ယူနန်ပြည်နယ် “စုမောင်”မြို့ကို ရောက်သွားတယ်။ အဲဒီမှာ တော်လှန်ရေး ကော်မတီရဲ့ သဘာပတိ လည်းဖြစ်၊ ပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်တဲ့ ရဲဘော်ကျင်ဆိုတာ အကြီးဆုံးဘဲ။ စကားပြန်က တဆင့် ဥက္ကဋ္ဌကြီး ဗသိန်းတင်လည်း တရက် နှစ်ရက်အတွင်း ရောက်လာမယ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆိုတာ ကျနော်တို့ကို သူက ပြောပါတယ်။ “စုမောင်”မြို့မှာ နှစ်ရက်ကြာတော့၊ ဥက္ကဋ္ဌကြီး ဗသိန်းတင် ရောက်လာပါတယ်။ ဥက္ကဋ္ဌကြီးရဲ့အဖွဲ့မှာ ရှစ်ယောက် ပါတယ်။ သခင် ဗသိန်းတင်၊ သခင်ဖေတင့်၊ ကိုတိုက်အောင်၊ ကချင်မှ တပ်မှူးတယောက်၊ ဗဟိုကော်မတီ မောင်ဝင်း စသည်တို့ ပါဝင်ပါတယ်။

တရုတ်ပြည် ကွန်မြူနစ်ပါတီနဲ့ တွေ့ဘို့ကတော့ စုမောင်မြို့ ပါတီကော်မတီ ကိုပဲ တာဝန်ပေးထားပါတယ်။ နိုင်ငံရေးမှူးပေါ့။ တော်လှန်ရေး ကော်မတီရဲ့ ဥက္ကဋ္ဌဟာ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ အရန်ဗဟိုကော်မတီ ဖြစ်တယ်။ သူနဲ့ပဲ တွေ့ဆုံဖို့ တရုတ်ပြည် ကွန်မြူနစ်ပါတီက တာဝန် လွှဲပေးထားတယ်လို့ သိရတယ်။ အဲဒီတော့ ပဋ္ဌမဦးဆုံး တရုတ်ပြည် ကွန်မြူ နစ်ပါတီနဲ့ ဆွေးနွေးပါတယ်။

ကျနော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပွဲလုပ်ပြီး၊ ကျနော်တို့ လာရတဲ့ ကိစ္စကို အားမနာတမ်း ရင်းရင်းနှီးနှီး ပြောစရာရှိတာကို ပြောပြဖို့၊ တင်ပြဖို့ ဖိတ်ကြားခဲ့ပါတယ်။ ကျနော်တို့ကလည်း ကျနော်တို့ စီစဉ်ထားတဲ့ အချက် (၃)ချက်ကို တင်ပြတယ်။ ပထမ အချက်က၊ ကေအဲန်ယူပါတီ ဖွဲ့စည်း ရတဲ့အကြောင်း၊ အဲဒီ ကဏ္ဍမှာ ကေအဲန်ယူပါတီရဲ့ မူဝါဒလမ်းစဉ် တခုလုံးကို ကျနော်တို့ တင်ပြပါတယ်။ နောက်တခုက ဗမာပြည်ရဲ့ လူမျိုးစု ပြဿနာကို တင်ပြတယ်။ ဗမာပြည် တော်လှန်ရေးရဲ့ ထူးခြားချက်မှာ လူမျိုးစုတွေရဲ့ ပြဿနာ ဖြစ်တယ်ဆိုတာကို တင်ပြခဲ့တယ်။ ဗမာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည်ဖြစ်တယ်။ ဒါဟာ ထူးခြားတဲ့ လက္ခဏာတခု ဖြစ်တယ်။ တရုတ်ပြည်နဲ့မတူတဲ့ သီးခြား လက္ခဏာ တခု၊ ဗမာပြည် အခြေအနေနဲ့ ပြည်ထောင်စုပြဿနာ ဒါကို တင်ပြ တယ်။ တတိယ အချက်ကတော့ ဗမာပြည်ရဲ့ တပ်ပေါင်းစု ပြဿနာကို တင်ပြတယ်။ ကေအဲန်ယူပါတီ အနေနဲ့ တပ်ပေါင်းစု ပြဿနာကို တင်ပြတယ်။ ကေအဲန်ယူပါတီ အနေနဲ့ တပ်ပေါင်းစုနဲ့ပဲ အာဏာသိမ်း အောင်ပွဲခံနိုင်မယ်လို့ ယုံကြည်ကြောင်း ဒါကြောင့် တပ် ပေါင်းစု ပြဿနာဟာ အလွန်အရေးကြီးကြောင်း တင်ပြခဲ့တယ်။ နောက် တပ်ပေါင်းစုနဲ့ ပတ်သက်ပြီး ကျနော်တို့ရဲ့အမြင် ခံယူချက်၊ နောက်ပြီး အကြံပေးချက်တခု့ျို ဒါတွေကို သူတို့ နားလည်ဖို့ ကျနော်တို့ တင်ပြ ခဲ့ပါတယ်။

နောက်တခု ဆက်စပ်ပြီးတော့ နည်းနည်း ပြောပြချင်တာက ကျနော်တို့ တရုတ် ပြည်ကို သွားတဲ့နေရာမှာ ရှမ်းပြည်မှာ တော်တော်ကြာကြာ စောင့်နေရတယ်။ ခရီးထွက်တဲ့ အခါမှာလည်း အက်စ်အက်စ်ပီပီ (S.S.P.P.) က ကျနော်တို့နဲ့အတူ အဖွဲ့ တဖွဲ့ကိုလည်း စေလွှတ်ခဲ့

တယ်။ သူတို့လည်း ကျနော်တို့နည်းတူ၊ နိုင်ငံရေး အဆက်အသွယ် ရရှိဘို့နဲ့ လေ့လာရေး ဦးတည်ချက်အပေါ် တရုတ်ပြည် ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးတယ်။ ကျနော်တို့ ဆွေးနွေးခဲ့ကြပြီးတဲ့နောက် တရုတ်ပြည် ကွန်မြူနစ်ပါတီအနေနဲ့ ကျနော်တို့ကို ပြန်ပြီး ရှေ့ဆောင်မူတွေ ပေးခဲ့ပါတယ်။ သူတို့ပြန်ပြီး ဆွေးနွေးတာကတော့ ပဌမ အချက်အနေနဲ့ တော်လှန်ရေးတရပ်မှာ ပစ္စည်းမဲ့ အလုပ်သမား ပါတီတရပ်ရဲ့ ခေါင်း ဆောင်မူဆိုတာ ရှိရမယ်။ ဒုတိယ အချက်ကတော့ ဒီပစ္စည်းမဲ့ အလုပ်သမား ပါတီဟာ မာက်စ် လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို တိတိကျကျ လက်ခံကျင့်သုံးတဲ့ ပါတီ ဖြစ်ရမယ်။ နောက် တချက်ကတော့၊ ကျနော်တို့ ရှိသမျှ တော်လှန်ရေး အင်အားစုတွေဟာ စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိကြဖို့ လိုအပ်ကြောင်း ရန်သူကို စည်းလုံး ညီညွတ်စွာ ရင်ဆိုင် တိုက်ခိုက်ဖို့ စတာတွေကို ပြန်လည် အကြံပေးခဲ့ပါတယ်။

ကျနော်တို့ ပြန်မလာမီ သူတို့က ကျနော်တို့နဲ့ တွေ့ဆုံပြီး၊ ဒီ တွေ့ဆုံ မှုအတွက် ဝမ်းသာကြောင်း ဗမာပြည်ရဲ့ အမျိုးသားဒီမိုကရေစီ တော်လှန်ရေးအင်အားစုကို ထောက်ခံ အားပေးကြောင်း၊ အကူအညီလိုအပ်ရင် ပေးမည် ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေမှာ နိုင်ငံတကာက တခြားပါတီ အဖွဲ့အစည်းတွေကို ကူညီခဲ့တာရှိကြောင်း၊ အမှန်တကယ် နယ်ခြဲ ပဒေသရာဇ်စံနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက် နေတယ်ဆိုရင် လိုအပ်တာကို ပေးမှာ ဖြစ်ကြောင်း၊ ဒီလို အစီအစဉ်မှာ နိုင်ငံတကာကလည်း ပါဝင်မှာ ဖြစ်ကြောင်း၊ ဗမာပြည်မှာရှိတဲ့ အမျိုးသားဒီမိုကရေစီ အင်အားစုတွေဟာ၊ နယ်ခြဲ ပဒေ သရာဇ်စံနစ် ဆန့်ကျင်ရေး ဆိုတော့ သူတို့အနေနဲ့ ပြောက်ကျား ဆင်နွှဲဖို့ လက်နက်တွေ လိုအပ်မှာ ဖြစ်တယ်။ လက်နက်တွေကိုလည်း၊ ကူညီဖို့ အဆင်သင့်ရှိကြောင်း၊ ဒါပေမဲ့ ဗကပ မှတဆင့် ကူညီမှာ ဖြစ်ကြောင်း၊ လက်နက်များ လိုအပ်ပါက ဗကပ ကို တင်ပြဖို့ ဖြစ်ကြောင်း၊ ဗကပ မှာ မရှိရင်၊ တရုတ်ပြည် ကွန်မြူနစ်ပါတီကို တင်ပြမည်သာ ဖြစ် ကြောင်း၊ တင်ပြခဲ့ရင် ပေးဖို့ သူတို့ကို ရှင်းလင်း ပြောပြထားပါတယ်။ နောက်ပိုင်း တရုတ် ပြည်ကို လာလည်ချင်ရင်လည်း လာလည်နိုင်ကြောင်း၊ လာမည်ဆိုလျှင် လှိုက်လှိုက် လဲ့လဲ့ ကြိုဆိုမည်ဖြစ်ကြောင်း၊ လာရင်လည်း ဗကပ မှတဆင့် အကြောင်းကြားပြီး လာဖို့နဲ့၊ ပြန်သွားတဲ့ အခါမှာလည်း ဗမာပြည် ကွန်မြူနစ်ပါတီ နဲ့သာမက ပြည်တွင်းတော်လှန်ရေး အဖွဲ့အစားလုံးနဲ့ စည်းလုံးစွာ ရန်သူကို လက်တွဲ တိုက်ခိုက်ဖို့ အစရှိတာတွေကို ပြန်လည် ဆွေးနွေးခဲ့ပါတယ်။

တရုတ်ပြည် ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးပြီးနောက်ပိုင်းမှာ၊ ဗကပ နဲ့ တွေ့ဆုံ ဆွေးနွေးပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ တရုတ် ကွန်မြူနစ်ပါတီကို တင်ပြတဲ့ စာတမ်း အတိုင်း၊ ဗကပ ကိုလည်း တင်ပြပါတယ်။ ဆွေးနွေးပွဲ မတိုင်မီကတည်းက စာတမ်းကို ကြိုတင် ပေးထားတော့ ဆွေးနွေးပွဲမှာ ကျနော်တို့ တင်ပြထားတဲ့ စာတမ်းနဲ့ ပတ်သက်ပြီး သဘောထားအမြင် ဘယ်လို ရှိကြောင်း မေးမြန်းလိုက်ပါတယ်။ သခင်ဗသိန်းတင် ကိုယ်တိုင် ဗကပ အနေနဲ့ သူတို့ ပြော စရာရှိလျှင် တည့်တည့်နှင့် အားမနာစတမ်း မထိမ် မဝှက် စတမ်းသာ ပြောမည်ဖြစ်ကြောင်း၊ ဒါဟာလည်း သူတို့ပါတီရဲ့ တာဝန်ဖြစ်တယ်လို့ မြင်ကြောင်း၊ ဒါကြောင့် ရှင်းရှင်းပဲ ပြောမှာ ဖြစ်တယ်လို့ ပဏာမ စကားပျိုးပြီး ဆွေးနွေးပွဲ စခဲ့ပါတယ်။ သူ ပထမဆုံး ပြောတာ ကတော့ “ကေအဲန်ယူ ပါတီဟာ၊ အလုပ်သမား ပါတီအနေနဲ့၊ မာက်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် စတဲ့၊ ခေါင်းဆောင်မှုနဲ့ ဖွဲ့စည်းထားတာ မသင့်ကြောင်း။ ဒါဟာ ဗကပ နဲ့ စင်ပြိုင်လုပ်တယ်လို့ မြင်တယ်။ ကေအဲန်ယူ ပါတီဟာ အမျိုးသား တိုးတက်ရေးပါတီပဲ ဖြစ် သင့်ကြောင်း၊ ဗကပ နှင့် စင်ပြိုင်မဲ့ သဘောမျိုး ဖွဲ့စည်းတာဆိုရင် လုံးဝ မမှန်ဘူး။ ဗကပ နှင့် စင်ပြိုင် ဖွဲ့စည်းတဲ့ အဖွဲ့မှန်သမျှဟာ၊ ဒီနေ့လည်း ပျက်စီးကုန်တာပဲ ဖြစ်တယ်။ တည်မြဲတာ မ ရှိဘူး။ ဒါကြောင့် ပွင့်ပွင့်လင်းလင်း အားမနာတမ်း ပြောရမယ်ဆိုရင်၊ ကေအဲန်ယူပါတီ အနေနဲ့ အမျိုးသား တိုးတက်ရေးပါတီ အဖြစ်သာ ဖွဲ့စည်းတာ မှန်တယ်လို့ ဗကပ က သုံးသပ် ဆွေးနွေး ခဲ့ကြပါတယ်။” လို့၊ ဗကပ ကိုယ်စား သခင်ဗသိန်းတင် က ဆွေးနွေးခဲ့ပါတယ်။

နောက်တခုက လူမျိုးစု ပြဿနာနဲ့ ပတ်သက်ပြီး၊ ကျနော်တို့ တင်ပြတဲ့ စာတမ်းအပေါ် မှာ ဗသိန်းတင်ရဲ့ ပြန်လည်ပြောပြချက်မှာ ကေအဲန်ယူ အနေနှင့် မဒညတ လည်းဖွဲ့တယ်။ မဒ ညတ ဟာ ဗကပ နဲ့လည်း မဟာမိတ်ဖွဲ့တယ်။ တချိန် တည်းမှာ လူမျိုးစု တပ်ဦးကိုလည်း ဖွဲ့ တယ်။ ဒါဟာ မလုပ်သင့်တာတွေကို လုပ်တာ ပဲလို့ မြင်ကြတယ်။ ဒီလိုဖွဲ့စည်းတာ လူမျိုးစု အဖွဲ့အစည်းတွေက မဒညတ ကို စင်ပြိုင်လုပ်ခြင်းဖြစ်ပြီး၊ ဒါဟာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေး အမြင်ဖြစ်တယ်လို့ ကျနော်တို့ကို ပြန်ပြီး ဆွေးနွေးကြ ပါတယ်။ ကျနော်တို့က ပြန်လည်ဆွေးနွေးတဲ့ အခါမှာ ကျနော်တို့ (K.N.U.P.) ဖွဲ့စည်းမှုနဲ့၊ လူမျိုးစုတပ်ဦး ဖွဲ့စည်းမှုဟာ၊ ဗကပ ကို စင်ပြိုင်လုပ်ခြင်း မဟုတ်ပါ။ လက်ရှိ ကျနော်တို့ရဲ့ တောင်းဆိုမှုအရ လိုအပ်တယ် လို့ မြင်တဲ့အပေါ်မှာ ဖွဲ့စည်းတာ ဖြစ်တယ်။ ဒီနေ့ လက်ရှိ ဗမာပြည်ဟာ လူမျိုး ပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည်ဖြစ်တယ်။ လူမျိုးပေါင်းစုံဟာ ဒီကနေ့ အုပ်စိုးနေတဲ့ ဖဆပလ၊ နောက်ပြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မဆလ အုပ်စိုးသူတွေဟာ လူမျိုးစုတွေအပေါ်၊ မဟာ လူမျိုးကြီးဝါဒကို ကျင့်သုံးပြီး နည်းမျိုးစုံနဲ့ ဖိနှိပ်တယ်။ လူမျိုးစုတွေဟာ မခံမရပ်နိုင်လို့ လက်နက် စွဲကိုင်ပြီး လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲကြတယ်။ လူမျိုးစုတွေ စုစည်း မှသာ လူမျိုးစု ပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် လူမျိုးစုတပ်ဦး ဖွဲ့တာဟာ 'မဒညတ' ကို စင်ပြိုင်ဖွဲ့တာ မဟုတ်ဘူး။ "မဒညတ" ဖြစ်မြောက်ရေးအတွက် တွန်းအား တခုလို့ ကျနော်တို့ သဘောထားပြီး ဖွဲ့စည်းလုပ်ဆောင်တာဖြစ်တယ်။ တနေ့မှာ ကျနော်တို့ လူမျိုးစု အားလုံးဟာ "မဒညတ" ထဲမှာ ပါဝင်မှာ ဖြစ်တယ်လို့ ရည်ရွယ်ထား ကြတယ်။ သူတို့ကို "မဒညတ" ထဲမှာ တခါတည်း ခေါ်သွင်းဘို့ ဆိုတာ သူတို့မှာ အတိတ်က ရင်ဆိုင် ခဲ့ရတဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေလည်း ရှိခဲ့ကြတယ်။ ဒီလို အတိတ်က ခံစားမှုတွေ အပေါ်မှာ စုစည်းဘို့ ဘုံရန်သူကို စုစု စည်းစည်း တိုက်နိုင်ဘို့၊ ပထမ အဆင့် ဖွဲ့စည်းတာ ဖြစ်တယ်။ အဲဒီကတဆင့် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုထဲကို ဝင်လာနိုင်ဘို့ ရည်ရွယ်ပြီး ဖွဲ့စည်းတာ ဖြစ်ကြောင်း ပြန်လည် ရှင်းလင်း ပြခဲ့ပါတယ်။

ကျနော်တို့ ဥက္ကဋ္ဌဗသိန်းတင်ကို ဆက်လက်ဆွေးနွေးတာက (K.N.U.P.) ပါတီကို ဖွဲ့စည်းတာနှင့် ပတ်သက်လို့ရော လူမျိုးစု ညီညွတ်ရေးတပ်ဦး ဖွဲ့စည်းတာနှင့် ပတ်သက်လို့ရော ပဲခူးမှာရှိတဲ့ ဥက္ကဋ္ဌသခင်ဇင်နဲ့လည်း ကျနော်တို့ ဆွေးနွေးခဲ့ကြတယ်။ ဆွေးနွေးပြီးမှ အခြေအနေ အရပ်ရပ်အပေါ်မှာ တွက်ချက်ပြီး၊ ဖွဲ့စည်း တာဖြစ်တယ်။ ဥက္ကဋ္ဌ သခင်ဇင် နဲ့ သခင်ချစ် တို့က ဒီအခြေခံသဘောမျိုးနဲ့ ဖွဲ့စည်းတာကို လက်ခံကြတယ်။ တခုတည်းသော တပ်ပေါင်းစုဖြစ်ရေး ကြိုးစားတာကိုလည်း သူတို့ နားလည်တယ်။ နောက်ပြီးတော့ ဒီနေ့ အမျိုးသားရေးပေါ်လစီနဲ့ ပတ်သက်တာ ကျနော်တို့ တလျောက်လုံး တင်ပြထားတဲ့ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် နောက်ပြီး ဗမာပြည်မှာ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်တာတွေကို ဥက္ကဋ္ဌ သခင်ဇင်၊ သခင်ချစ်တို့ က လက်ခံ ခဲ့ကြတယ်။

ဘယ်အထိ လက်ခံသလဲဆိုရင် ဗမာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေ အားလုံး လူမျိုးတွေအားလုံး တန်းတူရည်တူမှုအပေါ်မှာ ပြည်နယ်အသီးသီး ရရှိပြီးတော့ ဒီပြည်နယ် တွေနဲ့ စုစည်းထားတဲ့ ပြည်သူ့ဒီမိုကရေစီ၊ ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံ တည် ဆောက်ရေးအတွက် မြန်မာ အမျိုးသားများ အနေနဲ့လည်း တင့်တင့်တယ်တယ် ရှိရမယ်။ ဒါကိုလည်း သခင်ဇင်၊ သခင်ချစ်တို့က လက်ခံ ခဲ့ပါတယ်။ ဒါတင်မက ဒီ ဖွဲ့စည်းတဲ့ ပြည်ထောင်စုသစ်ကို အများကြိုက် အမည်တခုပေးမယ်။ လာမဲ့ အမျိုးသား ညီလာခံ တရပ်မှာ တက်ရောက်လာတဲ့

ကိုယ်စားလှယ် အားလုံးနှင့်တကွ၊ အများဆန္ဒအတိုင်း ဖြစ်ရမယ်ဆိုတာ သဘောတူ လက်ခံ ကြတယ်။ ဒါဟာ သခင်ဇင် နဲ့ သခင်ချစ် တို့ရဲ့ အမျိုးသား ပေါ်လစီနဲ့ ပတ်သက်တာ။ ဗမာ ပြည် ကွန်မြူနစ်ပါတီရဲ့ နောက်ဆုံး ထုတ်ပြန် ထားတဲ့ သဘောထား ဖြစ်တယ်။ ဒါလည်း သခင်သန်းထွန်း ရှိစဉ်ကတည်းက လက်ခံ သွားခဲ့ပါတယ်။ ဒါပေမဲ့ သူကျဆုံးသွားပြီးတဲ့ နောက်၊ ၁၉၆၉ မှာမှ ပြည်တွင်းရှိ ဗကပ ဗဟိုကနေပြီး ဒါကို အတည်ပြုခဲ့တယ်။ ဒါဟာ ၁၉၆၉ ခုနှစ်၊ ဗကပ ရဲ့ အမျိုးသား ပေါ်လစီနှင့် ပတ်သက်တာ ဖြစ်တယ်။ ကျနော် အဲဒီ အတိုင်း သခင်ဗသိန်းတင်ကို ဆွေးနွေးတဲ့အခါ သူက ဇင်-ချစ် ဟာ ပြည်တွင်းမှာနေပြီး၊ နောက်ဆုံး နိုင်ငံတကာ အခြေ အနေနှင့် ပတ်သက်တာတွေ အပိုင်းမှာ တို့လောက် မပြည့်စုံဘူး ဆိုပြီး၊ ဒါကို သူတို့ တာဝန်ယူတယ်။

ဗမာပြည် အခြေအနေနှင့် ဖြစ်သင့်တာကတော့ တရုတ်ပြည် ပုံစံအတိုင်း၊ တ ပြည်ထောင်စံနစ်ပဲ ဖြစ်တယ်။ ပြည်နယ်တွေဆိုရင် ကိုယ်ပိုင် အုပ်ချုပ်ရေး အခွင့်အရေး ဖြစ် တယ်။ ဒီမူဟာ ဗမာပြည်နှင့် အသင့်တော် ဆုံး ဖြစ်တယ်။ ဒီမူအရ လုပ်သင့်တယ်။ ဒီလို ဖြစ် ရေးအတွက် ဇင် + ချစ် တို့နှင့်၊ ဒီ အမြင်အပေါ်မှာ ကွဲလွဲတာကို သူတို့ တာဝန်ယူ တယ်လို့ သခင်ဗသိန်းတင်က ဆွေးနွေးပြပါတယ်။

ကျနော်တို့ သခင်ဗသိန်းတင် အဖွဲ့နဲ့ ဆွေးနွေးကြတဲ့အခါမှာတော့ သူတို့ အမြင် ရှိသလို ပြတ်ပြတ်သားသား၊ ရင်းရင်းနှီးနှီး အားမနာတမ်းဘဲ ပြောစရာ ရှိတာကို ပြောမယ်ဆိုပြီး အထက်က ပြောသလို ဆွေးနွေးခဲ့ကြပါတယ်။ ပြည်ပ ဗကပ ခေါင်းဆောင် တွေနဲ့ ပြည်တွင်း မှာရှိတဲ့၊ ဗကပ ဗဟိုကြားမှာ အမြင်သဘောချင်း မတူညီမှု ရှိတာကတော့ သေချာနေပါတယ်။ အဲဒီအချိန်တုန်းက ၁၉၇၃ ခုနှစ် ဆိုတော့ ဇင် + ချစ် တို့ ပြည်တွင်းမှာ အသက်ရှင်တုန်း ကာလ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ဗသိန်းတင်ဟာ စကားပြော အလွန်ကောင်းပြီး အပြင်မှာ ဖော်ရွေ ရင်းနှီးတတ် သူ တယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ မူပိုင်း အမြင်နှင့် သဘောထား အမြင်ကို ဆွေးနွေးခဲ့ကြ ရာမှာတော့၊ သူတို့နဲ့ ကျနော်တို့ တူညီမှု မရခဲ့ပါ။ ကျနော်တို့ ပြန်ခါနီး သူမှာတာက (K.N.U.P.) ပါတီကို အလုပ်သမားပါတီအနေနှင့် ဖွဲ့စည်းတာ မှားကြောင်း၊ လူမျိုးစု တပ်ပေါင်းစု တပ်ဦး ဖွဲ့စည်းတာလည်း မလုပ်သင့်ကြောင်း၊ ပြည်တွင်းမှာရှိတဲ့ ဗကပ ခေါင်းဆောင်တွေကို သူ တာဝန်ယူကြောင်း မှာကြား ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နောက် တခုကတော့ (K.N.U.P.) နဲ့ ဗကပ ဟာ တော်လှန်ရေး တလျောက်လုံး အလွန်ရင်းနှီးခဲ့ ကြတယ်။ အပြန်အလှန်လည်း ကူညီကြလို့ ရှေ့ကို ဘုံရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်ရာမှာ ဆက်လက်ပြီး၊ စည်းလုံးစွာ ရှိဘို့ လိုအပ်ကြောင်း၊ မူ ချင်းမတူတဲ့ အမြင်ကို တိုက်ပွဲထဲမှာ ပူးပေါင်းရင်း တိုက်ပွဲအတွင်း ညှိညွတ်ရေးရတဲ့အထိ ဆိုင်ရာ ပါတီကနေ ကြိုးစားကြဘို့ ကျနော်တို့ကို ဆွေးနွေး မှာကြားခဲ့ပါတယ်။

* ပြည်ပရောက် သခင်ဗသိန်းတင်တို့က ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်မှာကို သဘောမတူ လက်မခံတဲ့ သဘောလား။

* ဟုတ်ပါတယ်။ ဗသိန်းတင်၊ ဖေတင့် နှင့် တရုတ်ပြည်မှာ ရှိတဲ့ ခေါင်းဆောင်တွေက ကျနော်တို့နဲ့ ဆွေးနွေးတဲ့အခါ ဖက်ဒရယ်ပြည်ထောင်စု ကိစ္စကတော့ တရုတ်ပြည် အတိုင်းဆိုရင် ကျနော်တို့နဲ့ မကိုက်ညီဘူး ဖြစ်နေတယ်။ သူတို့က တပြည်ထောင် စံနစ် ဖြစ်တယ်။ သခင်ဇင်၊ သခင်ချစ်တို့နဲ့ ဆွေးနွေးတာကတော့ ကိုက်ညီမှုရှိတယ်။ မြန်မာ လူမျိုးကိုလည်း ပြည်နယ် သတ်မှတ်ပါဝင်ဘို့ သဘော တူညီမှု ရရှိခဲ့တယ်။ တခုရှိတာက အောက်ခြေ အဆင့်က ပါတီရဲဘော်တွေ၊ ခေါင်းဆောင်တွေ တပ်မှူးတွေထဲမှာ ဒီ သဘောထားအမြင်နဲ့ ပတ်သက်ပြီး၊ တိုက်ပွဲတွေ ရှိတယ်။ နိုင်ငံရေး အမြင်နဲ့ ပတ်သက်တာ ဖြစ်တယ်။ အခုျိုကြတော့ ပြည်တွင်းမှာရှိတဲ့ ခေါင်းဆောင် တွေရဲ့ အမြင်အတိုင်း ဖြစ်တယ်။ တပ်မှူး၊ ဆေးမှူး၊ ကေဒါတွေထဲကတခုျိုု ပါတီတွင်း တိုက်ပွဲအသွင် ရှိနေတာကို ကျနော်တို့ တွေ့ခဲ့ ပါတယ်။ ကျန်တဲ့ တခုျိုုကတော့ ပြည်တွင်းရှိ ခေါင်းဆောင်တွေရဲ့ သဘောထား ခံယူချက်ကို နှစ်သက်ကြတယ်။ သဘောတူကြတယ်။ အခြေအနေနဲ့ ကိုက်ညီတယ် ဆိုပြီး မြင်တာတွေ ရှိတယ်။ ဟိုမှာကတော့ ဥက္ကဋ္ဌ ဗသိန်းတင် ဦးဆောင်မှုအောက်မှာ သူတို့ အများဆန္ဒအတိုင်း လိုက်ပြီး ဒီမိုကရေစီ ဗဟို ကြိုးကိုင်မှု စံနစ်အရ နာခံရတာ ဖြစ်တယ်။

* တရုတ်ပြည်မှာ လေ့လာခဲ့တာတွေ၊ သိမြင်ခဲ့တာတွေ၊ ဆက်ဆံရေးတွေ၊ အကြံ ဉာဏ်တွေကိုလည်း ပြောပြပေးပါ။

* ကျနော်တို့ တရုတ်ပြည်ထဲရောက်တော့၊ တရုတ်ပြည် ကွန်မြူနစ် ပါတီ အနေနှင့် ကျနော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ကျနော်တို့ဟာ တော်လှန်ရေး အဖွဲ့ အစည်း တရပ်၊ ပါတီတရပ်ဖြစ်တယ်။ ကျနော်တို့ကို နိုင်ငံခြားတိုင်းပြည် တခုက ခေါင်း ဆောင်တွေ ပုံစံအတိုင်း၊ ကြိုဆို ဧည့်ခံပါတယ်။ ကြိုဆို ဧည့်ခံ ကျွေးမွေးတာ သူတို့ ကော်မတီထက် နှစ်ဆ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သာပါတယ်။ သွားရာလာရာမှာ ကား တွေကိုလည်း အစစအရာရာ စီစဉ်ထားတယ်။ ကျနော်တို့ဟာ ဘယ်သူမှ မသိသေးတဲ့ တော်လှန်ရေးအဖွဲ့တဖွဲ့ ဖြစ်ပေမဲ့၊ ထင်ပေါ်ပြီး လူသိများတဲ့ နိုင်ငံတခုက လာတဲ့ ခေါင်းဆောင်တွေနဲ့မခြား ကြိုဆိုပြီး ပြုစုခဲ့ပါတယ်။

ကျနော်တို့ လိုချင်တဲ့ အကူအညီတွေလည်း ဖြည့်ဆည်း ပေးကြတယ်။ ဥပမာ - ကျနော်တို့အထဲက တခုပျိုရဲဘော်တွေဟာ သွား ရောဂါ ဖြစ်နေကြတယ်။ ကူညီဖို့ လိုအပ် သမျှကို သူတို့ ကူညီကြတယ်။ ကျနော်တို့ (K.N.U.P.) က လူ(၃၀)ကျော်၊ (S.S.P.P.)က (၆၀)ကျော်၊ ပေါင်း (၁၀၀)ကျော်တို့ကို သူတို့ ရဲဘော်တွေနဲ့ တန်းတူမက၊ ပိုပြီး ဂရု စိုက်ခဲ့တာ ရှိပါတယ်။ ကျနော်တို့ မဝင်ခင်ကတည်းက၊ တရုတ်ပြည် ကွန်မြူနစ်ပါတီကို ကျနော်တို့ ဘာတွေ လေ့လာချင်သလဲ ဆိုတာကို မေးခဲ့ပါတယ်။ ကျနော်တို့က လက်နက် ကိုင် တော်လှန်ရေးဆိုတော့ တရုတ်ပြည်သူတွေမှာ သူတို့ရဲ့ တပ်ဖွဲ့စည်းပုံ၊ လက်နက် တပ်ဆင်ပုံကို လေ့လာချင်တယ်။ ကျနော်တို့က လူမျိုးစုတွေဖြစ်တော့ သူတို့ဆီက လူမျိုးစု ကိစ္စ ကိုလည်း သိချင်တယ်။

သူတို့ပြောတာက ယူနန်ပြည်မှာဆိုရင် လူမျိုးစုတွေ၊ အဓိကအားဖြင့် (၂၄)မျိုး ရှိတဲ့ အကြောင်း ပြောပါတယ်။ ကျနော်တို့က အဲဒီ လူမျိုးစုတွေရဲ့ အကြောင်း၊ လူမျိုးစုတွေရဲ့ ဒေသတွေကို လေ့လာချင်ကြောင်း ပြောပြပါတယ်။ နောက်ပြီး စီးပွားရေးနဲ့ ပတ်သက်ပြီး စက်ရုံ၊ အလုပ်ရုံတွေနှင့် အဲဒီ အလုပ် သမားတွေအကြောင်း မွေးမြူရေး စိုက်ပျိုးရေး ကဏ္ဍနှင့် လုပ်နည်း လုပ်ဟန်နှင့် သမိုင်းဝင် အဆောက်အဦတွေကို လေ့လာချင်ကြောင်း တင်ပြခဲ့တယ်။ သူတို့ လေ့လာခွင့်ပြုတဲ့ ကဏ္ဍတွေကို ပြန်လည် ဖြေကြားပြီး၊ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားခဲ့ ပါတယ်။

ကျနော်တို့ စုမောင်မြို့မှာ (၂)ပတ်လောက် ကြာသွားပြီး၊ မြို့ပေါ်မှာ ရှိတဲ့ စက်ရုံတွေကိုလည်း လေ့လာခဲ့ရပါတယ်။ ယူနန် အပြင် စုမောင် ဒေသဟာ၊ အရင်ကဆိုရင် အထူးသဖြင့် ငတ်မွတ်ခေါင်းပါးတဲ့ ဒေသတခု ဖြစ်ခဲ့ပါတယ်။ ဟိုတုန်းက ဘိန်းတွေကို အများအပြား စိုက်ပျိုးကြတယ်။ ခုအချိန်မှာတော့ ရိက္ခာ အသင့်အတင့် ဖူလုံမယ်လို့ ကျနော်ယူဆတယ်။ ရွာတိုင်းလိုလိုမှာ ရေအား လျှပ်စစ် ဓါတ်အားသုံးစက်တွေကို အသုံးပြု ကြတဲ့အတွက် လျှပ်စစ်ဓါတ်အားကို သုံးစွဲနိုင်ကြ ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အဆင် ပြေနိုင်ဖို့ လုပ်ကိုင်နေတာ တွေ့ရတယ်။ စုမောင်မှာ အိမ် အဆောက် အဦတွေ တိုးခဲ့ချဲနေတာ တွေ့ရတယ်။ သစ်ဝါးနဲနဲ ရှားတာ တွေ့ရတယ်။ အဲဒီမှာ လူမျိုးစု တွေဟာ သူတို့ရဲ့ ရိုးရာ ကပွဲတွေနဲ့ ပြန်လည်

ဖြေဖျော်ကြပါတယ်။ စုမောင်မြို့ကနေ အခြားနေရာတွေကို သွားလာ လေ့လာဖို့က ရောက်တာကလည်း နောက်ကျပြီးသွားရမဲ့ အခြားကိစ္စတွေလည်း ရှိသေး တာမို့၊ ကူမင်းမြို့လောက်ပဲ သွားလေ့လာခဲ့ပါတယ်။ တောင်ပေါ်မြို့ ဖြစ်ပေမဲ့ လူဦးရေ တသန်း (1 Million) ကျော်ရှိတယ်။ မြို့တော်တော်ကြီးတယ်။ စက်မှု လက်မှုလည်း ထွန်း ကားတယ်။ ကျနော်တို့ ရက်ပေါင်း (၂၀)လောက် သွားလေ့လာ ခဲ့တယ်။ ကူမင်းမြို့မှာ လူမျိုးစုတက္ကသိုလ် ရှိတယ်။ အဲဒီတက္ကသိုလ်မှာ ဗမာပြည်မှာရှိတဲ့ လူမျိုးစု တော်တော် များများရှိတာ တွေ့ရတယ်။ ကချင်နဲ့ ရှမ်း တွေလည်း ရှိတယ်။

ဗမာပြည်မှာရှိတဲ့ ကရင်၊ မွန်၊ မြန်မာ ကလွဲရင်၊ ကျန်တဲ့ တိုင်းရင်းသားတွေကို အဲဒီမှာ ရှိနေတာ တွေ့ရပါတယ်။ မြောင်၊ လားဟူ၊ ဝ၊ ကချင်၊ ရှမ်း တို့ ဖြစ်တယ်။ ရှမ်းလူဦးရေဟာ ဗမာပြည်မှာ ရှိတာထက် တရုတ်ပြည် ထဲမှာ ပိုများတာ တွေ့ရတယ်။ ရှမ်းအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း (၂)တိုင်းရှိတယ်။ အရှေ့တောင်တိုင်း (၅)တိုင်းကို ဟိုအရင် ဦးနုခေတ်က တခေါက် ရောက်ခဲ့ဖူးတယ်။ ကျနော်တို့ကို စုမောင်မြို့မှာ ဧည့်ခံ ကျွေးမွေးတဲ့နေရာကို ဦးနုက ပထမ ဦးဆုံး ရောက်ခဲ့ပါတယ်။ ပြီးတော့ မြောက်ဘက်မှာ လည်း တိုင်းတခု ရှိတယ်။ ကချင်မှာလည်း ကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်းရှိတယ်။ လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ရေးဖက်မှာ ဆိုရင်၊ ဥပမာ ခရိုင်တခုမှာ ပါတီဘက်မှာဆိုရင် လားဟူက တခရိုင်၊ `ဝ´ က တခရိုင် တို့ဖြစ်တယ်။ တရုတ်ပြည်ထဲမှာ အဲဒီလိုတွေ့ရတာရှိတယ်။ လူမျိုးစု တက္ကသိုလ်မှာ ကျနော်တို့ သွားလေ့လာတော့ လူမျိုးစုစာကို သူတို့ ပြန်ဖော် ထုတ်ပြီး သင်တန်းပေးတယ်။ ဘာသာစကားနှင့် ပတ်သက်တာ သူတို့ တော်တော် မြန်တယ်။ တနှစ်အတွင်း ဒီလူမျိုးစုတွေဟာ သူတို့ပြောတဲ့ ဘာသာစကားကိုရော တရုတ် ဘာသာ စကားရော နှစ်ခုစလုံးကို ရေးနိုင် ပြောနိုင်ယုံ မကဘဲ၊ ကျွမ်းကျင်စွာ ဘာသာ ပြန်နိုင် ခဲ့ပါတယ်။ အပြန်အလှန် လုပ်ကြတယ်။ တရုတ်ပြည်က ပို့တဲ့ စာတွေကို သူတို့ ဘာသာပြန်နှင့် ပြန်ဆိုတယ်။ သူတို့ အခြေ အနေနှင့် စာပေတွေ ဒီလို ဆောင်ရွက်နိုင်တာ တွေ့ရတော့ တော်တော် အားရမိတယ်။ စက်ရုံ အလုပ်ရုံတွေနဲ့ ပတ်သက်ပြီး၊ သံမဏိ စက်ရုံတခုမှာ အလုပ်သမား (၂)သောင်းကျော် ရှိတယ်။ တော်တော် ကြီးကျယ်တာ တွေ့ရ တယ်။ အဲဒီ သံမဏိကို ကျိုတဲ့ဖို (၅)ဖို ရှိတယ်။ အလုပ်သမားတွေရဲ့ လုပ်ငန်းခွင် အခြေအနေ သူတို့ရဲ့ စားသောက်မှုတွေကို လေ့လာခဲ့ရတယ်။ သူတို့ တပ်မတော်နှင့် ပတ်သက်ပြီး ပြည်သူ့စစ်ကို ဘယ်လို ဖွဲ့စည်းသလဲ၊ ဘယ်လို လက်နက် တပ်ဆင်သလဲ၊ ဘယ်လို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သဘောတရားတွေ ပေးသလဲ ဆိုတာတွေကို ကျနော်တို့ လေ့လာ ခဲ့ရပါတယ်။ စက်ရုံ အလုပ်ရုံတွေ စက်ပစ္စည်း တပ်ဆင်မှုတွေကိုလည်း လေ့လာခဲ့ တယ်။

ပညာရေးကဏ္ဍကို လေ့လာရာမှာ ထူးထူးခြားခြား တခု တွေ့ရတယ်။ ဗလ (၅)တန် ရှိ တဲ့နေရာမှာ၊ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ စတဲ့ ကျောင်းတွေ ဖြစ်တယ်။ အဓိက ရှေ့တန်းတင်တာက (၁) စာ ရိတ္တဗလ၊ (၂) ကာယဗလ၊ (၃) ဉာဏဗလ ဆို တဲ့ အဆင့်လိုက် အဓိက လုပ်ဆောင်မှုတွေ သတ်မှတ်ထားတယ်။

တိုင်းပြည်တပြည်ကို ထူထောင်တဲ့နေရာမှာ ပညာတတ်တာနဲ့ မပြီးဘူး။ ကိုယ် ကာယ ကျန်းမာတာနဲ့လည်း မလုံလောက်ဘူး။ အခြေခံ အကျဆုံးကတော့ စာရိတ္တ ကောင်းဘို့ ဖြစ် တယ်။ အထူးသဖြင့် မျိုးချစ် ပြည်ချစ်စိတ်ရှိဘို့၊ ကိုယ့်အားကိုယ်ကိုးဖို့နဲ့ သူတပါးကို ကူညီဖို့ စတဲ့ပေါ်လစီနဲ့ ပတ်သက်တာတွေကို လေ့လာခဲ့ရပါတယ်။ ဒုတိယ အဆင့်ကတော့ ကျန်းမာ သန်စွမ်းမှုရှိဖို့ ဖြစ်တယ်။ ကျန်းမာ ချမ်းသာမှ တိုင်းပြည်ကို အကျိုး ပြုနိုင်မယ်ဆိုပြီး အလေးထား ကြတယ်။ ဉာဏဗလ စတဲ့ ပညာတတ်ဘို့ စာပေသင်ကြား ရေး ဆိုတာတွေကို တတိယ နေရာမှာ ထားတယ်။ ဒါဟာ ထူးခြားချက်တခု ဖြစ်တယ်။

* ဗမာတနိုင်ငံလုံးနှင့်ပတ်သက်ပြီး ဗကပ ကလည်း သူ့ဟာနဲ့သူပေါ့လေ။ K.N.U. ကလည်း၊ N.D.F. စတဲ့ အဖွဲ့နှင့် နေဝင်းဆန့်ကျင်ရေးကို လုပ်နေတာဘဲ။ အဲဒီတော့ တိုင်းပြည်မှာ ရှေ့ လျောက် ဘယ်လို အခြေအနေမျိုး ရှိမလဲ။ စည်းလုံးရေး (Unity)နဲ့ ပတ် သက်ပြီး ဘယ်လို လုပ်ရင် ကောင်းမလဲဆိုတာ ဆရာကြီးရဲ့ သဘောထားကို ဖော်ပြပေးဘို့ မေတ္တာ ရပ်ခံပါ တယ်။

* ပထမဦးဆုံး ဗကပ နဲ့ ပတ်သက်ပြီး၊ နည်းနည်း ဆက်ပြောချင်ပါတယ်။ ဗကပ ဟာ၊ ၁၉၆၈ ခုနှစ်မှ စပြီး၊ ဗမာပြည်ထဲကို ပြန်ဝင်လာတယ်။ ပထမ အဆင့်မှာတော့ အောင်ပွဲတွေ တော်တော် ရခဲ့တယ်။ နောက်ပိုင်း ကျတော့ သူတို့ ရှေ့ကို သိပ်မတိုးနိုင်ခဲ့ဘူး။ ပြောရမယ်ဆို ရင် ဒီနေ့အထိပဲပေါ့။ မတိုးနိုင်တဲ့ ကိစ္စက အကြောင်း ရှိမယ်လို့ ကျနော် ထင်တယ်။ ကျနော်တို့ မြောက်ဘက်ကို ချီတက်တုန်းက ဗကပ ရဲ့ “အခိုင်အမာ ပေါ်လစီ” ဆိုပြီး အရှေ့ပိုင်း စစ်ဒေသ ကနေပြီးတော့ ထုတ်ထားတဲ့ သူတို့ စာစောင်ထဲမှာတွေ့ခဲ့ ဖတ်ခဲ့ရတယ်။ သူတို့ တိုက်လို့ သိမ်းပိုက်နိုင်မယ်ရင် အဲဒီနေရာဟာ သူတို့ရဲ့ နယ်မြေဘဲလို့ “အခိုင်အမာ ပေါ်လစီ”ထဲမှာ သူတို့ ပြဋ္ဌာန်းထား ခဲ့တယ်။ ပြဋ္ဌာန်းတဲ့ အတိုင်း လက်တွေ့မှာ ဒီလိုပဲ လုပ်တယ်။

ဒီလိုကျင့်သုံးတော့ မြောက်ပိုင်းမှာဆိုရင် ကချင်နဲ့ ပြဿနာဖြစ်ခဲ့တယ်။ ဖြစ်ပုံ ကတော့ ကချင် လက်နက်ကိုင် တော်လှန်ရေးဟာ၊ ၁၉၆၂ ခုနှစ်မှာ စတင်ဖြစ် ပေါ်ခဲ့တယ်။ ဖြစ်တော့ သူတို့လည်း နယ်မြေတွေ သိမ်းပိုက်ခဲ့တယ်။ ရှမ်းပြည် မြောက်ပိုင်းဆိုရင် ကချင် (Kachin State Service) ရှိထားတယ်။ ကချင် တော်လှန်ရေး အနေနဲ့ဆိုရင် တပ်မဟာ(၄) အဲဒါ သူတို့ရဲ့ ဧရိယာဖြစ်တယ်။ ကချင် အမျိုးသား တော်တော်များများ ရှိခဲ့တယ်။ သူတို့ လည်း မြို့ငယ် လေးတွေ ရန်သူ စခန်းတွေကို တော်တော် သိမ်းနိုင်ခဲ့တယ်။ နောက်ပိုင်း ဗကပ ပါလာတော့ ရန်သူ ရှိတဲ့နေရာမှာ သူတို့တိုက်တော့ သူတို့ ရတယ်။ ဒီလို ဗကပ ရဲ့ အဓိက အင်အားနဲ့ တိုက်လို့ ရတဲ့နေရာမှာ နောက်ပိုင်းက ဗကပ ကို အားဖြည့်ပြီး ဝင်တိုက်တာ ဖြစ်တယ်။ ဒီနေရာတွေ ကလည်း ပထမတော့ ကေအိုင်အေ နေရာ၊ ကေအိုင်အေ လူထု၊ ဗကပ က ဒီနယ်မြေတွေ ရသွားတော့ ဒီနယ်မြေတွေက ဗကပ နယ်မြေတွေ ဖြစ်သွားတယ်။ ဒီနေရာမှာ ကချင်ဟာ သူတို့ရဲ့ လူထုကိုတောင် သူတို့ စည်းရုံး ပိုင်ခွင့် မရှိတော့ဘူး။ သွားတာ လာတာ အချုပ်အချယ်နဲ့ သွားရတယ်။

ပထမ ဗကပ ပြန်လာတုန်းက ကချင်တွေက တော်တော် ကူညီပေး ခဲ့တယ်။ ဥပမာ ဗကပ က လားရှိုးကို သွားတိုက်တဲ့ အထိ ဖြစ်ခဲ့တယ်။ မသိမ်းနိုင် ခဲ့ပေမဲ့ အောင်ပွဲ တွေ ရခဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်းမှာဆိုရင် မူဆယ်၊ မိုးမိတ် ဗကပ ရှိတဲ့နေရာတွေအထိ၊ သူတို့ ရခဲ့တယ်။ နောက်ပိုင်း သူတို့ရဲ့ အခိုင်အမာပေါ်လစီအတိုင်း သိမ်းလို့ရသ၍ သူတို့ နယ်မြေလို့ သတ်မှတ်လာတော့၊ ကချင်က နဂိုက သူတို့ရဲ့ နယ်မြေမှာ ဘာမှ လုပ်လို့ မရတော့ဘူး။ ဒီလိုနဲ့ ကချင် တွေ စိတ်မကောင်းဖြစ်လာရာက၊ ဗကပ ကို မဆန့်ကျင်ပေမဲ့ အကူအညီ မပေး ကြတော့ဘူး။ ဗကပ ရဲ့ ဆန့်ကျင်ဘက်ကိုလည်း အကူအညီ မပေးခဲ့ဘူး။ နောက်ပိုင်း ဗကပ နဲ့ ကချင် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ခဲ့တာတွေ ရှိခဲ့တယ်။ ဒါဟာ ဗကပ ရဲ့၊ နယ်မြေ သတ်မှတ်ချက် အခိုင်အမာ ပေါ်လစီကြောင့် ဖြစ်တယ်။ ကချင်ရဲ့ အကူ အညီမရတော့ ဗကပ လည်း ရှေ့ဆက်မတိုးနိုင်တော့ဘူး။ ဒီလို ပြဿနာရှိတာ ကျနော်တို့ တွေ့ရတယ်။ ဗကပ - ကချင် ညီညွတ်ရေးအတွက် တွေ့ဆုံမှုတွေလုပ်ပြီး၊ စာချုပ် (၃)ခု ချုပ် ခဲ့တယ်။ ဒါပေမဲ့ ဗကပ က လက်ရှိမူကိုပဲ ဆက်ကျင့်သုံးလို့၊ ကချင်ဟာ ချုပ်ဆိုထားတဲ့ စာချုပ်ကို မီးရှို့လိုက်ရတာပဲ။ ဒါက ကေအိုင်အေ ကိုယ်တိုင်ပြောလို့ သိခဲ့ရတယ်။ နောက် ပိုင်း အခိုင်အမာ ပေါ်လစီ တခု ကတော့၊ အလွှာ (၃)ခု ပေါ်လစီပဲ။ တိုးတက်တဲ့အလွှာ၊ အလယ်အလတ် အလွှာ၊ နောက်ကျတဲ့

အနိမ့်ဆုံး အလွှာဆိုပြီး သတ်မှတ်ထားတယ်။ တိုးတက်တဲ့ အလွှာက လူတွေကို စည်းရုံးပြီး သူတို့လူအဖြစ် သိမ်းသွင်းတယ်။ အလယ် လတ်တန်း အလွှာကတော့ ကြားထိုင်အလွှာ ဖြစ်တယ်။ ဖောက်ပြန်တဲ့အလွှာကိုတော့ ပြတ်သားစွာ ဆန့်ကျင်ဘို့ ဆုံးဖြတ်ချက်ချထားတဲ့ ပေါ်လစီ ဖြစ်တယ်။ ဒီပေါ်လစီ အတိုင်း ကျင့်သုံးတယ်။ ဒီ ပေါ်လစီကိုလည်း တရုတ်ပြည် တော်လှန်ရေးကာလ၊ မော်စီတုန်းကနေ ချန်ကေရှိတ်အုပ်စုကို တိုက်တဲ့အခါမှာ ချမှတ် ကျင့်သုံးတဲ့ ပေါ်လစီ အတိုင်းဖြစ်တယ်။ သူတို့အခြေအနေနဲ့ သူတို့ လုပ်ဆောင်လို့ အောင်မြင်ခဲ့တယ်။ ဗကပ က လူမျိုးစု အဖွဲ့ အစည်းတွေထဲမှာ ဒီပေါ်လစီကိုကျင့်သုံးတော့ အခြေအနေတွေဟာ တရုတ်ပြည် တော် လှန်ရေး ကာလနဲ့ မတူလို့ မညီညွတ်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ ဥပမာ - ကချင်လူမျိုးစုနဲ့ ဆက်ဆံတဲ့အခါ ဗကပ က၊ ကချင် အဖွဲ့ အစည်းထဲက လူအခ့ျိုကို စည်းရုံးပြီး ဗကပ ကို ထောက်ခံသူဖြစ်အောင် လုပ်တယ်။ စည်းရုံးလို့မရတဲ့သူကို ဆန့်ကျင်မှု သဘောရှိလို့ အပြုတ်တိုက်ရမယ် ဆိုတဲ့ အခါ၊ လူမျိုးစုတွေထဲမှာ မညီမညွတ်ဖြစ်လာတယ်။ ဒီလို ဖဲ့ထုတ် စည်းရုံး တာရော၊ ခွဲခြမ်းတိုက်တာရော၊ လုပ်လာတော့ အဖွဲ့အတွင်း ပြဿနာတွေ ပေါ်လာ တယ်။ ရလလဖ (ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး အဖွဲ့) ဖွဲ့တုန်းကလည်း၊ ဒီ ပေါ်လစီကြောင့်ဘဲ ဖြစ်တယ်။ ရှမ်းထဲမှာလည်း ဒီ ပေါ်လစီကို ကျင့်သုံးတာကြောင့် သူတို့ လူမျိုးစုထဲမှာ ကွဲပြားမှုတွေ ဖြစ်ပေါ်လာ ခဲ့ရတယ်။

ဒီတော့ တော်လှန်ရေး အင်အားစုတွေ အားနည်းသွားခဲ့ရတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ တော်လှန်ရေး တခုလုံးကို ထိခိုက်သွားတယ်လို့ ကျနော်မြင်တယ်။ ဒါကြောင့် ဘုံရန်သူကို တိုက်ခိုက်ရေးအတွက် ဗကပ ဟာ၊ အခိုင်အမာ ပေါ်လစီ နှစ်ခုကို၊ ပြန် စဉ်းစားသင့်တယ်။ ဒါမှ မှန်မှန် ကန်ကန် ကိုင်တွယ် ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေ ရှိမှာ ဖြစ်တယ်။ စည်းလုံးမှု၊ ညီညွတ်မှု၊ နားလည်မှုအပေါ်မှာ မှန်ကန်တဲ့ အခြေခံမူမျိုး ဖြစ်ရမယ်။ ကျနော် အဲဒီလိုပဲ မြင်တယ်။ ဒီနေ့ ဗကပ အနေနဲ့ဆိုရင် သမိုင်းအစဉ်အလာ ကြီးမားတဲ့၊ ပါတီအဖွဲ့ အစည်းတခု ဖြစ်တယ်။ အလုပ်သမားပါတီ တခုအနေနဲ့ဆိုရင် ရှေ့ဆောင်မှု တာဝန်တွေ၊ သူတို့မှာ အများကြီး ရှိတယ်။ ရှေ့ဆောင်မှုဆိုတာ တောင်းယူလို့ ရတာ မဟုတ်ဘူး။ လက်တွေ့ လုပ်ဆောင်မှု လုပ်ဆောင်ရင်းနဲ့ ခေါင်းဆောင်မှုကို ရယူဖို့ ဖြစ်တယ်။ ဒါကလည်း ဥက္ကဋ္ဌ မော်ရဲ့ သဘောတရား စာစောင်ထဲမှာ အဲလိုပဲ ချမှတ်ထား တာ ရှိပါတယ်။ ဗကပ ဟာ၊ မက်စ်၊ လီနင် ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို လက်ခံ မယ်ဆိုရင် လက်တွေ့ကျကျလည်း ဒီအတိုင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လုပ်ဆောင်သင့်တယ်လို့ ကျနော်မြင်တယ်။ လက်တွေ့မကျတော့ ခေါင်းဆောင်မှုကို အတင်း တောင်းယူတဲ့ ပုံစံမျိုး ဖြစ်နေ တယ်။

ကေအဲန်ယူပါတီအနေနဲ့ ကျင့်သုံးခဲ့တာတွေ အခြားအဖွဲ့အစည်းက ကျင့်သုံးခဲ့ တာတွေမှာ ဒီလို ဖြောင် တောင်းဆိုခဲ့တာတွေ ရှိတော့ လူထုကို ခေါင်းဆောင်လို့ ရသင့် သလောက် မရဘူး။ ပြီးတော့ ခွဲပြီး စည်းရုံးတာတွေလည်း ရှိတယ်။ ကျနော်တို့ ခုလို ဗကပ ကို ဝေဖန်တာဟာ အပြု သဘောမျိုး ဖြစ်ပါတယ်။ ကျနော်တို့ဟာ ကျယ်ပြန့်တဲ့ တပ် ပေါင်းစုကြီး ဖြစ်မြောက်ရေးအတွက် ရည်ရွယ်ပြီးတော့ နောက်တချက်က အလုပ်သမား ပါတီ တခုအနေနဲ့ လက်တွေ့ လုပ်ဆောင်တဲ့နေရာမှာ အခြေအနေနဲ့ ကိုက်ညီအောင် လုပ်ဆောင်နိုင်ဘို့ ဒီ ရည်ရွယ်ချက်နဲ့ သုံးသပ်တာ ဖြစ်တယ်လို့ ကျနော် ပြောချင်တယ်။

ကျနော်တို့ ကေအဲန်ယူမှာလည်း၊ တပ်ပေါင်းစုနှင့် အာဏာသိမ်းမယ်လို့ သဘောထား တွေ ရှိတယ်။ ဗမာပြည်မှာလည်း လက်နက်ကိုင် တော်လှန်ရေး အဖွဲ့ အစည်းတွေ တော်တော်များများရှိတယ်။ တပ်ပေါင်းစုနဲ့ ပတ်သက်ပြီး ကျနော်တို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ ကျနော်တို့ ကရင့်တော်လှန်ရေးအနေနဲ့ အကြိမ်ပေါင်း မနည်းဘူး။ ကြိုးစားခဲ့တယ်။ ဒီ တပ်ပေါင်းစုတွေဟာ စာရွက်ပေါ်မှာဘဲ ကျန်ခဲ့ကြတယ်။ ဥပမာ - လူမျိုးစု တပ်ဦးနှင့် ပတ်သက်တာ ကျနော်တို့ ၁၉၅၆ ခုနှစ်မှာ (တလည်တ) တိုးတက်သော လူမျိုးစုများ ညီညွတ်ရေးတပ်ဦး၊ ၁၉၆၀ ခုနှစ်မှာ (လလမဖ) လူမျိုးစုများ လွတ်မြောက်ရေးအဖွဲ့၊ နောက်ပြီးတော့ (လညတ) လူမျိုးစုများ ညီညွတ်ရေး တပ်ဦး၊ (ညလတ) ညီညွတ်သော လူမျိုးစုများတပ်ဦး ဆိုပြီး ကျနော်တို့ တောက်လျှောက် ဖွဲ့စည်း ခဲ့တယ်။

အခု ကျနော်တို့ မဒတ ရှိတယ်။ မဒတ က လွန်ခဲ့တဲ့ နှစ်ကဆိုရင်၊ ကျနော်တို့ တစုံတရာ စပြီး လှုပ်ရှားတယ်။ ပူးတွဲ စုပေါင်းပြီး စစ်သင်တန်းတွေ ပေးနိုင်ခဲ့တယ်။ ဗိုလ်လောင်းသင်တန်းအထိ ပေးနိုင်ခဲ့တယ်။ ပေးနိုင်တဲ့အပေါ်မှာ တော်တော် တက်တက် ကြွကြွ ဖြစ်လာတယ်။ မဒတ အပေါ် ယုံယုံကြည်ကြည်နဲ့ အစားထိုး ကြတယ်။ အားကိုး ကြတယ်။ ဒါပေမဲ့ နောက်ပိုင်း တပ်ပေါင်းစုနဲ့ ပတ်သက်တာ လှုပ်ရှားမှု ရှိတန် သလောက် မရှိဘဲ လျော့နည်းလာတာတွေကို ကျနော် တို့ မြင်လာတယ်။ ကျနော်တို့ဟာ ဘုံရန်သူကို တိုက်ခိုက်နိုင်ဘို့ ညီညီညွတ်ညွတ်နဲ့ တပ်ပေါင်းစုအခန်းကဏ္ဍမှာ ကျနော်တို့ ချမှတ်တဲ့မူကို တိတိကျကျ အကောင် အထည် ဖော်နိုင်ဘို့ လိုတယ်။

ဗမာပြည်မှာ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေအားလုံး စုစည်းနိုင်မှ ကျနော်တို့အတွက် တော်လှန်ရေး အောင်ပွဲခံမယ်လို့ မြင်တယ်။ ဥပမာ - မြောက်ဘက်မှာ ဗကပ အနေနဲ့ အင်အား ကြီးကြီးမားမားနဲ့ လှုပ်ရှား နေပေမဲ့၊ ရှေ့ကို သိပ်မတိုးနိုင်ဘူး။ ၁၉၆၈ ခုနှစ် ကတည်းက စဝင်လာတာ၊ ရှမ်းပြည်မှာ တစ် နေတယ်။ တခါတခါ သံလွင်မြစ် အရှေ့ဘက်ကို ကူးရတဲ့ အနေအထားမျိုး ရှိနေတယ်။ ဒါကိုကြည့်ပြီး ပြောရမယ်ဆိုရင် သူက လူမျိုးစုအပေါ် ထားသင့်တဲ့ သဘောထားနှင့် အမျိုးသားပေါ်လစီကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒီလိုဖြေရှင်းနိုင်ဖို့ ကတော့ လက်ရှိ ဗမာပြည် အနေအထားအရ အမှန်ဆုံးက ဖက်ဒရယ် ပြည်ထောင်စုစစ်စစ် သဘောထား အမြင် အပေါ်မှာ တန်းတူရည်တူနဲ့ လူမျိုးတိုင်း ကြီး ငယ် မရွေး၊ အခွင့်အရေး တူညီမှုနှင့် ဖွဲ့စည်းထားဖို့ လိုပါတယ်။ ဒီမိုကရေစီ သဘောအရ ပြောရမယ်ဆိုရင် လူမျိုးစုတွေအပေါ် ထားတဲ့ သဘောထားနှင့် အမျိုးသားရေးပေါ်လစီကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒီလို ဖြေရှင်းနိုင်ဖို့ ကတော့ လက်ရှိ ဗမာပြည် အခြေအနေ အရ အမှန်ဆုံး ဖက်ဒရယ် ပြည်ထောင်စုစစ်စစ် သဘောထား အမြင်အပေါ်မှာ တန်းတူ ရည်တူနဲ့ လူမျိုးတိုင်း ကြီး ငယ် မရွေး အခွင့် အရေး တူညီမှုနှင့် ဖွဲ့စည်းထားဖို့ လိုပါတယ်။ ဒီမိုကရေစီ ကျကျဖြစ်အောင် ဖွဲ့စည်း လုပ်ဆောင်သွားရမယ်။ ဗကပ အနေနဲ့ တရုတ် ပြည် ပုံစံအတိုင်းဆိုရင် ဒါဟာ ကျနော်တို့ အခြေ အနေနဲ့ မကိုက်ညီဘူး။

ဒီတော့ ဗကပ အနေနဲ့ဆိုရင် ခု လက်ရှိ၊ ဗမာပြည် လက်နက်ကိုင် အဖွဲ့ အစည်းထဲမှာ အင်အား အကြီးဆုံးဖြစ်ပြီး နိုင်ငံတကာ ထောက်ခံ အားပေးမှုလည်း ရတယ်။ ရန်သူ အနေနဲ့လည်း ဗမာပြည်မှာရှိတဲ့ တပ်မတွေ ဖွဲ့စည်းထားတဲ့ နေရာ မှာဆိုရင် တပ်မ(၆၆)ဟာ မြောက်ပိုင်းမှာ ဗကပ နဲ့ ရင်ဆိုင် နေရတယ်။ ဒါကြောင့် ဗကပ အင်အားဟာ မနည်းဘူး။ ဒီ အင်အားဟာ ရန်သူကို အပြုတ်တိုက်နိုင်ပြီး ရန်ကုန်ကို သိမ်းနိုင်မယ်။ ရန်ကုန်ကို သိမ်းနိုင်မှလည်း ရန်သူကို အပြုတ်တိုက် နိုင်မယ်။ ဒီ အင်အားကြီးတဲ့ အဖွဲ့အစည်းဟာ အနည်းဆုံး လူမျိုးစုတွေနဲ့ ဒီမြေပေါ်မှာ နားလည်မှု စိုက်ထူပြီး လုပ်ဆောင်သွားဖို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒါကျနော့် ပုဂ္ဂိုလ်ရေးအရ အမြင် ဖြစ်တယ်။

ဒါကြောင့် ဗမာပြည်လက်နက်ကိုင် တော်လှန်ရေးအောင်ပွဲ ရရေး အတွက် ဆိုရင် အထူးသဖြင့် နိုင်ငံရေးအရ ဖက်ဒရယ်သစ် ဖွဲ့စည်းရေး အပေါ်မှာ ပြည် ထောင်စုအတွင်းရှိ

လူမျိုးတိုင်း တန်းတူ အခွင့်အရေး ရဖို့ လိုတယ်။ တပ်ပေါင်းစုနဲ့ ပတ်သက်ပြီးတော့လည်း အလေးထားဖို့ လိုတယ်။ ကြိုးစားဖို့ လိုတယ်။ ကြိုးစားတဲ့ နေရာမှာ ကျနော်တို့မှာ ရှိတတ်တဲ့၊ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးနဲ့ မဟာ လူမျိုးကြီးဝါဒကို တိုက်ရမယ်။ တခါ တရံ မဟာ ဖြစ်ခဲ့တာတွေရှိတယ်။ နောက် မဟာကို တိုက်နေရင်းနဲ့ ကျဉ်းမြောင်းတာတွေ ဖြစ်သွားတယ်။ ဒီအစွန်းနှစ်ဘက်ကို ရှောင်ရှားပြီးတော့ မှန်မှန်ကန်ကန် လုပ်ဆောင်သွား နိုင်ဖို့ ကျနော်တို့ ကြိုးစားကြ ရမယ်။

(နောက် - ဝဲမှ ယာ) ဗိုလ်မောင်မောင်၊ ဦးစိုးအောင်၊ ပဒိုစံလင်း၊ ပဒိုသန်းအောင်၊
(ရှေ့- ဝဲမှ ယာ) ပဒိုသာပြည့်၊ ဖူးစကောလယ်တော၊ ဗိုလ်ချုပ်မြမောင်၊ စောဘိုမြ (ဗိုလ်မြ)၊
၁၉၇၅ ခုနှစ်၊ မာနယ်ပလော။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူး

အဖ ဦးစိန်ဖိုး အမိ ဒေါ်ပန်းမော် တို့မှ ညောင်တုန်းမြို့နယ် ကျုံရစ် ကျေးရွာ၌ ၁၉၁၇ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း နှစ်ဦးရှိပြီး ညီမ အမည်မှာ နော်အေးကြည် ဖြစ် သည်။ လက်ရှိ ကေအဲန်ယူ ဗဟိုကော်မတီ စောသမိန်ထွန်း လေ့လာသိရှိမှုအရ ငယ် အမည်မှာ စော ကျော်မြသန်းဖြစ်ပြီး ထိုအမည်ကို ၁၉၄၉ ခုနှစ် ကရင် အမျိုးသား လက်နက် ကိုင် တော်လှန်ရေး စတင်ခဲ့ချိန်မှသည် ၁၉၅၄-၅၅ ခုနှစ် အထိ ခေါ်ဆိုခဲ့ ကြ သည်ဟု ဆိုသည်။

စောကျော်မြသန်းသည် မွေးဇာတိ ကျုံရစ်ကျေးရွာတွင်ပင် မူလတန်းပညာ (၄ တန်း) အောင်မြင်ခဲ့ပြီး အလယ်တန်းကို တံတားမြို့နယ် “ဒုက်အော်စမ်း” ကျောင်းတွင် အဋ္ဌမ တန်း အထိ ပညာသင်ယူခဲ့သည်။ ညီမဖြစ်သူ နော်အေးကြည်သည် ၁၉၇၆ ခုနှစ် အထိ ကျုံစရစ် ကျေးရွာတွင် နေထိုင်ဆဲ ဖြစ်ကြောင်း သိရှိခဲ့ရပြီး မိခင်ဖြစ်သူမှာမူ ၁၉၅၄ ခုနှစ်အထိ သက်ရှိ ထင်ရှား ရှိခဲ့ကြောင်းကို သိရသည်။

၁၉၅၄-၅၅ ခုနှစ် လှေဆွဲ ကျေးရွာတွင် ကျင်းပသည့် ကော်သူးလေ တပ်မတော် ကွန်ဖရင့်တွင် မြစ်ဝကျွန်းပေါ်ရှိ ကရင့်တော်လှန်ရေး ခေါင်းဆောင်များ၏ အမည်များကို ကရင်အမည်သို့ ပြောင်းလဲ မှည့်ခေါ်ကြရာမှ ဗိုလ်ချုပ်ကျော်မြသန်း၏ အမည်အား ဗိုလ်ချုပ် ကော်ထူးအဖြစ်သို့ တရားဝင် ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

၁၉၄၉ ခုနှစ် မေလတွင် အင်းစိန် စစ်မြေပြင်မှ ဆုတ်ခွာခဲ့ပြီးနောက်၊ ၁၉၄၉ ခုနှစ် ဇွန်လတွင် တပ်မဟာများကို ပြန်လည် ဖွဲ့စည်းခဲ့ရာ ဗိုလ်ချုပ်ကော်ထူးအား တပ်မဟာ(၁) တပ်မဟာမှူးအဖြစ် တာဝန်ပေး ခန့်အပ်ခဲ့သည်။ တပ်မဟာ(၁)၏ အခြေခံနယ်မြေမှာ မအူပင်၊ ညောင်တုန်း၊ မနုဖြူ၊ ပန်းတနော် နယ်မြေ ဒေသများဖြစ်ပြီး ထိုဒေသများအတွင်း စစ်ရေး အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ခဲ့ရသည်။

၁၉၅၁ ခုနှစ်တွင် ကရင့်တော်လှန်ရေး K.G.B. (Karen Governing Body) ခေါ်ကော် သူးလေ အစိုးရ စစ်အုပ်ချုပ်ရေး ဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်အရ မြစ်ဝကျွန်းပေါ်တိုင်းတွင်

တပ်မ(၂)ခု ဖွဲ့စည်းရာတွင် ဗိုလ်ချုပ်ကော်ထူးသည် တပ်မ(၁)၏ တပ်မမှူး ဖြစ်လာ သည်။ တပ်မ(၂) တပ်မမှူးမှာ ဗိုလ်ချုပ်ဗိုလ်ပု ဖြစ်သည်။

၁၉၄၉ ခုနှစ်အတွင်း ကေအဲန်ယူပါတီ၏ စစ်ရေး အုပ်ချုပ်ရေး ညွှန်ကြားမှု အစီရင် ခံစာများကို အင်္ဂလိပ်စာနှင့်သာ အသုံးပြုခဲ့ကြောင်း၊ မှတ်တမ်းများအရ တပ်မဟာမှူး ဗိုလ်ချုပ် ကော်ထူးအနေဖြင့် မည်သို့ လုပ်ဆောင်ခဲ့သည်ကို အောက်ပါ အတိုင်း လေ့လာ သိရှိရသည်။

ဗိုလ်ချုပ်ကျော်မြသန်း (ခေါ်) ဗိုလ်ချုပ်ကော်ထူးသည် အားလပ်ချိန်တွင် အင်္ဂလိပ် စာ ကို အပတ်တကုတ် လေ့လာ မှတ်သားမှုများ ပြုလုပ်လေ့ရှိသည်။ ထိုသို့ လေ့လာမှုကို အထောက်အကူပြုခဲ့သူမှာ ဗိုလ်ကြီးမြစိန် (ခေါ်) စောကွယ်တော ဖြစ်လေသည်။ ဗိုလ်ကြီး မြ စိန်သည် တပ်မဟာ ထောက်လှမ်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ သူ သည် ၁၉၄၈-၄၉ ခုနှစ်များတွင် ရန်ကုန် တက္ကသိုလ်၌ ဒုတိယနှစ်အထိ ပညာ ဆည်းပူးခဲ့သူ ဖြစ်သည်။ ကရင့်တော်လှန်ရေး ပေါ်ပေါက်လုဆဲဆဲ ရုတ်ရုတ်သဲသဲ ဖြစ်နေ သောအချိန်တွင် ကရင်အမျိုးသား တက္ကသိုလ် ကျောင်းသားများသည် အင်းစိန်သို့ ပြောင်း ရွှေ့လာခဲ့ကြသည်။ ထိုသို့ ပြောင်းရွှေ့လာသည့် ကျောင်းသားများထဲတွင် နောင် ဗိုလ်ကြီး မြစိန် ဖြစ်လာမည့် စော ကွယ်တော နှင့် နော်ခါရီတို့လည်း ပါဝင်သည်။

နော်ခါရီသည် နောက်ပိုင်းတွင် ပဲခူးရိုးမ အရှေ့ခြမ်းဒေသ ကော်သူးလေ တပ် မတော် တွင် တပ်မှူးတယောက် ဖြစ်လာသည်။ ဗိုလ်ကြီးမြစိန်သည် တပ်မဟာ (၁)တွင် တပ်မဟာ ထောက်လှမ်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် အင်္ဂလိပ်စာ ကျွမ်းကျင် သဖြင့် ဗိုလ်ချုပ် ကော်ထူး၏ အစီရင်ခံစာများ ညွှန်ကြားချက်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခြင်း ဖြင့် အထောက်အကူ ပြုခဲ့လေသည်။ ထို့အပြင် ဗိုလ်ချုပ်ကော်ထူး၏ အင်္ဂလိပ်စာ လေ့လာ ဆည်းပူးမှုကိုလည်း အထောက်အပံ့ပေးခဲ့သည်။

ဗိုလ်ကြီးမြစိန်သည် ၁၉၆၃ ခုနှစ် ခေးပူး စစ်ဦးစီးဌာနချုပ်ရုံး၏ ရုံးထိုင်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကေအဲန်ယူပါတီ၏ ဂိုဏ်းခွဲဖြစ်သော စောဟန်တာသာမွေး တပ်ဖွဲ့ နှင့် ရန်သူတပ်ဖွဲ့များ ပူးပေါင်းကာ၊ ခေးပူး ဗဟို ဦးစီးဌာနချုပ်ကို ဝင်ရောက် တိုက် ခိုက်စဉ်က ရုံးအဖွဲ့ဝင်များ အပါအဝင် ကျဆုံးသွားသူ (၁၃)ဦးထဲ တွင် ဗိုလ်ကြီးမြစိန် လည်း ပါဝင်လေ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူး (ခေါ်) စောကျော်မြသန်း

၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့ ကရင့်တော်လှန်ရေး စတင်ခဲ့ရာတွင် တော်လှန်ရေး တပ် ဖွဲ့များက မြစ်ဝကျွန်းပေါ်ရှိ နယ်မြေ အများအပြားကို သိမ်းပိုက်ထားခဲ့ ကြသည်။ ဗိုလ်ချုပ်ကျော်မြသန်း၏ တပ်မဟာ(၁) အဖွဲ့များသည် ရောဝတီမြစ်ကမ်း နံဘေးရှိ စံကင်း၊ အဖျောက်၊ ဇကာကြီး၊ ရေလဲ စသည့် ဒေသများကို တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး အခြေခံ စခန်းချကာ နေထိုင်ခဲ့သည်။

၁၉၅၁ ခုနှစ်အတွင်း ဗိုလ်ကျော်ဇော ဦးစီးပြီး တပ်မဟာ(၁) ဒေသ တခုလုံးကို လေးဘက် လေးတန် ဝိုင်းပတ်ကာ စစ်ဆင်ရေး လုပ်ခဲ့ရာတွင် ဘရင်းကယ်ရိုင်ဖယာများ၊ တင့်ကား များကို အသုံးပြုကာ ချေမှုန်း တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကော် ထူးသည် တပ်ရင်း(၁၈) တပ်ရင်းမှူးဖြစ်သူ ဗိုလ်အုန်းမောင်ကို ဦးစီး စေကာ တပ်မဟာ(၁)မှ အိမ်ထောင်သည်များ ကလေးသူငယ်များအား လုံးကို ပဲခူးရိုးမ တောင်ခြေ သို့ ရွှေ့ပြောင်းထား လိုက်သည်။

ကျန်လက်နက်ကိုင် တပ်ဖွဲ့များဖြစ်သော ဗိုလ်ချုပ်မြမောင် ဦးစီးသည့် တပ်ရင်း(၁) ဗိုလ်ထွန်းရှိန် ခေါ်ဗိုလ်ရှီးရှု ဦးစီးသော တပ်ရင်း(၁၆) တပ်ဖွဲ့များက ရွှတ်ရွှတ်ခွါခွံ့ ခုခံ တိုက်ခိုက်ခဲ့ရာ ရန်သူအများအပြား ထိခိုက် သေကြေ ဒဏ်ရာ ရခဲ့ကြသည်။ ရန်သူသည် တပ် အင်အား အမြောက်အများကို ထုတ်သုံးပြီး အပြင်း အထန် ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်သည်။ ထို စစ်ဆင်ရေးတွင် ကရင်ကျေးရွာ အများအပြား မီးရှို့ဖျက်ဆီးခံရခြင်း၊ ဝမ်းစာနှင့် “မျိုး” စပါး များ ဖျက်ဆီးခံရခြင်း၊ ကျေးရွာလူထုများ နည်းမျိုးစုံဖြင့် ဖမ်းဆီး ခြိမ်းခြောက် ညှဉ်းပမ်း အကြပ်ကိုင် ခံရခြင်းတို့ကို ကြုံခဲ့ရသည်။

ကရင့်တော်လှန်ရေး တပ်ဖွဲ့များဖြစ်သော တပ်ရင်း(၁)နှင့် တပ်ရင်း (၁၆) တပ်ဖွဲ့ များကို တောင်ပိုင်းသို့ မောင်းထုတ်ပြီး ပိတ်ဆို့ ချေမှုန်းရန်ကိုလည်း အပြင်းအထန် ကြိုးပမ်းခဲ့သည်။ ဗိုလ်ချုပ်ကျော်မြသန်းသည် ရန်သူတပ်မှူး ဗိုလ်ကျော်ဇော၏ စစ် ပရိယာယ်ကို ကောင်းစွာ သဘောပေါက်သဖြင့် မိမိတို့ တပ်ဖွဲ့အားလုံး ရန်သူကို ထိုးဖောက်ကာ မြောက်ပိုင်းရှိ ပဲခူးရိုးမ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အနောက်ခြမ်းဒေသသို့ တိမ်းရှောင်ခဲ့ပြီး ထိုနေရာ တွင် စစ်ရေး အခြေပြုခဲ့ကြသည်။ တပ်မဟာ(၁) တပ်ရင်းများနှင့် အိမ်ထောင်စုများ အပါအဝင် ကလေး လူကြီး (၂,၀၀၀) နှစ် ထောင်ကျော် တို့ကိုလည်း တပါတည်း ရွှေ့ပြောင်းနိုင်ခဲ့သည်။ တပ်မဟာ(၁)သည် မိမိ အခြေခံ ဒေသကို စွန့်ခွာခဲ့ရသဖြင့် ရန်သူသည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း နယ်မြေများကို သိမ်းပိုက်ကာ အနောက် ဘက်ခြမ်းရှိ တပ်မဟာ(၂)နှင့် တပ်မဟာ (၄) နယ်မြေများကိုပါ ဆက်လက် ထိုးစစ် ဆင်ခဲ့သည်။ ထို ထိုးစစ်များကို မိမိတို့ တပ်ဖွဲများက စွမ်းစွမ်းတမံ ပြန်လည် ခုခံ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

ဗိုလ်ချုပ်ကျော်မြသန်းနှင့် တပ်မဟာ(၁) တပ်ဖွဲ့များသည် ပဲခူးရိုးမသို့ ပြောင်းရွှေ့ ခဲ့ရာတွင် ဗိုလ်တင်ဦး ဦးစီးသည့် တပ်ဖွဲ့တဖွဲ့ကို ချန်လှပ်ခဲ့ကာ ရန်သူကို ပြောက်ကျားနည်းဖြင့် ဆက်လက် တိုက်ခိုက်ရန် စီစဉ်ထားသည်။ ဗိုလ်တင်ဦး တပ်ဖွဲ့ နှင့်အတူ ဗိုလ်ကျော်လှိုင်၊ ဗိုလ်မှူးစံလင်း စသော တပ်မှူးများသည်လည်း ထိုဒေသတွင် ကျန်ရစ်ကာ ရန်သူကို နည်းမျိုးစုံ ဖြင့် ခုခံတိုက်ခိုက် လေသည်။

ရန်သူ၏ ကျော်ဇော စစ်ဆင်ရေးသည် တပ်မဟာ(၁) နယ်မြေ ဖြစ်သော အဖျောက်၊ ဇကာကြီး၊ ရေလဲ စသည့် နယ်မြေများကို သိမ်းပိုက် နိုင်ခဲ့သော်လည်း ပန်းတနော်၊ မအူပင်၊ ဟံသာဝတီ၊ ဖျာပုံ၊ ပုသိမ်၊ မြောင်းမြ တောင်ပိုင်း ဒေသများကိုမူ ထိုးစစ်ဆင်ခြင်း မရှိသဖြင့် ထို ဒေသရှိ ကရင်တပ်ဖွဲ့များမှာ ဆက်လက် လှုပ်ရှားနိုင်ခဲ့ ကြသည်။ တပ်မဟာ(၄) နှင့် တပ်မဟာ(၂) ဒေသများ ဖြစ်သည့် ဟင်္သာတ-ပုသိမ် ရထားလမ်း၊ ဓနုဖြူ စသည့် ဒေသများ တွင် ရန်သူ၏ ထိုးစစ်ကို မိမိတို့ တပ်ဖွဲ့များမှ ခုခံကာ ဟင်္သာတ အနီးတွင် နံမည်ကြီးနေသော “ချေျိ” အမည်ရှိ တင့်ကားကို ဖျက်ဆီးနိုင်ခဲ့သည်။ သို့ရာတွင် အင်အားခြင်း မမျှ၍ တပ်မဟာ(၄)နှင့် တပ်မဟာ(၂) တပ်ဖွဲ့များသည်လည်း ရခိုင်ဘက်သို့ ဆုတ်ခွာခဲ့ ကြရသည်။

မန်းဘဇန်၊ စောဟန်တာသာမွေး စသည့် ကေအဲန်ယူ ခေါင်းဆောင် အများစု သည် ထိုးစစ်ကို ရှောင်တိမ်းရင်း ရန်သူမရောက်သေးသော ဒေသများတွင် လှည့်လည်၍ နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများကို ကြိုးပမ်း လုပ်ကိုင် ကြသည်။ မြစ်ဝကျွန်းပေါ်မှ ဆုတ်ခွာခဲ့သော ဗိုလ်ချုပ်ကျော်မြသန်း၏ တပ်မဟာ(၁) တပ်ဖွဲ့များသည် ပဲခူးရိုးမ အနောက် ခြမ်းတွင် အခြေခံပြီး ပဲခူးရိုးမ အရှေ့ခြမ်းတွင် အခြေခံသည့် ဗိုလ်စီးပလိန်း အုပ်ချုပ်သော တပ်မဟာ(၆) တပ်ဖွဲ့များနှင့် ပူးပေါင်းလျက် ပြည်နှင့် သာယာဝတီအကြား ရထားလမ်း ကားလမ်းပေါ်ရှိ မြို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အများအပြားကို တိုက်ခိုက် သိမ်းပိုက်လိုက်သည်။ စစ်လက်နက် ပစ္စည်းများနှင့် စားနပ်ရိက္ခာ အဝတ်အထည် အများအပြားကို သိမ်းပိုက် နိုင်ခဲ့ကြသည်။

ရန်သူသည် ရောဝတီမြစ် အရှေ့ဘက် အနောက်ဘက်အပြင် မြောက်ပိုင်း နယ် မြေများကို ဆက်လက်ပြီး ထိုးစစ်ဆင် တိုက်ခိုက်နေချိန်တွင် ကော်သူးလေ တပ်မှူးများသည် မိမိတို့ အုပ်ချုပ်သော နယ်မြေ အသီးသီးတွင် စစ်ဘုရင်များ ဖြစ်နေ ကြသည်။ အခ့ျုိမှာ အင်းသူကြီးများ အခ့ျုိမှာ မြေပိုင်ရှင်ကြီးများ ဖြစ်လာကြသည့်အပြင် ဒေသ ကုန်ထုတ် လုပ်ငန်းများကို ချုပ်ကိုင်ပြီး လူထုအပေါ် အမြတ်ကြီးစားများ ဖြစ်နေ ကြသည်။ နယ်မြေ တခုနှင့်တခု ပူးတွဲ ဆောင်ရွက်ရေး အပြန်အလှန် ပူးပေါင်း ကူညီမှုများ မရှိကြချေ။ ထို့ကြောင့် ရန်သူ၏ ထိုးစစ်ကြီး အတွင်းတွင် အခက်အခဲ ကြုံရသည်နှင့် အလွယ်တကူပင် လက်နက်ချ အညံ့ခံ လိုက်ကြတော့သည်။ အခ့ျုိမှာ တော်လှန်ရေးကိုပင် ပြန်လည် ဆန့်ကျင် ခဲ့ကြသည်။ ထို့ကြောင့် ဒေသအများအပြားကို ဆုံးရှုံးခဲ့ရပြီး တပ်ဖွဲ့ဝင် အင်အားများလည်း လျော့နည်း ခဲ့ရသည်။ ၁၉၅၂ ခုနှစ် နောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ် တိုင်း တပ်မ(၂) တပ်မမှူး ဗိုလ်ပုသည် နောက်လိုက် တပ်သားတခ့ျုိနှင့် စစ်လက်နက် ပစ္စည်း အမြောက်အများကို ယူဆောင်ကာ ရန်သူထံ အညံ့ခံ သွားခဲ့သည်။

ထိုသို့သော ဒေသအခြေအနေကို ရန်သူမှ သိသဖြင့် ဦးနှ အစိုးရသည် ငြိမ်းချမ်း ရေး အတွက်ဟုဆိုကာ လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေး ဆွေးနွေးပွဲ ကို ဖိတ်ခေါ်ပြီး နိုင်ငံရေး ထိုးစစ်ကြီးကို စတင်ခဲ့လေသည်။ ထို နိုင်ငံရေး ထိုးစစ်တွင် ကရင် ခေါင်းဆောင် တခ့ျုိ ပါဝင် ပူးပေါင်းသွားခဲ့သည်။ ကေဝိုင်အို K.Y.O. Karen Youth Organization. ခေါင်းဆောင်များဖြစ်ကြသည့် “မန်းဝင်းမောင်၊ စောအောင်ပ၊ စောစံဖိုးသင်” အရှိသော ခေါင်းဆောင်များ ကိုယ်တိုင် မြစ်ဝကျွန်းပေါ် သို့ဆင်းပြီး စည်းရုံး သိမ်းသွင်းကြသည်။ ကေဝိုင်အို ခေါင်းဆောင်များသည် ကေအဲန်ဒီအို ဒေသခံ တပ်မှူးများနှင့် တွေ့ဆုံပြီး အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်မည် ဆိုပါက မိမိတို့ ဒေသများတွင် အုပ်ချုပ်ခွင့်၊ အခွန် အကောက်များ ကောက်ခံပိုင်ခွင့် စသည့် အခွင့်အရေးများ ရရှိမည်ဟူသော မက်လုံး များဖြင့် စည်းရုံး သိမ်းသွင်း ခဲ့ကြသည်။

မြစ်ဝကျွန်းပေါ်သည် ‘အင်း’ အများအပြား ရှိသည်ဖြစ်ရာ အခွန်အကောက် များလည်း အများအပြား ရရှိနိုင်သဖြင့် နောက်ဆုံးတွင် တပ်မှူး အများစုမှာ ရန်သူနှင့် စေ့စပ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆွေးနွေးပွဲများ လုပ်ကာ ငြိမ်းချမ်းရေး ပြုလုပ်ခဲ့ကြသည်။ ဒေသ အုပ်ချုပ်ခွင့်ရရှိပြီး အခွန်အကောက်များပါ ကောက်ခံခွင့် ရရှိကြသဖြင့် အင်းသူကြီးများ ကွယ်ဝ ချမ်းသာသူများ ဖြစ်ကုန်ကြသည်။

မြစ်ဝကျွန်းပေါ်တိုင်း ကေအဲန်ယူပါတီ ခေါင်းဆောင်များဖြစ်ကြသော မန်းဘဇန်၊ စောဟန်တာသာမွေး တို့သည် ကရင့်တော်လှန်ရေး၏ လက်ရှိ အခြေ အနေအရဆိုလျှင် အောင်ပွဲမဆင်နိုင်ရုံသာမက လုံးဝ ကျဆုံးသွားနိုင်သော အခြေအနေသို့ ဆိုက်နေ ကြောင်းကို သဘောပေါက်ခဲ့ကြသည်။ ထို့ကြောင့် လက်နက်ကိုင် တော်လှန်ရေးကို အောင်ပွဲသို့ အရောက် ပို့နိုင်မည့် လမ်းစဉ်တရပ်ကို အလျင်အမြန် ရေးဆွဲပြီး အကောင် အထည် ဖော်ရန် ပြင်ဆင်ကြလေသည်။

၁၉၄၉ ခုနှစ်မှ စတင်ကျင့်သုံးခဲ့သည့် ဓနရှင် အမျိုးသားရေးဝါဒ တဗိုလ် တမင်းဝါဒ နှင့် စစ်အုပ်ချုပ်ရေး၊ နယ်ခ့ြမ်ဳခိုရေး အစရှိသည့် လမ်းစဉ်ဟောင်းများကို ဖျက်သိမ်းကာ လမ်းသစ်တရပ်ကို နေ့ရောညပါ ရေးဆွဲ ပြင်ဆင်ခဲ့ကြသည်။ ထိုလမ်းစဉ်ကို “ကရင် အမျိုးသား တော်လှန်ရေး ဒုတိယ လမ်းစဉ်”ဟု ခေါ်သည်။

ထို ဒုတိယ လမ်းစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ရမည့် အခြေ အနေသည် ရန်သူ၏ နိုင်ငံရေး ထိုးစစ်ကြောင့် ဒေသအများအပြားတွင် တဗိုလ်တမင်း ဝါဒများ ကြီးစိုးလာပြီး ကျေးရွာအသီးသီး၌ အလံဖြူများထောင်လျက် ရန်သူ့သြဇာခံ နယ်မြေများ အဖြစ် ပူးပေါင်းဆောင်ရွက်နေမှုများကြောင့် အခက် အခဲနှင့် ကြုံခဲ့ရသည်။ ထို့ကြောင့် ရန်သူ၏ သြဇာနှင့် တဗိုလ်တမင်းဝါဒကို တိုက်ဖျက်ရန် မိမိတို့အာဏာကို ပြန်လည် စိုက်ထူရန် ဗိုလ်ချုပ်ကျော်မြသန်း (ဗိုလ်ချုပ်ကော်ထူး)၏ တပ်မဟာ(၁) တပ်ဖွဲ့များကို အလျင်အမြန်ပင် မှာယူခဲ့သည်။ ၁၉၅၂ ခုနှစ် နှောင်းပိုင်းကာလတွင် ဗိုလ်ချုပ်ကျော်မြသန်း ၏ တပ်ဖွဲ့များဖြစ်သော တပ်ရင်း (၁)၊ တပ်ရင်း(၁၆)၊ တပ်ရင်း(၁၈) တို့သည် မြစ်ဝ ကျွန်းပေါ်သို့ ပြန်လည် ဝင်ရောက်လာခဲ့သည်။ ဗိုလ်ချုပ်ကျော်မြသန်း၏ အဖွဲ့များ မြစ်ဝ ကျွန်းပေါ် သို့ ပြန်လည် ရောက်ရှိလာပြီး မရွေးမနှောင်းမှာပင် တပ်မမှူး ဗိုလ်ပု၊ ဗိုလ်ဗလ၊ ဗိုလ်ကြီး အော်စဘွန်တို့ ဦးစီးသော တပ်ဖွဲ့အသီးသီး တို့သည် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရန်သူ့ထံ လက်နက်ချ အညံ့ခံ သွားကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူး၏ တပ်မဟာ တပ်ရင်းများသည် ရန်သူ၏ ဩဇာ လွှမ်းမိုးသော ဒေသအသီးသီးတွင် “တိုက်ရင်း စည်းရုံး၊ စည်းရုံးရင်း တိုက်” ဟူသော နည်းနာကို ချမှတ်ပြီး၊ လှည့်လည် တိုက်ခိုက်ခဲ့သဖြင့် သေနတ်သံ မစဲ သော ကာလဟုပင် ပြောစမှတ် ပြုခဲ့ကြသည်။ တိုက်ခိုက်ရေးအတွက် လိုအပ်သော လက်နက် ခဲယမ်း မီးကျောက်များကို ပဲခူး အရှေ့ခြမ်းတွင် အခြေခံသော၊ “စောစီးပလိန်း” တပ်မဟာသည် ထိုင်းနယ်စပ်မှ ဝယ်ယူ တင်သွင်းပြီး ထောက်ပံ့ ခဲ့လေသည်။ ငွေကြေးနှင့် ပတ်သက်၍ အင်းသူကြီးများ ကျေးရွာ လူထုများက စိတ်အား ထက်သန်စွာဖြင့် ထောက်ပံ့ ကူညီခဲ့ကြလေသည်။ မကြာမီ အလံဖြူထောင် ခဲ့ကြသော ရန်သူ့ဩဇာခံ ကျေးရွာအများအပြားအား ပြန်လည် သိမ်းသွင်း နိုင်ခဲ့သည်။ ရန်သူနှင့် ငြိမ်းချမ်းရေး ရယူထားသော ဒေသကာကွယ်ရေး အုပ်ချုပ်ထား သော တပ်မှူးများနှင့် နားလည်မှုများ ရယူကာ တစတစ ပြန်လည် သိမ်းသွင်းနိုင် ခဲ့သည်။ ဗဟို ချုပ်ကိုင်မှုမရှိသော လက်နက်ကိုင် တပ်မှူးများအား လိုက်လံ တွေ့ဆုံခြင်း လူထု ဆန့်ကျင်ရေးပြုလုပ်သော တပ်ဖွဲ့များထံမှ လက်နက်များ ဖြုတ်သိမ်းခြင်း အခ့ျိုကိုမူ ပြန်လည် ပညာပေး ပြုပြင်ပြီး တပ်ရင်း တပ်ဖွဲ့များတွင် ပြန်လည် အားဖြည့်ပေးခြင်းများကို ပြုလုပ်ခဲ့ရသည်။ မြစ်ဝကျွန်းပေါ်ရှိ လူထုကြီးမှာလည်း တော်လှန်ရေးအား ပြန်လည်၍ ယုံကြည် အားကိုး လာကြသည်။

ဤသို့ တပ်မဟာ(၁) တပ်ရင်း တပ်ဖွဲ့များ၏ ရှေ့ဆောင်မှုဖြင့် မြစ်ဝကျွန်းပေါ်တွင် ကရင့်တော်လှန်ရေး အုပ်ချုပ်ရေးအာဏာကို ပြန်လည် တည်ဆောက် နိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အခြေအနေ အရပ်ရပ်အား ပြန်လည် ချုပ်ကိုင်လာ နိုင်ပြီဖြစ်သဖြင့် မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌဖြစ်သူ မန်းဘဇန်နှင့် တိုင်းဦးဆောင် အဖွဲ့တို့သည် ဝိန့်ထောင် ကျေးရွာတွင် ညီလာခံတရပ် ခေါ်ယူကာ “ကရင်အမျိုးသား တော်လှန်ရေး ဒုတိယ လမ်းစဉ်” ကို ချမှတ် အတည်ပြုခဲ့ကြသည်။

ဝိန့်ထောင် ကွန်ဖရင့်

ဝိန့်ထောင် ကွန်ဖရင့်မှ၊ ... ...

(၁) ကရင့်တော်လှန်ရေး၏ ရည်မှန်းချက်

(၂) ကရင့်တော်လှန်ရေး၏ အဓိက ရန်သူ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၃) ကရင့်တော်လှန်ရေး၏ အဓိက ပစ်ကွင်း

(၄) ကရင့်တော်လှန်ရေး၏ အင်အားစုများ

(၅) ကရင့်တော်လှန်ရေး၏ ဝန်ရိုး တို့ကို သတ်မှတ်ခဲ့သည်။

ကရင့်တော်လှန်ရေး၏ လမ်းစဉ်များကို အသေးစိတ် ဆွေးနွေး အတည်ပြုခဲ့ကြ ပြီးနောက် ကေအဲန်ယူပါတီကို ရှေ့ဆောင် တပ်ဦးအဖြစ် ပြန်လည်ဖွဲ့စည်းကာ၊ ထို လမ်းစဉ်သည် အောင်ပွဲဆီသို့ အမှန်တကယ် ပို့ဆောင်နိုင်သည့် လမ်းစဉ် ဟုတ်/မဟုတ်ကို စမ်းသပ်ကြည့်မည် ဖြစ်လေသည်။

လှေဆွဲ ကွန်ဖရင့်

ကေအဲန်ယူပါတီ၏ ရှေ့ဆောင်မှုအောက်တွင် “တိုက်ရင်း စည်းရုံး၊ စည်းရုံးရင်း တိုက်” ဟူသော ကြွေးကြော်သံနှင့်အတူ စစ်ရေး၊ စည်ရုံးရေး လုပ်ငန်းများကို ဗဟိုပြုနိုင် ရေးအတွက်၊ ၁၉၅၄ ခုနှစ်တွင် စစ်ရေးကွန်ဖရင့် တရပ်ကို ခေါ်ဆိုခဲ့ကြသည်။ ထို ကွန်ဖရင့်ကို လှေဆွဲ ကွန်ဖရင့်ဟု ခေါ်သည်။ ထိုကွန်ဖရင့်တွင် တပ်မှူး တပ်ဖွဲ့များ၏ စစ်ရေး အတွေ့အကြုံများ၊ တိုက်ခိုက်ရေး နည်းနာများကို သုံးသပ်ပြီး မှတ်တမ်း ပြုစုကြ သည်။ ထို လှေဆွဲ ကွန်ဖရင့်မှ နိုင်ငံရေး စစ်ရေး ခေါင်းဆောင်များ အုပ်ချုပ်ရေး ခေါင်း ဆောင်များကို ကရင် အမည်များဖြင့် အစားထိုး ကင်ပွန်းတပ်ပေးပြီး အတည်ပြု ခေါ်ဝေါ်ခဲ့ကြလေသည်။ ၁၉၅၄ ခုနှစ် သြဂုတ်လ (၂၂)ရက် နေ့မှ စတင်ကာ ဗိုလ်ချုပ်ကျော်မြသန်း အား “ဗိုလ်ချုပ်ကော်ထူး” ဟူ၍ အမည်ပေး ကင်ပွန်းတပ်ခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ် ကော်ထူးမှာ ဧရာဝတီတိုင်း၏ စစ်ဦးစီးချုပ်နှင့် ဗဟိုဦးဆောင် ကော်မတီဝင်တဦး ဖြစ်သည်။

လှေဆွဲကွန်ဖရင့်တွင် ကေအဲန်ယူ တပ်ဦးပါတီကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီး တပ်မတော်(၃)ရပ်ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။

(၁)။ K.P.L.A. ကရင်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်

(၂)။ K.P.G.F. ကရင် ပြည်သူ့ ပြောက်ကျားတပ်ဖွဲ့

(၃)။ K.N.D.O. ကရင်အမျိုးသား ကာကွယ်ရေး တပ်မတော် ဟူ၍ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စစ်ရေး နိုင်ငံရေး စည်းရုံးရေး လုပ်ငန်းများကို ပေါင်းစပ်ပြီး၊ ၁၉၅၃ ခုနှစ် ဝိန့်ထောင် ကွန်ဖရင့်မှ ချမှတ်ခဲ့သော ဒုတိယလမ်းစဉ်ကို လက်တွေ့ကျင့်သုံးရာတွင် ... ...

(၁) ကရင်လူထု တရပ်လုံး၏ စာနာ ထောက်ခံမှုကို ရရှိလာခြင်း၊

(၂) မြစ်ဝကျွန်းပေါ်ရှိ ပြည်သူများ အပြင် အခြားလူမျိုးစုများ၏ ထောက်ခံအားပေးမှုကို ရရှိလာခြင်း၊

(၃) ဒုတိယ လမ်းစဉ်၏ နိုင်ငံရေး ရှေ့ဆောင်မှုအောက်တွင် တပ်မှူး တပ်သားများ အပြင် အစည်းအရုံးဝင်အားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် လာကြသဖြင့် အောင်ပွဲများ ရယူလာနိုင်ခြင်း၊

(၄) မဟာမိတ်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၌ တိုးတက် ကောင်းမွန် လာခြင်း၊

(၅) လမ်းစဉ်သစ်ကြောင့် စွန့်ခွာခဲ့ရသောနယ်မြေများသို့ ပြန်လည်ဝင်ရောက် အခြေချနိုင် ခဲ့သည့်အပြင် နယ်မြေအသစ်များ တိုးခ့ျဲတည်ဆောက် လာနိုင်ခြင်း၊

(၆) ကရင်ပြည်သူများနှင့် တပ်မတော်မှ တပ်မှူး တပ်သားများသည် နိုင်ငံရေး အရ နီးကြားမှု ရှိလာကြပြီးနောက်၊ စည်းရုံးရေးနှင့် စစ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာ ခဲ့ကြသည်။

ထိုသို့သော မြစ်ဝကျွန်းပေါ်၏ အောင်မြင်မှုများကြောင့် အဆိုပါ ဒုတိယ လမ်းစဉ် ကို၊ ကော်သူးလေ တိုင်း (၃)တိုင်း၌ တရားဝင် လမ်းစဉ်တခုအဖြစ် ကျင့်သုံး နိုင်ရန်အတွက်၊ အရှေ့တိုင်းတွင် ညီလာခံတရပ် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုညီလာခံကို ၁၉၅၆ ခုနှစ် တွင် ကျင်းပခဲ့ရာ “မောကို ကွန်ဂရက်” ဟု ခေါ်တွင် လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူး၏ အရှေ့တိုင်းခရီး

၁၉၅၆ ခုနှစ် အရှေ့တိုင်းတွင် ဒုတိယလမ်းစဉ်ကို အတည်ပြုရန်အတွက် “မောကို ကွန်ဂရက်”သို့ မြစ်ကျွန်းပေါ်မှ ခေါင်းဆောင်များ တက်ရောက်ရန် ပြင်ဆင်ကြလေသည်။ ဗဟိုကော်မတီ ဦးတိုးနှင့် စောစိန်မှန် တို့မှလွဲ၍ မြစ်ဝကျွန်း ပေါ်တိုင်း၏ နိုင်ငံရေး စစ်ရေး ခေါင်းဆောင်များဖြစ်သည့် ဥက္ကဋ္ဌကြီး မန်းဘဇန်၊ ဆရာသာမြိုင် (မန်းရှန်ဖလေ့)၊ ဆရာဘာဟု (မန်းဖလားစေး)၊ စောဝေသော၊ မန်းသိန်း တို့ အပါအဝင် ခရိုင် ဥက္ကဋ္ဌများ၊ တပ်မတော် (၃)ရပ်မှ စစ်ရေးခေါင်းဆောင်များ၊ မြို့နယ် ဥက္ကဋ္ဌများ စသည့် ခေါင်း ဆောင်များ အားလုံး တက်ရောက်ခဲ့ ကြသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်ကော်ထူးအား ကော်သူးလေ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် တာဝန်ဖြင့် တပ်ပေါင်းစု တည်ဆောက်ရေး လုပ်ငန်းများကို တာဝန်ယူရန် လျာထားသတ်မှတ် ထားပြီး ဖြစ်သဖြင့် မြစ်ဝကျွန်းပေါ်သို့ မည်သည့်အချိန်တွင်မှ ပြန်လည် ရောက်ရှိမည်ကို မသိ နိုင်သည့်အတွက် ခရီးမထွက်မီ ရက်ပိုင်းအတွင်းမှာပင် ဆရာမကြီး နန်းရှင်နှင့် လက်ထပ် ထိမ်းမြားခဲ့သည်။ ဆရာမကြီး နန်းရှင်မှာ အမ်ဘီဘီအက်စ် M.B.B.S. ဘွဲ့ရ ဆရာဝန်မကြီး တဦးဖြစ်သည်။

၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ အတွင်းမှာပင် ခရီးထွက်ရန် စီစဉ်သည်။ ပန်းတနော် တောချောင်းရွာမှတဆင့် ညောင်တုန်းမြို့နယ်ရှိ စစ်ဦးစီး ဌာနချုပ်သို့ ထွက်ခွာလာပြီး စစ်ဦးစီး ဌာနချုပ်တွင် တပတ်ခန့် အနားယူကာ ပဲခူးသို့ ဆက်လက်ထွက်ခွာ ခဲ့သည်။ ဗိုလ်ချုပ်ကော်ထူးနှင့် ဇနီးသည် ဒေါက်တာနန်းရှင်၊ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၊ ရုံးအုပ်နှင့် ရုံးအဖွဲ့ဝင်များ ဖြစ်သော မန်းနေထွန်း၊ မန်းသာထွန်း၊ တပ်ခွဲမှူးများဖြစ်သော ဗိုလ်ဒါဝိတ်၊ တပ်ခွဲမှူး ဗိုလ်ထွန်းလူ၊ ဗိုလ်တင်ရွှေ၊ အောင်ကိုး၊ ချာတိတ်၊ ရိက္ခာမှူး ဗိုလ်နံပြောင် စသော ရဲဘော်များလည်း အတူ လိုက်ပါ ခဲ့ကြသည်။

ညောင်တုန်း စစ်ဦးစီးဌာနချုပ်မှ တပ်ရင်းမှူး ဗိုလ်ကျင်ဖေ၊ တပ်ခွဲမှူး ဗိုလ်ကျား တပ်ဖွဲ့တို့သည် ရထားလမ်း ကားလမ်းများအထိ လိုက်လံ ပို့ခဲ့ကြသည်။ ပဲခူးတောင်ခြေသို့ မရောက်မီ ညအမှောင်အား အမှီပြု၍ ခရီးဆက်ခဲ့ကြသည်။ ရှေးဦးစွာ “လက်ပံတန်း”နှင့် “အင်းရွာ” အကြား “ကုန်းမနဲ”ဟု ခေါ်သော ကရင့် တော်လှန်ရေး အမာခံရွာသို့ ရောက်ခဲ့ သည်။

ထိုရွာသည် ပဲခူးတောင်ခြေနှင့် မနီးမဝေးတွင် တည်ရှိပြီး ကရင့် တော်လှန်ရေး စတင်စဉ်က မြန်မာတပ်ဖွဲ့များမှ မီးရှို့ခဲ့သဖြင့် ရွာပျက်သွားခဲ့သော်လည်း ပြန်လည်အခြေချ နေထိုင်နေကြပြီ ဖြစ်သည်။ သို့နှင့် ဆက်လက် ခရီးနှင်ခဲ့ရာ နံနက် အာရုဏ်တက်ချိန် ခန့်တွင် ဖားရွေကျော်ရွာသို့ ရောက်ခဲ့သည်။ ဖားရွေကျော်ရွာမှာ ကရင်ရွာ တရွာဖြစ်ပြီး ဆရာစံ သူပုန်ထစဉ်က အခြေခံခဲ့သော ရွာလည်းဖြစ်သည်။ အိမ်ခြေ (၅၀)ခန့်သာရှိပြီး ဆရာစံကို ဖြိုခွင်းစဉ်က အင်္ဂလိပ် စစ်တပ်တို့ ပစ်ခတ်ခဲ့သော စိန်ပြောင်းကျည် ထိမှန် ထားသည့် နေရာဟောင်းများကိုလည်း အမှတ်တရ အနေဖြင့် မပြုမပြင်ဘဲ ထိန်းသိမ်း ထားကြသည်။ ဗမာပြည် လယ်သမားများ သူပုန်ထစဉ်က နာမည်ကြီး ရွာတရွာ ဖြစ်သည်။

ဖားရွေကျော်တွင် တနေ့တာ အနားယူပြီး ညဘက်တွင် ခရီးဆက်ရာ ပဲခူး တောင်ခြေ “ကိုင်းချောင်း”သို့ ရောက်သည်။ ထိုမှတဆင့် ပဲခူး တောင်ကြောပေါ်ရှိ “ဆောမူ ခိုလော”ရွာသို့ ရောက်ရှိပြီး နားနေရန် စခန်းများ တည်ဆောက်ကြသည်။ “ဆောမူ ခိုလော်”ရွာ၊ “သဲမဲ”ရွာ၊ “ဗမာလိုက်”ရွာများသည် ကရင့်တော်လှန်ရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ သွားလာနေထိုင်ရာတွင် နားခိုရာ စခန်း ထောက်ရွာများ ဖြစ်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူးနှင့် ဆောမူခိုလော် စခန်း

ဆောမူခိုလော်တွင် စခန်းချနေစဉ် ရက်သတ္တ တပတ်အကြာတွင် ဗိုလ်ချုပ် ကော်ထူး၏ ဇနီးဖြစ်သူ ဒေါက်တာနန်းရှင်မှာ ငှက်ဖျားရောဂါ ဖြစ်လာသည်။ ယခင်က ငှက်ဖျားတကြိမ်မှ မဖြစ်ဘူးသော သူမမှာ ကိုယ်အပူချိန် တက်ခြင်း ကျခြင်းကို ခံစားနေရပြီး အားအင်ချိနဲ့လာသည်။ ကိုယ်ဝန်လည်း တလခန့် ရှိနေချိန် ဖြစ်သည်။ “ဆောမူခိုလော်” တွင် အရှေ့တိုင်းသို့ ခရီးထွက်မည့် ဥက္ကဋ္ဌကြီး မန်းဘဇန်၊ ဗိုလ်မောင်မောင်၊ စောမျိုးသွေး တို့လည်း စခန်းချနေထိုင်နေကြသည်။ ထိုရွာအနီးတွင် ဗိုလ်မောင်မောင်၏ ညီမနှင့် မိခင်တို့၏ အိမ် (၂)လုံး၊ ဗိုလ်လောကွား (ခေါ်) ဗိုလ်မှူးဝရဇိန်၏ ဇနီးသည်တို့ နေထိုင်သော တဲနှစ်လုံးလည်း ရှိသည်။ ထို့ကြောင့် မိမိတို့ ခေါင်းဆောင်များ စခန်းချရာ စခန်းထောက် တခုဖြစ်နေသည်။ မန်းဘဇန်နှင့် ဗိုလ်မျိုးသွေးတို့သည် ရောက်လျှင် ရောက်ချင်း တဲစခန်း တည်ဆောက်ကာ စခန်းချကြသည်။

ထိုစခန်းသို့ပင် တက္ကသိုလ်ကျောင်းသားများဖြစ်ကြသော မန်းသိန်းရွှေ မန်းဒါဝိတ် တို့ ရောက်ရှိလာကြပြီး ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် တွေ့ဆုံကြသည်။ မကြာမီ မန်းဘဇန်၊ ဗိုလ်မျိုးသွေးတို့ အရှေ့တိုင်းသို့ ခရီးဆက်ကြ လေသည်။ ဗိုလ်ချုပ် ကော်ထူးလည်း ခရီးထွက်ရန် ဖြစ်သော်လည်း ဇနီးသည်မှာ ကိုယ်အပူမကျဘဲ နောက်ဆုံးတွင် ဆုံးပါးသွား ခဲ့ရသည်။ ဇနီးသည် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ ရခြင်းကြောင့်၊ ဗိုလ်ချုပ်ကော်ထူး သည် ၁၉၅၆ ခုနှစ်တွင် ကျင်းပသည့် “မောကို ကွန်ဂရက်”သို့ တက်ရောက် နိုင်ခြင်း မရှိခဲ့ပေ။

သို့သော် ထိုကွန်ဂရက်မှပင် ဗိုလ်ချုပ်မင်းမောင်အား ကော်သူးလေ ကာကွယ်ရေး ဦးစီးချုပ် အဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်ကော်ထူးအား ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် အဖြစ်လည်းကောင်း ကွန်ဂရက်မှ အတည်ပြု ခဲ့လေသည်။

မောကို ကွန်ဂရက်နှင့် မင်းရန်အောင်ထိုးစစ်

၁၉၅၆ ခုနှစ် ဇူလိုင်တွင် မောကို ကွန်ဂရက်အား အပြီးအပြတ် ကျင်းပနိုင်ခဲ့ သကဲ့သို့ ထိုကွန်ဂရက်မှ “ဒုတိယလမ်းစဉ်အားလည်း အတည် ပြုနိုင်ခဲ့သည်။ ထို့နောက် ဒုတိယလမ်းစဉ်အား အရှေ့တိုင်းရှိ ခရိုင် မြို့နယ်များမှ အုပ်ချုပ်ရေးဘက် တပ်ဘက်တို့မှ တာဝန်ရှိ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သူများအား စုစည်းလျက် သင်တန်း ပို့ချပေးလေသည်။ တပ်ပေါင်းစု တည် ဆောက်ရေး အတွက်၊ ဗကပ ခေါင်းဆောင်၊ ချင်းခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဖဆပလ အစိုးရအား အောင်ပွဲရသည်အထိ တော်လှန် တိုက်ခိုက်သွားရန် သဘောတူညီခဲ့ကြသည်။ အဖွဲ့အစည်း တခုနှင့် တခု သဘောထား မတူညီမှုများ ရှိခဲ့ပါကလည်း အချင်းချင်းတွေ့ဆုံ၍ နိုင်ငံရေး နည်းဖြင့်သာ ဖြေရှင်းကြရန်ကိုလည်း သဘောတူညီမှု ရခဲ့ကြသည်။

အရှေ့တိုင်းတွင် ဒုတိယလမ်းစဉ်အား အတည်ပြုခြင်း၊ သင်တန်းပို့ ချခြင်း၊ ဗကပ နှင့် တွေ့ဆုံခြင်း၊ ပူးတွဲ စစ်ရေးကော်မီတီများ ဖွဲ့စည်းရန် စီစဉ်ခြင်း ... စသည်တို့ကို ရန်သူမှ သတင်းရရှိ သွားလေသည်။ ထို့ကြောင့် ဒုတိယ လမ်းစဉ်အား အရှေ့တိုင်းတွင် အခြေ မချနိုင်ရေးအတွက် “မင်းရန်အောင်” ထိုးစစ်ဖြင့် စစ်ဆင် လေတော့သည်။

မင်းရန်အောင် ထိုးစစ်သည် အောက်တိုဘာလ (၆)ရက်နေ့တွင် ရွှေကျင်မြို့ နယ်မှ စတင်ပြီး တောင်ပေါ်ဒေသသို့ အလျင်အမြန် ချီတက်ကာ၊ တပ်မဟာ(၃) ဌာနချုပ်ဖြစ်သော “လယ်ထက်ီး”သို့ တဖွဲ့၊ ကေအာရ်စီ K.R.C. ဌာနချုပ်ရှိရာသို့ တဖွဲ့၊ နှစ်ဖွဲ့ခွဲကာ ထိုးစစ်ဆင် လေသည်။ ကေအာရ်စီ K.R.C. ဌာနချုပ်သို့ ထိုးစစ် ဆင်သော အဖွဲ့သည် ဌာနချုပ်စခန်းအား ဖျက်ဆီးပြီး သိုဝှက်ထားသော အသံလွှင့် စက်များနှင့် အခြား ဆက်စပ်ပစ္စည်းများ၊ ရုပ်ရှင်ပြ စက်နှင့် ကိရိယာများ၊ စားနပ် ရိက္ခာများကို သိမ်းယူသွား ခဲ့သည်။ တပ်မဟာ(၃) ဌာနချုပ်ဖြစ်သော “လယ်ထက်ီး” စခန်းတွင်လည်း ဆန်စက်နှင့် ရုံးသုံးပစ္စည်းများကိုလည်း ရန်သူမှ သိမ်းဆည်း ရရှိ သွားသည်။ ရန်သူသည် ဖာပွန်နယ်စပ် တောင်ပေါ်ဒေသဖြစ်သော “ကော်မူဒဲ”၊ “သေခိုဒဲ” ကျေးရွာများသို့ ဆက်လက်ချီတက်ကာ ရှောင်တိမ်းနေသော ခေါင်းဆောင် ရဲဘော်များအား ဖမ်းဆီး ရမိနိုင်ရေးအတွက် လိုက်လံ ရှာဖွေခဲ့ လေသည်။ သို့သော်လည်း မည်သူ တဦးတယောက်ကိုမှ ဖမ်းဆီးနိုင်ခဲ့ခြင်း မရှိပေ။ ထို စစ်ကြောင်း ပြန်ဆုတ်သည့် အချိန်တွင် ကေအာရ်စီမှ “ဆရာထွေးဇန်” လက်နက်ချပြီး ဗဟိုမှဝှက်ထားသော ပုံနှိပ်စက်၊ အသံလွှင့်စက်များကို လိုက်လံပြသခဲ့သဖြင့် ရန်သူမှ သိမ်းဆည်းသွား လေသည်။ မင်းရန်အောင် ထိုးစစ် စတင်ပြီး တလခန့် အကြာတွင် ရန်သူသည် ဆာမူပယ်အား သိမ်းပိုက်ပြီး၊ စေးဒေး သတ္တုတွင်းသို့လည်း တရှိန်ထိုး ချီတက် သိမ်းယူခဲ့သည်။ ထို့နောက် ဖာပွန်မြောက်ပိုင်းတွင် တပ်စွဲထားလေသည်။ ရန်သူသည် သထုံခရိုင် တပ်မဟာ(၅) နယ်မြေအားလည်းကောင်း၊ ဖာပွန်ခရိုင် တပ်မဟာ(၇) အား လည်းကောင်း တပြိုင်တည်း ထိုးစစ် ဆင်လာပြန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သို့သော် တပ်မဟာ(၃) နယ်မြေ အား ထိုးစစ်ဆင် သက့ဲသို့ အင်အား မများတော့ပေ။ လျှပ်တ
ပြက် အခွင့်ကောင်း ရယူကာ တိုက်ခိုက်ခြင်း ဖြစ်သဖြင့် အောင်ပွဲများ ရနေခြင်းဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယ လမ်းစဉ်နှင့် ရန်သူအား ပြန်လည် တိုက်ခိုက်ခြင်း

အရှေ့တိုင်းတွင် ဒုတိယလမ်းစဉ်အား အတည်ပြုပြီး ပထမအကြိမ် နိုင်ငံရေး သင်တန်းကို ကျောက်ကြီးမြို့နယ် မြေနီကုန်းကျေးရွာတွင် သင်တန်းပေးရာ ခရိုင်အသီး သီးမှ သင်တန်းသား (၁၅၀)ကျော် တက်ရောက် လေ့လာခဲ့ကြသည်။ ထိုသင်တန်းကြောင့် တော်လှန်သော စစ်ရေး နိုင်ငံရေး သဘောတရားများ ပိုမို သိရှိလာရသဖြင့် မိမိတို့ အမျိုးသားများ အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကထက် တက်ကြွစွာ ဆောင်ရွက် လာကြသည်။

ဒုတိယအကြိမ် နိုင်ငံရေးသင်တန်းအား “မယ်ဝိုင်”တွင် ဆက်လက် ဖွင့် လှစ်ခဲ့ရာ ဖာပွန် ခရိုင်မှ သင်တန်းသားများ တက်တက်ကြွကြွ တက်ရောက်ခဲ့ကြ သည်။ ရန်သူသည် အရှေ့တိုင်းတွင် ဒုတိယလမ်းစဉ် အခြေမချနိုင်ရန် “မင်းရန်အောင်” ထိုးစစ်ကြီးကို အသုံးပြု ခဲ့သည်။ မိမိတို့ဘက်မှ လမ်းစဉ်ဆိုင်ရာ သဘောတရားများကို သင်ကြားပို့ချထားပြီး ဖြစ် သဖြင့် ရန်သူ့ထိုးစစ်အပေါ် စိုးရွံ့ ကြောက်လန့်ခြင်း မရှိဘဲ စည်းလုံး ညီညွတ်စွာဖြင့် ပြန်လည် စစ်ဆင် တိုက်ခိုက်နိုင်ခဲ့သည်။

အသစ်တင်မြှောက်ထားသော တပ်မဟာ(၃) တပ်မဟာမှူး ဗိုလ်မှူးထရူးမင်း သည် ဗိုလ်ကြီးစောဘိုမြ၏ ကေပီအယ်လ်အေ K.P.L.A. တပ်ရင်းနှင့် ပူးပေါင်းကာ ရွှေကျင်မြို့နယ် ကျောက်ကြီးမြို့နယ် မုန်းမြို့နယ်အတွင်းမှ ရန်သူတပ်များအား လိုက်လံ တိုက်ခိုက်လေ သည်။ တပ်မဟာ (၂)ရှိ တပ်များနှင့် ပူးပေါင်း၍လည်း တောင်ငူခရိုင်နှင့် သံတောင်ခရိုင်တို့ အတွင်းမှ ရန်သူတို့အား လိုက်လံ တိုက်ခိုက်ရာတွင် ရန်သူ အများအပြား အား သုတ်သင်နိုင်ခဲ့ သကဲ့သို့ လက်နက် အမြောက်အများကိုလည်း သိမ်းဆည်းနိုင်ခဲ့သည်။ ရန်သူ၏ ကချင် သေနတ်ကိုင် တပ်ရင်း (၃) တရင်းထဲမှပင် ရန်သူ တရာကျော်ကို သုတ် သင် နိုင်ခဲ့သည်။

ဖာပွန်တောင်ပိုင်း နယ်မြေတွင်လည်း “မုန်တိုင်းနီ” စစ်ဆင်ရေးကို ချမှတ်ပြီး၊ “ဆာမူ ပယ်” “စေးဒေး” တို့၌ စခန်းချထားသော ရန်သူတပ်ဖွဲ့အား လိုက်လံ တိုက်ခိုက်ခြင်း၊ ရေခပ် ဆင်းချိန်၌ စောင့်ကြိုပစ်ခတ်ခြင်း စသည်တို့ကြောင့်လည်း ရန်သူအများအပြား သေကြေ ကြ သည်။ သေဆုံးသူများထဲတွင် တပ်ခွဲမှူးအဆင့် ခေါင်းဆောင်ပါ ပါဝင်ခဲ့ပြီး ရန်သူသည် ၎င်း တို့၏ စခန်းတွင်းမှ အပြင်သို့ မထွက်ရဲ တော့ချေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရန်သူသည် အရှေ့တိုင်းအား ထိုးစစ်ဆင်နေချိန် ပဲခူးရိုးမ၌ ရောက်ရှိ နေသော ဗိုလ်ချုပ်ကော်ထူး၏ ညွှန်ကြားချက်နှင့် ဗိုလ်မှူးကြီးလောကွားတို့ တိုးခ့ျဲ ဖွဲ့စည်းထားသော ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ပဲခူးရိုးမရှိ ဗကပ တပ်မှူးများ ဖြစ်ကြသည့် ဗိုလ်ဖုန်းကျော်၊ ဗိုလ်ညွန့်ထွန်း၊ ဗိုလ်ထွန်းမြင့်တို့၏ တပ်များ ပူးပေါင်းလျက် ပဲခူးမြို့သို့ ဝင်ရောက်တိုက်ခိုက်ကာ သိမ်းပိုက်လိုက်သည်။ ပဲခူးမြို့ရှိ မီးရထားဘူတာရုံ၊ ရဲစခန်း၊ ဈေးကြီးရပ် စသည့် အချက်အခြာကျသော နေရာ(၃)ခုအား သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။ လူထုစည်းရုံးရေး ဝါဒဖြန့်ချိရေး စာရွက် စာတမ်းများ ဖြန့်ဝေခြင်းတို့အပြင် လူထုကြီးအား စုဝေးကာ ဟောပြောပွဲများ ပြု လုပ်ခဲ့ကြသည်။

ပဲခူးအား တိုက်ခိုက်စဉ်က စနစ်တကျ ရှိရုံမျှမက စစ်သည်များမှာလည်း စစ်စည်းကမ်းအား အတိအကျ လိုက်နာခဲ့ကြသည်။ မြို့သားများ ပိုင်ဆိုင်သော ပစ္စည်း ဥစ္စာများအား လုယူခြင်း၊ ဖျက်ဆီးခြင်း စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာ ပြုမူခြင်းများ အလျဉ်း မရှိခဲ့။ ပဲခူးမြို့အား သိမ်းပိုက်ပြီး တမနက်လုံး ဝါဒဖြန့်ချိရေး လုပ်ငန်းများကို လုပ်ဆောင် နိုင်ခဲ့သည်။ ထိုသို့ ဗကပ တပ်ဖွဲ့များနှင့် ပူးပေါင်းကာ တက်ညီလက်ညီ စစ်ဆင် လှုပ်ရှားခဲ့မှုတို့ကြောင့် ကော်သူးလေ အရှေ့တိုင်းအား အခြေချရန် စစ်ဆင်လာသော ရန်သူသည် နောက်ဆုံး ၎င်းတို့ သိမ်းပိုက်ထားသည့် စခန်းများမှ ဆုတ်ခွာခဲ့ကြရပြီး၊ “မင်းရန်အောင်ထိုးစစ်” စစ်ဆင်ရေးမှာလည်း တစခန်းရပ်သွား လေတော့သည်။ (၆)လကြာခဲ့သည့် ရန်သူ၏ ထိုးစစ်အတွင်း မိမိတို့ တပ်ဖွဲ့များမှ ရန်သူ (၆၀၀)ကျော်အား သုတ်သင်နိုင်ခဲ့သည့်အပြင် ရန်သူ တပ်ဖွဲ့ဝင် တထောင် (၁,၀၀၀)ကျော်တို့အားလည်း ထိခိုက် ဒဏ်ရာ ရရှိသွားစေခဲ့သည်။

ဗိုလ်ချုပ်ကော်ထူးနှင့် အရှေ့တိုင်း အစည်းအဝေး

မင်းရန်အောင် ထိုးစစ်အပြီး ဗိုလ်ချုပ်ကော်ထူးသည် အရှေ့တိုင်းသို့ ရောက်လာသည်။ အရှေ့တိုင်းတွင် တော်လှန်သော တပ်မတော် တည်ဆောက်ရေးနှင့် တပ်ပေါင်းစု လုပ်ငန်းများ၊ စစ်ရေးပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများအား အကောင်အထည် ဖော်ရန် ဖြစ်သည်။ ဤသည်မှာ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အတွက် ကြီးလေးသော တာဝန် တခု ဖြစ်သည်။ သတင်းလုံခြုံမှု မရှိသဖြင့် အစည်းအဝေး စတင်ချိန်တွင်၊ ရန်သူ့ တိုက်လေယာဉ်(၃)စီး ရောက်လာပြီး ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံခဲ့ရသကဲ့သို့ လေယာဉ်များပေါ်မှ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စက်သေနတ်များဖြင့်လည်း ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ တချိန်တည်းတွင် ကြည်းတပ် များလည်း ချီတက်လာကြောင်း သတင်းရသဖြင့် အစည်းအဝေးအား "ယိုဖိုးလိပ်"သို့ ပြောင်းရွှေ့လိုက် သည်။

ထိုတပ်မှူး အစည်းအဝေးသို့ K.R.C. ခေါင်းဆောင် အများအပြားလည်း တက် ရောက်ခဲ့ကြသည့်အပြင် ဗိုလ်ချုပ်ကော်ထူးသည်လည်း ပဲခူးမှ အစည်းအဝေးသို့ လာတက်ခဲ့သည်။ ထိုအစည်းအဝေးတွင် "မောကို" ကွန်ဂရက်၌ အတည်ပြုခဲ့သော ကော်သူးလေ တပ်မတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ စစ်ရေး သေနင်္ဂဗျူဟာ နှင့် နည်းပရိယာယ်များအား ပြန်လည် စဉ်းစား သုံးသပ်ခဲ့ကြသည်။

ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် လိုအပ်သည်များအား ဖြည့်စွက် ရေးသား ပြီးနောက် တပ်မတော် ဖွဲ့စည်းပုံ၊ စစ်ရေး စည်းရုံးရေးနှင့် သေနင်္ဂဗျူဟာ၊ နည်း ပရိယာယ် စာတမ်းကို အတည်ပြုလိုက်ကြသည်။ ထို တပ်မှူး အစည်းအဝေး၌ပင် တိုက်ခိုက်ရေး "ဇုံ" နယ်များကိုလည်း သတ်မှတ်ခဲ့ ကြသည်။

အရှေ့တိုင်း တိုက်ခိုက်ရေး ဇုံ နယ်မြေများ သတ်မှတ်ခြင်း

အမှတ်(၁) ဇုံနယ်မြေ။ တပ်မဟာ(၂)နှင့် တပ်မဟာ(၃) နယ်မြေဖြစ်သည်။

ဇုံ နယ်မြေတာဝန်ခံမှာ ဗိုလ်ထရူးမင်းဖြစ်သည်။

အမှတ်(၂) ဇုံနယ်မြေ။ တပ်မဟာ(၅) နယ်မြေ၊ ဖာပွန်ခရိုင်ဖြစ်ပြီး

ဇုံ နယ်မြေတာဝန်ခံမှာ ဗိုလ်လင်းထင် ဖြစ်သည်။

အမှတ်(၃) ဇုံနယ်မြေ။ တပ်မဟာ(၆) နှင့် တပ်မဟာ(၇) နယ်မြေ၊ ဒူးပလာယာ ခရိုင်နှင့် ဘားအံ ခရိုင်ဖြစ်ပြီး၊ ဇုံ နယ်မြေတာဝန်ခံမှာ ဗိုလ်တင်ဦး (ဗိုလ်တာအယ်) ဖြစ်သည်။

တိုက်ခိုက်ရေးဇုံ နယ်မြေများ သတ်မှတ်ပြီးနောက် ရန်သူအား တိုက်ခိုက်ခြင်း၊ ရန်သူ့လက်နက်များအား သိမ်းပိုက်ခြင်း၊ ရန်သူ၏ ပစ္စည်းများအား ဖျက်ဆီးခြင်း စသည်တို့ ကို အများဆုံးပြုလုပ်နိုင်သည့် ဇုံကို ဆုချရန်ကိုလည်း ဆုံးဖြတ်ပြီး နောက် တနှစ်အတွင်း ပြိုင်ဆိုင်မှုများ ပြုလုပ်ကြသည်။ ထိုယှဉ်ပြိုင်မှုတွင် ဗိုလ်လင်းထင် ဦးစီးသည့် တပ်မဟာ (၅)မှ ဆုရ ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကော်သူးလေ ကာကွယ်ရေး စစ်ဦးစီးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်တို့
ဦးဆောင်ပြီး တပ်တွင်း ပြဿနာများကို ဖြေရှင်းခြင်း

ဗိုလ်ချုပ်မင်းမောင်နှင့် ဗိုလ်ချုပ်ကော်ထူးတို့သည် တပ်မဟာ(၅)နှင့် တပ်မဟာ (၇) တို့အကြား ဖြစ်ပွားနေသည့် တပ်တွင်း ပြဿနာအား ဖြေရှင်း ပေးခဲ့ရသည်။ တပ်မဟာ(၅) တပ်ဖွဲ့များသည် လူထု ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် လူထု ထောက်ခံမှုမရ ဖြစ်ခဲ့ ရသည်။ ထိုအချိန်တွင် တပ်မဟာ(၅) တပ်ဖွဲ့များသည် တပ်မဟာ(၇) နယ်မြေအတွင်းသို့ ဝင်ရောက်လာပြီး ထိုနယ်မြေမှ လူထုများအပေါ် အခွန် ကောက်ခံခြင်း အပြင် ရိက္ခာများကိုလည်း ကောက်ခံခဲ့ကြသည့် ပြဿနာ ဖြစ်သည်။ ထိုကိစ္စအတွက် နှစ်ဘက်တပ်မှူးများနှင့် တွေ့ဆုံ ဆွေးနွေးပြီး ဖျောင်းဖျ ဖြေရှင်းခဲ့ရသည်။

၁၉၅၈ ခုနှစ် အရှေ့တိုင်း ကွန်ဖရင့်

အရှေ့တိုင်း ကွန်ဖရင့်ကို “မလေးလယ်”တွင် ကျင်းပရန် စီစဉ်လေသည်။ တိုင်းခေါင်းဆောင်များ ရွေးချယ်ရန်နှင့် ကရင့်တော်လှန်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန် ဖြစ်သည်။ ရန်သူသည် လေယာဉ် နှစ်စင်းဖြင့် လာရောက် ပစ်ခတ်သောကြောင့် “မယ်ယာလော်” သို့ ပြောင်းရွှေ့ ကျင်းပခဲ့ရသည်။

ထိုကွန်ဖရင့်တွင် တပ်မဟာအသီးသီးမှ အစီရင်ခံစာများကို တင်ပြခဲ့ကြသည်။ ထို့နောက် အောက်ပါ ခေါင်းဆောင်များကို ရွေးချယ်ခဲ့ကြသည်။
အရှေ့တိုင်းဥက္ကဋ္ဌ အဖြစ် ပဒိုမန်းသိန်းမောင်၊ (ဖူးလယ်မူး၊ ယခင် စောဟန်တာသာမွေး ၏ တဦးတည်း သဘောဖြင့် ရွေးချယ်ခဲ့သည့်အတိုင်း ထားရှိသည်။)
အရှေ့တိုင်း တပ်မှူးချုပ်အဖြစ် ဗိုလ်ချုပ်စောအုန်းဖေဖြစ်ပြီး အတွင်းရေးမှူးမှာ ဆရာအုန်းဖေညွန့် တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အရှေ့တိုင်း ကော်သူးလေ စစ်ဦးစီး ဌာနချုပ်

ဗိုလ်ချုပ်ကော်ထူး အရှေ့တိုင်းသို့ ရောက်လာသောအခါ စစ်ဦးစီး ဌာနချုပ်အား “စေးဘောပဲ” တွင် ထားရှိလေသည်။ “စေးဘောပဲ”သည် “ဃဲပါ” ကျေးရွာ အုပ်စုတွင် ပါဝင်ပြီး စောဟန်တာသာမွေးနှင့် K.R.C. ဗဟိုရုံး ဌာနချုပ်တို့နှင့် မနီး မဝေးတွင် တည်ရှိ သည်။ သို့သော်လည်း မင်းရန်အောင်ထိုးစစ်အပြီး ဟန်တာသာမွေး၏ S.H.Q. ဗဟို ဌာနချုပ်အား “ယောမူခီး”သို့ ပြောင်းရွှေ့သွားခဲ့သည်။ “စေးဘောပဲ”နှင့် “ယောမူခီး” သည် တနေ့ခရီးမျှ သွားရသည်။ စောဟန်တာသာမွေး အဖွဲ့သည် “ယောမူခီး”ရွာ၌ စခန်းချနေစဉ် ဗိုလ်သန်း အောင်၏ ယောကျ်ခမဖြစ်သူမှ၊ “ယောမူခီး”ရွာကို “ဗေသနိ”ရွာဟု အမည်ပြောင်း လိုက်သည်။ ဗိုလ်ချုပ်ကော်ထူး၏ G.H.Q. စစ်ဦးစီးဌာနချုပ်ကို “စေးဘောပဲ”တွင်ပင် ဆက်လက် ထားရှိ လေသည်။ “စေးဘောပဲ”သည် မူတြော်ခရိုင် တပ်မဟာ(၅) နယ်မြေတွင် တည်ရှိပြီး “မယ်ဝေ” နှင့် မဝေးလှချေ။ စောဟန်တာသာ မွေး၏ S.H.Q. အဖွဲ့သည် “ဗေသနိ” မှ ပြောင်းရွှေ့ပြီး နောက် “ပိုထာ”တွင် ရုံးပြန်စိုက် သည်။ တနှစ်ကျော် အကြာ G.H.Q. စစ်ဦးစီးရုံးအား “နယ်ခီး” သို့ ပြန်လည် ရွှေ့ပြောင်း လိုက်သည်။ “နယ်ခီး” နှင့် “ပိုထာ” ဌာနချုပ် ခစန်းနှစ်ခုသည် ခရီး အရ သိပ် မဝေးလှ။ ၎င်း ဌာနချုပ်နှစ်ခုနှင့် အနီးဆုံး ကျေးရွာများမှာ “သလေဝေါဒဲရွာ” နှင့် “ခီးမူဒဲရွာ”တို့ ဖြစ်သည်။ ခီးမူဒဲ ရွာနံဘေးတွင်မူ “ဝါခဒဲရွာ”ရှိသည်။ ထို့နောက် ပိုထာရွာ၊ ပိုထာရွာအနီးတွင် “ကနဲဒဲရွာ” ထိုမှ ဆင်းလာလျှင် “နို့လေးရွာ (ခေါ်) နိုဖိုးရွာ” ရှိသည်။ “နို့လေးရွာ(ခေါ်) နိုဖိုးရွာ”သည် အိမ်စောင့်အစိုးရ ကိုယ်စားလှယ်များ ငြိမ်းချမ်းရေး အတွက် လာရောက် တွေ့ဆုံခဲ့သော နေရာ ဖြစ်သည်။

အိမ်စောင့်အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးခြင်း

၁၉၆၀ ခုနှစ် ဇန်နဝါရီ လကုန်ပိုင်းတွင် ရန်သူ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း၏ ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်အောင်ကြီးမှ ကေအဲန်ယူပါတီ ဗဟိုသို့ စာတစောင် ရေး သားပြီး ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးရန် အကြောင်းကြား လာသည်။ သံတမန် များအဖြစ် K.A.S.A. (Karen Affair Social Association). အဖွဲ့မှ မက္ကစီဖိုးသိန်းမှ ဦးဆောင် ပြီး ကေအဲန်ယူ ဗဟိုသို့ ရောက်လာကြသည်။ ယင်းတို့မှ ဗိုလ်မှူးချုပ်အောင်ကြီး၏ စာအား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ယူဆောင်လာ ကြခြင်းဖြစ်သည်။ ထိုအချိန် ကေအဲန်ယူ ဗဟိုစခန်း S.H.Q. မှာ ပိုထာတွင် ရှိသော်လည်း အစိုးရတပ်၏ ကိုယ်စားလှယ်များကို နို့လေးရွာ (ခေါ်) နိုဖိုးစခန်းတွင်သာ တွေ့ဆုံခဲ့သည်။ ၎င်းတို့၏ ကိုယ်စားလှယ်များတွင် ထောက်လှမ်းရေး "ဗိုလ်ကျော်အေး (လေယာဉ်ပျံ ဗိုလ်ကျော်အေး)" လည်း ပါဝင်သည်။ ၃-၄ ကြိမ် အပြန်အလှန် ဆက်သွယ်ပြီးသည်နှင့် "ကေအဲန်ယူပါတီမှ အိမ်စောင့် အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးရန်၊ ကေအဲန်ယူပါတီ ဗဟိုအဖွဲ့အား ဗိုလ်ချုပ်ကော်ထူး ဦးဆောင်ရန်" ကိုယ်စား လှယ် အဖြစ် ရွေးချယ် လိုက်သည်။

ဗိုလ်ချုပ်ကော်ထူးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဖာပွန်တွင် လေယာဉ်နှင့် လာ ရောက် ကြိုဆိုခဲ့သည်။ ဖေဖော်ဝါရီလတွင် နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံ ကြရာတွင် ကေအဲန်ယူ ကိုယ်စားလှယ်အဖွဲ့ဘက်၌ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကော်ထူး၊ ဆရာ စကော လယ်တော၊ ပဒိုဖိုးညော၊ ဗိုလ်ကျင်ဖေ၊ ဗိုလ်ကြီးမြစိန်တို့ တက်ရောက်ခဲ့ပြီး၊ အိမ်စောင့် အစိုးရဘက်မှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူး ချုပ် အောင်ရွှေ၊ ဗိုလ်မှူးဘဖြူ၊ ဗိုလ်မှူးစံကြည်၊ ဗိုလ်မှူးမောင်လွင် တို့ ပါဝင် တက်ရောက် ခဲ့ကြသည်။

ကရင်ပြည်နယ်ကိစ္စ

ပါတီ ကိုယ်စားလှယ်အဖွဲ့သည် ကရင်ပြည်ကို အာဏာအပြည့်အဝ ရှိသည့် ကရင်ပြည်အဆင့်နှင့် တန်းတူမှုအပြင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ကရင်ပြည် အဆင့်ကို တောင်းဆိုခဲ့သည်။ အိမ်စောင့် အစိုးရဘက်မှ ပြန်လည် ဆွေးနွေးမှုတွင် ကရင်ပြည်မှာ ပေးထားပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်နှင့် ပတ်သက်၍ ၎င်းတို့တွင် လုပ် ပိုင်ခွင့် အခွင့်အာဏာမရှိကြောင်း၊ တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စည်းမျဉ်း များအား ၎င်းတို့အနေဖြင့် ကျော်လွန်လုပ်ကိုင်၍ မရကြောင်း၊ ကေအဲန်ယူပါတီ သည် အိမ်စောင့်အစိုးရနှင့် ပူးပေါင်းပြီး ဥပဒေဘောင် အတွင်းတွင် ကရင်ပြည်နယ် ကိစ္စအတွက် တရားဝင် တိုက်ပွဲဝင်သင့်ကြောင်းနှင့် ထိုအချိန်တွင် ၎င်းတို့မှလည်း ထောက်ခံ ပံ့ပိုး ပေးသွားမည် ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့သည်။

လက်နက်ကိုင် အဖွဲ့အစည်းကိစ္စ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

- အိမ်စောင့် အစိုးရ ကိုယ်စားလှယ်များသည် လက်နက်ကိုင် အဖွဲ့အစည်းများ အရေးကိုမူ ၎င်းတို့ အနေဖြင့် လုပ်ပိုင်ခွင့် ရှိကြောင်း၊
- တိုင်းပြည်၏ တည်ဆဲဥပဒေအရ ပြစ်မှုတစုံတရာ ဖောက်ဖျက် ကျူးလွန်မှု မရှိ လျှင် ၎င်းတို့ အား ဗမာ့တပ်မတော် လက်အောက်ရှိ ကရင်လက်နက်ကိုင် တပ်ဖွဲ့အနေဖြင့် ဖွဲ့စည်းပေးမည် ဖြစ်ကြောင်း၊ ကရင် လက်နက်ကိုင် တပ်များအား ကရင် စစ်ဗိုလ်များက သာ အုပ်ချုပ်ရမည် ဖြစ်ကြောင်း၊ ယခင်က ကရင်သေနတ်ကိုင် တပ်ဖွဲ့ (Karen Rifles) အတိုင်း ဖြစ်ရမည် ဖြစ်ကြောင်း။
- လက်နက်များကိစ္စနှင့် ပတ်သက်၍ ကရင်များသည် မိမိတို့ လက်နက်များကိုသာ ကိုင် ဆောင်ကြရမည် ဖြစ်ကြောင်း၊ သို့ရာတွင် တာဝန်ရှိ ခေါင်းဆောင်များ အနေဖြင့် လက်နက် အနည်းငယ်ကို စတိသဘော ပေးအပ်ရန်သာဖြစ်ကြောင်း၊ လက်နက်ချသည် ဟု မပြောလိုပါ ကလည်း "လက်နက်အပ်သည်"ဟု ပြောဆို နိုင် ကြောင်း ဆိုသည်။

ဒီမိုကရေစီ အခွင့်အရေးကိစ္စ

ကရင်များ ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝ ရရှိစေရမည် ဖြစ်ကြောင်း၊ ထို့ အတွက် ၎င်းတို့မှတာဝန်ယူ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း အိမ်စောင့် အစိုးရ ကိုယ်စား လှယ် စစ်ဗိုလ်များမှ ရှင်းပြခဲ့ကြသည်။

ကေအဲန်ယူပါတီ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တွင် နှစ်ပတ်မျှ နေထိုင်စဉ် အတွင်း အစိုးရကိုယ်စားလှယ်များနှင့် (၄)ကြိမ်ခန့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ K.N.U.P. ဘက်မှ တောင်းဆိုသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကရင်ပြည်နယ် အရေးနှင့် ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတိုင်းသာ ဖြစ်သဖြင့်၊ ကရင် ပြည်နယ် နှင့်ပတ်သက်၍ မည်သို့သော တိုးတက် ပြောင်းလဲမှုကိုမျှ ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း ကို K.N.U.P. ကိုယ်စားလှယ် အဖွဲ့မှ သဘောပေါက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် စစ်အစိုးရ ကတိပြုသည့် အချက်များအပေါ် ပါတီခေါင်းဆောင်များအနေဖြင့် ပူးပေါင်းလုပ်ဆောင်မည့် ကိစ္စရပ်တွင် မိမိတို့ ကိုယ်စားလှယ်အဖွဲ့၌ လုပ်ပိုင်ခွင့်မရှိကြောင်း၊ ဗဟိုသို့ ပြန်လည် အစီရင်ခံ ရမည် ဖြစ်ကြောင်း ပြောဆိုဆွေးနွေးကာ အစည်းဝေးပွဲကို ရပ်ဆိုင်း လိုက်ကြသည်။ ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အကြိမ် တွင်လည်း လက်နက်ချရေးကိုသာ ဦးတည်ထားသော ဆွေးနွေးပွဲ ဖြစ်သောကြောင့် ပါတီကိုယ်စားလှယ် အဖွဲ့အနေဖြင့် လက်ခံမှု မပြုခဲ့ခြင်း ဖြစ်သည်။

၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ကေအဲန်ယူပါတီ၏ ပထမ အကြိမ် မြောက် ကွန်ဂရက်တွင် ဗိုလ်ချုပ်ကော်ထူးသည် ပါတီ ဗဟို ကော်မတီမှ နိုင်ငံရေး ဦးဆောင် အဖွဲ့တွင် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကေအဲန်ယူပါတီ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့ တွင် အဖွဲ့ဝင် (၆)ဦး ပါဝင်သည်။

(၁)။ စောဟန်တာသာမွေး
(၂)။ မန်းဘဇန်
(၃)။ ဗိုလ်ချုပ်မင်းမောင်
(၄)။ ဗိုလ်ချုပ်ကော်ထူး
(၅)။ မန်းရှန်ဖလေ့ (ဆရာသာမြိုင်)
(၆)။ မန်းသိန်းမောင် တို့ ဖြစ်ပြီး၊ ပါတီညီလာခံအပြီးတွင် “မဒညတ”ကို ဖွဲ့စည်းခဲ့လေသည်။
၁၉၆၁ ခုနှစ် အောင်မော်အေး ထိုးစစ်

စစ်ဦးစီးဌာနချုပ်ကို ၁၉၆၁ ခုနှစ်အထိ “နယ်ခီး” ၌ပင် ဆက်လက် ထားရှိသည်။ ဌာနချုပ်တွင် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်နှင့် ဗိုလ်ဒါဝိတ်၊ ဗိုလ်ထွန်းလူ တို့ ဦးစီးသော လုံခြုံရေး တပ်ဖွဲ့ တဖွဲ့လည်း ထားရှိသည်။ ထို့အပြင် ရိက္ခာမှူး ဗိုလ်နံပြောင်၊ ရုံးအုပ်ကြီး နေထွန်း တို့ အပြင် သာထွန်း နှင့် ဗိုလ်သိန်းလွင်တို့လည်း ရှိကြသည်။

ရန်သူ၏ အောင်မော်အေးထိုးစစ်အတွင်း ကေအဲန်ယူပါတီ၏ ပေါလစ်ဗျူရို များဖြစ် သော ဗိုလ်ချုပ်မင်းမောင်အား အသေရရှိလိုက်ပြီး မန်းရှန်ဖလေ့ (ခေါ်) ဆရာ သာမြိုင်နှင့် ရိက္ခာမှူး ဗိုလ်နံပြောင်တို့အား ရန်သူမှ ဖမ်းဆီးရမိသွားသည်။ ဗိုလ်နံပြောင် အား ရန်သူမှ သေသည်အထိ ဉာဉ်းပမ်း နှိပ်စက် ခဲ့သည်။

ဗိုလ်သန်းအောင် နှင့် ဦးစိုးအောင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူး၏ တပ်ပေါင်းစုဆိုင်ရာ ဆောင်ရွက်ချက်များ

၁၉၆၁ ခုနှစ်တွင် ရန်သူသည် ၎င်း၏ အောင်မော်အေးထိုးစစ်ကို ရုပ်သိမ်းသွား သည်နှင့် ဗိုလ်ချုပ်ကော်ထူးသည် ရှမ်းပြည်သို့တက်ကာ ရှမ်းပြည် လူမျိုးစုများနှင့် ပူးတွဲ စစ် ရေးလှုပ်ရှားမှုများ ပြလုပ်မည့် အစီအစဉ်ကို အကောင်အထည် ဖော်ခဲ့သည်။

လူမျိုးစုများနှင့်ပတ်သက်၍ ၁၉၆၀ ခုနှစ်တွင် စောဟန်တာသာမွေးမှ ဦးစီးပြီး လူမျိုးစု တော်လှန်ရေး အဖွဲ့များအား ဖိတ်ကြားကာ “မယ်ပရေး”တွင် အစည်းအဝေးတခု ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ရှမ်း ကိုယ်စားလှယ် ကရင်နီ ကိုယ်စားလှယ်များ တက် ရောက်ခဲ့ကြသည်။ ကချင်ကျောင်းသား တခ့ျိုသည်လည်း လေ့လာသူများအဖြစ် တက် ရောက်ခဲ့သည်။ (ထိုစဉ်က ကချင် တော်လှန်ရေး မပေါ်ပေါက်သေး)။

“မယ်ပရေး” အစည်းအဝေးတွင် လူမျိုးစုများ လွတ်မြောက်ရေး မဟာမိတ်အဖွဲ့ “လ၊ လ၊ မ၊ ဖ၊” ခေါ် N.L.A. ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ ကိုယ်စားလှယ်များက လက်မှတ် ရေးထိုးပြီး၊ အတွင်းရေးမှူးအဖြစ် ရှမ်းကိုယ်စားလှယ်အဖွဲ့မှ “ဆေထင်”ကို တင်မြှောက် ခဲ့သည်။ “ဆေ ထင်”သည် ရှမ်းပြည်သို့ ပြန်ရောက်သောအခါ တစုံတရာ လုပ်ဆောင် နိုင်ခြင်း မရှိခဲ့ချေ။ ၁၉၆၁ ခုနှစ်တွင် လလမဖ ၏ အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း ဗိုလ်လင်းထင် ဦးစီး သော တပ်ရင်း တရင်း နှင့် ထရူးမင်း ဦးစီးသော တပ်ရင်း တရင်းတို့ ပူးပေါင်းပြီး ရှမ်းပြည်သို့ သွားရောက် ခဲ့ကြသည်။ ထိုတပ်ဖွဲ့များသည် ရှမ်းတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ဘုံရန်သူကို တိုက်ခိုက်ရန် ဖြစ်သည်။ ထိုအဖွဲ့များသည် ကရင်နီပြည်သို့ ရောက်သောအခါ “ဟိုကျစ်”တွင်ရှိ သည့် ကယား ပြည်သူ့စစ်များနှင့် တိုက်ပွဲဖြစ်ပွားပြီး ရှေ့သို့ ဆက် မတိုးတော့ဘဲ ပြန်လှည့် ခဲ့ ကြသည်။

၁၉၆၁ ခုနှစ် အောင်မော်အေး ထိုးစစ်မတိုင်မီ ဗိုလ်ချုပ်ကော်ထူးသည် စစ်ဦးစီး ဌ ဌာနချုပ်ရှိ တပ်ခွဲမှူး ဗိုလ်ဒါဝိတ်၊ တပ်ခွဲမှူး ဗိုလ်ထွန်းလူ တို့အား ကယား ပြည်နယ် (ကရင်နီ ပြည်နယ်)သို့ စေလွှတ်ခဲ့သည်။ ထိုအဖွဲ့တွင် ဗိုလ်အောင်ကိုး၊ ချာတိတ်နှင့် တပ်သားတခ့ျိုပါဝင်လေသည်။ ၎င်းတို့အဖွဲ့ ကယားပြည်နယ်အတွင်း လူထုများကို စည်းရုံး ရန်နှင့် က ယား(ကရင်နီ) တော်လှန်ရေးအား အထောက်အကူ ပြုရန် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၁၉၆၂ခုနှစ် အောင်မော်အေးထိုးစစ်အပြီး နောက်ပိုင်းတွင်လည်း ရှမ်းပြည်သို့တက်ကာ ရှမ်း ပြည်လူမျိုးစုများနှင့် တွေ့ဆုံပြီး စစ်ရေး ပူးပေါင်း ဆောင်ရွက် မှုများပြုရန် အစီအစီများ ရေးဆွဲခဲ့သည်။ ထို အစီအစဉ်အောက်တွင် တပ်မဟာ(၇)မှ ဗိုလ်စံဖေ ဦးဆောင်သော တပ်ခွဲ တခွဲနှင့် ဗိုလ်ဇော်ဒူး ခေါင်းဆောင်သော တပ်မဟာ(၃)မှ တပ်ခွဲ တခွဲတို့ပါဝင်ပြီး ၎င်းတို့ကို ကွပ်ကဲရန် ဗိုလ်ဘရှိုင်းအား တပ်မှူးအဖြစ် ခန့်အပ် စေလွှတ်ခဲ့သည်။ စစ်ကြောင်း နိုင်ငံရေးမှူးအဖြစ် ကေအဲန်ယူပါတီ ဗဟိုကော်မတီ ဗိုလ်မှူးဘောလ်ဒွင်မှ တာဝန် ယူခဲ့သည်။ ကော်သူးလေနှင့် ဆက်သွယ်ခဲ့သော အဖွဲ့မှာ စဝ်နွဲ့ဦးဆောင်သော “နွံစစ်ဟန်” အဖွဲ့ဖြစ်သည်။ “နွံစစ်ဟန်” အဓိပ္ပာယ်မှာ “ရဲရင့်သော လူငယ်အဖွဲ့”ဟူ၍ ဖြစ်သည်။

ရှမ်းတော်လှန်ရေးအဖွဲ့သည် ၁၉၅၈ ခုနှစ် မေလ (၂၁)ရက်နေ့တွင် အင်အား (၅၀-၆၀) ခန့်နှင့် ရှမ်း လက်နက်ကိုင် တော်လှန်ရေးကို စတင်ခဲ့သည်။ ဖွဲ့စည်းပြီး ၁၉၅၉ ခုနှစ်တွင် ရှမ်း တက္ကသိုလ်ကျောင်းသား အများအပြား လာရောက် ပူးပေါင်းသဖြင့် အင်အား တထောင် (၁,၀၀၀)ကျော် ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် စဝ်နွဲ့သည် အာဏာရှင် ဖြစ်လာပြီးနောက် လူငယ်အဖွဲ့ (၂)ဖွဲ့ ကွဲခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်မှူးဘော်လ်ဒွင်၊ ဗိုလ်ဘရှိုင်းတို့ ဦးဆောင်သော ကရင့် တော်လှန်ရေးတပ်ဖွဲ့များ ရောက်သွားချိန်၌ စဝ်နွဲ့ အား မကျေနပ်သူများရှိနေပြီး အစိတ်စိတ် အမွာမွာ အကွဲအပြဲ ဖြစ်နေသည့်အတွက် ကရင် အဖွဲ့အစည်းအပေါ် နားလည်မှု မ မှားကြစေရန် ကရင်တပ်များ ပြန်ရုပ်သိမ်းခဲ့သည်။

စဝ်နွဲ့ (၁၉၂၇-၁၉၉၆)
(ရဲရင့်သော ရှမ်းလူငယ် တပ်မတော် တည်ထောင်သူ)
အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု

ဗိုလ်ချုပ်ကော်ထူး ပါဝင်ပြီး ဖွဲ့စည်းထားသော တပ်ပေါင်းစုများအနက် အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစုသည် ၁၉၅၉ ခုနှစ် ကေအဲန်ယူပါတီ၏ ပထမ အကြိမ်မြောက် ကွန်ဂရက်အပြီး ဧပြီလအတွင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးကာ ဖွဲ့စည်း နိုင်ခဲ့သော တပ်ပေါင်းစုဖြစ်သည်။ တပ်ပေါင်းစု ဖွဲ့စည်းရန် လက်မှတ် ရေးထိုးခဲ့ကြသော အဖွဲ့များတွင် ပထမ ကေအဲန်ယူပီ၊ ဗကပ နှင့် မွန်ပြည်သစ်ပါတီ (၃)ဖွဲ့သာ ရှိခဲ့သော်လည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နောက်ပိုင်းတွင်မူ ကရင်နီနှင့် ချင်း အဖွဲ့တို့ပါ တပ်ပေါင်းစု အတွင်း ပါဝင်လာပြီး ထိုတပ်ပေါင်းစုကို “မဒညတ”ခေါ်အမျိုးသားဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစုဟု ခေါ်တွင်သည်။

(၁)။ လွတ်လပ်မှု၊ တန်းတူမှု၊ အမှီအခိုကင်းမှု- တနည်းအားဖြင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ အခွင့်အရေး အပြည့်အဝ ရှိသည်။ တသင်း တဖွဲ့မှနေပြီး ဦးစီး ချုပ်ကိုင်ခြင်း မဟုတ်ခဲ့ပေ။

(၂)။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများသဘောတူ ဆုံးဖြတ်ခြင်းမျိုး မဟုတ်ဘဲ အဖွဲ့အားလုံး၏ သဘောတူ ဆုံးဖြတ်ချက် ရမှသာလျှင် အတည်ပြု နိုင်သည်။ အဖွဲ့ တခုခုမှ ဦးစီးခေါင်းဆောင်ခြင်း မဟုတ်ချေ။

(၃)။ ဗဟို သဘာပတိအဖွဲ့ကို ရွေးကောက် တင်မြှောက်ရာတွင် အလှည့်ကျ အတွင်းရေးမှူး စံနစ် ဖြစ်သည်။ တပ်ပေါင်းစုတွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်း ဆောင်ရန် အဖွဲ့တိုင်း ကြိုတင်စာရင်းပေးသွင်းထားရပြီး စုပေါင်း ခေါင်းဆောင်မှု စနစ်ကို ကျင့်သုံးခဲ့သည်။

လက်မှတ်ရေးထိုးရာတွင် ပါဝင်သည့်အဖွဲ့များနှင့် လက်မှတ် ရေးထိုးခဲ့ကြ သူများမှာ

ကေအဲန်ယူပါတီမှ မန်းဘဇန်နှင့် ဗိုလ်ချုပ်ကော်ထူး
မွန်ပြည်သစ်ပါတီမှ နိုင်ရွှေကျင်
ဗကပ မှ သခင်ဇင်၊ သခင်တင်ထွန်းနှင့် ဗိုလ်ရဲမောင်
ကရင်နီ အမျိုးသား တိုးတက်ရေးပါတီမှ ဦးဘိုးကျော်
ချင်းဦးစီးအဖွဲ့မှ ဆလိုင်းစံအောင်တို့ ဖြစ်ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရာထူးကိုမက်မောခြင်းမရှိဘဲ
ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်ခြင်း

၁၉၆၁ ခုနှစ် အောင်မော်အေး ထိုးစစ်တွင် ကော်သူးလေ စစ်ဦးစီးချုပ် ဗိုလ်ချုပ် မင်းမောင် ကျဆုံးသွားခဲ့သည်။ လစ်လပ်နေသော စစ်ဦးစီးချုပ်ရာထူး နေရာတွင် ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကော်ထူးမှ ဆက်ခံရမည် ဖြစ်သော်လည်း စောဟန်တာ သာမွေး သည် အရှေ့တိုင်း စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်အုန်းဖေအား တင်မြှောက်လိုက် သည်။ ဗိုလ်ချုပ်ကော်ထူးကိုမူ အရှေ့တိုင်း စစ်ဦးစီးချုပ်အဖြစ် ပြောင်းလဲ ခန့်အပ်လိုက် သည်။ သို့သော် လ အနည်းငယ်အတွင်းမှာပင် ဗိုလ်ချုပ်ကော်ထူးအား ဖြုတ်ချလိုက်ပြီး ထော့မဲပါ (ခေါ်) ဗိုလ် အောင်စိန် အား အရှေ့တိုင်း စစ်ဦးစီးချုပ်အဖြစ် တာဝန်ပေး ခန့်အပ်လိုက် ပြန်သည်။

ထိုသို့ ဆောင်ရွက်သည်မှာ ၁၉၆၀ ခုနှစ်မှစ၍ စောဟန်တာသာမွေး အုပ်စု၏ ဂိုဏ်းဂဏ ခွဲခြားမှုကို ဖန်တီးနေခြင်းသာ ဖြစ်သည်။ ထို့အပြင် စောဟန်တာသာမွေး သည် ထော့မဲပါအား တပ်မဟာ(၇)သို့ စေလွှတ်ပြီး ဗိုလ်မြ အပါအဝင် တပ်ရင်းများကို စည်းရုံးရန် တာဝန်ပေးခဲ့သည်။ သို့သော် ထော့မဲပါ သည် အာဏာပြလွန်းခြင်း၊ လူထု နှင့် ဆက်ဆံရာတွင် အကျင့် စာရိတ္တ ယိုယွင်း အားနည်းခြင်းတို့အပေါ် ဗိုလ်မြမှ လက်မခံသဖြင့် စောဟန်တာသာမွေးသည် ထော့မဲပါအား ရာထူးမှ ဖြုတ်ချခဲ့ရသည်။ ထို့နောက် ဗိုလ်ချုပ် ကော်ထူးအား ကော်သူးလေ စစ်ဦးစီးချုပ်အဖြစ် ပြန်လည် အပ်နှင်းခဲ့သည်။ သို့သော် ထိုကိစ္စသည် ဤမျှနှင့် မပြီးဆုံးဘဲ ထော့မဲပါ၏ အစီအစဉ်ဖြင့် ဗိုလ်မြအား လုပ်ကြံရန် ဗိုလ်လင်းထင်အား တာဝန်ပေးအပ်ခဲ့ခြင်းကို ဗိုလ်မြမှ မကျေနပ်။ ဗိုလ်မြမှ တိုင်း ဦးစီးကို လာရောက် ရှင်းလင်းပေးရန် တောင်းဆိုလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကော်ထူးသည် တပ်မဟာ (၇) တပ်မဟာရုံးရှိရာ “ကျော်လေးခို”သို့ သွားရောက်ပြီး ပြဿနာ အရပ်ရပ်ကို ဖြေရှင်းပေးခဲ့ရသည်။ ဗိုလ်ချုပ်ကော်ထူးသည် ရာထူးနှင့် ပတ်သက်၍ မက်မောခြင်း မရှိ သကဲ့သို့၊ သူ့အားပေးအပ်လာသည့် စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး တာဝန်များကို မည် သည့် နေရာဒေသတွင်မဆို ငြင်းပယ်ခြင်း မရှိဘဲ၊ သွားရောက်ကာ ကျေပွန်အောင် ထမ်း ဆောင်တတ်သူ ဖြစ်သည်။

နောက်ပိုင်းတွင် စောဟန်တာသာမွေးသည် ကဆောဝါး ညီလာခံ မတိုင်မီ ရှမ်းပြည်နယ်မှ ပြန်လည် ရောက်ရှိလာသော ဗိုလ်ကြီးဘရှိုင်းအား အရှေ့တိုင်း ဦးစီးချုပ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အဖြစ် ခန့်အပ်ပြန်သည်။ သို့နှင့် မကြာမီ ၁၉၆၃ ခုနှစ် ကဆောဝါး ညီလာခံ၌ စော ဟန်တာ သာမွေးသည် ကေအဲန်ယူပါတီနှင့် လမ်းခွဲ ထွက်သွားခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ညီညွတ်ရေးကို ဦးထိပ်ထားလျက် ငြိမ်းချမ်းစွာ ဖြေရှင်းတတ်ခြင်း

၁၉၆၃ ခုနှစ် ကဆောဝါး ညီလာခံတွင် ခေါင်းဆောင်မှုအတွင်း ညီညွတ် ရေးရရန် ကြိုးပမ်းအားထုတ်ရာတွင် ဥက္ကဋ္ဌ စောဟန်တာသာမွေးသည် ကေအဲန်ယူ ပါတီအပေါ် သဘောထား တင်းတင်းမာမာနှင့် ပြောဆို ဆက်ဆံလာခဲ့သည်။ ညီညွတ်ရေးအတွက် သဘောထားများ ချမှတ်ပြီး လိုက်နာရန် ဆုံးဖြတ် ခဲ့သော်လည်း နာခံခြင်းမရှိခဲ့ပေ။ ထို့ကြောင့် နယ်ခီးခ်ျင်းပသော ဗဟိုကော်မတီ အစည်းအဝေးသည် ညီညွတ်ရေးအတွက် မည်သို့မျှ အရာမထင်ခဲ့။

စောဟန်တာသာမွေးသည် "ဘိုဆာခီး"တွင် သူ့အားထောက်ခံသော အရှေ့တိုင်း တပ်မှူးများအား ဖိတ်ခေါ်ပြီး အစည်းအဝေး တရပ်ကို ကျင်းပလေသည်။ ထိုအစည်း အဝေး သို့ တပ်မဟာ(၃)မှ ဗိုလ်ထရူးမင်း၊ တပ်မဟာ (၅)မှ ဗိုလ်လင်းထင်တို့လည်း တက် ရောက်ခဲ့ကြပြီး လက်နက်ကိုင် တပ်မတော်၏ အမည်များကို ပြောင်းလဲရန် ဆုံးဖြတ် ခဲ့ကြသည်။ K.P.L.A.F. ကို K.A.F.(Karen Arm Force) ဟူ၍လည်းကောင်း၊ K.P.L.A. ကို K.N.L.A. (Karen National Liberation Army.) ဟုလည်းကောင်း ပြောင်းလဲ ခေါ်ဆို သွားရန် ဆုံးဖြတ်ခဲ့ကြ ခြင်းဖြစ်သည်။ ကေအဲန်ယူပါတီမှ ချမှတ်ထားသော သေနင်္ဂဗျူဟာ လမ်းစဉ် သဘောတရားများကိုလည်း ပယ်ချ လိုက်လေသည်။

၁၉၆၁ ခုနှစ် K.R.C. ၏ အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးကို "ထူးတလူး" တွင် ကျင်းပရာ ဗဟိုကော်မတီ စောဟန်တာသာမွေး၊ ပဒိုဝေသော၊ ပဒိုမန်း သိန်းမောင် တို့ (၃)ဦးသာ တက်ရောက်ခဲ့ကြပြီး၊ ထို အစည်းအဝေးတွင် တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို ပြင်ဆင်လိုက်ကြသည်။ အဓိက တိုက်ကွက် အဖြစ် အုပ်စိုးသူ ဖဆပလ အစိုးရအစား "ဗမာ နယ်ခြ"ဟု ပြင်ဆင်သည်။ တော်လှန်ရေး၏ နောက်ဆုံး ရည်မှန်းချက် ဖြစ်သော "ဆိုရှယ်လစ် လူ့ဘောင်" ကိုလည်း ဖြုတ်လိုက်လေသည်။ ဆရာစကော လယ်တော နှင့် မန်းဘဇန်တို့ ရောက်သွားသောအခါ အဘယ်ကြောင့် အလျင်စလို ဆုံးဖြတ်ခဲ့ရသလဲဟု မေးမြန်းသောအခါ စောဟန်တာသာမွေးမှ ဖာပွန်သို့ ရန်သူများ ချီတက်လာသောကြောင့် အလျင်စလို ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း အကြောင်းပြခဲ့သည်။

၁၉၆၁ ခုနှစ် ဗိုလ်ချုပ်ကော်ထူး ရှမ်းပြည် တော်လှန်ရေး အဖွဲ့များနှင့် တွေ့ဆုံပြီး ပြန်လည် ရောက်ရှိ လာချိန်တွင် ၁၉၅၆ ခုနှစ် မောကို ကွန်ဂရက်၏ ဆုံးဖြတ်ချက်အတိုင်း ပြန်လည်တည့်မတ်ပေးခဲ့ရသည်။ စောဟန်တာသာမွှေးသည် နိုင်ငံခြားနှင့် လျှို့ဝှက် ဆက်သွယ်ရာတွင် C.I.A. အဖွဲ့နှင့် ဆက်သွယ်ပြီး ပါတီ၏ လုပ်ငန်းများအား အကြိမ်ကြိမ် ဖောက်ဖျက်ခဲ့သည်။ ပါတီ၏ နိုင်ငံရေး စည်းရုံးရေး လုပ်ငန်းများအပေါ် လိုက်လံ ပိတ်ပင်မှု ကို ပြောင်ပြောင်တင်းတင်းပင် လုပ်ဆောင် လာခဲ့သည်။ ထို့အပြင် မန်းဘဇန်နှင့် ဗိုလ်ချုပ် ကော်ထူးတို့အား လုပ်ကြံရန် စီစဉ် နေခြင်းအပေါ် စစ်ဦးစီးချုပ် ဖြစ်သူ ဗိုလ်ချုပ်ကော်ထူးမှ သိရှိသော်လည်း ညီညွတ် ရေးအတွက် ဆိတ်ငြိမ်စွာဖြင့် သည်းခံနေ ခဲ့သည်။ ထိုကာလတွင် စောဟန်တာသာမွှေး တယောက် ထိုင်း-မြန်မာ နယ်စပ်တွင် အနေများပြီး စီးပွားရေး လုပ်ရန် စီစဉ်နေလေသည်။

၁၉၆၃ ခုနှစ် ကွန်ဂရက်မှ ထွက်သွားစဉ် တပ်မဟာ(၅)နှင့် တပ်မဟာ(၃)တို့မှ တပ်ဖွဲ့များ အား ကွန်ဂရက်ကျင်းပရာသို့ အမြန်ဆုံး လာရောက်ရန် အမိန့်ထုတ် ညွှန်ကြား ခဲ့သည်ကို ညီလာခံရှိ ကြေးနန်းအရာရှိများမှ သတင်းဖမ်းယူ ရရှိခဲ့သည်။ စောဟန်တာ သာမွှေး၏ ညွှန်ကြားချက်ကြောင့် တပ်မဟာ(၅)မှ ဗိုလ်လင်းထင် တပ်သည် “ဃဲပါ”သို့ တက်လာပြီး ထိုမှ တဆင့် “သလေဝေါဒဲ”တွင် နေရာယူထားသည်။ တပ်မဟာ(၇)မှ ဗိုလ်မြသည် ဗိုလ်လင်း ထင်၏တပ်များ ညီလာခံသို့ ချဉ်းကပ်လာကြောင်း သတင်းရ သဖြင့် သူ့ တပ်များကို “ဖားဝေါ”အနီးသို့ စေလွှတ်ကာ “စီးဒေးပလော” လယ်ကွင်းတွင် တပ်ချ ထားလိုက်သည်။ ထိုကိစ္စ ကို ဗိုလ်မြမှ ဗိုလ်ချုပ်ကော်ထူးထံသို့ စာရေး သတင်းပို့လိုက်သည်။ ထိုစာအရ သူ့တပ်ဖွဲ့များ တက်လာရခြင်းမှာ ဗိုလ်လင်းထင် တပ်ဖွဲ့များ၏ သတင်းကို ကြားသိ ရသဖြင့် တက်လာရ ခြင်း ဖြစ်ကြောင်းကိုလည်း ရှင်းပြခဲ့သည်။

ဗိုလ်မြတပ်များ ရောက်နေသော “စီးဒေးပလော” လယ်ကွင်းနှင့် ဗိုလ်လင်းထင် ၏ တပ်များရောက်ရှိ နေသော “တာဖောဒဲ”နှင့် “ဆာမူပယ်” ရွာများမှာ ခရီးအားဖြင့် နာရီဝက်ခန့် သာရှိသဖြင့်၊ ဗိုလ်ချုပ်ကော်ထူးသည် ဗိုလ်မြတပ်များ အနေဖြင့် အရမ်း ကာရော လုပ်မည် စိုးရိမ်ပြီး၊ ဗိုလ်မှူးဘော်လ်ဒင်၊ A.G. လှထွန်းနှင့် ဗိုလ်သိန်းလွင်တို့အား ထိုနေရာ သို့စေလွှတ် ကာ အလျင်အမြန်ပင် ပိတ်ပင် ဆီး တားခဲ့ရသည်။ ဤသို့ဖြင့် အချင်းချင်းကြား ဖြစ်ပွားလာ နိုင်သော လက်နက်ကိုင် ပဋိပက္ခကို ရှောင်ရှားနိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“ကဆောဝါး ညီလာခံ”မှ ခွဲထွက်သွားသော စောဟန်တာသာမွေး အဖွဲ့နှင့် ပြန်လည် ညီညွတ်ရေးရရှိရန် ကေအဲန်ယူပါတီသည် (၆)ကြိမ်တိတိ တွေ့ဆုံကာ ဆွေးနွေး ညှိနှိုင်းမှုများ ပြုခဲ့သည်။ သို့သော်လည်း စောဟန်တာသာမွေးသည် ကေအဲန်ယူပါတီနှင့် ပြန်လည် ညီညွတ်ရေးကို လက်မခံတော့ဘဲ၊ ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီ(ခေါ်) စစ်အစိုးရ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ (ဗိုလ် နေဝင်း) နှင့် သွားရောက်ပူးပေါင်းကာ ၎င်း၏ တပ်များ ဖြင့် ကေအဲန်ယူပါတီကို ပြန်လည် တိုက်ခိုက် ခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါတီ၏ နိုင်ငံရေး လမ်းညွှန်ချက်ကို အာမခံခြင်း၊
စစ်ရေး နိုင်ငံရေး မုန်တိုင်းကို မားမားရပ်ကာ ရှေ့ဆောင်ခဲ့ခြင်း

ကဆော၀ါး ညီလာခံမှ စောဟန်တာသာမွေးနှင့် ပဒိုဝေသော အုပ်စုတို့ ခွဲထွက် သွားပြီး နောက် ကေအဲန်ယူပါတီကို ပြန်လည်ဖွဲ့စည်းရာတွင် မန်းဘဇန်သည် ဥက္ကဋ္ဌ ဖြစ်လာပြီး၊ ဗိုလ်ချုပ်ကော်ထူးမှာ ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကော်သူးလေ စစ်ဦးစီးချုပ်တာ၀န် အပြင် ပေါလစ်ဗျူရိုအဖြစ်ပါ ရွေးချယ်ခြင်း ခံရသည်။ နောက်ပိုင်း စစ်ဦးစီး ဌာနချုပ်ကို နယ်ခီးမှ ခေးပူသို့ ပြောင်းရွှေ့လိုက်သည်။ ယွန်းစလင်း ချောင်းဖျား တွင် ကေအဲန်ယူပါတီ ဗဟိုဌာနချုပ်နှင့် စစ်ဦးစီး ဌာနချုပ်တို့သည် ချောင်း၏ တဘက်တချက် မနီးမဝေးတွင်ပင် တည်ဆောက်ထားကြသည်။

ထိုစခန်းအား ဗိုလ်လင်းထင်၏ တပ်မှ ဖားလူကျော်တပ်ခွဲနှင့် ဗိုလ်နေ၀င်း တပ်တို့ ပူးပေါင်းပြီး ဝင်ရောက် စီးနင်း တိုက်ခိုက်ခဲ့ကြရာ ကေအဲန်ယူပါတီမှ အရာရှိ အရာခံများ အပြင် ရဲဘော် စုစုပေါင်း (၁၃)ယောက် ကျဆုံးခဲ့ရသည်။ ထိုကျဆုံးသူများ ထဲတွင် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၊ ရုံးအုပ် နေထွန်း၊ မန်းသာထွန်းတို့လည်း ပါဝင် ခဲ့သည်။ ဗိုလ်တေမှာ ၁၉၅၁-၅၂ ခုနှစ် ဝက်လှလေးရွာ စစ်ရထား စီးနင်း တိုက်ခိုက်မှုတွင် ဒဏ်ရာရပြီး ရန်သူ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကာ ထောင်(၁၀)နှစ် ကျခံခဲ့ရသူ ဖြစ်သည်။ သို့သော် ၁၉၆၃ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည် လွတ်မြောက်ပြီး ဗိုလ်ချုပ်ကော်ထူးထံ ပြန်လာခဲ့သူ ဖြစ်သည်။ ကျဆုံးသူ စာရင်းတွင် ဒေါက်တာပု အပြင် မြစ်၀ကျွန်းပေါ်မှ လူသစ်အခ့ျို ဒေသ ကာကွယ်ရေး အဖွဲ့၀င် အခ့ျိုတို့လည်း ပါဝင်ခဲ့သည်။ ကရင့်သမိုင်းတွင် ကရင်အမျိုးသား အချင်းချင်း ပထမဦးစွာ ရက်ရက် စက်စက် တိုက်ခိုက် သတ်ဖြတ် ခံခဲ့ရသူများ ဖြစ်သည်။

ဗိုလ်ချုပ်ကော်ထူး၏ စစ်ရုံးချုပ်တွင် တာ၀န်အသီးသီး ယူထားကြသော်လည်း အဖွဲ့ ၀င်အားလုံးသည် မိသားစု၀င်များကဲ့သို့ပင် မှတ်ယူ နေထိုင် ကြသကဲ့သို့ ဗိုလ်ချုပ် ကော်ထူး အားလည်း လေးစားကြသည့်အတွက် ထိုသူများသည် ကျရာ တာ၀န်ကို အသက်ပေး ဆောင်ရွက်ခဲ့ကြသည်။ ၁၉၅၆ ခုနှစ် မြစ်၀ကျွန်းပေါ်မှ ပါလာသော ဗိုလ်ဒါ၀ိတ် (မန်းဒါ၀ိတ်)သည် ကရင်နီ အမျိုးသား လွတ်မြောက်ရေး အတွက် ကရင်နီပြည်သို့ သွားရောက်ကူညီရာ ၁၉၅၈ ခုနှစ်တွင် ရန်သူထံ လက်နက်ချသွားသော မောင်တော်ကြီး (အရီးကီး)တို့အဖွဲ့၏

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လုပ်ကြံမှုကြောင့် ကျဆုံး ခဲ့ရသည်။ မန်းဒါဝိတ် ကျဆုံး ပြီးနောက် သူ့နေရာတွင် ဗိုလ်ကြီး ထွန်းလူ နှင့် ဗိုလ်အောင်ကိုးတို့အား ထပ်မံစေလွှတ်ခဲ့သည်။ ဗိုလ်အောင်ကိုးမှာ ကရင်နီ စစ်မြေပြင်၌ ကျဆုံးခဲ့ရသည်။ ဗိုလ်ကြီးထွန်းလူ၏ ရုံးအဖွဲ့ သားများ ဖြစ်သော စံမြခင်၊ ချာတိတ်၊ သာဂိတို့မှာ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးအတွင်း ရန်သူအား အသက်ပေး တိုက်ပွဲ ဝင်သွား ခဲ့ကြသည်။ ဗိုလ်ကြီးထွန်းလူမှာမူ တပ်မဟာ(၂) တွင် ဆက်လက် တာဝန် ထမ်း ဆောင်လျက် ရှိသည်။ "စံမြခင်"သည် မြစ်ဝကျွန်းပေါ်တွင် ဗိုလ်ကြီး ချစ်လေးမောင်တို့ကဲ့သို့ ပင် တိုက်ခိုက်ရေးစွမ်းရည်ကောင်းသော တပ်ခွဲမှူး တဦး ဖြစ်သည်။ မြစ်ဝကျွန်းပေါ်အား ရန်သူမှ ဝိုင်းပတ်ပိတ်ဆို့ စစ်ဆင်ခဲ့စဉ်က စံမြခင်မှာ ပိတ်ဝိုင်း ခံထားရသည့်အခါ ရန်သူထံ လက်နက်မချဘဲ မိမိကိုင်ဆောင်ထားသော လက်နက်ဖြင့် ကိုယ့်ကိုယ်ကို အဆုံး စီရင်သွားခဲ့ သည်။

ဗိုလ်ကြီးမြစိန်မှာ ဗိုလ်ချုပ်ကော်ထူးအတွက် လက်ရုံးသဖွယ်လည်းဖြစ် ဆိုးတိုင်ပင် ကောင်း တိုင်ပင် လည်းဖြစ်သကဲ့သို့ လုပ်ငန်းကျွမ်းကျင်ပြီး ရုံးအဖွဲ့သား အားလုံး၏ လေးစား ချစ်ခင် မှု အခံရဆုံး ပုဂ္ဂိုလ်တဦးလည်း ဖြစ်သည်။ ဗိုလ်ကြီး မြစိန်သည် ပညာတတ်တဦး ဖြစ် သကဲ့သို့ ရဲဘော်များနှင့် တသားတည်း ဆက်ဆံ တတ်သူ ရဲဘော်များ သိလိုသည် များကို ရှင်းလင်း ပြောပြတတ်သူ မြန်မာ့အရေး ကမ္ဘာ့အရေး အကြောင်းအရာများကို စိတ်ရှည် လက်ရှည် ဆွေးနွေးပြတတ်သူ တဦးလည်း ဖြစ်သည်။

ခေးပူး စခန်းကို ဗိုလ်လင်းထင်၏ တပ်ခွဲမှူးဖြစ်သူ ဖားလူးကျော် သိမ်းပိုက် ရာတွင် ဗိုလ်ကြီး မြစိန် နှင့် ဗိုလ်တေတို့မှာ ဒဏ်ရာဖြင့် ဖမ်းဆီး ရမိသော်လည်း သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ပိုမိုဆိုးရွားသည်မှာ ၁၉၆၁ ခုနှစ် "အောင်မော်အေး" ထိုးစစ်အတွင်း စစ်ဦးစီး ဌာနချုပ် ရိက္ခာ မှူးဖြစ်သူ ဗိုလ်နံပြောင်မှာ အဖမ်းခံရပြီး အခြေခံစခန်းများအား ဖော်ထုတ်ရန် ဉာဉ်းပမ်း နှိပ်စက်ခြင်း ခံရသော်လည်း သစ္စာရှိစွာ နှုတ်ပိတ် အသေခံသွားခဲ့သည်။ ၎င်းအပြင် ဗိုလ်ဝင်း (ဗိုလ်လင်းထင်၏ ဒု-ရင်းမှူး) လက်အောက်ခံ စစ်ကြောင်းသည် "နောင်ရိုးထာ"တွင် အသက်ကြီး နေပြီဖြစ်သော ကော်ကဆာ အုန်းဖေညွန့်ကို ဖမ်းဆီး ရမိစဉ်က ညှင်းပမ်း သတ်ဖြတ် ခဲ့သည်သာမကဘဲ ၎င်း၏ သမီးငယ်ကိုပါ သူ့ရှေ့တွင် မတော်မတရား ပြုကျင့်ခဲ့ ကြသည်။ မည်သို့သော ခြိမ်းခြောက်မှု ရက်စက် ရိုင်းစိုင်းမှုများနှင့် ကြုံတွေ့ရလင့်ကစား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်သော မိသားစုဝင်များသည် အမျိုးသားတော်လှန်ရေးနှင့် ခေါင်းဆောင်များအပေါ် သစ္စာစောင့် သိစွာ အသက်ပေး သွားခဲ့ကြသည်သာ ဖြစ်သည်။

၁၉၆၄- "ခေးပူး"ရှိ စစ်ဦးစီးဌာနချုပ်စခန်းအား စောဟန်တာသာမွေး၏ တပ်နှင့် ဗိုလ်နေဝင်း၏ တပ်ဖွဲ့များမှ ပူးပေါင်းတိုက်ခိုက်ပြီး မီးရှို့ ဖျက်ဆီးသွားသောကြောင့် စစ်ဦးစီး ဌာနချုပ်ကို "လဲခီး" စခန်းသို့ ပြောင်းရွှေ့ခဲ့လေသည်။ စစ်ဦးစီးဌာနချုပ်နှင့် ပါတီ ဗဟို ဌာနချုပ်တို့သည် ယခင်အတိုင်း မနီးမဝေးနေရာကို ရွေးချယ်ကာ တည်ဆောက် ထားလေသည်။ ထို "လဲခီး"စခန်း၌ပင် ပါတီဗဟိုကော်မတီ အစည်းအဝေးတရပ်ကို ကျင်းပခဲ့သည်။ ဗိုလ်နေဝင်း စစ်အစိုးရ၏ လူတန်းစား လက္ခဏာကို သတ်မှတ်ရာတွင် အမြင်ခြားနား၍ အခြေတင် ဆွေးနွေးနေကြရသဖြင့် ထို ဗဟိုကော်မတီ အစည်းအဝေးသည် တလခန့် ကြာမြင့်ခဲ့သည်။

တချိန်တည်းတွင် ထိုကာလ၌ ဗိုလ်မြ၏ အမှတ်(၆)နှင့် အမှတ်(၇) နယ်မြေများ တွင်လည်း ရန်သူတပ်များ၏ အပြင်းအထန် ထိုးစစ်ဆင်ခြင်းကို ခံနေရချိန် ဖြစ်သည်။ ထို ထိုးစစ်အတွင်း ပါတီဗဟိုမှ လာရောက်ပြီး စစ်ရေး၊ နိုင်ငံရေး ဦးဆောင်မှုပြုပေးရန် စာဖြင့် အကူအညီ တောင်းခံခဲ့သည်။ ဗဟိုကော်မတီဝင် ဖြစ်သူ ဗိုလ်မှူးဘော်လ်ဒွင်ကို ပေးပို့ပေး ရန် တောင်းဆိုခဲ့သော်လည်း ဗိုလ်မှူးဘော်လ်ဒွင် မှာ ရွှေကျင်ဘက်သို့ ဆင်းနေသဖြင့် ပို့မပေးနိုင်ခဲ့။ ထိုကိစ္စကြောင့် ဗိုလ်မြသည် ပါတီဗဟိုအား "အစည်း အဝေးများ လုပ်ပြီး စစ်တိုက်ရန် စိတ်မကူးတော့ဘူးလား" ဟုပင် ရေးသားခဲ့လေသည်။ နောက်ပိုင်း ၁၉၆၅ ခုနှစ်တွင် ဗိုလ်မြသည် အရှေ့တိုင်းရှိ ခရိုင်နှင့် တပ်မဟာများ၏ ခေါင်းဆောင်များအား တိတ်တဆိတ် ဖိတ်ကြားလျက် အစည်းအဝေးတရပ် ကျင်းပ ခဲ့သည်။ ထိုအစည်းအဝေးမှ ပါတီ၏ အခြေခံ လမ်းစဉ်ကို ပြောင်းလဲရန် ဆုံးဖြတ်ပြီး၊ ပါတီ ဗဟို ခေါင်းဆောင်များထံ သွားရောက် တွေ့ဆုံသည်။ ဗိုလ်မြ တောင်းဆိုချက်တွင် "အခြေခံ ရန်သူအား နယ်ခြဲစနစ် သတ်မှတ်ခြင်း အဆုံးစွန် ရည်မှန်းချက်မှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး" စသော အချက်များအား ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။ ထို့အပြင် ပါတီ အနေဖြင့် "အနီ" အသုံးအနှုန်း (လက်ဝဲ အသုံးအနှုန်း)များကို အရမ်းကာရော အသုံးမပြုရန်ကိုလည်း ထည့်သွင်း တင်ပြခဲ့သည်။ ပါတီ၏ ဗဟိုခေါင်းဆောင်များမှ "လမ်းစဉ်ကို ကွန်ဂရက်မှသာ ပြင်ဆင်ပိုင်ခွင့် ရှိကြောင်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အနီ အသုံးအနှုန်း အပြောအဆိုများကိုမူ ရှောင်ရှားသွားမည် ဖြစ်ကြောင်းနှင့် ကွန်ဂရက် အ မြန်ဆုံး ခေါ်ယူ ပေးသွားမည်ဖြစ်ကြောင်း”တို့ကို ကတိပြုခဲ့ လေသည်။

၁၉၆၅ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတို့တွင် ရန်သူမှ ထိုးစစ်ဆင် နေသဖြင့် ကွန်ဂရက် ခေါ်ယူရန် သတ်မှတ်နိုင်ခြင်း မရှိခဲ့။ သို့သော် တိုင်းဥက္ကဋ္ဌနှင့် အတွင်း ရေးမှူး တို့သည် ကွန်ဂရက်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင် ထားကြလေသည်။ ၁၉၆၆ ခု နှစ်တွင် ဗိုလ်မြသည် ပါတီခေါင်းဆောင်များအား အရှေ့ တိုင်းမှ ထွက်သွားကြရန် အမိန့်ထုတ် ခဲ့သည်။ ထို့နောက် ဗိုလ်မြသည် အရှေ့တိုင်း အစည်းအဝေးတခုကို ခေါ်ဆိုပြီး ကရင့် တော်လှန်ရေး လမ်းစဉ်အား ပြင်ဆင် ရေးဆွဲလိုက်ပြီး K.N.L.C. ဟု ခေါ်သော အဖွဲ့အစည်း အသစ်တရပ်ကို တည်ထောင် လိုက်သည်။

ပါတီ ခေါင်းဆောင်များမှ နှစ်ဖက် ကိုယ်စားလှယ်များ နောက်ဆုံးအကြိမ် တွေ့ဆုံရန် ဗိုလ်မြထံတောင်းဆိုရာ ဗိုလ်မြသည် ခေးပူးသို့ လာရောက် တွေ့ဆုံ လေသည်။ ဆွေးနွေးပွဲ သည် (၃)ရက်ကြာပြီးနောက် ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် သဘောတူညီချက် ရခဲ့သည်။

(၁)။ နယ်ခြံစနစ်အား အခြေခံ ရန်သူအဖြစ် သတ်မှတ်သည်ကို ပယ်ဖျက် ပေးရန်၊

(၂)။ နောက်ဆုံးရည်မှန်းချက်အဖြစ် ဆိုရှယ်လစ် လူဘောင်သို့ ချီတက်ရေးကို ပယ်ဖျက် ပေး ရန်၊

(၃)။ အရှေ့တိုင်း ယာယီ ဦးဆောင် အဖွဲ့အစည်း ဖွဲ့စည်းပေးရန် ... ...

စသည်တို့ ဖြစ်သည်။ သို့ရာတွင် ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ဗိုလ်မြ၏ ကိုယ်စားလှယ်အဖွဲ့ တို့၏ ဆုံးဖြတ်ချက်များကို ပါတီဗဟိုမှ လက်ခံခြင်း မပြုခဲ့။

၁၉၆၆ ခုနှစ်တွင် စစ်ဦးစီး ဌာနချုပ်နှင့် ပါတီဌာနချုပ်ကို ဖာပွန် မြောက်ပိုင်း “လူ သော”မြို့နယ်၊“လဲခီး”လယ်ကွင်းမှ တပ်မဟာ(၂)နယ်မြေ တောင်ငူခရိုင် “ဘွေဘောဒဲ” အနီး “ဖလေးစာလို”သို့ ပြန်လည် ပြောင်းရွှေ့ခဲ့သည်။ ထိုဌာနချုပ် စခန်း၌ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပရာ မန်းဘဇန်နှင့် ဗိုလ်ချုပ်ကော်ထူး တို့ နိုင်ငံရေး သဘောထား အမြင် များ ကွဲလွဲလာလေသည်။

ထိုကွဲလွဲချက်များတွင် ... ...

(၁)။ ဗိုလ်မြနှင့် ၎င်းတို့၏ လုပ်ရပ်အပေါ် သဘောထား၊

(၂)။ ဗိုလ်နေဝင်းနှင့် စစ်အစိုးရအပေါ် အတန်းအစား သတ်မှတ်ရေး၊

(၃)။ ၁၉၅၅ လမ်းစဉ်နှင့် ၁၉၆၄ လမ်းစဉ်အပေါ် သဘောထား အမြင်များ ဖြစ်သည်။

- မန်းဘဇန် အုပ်စု၏ သဘောထားမှာ ဗိုလ်မြနှင့် ညီညွတ်ရေးအတွက် သူ၏ တောင်းဆိုချက်များအပေါ် လိုက်လျောနိုင်သမျှ လိုက်လျောရန်၊
- (၅၅)လမ်းစဉ်ဖြစ်သော အလားအလာနှစ်ရပ်ကို ဆက်လက် ကျင့်သုံး သွားရန်၊
- ဗိုလ်နေဝင်း ဦးဆောင်သော စစ်အစိုးရအပေါ် သတ်မှတ်ရာတွင် ပူးပေါင်း လုပ် ဆောင် နိုင်သည့် အဆင့်တွင် ရှိသည်။ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း ဗဟိုတို့၏ ဗိုလ်နေဝင်း အပေါ် လူတန်းစား သတ်မှတ်ရေးကို လက်မခံ ခဲ့ကြပေ။

နောင် တနှစ်အကြာ၊ ၁၉၆၇ ခုနှစ်တွင် (၆)ကြိမ်မြောက် ပါတီဗဟို ကော်မတီ၏ အစည်းအဝေးကို ပဲခူးရိုးမတွင် ခေါ်ယူ ကျင်းပခဲ့လေသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန်သည် (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်လာခြင်း မရှိတော့သဖြင့် သူ့ နေရာတွင် ပါတီဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကော်ထူးအား ရွေးချယ် တင်မြှောက်လိုက် ကြ သည်။ ထိုအစည်းအဝေးတွင် ပါတီ၏ အခြေခံ သဘောထား ဖြစ်သော အလုပ်သမား လူတန်းစား ဦးဆောင်မှု၊ အဆုံးစွန် ရည်မှန်းချက်သည် ဆိုရှယ်လစ် စနစ်ပင် ဖြစ်သည်။ ဗိုလ်နေဝင်း စစ် အစိုးရသည် ပြတ်သားစွာ တိုက်သွားရမည့် ဓနရှင်ကြီး ဖြစ်ပြီး၊ ၁၉၆၄ လမ်းစဉ်ဖြစ်သော လက်နက်ကိုင် တိုက်ပွဲ နည်းဖြင့်သာ အောင်ပွဲခံမည် စသည်များကို ချမှတ်ခဲ့ကြသည်။ ပါတီ ဥက္ကဋ္ဌသစ် ဗိုလ်ချုပ်ကော်ထူးသည် ဗဟိုကော်မတီ အစည်း အဝေး တွင် ဗိုလ်မြနှင့် ပြန်လည် ညီညွတ်ရေး တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ညီညွတ်ရေး တည်ဆောက်ရန်အတွက် ပါတီအနေဖြင့် ကြိုးပမ်းရာတွင် ... ...

ဗိုလ်မြတို့အဖွဲ့ ခေးပူး သဘောတူညီချက်အပေါ် ဆက်လက် အခြေခံထားခြင်း၊ စော ဟန်တာသာမွေး၏ K.R.C. အဖွဲ့အား ပြန်လည်ဖွဲ့စည်းရန် ရှေ့တန်းတင်လာခြင်း တို့ ကြောင့် ပါတီဗဟိုမှ လက်မခံဘဲ ပယ်ချလိုက်လေသည်။ ထိုသို့သော ဖြစ်ရပ်များကြောင့် မန်းဘဇန် သည် ပါတီမှ ခွဲထွက်သွားပြီး ဗိုလ်မြ အုပ်စုနှင့် သွားရောက် ပူးပေါင်းလိုက် သည်။ ကရင့် တော်လှန်ရေးအတွင်း နိုင်ငံရေးပဋိပက္ခ အတွင်း ပါတီ၏ လမ်းစဉ်အပေါ် အခိုင်အမာ ရပ်တည်ခဲ့လေသည်။

ဗိုလ်ချုပ်ကော်ထူး ထမ်းဆောင်ခဲ့သော တာဝန်များ

- ၁၉၄၉ ခုနှစ်၊ တပ်မဟာ(၁) တပ်မဟာမှူး
- ၁၉၅၁ ခုနှစ်၊ မြစ်ဝကျွန်းပေါ်တိုင်း တပ်မ(၁) တပ်မမှူး
- ၁၉၅၆ ခုနှစ်၊ ကော်သူးလေ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်
- ၁၉၅၉ ခုနှစ်၊ ကေအဲန်ယူပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဒု ကာကွယ်ရေးဦးစီးချုပ်
- ၁၉၆၁ ခုနှစ်၊ ကော်သူးလေ စစ်ဦးစီးချုပ်၊

ထို့နောက် အရှေ့တိုင်း စစ်ဦးစီးချုပ်၊ ပါတီဗဟိုကော်မတီ နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်

- ၁၉၆၇ ခုနှစ်၊ ကေအဲန်ယူပါတီ ဥက္ကဋ္ဌ
- ၁၉၇၁ ခုနှစ်၊ အောင်နိုင် (သို့မဟုတ်) မဒညတ ပူးတွဲတပ်တွင် ကေအဲန်ယူ ဗဟို ကိုယ်စားလှယ် ဥက္ကဋ္ဌ ...

စသည့် တာဝန်အသီးသီးကို ထမ်းရွက်ခဲ့သည်။

ယင်းကဲ့သို့အဆင့်အသီးသီး၌ တော်လှန်ရေးတာဝန်ကို ထမ်းဆောင် ခဲ့ရာတွင် သူသည် အမိန့်ကို အလွန်လေးစားလိုက်နာသူ ဖြစ်ရုံသာမက အလုပ်နှင့် သူ၏ လုပ်ဖော် ကိုင်ဘက်များ အပေါ်တွင်လည်း ချစ်ခင် လေးစားတတ်သူ တဦး ဖြစ်သည်။ ပါတီဗဟို၏ နိုင်ငံရေး စစ်ရေး စည်းရုံးရေး လုပ်ငန်းများအား အကောင်အထည် ဖော်ရာတွင် လည်းကောင်း၊ ညွှန်ကြားချက် များ ထုတ်ပြန်ရာတွင်လည်းကောင်း အသေးစိတ် လုပ်ငန်း များအထိ လုပ်ပုံလုပ်နည်းများကို အထူး ဂရုပြု လုပ်ဆောင်တတ်သူ တဦးဖြစ်သည်။

ပဲခူးရိုးမ အနောက်ခြမ်းရှိ မြို့များဖြစ်သော စစ်ကွင်း၊ မင်းလှ၊ အုတ်ဖို၊ အိုးသည်ကုန်း၊ ကြံုပင်ကောက် တို့ကို တပြိုင်တည်း စစ်ဆင်တိုက်ခိုက် ခဲ့စဉ်က သူကိုယ် တိုင် ဦးစီးလျက် တိုက်ပွဲကို မဖြစ် ဖြစ်အောင် ဖန်တီး ဖော်ထုတ် ခဲ့သည်။

နိဂုံးချုပ် တိုက်ပွဲ

၁၉၇၂ ခုနှစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကေအဲန်ယူပါတီတို့ ပူးပေါင်းထား သော အောင်နိုင်တပ်ဖွဲ့သည် ပဲခူးရိုးမတောင်ပေါ်(၁၄)ရွာအား အခြေခံပြီး စစ်စခန်းများ တည်ဆောက်ရန် စီစဉ်နေသော ရန်သူတပ်ဖွဲ့၏ ယာယီ စစ်စခန်းများကို အပြုတ်တိုက် ရန် လိုအပ်လေသည်။ ကေအဲန်ယူ တပ်ဖွဲ့မှ ဗိုလ်ကြည်လင်း ဦးဆောင်ပြီး ဗကပ တပ်ဖွဲ့တွင် တိုက် တိုင်းအောင် တပ်ဖွဲ့ ပါဝင်ခဲ့သည်။ ထိုတိုက်ပွဲတွင် တိုက်တိုင်းအောင် တပ်ဖွဲ့ကို သခင်ချစ်၏ သမီးဖြစ်သူမှ ဦးစီးခဲ့သည်။ ပီကင်းပြန် နို့တစ်လုံးစိန် (နော်တလူးစိန်)လည်း ပါဝင်သည်။ တိုက်ပွဲဖော်ရန် ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်ချုပ် မြမောင်တို့ ပါဝင်သည်။ ဗိုလ်ချုပ်ကော်ထူးမှာ ကိုယ်တိုင် သွားရောက် ဦးစီးခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကော်ထူး စစ်မြေပြင်သို့ ထွက်ခွာရာတွင် ရိက္ခာများ တင်ဆောင်ရန် ဆင်တ ကောင် ပါသွားသည်။ တနာရီခန့်အကြာ ဆက်သားတဦးပြန်လာပြီး ဆေးဝါးများ ပြန် ရှာသည်။ ထိုဆက်သားမှ ဗိုလ်ချုပ်မြမောင်အား ဗိုလ်ချုပ်ကော်ထူး ဖျားနေကြောင်း ဆေးများ ကိုရှာရင်း ပြောပြသည်။ ဧပြီလဖြစ်သဖြင့် ရာသီဥတုမှာလည်း အလွန် ပူပြင်းလှ သည်။ ထို့ထက် ဆိုးသည်မှာ ထိုအချိန်က တောမီးများလည်း လောင်နေကြောင်း သိရ သည်။ ဗိုလ်ချုပ်မြမောင်ကိုယ်တိုင် ဆေးများ ရှာဖွေပေးပြီး ဆေးဆရာမတဦးကိုပါ စေ လွှတ်ခဲ့ သည်။ ဗိုလ်ချုပ်ကော်ထူးအနေဖြင့် ဆက်လက် မသွားနိုင်ပါက ဆက်မသွား ရန်နှင့် သူ ကိုယ်တိုင် သွားမည်ဖြစ်ကြောင်းကို ဗိုလ်ချုပ်မြမောင်သည် ဆက်သားမှ တဆင့် သတင်း စကား ပါးလိုက်သည်။

သို့ရာတွင် ဗိုလ်ချုပ်ကော်ထူးသည် ပါလာသည့်ဆေးကို အထိုးခံပြီးနောက် ဆက် လက် ခရီးထွက်ခဲ့သည်။ ဗိုလ်ချုပ်ကော်ထူးအတွက် ထို စစ်ဆင်ရေးသည် အလွန် အရေး ကြီး သည်။ ရန်သူလာ၍ တပ်များချထားသော နေရာတွင် ၎င်းတို့ အခိုင်အမာ အခြေချ နိုင်ပါက မိမိတို့ တော်လှန်ရေးတပ်ဖွဲ့များ အေးအေးဆေးဆေး နေနိုင်မည် မဟုတ်ဘဲ တမိုးတွင်းလုံး ဖရိုဖရဲ ဖြစ်လာနိုင်စရာ အကြောင်းရှိသည်။ ထို့ကြောင့် ခြောက်သွေ့ကာလ အတွင်း ရန်သူကို အပြီးအပြတ် မောင်းထုတ်ပစ်ရန်ကိုသာ သူလိုလားနေသည်။ တိုက်ပွဲ စပြီး နှစ်ဖက်တပ်ဖွဲ့များ ပစ်ခတ်နေချိန်တွင် သူ အပြင်းဖျား လာသည်။ အဖျား ရောဂါ မှာလည်း ပြင်းထန်သည်ထက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြင်းထန်လာသကဲ့သို့ သူ၏ နှလုံးရောဂါမှာလည်း ဖောက် လာသည်။ ထိုအချိန် ဗိုလ်ချုပ်မြ မောင် ရောက်လာပြီး ဗိုလ်ချုပ်ကော်ထူးအား “ဆောမူခိုလော်”သို့ ပြန်လည် သယ်ဆောင်စေခဲ့ သည်။ “ဆောမူခိုလော်”သည် သူ၏ဇနီး ဒေါက်တာ နန်းရှင် သေဆုံးခဲ့သော နေရာဖြစ်သည်။ စစ်သတင်းအရ စခန်း(၃)ခု စလုံးကို တပြိုင်တည်း သိမ်းပိုက်နိုင်ကြောင်း ဗိုလ်ချုပ်မြမောင်မှ သူ့အား ဖတ်ပြအပြီးမှာပင် ဗိုလ်ချုပ်ကော်ထူးသည် ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားခဲ့သည်။

တပ်ပေါင်းစု ခေါင်းဆောင်များ



မရန်ဘရန်ဆိုင်း

ဦးသွင်

ပဒိုဘသင်စိန်

နောက်ဆက်တွဲ ဖြည့်စွက်ချက်

ဗိုလ်ချုပ်ကော်ထူး ကျဆုံးစဉ် ၎င်း၏ တတိယဇနီးသည်နှင့် ကလေး (၃)ယောက် ကျန် ရှိခဲ့သည်။ ပထမ ဇနီးဖြစ်သူ ဒေါက်တာနန်းရှင်မှာ ကိုယ်ဝန်လွယ် ထားချိန် ကွယ်လွန် ခဲ့ရပြီး၊ ဒုတိယ ဇနီးဖြစ်သူ စစ်ဦးစီးရုံးအဖွဲ့ဝင် စောသာထွန်း၏ အမဖြစ်သူ နော်ရိုလေးမှာ လည်း အရှေ့တိုင်းမှ မြစ်ဝကျွန်းပေါ်သို့အပြန်ခရီးတွင် ကလေးမီးဖွားစဉ် သွေးတက်၍ သေ ဆုံး ခဲ့ရ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ တတိယ ဇနီးသည်ဖြစ်သူ နော်ဗျူလာ တွင်မူ သား သမီး(၃)ဦး ထွန်းကားခဲ့ ပြီး ထိုသူ တို့မှာ စောသောသီထူး၊ စောကွာလာထူးနှင့် အငယ်ဆုံး သမီးဖြစ်သူ နော် အဲနေထူး တို့ ဖြစ်သည်။

နော်အဲနေထူးသည် ဗိုလ်ချုပ်ကော်ထူး ကျဆုံးပြီးနောက် ငယ်ငယ် ရွယ်ရွယ်နှင့် တပ်မဟာ(၂) တပ်မဟာမှူး ဗိုလ်မှူးဘောနေ၏သားနှင့် အိမ်ထောင်ကျခဲ့သည်။ တပ်မဟာ (၂)အား ရန်သူမှ ထိုးစစ်ဆင်စဉ် ဗိုလ်ချုပ်ကော်ထူး၏ သမီးဖြစ်သူ နော်အဲနေထူးတို့ မိသားစု အား ရန်သူတပ်မှ ဖမ်းဆီး ရမိသွားသည်။ ၎င်းတို့ မိသားစုအား ရန်သူမှ ဖမ်းဆီး ခေါ် ဆောင်သွားစဉ် လမ်းခုလပ်၌ ကေအဲန်ယူတပ်ဖွဲ့များ၏ စောင့်ပစ် ခြင်းကို ခံခဲ့ရသော ရန်သူ တပ်ဖွဲ့သည်၊ ဖမ်းဆီးရမိထားသော ဗိုလ်ချုပ်ကော်ထူး၏ ဇနီးသည်ဖြစ်သူ နော်ဗျူလာ၊ သမီး ဖြစ်သူ နော်အဲနေထူး တို့အပြင် သားမက်ဖြစ်သူတို့ အားလုံးကို ပစ်သတ်ခဲ့လေသည်။

သားအကြီးဆုံးဖြစ်သူ စောသောသီထူးကိုမူ ဗိုလ်ချုပ်ကော်ထူး၏ ညီမ ဖြစ်သူမှ မြစ်ဝကျွန်းပေါ်သို့ ပြန်ခေါ်သွားခဲ့သည်။ သားလတ်ဖြစ်သူ စောကွာလာထူး မှာမူ အရှေ့တိုင်း တွင် ဦးလေးဖြစ်သူနှင့် ကျန်ရစ်ခဲ့သည်။ ။

ဗိုလ်ချုပ်မြမောင်

အဖအမည် မန်းညွန့်မောင် မိခင်အမည် ဃါ့ငွေညွှန့် ဖြစ်သည်။ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်၊ နယ်ပေး ကျေးရွာ၌ ၁၉၁၈ ခုနှစ်တွင် မွေးဖွားသည်။ မောင်နှမ (၅) ယောက်တွင် အငယ်ဆုံးသားဖြစ်သည်။ မောင်နှမများမှာ (၁) မန်းဘခင်၊ (၂) မန်း အောင်ခင်၊ (၃) မန်းကျော်ခင်၊ (၄) မန်းကျော်စိန် နှင့် (၅) မန်းမြမောင် (ဗိုလ်ချုပ် မြမောင်) တို့ဖြစ်သည်။

မအူပင်မြို့၌ သတ္တမတန်းကို သင်ကြားခဲ့ပြီး၊ အင်္ဂလိပ်စစ်တပ်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၃၉ ခုနှစ် ဂျပန်တပ်များ ဗမာပြည်သို့ ဝင်ရောက်လာသောအခါ အင်္ဂလိပ် စစ်တပ်နှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားသည်။ ၁၉၄၅ ခုနှစ်တွင် အင်္ဂလိပ် တပ်များနှင့်အတူ ဗမာပြည်သို့ ပြန်လည်ရောက်ရှိလာပြီး၊ ကရင့် သေနတ်ကိုင်တပ်ရင်း အမှတ်(၂)တွင် ပြန်လည် တာဝန်ထမ်းခဲ့သည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ကရင့်လက်နက်ကိုင် တော်လှန်ရေး စတင်ခဲ့ပြီးနောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်တွင် ဖွဲ့စည်းခဲ့သော တပ်မဟာ(၁) တပ်ရင်း (၁)တွင် တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တပ်မဟာ(၁) တပ်မဟာမှူးမှာ ဗိုလ်ချုပ် ကျော်မြသန်း (ဗိုလ်ချုပ်ကော်ထူး)ဖြစ်သည်။ တပ်မဟာ (၁)ကို ဖွဲ့စည်းစဉ်က တပ်ရင်း (၃)ရင်းရှိရာ တပ်ရင်း(၁)တွင် ဗိုလ်မှူးကြီး မြမောင်၊ တပ်ရင်း(၁၈)တွင် ဗိုလ်အုန်းမောင်၊ ဗိုလ်သာချို၊ တပ်ရင်း(၁၆)တွင် ဆရာထွန်း လှိုင် (ခေါ်) ဗိုလ်ရှိုးရှု တို့မှာ တပ်ရင်းမှူးများ အဖြစ် တာဝန်ယူခဲ့ကြသည်။

၁၉၅၁ ခုနှစ် ကျော်ဇော စစ်ဆင် ရေးတွင် တပ်မဟာ(၁) နယ်မြေ ဖြစ်သော ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ ဒေသများ ကို ထိုးစစ်ဆင်ရာတွင် မိမိတို့၏ အခြေခံ နယ်မြေကို စွန့်လွှတ်ပြီး ပဲခူးရိုးမ အနောက် ခြမ်းတွင် တပ်မဟာ(၁) ဌာနချုပ်ကို ယာယီ စခန်းပြုလုပ်ခဲ့သည်။ တပ်မဟာ(၁)သည် ပဲခူးအနောက်ခြမ်းသို့ ဆုတ်ခွာစဉ်က အိမ်ထောင် သည်များ အပါအဝင် အင်အား နှစ်ထောင် (၂,၀၀၀)ကျော် ရှိလေသည်။ ကျော်ဇော စစ်ဆင်ရေးတွင် တပ်မဟာ(၂)နှင့် တပ်မဟာ(၄) တပ်ဖွဲ့များသည်လည်း ရခိုင်ရိုးမ တောင်ခြေဘက်သို့ ယာယီ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆုတ်ခွာပေးခဲ့ကြရသည်။ တပ်မဟာ(၁)သည် ပဲခူး အနောက် ခြမ်းသို့ ဆုတ်ခွာခဲ့သော်လည်း တပ်ရင်း(၁)မှ တပ်ခွဲ(၁)ကို ချန်လှပ်ပြီး၊ နယ်မြေအတွင်း ရန်သူကို ပြောက်ကျားစံနစ်ဖြင့် တိုက်ခိုက်ရန် ချန်ထားခဲ့သည်။ ထိုတပ်ခွဲကို ဗိုလ်တင်ဦးက ဦးစီးလေသည်။ ဗိုလ်တင်ဦး နှင့် သူ၏တပ်ဖွဲ့သည် နယ်မြေအတွင်း ရန်သူများကို လိုက်လံ တိုက်ခိုက်ရာတွင် ရန်သူ အများ အပြားကို ချေမှုန်းနိုင်ခဲ့သည်။

၁၉၅၂-၅၃ ခုနှစ်အတွင်း တပ်မဟာ(၁)သည် မိမိတို့ အခြေခံရာ ဧရာဝတီတိုင်းသို့ ပြန်လည် အခြေချနိုင်ခဲ့သည်။ ၁၉၅၄ ခုနှစ် "လှေဆွဲ" တပ်မှူး အစည်းအဝေးတွင် တပ်မ တော်(၃)ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ K.P.L.A. ကရင်ပြည်သူ့ လွတ်မြောက်ရေး တပ် မ တော်၊ K.P.G.F. ကရင် ပြည်သူ့ပြောက်ကျား တပ်ဖွဲ့၊ K.N.D.O. ကရင်အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့တို့ ဖြစ်သည်။

ဗိုလ်ချုပ်ကော်ထူးအား ကော်သူးလေ အစိုးရ၏ ဒုတိယ စစ်ဦးစီးချုပ် ရာထူးသို့ တိုး မြှင့်ခန့်ထားပြီး၊ အရှေ့တိုင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းရမည် ဖြစ်သဖြင့် ဗိုလ်ချုပ် မြမောင် သည် K.P.L.A. တပ်မဟာ(၁) တပ်မဟာမှူးအဖြစ် တာဝန်ယူခဲ့ရသည်။
တပ်မဟာ(၁)တွင် တပ်ရင်းနှင့် တပ်ရင်းမှူးများမှာ အောက်ပါ အတိုင်း ဖြစ်သည်။
တပ်ရင်း(၁) တပ်ရင်းမှူး ဗိုလ်တင်ဦး၊
တပ်ရင်း(၂) တပ်ရင်းမှူး ဗိုလ်ချစ်တင်၊
တပ်ရင်း(၃) တပ်ရင်းမှူး ဗိုလ်မှူးအောင်ဖေဇန်၊
တပ်ရင်း(၄) တပ်ရင်းမှူး ဗိုလ်မှူးစိုးလင်းတို့ ဖြစ်သည်။

၁၉၅၆ ခုနှစ် မောကိုညီလာခံအပြီး မြစ်ဝကျွန်းပေါ်တိုင်းကို ပြန်လည် ဖွဲ့စည်းခဲ့ရာတွင် ဗိုလ်ချုပ်မြမောင်အား ဒုတိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ မြစ်ဝကျွန်းပေါ် K.P.L.A. တပ်မဟာမှူးနေရာတွင် ဗိုလ်မှူးချုပ်ကျင်ဖေအား ပြန်လည် ခန့်ထားသည်။
ပြန်လည်ဖွဲ့စည်းသော K.P.L.A. တပ်ရင်းများမှာ၊
တပ်ရင်း(၁) တပ်ရင်းမှူး ဗိုလ်မှူးမြသိန်း၊
တပ်ရင်း(၂) တပ်ရင်းမှူး ဗိုလ်မှူး ချစ်တင်၊
တပ်ရင်း(၃) တပ်ရင်းမှူး ဗိုလ်မှူးဘော်လ်ဒင် တို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၃ ခုနှစ် ကဆောဝါး ညီလာခံအပြီး တွင် ဟံတာသာမွေး ခွဲထွက်သွားပြီး ရန်သူနှင့် ပူးပေါင်းသွားရာ၊ ဧရာဝတီတိုင်း စစ်ဦးစီးချုပ် ဗိုလ်ချုပ်စိန်မုန်သည် ဟန်တာသာမွေးနောက် သို့လိုက်ပါသွားသဖြင့် ဗိုလ်ချုပ်မြမောင်မှာ တိုင်း ၏ စစ်ဦးစီးချုပ် ရာထူးကို ခန့်အပ်ခြင်း ခံရသည်။

မကြာမီ တိုင်းဥက္ကဋ္ဌ မန်းစိန်ဟန်မှာ အဖမ်းခံရသဖြင့် ဗိုလ်ချုပ်မြမောင်အား ဧရာဝ တီတိုင်း တိုင်းဥက္ကဋ္ဌအဖြစ် ပြန်လည် ခန့်အပ် ခြင်းခံခဲ့ရသည်။

ထိုစဉ်က တိုင်းကော်မတီ (စစ်ရေး၊ နိုင်ငံရေး) ဖွဲ့စည်းပုံမှာ အောက်ပါ အတိုင်း ဖြစ်သည်။

တိုင်းဥက္ကဋ္ဌ - ဗိုလ်ချုပ်မြမောင်၊

တိုင်း စစ်ဦးစီးချုပ် - ဗိုလ်ချုပ်မြရင်၊

တိုင်းအတွင်းရေးမှူး- ဦးစိုးအောင်၊

တပ်မနိုင်ငံရေးမှူး- ဗိုလ်မှူးချုပ်ကျော်သောင်း၊

တပ်မဟာမှူး- ဗိုလ်မှူးထွန်းအေး တို့ဖြစ်သည်။

ရန်သူ စစ်အစိုးရသည် ၁၉၆၅ ခုနှစ်မှစတင်ပြီး ဧရာဝတီတိုင်းအား “ဆင်မင်း” စစ်ဆင်ရေး ဖြင့် ထိုးစစ် ဆင်စဉ်က ကြည်း၊ ရေ၊ လေတပ်များဖြင့် ဝိုင်းဝန်း ပိတ်ဆို့ပြီး တိုက်ခိုက်ခဲ့လေသည်။ မိမိတို့ တပ်ဖွဲ့များ ခုခံ တိုက်ခိုက်သဖြင့် ရန်သူအထိအခိုက် အကျအဆုံး အများအပြား ရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အောင်စစ်သည် ထိုးစစ်ဖြင့် တိုင်းဌာနချုပ်သို့ ထိုးစစ်ဆင်ရာ မိမိတို့ဘက်မှ ရဲရဲ ရင့်ရင့် ခုခံတိုက်ခိုက်ပြီး၊ ရန်သူ့ လက်နက် အများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ရန်သူမှ ပိုမိုသာလွန်သော အင်အားဖြင့် ထိုးစစ် ဆင်ခဲ့ခြင်းကြောင့် တိုင်း စစ်ဌာနချုပ်ကို ရခိုင်သို့ ပြောင်းရွှေ့ ခဲ့ရသည်။ ရန်သူသည် မြစ်ဝကျွန်းပေါ်တိုင်းအား ရွှေလင်းယုန် စစ်ဆင်ရေး၊ “မိုးဟိန်း စစ်ဆင်ရေး” အဆင့်(၁)မှ (၁၀)အထိ အဆက်မပြတ် တိုးမြှင့် စစ်ဆင်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်း အဝေး မှ ကေအဲန်ယူပါတီ စစ်ဦးစီးချုပ်တာဝန်ကို ခန့်အပ်ရာ K.N.U.P. ကေအဲန်ယူ ပါတီ ဗဟိုဌာနချုပ်ရှိရာ ပဲခူးရိုးမသို့ တက်ရောက်ခဲ့ရသည်။ ၁၉၆၇ ခုနှစ်တွင် မန်းဘဇန် သည် ပါတီဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်ခြင်း မရှိသည့်အတွက် ပါတီ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကော်ထူး၊ ဒု ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မြမောင်တို့မှ အစားထိုး တာဝန် ယူခဲ့ ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၂ ခုနှစ် မြစ်ဝကျွန်းပေါ်တိုင်းတွင် ရန်သူ၏ ထိုးစစ် ကာလအတွင်း ရခိုင်ရိုးမမှ ကရင် တော်လှန်ရေး တပ်ဖွဲ့များသည် စစ်ကြောင်း (၂)ကြောင်းခွဲကာ ပုသိမ် ဘက်သို့ တကြောင်း၊ ဟင်္သာတဘက်သို့ တကြောင်းဖြင့် ဝင်ရောက်ခဲ့သည်။ ရန်သူမှ ကြိုတင် ပြင်ဆင်ပြီး၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များဖြင့် ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံရသောကြောင့် မိမိတို့ ကရင်တပ်ဖွဲ့များ ထိခိုက် ဒဏ်ရာရခြင်းနှင့် လက်နက်ချသူများ အများအပြား ရှိခဲ့သည်။ တိုင်းဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင် ကိုယ်တိုင် ရက်အတန်ကြာ အစား အသောက် ပြတ်လပ်ပြီး ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရလေသည်။ လက်နက်ချသူများ အထဲတွင် မြစ်ဝကျွန်းပေါ်တိုင်း တပ်မဟာမှူး ဗိုလ်မှူးထွန်းအေးလည်း ပါဝင် လေသည်။

၁၉၇၀ ခုနှစ်တွင် ကေအဲန်ယူပါတီမှ ခွဲထွက်သွားသော မန်းဘဇန်နှင့် အဖွဲ့သည် ဗိုလ်မြ၏ K.N.L.C. ခေါ် ကရင်အမျိုးသား လွတ်မြောက်ရေး ကောင်စီနှင့် ပူးပေါင်းပြီး K.N.U.F. ခေါ် Karen National united front. ကရင် အမျိုးသား ညီညွတ် ရေးတပ်ဦးကို ဖွဲ့စည်းလိုက်သည်။ ထို့နောက် ဦးနု၏ ပါလီမန် ဒီမိုကရေစီ ပါတီ (P.D.P.) နှင့် ပူးပေါင်းပြီး တိုင်းရင်းသား လူမျိုးပေါင်းစုံ ညီညွတ်ရေးနှင့် လွတ်မြောက်ရေး တပ်ပေါင်း စုကို ဖွဲ့စည်းလိုက်သည်။ U.N.L.f. ခေါ် (တလည) ဖြစ်သည်။

၁၉၇၀ ခုနှစ်နောက်ပိုင်း K.N.U.P. အတွင်းရေးမှူးချုပ် ကျဆုံး သွားခြင်း။

၁၉၇၀ ခုနှစ်မှာပင် ဗိုလ်မှူးကြီးတင်ဦး(ဖူးတာအယ်) ပါတီကို စွန့်ခွာ သွားခြင်း။

၁၉၇၂ ခုနှစ် K.N.U.P. ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ ခြင်းကြောင့်၊ ကေအဲန်ယူပါတီ၏ နိုင်ငံရေး စစ်ရေး ဦးဆောင်အဖွဲ့၏ အမြင့်ဆုံး တာဝန် သည် သူ့အပေါ်သို့ လုံးဝကျရောက်လာခဲ့သည်။ ကေအဲန်ယူပါတီ နှင့် ဗမာပြည် ကွန်မြူနစ် ပါတီတို့၏ မဟာမိတ်ဆက်ဆံရေးနှင့် စစ်ရေး ပူးတွဲ တိုက်ခိုက်ရေးတွင်၎င်း နိုင်ငံခြား ဆက်သွယ်ရေးနှင့် မြောက်ပိုင်း မဟာမိတ်ဆက်ဆံရေး တာဝန်များသည် လည်းကောင်း အလွန် ကြီးမားသော တာဝန်တရပ် ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်ရှိ K.N.U.P. တပ်ဖွဲ့ဝင်အများအပြား ကျဆုံးခဲ့ခြင်း လက်နက်ချ ခြင်းများကြောင့် ရန်သူသည် မြစ်ဝကျွန်းပေါ်ကို ထိန်းချုပ်နိုင်ပြီးနောက် ပဲခူးရိုးမတိုင်းကို ၁၉၆၉ ခုနှစ်တွင် စတင် ထိုးစစ် ဆင်ခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၂ ခုနှစ်တွင် ကေအဲန်ယူပါတီနှင့် ဗကပ တို့သည် အောင်နိုင် ပူးတွဲ တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ အောင်နိုင်ပူးတွဲတပ်ဖွဲ့အား စစ်ကြောင်း (၂) ကြောင်းဖြင့် စုဖွဲ့ထားပြီး၊ စစ်ကြောင်း(၁)ကို K.N.U.P.မှ ဗိုလ်ထိုကြည်က ဦးဆောင်ပြီး၊ စစ်ကြောင်း (၂)ကို ဗိုလ်မှူးမိုးဟိန်းမှ ဦးဆောင်ခဲ့သည်။ ရန်သူ တပ်မ (၈၈)နှင့် (၉၉)မှ စစ်ကြောင်း များကို တပ်ခွဲလိုက် တပ်စုလိုက် ချေမှုန်းနိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်အထိ တောင်ပေါ်(၁၄)ရွာကို အခြေချလာမည့် ရန်သူ့စစ်စခန်းများကို ဝင်ရောက် သိမ်းပိုက်နိုင်ခဲ့သည်။ K.N.U.P. သည် တော်လှန်သော သဘောတရားအရ “တိုက်ရင်း ကုန်ထုတ်၊ ကုန်ထုတ်ရင်း တိုက်” အတွေး အခေါ် သဘောတရားအပေါ် အခြေခံလျက် တောင်ယာများ ခုတ်ကာ တပ်ရိက္ခာများကို စုဆောင်း သိုလှောင် ထားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ရန်သူ တပ်မ(၇၇)သည် တောင်ခြေကျေးရွာမှ လူထုများကို သိမ်းသွင်းပြီး ရဲနွယ်ချောင်းဂွင်အား ပိတ်ဆို့ပြီး ဖြတ်လေးဖြတ် အစီအစဉ် စစ်ဆင်ရေးကို စတင်လုပ်ခဲ့သည်။ (၁) သတင်းပိတ်ဆို့မှု၊(၂) ကရင်ပြည်သူလူထုနှင့် အဆက်ပြတ် အောင် ပိတ်ဆို့မှု၊ (၃) ရိက္ခာ ထောက်ပံ့မှု ရနိုင်သည့်လမ်းကြောင်းများအားပိတ်ဆို့ခြင်း၊

(၄) ခြေမှုန်းရေး တပ်ဖွဲ့များက နယ်မြေကျွမ်းကျင်သူများ၊ လက်နက် ချသူ သစ္စာဖောက် များအား အသုံးချပြီး မိမိတို့ ကရင့်တော်လှန်ရေး အဖွဲ့များ၏ စခန်း အသီးသီးသို့ ဝင်ရောက် တိုက်ခိုက်ခြင်းများကို နေ့စဉ် ပြုလုပ်လျက် ရှိလေသည်။

တောင်ပေါ်(၁၄)ရွာအတွင်း ကျေးရွာအားလုံးကို မြေပြန့်သို့ မောင်းချပြီး ကရင့် တော်လှန်ရေး အဖွဲ့အစည်းအား အထီးကျန် ဖြစ်အောင် လုပ်ဆောင် ခဲ့သည်။

ကေအဲန်ယူပါတီသည် လ အတော်ကြာမျှကြာအောင် သိုဝှက်ထားသော ရိက္ခာ များကို ခြိုးခြံ ချွေတာ စားသောက် နိုင်ခဲ့သော်လည်း၊ နောက်ပိုင်း လနှင့်ချီပြီး ရိက္ခာ ပြတ်တောက် ခဲ့ရသည်။ ဒဏ်ရာရသူ အများအပြား ရှိလာခြင်း ဆေးဝါး မရှိခြင်း တို့ကြောင့် ပါတီဦးဆောင်မှုဖြင့် ကျန်ရှိသော တပ်ဖွဲ့များကို စုစည်းပြီး ဖောက် ထွတ်ရန် ဆုံးဖြတ်ချက်ချ လေသည်။ နောက်ဆုံးတွင် စစ်ကွက် အသီးသီးမှ တပ်သား အားလုံးကို ပါတီဥက္ကဋ္ဌမှ ခေါ်စုပြီး ပြင်ဆင်မှု တခု်ပျိုကို ပြုလုပ်ခဲ့သည်။

ပထမဦးစွာ လမ်းတွင် စားသုံးရန် ရိက္ခာကို ခက်ခဲစွာ စုဆောင်းသည်။ မလုံ လောက်သော်လည်း ရှင်သန်ရေးအတွက် ရှိသမျှအားနှင့် ဖောက်ထွက်ရန်ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယအနေဖြင့် ဒဏ်ရာရသူများ၊ ဖျားနာနေသော ရဲဘော်များ၊ ခေါင်း ဆောင် များကို စောင့်ရှောက်ရန် လှုပ်ရှားနိုင်သေးသော ရဲဘော်များနှင့် ဖွဲ့စည်းပေးခဲ့သည်။ အခ့ျို ကိုလည်း ကြိုတင်ပြီး အရှေ့ရိုးမသို့ ဖြည်းဖြည်းရွေ့လျားရန် ပြင်ဆင် ခဲ့သည်။

တတိယအနေဖြင့် ကရင့်လက်နက်ကိုင် တော်လှန်ရေးတွင် အကျပ်အတည်း နှင့် ပင်ပန်း ဆင်းရဲခြင်းကို မခံနိုင်သော ရဲဘော်များကို နုတ်ထွက်ခွင့်နှင့် အညံ့ခံ လိုပါ ကလည်း ရန်သူ့ထံ တွင် လက်နက်ချခွင့် ပြုခဲ့လေသည်။ သို့သော် ထိုသူများအနေဖြင့် လက်နက်များ ယူဆောင် သွားခြင်းကိုမူ ခွင့် မပြု ခဲ့ပေ။

၁၉၇၄ ခုနှစ်ကာလသည် မြစ်ဝကျွန်းပေါ်တိုင်းကော်မတီနှင့် ပါတီဝင် အမြောက် အများ ချေမှုန်းခံခဲ့ရပြီး တခ့ျိုကလည်း လက်နက်ချသွားကြသည်။ ပဲခူးရိုးမ ထိုးစစ်တွင် အသက် ရှင်ကျန်ခဲ့သော ပါတီဝင် တရာကျော် တို့သည် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်မြမောင်၏ ဦးဆောင်မှု အောက်တွင် အရှေ့တိုင်းသို့ ဆုတ်ခွာ ခဲ့သည်။ အရှေ့တိုင်းသို့ မရောက်မီ လမ်းခုလတ်တွင် ရန်သူ၏ ဖြတ်တောက် တိုက်ခိုက်ခြင်းကို ခံရသောကြောင့် (၂)ဦး ကျဆုံး ခဲ့ရသည်။ စစ် တောင်းမြစ်တွင် ရေမကူး တတ်သဖြင့် (၈)ဦး ရေနစ်သေဆုံးခဲ့ရသည်။ အမှတ်(၃) တပ်မဟာ နယ်မြေတွင် ကြေးနန်း အဆက် အသွယ် ပြတ်တောက်ခဲ့ပြီး အချင်းချင်း မှားယွင်း ပစ်ခတ်မှု ကြောင့် (၁)ဦး သေဆုံး ခဲ့ရသည်။ ကျန်သော အဖွဲ့ဝင် များသည် အရှေ့တိုင်းဌာနချုပ်သို့ ချောမောစွာ ရောက်ရှိ ခဲ့ကြသည်။

ထိုတပ်ဖွဲ့များသည် ၁၉၇၅ ခုနှစ် ဖာပွန်ခရိုင်၊ “ဒူးဒါးဂေး” ကျေးရွာတွင် စခန်းချပြီး မြောက် ပိုင်းမှ ပြန်လာသည့် ဆရာစကောလယ်တော ဦးဆောင်သော တံခွန်နီအဖွဲ့နှင့် ပြန်လည်တွေ့ဆုံ ပြီး (၈) ကြိမ်မြောက် ပါတီညီလာခံကို ကျင်းပ လေသည်။ ထိုညီလာခံတွင် ပါတီကို ဖျက်သိမ်း လိုက်ပြီး အဖွဲ့ဝင်အားလုံး K.N.U. အစည်းအရုံးနှင့် ပူးပေါင်းကာ အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့လေသည်။ * (အဖွဲ့ခေါင်း ဆောင်များနှင့် ပါတီဝင်စာရင်းကို နောက်ပိုင်း စာမျက်နှာ မှတ်စုတွင် ဖော်ပြထား သည်။)

ဗိုလ်ချုပ်မြမောင်သည် မြစ်ဝကျွန်းပေါ်တိုင်း ကရင့်တော်လှန်ရေး စစ်ရေး၊ နိုင်ငံရေး ဦးဆောင် မှုတွင် ထူးချွန်သော စစ်ရေး နိုင်ငံရေး ခေါင်းဆောင်အဖြစ် အသိ အမှတ်ပြုခံရသူတဦး ဖြစ်သည်။ ရန်သူ၏ ၁၉၅၁ ခုနှစ် စစ်ရေး နိုင်ငံရေး ထိုးစစ်အတွင်း ဖရိုဖရဲဖြစ်နေသော

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အခြေအနေများကို ဗိုလ်ချုပ်ကော်ထူး၏ ဦးဆောင်မှုဖြင့် ပြန်လည် ထိန်းသိမ်းရာတွင် အဓိက စွမ်းဆောင်ခဲ့သော တပ်မှူး တယောက် ဖြစ်ခဲ့သည်။

အလယ်တန်းကို အောင်မြင်ခဲ့သည်ဟု မှတ်တမ်းတခုျိုက ဖော်ပြခဲ့သော်လည်း သူ့အနေဖြင့် အတန်းပညာကို အလုံအလောက် မသင်ကြား ခဲ့ရခြင်းကို အထူး စိတ် မကောင်းခဲ့ပေ။

ထို့ကြောင့် လက်နက်ကိုင် တော်လှန်ရေးကာလ ဆင်းရဲချိုတဲ့သဖြင့် ပညာဆက်လက် သင်ကြားမှု မပြုနိုင်ကြသော ကရင် လူငယ်များကို တတ်အားသဖြင့် ထောက်ပံ့ကူညီခဲ့သည်။ ပညာ တတ်မြောက်ခြင်းအားဖြင့် အမျိုးသားလုပ်ငန်းများကို ပိုမို၍ ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေး၏ နည်းဗျူဟာအရ “ကျေးလက်ကို အခြေခံပြီး မြို့ကို ဝိုင်းပတ်” စစ်ဆင်ရေးကို ပြင်ဆင်ခဲ့သည်။ မြို့များအတွင်း ရန်သူ၏အခြေခံစခန်းနှင့် သူတို့ ဖိနှိပ်ရေး ယန္တယားကို တိုက်ခိုက်ရာတွင် မြို့တွင်း မြေအောက် အမာခံများကို မွေးထုတ်ရန်ကိုလည်း ကြိုးပမ်း ခဲ့ကြသည်။

ပညာအရည်အချင်း နည်းပါးသော်လည်း စစ်ရေးနည်းပညာနှင့် နိုင်ငံရေး အတွေး အခေါ် တည်ဆောက်ရာတွင် သူကိုယ်တိုင် ကျင့်သုံးသော နည်းနာမှာ “မည်သည့် အစည်း အဝေး၌ မဆို၊ မဖြစ်မနေ တက်ရောက်ပြီး သဘောတရားနှင့် အချက်အလက်များကို လေးလေးနက်နက် မှတ်သား တတ်သော အလေ့အထပင် ဖြစ်သည်။” မြို့နယ်အဆင့် ခရိုင်အဆင့် တိုင်းအဆင့် အစည်းအဝေးတွင် ခေါင်းဆောင်များ၏ အတွေ့အကြုံ သဘောထား အမြင် နည်းနာများကို ကျောင်းသင်ခန်းစာများ သင်ယူ မှတ်သားသကဲ့သို့ သဘော ထားခဲ့သည်။ အစည်းအဝေး တခုချင်းစီမှ သူ့အတွက် အဖိုးတန်သော အတွေ့အကြုံ နည်းနာများကို ရယူနိုင်ခဲ့သည်။

ကေအဲန်ယူပါတီဝင် ခေါင်းဆောင် ရဲဘော်အသီးသီးတို့သည် မိမိတို့၏ တတ်သိ နားလည်ထားသော သဘောတရား အတွေ့အကြုံများကို ရပ်တန့် မထားဘဲ တဆင့်ထက် တဆင့် တိုးတက်ပြီး လေ့လာစေချင်သည်။ နိုင်ငံတကာ တော်လှန်ရေး များနှင့် တပြေးညီ တိုးတက်စေချင်သည်။ ထို့ကြောင့် ၁၉၇၁ ခုနှစ် အရှေ့မြောက် တံခွန်နီ ကိုယ်စားလှယ် အဖွဲ့ကို ဖွဲ့စည်းရာတွင် တက်ကြွစွာ ပါဝင် ခဲ့သည်။ အရှေ့မြောက် တရုတ်ပြည် ခရီးစဉ်တွင် တန်ဖိုးရှိသော စစ်ရေး ပညာ တရုတ်ပြည်၏ ဆေးဘက်ဆိုင်ရာ ကုသမှုများကို စနစ်ကျစွာ သင်ယူနိုင်ခဲ့သည်။

ပြောက်ကျားစစ်ရေး သေနင်္ဂဗျူဟာနှင့် နည်းနာများသည် ကရင့်တော် လှန်ရေး၏ စစ်ရေး အောင်ပွဲအတွက် အရေးကြီးသည်ဖြစ်၍ ဆက်လက် ကျင့်သုံးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါတီ ဥက္ကဋ္ဌသည် ပေါလစ်ဗျူရို တယောက်ဖြစ်သော်လည်း တပ်တွင်း နေထိုင်မှု စားသုံးမှု များသည် ရဲဘော်တဦး၏ ရပိုင်ခွင့်ထက်ပို၍ လက်မခံခဲ့ပေ။ ပဲခူးရိုးမ၏ နောက်ဆုံး အခက်အခဲများကြားတွင် ရဲဘော်များနှင့်တန်းတူ ဝေစုကိုသာ ရယူခဲ့သည်။ ခေါင်းဆောင်ကြီးသည် ရိက္ခာ လုံးဝ ပြတ်တောက်သော အချိန်တွင် အချိန်အခါအလိုက် အလေ့ကျ ပေါက်သော လျှော်ပင်များမှ လျှော်စေ့များကိုပင် တခါတရံ အာသာပြေအောင် စားသုံး ခဲ့ရသည်။ စစ်ရေး နိုင်ငံရေး ဆုံးဖြတ်ချက်များအပေါ်တွင် ရပ်တည်ပြီး ပြတ်သားစွာ အခိုင်အမာ ကျင့်သုံးလေ့ရှိသည်။ မဟာမိတ် ခေါင်းဆောင်များ ဖြစ်သော သခင်ဇင် နှင့် သခင်ချစ်တို့ နှစ်ဦးစလုံး ကျဆုံးပြီးမှသာ ပဲခူးရိုးမကို အလျင်အမြန် စွန့်ခွာရန် ဆုံးဖြတ် ချက်ချခဲ့သည်။ မန်းဘဇန်နှင့် ဗိုလ်မြတို့ ဦးဆောင်သော K.N.U. ခေါင်းဆောင်များနှင့် တော်လှန်ရေး နိုင်ငံရေး တို့တွင် အခြေခံ အယူအဆမှစ၍ မတူသော်လည်း လက်ရှိ တော်လှန်သော မျိုးချစ်များက ရန်သူကို ဆက်လက် တိုက်ခိုက်နိုင်ရန် သူ့အနေဖြင့် ဆုံးဖြတ်ချက် ချရမည်ဖြစ်သည်။ ရန်သူ၏ ချေမှုန်းခြင်း ခံရမည်ထက် ရန်သူကို ပြန်လည် ချေမှုန်းနိုင်မည့် အခြေအနေ တခုသို့ အလျင်အမြန် အလှည့်အပြောင်း ပြုခဲ့ခြင်းအားဖြင့် သူ၏ခေါင်းဆောင်မှုသည် ပိုမို တောက်ပြောင်ခဲ့သည်ဟုပင် ပြောနိုင်ပါသည်။

၁၉၇၅ ခုနှစ်တွင် K.N.U.Party ကို ဖျက်သိမ်းပြီး K.N.U. အစည်း အရုံးနှင့် တပူး တပေါင်း တည်း လက်တွဲ ဆောင်ရွက်သော ကာလတွင် K.N.U. ဗဟို ကော်မတီဝင်နှင့် သတ္တုတွင်းဌာန တွင် တာဝန်ထမ်းဆောင်ခဲ့ လေသည်။ တော်လှန်ရေး ကာလအတွင်း ရုပ်ပိုင်းဆိုင်ရာ ပင်ပန်း ဆင်းရဲမှု ဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသဖြင့် ကိုက်ခဲသော ဝေဒနာကိုနေ့စဉ် ခံစားနေရ သော်လည်း မိမိအား ပေးအပ်ထားသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ သတ္တုတွင်း လုပ်ငန်း လုပ်ကိုင်ရာတွင် ခရိုင် မြို့နယ်များသို့ ကိုယ်တိုင် သွားရောက် ဦးစီး ဦးဆောင်ခဲ့ရင်း၊ ၁၉၈၆ ခုနှစ် မတ်လ အတွင်းတွင် ကွယ်လွန် သွားခဲ့သည်။ ၁၉၅၈ ခုနှစ် လှေ ဆွဲကွန်ဖရင့်တွင် အမျိုးသား ခေါင်းဆောင်အားလုံးအား ကရင်အမျိုးသား အမည်ဖြင့် ပြန်လည် မှည့်ခေါ်ရာမှ “မန်းသုခနုတ်” ဟု ပြောင်းလဲခဲ့သည်။ သို့သော် ၁၉၅၄ ခုနှစ်ကာလမှ စတင်ပြီး တော်လှန်ရေး တလျောက်လုံး ကွယ်လွန်ချိန်အထိ ငယ်နာမည် ဗိုလ်မြမောင်ဟုသာ သုံးစွဲ ခေါ်ဝေါ်ခဲ့ကြသည်။ သူ ကွယ်လွန်စဉ်တွင် ဇနီး ဖြစ်သူ ဆရာမ နော်ချောလေး အပြင် သားများ ဖြစ်သော စောဒေးဗစ် နှင့် စောဂျိုဇိုင်းရာ တို့ နှစ်ဦး ကျန်ခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူးချုပ် ကျင်ဖေ

ဗိုလ်ကျင်ဖေကို အဖ မန်းဖိုးသောင်း၊ အမိ ဃါ့သင်းကြိုင်တို့မှ ညောင်တုန်း မြို့နယ်၊ ကွမ်းသီးပင် ကျေးရွာအုပ်စု၊ ပေါက်ကုန်း ကွမ်းခြံကုန်း ကျေးရွာတွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၉)ဦးအနက် (၄)ယောက်သာ အသက်ရှင် ကျန်ရစ်ပြီး၊ ၎င်းတို့မှာ မန်းထွန်းလွှာ (ကျောင်းဆရာ)၊ မန်းစိန်လှအောင်၊ မန်းကျင်ဖေ၊ မန်း ကျော်စိန် တို့ဖြစ်သည်။

၁၉၄၉ ခုနှစ် မြစ်ဝကျွန်းပေါ် တိုင်းတွင် တပ်မဟာများကို ပြန်လည် ဖွဲ့စည်းရာ ဗိုလ်ချုပ်ကျော်မြသန်း ဦးစီးသော တပ်မဟာ(၃) တပ်ရင်း(၁)တွင် တပ်ခွဲမှူး ဖြစ်ခဲ့သည်။ တပ်ရင်း(၁) တပ်ရင်းမှူးမှာ ဗိုလ်ကြီးမြမောင် ဖြစ်သည်။ ၁၉၅၁ ခုနှစ် မြစ်ဝကျွန်း ပေါ်တွင် ကျော်ဇော စစ်ဆင်ရေး ဝင်ရောက်လာရာ တပ်မဟာ(၁)မှ တပ်ဖွဲ့များသည် မိမိအခြေခံ ဒေသကို စွန့်ခွာခဲ့ပြီး ပဲခူး အနောက်ခြမ်းသို့ ဆုတ်ခွာခဲ့ရာ တပ်ရင်း(၁) နှင့်အတူ ပါဝင်ခဲ့သည်။ တပ်ရင်း(၁)သည် “ဘန့်ဘွေးကုန်း”ကျေးရွာတွင် အခြေစိုက် ထားလေသည်။ ပဲခူးအနောက်ခြမ်း၌ပင် ဆရာမနန့်အုန်းကြင်နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၅၂-၅၃ ခုနှစ် တပ်မဟာ(၁)မှ တပ်ရင်းများနှင့် အိမ်ထောင်သည် အားလုံး မြစ်ဝကျွန်းပေါ်သို့ ပြန်လည် ဝင်ရောက်လာရာ တပ်ရင်း(၁)နှင့်အတူ ပြန်လည် ရောက်ရှိ လာခဲ့သည်။ မြစ်ဝကျွန်းပေါ်တွင် ရန်သူ၏ စည်ရုံးသိမ်းသွင်းမှုကြောင့် ကာကွယ်ရေး တပ်ဖွဲ့များနှင့် ကျေးရွာအများအပြားသည် ရန်သူနှင့် နားလည်မှု ရယူနေကြသည်။ ရန်သူ နှင့် ငြိမ်းချမ်းရေး ရယူထားသော ရွာများသည် အလံဖြူများ လွှင့်ထူကြသည်။ ကာကွယ် ရေးတပ်ဖွဲ့မှ တပ်မှူးများသည် ရန်သူပေးသော ဒေသအုပ်ချုပ်ရေး လုပ်ပိုင်ခွင့် များကြောင့် တော်လှန်ရေးမှ သွေဖီပြီး တဗိုလ် တမင်းဝါဒ ကြီးစိုးလျက် ရှိသော ကာလ ဖြစ်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထိုအခြေအနေတွင် တပ်မဟာ(၁)မှ တပ်ရင်းအသီးသီး တို့သည် စစ်ရေး နိုင်ငံရေး စည်းရုံးရေး လုပ်ငန်းများဖြင့် ဖောက်ပြန်သွားသည့် ကျေးရွာလူထုများနှင့် တပ်မှူးများကို ပြန်လည် စည်းလုံးသိမ်းသွင်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်းခဲ့ကြ လေသည်။ ကျေးရွာ အများအပြား တပ်မှူး အများအပြား ကရင့်တော်လှန်ရေး ဦးဆောင်မှုသို့ ပြန်လည် ဝင်ရောက်လာကြသည်။ တော်လှန်ရေးကို ဆန့်ကျင်ပြီး ခေါင်းမာသောသူများကို အရေးယူ ဖမ်းဆီး အပြစ်ပေးခြင်းများ ပြုလုပ်ရလေသည်။ ထိုအခြေအနေတွင် တပ်မှူး အကြီးအကဲအခ့ျို ရန်သူထံ လက်နက်ချသွား ကြသည်။ မြစ်ဝကျွန်းပေါ်အား ပြန်လည် စည်းရုံး သိမ်းသွင်းရာတွင် ဗိုလ်ချုပ်မြမောင် ဦးစီးသော တပ်ရင်း(၁)၏ စွမ်းဆောင်မှုကို သမိုင်း မှတ်တမ်းတင် ထားကြသည်။

၁၉၅၃ ခုနှစ် ဝိန့်ထောင် ကွန်ဖရင့်တွင် တော်လှန်ရေး ပြုပြင် ပြောင်းလဲ မှုများကို တက်ကြွစွာ ထောက်ခံရုံသာမက၊ ကရင့်တော်လှန်ရေး နိုင်ငံတကာ တော်လှန်ရေး ဖြစ်စဉ်နှင့် အတွေ့အကြုံများကို လေးနက်စွာ လေ့လာ သင်ယူ ခဲ့သည်။

၁၉၅၃ ခုနှစ် ဝိန့်ထောင် ကွန်ဖရင့်မှ ချမှတ်ခဲ့သော ဒုတိယ လမ်းစဉ်ကို လက်တွေ့ကျင့်သုံးခဲ့ကြပြီး၊ ၁၉၅၄ ခုနှစ် လှေဆွဲ ကွန်ဖရင့်တွင် စစ်ရေး နိုင်ငံရေး သုံးသပ်မှုများကို ပြုလုပ်ခဲ့ပြီး ပါတီ၏ ရှေ့ဆောင်မှုဖြင့် တပ်မတော် (၃)ရပ်ကို တည်ဆောက်ခဲ့သည်။ ၁၉၅၄ ခုနှစ် လှေဆွဲကွန်ဖရင့်မှ ခေါင်းဆောင်များသည် ကရင်နာမည် (အမည်)ပြောင်းလဲရာတွင် ဗိုလ်ကျင်ဖေ အား “စောကိုးဒို” ဟူ၍ ကင်ပွန်းတပ် ခဲ့သည်။

၁၉၅၆ ခုနှစ် ဗိုလ်ချုပ်ကော်ထူးအား ကော်သူးလေ ဒုတိယ စစ်ဦးစီးချုပ် ရာထူး သို့ တိုးမြှင့် ခန့်ထားရာ ဗိုလ်ချုပ်မြမောင်သည် တပ်မဟာ(၁) တပ်မဟာမှူး ဖြစ်လာ သည်။ ဗိုလ်မှူးချုပ်ကျင်ဖေမှာ K.P.L.A. တပ်ရင်း(၁) တပ်ရင်းမှူး ဖြစ် လာသည်။

၁၉၅၃ ခုနှစ်မှာပင် မြစ်ဝကျွန်းပေါ်တိုင်းတွင် စစ်ရေး နိုင်ငံရေး ဦးဆောင်အဖွဲ့ တိုင်းကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဗိုလ်မှူးကြီးကျင်ဖေ (ကိုးဒို)သည် K.P.L.A. တပ်မဟာမှူး အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရလေသည်။ ခရိုင် ကော်မတီတွင် တိုင်း ဥက္ကဋ္ဌမှာ ဆရာစိန်ဟန် (မန်းဖန်းဆန်)၊ တိုင်း တပ်မှူးချုပ် ဗိုလ်ချုပ်စိန်မုံ၊ တိုင်း ဒုတိယ တပ်မှူးချုပ် ဗိုလ်မှူးကြီး မြမောင်၊ တိုင်းနိုင်ငံရေးမှူး ဗိုလ်မှူးကြီး မြရင်၊ တိုင်းအတွင်းရေးမှူး ဦးစိုးအောင်၊ တိုင်း K.P.L.A. တပ်မဟာမှူး ဗိုလ်မှူးကြီး ကျင်ဖေ ဖြစ်ပြီး၊ K.P.L.A. တပ်ရင်း များမှာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်း(၁) ဗိုလ်မှူးမြသိန်း၊ တပ်ရင်း(၂) ဗိုလ်ချစ်တင်၊ တပ်ရင်း(၃) ဗိုလ်မှူး ဘော်လ်ဒွင် တို့ ဖြစ်သည်။ ထို့အပြင် K.P.L.A. တပ်ရင်း(၇)ရင်းကိုလည်း ဖွဲ့စည်းထားသည်။

၁၉၆၀ ခုနှစ် အိမ်စောင့်အစိုးရလက်ထက် ဗိုလ်နေဝင်းအစိုးရနှင့် ငြိမ်းချမ်းရေး စေ့စပ် ဆွေးနွေးရာတွင် ကေအဲန်ယူပါတီ၏ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ခဲ့သည်။ ကိုယ်စားလှယ် အဖွဲ့ကို ဗိုလ်ချုပ်ကော်ထူးက ဦးဆောင်ပြီး ဗိုလ်ကျင်ဖေ၊ စောဝေသော၊ စကောလယ်တောနှင့် ဗိုလ်ကြီးမြစိန်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ စစ်အစိုးရနှင့် (၄)ကြိမ် တိုင်တိုင် တွေ့ဆုံခဲ့ရာတွင် စစ် အစိုးရ၏ သဘောထားမှာ လက်နက်ချရေးပင် ဖြစ်သဖြင့် K.N.U.Party မှ လက်မခံ သောကြောင့် ဆွေးနွေးပွဲများ ပျက်ခဲ့ရသည်။

၁၉၆၂ ခုနှစ် ဗိုလ်နေဝင်း စစ်အာဏာသိမ်းပြီး၊ ၁၉၆၃ ခုနှစ်တွင် ပြည်တွင်း ငြိမ်းချမ်း ရေး ဆွေးနွေးပွဲကို တော်လှန်သောအဖွဲ့အစည်းအားလုံးနှင့် ပြုလုပ်ရန် ကြေညာ လိုက်သည်။ ထိုကြေညာချက်အပေါ် ကေအဲန်ယူပါတီမှ ပဏာမ ကိုယ်စားလှယ်အဖွဲ့ တဖွဲ့ကို စေလွှတ်ခဲ့ သည်။ ပဏာမ ကိုယ်စားလှယ်စားလှယ်အဖွဲ့ကို ဗိုလ်ကျင်ဖေက ဦးစီးပြီး မန်းဘစော (ခေါ်) မန်းဖုန့်ဖောင်၊ ဗိုလ်ထွန်းအေး၊ စောမျိုးသွေးတို့ ပါဝင်လေသည်။ ပဏာမ ကိုယ်စားလှယ်အဖွဲ့ သည် K.N.U.P. ကိုယ်စားလှယ်များသာ မကဘဲ ကရင်နီနှင့် မွန် အဖွဲ့အစည်းတို့လည်း ပါဝင် ပြီး (၃)ပါတီ စလုံး၏ ကိုယ်စားလှယ်များဖြစ်ကြောင်း လက်ခံ သဘောတူလေသည်။

ပဏာမ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးနောက် ကိုယ်စားလှယ် အစစ် အမှန်များနှင့် တွေ့ဆုံရန် အဖွဲ့အစည်း အသီးသီးမှ ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်ကြသောအခါ တွင် ဗိုလ်ကျင်ဖေမှာ K.N.U.P. ၏ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင် ရွေးချယ်ခြင်း ခံရသည်။ ကရင်နီအဖွဲ့မှာ စောမောရယ်နှင့် ဗိုလ်စံလင်းတို့ ပါဝင်ခဲ့သည်။ မွန်အဖွဲ့တွင် နိုင်ရွှေကျင်၊ နိုင် ထင်၊ နိုင်ဘထွန်း တို့ဖြစ်သည်။ အဖွဲ့(၃)ဖွဲ့၏ ခေါင်းဆောင်အဖြစ် မန်းဘဇန်ကို ရွေးချယ်ခဲ့ကြ သည်။

၁၉၆၃ ခုနှစ် ကဆောဝါးညီလာခံပြီးနောက်၊ ကေအဲန်ယူပါတီကို ပြန်လည် ဖွဲ့စည်း ရာတွင် ဗိုလ်ကျင်ဖေမှာ ပါတီ၏ တွဲဘက် အတွင်းရေးမှူး အဖြစ် ခန့်ထားခြင်း ခံရ သည်။ ဖွဲ့စည်းပုံအရ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဥက္ကဋ္ဌ မန်းဘဇန် နိုင်ငံရေး ဦးဆောင်အဖွဲ့၊

ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး နိုင်ငံရေး ဦးဆောင်အဖွဲ့၊

အတွင်းရေးမှူး စကောလယ်တော နိုင်ငံရေး ဦးဆောင်အဖွဲ့၊

တွဲဘက် အတွင်းရေးမှူး ဗိုလ်ကျင်ဖေ နိုင်ငံရေး ဦးဆောင်အဖွဲ့၊

ဗိုလ်ချုပ်မြမောင် နိုင်ငံရေး ဦးဆောင်အဖွဲ့၊

ပေါလစ်ဗျူရို (၅)ဦးကို ရွေးချယ်ခဲ့သည်။ ဗဟိုကော်မတီ (၂၅) ယောက်ကို ရွေးကောက်တင်မြှောက် ကြသည်။

K.R.C. ကိုလည်း ပြန်လည် ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ မန်းဘဇန်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်ထူးနှင့် အတွင်းရေးမှူး စကောလယ်တော တို့ (၃)ဦးဖြင့် ပါဝင် ဖွဲ့စည်း ခဲ့လေသည်။

အရှေ့တိုင်း ကော်မတီကိုလည်း ပြန်လည်ရွေးချယ်ပြီး ဦးဆောင်မှုပေးရန် အရှေ့တိုင်း ခရိုင် ခေါင်းဆောင်များက တောင်းဆိုသဖြင့် တိုင်းဥက္ကဋ္ဌ အဖြစ် ဆရာ စကောလယ်တော၊ တိုင်းစစ်ဦးစီးချုပ်အဖြစ် ဗိုလ်မှူးချုပ်ဗိုလ်မြ၊ တိုင်းအတွင်း ရေးမှူး ဆရာအုန်းဖေညွန့်၊ တိုင်း တွဲဘက်အတွင်းရေးမှူးအဖြစ် ပဒိုဘသင်နှင့် အဖွဲ့ဝင် (၃)ဦးတို့ကို အရှေ့တိုင်းတွင် ရွေးချယ် လိုက်သည်။

ဆရာစကောလယ်တောသည် ပါတီ၏ အတွင်းရေးမှူး တာဝန်သာမက၊ K.R.C. နှင့် အရှေ့တိုင်း ဥက္ကဋ္ဌ တာဝန်များကိုပါ ပူးတွဲ တာဝန် ထမ်းဆောင် နေရသဖြင့် အလုပ် အလွန် များခဲ့ရသည်။ ထို့ကြောင့် ၎င်း၏ ပါတီအတွင်းရေးမှူး တာဝန်အား ရုပ်သိမ်းလိုက်ပြီး သူ၏ အတွင်းရေးမှူး တာဝန်များကို ဗိုလ်ကျင်ဖေ ထံ လွှဲပြောင်း ခန့်အပ်လိုက်သည်။

ဗိုလ်ကျင်ဖေသည် ၁၉၆၃ ခုနှစ်မှစ၍ ကေအဲန်ယူပါတီ၏ အထွေထွေ အတွင်းရေး မှူး အဖြစ် တာဝန်ယူခဲ့ပြီး၊ ပါတီတွင်း ရင်ဆိုင်ခဲ့ရသော နိုင်ငံရေး သဘောတရားရေးဆိုင်ရာ ပဋိပက္ခများတွင်၎င်း ပါတီ တည်ဆောက်ရေးနှင့် စစ်ရေး လှုပ်ရှားမှုများတွင်၎င်း အထူး ကြပ်မတ်ပြီး ရှေ့ဆောင်ခဲ့သည်။ ပါတီဝင်များအား နိုင်ငံရေးသင်တန်းများကို အဆက် မပြတ် ပို့ချခဲ့လေသည်။ မြေပေါ် မြေအောက် ဆက်သွယ်ရေး လုပ်ငန်းများအား ပိုမို တိုးတက်ရန်နှင့် ကိုယ်ပိုင် လေ့လာမှုများကိုလည်း အခါမပြတ် ပြုလုပ်လေသည်။

ပါတီဌာနချုပ်ကို အရှေ့တိုင်းမှ ပဲခူးသို့ ပြန်လည် ပြောင်းရွှေ့ပြီးနောက် (၆)ကြိမ် မြောက် ဗဟိုကော်မတီ အစည်းအဝေးအပြီးတွင် ရန်သူမှ ၁၉၇၀ ခုနှစ် ဧပြီလ အတွင်းတွင် ဌ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဌာနချုပ်ကို ဝင်ရောက် စီးနင်းခဲ့သော တိုက်ပွဲတွင် ကရင့် တော်လှန်ရေး ခေါင်းဆောင် ဗိုလ်ကျင်ဖေ တယောက် ကျဆုံးသွားခဲ့သည်။

ပဒိုစံလင်း၏ ကိုယ်ရေး မှတ်တမ်း အကျဉ်းချုပ်

၁၉၁၉ ခုနှစ်၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၊ ငှက်ပျောကျွန်း ဒိုင်နယ်၊ လယ်ကုန်းရွာ၌ အဖ ဦးစွံနှောင်း၊ အမိ ဒေါ်ဖိုးသီတို့၏ ပဉ္စမမြောက် သားထွေးအဖြစ် ဖွားမြင်ခဲ့သည်။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်မြို့တွင် မြန်မာဘာသာ (၁၀)တန်း အောင်မြင်ခဲ့ သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း ကျောင်းသားလှုပ်ရှားမှုတွင် ရန်ကုန်တိုင်း ကျောင်းသားများ သမဂ္ဂ (ရကသ) အဖွဲ့ဝင်အနေနှင့်လည်း ပါဝင်ခဲ့သည်။ ကျောင်းမှထွက် ပြီး မိဘ အမွေအနှစ်ဖြစ်သော လယ်ယာများကို ဦးစီး လုပ်ကိုင်သည်။

၁၉၄၈ ခုနှစ်တွင် ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (K.N.D.O.)တပ်ဖွဲ့သို့ ဝင်ပြီး ၁၉၄၉ ခုနှစ် ကရင့်လက်နက်ကိုင် ခုခံ တော်လှန်စစ် စသောအခါ လက်နက်ကိုင် တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည်။ စက်တင်ဘာလတွင် ကရင့် လက်နက်ကိုင်တပ်ဖွဲ့ (K.A.F.) အဖြစ်သို့ ပြန်လည်ဖွဲ့စည်းသောအခါ မြစ်ဝကျွန်းပေါ်တိုင်း တပ်မဟာ(၁)၊ တပ်ရင်း(၁)၊ တပ်ခွဲ (၂)တွင် ဒုတိယ တပ်ခွဲမှူးအဖြစ် တာဝန် ယူခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင်၊ ကရင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (K.P.L.A.) ကို စတင် ဖွဲ့စည်းသော အခါ (K.P.L.A.) တပ်ရင်း(၁)တွင် ဒုတိယ တပ်ရင်းမှူးအဖြစ် တာဝန်ယူ ရပြန်သည်။

၁၉၅၄ ခုနှစ်တွင်၊ ရှမ်းပြည်တောင်ပိုင်း ပအိုဝ်း ဦးလှဖေမှ ကရင် အမျိုးသား အစည်းအရုံး (K.N.U.) ဗဟိုသို့၊ နိုင်ငံရေး၊ စစ်ရေး အကူအညီ ပေးရန် တောင်းဆိုလာ မှုအရ၊ ဗဟိုမှ ဗိုလ်ကျော်ဟိန်နှင့် ပူးတွဲကာ ရှမ်းပြည်တောင်ပိုင်း ပအိုဝ်းဒေသသို့ တာဝန် ပေးခဲ့သည်။ ဩဂုတ်လ (၃၁)ရက်တွင် ဗဟိုမှ စထွက်ခွာပြီး ကရင်နီတော်လှန်ရေးအဖွဲ့မှ ဆရာမ နှစ်ဦးနှင့်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အတူ နိုဝင်္ဘာလ တတိယ အပတ်တွင် ပအိုဝ်းဒေသ ပင်လောင်းမြို့ နယ်သို့ ရောက်ရှိခဲ့သည်။ နှစ်ကုန်ခါနီးတွင် ဦးလှဖေနှင့် တွေ့ဆုံပြီး၊ (K.N.U.) ဗဟိုမှ ပေးလိုက်သော စာရွက်စာတမ်းများ အား ပေးအပ်ခဲ့သည်။ ပအိုဝ်း ဗဟိုမှ ဗိုလ်မှူးကြီး စပါယ်ရှယ်နှင့် တွဲဖက်၍ အင်းလေး အနောက်ဘက်ခြမ်း ပင်လောင်း မြို့နယ်အား၊ နိုင်ငံ ရေး၊ စစ်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည် ဖော်တော့သည်။ ဦးစွာ တပ်ကို ပြန်လည်ဖွဲ့စည်းပြီး ပြောက်ကျားစစ်ရေး အပြင် အင်းလေး ပြည်သူ့တပ်ဦး၊ ဗကပ တို့နှင့်ပါ ပူးတွဲ စစ်ရေးများ ဖော်ထုတ်လာနိုင်သည်။ တော်လှန်သော လက်နက်ကိုင် အင်အားစု ချင်း ပိုမို နားလည်မှုဖြင့် စုစည်းလျက် ဘုံရန်သူ ဖ ဆပလ ကို ထိထိရောက်ရောက် ထိုးနှက်လာ နိုင်ခဲ့သည်။ ပူးတွဲ စစ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် နိုင်ငံရေးအရ နားလည်မှု ပိုမို ရရှိလာသည်။ ဤသို့ တော်လှန်ရေး၏ အခြေ အနေများ ကောင်းမွန်လာမှုကြောင့်၊ ၁၉၅၆ ခုနှစ်တွင် ညီလာခံခေါ်ပြီး ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ) ကို ဖွဲ့စည်းကာ အမျိုးသားဒီမိုကရေစီ လမ်းစဉ် ကို ချမှတ်လျက် တပ်ပေါင်းစု လုပ်ငန်းများကိုပါ ချမှတ်လာနိုင်သည်။ လုပ်ငန်းများ တိုးခ့ဲ၍ လုပ်လာနိုင်သည်။ ဤသို့ အရှိန်အဟုန်နှင့် ချီတက်လာနေစဉ် ၁၉၅၈ ခုနှစ်၊ (ဖဆပလ) ၏ လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေး ထိုးစစ်ကြောင့် နိုင်ငံရေး နုနယ်ပြီး အတွေးအခေါ်နည်း သည့် (ပအလဖ)သည် ရန်သူ (ဖဆပလ)၏ လှည့်စား ခွေးသိပ်မှုအောက်တွင် လွဲမှားစွာ ယုံကြည်လျက် ရန်သူနှင့် ပူးပေါင်း သွား တော့သည်။

ပဒိုစံလင်းသည် ၁၉၅၉ ခုနှစ် နှစ်စပိုင်းတွင် ဗဟိုဌာနချုပ်သို့ ပြန်ရောက် လာခဲ့ရာ၊ ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(K.N.U.P) ပထမအကြိမ် ကွန်ဂရက်တွင် အရံ ဗဟိုကော်မတီအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ ဩဂုတ်လတွင် ကရင်နီ ဗဟို၏ တော်လှန်ရေး အကူအညီ တောင်းဆိုချက်အရ ဗဟို၏ တာဝန်ပေးချက်အပေါ် ကရင်နီဗဟိုတွင် တာဝန်ယူခဲ့ရပြန်သည်။ ထိုနှစ် ဧပြီလတွင် သားဖွားနှင့် သူနာပြုဆရာမ နော် ရှခူး နှင့်လက်ထပ်ခဲ့သည်။ သား သမီး (၄)ယောက် ရရှိခဲ့ရာတွင် သားသမီးအားလုံးပင် တော်လှန်ရေး တာဝန်များကို ကျရောက်သည့် အပိုင်းမှ တာဝန်ယူ ထမ်းဆောင်နေ ကြ သည်။ ပဒိုစံလင်း၏ သား နှင့် သမီးများမှာ Gay Htoo Sanlin, Romay Sanlin, Cherry Sanlin & Pla Wah Sanlin တို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၃ ခုနှစ်၊ ဒုတိယအကြိမ် (K.N.U.P.) ကွန်ဂရက်၌ ပါတီဗဟို ကော်မတီအဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို ခံရသည်။ ယင်း ၁၉၆၃ ခုနှစ်၊ တော်လှန်ရေး ကောင်စီမှ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စေ့စပ်ရေး ခေါ်သည့်အပေါ်တွင် ကရင်နီ တိုးတက်ရေး ကိုယ်စားလှယ်အဖြစ် အထွေထွေ အတွင်းရေးမှူးချုပ် စောမော်ရယ်နှင့်အတူ ကရင်အမျိုး သား စည်းလုံး ညီညွတ်ရေးပါတီ (K.N.U.P.)၊ မွန်ပြည်သစ်ပါတီ (N.M.S.P.) နှင့် ကရင်နီ အမျိုးသားတိုးတက် ရေးပါတီ (K.N.P.P.) သုံးပါတီ အနေဖြင့် တပူးတပေါင်းတည်း ရန်ကုန်သို့ သွားရောက်ပြီး တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခဲ့ ကြသည်။ ဤသို့ ဆွေးနွေးရာ၌ တော်လှန်ရေးကောင်စီက ပြည်သူလူထု၏ (၆)ခရိုင် ဆန္ဒပြပွဲကို ထောက်ပြ လျက် ဆွေးနွေးပွဲ ကို တဖက်သတ် ရပ်စဲ ပစ်သောကြောင့် ဆွေးနွေးပွဲ ပျက်ခဲ့ရသည်။

၁၉၆၇ ခုနှစ်၊ ရှိထားပြီးဖြစ်သော လူမျိုးစု တပ်ပေါင်းစု အားလုံး၊ (K.N.U.P.), (K.N.P.P.), (N.M.S.P.), (Z.N.F.) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်ဦး (K.N.L.F.)တို့ ဖြင့်၊ လူမျိုးစုများ ညီညွတ်ရေး တပ်ဦး (N.U.F.)ကို တိုးခ့ဲ၍ ဖွဲ့စည်းခဲ့သည်။ ယင်းတပ်ပေါင်းစု တွင် အတွင်းရေးမှူး တာဝန်ကို ယူခဲ့ရသည်။ ဆက်လက်ပြီး၊ ၁၉၇၁ ခုနှစ်၊ မဒည်တ ဗဟို စည်းရုံးရေး ကော်မတီအဖြစ် ပါတီဗဟိုမှ တာဝန်ပေးအပ်လာ၍ ဗကပ မှ ဗိုလ်မျိုးမြင့်၊ ကရင်နီမှ စောမော်ရယ် တို့နှင့်အတူ ကရင်နီပြည်နှင့် ရှမ်းပြည်နယ်တို့တွင် တာဝန်ယူ ရသည်။ တော်လှန်သော အင်အားစုအချင်းချင်း ပို၍ ဆက်စပ်မှု နားလည်မှု ရရှိ လာပြီး ရန်သူအား အဆက်အစပ်ရှိစွာ ပူးတွဲစစ်၊ ဆက်စပ်စစ်ရေးများ ကျယ်ပြန့်စွာ တိုက်ပွဲဆင်လာနိုင်သည်။ ရန်သူကို တပ်စိတ် လိုက်မှ တပ်စုလိုက်အထိ ချေမှုန်း နိုင်ခဲ့ကာ လက်နက် ခဲယမ်း မီးကျောက် များကိုလည်း ဆက်တိုက် သိမ်းပိုက်လာ နိုင်ခြင်းဖြင့် တပ်ပေါင်းစုအဖြစ် ပိုမို လှုပ်ရှားလာ နိုင်သည်။ ပြည်သူလူထု၏ ထောက်ခံမှု ပို၍ရလာ ခဲ့သည်။

၁၉၇၅ ခုနှစ်၊ ဇွန်လတွင် (K.N.U.P.) နှင့် (K.N.U.)တို့ အမျိုးသားချင်း ပြန်လည် ပေါင်းစည်းရေးအတွက် ဆွေးနွေးနိုင်ခဲ့ပြီး၊ ၁၉၇၆ ခုနှစ် နှစ်ဆန်းစတွင် အမျိုးသား စည်းလုံး ညီညွတ်ရေးနှင့် ရန်သူအား တဆင့်တက် ထိုးနှက်နိုင်ရေး အတွက် (K.N.U.) ၏ မူပေါ်တွင် အခြေခံလျက် ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။ (K.N.U.) အစည်းအရုံးအနေဖြင့် အမျိုး သား ဒီမိုကရေစီ လမ်းစဉ်အပေါ် အခိုင်အမာ အခြေခံရပ်တည်ပြီး အမျိုးသား တော်လှန် ရေး ကို ဆက်လက် ချီတက် ကြသည်။ ပဒိုစံလင်းသည် ၁၉၈၀ ခုနှစ် (K.N.U.) ဗဟို အမြဲတမ်း

ကော်မတီ အစည်းအဝေးမှ တွဲဘက် အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၉၉၁ ခုနှစ်၊ (K.N.U.) (၁၀)ကြိမ်မြောက် ကွန်ဂရက်တွင် ထပ်မံ၍ ဗဟို အမြဲတမ်း ကော်မတီနှင့် တွဲဘက် အထွေထွေ အတွင်း ရေးမှူး(၂) အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရပြန်သည်။ တဆက်တည်းမှာပင် ကော်သူးလေ အစိုးရအဖွဲ့၌ ဒုတိယ ဝန်ကြီးချုပ်အဖြစ်ပါ တပါတည်း ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုတွင် စည်းရုံးရေးနှင့် ဘဏ္ဍာ ရေးမှူး တာဝန်များကို ပူးတွဲ ထမ်းဆောင်ခဲ့သည်။ အမျိုးသား လွတ်မြောက်ရေးအတွက်၊ (K.N.U.)၏ တော်လှန်ရေးတာဝန်နှင့် အစိုးရ တာဝန်များကို (K.N.U.) ဗဟို အလုပ်အမှု ဆောင်များနှင့် ကော်သူးလေ အစိုးရအဖွဲ့တွင် ဌာန တာဝန်ခံ ဝန်ကြီးများနှင့်အတူ တက်ကြွ စွာ ထမ်းဆောင်ခဲ့ ပေသည်။

နောက်ထပ် နှစ်များစွာ ကြာတော့မည် မဟုတ်ဘဲ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိ အောင်ပွဲခံနိုင်ရန် လက်တကမ်းမျှသာ လိုတော့သော အချိန်၊ (၁၉၉၆) ခု၊ နှစ်ဦးပိုင်းတွင်ပင် လူကြီးရောဂါဖြင့် ဒူးပလာယာခရိုင် ဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ ကရင့်တော်လှန်ရေး၏ အဦးအစပိုင်းမှစ၍ ပါဝင်ခဲ့ပြီး တော်လှန်ရေး တာဝန်များကို ကွယ်လွန်သည့်အချိန်အထိ ဦးလည်မသုန် တက်ကြွစွာ ဆောင်ရွက်ခဲ့သော ပဒိုစံလင်းအား ကရင်အမျိုးသားအစည်းအရုံး အပြင် (နိုင်ငံသစ် စာစောင်အဖွဲ့ဝင်များ) လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာန အဖွဲ့ဝင်များက ဂုဏ်ပြု မှတ်တမ်းတင် အပ်ပါသည်။

မေဂျာ မောင်ကလေး အတ္ထုပ္ပတ္တိ

၁၈၈၅ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ တတိယအကြိမ် စစ်ပွဲတွင်၊ မြန်မာ မင်းတို့ စစ်ရှုံးသဖြင့်၊ မြန်မာပြည်သည် ဗြိတိသျှကိုလိုနီ လက်အောက်သို့ ရောက်ခဲ့ရသည်။ မြန်မာပြည်၏ နောက်ဆုံး မင်းဆက်ဖြစ်သော သီပေါမင်း နှင့်တကွ၊ မိဖုရား၊ မောင်းမ မိသံ အခြွေ အရံများကို အိန္ဒိယ သို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲတွင် ပါဝင်ခဲ့သူ စစ်သူကြီး ဦးရွှေဂဲတွင် မတူး (ခေါ်) မဖူး နှင့် မချူး ဟူသော သမီးနှစ်ဦးရှိရာ ထိုသမီးများသည် အင်္ဂလိပ် အရာရှိများနှင့် အိမ်ထောင်ကျခဲ့ ကြလေသည်။

မတူး (ခေါ်) မဖူးမှာ စကော့လူမျိုး အင်စပက်တော် ပုလိပ် အရာရှိ Arthur Edward Stenelin နှင့် အိမ်ထောင်ကျပြီး၊ မချူးမှာ Colonel Buckley နှင့် အိမ်ထောင်ကျ သည်။ မ ချူးနှင့် Colonel Buckley တို့တွင် သမီး တဦးရှိရာ ထိုသမီး အမည်မှာ Jenny (ဂျယ်နီ) ခေါ် Jennifer (ဂျနီဖာ) ဖြစ်သည်။

ဂျယ်နီ (ခေါ်) ဂျနီဖာသည် ဟင်္သာတမြို့မှ “စကောကရင်”လူမျိုး စောဖိုးမြ နှင့် အိမ်ထောင်ကျပြီး၊ သား သမီး (၃)ယောက် ထွန်းကားခဲ့သည်။

အကြီးဆုံးမှာ စောမောင်ကလေး (မေဂျာမောင်ကလေး)၊ ဒုတိယ မှာ မမကြီးနှင့် တတိယမှာ ဗိုလ်ဖြူ တို့ ဖြစ်သည်။

မေဂျာမောင်ကလေးကို ၁၉၁၂ ခုနှစ်တွင် မွေးဖွားသည်ဟု သား သမီး များက မှတ်သားခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဖြိတိသျှ တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး၊ မလေးကျွန်း ဆွယ်တွင် စစ်သင်တန်းကို တက်ရောက်နေစဉ် ဇနီးဖြစ်သူ ဒေါ်အေးသန်းမှာ ဒုတိယ သမီးဖြစ် သူ ရှယ်လီ (ခေါ်) ဒေါ်မိမိကို မလေးကျွန်း၌ပင် မွေးဖွားခဲ့သည်။

ဇနီးသည် ဒေါ်အေးသန်းသည် ဟင်္သာတခရိုင်၊ ကြက်ပြေး ရွာမှ ပိုး ကရင် အမျိုးသမီး တဦးဖြစ်ပြီး၊

(၁) ဖရယ်ဒီ (Fredy)

(၂) ရှယ်လီ (Shirley) (ခေါ်) ဒေါ်မိမိ၊

(၃) ဟက်စတာ (Hester) (ခေါ်) ဒေါ်ကြည်ကြည်၊

(၄) ဒိုရင်း (Doreen) (ခေါ်) မတု၊

(၅) ဒေါ်ရသီ (Dorlthy) (ခေါ်) မတီတီ၊

(၆) ဝေဗယ် (Waivell) (ခေါ်) ကိုတိုး၊

(၇) မောင့်ဘတ်တန် (Mont Batton) (ခေါ်) ကိုစိုး၊

(၈) ဟယ်လင် (Helen) (ခေါ်) ဒူးနော်၊

(၉) ချစ်ကိုကို ဟူသော သား သမီး (၉)ဦး ထွန်းကားခဲ့သည်။

၁၉၃၇ ခုနှစ်၊ ဗမာပြည်ကို အိန္ဒိယ အုပ်ချုပ်ရေးအတွင်းမှ ခွဲထုတ်ပြီး၊ မေမြို့တွင် အခြေခံသော ဗမာ့ သေနတ်ကိုင်တပ်ရင်း၊ ထောက်လှမ်းရေး၊ လေ့ကျင့်ရေးတွင် မေဂျာ ရာထူးဖြင့် သင်တန်းများ ပေးခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန် တပ်များ၏ နောက်ပိုင်း လှုပ်ရှားမှု သတင်းများကို စုဆောင်းပြီး တပ်ဖွဲ့အမှတ် (၁၃၆)ကို အကူအညီ ပေးခဲ့သည်။ ထိုသို့သော လျှို့ဝှက် လှုပ်ရှားမှုတွင် နှစ်ကြိမ်တိတိ အဖမ်းခံခဲ့ရဖူးသည်ဟု သိရသည်။
၁၉၄၉ ခုနှစ်တွင် ကရင့်လက်နက်ကိုင် တော်လှန်ရေး စတင်ခဲ့ပြီး၊ မေမြို့ကို သိမ်းပိုက်ခဲ့ရာတွင် မြန်မာ အစိုးရ၏ မသင်္ကာမှုဖြင့် သူ့ကို ရန်ကုန်မြို့သို့ ပြန်လည် ပို့ဆောင်လိုက်ရာ မင်္ဂလာဒုံ လေယာဉ်ကွင်းမှ လျှို့ဝှက်စွာ ထွက်ခွာခဲ့ပြီးနောက် ကရင့် တော်လှန်ရေး တပ်ဖွဲ့များနှင့် ပူးပေါင်းခဲ့သဖြင့် မေမြို့တွင် ကျန်ခဲ့သော ဇနီးသည် ဒေါ်အေးသန်းနှင့် သား သမီး (၈) ယောက်ကို၊ ဖဆပလ အစိုးရမှ ထိန်းသိမ်း ထားခဲ့ပြီး ၁၉၅၁ ခုနှစ်တွင်မှ ပြန်လွှတ်ပေးခဲ့သည်။
၁၉၄၉ ခုနှစ် ကေအဲန်ယူ ဥက္ကဋ္ဌ စောဘဦးကြီး၏ တာဝန်ပေးချက်အရ၊ “ပြည်သူ့ ဒီမိုကရေစီ” အင်အားစုများဖြစ်သော အလံနီကွန်မြူနစ်ပါတီ၊ အလံဖြူကွန်မြူနစ် များနှင့် ဆက်သွယ်ပြီး ဘုံရန်သူဖြစ်သော ဖဆပလ အစိုးရကို တိုက်ခိုက်ရာတွင် ညီညွတ်ရေး တည်ဆောက်ရန် တာဝန်ပေးခြင်း ခံရသူ တဦးဖြစ်သည်။ တပ်မတော် ထောက်လှမ်း ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းများတွင် ကျွမ်းကျင်သူ တဦးဖြစ်သည်။ သူ၏ ကြိုးပမ်း ခဲ့မှုကြောင့် နောက်ပိုင်း ၁၉၅၂ ခုနှစ်၊ အနန်းကုန်း စာချုပ်ကဲ့သို့သော စာချုပ်ထွက်ပေါ် လာခဲ့ရသည့်အပြင်၊ နှစ်ဖက် အပစ်အခတ် ရပ်စဲရေး လုပ်ငန်းများ လုပ်နိုင်ခဲ့သည်သာမက ပူးတွဲပြီး အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုကြီးကို တည်ဆောက် နိုင်ခဲ့သည်။

ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်
ကေအဲန်ယူ ပါတီအတွင်း လမ်းစဉ် နှစ်ရပ်တိုက်ပွဲ

ကရင့်လက်နက်ကိုင် တော်လှန်ရေးသည် ဒုတိယလမ်းစဉ်ကို ချမှတ် နိုင်ခဲ့သဖြင့်၊ အမျိုးသား စည်းလုံးညီညွတ်ရေး ခိုင်မာလာကာ၊ လူမျိုးစုံ လက်နက်ကိုင် အင်အားစုများနှင့် တပ်ပေါင်းစု တည်ဆောက်နိုင်ခဲ့ပြီး၊ အုပ်စိုးသူ ဖဆပလ အစိုးရ၏ စစ်ရေး ထိုးစစ်ကြီး များကိုပင် ခုခံနိုင်ခဲ့သည်။ နယ်မြေများကိုလည်း သိမ်းပိုက် နိုင်ခဲ့သည်။ သို့သော်လည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၅၅)လမ်းစဉ်သည် မြန်မာပြည် လက်နက်ကိုင် အင်အားစုအတွင်းသို့ ဝင်ရောက်ခဲ့ရာ လူမျိုးစု လက်နက်ကိုင်များအတွင်း၊ နိုင်ငံရေး သဘောထား ရှုတ်ထွေး လာခဲ့သည်။ (၅၅)လမ်းစဉ် ဆိုသည်မှာ ဆိုဗီယက် ကွန်မြူ နစ်ပါတီ၏ အကြိမ် (၂၀)မြောက် ညီလာခံမှ ချမှတ်ခဲ့သော နိုင်ငံတကာ တော်လှန်ရေးလှုပ်ရှားမှုတွင်၊ ဥပဒေအတွင်း (သို့မဟုတ်) ပါလီမန် နည်းဖြင့်လည်း အောင်ပွဲဆင်နိုင်ကြောင်း ဖော်ပြထားသည်။ အဘယ်ကြောင့် ဆိုသော် ဒုတိယ ကမ္ဘာစစ်ပြီး နောက် နယ်ခြံစံနစ်သည် ပြန်လမ်း မရှိတော့ချေ။ နယ်ခြဲ ကိုလိုနီစံနစ်မှ လွတ်မြောက်လာ သော နိုင်ငံများ၏ ပြည်တွင်းစစ် ပြဿနာများတွင် ငြိမ်းချမ်းသောနည်း ဥပဒေတွင်း တိုက်ပွဲ နှင့်လည်း ရရှိနိုင်ကြောင်း သဘောတရား ဖြစ် သည်။ လက်နက်ကိုင် တိုက်ပွဲအပြင် ဥပဒေ တွင်း တိုက်ပွဲတို့နှင့် အောင်ပွဲဆင်နိုင်သော နိုင်ငံရေး သဘောထား ဖြစ်သည်။

ကရင့်တော်လှန်ရေးအတွင်း ၁၉၅၃-၅၈ ခုနှစ်အထိ ပါလီမန်သို့ ဝင်ရောက်ရေး သဘောထား မချမှတ်ခဲ့သေးပေ။ ၁၉၅၆ ခုနှစ် မောကို ညီလာခံ အပြီးနောက်ပိုင်း၊ ဗကပ နှင့် တွေ့ဆုံရာတွင် K.N.U.P. ပါတီမှ၊ ဒုတိယ လမ်းစဉ်ကို တင်ပြပြီး၊ ဗကပ ဘက်မှ (၅၅) လမ်းစဉ် ကို တင်ပြခဲ့သည်။

၁၉၅၉ ခုနှစ် K.N.U.P. ပထမအကြိမ်မြောက် ပါတီညီလာခံတွင် ကရင်ပြည် ပေးမည် ဟု ကတိပေးခဲ့ပါက ပြည်ထောင်စုသစ်တွင်းသို့ ဝင်ရောက်ပြီး၊ လက်နက်ကိုင် အဖွဲ့အစည်း များအတွက် စီစဉ်ဆောင်ရွက်မည်ဟု သဘောထား ချမှတ်ထားခဲ့သည်။ ထို သဘောထား သည်၊ ဗကပ များ တောင်းဆိုသကဲ့သို့ ရန်သူမှ ဒီမိုကရေစီ အခွင့်အရေး ပေးရန် ကတိပြုရ မည်ဟူသည့် နည်းပရိယာယ် တောင်းဆိုချက်မျိုးမဟုတ်ဘဲ၊ ကရင်ပြည် ပေးရမည်ဟု ပါရှိ သဖြင့် သေနင်္ဂဗျူဟာ တောင်းဆိုချက်မျိုး ဖြစ်နေလေသည်။

K.N.U.P. အထဲတွင်လည်း သဘောတရားရေးရာအရ အုပ်စု (၃)စု ရှိခဲ့သည်။ ထို အုပ်စု များမှာ လက်နက်ကိုင် တိုက်ပွဲနှင့်လည်း အောင်ပွဲခံနိုင် သကဲ့သို့၊ ပါလီမန် ဒီမို ကရေစီနည်းနှင့် အောင်ပွဲခံနိုင်သည်ဟူသော အုပ်စုမှာ မန်းဘဇန်၊ ဗိုလ်မျိုးသွေး၊ မန်း ရှန်ဖလေ့၊ ဆရာဘာဟု၊ ဗိုလ်မှူးဘော်လ်ဒွင်၊ ဗိုလ်သန်းအောင်၊ ဗိုလ်ကျင်ဖေ တို့အပြင် မေဂျာမောင်လေးတို့ ပါဝင် သည်။ လက်နက် ကိုင်လမ်းစဉ်ဖြင့်သာ အောင်ပွဲခံနိုင်သည့် အယူအဆကို ဗိုလ်ချုပ်မြမောင်၊ ဖူးတာအယ်၊ ဗိုလ်ချုပ်ကော်ထူး၊ ဆရာကြီးစကော လယ်တော၊ ဗိုလ်မီးသ၊ ဗိုလ်အေးဟန် တို့မှ ခံယူထားကြသည်။

ဟန်တာသာမွေး၊ ပဒိုဝေသော၊ ပဒိုဝီရီကျော် တို့ ဦးစီးသော K.R.C. အုပ်စုမှာမူ၊ ပါလီမန်ဒီမိုကရေစီနည်းဖြင့် ဥပဒေတွင်း တိုက်ပွဲဝင်သူများကို လက်နက်ချသူများအဖြစ် သတ်မှတ်ပြီး၊ လက်နက်ကိုင် တိုက်ပွဲဝင်မည့် သူများကို ကွန်မြူနစ်များအဖြစ် သတ်မှတ်သည်။ ထိုအဖွဲ့သည် နှစ်ဘက်စလုံးကို ဆန့်ကျင်ပြီး၊ ဒုတိယ လမ်းစဉ်ကို ပြန်လည် ပြင်ဆင်လိုသူများ ဖြစ်သည်။ နယ်ခြေ ပဒေသရာဇ်စံနစ်ကို ဆန့်ကျင်သည်ဆိုသော စကားပိုဒ်အား ဖြုတ်ပစ်ရန်နှင့် ဒုတိယ လမ်းစဉ် တခုလုံးကို ဆန့်ကျင်သော သဘောထား ဖြစ်သည်။

၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းလိုက်သောအခါ ပါလီမန် ဒီမိုကရေစီ နည်းဖြင့် အောင်ပွဲခံလိုသူ အဖွဲ့မှာ အဆုံးသတ်သွားခဲ့သည်။

၁၉၆၇ ခုနှစ်၊ (၆)ကြိမ်မြောက် K.N.U.P. ဗဟိုကော်မတီ အစည်းအဝေးတွင်၊ ၁၉၅၆ ခုနှစ်၊ မောကို ညီလာခံနှင့်၊ ၁၉၅၉ ခုနှစ်၊ ကေအဲန်ယူပါတီ၏ ပထမ အကြိမ်မြောက် ညီလာခံမှ ဆုံးဖြတ်ချက်များနှင့် ပါတီလုပ်ငန်းများကို ပြန်လည် သုံးသပ်ခဲ့ကြသည်။

ဗကပ တို့၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက်၊ ဖဆပလ အစိုးရနှင့် တွေ့ဆုံပြီး၊ ဒီမိုကရေစီ အခွင့်အရေးပေးရန် တောင်းဆိုချက်သည် နည်းပရိယာယ် အရသာ ဖြစ်သည်။ မိမိတို့ တောင်းဆိုချက်သည် ကရင်ပြည်ပေးမည်ဟု ကတိပြုပေးရမည်ဟု တိတိကျကျ တောင်းဆိုထားသည်။ ထို့ကြောင့် နည်းပရိယာယ် အရသာ မဟုတ်ဘဲ၊ သေနင်္ဂဗျူဟာ မျှော်မှန်းချက် အဖြစ် ဖော်ပြထားလေသည်။ ထို့ထက် ပြည်ထောင်စုသစ် တည်ဆောက်ရေး အပြင် လက်နက်ကိုင် အဖွဲ့အစည်းများ အတွက်လည်း စီစဉ် ဆောင်ရွက်မှုများ ထည့်သွင်း သွားရန်ကိုလည်း စီစဉ်ထားလေသည်။ ထိုသို့သော နိုင်ငံရေး သဘောထားသည် ကေအဲန်ယူပါတီ၏ သေလောက်သော အမှားများကို ကျူးလွန်ခဲ့ကြောင်း ဗဟိုကော်မတီ တို့က သုံးသပ် ခဲ့လေသည်။ သေနင်္ဂဗျူဟာ လမ်းစဉ်အရ မှားယွင်းခဲ့သော်လည်း၊

(၁) ကရင်တော်လှန်ရေး ဒုတိယလမ်းစဉ်ကို အခိုင်အမာ စွဲကိုင်ထားခြင်း၊

(၂) ရန်သူလူတန်းစား၏ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်မှုများ ပိုမို ရက်စက်လာ ခြင်း၊

(၃) ဒုတိယလမ်းစဉ်၏ လုပ်ငန်းစဉ်များအတွင်း ဒီမိုကရေစီ တပ်ပေါင်းစုကို တည်ဆောက် နိုင်ခဲ့ခြင်းကြောင့်သာ ကရင့်တော်လှန်ရေးသည် မကျဆုံးခဲ့ရခြင်း ဖြစ်သည်။

(၆)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးတွင် လက်နက်ကိုင် တိုက်ပွဲ နှင့် သာ အောင်ပွဲရယူရန် သဘောထားကို ပြန်လည် ချမှတ်ခဲ့ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗကပ တို့ကလည်း (၅၅)လမ်းစဉ်ကို စွန့်လွှတ်လိုက်ပြီး၊ (၆၄)လမ်းစဉ် ဖြစ်သော လက်နက်ကိုင် လမ်းစဉ်နှင့်သာ အောင်ပွဲခံရေး သဘောထားကို ချမှတ် ခဲ့လေသည်။ ထို လမ်းစဉ်နှစ်ရပ် တိုက်ပွဲသည် ပြင်းထန်ပြီး၊ ဖြုတ်/ ထုတ်/ သတ် ဖြတ်မှုများအထိပင် ပြုလုပ်ခဲ့ ကြလေသည်။

ဦးမောင်ကလေးနှင့် မြစ်ဝကျွန်းပေါ် လှုပ်ရှားမှု

၁၉၆၆ ခုနှစ်၊ နှစ်ဝက်လောက်တွင်၊ ပဲခူးရိုးမ အနောက်ခြမ်းမှ မြစ်ဝကျွန်း ပေါ်သို့ ပြန် ဆင်းခဲ့သည်။ အနောက်ရိုးမ တောင်တန်းတွင် အခြေခံသော K.N.U.P. ၏ တိုင်း အခြေခံ စခန်းကို အစိုးရမှ၊ ဆင်မင်း စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်နေသဖြင့် တိုင်းဌာနချုပ်သို့ မသွား နိုင်သေးပေ။ ထို့ကြောင့် အမှတ်(၇) ခရိုင်ဖြစ်သော ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူ နယ်မြေ များတွင်၎င်း၊ အမှတ်(၄) ခရိုင်ဖြစ်သော ဝိန့်လားဖန်း၊ ထူးကြီး ဒေသများအတွင်း လှည့်လည် ပြီး ဒုတိယ လမ်းစဉ်ကို ရှင်းလင်း ပြောပြလေသည်။

ဦးမောင်ကလေး၏ သင်ကြားချက်သည်၊ ၁၉၅၉ ခုနှစ်၊ K.N.U.P. ပထမ အကြိမ် မြောက် ညီလာခံမှ စတင်ကျင့်သုံးခဲ့သော အလားအလာ နှစ်ရပ် လမ်းစဉ်သာ ဖြစ်သဖြင့်၊ (၆)ကြိမ်မြောက် ဗဟိုကော်မတီမှ ပြုပြင်ခဲ့သော အလားအလာတရပ် (သို့မဟုတ်) လက် နက် ကိုင်နည်းဖြင့်သာ အောင်ပွဲခံမည်ဟူသော လမ်းစဉ်နှင့် ပဋိပက္ခများ ပေါ်ပေါက်လာ လေသည်။ ၁၉၆၇ ခုနှစ်၊ အမှတ်(၇) ခရိုင်သို့ စစ်အစိုးရ၏ အောင်စစ်သည် ထိုးစစ်ဖြင့် တိုက်ခိုက်လာ သောအခါ ဦးမောင်ကလေးနှင့် အဖွဲ့လည်း K.N.U.P. တို့၏ အခြေခံ စခန်းတည်ရှိရာ အနောက်ရိုးမသို့ ရောက်ခဲ့ရသည်။ ထိုအချိန်တွင် တိုင်း အတွင်းရေးမှူး ဦးစိုးအောင်သည် (၆)ကြိမ်မြောက် ဗဟိုကော်မတီက ချမှတ်ခဲ့သော၊ (၆၄) လမ်းစဉ်ကို သင်တန်းပေးနေစဉ် ဦး မောင်ကလေးအား အမှတ်(၈)ခရိုင် ပုသိမ်သို့ ရွှေ့ပြောင်းလိုက် လေသည်။ ၁၉၆၇ ခုနှစ် ဧပြီလတွင် အမှတ်(၈) ခရိုင်သို့ ရောက်လာပြီး၊ တပ် နိုင်ငံရေးမှူး ဦးကျော်သောင်းထံသို့ ရောက်လာလေသည်။ ထို့နောက် နိုင်ငံရေး သင်တန်းကို ဖွတ်ချောင်း စခန်းတွင် ဖွင့်လှစ်နေ စဉ်၊ ရန်သူ သတင်း ထူးသဖြင့် သင်တန်းကို ရပ်ဆိုင်းလိုက်ရ လေသည်။ လူစုခွဲရာ ဗိုလ်မောင် ကလေးအဖွဲ့က ပင်လယ် ကမ်းခြေရှိ မြဟာကုန်းသို့ ရောက်ခဲ့သည်။ မရွေးမနှောင်းပင် ဗိုလ် သာစိန်နှင့် ရဲဘော်တစု ရောက်လာပြီး သင်တန်းများ ဆက်လက် ပေးခဲ့လေသည်။ ၁၉၆၇ ခု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှစ် ပင်လယ်ကမ်း ခြေဒေသတွင် ဆန်ပြဿနာ ပေါ်ပေါက် ခဲ့ပြီး အောက်တိုဘာလတွင် အောင်စစ်သည် ထိုးစစ်သည် ရခိုင်ပြည် ပင်လယ်ကမ်းခြေ ဘက်သို့ ဝင်ရောက်လာသဖြင့် ပုသိမ် အနောက်ပိုင်း မြို့နယ်၊ ဆင်တား၊ ဇီးဖြူကွင်း၊ ကညင်ကုန်းဘက်သို့ ရှောင်တိမ်းရင်း သင်တန်းများကို ဆက်လက် သင်ကြား ပေးခဲ့ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အတွေးအခေါ်နှစ်ရပ်

ဇီးဖြူကွင်း နောက်ကျောရှိ ကျောက်ဂူစခန်းတွင် K.N.U.P. ဗဟို ကော်မတီ မန်းဘစော နှင့် တွဲဘက်ပြီး နိုင်ငံရေးသင်တန်းပေးရာ၊ သင်တန်း ဦးဆောင်သူ နှစ်ဦးတွင် အယူအဆ ကွဲနေသဖြင့် သင်တန်းကို ရပ်ဆိုင်း လိုက်ရသည်။ သို့သော် အောက်ခြေမှ တောင်းဆိုသဖြင့် မေဂျာမောင်ကလေးက သင်တန်းကို ဆက်လက်ပြီး ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ လေသည်။ မကြာမီ အမှတ်(၂)ခရိုင်၊ K.P.L.A. တပ်ရင်းမှူး ဗိုလ်မှူးသောင်းညွန့် နှင့် ရောဘတ်ဇန် တို့ ရောက်လာပြီး၊ (၆)ကြိမ်မြောက် ဗဟို ကော်မတီ လမ်းစဉ် အပေါ်၌သာ ခံယူပြီး၊ သင်ကြားရန် ညွှန်ကြားချက် ပါလာလေသည်။ သို့သော် လမ်းစဉ် အပေါ် ဆွေးနွေး ပွဲများ ပြုလုပ်ရန် သဘောတူသဖြင့်၊ ကျောက်ဂူ စခန်း၌ပင် ဆွေးနွေးပွဲ ပြုလုပ်ကြသည်။ ဆွေးနွေးပွဲ တက်ရောက်သူများမှာ အမှတ်(၈) ခရိုင်မှ ခေါင်းဆောင် များ၊ တပ်မဟာ(၅)မှ ဗိုလ်ကျင်ဖေ၊ အမှတ်(၂) K.P.L.A. ဗိုလ်မှူးသောင်းညွန့်နှင့် ရောဘတ်ဇန်၊ အမှတ်(၃) K.P.L.A. ဗိုလ်မှူးသာစိန်၊ တိုင်း ဥက္ကဋ္ဌ ဦးမောင်ကလေး၊ ဦးကျော်သောင်း၊ မန်းဘစော၊ မောင်မောင်ဆွေ(ဦးမောင်ကလေး၏ သားမက်) တို့ ပါဝင်ကြသည်။

ထိုဆွေးနွေးပွဲတွင် ဦးမောင်ကလေးအနေနှင့် (၆)ကြိမ်မြောက် ဗဟို ကော်မီတီမှ လက်မခံနိုင်ကြောင်း အခိုင်အမာပင် ငြင်းဆန်ခဲ့လေသည်။ အမှတ်(၈) ခရိုင် ငပုတော ပုသိမ်အရှေ့ပိုင်း သာပေါင်းနှင့် သဘော်ကျင်းမြို့နယ်၊ ထို့နောက် အမှတ်(၈) ခရိုင်မှ ခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးခင်သူနှင့် ဗိုလ်မှူးထီးကစားတို့မှ ဆွေးနွေး ပွဲကို ရပ်ဆိုင်း လိုက်လေသည်။ သို့သော် ဦးမောင်ကလေးအား သင်တန်း ဆက်လက် ပေးရန် ခွင့်ပြုပြီး သင်တန်းကို ကျောက်ကြီး စခန်းသို့ ရွှေ့ ပြောင်းလေသည်။

ထိုအချိန်က တိုင်း ဥက္ကဋ္ဌမှာ - ဗိုလ်ချုပ်မြရင်၊
တိုင်း အတွင်းရေးမှူးမှာ - ဦးစိုးအောင်၊
တိုင်း စစ်ဦးစီးချုပ်မှာ - ဗိုလ်မှူးထွန်းအေး ဖြစ်ပြီး၊
တိုင်းကော်မတီဝင်များမှာ - ဗိုလ်မှူးလေးမူး၊ စောနယ်လ်ဆင်၊ ဗိုလ်မှူး အက်စ်သိန်း တို့ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဦးမောင်ကလေး၊ မန်းဘစောနှင့် ဗိုလ်မှူးချုပ် ကျော်သောင်း တို့မှ တိုင်းဌာနချုပ်သို့ အစီရင်ခံရာတွင်၊ ဦးမောင်ကလေးသည် (၆)ကြိမ်မြောက် ဗဟိုကော်မတီ ဆုံးဖြတ်ချက်ကို လက်မခံကြောင်း၊ ပြန်လည်ပြင် ဆင်ရေးနောက်သို့ လိုက်ပါသွားကြောင်း အစီရင်ခံကြသည်။ ထိုအတောအတွင်း K.N.U.P. ဗဟိုမှ ဧရာဝတီတိုင်း ကော်မတီသို့ သဘောထား တောင်းခံရာတွင် မန်းဘဇန်၊ ဗိုလ်မြတို့အား အခြေခံရန်သူအဖြစ် သတ်မှတ်ခြင်းနှင့် လက်နက်ကိုင် တိုက်ခိုက်ရမည့် အင်အားစု အဖြစ် သဘောထား ဖော်ပြထား လေသည်။

ဦးမောင်ကလေးနှင့် နိုင်ငံရေးတိုက်ပွဲ

နိုင်ငံရေးသင်တန်းပေးနေစဉ်၊ (၆)ကြိမ်မြောက် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက် အပေါ် (၃၂)မျက်နှာရှိသည့် စာတမ်း တစောင်ကို ရေးသား တင်ပြခဲ့လေသည်။
“သန်းထွန်း နောက်လိုက်လား၊ စောဘဦးကြီး နောက်လိုက်လား၊ ကရင် အချင်းချင်း တိုက်ရင်လည်း အသင့်” ဟူသော ကြေးနန်းကို ရေးသားပြီး ပေးပို့ ခဲ့သည်။
ဦးမောင်ကလေးသည် ကျောက်ကြီးစခန်း၌ သင်တန်းပေးပြီးသည်နှင့် အမှတ်(၈) ခရိုင်မှ သင်တန်းသားများ၊ မိမိတို့ နယ်မြေအသီးသီးသို့ ပြန်သွားကြသည်။ မကြာမီ ရန်သူ က ထိုးစစ်ဆင်လာလေသည်။ သရက်ချောင်း စခန်းတွင် ရန်သူနှင့် သီသီကလေး လွတ် သွားပြီး၊ `ခါဆာ´စခန်းသို့ ပြောင်းရွှေ့ရသည်။ ထိုစခန်း၌ ဗိုလ်မှူးသာစိန် အဖွဲ့မှ မောင် မောင်ဆွေနှင့် အတူ (၇)လခန့် နေထိုင်စဉ် တိုင်းဌာနချုပ်မှ ထောက်ပံ့ငွေဖြတ်တောက်ခြင်း ခံရလေသည်။ သို့သော် အမှတ်(၈)ခရိုင်မှ လျှို့ဝှက် ထောက်ပံ့ပေးခဲ့သည်။ နိုင်ငံရေး စည်းရုံး ခွင့်များကို ပိတ်ပင် ခြင်း ခံခဲ့ရသည်။
၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အမှတ်(၂) ခရိုင်မှ ဗိုလ်မှူးသောင်းညွန့်၊ အမှတ်(၈) ခရိုင်မှ ခေါင်းဆောင်များ၊ ဗိုလ်မှူးချုပ်ကျော်သောင်း၊ ဗဟိုကော်မတီ မန်းဘစောတို့ ပြန်လည် ရောက်ရှိလာပြီး ဦးမောင်ကလေး နှင့် ဆွေးနွေးပွဲများ ပြန်လည် ပြုလုပ်ပြန် လေသည်။
ထိုဆွေးနွေးပွဲတွင် (၆)ကြိမ်မြောက် ဗဟိုကော်မတီ ဆုံးဖြတ်ချက် စာတမ်းကို လေ့လာရေး အဆင့်၌သာထားပြီး၊ (၅)ကြိမ်မြောက် ဗဟို ကော်မတီ ညွှန်ကြားချက်နှင့် (၆၃)ခုနှစ် ညီလာခံ ဆုံးဖြတ်ချက်အတိုင်း ပြုလုပ်ရန် သဘောတူ လေသည်။ ထို့အပြင် ကြေညာချက်တစောင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထုတ်ပြန်ရန်နှင့် ရှေ့လုပ်ငန်းစဉ် အသီးသီးကို ညွှန်ကြားရန် ဦးမောင်ကလေး အား တာဝန် ပေးအပ်လေသည်။

အမှတ်(၂)ခရိုင်၊ အမှတ်(၈)ခရိုင်တို့မှ ရဲဘော်များလည်း ပြန်သွားကြ လေသည်။ K.P.L.A. နှင့် မကြာမီ တိုင်း ဥက္ကဋ္ဌ၊ တိုင်းအတွင်းရေးမှူး၊ တိုင်း စစ်ဦးစီး ချုပ်တို့ ရောက်ရှိ လာပြီးနောက်၊ ဦးမောင်ကလေးနှင့် အမှတ်(၂)ခရိုင်၊ အမှတ်(၈)ခရိုင် ဆွေးနွေးပွဲ ဆုံးဖြတ် ချက်များကို ဖျက်သိမ်းလိုက်သည်။

“သန်းထွန်း နောက်လိုက်မလား၊ စောဘဦးကြီး နောက်လိုက် မလား။” ကြေးနန်း အပေါ် ဦး မောင်ကလေး ၏ ဖြေရှင်းချက်။

ဦးမောင်ကလေး၏ အခြေခံသဘောထားသည်၊ မန်းဘဇန်က (၆)ကြိမ်မြောက် ဗဟို ကော်မတီသို့ တင်ပြသော စာတမ်းတွင် အလားလာ(၂)ရပ်၊ သဘောထားကို တင်ပြ ထားသည်။ ကရင့်တော်လှန်ရေးသည် လက်နက်ကိုင် တိုက်ပွဲကို အခြေခံတိုက်ပွဲများနှင့် ပေါင်းစည်းရမည့် အဓိပ္ပါယ်မှာ ပါလီမန် ဒီမိုကရေစီနည်း သို့မဟုတ်၊ ငြိမ်းချမ်းသော နည်း နှင့် လည်း အောင်ပွဲဆင်နိုင်သော သဘောထား ဖြစ်လေသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန်သည် အလားအလာနှစ်ရပ် နိုင်ငံရေးအမြင်ကို ဆုပ်ကိုင်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဗဟိုကော်မတီ အစည်း အဝေးသို့ မတက်တော့ချေ။ ထို့ကြောင့် သူ၏ ပါတီဥက္ကဋ္ဌ တာဝန်ကို ဗိုလ်ချုပ်ကော်ထူးအား တင်မြှောက် လိုက်သည်။

ဦးမောင်ကလေး၏ တင်ပြချက်တွင် (၆)ကြိမ်မြောက် ဗဟိုကော်မတီ ဆုံးဖြတ် ချက်က၊ ၁၉၆၃ ပါတီညီလာခံ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်နိုင်သလော ဆိုသည့် အချက် ပင် ဖြစ်သည်။

ထို့အပြင် K.N.U.P. သည် ဗကပ တို့၏ (၆၄)လမ်းစဉ်ကို အတုခိုးပြီး ချမှတ် ထားခြင်း ဖြစ်သဖြင့်၊ ဗကပ နောက်လိုက်များသာ ဖြစ်သည်ကိုလည်း ယုံကြည်ထား သည်။ (၆)ကြိမ် မြောက် ဗဟိုကော်မတီအတွင်း မြေယာလမ်းစဉ်မှာလည်း၊ ဗကပ တို့ ရေးဆွဲ တင်ပြထားသော စာတမ်းအတိုင်းသာ ဖြစ်သည်ဟု ရေးသားထားလေသည်။ (၆)ကြိမ်မြောက် ဗဟိုကော်မတီ များသည် ဗကပ နောက်လိုက်များသာဖြစ်ပြီး အချင်း ချင်း သွေးကွဲအောင် ဖန်တီးလာခြင်း သာ ဖြစ်ကြောင်းကို တင်ပြထားသည်။ ထိုအချိန်က ဗကပ အတွင်း ဖြုတ်/ထုတ်/သတ် နိုင်ငံရေး ပဋိပက္ခများ ဖြစ်နေသော ကာလ ဖြစ်သည်။

စောဘဦးကြီး၏ သဘောထားသည် လူမျိုးမရွေး၊ အဖိနှိပ်ခံ ပြည်သူများ ညီညွတ်ရေးကို လိုချင်သော ဆန္ဒကို ဖော်ပြထားလေသည်။ ကရင်-မြန်မာ ချစ်ကြည်ရေး ပျက်ပြားစေရန် ဦးနုမှစတင်ဖန်တီးခဲ့ရာတွင်၊ ဗကပ သခင်သန်းထွန်း အုပ်စုမှ K.N.U. စော ဘဦးကြီးနှင့် K.N.D.O. တို့သည်၊ အင်္ဂလိပ် နောက်လိုက် ခွေးရူးတစုဖြစ်၍ အပြုတ် တိုက်ဟုပင် ကြွေးကြော်ခဲ့ရာမှ လက်နက်ကိုင် ပဋိပက္ခများ ရှိခဲ့သည်။ စောဘဦးကြီး၏ လူမျိုးစုံသွေးစည်းညီညွတ်ရေး သဘောထားအပေါ်တွင် ဦးမောင်ကလေးထံ ကိုယ်စား လှယ် စေလွှတ်ပြီးဆွေးနွေး ညှိနှိုင်း ခဲ့လေသည်။

ထို့ကြောင့် စောဘဦးကြီး၏ သဘောထားအတိုင်း စည်းစည်း လုံးလုံးနှင့် ရန်သူကိုသာ ဦးတည် တိုက်ခိုက်သွားကြရန် သဘောထားသာ ဖြစ်ကြောင်းကို ကြေးနန်းဖြင့် ပေးပို့ခဲ့ခြင်းသာ ဖြစ်သည်။

၁၉၆၈ ခုနှစ် ဒီဇင်ာလတွင်၊ မေဂျာမောင်ကလေးနှင့် ဧရာဝတီတိုင်း ကော်မတီတို့ ဆွေးနွေးပွဲပြီးနောက် တိုင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင် (ထူးကပေါ်)၊ ဗိုလ်မှူးထွန်းအေး၊ အတွင်းရေးမှူး ဦးစိုးအောင်၊ မန်းဘစောတို့ ပြန်လည် ရောက်ရှိ လာသည်။ ဗိုလ်မှူးချုပ်ကျော် သောင်းအပါအဝင် ဦးမောင်ကလေးနှင့် အစည်းအဝေး ကျင်းပလေသည်။ ဦးမောင် ကလေး၏ တင်ပြချက်တွင် ဗဟိုကော်မတီ ဆုံးဖြတ်ချက်ကို အောက်ခြေသို့ ပထမ အဆင့် လေ့လာရန် ချပြသင့်သည်။ ထို့ကြောင့် မရှင်းလင်းသော အချက်များ မေးခွန်းများကို ပြန်လည် ဖြေကြားချက်များ၊ မေးခွန်းများ၊ ပြန်လည် ပြောကြားချက်များကို မြစ်ဝကျွန်းပေါ် တိုင်းကော်မတီက ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း တင်ပြလေသည်။ ထိုသို့ အပြန်အလှန် မေးခွန်းများ၊ မရှင်းလင်းသော အချက်များကို ဖြေရှင်းနေသော ကာလတွင်၊ တော်လှန်ရေး လုပ်ငန်းများကို ရပ်ထား၍မရ ဆက်လက်၍ လုပ်ဆောင်နေရမည် ဖြစ်သည်။ ဤ အခြေအနေတွင် ဦးမောင်ကလေးအား မြစ်ဝကျွန်းပေါ်တိုင်း မြေယာ ဗြူရို၊ မြစ်ဝကျွန်းပေါ်တိုင်း တရားသူကြီးချုပ်၊ K.N.U. အစည်းအရုံး ဖော်ဆောင်ရာတွင် အကြံပေး ကော်မတီနှင့် စစ်ရေးအပြင် နိုင်ငံရေး အကြံပေး ကော်မတီ တာဝန်များကိုပါ ပေးအပ်ခဲ့ လေသည်။

ဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် ဗိုလ်မြနှင့် မန်းဘဇန်အား တိုက်ခိုက်ရန် တင်ပြ လေရာ၊ (၆)ကြိမ်မြောက်ကို မရှင်းသေးသဖြင့် လက်မခံနိုင် သေးကြောင်းဖြင့် အဆုံးသတ် ခဲ့လေ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ဆွေးနွေးချက်များကို ဗဟိုသို့ တင်ပြရာတွင် ဦးမောင်ကလေး သည် (၆)ကြိမ် မြောက် ဆုံးဖြတ်ချက်ကို လက်မခံကြောင်း ပိုမိုရှင်းလင်း သွားလေသည်။

ဗိုလ်မှူးဂါးမင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြစ်ဝကျွန်းပေါ်တိုင်း ပါတီဗဟိုကော်မတီ

ဒုတိယအကြိမ် ဆွေးနွေးပွဲ လပွတ္တာမြို့နယ်၊

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ဗဟိုကော်မတီဝင်များမှာ၊

(၁) ဦးမောင်ကလေး ဗဟိုကော်မတီ၊

(၂) ဗိုလ်မှူးချုပ်ကျော်သောင်း တပ်မ နိုင်ငံရေးမှူး၊

(၃) ဗိုလ်မှူးထွန်းအေး တိုင်း စစ်ဦးစီးချုပ်၊

(၄) မန်းဘစော (မန်းလုနဲ့ဖောင်) ဗဟိုကော်မတီ၊

(၅) ဗိုလ်ချုပ်မြရင် (ထူးကပေါ်) တိုင်း ဥက္ကဋ္ဌ တို့ဖြစ်ပြီး၊

(၆) တိုင်းကော်မတီဝင်များမှာ ဗိုလ်လေးမူး၊ နယ်လ်ဆင်၊ ဗိုလ်မှူးအက်စ်သိန်း တို့ ပါဝင် လေသည်။

ခရိုင်ကော်မတီဝင်များမှာမူ ထိုဆွေးနွေးပွဲသို့ တက်ရောက်ခွင့် မရှိပေ။ ဆွေးနွေးပွဲ တွင် ဦးမောင်ကလေး ၏ မေးမြန်း တင်ပြချက်များမှာ၊

၁။ (၆)ကြိမ်မြောက်စာတမ်းတွင် ပို့စတာ (၄) ချပ်ကို ဘာကြောင့် အပြည့်အဝ မဖော်ပြ ရသ လဲ။ ကရင့်လက်နက်ကို ဖယ်ထားချင်၍လား။

၂။ (၆)ကြိမ်မြောက်တွင် K.N.U. ကရင်အမျိုးသားအစည်းအရုံးကိစ္စကို ဘာကြောင့် ထည့် သွင်းခြင်း မပြုရသလဲ။

၃။ ရန်သူကို တိုက်ခိုက်ရာတွင် လက်နက်ကိုင်တိုက်ပွဲသည် အဓိကတိုက်ပွဲ ဖြစ်ပြီး၊ အခြား တိုက်ပွဲများနှင့် ပေါင်းစပ်သွားရမည် ဆိုသည်မှာ ငြိမ်းချမ်းရေး တိုက်ပွဲကို ဆိုလို ပါသလား။

၄။ ၁၉၆၃ ခုနှစ် ညီလာခံက ချမှတ်ထားခဲ့သော၊ “ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးရေး တိုက်ပွဲ” အသွင်ကို (၆)ကြိမ်မြောက် အစည်း အဝေးက ဘယ်လို သဘောထားပါသလဲ။

၅။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒသည် အချိန်အခါနှင့် မကိုက်ညီတော့ဘဲ မှားယွင်း နေပေသည် ဆိုသည်မှာ ဘယ်လို သဘောလဲ ဆိုသည်ကို သိလိုပါသည်။

၆။ မြေယာကိစ္စတွင်၊ မြေယာ ဝေချမ်းရေးလော၊ မြေယာ ချထားရေးလော။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇။ ညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများ ဆုံးဖြတ်ချက်များကို ဗဟိုကော်မတီမှ ပြင်ဆင်လို့ ရပါသလား။ စသည်တို့ ဖြစ်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တိုင်းကော်မတီမှ ဦးမောင်ကလေးအပေါ် အရေးယူ ဆောင်ရွက်ချက်များ

(၆)ကြိမ်မြောက် ဆုံးဖြတ်ချက်ကို ဝေဖန်ဆန့်ကျင်သူ ဦးမောင်ကလေးအား ပြန်လည် ပြင်ဆင်ရေးသမားဟု သတ်မှတ်ပြီး အမှတ်(၅)ခရိုင် ဖျာပုံတွင် ကျမ္မာရေး အတွက် အနားယူ ရန် ဆုံးဖြတ်ပြီး ထိန်းသိမ်းလိုက်သည်။

ဗိုလ်မှူးသာစိန်အား အမှတ်(၈) ပုသိမ်ခရိုင်သို့ ရွှေ့ပြောင်းထားပြီး၊ ဗိုလ်မှူး ဘလုံကို အမှတ်(၂) ခရိုင်ဖြစ်သော မြောင်းမြသို့ ပို့လိုက်လေသည်။ ဦးမောင်ကလေး၏ သားမက် မောင်မောင်ဆွေကိုမူ အမှတ်(၅)ခရိုင် ပန်းတနော် ဒေသသို့ ပို့လိုက် လေသည်။ ဗိုလ်သန်းရှိန်၊ မန်းအိုင်ရှောင်း (ခေါ်)ဗိုလ်ဘခင်၊ ဗိုလ်မှူးဂါးမင်း တို့က စောင့်ရှောက်ထား ရန်၊ ဗိုလ်မှူးချုပ် ကျော်သောင်းနှင့် ဗိုလ်မှူးထွန်းအေးတို့မှ ညွှန်ကြား ထားလေသည်။

မကြာမီ ဗိုလ်မှူးချုပ်ကျော်သောင်း၊ ဦးစိုးအောင်တို့ ဗဟိုဌာနချုပ်ရှိရာ ပဲခူးရိုးမသို့ တက်သွားလေသည်။

ဗိုလ်မှူးချုပ်ကျော်သောင်း ဗိုလ်မှူးဘလုံ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဦးမောင်ကလေးနှင့် မြစ်ဝကျွန်းပေါ်ထိုးစစ်

မကြာမီ အမှတ်(၂)ခရိုင်နှင့် အမှတ်(၅)ခရိုင်တို့တွင် ရန်သူ၏ ရွှေလင်းယုံ စစ်ဆင်ရေး ဝင်လာသည်။ ဗိုလ်မှူးဘလုံကို အမှတ်(၂) ခရိုင်မှ ရဲဘော်များနှင့် ခွဲကာ ထိန်းသိမ်း ထားလိုက်သည်။ မောင်မောင်ဆွေကို ဗိုလ်မှူးဂါးမင်းမှ ပုသိမ် အနောက်ပိုင်း မြို့နယ်သို့ ပို့လိုက်သဖြင့်၊ ဗိုလ်မှူးသာစိန်နှင့် ပြန်လည် ပူးပေါင်း မိလေသည်။ (၆)ကြိမ် မြောက်ကို ဆန့်ကျင်သော ငပုတောမြို့နယ်မှ စောမြ၊ ဗိုလ်မူးသယ်၊ ဗိုလ်ကျားတို့နှင့် တိုင်ပင်ပြီး၊ ဗိုလ်မှူးဘလုံနှင့် ဗိုလ်မောင်ကလေးတို့ လွတ်မြောက်လာအောင် ကြိုးပမ်းပြီး၊ အတူပူးတွဲနေကြရန် သဘောတူခဲ့ကြလေသည်။ ထိုအချိန်တွင် ဗိုလ်မှူးထွန်အေးမှ ရန်သူ့ အခြေအနေ မကောင်းသည့် အတွက် သူ၏တာဝန်သို့ ပြောင်းရွှေ့ရန် ညွှန်ကြားသဖြင့် ဆင်မကျေးရွာမှ စက်လှေဖြင့်၊ ဖိုးလောင်းရွာသို့သွားပြီး၊ ဦးမောင်ကလေး မိသားစုများကို ဖိုးလောင်း ရွာတွင် နေရာချထားခဲ့သည်။ ထို့နောက် ဗိုလ်မှူးထွန်းအေးစခန်းသို့ သွားကြ သည်။ မောင်မောင်ဆွေနှင့်အတူ ရဲဘော်အခ့ုပ်ို့ ပါလာသည်။

ဗိုလ်မှူးထွန်းအေး စခန်းသို့ ရောက်ပြီးနောက် ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင် စခန်းသို့ သွားရန် ထပ်မံစီစဉ် ပြန်သည်။ ဗိုလ်ထွန်းအေး စခန်းတွင် အင်အား (၅၀၀)ကျော်ရှိပြီး ထို စခန်း၌ရှိသော ဗိုလ်မှူးဘလုံကိုလည်း အဆက်အသွယ်ပြုကာ၊ ဗိုလ်မှူးသာစိန်နှင့် တွေ့ဆုံ မည့်နေရာကို ကြိုတင်၍ ပြောပြထားလေသည်။ ဗိုလ်မှူးဘလုံက သဘော်ကျင်းတွင် ရှိသော သူ့သမီးထံသို့ သွားရန် ခွင့်တောင်းရာ၊ ဗိုလ်မှူးထွန်းအေး ကလည်း ခွင့်ပြုခဲ့လေ သည်။ မောင်မောင်ဆွေကလည်း ဗိုလ်ချုပ်မြရင်ထံသို့ သွားရာတွင် ဗိုလ်မြရင်ဇနီး နှင့်အတူ ထွက်လာခဲ့သည်။ သတော်ပူရွာတွင် နှစ်ရက်ခန့်နေပြီး လှေဖြင့် ဘောမဲ သို့ သွားသည်။ ထိုမှတဆင့် ပိုးလောင်းသို့ စက်လှေဖြင့် ထွက်ပြေး ခဲ့လေသည်။ ပိုးလောင်းတွင်ရှိသော ဦးမောင်ကလေး၏ သား/ သမီးများ၊ အမျိုးသမီးများကို ခေါ်ဆောင်ပြီး စက်လှေဖြင့် ဆင်မဘက်သို့ ပြန်လာခဲ့လေသည်။ ဗိုလ်မှူးဘလုံလည်း လွတ်မြောက်လာခဲ့ပြီဖြစ်၍ သဘော်ကျင်းမြို့တွင် ပြန်လည်ပူးပေါင်းမိကြသည်။ ဆင်မရွာအနီး ဇီးဖြူကွင်းရွာ အနောက် ကြောတွင် ခေတ္တမျှ နေထိုင်ခဲ့ကြသည်။ ထို့နောက် ငပုတောမြို့နယ်သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ မကြာမီ မေဂျာ မောင်ကလေးသည် လပွတ္တာမြို့နယ်၊ သိပ္ပံကုန်းကြီး ရွာမှတဆင့် လှေဖြင့် ငပုတော မြို့နယ်သို့ ရောက်လာ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.N.U.P. မှ ခွဲထွက်ပြီး၊ K.N.U. ကို၊ ဖွဲ့စည်းခြင်း

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် K.N.U.P. မှ ခွဲထွက်ပြီး၊ မြစ်ဝကျွန်းပေါ်တိုင်း၊ K.N.U. ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းလိုက်သည်။ ၁၉၇၀ ခုနှစ်တွင် ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဗိုလ်ချုပ်မြတို့ထံမှ ပေးစာများကို လက်ခံရရှိပြီး၊ ရောဝတီတိုင်း K.N.U. ဥက္ကဋ္ဌ အဖြစ် ဦးမောင်ကလေးအား ခန့်အပ်လိုက်သည်။ အဖွဲ့ဝင်များမှာ မောင်မောင်ဆွေ၊ ဗိုလ်မှူးဘလုံ၊ ဗိုလ်မှူးသာစိန်၊ စောမြ၊ စော လူသယ်၊ ဗိုလ်ကျား တို့ အသီးသီးပါဝင်သော တိုင်းကလာပ်စည်းတခုကို ဖွဲ့စည်းခဲ့သည်။ K.N.U.P. အား မိတ်ဘက်သဘောထားဖြင့် စည်းရုံးသိမ်းသွင်းရန် ညွှန်ကြား ထားချက်များလည်း ရှိလေသည်။

၁၉၇၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် K.N.U. ဗဟိုဌာနချုပ်မှ K.N.U.P. ဖွဲ့စည်း အုပ် ချုပ်ပုံ အခြေခံ စည်းမျဉ်းဥပဒေ၊ စစ်ရေးနှင့် နိုင်ငံရေး စာစောင်များကို လက်ခံ ရရှိလေ သည်။ ထို့အပြင် K.N.U. သည် မွန်ပြည်သစ်ပါတီ၊ ဦးနု၏ ပါလီမန် ဒီမိုကရေစီပါတီတို့နှင့် ပူးပေါင်းပြီး၊ “တိုင်းရင်းသား လူမျိုးပေါင်းစုံ ညီညွတ်ရေး တပ်ပေါင်းစု”ကို၊ ဖွဲ့စည်းလိုက် သည်။ (၃)ပါတီ ဆွေးနွေးပွဲ မှတ်တမ်းများလည်း ရောက်ရှိလာလေသည်။ မြစ်ဝကျွန်းပေါ် တွင် တိုင်းရင်းသား လူမျိုးများနှင့် လူတန်းစား တိုက်ပွဲဝင်နေသော အဖွဲ့အစည်းများလည်း ပါဝင်လာအောင် စည်းရုံး လှုံ့ဆော်ရန်ကိုလည်း ညွှန်ကြားချက်များ ပေးပို့ ရရှိထားလေ သည်။ တပ်ပေါင်းစု ဆိုင်ရာ မူ၊ လမ်းစဉ် စာတမ်းများလည်း ပါဝင်လေသည်။ ဦးမောင်က လေး က ဦးဆောင်ပြီး၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးနေစဉ် ပိတ်ဆို့ရေး ထိုးစစ် ဝင်လာ သဖြင့် လူစုခွဲပြီး ရှောင်တိမ်းနေကြရသည်။ (၂)လခန့် အကြာတွင် သင်္ဘောကျင်း မြို့နယ် တွင် ပြန်လည် ဆုံစည်းကြပြီး ဆွေးနွေးပွဲ ပြန်ထိုင်ကြသည်။

ဗိုလ်ကြီးသာစိန် မေဂျာမောင်ကလေး၏ သမီးကြီးဒေါ်မိမိ

K.N.U. ညွှန်ကြားချက်နှင့် နိဂုံးချုပ်တိုက်ပွဲ

သင်္ဘောကျင်းမြို့နယ်အတွင်း လုပ်ငန်းစဉ်များကို ဆွေးနွေးနေစဉ်၊ K.N.U. ဗဟိုမှ ပေးပို့လာသော ညွှန်ကြားစာတွင်၊ မြစ်ဝကျွန်းပေါ်ရှိ K.N.U.P. ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ညီညွတ်ရေး နားလည်မှုကို ကြိုးပမ်းရန် ပါရှိလေသည်။ ဦးမောင်ကလေးလည်း တိုင်းစစ်ဦးစီး ချုပ် တာဝန်ယူနေသူ ဗိုလ်မှူးထွန်းအေးထံသို့ စာရေးပြီး ရန်သူကို တော်လှန် သော အင်အားစု အချင်းချင်း ဆွေးနွေးရန်လိုအပ်ကြောင်း စာကို ရေးသားပေးပို့ လိုက်လေ သည်။ ဗိုလ်မှူးထွန်း အေးကလည်း ဆွေးနွေးလိုက လာနိုင်ကြောင်း အကြောင်းပြန်လေ သည်။ ဦးမောင်ကလေး၊ မောင်မောင်ဆွေတို့ ဗိုလ်မှူးထွန်းအေး စခန်းသို့ ရောက်ရှိသော အခါ ပါလာသော လက်နက် များအပြင် ဦးမောင်ကလေးတို့ အဖွဲ့ကိုပါ ထိန်းသိမ်းလိုက် သည်။ ထို့နောက် ဦးမောင်ကလေး တို့အဖွဲ့အား ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင်စခန်းသို့ ပို့လိုက်ပြီး ထို စခန်း၌ပင် အကျဉ်းချ ထားလေ သည်။ သို့သော် ညဘက်တွင် အချုပ်မှ ထွက်ပြေးပြီး လွတ်မြောက်ခဲ့သော်လည်း စစ်အစိုးရ စစ်ကြောင်းနှင့်တိုးကာ အဖမ်းခံခဲ့ရလေသည်။

မိမိအား ဖမ်းဆီးထားသော စစ်ဗိုလ်များအား၊ မိမိတို့သည် စစ်အုပ်ချုပ်ရေးကို လိုလား သူများမဟုတ်ကြောင်း စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းပြီး မူသစ်တခုကို ရေးဆွဲဘို့ လိုအပ် ကြောင်း၊ ယခုလည်း ဗဟိုအစိုးရနှင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သူများနှင့် လာရောက် ဆွေးနွေးခြင်း ဖြစ်ကြောင်း ပြောဆိုလေသည်။ စစ်ဗိုလ်များက စစ်အစိုးရ ခေါင်း ဆောင် များသည် အပြုတ်တိုက်ရေး သဘောထားသာ ရှိကြောင်း၊ ဦးမောင်ကလေး ဆွေးနွေးချက်ကို လက်မခံနိုင်ကြောင်း ပြန်လည် ရှင်းပြသည်။

ဦးမောင်ကလေးအား ဖမ်းဆီးခဲ့ပြီး၊ ငပုတောမြို့နယ် ကဒက်ချောင်း ကျေးရွာသို့ ခေါ် ဆောင်သွားလေသည်။ ကရင်ဘာသာဖြင့် “တာကွယ်လူ” ဟု ခေါ်ဆိုပြီး မြန်မာအခေါ် အားဖြင့် “တကွက်လူ” ဟု ခေါ်သည်။ ရွာသို့ ရောက်သောအခါ “တာကွယ်လူ” ဘုရား ကျောင်းသို့ ခေါ်ဆောင်သွားပြီး၊ လက်နက်ချ အလင်းဝင်သွား ကြသော ဗိုလ်ကျားနှင့် အဖွဲ့ဝင် များအပြင် ၎င်းတို့ နောက်လိုက် ရွာသားများကိုပါ ဖိတ်ကြားပြီး ရန်သူတပ်မှူးက စည်းရုံးရေး တရားများ ဟောကြားလေသည်။ ရန်သူ စစ်ဗိုလ်က စကားပြော ပြီးသောအခါ မေဂျာမောင် ကလေးက (ရန်သူ စစ်ဗိုလ်အား) စကားပြောခွင့်တောင်းပြီး၊ “ကျနော် ဦးမောင် ကလေး မဟုတ်ပါဘူး။ ကျနော့်ကို K.N.U. ဗဟိုကော်မတီ မောင်ကလေး လို့ ခေါ်ပါ။” အခု ကျနော့်ကို ဖမ်းမိထားတဲ့ စစ်ဗိုလ်ဟာ တချိန်က မေမြို့ စစ်တက္ကသိုလ်မှာ ကျနော်သင်တန်း ပေးခဲ့တဲ့ တပည့်တယောက် ဖြစ်ပါတယ်။ “စစ်ဗိုလ်က ကျနော့်ကို လက်နက်ချဖို့ ပြောတယ်။ လက်နက်ချပြီး အလင်းဝင်ပြီ လို့သာပြောပါ။ ဒီလို ပြောလိုက်ရင် ကိစ္စတွေ အားလုံး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အဆင်ပြေအောင် တာဝန်ယူစီစဉ်ပေးမယ်လို့လဲ ပြောပါတယ်။ ကျနော်က သူ့တို့ကို လက်နက်ချတဲ့ အလုပ်ကို တသက်လုံး မလုပ်ဘူးလို့ ပြန်ပြောခဲ့တယ်။”ဟု၊ လက်နက်ချ ထားသော ဗိုလ်ကျားအဖွဲ့နှင့် ရွာသားများကို ရှင်းပြခဲ့လေသည်။

ထို့အပြင် မေဂျာမောင်ကလေးက ဖမ်းဆီးထားသော ရန်သူစစ်ဗိုလ် အားလည်း K.N.U. ၏ လမ်းစဉ် မူဝါဒများကို ထိုဆွေးနွေးပွဲတွင်ပင် ရှင်းလင်း ပြောပြလေသည်။ ထိုနေ့တွင်ပင် ရန်သူစစ်တပ်၏ ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်ပါသွားရသည်။

ထို့နောက် ရန်သူစစ်ဗိုလ်က ဦးမောင်ကလေးအား လက်နက်ချမည် ဆိုလျှင် သူ့အား ယှဉ်အတိုင်း ခံစားခွင့်များကို ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်း ကတိပြုလေ သည်။ သို့သော် ဦးမောင်ကလေးသည် လက်နက်မချသည့်အတွက် ပုသိမ် အကျဉ်းထောင် သို့ ပို့ဆောင်ကာ အကျဉ်းချထား လိုက်သည်။ ထို့နောက် ပုသိမ် အကျဉ်းထောင်ထဲတွင် အမျိုးမျိုး နှိပ်စက် ဉှဉ်းဆဲခဲ့မှုကြောင့်၊ ၁၉၇၄ ခုနှစ်၊ မေလ(၁)ရက်နေ့၊ နံနက်(၁၀)နာရီ ခန့်တွင် အာဇာနည်ပီပီ ခံယူချက်အတွက် အသက်စွန့်သွားခဲ့သည်။ ဦးမောင်ကလေး ကွယ်လွန်ချိန်တွင် အသက် (၆၂)နှစ် ရှိခဲ့ပြီ ဖြစ်သည်။

(မှတ်ချက်)။ ။ မေဂျာမောင်ကလေးသည် အင်္ဂလိပ်-ကရင်ကပြား တဦးဖြစ်ပြီး၊ စောဘဦးကြီးကို လေးစားသူ အားကျသူ တဦးလည်းဖြစ်သည်။ စောဘဦးကြီး၏ “လက်နက်ချ စကား အလျဉ်းမပြောရ” ဆိုသော မူဝါဒအပေါ်၊ ရန်သူ၏ သွေးဆောင်မှု၊ နှိပ်စက်မှုကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း ယုံကြည်ချက်အတိုင်း အသက်ပေး သွားခဲ့သည်။ အင်းစိန် တိုက်ပွဲကာလ၊ မင်္ဂလာဒုံမှ ဂျစ်ကားတစီးကို မောင်းပြီး စောဘဦးကြီးရှိရာသို့ အရောက်သွားကာ တောခိုခဲ့သူ ဖြစ်သည်။ စောဘဦးကြီး၏ ညွှန်ကြားမှုအောက်တွင် တော်လှန်ရေးကို စတင်ခဲ့သည်။ လူမျိုးစုံ သွေးစည်း ချစ်ကြည်ရေးဝါဒသမား တဦးဖြစ်ပြီး တော်လှန်ရေးကာလ အမျိုးသား လွတ်မြောက်ရေး၊ လူတန်းစား လွတ်မြောက်ရေး တိုက်ပွဲနှစ်ရပ်၏ အပြန်အလှန် ဆက်စပ် မှီခိုမှုကို နားလည် သဘောပေါက်သူ ဖြစ်သည်။

ကရင်အမျိုးသားများ၏ တရားသော တိုက်ပွဲကို ထောက်ခံ အားပေးသည့် အပေါ် အစိုးရ၏ အရေးယူမည့် အချိန်တွင် ရှောင်တိမ်း လွတ်မြောက်ခဲ့သူ။

ဇနီးသည် နန့်အေးသန်းမှာ ဟင်္သာတသူဖြစ်ပြီး သူမ၏ခင်ပွန်းမှာ အစိုးရ အမှုထမ်း တဦးဖြစ်သဖြင့် တော်လှန်ရေးတိုက်ပွဲကာလတွင် ကလေး (၈)ယောက်နှင့် အတူ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။ ၁၉၅၁ ခုနှစ်တွင်မှ လွတ်မြောက်ခဲ့သည်။ လွတ်မြောက် လာသည်နှင့် ကလေးများနှင့်အတူ ဦးမောင်ကလေးရှိရာ ပဲခူးရိုးမ အနောက်ခြမ်းတွင် အတူ နေထိုင်ခဲ့သည်။

ဂျပန်ဆန့်ကျင်ရေးကာလ ကရင့်တော်လှန်ရေးကာလအတွင်း နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခ အကျပ်အတည်းထဲတွင် တလျောက်လုံး ပါဝင်ခဲ့သည်။ ဂျပန် ဆန့်ကျင်ရေး ကာလ တွင် ဦးမောင်ကလေးနှင့် အတူ နှစ်ကြိမ်မျှ အဖမ်းခံခဲ့ရသည်။ တကြိမ်တွင် သူမအား ဖမ်းဆီး ထားသော ဂျပန်တပ်သား တဦးကိုပင် မဟုတ်မခံ ရဲရင့်စွာ ပါးရိုက်ခဲ့သူ တဦး ဖြစ်သည်။

မြစ်ဝကျွန်းပေါ်တွင် လမ်းစဉ်ဆိုင်ရာ ပဋိပက္ခအကြားတွင် တွေ့ကြုံခဲ့ရသော အခက် အခဲမျိုးစုံအပြင် သားသမီးများကို ထိန်းကျောင်းရင်း ခက်ခဲစွာ ပါဝင်ရုန်းကန်ခဲ့ သူဖြစ်သည်။ နောက်ဆုံး ၁၉၇၄ ခုနှစ်၊ ဦးမောင်ကလေး နှင့်အတူ အဖမ်းခံရပြီး ပုသိမ် ထောင်ထဲတွင် ခင်ပွန်းသည်၏ ကျန်းမာရေးကို အသက်ဆုံးသည့်တိုင် စောင့်ရှောက်ပေး ခဲ့သည်။ ၁၉၇၄ ခု နှစ် နောက်ပိုင်းတွင် သား သမီးများ နှင့်အတူ ဟင်္သာတမြို့တွင် ပြန်လည် အခြေချ နေထိုင်ခဲ့ သည်။

Mrs. Constance Allmark (မစ္စစ်ကွန်စတန့်အောလ်မာ့(စ်))

၁၈၈၅ ခုနှစ်၊ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင် ပါဝင်ခဲ့သော မြန်မာ စစ်သူကြီး တဦး ဖြစ်သူ ဦးရွှေဂဲ၏ ပထမ သမီး မတူး (ခေါ်) မဖူးသည် စကော့လူမျိုး Arthur Edwardin (Burma Civi Police 1885)နှင့် အိမ်ထောင်ကျပြီး၊ သား(၂)ဦး ထွန်းကား ခဲ့သည်။ Arthur Stehelin နှင့် George Edward Stehelin (1898) တို့ ဖြစ်သည်။

Arthur Stehelin သည် Alice Catherine Pigott နှင့် အိမ်ထောင်ပြုသဖြင့် Constance Veronica Stehelin (၂၅.၉.၁၉၃၀) သမီးတဦး မွေးဖွားခဲ့သည်။ ကွန်စတန့် ဗရောနီကာ စတီဟီလင်သည် မေဂျာမောင်ကလေး၏ ဝမ်းကွဲ ညီမ ဖြစ်သည်။ Mrs Constance Veronica Stehelin သည် Keith William Allmark (1933) နှင့် အိမ်ထောင် ပြုပြီး၊ သား(၃)ယောက်နှင့် သမီး(၃)ယောက် ထွန်းကားခဲ့သည်။ Mrs Constance Allmark ၏ ဖခင် Arthur Stehelin သည် ၁၉၅၀ ခုနှစ်တွင် မေမြို့တွင် ကွယ်လွန်ခဲ့သည်။

Mrs. Constance Allmark သည် ခင်ပွန်းသည် K. William Allmark မိခင်ဖြစ်သူ၊ Alice Catherine PiGott နှင့် သား(၃)ယောက်၊ (Douglas, Marlon and Melvyn) သမီး(၃)ယောက်မှာ (Deborah, Corinna and Linda)၊ အိမ်ထောင်ရှင် ခင်ပွန်း Keith William Allmark မိသားစုသည် ၁၉၆၄ ခုနှစ် စက်တင်္ဘာလ (၁)ရက်နေ့တွင် ဩစတြေးလျ အနောက်ဘက် Perth မြို့သို့ ရောက်လာလေသည်။ ၁၉၆၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် အမှတ်(၃၅) Tangmere Way, Balga တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင်၊ ကရင်လူမျိုးတို့ တွေ့ကြုံနေရသော ဘဝ အခက်အခဲ၊ လက်နက်ကိုင် ခုခံဆင်နွှဲနေရသော တိုက်ပွဲကို အကူအညီပေးရန်အတွက် စာများ ရေးသားပေးပို့ပြီး၊ ဩစတရေးလျနိုင်ငံ နိုင်ငံခြားရေးဌာနသို့ တင်ပြ အကူအညီ တောင်းခံခဲ့သည်။ သို့သော် နိုင်ငံခြားရေးဌာနမှ မည်သို့သော တုန့်ပြန်မှုကိုမျှ မပြုခဲ့ပေ။ မိတ္ထူတစောင်ကို Philbus Thaung (ဖိုလ်ကြီးခလိစေး)၏ ညီ၊ Raymond Thaung ကို ပေးအပ်ခဲ့သည်။ Raymond Thaung မှတဆင့် ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ခွာသွားသော Mr Howard Thodgson လက်ထဲသို့ ထည့်ပေးလိုက်သည်။ Mr Howard Hralgson မိခင်မှာ ကရင်လူမျိုးဖြစ်ပြီး၊ ညီအငယ်ဆုံးဖြစ်သူ၊ ဖိုလ်မှူးရပ်ဖ (Brig Rayah)ကို ရှာဖွေရန် သွားရာ ခရီးကြုံသဖြင့် စာကို ထည့်ပေး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လိုက်လေသည်။ Mrs Cartstance Allmark ၏ စာမှာ နောက်ဆုံး K.N.U. နိုင်ငံခြားရေးဌာနသို့ ရောက်ရှိသွားခဲ့ပြီး၊ သူမ တင်ပြချက်အတွက် ကျေးဇူး တင်ရှိကြောင်း၊ အကြောင်းပြန်သော စာကို လက်ခံ ရရှိခဲ့သည်။ ပြန်စာရေးသားသူသည် ကော်သူးလေ နိုင်ငံခြားရေးဌာနမှ အတွင်းရေးမှူး ဒေါက်တာမာတာ(အမ်မာတာ)ဖြစ်ပြီး၊ နောက်ပိုင်း မေဂျာမောင်ကလေးနှင့် သူမတို့၏ ဆွေစဉ်မျိုးဆက် စာရင်းကိုပေးပို့ကာ၊ မေဂျာမောင် ကလေး၏ သား သမီးတို့ကို ရှာဖွေပေးရန် အကူအညီ တောင်းခံသဖြင့်၊ မေဂျာမောင်က လေး၏ သမီးဖြစ်သော ဒေါ်မိမိနှင့် မောင်အငယ်ဆုံး ချစ်ကိုကို တို့သည် ဟွေးခလုပ် (ခွေးကလုပ်) ဒုက္ခသည်စခန်း၌ ရှိနေကြောင်း အကြောင်းပြန်ပေးခဲ့သည်။ ထို့အပြင် K.N.U. ဗဟိုဌာနချုပ်သို့လည်း လာရောက်လည်ပတ်နိုင်ကြောင်း ဖိတ်ကြားစာကို လက်ခံရရှိခဲ့ လေသည်။

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် Mrs Canstance Allmark နှင့် ခင်ပွန်းဖြစ်သူ Keith Allmark နှင့်အတူ သားဖြစ်သူ Melagn ခယ်မဖြစ်သူ Shirley Van Wyck, တို့သည် Perth မှ ထိုင်း-မြန်မာ နယ်စပ်သို့ ခရီးထွက်ခဲ့သည်။ သူတို့ မိသားစုနှင့်အတူ အရှေ့တောင်အာရှ တိုင်းရင်းသား ဒုက္ခသည်များ လူမှုကူညီ စောင့် ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr Hug Wood လည်း ပါဝင်လာ လေသည်။ Tribal Refugee Welfare of S.E Asia ကို ၁၉၈၆ ခုနှစ် ဧပြီလ (၃)ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည်။

ဥက္ကဋ္ဌမှာ Mr Hugh Wood. အတွင်းရေးမှူးမှာ Mrs. Constance Allmark. ဒုတိယ ဥက္ကဋ္ဌမှာ Keith Allmark. ဘဏ္ဍာရေးမှူးမှာ ခယ်မ ဖြစ်သူ Shirley တို့ ဖြစ်သည်။ နယ်စပ်ရှိ မြန်မာဒုက္ခသည်များအား ကူညီရန် ဖွဲ့စည်းလိုက် ခြင်း ဖြစ်သည်။

Mrs. Constance Allmark နှင့် ဒုတိယ ဥက္ကဋ္ဌ Mr. Huge Wood အဖွဲ့သည်၊ ၁၉၈၆ ခုနှစ် နိုဝင်ဘာလတွင် K.N.U. ဗဟိုဌာနချုပ်ဖြစ်သော မာနယ်ပလောသို့ ရောက်ခဲ့ကြ သည်။

K.N.U. နိုင်ငံခြားရေးဌာနမှ ဒေါက်တာအမ်မာတာနှင့်အတူ ကျေးရွာ ဆေးပေးခန်းများနှင့် အထက်တန်းကျောင်းတို့သို့ သွားရောက် လည်ပတ်ခဲ့သည်။ K.N.U. ဗဟို ခေါင်းဆောင်များဖြစ်ကြသော ပဒိုဘသင်စိန်၊ ဗိုလ်ချုပ်မြ၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်သန်းအောင် အပြင် ကေအဲန်ယူ ဗဟိုကော်မတီဝင်များနှင့်အတူ ညစာ စားသုံး ခဲ့ကြလေသည်။

K.N.U. ဌာနချုပ်၌ရှိစဉ်၊ ကော်သူးလေ စစ်သင်တန်းကျောင်းသို့ငင်း၊ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု ရုံးများသို့လည်း သွားရောက် လည်ပတ် ခဲ့ကြသည်။

မာနယ်ပလောမှ မဲဆောက်သို့ ပြန်ခဲ့ပြီးနောက် ဟွေးခလုပ် ဒုက္ခသည် စခန်းသို့ သွားရောက်ကာ၊ မေဂျာမောင်ကလေး၏ သမီးကြီးဖြစ်သူ ဒေါ်မိမိ (ခေါ်) Shirley နှင့် သား အငယ်ဆုံးဖြစ်သူ ချစ်ကိုကိုတို့ကို တွေ့ဆုံခဲ့သည်။ ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက် နေ့တွင် ဩစတြေးလျနိုင်ငံ Perth သို့ ပြန်ခဲ့ကြသည်။ မစ္စစ် Mrs Constaince Allmark ၏ ဆောင်ရွက်ချက်ဖြင့် ဦးမောင်ကလေး၏ သား သမီး မြေးတို့ ဩစတြေးလျ နိုင်ငံတွင် အခြေချ နေထိုင်ခွင့် ရရှိခဲ့ကြသည်။

Mrs Constance Allmark ၏ ဒုက္ခသည်များ ကူညီရေးအဖွဲ့၏ ဆောင်ရွက်ချက် တွင်၊ 681- Refugee and Special Humanitarian Proposal and 482 offshore Humanitarian Visa (Refugee & Humanitarian (Class XB) Visa) ဖြင့် ခရီး သွားလာ စရိတ်ကို ပေး ဆောင်၍ လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူး ဘော်လ်ဒွင်

ဦးမောင်ကြီး ဒေါ်ဖွားကြူတို့၏ အကြီးဆုံးသားဖြစ်သည်။ ကြီးစဉ် ငယ် လိုက် ညီ အစ်ကို မောင် နှမ များမှာ စောဘော်လ်ဒွင်ကြီး၊ နော်အိုင်နာကြီး (သာသနာပြုဆရာမ ကွယ်လွန်)၊ စော ဂေါ်လဒွင်ကြီး (civil aviation Mingaladon) ဗြိတိသျှခေတ် ဘုရင်ခံ ဆာဒေါ်မန်စမစ် (Sir Dorman Smith) လက်ထက်တွင် မေမြို့ ဝိုင်ယာလက် တပ်တွင် အမှုထမ်းခဲ့ ပြီးနောက်၊ အင်းစိန် ပေါက်တောတွင် နေထိုင်သည်။ နော်နိုင်းနာကြီး (Nina Gyi) ဝမ်းဆွဲ ဆရာမ ကွယ်လွန်၊ နော်ဒိုင်ယာနာကြီး B.A.Ed, B.Ed, B.A. (ဟင်္သာတမြို့ အမှတ် (၂) အထက်တန်းကျောင်းတွင် အင်္ဂလိပ်စာပြ ဆရာမဖြစ်ပြီး၊ ယခုအခါ အငြိမ်းစား ဆရာမကြီးတဦး ဖြစ်သည်။ အက်ဒွင်ကြီး ကို Archibaw ဟု လူသိများပြီး သူသည် ၂၀၁၂ တွင် ကွယ်လွန် ခဲ့သည်။

ဖခင်ဖြစ်သူ ဦးမောင်ကြီးမှာ ဘီလူးကျွန်းသားဖြစ်သည်။ ဟင်္သာတမြို့ အစိုးရ အထက်တန်းကျောင်း အမှတ်(၁)တွင် အလယ်တန်းပြ ဆရာအဖြစ် တာဝန် ထမ်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီးနောက် ဟင်္သာတမြို့၌ပင် ကွယ်လွန်ခဲ့သည်။ မိခင် ဖြစ်သူ ဒေါ်ဖွားကြူမှာ ဟင်္သာတခရိုင် အထောင်မြို့နယ် ဘန့်ဘွေးကုန်းသူဖြစ်ပြီး အမှတ် (၁) အစိုးရ အထက်တန်းကျောင်း၌ပင် အလယ်တန်းပြ ဆရာမအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၇၅ ခုနှစ် အသက် (၈၂)နှစ်အရွယ်အတွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

စောဘော်လ်ဒွင်ကြီးကို ၁၉၁၆ ခုနှစ်တွင် ဟင်္သာတမြို့၌ မွေးဖွားခဲ့ပြီး ဂျပန် ခေတ် မတိုင်မီက ဗြိတိသျှရေတပ် Navy တွင် အမှုထမ်းခဲ့သည်။ ပညာအရည် အချင်းမှာ ဟင်္သာတ မြို့ Phelps Karen High School တွင် ဒသမတန်းအထိ ပညာသင်ကြား ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် အမှုထမ်းစဉ်က Leading Seaman ဖြစ်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ပီနန် သို့ မေယုသဘော်ဖြင့် လိုက်ပါ သွားရသည်။ ၁၉၄၉ ခုနှစ် ကရင် တော်လှန်ရေး စတင် သောအခါ ကန်တော်ကြီးရှိ ထိန်းသိမ်းရေးစခန်း (Detention Centre)တွင် ထိန်းသိမ်း ခံခဲ့ရ သည်။ ဖဆပလ တပ်များက အင်းစိန် ကို ပြန်လည် သိမ်းပိုက်ပြီးနောက် မန္တလေး ကားလမ်း ရထားလမ်းရှိရာ မြို့များကို ပြန်လည် သိမ်းပိုက်ခဲ့သည်။ ထို့နောက် မြစ်ဝကျွန်းပေါ်ကိုလည်း ထိုးစစ်ဆင် တိုက်ခိုက်သည့် ၁၉၅၂ ခုနှစ်တွင်မှ ထိန်းသိမ်းရေး စခန်းမှ လွတ်မြောက် လာ

သည်။ ထို့နောက် ကေအဲန်ယူအစည်းအရုံး မြစ်ဝကျွန်းပေါ်တိုင်းဒေသကြီးသို့ ပြန်လာပြီး လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက် လုပ်ဆောင်ခဲ့ သည်။

၁၉၅၃ ခုနှစ်၊ ဧရာဝတီတိုင်းတွင် ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို ချမှတ်ခဲ့ပြီး ၁၉၅၄ ခုနှစ် လှေဆွဲ ကွန်ဖရင့်မှ နိုင်ငံရေး စစ်ရေး စည်းရုံးရေး လုပ်ငန်းများကို ပြန်လည် ချမှတ်ရာတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။

၁၉၅၆ ခုနှစ်၊ မြစ်ဝကျွန်းပေါ်တိုင်းတွင် စစ်ရေး နိုင်ငံရေး စည်းရုံးရေးနှင့် တပ်ပိုင်း ဆိုင်ရာ ပြန်လည် ဖွဲ့စည်းခဲ့ရာတွင် အမြဲတမ်းတပ်မတော် တပ်ရင်း(၃)တွင် တပ်ရင်းမှူး အဖြစ် ခန့်အပ်ခြင်းကို ခံခဲ့ရသည်။ ဒုတိယ တပ်ရင်းမှူးမှာ ဗိုလ်သာစိန် ဖြစ်သည်။

၁၉၅၆ ခုနှစ်၊ အရှေ့တိုင်းတွင် ဒုတိယလမ်းစဉ်ကို ချမှတ်နိုင်ရေး အတွက် နိုင်ငံရေး စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ပါတီ ဥက္ကဋ္ဌ မန်းဘဇန်က ခေါ်ယူ သဖြင့် အရှေ့တိုင်းသို့ ရောက်ရှိခဲ့သည်။ K.P.L.A. တပ်ရင်း(၃) ရင်းမှူး တာဝန်ကို ဗိုလ်မှူး ဝင်း အား လွှဲအပ်ပေးခဲ့သည်။

၁၉၅၉ ခုနှစ် ကေအဲန်ယူပါတီ ပထမအကြိမ် ညီလာခံအပြီးတွင် ပါတီအရန် ဗဟို ကော်မတီ ဖြစ်လာခဲ့သည်။

ကေအဲန်ယူပါတီ ဌာနချုပ်တွင် မန်းဘဇန်ကိုယ်တိုင် ဦးဆောင်ပြီး၊ အရှေ့တိုင်း ပါတီ တည်ဆောက်ရေး နှင့် တပ်ပေါင်းစုလုပ်ငန်းများတွင် တာဝန်ပေးခြင်းကို ခံခဲ့ရသည်။ ဗမာ ပြည် ကွန်မြူနစ်ပါတီ၊ မွန်၊ ရခိုင် မဟာမိတ်များနှင့် ဆက်ဆံရေးအပြင် ကရင်နီဒေသ၊ ပအိုဝ်း ဒေသအပြင် ရှမ်းဒေသများသို့လည်း သွားရောက်ပြီး တပ်ပေါင်းစု လုပ်ငန်းများကို ဆောင်ရွက် ခဲ့ရလေသည်။

၁၉၆၀ ခုနှစ်၊ ဧပြီလတွင်ဖွဲ့စည်းခဲ့သော လူမျိုးများ လွတ်မြောက်ရေး မဟာမိတ် အဖွဲ့၏ ဆုံးဖြတ်ချက်တွင် စစ်ရေးအရ ပူးပေါင်းမှုများ ပြုလုပ်ရန် သဘောတူ ချမှတ်ထား သည့် အပေါ်၊ ၁၉၆၀ ခုနှစ်တွင် ကေအဲန်ယူမှ ဗိုလ်လင်းထင်ဦးစီးသည့် တပ်ရင်းနှင့် ဗိုလ် ထရူးမင်း ဦးစီးသော တပ်ရင်းတို့ ရှမ်း ပြည်သို့ တက်သွားလေသည်။ လမ်းတွင် ကယား ပြည်သူ့စစ်များ နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သဖြင့် ရှေ့ဆက်မတိုးနိုင်ဘဲ ပြန်လာခဲ့ရသည်။ ၁၉၆၂ ခုနှစ် ဒုတိယ အကြိမ်တွင် စစ်ကြောင်း နိုင်ငံရေးမှူးအဖြစ် ဗိုလ်မှူးဘော်လ်ဒွင်ကို ဦးစီး စေခဲ့သည်။ ထို စစ်ကြောင်းကို တပ်မှူး ဗိုလ်ဘရှိုင်းက ဦးဆောင်ပြီး၊ တပ်မဟာ(၇)မှ တပ်ခွဲ တခွဲ၊

တပ်မဟာ(၃)မှ တပ်ခွဲ တခွဲကို တပ်ခွဲမှူးများ ဖြစ်ကြသော၊ ဗိုလ်စံဖေနှင့် ဗိုလ်ဇော်ဒူး တို့က ဦးဆောင်ခဲ့သည်။ ထိုစစ်ကြောင်းသည် ရှမ်းပြည်သို့ ကောင်းမွန်စွာ ရောက်ရှိသွား ခဲ့သည်။ သို့သော်လည်း ရှမ်းပြည် နိုင်ငံရေး အခြေအနေကြောင့် ၁၉၆၃ ခုနှစ်တွင် ရှမ်း ပြည်မှ ပြန် ဆင်းလာ ခဲ့ရလေသည်။

၁၉၆၃ ခုနှစ်၊ ဟန်တာသာမွေးနှင့် ပဒိုဝေသော အုပ်စုက ကေအဲန်ယူပါတီမှ ခွဲထွက်ပြီး၊ နေဝင်း အစိုးရနှင့် ပူးပေါင်းသွားချိန်တွင် ပါတီဥက္ကဋ္ဌ မန်းဘဇန် နှင့် ရပ်တည်ပြီး ကျန်ခဲ့သကဲ့သို့၊ ၁၉၆၇-၆၈ ကေအဲန်ယူပါတီ ဥက္ကဋ္ဌကြီး မန်းဘဇန် ကိုယ်တိုင်၊ ပါတီမှ ခွဲထွက်ကာ ဗိုလ်မြနှင့် ပူးပေါင်းသွား ချိန်တွင်လည်း၊ ကေအဲန်ယူ ပါတီ၏ လမ်းစဉ်အပေါ် အခိုင်အမာရပ်တည်ခဲ့ပြီး ပါတီဗဟိုကော်မတီဝင် တဦးအဖြစ် တော်လှန်ရေး တာဝန်များကို ဆက်လက် ထမ်းဆောင်ခဲ့ သည်။

ကေအဲန်ယူပါတီ၏ တပ်ပေါင်းစု လုပ်ငန်းများအတွင်း တပ်ပေါင်းစုရေးရာ ဆက်သွယ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများတွင် အခါအားလျော်စွာ တာဝန် ပေးခြင်း ခံရသူတဦး ဖြစ်သည်။

၁၉၆၇-၆၈ နိုင်ငံတကာ ဆက်ဆံရေး တပ်ပေါင်းစုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရန်၊ မြန်မာပြည် မြောက်ပိုင်းခရီးစဉ်တွင် ကေအဲန်ယူပါတီ၏ ပဏာမ ကိုယ်စား လှယ် အဖွဲ့ကို ဦးဆောင်ရန် တာဝန်ပေးအပ်ခြင်းကို ခံရသည်။

ထိုအဖွဲ့ဝင်များထဲတွင်၊

၁)။ ဗိုလ်မှူးဘော်လ်ဒင် အဖွဲ့ခေါင်းဆောင်၊
၂)။ စောသိန်းလွင် ဒုတိယ အဖွဲ့ခေါင်းဆောင်၊
၃)။ ဗိုလ်ကြီးဘာဘာ ကြေးနန်းဆက်သွယ်ရေး တာဝန်ခံ၊
၄)။ မန်းရှာလားဖန်း အဖွဲ့ဝင်၊
၅)။ စောသမိန်ထွန်း အဖွဲ့ဝင်၊
၆)။ ပါစက (ခေါ်) စောအယ်ကော် အဖွဲ့ဝင်၊
၇)။ စွတ်စိန် (ခေါ်) စောအဝါး တရုတ်အရေးအခင်းနှင့် ပေါင်းတည်ဘက်မှ ပါလာသူ၊
၈)။ တရုတ်ကျောင်းဆရာ (ဟုန်စွပ်လျန်)၊ အရှေ့တောင်အာရှ ကျောင်းသားသမဂ္ဂ၊
၉)။ တရုတ်ပြည်ကွန်မြူနစ်ပါတီ အရှေ့တောင်အာရှ အတွင်းရေးမှူး တဦး၊

(ထိုပုဂ္ဂိုလ်မှာ အသက်ကြီး၍ ဖလေးစာလို၊ ဗဟိုဌာနချုပ်၌ ဆုံးသွားခဲ့သည်။)

ကိုယ်စားလှယ် အဖွဲ့သည် ပဒေါင်နယ်မြေမှတဆင့် ရှမ်းဒေသကို ဖြတ်ကူးရန် ကြိုးပမ်းရာတွင် ရန်သူနှင့် တိုက်ပွဲဖြစ်ပွားပြီး ရှေ့ဆက်မတိုးနိုင်တော့ပေ။ ထို့ကြောင့် နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ရသည်။)

K.N.U.P. မြောက်ပိုင်းခရီးစဉ် ကိုယ်စားလှယ်အဖွဲ့သည် ကရင်နီနယ်မြေ ထီးထာစခန်းအထိ ပြန်လည် ဆုတ်ခွာခဲ့ကြသည်။ ထို့နောက် ကရင်နီနယ်မြေ ထီးထာမှ သံလွင်ချောင်းကိုကူးပြီး ပအိုဝ်းနယ်မြေသို့ ရောက်ခဲ့သည်။ ပအိုဝ်းနယ် မြေမှတဆင့် အရှေ့ မြောက်သို့ ခရီးဆက်ရန် စီစဉ်ခဲ့ကြသည်။

၁၉၆၈ ခုနှစ်၊ ပအိုဝ်းနယ်မြေ ဥက္ကဋ္ဌမှာ ဗိုလ်စံသိန်းဖြစ်သည်။ ဗိုလ်မှူးဘော်လ်ဒင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပအိုဝ်းနယ်မြေမှတဆင့်၊ ဗိုလ်မိုးဟိန်း အုပ်ချုပ် သော ရှမ်းနယ်မြေကို ဖြတ်သန်းရမည်ဖြစ်သည်။ ထိုအချိန်သည် ပအိုဝ်းနယ်မြေဥက္ကဋ္ဌ ဗိုလ် စံသိန်းနှင့် ရှမ်းနယ်မြေခံ မိုးဟိန်းတို့အဖွဲ့မှာ နယ်မြေပြဿနာ အငြင်းပွားမှု ဖြစ်နေသဖြင့် နယ်မြေဖြတ်သန်းမှုကို ရပ်ဆိုင်းထားသော အချိန်ကာလဖြစ်နေသည်။ သို့သော် ကေအဲန် ယူပါတီ ကိုယ်စားလှယ်အဖွဲ့ ဖြစ်သဖြင့် ဆွေးနွေးလျှင် အဆင်ပြေနိုင်မည် ဖြစ်သည်။ နှစ်ဖွဲ့ စလုံးမှာ ကေအဲန်ယူပါတီကို လေးစားကြသူများ ဖြစ်ကြသည်။ ဗိုလ်စံသိန်း၏ အကြံပြုချက် အရ ကိုယ်စားလှယ်အဖွဲ့ကို လာရောက်ကြိုဆိုရန် ဗိုလ်မိုးဟိန်းအဖွဲ့သို့ စာများရေးသား ပေးပို့ ခဲ့သည်။

အဆိုပါစာကို ဗိုလ်မှူးစံလင်း (ရှမ်း၊ ပအိုဝ်းဒေသ စည်းရုံးရေးမှူး)၊ နှင့် အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးဘောလ်ဒင် တို့ကိုယ်တိုင် ရေးသားပြီး၊ ဗိုလ်မိုးဟိန်းထံသို့ ပေးပို့ခဲ့ရာ ဗိုလ်မိုးဟိန်းအဖွဲ့မှ ဗိုလ်ချုပ်လှခင်ကိုယ်တိုင် လာရောက် ကြိုဆိုခဲ့လေသည်။ ဗိုလ်ချုပ်လှခင် မှာ ကရင်လူမျိုးဖြစ်ပြီး၊ ကေအဲန်ယူပါတီ ကိုယ်စားလှယ်အဖွဲ့ကို ဝမ်းမြောက်ဝမ်းသာ လာ ရောက်ကြိုလေသည်။ သို့ရာတွင် အစီအစဉ်မှာ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာဘဲ ပအိုဝ်း နှင့် ရှမ်း နှစ်ဖွဲ့ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ရာမှ ထိုတိုက်ပွဲတွင် ဗိုလ်ချုပ်လှခင်နှင့် ပအိုဝ်းခေါင်းဆောင် ဗိုလ်စံသိန်းတို့ နှစ်ဦးစလုံး ကျဆုံးသွားလေသည်။ ထို့ကြောင့် ကေအဲန်ယူပါတီ ကိုယ်စားလှယ်အဖွဲ့မှာ ရှေသို့မထွက် နိုင်တော့ဘဲ ခရီးစဉ် အစီအစဉ်ကို ရုပ်သိမ်းလိုက်ရသည်။ ထို့နောက်

K.N.U.P. ဌာနချုပ်သို့ ပြန်လာခဲ့လေသည်။ ထို့နောက် ခရီးစဉ် အသစ်တခုကို ရေးဆွဲပြီး ကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်အေးဟန်အား ပြန်လည် ဦးဆောင် စေခဲ့သည်။
(၁၉၇၀ ခုနှစ်၊ ကေအဲန်ယူ ပါတီ၏ (၇)ကြိမ်မြောက်၊ ဗဟိုကော်မတီ အစည်း အဝေး ပြီးဆုံးပြီး နောက်၊ ဒုတိယအကြိမ် တံခွန်နီ ကိုယ်စားလှယ် အဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ်ခဲ့ရာ ဗဟို ကော်မတီနှင့် ပေါလစ်ဗျူရို တဦးဖြစ်သူ ဆရာ စကောလယ်တော ကပင် ဦးဆောင်ခဲ့သည်။)

ထိုအချိန်က ဗိုလ်မြသည် ကေအဲန်ယူ-ပါတီအား အရှေ့တိုင်းမှ မောင်းထုတ်ထား သော အချိန် ဖြစ်သည်။ ဗိုလ်မှူးဘော်လ်ဒွင်မှာလည်း အရှေ့တိုင်း ဖလေးစာလို မှတဆင့် ပဲခူးရိုးမသို့ ပြန်လည်ရောက်ရှိ ခဲ့လေသည်။
ကေအဲန်ယူပါတီဌာနချုပ် ပဲခူးရိုးမသို့ ပြန်လည်ပြောင်းရွှေ့ထားပြီး မကြာမီ၊ တပ်မ(၉၉)၊ တပ်မ(၈၈)၊ တပ်မ(၇၇) တို့ဖြင့် ရန်သူက စစ်ဆင်ရေးများ တခုပြီးတခု ဆက်တိုက် ပြုလုပ်ခဲ့ သည်။ စစ်ဆင်ရေး ကာလအတွင်း ကေအဲန်ယူပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီတပ်ဖွဲ့များ ပူးပေါင်းပြီး၊ ခုခံတိုက်ခိုက်ခဲ့ရာ ရန်သူအများ အပြားကို ချေမှုန်း နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ရန်သူက ပဲခူးရိုးမကို ဖြတ်လေးဖြတ် စစ်ဆင်ရေးစတင်ခဲ့ပြီး အင်အားအမြောက်အများ တိုး မြှင့် ခဲ့သည့်အတွက်၊ ရေရှည်တွင် ကေအဲန်ယူပါတီဝင် အများအပြား ထိခိုက်ဒဏ်ရာရရှိမှု များပြားလာသကဲ့သို့ တဘက်တွင် ရိက္ခာနှင့် ဆေးဝါး များ ပြတ်လပ်လာခဲ့ရသည်။ ဖျားနာ လာခြင်း၊ ဒဏ်ရာရသူများအတွက် ဆေးဝါး မပြည့်စုံ သောကြောင့် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဗိုလ်မှူးဘော်လ်ဒွင် ကိုယ်တိုင် အခြား ရဲဘော်များနှင့်အတူ အာဟာရ ပြတ်ပြီး ခန္ဓာကိုယ်ဖောယောင်သော ရောဂါကို ခံစား ခဲ့ရသည်။
၁၉၇၄ ခုနှစ်တွင် ကေအဲန်ယူပါတီသည် ရှိသမျှအင်အားဖြင့် ပဲခူးရိုးမ တိုင်းကို စွန့်ကာ၊ အရှေ့တိုင်းသို့ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ရလေသည်။ ပဲခူးရိုးမတိုင်းကို အပြီးအပိုင် စွန့်ခွာရ တော့မည် ဖြစ်သဖြင့် တော်လှန်ရေးကို ဆက်မလုပ်နိုင်သော ပါတီဝင် ရဲဘော်များ အား မိမိတို့ ဆန္ဒအရ လက်နက်ချလိုက လက်နက်ချရန် ခွင့်ပြုပေးခဲ့သော်လည်း လက်နက် များကိုမူ ယူဆောင်သွားခွင့် မပြုခဲ့ပေ။
ထိုအစီအစဉ်တွင် ဖျားနာလျက်ရှိသော ဗိုလ်မှူးဘော်လ်ဒွင်နှင့် ခေါင်းဆောင် တပ်မှူး တခ့ုိုကို အရှေ့တိုင်းသို့ ထွက်ခွာရန် ကြိုတင် ပြင်ဆင်ခဲ့သည်။ ဗိုလ်မှူး ဘော်လ်ဒွင် နှင့်အတူ ဗိုလ်မှူးလှ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထွန်း (စစ်ဦးစီး ဗဟိုဌာနချုပ် ရုံးထိုင်မှူး)၊ ဗိုလ်ကြီးစိုးလွင်၊ ပဒိုရော့စနီ (ပညာရေးမှူးဟောင်း)၊ ရဲဘော်အခ့ျိုတို့ ပါဝင်ခဲ့သည်။ အများစုမှာ ဖောယောင် ဖျားနာသူများဖြစ်သဖြင့် ရှိသမျှ ခွန်အားဖြင့် အရှေ့တိုင်းသို့ တရွေ့ရွေ့ လျှောက်လှမ်း ခဲ့ရ သည်။ ရက်အနည်းငယ် အကြာတွင် စစ်တောင်းမြစ် နှုတ်ခမ်းသို့ ရောက်ခဲ့သည်။ သူတို့ ရောက်လာသော ဒေသ ကျေးရွာများမှာ ကိုင်းတော၊ ကျောက်စရစ်၊ ဒေါင်းမုတ် စသော မြန်မာရွာများဖြစ်သည်။ ထိုဒေသမှ အနည်းငယ် အထက်သို့ ဆက်သွားလျှင် ကျောက်ကြီး မြို့နယ် ကျွန်းကြီး၊ ဟင်္သာဝတီစသော ကရင်ရွာများသို့ ရောက်မည်။ ဗိုလ်မှူးဘော်လ်ဒွင် သည် ထိုနေရာမှပင် မြစ်ကို ဖြတ်ကူးရန် စီစဉ်ပြီး ကိုင်းတောများအတွင်း ခေတ္တ ပုန်းခို နေစဉ် နွားကျောင်းသားတဦးက တွေ့ရှိသွားရာမှ မြန်မာစစ်တပ်သို့ အကြောင်းကြားလိုက် သောကြောင့် မြန်မာစစ်တပ် ရောက်ရှိလာပြီး တိုက်ခိုက်ခဲ့ရာမှ အဖွဲ့ဝင်အားလုံး ကျဆုံးခဲ့ ရသည်။

ဗိုလ်မှူးဘော်လ်ဒွင် ကျဆုံးစဉ် အသက် ၆၂ နှစ် ရှိပြီဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ ကဆောဝါး ညီလာခံအပြီး ကေအဲန်ယူပါတီ ဥက္ကဋ္ဌ မန်းဘဇန်က၊ ကဆောဝါး စခန်း အနီး “စောမီးတာ” ကျေးရွာမှ ကျောင်းဆရာမ နော်သွေးမ နှင့် ထိမ်းမြားပေးခဲ့ရာ သမီးတဦး ဖွားမြင်ခဲ့သည်။ ထိုသမီးအမည်မှာ “နော်ဘွေရှီး” ဖြစ်သည်။

စကားပြောနည်းသော်လည်း လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာတွင် တိကျ လေးနက်သူ ဖြစ်သည်။ စစ်သားတဦးဖြစ်သကဲ့သို့ နိုင်ငံရေး သမားတဦးလည်း ဖြစ်သည်။ နိုင်ငံရေးစာပေ အများအပြားကို လေ့လာခဲ့သူ ဖြစ်သဖြင့်၊ ပါတီ၏ အရှေ့တိုင်း စည်းရုံးရေး လုပ်ငန်းများတွင် မဟာမိတ် ဆက်ဆံရေး၊ တပ်ပေါင်းစု လုပ်ငန်းများတွင် အထူးလေးစား အားထားရသော ပါတီဝင် တဦးဖြစ်ခဲ့သည်။

ပါတီနိုင်ငံရေး လမ်းစဉ်တွင် အတွေးအခေါ်အရ ခိုင်မာသူ တဦးဖြစ်ပြီး အလုပ်လုပ် လျှင်လည်း လေးလေးနက်နက် စဉ်းစားလုပ်ဆောင်တတ်သူတဦး ဖြစ်သကဲ့သို့ ကေအဲန်ယူ ပါတီ၏ အမာခံတဦးလည်း ဖြစ်ခဲ့သည်။ သူနှင့်အတူ ကျဆုံးသွားသော ဗိုလ်မှူးလှထွန်း၊ ပဒိုရော့စနီ၊ ဗိုလ်စိုးလေးတို့ နှင့်အတူ ဒဏ်ရာရ လူမမာ အားလုံးသည်လည်း ကရင် အမျိုးသား အာဇာနည်များအဖြစ် မှတ်တမ်းတင် ကျန်ရစ်ခဲ့ပါသည်။

ဗိုလ်မှူးဘော်လ်ဒွင်၏ အမည်အရင်းမှာ ဘော်လ်ဒွင်ကြီး ဖြစ်သည်။ ကဆောဝါး ညီလာခံမှ ပြောင်းလဲပေးခဲ့သော ကရင်အမည်မှာ စောလေးတော ဖြစ်ပြီး သူ့ကို ဘော်ဒွင် ဟု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လည်းကောင်း ဘော်လဒွင် ဟုလည်းကောင်း၊ သူ၏ ရဲဘော် ရဲဘက်များ၊ မဟာမိတ် ခေါင်းဆောင်များအပြင် မဟာမိတ်ရဲဘော်များနှင့် လုပ်ဖော်ကိုင်ဖက်များမှ အမျိုးမျိုး ခေါ်ဝေါ်ခဲ့ကြသော်လည်းအထူးသဖြင့် ဘော်ဒွင်ဟုသာ အခေါ်များ လူသိများကြောင်း သိရှိ ရသည်။ ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ကျော်လှိုင်(မြပုခက်) ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဒုတိယ ဗိုလ်မှူးကြီးကျော်လှိုင်ကို အဖဦးဖိုးကြူး၊ အမိဒေါ်မယ်ခွေ တို့မှ ၁၉၃၃ ခုနှစ်၊ ဧပြီလတွင် ညောင်တုန်း မြို့နယ် အရှေ့ဖက် စွန်တနီးကျေးရွာတွင် မွေးဖွားခဲ့သည်။ မွေးချင်း မောင်နှမ ငါးယောက် ရှိသည်။ နော်ပန်းကုံး၊ နော်အဂေါ၊ စောရွှေအိုး၊ နော်စောစိန် နှင့် စော ကျော်လှိုင် တို့ ဖြစ်ပြီး သူကအငယ်ဆုံး သား ထွေး ဖြစ်သည်။

သူ့ကို ဗိုလ်ကျော်လှိုင်ဟုသာ အလွယ်ခေါ်ကြသည်။ တာကပေါ စစ်ဆင်ရေး မိကျောင်းခြံ တိုက်ပွဲတွင် ညာဘက်ပေါင် ကျိုးခဲ့ပြီး အနာမကျက်ခင်က ပုခက် အထမ်းဖြင့် သွားလာကာ တိုက်ပွဲကို စီမံကွပ်ကဲခဲ့သဖြင့် သူ့ကို ရန်သူကပါ “မြပုခက်”ဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။

ဗိုလ်ကျော်လှိုင်သည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင့် တော်လှန်ရေး အတွင်း သို့ စတင် ဝင်ရောက်ခဲ့ချိန်တွင် ဗိုလ်တင်ဦး (ဖူးတာအယ်)၏ K.N.D.O. ကရင့်တော်လှန် ရေး တပ်သားအဖြစ် စတင် တာဝန်ထမ်း ဆောင်ခဲ့သည်။

ထိုစဉ်က ဗိုလ်တင်ဦး ဦးဆောင်သည့် တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခြင်း မရှိပဲ၊ ညောင်တုန်းမှ အင်းစိန်၊ ရန်ကုန်သို့၊ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်နှင့် လက်နက် ခဲယမ်း များကို သယ်ပို့ပေးရသော တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ ထိုအချိန်က စော ကျော်လှိုင် အသက်မှာ (၁၆)နှစ်ပင် မပြည့်သေးပေ။ သူနှင့် တွဲဘက် ညီကြသူများမှာ သောင်စုမှ မောင်ဇံ၊ ညောင်ရွာမှ မောင်ဖူး၊ အမြောင်းမှ အောင်ထွန်းတို့ ဖြစ်သည်။

အင်းစိန်ကို K.N.D.O. တပ်မှ လက်လွတ် ဆုတ်ခွာခဲ့ရသောအခါ ဗိုလ်ကျော်လှိုင် သည် ဗိုလ်တင်ဦးနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါလျက် မြစ်ဝကျွန်းပေါ်နယ်တကြော၊ ကရင့် တော်လှန်ရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ကြသည်။ ၁၉၅၁ ခုနှစ် “ကျော်ဇော စစ်ဆင် ရေး” ကြောင့် တပ်မဟာ(၁)မှ တပ်ရင်းများ ပဲခူးအနောက်ခြမ်းသို့ ဆုတ်ခွာခဲ့စဉ်၊ ဗိုလ်တင်ဦး တပ်ဖွဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှင့်အတူ ကျန်ခဲ့ပြီး မြစ်ဝကျွန်းပေါ်တွင် “နယ်လှည့် လှုပ်ရှား တပ်ရင်း”အဖြစ် “မြစ်ဝကျွန်းပေါ်တခွင်၊ တိုက်ပွဲရှိရာသို့၊ နယ်မြေခံ တပ်ရင်းများနှင့် ပူးပေါင်းကာ တိုက်ပွဲများကို ဆင်နွှဲခဲ့သည်။ ဗိုလ်ကျော်လှိုင်နှင့်အတူ ထူးချွန် ထက်မြက်သော တပ်မှူးငယ်များမှာ၊ ဗိုလ်မောင်ဇံ၊ ဗိုလ်မောင်ဖူး၊ ဗိုလ်စံလင်း၊ ဗိုလ်အောင်ထူး တို့ ဖြစ်သည်။ ”

၁၉၅၁-၅၂ ခုနှစ်ကာလ၊ ကန်ကြီးဒေါင့် ကြခတ်ကွင်းတိုက်ပွဲ၊ မြွေဟောက် နှင့် လောင်တိုင်း တိုက်ပွဲ စသည့် ရန်သူဘက်မှ လက်နက်ကြီးများ၊ သံချပ်ကာ ကားများဖြင့် တိုက်ခိုက်သည့် တိုက်ပွဲကြီးများကို အနိုင် တိုက်နိုင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင်၊ မြောင်းမြ တစ်တီတူး တိုက်ပွဲသည်လည်း၊ အင်အား တောင့် တင်းသော ရန်သူ့စစ် စခန်းကို တိုက်ခိုက်ကာ၊ မြောင်းမြကို သိမ်းရသည့် တိုက်ပွဲကြီး တခုဖြစ်ပြီး၊ တပ်ရင်း(၁)နှင့် နယ်ခံတပ်တို့ ပူးပေါင်းတိုက်ခိုက် အနိုင်ယူခဲ့ လေသည်။

ပန်းတနော်နယ် ဆယ့်နှစ်ရွာတွင် ဆားသော်ကိုဝင်စီးကာ ငွေကြေးများ ရယူပြီး၊ တော်လှန်ရေးအတွက် စားစရိတ် ဖြည့်တင်းနိုင်ခဲ့သည်။ အိမ့်မြို့ကိုလည်း ဝင်စီးကာ မြို့သိမ်းတိုက်ပွဲဆင်နွှဲခဲ့သည်။ အိမ့်ကို နယ်မြေခံ တပ်မမှူးထံ အပ်နှံခဲ့ပြီး၊ မိမိတို့ တာဝန် ကျရာ ခရိုင်(၃)နှင့် ခရိုင်(၁)နယ်မြေတို့သို့ ပြန်လာပြီး တွံတေးတောကြီးတန်းတွင် တပ်မမှူး ဗိုလ်ချုပ်သိန်းအောင် လက်အောက်ရှိ၊ ဗိုလ်မှူးသန်းမြင့်၏ တပ်ရင်း(၁၀)နှင့် ပူးပေါင်းကာ ပြောက်ကျား ဧရိယာကို ဖော်ထုတ်ခြင်းနှင့် အုပ်ချုပ်ရေးကို ဗိုလ်မှူးတင်ဦး၏ အစီအမံဖြင့် ပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။

၁၉၅၂ ခုနှစ်တွင် ရခိုင်ရိုးမတောင်ခြေရှိ မရမ်းကျေးရွာ၌ ဗကပ မှ သခင်ဇင် နှင့် ကေအဲန်ယူမှ မန်းဘဇန်တို့ ပူးပေါင်းရန် သဘောတူ စာချုပ် ချုပ်ဆိုခဲ့ ကြပြီးနောက်၊ တွံတေးတောကြီးတန်း ဧရိယာတွင်၊ ဗိုလ်ကျော်လှိုင်တို့သည် ဗကပ၊ အလံနီများနှင့် ပူးပေါင်းကာ အစိုးရတပ်များကို တိုက်ခိုက်ရင်း ပြောက်ကျား စစ်ဆင်ရေး ပညာရပ်ကို စာတွေ့ လက်တွေ့ လက်ထပ် သင်ယူခဲ့ရလေသည်။

တွံတေးတောကြီးတန်းမှ အလံနီ ဗဟိုကော်မတီဝင် ကိုတင်မောင်ငြိမ်းသည် အသက် (၃၀)ကျော် လူငယ်ဖြစ်ပြီး၊ တိုက်ခိုက်ရေး စွမ်းရည်ဖြင့် ဗဟို ကော်မတီဝင် ဖြစ်လာသူ တဦး ဖြစ်သည်။ ကိုတင်မောင်ငြိမ်းသည် ဗိုလ်မှူးတင်ဦး၏ တပ်မှူးများအနက် ဗိုလ်ကျော်လှိုင်ကို သဘောအကျဆုံး ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တံတေးတောကြီးတန်း နယ်တခွင် ပြောက်ကျားဧရိယာ တည်ဆောက်ရင်း လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာများ လိုအပ်သည့်အခါ၊ တပ်ရင်းမှူး ဗိုလ်မှူးတင်ဦးက သံလျင်ကို ဝင်ရောက် စီးနင်းရန် စီစဉ်သည်။

စစ်ဆင်ရေးတခုလုံးကို ဗိုလ်ကျော်လှိုင်အား ဦးစီးစေသည်။ ထို တိုက်ပွဲတွင် ဗိုလ်ကျော်လှိုင်တို့ တပ်ဖွဲ့၌ ရဲဘော် (၂၀)ဦးသာ ပါဝင်ပြီး၊ သံလျင်ကို အောင်မြင်စွာ စီးနင်း ကာ လက်နက် ခဲယမ်း မီးကျောက်များနှင့် ငွေကြေးများကို သိမ်းဆည်း နိုင်ခဲ့သည်။

တံတေးတောကြီးတန်းတခွင် "မုတ်ကျွန်းစစ်ဆင်ရေး"အမည်ဖြင့်၊ အစိုးရ စစ် တပ်ကို ပြောက်ကျားနည်းဖြင့် လိုက်လံ တိုက်ခိုက်ခဲ့ရာတွင်လည်း ရှုံးပွဲမရှိ ခဲ့ချေ။ ကြခတ်ကုန်းတိုက်ပွဲမှာမူ တိုက်ပွဲကြီးဖြစ်ခဲ့ပြီး၊ ရန်သူ အများအပြားကို သုတ်သင်နိုင် သကဲ့သို့ လက်နက်ခဲယမ်းများကိုလည်း သိမ်းယူနိုင်ခဲ့သည်။ ပြောက်ကျား ဧရိယာများ ဖော်ထုတ်လာနိုင်ခြင်းနှင့် ကော်သူးလေ မြေအောက်အစိုးရကို ဖဆပလ အစိုးရနှင့် စင်ပြိုင် တည်ဆောက် လာနိုင်သဖြင့်၊ ဖဆပလ အစိုးရသည်၊ ကရင့်တော်လှန်ရေးကို သုတ်သင် ချေမှုန်းရန် ဗိုလ်ချုပ်သိန်းမောင် (ခေါ်) မေဂျာဘလိပ်ကို တာဝန် ပေးလေသည်။ မေဂျာ ဘလိပ် ထိုးစစ်မှာ ၁၉၅၂ ခုနှစ်၊ ဇွန်လ (၁၂)ရက် နေ့တွင် စတင်ခဲ့ပြီး၊ ထိုထိုးစစ်ကို ဗိုလ်ကျော်လှိုင်တို့၏ တပ်ရင်း(၁)နှင့် အလံနီတပ်များက ပူးပေါင်းကာ ရိုက်ချိုးနိုင်ခဲ့သည်။ ရက်ပေါင်း (၂၇)ရက်အတွင်း တိုက်ပွဲပေါင်း (၁၂၀)ကျော် အပြင်းအထန် တိုက်ခဲ့ရသည်။

မေဂျာဘလိပ် ထိုးစစ်တွင် ရန်သူဘက်မှ (၂၀၀)ကျော် ကျဆုံးခဲ့ပြီး၊ အမြောက် အများ ထိခိုက် ဒဏ်ရာရခဲ့ကြသည်။ တော်လှန်ရေး တပ်သားများ ဘက်တွင်လည်း (၂၀) ကျော် ကျဆုံးခဲ့ပြီး ကျဆုံးသူများထဲတွင် တပ်စုမှူးအဆင့် (၄)ယောက် ပါဝင်ခဲ့သည်။

မေဂျာဘလိပ်ထိုးစစ်ကို ရိုက်ချိုး အနိုင်ယူပြီး နောက်တွင် ပြောက်ကျား ဧရိယာ ဖော်ထုတ်ခြင်းနှင့် ကော်သူးလေအုပ်ချုပ်ရေး တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက် လက် လုပ်ဆောင်ရပြန်ရာ၊ လက်နက် ခဲယမ်းများလည်း လိုအပ်လာ ပြန်သည်။ တိုက်ပွဲ ဖော်ကာ မိမိ အင်အားကိုလည်း ပြသရန် လိုအပ်လာပြန်သည်။ ထို့ကြောင့် ဌက်ပျောကျွန်း စစ်စခန်းနှင့် မဲဇလီ စစ်စခန်းတို့ကို ဝင်ရောက်စီးနင်းရန် ဗိုလ်တင်ဦးက စီစဉ်သည်။

ဌက်ပျောကျွန်း စစ်စခန်းကို ဗိုလ်ကျော်လှိုင်၊ ဗိုလ်ဉာဏ်ခင်၊ ဗိုလ်မောင်ဖူး တို့ကို ဦးဆောင်တိုက်ခိုက်စေပြီး၊ မဲဇလီ စခန်းကိုမူ ဗိုလ်အောင်ထွန်းနှင့် ဗိုလ်စံလင်းတို့အား ဦးစီးစေ

ခဲ့သည်။ တိုက်ပွဲမှာ မိနစ်(၂၀)မျှသာကြာပြီး ရန်သူ့ လက်နက် ခဲယမ်း မီးကျောက် များကို သိမ်းယူနိုင်ခဲ့သည်။ ကော်သူးလေ တပ်သားများ၏ စွမ်းရည်ကိုလည်း ပြည်သူများ က ရိုပ်စား သတိပြု မိသွားလေသည်။

ပန်းလှိုင်ဧရိယာတွင် (ပကငတ) ပြည်ထောင်စု ကရင်အမျိုးသား ငြိမ်းချမ်းရေး အဖွဲ့မှ ဗိုလ်အောင်မြိုင်ကောင်းမှုဖြင့်၊ ပန်းလှိုင် ချောင်းရိုးအတွင်းရှိ၊ ဝက်ကျွန်းရွာ၌ အစိုးရ စစ်တပ်မှ ဗိုလ်မှူးသန်းမြင့်၏ ရေတပ် မော်တော် (၃)စီးနှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့ရသည်။ ထို တိုက်ပွဲတွင် ဗိုလ်ကျော်လှိုင် တို့ဘက်မှ အင်အား နည်းပါးသော်လည်း နေရာကောင်းမှ စောင့်ကာ အလစ်အငိုက် ဖမ်းကာ တိုက်ခိုက်နိုင်ခဲ့သဖြင့်၊ ဗိုလ်မှူးသန်းမြင့်တို့ အကျအဆုံး များစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ကြရပြီး၊ မိမိတို့ ဘက်တွင်မူ အကျအဆုံး အထိအခိုက် မရှိခဲ့ချေ။

(ပကငတ) မှ ဗိုလ်အောင်မြိုင်၊ ဗိုလ်ကျော်ဇံတို့က ပြည်သူလူထုကို နှိပ်စက် ကလူ ပြုသဖြင့် သူတို့ကို သုတ်သင် ရှင်းလင်းရန် ဆင်နွှဲသော တိုက်ပွဲများတွင် “ကဝက်ကင်း” တိုက်ပွဲမှာ၊ တိုက်ပွဲကြီးဖြစ်ခဲ့ပြီး၊ အစိုးရတပ်၏ အဘက်ဘက်မှ ဝိုင်းပတ် ပိတ်ဆို့မှုကို အောင်မြင်စွာ ဖောက်ထွက်ပြီး ဌာနချုပ်ရှိရာ တံတေးတောကြီးတန်းသို့ ကောင်းမွန်စွာ တပ်များကို ပြန်ရုပ်နိုင်ခဲ့သည်။

၁၉၅၅ ခုနှစ်၊ ဇွန်လတွင်၊ အခိုင်အမာ ပြန်လည်တည်ဆောက် ထားသော မဲဇလီ စစ်စခန်းကို ထပ်မံ စီးနင်းတိုက်ခိုက်ရန်၊ ဗိုလ်မှူးတင်ဦး တယောက် စီစဉ်နေစဉ်၊ လှေဆွဲ ကွန်ဖရင့်သို့ တက်ရောက်ရန် ဗိုလ်မှူးတင်ဦး၊ ဗိုလ်ချုပ်သိန်းအောင်နှင့် မန်းဘဇန်တို့ ဖိတ်ကြားခံရသည်။ ဗိုလ်မှူးတင်ဦးက တိုက်ပွဲအစီအစဉ်ကို ချမှတ်ပေးခဲ့ပြီး၊ ဗိုလ်ကျော်လှိုင် ကို ဦးဆောင်စေကာ လှေဆွဲကွန်ဖရင့်သို့ ထွက်သွားခဲ့သည်။ မဲဇလီ တိုက်ပွဲကို ဗိုလ် ကျော်လှိုင်က ဦးဆောင်ပြီး ဗိုလ်မောင်ဇံ၊ ဗိုလ်ရွှေသိန်းတို့နှင့်အတူ တိုက်ခိုက် အောင်မြင် ခဲ့လေသည်။

မဲဇလီ တိုက်ပွဲပြီးသည်နှင့် ဗိုလ်မှူးတင်ဦး မှာကြားထားခဲ့သည့် အတိုင်း၊ ဗိုလ်မှူး ကျော်လှိုင်က လှေဆွဲကွန်ဖရင့်သို့ လိုက်သွားကာ “မဲဇလီ တိုက်ပွဲ အကြောင်း ကို အစီရင် ခံခဲ့သည်။” တိုက်ပွဲ အစီရင်ခံချက်ကို ကြားနာရသော ဗိုလ်ချုပ် ကျော်မြသန်းက တိုက်ပွဲအစီအစဉ်များကို အခြားသော တပ်မှူးများ အတုယူနိုင်စေရန် တိုက်ပွဲစီမံချက် ဆွေးနွေးဟောပြောမှုကို ထပ်မံ လုပ်ဆောင်စေ ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လှေဆွဲ ကွန်ဖရင့်တွင် တပ်ရင်း(၁)၏ တပ်ရင်းမှူး ဗိုလ်မှူးတင်ဦးမှာ ဒုတိယ ဗိုလ်မှူးကြီး အဖြစ်၊ ဗဟိုတွင် တာဝန်ထမ်းဆောင်ရမည် ဖြစ်သောကြောင့်၊ ဗိုလ်မှူး ကျော်လှိုင်အား တပ်ရင်း(၁)၏ တပ်ရင်းမှူးအဖြစ် ခန့်အပ် တာဝန်ပေးခဲ့ လေသည်။

ဗိုလ်မှူးကျော်လှိုင်မှာ တပ်ရင်း(၁)၏ တပ်ရင်းမှူးဖြစ်လာပြီးနောက် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်ကာလအတွင်း ဗိုလ်ချုပ်နေဝင်းက တာကပေါ ထိုးစစ်ကို ဆင်နွှဲရာ ထို ထိုးစစ်တွင် ဗိုလ်မှူးကျော်လှိုင်သည် တိုက်ပွဲကြီး ငယ် များကို ကိုယ်တိုင် ဦးဆောင်ကာ ခုခံစစ်ကို ဆင်နွှဲခဲ့ရသည်။

တာကပေါ မိကျောင်းခြံ တိုက်ပွဲတွင် ဗိုလ်မှူးကျော်လှိုင်တယောက် ညာဘက် ပေါင် ကျိုးခဲ့ရသည်။ ဒေါက်တာခင်မောင်မှ ငွေချောင်းဖြင့် အရိုးကို ဆက်ပေးခဲ့ရာ အနာ ကျက်သွားသော်လည်း ခြေထောက်မှာ ဆန့်၍ ကွေး၍ မရနိုင်တော့ချေ။

ဗိုလ်မှူးကျော်လှိုင်သည် ဒဏ်ရာ မပျောက်ခင်က ပုခက် အထမ်းဖြင့် တိုက်ပွဲများ ကို ကိုယ်တိုင် ဦးစီးကွပ်ကဲခဲ့သူ တယောက်ဖြစ်သည်။ ထို့ကြောင့်လည်း “မြပုခက်” ဟူသော အမည်ကို သူရခဲ့သည်။ နောက်ပိုင်းတွင် နွားဝယ်စီးကာ တိုက်ပွဲ များကို ဆင်နွှဲ ခဲ့၏။

သူဆင်နွှဲခဲ့သော တိုက်ပွဲများအနက် တွံတေး သုံးထပ်တော ဒညင်းခြံ တိုက်ပွဲ၊ မော လေး ညောင်ဝိုင်းကြီး တိုက်ပွဲ၊ အရှဲ့ အမြောင်းတိုက်ပွဲ၊ ညောင်တုန်း ပါလက် ကြက်တူရွေး တောင် တိုက်ပွဲ၊ ဝါးတောကျင်ဖော် တိုက်ပွဲ၊ တံဇင်ရေကျော် တိုက်ပွဲများမှာ တိုက်ပွဲကြီးများ ပင်ဖြစ်သည်။

ဗိုလ်တင်ဦး(တာအယ်) ဗိုလ်မှူးကြီးကျော်လှိုင်

ညောင်တုန်း ဝါးတောကျင်ဖော်တိုက်ပွဲသည် ပြင်ဆင်ပြီး တိုက်ခိုက် ခဲ့ရသော တိုက်ပွဲ မဟုတ်ဘဲ ရန်သူနှင့်မတော်တဆ ထိပ်တိုက်တိုးကာ ပစ်ခတ် တိုက်ခိုက် ခဲ့ရသော တိုက်ပွဲ တပွဲ ဖြစ်သည်။ ရန်သူမှာ အင်အားအလွန်များပြီး တိုက်ပွဲမှာလည်း အလွန် ပြင်းထန် ခဲ့သည်။ ဗိုလ် ကျော်လှိုင်၏ စီးတော်နွားမှာ ထို တိုက်ပွဲတွင် သေနတ်ထိမှန် သေဆုံးခဲ့သည်။

ဗိုလ်ချုပ်နေဝင်း၏ တာကပေါ ထိုးစစ်မှာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီး နိဂုံးချုပ် သွားခဲ့ သည်။ ဗိုလ်ကျော်လှိုင် ၁၉၆၅ ခုနှစ်၊ တန်ခူးလတွင်၊ ညောင်ဝိုင်းကြီး ကျေးရွာသူ နော်ခင်လှ (နော်စေးလေ)နှင့် အိမ်ထောင်ကျခဲ့သည်။ သူသည် စစ်သားပီပီ လက်ထပ်ပြီးနောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စစ်မြေပြင်မှာပင် အချိန်အများစုကို ကုန်ဆုံးစေ ခဲ့သည်။ ဇနီးနှင့် သား ငယ်ကို တပ်ရင်း ဌာနချုပ်ရှိရာ တံတေး သုံးထပ်တောတွင် သွားရောက် ခိုလှုံစေခဲ့သည်။

ဗိုလ်မှူးကျော်လှိုင်၏ ယောကျ္ခမကြီး ဒေါ်စောမြိုင်၊ သူ၏ အစ်မ အပျိုကြီး ဖြစ်သူ ဒေါ်ပန်းကုံးနှင့် နော်အဂေါ တို့သည်၊ မအူပင် ထောင်တွင် ဗိုလ်ကျော်လှိုင်ကြောင့် ထောင် ဒဏ် ကျခံနေကြရသည်။ သူ၏အစ်မငယ် နော်စောစိန်မှာ ကိုယ်ဝန် အရင့်အမာကြီးဖြင့် အဖမ်းခံရပြီး နောက် ညောင်တုန်း အချုပ်ထဲတွင်ပင် သမီးငယ်လေးကို မွေးဖွားခဲ့ရသည်။ ထိုကလေးငယ်မှာ ညောင်တုန်း အချုပ်ခန်းအတွင်းမှာပင် ဖျားနာ၍ သေဆုံးခဲ့ရသည်။ သူ၏ အမကြီး နော်ပန်းကုံးသည်လည်း မအူပင် ထောင်တွင်း၌ပင် သေဆုံး ခဲ့ရသည်။

၁၉၆၇ ခုနှစ်၊ တန်ခူးလတွင်၊ သူ့အား စိတ်မချသဖြင့် လိုက်လံ စောင့်ရှောက် နေသော အစ်ကိုဖြစ်သူ လူပျိုကြီး စောရွှေစော တယောက်သည်လည်း ပိုးထိ (မြွေကိုက်ခံရ)၍ သေဆုံး ခဲ့ရပြန်သည်။ သူ့အစ်ကို အသုဘ ချပြီးနောက် နှစ်ရက် အကြာ တွင် တံဇင်ရေကျော် ရွာသားများနှင့် အစိုးရစစ်တပ်မှ လက်ဖြောင့် တပ်သားတို့၏ ပူးပေါင်း လုပ်ကြံမှုဖြင့် တံဇင်ရေကျော် ရွာစပ် ရေကန်အနီးတွင် ဗိုလ်ကျော်လှိုင် (မြပုခက်) တယောက် ကျဆုံး ခဲ့ရသည်။

ဗိုလ်မှူးကျော်လှိုင် ကျဆုံးချိန်တွင်၊ သူ၏ အသက်မှာ (၃၃)နှစ်သာ ရှိသေးသည်။ သူနှင့် အတူ သူနှင့် ညီအကို ဝမ်းကွဲတော်စပ်သော သောင်စုရွာမှ ဗိုလ်အောင်ထွန်း၊ ရေလဲရွာမှ ဗိုလ်တင်ဦးတို့လည်း ကျဆုံးခဲ့ကြရသည်။ သူ၏ ကိုယ်ရံတော် တပ်သားငယ် ထန်းတပင်မှ စောသန်းလွင်နှင့် သောင်စုမှ စောစံအေးတို့မှာ ဒဏ်ရာဖြင့် ထွက်ပြေး လွတ်မြောက် သွားခဲ့ ကြသည်။

ဗိုလ်မှူးကျော်လှိုင်တို့ (၃)ယောက်၏ အလောင်းများကို ရန်သူက ဆားမလောက် ရွာသို့ သယ်သွားကာ ဆားမလောက် သခ်ိုင်းတွင် ကျင်းတကျင်းထဲ၌ (၃)ယောက်စလုံးကို မြှုပ်နှံခဲ့သည်။ ဗိုလ်ကျော်လှိုင်နှင့်အတူ ကျဆုံးခဲ့ရသော ဗိုလ်တင်ဦးနှင့် ဗိုလ်အောင်ထွန်း တို့မှာ ရန်သူ လက်ဖြောင့် တပ်သား၏ ပစ်ခတ်မှုကြောင့်၊ ရင်ဘတ်တွင် ကျည်ထိမှန် သေဆုံး ခဲ့ရသော်လည်း၊ ဗိုလ်ကျော်လှိုင်အား အရှင်ဖမ်းမိလိုသဖြင့် အသေ ပစ်မသတ်။ စောသိန်းလွင်မှာ ပုခုံးတွင် ကျည် ထိမှန်ခဲ့ပြီး စောစံအေးမှာမူ နှာခေါင်းကို ကျည်ရှပ်၍ ထိမှန်ခဲ့သည်။ ဗိုလ်မှူးကျော်လှိုင်သည် ရန်သူ့လက်တွင်း အရှင် အဖမ်းမခံလိုသဖြင့် သူ့ သေနတ်ကို သူငုံကာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကိုယ်တိုင် မောင်းဖြုတ်ခဲ့သဖြင့် အခြားဒဏ်ရာမရရှိဘဲ နောက်စေ့ ပွင့်ကာ သေဆုံးခဲ့ရ ခြင်း ဖြစ်သည်။

သူသည် သူရဲကောင်းပီသစွာ ကော်သူးလေပြည်နှင့် သူချစ်မြတ် နိုးသော ကရင်လူမျိုး အပြင် အဖိနှိပ်ခံ လူမျိုးစုံ တိုင်းရင်းသားများအတွက် တိုက်ပွဲ ဝင်ခဲ့သည်။ နောက်ဆုံး ကော် သူးလေ လွတ်မြောက်ရေး တပ်မတော်တွင်၊ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ဘဝဖြင့် ကျရာ တာဝန်များကို မည်မျှ ခက်ခဲနေသည်ဖြစ်စေ မငြီးငြူဘဲ အောင်မြင်မှု မရရအောင် ရဲဝံ့စွာ တိုက်ပွဲ ဝင်ခဲ့သူ၊ ရှေ့ဆောင် လမ်းပြကောင်း တယောက်ပီပီ၊ ရဲရင့် ပြတ်သားစွာ တာဝန်ထမ်း ဆောင်ရင်း ကျဆုံးသွားခဲ့သောကြောင့် ယနေ့တိုင် “မြပုခက်” ဟူသောအမည်မှာ ကရင့်သား ကောင်း ရတနာ တဦးအဖြစ် ထင် ကျန် ခဲ့လေသည်။ ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူးမိုးဟိန်း

ဖခင်အမည်မှာ မန်းသာအေး ဖြစ်ပြီး၊ မိခင်မှာ နန့်ငွေရီ ဖြစ်သည်။ ရန်ကုန်တိုင်း တွံတေး မြို့နယ်၊ ကျန်ချကျေးရွာ၌ ၁၉၃၇ ခုနှစ် ဒီဇင်္ဘာလ (၁၇)ရက် နေ့တွင် ဖွားမြင် ခဲ့သည်။ ကျန်ချကျေးရွာ မူလတန်းကျောင်းတွင် စတင်ပညာသင် ကြားခဲ့ပြီး၊ ၁၉၅၃ ခုနှစ်၊ (၁၆)နှစ်သား အရွယ်တွင် မူလတန်းကို အောင်မြင်ခဲ့ကာ ထိုနှစ်တွင်ပင် ကရင် လက်နက် ကိုင် တော်လှန်ရေး ထဲသို့ ဝင်ရောက်ခဲ့သည်။ K.P.L.A. တပ်ရင်း(၁)တွင်၊ တိုက်စွမ်းရည် ရှိခြင်း၊ ရဲစွမ်းသတ္တိ ရှိခြင်းတို့ကြောင့်၊ (၆)လခန့်အကြာ ၁၉၅၃ ခုနှစ်တွင်ပင် ဒုတိယ တပ်ကြပ် ရာထူးကို ရရှိခဲ့ပြီး နောက်၊ ၁၉၅၄ ခုနှစ်တွင် တပ်ကြပ်ကြီး ရာထူးကို အပ်နှင်းခြင်း ခံရသည်။

၁၉၅၅ ခုနှစ်တွင် တပ်စုမှူးရာထူးကို ရရှိခဲ့သည်။ ထိုစဉ်က K.P.L.A. တပ်ရင်းမှူး မှာ ဗိုလ်ကျော်လှိုင် (ခေါ်) မြပုခက်ဖြစ်ပြီး၊ ဒုတိယ တပ်ရင်းမှူးမှာ ဗိုလ်မှူးမြသိန်း ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် ဒုတိယ တပ်ခွဲမှူး အဆင့်မှတဆင့် တပ်ခွဲမှူးရာထူးကို တိုးမြှင့်ခံထားခြင်း ခံခဲ့ရသည်။

၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်မှ၊ ဒုတိယလမ်းစဉ်ကို ချမှတ် အတည်ပြုခဲ့ပြီး နောက်၊ ကေအဲန်ယူတပ်ဦးပါတီကို ဖွဲ့စည်းခဲ့ရာ စစ်ရေး နိုင်ငံရေး ပူးပေါင်း ဆောင်ရွက်မှု များတွင် ဗိုလ်မှူးမိုးဟိန်း ဦးဆောင်သော တပ်ခွဲ၏ စွမ်းဆောင်ရည်ကောင်းမှုကြောင့် ဗိုလ်မှူးမိုး ဟိန်းသည် အမှတ်(၃) ခရိုင်ဖြစ်သော ဟံသာဝတီ၊ တွံတေး၊ ကွမ်းခြံကုန်း ဒေသ၊ ဒေးဒရဲ မြို့နယ်များ၏ ခရိုင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရ ပြန်သည်။ စစ်ရေး နိုင်ငံရေး ဦးဆောင်မှုတွင် ရန်သူကို ပြတ်သားစွာ တိုက်ခိုက်ပြီး ဒေသ လုံခြုံရေးကို ထိန်းသိမ်း နိုင်ခဲ့သူ ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် ဗိုလ်နေဝင်းက တပ်အင်အား (၉)ထောင်ကို ဦးဆောင်ပြီး၊ တာကပေါ စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ရှိ ကရင်လက်နက်ကိုင် တပ် အင်အားစုများ အား အပြုတ်တိုက်ရန် ထိုးစစ်ဆင်ခဲ့သည်။ ထိုသို့ ပိတ်ဆို့ တိုက်ခိုက် ရေးတွင် ရန်သူဘက်မှ၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်များကို အသုံးပြုခဲ့ပြီး အပြင်း အထန် ပစ်ခတ်တိုက်ခိုက်ခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ရေယာဉ်များအပေါ်မှ အမြောက်ကြီးများဖြင့် တရစပ် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ကရင်လက်နက်ကိုင်များမှာ ကိုင်းတော ကျူတောများ အထဲသို့ ပြောင်းရွှေ့ နေရာယူခဲ့ကြရပြီး အခွင့်သာသည်နှင့် ပြန်လည် တိုက်ခိုက်ခဲ့ ကြသည်။

မအူပင် အရှေ့ခြမ်း ရေကျော်ဂွင်၊ မိုးမခ ချောင်းဖျားရွာကြီးများ အတွင်း တွင်ငင်း၊ တံတား နယ်စပ်ဒေသ ပန်းလှိုင်ချောင်းဖျားရှိ အင်းကူးဒေသ၊ အဖျောက်၊ ဇကာကြီး၊ ဝါးတော ကျင်ဖော်ဒေသ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်းနယ်မြေ၊ ရှဲရှန်၊ ဝါးသစ်၊ ထန်းတပင်၊ ညောင်ဒေါင့်၊ အင်းယားချောင်း တိုက်ပွဲများတွင်ငင်း၊ ကဒုံ၊ ကညင်ဂူ တိုက်ပွဲများတွင်ငင်း၊ ရန်သူကို ရွှတ်ရွှတ်ခွဲခွဲ တိုက်ခိုက်ခဲ့သည်။ တာကပေါ စစ်ဆင်ရေးတွင် ရန်သူဘက်မှ အကျအဆုံး များပြားလှသဖြင့်၊ တန္နစ် နှင့် ခြောက်လ (၁နှစ်ခွဲ) အကြာတွင် ထိုးစစ်ကို ရုပ်သိမ်းသွားသည်။

၁၉၅၈ ခုနှစ်တွင် ဗိုလ်မှူးမိုးဟိန်းနှင့် သူ ဦးဆောင်သော တပ်ဖွဲ့သည် ရန်သူကို အများဆုံး တိုက်ခိုက် ချေမှုန်းနိုင်သဖြင့်၊ ကေအဲန်ယူပါတီ ဌာနချုပ်မှ ပေးအပ်သော `တာကပေါ်´ဆုကို လက်ခံရရှိခဲ့သည်။

၁၉၆၆ ခုနှစ်တွင်၊ အရှေ့တိုင်း ပါတီဌာနချုပ်တွင် ပါတီဗဟိုလုံခြုံရေး တာဝန် ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ အရှေ့တိုင်းဒေသ ဗဟို လုံခြုံရေး တာဝန် ထမ်းဆောင်နေစဉ်အတွင်းတွင် ရှားစေးဖိုတိုက်ပွဲ၊ ဘုန်းမဒီး တိုက်ပွဲ၊ မြစောညီနောင် တိုက်ပွဲများ၊ ပျားစခန်းတိုက်ပွဲ၊ အုတ်သျှစ်ကုန်း တိုက်ပွဲများကို သူကိုယ်တိုင် ဦးဆောင် တိုက်ခိုက်နိုင်ခဲ့ပြီး၊ ရန်သူ့လက်နက် အများအပြားကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

အရှေ့တိုင်း ဗဟိုဌာနချုပ်တွင် နိုင်ငံရေးသင်တန်းကို (၅)ကြိမ် တက်ရောက်ခဲ့ သူ ဖြစ်ပြီး၊ ပဲခူးရိုးမတွင် စည်းရုံးရေးသင်တန်းကို တက်ရောက် လေ့လာ ခဲ့ဖူးသည်။

၁၉၆၉ ခုနှစ်တွင် ပါတီဗဟိုကို ပဲခူးတိုင်းသို့ ပြောင်းရွှေ့ခဲ့ရာ၊ ရန်သူသည် အောင်စိုးမိုး စစ်ဆင်ရေးဖြင့် ကေအဲန်ယူပါတီနှင့် ဗကပ ဗဟိုဌာနချုပ်တို့ကို ခြေမှုန်းရန် စတင်ဝင် ရောက်လာသည်။ တပ်မ (၈၈)နှင့် (၉၉) တို့ကို အသုံးပြုပြီး၊ ဝင်ရောက် တိုက်ခိုက် ခဲ့သော်လည်း ဆုံးရှုံးမှုများဖြင့် ရန်သူတပ်များ ပြန်လည် ရုပ်သိမ်းသွား ခဲ့ရသည်။ ၁၉၇၄ ခုနှစ်တွင် ပဲခူးတိုင်းအား တပ်မ(၇၇)နှင့် ဆက်လက် တိုက်ခိုက်ခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီတပ်ဖွဲ့များ ပူးပေါင်းပြီး၊ ၁၉၇၁ ခုနှစ်တွင် “အောင်နိုင်” ပူးတွဲတပ်ကို ဖွဲ့စည်းခဲ့သည်။ ပူးတွဲ စစ်ကြောင်းတွင် ကေအဲန်ယူ ပါတီမှ စစ်ကြောင်း (၂)ကြောင်း ဖွဲ့စည်းရာ၊ စစ်ကြောင်း(၂)ကို ဗိုလ်မှူးမိုးဟိန်းက ဦးဆောင် ခဲ့သည်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့မှစတင်ပြီး၊ ပဲခူးတိုင်းကို ရန်သူမှ ဖြတ် (၄)ဖြတ် စနစ်ဖြင့် တိုက်ခိုက်ခဲ့ရာ၊ ကေအဲန်ယူပါတီသည် ပဲခူးတိုင်းကို လက်လွှတ်ခဲ့ရပြီး နောက်၊ အရှေ့တိုင်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုသို့ ရွှေ့ပြောင်းရာတွင် လုံခြုံရေး တိုက် ခိုက်ရေး အစီအစဉ်များကို ဗိုလ်မှူးမိုးဟိန်း တပ်ဖွဲ့များကပင် အဓိက တာဝန်ယူပြီး၊ ပါတီ ခေါင်းဆောင်များနှင့် ပါတီဝင်များအား လုံး၏ လုံခြုံရေးအတွက် အကောင်းဆုံး တာဝန်ယူ ဆောင်ရွက် နိုင်ခဲ့ကြသည်။

ဗိုလ်မှူးမိုးဟိန်း ၂၀၂၀

၁၉၇၅ ခုနှစ်၊ အောက်တိုဘာလတွင် ပါတီကို ဖျက်သိမ်းလိုက်ပြီးနောက်တွင် အရှေ့တိုင်း ကေအဲန်ယူနှင့် ပူးပေါင်းခဲ့ပြီး တော်လှန်ရေးကို ဆက်လက် ထမ်းဆောင်ခဲ့ သည်။ အရှေ့တိုင်း ကေအဲန်ယူအတွင်း တပ်ရင်း (၁၄)ကို ဖွဲ့စည်း ခဲ့ရာ ဗိုလ်မှူး မိုးဟိန်းမှာ တပ်ရင်း(၁၄) တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

၁၉၇၆ ခုနှစ်တွင် တပ်မဟာ(၇)၊ တပ်ရင်း (၂၂)တွင် ဒုတိယ တပ်ရင်းမှူး အဖြစ် ရွှေ့ပြောင်း တာဝန် ယူခဲ့ရသည်။ ၁၉၆၀ ခုနှစ်မှ ၁၉၉၀ ခုနှစ် အထိ၊ တပ်မဟာ(၇) နယ်မြေတွင် စစ်ကြောင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လှိုင်းဘွဲ့၊ ထီးကဆောမဲ၊ ကတိုင်တိ၊ ထောကွဲ စသော ဒေသများတွင် တာဝန်ယူ လှည့်လည် တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ ထွီဖါးဝီးကျိုး (ခွေးအိပ်တောင်)တိုက်ပွဲတွင် တပ်ရင်း(၂၂)ကို ဦးဆောင်ပြီး (၂)ကြိမ် တိုင်တိုင် တာဝန်ယူခဲ့သည်။

(မန်းအိုင်ရှောင်း (ဧရာဝတီ) ရေးသားသော ဗိုလ်မှူး မိုးဟိန်း အတ္ထုပ္ပတ္တိတွင် အပြည့်အစုံ ဖော်ပြထားသည်။)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူးမိုးဟိန်း မိသားစု ၂၀၂၁ ဩဂုတ်လျှ

ဗိုလ်သန်းလှ

အဘ ဦးတကွယ်၊ အမိ ဒေါ်သောင်းတို့မှ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၆)ရက် နေ့တွင် ရောဝတီတိုင်း၊ မအူပင်ခရိုင်၊ တာကပေါ ကျေးရွာတွင် မွေးဖွားခဲ့သူ ဖြစ်သည်။ မောင်နှမ (၄)ယောက်အနက် အကြီးဆုံးသားဖြစ်သည်။ တာကပေါ ကျေးရွာ အလယ်တန်း ကျောင်းတွင် (၇)တန်းအထိ ပညာ ဆည်းပူးခဲ့သည်။

၁၉၆၃ ခုနှစ်၊ အသက် (၁၅)နှစ်အရွယ်တွင် ကေအဲန်ယူ အမှတ်(၃) ခရိုင်တွင်၊ အမျိုးသားတော်လှန်ရေးတွင် ပါဝင်ရန် စာရင်းတင်သွင်းခဲ့သည်။ အမှတ်(၃)ခရိုင် ဥက္ကဋ္ဌမှာ မန်းကျော်လွင်ဖြစ်ပြီး၊ ခရိုင် ဘဏ္ဍာရေးမှူးမှာ စောထေဖိုး ဖြစ်သည်။ ခရိုင်ရုံး၌ ရုံးလုပ်ငန်း များကို ဝင်ရောက်ပြီး ကူညီပေးခဲ့ရသည်။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ တွင် တာကပေါ ရွာအနီး ကုက္ကိုစုရွာတွင်၊ သနက(၆)နှင့် မိမိတို့ K.N.U. ဗဟိုတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ခဲ့ရာမှ ရွာကို မြေလှန် ဖျက်ဆီးပြီး “စံပြ” ရွာအဖြစ် အမည်ပြောင်းလဲခဲ့သည်။

၁၉၆၄ ခုနှစ် ခရိုင်နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက် လေ့လာခွင့် ရခဲ့သည်။ ထိုအချိန်က၊ -

ခရိုင် ဥက္ကဋ္ဌ မန်းကျော်လွင် (ဦးသန်းကြီး)၊ အတွင်းရေးမှူး - ဗိုလ်ကြီးဘမြိုင်၊ ခရိုင်တပ်မှူး ဗိုလ်ကျော်လှိုင် (မြပုခက်)၊ ဘဏ္ဍာရေးမှူး - ဦးထေဖိုး၊

ကျိုက်ရွေးမြို့နယ် ဥက္ကဋ္ဌ မှာ ဦးမောင်တိုး၊ အတွင်းရေးမှူး - မန်းသိန်း၊

ကွမ်းဒေး မြို့နယ် ဥက္ကဋ္ဌ မှာ မန်းသိန်းတန်၊ အတွင်းရေးမှူး - မိုးဟိန်း၊

မောင်မောင်ကြီး၊ ဦးအောင်ပန်း တို့လည်း ခရိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့ ကြသည်။

၁၉၆၅ ခုနှစ်တွင် ခရိုင်ဥက္ကဋ္ဌ မန်းကျော်လွင်က စောသန်းလှအား အရှေ့တိုင်း K.N.U.P. ဗဟို ဌာနချုပ်သို့ စေလွှတ်ခြင်းခံရသဖြင့်၊ ရဲဘော်နှစ်ဦး အတူသွားခဲ့သည်။ ပထမ

ဦးဆုံး ရန်ကုန်သို့ သဘော်ဖြင့် သွားခဲ့ကြပြီး၊ ရန်ကုန်မှ တဆင့် ဆက်လက်ပြီး ရထားဖြင့် ပဲခူးသို့ ဆက်ထွက်ရာ ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။ နောက်တနေ့မနက် ပဲခူးမြို့မှ ထွက်လာရာ ဖဒိုသို့ မွန်လွဲပိုင်းအချိန်တွင် ရောက်ခဲ့ကြသည်။ ဖဒိုမှတဆင့် အရှေ့ရိုးမ ညောင်လေးပင်ခရိုင်၊ စစ်တောင်းမြစ်ကမ်းတွင် တည်အိပ်သည်။ နောက်တနေ့ တွင် မြို့နယ်ရုံးသို့ ရောက်ကာ မြို့နယ် ရုံးတွင် (၂)ည အိပ်ပြီးမှ ကေအဲန်ယူ ဗဟို ဌာနချုပ် သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်က စစ်ဦးစီးချုပ်ရုံးမှာ လဲခီးသို့ ပြောင်းထားသော အချိန်ဖြစ်သည်။ ပဲခူး ဌာနချုပ်သည် စီဒေးနှင့် ခေးပူ အကြားတွင်ရှိပြီး၊ စီဒေးနှင့် ပိုနီးသည်။ ခေးပူ ဗဟိုစခန်းမှာ ဟန်တာသာမွေးအဖွဲ့၊ လင်းထင်၊ ထရူးမင်း တပ်မှ ဝင်ရောက် တိုက်ခိုက် မီးရှို့သဖြင့် လဲခီး သို့တဖန် ပြန်လည်ရွှေ့ပြောင်း တည်ဆောက်ထားသော စခန်း ဖြစ်သည်။ ဖါပွန်ခရိုင်နှင့် တပ်မဟာ(၂) နယ်ခြား ဒေသဖြစ်သည်။

၁၉၆၅ ခုနှစ်၌ပင် ညီညွတ်သောလူမျိုးစုတပ်ဦး(ညလတ) တပ်ပေါင်းစု အစည်းအဝေးကို ဖါပွန်မြောက်ပိုင်း လူသောမြို့နယ်၊ ထီးထာစခန်းတွင် တွေ့ဆုံ ဆွေးနွေးကြသည်။ တပ်ပေါင်းစု၏ ရန်သူသည် နယ်ခ့ျဲစနစ်၊ မြေရှင် ပဒေသရာဇ် စံနစ်၊ မဟာလူမျိုးကြီးဝါဒ ဖြစ်သည်။ S.S.W.C. ရှမ်းကိုယ်စားလှယ် စိုင်းဆန် (ခေါ်) ဆေထင်သည် တပ်ပေါင်းစုတွင် လက်မှတ်ရေးထိုးခဲ့သည်။ ဥက္ကဋ္ဌဖြစ်သူ မဟာဒေဝီ က လက်မခံ သဘောမတူသောကြောင့် (ညလတ)သည် ဆက်လက် လှုပ်ရှားမှုများ မလုပ်နိုင်တော့ပေ။

တပ်ပေါင်းစု ဆွေးနွေးပွဲပြီးနောက်၊ ဗိုလ်ချုပ်ကော်ထူးသည် တပ်မဟာ(၇) သို့ တက်သွားရာ၊ ဗိုလ်တာမလာဘော၊ ပဒိုရောစ်ခနီ တို့နှင့်အတူ လိုက်ပါသွားသည်။ တပ်မဟာ(၇) တပ်မမှူးမှာ ဗိုလ်ခင်လှိုင် ဖြစ်သည်။ ထိုစခန်း၌ပင် နော်လီဇာဘင်ဆင်နှင့် တွေ့ဆုံ နှုတ်ဆက်ကြသည်။ ၁၉၆၅ ခုနှစ် နှစ်ကုန်တွင်၊ လဲခီး စခန်းသို့ ပြန်လည် ရောက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဗိုလ်မြသည် ကေအဲန်ယူပါတီအား အရှေ့တိုင်း ဖာပွန် ခရိုင်နယ်မြေမှ မောင်းထုတ်ခဲ့သဖြင့် မတ်လလောက်တွင် ပဲခူးတိုင်းသို့ ပြန်ဆင်းခဲ့ကြသည်။ ပဲခူးတိုင်းသို့ ပြန်ဆင်းရာတွင် အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်ကျင်ဖေနှင့်အတူ ဗကပ ဥက္ကဋ္ဌ သခင်ဇင်၊ ဗိုလ်မှူးထိုကြည် နှင့် ဇနီးတို့အပြင် ဗိုလ်မင်းသိန်းတို့လည်း ပါဝင်ပြီး ခေါင်းဆောင်များနှင့် တပါတည်း ပြန်ဆင်းခဲ့ ကြသည်။

၁၉၆၆ ခုနှစ်၊ မေလတွင် ဗိုလ်လူအေး နှင့်အတူ မြစ်ဝကျွန်းပေါ်သို့ ပြန်ဆင်းခဲ့ရာ အမှတ်(၃) ခရိုင်ရုံးသို့ ပြန်လည် ရောက်ခဲ့ပါသည်။

၁၉၆၇ ခုနှစ်တွင်၊ ရန်သူသည် မြစ်ဝကျွန်းပေါ်တိုင်း၌ အောင်စစ်သည် ထိုးစစ် စခဲ့သည်။ ဇူလိုင်လတွင် အမှတ်(၃) ခရိုင်၊ ကွမ်းဒေးမြို့နယ် ဥက္ကဋ္ဌ မန်းသိန်းဟန်နှင့်အတူ တွံတေးတောကြီးတန်းတွင် ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။ မြို့နယ် ဥက္ကဋ္ဌ မန်းသိန်းဟန်က၊ မြို့နယ် တာဝန်ခံ ကိုသိန်း၊ ကိုကျော်ဝင်းတို့နှင့် အလံနီပါတီမှ ကိုကြည်လွင်နှင့် တွေ့ဆုံပြီး စည်းရုံးရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ ထို့နောက် တွံတေးတောကြီးတန်းမှ ညောင်တုန်းသို့ ပြန်ရောက်ပြီး၊ ဒေသ တာဝန်ခံ စောဘိုလေးနှင့်အတူ စည်းရုံးရေးလုပ်ငန်း သမဂ္ဂလုပ်ငန်းများကို စီစဉ်ဆောင်ရွက် ခဲ့သည်။ ထို့နောက် ညောင်တုန်းမြို့နယ် တောင် ဘက်ခြမ်းသို့ ပြောင်းရွှေ့ပြီး စည်းရုံးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည်။ ဆီးရောဂါ ဖြစ်သဖြင့် ဗိုလ်မှူးမောင်ချစ် နှင့်အတူ သွားရောက် နေထိုင်သည်။

၁၉၆၈ ခုနှစ်၊ ငွေသောင်ယံ ပိတ်ဆို့ရေး ပြုလုပ်နေစဉ်၊ အမှတ်(၅)ခရိုင်၊ တပ်ရင်း(၇) တပ်ရင်းမှူး ဗိုလ်မှူးကျော်နီ ရောက်လာပြီး ဗဟိုဌာနချုပ် စခန်းရှိရာ ပဲခူးရိုးမ ဘက်သို့ တက်ရောက်ရန် ဗဟို ညွှန်ကြားချက်ကို လာရောက် ပေးပို့ခဲ့သည်။ ဗဟို ဌာနချုပ် ဗိုလ်မှူးမောင်ချစ် နှင့်အတူ တက်ရောက်ခဲ့သည်။ ပဲခူးရောက်ပြီး မကြာမီ နိုင်ငံရေး သင်တန်းကို တက်ရောက်ခွင့်ရခဲ့သည်။ ထို သင်တန်းကို ရောဝတီတိုင်း အတွင်းရေးမှူး ဦးစိုးအောင်က နိုင်ငံရေး ဘာသာရပ်နှင့် ဗိုလ်မှူးချုပ် ကျော်သောင်းက စစ်ရေးဆိုင်ရာ ဘာသာရပ်ကို သင်ကြားပေးခဲ့သည်။ စစ်ရေး နိုင်ငံရေး သင်တန်း ပြီးနောက် ပါတီ အတွင်းရေးမှူးချုပ် ဗိုလ်ကျင်ဖေ ရောက်ရှိလာပြီး လက်ရှိ နိုင်ငံရေး အခြေအနေများကို ရှင်းလင်း ပြောဆိုသည်။ ၎င်းတို့နှင့်အတူ ဗိုလ်မှူးလောကွား(ဝရဇိန်) တို့အပြင် ဗိုလ်မှူး ကြည်လင်းတို့ ပါလာ လေသည်။

ဗိုလ်မှူးမောင်ချစ်အား ဗဟိုလုံခြုံရေးတာဝန် ပေးအပ်ခြင်းခံရသဖြင့်၊ သူ့နောက် လိုက် ဗဟိုလုံခြုံရေးတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဗဟို လုံခြုံရေးတပ်ဖွဲ့တွင် တာဝန် ထမ်းဆောင်စဉ် စစ်ကြောင်း(၁) တပ်စိတ်(၂)တွင် တပ်စိတ်မှူးအဖြစ် တာဝန် အပ်နှင်းခြင်း ခံရသည်။ စစ်ကြောင်း(၁)တွင် နိုင်ငံရေးမှူးမှာ ဗိုလ်မှူးလေးတော (ခေါ်) ဗိုလ်မှူး ဘော်လ်ဒွင် ဖြစ်သည်။ တပ်ရင်းမှူးမှာ ဗိုလ်မှူးထိုကြည် ဖြစ်သည်။ ပါတီ တပ်ဖွဲ့၏ ဖွဲ့ စည်းပုံတွင် နိုင်ငံရေး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှူးမှာ တပ်ရင်းကို ဦးဆောင်ရပြီး၊ စစ်ရေးကို တပ်ရင်းမှူးက ဦးဆောင် ရသည်။ ထိုစဉ်က ဗိုလ်ထိုကြည်မှာ တပ်ရင်းမှူး ဖြစ်သည်။

၁၉၇၂ ခုနှစ်၊ (မဒည်တ) စစ်ကြောင်းမှ ပြန်ခေါ်ပြီး ဗိုလ်မှူးမောင်ချစ် နှင့်အတူ စစ်ကြောင်း(၂)သို့ ပြောင်းခဲ့ပြီး တာဝန်ထမ်းဆောင်ရသည်။

စစ်ကြောင်း(၂)ကို ဗိုလ်မှူးကျော်သောင်းမှ ဦးဆောင်လေသည်။ ဗိုလ်မှူးချုပ် ကျော်သောင်း ကျန်းမာရေး မကောင်းသောကြောင့် ဗိုလ်မှူးစောလှမင်း၊ ဗိုလ်မှူးလှထွန်း တို့နှင့် နေခဲ့ရသည်။ ထို့နောက် ဗိုလ်မှူးမိုးဟိန်း၏ ဗဟိုလုံခြုံရေးတပ်ဖွဲ့တွင် နေခဲ့ရသည်။

၁၉၇၅ ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် ဗိုလ်ချုပ်မြမောင်၏ ဦးဆောင်မှုဖြင့်၊ ပဲခူးရိုးမကို စွန့်ခွာခဲ့ရသည်။ တပ်မဟာ(၃) ကျောက်ကြီးမြို့နယ်သို့ မေလ (၂၅)ရက်နေ့ တွင် စစ်တောင်းမြစ်နှုတ်ခမ်း၌ ခလရ (၅၉)နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်တောင်းမြစ်တွင် ရဲဘော်တခု၊ို့ ရေမကူးတတ်သဖြင့် ရေနစ်သေဆုံး ခဲ့ကြရသေးသည်။ ထို့နောက် စစ်တောင်းမြစ်ကို ကူးခတ်ပြီး ကျောက်ကြီးမြို့နယ် ပိန်းဇလုပ် သို့ ရောက်ရှိကာ ကွမ်းသီးခြံ တခုတွင် စခန်းချနေစဉ် ရန်သူ စစ်ကြောင်းမှ ရှမ်း(၁)နှင့် တိုက်ပွဲဖြစ် လေသည်။ ထိုတိုက်ပွဲ ဖြစ်ပွားပြီးနောက် ညောင်လေးပင် ခရိုင် ဥက္ကဋ္ဌနှင့် တွေ့ဆုံ ခဲ့သည်။ (တပ်ခွဲမှူး ဗိုလ်မှူး မိုးဟိန်းနှင့်အတူ ရွှေကျင်မြို့နယ်သို့ စေလွှတ်ခဲ့သည်။ ရွှေကျင် မြို့နယ်ရှိ တပ်ရင်း(၇) တပ်ရင်းမှူး ဗိုလ်မှူးထူးဟဲနှင့် တွေ့ဆုံပြီး၊ တပ်ခွဲ(၃) တပ်ခွဲမှူးဖြစ်သူ ဗိုလ်မောင်မောင်နှင့် တွဲဘက်ပြီး လှုပ်ရှားခဲ့သည်။)

၁၉၇၅ ခုနှစ်၊ (၈)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးကို ဖာပွန် ခရိုင် “ဒူးဒါးဂေး” ကျေးရွာတွင်ကျင်းပရာ ဗိုလ်သန်းလှလည်း တက်ရောက်ခဲ့သည်။ ထိုအစည်း အဝေးတွင် ကေအဲန်ယူပါတီကို ဖျက်သိမ်းခဲ့ကြ ရသည်။ ထို့နောက် တပ်ရင်း(၁၄)ကို ဖွဲ့စည်းရာ၊ တပ်ရင်းမှူးမှာ ဗိုလ်မှူးမိုးဟိန်း ဖြစ်လာပြီး၊ ဒုတိယ တပ်ရင်းမှူးမှာ ဗိုလ်မှူး ဟန်ကြည်ဖြစ်ကာ တပ်ရင်းရုံးထိုင်မှူးအဖြစ် ဗိုလ်မှူးမြသိန်း၊ တပ်ထောက်မှာမူ ဗိုလ် သန်းလှ ဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် တပ်ရင်း(၁၄)နှင့်အတူ တပ်မဟာ(၂) တောင်ငူ ခရိုင်သို့ သွားရောက် လှုပ်ရှားခဲ့သည်။ ထိုအချိန်က တပ်မဟာ(၂) တပ်မဟာမှူးမှာ ဗိုလ်မှူး ဘောနီ ဖြစ်ပြီး၊ တပ်မဟာ ရုံးထိုင်မှူးမှာ ဗိုလ်မှူးအားစီ ဖြစ်သည်။ ခရိုင်ဥက္ကဋ္ဌ ဗိုလ်မှူးဘလုံ၊ ခရိုင် အတွင်းရေးမှူး ပဒိုစောသန်းတို့ ဖြစ်သည်။ နောက်ပိုင်း ဖာပွန်ခရိုင်သို့ ပြန်လာပြီး၊ တပ်ရင်း(၂၀)နှင့် ပူးပေါင်း လှုပ်ရှားခဲ့သည်။ ထိုစဉ်က ရင်း(၂၀) တပ်ရင်းမှူးမှာ ဗိုလ်မှူး နော်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော၊ ဒုတိယ တပ်ရင်းမှူးမှာ ဗိုလ်မှူး မောင်လှရွှေ တို့ ဖြစ်သည်။ ကေအဲန်ဒီအို တပ်ရင်းမှူးမှာ မူ ဗိုလ်မှူးမောင်ဝ ဖြစ်သည်။ ဗိုလ်မှူးမိုးဟိန်း၏ တာဝန်ပေးချက်အရ၊ တပ်မဟာ(၁)သို့ သွားရောက် ခဲ့ရသည်။ ၁၉၇၆-၇၇ တပ်မဟာ (၁)နယ်မြေ ခရိုင်ဥက္ကဋ္ဌမှာ ဖူးတကီ ဖြစ်ပြီး ဒုတိယ တပ်ရင်းမှူးမှာ ပဒိုကော်ထူး၊ တပ်မဟာမှူးမှာ ဗိုလ်မှူးဂျာလေ၊ ရုံးထိုင်မှူး မှာ ဗိုလ်မှူး သာကူး၊ ကေအဲန်ဒီအို တပ်ရင်းမှူးမှာ ဗိုလ်ထွန်းကြည် ဖြစ်သည်။

အခြားသော တပ်မှူးများမှာ ဗိုလ်ယာဟစ်၊ ဗိုလ်ကနဲဒို၊ ဗိုလ်အလင်း တို့ဖြစ်သည်။ ဘီးလင်း မြို့နယ်သို့ ရောက်ရှိပြီး၊ မြို့နယ်ဥက္ကဋ္ဌ ဘိုအေးနှင့် အမှုဆောင် ပဒိဇော်ဘွား တို့နှင့်အတူ နေထိုင်ခဲ့ရသည်။ ၁၉၇၈ ခုနှစ် ဩဂုတ်လတွင် တပ်မဟာ (၇)သို့ ပြန်လည် ရောက်ရှိ လာခဲ့သည်။

တပ်ရင်း(၁၄)ကို ဖျက်သိမ်း လိုက်ပြီးနောက် တပ်ရင်း (၂၂)သို့ ရောက်လာ ခဲ့သည်။ တပ်ရင်း(၂၂)တွင် ဗိုလ်မှူးတင်၊ ဗိုလ်ရောနယ်၊ ဗိုလ်ဒီလုံး၊ ဗိုလ်သံလွင်၊ အရာခံ ဗိုလ်စီးဒါး၊ ဟန်စော၊ ထွန်းထွန်းတို့နှင့်အတူ ပူးတွဲ နေထိုင်ခဲ့ရသည်။ အောက်တိုဘာ လတွင် ဗဟိုဌာနချုပ်မှ ပြန်ခေါ်သဖြင့် ဗဟိုသို့ ပြန်သွားပြီး (၂)လ ခန့် နေခဲ့ရသည်။

၁၉၈၃ ခုနှစ် ဇန္နဝါရီလတွင် ဗဟိုမှ အမှတ်(၃)တပ်မဟာ ညောင်လေးပင် ခရိုင်၊ ကျောက်ကြီး မြို့နယ်သို့ ရောက်ခဲ့သည်။ ထို့နောက် ကျောက်ကြီး မြို့နယ်မှ တဆင့် ပဲခူးသို့ ထွက်ခဲ့သည်။

ခရီးစဉ်နှင့် တိုက်ပွဲစဉ်များ

စစ်တောင်းမြစ်ကို ကူးပြီး ကျောက်တံတားမြို့နယ် သူဌေးကုန်းရွာ အရောက်တွင် နေ့အချိန် ခေတ္တနားခိုပြီး ညဘက်တွင် ခရီးဆက် ထွက်ခဲ့သည်။ ကားလမ်း ရထားလမ်း တို့ကို ဖြတ်ကျော်ပြီးနောက်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ရဲနွယ်ချောင်းသို့ ရောက်ခဲ့ သည်။ ထို အချိန် မိုးလည်း လင်းသွားသည့်အတွက် ထိုနေရာ၌ ခေတ္တနားခိုနေစဉ် နေ့လည် (၁၁)နာရီခန့်၌ ရန်သူတပ်မ (၄၄) လက်အောက်ခံ တပ်ရင်းဖြစ်သော ခမရ(၂၀)နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဒု တပ်ကြပ် သက်ဝင်းနှင့် ရဲဘော်အောင်မြင့်တို့ ထိုထိုက်ပွဲတွင် ကျဆုံး ခဲ့ရသည်။ ဗိုလ်သန်းလှ လည်း ဒဏ်ရာ ရခဲ့သည်။ ညနေ(၃)နာရီတွင် ရိုးမတောင်ပေါ်သို့ ဆုတ်ခဲ့သည်။ ရန်သူမှ ပိတ်ဆို့ရေး လုပ်လေသည်။ မတ်လ (၄)ရက်နေ့ မနက် (၉)နာရီ အချိန်တွင် တပ်မ(၆၆) လက်အောက်ခံ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခလရ(၇၆)နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့ပြန်ရာ ဗိုလ်နိုင်ဦး နှင့် ဗိုလ်မောရစ်တို့ ထပ်မံ ကျဆုံးခဲ့ပြီး၊ ရဲဘော်များအောင်မှာ လူချင်းကွဲပြီး ပျောက်သွားရာ ပြန်မတွေ့ရတော့ပေ။

ရန်သူ၏ ပိတ်ဆို့ရေးသည် ပဲခူးရိုးမ အနောက်ခြမ်းတွင်၊ ပြည်မှ မော်ဘီ အထိုင်း၊ ရိုးမ အရှေ့ခြမ်းတွင် တောင်ငူမှ ပဲခူးအထိ တပ်မ(၄၄)၊ (၆၆)၊ (၇၇)တို့မှ တပ်ရင်းအခ့ျိုနှင့်၊ အလယ်ပိုင်းတိုင်း၊ ရန်ကုန်တိုင်းတို့မှ တပ်ရင်းအင်အား (၁၀)ရင်း ခန့်ဖြင့်ငင်း၊ ပါတီ၊ ကောင်စီ၊ ပြည်သူ့စစ် တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ဒေသခံ ပြည်သူ စုစုပေါင်း တသိန်း ကျော်တို့ဖြင့် ပါဝင် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ မိမိတို့ဘက်မှ (၆)ဦး ကျဆုံးခဲ့ ရပြီး၊ တဦး ဒဏ်ရာရခဲ့သည်။ ရန်သူဘက်မှ အသေအပျောက်ကိုမူ မသိ ရှိရသော်လည်း ခလရ(၆)မှ တပ်ကြပ်ကြီး တဦးနှင့် ကျောက်တံခါးမြို့နယ်မှ ပြည်သူ(၅)ဦးတို့ကို ဖမ်းဆီး ရမိခဲ့သဖြင့် ဆွေးနွေး ဟောပြောကာ ပြန်လွှတ် ပေးခဲ့သည်။ အရှေ့တိုင်းမှ အင်အား (၆၃)ဦး ဖြင့်ထွက်ခဲ့ရာ၊ ပဲခူးသို့ ရောက်သောအခါ ရဲဘော်ဟောင်း (၃)ဦးက လာရောက် ပူးပေါင်းသည်။ ရန်သူ့ထိုးစစ်မှာ မတ်လမှစတင်ပြီး၊ ဧပြီလကုန်တွင် အားလုံး အဖမ်းခံ ခဲ့ရသည်။ ဧပြီလ (၅)ရက်နေ့တွင် ဗိုလ်သန်းလှသည် ဆားပင်ချောင်းဘေးတွင် ခလရ (၅၉) နှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ၊ ဗိုလ်မင်းသိန်းနှင့် ကွဲသွားသည်။ ဗိုလ်သန်းလှသည် ကွင်း ဘက်သို့ ရောက်သွားသဖြင့် ခလရ(၈၂) တပ်ရင်းမှ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

ဧပြီလ (၁၄)ရက်နေ့တွင် အင်းစိန်ထောင်သို့ ပို့လိုက်ပြီး၊ ဖမ်းဆီးခဲ့သော အဖွဲ့ဝင်များ အားလုံးကို လူစုခွဲကာ နည်းမျိုးစုံဖြင့် စတင်စစ်ဆေး တော့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ (၂၈)ရက်နေ့တွင်၊ (၁၂၂/၁- ပုဒ်မ) ဖြင့် တရားစွဲဆို ခဲ့သည်။ အဖွဲ့ဝင် (၁၉)ဦးကို သေဒဏ်နှင့်၊ (၃၇)ဦးကို တသက်တကျွန်း ထောင်ဒဏ် အစိုးရသက်သေ (၇)ဦးကိုမူ ပြန်လည် လွှတ်ပေး လိုက်သည်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာပြီးနောက်၊ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလတွင် သေဒဏ်ပေးခဲ့ရာမှ ပြင်ဆင်ချက် ဥပဒေဖြင့်၊ တသက်တကျွန်းသို့ ပြောင်းလဲပေးခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အင်းစိန်ထောင်မှ သရက်ထောင်သို့ ထောင် သားများ အား ပြောင်းရွှေ့ နေရာချထားရာ ဗိုလ်သန်းလှ နှင့်အတူ အဖွဲ့ဝင်(၁၀)ဦး ပါဝင် လာခဲ့သည်။ အင်းစိန်ထောင်တွင် ကျန်ရစ်ခဲ့သော ရဲဘော်များအနက်၊ ဗိုလ်သံဒုံး၊ ဗိုလ်သခူး၊ ကိုဖိုးတေး၊ ဆာထူးစောတို့မှာ သေဆုံး သွားကြသည်။ အဖွဲ့ဝင် တဦးဖြစ်သူ ရှမ်းအမျိုးသား စောအောင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှာ ၂၀၀၄ ခုနှစ်တွင် လွတ်မြောက်ခဲ့သော်လည်း၊ (၁၀)လခန့်အကြာတွင် သေဆုံးသွားသည်။ သရက်ထောင်သို့ ပြောင်းရာတွင် ဦးတင်မြင့် တဦးလည်း သေဆုံး ခဲ့သည်။ အသက်မသေဘဲ ကျန်ရစ်သူရဲဘော်များအားလုံး၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၆)ရက် နေ့တွင် ပြင်ဆင်ချက် ဥပဒေဖြင့် လွတ်မြောက်လာခဲ့ကြသည်။

သရက်ထောင်မှ လွတ်မြောက် လာပြီးနောက် ရန်ကုန်တွင် တပတ်မျှ နေထိုင်ခဲ့ သည်။ ထောင်မှ လွတ်မြောက်လာသော ရဲဘော်များနှင့် တွေ့ဆုံ နှုတ်ဆက်ပြီး မိမိ ဇာတိ ကျေးရွာသို့ ပြန်လာကာ (၂)နှစ်ခန့် ပြန်လည်နေထိုင်ခဲ့သည်။ ထို့ နောက် ၂၀၀၇ ခုနှစ်တွင် ထိုင်း-မြန်မာ နယ်စပ်သို့ ထွက်လာခဲ့သည်။

၂၀၀၉ ခုနှစ်တွင် နှစ်(၆၀)ပြည့် ကရင့်တော်လှန်ရေးနေ့တွင် နှစ် (၄၀)ပြည့် ရဲဘော်များအား ဂုဏ်ပြုပွဲတွင် နှစ်(၄၀) ဆုတံဆိပ်ကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ အင်းစိန် ထောင် သရက်ထောင်တို့တွင် စိတ်ပိုင်းဆိုင်ရာ နှိပ်စက် ခံခဲ့ရသည့် ဒဏ်ရာ ဒဏ်ချက်များ ကြောင့် သူ၏ ဇာတိကျေးရွာ မအူပင် မြို့နယ်၌ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၃)ရက် နေ့တွင် ကွယ်လွန်ခဲ့ရသည်။

ပဲခူးရိုးမသို့ ဆင်းလာသော ရဲဘော်များစာရင်း

၁။ ဗိုလ်မှူးမင်းသိန်း၊ ၃၁။ ပီတယ်၊
၂။ ဗိုလ်ကြီးသံဒိုး၊ ၃၂။ ထူးကိုလို၊
၃။ ဗိုလ်ကြီးသန်းလှ၊ ၃၃။ အဘိတ်၊
၄။ ဗိုလ်သခူး၊ ၃၄။ တင်အောင်၊
၅။ ဗိုလ်မောရစ်၊ ၃၅။ သိန်းပွင့်၊
၆။ ဝင်းထူးစော၊ ၃၆။ ဖေါနဲမူး၊
၇။ ဆရာဉာဏ်ထွန်း (ဟင်္သာတတွင် ဆုံး။)၊ ၃၇။ ချိုလေး၊
၈။ ဘာထူးစော၊ (ထောင်တွင်း၌ ကျဆုံး)၊ ၃၈။ ဂေလီး၊
၉။ သက်ဝင်း၊ (တိုက်ပွဲတွင် ကျဆုံး)၊ ၃၉။ ထူးဘွယ်၊
၁၀။ ကိုလောအယ်၊ ၄၀။ စောတေ၊
၁၁။ ကျေးဟော၊ ၄၁။ ထွန်းရင်သန်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၂။ သောထူး၊
၁၃။ တာမလာထူး၊
၁၄။ စိန်သောင်း၊
၁၅။ ထွန်းရွှေ၊
၁၆။ လှစော၊
၁၇။ အောင်မြင့်၊ (တိုက်ပွဲတွင် ကျဆုံး)၊
၁၈။ အယ်မွီး၊
၁၉။ စမီတမ်း၊
၂၀။ တင်ဝင်း၊
၂၁။ လေးနိုင်၊
၂၂။ ဆေးထူး၊
၂၃။ ဖောကို၊
၂၄။ မန်းညွန့်စိန်၊
၂၅။ ကလူစေး၊
၂၆။ အိုင်းဇက်၊
၂၇။ ထွန်းခင်၊
၂၈။ သာဇိုင်းကေ၊
၂၉။ ပူးစာ၊
၃၀။ ဖီးထယ်၊
၃၁။ ဗိုလ်နိုင်စိုး (တိုက်ပွဲတွင် ကွဲသွားပြီး၊ ကျဆုံးခဲ့)၊
၃၂။ တင်မြင့်၊ (သရက်ထောင်တွင် သေဆုံး)၊
၃၃။ စောအောင်၊ (ထောင်မှ လွတ်မြောက်ပြီး သေဆုံး)၊
၃၄။ မျိုးအောင်၊ (တိုက်ပွဲတွင် လူကွဲသွားပြီး ကျဆုံး)၊
၃၅။ အဲကော်၊ (ထောင်တွင်းတွင် သေဆုံး)၊
၃၆။ ကိုဖိုးတေး၊(ထောင်တွင်းတွင် ကျဆုံး)တို့ ဖြစ်ပြီး၊

၄၂။ လင်းလင်း၊
၄၃။ သိန်းအောင်၊
၄၄။ ရာခေးရစ်၊
၄၅။ စီဖိုး၊
၄၆။ ဘင်ဆင်၊
၄၇။ ပလာဖော၊
၄၈။ တဝီးခီး၊
၄၉။ ပေထူး၊
၅၀။ မန်းဒတ်၊
၅၁။ အတား၊
၅၂။ ဆေးလို၊
၅၃။ ကျော်ရင်၊
၅၄။ ကိုတကြာ၊
၅၅။ မန်းမောင်၊
၅၆။ သန်းဝင်း
၅၇။ ချစ်စရာ၊
၅၈။ မင်းသိုက်၊
၅၉။ ဖားလားထူး၊
၆၀။ သောမတ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးရိုးမသို့ ရောက်ရှိချိန်တွင်
လာရောက်ပူးပေါင်းသူ ရဲဘော်ဟောင်းများမှာ

၁။ ဦးသာကောင်၊
၂။ ဦးတင်ရွှေ၊ (ထောင်တွင်းတွင် သေဆုံး)၊
၃။ ဆီးလာ တို့ ဖြစ်ကြသည်။

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မန်းရှာလားဖန်း

မန်းရှာလားဖန်းအား ၁၉၄၃ ခုနှစ် ဇူလိုင်လ (၅)ရက်နေ့တွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာနေ အဘ မန်းဘသော်နှင့် အမိ ဃါ့နမ့်တင် တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ညီအစ်ကို နှစ်ယောက်ရှိသည့်အနက် အငယ်ဆုံးသား ဖြစ်သည်။ အမည်ရင်းမှာ စ'ချစ်ဆွေဖြစ်ပြီး တော်လှန်ရေး အမည်မှာ မန်းရှာလားဖန်း ဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် ပန်းတနော်မြို့နယ် ယင်းတိုက်ကုန်း အလယ်တန်း ကျောင်းတွင် မူလတန်းနှင့် အလယ်တန်းပညာကို သင်ကြား အောင်မြင်ခဲ့ပြီးနောက် အထက်တန်း ပညာ ကိုမူ ရန်ကုန်မြို့တွင် အောင်မြင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့ ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်တွင် ပထဝီ ဘာသာဖြင့် တက်ရောက် သင်ကြားခဲ့ရာ ၁၉၆၆ ခုနှစ်တွင် ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။ တက္ကသိုလ် တက်ရောက်နေစဉ် ၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ် အထိ ကေအဲန်ယူပါတီ မြစ်ဝကျွန်းပေါ်တိုင်းဒေသ၏ မြေအောက် လှုပ်ရှားမှု တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၆၇ ခုနှစ် တရုတ်-ဗမာ အရေးအခင်းအတွင်း ကေအဲန်ယူပါတီ ဌာနချုပ်ရှိရာ ပဲခူးရိုးမတိုင်းသို့ ရောက်ရှိခဲ့သည်။ သူနှင့်အတူ တရုတ်အမျိုးသားနှစ်ဦး လိုက်ပါလာပြီး၊ တဦးမှာ အရှေ့တောင်အာရှ ကျောင်းသား သမဂ္ဂ အတွင်းရေးမှူး ဟုန်ဆွတ်လျှန် (ကျောင်း ဆရာ) နှင့် ကျန်တဦးမှာ တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အာရှဒေသ တာဝန်ခံ (အမည် မမှတ်မိ) အမျိုးသား ဖြစ်သည်။

၁၉၆၇ ခုနှစ် ကေအဲန်ယူပါတီ ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက် အရ တရုတ်ပြည်သို့ ပါတီကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို စေလွှတ်ရာ ကိုယ်စားလှယ် အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးခြင်းကို ခံရသူ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၀ ခုနှစ် ကေအဲန်ယူပါတီ၏ ဒုတိယ အကြိမ်မြောက် စေလွှတ်သော ကိုယ်စား လှယ်အဖွဲ့ အား အရှေ့မြောက်ဒေသ တရုတ်ပြည်သို့ ထပ်မံ စေလွှတ်ရာတွင်လည်း အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးခြင်းကို ခံရသည်။ ထိုအဖွဲ့ကို တံခွန်နီ အဖွဲ့ဟု အမည်ပေး ထားပြီး အဖွဲ့ခေါင်းဆောင်မှာ ဆရာစကောလယ်တော ဖြစ်သည်။ အဖွဲ့ဝင် (၃၆)ယောက် ပါဝင် ကာ ထိုအထဲတွင် ဆေးပညာ၊ ဆက်သွယ်ရေး ပညာ၊ စစ်ရေးအတတ်ပညာများကို သင်ယူရန် ရွေးချယ်ထားလေသည်။ တရုတ်ပြည် ကွန်မြူနစ် ပါတီ၊ ဗမာပြည်ကွန်မြူနစ် ပါတီတို့နှင့် တွေ့ဆုံပြီး ကေအဲန်ယူပါတီ၏ လမ်းစဉ်ဆိုင်ရာများကို တင်ပြခဲ့သည်။ ကေအဲန် ယူပါတီ၏ အမျိုးသားဆိုင်ရာ ပြဿနာများ စာတမ်း တစောင်ကိုလည်း တင်သွင်းခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ကေအဲန်ယူပါတီသည် ပဲခူးရိုးမတိုင်းကို စွန့်လွှတ်ခဲ့ရပြီးနောက် ပါတီဝင် အားလုံးသည်၊ မန်းဘဇန်၊ ဗိုလ်မြတို့ ဦးဆောင်သော (K.N.U.) Karen National Union ကေအဲ န်ယူ ကရင်အမျိုးသား အစည်းအရုံးထဲတွင် တပေါင်း တစည်းတည်း ပြန်လည် တာဝန်ထမ်း ဆောင်ခဲ့ကြသည်။ တာဝန်များ ခွဲဝေရာတွင် ကေအဲန်ယူ တပ်မဟာ (၃)နယ်မြေ၊ ညောင် လေးပင် ခရိုင်တွင် တွဲဖက် အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုတာဝန် အား မန်းရှာ (မန်းရှာလားဖန်း) တယောက် ၁၉၈၄ ခုနှစ်အထိ တာဝန် ယူခဲ့ရသည်။

၁၉၇၆ ခုနှစ်တွင် ကရင့်တော်လှန်ရေး ရဲမေ နန့်ကျင်ရွှေနှင့် ကေအဲန်ယူ ဗဟို ဌာနချုပ်တွင် အိမ်ထောင်ကျခဲ့သည်။ မင်္ဂလာပွဲကို ကေအဲန်ယူ အတွင်းရေးမှူးဖြစ်သူ ဗိုလ် သန်းအောင်မှ ဦးစီးကျင်းပပေးခဲ့သည်။

စောစေးစေး၊ နန့်ဘွားဘွားဖန်း၊ နန့်ဇိုယာဖန်းနှင့် စလုံးဖန်းတို့မှာသူ၏ သား သမီးများ ဖြစ်ကြ သည်။

၁၉၈၄ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (N.D.F.)တွင် ဗဟို သဘာပတိ အဖွဲ့ဝင် တဦးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အရှေ့မြောက် ခရီးရှည် စည်းရုံးရေး ခရီးစဉ် တွင် ကရင်နီနယ်မြေ၊ ရှမ်းပြည် တောင်ပိုင်း၊ ရှမ်းပြည် မြောက်ပိုင်း၊ ကချင်ပြည် ဒေသများသို့ ရောက်ရှိခဲ့ရပြီး K.N.P.P, K.N.U., A.L.P., P.P.L.O., P.S.L.A., N.M.S.P., K.I.O., S.S.P.P. စ သော တိုင်းရင်းသား အဖွဲ့ ခေါင်းဆောင်များနှင့်အတူ ခရီးရှည် ချီတက်ရာတွင် အဖွဲ့၏ ဒုတိယ စစ်ရေး ခေါင်းဆောင် တဦးအဖြစ် ပါဝင် ဆောင် ရွက်ခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထိုခရီးရှည် ချီတက်မှုတွင် (N.D.F.) National Democratic Front. ၏ တိုင်းရင်းသားလူမျိုးများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေရေး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်သူများအား တက်တက်ကြွကြွ ပါဝင်လာစေရေး အတွက် ဆွေးနွေး ဆောင်ရွက်ခဲ့သူ တဦးလည်း ဖြစ်သည်။

၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗိုလ်ချုပ်မြ၏ ကိုယ်ရေး အရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် (၈)လေးလုံး လူထု တော်လှန်ရေးကြီးမှ တော်လှန်ရေး နယ်မြေ အတွင်းသို့ ရောက်ရှိလာကြသော ကျောင်းသားများ စုစည်း ညီညွတ်ရေးနှင့် ပေါင်းစည်း ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက် ပံ့ပိုးပေးခဲ့သူလည်း ဖြစ်သည်။

၁၉၉၀ ခုနှစ် ကေအဲန်ယူ (၁၀)ကြိမ်မြောက် ကွန်ဂရက်တွင် ဗဟိုကော်မတီ အဖွဲ့ဝင် အဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။

၁၉၉၂ ခုနှစ် စက်တင်ဘာလ (၂၂)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (N.C.U.B.) National Council of the Union of Burma. ကို စတင်ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့ပြီး၊ အတွင်းရေးမှူး(၃)အဖြစ် တာဝန် ထမ်းခဲ့သည်။ ကွယ်လွန်ချိန် အထိတိုင် (N.C.U.B.)၏ အတွင်းရေးမှူး အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၅ ခုနှစ် (၁၁)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်မှ အထွေထွေ အတွင်းရေး မှူး(၂) အဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို ခံခဲ့ရသည်။

၁၉၉၅ ခုနှစ် ဒီဇင်ဘာမှ ၁၉၉၆ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကေအဲန်ယူနှင့် နဝတ တို့၏ တွေ့ဆုံဆွေးနွေးမှု (၄)ကြိမ် ပြုလုပ်ခဲ့ရာ၊

၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ မော်လမြိုင်တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ် ဆွေးနွေးပွဲတွင် အဖွဲ့ခေါင်းဆောင်အဖြစ်၎င်း၊

၁၉၉၆ ခုနှစ် ဇွန်လတွင် ဗိုလ်ချုပ်တာမလာဘော ဦးဆောင်သည့် မော်လမြိုင်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်တွေ့ဆုံ ဆွေးနွေးပွဲတွင် ဒုတိယ အဖွဲ့ခေါင်းဆောင် အဖြစ်၎င်း။

၁၉၉၆ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီးတာမလာဘော ဦးဆောင်သည့် စတုတ္ထအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲတွင်လည်း ဒုတိယအဖွဲ့ခေါင်းဆောင် အဖြစ် ဆောင်ရွက်ခဲ့သည်။

မန်းရှာလားဖန်း၊ ရဲမေ နန့်ကျင်ရွှေ

၂၀၀၀ ပြည့်နှစ် (၁၂)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်တွင် ကေအဲန်ယူ အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ် (၁၃)ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက်တွင်လည်း ကေအဲန်ယူအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ထပ်မံ ရွေးချယ်ခြင်းကို ခံခဲ့ရသည်။

မန်းရှာလားဖန်းသည် စာရေး စာဖတ်တွင် ဝါသနာထုံပြီး ကေအဲန်ယူ ဗဟိုမှ ထုတ်ဝေသည့် သန္ဓေထူးဂျာနယ်နှင့် လွတ်မြောက်နယ်မြေမှ ထုတ်ဝေသော သတင်းစာ ဂျာနယ်နှင့် အခြားစာစောင်များတွင်လည်း “ရေဆန်” “တော်လှန်သော ရဲဘော်တဦး” “ဇီယာဖန်း” စသော ကလောင်အမည်များဖြင့် တော်လှန်ရေး ခေါင်းဆောင် ရဲဘော်များ၏ အတ္ထုပ္ပတ္တိအကျဉ်းများ တော်လှန်ရေး အတွေးအခေါ် ဆိုင်ရာ ဆောင်းပါးများနှင့် ကဗျာများ ကို ရေးသား ခဲ့သူ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖေဖော၀ါရီလ (၁၄)ရက်နေ့ ညနေ (၄)နာရီ (၄၆)မိနစ် အချိန်တွင် မသမာသူ လူတစု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည်။

“ခေါင်းဆောင်ဆိုတာ အသိအမှတ်ပြုလောက်တဲ့ သမိုင်းဖြတ်သန်းမှု ရှိရမယ်” ဟူသော စာသားမှာ သူ၏အယူအဆ ဖြစ်သကဲ့သို့၊ ရဲဘော် ခေါင်းဆောင်များနှင့် တွေ့ဆုံ တိုင်းလိုလို၌ ပြောဆိုဆုံးမလေ့ရှိသော သူ၏ လက်သုံးစကားလည်း ဖြစ်သည်။

၁၉၆၇-၆၈ ခုနှစ်၊ ပထမအကြိမ်မြောက် တံခွန်နီ ခရီးစဉ်နှင့် ၁၉၇၀-၇၅ ခုနှစ် ဒုတိယ အကြိမ်မြောက် တံခွန်နီအဖွဲ့၏ အရှေ့မြောက် ခရီးရှည်ချီတက်ပွဲ ကာလများတွင် အဖွဲ့၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သည်။ တံခွန်နီ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည် ကွန်မြူနစ်ပါတီမှ တိုင်းဒေသ တာဝန်ခံများ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဗဟို တာဝန်ခံများနှင့် တွေ့ဆုံရာတွင် ဦးဆောင်မှု အခန်းမှ ပါဝင် ဆွေးနွေးခဲ့သူ တဦးဖြစ်သည်။

(၁) မြေအောက် လှုပ်ရှားမှု အတွေ့အကြုံ၊

(၂) ပါတီရေးရာနှင့် နိုင်ငံရေး ဖြတ်သန်းမှု အတွေ့အကြုံ

(၃) စစ်ရေး သဘောတရားနှင့် တိုက်ခိုက်ရေး အတွေ့အကြုံ

(၄) တပ်ပေါင်းစု တည်ဆောက်ရေးနှင့် စည်းရုံးလှုပ်ရှားမှု အတွေ့အကြုံများ ကြောင့်၊ K.N.U.P. ခေါင်းဆောင်များ၏ ထောက်ခံမှုနှင့် ယုံကြည်မှုကို အပြည့် အဝ ရရှိ ထားသူ တဦး လည်း ဖြစ်သည်။

သူသည် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးကဲ့သို့သော ကရင် တမျိုး သားလုံး၏ ခေါင်းဆောင် တယောက်အဖြစ် အသိအမှတ်ပြုထိုက်သူဟူ၍ တော်လှန်သော မျိုးချစ် အားလုံးက မှတ်ချက်ပေးခြင်း ခံထားရသူ တဦးလည်း ဖြစ်သည်။ ။

ကိုတင်ငွေ အတ္ထုပ္ပတ္တိ

အဖ မန်းအုန်းမောင်နှင့် အမိ နန့်စိန်မြိုင်တို့၏ သား သမီး (၈) ယောက် အနက် ဒုတိယ မြောက်သားဖြစ်ပြီး မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ကွမ်းခြံကုန်း ကျေးရွာတွင် ၁၉၄၃ ခု နှစ် ဒီဇင်္ဘာလ (၉)ရက်နေ့၌ မွေးဖွားခဲ့သည်။ အစ်မကြီး နန့်ခင်ရွှေ၊ ကိုတင်ငွေ၊ ညီမ နန့်ခင် မြင့်၊ ညီမ နန့်ရွှေကြိုင် (ဗိုလ်ရွှေကျင် ခေါ်ဗိုလ် ရွှေခဲ၏ ဇနီး)၊ ညီ ဖြစ်သူ စ'တင်ရွှေ (၂နှစ်သား အရွယ်ကပင် မြပဂိုး၌ ဆုံးပါးခဲ့သူ)၊ စ'စိန်တင့် (အသက် ၆နှစ် အရွယ်တွင် ဆုံးပါးခဲ့သူ)၊ နန့် အောင်သိန်း (အသက် ၂နှစ်အရွယ်တွင် ဆုံးပါး ခဲ့သူ)၊ နန့်မြင့်ရွှေ (၃လ အရွယ်တွင် ဆုံးပါးခဲ့ သူ)၊ တို့ ဖြစ်သည်။

ဖခင် မန်းအုန်းမောင်မှာ အင်းစိန်တိုက်ပွဲတွင် ပါဝင်ခဲ့သူဖြစ်ပြီး၊ အင်းစိန် မှ ဆုတ်ခွာခဲ့ ပြီးနောက်ပိုင်း မြစ်ဝကျွန်းပေါ်တိုင်း စစ်လက်နက် ပြုပြင်ရေး ထိန်းသိမ်းရေးဌာန တာဝန်ခံ အဖြစ် အမှုထမ်းခဲ့သူဖြစ်ပြီး၊ ဗိုလ်မှူးအုန်းမောင်အဖြစ် လူသိ များသူ ဖြစ်သည်။ ၁၉၅၈ ခုနှစ်၊ သြဂုတ်လတွင်း ပန်းကိုင်၊ အစွဲကျေးရွာ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ကျဆုံး စဉ် အသက်(၄၃) နှစ်ရှိပြီဖြစ်သည်။ ကိုတင်ငွေ၏ မိခင် နန့်စိန်မြိုင်မှာမူ ကေအဲန်ယူပီ အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျင်ဖေနှင့် မောင်နှမ ဝမ်းကွဲ တော်စပ်သူ ဖြစ်သည်။ (ဗိုလ်မှူးချုပ်ကျင်ဖေနှင့် နန့်စိန်မြိုင် ၏ မိခင်မှာ မောင်နှမ အရင်းဖြစ်သည်)။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၀ ခုနှစ်တွင် မအူပင်မြို့နယ်၊ ပျဉ်တုံးကလေး ကျေးရွာသို့ ပြောင်း ရွှေ့နေ ထိုင်ခဲ့ကြရပြီး ထိုရွာ၌ပင် ကြီးပြင်းလာခဲ့သည်။ ထိုနှစ်တွင် ညောင်တုန်းမြို့ရှိ ကျေးရွာသား များကို တိရိစ္ဆာန်များသဖွယ် ခြံခတ်ပိတ် လှောင်ထားသော အချိန်လည်းဖြစ်သည်။

ရင်းတိုက်ကုန်း ကျေးရွာ အထက်တန်းကျောင်းတွင် ကျောင်းစတက်ခဲ့ရာ ထို ကျောင်း၌ပင် မူလတန်း အဆင့်ကို အောင်မြင်ခဲ့သည်။ တဖန် စစ်တပ်မှ ရွာကို ဖျက်ဆီးပြီး၊ ရွာသားများကို ဒေါင့်ကြီးသို့ မောင်းချကာ ခြံခတ်ထားသော နှစ်တွင်လည်း မိခင်နှင့်အတူ ညောင်တုန်းမြို့နယ် ကန်စုကျေးရွာ၌ ပြန်၍နေထိုင်ခဲ့သည်။

၁၉၅၆ ခုနှစ် R.C.M. အလယ်တန်းကျောင်းတွင် ပဉ္စမတန်းကို တက် ရောက်ခဲ့ သည်။ (နောက်ပိုင်း R.C.M. ကျောင်းသည် အစိုးရအလယ်တန်းကျောင်း အမှတ်(၂) ဖြစ် လာသည်။)။ ၁၉၆၂ ခုနှစ်တွင် အမှတ်(၁) အထက်တန်းကျောင်းမှ အင်္ဂမတန်းကို အောင် မြင်ခဲ့ပြီး၊ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလတွင် ကရင့်တော်လှန်ရေး ထဲသို့ ဝင်ရောက်ခဲ့သူ ဖြစ်သည်။

၁၉၇၀-၇၅ ခုနှစ်၊ ဗမာပြည်မြောက်ပိုင်း ခရီးစဉ်တွင် အချက်ပြ ဆက်သွယ်ရေးနှင့် ကြားဖြတ် အသံဖမ်း ထောက်လှမ်းရေး တာဝန်ကို စောတင်ငွေ၊ စောဒိခလေး၊ စော အယ်ကော် (ပါစက)၊ စောထို၊ စောဖားကော့ တို့နှင့်အတူ တာဝန်ယူ ခဲ့သည်။

၁၉၇၀-၇၄ ခုနှစ်၊ မြောက်ပိုင်း တံခွန်နီ ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ် တလျောက် ရန်သူ့ သတင်းများကို ကြားဖြတ်ဖမ်းယူပြီး၊ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်သဖြင့် ကိုယ် စား လှယ်အဖွဲ့၏ လမ်းခရီး လုံခြုံရေးတွင် များစွာ အထောက် အကူပြုခဲ့သည်။ တံခွန်နီ ခရီးစဉ် တလျောက် လမ်းခရီးတွင် မဟာမိတ်များကိုလည်း သတင်းများ ဝေငှခြင်း၊ ကြား ဖြတ် သင်တန်းများကိုလည်း သင်ကြား ပေးခဲ့သည်။ ကိုယ်စားလှယ် (၃၅) ဦးအနက် ထီးထာ ကရင်နီနယ်စပ်စခန်းသို့ ပြန်လည်ရောက်လာသော ကိုယ်စားလှယ်မှာ (၁၄) ယောက်သာ ပြန် ရောက်ခဲ့သည်။

၁၉၇၅ ခုနှစ်၊ “ဒူးဒါးဂေး” ကျေးရွာတွင် K.N.U.Party ၏ (၈)ကြိမ်မြောက် ညီလာခံကို ကျင်းပပြီး၊ ပါတီကို ဖျက်သိမ်းသောအခါ ကေအဲန်ယူ ဌာနချုပ်၊ မာနယ်ပလော စခန်း၌ အချက်ပြ ဆက်သွယ်ရေးနှင့် ကြားဖြတ်ဌာနတွင် ဌာန တာဝန်ခံဖြစ်သူ ဗိုလ်မှူး ဖော လက်အောက်တွင် တာဝန်ထမ်းခဲ့ရသည်။ လောကွားလူ တွင် ဗိုလ်ရောဂျ၊ စော လေဒိုမူ တို့ နှင့်အတူ တာဝန်ယူခဲ့သူဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၅-၇၇ ခုနှစ်တွင် တပ်မဟာ(၃)နှင့် တပ်မဟာ(၁)တို့မှ ပေးပို့လာသော သင်တန်းသားများကို ကြားဖြတ် သတင်းဖမ်းယူခြင်း သင်တန်းကို ပို့ချပေး ခဲ့ရသည်မှာ ၁၉၇၇ ခုနှစ် ဇန္နဝါရီလအထိဖြစ်သည်။ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဘားအံ (ဖား အံ)ခရိုင် တပ်မဟာ(၇)သို့ ပြောင်းရွှေ့ အမှုထမ်းခဲ့သည်။

၁၉၇၈ ခုနှစ်၊ ဗိုလ်စိုးမင်း၊ စောသူလှိုင်၊ စောတင်ငွေတို့ (၃)ဦး ပူးပေါင်း ဖွင့်လှစ်သော ကြားဖြတ်သင်တန်းသို့ ရခိုင်တော်လှန်ရေး အဖွဲ့အစည်း (A.L.P.) Arakan Libration Party ရခိုင်အမျိုးသား လွတ်မြောက်ရေးပါတီအပြင် အခြားသော မဟာမိတ် အဖွဲ့အစည်းများမှ သင်တန်းသားများလည်း တက်ရောက် သင်ကြားခဲ့ကြသည်။ ထို သင်တန်းတွင် RC ဆက် သွယ်ရေးစက်များ၊ ARC 25 စက်များကို ကိုင်တွယ် သုံးစွဲပုံ နည်းစံနစ်များကို သင်ကြား ပို့ချ နိုင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် တပ်မဟာထောက်လှမ်းရေးမှူး ဗိုလ်ဝေးလ်ထယ် လက်အောက် တွင် တပ်ကြပ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး၊ ကြားဖြတ် ဖမ်းယူ ရရှိသော စစ်သတင်း များကို ရှေ့တန်းစစ်ကြောင်းများထံသို့ သတင်း ဖြန့်ဝေခြင်း တာဝန်ကိုလည်း ယူခဲ့ရသည်။

၁၉၈၄ ခုနှစ်၊ ဗိုလ်ဝေးလ်ထယ် အဖမ်းခံရပြီး ထောင်ကျသွားရာ ကြားဖြတ် ထောက်လှမ်းရေး ဗိုလ်စေးဒီ၏ ခွင့်ပြုချက်ဖြင့် တပ်မဟာ ရုံးထိုင်မှူး ဗိုလ်ဗိုက်နှင့် ပူးတွဲပြီး ထောက်လှမ်းရေး တာဝန်ကို ယူခဲ့ရသည်။ ၁၉၈၄ ခုနှစ်၊ မေလတွင် အရာရှိငယ် ဒုတိယ ဗိုလ် ရာထူးကို ရရှိခဲ့ပြီး၊ ၁၉၉၁ ခုနှစ်တွင် ကပ္ပတိန် (ဗိုလ်ကြီး) ရာထူးကို ခန့်အပ်ခြင်း ခံခဲ့ ရသည်။

၁၉၇၈ ခုနှစ်တွင် နော်လေးဖောနှင့် အိမ်ထောင်ပြုခဲ့ရာ သားကြီး စောထူးကော်၊ သား လတ် စောစေးကော်၊ သားအငယ် စောအယ်ဒိုထူးနှင့် သမီးထွေး နော်စေးလာဖောကို ထွန်းကားခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဇွန်လ (၁၅)ရက် နေ့တွင် သား သမီး ဇနီး တို့နှင့်အတူ ဩစ တြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ ပြောင်း ရွှေ့ အခြေချ နေထိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဗိုလ်ကြီးတင်ငွေ ကွယ်လွန် ခဲ့ ပြီးနောက် ဇနီးသည် နော်လေးဖောမှာလည်း ထိုနှစ်တွင်ပင် အဆုတ် ရောဂါ ဖြင့် ဆုံးပါးခဲ့ကြရ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရဲဘော်လိလေး

(ခရိုင်အတွင်းရေးမှူး၊ ဒူးပလာယာခရိုင်)

ကော့ကရိတ်မြို့နယ်၊ တပ်ရင်း(၁၈)နယ်မြေ၊ ၁၉၉၉ ခုနှစ်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရဲဘော် လိလေး (ဝင်းရွှေချစ်)

ပဒိုလိလေးမှာ အသားညိုညို၊ အရပ်(၅)ပေ ရှစ်လက်မခန့်၊ ပိန်ပါးပါး ခန္ဓာကိုယ် ရှိသူ ဖြစ်သည်။ နဖူးကျယ်ကျယ် ထိပ်အနည်းငယ်ပြောင်ပြီး၊ အသက်(၅၀) နီးပါး အရွယ်နှင့် မမျှ အောင် ခြေလှမ်းများကို ခပ်ကြဲကြဲ ခပ်မှန်မှန် လျှောက်တတ် သူဖြစ်သည်။ “လိလေး” ဟူသည်မှာ ကရင်ဘာသာအားဖြင့် လင်းယုန်ငှက်ဟု အဓိပ္ပါယ် ရသည်။ မိတ်ဆွေများနှင့် တွေ့ တိုင်း သူ့မျက်နှာမှာ အမြဲအစဉ် ပြုံးရွှင် နေတတ် သော်လည်း သူ၏ မျက်လုံးများကမူ လင်းယုန်ငှက်၏ မျက်လုံးများကဲ့သို့ စူးရှ တောက်ပနေလေ့ရှိသည်။

သူနေသောနေရာမှာ ခရိုင်အခြေခံဒေသမှ “ဒိုကောဖူး”ဟု ခေါ်သော နေရာ ဖြစ်သည်။ အမှတ်(၆) တပ်မဟာ စခန်းရုံးစိုက်ရာ အုန်းခြံနှင့် နီးပြီး၊ သူ့အိမ်သို့ သွားရာ လမ်းတွင်ပင် ကွန်မန်ဒို လေ့ကျင့်ရေးစခန်းတခု ရှိသည်။ ထိုနေရာ အနီးတွင်ပင် တပ်သား သစ်များနှင့် ခေါင်းဆောင်ငယ်များကို မွေးထုတ်ပေးနေသော သင်တန်းကွင်း ရှိသည်။ သင်တန်းကွင်း၏ အနောက်ဘက်မှာပင် သင်တန်းမှူး ဆရာကြီး ချတ်တလင်း၏ အိမ်ရှိ သည်။ ပဒိုလိလေးမှာ သင်တန်း နိုင်ငံရေးမှူး အဖြစ် တာဝန်ယူသည်။ ခေါင်းဆောင်ငယ် သင်တန်း တခုမှာပင် နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခြင်း မဟုတ်ပဲ၊ ခရိုင်အတွင်းမှာပင် မကြာခဏဖွင့်လှစ်သော အမျိုးသမီးအစည်းအရုံး၊ လူငယ် အစည်းအရုံး သင်တန်း စသည် တို့တွင်လည်း တာဝန်ယူ ဆွေးနွေး သင်ကြား ပြသပေးရသူ ဖြစ်သည်။

ဂင်း၏ခြံဝင်းထဲတွင် ကြက်၊ ဘဲများနှင့်ဝက်များအပြင် နွားလည်း သုံး လေး ကောင် မွေးထားသည်။ အလုပ်နှင့်လက် မပြတ် လုပ်ကိုင်နေ လေ့ရှိသူဖြစ် သည်။ ဇနီးဖြစ်သူမှာ ပဒို လိလေး နည်းတူ၊ အလုပ်နှင့်လက် မပြတ် လုပ်တတ်သူ ဖြစ်၍ သူ့အိမ်အောက်တွင် ကိုယ်တိုင် လုပ်ထားသော သက္ကယ်ပျစ်များ၊ ခြံဝင်းထဲတွင်လည်း ငရုတ်၊ ခရမ်း၊ သပွတ်ချဉ်၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ပိန်းပင်၊ သံပုရာပင်နှင့် ရှောက်ပင်များ ရှိသည်။ ဝက်စာကျဉ်၊ နွားစာ စဉ်းသည့် အလုပ်များဖြင့် မအားမလပ် ဖြစ်နေသည့် ကြားမှပင် ပဒိုလိလေး သောက်ရန် အတွက် ဆန်အရက်ကိုလည်း ချက်တတ်သူ ဖြစ်သည်။ ဂင်း၏အိမ်တွင် ဘယ်သောအခါ အရက် ပြတ်သည်မရှိ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဒိုလိလေးမှာ အိမ်ကို ရဲဘော် ရဲဘက်များနှင့်အတူ ကိုယ်တိုင် ဆောက်၊ ကိုယ်တိုင် မိုး ဖြင့် အလုပ်စုံအောင် လုပ်တတ်သူဖြစ်သည်။ သူ့အိမ် အတွင်းခန်းတွင် သိမ်းဆည်းထားသော စာအုပ်များတွင် ဗန်းမော်တင်အောင် စာအုပ်များနှင့်၊ ကွန်မြူနစ် ကြေညာစာတမ်း၊ မာ့က်စ် ဝါဒ၏ ရေသောက်မြစ်သုံးသွယ်၊ မော်စီတုန်း လက်ရွေးစဉ် ကျမ်း၊ ရဲဘော်စတာလင်၊ ရဲဘော် လင်းပြောင်တို့၏ မိန့်ခွန်း စသည့် စာအုပ်များမှာ ကရင့် တော်လှန်ရေး၏ လုပ်ငန်း လမ်းစဉ် စာအုပ်များနှင့် ထွေးလား လုံးလား ဖြစ်နေသည်။

ငင်း၏အိမ်တွင် ဗုဒ္ဓဘာသာ ဘုရားစင်မရှိ၊ ခရစ်တော်၏ ပုံတော်လည်း မရှိသဖြင့် “ပ ဒို ဘာကိုးကွယ်လဲ” ဟု မန်းထက်ခေါင်က မေးကြည့် သောအခါ၊ “ကျနော် ဘာမှ မကိုးကွယ် ဘူး၊ ကလေးတွေကိုလည်း ဘာမှ ပြောမထားဘူး၊”ဟု ဆိုသည်။ သူ့ကလေး တွေကိုလည်း ဘာသာတရားနှင့် ပတ်သက်၍ ဘာမှ ပြော မထား သင်ကြား မထားပေ။ ကလေးတွေ အရွယ်ရောက်၍ ကြားသိလာပြီး စိတ်ဝင်စားခဲ့လျှင် သူတို့ကြိုက်ရာ သူတို့ ကိုးကွယ် နိုင်သည်။ ဘာမျှ မကိုးကွယ်ဘဲ နေချင်လည်း နေနိုင်သည်ဟု ဆိုသည်။ အရေး ကြီးသည်မှာ လူ့လောကထဲ နေထိုင်ရာတွင် တဦးနှင့်တဦး မေတ္တာစေတနာထားလျက် တဦးအပေါ်တဦး ထိပါး နှောက်ယှက် တိုက်ခိုက်မှုများ မရှိစေဖို့သာဖြစ်သည်ဟု ပဒိုလိလေး က ဆိုသည်။

သူ့ဇနီး နော်ဗွေစောကတော့ ဗမာပြည်တွင်း တခု်ပျိသော မြို့ရွာများ၌ ထူထောင် ထား သော မေတ္တာဗြဟ္မစိုရ် အသင်း၏ အယူဝါဒကို လက်ခံ ကျင့်သုံးသည်ဟု ဆိုသည်။

ပဒိုလိလေးကို ၁၉၄၃ ခုနှစ်၊ ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ် အတွင်း ဟသ်ာတ မြို့နှင့် မိုင် (၃၀)ခန့် ကွာဝေးသော အိုင်ဇောက်ကျေးရွာတွင် ကြေးရေတတ် လယ်ပိုင်ရှင် မိသားစုမှ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးချစ်တီးနှင့် ဒေါ်အေးကြွယ်တို့ ဖြစ်သည်။ မိခင် ဘက်ကော၊ ဖခင်ဘက်ပါ၊ K.N.U.Party. ကေအဲန်ယူပီ မိသားစု အသိုင်း အဝန်းများ ဖြစ်သည်။

ဗိုလ်မှူးချုပ် အော်စဘွန်း (မြစ်ဝကျွန်းပေါ်တိုင်း၊ တပ်မဟာ(၄) တပ်မဟာမှူး)၊ ဗိုလ်မှူးကြီး ထွန်အေး (တပ်မမှူး၊ ဒု-ဥက္ကဋ္ဌ မြစ်ဝကျွန်းပေါ်တိုင်း)၊ ဗိုလ်ချုပ် မြရင် (မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ) နှင့် အခြားသော ခေါင်းဆောင် ဦးကြီး ဘကြီး များ အကြားတွင် ကြီးပြင်းခဲ့သူဖြစ်သည်။ ငယ်မည်မှာ အားညီဟု ခေါ်၏။ မွေးချင်း (၆)ဦး ရှိ သည်။ (၁) ဒေါ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တင်နွဲ့၊ (၂) ဦးစိုးမြင့်၊ (၃) ဒေါ်ဌေး၊ (၄) အားညီ၊ (၅) ကိုအားဒု၊ (၆) ကို သန်းအောင်တို့ ဖြစ်သည်။

အားညီငယ်စဉ်က ဖဲလ်ကရင်အထက်တန်းကျောင်း (Phelp's Karen High School, Henzada)တွင် ကျောင်းတက်ခဲ့ရသည်။ ကျောင်းတက်သောအခါ "ဝင်းရွှေချစ်" ဟူသော အမည်အရင်းဖြင့်တက်သည်။ အေ၊ ဘီ၊ အမ်၊ A.B.M. (American Baptist Mission) သို့ ပြောင်းရွှေ့ သင်ယူကာ ၁၉၆၄ ခုနှစ်တွင် မက်ထရစ် စာမေးပွဲကို အောင်မြင်ခဲ့သည်။ မက်ထရစ် အောင်မြင်ပြီးနောက်တွင် မန်းအောင်ကြည် နှင့် အဆက် အသွယ် ရရှိပြီး၊ မြေအောက်လုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့သည်။ မန်းအောင်ကြည် မှာ မြေအောက် ခေါင်းဆောင် ဖြစ်သည်။

မြေအောက်လုပ်ငန်းများကို လုပ်ကိုင်ရင်း၊ အချက်(၁) အခြေအနေ ပေးလျှင် ပညာ ဆက်လက်သင်ကြားရန်၊ အချက်(၂) အခြေအနေ တမျိုးတဖုံပေးလျှင် ရန်သူ့ အတွင်းတွင် လျှိုဝင်ထားရန်၊ အချက်(၃) ကလာပ်စည်းများတွင် မြေအောက် လုပ်ငန်းများ လုပ်ဆောင်နိုင် ဘို့ရန် ဝင်းရွှေချစ် ကြိုးစားသည်။

ဝင်းရွှေချစ်သည် ငယ်စဉ်ကတည်းက ဘောလုံးကန် ကောင်းခဲ့သူ ဖြစ်သည်။ ကျောင်း တွင်လည်း အတော်ပင် နာမည်ရသည်။ ဘောလုံးကစားရာတွင် အကြီးတန်း အဆင့်အထိ ကစားခဲ့ဖူးသည်။ ဘောလုံးကန် ကောင်းသောကြောင့် အစိုးရဌာန အသီးသီးက ၎င်းတို့လူအ ဖြစ် ခေါ်မွေးချင် ကြသည်။ မက်ထရစ် လောက် အောင်ထား သူများအတွက် အလုပ်အကိုင် လွယ်လွယ်ဖြင့် မရနိုင်သော်လည်း ဝင်းရွှေချစ်အတွက် တော့ အတော်ကလေး လွယ်သည်။ ဟိုဌာနအတွက် လိုက်ကစားပေး၊ ဒီဌာနအတွက် လိုက်ကစားပေး လုပ်ခဲ့ရာမှ၊ ၁၉၆၄ ခုနှစ် တွင် တပ်မတော် (ဆေး) အသင်းတွင် စတင် ဝင်ရောက် ကစားခဲ့သည်။ တပ်ထဲတွင် ဘောလုံး ကန် အားကစား သမားဘဝဖြင့် နေထိုင် ရင်း၊ ၁၉၆၆ ခုနှစ်တွင် အငိုက်မိ ကာ နိုင်ငံရေးပုဒ်မ ဖြင့် အထိန်းသိမ်း ခံလိုက်ရသည်။

ထောင်တွင်း၌ ရန်သူ၏ နှိပ်စက် ညှဉ်းပမ်းမှု အမျိုးမျိုးကို ခံခဲ့ရသော်လည်း ဘဝတူ လုပ်ဖော် ကိုင်ဘက်များ အပေါ်သစ္စာမဖောက်။ ထိုစဉ်က ထောင်တွင်းမှာပင် မန်း အောင် ကြည်နှင့်အတူ နေပြည်တော်ယူဂျီအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ မန်းအောင် ကြည်မှာ မဒ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ညတ နှင့် ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီတို့ တွေ့ဆုံ ဆွေးနွေးပွဲ ပျက်ပြားပြီး နောက်တွင် အဖမ်းအဆီးခံရပြီး၊ ကိုကိုးကျွန်းသို့ အပို့ခံရကြောင်းကို နောက်ပိုင်းတွင် သိခဲ့ရသည်။ ၁၉၇၀ ခုနှစ်တွင် ဝင်းရွှေချစ် ထောင်မှ ထွက်လာသည်။ ထောင်မှလွတ်သည်နှင့် ယူဂျီလုပ်ငန်းများကို စတင် လုပ်ကိုင်ခဲ့သည်။ ထိုစဉ် ကေအဲန်ယူပါတီ (K.N.U.Party.) ၏ အတွင်းရေးမှူး ဖြစ်သူ ဗိုလ်မှူးချုပ်ကိုးဒို (ဗိုလ်မှူးချုပ် ကျင်ဖေ) ထံသို့ ယူဂျီအစီရင်ခံစာများကို ပုံမှန် တင်သွင်းခဲ့ရသည်။ သူ ယူဂျီ လုပ်ငန်းများ ပြန်လည် လုပ်ကိုင်သည့် မရွှေးမနှောင်းမှာပင် မန်းအောင်ကြည်သည်လည်း ကိုကိုးကျွန်းမှ နေ၍ အဖော်အခဲ့ျုံနှင့်အတူ ပင်လယ်ပြင်ကို စွန့်စားဖြတ်သန်းကာ ထွက်ပြေး လွတ်မြောက် လာခဲ့သည်။ ပဲခူးရိုးမ ရှေ့တန်းတိုင်းတွင် ယူဂျီ လုပ်ငန်းများကို မန်းအောင်ကြည် နှင့် ပူးပေါင်း လုပ်ဆောင် ခဲ့ရသည်။

၁၉၇၀ ခုနှစ် ပဲခူးတိုင်း ဌာနချုပ်သို့ ရန်သူထိုးစစ်အတွင်း ဗိုလ်မှူးချုပ် ကျင်ဖေ ကျဆုံးပြီးနောက် မကြာမီမှာပင်၊ မန်းအောင်ကြည်လည်း အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ သည်။ မန်းအောင်ကြည် သေဆုံးပြီးနောက် ကေအဲန်ယူပီ ဗဟိုဌာနချုပ်မှ တာဝန် ပေးချက်အရ တရုတ်ပြည်သို့ သွားရမည့် အဖွဲ့ထဲတွင် ပါဝင်ခဲ့ရသည်။ တရုတ်နိုင်ငံနှင့် နိုင်ငံရေး သံတမန်ရေးအရ ဆက်ဆံရေးနှင့် တဦးနှင့်တဦး နားလည်မှု ရရှိစေရေး အတွက် ဖြစ်သည်။ တရုတ်ပြည်သို့ သွားရောက်ခဲ့သူများ စာရင်းတွင်၊ (၁) ဆရာကြီး စကော လယ်တော (အဖွဲ့ခေါင်းဆောင်)၊ (၂) မန်းရှာလားဖန်း၊ (၃) စောသမိန်ထွန်း၊ (၄) စော လိလေး တို့ အပါအဝင် ကေအဲန်ယူပါတီဝင် စုစုပေါင်း (၃၆)ဦး ပါဝင်ခဲ့သည်။ ထို (၃၆)ဦးစာရင်းကို ကေအဲန်ယူပါတီ၏ နိုင်ငံခြားဆက်သွယ်ရေး ကြိုးပမ်းမှုတွင် ကြည့်ရှုနိုင် ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ တရုတ် ခေါင်းဆောင်များကလည်း အထူးအရေးပေး ဆက်ဆံခဲ့ ကြရသည်။ တရုတ်ပြည် တွင် (၆ လ ခန့်) ကြာခဲ့သည်။

လမ်းခရီးတွင် ကြမ်းတမ်းခက်ခဲမှု၊ ပင်ပန်းမှုနှင့် ရန်သူ့တိုက်ခိုက်မှု အန္တရာယ်များ ကို ရင်ဆိုင်ကျော်လွှားရင်း၊ ဒေသခံ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကို မိတ်ဆွေ ဖွဲ့ကာ သွားခဲ့ရသော ခရီးဖြစ်သည်။ တရုတ်ပြည်မှအပြန် ကရင်နီပြည်သို့ ပြန်အရောက်တွင် ကေအဲန်ယူ ဗဟိုမှ ကြေးနန်း ရောက်လာသည်။ ကေအဲန်ယူ နှင့် ကေအဲန်ယူပီတို့ သဘော တရားရေးအရ ကွဲပြဲခဲ့ကြရာမှ၊ ကေအဲန်ယူနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက်၊ ဗိုလ်ချုပ်မြမောင် က အမျိုးသားချင်း ရင်းနှီးချစ်ကြည်မှု ရရှိပြီဖြစ်ကြောင်း၊ ကြေးနန်းဖြင့် အကြောင်းကြား ခြင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖြစ်သည်။ တရုတ်ပြည် ခရီးစဉ်မှာ ပထမပိုင်း နှစ်ကြိမ်သွားခဲ့ရာ တကြိမ်သည် တရုတ် ပြည်သို့ ရောက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရည်မှန်းချက်များ မအောင်မြင် ခဲ့ဘဲ၊ စောလိလေးတို့ ပါဝင်ခဲ့သော ခရီးစဉ်တွင်မှ စစ်ရေး နိုင်ငံရေး မျှော်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင် ခဲ့ကြသည်။

၁၉၇၅ ခုနှစ်တွင်၊ အရှေ့တိုင်းသို့ရောက်ရှိရာ တာဝန်များ ခန့်ခွဲရာတွင်၊ မန်းရှာလားဖန်းနှင့် စောလိလေး တို့အား နိုင်ငံရေး အားကောင်းသောကြောင့် စစ်ဘက် တွင် မထားဘဲ၊ နယ်ဘက်တွင် တာဝန်ပေးအပ်ခဲ့ရာမှ ၁၉၈၄ ခုနှစ်တွင် ပဒိုလိလေးသည် မန်းရှာလားဖန်း နှင့် အတူ ကေအဲန်ယူ အရံ ဗဟိုကော်မတီဝင် ဖြစ်လာခဲ့သည်။ စောလိလေး မှာ တပ်မဟာ(၂)၊ မန်းရှာလားဖန်းက တပ်မဟာ(၃) ကိုယ်စားလှယ်များ အဖြစ် တက်ရောက် ခဲ့ြခင်းဖြစ်သည်။

၁၉၈၀ ခုနှစ်၌ တောင်ငူခရိုင် တပ်မဟာ(၂)တွင်၊ အသက် (၂၅)နှစ် အရွယ်ရှိ ကေအဲန်ယူ ဆေးဆရာမ နော်ဘွေဆော (စောအားနေး နှင့် မကြည်ညွန့် (ပအိုဝ်း-ကရင် ကပြား)တို့၏ သမီး)နှင့် တောင်ငူခရိုင်၊ ခရိုင်ရုံးစိုက်ရာ လေခီးတွင် အိမ်ထောင်ကျ ခဲ့သည်။ နော်ဘွေဆော မှာ ဖလေးစာလိုနှင့် အင်းလေးလူ (သံလွင်မြစ် တဖက်ကမ်း ကျောထနှင့် ဖဲထာရွာကြားရှိ စခန်းတို့တွင် ၁၉၇၇ ခုနှစ် ခန့်က) တို့တွင် ဖွင့်လှစ်ခဲ့သော ဆေးသင်တန်း ကျောင်းများမှ အောင်မြင်ခဲ့သော ဆေးဆရာမ (စစ်မြေပြင် သူနာပြု) တဦး ဖြစ်သည်။

တောင်ငူခရိုင်မှ ဗဟိုသို့ ရောက်ရှိကာ ဗဟိုမှတဖန် တပ်မဟာ(၆) ဒူးပလာယာ ခရိုင်သို့ ၁၉၈၅ ခုနှစ်တွင် ရောက်ရှိပြီး အခြေခံ စစ်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးရန် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ လယ်ယာဌာနမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ ရသည်။ နိုင်ငံရေးသင်တန်းများကို တပ်မဟာ(၆) နယ်မြေအတွင်း အကြိမ်ပေါင်း များစွာ ပို့ချပေးခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ဒူးပလာယာခရိုင် ခရိုင်ကော်မတီအဖြစ်ငင်း၊ ၁၉၉၇ ခုနှစ်တွင် ခရိုင် အတွင်းရေးမှူး အဖြစ်ငင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပဒိုလိလေးသည် သူ့အပေါ် ယုံကြည်စွာ ပေးအပ်လာသည့် မည်သည့် တာဝန်များကိုမဆို ကျရာနေရာမှ အပျော့ ပျောင်းဆုံး ပုံစံဖြင့်၊ လုပ်ဖော် ကိုင်ဖက်များ အောက်ခြေ ရဲဘော်များနှင့် နှီးနှော တိုင်ပင်ကာ အတိုင်းအတာ တရပ်အထိ အောင်မြင်မှု ရရှိ အောင် လုပ်ဆောင်နိုင်ခဲ့သူ တဦးဖြစ်သည်။

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်၊ နဝတ ၏ ကရင်ပြည်နယ် ထိုးစစ် နောက်ပိုင်း ကရင်တပ်များ ပြိုကွဲပြီး အင်အား ရာဂဏန်းမျှသာ ကျန်ရှိချိန်တွင် ရှိသမျှ အင်အားဖြင့်

ပြန်လည်တိုက်ခိုက်နိုင်ရန်အတွက်၊ ကော့ကရိတ်၊ ကျုံဒိုး၊ ဝင်းရေး၊ ကြာအင်း မြို့နယ်တို့ အပြင် မွန်-ကရင် ပူးတွဲ ဒေသများအထိ သူကိုယ်တိုင် စည်းရုံးရေး ဆင်းခဲ့သည်။ ထိုစဉ်က တပ်မဟာ (၆)တွင် စစ်ကော်လံ (၂)ခု ဖွဲ့စည်း ခဲ့ပြီး ကော်လံ(၁) စစ်ကြောင်းကို သူကိုယ်တိုင် ဦးစီးပြီး ဗိုလ်ကြီးလစ္စတန်၊ ဗိုလ်ကြီး ဆဲလာ (စက်လတ်)၊ ပဒိုဇော်နောင် စသော ခေါင်းဆောင်တို့နှင့်အတူ တာဝန် ထမ်းခဲ့သည်။ မဟာမိတ် အဖွဲ့အစည်းများ ဖြစ်သော ကျောင်းသား တပ်မတော်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ဦးတင်မောင်သက်၊ ဦးဘော်ဆာ တို့ဦးစီး သော A.B.M.U. မူဆလင် တပ်ဖွဲ့များနှင့်လည်း ပူးတွဲကာ တပ်မဟာ(၆) နယ်မြေအတွင်း နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

“သူ့တွင် တဦးချင်း စွမ်းရည်အနေဖြင့် ဘာမျှမရှိဟု ခံယူထားသူ” ဖြစ်သည်။ သို့ရာတွင် စုပေါင်းခေါင်းဆောင်မှုဖြင့် အောက်ခြေ၏ ပူးပေါင်း ဆောင်ရွက်မှုကို ရရှိမည် ဆို လျှင် မည်သည့်လုပ်ငန်းကိုမဆို အောင်အောင် မြင်မြင် ပြီးမြောက် မည်ဟု အပြည့် အဝ ယုံကြည် ခံယူထားသူ ဖြစ်သည်။

ယနေ့ လက်ငင်းကာလ တိုက်ပွဲဝင်နေမှု အားလုံးမှာ “အတွေးအခေါ် နှစ်ရပ်၊ လမ်းစဉ် နှစ်ရပ်၊ လူတန်းစား နှစ်ရပ်၏ ပဋိပက္ခသာဖြစ်သည်။” “ထိုအရာများနှင့် ကင်းလွတ် ဖြစ်ပေါ် နေသည့် အရာဟူ၍ မရှိ”ဟုလည်း သူက ခံယူ ထားသည်။”

၁၉၉၉ ခုနှစ်အတွင်း ဒူးပလာယာခရိုင်မှ ထိုးဖောက်လှုပ်ရှားမှုများနှင့် စစ်ဒေသ ကြီး များ ပြန်လည် တည်ဆောက်မှုပြုရာတွင် ပဒိုလိလေးသည် ရဲဘော် ရဲဘက်၊ လုပ်ဖော် ကိုင် ဘက်များနှင့်အတူ မြို့နယ် ကျေးရွာများသို့ ဆင်းလျက် ဒေသခံလူထုအား ကရင့် တော်လှန်ရေး၏ လက်ငင်း အခြေအနေများ ရှေ့လုပ်ငန်း စဉ်များ၊ ရန်သူ့ အစီအမံများနှင့် ပတ်သက်၍ ဟောပြော ရှင်းလင်း စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး၊ ရန်သူကို အခွင့်သာ လျှင် သင့်သလို ပြောက်ကျား တိုက်ခိုက်နိုင်ရန်လည်း နှိုးဆော် ခဲ့သည်။

ငယ်စဉ်က ဘောလုံးသမားဖြစ်ခဲ့သောကြောင့် အသက်အရွယ် အနည်းငယ် ရလာ သည့်တိုင် ကိုယ့်ကိုယ်ကိုယ် ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ထားနိုင် ခဲ့သည်။ ယခင်နှစ် များက အလုပ်ကြမ်းမျိုးစုံကို လုပ်ကိုင်ခဲ့ပြီး၊ လမ်းလျှောက် တောင်တက်ရာတွင် လည်းကောင်း၊ ပြေးလွှားရာတွင်လည်းကောင်း၊ သက်လုံ အတော် ကောင်းခဲ့သော်လည်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၉၈-၉၉ နှစ်ပိုင်းတွင်တော့ အစာအိမ်မှ ဒုက္ခပေး လာသည်။ ဝမ်းဗိုက် မကြာခဏ အောင့်သည်။ ခြေလျင် ခရီးသွားလာရာတွင် ယခင် လောက်မသွားနိုင်၊ မောပန်းလာ တတ်သည်။ စစ်ကြောင်းဖြင့် စည်းရုံးရေး လှုပ်ရှားရာတွင် ဆေးမှူးများ ပါရှိသော်လည်း ငှက်ဖျား၊ ဝမ်းကိုက်၊ ထိခိုက် ရှနာ ဆေးများ၊ အကိုက်အခဲ ပျောက်ဆေးများနှင့် သူ့ရောဂါမှာ အနာတခြား ဆေးတခြားဖြစ်နေ၍ မြို့နယ်မှ ရဲဘော် ရဲဘက် မိတ်ဆွေများ အကြံပြုသည့် ဆေးမြီးတိုများနှင့် မြို့နယ် ကျေးရွာများတွင် ရောင်းချသော ပြည်တွင်းဖြစ် တိုင်းရင်း ဆေးများကိုပါ ဝယ်စားခဲ့ရသည်။ ကိုယ်တိုင်က ကျန်းမာရေး မကောင်းသော် လည်း ပေးအပ်သော တာဝန်များကို စိတ်အား ထက်သန်စွာ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေး အခြေအနေအတော် ဆိုးရွားလာနေပြီ ဖြစ်သော်လည်း သူတာဝန်ကျရာ ကော့ကရိတ် မြို့နယ်အတွင်း ကျရာတာဝန်များကို ပင်ပင် ပမ်းပမ်း ထမ်းဆောင်ခဲ့သည်။ သူ့ဝန်ကို ရဲဘော်များအား မပိစေရန် သူ့အဝတ် အစားများကိုပင် သူကိုယ်တိုင် လျှော်ဖွတ်၊ သူ့ကျောပိုးအိတ်ကို သူကိုယ်တိုင်လွယ်၊ သူ့ ဆန်ပြုတ်အိုးကို လည်း သူကိုယ်တိုင်တည်ကာ စစ်မြေပြင် စည်းရုံးရေး လုပ်ငန်း များကို ဦးဆောင်ခဲ့သည်။

ဒေသတွင်း စီမံချက် တာဝန် ရက်စေ့၍ ခရိုင်သို့ ပြန်လည် တက်လာသောအခါ ဒုက္ခသည်စခန်းတွင်းရှိ ဆေးရုံတွင် သူ့ရောဂါကို ပြကြည့်သည်။ နိုင်ငံခြားသား ဆရာဝန်က သူ့ကို စမ်းသပ်ပြီးနောက် အပယိက ရောဂါ မဟုတ်မှန်း ရိပ်မိသွားသည်။ မဲဆောက် ဆေးရုံသို့ သူ့ကို ပို့၏။ ပဒိုလိလေးအား ဒုက္ခပေးနေသော ရောဂါကို ဟိုဟာ ဖြစ်နိုးနိုး ဒီဟာ ဟုတ်နိုးနိုး ဖြင့် ရက်သတ္တပတ် အတော် လေးကြာအောင် စမ်းသပ် ရှာဖွေခဲ့ရ၏။ ဆေးရုံ တက်လိုက် ပြန်ဆင်းလိုက်ဖြင့် နောက်ဆုံး မဲဆောက်မြို့ပြင် ကျေးရွာတရွာနှင့် မလှမ်း မကမ်းတွင်ရှိသော “ဘွဲကုလား” ဘုန်းတော်ကြီးကျောင်းသို့ ပဒိုလိလေးကို ပို့ထားကာ အနားယူစေသည်။ ပဒိုလိလေးမှာ ရောဂါ ဖိစီးမှု ဒဏ်ကြောင့် နဂို ရှိရင်းစွဲထက် အတော်ပင် ပိန်ချုံး သွားခဲ့သည်။ ပဒိုလိလေး၏ လုပ်ဖော်ကိုင်ဘက် တပည့်တပန်းများမှာ ပဒိုလိလေး၏ ရောဂါအခြေ အနေကို ဆေးရုံ ဆရာဝန်မှတဆင့် သိလိုက်ကြရ လေသည်။ လူ့ လောကထဲ နေထိုင်ဖို့ရန် ရက်များစွာ မကြာတော့ကြောင်း သိကြရ သည်။ သို့ရာတွင်မူ ပဒိုလိလေးကို ဖွင့်မပြော ရက်ကြ။ ရောဂါကို ဖွင့်ပြောလိုက်ပါက စိတ်ဆင်းရဲသည်နှင့်ပင် စောစီးစွာ သေသွားနိုင်သောကြောင့် ဖြစ်၏။ ဆေးရုံမှလည်း လက်မခံတော့ဘဲ မထိရောက်သော စားဆေးတခ်ျိုကိုသာ ပေးလျက် အပြင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှာပင် နေစေပြီး၊ စိတ်ချမ်းသာအောင်ထားရန် ပြောဆိုသောကြောင့် ပဒိုလိလေး၏ မိတ်ဆွေ ဟောင်းများဖြစ်သော ယခုအခါ သာသနာ့ ဘောင်သို့ ရောက်သွားသည့် တော်လှန်ရေး သမား ဟောင်း ဗိုလ်ထွန်းရွှေတို့ သီတင်းသုံးရာ "ဘွဲကုလား" ဘုန်းတော်ကြီးကျောင်းသို့ ပို့ထားခဲ့ခြင်း ဖြစ်သည်။ မိတ်ဆွေ ရဲဘော်များ ဖြစ်ကြသော ဗိုလ်မှူးလားကပေါ်လာ့စေး (ဗိုလ်လား)၊ ပဒိုထူး ကပေါ်၊ ပဒိုဖောတေး၊ ဗိုလ်ကြီးလစ္စတန်၊ ပဒိုဝမ်းသာ၊ ဗိုလ်ရန်နိုင် (စောနယ်ဒါးထူး)၊ စောညီညီ နှင့် စောညီညီဝင်း တို့က အမြဲတစေ သွားရောက် ကြည့်ရှု ကြသည်။

၂၀၀၀ ပြည့်နှစ် ခရိုင်ညီလာခံတွင် ပဒိုလိလေးအား ဝင်ရောက် အရွေးခံရေး၊ ပဒို ဝမ်းသာ (ခေါ်) စ'ဝင်းထွန်း မှ စာရင်းတင်သွင်းခဲ့သည်။ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ကိုယ်တိုင် အကြိမ်ကြိမ် ကန့်ကွက်သည့် ကြားမှပင်၊ ပဒို ဝမ်းသာ သည်လည်း အဆိုကို ဖြုတ် မပေးဘဲ တင်းခံခဲ့သဖြင့် ဆက်လက် ရွေးချယ်ရာ ပဒိုလိလေး အား အများဆန္ဒဖြင့် ခရိုင် ကော်မတီအဖြစ် ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် သူ၏နောက်ဆုံး ခရီးမှာ ခရိုင်ကော်မတီ အဖြစ် တာဝန်ယူရင်း ကွယ်လွန် ခဲ့ရသည်။ (ရဲဘော်ဝမ်းသာ ကိုယ်တိုင် ထိုအချိန်က ပဒိုလိ လေး ရက်ပိုင်းအတွင်း၌ပင် ကွယ်လွန်တော့မည်ကို သိ သော်လည်း၊ ရဲဘော်တဦးသည် စစ်မြေပြင်တွင်သာ ကျဆုံးချင်သကဲ့သို့ တော်လှန်ရေး သမား တဦးသည်လည်း တော်လှန်ရေး တာဝန်များကို ထမ်းဆောင်ရင်း သေဆုံးလိုသော ဆန္ဒရှိမည် ဖြစ်သောကြောင့် ရွေးကော်ပွဲ ကော်မရှင် ဥက္ကဋ္ဌ လည်းဖြစ်၊ ကေအဲန်ယူ ဗဟိုဥက္ကဋ္ဌ တာဝန်လည်း ယူထားသူ ပဒို ဘသင်စိန်၏ ကန့်ကွက်ချက်နှင့် ဗိုလ်ချုပ်ကြီး တာမလာဘော တို့၏ အဆိုကို ရုပ်သိမ်းရန် ဆွေးနွေးချက်တို့ကို လက်မခံ၊ ပြန်ဖျက် မပေးဘဲ တင်းခံခဲ့ခြင်း ဖြစ်သည်။ ပဒိုလိလေးမှာ ထို ညီလာခံအပြီး ရက်ပိုင်း အလွန်တွင်ပင် ကွယ်လွန်ခဲ့သည်။ ထိုအချိန်က ညီလာခံ ခန်းမ အတွင်း ရဲဘော်ဝမ်းသာဘက်မှ ထောက်ခံ ပြောဆိုသူ နှစ်ဦးရှိခဲ့သည်။ ထိုသူများမှာ ဗိုလ်မှူး ကွေးကော့နှင့် အခြေခံဒေသမှ ရဲဘော် စောဝင်းတင် ခေါ်ဝင်းတင်ဟန် တို့ဖြစ်သည်။)

ပဒိုလိလေးသည် သူ၏နောက်ဆုံးအချိန်များကို ထိုဘွဲကုလား ဘုန်းတော်ကြီး ကျောင်း မှာပင် ကုန်ဆုံးခဲ့လေသည်။ သူ့နောက်ဆုံး နေ့ရက်များ နီးလာနေချိန် သူ့ အခြေအနေကို သူ ရိပ်စားမိလာသည်။ ရဲဘော် ရဲဘက် တပည့် တပန်းများကို မှာစရာ ရှိသည်များ မှာကြားခဲ့၏။ မဲဆောက်မြို့ ဖားဝေါဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ရဲဘော်ဝမ်းသာက သူ့အား သွားရောက်တွေ့ဆုံချိန်၊ ရဲဘော်လိလေးက သူ့မိသားစု ကိစ္စ များနှင့် ပတ်သက်၍ မှာကြား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သကဲ့သို့ သူ၏ တော်လှန်ရေးခရီးမှ အစိတ်အပိုင်းတခု်ပျိုကို စည်းလုံးညီညွတ်ရေးကိုရှေးရှု လျက် အချိန် မရောက်လျှင် ဖော်ပြခြင်း မပြုရန်ကိုလည်း တိကျစွာ မှာကြားခဲ့သည်။ အထူး သဖြင့် "မြောက်ပိုင်းခရီးစဉ်" ကိစ္စဖြစ်သည်။

နောက်ဆုံး အချိန်နီးလာသော ရက်များကျမှပင် ကလေး(၆)ယောက် ရှိနေသော သူတို့ အိမ်ထောင်စုအတွင်း သားအကြီးဆုံးဟု အများသိနေ ကြသည့် လူပျိုပေါက် ကလေးကို မွေးစားသား ဖြစ်ကြောင်း ဖွင့်ပြောလျက် ထို ခလေး၏ မိခင် ဖခင်ရင်းနှင့် ဆွေးမျိုးများ ယနေ့တိုင် သက်ရှိထင်ရှား ရှိနေကြောင်းနှင့် မိဘ ဆွေမျိုးများထံ ပြန်လို ကလည်း ပြန်နေနိုင် ကြောင်း၊ မိမိတို့ မိသားစု ညီအကို မောင် နှမများနှင့် မခွဲမခွာ ဆက်လက် နေထိုင်လိုပါက လည်း ဆက်နေနိုင်ကြောင်း ပြောပြ ခဲ့သည်။ မိရင်း ဖရင်းတို့၏ အမည်နှင့် နေရပ်လိပ်စာများ ကိုလည်း ပြောပြ၏။ ငယ်စဉ်ကတည်းက မိဘရင်းသဖွယ် မှတ်ထင်ခဲ့သော မွေးစားသား (စောဝင်းချို)မှာ သူ့အဖြစ်ကို သိရသည်တွင် စိတ် မထိန်း နိုင်စွာ ငို၏။ ဖခင်ရင်းနှင့် မခြား ပြုစု စောင့်ရှောက်ခဲ့သောကြောင့် ဖခင်အရင်းဟုသာ နားလည်ထားခဲ့သော ပဒိုလိလေး ၏ နောက်ဆုံး နှုတ်ဆက် လက်ပြတော့မည့် အခြေ အနေများ အတွက်လည်း ယူ ကျုံးမရ ဖြစ် နေ ရ၏။

ပဒိုလိလေး၏ရောဂါမှာ အစာအိမ်ကင်ဆာရောဂါဖြစ်သည်။ ရန်သူ စစ်အုပ်စုကို တိုက်ခိုက်နေသော ပဒိုလိလေးသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ထို ဘွဲကုလား ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ တခုသော အခန်းငယ်လေး အတွင်း မှာပင် ကိုယ်တွင်း ရန်သူ၏ တိုက်ခိုက်မှုကြောင့် ကျဆုံး ကွယ်လွန်ခဲ့ရလသေည်။

ပဒိုလိလေး၏ ရုပ်ကလပ်ကို ဘွဲကုလား ဘုန်းတော်ကြီးကျောင်းမှ ဗိုလ်မှူး လားကပေါ် လစေး၊ ပဒိုဝမ်းသာ၊ ဗိုလ်မှူးရန်နိုင်ရွှေ (နယ်ဒါးထူး)၊ စောညီညီဝင်း တို့က နယ်စပ်သို့ ပြန်လည် သယ်ဆောင်လာခဲ့ပြီး၊ ဧပြီလ (၂၆)ရက်နေ့တွင် မီးသင်္ဂြိုဟ် ခဲ့ကြ သည်။

မြေအောက် ရဲဘော်ဘဝမှစ၍ လက်နက်ကိုင် တော်လှန်ရေးသမား၊ နိုင်ငံရေး သမား၊ စည်းရုံးရေးသမား၊ ပဒိုဘဝအထိ (၃၆)နှစ်တိုင်တိုင် ကရင် အမျိုးသားများနှင့် ဗမာပြည်တွင်း ရှိ ဘဝတူ လူမျိုးပေါင်းစုံ လွတ်မြောက်ရေး အတွက်၊ ကရင့် တော်လှန်ရေးမှ ပေးအပ်လာ သော တာဝန်အမျိုးမျိုးကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ၊ တော်လှန်ရေး အသိရှိရှိဖြင့် အတတ် နိုင်ဆုံး ကြိုးပမ်း ထမ်းဆောင်ခဲ့သော ပဒိုလိလေးအား ကေအဲန်ယူ ဒူးပလာယာခရိုင်နှင့် ကရင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမျိုးသား အစည်းအရုံးတို့မှ အမျိုးသားအာဇာနည်တဦးအဖြစ် မှတ်တမ်းတင် ထားလေသည်။ ။

ရဲဘော် စောဇော်မင်း

ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ အဒါးဝ ကျေးရွာနေ အဖ ဦးရွှေတင်၊ အမိ ဒေါ်ပု တို့မှ၊ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါလ (၂)ရက်နေ့တွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ဟင်္သာတမြို့ စကောကရင် အထက်တန်းကျောင်းသို့ တက်ရောက် ပညာ သင်ကြားခဲ့ရာ၊ ၁၉၅၆ ခုနှစ်တွင် မူလတန်း အောင်မြင်ပြီး ၁၉၅၇ ခုနှစ်တွင် အင်းစိန်မြို့၊ ပညာဓမ္မ အလွတ် ပညာ သင်ကျောင်းတွင် ဒဿမတန်းအထိ တက်ရောက် သင်ကြားခဲ့သည်။

၁၉၆၃ ခုနှစ်တွင် တောခိုပြီး၊ ထိုနှစ်တွင်ပင် စောဟန်တာသာမွေးက စစ်အစိုးရနှင့် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးသောအခါ ရန်ကုန်မြို့သို့ ပြန်ရောက်ခဲ့သည်။ ၁၉၆၇ ခုနှစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ ဘခက် လက်နက်ချပြီး မြေအောက် လုပ်ငန်းများ လုပ်ဆောင် နေကြသော ကျောင်းသားများ စာရင်းကို ဖော်ထုတ်လိုက်ရာ ၁၉၆၇ ခုနှစ်တွင် စောဇော်မင်း တယောက် အဖမ်းခံရပြီး အင်းစိန်ထောင်သို့ ရောက်ခဲ့ရသည်။ ထောင် (၃)နှစ် ကျပြီးနောက် ၁၉၇၀ ခုနှစ်တွင် ထောင်မှ လွတ်မြောက်ခဲ့သည်။ ထောင်မှထွက်ပြီး (၁၅) ရက်အကြာ တွင် ကေအဲန်ယူပါတီ ဌာနချုပ် ပဲခူးရိုးမသို့ ရောက်လာခဲ့သည်။

ကေအဲန်ယူပါတီ၏ မြောက်ပိုင်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာပြီး၊ ၁၉၇၅ ခုနှစ်၊ ပါတီဖျက်သိမ်းခြင်း ခံရသောအခါ၊ မန်းရှာလားဖန်းနှင့်အတူ ကျောက်ကြီး မြို့နယ်တွင် တာဝန်ကျခဲ့သည်။ ကျောက်ကြီးမြို့နယ် ဥက္ကဋ္ဌ ဆုံးပါး၍ ပဒိုသောသီနှင့် တွဲဘက်ကာ မြို့နယ်တာဝန်များကို ထမ်းဆောင် ခဲ့ရသည်။ ဗိုလ်မှူးဟန်ကြည် နှင့်အတူ ပဲခူးရိုးမသို့ ကူးခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သော်လည်း ကူးမရသဖြင့် ပြန်လာခဲ့ကြသည်။ တပ်ရင်း (၁၄)တွင် ခေတ္တ တာဝန် ထမ်းခွင့်ရခဲ့ပြီး တပ်ရင်း(၁၄)ကို ဗိုလ်ချုပ်မြက ဖျက်သိမ်းမိန့် ထုတ်လိုက်သောအခါ တပ်မဟာ(၇)သို့ ရောက်ရှိခဲ့ရသည်။ တပ်မဟာ(၇) ဌာနချုပ်တွင် ရက်ပိုင်းမျှ နေထိုင်ပြီး၊ ဘားအံ (ဖါးအံ)ခရိုင်၊ နဘူးမြို့နယ် မြို့နယ် တရားရေး ဌာနတွင် တာဝန် ထမ်းခဲ့သည်။

၁၉၉၄ ခုနှစ်တွင်၊ D.K.B.O. အဖွဲ့ ပေါ်ပေါက်လာပြီး၊ K.N.U.ကို လက်နက်ကိုင် ပုန်ကန်သောအခါတွင် အကြောင်းအမျိုးမျိုးကြောင့် D.K.B.O. (D.K.B.O. နောက်ပိုင်းတွင် D.K.B.A.) အဖွဲ့ထဲသို့ ပါသွားခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် စစ်အစိုးရ နောက်လိုက် D.K.B.A. အဖွဲ့တွင်းမှ ထွက်ပြေးကာ၊ ထိုင်း-မြန်မာနယ်စပ် မယ်လ ဒုက္ခသည်စခန်းသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။ မယ်လစခန်း အမှတ်(၁၁၇)၊ ဇုံ-စီ (Zone-C)တွင် နေထိုင်ခဲ့ပြီး ဒုက္ခသည်များ စခန်း အုပ်ချုပ်ရေးအဖွဲ့ တရားရေးဌာနတွင် တာဝန် ထမ်းဆောင် ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် နော်သန်းအေး (ခေါ်) နော်အားနော်နှင့် အိမ်ထောင်ကျခဲ့ပြီး သမီး ဖော မူချ၊ သား စောအယ်ကော် နှင့် သမီးငယ် နော်ကပေါ်ဝါး တို့ကို ရရှိခဲ့သည်။

၁၉၇၀ ခုနှစ်၊ ကေအဲန်ယူပါတီ၏ တံခွန်နီအဖွဲ့၏ အရှေ့မြောက် ခရိုးစဉ်တွင် အဖွဲ့ဝင် တယောက် အဖြစ်ဖြင့် ပါဝင်ခဲ့သူဖြစ်ပြီး၊ တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် ဆွေးနွေးပွဲ တွင်လည်း ဆရာကြီး စကောလယ်တော ဦးဆောင်သော အဖွဲ့တွင် အဖွဲ့ဝင် တဦးအနေဖြင့် ပါဝင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင် (၅)ဦးရှိရာ၊ (၁) ဆရာစကောလယ်တော၊ (၂) ဦးမီးသ၊ (၃) ပဒိုလိလေး၊ (၄) ဗိုလ်ထွန်းကြည်၊ (၅) စောဇော်မင်း တို့ဖြစ်သည်။ ယူနန် ပြည်နယ် စုမောင်တိုင်း ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီး၊ ဟွေ့မင် သို့ ရောက်ရှိ ခဲ့သည်။ (အသေးစိတ်ကို တံခွန်နီ ခရိုးစဉ်တွင် လေ့လာနိုင် ပါသည်)။

ပါတီ ကိုယ်စားလှယ်အဖွဲ့သည် ဆက်လက်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆွေးနွေးရန် ပန်ဆန်းသို့ သွားရောက်ခဲ့သည်။ ဆွေးနွေးပြီးနောက် ဆစ်ဆောင်ပနား သို့ အလည်အပတ် ရောက်ခဲ့သေးသည်။ ပန်ဆန်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင် ဗသိန်းတင်၊ သခင်ဖေတင့်၊ စိုင်းအောင်ဝင်းတို့နှင့် ကေအဲန်ယူပါတီ Karen National Union Party ဘက်မှ ဆရာစကောလယ်တော၊ ဦးမီးသ၊ ပဒိုလိလေး၊ မန်းထွန်းကြည်၊ စောဇော်မင်းတို့ တက်ရောက် ဆွေးနွေးခဲ့သော ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ တဦး ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရဲဘော် မန်းစဘီ

အဖအမည် မန်းတုန်၊ အမိအမည် နော်ဂါမူ တို့မှ မြောင်းမြခရိုင်၊ ဝါးခယ်မ မြို့နယ်၊ မောင်းတီးကျေးရွာတွင် မွေးဖွားသော မွေးချင်း (၅)ယောက်အနက် ဒုတိယ သားဖြစ်ပြီး၊ မန်းစဘီကို ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် မွေးဖွား ခဲ့သည်။ ၁၉၅၁ ခုနှစ်၊ (၇)နှစ်သား အရွယ်တွင် မန်းစဘီသည် မောင်းတီးကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းစ တက်ခဲ့ရသည်။ ၁၉၆၁ ခုနှစ်တွင် ကျေးရွာ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းကို အောင်မြင်ခဲ့ပြီး၊ ၁၉၆၇-၆၈ ခုနှစ်တွင် လပွတ္တာမြို့နယ်၊ ခရမ်းစု ကျေးရွာတွင် ကျောင်းဆရာ (၂)နှစ်လုပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ကရင့် တော်လှန်ရေးထဲသို့ စတင် ဝင်ရောက်ခဲ့သည်။

မန်းစဘီနှင့်အတူ တော်လှန်ရေးထဲသို့ ဝင်ရောက်လာသူများမှာ (၁) စောဘမိုး၊ (၂) ဆရာမကြီးနော်အေးဒွေး၊ (၃) စောသိန်းအောင်၊ (၄) နန်းဃီလား၊ (၅) နန်းတု၊ (၆) စောဘီလီ၊ (၇) စောကျော်စိန် (စောသန်းလွင်) နှင့်အတူ (၈) စ'ကီးကီ (ရေတွင်း ရေကန်) တို့ဖြစ်သည်။ ထိုအချိန်က ကေအဲန်ယူပါတီဌာနချုပ် K.N.U. Party H.Q. မှာ ပဲခူးရိုးမတွင် ရှိသည်။ စစ်ဦးစီးဌာနချုပ်နှင့် ကရင့် တော်လှန်ရေး ကောင်စီ ဌာနချုပ်မှာ အရှေ့တိုင်း အမှတ် (၂)ခရိုင် ဖလေးစာလိုတွင် ဖြစ်သည်။ ကေအာရ်စီ K.R.C. ဥက္ကဋ္ဌမှာ စကော လယ်တော၊ စစ်ဦးစီး ဌာနချုပ်မှူးမှာ ဗိုလ်မှူးဝမ်စိန် (ခေါ်) တာမလာဘော ဖြစ်သည်။ (K.N.U.Party.) ကေအဲန်ယူ ပါတီ အရှေ့တိုင်းတွင် ရှိစဉ်က ဌာနချုပ်မှာ ဟိုးခီးတွင် ရှိခဲ့သည်။

မန်းစဘီ နှင့် မိသားစု

မြောက်ပိုင်းခရီးစဉ် ဒုတိယအသုတ်တွင် ဆေးမှူး(၅)ယောက် အနက် တယောက် ဖြစ်သည်။ (၁) ဖါးသဒါး၊ (၂) ဖားလယ်အား၊ (၃) မောင်ဖုန်း၊ (၄) စောရှီးဒီ တို့နှင့်အတူ မန်းစဘီလည်း ဆေးမှူးအဖြစ် ပါဝင်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ မြောက်ပိုင်း ခရီးစဉ်အပြီး ပါတီဖျက်သိမ်းခံရပြီးနောက်တွင်၊ ကေအဲန်ယူဗဟို မာနယ်ပလောသို့ ပြန်လည် ရောက် ရှိပြီး၊ ဆေးမှူးအဖြစ် တာဝန်ဆက်လက် ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်၊ တပ်မဟာ(၄) ဘိတ်(မြိတ်)-ထားဝယ် ခရိုင်တွင်၊ သတ္တုတွင်း လုပ်သားများအတွက် ကျန်းမာရေး ကူညီ စောင့်ရှောက်ရင်း၊ ထောမဖြိုး၊ ထောမမောင်း သတ္တုတွင်းကို ဦးစီးရင်း နောက်ပိုင်းတွင် ခရိုင်သတ္တုတွင်း တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၁ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့တွင် နော်တကောဖောနှင့် အိမ်ထောင် ကျခဲ့ပြီး၊ (၁) ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီတွင် စောရောနက်၊ (၂) ၁၉၈၃ ခုနှစ်၊ စက်တင်္ဘာ လတွင် နော်အယ်ဆဲခူ၊ (၃) ၁၉၈၅ ခုနှစ်တွင် စောအယ်ဒို နှင့် ၁၉၈၇ ခုနှစ် ဧပြီလတွင် နော်အယ်စမတ် ဟူသော သား-သမီး(၄)ဦး ထွန်းကားခဲ့သည်။

၁၉၉၇ ခုနှစ်၊ တပ်မဟာ(၄)ကို ရန်သူမှ (နဂါးမင်းစစ်ဆင်ရေး၊ ကရင်ပြည်နယ်) ထိုးစစ်ဆင်လာသောအခါ ထိုနှစ်တွင်ပင် ထိုင်းနိုင်ငံ Ratchaburi Province ထမ်းမဟင် (Tham Hin) ဒုက္ခသည်စခန်းသို့ ရောက်ခဲ့ရသည်။ ၂၀၀၄ ခုနှစ်တွင် အခြေအနေအရ ဩစတြေးလျနိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်ခွင့် ရရှိခဲ့သည်။ ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောသမိန်ထွန်း

စောသမိန်ထွန်းကို အဖ စောသာထွန်း၊ အမိ နော်စောရီတို့မှ၊ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်း လေးယောက် အနက် အငယ်ဆုံးသားဖြစ်သည်။ မွေးချင်းများမှာ စောဘသင်၊ စောရှာလ၊ စောသာဌေးနှင့် စောဟန်ထွန်း (ခေါ်) စောသမိန်ထွန်း တို့ပင်ဖြစ်သည်။

ဗန်းမော်မြို့ ရောဘတ် အထက်တန်းကျောင်းတွင် ၁၉၄၈-၄၉ ခုနှစ်၌ ဒုတိယ တန်းကို စတင် တက်ရောက်ခဲ့သည်။ ဆက်လက်ပြီး၊ စိန့်ကိုလန်ဘန့် (St. Columbumn) အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ သင်ကြားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်၊ မန္တလေးမြို့ ရတနာပုံအလွတ်ပညာသင်ကျောင်းတွင် အထက်တန်းထွက် လက်မှတ်ရ (S.L.C.) School Leaving Certificate OR (H.S.F.) High School Final. ဖြင့် အောင်မြင် ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဗန်းမော် အစိုးရ အထက်တန်းကျောင်းတွင် နောက်ဆက်တွဲဖြင့် ဒဿမတန်းကို အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် စီးပွားရေးနှင့် စာရင်းကိုင်ပညာကို သင်ယူခဲ့သည်။ တက္ကသိုလ် တက်နေစဉ်၊ တက္ကသိုလ်ကျောင်းသား အသင်းတွင်၎င်း၊ ၁၉၆၃-၆၄ ခုနှစ် ကျောင်းသား လှုပ်ရှားမှု အရေးအခင်းကိစ္စများတွင်၎င်း ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၆၄-၆၅ ခုနှစ်၊ စံနစ်သစ် ပညာရေးနှင့် ကျောင်းသားများ သမဝါယမ စီးပွားရေး စစ်တမ်းများကို ကောက်ခံရန် ဆန့်ကျင်မှုဖြင့် တတိယနှစ်တွင် တက္ကသိုလ်ကျောင်းမှ ထွက်ခဲ့ရသည်။ ၁၉၆၇ ခုနှစ်၊ တရုတ်-ဗမာ အရေးအခင်းတွင် တောခို ခဲ့သည်။ ၎င်းတို့နှင့်အတူ မန်းရှာလားဖန်း (စ'ချစ်ဆွေ)၊ (တရုတ်လူမျိုး) ဟုန်စွတ်လျှန် ကျောင်းဆရာ (အရှေ့တောင် အာရှ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး)၊ (တရုတ်အမျိုးသား အရွယ်အားဖြင့် အသက် (၆၀)ခန့် အရွယ် ဖြစ်သည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီ အာရှရေးရာ ကော်မတီ)၊ စွတ်စိန်း (ခေါ်) စော အဝါး (တရုတ်လူမျိုး ပေါင်းတလည်မှ ပါလာသည်) တို့ ပဲခူးရိုးမသို့ ရောက်ခဲ့ ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၇ ခုနှစ်၊ တရုတ်အရေးအခင်းပြီးနောက်ပိုင်းတွင် နိုင်ငံရေး အခြေအနေ အပြောင်းအလဲ ဖြစ်လာခဲ့သည်။ ဗမာပြည်တွင်းမှ လက်နက်ကိုင် အင်အားစုများကို တရုတ်ပြည်မှ ဖိတ်ခေါ်ခဲ့သည်။ ဤအခြေအနေတွင် ကေအဲန်ယူပါတီ ကလည်း မာက်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်တို့ကို လမ်းညွှန်အဖြစ် ခံယူ ကျင့်သုံးနေသော အချိန် ကာလ ဖြစ်သည်။ ပဲခူးရိုးမမှ ချမှတ်လိုက်သည့် လမ်းစဉ်အပေါ် ပေါလစ်ဗျူရိုများ ဖြစ်ကြ သော ဗိုလ်မှူးချုပ်ကျင်ဖေ၊ ဗိုလ်ချုပ်ကော်ထူး၊ ဆရာကြီးစကောလယ်တော တို့ကလည်း လက်ခံကြ သည်။ ထို့နောက် ကိုယ်စားလှယ် စေလွှတ်ရန် စီစဉ်ပြီး ပါဝင်မည့်သူများကို ရွေးချယ်ခဲ့ သည်။ ပထမအဖွဲ့တွင် အဖွဲ့ ခေါင်းဆောင်မှာ ဗိုလ်မှူးဘော်လ်ဒွင်၊ မန်းဘာဘာ၊ မန်းရှာလားဖန်း၊ စောသိန်းလွင်၊ စောသမိန်ထွန်း၊ သနော်တူ (ခေါ်) ပါစက၊ ကြေးနန်းအဖွဲ့၊ တရုတ် ကွန်မြူနစ်ပါတီ၊ တရုတ် အရှေ့တောင်အာရှ အတွင်းရေးမှူး၊ (အမည်မမှတ်မိ)၊ တရုတ် ကျောင်းဆရာ ဟုန်စွတ်လျှန် (ကျောင်းဆရာ/ အရှေ့တောင်အာရှ ကျောင်းသား အဖွဲ့ အတွင်းရေးမှူး)၊ တရုတ်-ဗမာ အရေးအခင်းတွင်၊ ပြည်၊ ပေါင်းတလည်ဘက်မှ ပါလာသူ စွပ်စိန်း (စောဝါး) (သူ၏ အမည်မှာလည်း အမည်ပြောင်းထားသည်) တို့ ဖြစ်သည်။ ဌာနချုပ်သို့ ရောက်ရှိသောအခါ အရှေ့တောင်အာရှ အတွင်းရေးမှူး ဖြစ်သူ တရုတ် လူမျိုးမှာ အသက်အရွယ် ကြီးပြီဖြစ်သဖြင့် မောပန်းသည့် ဒဏ်ကြောင့် “ဖလေးစာလို” တွင် ဆုံးပါးခဲ့ သည်။ ပအိုဝ်းနှင့် ရှမ်းပြဿနာ ဖြစ်သဖြင့် ကိုယ်စားလှယ်များ ဆက်တိုး၍မရ ဖြစ်သည့် အပြင် အထက်ကိုလည်း အဆက်အသွယ် မရသဖြင့် နောက် ကြောင်းသို့ ပြန်ခဲ့ ရသည်။

ထို့နောက် ခေါင်းဆောင်သစ်ပြန်လဲရာတွင် အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန်၊ မန်းဘာဘာ၊ မန်းရှာလားဖန်း၊ စောပါစက၊ စွပ်စိန်း(ခေါ်) စောဝါး၊ တရုတ် ကျောင်းဆရာ ဟုန်စွတ်လျှန် (အရှေ့တောင်အာရှ ကျောင်းသား အတွင်းရေးမှူး)၊ စောဝါး(ခေါ်) ထွန်းငွေ တို့ ပါဝင်သည်။ အတွင်းလမ်းမှ သွားရန် စီစဉ်ခဲ့ရာ အောင်မြင်စွာ ရောက်သွား ခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့၏ တာဝန်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် အကယ်၍အောင်မြင်ခဲ့ပါက အဝေးရောက် ဗမာပြည်ကွန်မြူ နစ်ပါတီနှင့် ဆွေးနွေးပြီး (မဒည တ)ရုံးကို တရုတ်ပြည်တွင် ထားရှိရန် သဘောထား ချမှတ်ထားသည်။ အစီအစဉ် အရ ရောဝတီမြစ်မှ ဖြတ်ပြီး လိုင်ဇာခေါ် တရုတ်ပြည်မှ ရွာငယ် တရွာသို့ ရောက်သည်။ K.I.A. တပ်ရင်းမှာ ပါဂျောင်တွင် ရှိသည်။ ဘရန်ဆိုင်း၊ ဇော်ဆိုင်းတို့ ရုံးထိုင်သော နေရာသို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သွားရောက်ပြီး၊ တရုတ် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ခဲ့သည်။ (၁၅)ရက်ခန့် စောင့်ကြည့် ပြီးမှ တရုတ်ပြည် အတွင်းသို့ ဝင်ခွင့် ရခဲ့သည်။ နယ်စပ်ရှိ တရုတ်တပ်စခန်း တခုတွင် ခေတ္တ နားခဲ့သည်။ ထိုမှတဆင့် ယင်ကျန်းသို့ သွားခဲ့ ရသည်။ ယင်ကျန်း မှတဆင့် ပေါက်စန်းသို့ သွားသည်။ ပေါက်စန်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကိုယ်စားလှယ် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တရုတ်ပြည်မှ ကိုယ်စားလှယ်များလည်း တက်ရောက် ခဲ့ကြသည်။

ဗကပ ၏ သဘောထား အပြောင်းအလဲ ရှိသဖြင့် K.N.U.P. ပါတီဗဟိုသို့ အကြောင်းကြားရန်၊ ဗကပ တို့မှ အကြံပြုခဲ့သည်။ K.N.U.P. ဗဟိုသို့ ကြေးနန်းစက်ဖြင့် ဆက်သွယ်နိုင်ရန် ဗကပ မှ ကြေးနန်းစက်နှင့် ဆိုက်ဖများပါ အပ်ထားသည်။ သို့သော် တံခွန်နီ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးအေးဟန်က မိမိ တဦးတည်းပြန်ပြီး တင်ပြရန် စီစဉ်သည်။ အဖွဲ့ဝင်များက မပြန်ဘဲ ကြေးနန်းစက် ဖြင့်သာဆက်သွယ်ပြီး သဘောထား ရယူရန် အကြံပြုလေသည်။ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန်မှာ လက်မခံ။ မိမိ ကိုယ်တိုင် ပြန်ပြီး ဆွေးနွေးရန် ဆုံးဖြတ်ချက် ချခဲ့သည်။ တားမရ၍ နောက်ဆုံးတွင် အားလုံး ပြန်ရန် ဆုံးဖြတ်ပြီး တရုတ်ပြည်မှ ထွက်ခဲ့ကြသည်။ အပြန်တွင် နော်ဆိုင်း တပ်မှ တပ်မှူး မရန်ဒူး ဦးဆောင်ပြီး ကချင်တပ်ခွဲမှ လိုက်လံ ပို့ဆောင်ပေးသည်။

မိုးကုတ်သို့ ရောက်သောအခါ မိုးကုတ် တာဝန်ခံက အဖွဲ့အစည်း အတွင်း အပြစ်ရှိသဖြင့် ရှောင်ဖယ် ရှောင်ဖယ် လုပ်နေသည်။ ကျောက်မဲသို့ မရောက်မီ နယ်မြေ အခြေအနေ သတင်းအခြေအနေများ လုံးဝ မရဘဲ အဆက်ပြတ်နေသည်။ ကျောက်မဲသို့ ရောက်သောအခါ ဆင်ဖြူရွာတွင် တညတာ ရပ်နားပြီး၊ နောက်တနေ့ မနက်တွင် ရန်သူ ခလရ (၂၂)တပ်ရင်းမှ ကချင်တပ်ခွဲမှူးဖြစ်သူ မရန်ဒူး (အမည်တူ)အဖွဲ့နှင့် ထိတွေ့ တိုက်ပွဲ ဖြစ်ပွား ပြီး လူစု ကွဲသွားခဲ့သည်။

စောဘာဘာ၊ စောသိန်းလွင်၊ စောသမိန်ထွန်း၊ စောပါစကနှင့် တရုတ်ကလေး စောဝါးတို့က တဖွဲ့၊ ဗိုလ်အေးဟန်၊ မန်းရှာလားဖန်း၊ စောဝါး(ခေါ်) ထွန်းငွေတို့ (၃) ယောက်ကတဖွဲ့ အဖွဲ့ကွဲကုန်သည်။ ဗိုလ်အေးဟန် နှင့် မန်းရှာလားဖန်း တို့အဖွဲ့သည် ကချင်တပ် နှင့်အတူ မြောက်ပိုင်းသို့ ပြန်တက်သွား ကြသည်။

စောဘာသာ၊ ကိုသိန်းလွင်၊ သမိန်ထွန်း၊ ပါစက တို့ အဖွဲ့သည် ရေတွင်းကုန်းမှ မန်းသိန်းမောင် (ခေါ်) သခင်သိန်းမောင်၏ အကူအညီဖြင့် ဒုဌဝတီ ကို လက်ပစ်ကူးကာ၊ ဗကပ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ပုတို့အဖွဲ့ထံ သွားခဲ့ကြသည်။ ဗိုလ်ပု အဖွဲ့မှ ဆက်လက် ပို့ဆောင်ရာ ရပ်စောက် မြို့နယ်သို့ ရောက်ခဲ့သည်။ ဗိုလ်အေး(ခေါ်) မင်းခေါင်းလှမောင်တို့နှင့် အဆက်ရသဖြင့် ဗိုလ်အေး(ခေါ်) မင်းခေါင်းလှမောင် အစီအစဉ်ဖြင့် ရပ်စောက် ဖက်မှတဆင့် သခင် တင်ထွန်း တို့ ရှိရာဘက်သို့ ထွက်ခဲ့ရပြန်သည်။ ကားလမ်းကို ကျော်နေစဉ် တိုက်ပွဲ ဖြစ်ပွားပြီး စောသမိန်ထွန်း တယောက်လည်း ပေါင်တွင် ဒဏ်ရာ ရခဲ့သည်။

ဒဏ်ရရသော စောသမိန်ထွန်းနှင့်အတူ သူ့အားကြည့်ရှုရန် တရုတ် ကလေး စောဝါး ကို ထားခဲ့ပြီး ရှေ့ခရီးကို ဆက်ခဲ့ကြသည်။

စောသမိန်ထွန်း အနည်းငယ် သက်သာလာသောအခါ၊ စောဝါးကလည်း ပအိုဝ်း မလေးတဦးနှင့် ရည်ငံပြီး၊ လက်ထပ်ရန်အထိပင် သဘောတူကြောင်း ပြောဆိုပြီး ခရီးထွက် ခဲ့ရာမှ၊ တရုတ်ကလေး စောဝါးမှာ ပလောင်ရွာ တရွာ အရောက်တွင် အဖျားရောဂါဖြင့် သေဆုံးခဲ့သည်။ (၁၀၈) ဒေသသို့ သွားရန် S.S.A. သို့ ရောက်ခဲ့သည်။ စောသမိန်ထွန်း သည် ဆေထင်၊ ဆေဆင့်၊ ဆေပင်တို့နှင့် တွေ့ဆုံပြီး S.S.A. တွင် (၄)လခန့် ကြာခဲ့သည်။ သူတို့က ဆေးဝါးကု သမ္မကိုလည်း ကောင်းမွန်စွာ ပြုလုပ် ပေးခဲ့သည်။ (ရလလဖ)တွင် ဗိုလ်မှူးထင်လင်းနှင့် တွေ့ဆုံသည်။ ဗိုလ်မှူးထင်လင်းသည် အရှေ့မြောက် စစ်ဒေသ ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ဗိုလ်ချုပ်ကော်ထူးက တာဝန်ပေး စေလွှတ်ထားသူ ဖြစ်သည်။ စောသမိန်ထွန်း သည် ဗိုလ်မှူးထင်လင်း အား (၁၀၈) ဒေသသို့ လိုက်လံ ပို့ဆောင်ပေးသည်။ ထို့နောက် သမိန်ထွန်း သည် S.S.A. မှ ရလလဖ၊ ရလလဖ မှတဆင့် ပအိုဝ်းနယ်မြေသို့ ရောက်ခဲ့သည်။ ထိုမှတဆင့် ကရင်နီ နယ်မြေ ထီးထာသို့ ရောက်ချိန် မန်းရှာလားဖန်းတို့ အဖွဲ့မှာလည်း နောက်ရက်တွင်ပင် ရောက်ရှိလာသည်။

ပြန်ရောက်ပြီး မကြာမီ ဆရာစကောလယ်တော ဦးဆောင်သော တံခွန်နီ ဒုတိယ ကိုယ်စားလှယ် အဖွဲ့တွင် မန်းရှာလားဖန်း၊ အဝါး၊ ပါစက တို့နှင့်အတူ ပြန်လည် ပါဝင် ခဲ့သည်။ လမ်းခရီးတွင် ကိုယ်စားလှယ်အဖွဲ့အတွင်း အယူအဆရေးရာ ကွဲလွဲမှု ပေါ်ပေါက်ခဲ့သဖြင့် စောဘမိုးနှင့်အတူ S.S.A. နယ်မြေတွင် ကျန်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ဒူးဒါးဂေးတွင် ပြုလုပ်သော ကေအဲန်ယူပါတီ ကွန်ဂရက်သို့ တက်ရောက်ခဲ့သည်။ ထို ကွန်ဂရက်တွင် ပါတီကို ဖျက်သိမ်း လိုက်သည်။ ထို့နောက်၊ တပ်မဟာ(၄) ဘိတ်(မြိတ်)-ထားဝယ်ခရိုင် စည်းရုံးရေး ဌာနတွင်၊ ဒုတိယ တာဝန်ခံအဖြစ် တာဝန်ပေးခြင်း ခံရသည်။ ခရိုင်စည်းရုံးရေး ဌာနတွင် ဒုတိယ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တာဝန်ခံအဖြစ်၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ပထမ တာဝန်ခံမှာ ထိုစဉ်က ပဒိုကော်စိုး ဖြစ်သည်။ ထို့နောက် ထားဝယ်ချောင်းဖျား မြို့နယ်ဥက္ကဋ္ဌ အဖြစ်တာဝန်ယူချိန်၊ နတ်အိမ်ထောင်တွင် ရန်သူမှ ထိုးစစ်ဆင်ရာ သား(၂)ဦးကို ရန်သူမှ ဖမ်းမိ၍ သတ်ဖြတ်ခြင်း ခံခဲ့ရပြီး၊ ဇနီးဖြစ်သူမှာလည်း ဒဏ်ရာ ရခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် တနင်္သာရီမြို့နယ် ဥက္ကဋ္ဌအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် K.N.U. ဗဟိုမှ ပြန်ခေါ်ပြီး၊ အရန်ဗဟို ကော်မတီနှင့် အလုပ်အမှုဆောင် ကော်မတီအဖြစ် နိုင်ငံရေး အတိုင်ပင်ခံအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ လက်ရှိ ကာလအထိ ကေအဲန်ယူ ဗဟိုကော်မတီ နှင့် နိုင်ငံရေးကိစ္စများကို အကြံပေး ပုဂ္ဂိုလ်အဖြစ် တာဝန် ထမ်းဆောင်ဆဲဖြစ်သည်။ ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ကြီး သာရှဲ (သဆဲ)

ဖခင် စောမိုးကျော်၊ မိခင် နော် အားမူ တို့မှ ၁၉၅၀ ခုနှစ်တွင် သာယာ ဝတီ ခရိုင် မင်းလှမြို့နယ်၊ စစ်ပြန်ကွင်း ကျေးရွာတွင် ဖွားမြင်ခဲ့သည်။ ၁၉၅၈ ခုနှစ် စစ်ပြန်ကွင်း ကျေးရွာတွင် စတင် ကျောင်း တက်ခဲ့ပြီး မူလတန်းကို အောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဖဒို အစိုးရ အလယ်တန်း ကျောင်းတွင် ပဉ္စမတန်းကို အောင်မြင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ဆဋ္ဌမတန်းကို ဆက်လက်သင်ကြားနေစဉ်၊ ဖခင် စောမိုးကျော် မှာ ပဲခူးရိုးမ အနောက်ဘက်ခြမ်း၊ ခတ်ချိုကွင်းတိုက်ပွဲတွင် ကျဆုံး သွားသည်။ အဖေ ဆုံးသော ၁၉၆၅ ခုနှစ်မှာပင် ကျောင်းမှ ထွက်လိုက်ပြီးနောက် အစ်ကိုကြီး စောသတောနှင့် အတူ၊ ရခိုင်ရိုးမသို့ လိုက်သွားလေသည်။ အစ်ကိုဖြစ်သူ စောသတောမှာ ရခိုင်ရိုးမ၊ ပဲခူးရိုး မနှင့် အရှေ့တိုင်း၊ ကျောက်ကြီးမြို့နယ် အစရှိသော ဌာနချုပ်စခန်းများသို့ စာပေးစာယူနှင့် အခြား အရေးကြီး ကိစ္စများအတွက် ဆက်သွယ် ရေး တာဝန်ကို ဆောင်ရွက်နေသူ တဦးဖြစ် သည်။

အစ်ကိုကြီး စောသတောသည် ရခိုင်ရိုးမသို့ အပြန်ခရီးတွင် သူလည်း လိုက်ပါ သွားလေသည်။ ရခိုင်သို့ ရောက်သည်နှင့် တော်လှန်ရေး လုပ်ရန်အတွက်၊ ဗိုလ်ချုပ် မြမောင် ထံတွင် စာရင်း သွင်းခဲ့သည်။ အစ ပထမတွင် အသက်မပြည့်သေးသောကြောင့်၊ ဗိုလ်ချုပ်မြမောင်က သူ့ကို စာရင်းသွင်းခွင့် မပေးသေးဘဲ၊ ကျောင်းပြန်တက်ရန် တိုက် တွန်းခဲ့ လေသည်။ သူ၏ အသက်မှာ (၁၅)နှစ်သာရှိသေးသဖြင့် ဆက်လက် ပညာ သင်ကြားပြီး စာများများတတ်လျှင် တော်လှန်ရေးလုပ်ငန်းအတွက် ပိုမို အသုံးဝင်မည်ကို သူ့အား ရှင်းပြခဲ့သည်။ ကျောင်းပြန် တက်မည် ဆိုလျှင်လည်း ကျောင်းစရိတ် ထောက်ပံ့ ပေးမည့်အပြင် တရက်လျှင် မုန့်ဖိုး တကျပ်နှုန်း ပေးမည် စသည်ဖြင့် ဖျောင်းဖျ သော်လည်း မရ။ အဖေ အတွက် ကလဲ့စားချေလိုသော စိတ်က ပြင်းထန်နေသည်။ နောက်ပိုင်းတွင် သူ့ကို ဖျောင်းဖြ မရသည့်အဆုံး အသက်မပြည့်သေးသော်လည်း တပ်ဖွဲ့ဝင်စာရင်း သွင်းခွင့်ကို ပြုခဲ့ရလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောသာရဲ့တွင် မောင်နှမ လေးယောက် ရှိရာ၊ စောသတောမှာ အစ်ကို အကြီးဆုံး ဖြစ်ပြီး စောသတော အောက်တွင် စောသကဲ (ခေါ်) စောအယ်ဖလိုး ပြီးနောက် စောသာရဲ့ အငယ်ဆုံးမှာ နော်ထူးဖော ဖြစ်သည်။

စောသာရဲ့ ရခိုင်သို့ ရောက်ပြီးနောက် မကြာမီ၊ အစ်ကိုကြီး စောသတောမှာ ပဲခူးရိုးမသို့ ဆက်သွယ်ရေး တာဝန်နှင့် ခရီးထွက်စဉ် ရန်သူ၏ ခြံခိုတိုက်ခိုက်ခံရပြီး ကျဆုံး ခဲ့ရသည်။

၁၉၆၅ ခုနှစ်တွင် ရန်သူသည် ဆင်မင်း စစ်ဆင်ရေးဖြင့် မြစ်ဝကျွန်းပေါ်ကို စတင် ထိုးစစ်ဆင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အောင်စစ်သည် စစ်ဆင်ရေးဖြင့် ဆက်လက်ပြီး၊ တိုင်းဌာနချုပ်ကို ဦးတည်တိုက်ခိုက် လာလေသည်။ ရန်သူသည် တပ်အင်အား အမြောက် အများကို အသုံးပြုသဖြင့် မိမိတို့ တပ်ဖွဲ့များက ရွှံ့ပ်ရွှံ့ချဲ့ချဲ့ ပြန်လည် တိုက်ခိုက်ခဲ့ကြ ခြင်းကြောင့် ရန်သူအများအပြား သေကြေ ဒဏ်ရာ ရကြလေသည်။ ရန်သူ့လက်နက် အများအပြားကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ မိမိတို့ ဘက်မှလည်း ထိခိုက်ကျဆုံးမှုများဖြင့် ကြုံတွေ့ခဲ့ရသည်။ ရန်သူသည် သာလွန်သော အင်အားဖြင့် ဆက်လက် ထိုးစစ်ဆင် ခြင်း ကြောင့် တိုင်းဌာနချုပ်ကို ရခိုင်ရိုးမသို့ ရွှေ့ပြောင်းခဲ့ရလေသည်။

ထိုအချိန်က ဧရာဝတီတိုင်း ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်မြမောင်ဖြစ်ပြီး၊ တပ်မမှူးမှာ ဗိုလ်ချုပ်မြရင်၊ တပ်မနိုင်ငံရေးမှူးမှာ ဗိုလ်ချုပ်ကျော်သောင်း၊ ခရိုင် အတွင်းရေးမှူးမှာ ဦးစိုးအောင် (ရခိုင်လူမျိုး)ပင် ဖြစ်သည်။

ရန်သူကို ရွှံ့ပ်ရွှံ့ချဲ့ချဲ့ တိုက်ခိုက်ခဲ့သော တပ်ရင်းများမှာ၊

(၁) တပ်ရင်းမှူး၊ ဗိုလ်မှူး မြသိန်း ဦးဆောင်သော၊ K.P.L.A. တပ်ရင်း(၁)၊

(၂) တပ်ရင်းမှူး၊ ဗိုလ်မှူးသောင်းညွန့် ဦးဆောင်သော၊ K.P.L.A. တပ်ရင်း(၂)၊

(၃) တပ်ရင်းမှူး၊ ဗိုလ်မှူးဝေးလေ ဦးဆောင်သော၊ K.P.L.A. တပ်ရင်း(၃)တို့ ဖြစ် သည်။

တပ်ရင်း(၁) ဒုတပ်ရင်းမှူးမှာ၊ ဗိုလ်မှူးမောင်ချစ်ဖြစ်သည်။ ရန်သူသည် ၁၉၆၈ အတွင်း မြစ်ဝကျွန်းပေါ်တိုင်းအား မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁)ဖြင့် ဆက်လက်ပြီး၊ ထိုးစစ်အရှိန်ကို တဆင့်ပြီး တဆင့်၊ တိုးမြှင့်လာရာ မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁၀)အထိ၊ တိုးမြှင့်ခဲ့လေသည်။

မြစ်ဝကျွန်းပေါ်ကို ခရိုင်တခုပြီးတခု၊ တနေရာပြီး တနေရာ၊ အကွက်ချ၍ ထိုးစစ် ဆင်ခဲ့ရာ၊ အခ့ျိုနေရာများတွင် ရန်သူ၏ ပိတ်ဝိုင်း စစ်ဆင်ရေးကို ထိုးဖောက်နိုင်ခဲ့ သော်လည်း၊ အခ့ျိုု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒေသများတွင် ချေမှုန်းခံခဲ့ရလေသည်။ အခ့ျိုလည်း ရိက္ခာ လက်နက် ကျည်များ ပြတ်လပ်ပြီး လက်နက်ချခဲ့သည်။ ရဲဘော် အများအပြားမှာမူ အသက်စွန့် ခုခံ တိုက်ခိုက်ခဲ့ကြသည်။

၁၉၆၆ မှ ၁၉၆၇ အတွင်း ရန်သူ သည် တိုင်းဌာနချုပ် တည်ရှိရာ ရခိုင်တိုင်းကို လည်း အကြိမ်ကြိမ် ထိုးစစ် ဆင်ခဲ့လေသည်။ ဗိုလ်ချုပ်မြမောင်နှင့် တပ်မဟာ တပ်ဖွဲ့များ သည်၊ ၁၉၆၇ ခုနှစ်၊ ဆန်လုပွဲ အချိန်အထိ၊ ရန်သူကို ဆက် လက် ခုခံခဲ့သည်။ ထို့နောက် ထိုးစစ်ကို ရှောင်ရှားရန်အတွက် တိုင်း အတွင်းရေး မှူးဖြစ်သူ ဦးစိုးအောင်နှင့် အတူ၊ မြစ်ဝကျွန်းပေါ် တိုင်း အမှတ်(၂) ခရိုင် ဖြစ် သော၊ ငွေသောင်ယံ၊ လပွတ္တာဘက် သို့ ရွှေ့ပြောင်း ခဲ့သည်။ ၎င်းနှင့်အတူ တပ်မမှူး၊ ဗိုလ်ချုပ်မြရင်၊ လုံခြုံရေး တပ်ဖွဲ့မှူးများ ဖြစ် သော ဗိုလ်ထူး၊ ဗိုလ်သာခင် နှင့် အင်အား (၆၀)ခန့်တို့က လုံခြုံရေး အတွက် တာဝန်ယူ ပေးခဲ့သည်။ ထိုအချိန်က အမှတ်(၂) ခရိုင်ဥက္ကဋ္ဌမှာ စောဘီဖိုး ဖြစ်သည်။ အမှတ်(၂) ခရိုင် အတွင်းရေးမှူးမှာ ဗိုလ်မှူးသောင်းညွန့် ဖြစ်ပြီး၊ အမှတ်(၂) ခရိုင်အတွင်း ပြောက်ကျား တပ်ဖွဲ့မှ ချစ်လေးမောင်ကလည်း လုံခြုံရေး အတွက် ပူးတွဲ ပါဝင်ခဲ့လေသည်။ ဗိုလ်ချုပ် မြမောင် အဖွဲ့သည် လပွတ္တာမြို့နယ်မှတဆင့် နယ်များကို ဖြတ်ကျော်ရာ လှေငယ်များဖြင့် အဆင့်ဆင့် ဖြတ်ကူးကြရသည်။ မကြာမီ ဟင်္သာ မြို့နယ်သို့ ရောက်လာ လေသည်။

ဟင်္သာ မြို့နယ်ဆိုသည်မှာ ဟင်္သာတမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့ကို ပေါင်းစပ်ထား သော နယ်မြေတခုဖြစ်သည်။ ဟင်္သာ မြို့နယ်သို့ ရောက်ရှိသောအခါ တပ်မမှူး ဗိုလ်ချုပ် မြရင် နှင့် သူ၏လုံခြုံရေးတပ်ဖွဲ့များအား ရခိုင် ဘက်သို့ ပြန်လည် စေလွှတ် လိုက်သည်။ ရခိုင်ရိုးမ တွင် အခြေခံပြီး ရန်သူကို ခုခံ တိုက်ခိုက်နေသော တပ်မဟာမှူး ဗိုလ်မှူးထွန်းအေး နှင့်အတူ ထိုးစစ်ကို ရင်ဆိုင်ရန် အစီအစဉ်များကို အကြံပြု ပေးလေ သည်။

ဗိုလ်ချုပ်မြမောင်၏ ရုံးအဖွဲ့သည် ပဲခူးတောင်ခြေသို့ ဆိုက်ရောက်ပြီး တောင်ပေါ်သို့ တက်ကာနီးတွင်၊ တပ်ရင်း(၁) တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးမြသိန်းအား ကြေးနန်းပို့ပြီး သူ့ထံသို့ လိုက်လာရန် မှာလိုက်သည်။ တောင်ခြေ တနေရာတွင် ခေတ္တအနားယူနေစဉ် ဗိုလ်ချုပ်မြသိန်း တပ်ရင်းလည်း ဆိုက်ရောက်လာ လေသည်။ ဗိုလ်မှူးမြသိန်း၏ တပ်ရင်း တွင် တပ်ခွဲမှူး ဗိုလ်မှူးမိုးဟိန်းလည်း ပါလာသည်။ ဗိုလ်ချုပ်မြမောင်နှင့် လိုက်ပါလာသော စောသာရှဲမှာ ထို အချိန်မှစပြီး၊ ဗိုလ်မှူးမိုးဟိန်း တပ်ခွဲတွင် တပ်စိတ်မှူးအဖြစ် စတင် တာဝန် ထမ်းခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၈ ခုနှစ် ဗိုလ်ချုပ်မြမောင် ပဲခူးရိုးမသို့ ရောက်ပြီးနောက်၊ ၁၉၇၀ ခုနှစ်တွင် ပဲခူးရိုးမကို ရန်သူက တပ်မ(၈၈) နေမင်း စစ်ဆင်ရေးဖြင့် ထိုးစစ် စတင်ခဲ့သည်။ ထို့နောက် တပ်မ(၉၉)ဖြင့် အောင်စိုးမိုး စစ်ဆင်ရေးကို ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလတွင် စတင် ခဲ့သည်။ အောင်စိုးမိုး စစ်ဆင်ရေး ကာလအတွင်း၊ ၁၉၇၂ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ကေအဲန်ယူပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ တို့ ပူးတွဲပြီး "အောင်နိုင်တပ်ဖွဲ့" ကို ဖွဲ့စည်း နိုင်ခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးတွဲ စစ်ရေးအစီအစဉ်များတွင် ပါဝင် တိုက်ခိုက်ရန်၊ ကေအဲန်ယူပါတီက စစ်ကြောင်း (၂)ကြောင်းကို ဖွဲ့စည်းခဲ့သည်။ စစ်ကြောင်း(၁)တွင် ဗိုလ်ထိုကြည်သည် စစ်ကြောင်းမှူးတာဝန် ရယူပြီး၊ ဗိုလ်ကြည်လင်း မှာ ဒုတိယ စစ် ကြောင်းမှူးအဖြစ် တာဝန်ယူသည်။ စစ်ကြောင်း(၂)တွင် ဗိုလ်မှူးမိုးဟိန်း က စစ်ကြောင်းမှူး ဖြစ်ပြီး၊ ဗိုလ်မှူးဟန်ကြည်မှာ ဒုတိယ စစ်ကြောင်းမှူး ဖြစ်သည်။ ထိုစစ်ကြောင်း (၂)ကြောင်း စလုံးကို အင်အား (၁၀၀)ကျော်ဖြင့် ဖွဲ့စည်းကာ၊ "အောင်နိုင်တပ်ဖွဲ့" ပူးတွဲ စစ်ကြောင်းတွင် စစ်ကြောင်း (၂)ကြောင်းက အလှည့်ကျ ပါဝင် တိုက်ခိုက်ခဲ့သည်။

ဗိုလ်သာရှဲ ပါဝင်တိုက်ခိုက်ခဲ့သော အောင်နိုင်စစ်ကြောင်းသည် အောက်ပါ တိုက်ပွဲများတွင် ရန်သူကို ခြေမှုန်းခဲ့သည်။ တပ်မ(၈၈) လက်အောက်ခံ၊ ခလရ(၁၁) ကို`ဝါးဖြူမြောင်´တိုက်ပွဲတွင် ရန်သူထံမှ သေနတ် (၅၃)လက်ကို သိမ်းဆည်း ရခဲ့သည်။ ထိုပူးတွဲတိုက်ပွဲတွင် ဗိုလ်ထိုကြည်က ဦးဆောင်သော တိုက်ပွဲဖြစ်ပြီး၊ တပ်ခွဲ ချေမှုန်းရေး လုပ်နိုင်ခဲ့သည်။

တောင်ပေါ်(၁၄)ရွာမှ ရန်သူ စခန်းတခုကိုဝင်ရောက် တိုက်ခိုက်ရာ သေနတ် အလက်(၅၀) ရသည်။ တပ်ခွဲလိုက် ချေမှုန်းရေး တိုက်ပွဲဖြစ်သည်။ ကေအဲန်ယူပါတီနှင့် ဗကပ ပူးတွဲ အောင်နိုင်စစ်ဆင်ရေးသည်၊ တိုက်ပွဲငယ် များစွာကိုလည်း တိုက်ခိုက်ပြီး ရန်သူကို ချေမှုန်းနိုင်ခဲ့သည်။ ဤသို့ဖြင့် တပ်မ(၈၈)၏ နေမင်း စစ်ဆင်ရေး ထိုးစစ်ကို ရိုက်ချိုးနိုင်ခဲ့ပြီး၊ ၁၉၇၂ ခုနှစ် တပ်မ(၉၉)၏ အောင်စိုးမိုး စစ်ဆင်ရေးကိုလည်း ရိုက်ချိုး ခဲ့သေးသည်။

ကေအဲန်ယူမှ သီးခြားတိုက်ခိုက်ခဲ့သော တိုက်ပွဲမှာလည်း၊ `ရာထာ´ (ခေါ်) ငှက်ပျောတုံး တိုက်ပွဲတွင် ခလရ (၃၅)ကို၊ တပ်ခွဲအားလုံးနီးပါး ချေမှုန်းနိုင် ခဲ့သည်။ တပ်ခွဲမှူး ကျော်ကျော်နှင့် ဒုတိယ ခွဲမှူး ထွန်းမြင့်တို့ ကျဆုံးခဲ့သည်။

ပဲခူးတိုင်း မော်ဘီခရိုင်၊ တိုက်ကြီးမြို့နယ်၊ `ရွှေလောင်းချောင်း´တပ်စု စခန်းကို တိုက်ခိုက် သိမ်းပိုက်ရာ၊ ရန်သူ (၁၄)ယောက်ကို ဖမ်းမိသည်။ ဖမ်းမိသော တပ်ဖွဲ့ ခေါင်းဆောင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များတွင် တပ်စုမှူး တင်ထွန်းအောင်နှင့်၊ ဒုတိယ တပ်စုမှူးတို့ ပါဝင်ကြသည်။ ထိုစစ်ဆင်မှုတွင် ဗိုလ်မှူးမိုးဟိန်းက ဦးဆောင် တိုက်ခိုက်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် တပ်မ(၈၈)နှင့် တပ်မ(၉၉)ကို ရုပ်သိမ်းပြီး၊ တပ်မ(၇၇) ကို အစားထိုးကာ ပဲခူးတိုင်း စစ်ဆင်ရေးကို စစ်ရှိန်မြှင့်လိုက်သည်။ ပဲခူးရိုးမတိုင်း အတွင်း ရန်သူက ဖြတ်လေးဖြတ် စစ်ဆင်ရေးကို စတင်ချိန်မှစပြီး၊ ဗကပ နှင့် ကေအဲန်ယူပါတီ တပ်များအတွက်၊ စစ်ရေးအကျပ်အတည်း စားနပ်ရိက္ခာနှင့် ဆေးဝါးအခက်အခဲများဖြင့် ကြုံတွေ့ခဲ့ရသည်။ ရန်သူသည် အကြိမ်ကြိမ် ပိုက်စိပ်တိုက် စစ်ဆင် တိုက်ခိုက်သော ကြောင့်၊ ထိုဒေသမှ အချိန်မီ ရှောင်တိမ်း ထွက်ခွာရတော့မည်ဖြစ်သည်။ ထိုဒေသအား မစွန့်လွှတ်ပါက အားလုံး ချေမှုန်းခြင်း ခံရမည်သာဖြစ်သည်။ ထို့ကြောင့် လက်ရှိ ကေအဲန်ယူပါတီ၏ အမြင့်ဆုံး ခေါင်းဆောင်ဖြစ်သော ဗိုလ်ချုပ်မြမောင်သည် ပြန့်ကျဲ နေသော တပ်ဖွဲ့ဝင်များ အားလုံးကို ပြန်လည် စုစည်းပြီး ရှေ့လုပ်ငန်းအစီအစဉ်ကို ရေးဆွဲ ရှင်းပြခဲ့သည်။

စောသာရှဲနှင့် မြေးများ

`ကရင့် လက်နက်ကိုင်တော်လှန်ရေး တပ်မှူး တပ်သားအားလုံးသည်၊ လက်နက် ကိုင်တော်လှန်ရေးကို ဆက်လက် လုပ်ဆောင်မည်ဆိုလျှင် မိမိနောက်ကို လိုက်ပါ။ ပင်ပန်း ဆင်းရဲမှုဒဏ်ကို မခံနိုင်၍ ဆက်လက်ပြီး မလုပ်လိုပါကလည်း မိမိတို့ နေထိုင်ရာ ကျေးရွာ များသို့ ပြန်လိုက ပြန်နိုင်ကြောင်း၊ လက်နက်ချမည် ဆိုလျှင်လည်း အဖမ်းခံပြီး လက်နက် ချနိုင်ကြောင်း သို့သော်လည်း လက်နက်များကိုကား ယူဆောင်ခွင့် မပြုနိုင်ကြောင်း ရှင်းပြ ပြောဆိုခဲ့သည်။´

အသက်ကြီးသူ ခေါင်းဆောင်များနှင့် ရဲဘော်အများအပြား ဆက်လက်၍ တော်လှန်လမ်းကို လျှောက်လှမ်းခဲ့ကြသည်။ စောသာရှဲကလည်း အသက်ကြီးသူများပင် လုပ်နိုင်သေးလျှင် မိမိဘာကြောင့် မလုပ်နိုင်ရ မလဲဟူသော အတွေးဖြင့် တော်လှန်ရေးကို ဆက်လက် လုပ်ကိုင်ရန် သန္နိဋ္ဌာန်ချခဲ့သည်။

ဗိုလ်ချုပ်မြမောင်နှင့်အတူ ပါတီဝင် ဗဟိုကော်မတီများ၊ တပ်မှူး တပ်သား (၁၀၀) ကျော်ခန့်သည် ပဲခူးရိုးမတိုင်းကို စွန့်ခဲ့ပြီး၊ အရှေ့တိုင်းသို့ ချီတက်ခဲ့လေသည်။ ဗိုလ်ချုပ် မြမောင်နှင့် အင်အား (၁၀၀)ကျော်ခန့်တွင် ဗိုလ်မှူးမိုးဟိန်းက လုံခြုံရေး တာဝန်ခံအဖြစ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆောင်ရွက်ခဲ့ပြီး ဗိုလ်သာရဲက လုံခြုံရေး တပ်စုမှူးအဖြစ် ပါဝင်ခဲ့သည်။ လမ်းခရီး တလျောက် ရန်သူမှ လိုက်လံ တိုက်ခိုက်ရာ စစ်တောင်းမြစ် နှုတ်ခမ်းတွင် ရန်သူနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ခဲ့ရာ အများစုမှာ စစ်တောင်းမြစ်ကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့ သော်လည်း ရေကူး မကျွမ်းကျင်သော၊ ကလေးနှင့် လူကြီး(၁၃) ယောက်မှာ ရေနစ် သေဆုံး ခဲ့ရသည့်အပြင် စာရွက်စာတမ်း အများ အပြားလည်း ဆုံးရှုံးခဲ့ရသည်။

စစ်တောင်းမြစ်ကို ဖြတ်ကူးပြီးနောက် တပ်မဟာ(၃)နယ်မြေသို့ ရောက်လျှင် စခန်းချ မည့်ဆဲဆဲ ခလရ(၁၁)မှ ကြားဖြတ်တိုက်ခိုက်သဖြင့်၊ ရဲဘော်စိန်ကုလား ကျဆုံးခဲ့ ရသည်။ ထို့နောက် တောင်ပေါ်သို့ ပြန်တက်ခဲ့သည်။ တပ်မဟာ(၃) နယ်မြေအရောက်တွင် ကရင်-အမျိုးသားချင်း ပစ်ခတ်မှုကြောင့် ရဲဘော်သန်းလှ ကျဆုံး ခဲ့ရပြန်သည်။ နောက်ပိုင်း ကရင် အမျိုးသား အချင်းချင်း မှားယွင်း တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း သိသဖြင့်၊ မိမိတို့ တပ်ဖွဲ့များမှ ပြန်လည် တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရှောင်ပေးခဲ့သည်။ ထိုအချိန်က ကြေးနန်းသုံး ဓါတ်ခဲများမှာ စစ်တောင်းမြစ်ဖြတ်ကူးစဉ် ပျက်စီးသွားသောကြောင့်၊ တပ်မဟာ(၃) ဌာနချုပ်ကို ကြေးနန်းပို့ပေးနိုင်ခြင်း မရှိခဲ့သည့်အပေါ်၊ မိမိတို့ တပ်ဖွဲ့ဝင် ရဲမေများဖြစ်သည့်၊ နော်သီဖောနှင့် နော်ဃတို့ နှစ်ဦးကို ရွေးချယ် စေလွှတ်ခဲ့သည်။ တပ်မဟာ(၃) တာဝန်ခံများက နော်သီဖောနှင့် နော်ဃ တို့နှစ်ဦးအား ထိန်းသိမ်းထားပြီး၊ ခေါင်းဆောင်များကိုယ်တိုင် လာရောက် တွေ့ဆုံကြရန် လူလွှတ် အကြောင်းကြား လာသည်။ ဗိုလ်ချုပ်မြမောင် ကိုယ်တိုင် သွားရောက် တွေ့ဆုံခဲ့ပြီးနောက် နားလည်မှု ရသွားခဲ့သည်။

ဗိုလ်ချုပ်မြမောင်နှင့် ဗဟိုကော်မတီဝင်များအားလုံး မာနယ်ပလောသို့ ရောက်ပြီး၊ ညီညွတ်ရေး ပူးတွဲ ကော်မတီ ဖွဲ့လေသည်။ ထို့နောက် နှစ်ဖွဲ့ ပြန်လည် ပေါင်းစည်းရန် အတွက် ကေအဲန်ယူပါတီကို ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလတွင် ဖျက်သိမ်းခဲ့ပြီး၊ ကေအဲန်ယူပီတပ်ကို ကေအဲန်ယူ တပ်ရင်း(၁၄)အဖြစ် ပြန်လည် ဖွဲ့စည်းရာ စောသာရဲမှာ ဒုတိယ တပ်ခွဲမှူး တာဝန် ပေးအပ်ခြင်း ခံရသည်။

တပ်ရင်း(၁၄)၊ တပ်ခွဲ(၁)တွင် ဒုတိယ တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းနေစဉ် တပ်မဟာ(၂) နယ်မြေရှိ ရန်သူစခန်း (ပျားစခန်း)ကို ဗိုလ်ကျော်လင်းနှင့် ပူးပေါင်းပြီး ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သေနတ် အလက်(၂၀) သိမ်းဆည်း ရခဲ့သည်။ ၁၉၇၆ - ၇၇ နှစ်တွင်၊ တပ်ရင်း(၁၄)ကို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖျက်သိမ်းလိုက်ရာ တပ်ရင်း(၁၄) တပ်ခွဲ(၂)မှ ဒုတိယ တပ်ခွဲမှူး ဗိုလ်သံတုံး၊ တပ်ခွဲ(၁)မှ ဒုခွဲမှူး ဗိုလ်သာရှဲ၊ တပ်စုမှူး ဗိုလ်ထွန်းစိန် တို့အား၊ တပ်ရင်း(၁၀၁) သို့ ပြောင်းရွှေ့ တာဝန်ပေးခဲ့သည်။ တပ်ရင်း (၁၀၁)တွင် ဗိုလ်သာရှဲအား ဒုတပ်ခွဲမှူး အဖြစ်ဖြင့်ပင် ပြန်လည် တာဝန်ပေးခဲ့သည်။

ဗိုလ်ကြီးသာရှဲ (သဆဲ) နှင့် ဇနီး

တပ်ရင်း (၁၀၁)တွင် အမှုထမ်းနေစဉ် (၄)ကြိမ်တိုင် ဒဏ်ရာရခဲ့သည်။ တခါတွင် ခြေတဖက်ကို ဖြတ်လိုက်ရပြီး၊ ၁၉၇၈ ခုနှစ်တွင် နော်မူနွယ်နှင့် အိမ်ထောင် ကျခဲ့သည်။ ၁၉၈၀ ခုနှစ်တွင်၊ နော်ဘွေဝါး၊ ၁၉၈၂ ခုနှစ်တွင် နော်မူနာ၊ ၁၉၈၆ ခုနှစ်တွင် စောဖူးလော်သော၊ ၁၉၉၀ ခုနှစ်တွင် စောဘျူးမူး စသော သား/သမီး (၄)ဦး ထွန်းကား ခဲ့သည်။ ဇနီးဖြစ်သူ နော်မူနွယ်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၁၁)ရက်နေ့တွင် သွေးတိုး ရောဂါ ဖြင့် ကွယ်လွန်ခဲ့သည်။
သား သမီး (၄)ယောက်၊ မြေး (၁၂)ယောက်တို့နှင့်အတူ၊ ၂၀၀၈ ခုနှစ်၊ မေလ (၁၃)ရက်နေ့တွင် အမေရိကန်နိုင်ငံ နီဘရာစကာ ပြည်နယ်တွင် အမြဲတမ်း နေထိုင်ခွင့် ရရှိခဲ့သည်။

မန်းအောင်ဌေး နှင့် ဗိုလ်မှူးကြီးလောကွား (ခေါ်) ဝရဇိန် ၂၀၀၀

မန်းကျော်ဖေ နှင့် မန်းအောင်ဌေး ၁၉၉၆

မန်းအောင်ဌေး

အဖအမည် မန်းမောင်ဉာဏ် အမိအမည် ဃါ့မသန်းဖြစ်သည်။ ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်၊ ကန္နားမဲဇလီ ကျေးရွာတွင် ၁၉၄၂ ခုနှစ် အောက်တိုဘာလ (၁၂)ရက်နေ့တွင် မွေးဖွားသည်။ ဖခင်မှာ ပုသိမ်မြို့ ပိုးကရင် အထက်တန်း ကျောင်းတွင် နဝမတန်း အထိ ပညာသင်ကြားခဲ့ပြီး မိခင်မှာ ဟင်္သာတမြို့ ဖဲလ်ဖ်ကရင် အထက်တန်းကျောင်းတွင် နဝမတန်း ကို အောင်မြင်ခဲ့သူဖြစ်သည်။ မိခင်သည် ပုသိမ်မြို့ ကျမ်းစာသင်ကျောင်းတွင် တက်ရောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သင်ကြားစဉ် ဒေါ်ငွေဇံနှင့် ရင်းနှီး ခင်မင်ပြီး ကန္နားမဲဇလီကျေးရွာသို့ အလည် အပတ် ရောက်ခဲ့ရာမှ ဒေါ်ငွေဇံ၏ မောင်ဖြစ်သူ မန်းမောင်ဉာဏ်နှင့် ဆုံဆည်းခဲ့ခြင်း ဖြစ်သည်။ မိခင်ဇာတိမှာ ဟင်္သာတခရိုင် ယုန်သလင်း ကျေးရွာဖြစ်သည်။ ယုန်သလင်းရွာ သည် ဟင်္သာတ-ပုသိမ် မီးရထားလမ်း နံဘေးတွင် ရှိသော ပိုးကရင်ရွာ တရွာဖြစ်ပြီး တရွာလုံးလိုလိုမှာ ဌက်ပျော စိုက်ပျိုးရေးကို လုပ်ကိုင် ကြသော်လည်း မိခင်မှာမူ မူလတန်းပြ ကျောင်း ဆရာမတဦး ဖြစ်သည်။

ညီအစ်ကို မောင်နှမ လေးယောက်ရှိရာ အကြီးဆုံးမှာ အစ်မကြီး နန့်ဖလော်ရာ ဖြစ်ပြီး အပျိုပေါက်အရွယ်တွင် ဟင်္သာတ၌ ဆုံးပါးခဲ့သည်။ အစ်ကိုကြီးမှာ စ'ဆင်းမြူရယ် ဖြစ်သည်။ အငယ်ဆုံးညီမမှာ နန့်ခရစ္စတီးမှာ ယနေ့အထိ ကန္နားမဲဇလီ ကျေးရွာတွင် နေထိုင်ဆဲဖြစ်ပြီး သား သမီး (၆) ယောက်၏ မိခင် ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ကန္နားမဲဇလီကျေးရွာ မူလတန်းကျောင်း၌ ပညာ စတင် သင်ယူခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့ပြီး ဒေသ တခုလုံးရှိ ကျေးရွာအသီးသီး တနေရာမှ တနေရာသို့ ပြေးလွှား ပြောင်းရွှေ့ကြရသော ကာလဖြစ် သည်။ လူမျိုးရေးအရ နိုင်ငံရေးအရ ပဋိပက္ခများ ပြင်းထန်လာသောကြောင့် အသက်အိုး အိမ်တည်တံ့နိုင်ရေးအတွက် နီးစပ်ရာ လုံခြုံမည့်နေရာသို့ အသီးသီး ပြောင်းရွှေ့ ခိုလှုံ နေကြရသည့် ကာလဖြစ်သည်။

အဘိုးမန်းမောင်ဖေနှင့် သူ၏ သားသမီး ဆွေမျိုး တစုသည် ၁၉၅၂ ခုနှစ်တွင် ဟင်္သာတမြို့သို့ ပြောင်းရွှေ့ကြရသည်။ ဖခင် မန်းမောင်ဉာဏ်နှင့် မိသားစုမှလွဲ၍ ကျန် သော အိမ်ထောင်စု အားလုံးတို့ ရန်ကုန်သို့ ပြောင်းရွှေ့ သွားကြသည်။

မိခင် ဃါ့မသန်းမှာ ဟင်္သာတသို့ ရောက်လျှင်ရောက်ချင်း မူလတန်းပြ ဆရာမ အလုပ်ကို ရသည်။ ဖခင်မှာမူ B.D.F. (Burmese Defence Force) ခေါ် ပြည်သူ့ ဝန်ထမ်း တပ်ဘောလုံးအသင်းတွင် ဝန်ထမ်းဘဝဖြင့် ဘောလုံး ကစားရသည်။ နောက်ပိုင်းတွင်မူ (S.A.M.B.) State Agriculture and Marketing Board ကောက်ပဲသီးနှံ အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သည်။

၁၉၅၂ ခုနှစ်၌ပင် ဟင်္သာတမြို့ ဈေးကြီးရပ်ကွက်၌ ဖွင့်လှစ်သော ဒေါ်ဥမယ် မူလတန်းကျောင်းတွင် ဒုတိယတန်းကို တက်ရောက်သင်ကြား ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မူလတန်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အောင်မြင်ခဲ့သည်။ ကျောင်းအုပ် ဆရာမကြီးဒေါ်ဥမယ် ဆုံးပါးသွားသဖြင့် ဆရာမကြီး ဒေါ်ဗီရာကပင် ဆက်လက်ပြီး ကျောင်းအုပ်ဆရာမအဖြစ်ဖြင့် ဆက် လက် တာဝန်ယူပြီး၊ မူလတန်းမှ အလယ်တန်းအဆင့်အထိ တိုးမြှင့်လိုက်ပြီး "ဒေါ်ဗွီ အလယ်တန်း ကျောင်း" ဟု ခေါ်ဝေါ်ခဲ့သည်။ ဒေါ်ဗွီကျောင်းတွင် ၁၉၅၇ ခုနှစ်၌ အလယ်တန်းကို အောင် မြင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် အစိုးရ အမှတ်(၂) အထက်တန်း ကျောင်း၌ ပညာ ဆက်လက် သင်ယူခဲ့ရာ၊ ၁၉၅၉ခုနှစ်တွင် "အထက်တန်းကျောင်းထွက် လက်မှတ်ရ" အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ တက္ကသိုလ်တက်ရောက်ရန် ဘာသာရပ် တခု်ကို ဆက်လက် ဖြေဆို ရမည် ဖြစ်သည်။ တက္ကသိုလ်တက်ခွင့် မရသေး၍ အစိုးရဌာန တခုဖြစ်သော ကြေးနန်း ပစ္စည်းသိုလှောင်ရေးဌာနတွင် အောက်တန်းစာရေး အဖြစ်ဖြင့် ဝင်ရောက် လုပ်ကိုင်ခဲ့ သည်။ ညပိုင်းတွင် အလုံ မစ်ရှင်လမ်း၌ ဖွင့်လှစ်သော အလွတ်ပညာသင်ကျောင်းတွင် ညပိုင်း တက်ရောက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ အောင်မြင် ခဲ့ပြီး၊ ၁၉၆၂-၆၇ ခုနှစ်တွင် ရန်ကုန်မြို့ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဘွဲ့ယူခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့ စစ်တပ်မှ အာဏာသိမ်းသည့် အပေါ် တက္ကသိုလ် ကျောင်းသားထု တရပ်လုံးမှ ဆန့်ကျင်သော လှုပ်ရှားမှုများကို ထောက်ခံ အားပေးခဲ့သည်။ ၁၉၆၂ ခုနှစ် ဇူလိုင်လ (၇)ရက်နေ့တွင် တက္ကသိုလ် ကျောင်းသားများ ဆန္ဒပြပွဲအား စစ်တပ် မှ ပစ်ခတ် နှိမ်နင်း၍ တက္ကသိုလ်ကျောင်းကို ပိတ်ခဲ့ပြီး စက်တင်္ဘာလလောက်တွင်မှ ပြန်လည် ဖွင့်လှစ်ခဲ့သည်။ ကျောင်းများ ပြန်လည် ဖွင့်လှစ်သောအခါ စစ်အာဏာရှင် ဆန့်ကျင်ရေး၊ နိုင်ငံရေး အမျိုးသားရေး လှုပ်ရှားမှုများတွင် အခွင့်သာလျှင် သာသလို ပါဝင်ရန် ဆုံးဖြတ်ပြီး ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

၁၉၆၂-၆၃ ခုနှစ် ဥပစာ (က)တန်းတွင် တက္ကသိုလ် ကရင်ကျောင်းသားများ အသင်းတွင် မြစ်ဝကျွန်းပေါ်မှ စ'အောင်ကျော်လွင်၊ စ'ဝင်းသိန်း၊ စောဟန်ထွန်း (သမိန်ထွန်း)၊ စောထူး၊ စ'ရွှေမောင်၊ (ညောင်ဦ အထက်တန်းကျောင်း) စတီဗင်ညော၊ စ'လွန်းရွှေ၊ စောဂျေရုံ (ဟင်္သာတ)၊ စောရှုဖတ်စ်ကြီး (တောင်ငူ)၊ ဘားအံမှ သာမြတ် အောင်၊ စောလွန်းရှိန်၊ တောင်ငူမှ စောနေဝေထူး၊ ရော့ဒရစ်လူး လူ၊ စောမိုးဇက် စသော ကရင် ကျောင်းသားများနှင့်အတူ ပါဝင်ခဲ့သည်။

၁၉၆၄ ခုနှစ် တက္ကသိုလ်လူမျိုးစု ကျောင်း သားတပ်ဦးတွင် ကရင်တက္ကသိုလ် ကျောင်းသား အသင်းကို ကိုယ်စားပြုပြီး ကိုယ်စားလှယ် စေလွှတ်ရာတွင် စ'ဝင်းသိန်းနှင့်အတူ တက်ရောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခဲ့သည်။ လူမျိုးစု ကျောင်းသား တပ်ဦး တွင် ပအိုဝ်း ကိုယ်စားလှယ် ခွန်သက်လွင်၊ ချင်း ကိုယ်စားလှယ် ဆလိုင်းဘစိန်၊ ကချင် ကိုယ်စားလှယ် ဂျိုးဇက်နော်တင်တို့ နှင့်အတူ ပါဝင်ခဲ့သည်။ ဥက္ကဋ္ဌမှာ ရခိုင်မှ ကိုသာဒိုး ဖြစ်သည်။ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုများကို ကူညီ ခဲ့ရသည်။ ကရင် ကျောင်းသားများ အဖွဲ့တွင် ပါဝင်သော်လည်း ဝိုင်းဝန်းအကြံပြု ကူညီ ကြသူများမှာ စ'ချစ်ဆွေ (မန်းရှာ လားဖန်း) (နောင် ကေအဲန်ယူပါတီဝင်)၊ စောရန်နယ် Saw Runner (ခေါ်) စောဘမိုး (နောင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်)၊ စောထွန်းရောင် စသည့် ပုဂ္ဂိုလ်များ လည်း ပါဝင်ခဲ့သည်။

၁၉၆၃ ခုနှစ် အလုံ ကသစ်လမ်း၌ ကျင်းပသော ကရင်အမျိုးသား အဖွဲ့ချုပ် ခေါင်းဆောင်ဖြစ်သော မန်းမြသီးနှင့် ဗမာပြည် ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များ၏ နိုင်ငံရေးရှင်းလင်းပွဲတွင် တက္ကသိုလ်မှ ကရင်ကျောင်းသား တခ့ျိုနှင့်အတူ တက်ရောက် လေ့လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကရင်ကျောင်းသား အသင်းမှ မန်းအောင်ကျော်လွင်၊ စ'ရွဲမောင်၊ စ'ဝင်းသိန်း တို့နှင့်အတူ တက်ရောက်ခဲ့သည်။ ဗကပ မှ ရဲဘော်ဌေး၊ ဗိုလ်ဇေယျ၊ ရဲဘော်အောင်ကြီး၊ ဗိုလ်ပုနှင့် ဘခက်တို့မှ တက်ရောက်ပြီး တွေ့ဆုံဆွေးနွေးရေး အခြေ အနေများကို ရှင်းပြခဲ့သည်။ ၁၉၆၃ ခုနှစ်နေဝင်း စစ်အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးရေးကာလ လူမျိုးပေါင်းစုံ ကော်မတီနှင့် ပြည်သူ့ကော်မတီကို ဖွဲ့စည်းပြီး၊ ငြိမ်းချမ်းရေး လှုပ်ရှားမှုများ ပေါ်ပေါက် ခဲ့ရာ လူမျိုးစုံ ကော်မတီမှ ပါဝင်ခဲ့သော မန်းဒါဝိတ်ကို ကူညီခဲ့သည်။ ၁၉၆၄ ခုနှစ်၊ (၆)ခရိုင် ဆန္ဒပြပွဲတွင် မြောက်ဥက္ကလာပမှ ကရင်အမျိုးသားများနှင့်အတူ သမိုင်းလမ်းဆုံ၊ အင်းစိန်မှ ချီတက်လာသော လူထုစစ်ကြောင်းနှင့် ပူးပေါင်းလိုက်ပြီး မြို့တော်ခန်းမ သို့ ချီတက် ဆန္ဒ ပြခဲ့သည်။ ၁၉၆၈-၇၂ ခုနှစ်တွင် မြောက်ဥက္ကလာပ အထက(၃)နှင့် အလက(၇) တို့တွင် အလယ်တန်းပြ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ပြီးနောက်၊ ၁၉၇၅ ခုနှစ်တွင် တောခို ခဲ့သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ဖာပွန်ခရိုင်၊ ဒူးဒါးဂေး ကျေးရွာတွင် ကျင်းပသော (၈)ကြိမ်မြောက် ပါတီကွန်ဂရက်ကို တက်ရောက်ပြီး ကေအဲန်ယူပါတီကို ဖျက်သိမ်းသောအခါ ပါတီဝင် အားလုံးသည် ကေအဲန်ယူ အစည်းအရုံးသို့ ပါဝင် ပူးပေါင်း လိုက်ကြသည်။

၁၉၅၇ ခုနှစ်၌ပင် ပြန်လည်ဖွဲ့စည်းခဲ့သော ကေအဲန်ယူ အုပ်ချုပ်ရေး အသစ်တွင် ဗိုလ်ချုပ်မြမောင်၏ သတ္တုတွင်းဌာနတွင် တာဝန်ပေးခြင်း ခံရသည်။ ကျန်သော ပါတီဝင်များမှာ တပ်မဟာ(၇)၊ တပ်မဟာ(၃)၊ တပ်မဟာ(၄) တို့သို့ အသီးသီး တာဝန်များ ပေးအပ်ခြင်း ခံရလေ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ကျန်သော တိုက်ခိုက်ရေး ရဲဘော်များအတွက် တပ်ရင်း (၁၄)ကို ဖွဲ့စည်းပေး ခဲ့ပြီး အဆင့်ဆင့် တာဝန်များ ပေးအပ်ခဲ့ လေသည်။

၁၉၆၇ ခုနှစ်တွင် တပ်မဟာ(၇)နယ်မြေ နိုရိုးသတ္တုတွင်း (ထီးပယ်နိုရီ)တွင် (၂)နှစ်ကျော် ရုံး စာရင်းများကို ကူညီ လုပ်ကိုင်ပေးခဲ့ရပြီး၊ ၁၉၇၉ ခုနှစ်တွင် တပ်မဟာ(၆)ရှိ သပြုမိုင်းဟုခေါ်သော ခနောက်စိမ်း တူးဖော်ရေး လုပ်ငန်းတွင် ဒုတိယ မန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၄ ခုနှစ်တွင် ဒူးပလာယာခရိုင် ခရိုင်-စည်းရုံးရေး ကော်မတီ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရပြီး၊ အခြေခံဒေသ၊ ဝင်းရေး မြို့နယ်များသို့ လှည့်လည်ပြီး ကေအဲန်ယူ အစည်းအရုံး တည်ဆောက်ရေး၊ အမျိုးသား ပညာရေး ကျောင်းများ ဖွင့်လှစ် ခြင်း လုပ်ငန်းများကို ကူညီခဲ့သည်။

၁၉၈၅-၈၆ ခုနှစ်တွင် တောင်ပေါက်(၂၄)ရွာ ဝင်းရေး၊ ကြာအင်း မြို့နယ်များ အတွင်း မွန်-ကရင် ပြဿနာများ၊ နှစ်ဖက် နယ်မြေကိစ္စများ အငြင်းပွားမှုများအတွက် ပြုလုပ်ခဲ့သော ခရိုင် အဆင့် အစည်းအဝေးများတွင် မှတ်တမ်းများကို ရေးသားရန် တာဝန် ပေးအပ်ခြင်းခံရသည်။ ၁၉၈၇ ခုနှစ်တွင် ဘုရားသုံးဆူ ဒေသကို ခရိုင် အုပ်ချုပ်ရေး အဆင့်သို့ တိုးမြှင့် ခဲ့ရာတွင် ဘုရားသုံးဆူခရိုင် အုပ်ချုပ်ရေး ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်း ခံရသည်။ ခရိုင်ကော်မတီဝင် ပဒိုမော်တော်၊ တပ်မဟာ ဌာနချုပ်မှ ဗိုလ်မှူးဆာမိ၊ ကရင်အမျိုးသား ကာကွယ်ရေး K.N.D.O. တပ်ရင်းမှူး ဗိုလ်မှူးထောဂေ စသော ပုဂ္ဂိုလ်များနှင့်အတူ တာဝန်ယူခဲ့ရသည်။ ဘုရားသုံးဆူကျေးရွာ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး ကိစ္စများကို ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည် ဖော်ခဲ့သည်။

၁၉၈၈ ခုနှစ် မွန်ပြည်သစ်ပါတီနှင့် ကေအဲန်ယူတို့ လက်နက်ကိုင် ပဋိပက္ခ ပေါ်ပေါက်ခဲ့သဖြင့် ခရိုင် အုပ်ချုပ်ရေး ကော်မတီလည်း ရပ်ဆိုင်းသွားခဲ့ပြီး ဘုရားသုံးဆူ ဒေသကို ကေအဲန်ယူ ဗဟိုဌာနချုပ်မှ တိုက်ရိုက် ကွပ်ကဲအုပ်ချုပ်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခသည် ၁၉၈၈ ခုနှစ် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့ပြီး နှစ်ဖက် အထိအခိုက် အကျ အဆုံး အများအပြားရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုမှ ကိုယ်စားလှယ်များ လာရောက် ဖြန်ဖြေပြီး နှစ်ဖက် ကျေအေး ခဲ့ကြသည်။

ထို့နောက် ၁၉၈၉-၉၀ ဘုရားသုံးဆူမြို့ကို မွန်-ကရင် ပူးတွဲ အုပ်ချုပ်ရေး အတွက် နှစ်ဖက် ကိုယ်စားလှယ်များ ပါဝင်ပြီး ဖွဲ့စည်းခဲ့ရာ မွန်-ကရင် ပူးတွဲ အုပ်ချုပ်ရေးတွင် ဒေသအဖွဲ့

ခေါင်းဆောင်အဖြစ် တာဝန်ပေး ခန့်အပ်ခြင်း ခံရသည်။ မွန်ပြည်သစ်ပါတီမှ အဖွဲ့ ခေါင်းဆောင် နိုင်ထွန်းအောင် နှင့် ပူးတွဲပြီး လူထု အုပ်ချုပ်ရေး တာဝန်များကို ထမ်း ဆောင်ခဲ့ သည်။ ခရိုင် အုပ်ချုပ်ရေးအဆင့်တွင် မန်းအောင်တင်မြင့် (ဒုဗိုလ်) နှင့် ဗိုလ်မှူး ထူးထူးလေးတို့ ပါဝင်ခဲ့သည်။

၁၉၉၀-၉၁ ခုနှစ်တွင် ဘုရားသုံးဆူဒေသအား ရန်သူမှ ထိုးစစ်ဆင်သဖြင့် ဒေသတခုလုံးရှိ ပြည်သူများ ထိုင်းနိုင်ငံထဲသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ဒုက္ခသည်များ နေရာချထားရေး စခန်း များ တည်ဆောက်ရေး ကိစ္စများကို ကေအဲန်ဒီအို အဖွဲ့မှ ဗိုလ်မှူးမန်းလင်းသွယ်၊ ဗိုလ်ကြီးမန်း ကျော်ဖေ၊ ဗိုလ်တင်ဝင်းနှင့် ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့မှ ပုဂ္ဂိုလ်များနှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြောင်းရွှေ့ပြီး လွတ်လပ်သော ကရင့်သမိုင်း သုတေသနအဖွဲ့ Independent Karen Historical Research Assosiation (I.K.H.R.A.)ကို ဖွဲ့စည်း တည်ထောင်ကာ စာပေလုပ်ငန်းများကို လုပ်ကိုင် ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကေအဲန် ယူသည် ဗဟို ဌာနချုပ်ဖြစ်သော မာနယ်ပလောကို စွန့်ခွာခဲ့ပြီး နောက်ပိုင်းတွင် လွတ်လပ် သော ကရင့်သမိုင်း သုတေသနရုံးအား ထိုင်းနိုင်ငံ ကန်ချနဘူရီ သို့ ပြောင်းရွှေ့ခဲ့ရသည်။ စာစောင်များ ထုတ်ဝေရေး ရုံးဖွင့်လှစ်နိုင်ရေးအပြင် မြန်မာ့ အရေးအား ကူညီ ပံ့ပိုးသူများ ရှိ လာသဖြင့် ခွန်ခမ်းကို့ ဦးဆောင်သော ပအိုဝ်း သုတေသန အဖွဲ့နှင့် ဗိုလ်မှူး ခိုင်ရဲလင်းအောင် ဦးစီးသော ရခိုင်သုတေသနအဖွဲ့များနှင့် ပူးပေါင်းလျက် သမိုင်းသစ် စာစောင်များကို မြန်မာ၊ ရခိုင်၊ ပအိုဝ်း၊ ကရင်ဘာသာတို့ဖြင့် ထုတ်ဝေခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ကရင်သွေးစည်းခိုင်မာရေးအဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင် ပတ်သက်ခဲ့ သဖြင့်၊ အကူအညီများ ဖြတ်တောက်ခြင်း ခံခဲ့ရပြီး သုတေသနအဖွဲ့၏ စာစောင် ထုတ်ဝေ ရေးမှာ လည်း ရပ်ဆိုင်းခဲ့ရသည်။ ဆက်လက်၍ စာစောင်ထုတ်ဝေရေးအပြင် လက်နက်ကိုင် အဖွဲ့ အစည်းတို့နှင့် ပတ်သက်၍ မှတ်သားစရာ အမျိုးသား နိုင်ငံရေး အသိပညာ တိုးပွားရေး အတွက် ဆက်လက် လှုပ်ရှားမှုများကိုမူ စဉ်ဆက် မပြတ် ပြုခဲ့သည်။

သက္ကရာဇ် ၂၀၀၀ ဇူလိုင်လတွင် နယူးဇီလန်နိုင်ငံ၌ အခြေချ နေထိုင်ခွင့် ရရှိခဲ့ပြီး၊ ဇနီးသည် နော်မေရီထူး၊ သားသမီးများဖြစ်ကြသော စောဌေးဦး၊ နော်ယဉ်ဌေး၊ နော်မိကစ်၊ စောကပေါ၊ စောထူးဖိုး တို့နှင့် အတူ အော်ကလန်မြို့တွင် အခြေချ နေထိုင်လျက်ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မန်းအောင်ဌေး နှင့် ရခိုင် အဖွဲ့ဝင်များ

ဆရာထီးခူ၊ ကိုသက်စိုးလွင်၊ ဖိုးခွားကြီး၊ စောမောထူး၊
မတူး၊ စ'ဝမ်းသာ။
(သမိုင်းဌာန အဖွဲ့ဝင်များ ၁၉၉၄)

လွတ်လပ်သော ကရင့်သမိုင်း သုတေသန ဌာန
Independent Karen Historical Research Association.
(I.K.H.R.A.)

မာတိကာ အပိုင်း(၃)

၁။ ဗိုလ်ရွှေဆိုင်း၏ နိုင်ငံရေး ဖြတ်သန်းမှု အကျဉ်း ၃ 259

၂။ ဗိုလ်ကျော့၏ နိုင်ငံရေး ဖြတ်သန်းမှု ၃၁ 287
- ကရင့်တော်လှန်ရေးဒုတိယလမ်းစဉ်နှင့်
ဗိုလ်မှူးစောတူးဂေါ် ၃၁ 287
- ဂျပန်ခေတ် သတင်းဆိုး ၃၄ 290
- ထုံးကြီးရွာ ဆုတောင်းပွဲ ၃၅ 291
- အဖိုး၏ သတိပေးချက် ၃၆ 292

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

- ဂျပန်ခေတ် ကရင့်ဘဝ ၃၆ 292
- ဂျပန်စခန်းဟောင်းမှ လက်နက်များ ၃၈ 294
- ထုံးကြီးရွာနှင့် ပြည်လုံးကျွတ် ဆန္ဒပြပွဲကြီ ၃၉ 295
- ဆန္ဒပြ ချီတက်တောင်းဆိုမှုများ ၄၁ 297
- ဖ-ဆ-ပ-လ ၏ တုန့်ပြန်မှု ၄၂ 298
- တော်လှန်ရေးအတွက် မိခင်၏ ခွင့်ပြုချက် ၄၄ 300
- ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ် သဘောတရား ၄၄ 300
- တော်လှန်ရေးသမားတဦး၏ ပြင်ဆင်မှု ၄၆ 302
- ပြည်တွင်းစစ်ကို မည်သူဖန်တီးသလဲ ၄၈ 304
- ဒုတိယ ကမ္ဘာစစ် ပြီးဆုံးချိန်ကာလ ၄၉ 305
- ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ခုနှစ် ၅၆ 312
- တော်လှန်ရေးအတွင်းမှ သင်ခန်းစာများ ၆၆ 322
- ၁၉၅၁ မှ ၁၉၆၂ ခုနှစ်အထိ အခြေအနေ ၈၄ 340
- ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်နှင့်
ပါတီတွင်း ပဋိပက္ခများ ၉၂ 348
- တပ်ပေါင်းစု သဘောထား ၉၃ 349
- ကဆော၀ါး ကွန်ဂရက် ၉၄ 350
- တပ်နေရာ ချထားရေး ၉၉ 355
- K.N.U.Party နှင့် ဦးနေ၀င်းခေါင်းဆောင်သော
(မဆလ) အုပ်စုအပေါ် လူတန်းစား သတ်မှတ်ခြင်း ၁၀၃ 359
- ဗိုလ်မြက ပါတီကို ကျောခိုင်းပြီ ၁၀၅ 361
- ဗိုလ်မြနှင့် အဖွဲ့အစည်းသစ် ၁၀၆ 362
- တပ်မဟာ(၃)၏ ရပ်တည်ချက် ၁၀၇ 363
- ဗိုလ်ဂျော့မှ ပြန်လည် ဦးဆောင်ချက် ၁၀၈ 364
- တပ်ပေါင်းစု အစည်းအဝေး ၁၁၁ 367
- ကျူးကျော်စစ်နှင့် ရင်ဆိုင်ရန် တိုက်ပွဲစဉ် ၁၁၆ 372

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ရွှေဆိုင်း၏ ကိုယ်ရေးအကျဉ်း

အဖစောတောဘူးနှင့် အမိ နော်မိဘူးတို့မှ ၁၉၂၇ ခုနှစ်၊ ဇွန်လ (၁၆)ရက် နေ့တွင် မွေးဖွားခဲ့သော စတုတ္ထမြောက် သားဖြစ်ပြီး ငယ်စဉ်ကပင် သူ့ကို စောရွှေဆိုင်း ဟု အမည် ပေးခဲ့သည်။ အစ်ကိုကြီး စောကိုတိုးဟဲ (ကွယ်လွန်)၊ အစ်ကိုလတ်စောရွှေး (ကွယ်လွန်)၊ အစ်ကိုလေး စောရွှေကား (ကွယ်လွန်)၊ စောရွှေဆိုင်း၊ ညီမကြီး နော်သူနှင့် ညီထွေး စောရှွေကားဖော တို့ဖြစ်ပြီး မိသားစုဝင် အားလုံးမှာ နှစ်ခြင်းခရစ်ယာန်ကို ယုံကြည် ကိုး ကွယ် သူများ ဖြစ်ကြသည်။

ဗိုလ်ချုပ် ရွှေဆိုင်းတွင် (၁) နော်လားမူးတြော်ဆိုင်း၊ (၂) စောလောအယ်ဆိုင်း၊ (၃) နော ဃီးလားဆိုင်း၊ (၄) စောဆာ့စေးဆိုင်း၊ (၅) စောဆာထူးဆိုင်းဟူ၍ ကြီးစဉ် ငယ် လိုက် သားသမီး (၅)ဦး ရှိသည်။

ပညာရေးနှင့် တော်လှန်ရေးမလုပ်မီ အလုပ်အကိုင်များ

စောရွှေဆိုင်း မွေးဖွားကြီးပြင်းခဲ့သည့်အချိန်သည် အင်္ဂလိပ် ကိုလိုနီ ခေတ်ဖြစ်ပြီး ဖာပွန်တွင် အလယ်တန်းကျောင်း တကျောင်းသာ ရှိသေးသည်။ ငွေကြေး ချောင်လည် သော သားသမီးများသာ ကျောင်းထားနိုင်ကြပြီး ၎င်းတို့ မိသားစုကဲ့သို့သော ဆင်းရဲနွမ်း ပါးကာ တောင်ယာအလုပ်ဖြင့် အသက်မွေးကြရသော မိသားစုအနေဖြင့် သား သမီးများကို ကျောင်း မထားနိုင်။ ထို့ကြောင့် ကျောင်း မတက်ခဲ့ရ။

အသက် (၁၀)နှစ်ကျော်အရွယ်၌ ရွာရှိ ဘုန်းတော်ကြီး ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား သွားရောက်နေထိုင်ကာ စာပေသင်ကြားခဲ့ရသည်။ ဘုန်းတော်ကြီးမှာ မူလ တန်း ကျောင်းအုပ်ဖြစ်သဖြင့် ကျောင်းစာကို ကောင်းစွာ သင်ကြားခဲ့ရသည်။ ကျောင်းတက် နေစဉ် အချိန် R.C.L. ဘုန်းကြီးနက်သည် သူတို့ အိမ်နှင့်မနီးမဝေးတွင် ကျောင်းတဆောင် ဆောက်ကာ ကရင်စာနှင့် မြန်မာစာကို သင်ကြားပေး၏။ စောရွှေဆိုင်းက R.C.L. ကျောင်းတွင် ပညာသင်ကြား လိုသော ကြောင့် ဖခင်ဖြစ်သူအား ကျောင်းပြောင်းခိုင်းသဖြင့် ဖခင်က R.C.L. ဘုန်းတော် ကြီးနှင့် သွားရောက် ဆွေးနွေးရာတွင် R.C.L. ဘုန်းတော်ကြီးမှ လက်ခံသဖြင့် လက်ရှိပညာသင်နေဆဲ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးထံ သွားရောက် ခွင့်ပန် သည်။ ဘုန်းတော် ကြီးကလည်း ခွင့်ပြုချက်ပေးကာ ကျောင်းထွက်လက်မှတ် ထုတ်ပေး သဖြင့်၊ R.C.L. ကျောင်းသို့ ပြောင်းရွှေ့သင်ကြားခွင့်ရခဲ့သည်။ ထိုကျောင်းသို့ ပြောင်းသည့် နှစ်တွင် စော ရွှေဆိုင်းသည် တတိယတန်းကို အောင်မြင်ခဲ့သည်။

အချိန်မှာ ၁၉၄၂ ခုနှစ်ဖြစ်သဖြင့် ဒုတိယ ကမ္ဘာစစ်မီးသည် ဗမာပြည်သို့ ရောက်ကာ နီးလာပြီ ဖြစ်သည်။ ထို့ကြောင့် အစိုးရ အုပ်ချုပ်ရေးလုပ်ငန်းများ မတည် မငြိမ်ဖြစ်ကာ ၁၉၄၂ ခုနှစ်၊ ဒီဇင်္ဘာလထဲတွင် စာသင်နှစ် မကုန်ဘဲ ကျောင်းများ ပိတ်ခဲ့ ရသဖြင့် စော ရွှေဆိုင်း၏ ပညာရေးမှာ (၃)တန်းအောင်၊ (၄)တန်း တက်ဖြင့်ပင် ပညာရေးမှာ ရပ်တန့်ခဲ့ရ သည်။

ဒုတိယ ကမ္ဘာစစ်မီးကြီး ငြိမ်းသွားပြီးနောက် စောရွှေဆိုင်း တယောက် ကျောင်း ဆက် တက်လိုသော်လည်း ငွေကြေးမပြည့်စုံသဖြင့် အလုပ်ရှာဖွေခဲ့သည်။ သို့သော်လည်း အလုပ်မ ဖြစ်။ သို့ရာတွင် စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် အလုပ်လုပ်နိုင်သည့် အရွယ်သို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရောက်ပြီဖြစ်သဖြင့် ၁၉၄၆ ခုနှစ်တွင် ရဲတပ်ဖွဲ့ထဲသို့ ရဲတပ်သားအဖြစ် စတင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၄၈ ခုနှစ် ဗမာပြည် လွတ်လပ်ရေးရသောအခါ၊ ဖ ဆ ပ လ အစိုးရသည် U.M.P. (Union Military Police) စစ်ရဲ တပ်ဖွဲ့ကို ဖွဲ့စည်းရာ၊ စောရွှေဆိုင်း တယောက် U.M.P. ထဲသို့ ရောက်ရှိပြီး၊ ဖာပွန်ရှိ ယူအမ်ပီ တပ်ရင်း(၅)၊ တပ်ခွဲ(၅)တွင် တပ်သား တယောက် ဖြစ်လာသည်။ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် တပ်ကြပ် စောကွားဖော ဦးဆောင်သော (၁၇)ယောက် အဖွဲ့သည် ဖာပွန်မှ ကဒိုင်တိသို့ ထွက်လာ ကာ K.N.D.O. တပ်မှ ဗိုလ်စောထူးကဲ နှင့် တွေ့ဆုံရာသို့ စောရွှေဆိုင်းတယောက်လည်း ပါဝင်ခဲ့သည်။

စောထူးကဲသည် ကိုလိုနီခေတ်၌ အင်္ဂလိပ်အစိုးရ သစ်တောဌာနတွင် နယ်စီး တောအုပ်လုပ်ခဲ့သူ ဖြစ်သည်။ ၎င်းတို့ (၁၇)ယောက် အဖွဲ့သည် စောထူးကဲ နှင့်တွေ့ဆုံပြီး နောက် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် U.M.P. ယူနီဖောင်းကို ချွတ်ကာ၊ K.N.D.O. ယူနီဖောင်း ကို စတင်ဝတ်ဆင်ခဲ့ကြသည်။

တော်လှန်ရေးတပ်သား ဖြစ်ခဲ့ရခြင်းနှင့်
တော်လှန်ရေးတာဝန်ထမ်းဆောင်ခြင်း

စောရွှေဆိုင်းကို တော်လှန်ရေးတာဝန်ထမ်းရန် တွန်းပို့သော အချက် နှစ်ချက် ရှိသည်ဟုဆိုသည်။

ပထမ အကြောင်း

ပထမ တချက်မှာ ဘိုးဘွား မိဘများက ငယ်စဉ်ကတည်းကပင် ကရင့် ဘဝ ကရင့် ဓလေ့ ကရင့် သမိုင်းကြောင်းများကို ညစဉ်ညတိုင်း အိပ်ရာဝင် ပုံပြင်သဖွယ် ပြောပြခဲ့ခြင်း ကြောင့်ဖြစ်သည်။

မြန်မာမင်း၊ မွန်မင်းများလက်ထက်တွင် ကရင်လူမျိုးတို့ကို အပြစ်မရှိဘဲ ဖမ်းဆီး ကာ ကျွန်များသဖွယ် အခိုင်းခံကြသည်။ ခိုင်းစေရာတွင် စိတ်တိုင်းမကျပါက ရိုက်နှက် ကန်ကျောက် ညှဉ်းဆဲကြသည်။ စိတ်မထင်လျှင် မထင်သလို သတ်လိုကလည်း သတ်ပစ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တတ်ကြသေးသည်။ ဆူးပါသော ကြာပွတ်များဖြင့် ရိုက်နှက်ရာ ဆူးများသည် အသားထဲ၌ စူး ဝင်ကျိုးကျန်ခဲ့လျှင် အနာမှ ပြည်တည်ကာ အရည်ပြားအပေါ်တွင် အနာကြီးများ ဖြစ်လာ တတ်သည်။ အခ့ျုိမှာ မြင်းများ အကန်ခံရသကဲ့သို့ပင် ခြေများ၊ နံရိုးများ ကျိုးကြေ ရပြီး ဒုက္ခိတဘဝသို့ ရောက်ကြရသည်။ အခ့ျုိမှာ နှိပ်စက်မှုများကြောင့် သေဆုံးခဲ့ ကြရသည်။

တနည်းအားဖြင့် ကရင်အမျိုးသားများသည် ပြစ်မှုတစုံတရာ မကျူးလွန် ကြရဘဲ သေဒဏ် အပြစ်ပေး ခံကြရသည်။ သား သမီးများမှာ ဖတဆိုးများ ဖြစ်ခဲ့ကြရပြီး၊ မယား များမှာမူ မုဆိုးမ ဘဝသို့ ရောက်ခဲ့ကြ ရသည်။ မြန်မာမင်း၊ မွန်မင်း များ၏ လက်အောက်ခံ စစ်သားများ၏ အနိုင်ကျင့် စော်ကားမှု အမျိုးမျိုးကို ခံခဲ့ ကြရသည်။ အဆိုးဆုံးမှာ မုဒိမ်း ကျင့် ခံကြရခြင်းပင်ဖြစ်ပြီး အခ့ျုိသော ကရင် အမျိုးသမီးများမှာ မြန်မာမင်း မွန်မင်းတို့ စစ်သား များ၏ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်းကို ခံခဲ့ကြရသောကြောင့် မချိမဆန့် နာကျင်မှုဒုက္ခကို ခံစားကြရပြီး သေဆုံး ခဲ့ကြရသည်။

ထိုသို့ အနိုင်ကျင့် နှိပ်စက် ညှဉ်းပန်း ခံခဲ့ကြရသော ကရင်လူမျိုးတို့ အကြောင်း သူ့ ခေါင်းထဲသို့ ဝင်လာသောအခါတိုင်း အနိုင်ကျင့် စော်ကား ညှဉ်းဆဲမှုကို ခုခံ တွန်းလှန် ခြင်း မ ပြုပါက အပြစ်မဲ့သော ကျနော်တို့ ကရင် လူမျိုးများသည် ရှေးယခင်က ကဲ့သို့ပင် အနိုင်ကျင့် နှိပ်စက် ညှဉ်းပန်းမှုများကို ခံကြရပေဦးမည်၊ ထို့ထက် ညှဉ်းပန်း နှိပ်စက်ခံကြ ရပြီး နောက်ဆုံး ကရင်တမျိုးလုံး မျိုးပြုတ်ကာ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားနိုင်သည်ဟု စိုးရိမ် ပူပန်ခြင်းကြောင့် တော်လှန်ရေးထဲသို့ ရောက်ခဲ့ရခြင်းဖြစ်သည်မှာ ပထမ အကြောင်း ပင်။

ဒုတိယ အကြောင်း

၁၉၄၃ ခုနှစ်၊ (လ ကိုမူ သူမမှတ်မိတော့) နွေရာသီတွင် B.I.A. တပ်ရင်း တရင်း သည် ဖာပွန်မြို့ထဲသို့ ဝင်လာသည်။ B.I.A. တပ်ရင်းမှူးမှာ ဗိုလ်ဉာဏ ဖြစ်သည်။ နောက်တယောက် မှာမူ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှဖြစ်သည်။ B.I.A. တပ်သည် အင်္ဂလိပ်အစိုးရ၏ အမှုထမ်းဟောင်း ကရင်များဖြစ်သော ကျောင်းဆရာ ဆရာမများ သစ်တော ဝန်ထမ်းများ ရဲဝန်ထမ်းများ စစ်သားများကို လိုက်လံ ဖမ်းဆီး ချုပ် နှောင်ထား ကြ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထို့နောက် ကရင်အမျိုးသမီး အရွယ်ကောင်းများ၊ ပျိုပျိုအိုအို ကလေး နှစ်ယောက်၊ သုံးယောက် မိခင်များ ပါမကျန် ဖမ်းဆီးခေါ်ဆောင်ကာ ယခင်က အင်္ဂလိပ်အစိုးရ ဝန်ထမ်းများ နေထိုင်ခဲ့ကြသော ဝန်ထမ်းအိမ်ရာ တန်းလျားရှည်များတွင် ချုပ်နှောင်ထား လေသည်။ ထိုတန်းလျားရှည်များအတွင်း အခန်းငယ်များအဖြစ် အကန့်လိုက် အကန့်လိုက် လုပ်ထားပြီး၊ ထိုအကန့်ခေါ် အခန်းငယ် တခန်းလျှင် ဝန်ထမ်း အိမ်ထောင်စု တစုစီကို ထားလေသည်။ ယခု အခါတွင် B.I.A. တပ်သည် ကရင်အမျိုးသမီးများကို တန်းလျားရှည် အခန်းတခန်းလျှင် နှစ်ယောက်စီ ထည့်ထားပြီး၊ တန်းလျား၏ ဟိုဘက် ဒီဘက် ထိပ်တွင် ဝင်ပေါက် နှင့်ထွက်ပေါက် တခုစီထားကာ တာဝန်ကျ စစ်ဗိုလ် စစ်သားများက ထွက်ပေါက် များကို အလှည့်ကျ စောင့်ကြပ် ထားသည်။

ဝင်ပေါက်စောင့် အရာရှိစစ်သားထံ ဝင်ခွင့်လက်မှတ်ပြနိုင်မှသာ ဝင်ခွင့် အမှတ် အသား ထုတ်ပေးပြီး ဝင်ခွင့်ရသည်။ ဝင်ခွင့်ရ မြန်မာစစ်သားများသည် အခန်းများကို လိုက်လံ ကြည့်ရှုကာ နှစ်သက်ရာအခန်းကို ရွေးချယ်ပြီး ဖမ်းဆီးခံ ထားရသော ကရင် အမျိုးသမီးများကို အကြမ်းဖက် အဓမ္မပြုခွင့် ရကြသည်။

တဲတွင်းဝင်ခွင့်အတွက် မြန်မာစစ်သားများသည် တရက်လျှင် (၂၄)နာရီ ဝင်ခွင့် ပေးထားပြီး ဝင်ရောက်ခွင့် အကြိမ်အရေအတွက်မှာလည်း အကန့် အသတ် မရှိသကဲ့သို့ပင် ဝင်ချင်သလောက် ဝင်ကာ အဓမ္မ ပြုချင်သ၍ ပြုနေခဲ့ကြသည်။ B.I.A. တပ်သားများ၏ အဓမ္မပြုကျင့်ခံကြရသော ကရင်အမျိုးသမီး (၁၀)ဦးကျော် သေဆုံးခဲ့ရသည်။ အခ့ျိုမှာမူ ကိုယ်အောက်ပိုင်းသေကာ လူပ်ရှားမှုပင် မပြုနိုင်ကြ တော့ဘဲ ဒုက္ခိတများပင် ဖြစ်ခဲ့ရသည်။

အထက်ပါ အဖြစ်အပျက်မှာ ရက်စွဲကို အတိအကျ မမှတ်မိတော့သော်လည်း ၁၉၄၃ ခု နှစ်တွင် ဖာပွန်စခန်း၌ အမှန်တကယ် ဖြစ်ခဲ့ကြောင်းကို ဗိုလ်ရွှေဆိုင်းက အမှတ်ရ နေဆဲ ဖြစ်သည်။

ဂျပန်တက်၍ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားစဉ်က ကရင်စစ်သား အများ အပြားမှာ အင်္ဂလိပ်စစ်တပ် နောက်သို့ လိုက်ပါသွားခဲ့ကြပြီး၊ တခ့ျိုမှာမူ ရွာများတွင် ကျန်ရစ် ခဲ့ကြလေသည်။ ကျန်ရစ်သော အင်္ဂလိပ်စစ်သားဟောင်းများက သူခိုး ဓါးပြရန်နှင့် မိမိကိုယ် မိမိ ကာကွယ်ရန် လက်နက်တခ့ျိုကို ပေးထားခဲ့သည်။ သို့သော်လည်း အရေအတွက် မများလှ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လူဦးရေမှာလည်း (၁၀၀)မျှပင်မရှိ။ ကရင်အမျိုးသား အင်္ဂလိပ် စစ်သားဟောင်း များသည် ကရင်လူကြီးများ၊ ကြံ့ခိုင် သန်မာသော ကရင်လူရွယ်များနှင့် စုဝေးကာ ဆွေးနွေး ခဲ့ကြသည်။

သို့ဖြင့် ငရဲခန်းဖွင့်ကာ ညှဉ်းဆဲခံနေကြရသော ကရင်အမျိုးသမီးများကို ကယ်တင်ရန် အင်္ဂလိပ် စစ်သားဟောင်းများက ဦးဆောင်ပြီး၊ ဖာပွန်ရှိ B.I.A. စခန်းသို့ ချီတက်ကြသည်။ အခ့ျုိက ရရာလက်နက်စွဲကိုင်လျက် လက်နက်မရှိ သူများကလည်း ရိက္ခာပစ္စည်းများကို ထမ်းပိုးပြီး လိုအပ်ပါက အကူအညီပေးရန် လိုက်ပါခဲ့ကြသည်။

ဖာပွန် B.I.A. စခန်းရှိ မြန်မာစစ်သားများကို တိုက်ခိုက် အနိုင်ယူပြီးနောက် တွေ့မြင်ရသော ကရင်အမျိုးသမီးများ၏ အခြေအနေမှာ လွန်စွာ ဆိုးရွားလှသည်။ (၁၀) ယောက်ကျော်မှာ သေဆုံးခဲ့ရပြီးဖြစ်ပြီး၊ အခ့ျုိမှာမူ ဦးခေါင်းသာ အနည်းငယ် လှုပ်နိုင် တော့သည့် အခြေအနေဖြစ်နေကြရသည်။ တခ့ျုိမှာ ကိုယ်တုံးလုံးဖြင့် လဲနေကြပြီး အခ့ျုိမှာမူ လမ်းပင်မလျှောက်နိုင်တော့သည့် အခြေ အနေဖြစ်နေသည်။ ထိုကြောင့် ထမ်းစဉ်များ ပြုလုပ်ပြီး သယ်သူက သယ်၊ ကုန်းပိုး သယ်သူက ပိုးဖြင့် ပြန်လည် ကယ်ထုတ် ခဲ့ရသည်။

သူငယ်စဉ်တွင် သူ့မိဘ ဘိုးဘွားများမှ မြန်မာများ မွန်များနှင့် မပေါင်းစေ လိုသဖြင့် မြန်မာမင်း မွန်မင်းတို့ လက်ထက်က အဓမ္မ အနိုင်ကျင့် စော်ကားမှု နှိပ်စက်မှု များကို ခြောက်လှန့် ပြောပြခဲ့သော အိပ်ရာဝင် ပုံပြင်များဖြစ်သည်ဟု မှတ်ထင်ခဲ့သော် လည်း ယခုကဲ့သို့ ကိုယ်တွေ့ကြုံလိုက်ရသော အခါတွင်မှ နာကျင် ခါးသီးစွာ လက်ခံ ခဲ့မိ သည်။

ယခု ၁၉၄၃ ခုနှစ်၊ ဖာပွန် (မုတ္တော်)တွင် ဖြစ်ခဲ့သော ဖြစ်ရပ်မှန်သည် ယခင်က ကြားဖူးခဲ့သော အဖြစ်အပျက်များနှင့် တထပ်တည်း ဖြစ်ခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းကြောင့် စောရွှေဆိုင်း၏ ဆုံးဖြတ်ချက်မှာ ပို၍ ခိုင်မာလာခဲ့သည်။

ကရင်လူမျိုးတို့သည် အဖိနှိပ်ခံဘဝမှ လွတ်မြောက်သော လူမျိုးတမျိုး ဖြစ်မလာ မချင်း ယခုကဲ့သို့ပင် မတော်မတရား ဖိနှိပ် ညှဉ်းဆဲမှုကို ဆွေစဉ် မျိုးဆက်အလိုက် အဖန်ဖန် တလဲလဲ ကြုံတွေ့ နေကြရဦးမည် ဖြစ်သကဲ့သို့ လူမျိုးပါ မျိုးတုန်း ပျောက်ကွယ် သွားနိုင်သည့်အခြေသို့ ဆိုက်ရောက်ရပေမည်။ ထိုအချက်မှာ စောရွှေဆိုင်း တယောက် တော်လှန်ရေးထဲသို့ ဝင်ရောက် လုပ်ဆောင်ရသည့် ဒုတိယ အချက်ပင်တည်း။

ပေးအပ်ခဲ့သော တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခြင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၄၈ ခုနှစ် အောက်တိုဘာလ (၂၃)ရက်နေ့တွင် စောရွှေဆိုင်း တယောက် K.N.D.O. တပ်ရင်း(၂)၊ တပ်ခွဲ(၂)တွင် တပ်သားတယောက် ဖြစ်လာပြီး၊ ဒုတပ်ကြပ် တာဝန်ကို စတင် ထမ်းခဲ့ရသည်။ ရက်ပိုင်းတွင်းမှာပင် သထုံသို့ ပြောင်းရွှေ့ တာဝန်ယူခဲ့ ရပြီးနောက် မုတ္တမ ဘက်သို့လည်း ပြောင်းရွှေ့ခဲ့ရသေးသည်။ သထုံတွင် ရက်သတ္တပတ် သုံးပတ်မျှ လုံခြုံရေး တာဝန် ယူပေးပြီးနောက်တွင် စောရွှေဆိုင်းကို တပ်စုမှူး အဖြစ် ရာထူးတိုးပေးခြင်းကို ခံခဲ့ရ သည်။ ထိုကာလအတွင်း သူသည် စောဘဦးကြီးကို တကြိမ် တွေ့ဆုံခွင့်ရခဲ့သည်။

စောဘဦးကြီးတို့ ကားနှစ်စီးဖြင့် ရောက်လာကြပြီး မော်လမြိုင်သို့ ခရီးဆက် ကြ သည်။ နောက် ရက်အနည်းငယ် ကြာသောအခါ စောဘဦးကြီးတို့ ရောက်လာသည့် သတင်း ကို ကြားသိရသည်။ သူသည် ဖဆပလ ခေါင်းဆောင်များ မွန် ခေါင်းဆောင်များ နှင့်တွေ့ဆုံ ဆွေးနွေးပြီး၊ မော်လမြိုင်ကို ဖဆပလ အစိုးရလက်သို့ ပြန်လည် ပေးအပ်ခဲ့ ကြောင်း ကြားရ ပြီး မကြာမီမှာပင် စောရွှေဆိုင်းတို့ တပ်ဖွဲ့သည်လည်း စစ်တောင်းသို့ ပြောင်းရပြန် လေသည်။

စစ်တောင်းတွင် ရက်အနည်းငယ်ကြာပြီးနောက် ကွင်းဆိပ်ရှိ P.V.O. (People's Volunteer Organization)ပြည်သူ့ ရဲဘော်တပ်ကို တိုက်ရန် အမိန့်ရသဖြင့်၊ သထုံ တပ်ရင်း အပါအဝင် တပ်ရင်း (၃)ရင်းဖြင့် ကွင်းဆိပ်ကို တိုက်ကြလေသည်။ ထိုတိုက်ပွဲတွင် စစ်ကြောင်းမှူး ကျဆုံးသွားသဖြင့် စောရွှေဆိုင်းမှာ တပ်ကြပ်ကြီးဘဝဖြင့် စစ်ကြောင်းကို ဦးဆောင် ခဲ့ရသည်။

နောက်ပိုင်း စောရွှေဆိုင်းတို့ တပ်ရင်း ကော့ကရိတ်မြို့သို့ ပြောင်းရွှေ့ ခဲ့ရ ပြန်သည်။ ထိုဒေသတွင် ဖြစ်နေသောတိုက်ပွဲအတွက် စစ်ကူသွားပြီး ကဆော၀ါး တပ်ရင်း (ယခု တပ်မဟာ(၆) တပ်ရင်းနှင့် ပူးပေါင်း တိုက်ခိုက်ရခြင်း) ဖြစ်သည်။ ထို့နောက် ကျိုက်မရောမြို့ ကိုလည်း သွားရောက် တိုက်ခိုက်ခဲ့ကြရသည်။ တိုက်ပွဲတွင် ထိခိုက်ကျဆုံးမှု အနည်းငယ်ရှိခဲ့ သည်။ ထို တိုက်ပွဲနှစ်ကြိမ် ဖြစ်ပြီးနောက် တပ်ခေါင်းဆောင်က အနား တောင်း သောကြောင့်၊ တပ်ကို အနားပေးသဖြင့် သထုံ သို့ ပြန်၍ နားခဲ့ရသည်။ သထုံသို့ ပြန်ရောက်ပြီး နောက်တနေ့ တွင်ပင် တပ်မဟာမှူး ဗိုလ်ချုပ်အုန်းဖေထံသို့ အင်းစိန်တိုက်ပွဲ အတွက် စစ်ကူပို့ရန် အင်းစိန် မှ ပေးပို့လာသော ကြေးနန်းစာကို လက်ခံရရှိသည်။

စစ်ကူကိစ္စနှင့်ပတ်သက်၍ အရင်တရက်ကမှ နားခွင့်ရသဖြင့် ပြန်ရောက်လာ သော တပ်ဖြစ်ကြောင်း၊ မသွားလိုကြောင်း တင်ပြဆွေးနွေးသူ တပ်မှူးများနှင့် အင်းစိန် တိုက်ပွဲသည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမှန်တကယ် စစ်ကူလိုအပ်သဖြင့် တောင်းခံခြင်း ဖြစ်ရာ သွားရောက်ကူညီ သင့်ကြောင်း ဆွေးနွေးသော တပ်မှူးများလည်း ရှိသည်။ စောရွှေဆိုင်းကမူ မကြာ သေးမီကပင် ဖာပွန် ဘီအိုင်အေ တပ်စခန်းမှ အနှိပ်စက်ခံ အညှဉ်းဆဲခံခဲ့ရသော အဖြစ် အပျက်များကို ပြန်လည် သတိရပြီး စစ်ကူ သွားသင့်ကြောင်း စိတ်အားထက်သန်စွာ ဝင်ရောက် ဆွေးနွေးသည်။ ထို့ထက် "ဒီကိစ္စက ကျနော်တို့ ကရင်အမျိုးသားများအတွက်၊ သေရေး ရှင်ရေးဖြစ်နေတယ်။ သူများ မသွားချင်လည်း ကျနော်တော့ သွားမယ်၊ ကျနော်နဲ့ အတူ လိုက်ချင်တဲ့သူတွေရှိရင် မတ်တပ် ရပ်ပေးပါ"ဟု စောရွှေဆိုင်းတယောက် ပြောလိုက် သောအခါ ရဲဘော် (၂၆)ယောက် မတ်တပ်ရပ်သဖြင့် စစ်ကူ သွားရောက်မည့်သူမှာ သူအပါ အဝင် (၂၇)ဦး ဖြစ်သည်။ တပ်မဟာ(၆) တပ်မဟာမှူး ဗိုလ်မှူးချုပ် အုန်းဖေသည် စောရွှေဆိုင်းကို ဒုဗိုလ် ရာထူးနှင့် စစ်ကြောင်းမှူးတာဝန်ကို ပေးအပ်သော အမိန့်စာအပြင် ပွိုင့်(၃၈)ဘို့ ဆုံလည် သေနတ်တလက် နှင့် ကျည် (၁၈)တောင့်ကို ထုတ်ပေးပြီး၊ ရဲဘော် များအတွက် ဝတ်စုံတစုံစီ ထုတ်ပေးခဲ့သည်။

စောရွှေဆိုင်းတို့အဖွဲ့ သထုံမှ ထွက်ပြီးနောက် ပဲခူးတောင်ပိုင်း ဒေသရှိ နောင်ဘို၊ ရွှေဘို နှင့် ပျော်ဘွယ်ရွာ၊ (ကရင်ရွာ သုံးရွာ)သို့ ရောက်ရှိခဲ့သည်။ ထိုနေရာတွင် ဗိုလ် ဝါးလယ်၏ ဖခင် ဖားထီးပေါ်ထွန်းနှင့် တွေ့ခဲ့ရပြီး၊ သူက လမ်းပြအဖြစ် ပို့ပေးခဲ့သည်။ ဖါးထီးပေါ်ထွန်းနှင့် တွေ့သောအခါ သူက စောရွှေဆိုင်းတို့ တပ်ဖွဲ့ကို အားရ ဝမ်းသာ ကြိုဆိုခဲ့သည်။

ထိုအချိန်တွင် သက္ကလရွာ၌ (P.V.O.) တပ်ရင်းတရင်း ရောက်လာကြောင်းနှင့် ထို တပ်ရင်း တရင်းသာရှိကြောင်း သတင်းရသဖြင့် စောရွှေဆိုင်း တို့အဖွဲ့သည် P.V.O. များကို တိုက်ထုတ်ပြီးမှ မူးဒုံ ထုံးကြီးသို့ ဆက်သွားရန် စီစဉ်သည်။ ညတွင်းချင်းပင် ရဲဘော်ဖြူ တပ်ရင်းအနီးသို့ အရောက် ချီတက်ခဲ့ပြီး၊ မနက် (၄)နာရီ ထိုးသည်နှင့် စတင် တိုက်ခိုက်ခဲ့ သည်။

တိုက်ပွဲစတင်သည်နှင့် ရန်သူ့အင်အား (၅၀၀)ကျော်မည်ဟု အားလုံးက ခန့်မှန်း မိလိုက် ကြသည်။ ရန်သူက လက်နက်ကြီးငယ်များဖြင့် အပြင်းအထန် ပြန်လည် တိုက်ခိုက် သဖြင့် စောရွှေဆိုင်းတို့ တပ်ဖွဲ့မှာ ရွာအနီးသို့ပင် မကပ်နိုင်။ ထိုသို့ တိုက်ခိုက်ရင်း မိုးလင်း သွားသည့် အခါတွင်မှ သူတို့တပ်ဖွဲ့မှာ သစ်ပင် ဝါးပင် ကင်းမဲ့ သော ကွင်းပြောင်ထဲတွင် ရှိနေကြောင်းကို သတိပြုမိကြသည်။ ရွာနှင့် မီတာ (၂၀၀) ခန့်အကွာတွင် ရှိနေသော ရေကန်ထဲသို့ ဝင်ရောက်

အကာအကွယ်ယူကာ အသံဗလံကို နားစွင့်နေကြသော်လည်း မနက် (၈)နာရီ ထိုးသည့်တိုင် မည်သည့် အဆက်သွယ်မှ မရရှိ။

ရန်သူကလည်း တဖြည်းဖြည်း နီးကပ်လာသဖြင့် အချင်းချင်း တိုင်ပင်ကာ ရန်သူ ဝိုင်းပတ် မခံရရေးအတွက် ဖောက်ထွက်ကာ တပ်ကို ပျော်ဘွယ်အထိ ပြန် ဆုတ်ခဲ့ ကြရသည်။ ပျော်ဘွယ်သို့ ပြန်ရောက်သောအခါ အရင်ပြန်ရောက်နေသော ရဲဘော်များက အလွန် ဝမ်းသာကြသည်။ ၎င်းတို့ အထင် ကျန်ခဲ့သော တပ်အားလုံး သေကုန်ပြီဟု ထင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုတိုက်ပွဲတွင် ကေအဲန်ဒီအို ရဲဘော် (၄၀)ကျဆုံးခဲ့ရပြီး၊ နှစ်ဆယ်ကျော် ဒဏ်ရာ ရခဲ့သောကြောင့်၊ တပ်ကို ထိုနေရာ၌ပင် တလခန့် အနားပေး ခဲ့ရသည်။

အင်းစိန်နှင့် သထုံ ရန်သူ့လက်ထဲ ကျသွားပြီ ဖြစ်သောကြောင့် တပ်ပြန် ရုပ်ရန် အမိန့် ရသဖြင့် အင်းစိန်သို့မရောက်ခဲ့။ စောရွှေဆိုင်းတို့ တပ်ဖွဲ့သည် စထွက်စဉ်က အင်အား (၄၀၀)ခန့် ရှိသော်လည်း တောင်စွန်းသို့ တပ်ပြန်ဝင်သည့် အခါ (၁၃၀)ကျော်သာ ကျန် တော့သည်။ တောင်စွန်းမြို့တွင် (၅)လကြာ တပ်နားခွင့် ရရှိပြီးနောက် ကျိုက်ကော် သိမ်ဆိပ်သို့ တိုက်ရန် အမိန့်ရခဲ့သည်။ သိမ်ဆိပ်ကို သိမ်းကာနီးမှာပင် ရန်သူစစ်ကူများ ရောက်လာသဖြင့် စောရွှေဆိုင်းတို့ တပ်ဖွဲ့သည် သိမ်ဆိပ်အနားရှိ ရွာကြား တောင်ကြား များတွင် စခန်းချခဲ့ကြသည်။

စောရွှေဆိုင်းတို့တပ်ဖွဲ့မှာ ကျိုက်ကော်နှင့် ကမာဆိုင်ကြား၊ သထုံ-ဘီးလင်း ကားလမ်းနှင့် ရထားလမ်း ပတ်ဝန်းကျင်ရှိ ငကျီးအင်း၊ ကင်ပွန်း ခြံနှင့် ဒီမိုးကောင် ရွာသုံးရွာ ပတ်ဝန်းကျင်တွင် လုံခြုံရေးယူရန် တာဝန်ကျခဲ့ သည်။ သူတို့ရောက်ရှိပြီး (၅)ရက်ခန့် အကြာ ရန်သူတပ်သည် ပိတ်မိနေသော ကမာဆိုင်ရှိ သူတို့တပ်ကို လာရောက်ထုတ်ယူရာ ပိတ်ဆို့ ခုခံခဲ့သော်လည်း အင်အားများလှသော ရန်သူ တပ်ကို မကာကွယ်နိုင်သဖြင့် ကမာဆိုင်ရှိ ရန်သူ တပ်မှာ သထုံသို့ တပ်ပြန်ဆုတ် နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် ကေအဲန်ဒီအို ဘက်မှ တပ်ခေါင်းဆောင်တဦးဖြစ်သူ သုံးစိန်စိ (ခေါ်) ဗိုလ်ကြီးမန်းခင်မွေး နှင့်အတူ ရဲဘော် (၅)ဦး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးသွားခဲ့သည်။ ဗိုလ်ကြီး မန်းခင်မွေး ကျဆုံးသွားခြင်းကြောင့် သူ့နေရာကို စောရွှေဆိုင်းအား တာဝန်ယူစေပြီး၊ ဗိုလ်ကြီးရာထူးကိုလည်း အပ်နှင်း ခဲ့သဖြင့် ဗိုလ်ကြီးရွှေဆိုင်းဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလအထိ သထုံ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်းနှင့်အတူ ပူးပေါင်းတာဝန်ထမ်းခဲ့ပြီးနောက်၊ ဖာပွန်သား တစုက ဖာပွန်တွင် ပြန်လည် တာဝန်ထမ်းဆောင်ရန် ခွင့်တောင်းခဲ့ရာ တပ်မှူးက ခွင့်ပြု သဖြင့် ဖာပွန်သို့ ပြန်ခွင့်ရခဲ့သည်။

ဖာပွန်သို့ ရောက်ပြီး တလခန့်အကြာ စောရွှေဆိုင်းတို့ တပ်ဖွဲ့သည် ဘောနော် ကလိုး နှင့် သံလွင်မြစ်အကြားရှိ ဒေသတွင် တာဝန်ကျခဲ့သည်။ မယ်ကညော်၊ တလယ်ညာ၊ တူးမ မယ်၊ မြိုင်ကလေး၊ ကနူကို့ရီ၊ သဝေါခီး၊ ဖောကလော်၊ စောကလူခါ၊ ထရယ်စသော ရွာများ တွင် ဖြစ်လေသည်။

စောရွှေဆိုင်းတို့ အဖွဲ့သည် ဖာပွန်တပ်မဟာ၊ တပ်ရင်း(၂) တပ်သားများ ဖြစ် သဖြင့် တပ်မဟာဌာနချုပ်သို့ သတင်းပို့ရာ တပ်မဟာ ဌာနချုပ်မှ တပ်ရင်း(၂) သို့ပင် ပြန်ပို့ပေးလေ သည်။ ထိုအချိန်က သူတို့ တပ်ရင်းတရင်းလုံး သံလွင်မြစ် အနောက် ဘက်ခြမ်း၊ မြိုင်ကလေး တိုက်ကျောင်း တောင်ဘက်ယွန်းယွန်း တောင်ဘက် အကြား တမိုင် ခန့်အကွာတွင် တာဝန်ကျ ခဲ့သည်။

၁၉၅၀ ခုနှစ်တွင်၊ တပ်မဟာ၊ တပ်ရင်းများကို စနစ်တကျ ပြန်လည် ဖွဲ့စည်း သောအခါ ဖာပွန်တပ်ရင်းကို တာကပေါ တပ်မဟာ Light Bridgade နှင့် ပြန်၍ ပေါင်းထည့် ပေးလိုက်သည်။ ထိုအခါ စောရွှေဆိုင်းတို့ တပ်သည် တာကပေါ တပ်မဟာ တပ်ရင်း(၁) ဖြစ်လာသည်။

တပ်မဟာ၊ တပ်ရင်း၊ တပ်ခွဲများကို ပြန်လည်ဖွဲ့စည်းသောအခါ တပ်ရင်းမှူးကို ဗိုလ်မှူး၊ ဒုတပ်ရင်းမှူးကို ဗိုလ်ကြီး၊ စစ်ကြောင်းမှူးကို ဗိုလ်နှင့် ဒုတိယ ဗိုလ်များအား တာဝန်ပေးခဲ့ သည်။ စောရွှေဆိုင်းသည် ဒုတိယ တပ်ရင်းမှူး အဆင့်သာ ဖြစ်သော်လည်း ဒုတိယ ဗိုလ်မှူးကြီး ရာထူးနှင့် တာဝန်ထမ်းခဲ့ရသည်။

စောဝေးလ်ခေ

၁၉၅၄ ခုနှစ်၊ မေလတွင် တပ်မဟာ(၅) တပ်မမှူး ဗိုလ်မှူးချုပ် ဗိုလ်စိုး လက်ထက်တွင် တာကပေါ တပ်မဟာ တပ်ရင်း(၃)မှ ဗိုလ်မှူးဝေးလ်ခေ တို့ တပ်ရင်း တရင်းလုံး ရန်သူထံ လက်နက်ချရန် အစီအစဉ် ရှိနေသဖြင့် ရှေ့တန်း ရောက်နေသော စောရွှေဆိုင်းတို့တပ်မှ လက်နက်များ အားလုံးကို တပ်မဟာ(၅)မှ လာရောက်သိမ်းယူပြီး တပ်ရင်း(၃)တာဝန်ခံ ဗိုလ် စိုင်းကေတို့ တပ်စု တစုနှင့်အတူ တပ်မဟာ(၅) ဌာနချုပ် ဂူဝ(လေးကေ) အနီးတွင် စစ်သုံ့ပန်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များအဖြစ် ချုပ်နှောင်ကာ ရာဇဝတ် အကျဉ်းသားများ ကဲ့သို့ပင် ကြမ်းတမ်းသော အလုပ်များကို လုပ်ခိုင်းစေခဲ့သည်။

တပ်မဟာ(၅)မှ တာကပေါတပ်မဟာ တပ်ရင်း(၃)ကို လက်နက်များ သွားရောက်သိမ်းဆည်းစဉ်က တပ်ရင်းမှူးစောဝေးလ်ခေသည် သူ၏ တပ်စု တစု နှင့်အတူ ဖာပွန်မြို့ ပေါ်သို့ သွားရောက် လည်ပတ်နေသည်။ တပ်မဟာ(၅) တပ်မဟာမှူးသည် တပ်မဟာ(၅) ၏ တပ်ရင်း(၁) တပ်ရင်းမှူး စောလင်းထင်ကို တပ်ရင်း(၁)မှ တပ်သား (၇၀)၊ တပ်ရင်း(၆) မြစ်ဝကျွန်းပေါ်တပ်မှ ဗိုလ်သိန်းစော ဦးဆောင်သော တပ်စု တစုကို စေလွှတ်ပြီး ဗိုလ်မှူး စောဝေးလ်ခေအား ဖမ်းဆီး စေခဲ့သည်။ ဖမ်းလာသော စောဝေးလ်ခေကို ဖာပွန်နှင့် (၇)မိုင်ခန့် အကွာရှိ ရှမ်းရွာ၊ နန်းကွန်းနားတွင် ပစ်သတ်လိုက်သည်။ တော်လှန်ရေးသမား အချင်းချင်း လုပ်ဖော် ကိုင်ဘက် တပ်ရင်းမှူး အဆင့်ရှိသူ တယောက်လုံးကို အစစ်အဆေး မရှိဘဲ တရားမဲ့ပစ်သတ် လိုက်ခြင်းကြောင့် စိတ်မကောင်း ဖြစ်ရသကဲ့သို့ စိတ်အနှောက် အယှက်လည်း အတော်ဖြစ်ခဲ့ရသည်ဟု စောရွှေဆိုင်းက ဆိုသည်။ ထိုအချိန်က သူသည် ခွင့်ဖြင့် ရွာသို့ ပြန်ရောက်နေချိန်ဖြစ်သည်။ ခွင့်ရက်စေ့သဖြင့် ပြန်လာသောအခါ မိခင် တပ်သို့မရောက်မီ ကတိုင်တိရွာ၌နားနေစဉ် တပ်ရင်း(၃) ရုံးထိုင်မှူး ဗိုလ်ကြီးစိုးအုန်းရွှေ၏ အိမ်သို့ ဝင်ရောက် နားနေသည်။ မနက်မိုးလင်းပါက တပ်သို့ ပြန်မည်ဖြစ်သည်။ ထိုစဉ် တပ်မဟာ(၆) မြစ်ဝကျွန်းပေါ်တပ်မှ စစ်ဗိုလ်တဦး (အမည်မသိရ) သူတဦးက တပ်မဟာ (၅)မှူးသည် တပ်မဟာ(၆)သို့ သတင်းပို့ ထားကြောင်း ကြေးနန်းအရ ကတိုင်တိရွာမှ ရွာသူ ရွာသားများအားလုံး အပြင်ထွက်ခြင်း ဝင်ခြင်း မပြုကြရန်နှင့် ဗိုလ်ရွှေဆိုင်း ကိုလည်း ခရီး မထွက်သေးရန် တပ်မဟာမှူးက ပြောဆိုထားကြောင်း ပြောပြသဖြင့် သူလည်း ဗိုလ် အုန်းရွှေ၏အိမ်တွင် ဆက်နေလေသည်။ ဗိုလ်အုန်းရွှေမှာ ဗိုလ်ချုပ်အုန်းဖေ၏ ညီဖြစ်သည်။

ဗိုလ်အုန်းရွှေ၏ အိမ်တွင် နှစ်ရက်မျှ နေထိုင်ပြီးနောက် ဗိုလ်လင်းထင်နှင့် နောက်လိုက် (၃၀)ခန့်သည် ဗိုလ်အုန်းရွှေ၏ အိမ်ကို လာရောက် ဝိုင်းကြသည်။ ထို့နောက် ဗိုလ်ရာကျော်၊ ဗိုလ်ဝင်းနှင့် တပ်သား (၅)ယောက် အိမ်ပေါ်သို့ တက်လာကာ ဗိုလ် ဝေးလ်ခေ၏ စာကို ထုတ်ပြလေသည်။ စာပါ အကြောင်းအရာမှာ တပ်ရင်းတခုလုံး၏ လက်နက်များ၊ ကျည်ဆံများ၊ စစ်သုံးပစ္စည်းများ၊ စစ် အသုံးအဆောင် ပစ္စည်းများ အားလုံး ကို ဗိုလ်လင်းထင် ထံသို့ အပ်နှံရန်ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောရွှေဆိုင်းက တပ်ရင်းမှူးသည် လူကိုယ်တိုင်မလာဘဲ အဘယ်ကြောင့် စာရေး သလဲဟု သူက မေးလိုက်သည်။ ဗိုလ်ရာကျော်က သူကြာဦး မည်ဟု ပြောဆိုကာ အိမ်ထဲရှိ လက်နက်ခဲယမ်းစစ်သုံးပစ္စည်းများကို သိမ်းယူ လေတော့သည်။ စောရွှေဆိုင်းတယောက် ၁၉၅၂ ခုနှစ်၊ ဝင်းကြဲအရပ်မှ နှစ်ထပ်သင်္ဘောကြီး တစီးကို ရဲဘော်(၁၁)ဦးနှင့်အတူ သွားရောက် တိုက်ခိုက်ခဲ့စဉ်က အောင်မြင်မှု ရခဲ့သဖြင့် တပ်ချုပ် ဗိုလ်ချုပ်မင်းမောင် ကိုယ်တိုင် ဆုချခဲ့သည့် ပွဲငှ် (၄၅)ဘို့ ပစ္စတိုကိုပါ သိမ်းယူသဖြင့် အကြိမ်ကြိမ် ပြောဆို ပြန်တောင်းသော်လည်း ပြန်မပေးသဖြင့် သူ အလွန်ပင် စိတ်မကောင်း နှမျော တသ ဖြစ်မိခဲ့သည်။

မကြာမီ တပ်မဟာမှူးသည် ကတိုင်တိသို့ ရောက်ရှိလာပြီး ရွာလူကြီးများ ရဲဘော်များ အားလုံးကို ကျောင်းတကျောင်းထဲသို့ ခေါ်စုသည်။ ထိုကျောင်းကိုလည်း သူ၏ တပ်ဖွဲ့ဝင်များက ဝန်းရံထားကြသည်။ အစောင့်များသည် အတွင်း အပြင် အားလုံးကို သေချာစေ့စပ်စွာ စောင့်ကြပ် နေကြသည်။

တပ်မဟာ(၅)မှူး စတင်မိန့်ခွန်းခွေလေတော့သည်။ သူ့စကားအရ တာကပေါ တပ်မဟာ၏ တပ်ရင်း(၃)သည် တိုက်ပွဲများကို ကောင်းစွာ မတိုက်ဘဲ ရန်သူနှင့် နားလည်မှု ယူပြီး အဆင်ပြေစွာ ပေါင်းသင်းနေထိုင် နေကြကြောင်း၊ ထို့ကြောင့်ရန်သူသည် တပ်မဟာ (၆)ကို မတိုက်ဘဲ တပ်မဟာ (၅)ကိုသာ ဖိတိုက်နေကြောင်း၊ တပ်မဟာ(၅)မှာမူ ဖိနပ် မခြောက် အားအောင်ပင် စစ်တိုက် နေကြရကြောင်း၊ တာကပေါ တပ်မဟာမှ တပ်ရင်း(၃) သည် အပျော်ခရီး ထွက်ကာ စားကောင်း သောက်ဖွယ်များပင် ရှာဖွေ စားသောက်နေကြပြီး ရန်သူကို စစ် မတိုက်သော လက်နက်၊ ရန်သူ့လက်ထဲသို့ ရောက်သွားမည့် လက်နက်များ ကို မိမိ အနေဖြင့် ပြန်လည် သိမ်းယူနေရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ မိမိမှာ တာဝန်ရှိ သူပီပီ လူမျိုးကို ကာကွယ်ရမည့် တာဝန်ရှိသဖြင့် တာကပေါ တပ်မဟာ(၆)ကို အရေးယူ ခဲ့ရခြင်း ဖြစ်ကြောင်း ပြောဆိုပြီးနောက် `ဘာပြောချင်သလဲ´ဟု မေး လေ၏။

စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များ၊ ရွာသူကြီးများမှာ ဘာမျှ မပြောဘဲ တိတ်ဆိတ် နေကြသည်။ စောရွှေဆိုင်းကမူ ရင်ထဲရှိလာသည့်စကားကို မထိန်းနိုင် တော့သဖြင့် ထပြော လေတော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“တပ်မဟာမှူးအနေနဲ့ ကျနော့်အကြောင်းကို ကြားဖူးလိမ့်မယ်လို့ ထင်ပါတယ်။ တပ်မဟာမှူးက တာကပေါတပ်မဟာ တပ်ရင်း(၃) တခုလုံး စစ်မတိုက် ဘူးဆိုတာကိုတော့ ကျနော် လက်မခံပါဘူး။ တော်လှန်ရေးစကတည်းက ကျနော် တပ်ထဲမှာ နေလာတာ၊ စစ်တိုက်လာတာ ကျနော် အိမ်ပြန်ဘို့ ခွင့်ရတာ အခုအထိ တလတောင် မပြည့်ပါဘူး။ တခါတုန်းကတော့ ကျနော် (၆)လကြာအောင် နားခဲ့ ဘူးပါတယ်။ အဲဒါကလည်း ၁၉၅၀ ခုနှစ် မေလထဲ ကျနော် ကော့ဂွန်း တိုက်ပွဲ တုန်းက ခြေတဘက် ကျိုးခဲ့ရလို့ ဆေး အနား ရခဲ့တာပါ။

ကျနော် ဆေးရုံကဆင်းတော့ ခြေထောက်အနာ သိပ်မကောင်း သေးပေမဲ့ ချိုင်းထောက်တဘက်နဲ့ စစ်မြေပြင်ကို ထွက်ခဲ့တဲ့သူ တယောက်ပါ။ ကျနော်တို့ဟာ မယ်ကရော၊ တကူဖိုး၊ တလညာ၊ ကန္နု၊ ကမာ၊ ပန်းကုန်း၊ ငနက်ပြာ၊ ပါးကပ်၊ ကော့ဂွန်း၊ ဝဲကြီး၊ ရေကျော်၊ ဆင်ကြိုးနဲ့ ကျုံဖဲရွာတွေမှာလည်ပြီး စစ်တိုက် ခဲ့ပါတယ်။ ကျနော် တကယ်ပဲ စစ်တိုက် မတိုက်ဆိုတဲ့ကိစ္စကို အဲဒီရွာတွေမှာ မေးမြန်းကြည့်နိုင်ပါတယ်။ ရွာသားတွေက စစ်မတိုက်ဘူးလို့ ဖြေခဲ့ရင်၊ ကျနော့် တပ်ရင်းမှူးကို ပစ်သတ်ခဲ့သလို ကျနော့်ကိုလည်း ပစ်သတ်လိုက်ပါ။ ကျနော် ပြုံးပြုံး ကြီး အသေခံသွားမှာပါ။

လွန်ခဲ့တဲ့ နှစ်ပတ်တုန်းက ကျနော်အိမ်ကို ပြန်ခဲ့တာက ကျနော့ မိသားစု ဝင်တွေ အနေဖြင့် ကျနော့် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဘို့ ကျနော် အိမ်ပြန်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ အခု လုပ်စရာတွေ ပြီးစီးပြီဖြစ်လို့ ကျနော် ပြန်လာခဲ့တာပါ။

ကတိုင်တိရွာကိုရောက်တော့ ကျနော့်ကို တားထားတယ်၊ ကျနော့် လက်နက် တွေကို သိမ်းလိုက်တယ်၊ ဒါကြောင့် ကျနော် ဒီမှာ လာတစ်နေရတာပါ။ ရှေ့တန်းက ကျနော်ရဲဘော်တွေ ဘာတွေ ဖြစ်ကုန်ကြပြီလဲ ဆိုတာလည်း ကျနော် မသိနိုင်တော့ဘူး ဖြစ်နေတယ်။” လို့ ရင်ထဲရှိတဲ့အတိုင်း ပြောကာ ထိုင်ချလိုက် သည်။

ထိုအခါ တပ်မဟာ(၅) တပ်မဟာမှူးက “ခုန ပြောခဲ့တဲ့ စစ် မတိုက်ဘူး ဆို သူတွေထဲမှာ မင်းတော့ မပါပါဘူး။ မင်းနဲ့ မင်းတပ်ဖွဲ့တွေ ရန်သူကို တကယ်ပဲ တိုက်နေတာ ငါကြားပါတယ်။” အခြားသူများ ဘာမျှ ထပ်မပြောကြသဖြင့် အစည်းအဝေးမှာ အဆုံးသတ် ခဲ့သည်။ အားလုံးပြန် သွားပြီးနောက်တွင် တပ်မဟာမှူးက စောရွှေဆိုင်းကို တယောက် တည်းလာရန် အခေါ်လွှတ်လိုက်ရာ စောရွှေဆိုင်းလည်း ဖြစ်ချင်ရာဖြစ် ဆိုပြီး တဦး တည်းပင် သွားတွေ့လိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သူ တပ်မဟာ(၅)မှူးထံသို့ ရောက်ရှိကြောင်း အလေးပြုကာ သတင်း ပို့လိုက်ရာ သူက စောရွှေဆိုင်းအား သူ့အနားသို့ လာရောက်ထိုင်စေပြီး၊ “ဗိုလ်ကြီးရွှေဆိုင်း ခင်ဗျား စစ်တိုက်နေတာကို ကျနော် ကြားလည်းကြားတယ် သိလည်း သိပါတယ်။ တပ်ရင်း(၃) တရင်းလုံးဟာ ရန်သူကို တိုက်နေတာ ခင်ဗျားဦးစီးတဲ့ တပ်ပဲ ရှိတယ် ဆိုတာကိုလည်း ကျနော်သိတယ်။ ဒါကြောင့် ပြန့်ကျဲနေတဲ့ တပ်ရင်း(၃)က တပ်မှူးတပ်သားတွေ အားလုံးကို ပြန်စုပြီး၊ ကတိုင်တိမှာ (၃)လ သင်တန်း ပြန်တက်ရမယ်။ သင်တန်းပြီးရင် ခင်ဗျားစိတ် ကြိုက် တပ်ခွဲတခွဲ အင်အား အပြည့်နဲ့ ကျနော့်ကို လာတွေ့။ တပ်ရင်း(၃)က သိမ်းထားတဲ့ သေနတ်အားလုံး ခင်ဗျားကို ပုံထားပေးမယ်။ ခင်ဗျားစိတ်ကြိုက် တပ်ခွဲတခွဲစာ ရွေးပြီး တပ်သားတွေကို လက်နက် တပ်ဆင်ပေးလိုက်ပါ။ နောက်ပြီး ခင်ဗျား တပ်ခွဲကို တပ်မဟာ (၅) အထူးတပ်ခွဲ အဖြစ် ကျနော် သတ်မှတ်မယ်။ ပြီးရင် တပ်မဟာ ဌာနချုပ်မှာဘဲ နေပြီး လိုအပ်သလို စစ်ထွက်တိုက်ဖို့ ကျုပ်ကိုယ်တိုင် ကွပ်ကဲသွားမယ်။ ခင်ဗျား သဘောတူ မလား” ဟု မေးသည်။

ထိုအခါ စောရွှေဆိုင်းက တပ်မဟာမှူးအား၊ `ကျနော့် ခြေတဘက်က မသန်ဘူး၊ သီးသန့် တပ်ခွဲ တခွဲရဲ့ တပ်ခွဲမှူးလုပ်ဖို့က ကျနော့်အတွက် မလွယ် လောက်ဘူး။ ဒါကြောင့် ကျနော့်ကို စဉ်းစားခွင့် အချိန်ပေးပါဦး” ပြန်ပြောခဲ့သည်။

တပ်မဟာမှူးက “ဒီလိုဆို ခင်ဗျားအသေအချာစဉ်းစားပြီး နောက်မကျခင် စာရေးတင်ပါ” ဟု ဆိုသည်။

ထို့နောက် စောရွှေဆိုင်းတယောက် တည်းခိုရာ နေအိမ်သို့ ပြန်လာပြီး သူ့ရဲဘော် များနှင့် တိုင်ပင်ရာတွင် ရဲဘော်များက တပ်မဟာ(၅)ကို သူတို့ လုံးဝ မလိုက်နိုင်ကြောင်း၊ သွားချင်လျှင် တယောက်တည်း သွားနိုင်ကြောင်း ပြောကြသဖြင့် ထိုကိစ္စကို မပြော တော့ပေ။

ဖာပွန် (မူတြော်) ပြည်သူလူထုနှင့် ဒေသအခြေအနေ၏ တောင်းဆိုမှု တို့ကြောင့် သူတို့ အဖွဲ့ တော်လှန်ရေးကို ဆက်လက် လုပ်ဆောင်ရမည့် အခြေအနေ တရပ်သို့ ပြန်ရောက် ခဲ့သည်။ ထို့ကြောင့် တပ်ရင်း(၃)ကို ပြန်လည် စုစည်းရန် နီးစပ်ရာ ရဲဘော်များ နှင့် တိုင်ပင်ပြီး နောက် ပြန့်ကျဲနေသော ရဲဘော်များကို ပြန်လည်စုစည်းရာ အင်အား (၁၈၀)ကျော် ရခဲ့သည်။ ထိုအခါမှ ဗိုလ်ရွှေဆိုင်း တယောက် တပ်မဟာ(၅)မှူး ထံသို့ သွားကာ သိမ်းဆည်းထားသော လက်နက်များထဲမှ (၁၈၀)ကို ပြန်ထုတ်ပေးရန် ပြောရာ တပ်မဟာမှူးက ပြန်မပေး သေးဘဲ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

`ခင်ဗျားလူတွေက တော်လှန်စိတ် မရှိကြသေးဘူး။ ဒါကြောင့် သင်တန်း (၃)လ တက်လိုက်ပါဦး။ သင်တန်း (၃)လ တက်ပြီးသွားလို့ တော်လှန်ရေး အသိ စိတ်ဓါတ်တွေ အသိပညာတွေ တိုးတက်လာရင်တော့၊ ဒီလို အသိရှိလာတဲ့ ရဲဘော်တွေကို လက်နက်တွေ ပြန်တပ်ဆင်ပေးမှာပါ' ဟု ဆိုသည်။

တပ်မဟာမှူး ညွှန်ကြားချက်အတိုင်း စောရွှေဆိုင်းတို့ တပ်ဖွဲ့မှာ နိုင်ငံရေး သင် တန်းကို ကတိုင်တိမှာပင် တက်ခဲ့ကြရလေသည်။ သင်တန်း ပို့ချသူမှာ တပ်မဟာ (၆) မြစ်ဝကျွန်းပေါ်မှ ဗိုလ်မှူးကြီးတင်ဦး ဖြစ်သည်။ ဗိုလ်မှူးကြီးတင်ဦးမှာ ကရင်စကား မတတ်သဖြင့် မြန်မာစကား ဖြင့်သာ သင်ကြားခဲ့ရာ မြန်မာစကား မတတ်သူ (၈၀%) ရှစ်ဆယ်ရာနှုန်းကျော်ရှိသော ဗိုလ်ရွှေဆိုင်းတပ်မှ ရဲဘော်များသည် လှဲသူက လှဲ၊ အိပ်သူက အိပ်၊ ငိုက်သူက ငိုက်ဖြင့် သင်တန်းတက်ကြခဲ့ကြရပြီး နားထောင်သူမှာလည်း ဆယ် ယောက် ဝန်းကျင်မျှသာ ရှိသည်။

သင်တန်းချိန်ပြီးဆုံး၍ သင်တန်းဆရာ ထွက်သွားပြီဆိုလျှင် ရဲဘော်များက "ခုန မြန်မာတယောက် ဘာတွေ ပြောသွားတာလဲ"ဟု ဝိုင်းမေး ကြသည်။ ဗိုလ်ရွှေဆိုင်း ကိုယ် တိုင် ကလည်း နိုင်ငံရေးဆိုင်ရာ ဝေါဟာရများကို အကျွမ်းတဝင် မရှိသဖြင့် အပြည့်အဝ မဟုတ်သည့်တိုင် မှတ်မိသမျှကို အတတ်နိုင်ဆုံး ပြန်လည် ရှင်းပြရသေးသည်။ ထို့ကြောင့် သင်တန်းချိန် ရဲဘော်များက နားနေရသော်လည်း စောရွှေဆိုင်းကမူ သင်တန်းတက် နေခဲ့ရပြီး သင်တန်းချိန်ပြီး၍ ဆရာပြန်ထွက် သွားချိန်တွင် သူတို့လဲ နိုးလာသဖြင့် သူတို့ကို မှတ်မိသမျှကို အတတ်နိုင်ဆုံး တဖန်ရှင်းပြခဲ့ရသည်။ သင်တန်းချိန်တွင် သင်တန်းသား ဖြစ်လိုက် သင်တန်းချိန် ပြီးလျှင် ဆရာဖြစ်လိုက်နှင့် စောရွှေဆိုင်း တယောက် နားရသည် မရှိခဲ့။

(၃)လအတွင်း ဘာသာစကား အခက်အခဲကြောင့် နိုင်ငံရေး သဘောတရား များမှာ ရဲဘော်များ၏ အသိထဲသို့ မရောက်နိုင်ခဲ့ပေ။ အစား အစာမှာ လုံးတီး ဆန်နှင့် ဆား၊ ပဲပုပ်ရည်တို့ကို စားခဲ့ရပြီး တပတ်လျှင် တရက်သာ ငရုပ်သီး စားခဲ့ကြရသည်။ ပုံမှန်အားဖြင့် ဆားနှင့် မျှစ်ပြုတ်သာ စားခဲ့ရသည်။ အစား ဆင်းရဲသဖြင့် ရဲဘော်များသည် အိမ်ပြန်၍ ငရုပ်သီးဖိုး၊ ငါးပိဖိုး ပြန်တောင်းရန် ခွင့်တောင်းကြသည်။ ပြန်ခွင့်တောင်းသူများမှာ (၃)ယောက်တဖွဲ့၊ ငါး ယောက် ခြောက်ယောက် တဖွဲ့ဆိုသလို ပြန်သွားကြပြီး၊ သုံး လေး ယောက် ပြန်သွားသော အုပ်စုမှာ တယောက် နှစ်ယောက်သာ သင်တန်းသို့ ပြန်ရောက်ပြီး၊ လေးငါး ခြောက်ယောက် ပြန်သွားသော အုပ်စုများမှာလည်း သုံးလေးယောက်လောက်သာ သင်တန်းသို့ ပြန်ရောက်

တော့သည်။ ထို့ကြောင့် သင်တန်းကာလ (၃)လအတွင်း ရဲဘော် (၁၈၀)မှာ သင်တန်းပြီးဆုံးချိန်တွင် (၇၀)သာကျန်တော့လေသည်။

သင်တန်းပြီးနောက် ဗိုလ်ရွှေဆိုင်းသည် ဗိုလ်အုန်းရွှေထံသို့ သွားပြီး တပ်မဟာ (၅)၏ တပ်မဟာမှူးထံမှ သင်တန်းဆင်း ရဲဘော် (၇၀) ကျော်အတွက် လက်နက် ပြန် တောင်းရန် တိုင်ပင်လေသည်။ ထို့အပြင် တပ်မဟာ(၅)မှ ဖမ်းဆီး ကာ ခိုင်းစေထားသော တပ်ရင်း(၃) ရဲဘော်ဟောင်းများကို ပြန်တောင်းရန်၊ အားလုံး စုစည်းလိုက်ပါက စောရွှေဆိုင်းတို့ တပ်သည် တပ်ရင်းအင်အား ဖွဲ့စည်းပုံ အပြည့်အထိ ရနိုင်ကြောင်း တိုင်ပင်ဆွေးနွေး ကြသည်။ ထိုသို့ ဖြင့် တပ်မဟာ(၅) တပ်မဟာမှူးထံသို့ ရောက်ရှိခဲ့ပြီး၊ လက်နက်များ ပြန်လည်တောင်းဆိုရာ တပ်မဟာမှူးက၊ `ခင်ဗျားလက်နက်တွေ ပြန်လာ တောင်းတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သေနတ်တွေက မရှိတော့ဘူး။ ရှိတဲ့သေနတ် တွေက တပ်ရင်းအသစ် တရင်းဖွဲ့တာမှာ သေနတ်တွေ လိုနေတာနဲ့ ထုတ်ပေးလိုက်လို့ ကုန်ပြီ။ ပြန်စုပေး ရမယ်ဆိုရင်တောင်(၂)လ (၃)လ ကြာတဲ့အထိ ပြန်စုလို့ အကုန်ရနိုင်မှာ မဟုတ်ဘူး။ မင်း စောင့်နိုင် မယ်ဆိုရင် သုံး လေး လလောက် တပ်မဟာရုံးကနေ စောင့်ပါ´ဟု ပြောလေ သည်။

ထိုအခါ စောရွှေဆိုင်းက “သူ ဒီမှာ တလလောက် ဆက်နေရင် ကျနော့် ရဲဘော်တွေ တယောက်မှကျန်မှာ မဟုတ်လောက်ဘူး။ အကောင်းဆုံးက ဒီမှာရှိနေတဲ့ တပ်ရင်း (၃)က ဗိုလ်စိုင်းကေတို့ တပ်စုက လက်နက်ကို ထုတ်ပေးပြီး ကျနော်တို့ကို အပ်ပေးပါ။ ဒီတပ်စုက လက်နက်နဲ့ အရင်းတည်ပြီး ရန်သူကို အတတ်နိုင်ဆုံး ကြိုးစား တိုက်မယ်။ နောက်ပြီး ရန်သူ့ လက်နက် တလက်စ နှစ် လက်စ ရနိုင်တဲ့ အခြေရှိတဲ့ နေရာတွေကို ကျနော်တို့ ရဲဘော် လေး ငါးယောက် လွှတ်ပြီး စုံစမ်းထားတာတွေလဲ ရှိတယ်။ ဒါကြောင့် ရှိတာနဲ့ဘဲ အလုပ်စချင်တယ်။ ဟိုဘက်က လူထုတွေကလည်း ကျနော်တို့တပ်အတွက် လက်နက် လေးငါးဆယ် လောက် ရှာပေးမယ်လို့ ကတိပေး ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကတိုင်တိ-ကမမောင်း လမ်းမကြီးဘက်မှာ ရန်သူ့ တပ်ဖွဲ့ တဖွဲ့မှ လုံခြုံရေး ယူထားတာ မရှိဘူး” ဟု ဆိုသည်။

ထိုအခါ တပ်မဟာမှူးက `ဒီလိုဆိုရင် ဗိုလ်စိုင်းကေ တပ်စုကို လက်နက် အပြည့်အစုံ တပ်ဆင်ပေးမယ် မင်းခေါ်သွား။ ဟိုဘက်မှာ လိုအပ်တဲ့ လုံခြုံရေးကို မင်းတာဝန် ယူထား။ ဒါမှ ဟိုကလူတွေ စိတ်အေးမယ်။´ ဟု ပြန်ပြောသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောရွှေဆိုင်းက `တပ်မင်းကြီး ညွှန်ကြားချက်ကို ကျနော် အတတ် နိုင်ဆုံး ကြိုးစားလုပ်ကိုင်ဆောင်ရွက် ပါ့မယ်။´ဟု ပြောဆိုခဲ့သည်။

တပ်မင်းကြီးကလည်း “ဒီလိုဆို ဒီညနေဘဲ ဗိုလ်စိုင်းကေ တပ်စုကို မင်း လက်ထဲ အပ်လိုက်မယ်။ မနက်ဖြန်ဆို မင်းပြန်လို့ရပြီ” ဆိုသဖြင့် စောရွှေဆိုင်း တယောက်လည်း သူတည်းခိုရာ အိမ်ဘက်သို့ ပြန်လာခဲ့သည်။ မကြာမီပင် ဗိုလ်စိုင်းကေ တပ်စုမှ ရဲဘော် (၂၄)ဦးနှင့် သေနတ်(၂၄)လက် စောရွှေဆိုင်းထံသို့ လာရောက် သတင်းပို့သည်။ စောရွှေဆိုင်းက လက်နက်များကို စိစစ်ကြည့်ရာ သူ့တပ်မှ သိမ်းသွားသော လက်နက် တလက်မျှ မပါကြောင်းကို သိလိုက်ရသည်။ ဂျပန်ပြောင်းတို့ သေနတ် (၈) လက်ပါလာ သည်။ ထိုသေနတ်ကို ပြန်ပြင်၍ အင်္ဂလိပ်ကျည်ဆံ (၀.၃၀၃)ကို ထည့်ပစ်ကြသည်။ သေနတ် တလက်ကို ကျည်ဆံ (၂၄)တောင့် ပေးသော်လည်း စက်လတ် တလက်မျှ မပါဝင်။

စောရွှေဆိုင်းက ရဲဘော်များကို “ဘယ်လောက်ဘဲ ရရကွာ၊ လက်နက်ရှိပြီ ရန်သူကို တိုက်ပြီး ကိုယ့်အမျိုးကို ကာကွယ်ဖို့ပဲလေ။ အရင်ရှိခဲ့ဖူးတာတွေ ကိုလည်း တမ်းတမနေကြနဲ့။ ငါတို့ လုပ်တာကို ပြည်သူ သဘောကျရင် ငါတို့ကို ထောက်ခံလာမှာဘဲ။ အဲဒီအချိန်ဆို ဒို့ဆုံးရှုံးခဲ့တဲ့ လက်နက်တွေထက် ပိုကောင်းတဲ့ လက်နက်တွေ ရလာမှာပဲ”ဟု ပြောလေသည်။

နောက်တနေ့တွင် ကတိုင်တိသို့ ပြန်လာကြသည်။ ရဲဘော်များသည် ဗိုလ် စိုင်းကေ၏တပ်ဖွဲ့လည်း ပြန်ပါလာသဖြင့် လွန်စွာဝမ်းသာကြပြီး ဖက်လဲ့တကင်း နှုတ်ဆက် နေကြသည်ကို တွေ့ရသည့်အခါ စောရွှေဆိုင်းလည်း အလွန်ဝမ်းသာရ၏။

နောက်တနေ့မနက်တွင် စောရွှေဆိုင်းသည် ရဲဘော်များ၊ ခေါင်းဆောင်များ၊ ရွာလူကြီးများ၊ ရွာသူ ရွာသားများကို ကတိုင်တိကျောင်းသို့ စုဝေးစေရန် ဖိတ်ခေါ်လိုက် သည်။ ဗိုလ်ရွှေဆိုင်းက သူတို့ကို အခြေအနေ အရပ်ရပ်နှင့် တပ်မဟာ(၅)မှူး စီစဉ်သလို လုပ်ခဲ့ပုံကို ရှင်းပြသည်။ `ကျနော်တို့ ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်တည်ရမယ်။ ဒါကြောင့် ပြည်သူတွေကို မေတ္တာရပ်ခံချင်တယ်။ အခု ကျနော်တို့မှာ အင်အား (၁၀၀)ကျော် ရှိပေမဲ့ လက်နက်က (၂၄)လက်ပဲ ရှိတယ်။ ဒါပေမဲ့ ကျနော်တို့ စိတ်ဓါတ်မကျဘူး။ ကျနော်တို့ဟာ အခြေအနေအရ ရန်သူကို တိုက်မထုတ်နိုင်သည့် တိုင်အောင် ပြည်သူတွေ ရှောင်ပြေးဖို့ အချိန်ရအောင် လောက်တော့ ကျနော်တို့ တပ်ဖွဲ့က ပြောက်ကျားနည်းနဲ့ တိုက်ပြီး ခုခံ ကာကွယ် ပေးနိုင်ပါသေးတယ်။ ခင်ဗျားတို့တွေ သေနတ်သံကို ကြားရိုးကြားစဉ် ထက်ပိုကြားရရင် အဲဒါဟာ အမဲ

လိုက်တာ မဟုတ် ဘူးဆိုတာသိပြီး ခင်ဗျားတို့ ရှောင်ကြ တိမ်းကြပေါ့။´ စသည်ဖြင့်ပြောကြား ပြီး၊ နောက်ပိုင်း ရွာလူကြီးနှင့် ပြည်သူတို့က သူတို့ကို လက်နက်များ တပ်ဆင်ပေးမည့် အကြောင်းကို ကတိပြုခဲ့ကြသည်။

နောက်တရက်တွင်ပင် ရိုင်ဖယ်သေနတ် (၇)လက်နှင့် ကျည်(၂၀၀) တောင့်ကို ယူလာပေးကြ သည်။ စောရွှေဆိုင်းဦးစီးသော တပ်ဖွဲ့သည် ပွဲထာ (ကော့ကရိတ်)သို့ ဆင်း ကာ ဖာပွန် လုံခြုံရေးအတွက် နေရာ ယူလိုက်ကြသည်။

ထိုနေရာတွင် ရက်အနည်းငယ်ကြာပြီးနောက် စောရွှေဆိုင်းသည် နောက်လိုက် ရဲဘော် တ ယောက်နှင့်အတူ တာကပေါ တပ်မဟာ တပ်ရင်း(၁) တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး စောစံ မောင်နှင့် သွားရောက် တွေ့ဆုံကာ တပ်ရင်း(၁)နှင့် ပူးပေါင်းလိုကြောင်း ပြောခဲ့သည်။ စောစံ မောင်က စောရွှေဆိုင်းအား တပ်မဟာမှူး ဗိုလ်ချုပ် တာကပေါ ထံသို့ သွားရောက် တင်ပြ အစီရင်ခံရန် အကြံပြုသည်။ တပ်မဟာမှူး၏ လမ်းညွှန်ချက်အတိုင်း သူတို့ လုပ်ကြရမည်။ မနက်မိုးလင်းသည်နှင့် စောရွှေဆိုင်းသည် တပ်မဟာမှူးနေထိုင်ရာ အပေါင်ပူရေ ဘက်သို့ သွား ပြီး အစီရင် ခံတင်ပြခဲ့သည်။ တပ်မဟာမှူးက `ရွှေဆိုင်းရေ မင်းပြန်ပြီး မင်းလူတွေအားလုံး ငါ့ ဆီကိုခေါ်လာခဲ့။´ဟု ပြောသည်။

စောရွှေဆိုင်းက `ဖာပွန်အောက်က ပြည်သူလူထုက ကျနော်တို့ကို အားကိုး တယ်။ ပွဲထာမှာပဲ နေထိုင်ဘို့၊ ရန်သူလာရင် သူတို့ ရှောင်နိုင် တိမ်းနိုင်အောင် ကျနော်တို့က ရန်သူကို ဟန့်တား ပစ်ခတ်ပေးဘို့ တောင်း ဆိုထားကြတယ်။´ဟု ပြန်ပြောသည်။

ဗိုလ်ချုပ် တာကပေါက `မင်း အဲဒီလို လုပ် ဖို့ မလိုအပ်ပါဘူး။ ငါလုပ် တတ်ပါ တယ်။´ဟု ဆိုသည်။ ထိုအချိန်က ဗိုလ်ချုပ် တာကပေါမှာ ကော်သူးလေ အရှေ့တိုင်း၏ တောင်ပိုင်း တပ်မမှူးဖြစ်သည်။ ဗိုလ်ရွှေဆိုင်း ပွဲထာ (ကော့ကရိတ်)သို့ ပြန်လာပြီး လူစုကာ အကျိုးအကြောင်း ပြောပြလိုက်သည်။ ရဲဘော်အခ့ုပျိုက သူတို့ အိမ်နှင့် ဝေးရာကို မသွားလို ကြ။ ရပ်ရွာ ပြည် သူက အားထား မျှော်လင့်နေသဖြင့် သူတို့ကိုထားပြီး အဝေးသို့ ထွက်သွား လျှင်လည်း ဝေဖန်ပြစ်တင်မှုများ ပေါ်လာနိုင် ကြောင်းကိုလည်း ဆိုလာကြ သည်။

စောရွှေဆိုင်းက ထိုကိစ္စအတွက် စိတ်မပူကြရန် တပ်မမှူးက စီမံပါမည့် အကြောင်းကို ရှင်း ပြသည်။ သို့သော်လည်း ဗိုလ်ရွှေဆိုင်းနှင့်အတူ လိုက်ပါရန် ရဲဘော် (၅၆)ယောက် ရှိသည်။ သူ့ နောက်သို့ လိုက်မည့် ရဲဘော် (၅၆)ယောက်နှင့် အတူ တပ်မမှူး ဗိုလ်ချုပ်တာကပေါထံသို့

သွားရောက် အစီရင်ခံလေသည်။ ထိုအချိန်တွင် တပ်မဟာမှူးမှာ ဗိုလ်မှူးချုပ် အယ်လ်မိုးပီ ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း (ရက်အတိအကျကို သူ မမှတ်မိတော့)တွင် တာကပေါ တပ်မဟာကို တပ်မဟာ(၄)ဟု သတ်မှတ်ထားသည်။

တာကပေါ တပ်မဟာ၏ တပ်ရင်း(၃)မှ လက်နက်အားလုံးကို တပ်မဟာ (၅)မှ လာရောက် သိမ်းယူခဲ့ခြင်းကြောင့် တပ်ရင်း(၃)မှာ ပျက်ခဲ့ရပြီး၊ တပ်ရင်း(၂)နှင့် တပ်ရင်း (၄)တို့မှာ ရန်သူ့ထံ အားလုံးနီးပါး လက်နက်ချ သွားခဲ့ရာ တပ်စိတ် တစိတ်ခန့်သာ ကျန်ရှိ တော့သည်။

သို့သော်လည်း တပ်ရင်း(၄)မှ တပ်ခွဲတခွဲမှာ လက်နက်အပြည့် အစုံဖြင့် စောဘိုမြ ဦးဆောင်သော တော်လှန်ရေးအဖွဲ့ထံသို့ ပြန်လာခဲ့ပြီး နောက်ပိုင်း ထိုတပ်မဟာ နယ်မြေ ထဲတွင်ပင် လှည့်လည် လှုပ်ရှားကာ ရန်သူကို တိုက်ခိုက်ခဲ့သည်။ စောဘိုမြ (ဗိုလ်မြ) ဦးစီး သော တပ်ဖွဲ့များသည် ရန်သူကို တိုက်ခိုက်ခဲ့မှုများက တော်လှန်ရေးအတွက် ကြီးစွာသော အထောက်အကူကို ဖြစ်စေခဲ့ပြီး၊ သူက နောင်တွင် ကေအဲန်ယူ ဌာနချုပ်၏ ဥက္ကဋ္ဌ ဖြစ်လာသည်။

ဗိုလ်ရွှေဆိုင်းတို့ ရောက်သွားသောအခါ ရှိနှင့်ထားသည့် ရဲဘော်များနှင့် ပေါင်းကာ တပ်ခွဲ(၂)ခွဲ ဖွဲ့ပေးခဲ့သည်။ တပ်ခွဲ(၁)၏ တပ်ခွဲမှူးမှာ စောကြာဒိုးဖြစ်ပြီး၊ တပ်ခွဲ(၂) တပ်ခွဲမှူးမှာ စောရွှေဆိုင်းဖြစ်ကာ တပ်ခွဲမှူးများကိုလည်း ဗိုလ်ကြီး ရာထူးကို တိုးပေး လိုက်ကြောင်းအမိန့်စာနှင့် တပ်မဟာ လုံခြုံရေး တပ်ရင်း ဖြစ်လာ ခဲ့သည်။

တပ်မဟာ(၄) ဖွဲ့စည်းပုံမှာ ကစဉ့်ကလျားနှင့် အင်အားမပြည့် ဖြစ်နေသော ကြောင့် သဝခ ဗဟို စစ်ဌာနချုပ်မှ တပ်မဟာ(၄)ကို တပ်မဟာ(၇)သို့ ပြောင်းပေးခဲ့ လေသည်။

၁၉၅၆ ခုနှစ် မောကိုကွန်ဂရက်တွင် ဒုတိယလမ်းစဉ်ကို ချမှတ်ပြီး နောက်ပိုင်း ဗိုလ်မှူးကြီးတာအယ်ကို တပ်မဟာ(၆)နှင့် တပ်မဟာ(၇) တို့တွင်၊ နိုင်ငံရေး အုပ်ချုပ်ရေးနှင့် စစ်ရေးအစီအမံများ လုပ်ငန်းစဉ်များကို ချမှတ်ပေးရန် တာဝန်ပေးခဲ့သည်။ မောကို ကွန်ဂရက်မှ ချမှတ်ခဲ့သော ဒုတိယလမ်းစဉ်ကို ချမှတ်၍ မပြီးခင်မှာပင် ဆရာသာမြိုင် (ခေါ်) (နောင်တွင် မန်းရှန်ဖလေ့ ဖြစ်လာသူ) ကို ဗဟိုမှ စေလွှတ်ပေးလာသည်။ မန်းရှန်ဖလေ့သည် ပေါလစ်ဗျူရို အတွင်းရေးမှူးချုပ် ဖြစ်ကာ နိုင်ငံရေးလမ်းစဉ်များကို ကောင်းစွာ ကျေညက် နားလည်ထားသူ ဖြစ် သည်ဟု ဆိုကြသည်။

သူသည် တပ်မဟာ(၆)သို့ ကူးသွားကာ အုပ်ချုပ်ရေးနှင့် စစ်ရေးကို ချမှတ် ပြီးနောက် တပ်မဟာ(၇)သို့ ပြန်ကူးလာကာ အုပ်ချုပ်ရေးနှင့် စစ်ရေးကို ချမှတ်ခဲ့သည်။ အုပ်ချုပ်ရေး အပိုင်းတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ စသည်ဖြင့် ဖွဲ့စည်းကာ စစ်တပ်တွင်၊ စစ်တပ်(၃)မျိုးကို ဖွဲ့စည်းသည်။ တပ်မတော် (၃)ရပ်မှာ (၁)။ K.P.L.A. (၂)။ K.P.G.F. (၃)။ K.N.D.O. တို့ဖြစ်သည်။ K.P.L.A. တွင် စောဘိုမြ K.P.G.F. တွင် စောရွှေဆိုင်းတို့ ဖြစ်သည်။ အရှေ့တိုင်းကို စစ်ဒေသကြီး(၃)ခုဖြင့် ပိုင်းခြားသတ်မှတ်လိုက်ပြီး စစ်ဒေသ (၁)တွင် တပ်မဟာ(၁)နှင့် တပ်မဟာ(၂) တို့ကို တပ်မင်း ဗိုလ်မှူးချုပ် ထရူးမင်း၊ စစ်ဒေသ(၂)တွင် တပ်မဟာ(၅) တပ်ချုပ်မှာ ဗိုလ်လင်းထင်တို့ဖြစ်ပြီး စစ်ဒေသ (၃)မှာ တပ်မဟာ(၆)နှင့် တပ်မဟာ(၇)တို့ကို ထည့်သွင်းထားပြီး၊ တပ်မင်းကြီးမှာ ဗိုလ်မှူးကြီး တာအယ် (ဖူးတာ အယ်)ပင် ဖြစ်သည်။

စစ်ဒေသကြီးအတွင်း စစ်နယ်မြေ(၂)ခု ခွဲခြားသတ်မှတ်သည်။ တပ်မဟာ (၆)တွင် ဆင်ဖြူရှင် စစ်ဒေသ၊ တပ်မဟာ(၇)တွင် လင်းရောင်ခြည် စစ်ဒေသ တို့ဖြစ်သည်။ ထိုအချိန် က ဗိုလ်ရွှေဆိုင်းမှာ စီးပွားရေး လုပ်ငန်းတွင် ဌာနကြီးမှူး တာဝန်ကို ယူနေရသကဲ့သို့ K.P.G.F. တပ်ရင်းမှူး တာဝန်ကိုလည်း ထမ်းနေ ရချိန်ဖြစ်သည်။ လင်းရောင်ခြည် စစ်ဆင်ရေးမှူးအဖြစ် တာဝန်ပေးခံရပြီး၊ ဒုတိယ ဗိုလ်မှူးကြီးရာထူးကိုလည်း အပ်နှင်းခြင်းခံ ရသည်။ စောရွှေဆိုင်း တယောက်လည်း ကျရာတာဝန်များကို ကျေပွန်အောင် ကြိုးစား လုပ်ကိုင်သည်။

တော်လှန်ရေး နယ်မြေအတွင်းသို့ သူမကြာ မကြာ လာရောက်ပြီး အုပ်ချုပ် ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့သဖြင့် အခ ျိုသော ဒေသများမှာ အုပ်ချုပ်ရေး ဒေသများ ဖွင့်လာ နိုင်ခဲ့သည်။

၁၉၅၈ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် တပ်မင်းကြီး တင်ဦးကို ဗဟို ဌာနချုပ်မှ ပြန်ခေါ် လိုက်ပြီး၊ စောရွှေဆိုင်းအား စစ်ဒေသကြီးအတွက် စစ်ဒေသမှူး တာဝန်ကို ပေးအပ်ခဲ့သဖြင့် ၁၉၅၉ ခုနှစ်တွင် စစ်ဒေသမှူး ဖြစ်လာသည်။ ၁၉၅၉ ခုနှစ်၊ နှစ်ကုန်တွင် (သဝခ) စစ်ရုံးချုပ်ဗဟိုမှ တပ်မဟာ(၆)၏ တပ်မဟာမှူး တာဝန်ကို ပေးအပ်လာသဖြင့် ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် စောရွှေဆိုင်း တယောက် တပ်မဟာ(၇)မှ စတင်ထွက်ခွာ လာပြီး တပ်မဟာ(၆)မှူး တာဝန်ကို စတင်ထမ်းခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ပထမအပတ် (ရက်စွဲ မမှတ်မိ)တွင် စောရွှေဆိုင်း တယောက် ပအော ကလိုးရွာအနီးရှိ တပ်မဟာဌာနချုပ်ရှိရာ လေးကွားစိုး သို့ ရောက်ရှိ လာသည်။ တပ်မင်းကြီး အသစ် ရောက်ရှိမည်ဟု ကြိုတင် သတင်းရရှိ ထားသဖြင့် တပ်မဟာနှင့် ခရိုင်ခေါင်းဆောင် များက ပအောကလိုးတွင် လာရောက် စောင့်ကြို နေကြ သည်။ ရောက်သင့်ချိန်ထက် တပတ် ခန့် နောက်ကျပြီးမှ ရောက်ရှိခဲ့ခြင်းကြောင့် တပ်မဟာ (၆) တပ်ရင်း(၁) ခေါင်းဆောင်များနှင့် ဗိုလ်မှူးကြီးအေးမြိုင်တို့က မစောင့်နိုင် တော့ဟု ဆိုကာ ၎င်းတို့ တာဝန်ကျရာသို့ ပြန်သွား ကြ သည်။ ခရိုင်ဥက္ကဋ္ဌ၊ တပ်မဟာမှ တပ်မှူး များနှင့် တပ်ရင်း(၂) ခေါင်းဆောင် တချို့တို့ ပူးပေါင်း ကာ တပ်မဟာ ဌာနချုပ်တွင် ကြိုဆိုပွဲ ကျင်းပပြုလုပ်ပေးပြီး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ ကြသည်။ နောက်တနေ့ မနက်တွင် စားသောက် စကားပြောဆိုကြပြီး၊ တပ်မဟာ(၆) တပ်မဟာမှူးဟောင်း ဗိုလ်မှူးချုပ် စောကျော်နီထူး က တပ်မဟာ(၆)ကို စောရွှေဆိုင်းထံသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း၊ သူကမူ တပ်မဟာ သင်တန်းကျောင်းကို တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုတာဝန်လွှဲအပ်ပေးရာ အားလုံးကလည်း သဘောတူ လက်ခံကြသည်။ တပ်မဟာ (၆)မှူး တာဝန်ကို စတင်ယူလိုက်သည်နှင့် (သဝခ) စစ်ဦးစီး ဌာနချုပ်ရုံးမှ စောရွှေဆိုင်းကို ဗိုလ်မှူးကြီး ရာထူးသို့ တိုးမြှင့် ပေးခဲ့သည်။

ဗိုလ်မှူးကြီးရွှေဆိုင်းသည် ခရိုင် တပ်မဟာ ခေါင်းဆောင်များနှင့် အလုပ် လုပ်ရာ တွင် အဆင်ပြေသော်လည်း နောက်ပိုင်းတွင် တပ်ရင်း(၁) ခေါင်းဆောင်များနှင့် ရဲဘော် တခ္ပိုမှာ ဗိုလ်မှူးကြီးအေးမြိုင်၏ လုပ်ဆောင်မှု စီစဉ်မှုများတွင် အဆင်မပြေမှုများ ရှိခဲ့သည်။

ထို့ကြောင့် ဗိုလ်မှူးကြီးရွှေဆိုင်းက အခြေအနေများကို ထိန်းသိမ်းရင်း အဆင်ပြေနိုင်မည့် လမ်းကြောင်းများကို ညွှန်ကြားခဲ့ရာ ကနဦးတွင် အဆင်ပြေခဲ့သော်လည်း နောက်ပိုင်းတွင်မူ အဆင်မပြေမှုများ ဖန်တီးလာသည်။

၁၉၆၃ ခုနှစ်တွင် လော်ပါးခီးရွာတွင် ခရိုင် နှင့် တပ်မဟာအစည်းအဝေးကို ခေါ်ယူကျင်းပရာ ထိုအစည်းအဝေးတွင် တပ်ရင်း(၁)မှ ကိုယ်စားလှယ်တဦးက ဤခရိုင်ကို တပ်မဟာ လက်အောက်ခံ တပ်ရင်း(၁)အတွက် ခရိုင်တခု၊ တပ်ရင်း (၂)အတွက် ခရိုင်တခု၊ ယခု အစည်းအဝေးမှ သတ်မှတ်ပေးပါရန် ထိုသို့ ပိုင်းခြား သတ်မှတ်လိုက်ပါက လုပ်ငန်းများ ပိုမို အဆင်ပြေ ချောမွေ့လွယ်ကူစွာ လည်ပတ် နိုင်လိမ့်မည်ဟု ထိုတပ်မှူးက တင်ပြခဲ့သည်။

ထိုတင်ပြချက်နှင့် လက်ရှိအခြေအနေမှာ အထစ်အငေါ်လေးများ ရှိတတ် သဖြင့် ခရိုင်နှင့် တပ်မဟာအတွက် အခက်အခဲဖြစ်နေကြောင်း၊ ယခုတင်ပြချက်များကို သုံးသပ်ရာ ခရိုင်နှင့် တပ်မဟာတွင် ဆုံးဖြတ်နိုင်စွမ်း မရှိသော ကိစ္စရပ် ဖြစ်နေသဖြင့်၊ (လခသ) ဗဟိုဌာနချုပ် နှင့် (သဝခ) စစ်ဦးစီးဌာနချုပ် တို့ကသာ စီမံ ဆုံးဖြတ်ပိုင်ခွင့် ရှိကြောင်း၊ ထိုကိစ္စကို (လခသ) နှင့် (သဝခ) သို့ တင်ပြ ပေးပို့ သွားမည်ဖြစ်ပြီး အထက်ဆုံးဖြတ်ချက် အတိုင်းသာ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေ အရပ်ရပ်နှင့် ပတ်သက်၍ အခွ်ုိ ရဲဘော်များ၏ လူထု ဆန့်ကျင်ရေး လုပ်ငန်းများ ရှိနေသေးရာ နစ်နာသူ အရပ်သူ အရပ်သား များ (ပြည်သူများ) စိတ်ကျေနပ်မှု တရားမျှတမှု ရရှိရေးအတွက် လူထု ဆန့်ကျင်ရေး လုပ်ငန်း များကို လုပ်ဆောင်ခဲ့သော ရဲဘော် တပ်မှူးများကို တပ်မ တော် ဥပဒေ အတိုင်း ထိရောက်စွာ အရေးယူပေးရန်ဖြစ်သည်။

ထိုအခါတွင် သဘောထားနှစ်ရပ် အစည်းအဝေးအတွင်း၌ ပေါ်လာ ခဲ့ပြန်သည်။ ထို သဘောထား နှစ်ရပ်မှာ ဥပဒေအတိုင်း တိကျစွာ အရေးယူ ဆောင်ရွက်ရေးနှင့် နောက် သဘောထားတရပ်မှာမူ အခြေအနေ အရပ်ရပ်ကို ချင့်ချိန် ထောက်ထားပြီး အရေးယူမှု ပြုလုပ်ရန်ဖြစ်သည်။ သဘောထား နှစ်ရပ်ကိစ္စကို ဆွေးနွေးငြင်းခုန်ရင်း နောက်ဆုံးတွင် သဘာပတိက ဒီမိုကရေစီနည်းအရ မဲခွဲ ဆုံးဖြတ်ရန် စီစဉ်ပေးမည်ဖြစ်ပြီး၊ မဲများသည့် အဆို ကို လက်ခံ ကျင့်သုံးကြရန် ဖြစ်သည်။

ထိုအခါ တပ်ရင်း(၁)မှ ခေါင်းဆောင်များသည် `မင်းတို့ လုပ်တတ် သလိုသာ လုပ်ကြ၊ ငါတို့ ကတော့ ပြန်တော့မယ်´ဟု ဆိုကာ အစည်းအဝေး ခန်းမမှ တယောက်ပြီး တယောက် ထွက်ခွာ သွားကြတော့သည်။ ထိုသို့ ဖြစ်လာသဖြင့် သဘာပတိက အစည်း အဝေးကို ရပ်ဆိုင်းလိုက်ရ သည်။

ထိုအခြေအနေကို သဘာပတိက အဘက်ဘက်မှ စဉ်းစားသုံးသပ် ဆင်ခြင်လျက် လူကြီးများ က တပ်ရင်း(၁) ခေါင်းဆောင်များနောက်သို့ လိုက်လံ တွေ့ဆုံကာ သဘော ပေါက် လာအောင် ရှင်းလင်းဆွေးနွေးပြီး ယခင်ကကဲ့သို့ပင် စည်းစည်း လုံးလုံး ညီညီ ညွတ်ညွတ် ပြန်လည် ပေါင်းစည်းပြီး အတူတကွ လုပ် ဆောင်နိုင်ရေးကို ဆုံးဖြတ်ပြီးနောက် စေ့စပ်ညှိနှိုင်းရေး ကော်မရှင်တရပ်ကို ဖွဲ့စည်းခဲ့ရာ ထိုအဖွဲ့တွင် ဗိုလ်မှူးကြီးအေးမြိုင်၊ ပဒိုဖူးစောတဲ့ တပ်မဟာမှူး စောရွှေဆိုင်းနှင့် ပဒိုမန်းစံလွင်တို့ကို တာဝန် ပေးအပ် လိုက်သည်။

သူတို့ (၄)ယောက် လှိုင်တန်းသို့ လိုက်လံသွားခဲ့ပြီး၊ လှိုင်တန်း ရွာတွင် စောင့်နေသည်။ ပဒိုစော တဲ့ တယောက်တည်း သူတို့နေထိုင်ရာ ခုဒုံ ကန္နားသို့ ထွက်သွားကာ ဆွေးနွေးပွဲအတွက် သွားရောက် ဖိတ်ခေါ်သည်။ ခုဒုံနှင့် လှိုင်တန်း သည် ဟိုဘက်ကမ်း သည်ဘက်ကမ်းပင်ဖြစ်ပြီး၊ ဆွေးနွေးမှုကို နောက်နေ့မနက် (၉)နာရီတွင် တွေ့ဆုံရန် ချိန်းဆို လိုက် သည်။

ကော်မရှင် (၃)ယောက်အဖွဲ့သည် လှိုင်တန်းရွာတွင် ညအိပ်ခဲ့ကြပြီး၊ နောက်နေ့ စည်းဝေးပွဲ ကျင်းပချိန် သတ်မှတ်ထားသောနေရာသို့ ၎င်းတို့ (၃)ယောက် ထွက်ခဲ့သည်။ တပ်ရင်း ခေါင်းဆောင်များ တယောက်ပြီး တယောက် ရောက်ရှိလာကြပြီး လူစုံသလောက် ရှိပြီဖြစ် သော်လည်း ပဒိုဖူးစောတဲ့ တယောက်မှာမူ အချိန်မီ ရောက်မလာဘဲ၊ (၁၀)နာရီခွဲ ခန့်တွင်မှ ခေါင်းဝိုက်စိုက်ချကာ ရောက်လာပြီး စကားကိုလည်း ဗလုံး ဗထွေး ပြောဆိုနေ သဖြင့် အားလုံးမှာ နားမလည်နိုင် ဖြစ်ခဲ့ကြရသည်။ ပဒိုစောတဲ့မှာ အသက်အကြီးဆုံးဖြစ်ပြီး ဘာ စကား မှ မပြောနိုင်တော့သဖြင့် ဗိုလ်မှူးကြီးအေးမြိုင်က ဆွေးနွေးပွဲကို နောက်တကြိမ် ချိန်း ဆိုရန် အကြံပြုခဲ့သည်။ တက်ရောက်လာသူများကလည်း တယောက် တပေါက် ပြောလာ သဖြင့် ဗိုလ်မှူးအေးမြိုင် ပြောသည့်အတိုင်းပင် ဆုံးဖြတ်ခဲ့ကြသည်။ ထိုခရီး စဉ်သည် ဘာ အကျိုးမှ မရှိ။ ပဒိုဖူးစောတဲ့မှာမူ အိပ်ပျော်သွားပြီးနောက် ပြန်နိုး မလာသဖြင့် ဗိုလ်မှူးကြီး အေးမြိုင်က တပ်မဟာမှူးရွှေဆိုင်းနှင့် မန်းစံလွင် တို့ကို ပြန်ခိုင်းသဖြင့် ပြန်လာ လိုက်ခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီးအေးမြိုင်က သူနှင့် ပဒိုဖူးစောတဲ့တို့ ကျန်ခဲ့ကာ ထို နေရာရှိ ခေါင်းဆောင်ငယ်များကို ရှင်းလင်း ပြောပြ မည်ဟုလည်း ပြောလိုက်သည်။

စောရွှေဆိုင်းက “ဒါလည်းကောင်းပါတယ်။ ဒါပေမဲ့ ပဒိုဖူးစောတဲ့ ကတော့ အားကိုးလို့ ရမဲ့ အခြေအနေ မရှိဘူး။ ခင်ဗျားဘဲ မြန်မြန် အဆင်ပြေအောင် လုပ်ပါ”ဟု ပြောခဲ့သည်။ ထိုသို့ ဖြစ်နေရခြင်းမှာ ဗိုလ်မှူးကြီးအေးမြိုင်၏ အစီအမံများပင်ဖြစ်ကြောင်းကို စောရွှေဆိုင်းတ ယောက် ရိပ်စား မိသည်။

စောရွှေဆိုင်းနှင့် မန်းစံလွင်တို့နှစ်ယောက် လောပခီးသို့ ရောက်သည်နှင့် အခြေ အနေ အရပ် ရပ်ကို တင်ပြလိုက်သည်။ ဗိုလ်မှူးကြီးအေးမြိုင်သည် ကျနော်တို့နှင့် လမ်းခွဲ တော့မည် ဖြစ်သည်။ ထို့ကြောင့် ကျနော်တို့တပ်ရင်းသည် (လခသ) ဗဟိုဌာနချုပ်နှင့် (သဝခ) စစ်ဦးစီး ချုပ်ရုံး သို့ ကြေးနန်းစက်ဖြင့် အကြောင်း ကြားလိုက်သည်။ မကြာမီ စစ်ဒေသကြီးမှူး ဗိုလ်မြ၊ (K.P.L.A.) တပ်ရင်းမှူး လည်းဖြစ်သူ တပ်မဟာ(၇)မှ တပ်ရင်းမှူး စောခေးလယ်၊ K.P.G.F.

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်းနှင့် တပ်မဟာ (၆)ရုံးနှင့် တပ်ရင်း(၂) တပ်သား အားလုံးကို စုဝေးကာ ခေါင်းဆောင်များက တိုင်ပင် ဆွေးနွေးကြသည်။

နယ်မြေမှူးက အဓိက ဦးဆောင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် "ခေါင်းဆောင် များကို အစည်းအဝေး ခေါ်ယူပြီး တက်ရောက်လာသူ အားလုံးကို ဖမ်းဆီးပြီး၊ သူတို့ တပ်များကို လက်နက်ချခိုင်းမည်။ ထို့နောက် တပ်တွင်း ပုန်ကန်မှု စွဲချက်ဖြင့် (သဝခ)သို့ တင်ပြမည်။ (သဝခ)၏ဆုံးဖြတ်ချက်အတိုင်း လက်ခံမည်"ဟု ဆုံး ဖြတ်လိုက်ကြသည်။ ထိုအကြံကို သဘောမတူသူ အနည်းငယ် ရှိသော်လည်း ဗိုလ်ရွှေဆိုင်း အပါအဝင် အများစုက လက်ခံခဲ့ကြသည်။ သဘောမတူသူများမှာ နယ်ခံများ ဖြစ်ကြပြီး ထိုသူများမှာ ဗိုလ်မှူးကြီးအေးမြိုင် အကြောင်း ကောင်းကောင်း သိထားသူများ ဖြစ်ကြသည်။ သို့သော် အားလုံး သဘောတူဖို့ လိုကြောင်း၊ ထိုသို့ မဖြစ်ပါက အဆင် မပြေနိုင်ကြောင်းကို ပြောရ သည်။

အားလုံး ဆွေးနွေးညှိနှိုင်းမှု လုပ်ကြည့်ရန်၊ မရပါက တိုက်ခိုက်ရန်ကို သဘောတူခဲ့ ကြသည်။ ထို့နောက် ရက်အနည်းငယ်အတွင်းတွင် ဗိုလ်ရွှေဆိုင်းတို့ ခရိုင်နှင့် တပ်မဟာ ခေါင်းဆောင်များကို ဆန့်ကျင်ရန် ဒေသခံ ပြည်သူလူထုကို စည်းရုံးနေကြောင်း သတင်း တခု ကြားရ သည်။ ထို့ကြောင့် သူတို့အဖွဲ့ကို တိုက်ရန် စီစဉ်ရတော့သည်။

အင်အားချင်း မယှဉ်နိုင်သဖြင့် အပြင်းအထန် ခုခံ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကော့ကရိတ်သို့ ပြန်ကပ်ကာ မကြာခင်မှာပင် တပ်မှူး၊ ရဲဘော်များ အားလုံး ရန်သူ့ထံ လက်နက်ချ သွားလေတော့သည်။ တပ်မဟာ(၆)သို့ လာသည့် စစ်ကူများ ပြန်သွားကြ သောအခါ၊ တပ်မဟာ(၆)တွင် စစ်အင်အား (၁၀၀) ကျော်သာ ကျန်တော့ လေသည်။ ထို့ကြောင့် တပ်သားသစ် စုဆောင်းချင်းများကို ပြုလုပ်ခြင်းဖြင့် အင်အား ပြန်လည် ပြည့်ဝ လာခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် K.N.U. နှင့်၊ K.R.C. တို့ အကွဲအပြဲက ဗိုလ်ရွှေဆိုင်း အပါအဝင် အားလုံး သော လုပ်ဖော်ကိုင်ဘက်များမှာ လွန်စွာ စိတ် အနှောက်အယှက် ဖြစ်ရသေးသည်။ သို့သော်လည်း အချင်းချင်း ပြန်လည် ထိန်းမတ်နိုင် သဖြင့် အဆင်ပြေသွားခဲ့သည်။ K.N.U.P

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှ ချမှတ်သည့် မူ (၉)ချက်အနက် တချက်တွင်၊ “ကရင့် တော်လှန်ရေး၏ အဆုံးသတ် ရည်မှန်းချက်သည် ဆိုရှယ် လစ်လူဘောင် တည်ဆောက်ရေး” ဖြစ်သည် ဆိုသည့် အချက်ကို မူ ဗိုလ်ရွှေဆိုင်း တို့ အဖွဲ့တွင်းမှ အခ့ျုိမှာ သဘောမကျ သကဲ့သို့ သံသယ စိတ်များဝင်ခဲ့ကြသည်။ နိုင်ငံရေးခံယူချက်များစွာ ပွတ်တိုက်မှုကြောင့်၊ ၁၉၆၆ ခုနှစ်တွင် အရှေ့တိုင်း ခေါင်းဆောင်များသည် ကရင် တမျိုးသားလုံး လွတ်မြောက်ရေး ကြီးကြပ်သည့်အဖွဲ့၊ (K.N.L.C.) ကို ဖွဲ့ကာ၊ (K.N.U.P.) မှ ခွဲထွက် သွားကြလေသည်။ သို့သော်လည်း အမျိုးသား စည်းလုံးညီညွတ်မှု ပြန်လည်ရရှိရန်၊ (K.N.L.C.) မှ ခေါင်းဆောင် များသည်၊ ၁၉၆၈ ခုနှစ် တွင်၊ ကိုယ်စားလှယ်အဖွဲ့ တဖွဲ့ ဖွဲ့ကာ (K.N.U.P) သို့ စေလွှတ်ခဲ့သဖြင့်၊ မန်းဘဇန် နှင့် K.N.U.P. ခေါင်းဆောင်တခ့ျုိ၊ K.N.L.C. နှင့် ပူးပေါင်းကာ K.N.U. ကရင်အမျိုးသား အစည်းအရုံးကို ပြန်လည် ဖော်ထုတ် လေသည်။

၁၉၇၀ ခုနှစ်၊ မေလတွင်၊ တောနော်ခီးတွင် အစည်းအဝေးကြီး ခေါ်ပြီး၊ K.N.U. သည် ကရင့် တော်လှန်ရေးကို ဦးစီးရန်နှင့် K.N.L.A. ကို ကရင်အမျိုး သားများ၏ တခု တည်းသော တပ်မတော်အဖြစ် သတ်မှတ်သည်။ K.N.D.O. ကို စီမံ အုပ်ချုပ်ရေးဌာန လက်အောက်တွင် ထားရှိပြီး၊ လုံခြုံရေးနှင့် တရားစီရင်ရေး တာဝန်များကို ထမ်းဆောင်ရ မည် ဖြစ်သည်။

ဗိုလ်မြ၊ ဖူးတာအယ် (ခေါ်) ဗိုလ်တင်ဦး နှင့် ဗိုလ်ရွှေဆိုင်း

K.N.U.P.

ကေအဲန်ယူပါတီမှ မန်းဘဇန်ကို ထုတ်ပယ်လိုက်ပြီးနောက် ဗိုလ်ချုပ်ကျော်မြသန်း (ဖူးကော်ထူး)မှာ ဥက္ကဋ္ဌ ဖြစ်လာသည်။ ဗိုလ်ချုပ်ကျော်မြသန်း အဖျားရောဂါဖြင့် ကွယ်လွန် ပြီးနောက်၊ ၁၉၇၅ ခုနှစ်တွင် ဗိုလ်ချုပ်မြမောင် က ဦးဆောင်ကာ K.N.U.P. ကေအဲန်ယူ ပါတီကို ဖျက်သိမ်းခဲ့သည်။ ထို့နောက် ကရင့်အလံတော်အောက်တွင် K.N.U. နှင့် ပူးပေါင်း လိုက်သောကြောင့် ကရင့် တော်လှန်ရေး အင်အားစုများမှာ ပိုမို စည်းလုံး ညီညွတ် လာသဖြင့် လွန်စွာ စိတ်ချမ်းမြေ့ဖွယ်ပင် ဖြစ်သည်ဟု ဗိုလ်ရွှေဆိုင်းက ဆိုသည်။

၁၉၈၈ ခုနှစ်၊ ဇွန်လ (၂၃)ရက်နေ့တွင် ကရင့်တော်လှန်ရေး တပ်ဖွဲ့နှင့် မွန် ပြည်သစ် ပါတီတို့ ထိပ်တိုက်တိုးကာ ဘုရားသုံးဆူ ဒေသတွင် လက်နက်ကိုင် တိုက်ခဲ့ကြ သည့် အဆင့် အထိပင် ရောက်ခဲ့ရသည်။ လက်နက်ကိုင် ပဋိပက္ခတွင် အခြေခံ အချက်များ စွာ ရှိခဲ့ကြောင်းကို ဗိုလ်ရွှေဆိုင်းက ဆိုခဲ့သော်လည်း၊ အရေးကြီးသောအချက် တို့ကိုသာ တင်ပြသွားမည် ဖြစ်သည်။

တော်လှန်ရေး စတင်ချိန်ကတည်းက ဘုရားသုံးဆူ ဒေသသည် ကရင့် တော်လှန်ရေး နယ်မြေတခု ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် မွန်ပြည်သစ် တပ်ဦးသည် ဖဆပလ အစိုးရထံတွင် လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ခဲ့ရာ မွန်ပြည်သစ်တပ်ဦးမှ ဗဟို ကော်မတီဝင်တဦးဖြစ်သော နိုင်ဘလွင် (ခေါ်) နိုင်ရွှေကျင်သည် ပဲခူးရိုးမရှိ (မဒညတ)တွင် တာဝန်နှင့် ရောက်ရှိနေသဖြင့် လက်နက်ချသည့်အထဲတွင် သူမပါဝင်ခဲ့ပေ။ နောက်ပိုင်း တွင် မွန် တော်လှန်ရေး နယ်မြေသို့ သူပြန်ရောက်သွားသည်။ သူ ပြန် မရောက်မီ မွန် ဌာနချုပ်မှ မထိန်းချုပ်နိုင်သော လူ (၁၀)ယောက်ခန့် ကျန်ခဲ့သည်။ ထို (၁၀)ယောက်ခန့် အဖွဲ့၏ ခေါင်းဆောင်မှာ နိုင်မုန်လာ ဖြစ်သည်။ ဗိုလ်မှူးကြီးတင်ဦးသည် စစ်ဒေသကြီး အမှတ်(၃)တွင် တာဝန်ထမ်းဆောင်စဉ်က သူကိုယ်တိုင် ဦးစီးကာ နိုင်မုန်လာကို သွား ရောက်တွေ့ဆုံပြီး၊ အကြံဉာဏ်များပေးလျက် မွန် တော်လှန်ရေးအဖွဲ့ကို ထူထောင်စေ ခဲ့သည်။ အဖွဲ့အစည်းကို မွန် ပြည်သစ်ပါတီဟု ကင်ပွန်းတပ်ပြီးနောက် နိုင်မုံလာ သည် မွန်ပြည် သစ်ပါတီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။

နိုင်ရွှေကျင် ပြန်ရောက်လာသည့်အခါ ပါတီဥက္ကဋ္ဌ တာဝန်ကို နိုင်မုန်လာ က နိုင်ရွှေကျင်ထံ လွှဲအပ်ပေးခဲ့သည်။ နိုင်ရွှေကျင်၏ ဦးဆောင်မှုကို လက်မခံသူမှာ အများစုဖြစ်ပြီး လက်ခံသူ အနည်းစုသာ ရှိသည်။ သူ့ ဦးဆောင်မှုသည်လည်း တိုးတက်မှု မရှိသည့်အပြင် သူ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လုံခြုံရေးအတွက်ပါ စိုးရိမ်စရာ အဆင့်အထိ ရှိခဲ့သည်။ ကော်သူးလေ တပ်ဖွဲ့များသည် မဟာမိတ် အဖွဲ့တခုဖြစ်သော မွန်တို့ကို အဘက်ဘက်မှ ကူညီ စောင့် ရှောက်ပေး ခဲ့ရသည်။ သူတို့ကို ရန်မူတိုက်ခိုက်သည့် မွန် လက်နက်ကိုင်များကိုလည်း၊ ကော်သူးလေတပ်ဖွဲ့များက ဝိုင်း တိုက်ခဲ့သည်။ ထိုတိုက်ပွဲများတွင် ကော်သူးလေ ရဲဘော် အရာရှိ ခေါင်းဆောင်များလည်း ကျဆုံး ထိခိုက်မှုများလည်း ရှိခဲ့သည်။

နိုင်ရွှေကျင်သည် ခရိုင် တပ်မဟာ အစည်းအဝေးတွင် သူ့ တပ်ဖွဲ့ဝင်များသည် နိုင်ငံရေး၊ တိုက်ခိုက်ရေး၊ စုဖွဲ့မှုများကို မသိ နားမလည်သဖြင့် တနှစ်အတွင်း သင်တန်း ပေး လိုကြောင်း၊ ထိုသင်တန်းအတွက် ကော်သူးလေ (ဒူးပလာယာ) ခရိုင်နှင့် အမှတ်(၆) တပ်မဟာမှ စားနပ်ရိက္ခာကို ထောက်ပံ့ပေးရန်နှင့် စခန်းချရန်အတွက် ကော်သူးလေ အုပ်ချုပ်ရေး နယ်မြေ ဘုရားသုံးဆူ အနီးရှိ “ကြယ်ကွီး”တွင် ခွင့်ပြုပေးရန် တင်ပြ တောင်းဆိုခဲ့ သည်။

ခရိုင် တပ်မဟာ နှင့် ကော်သူးလေတို့၏ မဟာမိတ်အပေါ် သဘောထားမှာ မဟာမိတ် အဖွဲ့အစည်း တခုခုသည် အခက်အခဲကြုံရပါက၊ သူတို့၏ ကိုယ်ပိုင် သတ်မှတ် ထားသည့် နယ်မြေတွင် ဆက်လက် မရပ်တည်နိုင်ပါက၊ မိမိတို့ထံ လာရောက်၍ ယာယီ ခိုလှုံမည်ဆိုပါက လက်ခံပေးနိုင်ပြီး၊ သူတို့ လိုအပ်ချက် လိုလားချက်များကိုလည်း ကူညီ ပံ့ပိုးပေးရန် ဆန္ဒရှိသူများ ဖြစ်သည်။

ထိုအချိန် ဘုရားသုံးဆူတွင် နေထိုင်သူ မရှိသေးသော်လည်း၊ ၁၉၆၅ ခုနှစ်ကုန်၊ ၁၉၆၆ နှစ်ဦးတွင်၊ ဖားတီယိုရှု (အင်္ဂလိပ် စစ်ပြန်၊ ဒုဗိုလ် အဆင့် ရှိသူ) ဆိုသူ၏ အိမ်တလုံးနှင့် ဦးချစ်လှိုင်ဆိုသူ ကုလားအိမ် တလုံးတို့သာ ရှိသေးသည်။

၁၉၆၇ ခုနှစ်တွင် မွန်ပြည်သစ်ပါတီမှ နိုင်ထင်ဆိုသူကို စေလွှတ်ကာ ထိုဒေသတွင် ရွာတည်ရန် တောင်းဆိုလေသည်။ နိုင်ထင်မှာ နောင်တွင် မွန် ပြည်သစ်ပါတီ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ထိုဒေသတွင် တော်လှန်ရေးအတွက် အင်အားနှင့် အထောက်အပံ့များ ဖြစ်စေရန် တော်လှန်ရေး တပ်သားများ၏ မိသားစုများကိုပါ နေထိုင်ခွင့်ပြုခဲ့သည်။ သို့သော်လည်း ကော်သူးလေ အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ကော်သူးလေအစိုးရမှ ချမှတ် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းအတိုင်း တသွေမတိမ်း အတိအကျ လိုက်နာ ပါမည် ဟူသော ကတိကဝတ် သဘောတူညီချက်ဖြင့် နေထိုင်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အစပိုင်းက ကတိပြုထားသည့်အတိုင်း လိုက်နာ နေထိုင်ခဲ့ကြသော်လည်း၊ နောင်တွင် အရပ်သားများ နှင့် စစ်တပ်အင်အား များလာသည့်အခါတွင် ဂိတ်များ ဖွင့်လှစ်ကာ ဖြတ်သန်း သွားလာသူများကို အခွန်ကောက်ခြင်းကို ကော်သူးလေ အစိုးရနှင့် တန်းတူ လုပ်ဆောင်လာခဲ့ သည်။ ကော်သူးလေမှ အေးဆေးစွာ ဆွေးနွေးပြောဆိုခဲ့သည်ကို လက်မခံဘဲ ကော်သူးလေ အုပ်ချုပ်ရေး နယ်မြေ အတွင်းတွင်၊ ကော်သူးလေ အစိုးရအား အသိမပေးဘဲ အုပ်ချုပ်ရေး လုပ်ငန်း များကို လုပ်ကိုင်လာခဲ့သည်။ ထို့အပြင် ကော်သူးလေ အစိုးရကို အကြောင်းကြား ခြင်း ခွင့်တောင်းခြင်းမရှိဘဲ တောင်ယာခုတ်ခြင်း၊ တောရှင်းခြင်း များ ပြုလုပ်ခြင်း အပြင် ခုတ်ထားသော သစ်များကို အခွန်ဆောင်ခြင်းမရှိဘဲ နိုင်ငံခြားသို့ ခိုးထုတ်ရောင်းချခဲ့ကြ သည်။ ၎င်းတို့ အဖွဲ့အစည်းမှ ခေါင်းဆောင် တခ့ုျိုသည် ကော်သူးလေ နယ်မြေအတွင်း ရွှေ၊ ငွေ၊ ကျောက်မျက်များကို အခွန် မဆောင်ဘဲ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ် လာရာမှ ပဋိပက္ခများ စတင်လာခဲ့ခြင်း ဖြစ်သည်။ ပြဿနာမှာ တဖြည်းဖြည်း ကြီးထွားလာ ပြီး၊ အုပ်ချုပ်ရေးဌာနတွင် လည်းကောင်း၊ စစ်ရေး ဌာနချုပ် တွင်လည်းကောင်း တင်းမာမှု များမှာ ပြင်းထန်သည်ထက် ပိုမို ပြင်းထန်လာခဲ့သည်။ တဖက်နှင့်တဖက် လမ်းမ တခုသာ ခြားပြီး မျက်နှာချင်းဆိုင် တွေ့နေကြရသည်။

၂၃- ၇- ၁၉၈၈ ခုနှစ်တွင် နှစ်ဘက် တိုက်ပွဲဖြစ်ကာ နှစ်ဘက်စလုံး ထိခိုက် သေဆုံးမှု များ ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် နှစ်ဘက် ခေါင်းဆောင်များ တွေ့ဆုံ ညှိနှိုင်း ခဲ့ကြသည်။ အပစ်အခတ် ရပ်စဲပြီးနောက် ဘုရားသုံးဆူ ဂိတ်တံခါး တခုတည်းတွင်၊ မွန် နှင့် ကရင်များ ထိန်းချုပ်ခွင့် ရသွားခဲ့သည်။ မကြာမီတွင် နဝတ စစ်တပ်မှ ဘုရားသုံးဆူကို လာ ရောက် တိုက်ခိုက်ရာ ကရင်နှင့် မွန် ညီညွတ်မှု မရှိသဖြင့် ရန်သူသည် ဘုရားသုံးဆူကို အလွယ်တကူ သိမ်းပိုက် နိုင်ခဲ့ပြီး ယနေ့တိုင် စိုးမိုးနေ တော့သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင် ဗမာတပြည်လုံးရှိ ကျောင်းသားများ၊ အရပ် သားများ အပြင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် ဒီမိုကရေစီ အရေးအတွက် အေးချမ်းစွာ ဆန္ဒ ဖော်ထုတ် တောင်းဆိုခဲ့ကြသည်။ နိုင်ငံအတွင်းရှိ မြို့ကြီးများစွာမှ ဆန္ဒပြ တောင်းဆို မှုကို အစိုးရသည် စစ်အုပ်ချုပ် ရေးချကာ အကြမ်းဖက် နှိမ်နင်း လေသည်။ တုတ်များဖြင့် ရိုက်နှက်ခြင်း၊ သေနတ်များဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ရဟန်းများ၊ အရပ်သားများနှင့် ကျောင်းသားများ ရာပေါင်းများစွာ ထိခိုက် သေဆုံး ခဲ့ကြရသည်။

အခ့ျုိကို ထောင်သွင်း နှိပ်စက်သဖြင့် သေဆုံးသူ၊ ဒုက္ခိတဖြစ်သွားသူ များစွာ ရှိခဲ့လေသည်။ ထိုသို့ အကြမ်းဖက် နှိပ်ကွပ်ခံရမှုတို့ကြောင့် ကျောင်းသားများ၊ အရပ်သား များအပြင် ဘုန်းတော်ကြီးများ သောင်းနှင့် ချီကာ တော်လှန်ရေး နယ်မြေသို့ လာရောက် ခိုလှုံခဲ့ကြသည်။ အခ့ျုိမှာ တော်လှန်ရေးအဖွဲ့များ ဖွဲ့ကာ စစ်အစိုးရ အုပ်ချုပ်ရေးကို ပြန်လည် တော်လှန်ရန် စီစဉ် ကြသည်။

သို့သော် သူတို့တွင် လက်ချည်း သက်သက်သာရှိသဖြင့်၊ နယ်ခံ တော်လှန်ရေး အဖွဲ့များ အထူးသဖြင့် ကရင်တော်လှန်ရေးအဖွဲ့အစည်းထံ လက်နက် နှင့် စားနပ်ရိက္ခာများ တောင်းခံကြသည်။ ကရင့်တော်လှန်ရေး K.N.U. ကလည်း သူတို့သည် စစ်အာဏာရှင် စနစ်အား အမှန်တကယ် တိုက်ခိုက်ဖြိုချကာ၊ ဒီမိုကရေစီ ဖက်ဒရယ် စစ်စစ်ကို ထူထောင်လို သူများ ဖြစ်သည်ဟု ယုံကြည်ပြီး၊ လက်နက်များကို တပ်ဆင်ပေးလေသည်။

ထို အဖွဲ့များကို လက်နက်မည်မျှ ထောက်ပံ့ပေးခဲ့သည်ကို မသိတော့ သော် လည်း၊ ဗိုလ်ရွှေဆိုင်း တာဝန်ကျရာ တပ်မဟာ(၆)နယ်မြေတွင် ခေတ်မီ လက်နက် (၃၀၀) ထက်မနည်း ထုတ်ပေးခဲ့သည်။ တိုက်ပွဲ တကြိမ်၊ နှစ်ကြိမ် ဆင်နွှဲနိုင်မည့် ကျည်ဆန် များကိုလည်း ထုတ်ပေးခဲ့သည်။ ထို့အပြင် ဗိုလ်ရွှေဆိုင်း ကိုယ်တိုင် ထိုအဖွဲ့များသို့ ထိုင်းဘတ်ငွေ (၅)သိန်း ထက် မနည်း ကိုလည်း ထုတ် ပေးခဲ့သည်။

တခ့ျုိမှာ တော်လှန်ရေးတွင် တခြားသော အဖွဲ့အစည်းများကဲ့သို့ အမှန် တကယ် တော်လှန်ခဲ့ကြသကဲ့သို့ တခ့ျုိမှာလည်း ရန်သူ့ထံ လက်နက် ပြန်ချကာ တော်လှန်ရေး၏ ဆူးငြောင့် ခလုတ်များပင် ဖြစ်လာသည်။ တခ့ျုိကလည်း ဗိုလ်ရွှေဆိုင်းတို့ ထုတ်ပေးလိုက် သော လက်နက်များကို ရောင်းချကာ တတိယ နိုင်ငံသို့ ထွက်နိုင်ရန် နည်းလမ်းများ ရှာကြံကြသည်။ တခ့ျုိကလည်း အဖော်များထံ လက်နက်များထားခဲ့ပြီး သွားချင်ရာသွား လုပ်ကြသည်။ အချိန်ကြာလာသည်နှင့် အမျှ တော်လှန်ရေးနယ်မြေကို စွန့်ခွာသူ များလာ ခြင်းကြောင့် လာရောက်ခိုလှုံသူ များလည်း ကုန်သလောက် အထိပင် ဖြစ်သွားခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဗိုလ်မှူးချုပ်ရွှေဆိုင်း ဖော်ပြလိုသည်မှာ အယုံလွယ် တတ်သော ကြောင့် ကော်သူးလေ အနေဖြင့် များစွာ ဆုံးရှုံး နစ်နာ ခဲ့ရကြောင်းပင် ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင်၊ ဘုန်းကြီးခေါတော (မြိုင်ကြီးငူ) ဆရာတော် ပြဿနာ ပေါ်ပေါက်သည်ဟူသော သတင်း ထွက်လာခဲ့သည်။ ထိုဘုန်းကြီးသည် D.K.B.O. / D.K.B.A.

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကို ဖွဲ့စည်းလိုက်သည်ဟု ဆိုသည်။ (လသခ)ဗဟိုဌာနချုပ်၊ (သဝခ)စစ် ဌာနချုပ် တို့မှ ညွှန်ကြားချက်များ တခုပြီး တခု ရောက်လာသည်။ သို့သော် ပြဿနာမှာ အလွန် ကြီးထွားလာလိမ့်မည်ဟု ဗိုလ်မှူးချုပ်ရွှေဆိုင်းတယောက် မထင်မှတ်ခဲ့။ ၁၉၉၄ ခုနှစ် နှစ်ကုန် ပိုင်းတွင်၊ နဝတ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) နှင့် D.K.B.A. တို့ ပူးပေါင်းကာ ကော်သူးလေ အတွင်းစည်း အတွင်းသို့ပင် ဝင်ရောက်နိုင်သဖြင့်၊ ကော်သူးလေ ဌာနချုပ် အခြေစိုက်ရာ မာနယ်ပလော ကိုပင် စွန့်လွှတ်ခဲ့ရသည်။ ထိုမျှအထိ ဆိုးရွားလိမ့်မည်ဟု မ ယူဆခဲ့သော်လည်း ကရင့်တော်လှန်ရေး၏ ဂုဏ်သိက္ခာမှာ အလွန်ကျ ဆင်း နစ်နာ ခဲ့ရသည်။ ကရင့်တော်လှန်ရေး ဌာနချုပ်စခန်း မာနယ်ပလောကို လက်လွှတ် ခဲ့ရပြီး၊ (လခသ)ကို ထီးကပ လယ်တွင် ယာယီဖွင့်လှစ်ပြီး၊ (သဝခ) ကို ထီးယော်ခီးတွင် ယာယီ ဖွင့်လှစ် ခဲ့ရလေသည်။

၁၉၉၅ ခုနှစ် ဩဂုတ်လတွင် ကရင်အမျိုးသားအစည်းအရုံး၊ ကေအဲန်ယူသည် (၁၁)ကြိမ်မြောက် ကွန်ဂရက်ကို ဒူးပလာယာ (ကော့ကရိတ်)ခရိုင်၊ မယ်သရော်ထာရွာတွင် ကျင်းပခဲ့သည်။ ခေါင်းဆောင်သစ်များကို ရွေးချယ် တင် မြှောက်ရာတွင်၊ စောရွှေဆိုင်းကို ကေအဲန်ယူ တွဲဘက် ဥက္ကဋ္ဌ (၂)အဖြစ် ရွေးချယ် တာဝန်ပေးခြင်း ခံခဲ့ရသည်။ အလုပ် အမှုဆောင် အဖွဲ့တွင်လည်း ဗိုလ်မှူးချုပ် ရွှေဆိုင်းသည် ကာကွယ်ရေးဌာန၏ ဥက္ကဋ္ဌအဖြစ် တာဝန် အပ်နှင်းခြင်းကို ခံရသည်။

ဗိုလ်မှူးချုပ်ရွှေဆိုင်းကို ထိုသို့ ရာထူးတာဝန်များ ရွေးချယ် ခန့်အပ် လိုက်ခြင်းမှာ ရွေးချယ်သူများအနေဖြင့် ယခုထက် ပိုမို ကောင်းမွန် တိုးတက်အောင် လုပ်ဆောင်နိုင် မည်ဟု မျှော်လင့်ထားသောကြောင့် ဖြစ်သည်။ သို့သော် ဗိုလ်မှူးချုပ်ရွှေဆိုင်း ကိုယ်တိုင်မှာ မူ မိမိ သည် နိုင်ငံရေးကိုလည်း နားမလည်၊ အုပ်ချုပ်ရေးကိုလည်း မတတ်ကျွမ်း၊ ထို့ကြောင့် မိမိ နေရာတွင် တတ်သိ နားလည်သူ တယောက် အစားထိုးဝင်ရောက်လာပါက သူ ဝမ်းမြောက် ဝမ်းသာစွာ သဘောတူ လက်ခံမည်သာဖြစ်ကြောင်း ပြောသည်။ အကြောင်း မှာ ၎င်း၏ အသက် အရွယ်မှာလည်း အိုမင်းပြီ၊ အဆင့်မြင့် ပညာများကိုလည်း သင်ကြား ခဲ့ရသူတ ယောက်မဟုတ်၊ ထိုသို့သော အုပ်ချုပ်ရေး လုပ်ငန်းများတွင် တတ်သိ နားလည်သူ တဦး မဟုတ်သည့်အပေါ် သူရရှိထားသော နေရာတွင် သူည တလုံး ထည့်သွင်းခြင်း နှင့်သာ တူ နေသည်ဟု သူကိုယ်တိုင် ခံစားခဲ့ရကြောင်း ဖွင့်ဟ ခဲ့ဖူးသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ရွှေဆိုင်းအား တာဝန်အသစ် တိုးပေးလိုက်ခြင်းကြောင့် ယခင် ထမ်း ဆောင်ခဲ့သော တပ်မဟာ (၆)၊ တပ်မဟာမှူး နေရာကို ဗိုလ်မှူးမူတူးစေးဖိုး ကို (သဝခ) မှ အစားထိုး ခန့်အပ်ခဲ့ခြင်းကြောင့်၊ တာဝန် အရပ်ရပ်နှင့် စာရွက် စာတမ်းများကို ဗိုလ်မှူး မူတူးစေးဖိုးအား လွှဲပြောင်းအပ်နှံခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်သူသည်၊ တပ်မဟာ(၆)နှင့်၊ တပ်ဟာ(၄)သို့ စစ်မျက်နှာဖွင့်ကာ တိုက်သည်။ တပ်မဟာ(၆)၊ တပ်ရင်း (၁၆)၊ တပ်ရင်းမှူး သုမူဟဲ သည်၊ တပ်ရင်း(၁၆)ရှိ၊ သူ ဆွဲဆောင် စည်းရုံး၍ ရသမျှ စစ်ဗိုလ်၊ စစ်သားများနှင့် တော်လှန်ရေးကို ဆန့်ကျင် ကျောခိုင်းကာ ရန်သူနှင့် ပူးပေါင်းသွားသဖြင့် ဗိုလ်ချုပ်ရွှေဆိုင်းတို့ စီမံချက် ချထား သည့်အတိုင်း အဆင်ပြေပြေ ဖြစ်မလာဘဲ ကစင့်ကလျားဖြစ်ခဲ့ရသည်။ ကော်သူး လေ ရဲဘော်များလည်း တကွဲတပြားဖြစ်ကာ စစ်ပွဲအတွက် ပြင်ဆင်ထားသော သေနတ်နှင့် ခဲယမ်း မီးကျောက်များလည်း စခန်းများတွင် ကျန်ရစ်ခဲ့ကာ ရန်သူက သိမ်းဆည်းသွား ခဲ့သည်။

ဒူးပလာယာခရိုင်၊ တပ်မဟာ(၆)ကို ရန်သူဝင်ရောက်တိုက်ခိုက်စဉ်၊ ဗိုလ်ချုပ် ရွှေဆိုင်း သည် K.N.U.၏ ကိုယ်စားလှယ်အဖြစ်၊ ကရင်နီနယ်စပ်တွင် ကျင်းပ ပြုလုပ်သော (မဒတ) အစည်းအဝေးသို့ တက်ရောက်နေချိန် ဖြစ်သည်။

မဒတ မဟာမိတ် အဖွဲ့၏ လုပ်ငန်းစဉ်များကို နားမလည်သဖြင့် ဗိုလ်ချုပ် ရွှေဆိုင်းတ ယောက် မှန်မှန် ကန်ကန် မတွက်ဆနိုင်ခဲ့။ သို့သော် ရွေးကောက်ချိန် ရောက်လာပြီး၊ လေးကြိမ် မြောက် အစည်းအဝေးကို ကျင်းပချိန်တွင်၊ ဗိုလ်ချုပ်ရွှေဆိုင်း အား “မဒတ” အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်၊ ရွေးချယ်ကြပြန်တော့သည်။ ဗိုလ်ချုပ်ရွှေဆိုင်းက မဟာမိတ် တပ်ပေါင်းစု လုပ်ငန်း များကို နားမလည်သဖြင့် မရွေးချယ်ကြရန် ငြင်းဆန် ခဲ့သော်လည်း အစည်းအဝေး တက် ရောက်လာသူ ကိုယ်စားလှယ်များက ဝိုင်းဝန်း တင်မြှောက် ခဲ့ကြ သဖြင့် ဗိုလ်ချုပ်ရွှေဆိုင်း တ ယောက် “မဒတ” ဥက္ကဋ္ဌ ဖြစ်ခဲ့ ရသည်။

ထိုအချိန် ဗိုလ်ချုပ်ရွှေဆိုင်းတယောက် ထမ်းဆောင်နေရသည့် တာဝန် များမှာ၊

၁။ (လခသ) ဗဟိုဌာနချုပ် ကေအဲန်ယူ တွဲဖက် ဥက္ကဋ္ဌ(၂) တာဝန်ခံ၊

၂။ ကာကွယ်ရေးဌာန ဥက္ကဋ္ဌ နှင့်၊

၃။ ဒီမိုကရေစီ တပ်ပေါင်းစု (မဒတ) ဥက္ကဋ္ဌ တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၉၇ ခုနှစ်တွင်၊ ရန်သူသည် ကော်သူးလေအား ထိုးစစ်ကြီးများ ဆင်နွှဲလာ ချိန်တွင်၊ ကရင် ပြည်သူလူထုအပါအဝင်၊ ကော်သူးလေ ရဲဘော်များသည် နေရပ်ရင်းကို စွန့်ခွာကာ၊ သင့်တော် အဆင်ပြေမည့် နေရာများသို့ သွားရောက် ခိုလှုံခဲ့ကြရသည်။ ကာကွယ်ရေးဌာန လက်အောက်ရှိ လုံခြုံရေးဌာနတာဝန်ခံ ဗိုလ်မှူးချုပ်ရပ်(ပ်) တယောက် မှာ မျက်စေ့ရောဂါ ဖြစ်လာသဖြင့် မျက်စေ့ကို သွားရောက်ကုသရန် ကာကွယ်ရေး ဌာနသို့ တင်ပြပြီး၊ ခွင့်ဖြင့် ထွက်သွားကာ ပြန်မလာတော့ချေ။ သူသည် နိုင်ငံခြားသို့ ထွက်ခွာရန် စာတင်သည်ဟု လည်းကောင်း အသက် (၆၀)ပြည့်လျှင် ဘုရား သခင်၏ အမှုတော်ကို ဆောင်ပါမည်ဟု ကြုံတင် ရည်ရွယ်ထား သောကြောင့်၊ အမှုတော်ဆောင် လုပ်သွား သည်ဟု လည်းကောင်း သူ့ သတင်းကို ကြားရသည်။ သူကိုယ်တိုင် မျက်နှာချင်းဆိုင် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အဖွဲ့အစည်း သို့ ပြန်လည် ဆက်သွယ်မှု မရှိတော့။ အခ့ျိုသူများကမူ မိသားစု အစုံအလင်ဖြင့် ဘန်ကောက်တွင် နေထိုင်လျက် ရှိသည်ဟု ဆိုသူများလည်း ရှိသည်။

ထို့ကြောင့် ဗိုလ်ချုပ်ရွှေဆိုင်း တယောက် လုံခြုံရေးဌာနကိုပါ ယာယီ ပူးတွဲ လုပ်ကိုင်ခဲ့ရသည်။ သူကိုယ်တိုင် သူထမ်းဆောင်နေရသော တာဝန်များမှာ ကြီးလေးလွန်း လှသဖြင့် ထိထိရောက်ရောက် အောင်အောင် မြင်မြင် လုပ်ဆောင် နိုင်ခြင်း မရှိဟု ဆိုသည်။ သူ့ဆန္ဒမှာ သူ ထမ်းဆောင် နေသော တာဝန်များကို နားလည် တတ်ကျွမ်းပြီး ခွန်အားပြည့်ဝ၍ တိုင်းပြည်နှင့် လူမျိုးအပေါ် အမှန်တကယ် စိတ်အားထက်သန်စွာ လုပ် ဆောင် နေသူ တဦးဦးမှ လွှဲပြောင်း ရယူ လုပ်ကိုင်စေလိုခြင်းပင် ဖြစ်သည်။

အထက်ဖော်ပြခဲ့ချက်များမှာ ဗိုလ်ချုပ်ရွှေဆိုင်း၏ တော်လှန်ရေး ဖြတ်သန်းမှုနှင့် ၎င်း၏ ကိုယ်ရေး မှတ်တမ်းအကျဉ်းချုပ်ပင် ဖြစ်ပေသည်။

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့်
စောတူးဂေါ်(ဗိုလ်မှူးဂျော့)၏ ဖြတ်သန်းမှုသမိုင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖခင် စောဖိုးကျော်သည် ပုသိမ်ခရိုင်သားဖြစ်ပြီး၊ အင်္ဂလိပ်မင်းခေတ်က တောင်ငူ မြို့(ပကူးကျောင်း)တွင် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ကရင် လူငယ်များအား စာသင်ကြားပေးရင်း၊ သံတောင်ငူ မြို့၊ ပလီခီး ရွာသူ နော်အဲန်နှင့် အိမ်ထောင်ကျခဲ့ရာ သား သမီး(၈)ဦး ထွန်းကားခဲ့သည်။ သား သမီး (၈)ဦးထဲတွင် စောတူးဂေါ်(ခေါ်) စောကျော့မှာ အထွေးဆုံးသားဖြစ်သည်။ ဖခင် သေဆုံးချိန်တွင် စောတူးဂေါ်မှာ မိခင်ဝမ်းတွင်း၌ပင် ရှိသေးသည့်အတွက် ဖခင်ကို မမြင်ဖူးခဲ့သလို ဖခင်၏ ပြုစု စောင့်ရှောက်မှု ဆိုဆုံးမမှုကို လည်း မခံခဲ့ရ ချေ။

ဖခင်သည် လှည်းကူးမြို့နယ်၊ သူငယ့်ချောင် မူလတန်းကျောင်းအုပ် တာဝန်ယူစဉ် တနေ့၌ မမျော်လင့်ဘဲ ကျောင်းဆင်းချိန် အိမ်သို့ပြန်ရောက်ပြီး ဝမ်းကိုက် ဝမ်းလျှောကာ ကြွက်တက်ပြီး သေဆုံးခဲ့ရသည်ဟု မိခင် ပြောပြ၍ သိခဲ့ရသည်။ မိခင်မှာ ကိုယ်ဝန်အရင့် အမာဖြင့် သူ့အား သူငယ့်ချောင်တွင် ဖွားမြင်လေသည်။ ဖခင်သေဆုံးပြီးနောက် မိခင် ဖြစ်သူ နော်အဲန်သည် ကလေးငယ် (၈)ဦးကို ဆင်းဆင်းရဲရဲဖြင့် ကြည့်ရှု စောင့်ရှောက် ခဲ့သည်။ သားသမီး (၈)ဦးကို လယ်မြေ၊ ခြံ၊ ကျွဲ၊ နွား၊ ငွေ တို့ကို အမွေမပေးနိုင်သဖြင့်၊ ပညာကိုသာ သင်ယူကြရန် ပညာတတ်မှသာ အောက်တန်း နောက်တန်းမကျဘဲ လူ အများနှင့် ပခုံးချင်း ယှဉ်နိုင်မည်ဖြစ်၍ ပညာအမွေကိုသာ ပေးနိုင်မည့် အကြောင်းကို သား သမီးများအား ရှင်းလင်းပြောပြသည်။ ဖခင်သေဆုံးစဉ် အစ်မကြီး နော်လူးစေးမှာ (၁၀) တန်းကို တက်ရောက် သင်ကြားဆဲဖြစ်သည်။

ဖခင် သေဆုံးသွားသော်လည်း အစ်မကြီး နော်လူးစေးကို စာသင်မပျက် ဆက်လက် သင်ကြားစေခဲ့သည်။ မိခင်မှာ သားသမီးများ ကျောင်းဆက် တက်နိုင်ရေး အတွက် အင်္ဂလိပ် အိမ် တအိမ်တွင် “အာယား” ကလေးထိန်း အလုပ်ကို လုပ်ရင်း ရရှိသောလစာကို သမီးကြီး ထံသို့ ပို့ပေးခဲ့သည်။ သမီးကြီးကလည်း မောင် နှစ်မ များအား ကျောင်းအသုံးစရိတ်ကို ဝေမျှ ပေးခဲ့လေသည်။ စောကျော့ သည် လူမမယ်သာ ဖြစ်သဖြင့် အစ်မဖြစ်သူ နော်ပြားကိုယ်တိုင် စောင့်ရှောက်ရန် ထားခဲ့သည်။ စောကျော့၏ ညီ အစ်ကို မောင်နှမများမှာ (၁)။ နော်လူးစီ၊ Naw Lucy. (၂)။ စောမေးလီယန် (စောမီလီယမ်)၊ Saw Million. (၃)။ စောမောလယ်၊ Saw Mawler. (၄)။ စောစိုင်းကေ၊ Saw Samkey. (၅)။ နော်ပြား၊ Naw Pya. (၆)။ စောဖီတာ၊ Saw Peter. (၇)။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောနယ်လ်ဆင်၊ Saw Nelson. (၈)။ စောတူးဂေါ်ခေါ်စောဂျော့၊ Saw George or Saw Tu Gaw. တို့ဖြစ်သည်။ မိန်းကလေး (၂)ဦးနှင့် ယောကျ်ားလေး (၆)ဦးတို့ဖြစ်သည်။

အစ်မကြီးနော်လူးစီ (၁၀)တန်းအောင်ပြီးနောက် မော်လမြိုင် မစ်ရှင် ကျောင်းတွင် ဆေးသင်တန်းကို (၃)နှစ် ဆက်လက်တက် ရောက်သင်ကြားခဲ့ရာ လက်ထောက် ဆရာဝန် အဆင့် လက်မှတ်ရခဲ့သည်။ ထို့နောက် မော်လမြိုင်ရှိ အစိုးရ ဆေးရုံတွင် လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်လေသည်။ စောဂျော့ အစ်ကိုများဖြစ်သော စောမီလီယမ် နှင့် စောစိုင်းကေတို့ နှစ်ဦးမှာ (၁၀)တန်း၌ပင် ကျောင်းမှထွက်ပြီး၊ စောမောလယ်မှာ ရန်ကုန် သဘော်ဆိပ်ကမ်း အကောက်ခွန်ဌာနတွင် စာရင်းကိုင် အဖြစ်၎င်း၊ စောစိုင်းကေမှာလည်း အင်္ဂလိပ် တဦးထံတွင် စာရင်းကိုင် တာဝန်ကို ထမ်း ဆောင်ခဲ့ပြီး ၎င်းတို့ ရရှိသော လစာငွေ တချို့ကို ညီငယ်များ ကျောင်းနေနိုင်ရန်အတွက် လစဉ် နော်ပြားထံသို့ ပို့ပေးခဲ့သည်။

အစ်မကြီး နော်လူးစီသည် လက်ထောက် ဆရာဝန်အလုပ်ကို ရရှိကြောင်း မိခင် ထံသို့ စာပို့လိုက်သောအခါ မိခင်ဖြစ်သူမှာ အားရဝမ်းသာဖြစ်ကာ (အာယား) ကလေးထိန်း အလုပ်မှ ထွက်လိုက်သည်။ စောဂျော့ကိုခေါ်ပြီး သမီးကြီးနှင့်အတူ သွားရောက်နေထိုင် လေသည်။ အမကြီးနော်လူးစီသည် မော်လမြိုင်၊ ပခုက္ကူ၊ မြင်းခြံနှင့် ကျောက်တံခါး (ညောင်လေးပင် မြို့နယ်) ဆေးရုံများသို့ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်ရသဖြင့် စောဂျော့ နှင့် မိခင်ဖြစ်သူတို့ မှာလည်း အစ်မကြီးနှင့်အတူ သူအလုပ်ပြောင်းရွှေ့ရာသို့ အတူလိုက်ပါ ခဲ့ရသည်။ မကြာခဏ ဆိုသလို ပြောင်းရ ရွှေ့ရသောကြောင့် စောဂျော့ တယောက် ကျောင်း စာကို တသမတ် တည်း သင်ယူခဲ့ရခြင်း မရှိခဲ့ပေ။

အစ်မကြီးနော်လူးစီသည် ပဲခူးခရိုင်၊ ထုံးကြီး သူကြီး မင်းစောမင်းနှင့် အိမ်ထောင် ပြု ပြီး၊ ကျောက်တံခါးတွင် ကလေးတဦး ထွန်းကားခဲ့သည်။ ဂျပန်တို့ ဗမာပြည်ကို ဝင်တိုက် မည့် သတင်း ထွက်ပေါ်လာ၍ ကျောက်တံခါး ဆေးရုံမှ ခွင့်တောင်းပြီး ထုံးကြီးရွာ၌ ပြန်လည် နေထိုင်ခဲ့ကြသည်။ စောဂျော့ တယောက်လည်း ထုံးကြီးရွာ အထက်တန်း ကျောင်းတွင် မူလ တန်းအဆင့်၊ ဒုတိယတန်းတွင် ဆက်လက် ကျောင်းတက်ခဲ့ရပြန်သည်။ ထုံးကြီး အထက်တန်းကျောင်း၌ပင် သူ၏ အစ်ကိုများဖြစ်သော စောပီတာ၊ စောနယ်လ်ဆင် တို့သည် လည်း အလယ်တန်းအထိ သင်ကြားရပြီး နော်ပြားမှာ မူလတန်းကျောင်း အောင်ခဲ့ သည်။ တ နှစ်ကျော် သောအချိန်တွင် ဂျပန်စစ်တပ်သည် ဗမာပြည်ကို ဝင်ရောက်လာ သဖြင့် ထုံးကြီးရွာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အထက်တန်းကျောင်းမှာလည်း ရပ်ဆိုင်းသွားလေသည်။ စောဂျော့အပါ အဝင် လူငယ်များ အားလုံး ကျောင်းဆက် မတက်နိုင်ကြဘဲ နွားကျောင်းသား ဘဝသို့ ရောက်ခဲ့ကြရသည်။

စောတူးဂေါ်(ခေါ်) ဗိုလ်မှူးဂျော့

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဂျပန်ခေတ် သတင်းဆိုးများ

ဂျပန်တို့ ဗမာပြည်ကို ဝင်ရောက်သိမ်းပိုက်ပြီး များမကြာမီပင် မြစ်ဝကျွန်းပေါ်ဒေသ ရှိ၊ ကရင်အမျိုးသား ခေါင်းဆောင်များမှ ဒေသအသီးသီးရှိ ကရင်လူထုသို့ ပေးပို့ လိုက်သော သတင်းများမှာ၊ “ဗမာ (B.I.A.) တပ်ဖွဲ့က ပုသိမ်၊ မြောင်းမြ ဒေသတဝိုက်ရှိ ကရင်ရွာများမှ ရွာသားများသို့ ဂျပန်နှင့် B.I.A. တပ်များကို ကြိုဆိုရန် အမိန့်စာဖြင့် အကြောင်းကြား လေသည်။” ထို အမိန့်စာအတိုင်း ကရင်များက B.I.A. နှင့် ဂျပန်တပ်များ လာမည့်လမ်းများတွင် ကရင်အင်္ဂါ အဝတ်အစားများ ဝတ်ဆင်ကာ စောင့်ကြိုနေစဉ် B.I.A. နှင့် ဂျပန်တပ်တို့က စောင့်ကြိုနေကြသော ကရင်ရွာသူ ရွာသားများကို ဝိုင်းကာ လက်နက်ကြီး လက် နက်ငယ်များဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့ကြကြောင်း အသက်မသေဘဲ ကျန်သူ များကို လှံစွပ်ဖြင့် ထိုးသတ်ကြကြောင်း၊ ထွက်ပြေးသွားသော ကရင်များကိုလည်း ခွေးဝက် တိရိစ္ဆာန်များကဲ့သို့ လိုက်လံ ပစ်ခတ်ခြင်း၊ သတ်ဖြတ်ခြင်းများကို သွားကြသည်။ ထိုဖြစ်ရပ်တွင် ကရင် လူကြီး လူငယ် ကလေးသူငယ်များ ကျား မ အရွယ်စုံတို့ အများ အပြား သေဆုံးခဲ့ကြ ရသည်။

အခြား သတင်းတစ်ခုမှာ ဖာပွန်မြို့ အရှေ့တောင်ဘက်တွင် (B.I.A.) ဗမာ တပ် များက ကရင်ရွာများကို ဝိုင်းပြီး ကရင် လူကြီး လူငယ်၊ ယောကျ်ား မိန်းမများ၊ ကိုယ်ဝန်ဆောင်များ အားလုံးကို ဖမ်းဆီးပြီး အိမ်ကြီးတလုံးထဲတွင် ပိတ်လှောင် ထားခဲ့ သည်။ ညဉ့်အချိန်တွင် ကရင်အမျိုးသား ယောကျ်ား လူကြီး လူငယ် (၁၀)ယောက်ကို ခေါ်ထုတ်၍ ညှင်းဆဲ သတ်ဖြတ်ပြီး အမျိုးသမီးများကိုလည်း ညအချိန်တွင် အပြင်သို့ ခေါ်ထုတ်ကာ အဓမ္မ မုဒိမ်းကျင့်ပြီး ပစ် သတ်ခဲ့ကြသည်။ ဖမ်းဆီး သတ်ဖြတ် ခံရသူများ ထဲတွင် ကျောင်းဆရာ ဆရာမများ၊ နှစ်ချင်း ခရစ်ယာန် သင်းအုပ်ဆရာများလည်း ပါရှိ လေသည်။ ထိုနည်းတူ သထုံနယ်၌ ကတိုင်တိ ကျေးရွာ ဒေသများတွင်လည်း ကရင်အမျိုး သားများကို အလားတူပင် ပြုလုပ်ခဲ့ ကြသည်။ ဘိတ်-ထားဝယ်ဒေသတွင် တနင်္္ဂနွေနေ့ မွန်းတည့်အချိန် ဘုရားဝတ်ပြု ဆုတောင်းစဉ် B.I.A. တပ်များက ဘုရားကျောင်းဝင်းကို ဝိုင်းပြီး လက်နက်ကြီး ငယ်များနှင့် ပစ်ခတ်သွားသဖြင့် ဘုရားဝတ်ပြုသူအားလုံး သေဆုံး သွားခဲ့ ကြရသည်။ ထို ဖြစ်ရပ် အားလုံးသည် အလွန်ပင် ဆိုးရွားလှသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောကျော့၏ မွေးဇာတိ “သူငယ့်ချောင်”ကျေးရွာကိုလည်း၊ B.I.A. တပ်နှင့် အတူ အရပ်သားဗမာများပေါင်းပြီး ဝင်ရောက်တိုက်ခိုက်ပြီး ပစ္စည်းများ လုယက် ကြသဖြင့် “သူငယ့်ချောင်” အထက်ပိုင်းကျေးရွာရှိ ကရင်များမှာ ရွာကို စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ ထိုအခါ ဗမာ B.I.A. တပ်နှင့် အရပ်သား မြန်မာများသည် ရွာရှိပစ္စည်းများ၊ ဆန်၊ စပါးများ၊ ကျွဲ၊ နွားများကို သိမ်းယူ သယ်ယူ သွားကြပြီး၊ ကျန်ရှိသေးသော ပစ္စည်းပစ္စယများနှင့် အိမ်များကိုမူ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထွက်ပြေးတိမ်းရှောင်ရသော သူငယ့်ချောင်ရွာသားများမှာ သူငယ့်ချောင် မြောက်ဘက် (၆)မိုင်ခန့်အကွာ ငါးဖမ်းကုန်းနေရာဟောင်း မွန်ပဒေသရာဇ်တို့ တည်ထောင်ခဲ့သော ခံတပ် ဟောင်းတခုတွင် သွားရောက်ပြီး နေထိုင်ခဲ့ကြရသည်။ အသက်ရှင် ရပ်တည်နိုင်ရေး အတွက် ဆင်းဆင်းရဲရဲဖြင့် နေခဲ့ရသည်။ စားနပ် ရိက္ခာပြဿနာနှင့်လည်း အကြီးအကျယ် ကြုံတွေ့ခဲ့ရသည်။

စောကျော့တို့ လူငယ်တသိုက်သည် ထို ဆိုးရွားသော သတင်းကို ကြားရသည့်အခါ စုဝေးပြီး ဆွေးနွေးတိုင်ပင်ကြသည်။ ကရင်များသည် မြန်မာ အမျိုးသားများအပေါ် မည်သည့်အခါကမျှ ရက်စက်စွာသတ်ဖြတ် နှိပ်စက်ခဲ့ ဖူးခြင်း မရှိခဲ့သော်ငြားလည်း မြန်မာ အမျိုးသားများသည် ကရင်များအပေါ် ဘာကြောင့်များ ရက်စက်စွာ သတ်ဖြတ်သွားကြ ရသနည်း။ ထိုသတင်းများ ကြောင့် ထိတ်လန့် ကြောက်ရွံ့ခဲ့ကြရသကဲ့သို့ တဖက်တွင်လည်း နာကျည်းမုန်းတီးမှုများ ပေါ် ပေါက်လာပြီး လက်စားချေလိုစိတ်များလည်း လူငယ်များ၏ ရင်တွင်းဝယ် ကိန်းအောင်း ငြိတွယ်ခဲ့ကြရသည်။ သို့ရာတွင် ထိုဆန္ဒသာရှိပြီး လက်တွေ့ တွင်မူ ဘာမျှ မလုပ်နိုင်ကြပေ။

ထုံးကြီးရွာ ဆုတောင်းပွဲ

တနေ့၌ ထုံးကြီးကျေးရွာ ခရစ်ယာန်အသင်းတော်များ ကျေးရွာခေါင်း ဆောင်များ ရှေ့မီ နောက်မီ လူကြီးများက ဦးဆောင်ပြီး ဗမာ (B.I.A.) တပ်များ လက်ချက်ဖြင့် မတရားသတ်ဖြတ် ခံခဲ့ကြရသော ကရင် အမျိုးသားများအတွက် ရည်စူးကာ ဘုရားဝတ်ပြု စုတောင်းပွဲ တပွဲကို ကျင်းပလေသည်။ ထိုဘုရားဝတ်ပြု ဆုတောင်းပွဲတွင် လူပေါင်း နှစ်ထောင် (၂,၀၀၀)ကျော် တက်ရောက် ဝတ်ပြုကြသည်။ ဘုရားဝတ်ပြုကျောင်း အစီ အစဉ်သို့ အရွယ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အားဖြင့် အသက်(၇၀၊ ၈၀၊ ၉၀)နှစ် ရှိသူများပင် ဝတ်ပြုပွဲသို့ တက်ရောက် သည်ကို တွေ့ရသည်။ သက်ကြီး (၈၀)ကျော် တဦးကထပြီး၊ မြန်မာတပ်များသည် အဘယ် ကြောင့် မိမိတို့ ကရင်လူမျိုးများအပေါ် မတရား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြောင်းတရားကို ရှင်းပြရာမှာ၊ ဟိုးယခင် မွန်-မြန်မာ ပဒေသရာဇ် ကေရာဇ်မင်း ခေတ် ကတည်းက မိမိတို့ ကရင်တွေ တွေ့ကြုံခဲ့ရသည်။ ကရင်လူမျိုးများသည် ဘုရားသခင် မစ၍သာ မျိုးမပြုတ်ဘဲ ကျန်နေခဲ့ရသည်။ မမျှော်လင့်ဘဲ အင်္ဂလိပ်မင်းက အောက်ကုလား ပြည် (အိန္ဒိယပြည်)ကို ဝင်ရောက် သိမ်းပိုက်ခဲ့ပြီးနောက်တွင် ကရင်အမျိုးသားများနှင့် တွေ့ကြုံ ဆုံစည်းခွင့် ရခဲ့ကြသည်။ အင်္ဂလိပ်များသည် ကရင်အမျိုးသားများကို ဘာသာရေး ဖြင့် စည်းရုံးပြီး ပညာရေး အားဖြင့် မိမိတို့ကရင်များ စား၊ ဝတ်၊ နေ ရေး တိုးတက်လာ ခဲ့သည်။ ထို့ကြောင့်အင်္ဂလိပ်ကို ဖခင်အဖြစ် မှတ်ယူသလို အမေရိကန် လူမျိုးများ မစ်ရှင် အဖွဲ့များကိုလည်း မိခင်ကဲ့သို့ပင် မှတ်ယူ ခဲ့ကြသည်။ ထိုအချိန်ကစပြီး ကရင်များသည် အခြားလူမျိုးများနှင့် ရင်ဘောင်တန်း နိုင်ပြီး၊ မြန်မာအမျိုးသားများသည် ကရင်များအပေါ် ယခင်ကကဲ့သို့ ရက်စက် ကြမ်းကြုပ် သော လုပ်ရပ်မျိုးကို မလုပ်နိုင်တော့ပါ။ သို့သော် ယခုအချိန်တွင် ကရင် လူမျိုးများသည် အင်္ဂလိပ်လိုလားသူ အင်္ဂလိပ် အားကိုးသူ အင်္ဂလိပ် သူလျှိုများဟု စွပ်စွဲ ပြောဆိုခြင်းကို ခံခဲ့ရ ပြီး ဂျပန်တပ်များကလည်း ကရင်လူမျိုးများကို မသတ်ချင် သတ်ချင်လာအောင် သွေးတိုးလှုံ ဆော်ခြင်းသာ ဖြစ်မည်ဟု အဘိုးထင်ကြောင်း ပြောဆိုခဲ့သည်။

အဘိုး၏ သတိပေးချက်

အဘိုးအနေဖြင့် အကြံပေးလိုက်သည်မှာ မိမိတို့ရွာမှာ စစ်တောင်းတံတား တိုက်ပွဲမှ ထွက်ပြေး တိမ်းရှောင် ခိုအောင်းလာနေသော ကရင်အမျိုးသား တပ်များ ရှိသည်။ ဤ သတင်းကို မပေါက်ကြားရအောင် လူကြီး လူငယ်များ အားလုံး၌ တာဝန်ရှိသည်။ သတင်း ပေါက်ကြားပါက ထိုးကြီးသူကြီးမင်း စောမင်းတို့နှင့်အတူ ဆယ်အိမ်ခေါင်းတွေပါ အသတ်ခံ ရမည့်အပြင် ကျေးရွာ တရွာလုံးလည်း သေကြေ ပျက်စီးသွားရမှာ သေချာ သည်။ ဒါကြောင့် သူကြီးမင်းစောမင်းနှင့် ကျေးရွာရှိ B.A. ဘွဲ့ရသူများ ပညာတတ်များက ဆွေးနွေး ညှိနှိုင်းကြ ပြီး ဂျပန်စစ်ဗိုလ်များကို ကြိုးစား လိုက်ရှာပါ၊ ရှာတွေ့ရင် ရင်းနှီးအောင် ပေါင်းသင်းကြဖို့။ ထိုသို့ ဆက်ဆံနိုင်ရင် ဒီ အန္တရာယ်က လွတ်မြောက်နိုင်မည်ကို အဘိုး ယုံကြည်သည်။ တ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆက် တည်းတွင် ဘုရားသခင်ကို အားကိုး တိုင်ကြားလျှင် ဘုရား သခင်က ကူညီ မစ ပါလိမ့်မည်။ ဤဆွေးနွေးချက်ပြီးသော် ကျနော်တို့ ဆုတောင်းဝတ်ပြုပွဲ ဆက်လက် ကျင်းပခဲ့သည်။ ဂျပန်တို့ စစ်ရှုံးပြီး ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အထိ ထုံးကြီး ကျေးရွာမှာ ပကတိ အတိုင်း အေးချမ်း တည်ရှိ ခဲ့သည်။

ဂျပန်ခေတ်၊ ကရင့်ဘဝ

ငါးဖမ်းကုန်ကျေးရွာ၊ စောမောလယ်နှင့် စောစိုင်းကေတို့ ညီအစ်ကို နှစ် ယောက် တို့မှာ ဂျပန် စစ်ဗိုလ်ကို လိုက်လံ ရှာဖွေပြီး ရင်းနှီးအောင် အောက်ကျို့ ပေါင်းသင်းကာ၊ သူငယ့် ချောင်အောက်ဖက် ကျေးရွာကို ပြန်လည် တည်ဆောက်နိုင်ရေး ခွင့်ပန် တောင်းဆို ခဲ့ရာ၊ ဂျပန်တို့၏ ခွင့်ပြုချက်ရသဖြင့် သူငယ့်ချောင် အောက်ဖက်ပိုင်းရွာကို ပြန်လည်တည် ဆောက် နိုင်ခဲ့သည်။ ထို့ကြောင့် ဂျပန်တို့ စစ်ရှုံးချိန် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်အထိ တည်ငြိမ်စွာ နေထိုင် နိုင်ခဲ့ကြသည်။

သူငယ့်ချောင် ကျေးရွာသည် တည်ငြိမ်လာပြီး ဖြစ်သောကြောင့် စောစိုင်းကေ သည် မိခင်ကို လာခေါ်သဖြင့် စောကျော့တယောက်လည်း မိခင်နှင့်အတူ လိုက်ပါလာ ခဲ့သည်။ ရွာသို့ ရောက်သောအခါ ကျောင်းမရှိသဖြင့်၊ နွားကျောင်းသား အလုပ်ကိုသာ လုပ်နေရသည်။ ဂျပန် ခေတ်က ကုန်ပစ္စည်းများ ရှားပါးသဖြင့်၊ အညာထည်ပုဆိုး တထည် ဆိုလျှင် တသောင်းခန့် ပေးဝယ်ရသည်။ ရွာသားများသည် ဂျပန်တို့၏ ခံတပ် စခန်းများကို တအိမ်တယောက် နေ့စဉ် သွားရောက်ကာ မြေတူးခြင်း မြေသယ်ခြင်းစသော ခံတပ်ကြီး ဆောက်လုပ်ရေး လုပ်ငန်းများကို လုပ်ခဲ့ရသည်။ တရက်လျှင် (၄)ကျပ် (၅၀)ဆင့်သာ ရခဲ့သည်။ အဝတ်အထည် ရှားလွန်း၍ အင်္ကျီ၊ ပုဆိုးတို့ကို ဖာထေး၍ ဝတ်ကြရ သဖြင့်၊ “အဖာတရာ အင်္ကျီ ပုဆိုး”ဟူ၍ ခေတ်စားခဲ့ သည်။ တခ့ျိုမှာ ဂုန်နီအိတ်များကိုပင် ဝတ်ဆင် နေကြရ သည်။ ဂုန်နီအိတ်များအထိ ဝတ်ဆင်ခဲ့ရသော ဘဝသို့ ရောက်ခဲ့ကြရပြီး မကြာမီ ဂျပန်များလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပြီး မတွေ့ရတော့ပေ။

အင်္ဂလိပ်စစ်တပ်များ ဗမာပြည် တပြည်လုံးကို ပြန်လည် သိမ်းပိုက်နိုင် သဖြင့်၊ ထုံးကြီးမှာ မူလတန်း ကျောင်းကိုလည်း ပြန်လည်ဖွင့် နိုင်ခဲ့သည်။ အင်္ဂလိပ် စစ် အစိုးရက (၆)တန်းအထိ စာသင်ခွင့်ပြုခဲ့လေသည်။ စောကျော့လည်း၊ ထုံးကြီး ကျေးရွာ အစ်မကြီး နော်

လူးစီ ထံသို့ တက်လာပြီး၊ ကျောင်းဆက်တက်နေရသည်။ ကျောင်းနေစဉ် မနက်စော စောထ ထမင်း ဟင်းများ ချက်ပြုတ်ပြီး၊ ရေခတ်၊ ရေချိုး ထမင်းစားပြီး ကျောင်းသို့ သွားသည်။ ညဉ့် ကျောင်းဆင်းလျှင် ရေခတ်ပြီး ထမင်း စား စာဖတ်ပြီးသည်နှင့် အိမ်လုပ် ငန်းတွင် အစ်မ ကြီး၏ အလုပ်ကို ကူညီပေးခဲ့ သည်။

နော်စီဖိုးရာစိန်၊ နော်ရွှေဖော၊ နော်ရုသစိန် နှင့် ဗိုလ်မှူးကျော့ (ခေါ်) စောတူးဂေါ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဂျပန်စခန်းဟောင်းမှ လက်နက်များ

အင်္ဂလိပ်စစ်တပ်များသည် ဗမာပြည်တပြည်လုံးရှိ ဂျပန်တပ်များကို လိုက်လံတိုက်ခိုက်နေရ၍၊ ဂျပန် တပ်စခန်းများအား ဝင်ရောက်စစ်ဆေးနိုင်ခြင်း မရှိသေးသည့် အချိန်တွင်၊ သူငယ့်ချောင်ရွာအနီး၊ ဇရပ်ကွင်းရွာ၊ ဂျပန်တပ်စခန်းနှင့် အင်းတိုင်၊ ဒေးဝိလေယာဉ်ပျံကွင်းတွင် လေယာဉ်များနှင့် သေနတ်များကို ဂျပန်တို့က မီးရှို့ ဖျက်ဆီးခဲ့သော်လည်း များသောအားဖြင့် လက်နက်ကောင်းများ ယမ်းသီး(ကျည်ဆန်)များမှာ အကောင်းပကတိ ကျန်ရှိနေခဲ့သည်။ လက်နက်များကို ကရင်များနှင့် မြန်မာအမျိုး သားများသည် ခြေမြန်လက်မြန်ပင် ဝင်ရောက် ယူငင်ခဲ့သော်လည်း အများအပြား ကျန်နေ ခဲ့သည်။ မြန်မာအမျိုးသား အခ့ျိုမှာ လက်နက်များကို စိတ်မဝင်စားကြပါ။ ကားပျက်၊ အင်ဂျင် ခေါင်းပျက်များ၊ လေ ယာဉ်ခေါင်းများကို ဖြုတ်ပြီး လှည်းများဖြင့် သယ်ယူကြသည်။ တခ့ျိုမှာ လေယာဉ်ပျံပျက် အတောင်ပံများကို သယ်ယူသွားသည်။ စောကျော့တယောက် ထိုလူတွေ ဘာလုပ်ကြသလဲဟု တွေးမိသည်။ နောက်ဆုံး အင်္ဂလိပ်မင်း အုပ်ချုပ်ရေးမှာ တည်ငြိမ်လာသောအခါ လေယာဉ်ပျံ အစိတ်အပိုင်းမှ ပြုလုပ်သော ပန်းကန်၊ ခွက်၊ ကရားအိုး စသည်တို့မှာ ဈေးကွက်တခု ဖြစ်ပေါ်လာသည်။ ကားမရှိ စက် ယာဉ်မရှိသော မြန်မာလူမျိုးများမှာ ဂျပန်အပြေးတွင် ကားပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်များ ဖြစ်လာခဲ့သည်။ လက်နက်များ သွားရောက် ယူကြစဉ်က စောကျော့ တယောက်လည်း ပါဝင်ခဲ့သည်။ သူက ဂျပန်ပြောင်းတို့ တလက်နှင့် ပြောင်းရှည်တလက် ယမ်းသီး(ကျည်ဆန်) အလုံး (၅၀၀)ကို ယူဆောင်ခဲ့ပြီး နွားကျောင်းရင်းငှက်များကို လိုက်လံပစ်ခတ်ခဲ့သည်။ နေ့စဉ် သေနတ်သံ တဖြောင်းဖြောင်း ပေါက်သံ ကြားရသည်။ စစ်အုပ်ချုပ်ရေး ချသည့်အခါ သေနတ်သံများ ပျောက်ကုန်သည်။ မြစ်ဝကျွန်းပေါ်ကရင်အမျိုးသား တခ့ျိုသည် လက်နက်လာ ဝယ်ကြ သဖြင့် ရွာသားများသည် လက်နက် ခဲယမ်း များကို ရောင်းချသည်။ ဂျပန်ပြောင်းရှည် တလက် (၅၀)ကျပ်၊ ယမ်းသီး (ကျည်ဆန်) တလုံးလျှင် (၄)ပဲ၊ အင်္ဂလိပ် သေနတ် တလက်လျှင် (၇၅)ကျပ်ဖြင့် ပေးဝယ်ခဲ့သည်။ စောကျော့ တယောက်လည်း ဂျပန်ပြောင်း ရှည် တလက်ကို (၅၀)ကျပ်နှင့် ယမ်းသီး အလုံး (၁၀၀) အတွက်ပါ စုစုပေါင်း (၇၅)ကျပ်ဖြင့် ရောင်းချခဲ့ရသဖြင့် ကျောင်းစရိတ်ရကာဝမ်းသာခဲ့သည်။ ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အချိန်က မကြာခဏ သေနတ် ပစ်ခဲ့ရ သဖြင့် သေနတ်ပစ်ခတ်ရာတွင်လည်း လက်ဖြောင့်လာခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထုံးကြီးရွာမှ ပြည်လုံးကျွတ် ဆန္ဒပြပွဲကြီး

ပဲခူးခရိုင်၊ တောင်ပိုင်း၊ လေးတန်းကျောင်းသားများသည် အစိုးရ စာမေးပွဲကို ပဲခူးမြို့တွင် တက်ရောက်ဖြေကြားရန် ညွှန်ကြားချက်ရသောကြောင့် စောကျော့ သည် ထုံးကြီးကျောင်းမှ (၄)တန်း ကျောင်းသားပေါင်း (၃၀၀)ကျော်ခန့်နှင့်အတူ ပဲခူးသို့ စာမေးပွဲသွားရောက် ဖြေဆိုခဲ့ကြရသည်။ အောင်စာရင်းထွက်သည့်အခါ ဒုတိယဆုကို စောကျော့က ရရှိခဲ့သည်။

စောကျော့သည် ပဉ္စမတန်းကို ထုံးကြီးကျောင်းမှာပင် တက်ရောက်ခဲ့ပြီး၊ ထိုနှစ်မှာပင် ရန်ကုန်ရှိ မစ်ရှင် အထက်တန်းကျောင်းသို့ အစ်မကြီး၏ ပို့ဆောင်မှု ကြောင့် ရောက်ရှိသင်ကြားခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံး အပတ်တွင် မိခင်ဖြစ်သူ စောကျော့ထံသို့ ရောက်ရှိလာပြီး၊ နိုင်ငံရေး အခြေအနေ မကောင်းဟုဆိုကာ ကျောင်းထွက် လက်မှတ်တောင်းယူပြီး ထုံးကြီးသို့ ပြန်ခေါ်သဖြင့် ပြန်ခဲ့ရပြန်သည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမ အပတ်တွင် အင်းစိန်မြို့ ကေအဲန်ယူ ဌာနချုပ်၊ ကော်ခိုစောဘဦးကြီး၏ ညွှန်ကြားချက်အရ ကရင်အမျိုးသားများသည် ကရင်ပြည်ကို လိုချင်လျှင်၊ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့ မြို့ကြီးများတွင် ကျင်းပမည့် ဆန္ဒပြပွဲသို့ တက်ရောက်ခဲ့ကြသည်။ ဆန္ဒပြသူများသည် ကြွေးကြော်သံ (၄)ချက်ဖြစ်သော၊ (၁) “ကရင်ပြည် ချက်ချင်းပေး၊” (၂) “ကရင်တကျပ် ဗမာတကျပ် ချက်ချင်းပြ၊” (၃) “လူမျိုးရေး အဓိကရုဏ်း အလိုမရှိ၊” (၄) “ပြည်တွင်းစစ် အလိုမရှိ” စသော စာတမ်းများကို ကိုင်ဆောင်လျက် ငြိမ်းချမ်း ငြိမ်သက်စွာနှင့် ချီတက်ရင်း ကရင်ပြည်လိုချင်ကြောင်း ဆန္ဒပြ တောင်းဆိုကြရန် ဖြစ်သည်။

ထိုညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော်ရန် ထုံးကြီးဒေသ ဆယ်ရွာပိုင်သူကြီး (ရွာ ဆယ်ရွာကို အုပ်ချုပ်ရသူ)နှင့် ကေအဲန်ယူ ဇုံ ခေါင်းဆောင် ဆရာဘိုဟေး တို့က အောက်ပါအတိုင်း လိုက်နာရန် ညွှန်ကြား လိုက်သည်။ အရွယ်ကောင်းသူများသည် တရက်စောကာ ဘုရားသုံးဆူရွာသို့ ကြိုတင် သွားရောက်ပြီး လူစုကြရန်၊ ကရင်ရိုးရာ ဝတ်စုံများကိုယ်စီဝတ်ဆင်လာကြရန်အပြင် နေ့လည်စာ ထမင်းထုပ်အစား ခဲတံဝါး (ကောက်ညှင်းကျည်တောက်)တချောင်းစီ ကိုင်ဆောင်လာကြရန် စီစဉ်ထားကြရန် စသည် တို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖြစ်သည်။ ဖဆပလ ဦးနု အစိုး ရ၏ ပုလိပ်နှင့် စစ်တပ်တို့ကလည်း စောကျော့တို့ရွာသို့ ရောက်ရှိလာကြပြီးနောက် ကားပိုင်ရှင်များကို ခေါ်ယူကာ ဆန္ဒပြပွဲသို့ သွားမည့်သူများကို ကားမငှားကြရန် ညွှန်ကြားထားသည်။ မလိုက်နာပါက ပြင်းထန်စွာ အရေးယူမည်ဟုလည်း ခြိမ်းခြောက် သွားခဲ့သည်။ ထိုအချိန်က ထုံးကြီးဒေသအတွင်း ကား(၆)စီး ရှိကြောင်း သိရသည်။

ဆန္ဒပြရက် နီးလာသောအခါ ဆရာဘိုဟေးနှင့် သူကြီး မင်းစောမင်းတို့ နှစ်ဦး သည် ကားပိုင်ရှင်များနှင့် သွားရောက်တွေ့ဆုံရာ၊ တရုတ် ကားပိုင်ရှင်(၄)ဦးမှ လိုက်လံ ပို့ဆောင်ပေးမည်ဟု အာမခံခဲ့သည်။ မြန်မာ ကားပိုင်ရှင် (၂)ဦးကမူ အမိန့်ကို မလွန်ဆန်ရဲ သဖြင့် လိုက်လံ မပို့နိုင်ကြောင်း သိရသည်။ သတ်မှတ်သော ရက်သို့ ရောက်သောအခါ ဆရာ ဘိုဟေးက သူကြီးနှင့်အတူ လူအုပ်ကြီးကို ဦးစီးပြီး ချီတက်ပွဲစတင်သောအခါ စောကျော့ တယောက်လည်း ထိုအဖွဲ့နှင့်အတူ လိုက်ပါခဲ့သည်။ ကားဆိပ်သို့ ရောက်သော် ကား(၆)စင်း စောင့်ကြိုနေသည်ကို တွေ့ရသည်။ မြန်မာ ကားပိုင်ရှင် (၂)ဦးတို့ကလည်း ကရင်ပြည် ရရှိရေးအတွက် လိုလားသဖြင့် လာရောက်ကြိုဆိုခြင်းဖြစ်ကြောင်း၊ ခရီးစဉ် တခုလုံးအတွက် ၎င်းတို့ကားဖြင့် အခမဲ့ ကူညီမည်ဖြစ်ကြောင်းကို ဆရာဘိုဟေးကို ပြော ကြားပြီး လက်ဆွဲ နှုတ်ဆက်ကြကာ ချီတက်ပွဲ ခရီးကို ဆက်ကြသည်။

ဘုရားသုံးဆူကျေးရွာတွင် လူစုပြီးနောက် ရွှေဘိုနှင့် နောင်ဘိုဘက်မှ တက်လာ သော လူအုပ်စုများနှင့် ဆုံရမည့်နေရာကို ချိန်းဆိုပြီးနောက် ပဲခူးမြို့သို့ ဆက်လက် ချီတက် ကြသည်။ ပဲခူးချောင်း သံတံတားတွင် ဂိတ်မှ ပုလိပ်များသည် ဆန္ဒပြသူများ အနေဖြင့် တုတ်များကိုင်လာသည့်အတွက် မြို့တွင်းသို့ ဝင်ခွင့် မပေးနိုင်ကြောင်း ပြောဆိုရာ၊ ဆရာ ဘိုဟေးက တက်လာပြီး ဂိတ်မှူးများနှင့် တွေ့ဆုံကာ မိမိတို့ ယူဆောင်လာသော ခဲတံဝါး များသည်၊ ကောက်ညှင်းကျည်တောက် များသာဖြစ်ပြီး တုတ် မဟုတ်ပါကြောင်း၊ ထိုအရာ ကို ယူခွင့်မပေးနိုင်ပါက ၎င်းတို့ကို ထမင်းကျွေးမည်လားဟု မေးမြန်းရာ နောက်ဆုံးတွင် ဂိတ်မှူးမှ ခွင့်ပြုသဖြင့် မြို့တွင်းသို့ ဆက်လက် ချီတက်ခွင့် ရခဲ့သည်။ ရွှေဘို၊ နောင်ဘို ဘက်မှ ချီတက်လာသော အဖွဲ့နှင့် ပဲခူးမြို့လည်တွင် ဆုံဆည်းခဲ့ကြသည်။ (၂၀)ဦးတွင် ပိုစတာ စာတန်းကြီး တချပ်ကို ကိုင်ဆောင်ပြီး မြို့ကို ပတ်ကြသည်။ မြို့တွင်းသို့ ငြိမ်သက်စွာ ဆန္ဒပြချီတက်လာသော ကရင်လူထုကြီးကို မြို့ခံများက အိမ်ပေါ်မှ တခဲ့ျို့၊ လမ်းဘေးတွင် တခဲ့ျို့ လက်ဝှေ့ရမ်းပြပြီး ကြိုဆိုခဲ့ကြကြောင်းကို တွေ့မြင်ခဲ့ ရသည်။ ထိုစဉ်က ဆန္ဒပြသူ (၄)သောင်းခန့် ရှိ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မည်ဟု လူကြီးများထံမှ စောဂျော့ ကြားမိသည်။ ဆန္ဒပြပြီး မြို့တွင်း၌ အနားယူနေကြချိန်တွင် မြို့ခံ ပြည်သူများက ဆန္ဒပြသူများကို ၎င်းတို့ အိမ်များသို့ ခေါ်ယူပြီး ထမင်းဟင်းများဖြင့် ဧည့်ခံ ကျွေး မွေးကြသည့်အတွက် စောဂျော့ တို့သည်လည်း ပါလာသော ခဲတံ ကျည်တောက်ဝါး များကို အိမ်ရှင်များထံ လက်ဆောင် ပြန်ပေး ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆန္ဒပြ ချီတက်တောင်းဆိုချက်များ

၁။ ကရင်ပြည် ချက်ချင်းပေး၊
၂။ ကရင်တကျပ် ဗမာတကျပ် ချက်ချင်းပြ၊
၃။ လူမျိုးရေး အဓိကရုဏ်း အလိုမရှိ။
၄။ ပြည်တွင်းစစ် အလိုမရှိ။

ထိုဆန္ဒပြတောင်းဆိုပွဲတွင် ကရင်များဖြစ်ကြပြီး ကရင်စကား မပြောတတ်သူ မောင်လုံ ကျေးရွာမှ နှစ်ထောင်ကျော် ပါဝင်သည်။ ကရင်သင်တိုင်း အင်္ကျီ မရှိကြသည့် အတွက် ထုံးကြီးရွာသားများမှ အင်္ကျအညီ ပေးခဲ့ကြရသည်။ ပဲခူးရိုးမ တောင်ခြေ အင်းကြား၊ ကုန်းသာဒေး၊ ကမ်းနီ၊ ပိုင်အင်း ကျေးရွာများမှ ကရင်လူထုများမှာ ထမင်း ထုပ်များ ထုပ်ပြီး မနက် (၄)နာရီမှ စတင်ချီတက်ခဲ့ကြရာ လမ်းခရီးတွင် စစ်ဆေး မေးမြန်းမှု များကြောင့် အလွန် နောက်ကျကာ ပဲခူးမြို့သို့ ရောက်ခဲ့သည်။ ထိုအချိန် စောဂျော့တို့မှာ တစ်မြို့လုံး လှည့်လည် ဆန္ဒပြ၍ပင် ပြီးခဲ့ပြီဖြစ်သည်။ ဆန္ဒပြပွဲပြီးမှ ရောက်လာခဲ့ကြ သော ကြောင့် သူတို့အဖွဲ့သား များအတွက် လွန်စွာ ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ကြရ သေး သည်။

နောက်တရက်တွင် မြန်မာပြည် သတင်းစာ၊ စာနယ်ဇင်းများ၊ သုဝဏ္ဏတိုင်း ဂျာနယ် အပါအဝင် ဂျာနယ်များ အားလုံးတွင် ဖေဖော်ဝါရီ (၁၁)ရက်နေ့၌ ကရင်လူထုများ ကရင်ပြည် လိုလားကြောင်း၊ ကြွေးကြော်သံ (၄)ချက်ပါ ပိုစတာ ကြီးများ ကိုင်ဆောင်လျက် ငြိမ်းချမ်းစွာ အသံတိတ် ချီတက် ဆန္ဒ ဖော်ထုတ် သွားကြောင်း ဖော်ပြထားသည်ကို တွေ့ကြရသည်။ ငြိမ်းချမ်းစွာ ချီတက် ဆန္ဒပြပွဲ ကြီးသည် ဗမာပြည်တွင်သာမကဘဲ ကမ္ဘာတွင်ပါ ပထမဦးဆုံး အငြိမ်းချမ်းဆုံး ဆန္ဒပြပွဲကြီး တခုဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့သည်။ ထိုနည်းတူ နိုင်ငံတကာမှ သတင်းစာ၊ ဂျာနယ်များတွင်လည်း ကရင် လူမျိုးများ ကျင်းပပြုလုပ်ခဲ့သည့် စည်းကမ်းရှိလှသည့် ထို အသံတိတ်ချီတက်ဆန္ဒပြပွဲသည် ပထမဦးဆုံး ဖြစ်ကြောင်း ကို မှတ်တမ်းတင်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖ၊ ဆ၊ ပ၊ လ၊ ၏ တုန့်ပြန်မှု

ကရင်အမျိုးသားထုကြီး၏ ဆန္ဒပြတောင်းဆိုခဲ့မှုကြီးကို (ဖဆပလ) ဦးနုအစိုး ရက ထောက်ခံမည်လား မထောက်ခံဘူးလား ဆိုသည်ကို ကရင်လူမျိုးများ မသိ ကြရသေး သော်လည်း မကြာမီ ရက်ပိုင်းအတွင်းမှာပင် မဟာဗမာ လူမျိုးကြီးဝါဒ လိုလားသော ပုဂ္ဂိုလ် များသည် ကရင်ကျေးရွာငယ်များသို့ ဝင်ရောက် ခြိမ်းချောက်ခြင်း အကျပ်ကိုင်ခြင်း များကို လုပ်ဆောင်လာကြသည်။ ကရင်နှင့် ဗမာ ချစ်ကြည် ရင်းနှီးမှုကို မဖော်ဆောင်ဘဲ၊ ကရင်-ဗမာ ရန်ပွဲ လူသတ်ပွဲများကြောင့် မုန်းတီးမှုများ အစပျိုးလာခဲ့ပြီကို စောဂျော့တို့ ကြားသိရသည်။ ကရင်ကျေးရွာ ငယ်များတွင် ကျွဲ နွားများ အခိုးခံကြရသည်။ ညဉ့် အချိန်တွင် လက်နက်ငယ် များဖြင့် ပစ်ခတ်သော အသံများလည်း ကြားလာရသည်။ တဖြည်းတဖြည်းနှင့် ကရင်ရွာငယ် များသို့ ဝင်ရောက်လာကြပြီး ရွာသားများကို မောင်းထုတ် သဖြင့် ကရင်ရွာသူ ရွာသားများမှာ ကြောက်လန့်၍ အဝတ်တထည် ကိုယ်တခုဖြင့် ထွက် ပြေး ခဲ့ကြရသည်။ မြန်မာများ ကရင်ရွာ များသို့ ဝင်ရောက်လာကြပြီး အိမ်ရှိအဖိုးတန် ပစ္စည်းများ၊ ကျွဲ များ နွားများ အိမ်မွေးတိရိစ္ဆာန် များအပြင် ဆန်၊ စပါးတို့ကိုပါ သယ်ဆောင်သွားကြပြီး သယ်၍ မကုန်သော ပစ္စည်းများနှင့် အိမ်များကိုမူ မီးတိုက်ခဲ့ ကြသည်။ ထွက်ပြေး လွတ်မြောက်လာကြသော ကရင်ရွာသားများ မှာ ထုံးကြီးကျေးရွာသို့ ဝင်ရောက် နေထိုင်ခဲ့ကြသည်။ ထုံးကြီးရွာကြီးတွင်နေထိုင်ကြသော မြန်မာတိုင်းရင်း သားများကို ဆရာဘိုဟေး နှင့် အဖွဲ့သားများက ကရင်အမျိုးသားများအား မ ကြောက်ကြ မလန့်ကြဖို့ ညီရင်းအစ်ကိုကဲ့သို့ သဘောထား နေထိုင်ကြရန် တပတ်လျှင် (၂)ကြိမ်၊ (၃) ကြိမ်ခန့် ခေါ်ယူ ဆွေးနွေး အားပေးသည်ကိုလည်း တွေ့ရသည်။

အင်းစိန် K.N.U. ဗဟို ဌာနချုပ်မှ သတင်းပေးပို့ချက်အရ အရှေ့တိုင်းတွင် သထုံ၊ မော်လမြိုင်၊ ဘိတ်-ထားဝယ်နှင့် မြစ်ဝကျွန်းပေါ် ဒေသများတွင် ဗမာ့ တပ်မတော်သည် ကရင်ရွာ များသို့ ဝင်ရောက်တိုက်ခိုက်ရာ လူကြီး လူငယ်မရွေး ဖမ်းမိသူ အားလုံးကို ပစ်သတ်ခြင်း၊ အမျိုးသမီး ကြီး ငယ်မရွေး၊ မုဒိမ်းကျင့်ခံ ကြရခြင်းအပြင် အိမ်ရှိပစ္စည်းများ ရွှေ၊ ငွေ၊ အဝတ်အထည်များ၊ ဆန်၊ စပါး၊ ပရိဘောဂ ပစ္စည်းများကိုပါ သယ်ယူသွားခြင်း အခု်ိုအိမ် များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ မြန်မာတို့ သည် ကရင် တို့အပေါ် ရန်စပြီး ကရင်-ဗမာ အဓိကရုဏ်းဖြစ်စေရန် လှုံ့ဆော် ဖန်တီးနေ ကြသော်လည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်တို့အား ကလဲ့စားချေခြင်းကို လုံးဝ မပြုလုပ်ကြရန်၊ ဖြစ်နိုင်သမျှ အတတ်နိုင်ဆုံး ရှောင်ရှားကြရန် ညွှန်ကြားချက်ကို ကေအဲန်ယူ ဗဟိုမှ အမိန့်ထုတ် ပြန်ထားခဲ့သည်။ ထို ညွှန်ကြားချက်ကြောင့် ကရင်တို့က လိုက်နာ ဆောင်ရွက်ပြီး၊ ပြဿနာ များကို ခက်ခဲစွာ ရှောင်ရှားခဲ့ကြသည်ကို တွေ့ရသည်။ ရွာငယ်များမှ ကရင်များသည် ရွာကြီးများသို့ သွားရောက်စုဝေး နေထိုင်ကြရာ ထုံးကြီးကဲ့သို့သော ရွာမှာ အိမ်ခြေ သောင်း ဂဏန်းအထိပင် ကြီးမားသွားခဲ့သည်။ ထုံးကြီးရွာတွင်လည်း K.N.D.O. တပ်ရင်းမှူး ဗိုလ်မှူးကြီးမောင်ညွန့်နှင့် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးလင်းထင် တို့၏ တပ်အင်အား (၁,၆၀၀) ခန့်သည် သထုံနယ်၊ စစ်တောင်းချောင်းဝမှ ကူးလာပြီး၊ ရွှေဘို၊ နောင်ဘိုရွာ မှတဆင့် ထုံးကြီး၌ ဝင်ရောက် အနားယူ နေသော အချိန် ဖြစ်သည်။ အထက်လူကြီးများ၏ အမိန့် ညွှန်ကြားချက် မရမချင်း ကျနော်တို့ စောင့်ဆိုင်းနေ ရမှာပဲဟု ထုံးကြီးကျေးရွာ လူကြီးများအား ပြောပြခဲ့သည်။ (၂)လနီးပါး ထုံးကြီး ကျေးရွာတွင် နေထိုင်ပြီး၊ အင်းစိန် ဌာနချုပ်မှ အမိန့်ကို စောင့်ဆိုင်းခဲ့ကြရသည်။ အမိန့်စာ ရောက်ရှိသည်နှင့် ဗိုလ်မှူးကြီး မောင်ညွန့် ဦးဆောင်သော အင်အား (၉၀၀)ကျော်သည် အင်းစိန်သို့ ချီတက်ခဲ့သည်။ ဒုတိယ တပ်ရင်းမှူးလင်းထင်နှင့် နောက်လိုက် ရဲဘော် (၇၀၀)ကျော် ကျန်ခဲ့ပြီးနောက်၊ (၁၅)ရက် ခန့်တွင် အင်းစိန်မှ နောက်ထပ် အမိန့်စာ ထပ်မံ ရောက်လာပြန်သဖြင့် အင်အား (၂၀၀)ကို ထပ်မံ စေလွှတ်ခဲ့ပြန်သည်။ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ အတွင်းတွင် ထုံးကြီးဈေးတန်း ရပ်ကွက်၌ နေထိုင်ခဲ့သော မြန်မာလူမျိုး (၂၀၀) ကျော်တို့သည် တည တည်းတွင် စုပေါင်းတိုင်ပင်ပြီး ထွက်ပြေးကြသည်ကို ကရင် လူကြီးများက ထောက်ရှုပြီး အခြေအနေ မကောင်းတော့ကြောင်း၊ ရွာကို မြန်မာတပ်များ ဝင် ရောက် တိုက်ခိုက် တော့မည် ဖြစ်ကြောင်း တွက်ဆမိကြသည်။ ထို့ကြောင့် သတိ ကြီးကြီး ထားခဲ့ကြသည်။ နိုဝင်ဘာလလယ်တွင် မြန်မာစစ်တပ်များက ကားလမ်း၊ မီးရထားလမ်း အတိုင်း ကား ရထားများဖြင့် ချီတက်လာကြပြီးနောက် ထုံးကြီးရွာ ကြီးအား မနက်(၈)နာရီခန့် တွင် စတင် ဝင်ရောက်တိုက်ခိုက်ရာ ညနေ (၆)နာရီ အထိပင် ဖြစ်သည်။ ကရင်တို့ သတိရှိခြင်း ကြောင့် ရွာကို မသိမ်းပိုက်နိုင်ဘဲ အထိ အခိုက် အကျအဆုံးများစွာဖြင့် ပြန်ဆုတ်သွားကြ သည်။ ထုံးကြီးရွာစောင့် ကရင် တပ်သားများက သထုံဘက်သို့ ပြန်ဆုတ်သွားသော ဗမာတပ် များ နောက်သို့ လိုက်လံ တိုက်ခိုက်မည်ကို ကျေးရွာလူကြီးနှင့် ဒုရင်းမှူး လင်းထင်တို့က ခွင့်ပြုချက် မပေးသဖြင့် ပြန်ရောက်လာသည်ကိုလည်း စောဂျော့တယောက် တွေ့ခဲ့ရသည်။

ထိုဖြစ်ရပ်များအပေါ် စောဂျော့သည် မခံမရပ်နိုင်ဖြစ်၍ ဗမာစစ်တပ်ကို တော်လှန်ရန် တော်လှန်ရေးထဲသို့ ဝင်ရောက်မည့်အကြောင်း မိခင်ကို ပြောကြားခဲ့သော်လည်း မိခင် ဖြစ်သူမှာ ခွင့်မပြုသဖြင့် မိခင်ဆန္ဒကို လိုက်နာကာ တော်လှန်ရေးထဲ သို့ မရောက်ခဲ့။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ပထမ အပတ်တွင် အင်းစိန်ရှိ ကေအဲန်ယူ ဗဟို ဌာန ချုပ်ကို (ဖဆပလ) အစိုးရမှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ ခြင်းနှင့် ကေအဲန်ယူကို မတရားအသင်းအဖြစ် ကြေညာခဲ့ခြင်းကြောင့်၊ ကရင်တိုင်း မိမိတို့ ရှိရာ ဌာနီ ဒေသတိုင်းတွင် ရရာလက်နက်ဖြင့် ခုခံ တွန်းလှန်ကြရန်၊ ကရင်လူငယ် လူရွယ်များ အသက်(၁၆)နှစ်မှ (၄၅)နှစ်အတွင်း အသက် ပြည့်သူများအားလုံး စစ်မှုထမ်း ကြရန် ကေအဲန်ယူ ဗဟိုမှ ညွှန်ကြားလိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေးအတွက် မိခင်၏ ခွင့်ပြုချက်

အစည်းအဝေးမှ မိခင်ကြီး အိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ “ငါ့သား၊ နှင် (၁၆)နှစ်ရှိပြီ၊ K.N.U. ဗဟိုက အရွယ် ရောက်သူတိုင်းစစ်ထဲဝင်ရန် ညွှန်ကြားလာပြီ ဖြစ်တဲ့ အတွက် မနက်ဖြန် ကျေးရွာ စစ်သား စုဆောင်းရေးရုံးကို သွားပြီး စစ်မှုထမ်းဖို့ စာရင်းသွား သွင်းပါ”ဟု ပြောသဖြင့်၊ ဝမ်းသာပြီး မနက် စောစောထကာ စစ်သား စုဆောင်း ရေးရုံးသို့ သွားရောက်ခဲ့သည်။ အိမ်မှ မထွက်မီ မိခင်မှ “စစ်သင်တန်း (၆)လ သို့မဟုတ်၊ တနှစ်ခွဲသာ စာရင်းသွင်းပါ။ ငါ့သား ကျောင်းဆက်တက်ရဦးမယ်ဆိုတာကို သတိပြုပါ”ဟု မှာလိုက်သည်။ စောဂျော့ သည်လည်း စစ်သားစုဆောင်းရေးတွင် တနှစ်ခွဲကြာ စစ်မှုထမ်းမည့်အကြောင်း ကတိပြုခဲ့သည်။ စောဂျော့ကဲ့သို့ပင် စစ်ထဲဝင်ရန် စာရင်းသွင်းသူ လူပေါင်း (၁,၀၀၀) ကျော် ခန့် ရှိခဲ့သည်။ ကိုယ့်သေနတ် ကိုယ် ယူဆောင်လာကြသူများ ရှိသကဲ့သို့ သေနတ်မပါသူများ လည်း အတော်များများ ပါကြောင်း တွေ့ရသည်။ စောဂျော့ မှာမူ သူ့ကိုယ်ပိုင် ဂျပန်ရိုင်ဖယ်တ လက် ပါသွားသည်။ တပ်သားသစ် စာရင်း သွင်းပြီးနောက် သင်တန်းတက်ကြရမည်ဟု လူ တိုင်းက ခန့်မှန်းထား ကြသော်လည်း စစ်ပူနေချိန် ဖြစ်သဖြင့် သင်တန်းမတက်ခဲ့ရဘဲ စစ်မြေပြင်သို့ ရောက်ခဲ့ကြရသည်။

၁၉၅၂ ခုနှစ်တွင် စောဂျော့သည် တော်လှန်ရေးသက်တမ်း (၃)နှစ်ပြည့် ခဲ့သည်။ ပညာ ဆက်လက် သင်ယူနိုင်ရေးအတွက် တပ်ရင်းမှူးထံတွင် ခွင့်တောင်း ခဲ့သည်။ တပ်ရင်းမှူးမှ “မင်းကို ပညာဆက်သင်ဖို့ ခွင့်မပေးနိုင်ဘူး။ တော်လှန်ရေးကိုဘဲ ဆက်လုပ် ရမည်”ဟု ပြန်ကြားသဖြင့် စောဂျော့တယောက် အမိန့်နာခံပြီး တော်လှန်ရေး တာဝန်ကို ဆက်လက် ထမ်း ခဲ့ရသည်။

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ် သဘောတရား

၁၉၅၄ ခုနှစ် ဇန်နဝါရီလ ပထမ အပတ်တွင် မမျော်လင့်ဘဲ မြစ်ဝကျွန်း ပေါ်တိုင်းမှ ဗဟိုကော်မတီ (၂)ဦး မီးရထားဖြင့် ပိန်းဇလုပ်မြို့ဘူတာတွင် ဆင်းပြီး ထိုးဝါးစိုက် ကျေးရွာ မှ တဆင့် ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင် နယ်မြေသို့ ရောက်ရှိလာခဲ့သည်။ စော ဂျော့တယောက် ထိုသူနှစ်ဦးအားတွေ့စဉ် မည်သည့် အဘိုးကြီးတွေများ ရောက်လာ သနည်း

ဟု စုံစမ်းကြည့်ရာ ထိုသူနှစ်ဦးမှာ ကေအဲန်ယူဗဟိုဌာနချုပ်မှ ပေးလိုက်သော လက်မှတ်ကို ထုတ်ပြမှ ထိုသူများသည် ကေအဲန်ယူဗဟိုဌာနချုပ်မှ ဗဟိုကော်မတီ ခေါင်းဆောင်များ ဖြစ်ကြောင်း သိရသဖြင့်၊ ရွာသူရွာသား (အရပ်သား)များ မသိရလေ အောင် ထားရှိပြီး သူနှင့် အတူ တညအိပ်ကာ နောက်တနေ့တွင် တပ်ရင်း(၂) တပ်ရင်းမှူး ဆာတူဂေါ်ထံသို့ ပို့ပေးခဲ့သည်။ စောကျော့တယောက် (၅)နှစ်ကျော် သက်တမ်းတွင် ပထမဦးဆုံး အကြိမ် ဗဟိုကော်မတီဝင် ပဒိုမန်းသိန်းနှင့် ပဒိုဘထွန်းတို့ နှစ်ဦးကို တွေ့ခဲ့ ရဘူးပြီး၊ ထို ပုဂ္ဂိုလ်များမှ စောကျော့အား တော်လှန်ရေးအကြောင်း ကေအဲန်ယူ လမ်းစဉ် လုပ်ငန်းစဉ် အကြောင်းတို့ကို ရှင်းပြခဲ့ကြသည်။ သူတို့၏ တာဝန်မှာ မြစ်ဝကျွန်း ပေါ်တိုင်း ဝိန့်ထောင်ကွန်ဖရင့်မှ ချမှတ်လိုက်သော ကရင့်တော်လှန်ရေး လမ်းစဉ်ကို လာရောက် ရှင်းလင်း ပြသခြင်းဖြစ်သည်။ ဝိန့်ထောင်ကွန်ဖရင့်မှ ပထမ လမ်းစဉ်ဖြစ်သော စစ် အုပ်ချုပ်ရေးကို ဖျက်သိမ်းလိုက်ပြီး၊ ဒုတိယလမ်းစဉ်ခေါ် အမျိုးသား ဒီမိုကရေစီ လမ်းစဉ်မှာ ပြည်သူ့ အုပ်ချုပ် ရေးကို ချမှတ်ရန်၊ ပြည်သူကို အာဏာ အပ်ရန်၊ ဒုတိယ လမ်းစဉ်သည် ကေအဲန်ယူ ပါတီက ရှေ့ဆောင်ရမည် ဖြစ်ပြီး၊ မာစ်ဝါဒ၊ လီနင်ဝါဒကို လမ်းညွှန်အဖြစ် ခံယူရမည် ဖြစ်သည်။ လူမျိုးတိုင်း ကိုယ်ပိုင် တန်းတူ ရည်တူ အခွင့်အရေး အပြည့်အဝ ရရှိစေရမည်။ ကိုယ်ပိုင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြည်နယ်၊ ဖက်ဒရယ် ပြည်ထောင်စု သမ္မတ နိုင်ငံကို ထူထောင်ရန် ဖြစ်သည်။ ဦးစွာ ထိုလမ်းစဉ်ကို ကျောက်ကြီးမြို့နယ်တွင် သင်တန်း များ စတင်ပေးရန် ဗဟိုက တာဝန်ပေးလိုက်ခြင်း ဖြစ်သည်နှင့် သင်တန်း ပို့ချရာ၌ စောကျော့က လုံခြုံ ရေးတာဝန်ယူပေးခဲ့ရသည်။

ခေါင်းဆောင်ကြီးနှစ်ဦး သင်တန်းပေးနေစဉ်တလျောက် စောကျော့သည် လုံခြုံရေး တာဝန်ယူရသဖြင့် ထို ခေါင်းဆောင်ကြီးများနှင့် အတူနေ အတူစား အတူအိပ် ရသည့် အချိန်ကာလအတွင်း၊ မြစ်ဝကျွန်းပေါ် အခြေအနေ၊ ပဲခူးရိုးမ အခြေအနေတို့ကို စောကျော့ အား ရှင်းပြခဲ့သည်။ ဒုတိယလမ်းစဉ် ဖြစ်ပေါ်လာရပုံကို စောကျော့အား အသေအချာပင် ရှင်းပြသကဲ့သို့ ဒုတိယလမ်းစဉ်၏ စံပြ ရဲဘော် တဦးဖြစ်အောင် ကြိုးစားရန်လည်း တိုက်တွန်းခဲ့သည်။ ထို ကိစ္စသည် ဗဟိုမှ ချမှတ်လိုက်သော လမ်းစဉ်ဖြစ်သည့်အတွက် စောကျော့မှ လက်ခံပါသည်။ သို့သော်လည်း မာက်စ်ဝါဒ လမ်းစဉ်ကို လမ်းညွှန်သဖွယ် ကျင့်သုံးရမည်ကိုမူ စောကျော့ တယောက်အတွက် သံသယ ရှိခဲ့သည်။ ကရင့်တော်လှန် ရေးသည် ကွန်မြူနစ် တော်လှန်ရေး ဖြစ်သွားမည်ဆိုပါက၊ အာဏာရှင်စံနစ် တည်ဆောက် ရေးပင် ဖြစ်ပေတော့မည်။ ယခင်

ကျင့်သုံးခဲ့သော ပထမ လမ်းစဉ်နှင့် အတူတူပင် ဖြစ်နေ မည်လားဟု မေးမြန်းခဲ့ရာ စောကျော့အား ထိုနေ့ ညဉ့်နက်သည့်တိုင် ရှင်းပြခဲ့သည်။ သို့သော် စောကျော့ကမူ လက်မခံနိုင်သေး။ ထို့ကြောင့် စောကျော့က မက်စ်ဝါဒ လမ်းညွှန်မှုကို ဖယ်ထားလို့ မရနိုင်ဘူးလား၊ ထိုသို့ ဖယ်ထုတ်ထားရင်ကော တော်လှန်ရေး က မအောင်မြင်နိုင်ဘူးလားဟု မေးပြန်သည်။ ထိုအခါ ခေါင်းဆောင်များက မဖြစ်နိုင် ကြောင်း ပြန်လည်ရှင်းပြသည်။

စောကျော့တို့ တပ်စု တာဝန်ကျရာဒေသသည် ပဲခူးရိုးမနှင့် အရှေ့ရိုးမသို့ ဖြတ်သန်း သွားလာရန် လမ်းကြောင်းတခုဖြစ်သဖြင့် စောကျော့သည် ခေါင်းဆောင် ကြီးများနှင့် တွေ့ဆုံရတိုင်း နိုင်ငံရေး အခြေအနေများကို မေးမြန်း မှတ်သားခွင့် ရခဲ့သည်။ ထိုအချိန် စောကျော့၏ တပ်စုမှူးနှင့် ဒုတပ်စုမှူးတို့ (၂)ဦးသည် အိမ်ထောင်ရေး အခက် အခဲကြောင့် အများအားဖြင့် နောက်တန်းတွင် ပြန်ရောက် နေသည်က များသဖြင့် ထိုနေရာကို စောကျော့က တာဝန်ယူ ကူညီ လုပ်ကိုင်ပေး နေခဲ့ ရသည်။

တော်လှန်ရေးသမားတဦး၏ ပြင်ဆင်မှု

တော်လှန်ရေးသက်တမ်းရှည်လာသည်နှင့်အမျှ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ တိုင်း ကရင့်တော်လှန် ရေးအခြေအနေများကို သိရ မှတ်သားရသည်။

ဥက္ကဋ္ဌကြီးမန်းဘဇန်၊ ဗိုလ်ချုပ်ကျော်မြသန်း၊ ဗိုလ်မှူးချုပ်တင်ဦး (ခေါ်) တာအယ်၊ ဗိုလ်မှူးချုပ်စီးပလိန်း၊ ဆရာစကောလယ်တော၊ ဗိုလ်မှူးကြီးသန်း အောင်၊ ဗိုလ်မှူးကြီး မောင်မောင်၊ ဗိုလ်မှူးကြီးလောကွား၊ ဗိုလ်မှူးချုပ်ကျင်ဖေ (ခေါ်) ကိုးဒို၊ ဗိုလ်မှူးထိုကြည် တို့ထံမှ အရှေ့တိုင်း အနောက်တိုင်း အခြေအနေ အချက်အလက်များ များစွာကို သိရှိ နားလည်ခဲ့ရသည်။

အရှေ့တောင်ခြေ၊ ညောင်လေးပင်ခရိုင် K.M.P (Kaw-Thoolei Mility Police) ဖရိုဘုတ်မာရှယ်၊ ဗိုလ်မှူးဂျော့၊ ပဒိုတာမလာဘော၊ ဗိုလ်ချုပ်ကြီးမင်းမောင်၊ ဗိုလ်မှူးကြီး စမ်းမရာယ်၊ ဗိုလ်မှူးနားမူး၊ ဗိုလ်မှူးကြီးစောသန်း၊ စောသိန်း၊ ပဒိုဇော့ကနီ (တောင်ငူခရိုင်) နှင့် ဗိုလ်ချုပ်ကြီးမြ၊ A.G (Adjutant General) လှထူး တို့ထံမှ အချက်အလက်များ ကိုလည်း ရရှိခဲ့သည်။ အထူးသဖြင့် တောင်ငူ စစ်အုပ်ချုပ်ရေးစတင် ပေါ်ပေါက်ခဲ့ရပုံ အကြောင်းအချက်များကို ဖရို

ဘုတ်မာရှယ်၊ ဗိုလ်မှူးကျော့၊ ပဒိုတာမလာဘော၊ ဗိုလ်မှူး စောသန်း၊ ဗိုလ်မှူးကြီးစောသိန်းနှင့် ပဒိုရော့ကနီ တို့ထံမှ သိရှိခဲ့ရသည်။

ကရင့်တော်လှန်ရေးတွင် ခေါင်းဆောင်များနှင့် ရှေ့မီ နောက်မီ လူကြီးများမှ အင်္ဂလိပ် မင်းခေတ်၊ ဂျပန်ခေတ်၊ B.I.A. ခေတ် B.I.A. တို့၏လုပ်ရပ် ပင့်ကူ တပ်ဖွဲ့ကို ဖွဲ့စည်းပြီး ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့မှု ကရင့်တော်လှန်ရေး စတင် ဖြစ်ပေါ်လာပုံ အရှေ့တိုင်း အခြေအနေတို့ကို ဆွေးနွေး သုံးသပ်ပြခဲ့သည့် အကြောင်း အချက်များမှာ စောကျော့၏ တော်လှန်ရေး ခရီးအတွက် များစွာ အထောက်အကူပြုခဲ့သည်။ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်မှ ချမှတ်လိုက်သော ကရင့်တော်လှန်ရေးကောင်စီ (K.R.C.) ဖွဲ့စည်းရန် ဆွေးနွေးကြစဉ် စောကျော့သည် ကရင့်တော်လှန်ရေး၌ ယခုအချိန် ကရင့်တော်လှန်ရေး ကောင်စီ ဖွဲ့စည်းခြင်းမှာ အချိန်စောသေးသဖြင့် ဖွဲ့စည်းခြင်း မပြုရန် ကန့်ကွက်ခဲ့သူ တဦး ဖြစ်သည်။ သို့သော်လည်း အများစုမှ သဘောတူ ဆုံးဖြတ်ကြသဖြင့် စောကျော့တယောက် လက်ခံ ခဲ့ရသည်။

အဘိုးဖြစ်သူမှာ အင်္ဂလိပ်ခေါင်းဆောင်များ၊ အင်္ဂလိပ် စစ်ဗိုလ်များနှင့် ပေါင်းသင်းဆက်ဆံ အလုပ်လုပ် ကိုင်ခဲ့ရခြင်းကြောင့် အင်္ဂလိပ်တို့အတွက် ကရင်များမှ မည်မျှအထိ ပံ့ပိုးပေးခဲ့ကြသည်ကို စောကျော့ ကောင်းစွာ သိခဲ့ရသည်။ ထို့ကြောင့် အင်္ဂလိပ်များသည် အုပ်ချုပ်ရေး အာဏာကို ကိုင်ထားသူများဖြစ်ပြီး၊ ထိုမျှကူညီ ပေးခဲ့သော ကရင်များကို ၎င်းတို့လက်လွတ်ရမည့်အချိန်တွင် အဘယ်ကြောင့် ကရင်များလိုလားသော ကရင်ပြည်ကို မပေးခဲ့ခြင်းကိုလည်း မေးခွန်း ထုတ်ခဲ့ဖူးသည်။ ဗမာပြည်ကို လွတ်လပ်ရေးမပေးမီ အင်္ဂလိပ်အစိုးရက ကော်မရှင် တခုဖွဲ့ကာ ကရင်လူမျိုးများအတွင်း လှည့်လည် လေ့လာ ခဲ့ကြသည်။ လေ့လာချက်များအရ ဖာပွန် ကရင်များသည် အင်္ဂလိပ်လက်အောက်တွင် ဆက်လက်နေ ထိုင်လိုကြပြီး ကရင်ပြည်ကို လိုချင်သူများမဟုတ်ကြောင်း၊ မော်လမြိုင်၊ သထုံနှင့် ပဲခူးရှိ ကရင်ခေါင်းဆောင်များမှာမူ ကရင်ပြည်ကို ရယူလိုကြကြောင်းနှင့် မြစ်ဝကျွန်းပေါ် ကရင်ခေါင်းဆောင် ပညာတတ်များကမူ ဗမာပြည်နှင့်အတူတကွ ပူးပေါင်း နေထိုင်လိုကြသည်ဟူသော အချက် (၃)ချက်ကို ပြန်လည် တင်ပြလာသဖြင့်၊ အင်္ဂလိပ် တို့သည် ကရင်တို့၏ ကရင်ပြည် တောင်းဆိုချက်ကို အလေး မထားရခြင်းဖြစ်ကြောင်း၊ ကရင်များသည် နိုင်ငံရေး အမြင် ကွဲပြားပြီး ညီညွတ်ခြင်း မရှိသည့်အတွက် ထိုသို့ ဖြစ်ခဲ့ ရကြောင်း သိခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောဘဦးကြီး နှင့် ဦးနု

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြည်တွင်းစစ်ကို မည်သူ ဖန်တီးသလဲ

နိဒါန်း

ပြည်တွင်းစစ် အနှစ်(၇၀)ကျော်ခဲ့သည့်တိုင် မရပ်စဲနိုင်သေး။ ဤမျှ ကြာရှည်သော ပြည်တွင်းစစ်ကို ဖန်တီးသူ တရားခံကို တိတိကျကျ ဖော်ပြနိုင်ခြင်း မရှိကြ၍ မသိရှိကြ။ ထို မျှအရေးကြီးသော ကိစ္စကို ရှာဖွေ ဖော်ထုတ်ခြင်းမပြုပါက အနာဂတ်လူငယ်များအတွက် အခက်ဖြစ်ပေမည်။

ပြည်တွင်းစစ်သည် မြန်မာလူမျိုးအချင်းချင်း ရန်စ စစ်ပြု တိုက်ခိုက်ရာမှ စခဲ့သော စစ်ပွဲလော။ သို့တည်း မဟုတ်၊ ကရင် နှင့် ဗမာ ရန်စ စစ်ပြု တိုက်ခိုက်ရာမှ စခဲ့သလော၊ သို့ လော သို့လော မေးခွန်းများသည် မျိုးဆက်သစ် လူငယ်များအတွက် မေးစရာ မေးခွန်း တခု ဖြစ်ခဲ့သည်။ ရာစုနှစ် တခုနားသို့ ပင်ကပ်လာပြီဖြစ်သာ ပြည်တွင်း စစ်အကြောင်းကို လေ့လာ ဆန်းစစ်မှုမပြုပါက စတင်ဖြစ်ပေါ်ရာ အရင်းခံ အကြောင်းအရာများမှာ ပပျောက် သွားနိုင်ပေ သည်။

စစ်ကို မည်သူမျှ လိုလားကြမည်မဟုတ်ပါ။ စစ်ဖြစ်သည်ဆိုပါက သေကြသည်။ ကျေးရွာ အိုး အိမ်များ မီးရှို့ဖျက်ဆီးခံကြရသည်။ ဥစ္စာပစ္စည်းများ ရွှေ ငွေ နှင့် အခြား ပိုင်ဆိုင်မှုအားလုံး လုယက်ခြင်း အနိုင်ကျင့်ခြင်း ခံကြရမည်။ ကျွဲ နွား ကြက် ဝက် ဘဲ စသော အိမ်မွေးတိရစ္ဆာန်များလည်း အလုအယက်ခံကြမည်၊ ဆုံးရှုံးမှုများ တွေ့ကြုံကြ ရမည်။ မုဆိုးဖို၊ မုဆိုးမများ ဖြစ်ခဲ့ကြရခြင်းကြောင့် မိဘမဲ့ ကလေးများ ပေါများလာမည်။ စီးပွားရေး လုပ်ငန်းကိုင်ငန်းများ ကျဆင်းလာခြင်းကြောင့် ဆင်းရဲဒုက္ခတွေ့ ကြုံကြရမည်။ ငြိမ်းချမ်းစွာ အလုပ်အကိုင်များ မလုပ်နိုင် မကိုင်နိုင်သကဲ့သို့ အိပ်ချိန်တန် ကောင်းမွန်စွာ အိပ်စက် အနားမ ယူနိုင်ခြင်း၊ ရှောင်ရ တိမ်းရ၊ ပြေးရ ပုန်းရခြင်းတို့ကြောင့် အလုပ်အကိုင် ရှားပါးပြီး မ တည်ငြိမ်မှု ကြောက်လန့်မှုများ ဖြစ်ခြင်း၊ တရားမဲ့မှုများကြောင့် အေးချမ်း တည်ငြိမ်မှုနှင့် တ ဦးချင်းမှ တမျိုးသားလုံး၊ တတိုင်းတပြည်လုံးအထိ တိုးတက်မှုကို ရရှိနိုင်မည် မဟုတ်ခြင်း စသည်တို့ကို တွေ့ကြုံကြရမည် ဖြစ်သည်။

စစ်ကြောင့် ကိုယ့်အခြေချ၊ ဓါးမဦးချ မြေကိုပင် ကိုယ်မပိုင်နိုင်ပါက လူ တဦးအဖြစ် အသက်ရှင် နေထိုင်နေကြသည်ဆိုသော်ငြား၊ မိမိတို့မှာ သေလူနှင့် မခြားသကဲ့သို့ ဖြစ်ပေ

လိမ့်မည်။ မွေးရာပါ အခွင့်အရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး မရှိပါက လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာရေး ဓလေ့ထုံးစံ၊ နိုင်ငံရေး၊ လူမျိုးတမျိုး အခွင့်အရေးများကို စီးနင်း ချုပ်ကိုင်ခံရခြင်း များလွန်းပါက လွတ်လပ် ငြိမ်းချမ်းစွာ အခွင့်အရေး ရရှိရေး တောင်းဆိုလာကြမည်မှာ အသေအချာပင် ဖြစ်သည်။ လူမျိုးတမျိုး၏ ငြိမ်းချမ်းစွာ တောင်း ဆိုလာသော အခွင့်အရေးကို အုပ်စိုးသူ လူတန်းစားက လက်မခံ ပယ်ချ ပြီး၊ မတရားအသင်းဟု ကြေညာ၍ စစ်ပြု တိုက်ခိုက်လာရာမှ အခွင့်အရေး တောင်းဆိုလာ သော လူမျိုးတမျိုး (သို့တည်း မဟုတ်) လူတန်းစား တရပ်တို့မှာ ရရာ လက်နက်ဖြင့် မလွဲ မ ရှောင်သာသဖြင့် ပြန်လည် ခုခံကြရခြင်းဖြစ်သည်။ စစ်ကို မလိုလား သော်လည်း တဖက်မှ စစ်တပ်အလုံးအရင်းဖြင့် အကြမ်းဖက် ထိုးစစ်ဆင် တိုက်ခိုက်လာ ခြင်းကြောင့် ရှောင်လွှဲ၍ မ ရသည့်အဆုံးတွင် ခုခံစစ်ကို ဆင်နွှဲကြ ရမည် ဖြစ်သည်။

စစ်ကို အကြမ်းအားဖြင့် (၂)မျိုး ခွဲခြားမိရာ တရားသောစစ်နှင့်၊ မတရားသော စစ်တို့ သာ ဖြစ်သည်။ ယနေ့ ဗမာပြည်တွင်းစစ်သည် အုပ်စိုးသူ မဟာဗမာ ပဒေသရာဇ် စစ် အာဏာရှင် လူတန်းစားနှင့် ကရင်အမျိုးသား၊ တိုင်းရင်းသား လူမျိုးစုများ (မြန်မာ လူမျိုး အပါအဝင်)တို့ ပါဝင် ဆင်နွှဲနေသော စစ်ဖြစ်သည်။ ထို ပဋိပက္ခကို အခြေခံပြီး မည်သူ တွေက တရားပြီး မည်သူတွေက မတရားသနည်း ဆိုသည်ကို ရှာဖွေကြရမည်ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးချိန်ကာလ

အင်္ဂလိပ်စစ်တပ်သည် ဖက်ဆစ်ဂျပန်များကို မခုခံနိုင်သဖြင့် ဗမာပြည်ကို လက်လွှတ် ခဲ့ရပြီး အိန္ဒိယသို့ ဆုတ်ခွာသွားချိန်တွင် ကရင်သေနတ်ကိုင် တပ်ရင်း (၃)နှင့် ကချင် သေနတ် ကိုင်တပ်ရင်းတို့ လိုက်ပါ သွားခဲ့ ကြသည်။

အိန္ဒိယပြည် နယ်စပ်တွင် (၂)နှစ်ကျော် နေရာယူ တပ်ချထားခဲ့ပြီး ကရင် သေ နတ်ကိုင် တပ်ရင်းမှ တပ်မှူး(၄၀)ကျော်တို့ကို ဗမာပြည်တွင်းသို့ ပြန်လည် ဝင်ရောက် တိုက်ခိုက်နိုင်ခဲ့ပါ က အင်္ဂလိပ်တို့အနေဖြင့် ကရင် လူမျိုးများအတွက် တိုင်းပြည် ထူထောင် ခွင့်ပုရန် အင်္ဂလိပ် ဗိုလ်ချုပ်ကြီး မောင့်ဘတ်တန်နှင့် ဗိုလ်ချုပ်ဝင်းဂိတ် တို့ထံသို့ တင်ပြ ခဲ့သည်။ အင်္ဂလိပ် ဗိုလ်ချုပ် နှစ်ဦးစလုံးမှ လက်ခံ ကတိပြု ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သဘောတူ ကတိပြုသည့်အတိုင်း ၁၉၄၅ ခုနှစ်တွင် ကရင်သေနတ်ကိုင် တပ်ရင်း (၃)ရင်းနှင့်၊ ကချင် တပ်ရင်း တရင်းတို့သည် ကချင်ပြည်နှင့် မန္တလေးမြို့သို့ လေထီးဖြင့် လည်းကောင်း၊ ခြေလျင်တပ်ဖြင့်လည်းကောင်း ဝင်ရောက် တိုက်ခိုက်သကဲ့သို့ အရှေ့ တောင်က အပျော်တမ်းတပ်ခေါ် ပင့်ကူတပ် အမှတ်(၄၁၆၃) တပ်ရင်းတရင်း အင်အား (၄,၀၀၀)ကျော် ကလည်း အရှေ့တောင်ဒေသ တလျောက် ဂျပန်တပ်နှင့်၊ (B.I.A.) တပ် တို့ကို အဆက်မပြတ် ပြောက်ကျားစစ်နည်းဗျူဟာဖြင့် ၁၉၄၂ ခုနှစ်တွင် စတင် တိုက် ခိုက်ကြရာ (၁၉၄၅ ခုနှစ်၊ ဩ ဂုတ်လ လယ်ခန့်တွင်မှ မော်လမြိုင်နှင့် ရန်ကုန်မြို့တို့တွင် အင်္ဂလိပ်တပ်များက ဝင်ရောက် သိမ်း ပိုက်နိုင်ခဲ့သည်။) ထိုအချိန်က ကရင်သေနတ်ကိုင် တပ်မှူးကြီးများနှင့် ကရင် ခေါင်းဆောင်ကြီးများသည် အင်္ဂလိပ် ဗိုလ်ချုပ်ကြီး နှစ်ဦး၏ သဘော တူညီချက်အပေါ် ကရင်ပြည် သတ်မှတ် ပေးရန်အတွက် ကရင် အမျိုးသား ကွန်ဂရက်ကို မော်လမြိုင်မြို့တွင် ကျင်းပခဲ့သည်။ ကရင်သေနတ်ကိုင် တပ်မှူးများက အင်္ဂလိပ် ဗိုလ်ချုပ်နှစ်ဦး သဘောတူ ကတိပြုထားသည့်အတိုင်း ကရင်ပြည် သတ်မှတ် ပေးရန် အင်္ဂလိပ် အစိုးရထံသို့ စာရေး တောင်းဆိုရန် ကွန်ဂရက်က အသိအမှတ်ပြုသည်။ ဤကွန်ဂရက်တွင် အင်္ဂလိပ် တပ်မှူးများပါ ပါဝင် တက်ရောက်ခဲ့ကြပြီး ကရင်အမျိုးသားတို့ တင်ပြတောင်းဆိုချက်ကို လက်ခံခဲ့ကြ သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးတွင် မမျှော် လင့်ဘဲ၊ မောင့်ဘတ်တန်မှာ အိုင်ယာလန် တွင် ဗုံးခွဲခံခဲ့ရပြီး ဗိုလ်ချုပ်ဝင်းဂိတ်မှာ လေယာဉ် ပျက်ကျ သေဆုံးခဲ့ကြရသည့်အပေါ် ဗိုလ်ချုပ်နှစ်ဦး၏ ကတိပြုချက်သည် ထို ပုဂ္ဂိုလ် နှစ်ဦး နှင့်အတူ ပါသွားလေတော့သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် အင်္ဂလိပ် အစိုးရအသစ် တက်လာသောအခါတွင် အင်္ဂလိပ် ဗိုလ်ချုပ်နှစ်ဦးတို့ ပေးထားခဲ့သည် ဆိုသော ကတိကဝတ်ကို ၎င်းတို့အနေဖြင့် မသိရ ပါကြောင်း၊ ထို့ကြောင့် ထိုကိစ္စကို အရေးယူ ဆောင်ရွက်ခြင်း မပြုနိုင်ကြောင်းကို အစိုးရသစ် က ဆိုသည်။ ကရင်အမျိုးသား များအတွက် ကရင်ပြည်လိုချင်ပါက နောင်တက်လာမည့် အစိုးရထံသို့ တင်ပြ တောင်း ဆိုရန် ကရင်သေနတ်ကိုင် တပ်ရင်းများမှ တပ်မှူးများထံသို့ အကြောင်းကြားခဲ့သည်။

အင်္ဂလိပ် အစိုးရသည် ဗိုလ်ချုပ်ကြီးနှစ်ဦး၏ ကတိပြုချက်ကို မသိရကြောင်း အကြောင်းပြန်ချက်မှာ ကရင်အမျိုးသားများနှင့် ကရင်လက်နက်ကိုင် တပ်မှူးများအား ဗြောင် လိမ်ခြင်းသာ ဖြစ်မည်။ ဒုတိယ ကမ္ဘာစစ်အတွင်း အရှေ့ တောင်တန်း ဒေသမှ (၄၁၆၃)

တပ်ရင်းမှ အသက်ပေး ခုခံ တိုက်ခိုက်ပေးခဲ့သော အကျိုးကျေးဇူး၊ ကရင် သေနတ်ကိုင်တပ်များနှင့် ကချင်သေနတ်ကိုင် တပ်ရင်းများ၏ အသက်သွေးချွေး ပေး၍ တိုက်ခိုက်ပေးခဲ့ရသော ကျေးဇူးတရားတို့ကို မသိ နားမလည်ယောင်ဆောင်ပြီး၊ ကချင်နှင့် ကရင်တပ်များ၊ ကချင်နှင့် ကရင် အမျိုးသားတို့၏ ဘဝနှင့်ခံစားချက်တို့ကို ပစ်ပယ်ကာ ၎င်းတို့၏ ဒုတိယ ကမ္ဘာစစ်ပွဲကြီး အောင်မြင်မှုအပေါ် အောင်ပွဲခံကာ ပျော်မြူး အားရ နေကြသည်။

ကရင်အမျိုးသား လွတ်မြောက်ရေး ကရင်ပြည် ရရှိရေးအတွက်၊ ၁၉၄၅-၄၆ ခုနှစ်တွင်၊ (K.N.A. Karen National Associction, K.C.O. Karen Central Organization, B.K.N.A. Buddhist Karen Association, K.Y.O. Karen Yout Organization.) ကရင်အမျိုးသား နိုင်ငံရေးအဖွဲ့အစည်း (၄)ဖွဲ့ ဖြစ်ပေါ်လာပြီး ကရင်ပြည် ရရှိရေးအတွက် အင်္ဂလိပ်အစိုးရထံသို့ တောင်းဆိုခဲ့သည်။ ကရင်အမျိုးသား (၄)ဖွဲ့တို့မှ ကရင်အမျိုးသား အခွင့်အရေးနှင့် ကရင်ပြည် ရရှိရေး တောင်းဆိုချိန်တွင်၊ ဗမာပြည်မှာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးကာစ ဖြစ်သဖြင့် စစ်အုပ်ချုပ်ရေး ချကာ အုပ်ချုပ်ချိန်ဖြစ်သည်။ စစ်အုပ်ချုပ်ရေးကာလ တနှစ်နှင့် ခြောက်လအပြီး၊ အင်္ဂလိပ် အစိုးရ ဖွဲ့စည်း ထူထောင် အုပ်ချုပ်ခဲ့သည်။

အင်္ဂလိပ်အစိုးရထံသို့ ကရင်အမျိုးသား နိုင်ငံရေး (၄)ဖွဲ့သည် ကရင်အမျိုးသားများ လွတ်မြောက်ရေး၊ ကရင်ပြည်ရရှိရေးကို တောင်းဆိုကြသည်။ ဖဆပလ အဖွဲ့ချုပ်ကလည်း၊ ဗမာပြည်လွတ်လပ်ရေး ရရှိရေးအတွက် အင်္ဂလိပ်မင်းထံ တောင်းဆိုခဲ့သည်။ ထို တောင်း ဆိုချက် (၂)ချက်သည် မတူ၊ တမူထူးခြားခဲ့သည်။ ကရင်က ကရင်ပြည် ရရှိရေး၊ မဟာ ဗမာပဒေသရာဇ် အဖွဲ့ချုပ် ဖဆပလ မှာ ဗမာ တပြည်လုံးကို အုပ်ချုပ်သွားမည့် အချက်ဖြစ်၍ တမူစီ ထူးခြားကြောင်း ဖော်ပြခြင်း ဖြစ်သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် ကရင်အမျိုးသား နိုင်ငံရေး အဖွဲ့(၄)ဖွဲ့ ခေါင်းဆောင်တို့သည် ၎င်းတို့၏ ရည်မှန်းချက် တူညီနေသဖြင့်၊ ကရင် တမျိုးသားလုံး စုစည်းကာ ညီညီညွတ်ညွတ်ဖြင့် တောင်းဆိုပါက ပိုမိုထိရောက် မည်ဖြစ်၍ ထိုအဖွဲ့ (၄)ဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး၊ K.N.U. ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်း ထူထောင် လိုက်သည်။ ကရင်ရေးရာဝန်ကြီး စောဘဦးကြီးသည် သွေးတစက်မျှ မကျရဘဲ ကရင် ပြည်ကို မိမိတို့ရအောင် တိုက်ပွဲဝင် ရယူကြမည်ဟု ကရင်ခေါင်းဆောင်များအား ပြောကြား ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.N.U. ကရင်အမျိုးသား အစည်းအရုံးသည် ကရင်တမျိုးသားလုံးကို ရှေ့ဆောင် နိုင်သကဲ့သို့ ခိုင်မာတောင့်တင်း တက်ကြွစွာ စည်းရုံးနိုင်ခဲ့သည်။ ကရင်ပြည် ရရှိရေး အတွက် တက်ကြွစွာပါဝင် ဆင်နွှဲရန် စိတ်ဓါတ် တက်ကြွလာခဲ့သည်။ ကရင်တမျိုးသားလုံး အတွက် အသက်အိုးအိမ် ကာကွယ်ရန်အတွက် ကရင်အမျိုးသား ကာကွယ်ရေးတပ်၊ K.N.D.O. တပ်တတပ်ကို၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက်နေ့တွင် ဖွဲ့စည်း ထူထောင် နိုင်ခဲ့ပြီး၊ အင်္ဂလိပ် အစိုးရကလည်း အသိအမှတ်ပြု ပေးခဲ့သည်။

K.N.U. ကရင်အမျိုးသား အစည်းအရုံးမှ အင်္ဂလိပ်အစိုးရထံ တောင်းဆိုချက်
(၁) ကရင်အမျိုးသားများအတွက် ကရင်ပြည်ကို သတ်မှတ်ပေးရန်
(၂) ကရင်အမျိုးသားများ၏ အလံတော်ကို အသိအမှတ်ပြုပေးရန်
(၃) ကရင်အမျိုးသားများအတွက် ပြာသိုလဆန်း (၁)ရက်နေ့ကို ကရင်နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ပေးရန်။

ကရင်အမျိုးသား အစည်းအရုံး၏ တင်ပြချက် (၃)ချက်ထဲမှ အချက် (၂)ချက် ကိုသာ အသိအမှတ်ပြုခဲ့ပြီး ကရင်အမျိုးသားများအတွက် ကရင်ပြည် သတ်မှတ်ပေးရေး တောင်းဆိုချက်ကိုမူ မကြာမီ နှစ်အတွင်း ဗမာပြည် လွတ်လပ်ရေး ပေးတော့မည်ဖြစ်၍ လွတ်လပ်ရေးရပြီး နောက်တက်လာသော အစိုးရထံတွင် ကရင်ပြည် ရရှိရေး ကိစ္စကို ဆက်လက် တောင်းဆို တင်ပြရန် ရှေ့ဆောင် အကြံပြု အကြောင်းပြန်ခဲ့သည်။

ဖဆပလ အဖွဲ့ချုပ်ကို ခေါင်းဆောင်သော ဗမာ အမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်းသည် ဗမာပြည် လွတ်လပ်ရေး ရယူရန်အတွက် အထက် ဗမာပြည် ရှမ်းပြည်နယ် ဘက်သို့ တက်သွားကာ တောင်တန်းဒေသရှိ တိုင်းရင်းသားများကို ဖိတ်ခေါ်ပြီး “ပင်လုံ” ညီလာခံကို ကျင်းပခဲ့သည်။ ညီလာခံတွင် ရှမ်းနှင့် ကချင်၊ အမျိုးသား ခေါင်း ဆောင်များ တက်ရောက်ခဲ့ကြသည်။ “ပင်လုံညီလာခံ” သဘောတူညီချက်မှာ ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံ တည်ထောင်ရန်၊ အမျိုးသားများသည် တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝ ရရှိရန်၊ ပြည်နယ်များသည် ပြည်မနှင့် (၁၀)နှစ် အတူတကွ ပူးပေါင်း နေထိုင်ကြရန်၊ (၁၀)နှစ်ကြာပြီးနောက် ပြည်မနှင့် ဆက်လက် မပူး ပေါင်း လိုပါက ခွဲထွက်လို က ခွဲထွက်ခွင့်ရှိကြောင်း အချက်တို့ကို သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။ ကရင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမျိုးသားများက အဘယ်ကြောင့် ပင်လုံညီလာခံ အစည်းအဝေး တွင် မပါဝင် ခဲ့ရသနည်း ဆိုသည်ကလည်း မေးစရာမေးခွန်းတခု ဖြစ်လာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းရယူခဲ့သော “ပင်လုံစာချုပ်” သဘောတူညီချက်ကို ဖဆပလ အဖွဲ့ချုပ် ခေါင်းဆောင်များအတွင်း၌ပင် သဘောတူ လက်ခံနိုင်ခြင်း မရှိကြောင်း ဖဆပလ အဖွဲ့ချုပ် အစည်းအဝေးတွင် ဆွေးနွေး တင်ပြလာသည်။ မဟာဗမာ အမျိုးသားဝါဒီ စိတ်ရှိသော ဖဆပလ အဖွဲ့ခေါင်းဆောင်တို့က ဗိုလ်ချုပ် အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်တို့ရယူခဲ့သော အကြောင်းအချက် တခုမှာ (၁၀)နှစ်ပြည့်ပါက တောင်တန်း ဒေသ အမျိုးသားများသည် ခွဲထွက်သွားပါက-ပြည်ထောင်စုကြီး ပြိုကွဲသွားမည်မှာ အမှန်ဖြစ် သဖြင့် မလုပ်သင့် မလုပ်ထိုက်ကြောင်းကို တင်ပြကြသည်။ မြန်မာခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်းက တောင်တန်းဒေသအမျိုးသားများသည်၊ တို့ဗမာနှင့် (၁၀)နှစ် ပေါင်းပြီးသည့် တိုင် မိမိတို့ ဗမာနဲ့ မပေါင်းချင်ဘူးဟု ဆိုလာပါက ဗမာတွေ အသုံးမကျ၍သာ ဖြစ်မည်ဟု ရှေ့ဆောင်သွားကြောင်း သိရသည်။ ဗမာပြည်တပြည်လုံးရှိ ပြည်သူများက ဗိုလ်ချုပ်အောင် ဆန်းသည် မျိုးချစ် အမျိုးသား ခေါင်းဆောင်တဦးအဖြစ် ရှုမြင်ပြီး တနှစ် အတွင်း ဗမာပြည် လွတ်လပ်ရေးရအောင် ဆောင်ရွက်ပေးမည် ဟုလည်း ယုံကြည်ကြ သည်။ ဗိုလ်ချုပ်အောင် ဆန်း၏ ခေါင်းဆောင်မှု လေးနက် တည်ကြည်မှုကြောင့် မည်သည့် ခေါင်းဆောင်များမှ သူ့ အား မလွန်ဆန်နိုင်၊ အံမတုနိုင် ဖြစ်ကာ ဖဆပလ အဖွဲ့အတွင်း ခေါင်းဆောင်များသည် ထိုကိစ္စ အတွက် ငြိမ်၍ လက်ခံခဲ့ကြရသည်။

ဗမာပြည် လွတ်လပ်ရေး ရရှိရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းမှ စီစဉ် ဆောင်ရွက်နေ စဉ်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့ နံနက်ပိုင်း အစည်းအဝေး ခန်းမတွင် မသမာသူ လူရမ်းကား တစု၏ လက်ချက်ကြောင့် လုပ်ကြံ သတ်ဖြတ် ခြင်းကို ခံလိုက်ရသည်။ ထို သတင်းကြောင့် တပြည်လုံးရှိ ပြည်သူများ ဝမ်းနည်း ကြေကွဲ မျက်ရည်ကျခဲ့ကြရသည်။ မိဘမဲ့ ဘဝမျိုး ဆိုက်ရောက်ပြီဟုပင် ပြောဆို ခဲ့ကြသည်။ ကျေးလက်တောရွာ မြို့ကြီး မြို့နယ်များတွင် ညဉ့်အချိန် မီးမထွန်းဘဲ အမှောင်ချကာ ဝမ်းနည်းခဲ့ကြသည်။ ကရင် အမျိုးသားများကမူ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီ ဖြစ်သဖြင့် လွတ်လပ်ရေးရယူရန် မည်သို့ ဆက်လက် လုပ်ဆောင်သွားကြမည်ကို စိတ်ဝင် စားလျက်ရှိခဲ့သည်။ မျိုးချစ်စိတ်ရှိ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သော ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ခေါင်းဆောင်မျိုး မဟုတ် လျှင် ဗမာပြည် လွတ်လပ်ရေး ရသည့်နေ့သည် ကရင်များအတွက် ဒုက္ခပင်လယ်ဝေသော နေ့တနေ့ ဖြစ်လာနိုင်သည်။

ဂျပန်ခေတ်က B.I.A. တပ်နှင့် ဂျပန်တပ်များသည် ကရင်အမျိုးသားများကို နယ်ချဲ့ အင်္ဂလိပ် လိုလားသူ၊ နယ်ချဲ့ လက်ကိုင်တုတ်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြပြီး ကရင် အမျိုးသားများကို မတရား ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ကျေးရွာများ အတွင်းရှိ အိမ်များကို မီးတိုက်ခြင်း၊ ပစ္စည်းဥစ္စာများ ရွှေ ငွေ များကို လုယက် ကြခြင်း၊ အိမ်မွေး တိရိစ္ဆာန်များကို မတရား ဖမ်းဆီး သတ်ဖြတ် စားသောက် သယ်ယူသွားကြခြင်း၊ ဆန် စပါးများကို သိမ်းယူ ခြင်း မသယ်ယူနိုင်သည်များကို ဖျက်ဆီး ထားခဲ့ခြင်း၊ ကရင်အမျိုးသမီးများ မုဒိမ်းကျင့် ခံကြရခြင်း စသော လူ့အခွင့် အရေးကို ဘက်ပေါင်းစုံမှ ချိုးဖောက်ခံရသည့် ဘဝမျိုးကို ကြုံရဦးမည် လောဟူသော စိတ်ဖြင့် ဗမာပြည် လွတ်လပ်ရေး ရမည့်နေ့ကို ကရင်တို့ စိုးရွံ့ခဲ့ကြသည်။ ဂျပန်ခေတ်က ကရင်-ဗမာ အဓိကရုဏ်း လူသတ်ပွဲသည် ဖာပွန်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ၊ သထုံခရိုင်ဒေသ၊ ဘိတ်-ထားဝယ် ဒေသတို့တွင် ဝမ်းနည်း စိတ် မကောင်းဖွယ် အဆိုးဆုံး ဖြစ်ခဲ့သည်။

ဂျပန်ခေတ်တွင် ကရင်-ဗမာ အဓိကရုဏ်း ပြေလည်ရေးအတွက်၊ ဂျပန်တပ်မှ ဗိုလ်မှူးချုပ်မိုးကြိုး (ခေါ်) စူဇူကီး၊ မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်း၊ ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးတို့ (၃)ဦးအပြင် အခြားသော ခေါင်းဆောင်များ ဦးဆောင်ပြီး ပြေလည်အောင် ညှိနှိုင်း ဆောင်ရွက်နိုင်၍သာ ကရင်-ဗမာ အဓိကရုဏ်းမှာ ပြေလည်ခဲ့ရခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဦးနုသည် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ကို ဆက်ခံပြီး လွတ်လပ်ရေး ရယူနိုင်ရန်အတွက် အင်္ဂလိပ်အစိုးရထံ တင်ပြခဲ့သည်။ ဝန်ကြီးချုပ် ဦးနု တင်ပြ တောင်းဆိုသော စာတမ်းတွင် ကရင်အမျိုးသား ခေါင်းဆောင်တို့၏ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း မပါရှိသည့်အတွက် လွတ်လပ်ရေးကို ပေးလိုက်ပါက ဗမာပြည်သည် ပြည်တွင်းစစ်ဖြစ်ပွားလိမ့်မည်ဟု အင်္ဂလိပ်အစိုးရမှ ထောက်ပြခဲ့သေးကြောင်း သိရသည်။

လွတ်လပ်ရေး ရယူရေးအတွက် ရက်အကန့်အသတ် နီးလာသော်လည်း ကရင်ခေါင်းဆောင်များက သဘောတူကြောင်း လက်မှတ် မထိုးသေးသည့်အတွက် ဝန်ကြီးချုပ် ဦးနုသည် နေမထိ ထိုင်မသာဖြစ်ကာ ကရင်ရေးရာဝန်ကြီး စောဘဦးကြီးကို ခေါ်ဆိုကာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လက်မှတ်ရေးထိုးခိုင်းသည်။ စောဘဦးကြီးက ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့သော မှတ်ချက်မှ မပေးခဲ့သဖြင့် ဝန်ကြီးချုပ်ဦးနုအတွက် ပူပင်သောက ကြုံခဲ့ရသည်။ စော ဘဦးကြီး လက်မှတ် ရေးထိုးရန်အတွက် ဦးနုမှ စောဘဦးကြီးထံသို့ တံစိုး လက်ဆောင်များ ပင် ပေးပို့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဦးနု လွတ်လပ်ရေးယူရာတွင် ကရင် အမျိုးသား ခေါင်းဆောင် လက်မှတ် ရေးထိုးခြင်းမရှိသည့်အတွက် အင်္ဂလိပ်အစိုးရက လွတ်လပ်ရေးကို မပေးသေး ကြောင်း ကရင်အမျိုးသား ခေါင်းဆောင်များ၏ သဘောတူညီချက်လည်း ပါဝင်စေလို ကြောင်း အကြောင်းပြန်သဖြင့် ဦးနုတယောက် အကျပ်ရိုက် နေချိန်တွင် K.N.U. ခေါင်းဆောင်များက စောဘဦးကြီးအား၊ ဝန်ကြီးချုပ်ဦးနုက ကရင်အမျိုးသားများ လိုလား သော ကရင်ပြည်နယ် ကို ပေးမည်ဆိုပါက လွတ်လပ်ရေးရယူရန် လက်မှတ် ရေးထိုး ပေးပါရန်၊ ရှေ့ (၅)ရက် အတွင်း၊ ဝန်ကြီးချုပ်ဦးနုက တင်းခံမည်ဆိုလျှင် စောဘဦးကြီး အနေဖြင့် ကရင်ရေးရာ ဝန်ကြီးတာဝန်မှ နုတ်ထွက်ပြီး K.N.U. ဗဟိုသို့ ပြန်လာရန် အကြုံပြု အကြောင်းကြားခဲ့သည်။ K.N.U.ခေါင်းဆောင်များက အကြံပေးသည့်အတိုင်း စောဘဦး ကြီးက အရေးယူ ဆောင်ရွက် ခဲ့သည်။

ဝန်ကြီးချုပ် ဦးနုသည် စောဘဦးကြီးထံ တံစိုးလက်ဆောင်များပေးပြီး အကြိမ်ကြိမ် ခေါ်ယူပြီး လက်မှတ်ရေးထိုးခိုင်းခဲ့သော်လည်း စောဘဦးကြီးကမူ ကရင်အမျိုးသားတို့ လိုလားသော ပြည်နယ်ကို ပေးမည်ဟု ဝန်ကြီးချုပ်မှ ကတိပြု လက်မှတ်ရေးထိုးပေးမှသာ စောဘဦးကြီးအနေဖြင့်လည်း လက်မှတ်ထိုး ပေးမည် ဟု အဖြေ ပြန်ပေးခဲ့သည်။ ထိုအချိန် K.N.U. ဗဟိုခေါင်းဆောင်၊ K.N.U. ဗဟို ဥက္ကဋ္ဌလည်းဖြစ်သူ စောစံဖိုးသင်၊ မန်းဝင်း မောင်၊ မန်းထွန်းစိန်တို့မှာ စောဘဦးကြီးသည် ခေတ်ပညာတတ် လူတန်းစားတဦးလည်းဖြစ်၊ ကရင်အမျိုးသား မင်းတိုင်ပင် အမတ်လည်းဖြစ်၊ တလ (၃,၀၀၀)ကျပ် လခစား အမတ်တဦး လည်းဖြစ်၊ တိုက်နှစ်လုံးကို ပိုင်ဆိုင်ထားသကဲ့သို့ ဂျစ်ကား (၂)စီး၊ မြေကေ (၅,၀၀၀)ကျော်ပိုင် သော မြေပိုင်ရှင် သားတဦးဖြစ်သည့်အတွက် ထိုမျှ ကြွယ်ဝချမ်းသာသော ဘဝမျိုးကို စွန့်လွှတ် နိုင်မည့်သူ မဟုတ်ကြောင်း၊ ကရင် အမျိုးသားများနှင့် ကရင်ခေါင်းဆောင်များ တောင်းဆိုသော အချက်များကို လက်ခံလိမ့်မည် မဟုတ်ကြောင်း သားပုတ် လေလွင့် ပုတ်ခတ် ပြောဆိုခဲ့ကြသည်။

ဤသို့ ပြောဆိုနေချိန်၊ ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးသည် ဝန်ကြီး ချုပ် ဦးနု အနေဖြင့် ကရင်အမျိုးသားများလိုလားသော ပြည်နယ်တနယ်ကို ပေးရန် ကတိ မပြုနိုင် သောကြောင့်၊ မိမိအနေ့ဖြင့် ယနေ့ကစပြီး၊ ကရင်ရေးရာ ဝန်ကြီး တာဝန်မှ နုတ်ထွက်ပြီ ဖြစ်ကြောင်း စာရေးတင်ခဲ့ပြီး၊ တချိန်တည်းတွင် K.N.U. ဗဟိုသို့ ပြန်လာ ခဲ့သည်။ စောဘ ဦးကြီး K.N.U. ဗဟို ဌာနချုပ်သို့ ပြန်လည်ရောက်လာသောအခါ ပုတ်ခတ် ပြောဆိုခဲ့သော ပုဂ္ဂိုလ်များအနေဖြင့် အလွန် အံ့အားသင့်ခဲ့ကြရသလို ဗဟိုခေါင်းဆောင် အများစုနှင့် ကရင် ခေါင်းဆောင်များမှ အားရဝမ်းသာ ချီးကျူး ကြိုဆိုကြပြီး၊ ကြိုဆိုပွဲကို ညစာ စားပွဲဖြင့် တည် ခင်း ဧည့်ခံခဲ့သည်။ မျိုးချစ်ခေါင်းဆောင် စောဘဦးကြီးသည် ကရင် တမျိုးသားလုံး လိုလား တောင့်တနေသော အချက်ကို ဝန်ကြီးချုပ် ဦးနုက လုံးဝ လက်မခံသောကြောင့် ဝန်ကြီးချုပ် ဦးနုထံသို့ မိမိသည် ကရင်အမျိုးသားရေးရာ ဝန်ကြီး တာဝန်မှ နုတ်ထွက်ကြောင်း ထိုနေ့မှာ စာရေးတင်ပြီး မိခင် ကေအဲန်ယူဌာနချုပ်သို့ ပြန်လာခဲ့သည်။ ကျနော် ယခု ပြန်လာရသည်မှာ ကေအဲန်ယူ ဥက္ကဋ္ဌ တာဝန်ကို ရယူလို၍ ပြန်ခဲ့ခြင်းမဟုတ်ကြောင်း၊ ကရင်တမျိုးသားလုံး လိုလား တောင်းဆိုချက်ကို လိုက်နာ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ပေးအပ်သော တာဝန်ကို ထမ်းဆောင်သွားမည် ဖြစ်ကြောင်း၊ လက်ရှိအချိန် ဝန်ကြီးချုပ် ဦးနုသည် လွတ်လပ်ရေး သွားတောင်းလျှင်လည်း ကရင်အမျိုးသား ခေါင်းဆောင်တို့ သဘောတူညီ ချက် မပါသဖြင့် အင်္ဂလိပ်တို့ဘက်မှ ဆက်လက် ငြင်းဆိုလိမ့်မည်ဖြစ်ကြောင်း၊ လွတ်လပ်ရေး ရယူနိုင်ရေး သတ်မှတ်ရက် မှာလည်း နီးလာပြီ ဖြစ်ကြောင်း၊ ဦးနု တယောက် အကျပ်ရိုက်နေ ပြီ ဖြစ်ကြောင်း။ ကေအဲန်ယူ ခေါင်းဆောင်၊ ကရင်အမျိုးသားခေါင်း ဆောင်များထဲမှ တဦးတ ယောက်ထံမှ သဘောတူညီချက် လက်မှတ် ထိုးမပေးပါက ဦးနုတယောက် (၃/၄)ရက် ခန့်ကြာ လျှင် ကေအဲန်ယူ ဌာနချုပ်သို့ ကိုယ်တိုင် လိုက်လာပြီး တောင်းပန်ကာ၊ ကရင်တို့လိုလားသော ကရင်ပြည်နယ်ကို ပေးရန် ကတိပြုလာလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျနော်တို့ ကရင် ခေါင်းဆောင်များ စည်းလုံးညီညွတ်စွာဖြင့် ထိုအချိန် (ဦးနု ရောက်လာမည့်အချိန်) ကို စောင့်ဆိုင်းကြ ရန် မေတ္တာရပ်ခံခဲ့သည်။

နှုတ်ဆက်စကားပြောဆိုပြီး K.N.U. ဥက္ကဋ္ဌ စောစံဖိုးသင်၊ ဗဟိုကော်မတီဝင် မန်းဝင်းမောင်၊ မန်းထွန်းစိန်၊ တို့ (၃)ဦးက ထပြီး၊ မိမိတို့ ယနေ့ကစပြီး K.N.U. အဖွဲ့အစည်း အတွင်းမှ နုတ် ထွက်ကြောင်းအပြင်၊ ဝန်ကြီးချုပ် ဦးနုနှင့်အတူ သွားရောက် ပူးပေါင်းမည် ဖြစ်ကြောင်းကို

လည်း တင်ပြသည်။ စောစံဖိုးသင်မှ ကျနော် ဒီနိုင်ငံက ဘွဲ့ရ ပုဂ္ဂိုလ် တယောက် ဖြစ်တယ်၊ တ လကို (၃,၀၀၀)စား အမတ်တာဝန် တကြိမ်မှ မရဘူး သေးဖူး၊ ခုတကြိမ်မှာ စောဘဦးကြီး စွန့် လွှတ်ခဲ့သည့်နေရာကို သွားယူမည်ဟု ရဲရဲကြီး တင်ပြလာ ခဲ့သည်။ စောဘဦးကြီး နှင့် K.N.U. ခေါင်းဆောင်များ ကရင်အမျိုးသား ခေါင်းဆောင်များ (ခရိုင်ကော်မတီ) တို့မှာ၊ အကြိမ်ကြိမ် တောင်းပန် ခဲ့ကြသော်လည်း လုံးဝ လက်မခံဘဲ၊ အိပ်ရာလိပ်၊ လွယ်အိပ်လွယ်၍ ဦးနုထံသို့ "အညာန္တား နဖားကြိုး ပြတ်သကဲ့သို့" ခေါင်းတထောင် ထောင်နှင့် သုတ်ခြေတင် ချီ တက်လေတော့သည်။

တဖက်သားကို ပုဂ္ဂိုလ်ရေးအရ အမျိုးမျိုး အဖုံဖုံ၊ အပုတ်ချ ဝေဖန် ရှုံ့ချခဲ့ပြီး၊ အမျိုးသား အတွက် မိမိကဲ့သို့ အကျိုးဆောင်တဲ့သူ မရှိ၊ မိမိသာလျှင် အမျိုးသား အတွက် ဆောင်ရွက်နိုင် ကြောင်း၊ ဘဝင်မြင့်စကား တဖွဖွ ပြောနေခဲ့ရာမှ အကျပ်အတည်း ဆိုက်လာသောအချိန် (သို့တည်းမဟုတ်) အခွင့်ကောင်းတရပ် ပေါ်ပေါက်လာချိန်တွင် ကရင်အမျိုးသားထုကြီးအား ကျောခိုင်းလျက်၊ ကိုယ်ကျိုးအတွက် ရယူသွားသော၊ ဖောက် ပြန်ရေးသမား ကရင် အမျိုးသားခေါင်းဆောင် (၃)ဦးသည် ကရင်ပြည်ရရှိရေး အစပိုင်း တွင်ပင် ပေါ်ပေါက်ခဲ့သည်။ စောစံဖိုးသင်၊ မန်းဝင်းမောင်နှင့် မန်းထွန်းစိန်တို့ (၃)ဦးသည်၊ မိမိတို့ ကရင် အမျိုးသားများ အပေါ် ဖိနှိပ်ညှဉ်းပန်း၊ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်နေသော မဟာ ဗမာ ပဒေသရာဇ် အဖွဲ့အတွက် အကွက်ကောင်း တကွက်ကို ဖွင့်ပေးရာ ကျပေသည်။ ဦးနုခေါင်းဆောင်သော ဖ ဆပလ အဖွဲ့ချုပ်လက်သို့ ကရင် တမျိုးသားလုံး၏ ဘဝကို သွားရောက် အပ်နှံလိုက်ခြင်း ဖြစ် သကဲ့သို့၊ ကရင် အမျိုးသားများအား လူကြီးမင်းတို့ ပြုလိုရာ ပြုပါတော့ဟု ဦးနုထံ ဝကွက် အပ်လိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

သေနတ်သံ တချက်မှ မဖောက်ဘဲ ကရင်ခေါင်းဆောင် စောဘဦးကြီး၏ စီစဉ် ဆောင်ရွက် ချက်ကို စောစံဖိုးသင်၊ မန်းဝင်းမောင်နှင့် မန်းထွန်းစိန်တို့ (၃)ဦးက ဖောက်ပြန်ခဲ့ သဖြင့် ကရင် တမျိုးသားလုံး လိုလားတောင့်တခဲ့ရသော အခွင့်အရေးကြီးမှာ လက်လွတ် ဆုံးရှုံး ခဲ့ရသည်။ ကေအဲန်ယူ ခေါင်းဆောင်များသည် ကရင်အမျိုးသား ညီလာခံကို ခေါ်ယူပြီး၊ ကေအဲန်ယူ ဥက္ကဋ္ဌသစ် တာဝန်ကို မျိုးချစ်ခေါင်းဆောင် စောဘဦးကြီးအား တညီတညွတ် တည်း ဆန္ဒမဲ ပေး ရွေးကောက် အတည်ပြု တင်မြှောက်ခဲ့ ကြသည်။

၁၉၄၈ ခုနှစ်မှ ၊ ၁၉၅၀ ခုနှစ်

အင်္ဂလိပ် အစိုးရသည် ဗမာပြည်ကို ဖဆပလ သခင် ခေါင်းဆောင်များထံသို့ ပေးမည်ကို သခင်အဖွဲ့မှ ကြိုတင် သိရှိကြ၍ ဝန်ကြီးချုပ် တာဝန်ကို ဦးနုအား တာဝန်ပေး ရွေးချယ်တင်မြှောက်ခဲ့သည်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း သဘောတူ ရယူထားသော ပင်လုံစာချုပ်ကို ဝန်ကြီးချုပ် ဦးနုနှင့် ဖဆပလ အဖွဲ့မှ လက်မခံသဖြင့် လွတ်လပ်ရေးရလျှင်၊ တပြည်ထောင်စနစ်ဖြင့် အုပ်ချုပ်ရန်ကိုလည်း သဘောတူ ဆုံးဖြတ် ထားကြသည်။ ပင်လုံစာချုပ်ပါ ဖက်ဒရယ်မူကို တပြည်ထောင်စံနစ်ဖြင့် ရေးဆွဲရန် ဝန်ကြီးချုပ် ဦးနုမှ ဦးချန်ထွန်းကို တာဝန်ပေးလိုက်သည် ဦးချန်ထွန်းကလည်း ဖက်ဒရယ် ပြည်ထောင်စု မူကို တပြည်ထောင်စံနစ် မူဖြင့် ဖုံးကွယ် ရေးဆွဲခဲ့သည်။

မြန်မာ အမျိုးသား နိုင်ငံရေး အဖွဲ့အစည်းများနှင့် နိုင်ငံရေးခေါင်းဆောင်များ အတွင်း လွတ်လပ်ရေး ရယူရန်အတွက် အမြင်မတူဘဲ သဘောထား ကွဲလွဲနေ ကြသကဲ့သို့ အာဏာခွဲဝေ ရယူရာတွင်လည်း အပေးအယူ မသင့်မြတ်ခဲ့ကြပါ။ ဦးနုခေါင်းဆောင်သော ဖဆပလ အဖွဲ့၊ သခင်သန်းထွန်းခေါင်းဆောင်သော (ဗကပ) ဗမာပြည် ကွန်မြူနစ်ပါတီအဖွဲ့၊ ဗိုလ်ဖိုးကွန်းခေါင်းဆောင်သော ပြည်သူ့ရဲဘော် အဖွဲ့နှင့်၊ သခင်စိုး ဦးဆောင်သော အလံနီ ကွန်မြူနစ်ပါတီ အဖွဲ့တို့မှာ အမြင်အမျိုးမျိုး ကွဲပြားနေခဲ့သည်။ အမြင်တူအောင် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်း ခဲ့ကြသော်လည်း အောင်မြင်မှု မရခဲ့ပေ။

မြန်မာအမျိုးသား နိုင်ငံရေး ခေါင်းဆောင်များအချင်းချင်း၊ သဘောထား ကွဲလွဲမှု၊ အမြင်ကွဲလွဲမှုကို ဝန်ကြီးချုပ်ဦးနုမှ ဗမာ့နိုင်ငံရေး ခေါင်းဆောင်များကို စည်းလုံးညီညွတ်မှုကို ရအောင်မရယူတော့ဘဲ ဗမာပြည် လွတ်လပ်ရေး ရရေးကိုသာ အဓိက ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားခေါင်းဆောင်များ အတွင်း၊ စည်းလုံးညီညွတ်မှု ခိုင်မာရေးတွင် အယုံအကြည်မရှိသကဲ့သို့၊ လွတ်လပ်ရေး ရရှိမည်ဆိုကလည်း သဘောထား ကွဲလွဲသော ခေါင်းဆောင်များအား အရေး မစိုက်သော သဘောကို ဆောင်နေပေသည်။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄)ရက်နေ့တွင်၊ အင်္ဂလိပ်အစိုးရသည် (ဖဆပလ) ခေါင်းဆောင် ဝန်ကြီးချုပ် ဦးနုထံသို့ ဗမာပြည် လွတ်လပ်ရေးကို ငြိမ်းချမ်းစွာ ပေးလိုက်သည်။ မြန်မာအမျိုးသား အများစုတို့သည် လွတ်လပ်ရေးရကြောင်း သိရသဖြင့် လွန်စွာ ဝမ်းမြောက် ဝမ်းသာ လက်ခုပ်တီး သြဘာ ပေးခဲ့ကြသည်။ မြန်မာအမျိုးသား အများစုသည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဝန်ကြီးချုပ်ဦးနုကို ဒို့ဗမာ အမျိုးသား ခေါင်းဆောင် တဦးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ထိုအချိန် ဦးနု မကောင်းကြောင်း "တခွန်း တပါဒ"ပြောမိပါက မြန်မာ အမျိုးသားများ၏ လုပ်ကြံမှုကို ခံရမည့် အခြေအနေ ဖြစ်သဖြင့် မည်သူမျှ မပြောဝံ့သော ဘဝဖြစ်ခဲ့ရသည်။

ကရင်အမျိုးသားများသည် အင်္ဂလိပ်အစိုးရမှ မြန်မာပဒေသရာဇ်များထံ လွတ်လပ်ရေးကို ပေးလိုက်သည့်အခါ၊ ပျော်ရွှင် ဝမ်းမြောက်ကြရမည့်အစား ကရင်တို့၏ စိတ်အတွင်းဝယ် အတိတ်၏ အရိပ်များ ပြန်ပေါ်လာကာ၊ ဂျပန်ခေတ် B.I.A. တပ်များနှင့် ဂျပန်များ ပူးပေါင်း၍ ကရင်များအပေါ် ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ လုယက် မုဒိမ်းကျင့်မှုများ ဖြစ်လာ ဦးလေမလား ဟူသော သံသယစိတ်နှင့် မေးခွန်းများ ဝင်ရောက်လာပြီး၊ လွန်စွာပင် စိုးရိမ်ထိတ်လန့် ဝမ်းနည်းနေကြရသည်။ တဖက်ကလည်း အင်္ဂလိပ်အစိုးရသည် ကရင်တို့၏ ကျေးဇူးသစ္စာကို မထောက်ထားဘဲ ကျောခိုင်းကာ မဟာဗမာ ပဒေသရာဇ်တို့ လက်တွင်း အပ်ခဲ့ သည်ကို ရှေးလူကြီးများ ခေါင်းဆောင်များက အထူး စိတ်ပျက် ဝမ်းနည်းစွာ ပြောဆို သည် များကိုလည်း ကြားခဲ့ရသည်။

လွတ်လပ်ရေး ရရှိပြီးနောက် ဝန်ကြီးချုပ်ဦးနုသည် ပါလီမန်ဒီမိုကရေစီ အုပ်ချုပ် ရေး ချရာတွင် နိုင်ငံရေး အသိ အမြင်ရှိ၊ ရှေ့မီ နောက်မီ ကရင်အမျိုးသား သက်ကြီး ဝါကြီးများ နှင့် အင်္ဂလိပ်မင်းခေတ်တွင် အစိုးရဝန်ထမ်း တာဝန်ထမ်းခဲ့သူများသည် ဦးနု၏ ပါလီမန် ဒီမို ကရေစံနစ်သည် မြန်မာအမျိုးသား ဓနရှင်များနှင့် ဦးနု တို့၏ ဆွေစဉ်မျိုးဆက် ချမ်းသာ ကောင်းစားရေးအတွက်သာ ဖြစ်မည်ဟု ထင်ကြေး ပေးခဲ့ကြသည်။ ကရင်အမျိုး သားများ အတွက် မည်ကဲ့သို့သော အကျိုးကျေးဇူးမှ ရမည်ဟု မထင်မှတ်သကဲ့သို့၊ မူလ ရပိုင်ခွင့် အခွင့်အရေးများပင် ဆုံးရှုံးရနိုင်သည် ဟုပင် မြင်နေကြသည်။

ကရင်အမျိုးသားများ လိုလားသော ကရင်ပြည်နယ်ကို K.N.U. ဥက္ကဋ္ဌ စောဘ ဦးကြီး က ဝန်ကြီးချုပ် ဦးနု၏ ပါလီမန်အစိုးရထံသို့ တင်ပြတောင်းဆိုသည်။ ထို တောင်းဆိုမှုနှင့် စပ်လျဉ်း၍ ကရင်ပြည် လိုချင်သည်မှာ ခရစ်ယာန် ခေါင်းဆောင် တစုသာ ဖြစ်ပြီး၊ ဗုဒ္ဓဘာသာဝင်များ၊ နတ်စားကရင်များသည် သီးခြားကရင်ပြည် ရရှိရေးထက် ဗမာပြည်တွင်း အတူနေထိုင်လိုသူများသာ ဖြစ်ကြသည်။ ကရင်ပြည် လိုလားပါက ဆန္ဒ ဖော်ထုတ်ကြရန် ဦးနုက အဖြေပေးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးသည် ကရင်အမျိုးသား ခေါင်း ဆောင်များ အားလုံးကို ခေါ်ယူ၍ ကရင်ပြည် လိုချင်သော ကရင်အမျိုးသား မှန် သမျှ၊ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ဗမာ ပြည်တွင်းရှိ ကရင်များ နေထိုင်ရာ မြို့ကြီး မြို့ငယ် တိုင်းတွင် ဆန္ဒဖော်ထုတ်ကြရန်၊ ဆန္ဒဖော်ထုတ်ပွဲတွင် ကြွေးကြော်သံ (၄)ချက်ကို ကိုင် ဆောင်ပြီး၊ စည်းကမ်းတကျ ဆန္ဒပြခဲ့ကြသည်။

ဝန်ကြီးချုပ် ဦးနု၏ ပါလီမန်ဒီမိုကရေစီသို့ ကရင်အမျိုးသားများ၏ လိုလားချက် (၄)ရပ်အပေါ် အဓိပ္ပါယ် ဖော်ရလျှင်၊

၁။ ကရင်ပြည် ချက်ချင်းပေးဆိုသည်မှာ၊ ကရင် အမျိုးသားတို့သည် ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့် ရှိရန်ဖြစ်သည်။

၂။ ကရင်တကျပ် ဗမာတကျပ် ချက်ချင်းပြ ဆိုသည်မှာ၊ တန်းတူရေးနှင့် ညီညွတ်မှုတရေးကို ဖော်ပြသည်။

၃။ လူမျိုးရေး အဓိကရုဏ်း အလိုမရှိဆိုသည်မှာ၊ လူမျိုးတမျိုးနှင့် တမျိုး ရန်ပြု တိုက်ခိုက် သတ်ဖြတ်ခြင်းမျိုးကို လုံးဝ လိုလားမှုမရှိကြောင်းကို ဖော်ဆောင်ပြီး၊ ပြည်ထောင်စုအတွင်း ညီရင်း အကိုများသဘွယ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး၊ “မိသားစုမူ” “ဖက်ဒရယ်မူ” ကို လက်ကိုင်ထားကြောင်းကို ဖော်ပြခြင်း ဖြစ် သည်။

၄။ “ပြည်တွင်းစစ် အလိုမရှိ” ဆိုသည်မှာ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ တရား ဥပဒေ စိုးမိုးရေးအတွက်ပင် ဖြစ်ပေသည်။

ဝန်ကြီးချုပ်ဦးနုသည် ကရင်လူထု (၅)သိန်းကျော် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်း ဆိုခြင်းကို သိရှိပြီး လွန်စွာ စိုးရိမ်ထိတ်လန့်ခဲ့ရသည်။ ဦးနုထင်ထား သကဲ့သို့ ကရင်တို့မှာ အပြောမဟုတ်ဘဲ ကြွေးကြော်သံ (၄)ချက်မှာလည်း မဟာ ဗမာပဒေသရာဇ်တို့ အပေါ် နိုင်ငံရေးအရ လက်ဦးမှု ရယူသွားခြင်းပင်ဖြစ်သည်။ မဟာဗမာ ပဒေသရာဇ်တို့၏ ကရင်တို့ အပေါ် မျိုးဖြုတ်သန့်စင်ရေး မဟာဗျူဟာ အစီအစဉ်ကို ကြွေးကြော်သံ (၄)ရပ်က ကြိုတင် ဟန့်တားခဲ့သည့် သဘောပင် ဖြစ်သည်။

ဝန်ကြီးချုပ်ဦးနုသည် ကရင်ခေါင်းဆောင် စောဘဦးကြီးအား အမြန်ဆုံး ခေါ်ယူ တွေ့ဆုံရာ၊ စောဘဦးကြီး သည် ဆရာတော်ဦးဥတ္တမ အား သူနှင့်အတူ ပင့်ဆောင်သွား ခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ဝန်ကြီးချုပ်ဦးနုမှ “မင်းတို့ ကရင်ပြည် ရယူချင်ရင်တော့ ပါလီမန်မှာတင်ကြ။ ဒီလိုမှ မဟုတ်ရင်တော့ မင်းတို့ တိုက်ယူမှပဲ ရတော့မယ်။ မင်းတို့ ကရင်တွေ၊ ဒို့ ဗမာတွေကို တချက် ခုတ်ရင်၊ ဗမာတွေကလည်း လည်စင်း ခံကြမှာတော့ မဟုတ်ဘူး၊ နှစ်ချက်လောက် ပြန်မခုတ် နိုင်ရင်တောင် တချက်တော့ ရအောင် ပြန်ခုတ်ကြမှာဘဲ။ ဥသျှစ်သီး နှစ်လုံးကို တဘက်တလုံး ကိုင်ပြီးထုရင် အောက်အလုံးက ကွဲသလို၊ အပေါ်အလုံးကလည်း မလွယ် ဘူး၊ အက်ကြောင်း တော့ ပေါ်မှာဘဲ။ ကရင်နဲ့ မြန်မာ စစ်ဖြစ်ခဲ့ရင်၊ နှစ်(၅၀) ရှိလာ ခဲ့ရင် တောင် ကရင်နဲ့ မြန်မာ တွေ တဦးနဲ့တဦး မျက်နှာချင်းဆိုင်ကြတော့မှာ မဟုတ်ဘူး။” ဟု ပြောသည်။ ကရင် ခေါင်းဆောင် စောဘဦးကြီးမှ ကျနော် တောင်းဆိုနေတာက ကရင်တို့ရဲ့ တာဝန်သာဖြစ်ပြီး၊ ပေးခြင်း မပေးခြင်းကတော့ ဗမာ အစိုးရ လက်ထဲမှာ တာဝန်အပြည့်အဝ ရှိပါတယ်။ ဝန်ကြီးချုပ် ဦးနုပြောသလို ကျနော်တို့ ကရင်တွေက အဲဒီ အဆင့်အထိ ရောက်အောင် ပြုလုပ်မှာ မဟုတ်ပါဘူး။ ကျနော်တို့ ပါလီမန် အတွင်း ကြွေးကြော်သံ (၄)ချက် မူအတိုင်း ဆက်လက် ဖော်ဆောင်သွားမှာပါဟု ဝန်ကြီးချုပ်ဦးနုအား ကတိပြုခဲ့ သည်။ ကရင်ခေါင်းဆောင် စောဘဦးကြီး၏ စကားအဆုံးတွင် ဝန်ကြီးချုပ်ဦးနုမှ ဒီလိုဆိုရင်တော့ ပါလီမန်အတွင်းမှာ တင်တောင်းကြပါဟု ပြန်လည် ပြောဆိုသည်။

နောက်တရက်ခန့်အကြာ ဝန်ကြီးချုပ်ဦးနု၏ လက်ကိုင်တုတ် သတင်းစာများမှ ကရင်တို့တောင်းဆိုသော ကရင်တကျပ် ဗမာတကျပ် ချက်ချင်းပြ ဆိုသည်မှာ ဘဲဥတလုံးကို ကရင်နှင့် မြန်မာ ထက်ဝက်စီ ခွဲယူခဲ့လျှင် အခြားသော တိုင်းရင်းသားများအတွက် ဘာမျှ ကျန်ရှိတော့မည် မဟုတ်။ ဒါတွေကို ကရင်များ အနေဖြင့် သဘောပေါက်ဟန် မတူကြောင်း။ မဟုတ်မမှန် လူထုအား ထင်ယောင် ထင်မှား ဖြစ်ရန် လှည့်ဖြား ရေးသားခဲ့ကြသည်။

ထိုသို့ ပုတ်ခတ်ရေးသား ဖော်ပြခဲ့ကြရုံဖြင့် အားမရနိုင်သေးဘဲ၊ ကရင် ကျေးရွာများ ဖြစ်သော ပုသိမ်၊ မြောင်းမြ၊ ဖာပွန်၊ သထုံ၊ ဘိတ်-ထားဝယ် ဘက်တို့တွင် ဗမာတပ်များကို စေလွှတ်ခဲ့ပြီး၊ ကရင်တိုင်းရင်းသားများ အပေါ် ဖိနှိပ်ခြင်း သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ မုဒိမ်းကျင့်ခြင်း၊ ပစ္စည်းများကို လုယက် တိုက်ခိုက်သိမ်းယူခြင်း၊ ကျေးရွာ များကို မီးရှို့ ဖျက်ဆီးခြင်း၊ အိမ်မွေးတိရိစ္ဆာန်များကို ယူဆောင်သွားခြင်း၊ သတ်ဖြတ်သွား ခြင်းတို့ကို ဂျပန်ခေတ်ကအတိုင်း တဖန် လုပ်ဆောင်ခြင်း ခံခဲ့ရပြန်သည်။ ထိုသို့ ပြုမူ ဆောင်ရွက်ခြင်းမှာ ကရင်-ဗမာ အဓိကရုဏ်းကို စတင်ဖန်တီးခြင်းပင် ဖြစ်ပေသည်။ ကရင်များကို ပါလီမန်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အတွင်း တိုက်ပွဲမဝင်နိုင်အောင် ဖဆပလ မှ လက်နက်ကိုင် တော်လှန် လာရေးကို အစီအစဉ်ကျ သွေးထိုး လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ အကြမ်းဖက်နေမှုများကို စောဘဦးကြီးထံ တင်ပြ အကြောင်းကြားခဲ့ရာ၊ စောဘဦးကြီးက ကရင်အမျိုးသားများအနေဖြင့် ဦးနု၏ လုပ်ရပ်ကို ကလဲ့စား မချေကြရန် ပြန်လည် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ၊ ရှောင်ပေးကြရန် အမိန့်ပေးခဲ့သည်။ ဦးနု၏ လုပ်ရပ်သည် လူသားမဆန်ကြောင်း၊ မလုပ်သင့် မလုပ်ထိုက်ကြောင်း၊ နောင်တွင် ထိုသို့ ဖြစ်ရပ်မျိုး မဖြစ်ပွားရန် ကာကွယ်ပေးရန်မှာ နိုင်ငံတော်နှင့် နိုင်ငံတော် ဝန်ကြီးချုပ်တွင်သာ တာဝန်ရှိကြောင်း ဦးနုထံသို့ စောဘဦးကြီးမှ တင်ပြခဲ့သော်လည်း အကြောင်းတစုံတရာ ပြန်ကြားခြင်း မရှိခဲ့ပေ။

၁၉၄၈ ခုနှစ်၊ မတ်လ အတွင်းတွင် သခင်သန်းထွန်း ဦးဆောင်သော (ဗကပ) ဗမာပြည် ကွန်မြူနစ်ပါတီ၊ သခင်စိုးခေါင်းဆောင်သော အလံနီကွန်မြူနစ် ပါတီ၊ ဗိုလ်ဖိုးကွန်း ဦးဆောင်သော ရဲဘော်ဖြူများနှင့်ဗမာ့ သေနတ်ကိုင်တပ်ရင်း တရင်းတို့ (ဗကပ)နှင့်အတူ တောခိုသွားခဲ့သည်။ တောခို သွားသော အဖွဲ့(၃) ဖွဲ့ အား တိုင်းပြည် တွင်းရှိ လူထုများအပြင် ကမ္ဘာကပင် သိရှိစေရန် လေယာဉ်ပျံဖြင့် စာများ ကြဲချခဲ့သည်။ အမိန့်စာမှာ ဗမာပြည် ကွန်မြူနစ်ပါတီ၊ အလံနီ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်အဖွဲ့ (၃)ဖွဲ့တို့သည် တိုင်းပြည်ကို လက်နက်ကိုင် ပုန်ကန် ခြားနားလာသဖြင့် မတရားအသင်းအဖြစ် ကြေညာကြောင်း ဖြစ်သည်။

တောခိုသွားသော အဖွဲ့ (၃)ဖွဲ့တို့ စုပေါင်းကာ ရန်ကုန်ကို ဝင်ရောက် စီးနင်းရန် စီစဉ်ကြောင်းကို၊ ဖဆပလ မှ ကြိုတင် သိရှိသွားသည့်အချိန်က၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံ လေဆိပ်တွင် အစောင့်တပ်သား တဦးမျှ မရှိ၊ အစိုးရ တပ်များမှာ အဝေးသို့ တာဝန်ဖြင့် စေလွှတ်ထားခြင်းကြောင့်၊ (၂)ရက် (၃)ရက်အတွင်း ပြန်လည် ရောက်ရှိ နိုင်မည် မဟုတ် ခြင်းကြောင့်၊ ဝန်ကြီးချုပ် ဦးနုမှာ ပူပင်သောက ပွားနေရာမှ၊ စောဘဦးကြီးအား (K.N.D.O.) တပ်များဖြင့် လာရောက် ကူညီပေးပါရန် အကူအညီ တောင်းခံရလေသည်။

စောဘဦးကြီးသည် ဗမာအကျပ်အတည်းဖြစ်နေချိန် ကရင်အတွက် အချက်ဖြစ် သည်ကို သိသော်လည်း၊ မည်သို့မျှ သဘောမထားဘဲ၊ မိသားစု စိတ်ဓါတ် (ပြည်ထောင်စု စိတ်ဓါတ်) အပြည့်ဖြင့် ကူညီပေးမည် ဖြစ်ကြောင်း ပြောပြသည်။ သို့ရာတွင် ဝန်ကြီးချုပ် အနေဖြင့် နောက်နောင် ကရင် တိုင်းရင်းသားများအပေါ် အနိုင်အထက် ဖိနှိပ်ခြင်း၊ သတ်ဖြတ်ခြင်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကျေးရွာများ မီးရှို့ ဖျက်ဆီးခြင်း၊ အမျိုးသမီးများအပေါ် စော်ကားခြင်း အဓမ္မ ပြုခြင်း၊ လုယက်တိုက်ခိုက် ဖျက်ဆီးခြင်းများ မပြုရန်ကိုမူ တောင်းဆိုရာ ဝန်ကြီးချုပ် ဦးနု ဘက်မှ လည်း အကျပ်ဆိုက် နေချိန် ဖြစ်၍ ကတိပြုခဲ့သည်။

(၂)ရက်အတွင်း K.N.D.O. တပ်များ ရန်ကုန် ဆင်ခြေဖုံးဒေသ၊ မင်္ဂလာဒုံ လေဆိပ်၊ အင်းစိန်၊ လှည်းကူး၊ မှော်ဘီ၊ ပဲခူးနှင့် အခြားသော မြို့များသို့ ဝင်ရောက် နေရာယူလိုက် ကြသည်။ (K.N.D.O.)တပ်များ ရန်ကုန်၊ မင်္ဂလာဒုံ လေဆိပ်အပြင် အခြားသော မြို့ ရွာ များသို့ ရောက်ရှိ နေရာယူထားကြောင်းကို တောခိုအဖွဲ့ (၃)ဖွဲ့နှင့် ဗိုလ်မှူးကြီးရဲထွဋ်တို့ ဦးစီးသော အဖွဲ့တို့က သတင်းမရ ထားခြင်းကြောင့် ရန်ကုန်ကို အလစ်ဝင်ရောက် စီးနင်း ခဲ့ကြသည်။ တည်ဥ်နှင့် တမနက် တိုက်ပွဲကြီးဖြစ်ပွားပြီးနောက် တောခို အဖွဲ့ဝင်များနှင့် ဗိုလ်မှူးကြီး ရဲထွဋ်တို့အဖွဲ့များ အထိနာသဖြင့် ပြန်လည် ဆုတ်ခွာသွားကြရသည်။ မြို့ခံ လူထုက K.N.D.O. တပ်ဖွဲ့ဝင်များ၏ ရဲဝံ့ စွန့်စားမှုနှင့် အောင်ပွဲခံမှုကို ဂုဏ်ယူကာ အားကိုး ချီးကျူးပြီး လေးစား ခဲ့ကြရသော်လည်း၊ နောက်ပိုင်းတွင် စစ်စည်းကမ်း ချိုးဖောက်မှု များကြောင့် တပ်သိက္ခာကို မဖော်နိုင်ဘဲ အဖျားရှုးခဲ့ရသည်။ မြို့ခံ လူထုသည် ကေအဲန်ဒီအို တပ်များ ကို ယုံကြည် အားကိုးမှု ယုတ်လျော့သွားသော သဘောသို့ သက်ရောက်လာခဲ့မှ K.N.D.O. ဂုဏ်သိက္ခာမှာလည်း လွန်စွာ ကျဆင်း ခဲ့ရသည်။

ရန်ကုန်မြို့ကို တိုက်ခိုက်ပေးခဲ့သော တပ်မှူး တပ်သားများမှာ တိုက်ပွဲ အောင်မြင် မှုကြောင့် ဘဝင်မြင့်၊ အောက်ခြေလွတ်ကာ တဦးကို တဦးပင် အပြန် အလှန် လေးစားမှု မရှိ၊ ပတ်ဝန်းကျင်ကိုလည်း အရေးမထား၊ ဂရု မစိုက်ဘဲ ထင်ရာလုပ် သောက်စား မူးရူး သောင်းကျန်းပြီး ဆူပူခြင်း၊ စစ်သားများ မဟုတ် သကဲ့သို့ အရက်မူးပြီး လမ်းဘေးတွင်ပင် အိပ်သူက အိပ်သည့်သူများပင် ရှိခဲ့သည် အထိ K.N.D.O.မှာ ရုပ်ပျက် ဆင်းပျက် ဂုဏ်သိက္ခာ ကျခဲ့ ရသည်။

ရန်ကုန်မြို့နှင့် မြို့ကြီး မြို့ငယ်များ အခြေအနေ အသင့်အတင့် ပြန်လည် ကောင်းမွန်လာသည့်အခါ ကရင်တပ်များ၏ စည်းကမ်းမဲ့မှုများကြောင့် တကြောင်း၊ မူလ ရည်ရွယ်ချက် ရှိထားသည်ကလည်း တကြောင်း ဝန်ကြီးချုပ်ဦးနုသည်လည်း ပေးထားသော ကတိစကား များကို တစတစ ကျောခိုင်းလိုက်ပြီး၊ ဗမာတပ်များကို ကရင်အမျိုးသားများ နေထိုင်ရာ ရုပ်ကွက်များ၊ မြို့များသို့ စေလွှတ်ပြီး၊ လူမျိုးရေး အဓိကရုဏ်းများဖြစ်အောင် လှုံ့ဆော်

ပြန်သည်။ အင်္ဂလိပ်လက်အောက် တာဝန် ထမ်းခဲ့သော အရပ်ဘက် စစ်ဘက် ဝန်ထမ်း ဟောင်း လူကြီးများ (အမျိုးသား၊ အမျိုးသမီးများ)ကို အင်္ဂလိပ်လိုလားသူ၊ နယ်ခြဲ ပုဆိန်ရိုး၊ သူလျှို ဒလန်များအဖြစ် စွပ်စွဲကာ ဖမ်းဆီး နှိပ်စက် ညှဉ်းဆဲ (ရေအေးနှင့် လည်းကောင်း ရေနွေးနှင့် လည်းကောင်း ကိုယ်ပေါ်သို့ လောင်းချခြင်း၊ ခြေသလုံး အရိုးပေါ်တွင် သံဒလိမ့်ဖြင့် လှိမ့်ခြင်း၊ လက်သဲခွံများခွာခြင်း စသော လုပ်ရပ်မျိုးကို (ဂျပန် ကင်ပေတိုင်ခေတ်က B.I.A.နှင့် ဂျပန်များ လုပ်ခဲ့သကဲ့သို့) လုပ်ခြင်းကို လက်ရဲ ဇက်ရဲ ပြုလုပ်ကြ ပြန်သည်။

ဗမာပြည် လွတ်လပ်ရေး ရရှိရန်ကြိုးပမ်းစဉ်က ဖဆပလ အဖွဲ့ချုပ်အတွင်း ပါဝင် ခဲ့သော ခေါင်းဆောင် ကြီးများ၊ ဦးဆောင်ဦးရွက် ပါဝင်ခဲ့ကြသော သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုး၊ ဗိုလ်ဖိုးကွန်း စသည်တို့သည် စည်းလုံး ညီညွတ်စွာဖြင့် တိုက်ပွဲဝင်၍ အောင်ပွဲ ခံခဲ့ကြရသည်။ ရရှိသော အောင်ပွဲကို စည်းလုံးညီညွတ်မှု အရှိန်ဖြင့်သာ ဒီမိုကရေစီနည်းကျ ဆက်လက် ချီတက်သွားမည်ဆိုပါက အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ရည်မှန်းခဲ့သော သာယာဝပြောသည့် တိုင်းပြည်သို့ မလွဲကောန် ရောက်ရမည်ဖြစ်သည်။ သို့သော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက် တိုင်းပြည် တည်ငြိမ် သာယာဝပြော ထွန်းတောက်ရေးကို လုပ်ဆောင်နိုင်ပါလျက် ထိုသို့ ဆက်လက် မလုပ်ဆောင်ခြင်းသည် မသိ မမြင်၍လော။ သို့တည်းမဟုတ် အဘယ်ကြောင့်နည်း။

ဗမာပြည်၏ ပြည်တွင်းစစ်မီးသည်
မြန်မာ မြန်မာချင်း အဝေမတည့်ရာမှ စခဲ့ရသည်။

အမျိုးသားချင်း တိုင်းရင်းသားချင်း မတူညီသော အမြင်များကို နိုင်ငံရေး နည်းအရ ဒီမိုကရေစီနည်းအရ တဖက်နှင့် တဖက်၊ ဒူးထောက်ရန် မလိုဘဲ ဆွေးနွေး အဖြေရှာလျှင် ရနိုင်ခဲ့သော်လည်း ဆွေးနွေး အဖြေရှာမှုကို မကျင့်သုံးဘဲ၊ ထိပ်တိုက်ရင်ဆိုင်ရေး လမ်းစဉ်ကို ကျင့်သုံးပြီး ဗကပ နှင့် ပြည်သူ့ရဲဘော် အဖွဲ့(၂)ဖွဲ့ကို မတရားအသင်း ကြေညာကာ ခြေမြန် လက်မြန်ပင် နိုင်ငံရေး နယ်အတွင်းမှ တွန်းထုတ်ခဲ့သည်။ ထို့အတွက် ပြည်တွင်းစစ်မီးသည် မြန်မာ မြန်မာချင်း အဝေ မတည့်ရာမှ စခဲ့ရသည်။ ထို့ကြောင့် ပြည်တွင်းစစ်စတင် ဖန်တီး သူသည် မည်သူဖြစ်သနည်း ဆိုသည်ကို နားလည်နိုင်မည်ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အင်္ဂလိပ်ခေတ် ဝါရင့် ကရင်အမျိုးသားခေါင်းဆောင်များက မြန်မာချင်း မြန်မာချင်း သဘောထား မတိုက်ဆိုင် ကြသဖြင့် ရန်ပြု တိုက်ခိုက်ကြလျှင် ငါတို့ ကရင် တမျိုးသားလုံး အတွက် မူလရန်ငြိုးကြောင့် နေစရာ မြေမရှိ ဖြစ်နိုင်ကြောင်းကို ကြိုတင် မှန်းဆ ထားကြသည်။ ထို့ကြောင့် ကရင်တို့ဆန္ဒမှာ ဗမာပြည်တွင်းရှိ ကရင်၊ မြန်မာအပြင် အခြား တိုင်းရင်းသားများမှမဟုတ်၊ မြန်မာချင်းကိုလည်း ညီညွတ်စေချင်သည့် ဆန္ဒရှိခဲ့ကြသည်။

ဝန်ကြီးချုပ် ဦးနု က ပါလီမန်အတွင်း ကရင်အမျိုးသားများအား အချိန်ဆွဲ ထားချိန်၊ ကရင်အမျိုးသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းစုံလမ်းစုံဖြင့် ကမ်းကုန်အောင် ပြုလုပ်နိုင်ခဲ့လျှင်၊ ကရင်-ဗမာ လူသတ်ပွဲ ဖြစ်လာမည်ဟု အသေအချာ တွက်ချက်ထားသည်။ ကရင်များမှ စတင်တိုက်ခိုက်လာပါက သို့တည်းမဟုတ် ကရင် တပ်များမှ စစ် မကြေညာဘဲ စစ်စတင် တိုက်ခိုက်လာပါက၊ မိမိတို့ ဗမာတပ်မတော်သည် မလွဲ မရှောင်သာ ပြန်လည်ခုခံရခြင်း ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ချေမှုန်းရခြင်းဖြစ်ပြီး၊ မဟာဗျူဟာကျကျ စီစဉ် ရေးဆွဲထားသော အစီအစဉ်ထဲများထဲမှ နည်းပရိယာယ် တခုပင် ဖြစ်သည်။ ထိုမှသာ ပြည်တွင်းစစ် စတင်ဖန်တီးသူသည် ကရင်တို့သာ ဖြစ်ကြောင်း ပုံဖော်နိုင် ပေမည်။

မြစ်ဝကျွန်းပေါ်ရှိ ကရင်ခေါင်းဆောင်များဖြစ်ကြသော မန်းဘဇန်၊ စောဟန်တာ သာမွေး တို့နှစ်ဦးမှ စောဘဦးကြီးထံသို့၊ မြန်မာများ ကရင်အမျိုးသားများ အပေါ် ကမ်းကုန်အောင် ရက်စက်စွာ နှိပ်စက် နေကြပြီ ဖြစ်ကြောင်း၊ ယခုကဲ့သို့ဘဲ လက်ပိုက် ကြည့်နေမည် ဆိုပါက ကရင်တမျိုးသားလုံး မျိုးပြုတ်သွားနိုင်ကြောင်း၊ မြန်မာများသည် ကရင်တို့၏ ယောက်ဖများ မဟုတ်ကြောင်း၊ ကိုယ်တိုင် မတိုက်ရဲလျှင်လည်း တိုက်ခိုက်ရန် အမိန့် ပေးရန်သာ လိုအပ်ကြောင်း ခွင့်တောင်းခဲ့သည်။ သို့သော်လည်း စောဘဦးကြီးမှ စစ်ကို မတိုက်ရန်၊ ဖဆပလ တပ်များ ဝင်ရောက် လာပါက ရှောင်ထွက်ပေးရန်သာ အကြောင်းပြန် ခဲ့သဖြင့် မြစ်ဝကျွန်းပေါ် ခေါင်းဆောင်များမှာ အမိန့်အတိုင်း လိုက်နာခဲ့ရသည်။ အမှန်စင်စစ် မြစ်ဝကျွန်းပေါ်တိုင်း ဒေသ၊ သထုံ၊ ဖာပွန်၊ မော်လမြိုင်၊ ဘိတ်-ထားဝယ်၊ ဒေသများတွင် ကရင်အမျိုး သားများမှာ ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်နေကြပြီး လွန်စွာ အထိနာ နေကြရပြီ ဖြစ်သည်။

ကရင်တမျိုးသားလုံးကို အမြစ်ပြတ် သုတ်သင် ချေမှုန်းနိုင်ရေးအတွက် (၆)လ အတွင်း တပ်သားသစ်ကို မရမက စုဆောင်းခဲ့ပြီး၊ စစ်သင်တန်း (၃)လ ပေးကာ လက်နက်များ တပ်ဆင်လျက် ကရင်တမျိုးသားလုံးအား စစ်မြေပြင်တွင် မျိုးဖြုတ် သုတ်သင် ရေး လုပ်ရန် ကြံစည်ထားကြောင်းကို ကရင်များသည် ထိထိမိမိ ခံရပြီးမှ သိခဲ့ ရသည်။

တနှစ်ကျော်ကျော် ကရင်တို့၏ ပါလီမန်တွင်း တိုက်ပွဲကို ဝန်ကြီးချုပ် ဦးနုက အချိန်ဆွဲ ထားသည်မှာ တပ်သားသစ်၊ တပ်ရင်း (၅၀)ရင်းအထိ စုဆောင်း၍ မရရှိသေးခြင်း ကြောင့် ဖြစ်သည်။ ကရင်တို့ ဒေါသထွက်ပြီး မြန်မာတို့ကို အစုလိုက် အပြုံလိုက် ဝင်ရောက် မသတ် သေးခြင်းသည် သူ၏စီမံချက်အတိုင်း၊ ကရင်များကို မိမိတို့လိုရာ အကွက်အတွင်းသို့ ဆွဲမ သွင်းနိုင်သေးခြင်းတို့ကြောင့်သာ ဖြစ်သည်။ တပ်ရင်းသစ် (၅၀)ကို တိုးခ့ျဲ ဖွဲ့စည်း တည်ထောင်ပြီး ၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ (၃၁)ရက်နေ့တွင် ကရင်တို့အား မတရား အသင်း အဖြစ် ကြေညာလိုက်ကာ ကေအဲန်ယူ ဌာနချုပ်ရှိရာ အင်းစိန်မြို့ကို တပ်အင်အား အလုံးအရင်းဖြင့် တရကြမ်း ဝင်ရောက် စီးနင်း တိုက်ခိုက်ကြလေတော့သည်။ ထို့အတူ ကရင် အမျိုးသား အများစု နေထိုင်ရာ ကျေးရွာများကိုလည်း တပြိုင်တည်းပင် အလစ် ဝင်ရောက် တိုက်ခိုက် ကြသည်။

ဝန်ကြီးချုပ် ဦးနုသည် ကရင်တမျိုးသားလုံးကို မတရားအသင်း ကြေညာကာ အလစ် အငိုက် စတင် တိုက်ခိုက်ခြင်းဖြင့် ပြည်တွင်းစစ်မီးကို မွှေးခဲ့ပြန်သည်။ ကရင်များ သည် အင်္ဂလိပ် လက်ပါးစေ၊ သူလျှို၊ နယ်ခ့ျဲ လိုလားသူများဖြစ်ကြောင်း၊ နယ်ခ့ျဲ၏ မြှောက်ပင့် ပေးမှုကြောင့် ပုန်ကန်မှုများ ပြုလုပ်နေကြသူများဖြစ်ကြောင်း ဗမာတပြည်လုံး သိရှိအောင် ထုတ်ဖော်ပြီး၊ နယ်ခ့ျဲလိုလားသူ နောက်လိုက်ခွေးများကို အပြုတ်တိုက်ခိုက် ကြရန် ညွှန်ကြားချက်ပေးလေသည်။ ကရင်များသည် ထိုသို့သော အခြေအနေသို့ရောက်မှ ကေအဲန် ယူ ခေါင်းဆောင် စောဘဦးကြီး၏ “သွေးတစက်မျှ မကျဘဲ လွတ်လပ်ရေးကို ရအောင်ယူ မည်”ဟူသော ပေါ်လစီ၊ “ပါလီမန်အတွင်းတိုက်ပွဲ အစီအစဉ်”ကို ဒုတိယ အကြိမ် ဖျက်သိမ်းခဲ့ ရပြန်သည်။

တောခိုသွားသော ဗကပ နှင့် ပြည်သူ့ရဲဘော် တပ်များကို အပြုတ်တိုက်ခိုက် ချေမှုန်း ရာတွင် ဝန်ကြီးချုပ် ဦးနုသည် သူ့လက်အောက်ရှိ ဗမာ့သေနတ်ကိုင် တပ်ရင်း၊ တပ်ရင်းမှူး များကို အသုံးပြုလျှင် မြန်မာ မြန်မာချင်း တိုက်ကြမည် မဟုတ်ကြောင်းကို သိရှိသဖြင့်၊ ဗမာ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်မတော် လက်အောက်ခံ တပ်ရင်းများဖြစ်သော ကရင် သေနတ်ကိုင် တပ်ရင်း (၃)ရင်းနှင့် ကချင် သေနတ်ကိုင် တပ်ရင်း များကို၊ ထိုချေမှုန်းရေး တိုက်ပွဲများတွင် အသုံးပြုစေခဲ့သည်။ စစ်ဆင်ရေး အစီအစဉ်တွင် တောခို မြန်မာအဖွဲ့များအား ထောက်ခံ အားပေးသူ သတင်းပို့သူ အားလုံးကို ဖမ်းဆီး နှိပ်စက်ခြင်း၊ ထောင်ချခြင်း၊ သတ်ဖြတ်ခြင်း၊ အခြေစိုက် ကျေးရွာများ အား လုံးကို မီးရှို့ခြင်း တို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်လေ တော့သည်။ တောခို မြန်မာ တို့သည် အထက်ဗမာပြည်ရှိ မြန်မာအမျိုးသားများ နေထိုင်ရာ ဒေသများ တွင် အခြေစိုက် ထားကြသဖြင့်၊ ထိုဒေသရှိ မြန်မာအမျိုးသား၏ အသက် အိုး အိမ် များ အသုံးအဆောင်များ နှင့် စားနပ်ရိက္ခာများ လုယူ ဖျက်ဆီးခြင်းကို ခံခဲ့ကြရ သည်။

ဗမာ အမျိုးသား အမျိုးသမီးများတို့သည် ဗကပ ကို ထောက်ခံသူများအဖြစ် စွတ်စွဲ ခံ ကြရပြီး၊ ဖမ်းဆီး နှိပ်စက် ညဉ်းပမ်းခံကြရသည့်အပြင် ထောင်သွင်း အကျဉ်းချခြင်းများပင် ခံခဲ့ကြရသည်။ ထိုဖြစ်ရပ်များသည် ဝန်ကြီးချုပ် ဦးနု၏ အမိန့်ပေး စေခိုင်းခြင်းကြောင့် ဖြစ်ရ သည်ဟု မမြင်ဘဲ၊ ကရင်အမျိုးသားများအနေဖြင့် အခွင့်သာသည်နှင့် မြန်မာ တိုင်းရင်းသား များအပေါ် ဖိနှိပ် ညဉ်းပမ်းခြင်းသာ ဖြစ်ကြောင်း မှတ်ယူခဲ့ကြသဖြင့် ကရင် အမျိုးသားများ အပေါ် မုန်းတီးမှု ပိုမိုလာခဲ့ကြသည်။

တဘက်တွင်လည်း ဗမာ့ တပ်မတော် တပ်ရင်း တပ်ဖွဲ့ များမှ၊ ကရင်အမျိုး သားများ နေထိုင်ရာ ဒေသများတွင်လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံကို လူသတ် မုဒိမ်းကျင့်သည် အထိ ပြုလုပ်ခဲ့ကြသဖြင့်၊ ကရင်-ဗမာ မုန်းတီးမှုမှာ တစထက်တစ ပိုမို ကြီးထွားလာခဲ့သည်။ ကရင်များ ပါလီမန်အတွင်း တိုက်ပွဲဝင်နေစဉ်တွင် ဝန်ကြီးချုပ်ဦနု၏ အကြံအစည်မှာ ကရင်-ဗမာ မုန်းတီးရေးမှ၊ ကရင်-ဗမာ အဓိ ကရုဏ်း ဖန်တီးရေးပင်ဖြစ်သည်။ ထိုသို့ ဦးနု၏ လှည့်စားမှု လုပ်ရပ်များသည် တဖြည်းဖြည်းချင်း တိုင်းရင်းသားများအတွင်းသို့ လှည့်လည် စီးဆင်းခဲ့ရာမှ နောင်တွင် တဦးအပေါ်တဦး လိမ်လည် လှည့်စားမှု သံသရာများမှာ ယနေ့တိုင် အဆုံး မသတ်နိုင်တော့ချေ။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့ ညွှန်ကြားချက်ကြောင့် ကရင်တမျိုး သားလုံး သည် ရရာ လက်နက်ဖြင့် ခုခံရေး တိုက်ပွဲကို စတင်ခဲ့လေတော့သည်။ ကရင် သေနတ်ကိုင် တပ်ရင်း (၃)ရင်း၊ U.M.P. တပ်ရင်းများ၊ (Levy) လဲဗီးတပ်များ၊ ပုလိပ် တပ်များမှာ ရောက်ရှိ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရာ ဒေသ၊ မြို့ကြီး မြို့ငယ်များကို တိုက်ခိုက် သိမ်းယူရာ မြို့ကြီး မြို့ငယ်ပေါင်း (၆၀)ကျော်ကို သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၉ ခု၊ ဇန္နဝါရီလ (၃၁)ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်းမှ ကရင်အမျိုးသား ခေါင်းဆောင်၊ ဗမာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစမစ်ဒွန်း နှင့် ဒုတိယ စစ်ဦးစီးချုပ် စောရှီးရှိုတို့ နှစ်ဦးအား၊ ဗမာ့တပ်မတော် စစ်ဦးစီးချုပ်တာဝန်မှ ထွက်ပေးရန်၊ မထွက်ပါက ဆန့်ကျင် ဖြုတ်ချမည့်အရေး ဖြစ်လာသဖြင့် ကရင်စစ်ဗိုလ်ချုပ် (၂)ဦးတို့သည်၊ ဗမာပြည် နိုင်ငံရေး အရှုပ်အရှင်းများတွင် မပါဝင်လိုတော့သဖြင့် ဗမာ့ တပ်မတော်မှ ငြိမ်းချမ်းစွာ ထွက်ခွာခဲ့သည်။

ဝန်ကြီးချုပ် ဦးနုနှင့် ဗိုလ်မှူးကြီးနေဝင်းတို့ နှစ်ဦးသည် ကချင် တပ်ရင်းမှူး၊ ဗိုလ်မှူးကြီးနော်ဆိုင်း ဦးစီးသော ကရင်တပ်ရင်း တရင်းကျော်၊ အင်အား (၁,၅၀၀)ခန့်ဖြင့် တောင်ငူကို ဝင်ရောက်သိမ်းပိုက်ရန် စေလွှတ်လိုက်သည်။ ဗိုလ်မှူးကြီးနော်ဆိုင်းသည် တောင်ငူမြို့သို့ ချီတက်ခဲ့ပြီး၊ ဗိုလ်ချုပ်မင်းမောင်နှင့် အဆက်အသွယ်ပြု နားလည်မှု ရယူခဲ့ပြီး၊ ကေအဲန်ယူနှင့် ပူးပေါင်းလာခဲ့သည်။

မေမြို့ရှိ ဗမာ့တပ်မတော် လက်အောက်ခံ ကရင်သေနတ်ကိုင် တပ်ရင်း(၂) တရင်းလုံး၊ U.M.P. တပ်ရင်း တရင်းလုံး၊ စုစုပေါင်း တပ်ရင်း (၂)ရင်းရှိရာ၊ တပ်ရင်း (၂)ရင်းလုံးကို ဗမာ တပ်သားများက အလစ်ဝင်ရောက် စီးနင်းပြီး၊ ဖမ်းဆီး ထိန်းသိမ်း လိုက်ကာ လက်နက်များကို ဖြုတ်သိမ်းလျက်၊ ဖမ်းဆီး ချုပ်နှောင် ထားသည်။ နောက် (၃)ရက်အကြာတွင် အားလုံးကို သတ်ဖြတ်ပစ်မည် ဖြစ်ကြောင်းကို ဗိုလ်မှူးကြီး နော်ဆိုင်းက သတင်းရ ရှိကြောင်း တင်ပြလာပြီး အမြန်ဆုံး ကယ်တင်ရန်ကိုပါ အကြံဉာဏ်ပေးလာသည်။

မေမြို့တွင် အဖမ်းခံထားရသော ကရင်စစ်သားများကို ကယ်တင်နိုင်ရေး အတွက် ဗိုလ်မှူးကြီး နော်ဆိုင်း၊ ဗိုလ်မှူးအောင်ပွဲ၊ ဗိုလ်မှူးစောဦးတို့ (၃)ဦးမှ ဦးဆောင်ပြီး ကရင် လက်နက်ကိုင်တပ်ဖွဲ့ အင်အား (၂,၀၀၀)ကျော်၊ လက်နက် တပ်ဆင်ထားခြင်း မရှိ သေးသော တပ်သားသစ် (၄၀၀)ကျော်၊ ကချင်တပ်ရင်း တရင်းကျော်မှ အင်အား (၁,၅၀၀) ကျော်တို့ ပူးပေါင်းပြီး ဗိုလ်ချုပ်မင်းမောင်၏ စီမံကွပ်ကဲမှုဖြင့် မီးရထားတစီး၊ စစ်ယာဉ်တန်း တွင် စစ်ကား အစီး (၅၀)တို့ဖြင့် မေမြို့သို့ စတင်ချီတက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူးကြီးနောင်ဆိုင်း၊ ဗိုလ်မှူးအောင်ပွဲ၊ ဗိုလ်မှူးစောဦးတို့ ဦးစီးသည့် ကချင်နှင့် ကရင် တပ်ဖွဲ့များသည် (၁၆-၂-၄၉)ရက်နေ့ ညဥ့်အချိန်တွင် မြို့လှအား ဝင်ရောက်တိုက်ခိုက် လေ တော့သည်။ တိုက်ပွဲကြာချိန် (၂)နာရီ အတွင်း မြို့လှတမြို့လုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ ပုလိပ် တပ်သား(၂၀)ကျော်တို့ လက်နက်ချ ကြသည်။ ဗမာ့ တပ်မတော်မှ ဖမ်းဆီး ထိန်းသိမ်းထား သော ကရင်တပ်သားများ၊ U.M.P. တပ်ရင်း တရင်းမှ အင်အား (၅၀၀)ကျော် တို့၏ အသက် ကို ကယ်တင် နိုင်ခဲ့သည်။ လွတ်မြောက်လာသော တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင် ပေးလိုက်ပြီး၊ စစ်ကြောင်းနှင့်အတူ တိုက်ပွဲဝင်စေခဲ့သည်။

၂၀-၂-၄၉ နေ့၊ နံနက် (၄)နာရီအချိန်တွင် ကချင်နှင့် ကရင်တပ်ဖွဲ့များ မိတ္ထီလာမြို့ကို ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲမှာ ပြင်းထန်သဖြင့် ထိခိုက် ကျဆုံး ဒဏ်ရာရမှုများ နှစ် ဘက်စလုံးတွင် ရှိခဲ့သည်။ ၂၂-၂-၄၉ ရက်နေ့တွင် မိတ္ထီလာ တမြို့လုံးကို သိမ်းပိုက်နိုင်ခဲ့ သည်။ ကချင်နှင့် ကရင်တပ်တို့သည် ဗမာ့ တပ်မတော်မှ ဗိုလ်မှူးကြီး မောင်မောင်၊ ဗိုလ်မှူး ဒေါင်းစိန် နှင့် ဗိုလ်ကြီး (၅)ယောက် တို့ကို အရှင် ဖမ်းဆီး ရမိခဲ့သည်။

၁-၃-၄၉ ရက်နေ့တွင် ဗမာ့တပ်မတော်မှ လေယာဉ်ပျံ နှစ်စီးသည် မိတ္ထီလာ မြို့ပေါ်၌ ဝဲပျံပြီး ဗိုလ်မှူးကြီးနော်ဆိုင်း နှင့် အဆက်ယူကာ၊ မိတ္ထီလာ လေယာဉ်ကွင်းသို့ ဆင်းလာသည်။ လေယာဉ် နှစ်စင်းတွင် ပါလာသော တပ်မှူး တပ်သားအားလုံးကို ဖမ်းဆီးကာ ထောင်သွင်း ချုပ်နှောင်ထားလိုက်သည်။ ဗိုလ်မှူးကြီးနော်ဆိုင်း၊ ဗိုလ်မှူး စောဦး နှင့် ကချင်နှင့် ကရင် စစ်သား (၄၀)တို့သည် စစ်လေယာဉ် နှစ်စီးဖြင့် မေမြို့ မြို့ပေါ်သို့ ပျံဝဲလျက် မေမြို့ မြို့စောင့်တပ် တပ်မှူးနှင့် အဆက်အသွယ် ရယူကာ မေမြို့ လေယာဉ် ကွင်းသို့ ဆင်းခဲ့သည်။ စစ်လေယာဉ်ကို စောင့်ကြိုနေသော ဗမာ့တပ်မတော်မှ တပ်မှူး တပ်သား အားလုံးကို ဖမ်းဆီး ကာ လက်နက်များကို သိမ်းယူပြီး မေမြို့အကျဉ်းထောင် ရှိရာသို့ ချီတက်၍ တက်ရောက် သိမ်းပိုက်လိုက်ပြီး မတရားဖမ်းဆီးခြင်းခံထားရသော ကရင် တပ်မှူး တပ်သား (၂,၀၀၀)ကျော်တို့ကို ကယ်တင်နိုင်ခဲ့သည်။ ဗမာ့တပ်မတော်မှ တပ်မှူး တပ်သားများ အားလုံး ကိုလည်း ဖမ်းဆီးလျက် မေမြို့ ထောင်တွင်း၌ပင် ချုပ်နှောင် ထားလိုက်သည်။

၁၁-၃-၄၉ ရက်နေ့သည် ကချင်နှင့် ကရင်စစ်ကြောင်းတို့ သာစည်မြို့ကို ဝင်ရောက် တိုက်ခိုက်သကဲ့သို့ မန္တလေးမြို့ကိုပါ တပြိုင်တည်း ဝင်ရောက် စီးနင်းခဲ့ရာ (၃)ရက် အကြာ ၁၄-၃-၄၉ ရက်နေ့တွင် သာစည်နှင့် မန္တလေး မြို့တို့ကို သိမ်းဆည်းနိုင်ခဲ့ ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရှမ်းအမျိုးသား ခေါင်းဆောင်များ၏ အကူအညီ တောင်းခံမှုကြောင့် ကချင် နှင့် ကရင်စစ်ကြောင်းတို့သည် တောင်ကြီးနှင့် လာရှိုးမြို့များကိုလည်း ဝင်ရောက် သိမ်းပိုက်ပြီး၊ လားရှိုးနှင့် တောင်ကြီးမြို့များကို ရှမ်းအမျိုးသား ခေါင်းဆောင်များ ထံသို့ လွှဲပြောင်း ပေးအပ် ခဲ့သည်။

မန္တလေးမြို့တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြပြီး၊ ကရင်ပြည်နယ် တောင်းဆိုသည်မှာ မန္တလေးမြို့မပါဝင်ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့ကို ဗမာပြည် ကွန်မြူနစ်ပါတီတို့ တာဝန်ယူ အုပ်ချုပ်ရန် လွှဲပြောင်း ပေးအပ်ခဲ့သည်။ ထိုမှ တောင်ငူသို့ ချီတက်စဉ် လမ်းခရီးတွင် ဗမာပြည် ကွန်မြူ နစ်ပါတီ တပ်သားများက နယ်ခြဲ လိုလားသူ နယ်ခြဲဒေါက်တိုင် အမာခံများ ဖြစ်သည်ဟု အော်ဟစ်ကာ ပြောက်ကျား စစ်ဖြင့် လိုက်လံ ပစ်ခတ် နှောက်ယှက်မှု ပြုခဲ့သေးသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေးအတွင်းမှ သင်ခန်းစာများ

ရန်ကုန်မြို့ကို သိမ်းရန်အတွက် ဗိုလ်ကြီးဇော်ဖေနှင့် စစ်အင်အား (၁,၇၀၀) ကျော်တို့ကို ဗိုလ်ချုပ်မင်းမောင်မှ တာဝန်ပေးလိုက်သည်။ တာဝန်အရ ညောင်လေး ပင်မြို့အား ဝင်ရန် ချီတက်နေစဉ်၊ တပ်ရင်းမှူးမြမောင်နှင့် အဆက်အသွယ်ရရှိခဲ့ပြီး ပဲခူးနှင့် ရန်ကုန်ကို တိုက်ခိုက်သိမ်းပိုက်ရန် နှစ်ဦးသား သဘောတူညီချက် ရရှိ ခဲ့ကြသည်။ ရန်ကုန်နှင့် ပဲခူးမြို့များအား သိမ်းဆည်း၍ မရနိုင်လျှင် ညောင်လေးပင် မြို့သို့ မဝင်ရန် ကိုလည်း သဘောတူသည့် အတိုင်း၊ ညောင်လေးပင်ကိုရှောင်လျက် ရှေ့ဆက် ချီတက်ခဲ့ကြသည်။ တရက် အတွင်းမှာပင် ဒိုက်ဦး၊ ဖောင်တော်သီ၊ ကူဒို့၊ ဘုရားကြီး၊ ဘုရားကလေးစသော မြို့များကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက် နိုင်ခဲ့သည်။ ဘုရားကြီး ဘုရားကလေးသို့ ရောက်သည့်အခါ ထမင်းထုတ် ပို့သူမရှိ။ တပ်များကလည်း ထမင်းဆာနေကြပြီ ဖြစ်သောကြောင့် ဗိုလ်ကြီးဇော်ဖေက တပ် အားလုံးကို ဖြန့်လျက်၊ ရွှေအင်တုံ၊ လေးအင်စုရွာသို့ ပြန်လာပြီး ထမင်း ချက်စား ကြသည်။

စနေနေ့တွင် တပ်ကို အနားပေးပြီး၊ တနင်္ဂနွေနေ့တွင် ဘုရားဝတ်ပြုခဲ့ ကြသည်။ တနလ်ာနေ့ မနက်တွင် ဒိုက်ဦးမြို့အဝင်တွင် ရန်သူမှ အစီအစဉ်ရှိရှိဖြင့် စောင့်ကြို တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ထိုနေ့ တနေကုန်ပင် ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ခဲ့သည်။ ကရင်တပ်များကလည်း တရကြမ်း ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ သော်လည်း ဒိုက်ဦးမြို့ကို တက်ရောက်သိမ်းပိုက်နိုင်ခြင်းမရှိ။ အလောင်းများပင် ပြန်မကောက်နိုင်ဘဲ တပ်ပြန်ရုပ်ခဲ့ရသည်။ ခဲယမ်းမီးကျောက် အားနည်းလာခြင်း ရဲဘော်တခ့ျို ဒဏ်ရာရခဲ့ခြင်း မိမိတပ်ဖွဲ့ အထိနာခဲ့ခြင်းတို့ကြောင့် စိတ်ဓါတ် ကျဆင်း လာသည့်အတွက် ညောင်လေးပင်သို့ တပ်ပြန်ဆုတ်ခဲ့ရသည်။ ညောင်လေးပင် အ ဝင်တွင် ရန်သူတပ်များက ဝင်ခွင့်မပေးသည့်အတွက်၊ စစ်မော်တာများ၊ လက်နက် ကြီးများ စစ်သုံးကားကြီးများကို ထားခဲ့ပြီး ပဲခူးရိုးမ တောင်ခြေအတိုင်း တောင်ငူသို့ ချီတက်ခဲ့ရသည်။

ထိုအချိန်တွင် ကရင်အမျိုးသားတို့မှာ တိုက်တိုင်းအောင်ပွဲများ များစွာ ရရှိထားကြသဖြင့် ဘဝင်မြင့်ကာ အောက်ခြေလွတ်နေကြသည်။ ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းပြီး၊ ရန်သူကိုအထင်သေးခဲ့ကြသည်။ ဗမာ့တပ် မတော်သည် မိမိတို့ ကရင်တပ်များကို ခုခံ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တိုက်ခိုက်နိုင်စွမ်းမရှိဘူး၊ မိမိတို့ (ကော်သူးလေး ထော်ထော်၊ ထော် ကော်သူးလေ ထော်ထော်) ဆိုသည့် အော်သံကြားသည်နှင့် ၎င်းတို့တတွေ ဒူးတုန်ကာ ကြောက်လန့် ထွက်ပြေးကြ ရသည် ချည်းဖြစ်ပြီး “ကရင်အော် မြန်မာလဲ ရှမ်း မျက်လုံးပြူး ခေတ်သို့ ရောက်နေပြီ” ဟုပင် ပြောဆို နေကြသည်။

ထိုတိုက်ပွဲကို ပြန်လည် ဆန်းစစ်ကြည့်ပါက တပ်မှူးများသည် ကိုယ့်ကို ကိုယ် အထင်ကြီးပြီး၊ ရန်သူအား အထင်သေးခြင်း၊ ရရှိထားသော အောင်ပွဲကို ဆက်လက် ထိန်းသိမ်းလိုစိတ် မရှိခြင်း၊ မည်သည့်မြို့ မည်သည့်ရွာ၊ မည်သည့်နေ ရာကိုမဆို ယခုတိုက် လျှင် ယခုရသည်ဟုထင်ကာ ဘဝင်မြင့်ခဲခြင်းကြောင့် လည်းကောင်း ပဲခူးနှင့် ရန်ကုန်တို့ကို အ မြန်ဆုံး တိုက်ခိုက်သိမ်း ပိုက်နိုင်ခြင်းသည်၊ ကရင့်တော်လှန်ရေး အောင်ပွဲအတွက် အဆုံးအဖြတ် ဖြစ်ကြောင်းအထိ တွေးခေါ် မြော်မြင် နိုင်စွမ်း မရှိခြင်းတို့ကြောင့် အထိနာခဲ့ရ သော တိုက်ပွဲပင်ဖြစ်သည်။

ဘုရားကြီး၊ ဘုရားကလေး တို့ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ပြီး ပဲခူးအား ဆက်လက် တိုက်ခိုက်ရန်မှာ ကွင်းတကွင်းသာသာ အကွာအဝေးတွင်သာ ရှိတော့သည်။ ပဲခူးတွင် ထမင်း ဝင်ချက်စားပြီး နောက်တရက် ရန်ကုန်ကို ဝင်သိမ်းနိုင်သည်ကိုလည်း နားလည်ဟန်လည်း မတူ။ ရွှေအင်တုံလေး၊ အင်စုရွာနှင့် ဘုရားကြီး၊ ဘုရားကလေးတို့မှာ (၁၀)မိုင်လောက်သာ ရှိ ပေမည်။ ပဲခူးနှင့် ဘုရား ကြီး ဘုရားလေးမှာ (၂)မိုင်ကျော်ကျော် လောက်သာ ရှိသည်။ တပ် ကို နောက် ကြောင်းပြန်လှည့်ကာ ထမင်းစား တပ်နားခြင်းကြောင့် အရေးကြီးသော စစ်ကွက် ကို လက်လွတ်ပေးခဲ့သော ကရင်စစ်ဗိုလ်များသည် နောင်လာနောင်သားများ အတွက် သင်ခန်းစာ အကြီးကြီးကို ပေးခဲ့သည်ဟုပင် မှတ်ယူရပေမည်။ ပဲခူးမြို့ရှိ ရန်သူတပ်များသည် ပဲခူးချောင်း အနောက်ဘက်ကမ်းသို့ အားလုံး ပြန်ဆုတ်သွား သည်။ မြို့နေလူကြီး လူငယ် များ၊ အမျိုးသမီးကြီးငယ်တို့မှာ မြို့အဝင်တွင် စောင့်မျှော် ကြိုဆိုနေကြသည်ကိုလည်း သဘောမပေါက်။ မစဉ်းစားမိသည် သာမက စုံလည်း မစုံစမ်းခဲ့သဖြင့် ကရင့်တော်လှန်ရေး အောင်ပွဲအတွက် ရလာဒ် ကောင်းကြီး တခုသည် ညံ့ဖျင်းသော ခေါင်းဆောင်မှုကြောင့် ဆုံးရှုံး ခဲ့ရသည်။

ဗိုလ်ချုပ်မင်းမောင်နှင့် ဗိုလ်မှူးနော်ဆိုင်းတို့ နှစ်ဦးသည်၊ ကရင်တပ်နှင့် ကချင်တပ် အင်အား (၃,၀၀၀)ကျော်နှင့် တောင်ငူမြို့မှ စတင်ချီတက်သည်။ ကား လမ်း ရထားလမ်း တ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လျောက် ဖြတ်သန်းခဲ့ရာ ဗမာ့ တပ်မတော်မှ လည်းကောင်း တို့ စစ်ကြောင်းကို တိုက်ခိုက်ခြင်း မပြုခဲ့သော်လည်း ညောင်လေးပင်တွင်မူ စတင် တိုက်ခိုက် ကြသည်။ ညောင်လေးပင်ကို (၃)ရက်အတွင်း ဝိုင်းပတ် ပိတ်မိနိုင်ပြီး၊ (၄)ရက်နေ့ညတွင် လှံစွပ်နှင့် ဝင်ရောက်ကာ တက်ထိုး ရတော့သည်။ ဗမာ့တပ် မတော် တပ်သားများသည် ကရင်တို့၏ အနီးကပ် လှံစွပ်တိုက်ပွဲကို မ ခံနိုင်ဘဲ ကစင့်ကလျား ထွက်ပြေးသူ ထွက်ပြေး၊ အဖမ်းခံသူလည်း အဖမ်းခံခဲ့ကြသည်။ ထို နေ့တွင် ကချင်နှင့် ကရင်တို့က ညောင်လေးပင်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို အချိန်က က ရင့်တော်လှန်ရေးမှာ ထိုးစစ်ဖြစ်နေပြီး ဗမာ့ တပ်မတော်သည် ခံစစ် အနေထား ဘဝတွင်သာ ရှိ သည်။

သိမ်းဆည်းရရှိသော လက်နက် ခဲယမ်း မီးကျောက်များကို ဗိုလ်မှူးကြီးနော် ဆိုင်းက ညောင်လေးပင်ရှိ K.N.D.O. တပ်မဟာမှူး၊ ဗိုလ်မှူးကြီးအောင်စိန်အား ထိမ်းသိမ်းထားပေးရန် တာဝန်ပေးသည်။ K.N.D.O. တပ်မှူးနှင့် တပ်သားများက စစ်ကြောင်းမှ အပ်နှံထားသော လက်နက်ခဲယမ်း မီးကျောက်များကို စံနစ်တကျ သိမ်းဆည်းရမည့်အစား ကိုယ်ပိုင် ပစ္စည်း ကဲ့သို့ ကိုယ့်အိမ်ကိုယ် ယူသွားကြသည်။ ထို့အတူ ညောင်လေးပင်မြို့ ပေါ်ရှိ ရန်သူ့ပစ္စည်းများ အပြင် လူထုပိုင် ပစ္စည်းများ ကိုလည်း ကိုယ်ပိုင်ပစ္စည်းများကဲ့သို့ မင်းမဲ့စရိုက်ဆန်ဆန် စည်းမဲ့ ကမ်းမဲ့ ကိုယ့်အိမ် ကိုယ် ပြန် သယ် သွားကြသည်။

ဗိုလ်ချုပ်မင်းမောင်မှ ဗိုလ်မှူးကြီးနော်ဆိုင်းနှင့် ဗိုလ်မှူးစောဦးတို့၏ တပ် အင်အား (၂,၀၀၀)ကျော်တို့ဖြင့် ရန်ကုန်သို့ ဝင်ရောက်သိမ်းပိုက်ရန် တာဝန်ပေး လိုက်သည်။ တာဝန်ပေး ချက်အရ ချီတက်ရာ ဒိုက်ဦးတွင် တိုက်ပွဲဖြစ်ရာ (၃)နာရီ ခန့်ကြာအောင် တိုက်ယူခဲ့ရသည်။ ထို့နောက် ဖောင်တော်သီ ကဒုတ်ကို ဆက်လက်ချီတက် တိုက်ခိုက်ရာ တနာရီကျော် ထပ်မံ တိုက်ပွဲဖြစ်ပွားပြန်သည်။ ဘုရားကြီး ဘုရားကလေးမြို့တွင် ဗမာ့တပ်မတော်မှ အခိုင်အမာ ခံစစ်ဖြင့် ခုခံရာ၊ ယမ်းသီး(ကျည်ဆန်) အားနည်းလာသဖြင့် ရှေ့မတိုးနိုင်ဘဲဖြစ်နေသည်။ ထို အခြေ အနေတွင် ရှေ့သို့ ဆက်မထိုးသေးဘဲ ဘုရားကြီး၊ ဘုရားကလေးတွင် ရန်သူနှင့် မျက်နှာချင်းဆိုင် ကပ်လျက် တပ်ကို ချထား လိုက်သည်။

K.N.D.O. တပ်မဟာမှူး၊ ဗိုလ်မှူးအောင်စိန်ထံသို့ ယမ်းသီးများ ပို့ပေးရန် တောင်းခံရ တော့သည်။ ယမ်းသီးများ မရှိတော့ကြောင်း အကြောင်းပြန်ကြားသည်။ အကြိမ်ကြိမ် တောင်းခံသော်လည်း ယမ်းသီး မရသဖြင့် စစ်ကြောင်းကို ဒိုက်ဦးမြို့ တွင် ခံစစ်ပုံစံဖြင့်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ချ နေရာယူခိုင်းထားပြီး ဗိုလ်မှူးကြီးနော်ဆိုင်းနှင့် ဗိုလ်မှူးကြီး စောဦးတို့သည် ညောင်လေးပင်သို့ တပ်ပြန်ဆုတ်ခဲ့ရသည်။ ညောင်လေးပင်သို့ ရောက်သည်နှင့် ယမ်းသီးများတောင်းယူရာ မရ။ ရန်ကုန်ကို တိုက်ခိုက်ရန် ယမ်း သီးမရှိလျှင် မဆင်းနိုင်ကြောင်း ဆွေးနွေးပြောသော်လည်း ယမ်းသီးကို ထုတ်မပေး ခဲ့ကြ။

ဗိုလ်မှူးကြီးနော်ဆိုင်း စိတ်ဆိုးကာ ငွေထုတ်ကြီး ထုတ်ပြီး၊ (၃၀၃) ယမ်း သီးတလုံးကို (၂/-)နှုန်းဖြင့် ဝယ်ယူသောအခါ ယမ်းသီးများ သေတ္တာလိုက် ထွက်လာသည်။ K.N.D.O. တပ်မှူးတခု်ပြုမှာ ဗိုလ်မှူးကြီးနော်ဆိုင်း ရန်ကုန်ကို တိုက်ရန် ယမ်းသီးဝယ်ယူနေကြောင်း၊ မင်းတို့မှာ ယမ်းသီးရှိရင် အမြန်ဆုံး ထုတ် ရောင်းကြရန် လှုံ့ဆော်ခဲ့သည်။ ညောင်လေးပင် ကရင်များထံမှ ဗိုလ်မှူးကြီး နော်ဆိုင်း ယမ်းသီးများ ဝယ်ယူ ရရှိပြီးနောက်၊ နောက်တနေ့တွင် ရန်ကုန်ကို ဆင်းတိုက်လိမ့်မည်ဟု ထင်မှတ်နေကြသည်။ နောက်နေ့ မနက်ပိုင်းတွင် ဗိုလ်မှူး ကြီးနော်ဆိုင်းနှင့် သူ့တပ်များ စစ်မော်တော်ယာဉ်များကို တောင်ငူမြို့ဘက်သို့ လှည့်ပြီး၊ ဗိုလ်မှူးကြီးနော်ဆိုင်းက “ငါ အခု စစ်လာတိုက်တာ ကရင်အတွက် ဖြစ် တယ်။ ကရင်အတွက် ယမ်းသီးလိုအပ်တာကို ကရင်တွေက ထုတ်မပေးနိုင်ဘူး။ ငါလိုတာ ငါဘဲ ပြန်ဝယ်ယူရတယ်။ မင်းတို့ ကရင်တွေ နောင်တချိန် မျက်ရည် ကျမှ ငါလာကူပေး တော့မည်”ဟု ကရင်စစ်ခေါင်းဆောင်များနှင့် လူထုအား အပြန်တွင် နှုတ်ဆက်စကား ပြောသွားခဲ့သည်။ တောင်ငူမြို့သို့ ရောက်သည့်အခါ ဗိုလ်ချုပ်မင်း မောင်ထံသို့ ကျနော် အထက်ဗမာပြည်ကို ပြန်တက်တော့မည် ဖြစ်ကြောင်း၊ ရန်သူ ကို ဆက်လက် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ခွင့်တောင်းရာ၊ ဗိုလ်ချုပ်မင်းမောင် က ခွင့်ပြုလိုက်သည်။ ထိုအချိန်မှစ၍ ဗိုလ်မှူးကြီးနော်ဆိုင်းတယောက်၏ သတင်း ကို အစအနပင် မရတော့ပေ။

ကရင်တပ်မှူးကြီးတို့၏ ထိုးစစ် နည်းဗျူဟာမှာ ရန်သူအား စပရင်နှ် (Spring)ကဲ့သို့ တွန်းချနည်းပင် ဖြစ်သည်။ စပရင်နှ် (Spring)ကို တပိုင်း တစစီ ဖြတ်တိုက်နည်း ဗျူဟာကို မကျင့်သုံးခဲ့ပါ။ ရန်သူကို ထိပ်တိုက် နေရာမှ ရောင်ပြပြီး၊ နောက်ကျောမှ ဝင်တိုက်နည်းကိုလည်း မသုံးခဲ့။ ညောင်လေးပင် တိုက်ပွဲ အရှိန်၊ တိုက်ပွဲ ဂယက်၊ တိုက်ပွဲအတွင်း လက်ဦးမှုအရှိန်ကို ရယူပြီး၊ ဒိုက်ဦးမြို့နှင့် ပဲခူးမြို့တို့ကို တကြိမ်တည်း အလစ်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက် ထားရမည် ဖြစ်သည်။ မိမိတို့တပ်များသည် ပဲခူးနှင့် ရန်ကုန်အကြား မီးရထား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လမ်းနှင့် ပဲခူး မြစ်တို့ကို စိုးမိုးထားသော ထုံးကြီး အထိုင် တပ်စခန်းမှာလည်း ဗျူဟာကျကျ နေရာ ယူထားပြီး ဖြစ်သည်။

ပဲခူးနှင့် ရန်ကုန်မြို့အကြား မီးရထားလမ်းမပေါ်တွင် ပဲခူးမြစ်ကို ထိုင်စစ် (ခံစစ်) ယူထားသော ထုံးကြီး တပ်မှာလည်း ရှိနေပြီးဖြစ်သည်။ အဝေးပြေး ကား လမ်းတွင် U.M.P. တပ်ရင်းမှူးနှင့် ၎င်း၏တပ်ရင်းတရင်း အပြင် စာဘူးတောင်းရှိ တပ်တို့က လှည်းကူးတွင် အခြေစိုက် နေရာ ယူထားပြီး၊ ပဲခူးမြို့ကို ဝင်ရောက် သိမ်း ပိုက်ခဲ့လျှင် ထုံးကြီးတပ်နှင့် ဗိုလ်မှူးဘလုံ တပ်တို့ ပူးပေါင်း၍ ရန်ကုန်ကို အလွယ် နည်းဖြင့် တက်သိမ်းနိုင်ခဲ့သည့် အခြေအနေမျိုး ဖြစ်သည်။ ထိုနည်းကို မကျင့်သုံး နိုင်သည့်အတွက် ကရင်တို့အတွက် ကြီးမားသော အခွင့်အရေးကြီးတခု ထပ်မံ ဆုံးရှုံးခဲ့ရပြန်သည်။ ကရင့်တော်လှန်ရေး စခဲ့သည်မှာ တလ နှစ်လ သာ အချိန် ရှိသေးသည် ကရင်တပ်မှူး တပ်သား တခ့ျိုမှာ ကိုယ်ကျိုးရှာသမားများ၊ ကိုယ်ကျိုး စီးပွား ရှေ့တန်းတင်သော ပုဂ္ဂိုလ်များ ရှိခဲ့ခြင်း ကလည်း ရန်ကုန်ကို သိမ်းပိုက်ရန် ရလာဒ်ကောင်းကို လက်လွှတ်ခဲ့ရသော သဘောဖြစ်သည်။

K.N.D.O. တပ်မဟာမှူးအောင်စိန်အား ဗဟို စစ်ဦးစီးဌာနချုပ်မှ ထုတ် ပယ်လိုက်ပြီး၊ ဗိုလ်မှူးကြီးစောဦးကို ညောင်လေးပင် တပ်မဟာမှူးတာဝန်ကို ခန့် အပ်လိုက်သည်။ ဒိုက်ဦးမြို့ ရှိ ကရင်ခံတပ်ကို ဗမာ့ တပ်မတော်မှ တက်သိမ်းနိုင် ခဲ့ပြီး ကရင်တပ်များသည် ပြွန်တန်ဆာ အောက်ဘက်၊ ဘဲတန်းချောင်း ကမ်းနဖူး တွင် ခံစစ်သေ နေရာယူ တပ်ချထားသည်။

နောက်ထပ်တကြိမ် ရန်ကုန်ကို တက်သိမ်းရန် ကရင်တပ်များက ဝင်တိုက် ခဲ့သည်။ ဒိုက်ဦးမြို့ကို ဝင်ရောက် သိမ်းပိုက်ရန် လက်တကမ်းအလို ညောင်လေးပင် တပ်မဟာမှူးစော ဦးမှာ မီးရထားပေါ်မှတဆင့် ရှေ့တန်း တိုက်ကွင်းကို ကြည့်ရှုစစ်ဆေးနေစဉ်၊ အမ်း(မ်)မတ် မီးရထားပေါ်မှ မမျှော်လင့်ဘဲ ပစ်ခတ်လိုက် သော ယမ်းသီးတလုံးသည် ပြူတင်းပေါက်တည့် တည့်မှ ဝင်လာပြီး တပ်မဟာမှူး၏ မျက်လုံးကို ဖောက်ကာ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ တပ်မဟာမှူး ကျဆုံးကြောင်း သတင်းကြားသဖြင့် ရဲဘော်များ စိတ်ဓါတ်ကျပြီး ဘဲတန်း ခံတပ် စခန်းသို့ အားလုံး ပြန်ခဲ့ကြသည်။ ညောင်လေးပင် တပ်မဟာမှူး၏ တာဝန်ကို ဗိုလ်မှူးကြီးဘလှစိန်ကို တာဝန်ပေးသည်။ တောင်ငူ၊ ညောင်လေးပင်ရှိ တပ်တို့ သည်၊ ညောင်လေးပင်မှ ဘုရားကြီး၊ ဘုရားကလေးအထိ ဆင်းလိုက် တက်လိုက်၊ ပြန်ဆုတ်လိုက် အပြန်အပြန် အလှန်လှန် အဆုတ်အတက် ဖြစ်ခဲ့ရာမှ အချိန် ကြာလာသည်နှင့် မိုးတပြိုက် လေတ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြုက် ကျချိန်သို့ ရောက်ခဲ့သည်။ မိုးဦး မိုးတွင်း စစ်ဆင်ရေးကို ကရင် တပ်မှူးများမှာ ပြုလုပ်ရန် အာသီသရှိပုံ မတွေ့ရ။ ထိုအချိန် မျိုးတွင် စစ်တိုက်လိုစိတ် မရှိဟု (စောဂျော့)ထင်သည်။

ကရင်သေနတ်ကိုင် တပ်ရင်း(၂)သည် ပြည်မြို့ကို ဝင်ရောက် သိမ်းပိုက် နိုင်ခဲ့ပြီး ပြည်မြို့ကို ကာကွယ်ရန်အတွက် တပ်ခွဲတခွဲ ထားခဲ့သည်။ ကျန်တပ် အားလုံး နောက်ပိုင်း အိမ်ထောင်စုများနှင့်အတူ အင်းစိန်မြို့ဘက်သို့ ဆက်လက် ချီ တက်ခဲ့ကြသည်။ လမ်းခရီးရှိ မြို့များကိုလည်း တမြို့ပြီးတမြို့ တိုက်ခိုက်သိမ်းယူ နိုင်ခဲ့သည်။ ရန်သူသည် ပြည်မှဆင်းလာသော ကရင်စစ်ကြောင်းကို အင်းစိန်သို့ ဆက်၍ မဆင်းနိုင်ရန်အတွက် အစွမ်းကုန် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ကရင် တပ်များမှာ နောက်ပိုင်း မိသားစုများက တဖက်၊ ဗမာ့တပ်မတော်နှင့် အပြင်း အထန် ခုခံ တိုက်ခိုက်နေကြခြင်းက တကြောင်း၊ တိုက်လေယာဉ်များ၏ ပစ်ခတ် ခြင်းကို ခံနေရသည်ကလည်းတကြောင်း စသော အကျပ်အတည်း မျိုးစုံရှိနေသည့်ကြားမှပင် တဖြည်းဖြည်းချင်း ရှေ့တိုးတိုက်ခိုက်ခဲ့ကြသည်။ ယူဆောင်လာ သော လက်နက်ကြီးများကို လုံးဝ ထုတ်မသုံးကြဘဲ၊ အင်းစိန်ရောက်မှသာ ထုတ် သုံးမည်ဟု ရည်ရွယ်ထားခဲ့သည်။ ဗမာ့တပ်မတော်မှ အစီအစဉ်ရှိရှိ ခုခံနေသဖြင့် ရှေ့မတိုးသာဖြစ်နေခဲ့သည်။ ဒဏ်ရာရသူ ကျဆုံးသူတို့အပြင်၊ ရိက္ခာ အခက်အခဲ နှင့်လည်း ကြုံတွေ့ရသကဲ့သို့ တိုက်လေယာဉ်များ၏ ဝဲပျံ ပစ်ခတ်ခြင်းကို ခံနေ ရသည့်အပြင်၊ ဝိုင်းပတ်မှုကိုလည်း ခံလာရပြီဖြစ်သဖြင့် ထိုးဖောက် ထွက်ရန် အောက်ခြေ တပ်မှူးတို့က တောင်းဆိုကြသည်။ ဤသည်ကို တပ်ရင်းမှူးမှ ခွင့်မပြု သဖြင့် စိတ်ဓါတ် ကျခဲ့ကြသည်။ ရန်သူတပ်မှ တိုက်လေယာဉ်ပျံ(၄)စီးမှ စစ်ယာဉ်တန်း (မော်တော်ကား)များကို ပစ်ခတ်ရာမှ ထိမှန်သဖြင့်၊ လက်နက်ကြီး များနှင့် လက်နက်ကြီးကျည်များအားလုံး မီးလောင် ပျက်စီးခဲ့ရသည်။ ထိုအချိန် တွင် တပ်ခွဲတချို့မှာ တပ်ရင်းမှူး၏ အမိန့်ကို နာခံမှု မရှိတော့ဘဲ ရှောင်ထွက် ကြတော့သည်။ တပ်အနည်းသာ တပ်ရင်းမှူးထံတွင် ကျန်ရှိတော့သည်။ နောက်ဆုံး မလွဲသာဘဲ ရန်သူ့ထံ လက်နက်ချ အညံ့ခံ ခဲ့ကြရသည်။ တပ်ခွဲမှူး ဗိုလ်လှစိန်နှင့် တပ်ခွဲ တခွဲ ကျော်ကျော်တို့သည် ပဲခူးရိုးမ တောင်တန်းကို ဖြတ် ကျော်လျက် ညောင်လေးပင်တပ်နှင့် ပြန်လည် ပူးပေါင်း နိုင်ခဲ့သည်။

ပြည်စစ်ကြောင်းသည် အင်းစိန်မြို့သို့ ဆင်းနိုင်သည့် အခြေအနေ မရှိ တော့ကြောင်းကို K.N.U. ဗဟို ခေါင်းဆောင်များနှင့် ဗဟို စစ်ခေါင်းဆောင်များမှ ခန့်မှန်းမိ၍ တောင်ငူဘက်သို့ စစ်ကူခေါ်ခဲ့သည်။ တောင်ငူ စစ်ကြောင်းသည် မိုး တွင်းအချိန် ရေကြီးသဖြင့် လမ်းခရီး

အခက်အခဲကြောင့် အချိန်ကြန့်ကြာခဲ့ရသည်။ ထို့ကြောင့် ဗဟိုစစ်ဌာနချုပ်မှ မြစ်ဝကျွန်းပေါ်ဒေသရှိ K.N.D.O. တပ်ကို ခေါ်ယူ ခဲ့ရာ၊ မြစ်ဝကျွန်းပေါ် K.N.D.O. တပ်မှ အင်အား (၅၀၀)ကို စေလွှတ်လိုက်သည်။ အင်းစိန်တိုက်ပွဲတွင် ကရင် နှင့် ဗမာ တပ်များသည် ဘတပြန် ကျား တပြန် အခြေ တင်ဖြစ်နေခိုက် မြစ်ဝကျွန်းပေါ်မှ စစ်ကူရောက်လာသောအခါ ကရင်တို့က ထိုးစစ်ကို စတင်ခဲ့ကြသည်။ ဗမာတပ်ဖွဲ့ဘက်တွင် များစွာ ထိခိုက် ဒဏ်ရာ ရခဲ့သည်။

ဗမာတပ်များသည် အင်းစိန်မြို့ကို ဆက်လက်သိမ်းပိုက်ရန် အင်အား မရှိ တော့သော အခြေအနေဖြစ်သဖြင့်၊ ကရင်တပ်က မင်္ဂလာဒုံနှင့် ရန်ကုန်မြို့တို့ကို တက်သိမ်းရန် ချီတက်နေကြစဉ်၊ မနက် (၆)နာရီ အချိန်ခန့်တွင် ရန်ကုန်မြို့ ကား လမ်းပေါ်မှ အလံဖြူ ထောင်ထားသော ကားတစီး ကားလမ်းအတိုင်း တဖြည်းဖြည်း မောင်းနှင်လာနေသည်ကို တွေ့ခဲ့ရသည်။ ရှေ့တန်း စစ်ဆင်ရေးမှူးမှ အင်းစိန် ဘက်သို့ အလံဖြူထောင်၍ တက်လာသော ဂျစ်ကားတစီး လာနေကြောင်း အကြောင်းကြားလာသောအခါ အလံဖြူနှင့်လာသော ဂျစ်ကားကို ဝင်ခွင့်ပြုရန် အမိန့်ပေး၍ ဂျစ်ကားပေါ် ပါလာသူများကို ရှေ့တန်းစစ်ဆင်ရေးမှူးနှင့်တွေ့ဆုံရန် ခေါ်လာခဲ့ကြသည်။

ဂျစ်ကားတွင် ဗမာ့တပ်မတော်မှ တပ်မှူးတဦး၊ ပါကစ္စတန် သံအမတ် တဦး၊ ဗြိတိသျှ သံအမတ်တဦးနှင့် အိန္ဒိယသံမှူးတဦးတို့ ပါရှိလာပြီး စောဘဦးကြီး နှင့် တွေ့ဆုံလိုကြောင်း အကြောင်းကြားသဖြင့် အင်းစိန်အတွင်းသို့ ဝင်ခွင့် ပြု လိုက်သည်။

ဗမာ့တပ်မတော် ကိုယ်စားလှယ်သည် ယခုအချိန် အပစ်အခတ် ရပ်စဲထား ပြီး၊ ဝန်ကြီးချုပ်ဦးနုမှ စောဘဦးကြီးအား တွေ့ဆုံလိုကြောင်း၊ ကရင်-ဗမာ ပြဿနာ ကို ပြေလည်အောင် ဖြေရှင်းနိုင်ရေးအတွက် ရန်ကုန်မြို့သို့ စောဘဦးကြီးအနေဖြင့် လာရောက်တွေ့ဆုံရန် ပင် ဖြစ်သည်။ ထိုတင်ပြချက်ကြောင့် K.N.U. ဗဟိုမှ ရှေ့တန်း စစ်ဆင်ရေးမှူးထံသို့ ယခု အချိန်မှစ၍ ထိုးစစ်ကို ယာယီ ရပ်ဆိုင်းထားရန် ညွှန်ကြားချက် ထုတ်လိုက်သည်။ အင်းစိန်မြို့ရှိ ကရင်ခေါင်းဆောင်များ တပ်မှူး များကို ခေါ်ယူ ဆွေးနွေး ညှိနှိုင်းရမည်ဖြစ်သဖြင့် ဗမာတပ်မှူး အပါအဝင် ကိုယ်စား လှယ် (၄) ဦးကို အင်းစိန်တွင် ခေတ္တ စောင့်ဆိုင်းခိုင်းခဲ့သည်။

ဦးနု ဖိတ်ခေါ်သော တွေ့ဆုံ ဆွေးနွေးပွဲ လက်ခံ တွေ့ဆုံသင့် မသင့်ကိစ္စကို၊ အင်းစိန်ရှိ ကရင်တပ်မှူးများနှင့် ကရင်ခေါင်းဆောင်များ ဆွေးနွေးကြရာတွင် အဖြေ (၂)မျိုး ထွက်ပေါ်လာသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ ယခုရောက်လာသော ဗမာကိုယ်စားလှယ်မှာ နိုင်ငံတကာ သံအမတ်များအား ဖိတ်ခေါ်လာခြင်းကြောင့် ကရင်ပြည် ရရှိရေးတိုက်ပွဲသည် နိုင်ငံတကာ စာမျက်နှာ ပေါ်သို့ ရောက်လာပြီဖြစ်သကဲ့သို့၊ နိုင်ငံတကာနှင့် ဆက်သွယ်ပြီး ကရင်ပြည် ဖွဲ့ဖြိုးရေးအတွက် အထောက်အကူရနိုင်မည်ဖြစ်သဖြင့် သွားရောက် တွေ့ဆုံ သင့်ကြောင်း။ သို့သော်၊

၂။ အများစုအမြင်မှာ ဗမာ့တပ်မတော်တွင် လတ်တလော တိုက်ခိုက်ရေး အင်အားမရှိသဖြင့် လာရောက်တွေ့ဆုံမှု ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သို့တည်းမဟုတ် ရှေ့တဆင့် တက်လှမ်းနိုင်ရေးအတွက် အားယူရန် အချိန်ဆွဲခြင်းသာ ဖြစ်နိုင် ကြောင်း၊ အကောင်းဆုံးမှာ ယခုလာရောက် ဆက်သွယ်သော သံတမန်များကိုပါ ဖမ်းဆီးကာ၊ ရန်ကုန်ကို ဝင်ရောက်ပြီး၊ ဗမာခေါင်းဆောင်အားလုံးကို ဖမ်းဆီး၍ တိုင်းပြည်အာဏာကို သိမ်းယူရန်။ ထို့နောက်မှ ဗမာအပါအဝင် လူမျိုးစု အားလုံးကို ပြည်နယ်ခွဲဝေပေးရန်နှင့် ခိုင်မာတိကျသော ထာဝရငြိမ်းချမ်းရေးကို ဥပဒေနှင့်အညီ စံနစ်တကျ အကောင်အထည်ဖော်ဆောင်ပြီး ညီရင်းအစ်ကိုမိသား စုစိတ်ထားရှိရန် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးအထိ ဘုံ သဘော တူညီချက် ရရှိရေးကို ဆောင်ရွက်ရန် စသည်ဖြင့် အယူအဆ နှစ်ခုကို အပြင်း အထန် ငြင်းခုန်ဆွေးနွေးကြသည်။

တဖက်နှင့်တဖက် မလျော့တမ်း ဆွေးနွေးကြရာမှ မဲခွဲရန်အထိ ဖြစ်လာ သော အခါတွင်မှ၊ သဘာပတိဖြစ်သူ ခေါင်းဆောင် စောဘဦးကြီးက ခု အချိန်မှာ နိုင်ငံတကာ ကိုယ်စားလှယ်များကိုယ်တိုင် လာတွေ့ကြပြီး၊ ဗမာအစိုးရနှင့် တွေ့ဆုံ ရန် ပြောဆိုလာသည့်အတွက် အများစု သဘောထားအတိုင်း ဆောင်ရွက်လျှင် နိုင်ငံတကာ အမြင်မှာ မကောင်းနိုင်ကြောင်း၊ ကရင်ပြည် ရရှိရေး၊ ပြန်လည် ထူထောင်ရေးများကို နောင်တွင် လုပ်ရဦးမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်သည့်အခါတွင် နိုင်ငံတကာ အကူအညီများ လိုကောင်း လိုနိုင်မည် ဖြစ် ကြောင်း ထို့ကြောင့် ယခုချိန်တည်းက နိုင်ငံတကာ၏ ထောက်ခံ အားပေးမှုရအောင် ဆောင်ရွက်ထားရမည်ဖြစ်သဖြင့် မိမိကိုယ်တိုင် ဦးဆောင်ပြီး ဗမာခေါင်း ဆောင်များနှင့် တွေ့ဆုံရေးကို လုပ်ဆောင်မည်ဖြစ်ကြောင်း သဘာပတိ၏ အမိန့် အာဏာဖြင့် ဆုံးဖြတ်ချက်ချခဲ့ရာ ကိုယ်စားလှယ်များ အားလုံးကလည်း ထောက်ခံ အတည်ပြုခဲ့သည်။

ဝန်ကြီးချုပ် ဦးနုနှင့် ကရင်ခေါင်းဆောင်များ ရန်ကုန်တွင် တွေ့ဆုံ ဆွေးနွေး ရာတွင်၊ ဝန်ကြီးချုပ် ဦးနုက ကရင်ခေါင်းဆောင် စောဘဦးကြီးအား လက်နက်ချရန် အကျပ်ကိုင်ခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ကရင်ခေါင်းဆောင် စောဘဦးကြီးမှ မိမိတို့ ယခုလာခဲ့သည်မှာ ကရင်-ဗမာ ပြဿနာကို ပြေလည်အောင် လာရောက် ဆွေးနွေး ခြင်းသာ ဖြစ်ပြီး၊ လက်နက်ချရန် လာခဲ့ခြင်းမဟုတ်ကြောင်း တက်ရောက်လာသော ဗမာခေါင်း ဆောင်များဘက်သို့ မျက်နှာ မူလျက်၊ ဗမာအမျိုးသားတို့ ကရင်အမျိုးသားများ သည် ကရင်ပြည်လိုချင်နေကြတယ်။ ဗမာ အမျိုးသားတွေက ကရင်တွေ ကရင် ပြည်နယ် မလိုချင်အောင် ဆောင်ရွက်ပေးကြပါ။ ကရင်အမျိုးသားခေါင်းဆောင် များဘက်သို့ တဖန် မျက်နှာမူလျက် “ကရင်အမျိုးသားအပေါင်းတို့ မင်းတို့ လိုချင်နေတဲ့ ကရင်ပြည်ကို ဗမာ အမျိုးသားတွေက မပေးနိုင်ကြဘူး။ ဒါကြောင့် ဗမာအမျိုးသားတွေ ကရင်ပြည်ကို မပေးချင် ပေးချင်အောင် မင်းတို့ ဆောင်ရွက် ကြပါ”ဟု ပြောဆိုကာ ဆွေးနွေးပွဲမှ ထွက်ခွာလာခဲ့တော့သည်။

ကရင်ခေါင်းဆောင်များနှင့် ဗမာခေါင်းဆောင်များ နှစ်ဘက် အပြန်အလှန် ဆွေးနွေးကြစဉ် ပုသိမ်နယ်ဘက်မှ ကရင်တပ်ရင်းများသည် စစ်တွေမှ စစ်သင်္ဘော များ ရန်ကုန်ဘက်သို့ ချီတက်နေကြောင်း ပစ်မိန့် တောင်းခံခဲ့သည်။ အင်းစိန် စစ်ဦးစီးချုပ်ရုံးမှ ပစ်ခွင့်မပေးခဲ့။ အင်းစိန်၊ ခဝဲခြံ၊ တောင်သူကုန်း အနီးရှိ တောင် ကုန်းမြင့်သောနေရာ၊ နေရာကောင်းများတွင် ဗမာ့တပ်မတော်မှ နေရာတက်ယူ ခြင်း၊ လက်နက်ကြီးများ တပ်ဆင်ခြင်းများကို ပြုလုပ်နေကြသည်။ နှစ်ဘက် (၇)ရက် ကြာ တွေ့ဆုံ ဆွေးနွေးနေစဉ် ဗမာတပ်များသည် အထက်ပါအတိုင်း လုပ် ဆောင်ပြီး အင်းစိန်ကို ဝိုင်းပတ် ပိတ်ဆို့ရန် စစ်ရေး ပြင်တော့သည်။ တွေ့ဆုံဆွေးနွေးပွဲလည်းပျက်သည်နှင့် ဗမာတပ်များသည် အင်းစိန်မြို့ကို လက်နက်ကြီး များဖြင့် တရစပ် ပစ်သွင်းခဲ့သည်။ (၂)ရက် ကြာပစ်ခတ်ပြီးနောက် အင်းစိန် ဆင်ခြေဖုံးကို ဝင်ရောက်ထိုးစစ်ဆင်တော့သည်။ ကရင်တပ်များကလည်း ရဲဝံစွာ ခုခံ တိုက်ခိုက်ခဲ့ခြင်းကြောင့် ဗမာတပ်များ ထိုးစစ်ကို ရပ်လိုက်ရသည်။ လက်နက်ကြီးများဖြင့် ဝိုင်းပတ် ပစ်ခတ်ပြန်သည်။ လက်နက်ကြီးများဖြင့် နေ့စဉ် ပစ်ခတ်နေခြင်းကြောင့် ကရင်တပ်များ သေကြေ ဒဏ်ရာရသူများဖြင့် ပြည့်နှက် နေသည်။ ဗမာတပ်များ၏ ပတ်ဝိုင်းခြင်းကို ရိုက်ချိုးရန် ကရင်တပ်များ တန်ပြန် ထိုးစစ်ကို ပြုလုပ်ခဲ့ရာ ဗမာတပ်များ သိမ်းပိုက်ထားခဲ့သော နေရာများမှ ထက်ဝက်ခန့်ကို ပြန်လည်ရယူနိုင်ခဲ့သည်။ ထို နေရာတို့တွင် ဗမာစစ်သား အလောင်းများ အပြင် ကုလားစစ်သား အလောင်းများကိုပါ တွေ့ရှိခဲ့ရသဖြင့် ဗမာ တပ်သည် နိုင်ငံတကာ အကူအညီကို ရယူ တိုက်ခိုက်နေပြီဖြစ်ကြောင်းကို သိရှိခဲ့ ရသည်။ တနေ့ထက်တနေ့ လက်နက်ကြီးဒဏ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကို ခံနေရခြင်း၊ ဒဏ်ရာရသူများ များပြား လာခြင်း၊ ဆေးဝါး မလုံလောက်ခြင်း၊ ရိက္ခာ အခက်အခဲဖြစ်လာခြင်း တို့အပြင်၊ ဗမာတပ် အင်အားများ တိုးမြင့်ကာ ဝိုင်းပတ်လာခြင်းတို့ ကြောင့် ဩဂုတ်လ ပထမ အပတ်တွင် ကရင်တပ်များ အင်းစိန် စစ်မြေပြင်ကို ယာယီ လက် လွှတ် ပေးခဲ့ ရတော့သည်။

ကရင်ခေါင်းဆောင် စောဘဦးကြီး တောင်ငူသို့ခရီးထွက်စဉ်၊ လှည်းကူးမြို့ နယ်၊ အင်း ကျန်ကျေးရွာမှ စာဘူးတောင်း စစ်ဒေသခေါင်းဆောင်၊ ထုံးကြီး စစ် ဒေသခေါင်းဆောင်တို့နှင့် တွေ့ဆုံပြီး မိန့်ကြားရာတွင် “ဗမာတွေ နိုင်ငံတကာရဲ့ အကူအညီ ရနေကြပြီဖြစ်ကြောင်း၊ ရဲဘော်တို့ စစ်ဒေသကိုလဲ ဆက်လက်၍ တက်သိမ်း လာမည့်အကြောင်း၊ ရဲဘော်တို့ အင်အား ဖြင့် ခံနိုင်မည် မဟုတ်သော် လည်း အတတ်နိုင်ဆုံး ခံစစ်ရှင်ဖွင့် တိုက်ခိုက်ပြီး တောင်ငူဘက် သို့ တက်လာကြ ရန် ပြောဆို မိန့်ကြားခဲ့ပြီးနောက် ခရီးဆက်ခဲ့သည်။

တောင်ငူဖက်မှ ဗိုလ်မှူးဘရှမ်း ဦးစီးသော ကရင်သေနတ်ကိုင် တပ်ခွဲ (၅)ခွဲပါ စစ်ကြောင်း တကြောင်းသည် အင်းစိန်သို့ ရောက်လာခဲ့သည်။ အင်းစိန် မြို့အား ဗမာတပ်များ မှ သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းကြားသဖြင့် ထုံးကြီး စစ် ဒေသသို့ ပြန်ခဲ့သည်။ တပ်ခွဲမှူး ဗိုလ်ကြီးစံငွေ၊ ဒုတပ်ခွဲမှူး ဗိုလ်ကြီးစီးတဲတို့ တပ်ခွဲ တခွဲ ကျော်တို့သည် မြစ်ဝကျွန်းပေါ်သို့ ချီ တက်သွားကြသည်။ စာဘူးတောင်း စစ်မျက်နှာတွင် U.M.P. တပ်ရင်းမှူး ဗိုလ်ကြီးဘလုံနှင့် K.N.D.O. ဒုတပ်ရင်းမှူး ဗိုလ်မှူးကြီးမောလေ (ခေါ်)ဖူးကစယ် (ဖုကစ။်) တို့ ပူးတွဲပြီး ဦးစီးခဲ့ လေသည်။ U.M.P. တပ်ရင်း တရင်းနှင့် K.N.D.O. တပ်ရင်း တရင်းတို့ ဖြစ်သည်။

ထုံးကြီးစစ်ကွက်မှာ မုန်တိုင်း တပ်ခွဲမှူး ဗိုလ်မှူးကြီးစောဒဲနေ (ခေါ်) ဒါးလယ်၊ တပ်ရင်းမှူး ဆာတူဂေါ်၊ ကရင်သေနတ်ကိုင်တပ် ဒုတိယတပ်ရင်းမှူး (ဟောပဒါ) ဗိုလ်မှူးကြီး စောချက်ကြီး နှင့် ရွှေဘို နောင်ဘို ဘက်မှ ဗိုလ်မှူး ပေါ်ထွန်း ဦးစီးသော K.N.D.O. တပ်ရင်း တ ရင်းတို့ ရှိခဲ့သည်။

၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်တွင် ဗမာ့တပ်မတော်မှ ဗိုလ်မှူး ကျော်ဇောသည် (၇)ရက်အတွင်း၊ အလံဖြူထောင်ရန်၊ အလံဖြူ မထောင်ပါက သုတ်သင် ရှင်းလင်းမည် ဖြစ်ကြောင်း လေယာဉ်ပျံပေါ်မှ စာများ ကြဲချ ခဲ့သည်။ (၇)ရက်အကြာ စစ်လေယာဉ်ပျံ လာဝဲ ကြည့်ရှုရာ အလံဖြူထောင်ထားသည်ကို မတွေ့ရသဖြင့်၊ နောင် (၂)ရက်အကြာတွင် စာဘူးတောင်း စစ်ကွက်သို့ တပ်အလုံး အရင်းဖြင့် ထိုးစစ်ဆင်တော့သည်။ တင့်ကားများ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမ်းမတ်ကား၊ ဘရင်းကယ်ရီ ယာများအပြင် စစ်လေယာဉ် (၄)စီးတို့ဖြင့် ထိုးစစ်ဆင်ခဲ့သည်။ လေယာဉ်များပေါ်မှ ပစ်ချသော ရော့ကက် ဗုံးများမှာ ပါကစ္စတန်မှ လာသော ယမ်းသီးများ ဖြစ်သည်။ ကရင်တို့ ခုခံရေးစစ်တွင် ရိုင်ဖယ်တလက် ကျည် (၁၀)တောင့်မှ (၁၅)တောင့် မျှသာ ရှိပြီး လက်နက်ကြီးဟူ၍ ဘရင်းဂန်း တလက်လျှင် ကျည် အတောင့် (၆၀) ခန့် မျှသာရှိသော်လည်း၊ (၄)ရက်ကြာ ခုခံ တိုက်ခိုက်ခဲ့ရာ ရန်သူ အကျအဆုံး များသကဲ့သို့ လေယာဉ် တစီးကိုလည်း ပစ်ချနိုင်ခဲ့သည်။ အင်အားခြင်း မမျှသည့် အတွက် (၄)ရက်ကြာ ခုခံ တိုက်ခိုက်ပြီး စာဘူးတောင်း စစ်ကွက်ကို ယာယီ လက် လွှတ်ခဲ့ရသည်။ ဗိုလ်မှူးကြီးဘလုံ၏ တပ်များ၊ ကရင်အမျိုးသား၊ အမျိုးသမီးများ အင်အား တသိန်းကျော်သည် ပဲခူးရိုးမ တောင်ခြေကို ဖြတ်ကျော်လျက် တောင်ငူ သို့ အောင်မြင်စွာ ချီတက်နိုင်ခဲ့သည်။

ဗမာကို ကြောက်ရသဖြင့် ကရင်အမျိုးသား အမျိုးသမီးတို့သည် အိုး အိမ် ဆန် စပါး ကျွဲ နွား အိမ်မွေး တိရစ္ဆာန်များကို နှမျောတသမှုမရှိ ထားခဲ့ပြီး အဝတ်တထည် ကိုယ်တခုဖြင့် ထွက်ခွာလာခဲ့ကြသည်။ ဗမာ တပ်များ ဝင်လာ ရာတွင် “ခုတ်ခွာ”ဟု အမည်ပေးထားသော လက်နက်မပါသည့်၊ အရပ်သား မြန်မာ အမျိုးသားများကို ခေါ်ဆောင်လာပြီး၊ ကရင် အမျိုးသားများပိုင် ပစ္စည်း ဥစ္စာများ အားလုံးကို စားသောက်ခြင်း ယူငင်ခြင်း၊ မယူနိုင်သော ပစ္စည်းများကို မီးရှို့ ဖျက်ဆီးသွားခြင်းတို့ကို ပြုလုပ်သွားခဲ့သည်။ လယ်ယာများ ဥယျာဉ် ခြံမြေများကိုမူ ဝန်ကြီးချုပ်ဦးနုက ပြည်သူပိုင်သတ်မှတ်ပြီး မြန်မာအမျိုးသားများအား ခွဲဝေ ပေးလိုက်သည်။

စာဘူးတောင်း စစ်ကွက်ကို သိမ်းယူနိုင်ခဲ့ပြီးဖြစ်သဖြင့် ထုံးကြီးစစ်ကွက် တခုတည်းသာ ရန်ကုန်နှင့် ပဲခူးမြို့ တို့အကြား ဗမာတပ်များ၏ စစ်အုပ်ချုပ်ရေးကို အနှောက်အယှက် ပေးနိုင်သော စစ်ကွက် တကွက် ဖြစ်နေသေးသည်။ ၁၂-၁၂-၁၉၄၉ ရက်နေ့တွင်၊ ဗမာစစ် လေယာဉ်ပျံတစီး ထုံးကြီး စစ်ကွက်ပေါ်တွင် ဝဲပျံလျက် အမိန့်စာများ ကြဲချခဲ့ပြန်သည်။ အမိန့်စာမှာ ယနေ့မှစ၍ (၇)ရက်အတွင်း အလံဖြူထောင်ရန်၊ အလံဖြူ မထောင်ပါက ငါးရက် အတွင်း အပြုတ်တိုက်ခံရမည် ဖြစ်ကြောင်း ဗိုလ်မှူးချုပ်ကျော်ဇော၏ ရာဇသံပေးစာ ကြဲခြင်းပင်ဖြစ်သည်။

ထုံးကြီးစစ်ကွက်သည် ပဲခူးမြို့နှင့် ရန်ကုန်မြို့ မီးရထားလမ်းပေါ်တွင်ရှိပြီး တောင်ဘက်တွင် ပဲခူးချောင်းနှင့် မြောက်ဘက်တွင် ရန်ကုန် အဝေးပြေး ကားလမ်း ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မီးရထားနှင့် ကားလမ်းမကြီးအကြား အင်းတကော်မြို့ အင်းတကော်မှ တဆင့် ထုံးကြီး၊ ကဝ မြို့အထိ မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည်။ မီးရထားနှင့် သင်္ဘောလမ်း ဆက်သွယ် ရေးကိုလည်း အလိုအလျောက် ဖြတ် တောက် ထားသော စစ်ကွက်တခုလည်း ဖြစ်သည်။

စာဘူးတောင်း စစ်ကွက်မှာ ရန်သူကို တိုက်ခိုက်ပြီး သိမ်းပိုက်နိုင်သည့် အတွက် ထုံး ကြီး စစ်ကွက်သည် အထီးကျန် စစ်ကွက် တကွက် ဖြစ်နေသည်။ ပိတ်ဆို့ထားနိုင်သော စစ် ကွက်ဖြစ်သဖြင့် နိုင်ငံရေးတာဝန်ခံ၊ စစ်ရေးတာဝန်ခံနှင့် ဒေသခံ ကျေးရွာလူကြီးများနှင်ပါ တွေ့ဆုံ ညှိနှိုင်းကြပြီး ရန်သူကို နာနာ ခုခံ တိုက်ခိုက်ရန် (စနစ်တကျ ခံစစ်ပြင် တိုက်ခိုက်ရန်) သဘောတူ ဆုံးဖြတ်ကြသည်။ ဗိုလ်မှူးချုပ်ကျော်ဇော၏ ရာဇသံပေးထားသော (၇)ရက် မြောက်သောနေ့တွင် လေယာဉ်တစင်း ဝဲပျံလျက် လိုက်လံ ကြည့်ရှုကာ ပြန်သွားလေသည်။

ထုံးကြီးစစ်ကွက်သည် ပဲခူးမြို့မှ ဆင်းလာလျှင် ကျောက်တန်း၊ တောင်ကြီး ကွဲ၊ ပဲခူး ချောင်းအတိုင်းဆက်၍ စုန်ဆင်းလာလျှင် ပိုင်ကြဲကျေးရွာ။ ထုံးကြီးခံတပ် သည် ကမ်းနီ ကျေးရွာထိပ်မှ “ဘန့်ဘွေးကုန်း”ကျေးရွာ၊ အနောက်ဘက်တွင် ဝှက်ချဲ၊ မော်လုံ၊ မီးရထားလမ်း တောင်ဘက်တွင်၊ ကဝမြို့နှင့် ပဲခူးချောင်း၊ မြောက် ဘက်တွင် မိုးကွဲ၊ မိုးဒို၊ အလဲကုန်၊ အံဖါး ခံတပ်တို့ တည်ရှိနေသည်။ ၂၂-၁၂-၄၉ ရက်နေ့တွင် ပဲခူးမှ ကျောက်တန်းမြို့ကို စစ်ဗျူဟာမှူး ထိုင်ထားပြီး၊ တင့်ကားကြီး (၂၀)စင်း၊ အမ်းမတ်ကား(၃၀)စီး၊ ဘရင်းကယ်ရီယာ (၄၀)စီးနှင့် တိုက်ခိုက်ရေး အင်အား (၃၀၀)ကျော်ဖြင့် ကမ်းနီကျေးရွာတွင် နေရာယူလျက် (၂၅)ပေါင်ဒါ အမြောက်ကြီး (၆)လက် အပါအဝင် (၈၁) မီလီမီတာ အမြောက် (၁၀)လက်တို့ကို တောင်ကုန်း ပေါ်၌ အဆင်သင့် နေရာချထားသည်။ ပဲခူးချောင်းဘက်မှ စစ်သင်္ဘော (၄)စီးနှင့် လက်နက်ကြီးငယ် အပြည့်အစုံ၊ “ ဝှက်ချဲ၊ မော်လုံဖက်”တွင် အမ်းမတ် ရထားတစင်း၊ ဘောက်ဖာနှင့် အော်လီဂန်း (စက်အမြောက်)တို့ဖြင့် ပစ်ခတ်ပြီး ထိုးတက်လာခဲ့သည်။ အင်းတ ကော်ဘက်မှ မိုးကွဲ၊ မိုးဒိုဘက်သို့ ချည်းကပ်လာ သည်။ အမ်းမတ်ကား (၄)စီးပါဝင်တိုက်ခိုက် ခဲ့သည်။ ၂၃-၁၂-၄၉ ရက်နေ့ နံနက် (၄)နာရီခန့်အချိန်တွင် (၂၅)ပေါင်ဒါ အမြောက် နှင့် (၈၁) မော်တာများဖြင့် ကမ်းနီ ကျေးရွာတွင်းသို့ ဆီးပင်မှ ဆီးသီး ခါချသကဲ့သို့ ပစ်ခတ်ချမှုန်းခဲ့ သည်။

၂၄-၁၂-၄၉ ရက်နေ့ မနက်ပိုင်းတွင် တောစပ်မှ ခြေလျင်တပ်များမှာ စမ်းတဝါးဝါး နှင့် ချီ တက်လာလေ တော့သည်။ ကရင်ခံတပ် ဘယ်အရပ်တွင် ရှိသည်ကို မသိကြ။ ခြေလျင်တပ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည် ရှေ့ဆုံးမှ ချီတက်လာပြီး၊ တင့်ကားကြီးများ အမ်းမတ်ကား၊ ဘရင်းကယ်ရီယာ ကား များမှာမူ နောက်မှ ကမ်းနီကွင်းသို့ ချီတက် လာခဲ့သည်။ ခြေလျင်တပ်များသည် ကမ်းနီ ကျေးရွာ မြောက်ဘက် တောင်တန်း အရောက်တွင် အနီးကပ် တိုက်ခိုက်ခံရသဖြင့် အထိနာ ကာ အလောင်းများနှင့် သေနတ်များပါထား၍ ပြန်ဆုတ်သွားကြသည်။ ဗမာတပ်များ ပြန် ဆုတ် သွားသော အခါ ကရင်တပ်များမှ လိုက်လံ တိုက်ခိုက်ချေမှုန်းရာ ရန်သူအလောင်း (၁၂) လောင်းနှင့် ရိုင်ဖယ် (၁၂)လက်အပြင် ယမ်းသီး (၂,၅၀၀)ခန့်ကို သိမ်းဆည်း ရမိ လိုက်သည်။ ညဉ့်အချိန်တွင် ထပ်မံ တက်လာပြီး အလောင်းများကို ပြန်သယ် သွားကြသည်။ စစ် လေယာဉ်ပျံ (၂)စီးမှလည်း ဝင်လိုက် ထွက်လိုက်ဖြင့် တနေကုန် စက်သေနတ်များဖြင့်ပစ်ခြင်း၊ ဗုံးများ ကြဲချခြင်းများကို ပြုလုပ်ခဲ့သည်။ အနောက် ဘက်မှၿငင်း၊ မြောက်ဘက်မှၿငင်း၊ တောင် ဘက်မှၿငင်း ဗမာတပ်သားများ တက်လာ ကြပြီး ဝိုင်းပတ် ပိတ်ဆို့မှု လုပ်လာခဲ့သည်။ ဘရင်း ကယ်ရီယာ ကားပေါ်မှ ခေါင်းတလုံးသာ ပေါ်သော သံခမောက်ဆောင်းထားသည့် တပ်သား များကို ကရင်လက်ဖြောင့် တပ်သားများမှထိုင်၍ မျောက်ပစ်သကဲ့သို့ စောင့်ပစ်ခတ် လေရာ၊ ဘရင်းကယ်ရီယာပေါ်မှ ဗမာတပ်သားများ ခေါင်းမဖော်ရဲသည့် အထိပင် ဖြစ်ခဲ့ ရသည်။ တင့်ကားကြီး (၂၀)စီးနှင့် အမ်းမတ်ကား (၃၀)စီးဖြင့် ကရင် တပ်စခန်း ရှိရာသို့ တဖြည်းဖြည်း ချင်း ထိုးတက် လာသည်။

၂၆-၁၂-၄၉ ရက်နေ့ ညနေပိုင်းတွင် ရှေ့တန်း စစ်ဆင်ရေးမှူးက ရိုင်ဖယ် တလက်လျှင် ယမ်း သီး (၃/၄)တောင့်သာ ကျန်တော့သဖြင့် လာမည့်နေ့ ခံစစ် အတွက် စိုးရိမ်စရာ ဖြစ်ခဲ့ရသည်။ ထုံးကြီးမှ နှစ်လုံးပြူးသေနတ် အလက်(၇၀)နှင့် ယမ်းသီးများ ပို့ပေးသဖြင့်၊ ၂၇-၁၂-၄၉ နေ့ တနေ့လုံး ညနေ မိုးချုပ်သည်အထိ ခုခံရန် အမိန့်ပေးလိုက်သည်။ ၂၇-၁၂-၄၉ ရက်နေ့ ည (၁၀)နာရီခန့်တွင် တပ်အားလုံး ပြန်ရုပ်ပြီး၊ အံဖါး တောတန်း စုရုပ်သို့ ရောက်ရှိခဲ့ကြသည်။ ကရင်အမျိုးသား၊ အမျိုးသမီး တသိန်းကျော် နှစ်သိန်းနီးပါးတို့သည် အဝတ် တထည် ကိုယ် တခုဖြင့် ထပ်မံ ထွက်ပြေးခဲ့ရပြန်သည်။ အင်းတကော်နှင့် ပဲခူး အကြား မော်တော်ကားလမ်း ပေါ်တွင် ပိတ်ဆို့ စောင့်ဆိုင်းနေသော ဗမာတပ် များအား ကရင်တပ်များမှ အတင်းဝင်ရောက် တိုက်ခိုက်ပြီး၊ ကားလမ်း တလျောက်ကို သိမ်းယူနိုင်သဖြင့်သာ၊ ကရင်လူထု တသိန်းခန့် တို့သည် မြောက် ဘက်၊ ပဲခူးရိုးမ တောင်တန်း ကုန်းသာတေး ကျေးရွာဘက်သို့ အောင်မြင်စွာ ဆုတ်ခွာနိုင် ခဲ့သည်။ ဗိုလ်မှူးပေါ်ထွန်း ခေါင်းဆောင်သော ရွှေဘို နောင်ဘို တပ်တို့သည် ပဲခူး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ချောင်းကို မကူးနိုင်သဖြင့် တပ်ကို နောက်ပြန်ဆုတ် သွားခဲ့ ရသည်။ တပ်ဖျောက်ပြီး ရန်သူ့ နယ်မြေအတွင်း နေထိုင်သွားကြသည်။

ထုံးကြီး စစ်ဒေသရှိ ကရင်အမျိုးသားတို့ပိုင်ဆိုင်သော ခြံမြေ၊ အိမ်မြေ၊ ယာမြေ၊ လယ်ယာများကို ဝန်ကြီးချုပ်ဦးနုက သိမ်းယူလိုက်ပြီး ပြည်သူပိုင် သတ်မှတ်ကာ မြန်မာ အမျိုးသားများကို ခွဲဝေပေးခဲ့သည်။ ဗမာတပ်များသည် မြန်မာရွာသူရွာသားများအား ထုံးကြီးရွာသို့ ခေါ်ဆောင်လာပြီး ရွာမှ လိုချင်သော ပစ္စည်းများကို ယူငင် စားသောက်ခွင့် ဖျက်ဆီးခွင့်ကို ပေးလိုက်သဖြင့် နောက်ဆုံး တွင် ပြာပုံဘဝ ရောက်ခဲ့ရသည်။ ထုံးကြီး ကျေးရွာ သူကြီး မင်းစောမင်းသည်၊ ရန်သူ သတ်လျှင်လည်း သတ်ပါစေ ဆိုကာ မိမိ၏အိမ်မှ ထိုင်စောင့်နေချိန် ဗိုလ်မှူး ချုပ်ကျော်ဇော်နှင့် တွေ့ဆုံပြီး အကျိုးအကြောင်း ဆွေးနွေးပြ သောအခါမှ ဗိုလ်မှူး ချုပ်ကျော်ဇော၏ ခွင့်ပြုချက်ဖြင့် သူ့အသက် ချမ်းသာခွင့်ရသကဲ့သို့ ကျန်ရှိသော အိမ်များ မီးရှို့ခြင်းမှ လွတ်ကင်းခွင့် ရခဲ့သည်။

ထုံးကြီးတပ်နှင့် ကရင်အမျိုးသား အင်အားတသိန်းကျော်တို့သည် ပဲခူး ရိုးမ တောင်ကြောကို ဖြတ်ကျော် ပြီး ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်တွင် ကျွန်းထိပ်သို့ ရောက်လာခဲ့ကြသည်။ (၁၀)ရက်ကြာ အနားယူပြီးနောက် ညောင် လေးပင် စစ်ဌာနချုပ်သို့ အ ရောက် သွားခဲ့ကြသည်။

၁၉၅၀ ခုနှစ်၊ မတ်လ တတိယအပတ်တွင် ဗမာတပ်များသည် ပဲခူးရိုးမ တောင်ခြေသို့ တင့်ကားကြီးများ၊ ဘရင်းကယ်ရီယာကားများအပြင်၊ တပ်အင်အား (၂,၀၀၀)ကျော်တို့သည် ဗမာပြည် ကွန်မြူနစ်ပါတီ အကူအညီ ဖြင့် ချီတက်လာပြီး၊ ငါးထပ်ကြီးမြို့ကို အလစ်ဝင် ရောက် တိုက်ခိုက်သိမ်းပိုက် ခဲ့သကဲ့သို့ ညောင်လေး ပင် ကိုလည်း တချိန်တည်းတွင် တက် သိမ်းနိုင်ခဲ့သည်။

ဘဲတန်းချောင်းကမ်းနဖူး ခံတပ်စောင့် ကရင်တပ်အင်အား (၁,၀၀၀)တစ် ထောင်နှင့် ပြွန်တန်ဆာမြို့ရှိ ကရင်တပ်အင်အား (၂၀၀)ကျော်တို့သည် ချောင်ပိတ် ခံသဖြင့် တဖွဲ့နှင့်တဖွဲ့၊ သူ့နည်းသူ့ဟန်ဖြင့်သာ ထိုးဖောက် ဆုတ်ခွာခဲ့ကြ ရသည်။ မတ်လအတွင်းတွင် ဗမာတပ်က တောင်ငူမြို့ကိုပါ တက်သိမ်းနိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ညောင်လေးပင်တပ်နှင့် တောင်ငူ တပ်တို့သည် သံတောင်၊ ထန်းတပင်နှင့် မုန်း၊ နံ့သာကွင်း၊ မထောင့် ကွင်းအထိ၊ စစ်တောင်း၊ မုတ်ပလင်၊ စစ်တောင်းချောင်း တလျောက် ခံစစ်ပြန်ယူနေကြသည်။

၁၉၅၀ ခုနှစ်တွင် ကရင့်ခေါင်းဆောင်များသည် ကရင်အမျိုးသား ကွန်ဖရင့် ကို ဖာပွန်တွင် ခေါ်ယူ ကျင်းပခဲ့သည်။ အရှေ့တိုင်း ကိုယ်စားလှယ်များနှင့် ပဲခူး ရိုးမတိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ခေါင်းဆောင် စောဘဉီးကြီးမှ ယခုချိန်တွင် ဗမာတပ်များသည် မိမိတို့ သိမ်းယူ ထားသော မြို့ကြီး မြို့ငယ်များကို အားလုံး သိမ်းယူနိုင်ပြီး၊ ရှေ့တဆင့်ဆိုလျှင် သံတောင်၊ ထန်းတပင်၊ ကျောက်ကြီး၊ ရွှေကျင်၊ စစ်တောင်း၊ မုပွလင် ၊ ဘီးလင်း၊ လှိုင်းဘွဲ့၊ ဖာပွန်၊ မော်ချီးမြို့တို့ကိုလည်း ရန်သူ သိမ်းယူဦးမည်ဖြစ်သည်။ တော်လှန် ရေးဒဏ်ကို မခံနိုင်သော သူ၊ ကိုယ်ကျိုး မစွန့်လွှတ်နိုင်သူ၊ ကိုယ်ကျိုးရှာ သမား များသည် တော်လှန်ရေးအား ကျောခိုင်းလျက် ရန်သူ့ထံ အညံခံလက်နက်ချ ကြဦးမည် ဖြစ်ကြောင်း၊ ဤအခြေအနေကို ထိန်းသိမ်း နိုင်ရန်အတွက် မည်သို့ ဆောင်ရွက်သင့်သည် ဆိုသည်ကို တက်ရောက်လာသော ကိုယ်စားလှယ် တော်များ အနေဖြင့် အကြံပေးစေလိုကြောင်းကို အဖွင့်မိန့်ခွန်း တွင်ပင် ထည့်သွင်း မြွက်သွား ကြားခဲ့သည်။

ကိုယ်စားလှယ်တော် အများစုသည် ကရင်များထံမှ ရွှေ ငွေ များ ကောက် ခံပြီး ရရှိငွေများဖြင့် လက်နက် ဝယ်ယူပြီး ဆက်တိုက်မည်ဟု ဆိုသည်။ အစည်း အဝေး သဘာပတိဖြစ်သူ စောဘဉီးကြီးမှ “ရဲဘော်များ၏ အမြင်နှင့် ကျနော့် အမြင်က မတူပါ။ တော်လှန်ရေးတရပ်ကို ဆင်နွှဲရာတွင် နိုင်မည် ရှုံးမည်ကို ခွဲခြမ်း သိမြင် နိုင်မှသာ အောင်ပွဲရနိုင်မည်ဖြစ်ကြောင်း၊ ကရင်တော်လှန်ရေး ရှုံး ဖို့ရာမှာ ကရင်တမျိုးသားလုံးအနေဖြင့် ရန်ကုန်သို့ဆင်းပြီး သိုးများကဲ့သို့ လည်စင်း အသေမခံသ၍ ကာလပတ်လုံး ကရင့်တော်လှန်ရေး မရှုံးနိုင်ပါ၊ မိမိတို့ ကရင်တမျိုးသားလုံးက သိုးကဲ့သို့ လည်စင်းအသေခံကြပါက ကရင့်ဘဝကို မကြည့်ရဲ၊ မကြည့်ဝံ့တော့ကြောင်း တွေးလို့လည်း မဆုံးနိုင်တော့ကြောင်း၊ ထို့ကြောင့် ကရင့်တော်လှန်ရေးကို အစမှ အဆုံးအထိ လုပ်ရမည်ဖြစ်ကြောင်း ဆိုလိုကာက “တော်လှန်ရေးဆိုတာ နှစ်ခါ လုပ်လို့မရဘူး။”ဟု ဆိုသည်။

ထိုစည်းဝေးပွဲတွင် စောဘဉီးကြီး၏ မူ (၄)ရပ် ထွက်ပေါ်လာခဲ့ရသည်။ ထိုမူ (၄)ချက်မှာ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ လက်နက်ချ အရှုံးပေးခြင်းကို ငါတို့ အလျဉ်းလုပ်မည် မဟုတ်။

၂။ ကရင့်လက်နက် ကရင့်လက်ထဲတွင် ရှိရမည်။

၃။ ကရင့် ကံကြမ္မာ ကရင်ဖန်တီးရမည်။

၄။ ကရင်ပြည် ပြီးပြည့်စုံအောင် အသိအမှတ်ပြုခြင်း ခံရမည်။

ကရင့်တော်လှန်ရေး အောင်ပွဲ ရယူနိုင်ရန် နည်းလမ်း (၃)သွယ်လည်း ရှိတယ်။

၁။ ပါလီမန်အတွင်းမှ တောင်းယူရန်။

၂။ တိုက်ယူရန်။

၃။ အုပ်စိုးသူ လူတန်းစားမှ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ဘက်ပေါင်းစုံ အကြပ်အတည်းနှင့် နိုင်ငံတကာမှ ဖိအားပေးခြင်း ခံရသော အခြေအနေမျိုး ရောက်မှသာလျှင် ကရင်ပြည်ကို မလွဲမရှောင်သာ ရနိုင်မည်။

အချက် (၁)မှာ၊ ကျနော်တို့ ပါလီမန်တွင် တောင်းယူခဲ့သော်လည်း၊ အုပ်စိုးသူ လူတန်းစားသည်၊ ကျနော်တို့ ငြိမ်းချမ်းစွာ တောင်းဆိုချက်ကို ငြိမ်းချမ်းသော နည်း ဖြင့် မပေးခဲ့သည့်အပြင်၊ မတရားအသင်းအဖြစ် ကြေညာပြီး၊ ကရင်အမျိုးသားထု တရပ်လုံးအား အကြမ်းဖက် ထိုးစစ်ဆင် တိုက်ခိုက်လာသဖြင့်၊ မလွဲမရှောင်သာ ခုခံစစ်ကို ကျင့်သုံး ခဲ့ရသည်။

အချက် (၂)မှာ၊ ကျနော်တို့ တိုက်ယူပြီး အခြေအနေကို မထိန်းသိမ်းနိုင်ခဲ့သဖြင့် ရေရှည်စစ်ကို ဆင်နွှဲရပေတော့ မည်။

အချက် (၃)အရ၊ ကရင့်တော်လှန်ရေး ရေရှည် ဆင်နွှဲရမည်ဆိုလျှင် တော်လှန်ရေး ခရီးကြမ်းကို မကျော်လွှားနိုင်သူ၊ အနစ်နာမခံနိုင်သူ၊ ကိုယ်ကျိုးစီးပွား ရှာဖွေသူ၊ ကိုယ်ကျိုး မစွန့်လွှတ်လိုသူ၊ ရာထူး စည်းစိမ်နှင့် စီးပွားရေးကို မက်မောသူ အားလုံး တို့သည် တော်လှန်ရေးကို ပြန်လည် ဆန့်ကျင်သူများ ဖြစ်လာမည်ဖြစ်ပြီး၊ နောက်ဆုံး ရန်သူထံ လက်နက်ချ အရှုံးပေးသူများ ဖြစ်လာလိမ့်မည်။ ထိုကဲ့သို့ သော လူများအများအပြားလည်း ပေါ်ထွန်း လာလိမ့်ဦးမည်။ ဤအခြေအနေသို့ ဆိုက်ရောက်လာလျှင် စိတ်ဓါတ်ကျသူများရှိလာပြီး၊ လက်နက်ချသူများလည်း ထပ်ရှိလာဦးမည်။ လူအင်အားလည်း နည်းလာပေလိမ့်မည်။ ထိုအခြေအနေကို ဆိုက်ရောက် ကြုံတွေ့ ခဲ့လျှင်ပင် တိုင်းပြည်နှင့် လူမျိုးအတွက် ရဲဘော်တို့ စိတ်ဓါတ် တင်းခံကြရမည်။ ရဲဘော်တို့တွင် လူအင်အား (၃၀၀)မျှသာ ကျန်ရှိခဲ့လျှင်ပင် ကရင်ပြည် ရနိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါသည်။ မိမိတို့ ကရင့်တော်လှန်ရေးသည် ရေရှည်စစ် ဆင်နွှဲ နေခြင်းကြောင့် အုပ်စိုးသူ တို့သည် အကျပ်အတည်း ဘက်ပေါင်းစုံဖြင့် တွေ့ကြုံ နေရပြီး၊ မဖြေရှင်းနိုင်သည့် အဆင့်သို့ ရောက်လာခဲ့လျှင်၊ နိုင်ငံတကာ ဖိအား ပေးလာတဲ့အချိန်တွင် အုပ်စိုးသူ လူတန်းစားသည် မလွဲမရှောင်သာ ကရင်ပြည်ကို မပေးမဖြစ် ပေးကို ပေးရပါလိမ့်မည်ဟု မိန့်ကြား လမ်းညွှန် ပေးခဲ့သည်။

ဖာပွန် ကွန်ဂရက်အပြီးတွင် ကရင်ခေါင်းဆောင် စောဘဦးကြီးနှင့် ဗိုလ်ချုပ်ကြီးစိုင်း ကေတို့ နှစ်ဦးသည် နယ်လှည့် စည်းရုံးရေး ဆင်းကြရာ၊ ကော့က ရိတ်မြို့နယ်၊ ထို့ကော်ကိုး ကျေးရွာအနီး၊ နဘူးတော၊ လယ်တဲ တစ်နေရာတွင် ခရီး တထောက် နားနေစဉ်၊ လယ်ရှင်သည် စောဘဦးကြီးအား ကြုံဆိုဧည့်ခံလိုသဖြင့် ဘဲ(၂)ကောင် သွားရောက် ဝယ်ယူခဲ့သည်။ ဘဲနှစ်ကောင် ဝယ်ကြောင်းကို ထို့ကော်ကိုး ကျေးရွာမှ ကရင်အမျိုးသား ကျေးရွာ လူကြီးက လယ်တဲရှင်ကို ခေါ်မေးရာမှ စောဘဦးကြီးနှင့် ရဲဘော် (၂၀)ပါလာကြောင်း၊ ယခုညတွင် သူ့ လယ်တဲ၌ပင် အိပ်မည်ဖြစ်ကြောင်းကို ပြောခဲ့သည်။ ထို့ကော်ကိုး ကျေးရွာ လူကြီးသည် တိုင်းပြည် ဆူပူနေခြင်းမှာ ထိုလူကြီးကြောင့်ဘဲဟု မှတ်ယူပြီး၊ မော်လမြိုင်မြို့ရှိ၊ ဗမာတပ်မှူး ဗိုလ်ကြီးစိန်လွင်ထံသို့ သတင်းပေး တိုင်ကြား ခဲ့သည်။ ဗမာတပ်မှူးသည် ထိုသတင်းကို မယုံ တဝက် ယုံတဝက်ဖြင့် သတင်းတိကျစေရန် ထပ်မံ စုံစမ်းခိုင်းခြင်းကြောင့် ထို့ကော်ကိုး ရွာသူကြီးမှာ ထိုညတွင် (၃)ကြိမ်တိုင်တိုင် သွားရောက်သတင်းပို့ခဲ့ရကြောင်း၊ ရောက်ရှိလာသူ မှာ စောဘဦးကြီး ဟုတ် မှန်ကြောင်း၊ နောက်လိုက် ရဲဘော်အင်အား (၂၀)သာ ပါဝင် ကြောင်း နှင့် နေရာ ချထားမှုတို့ကိုပါ သတင်းပေးပို့ခဲ့ရသည်။ ထိုအခါ ဗိုလ်ကြီး စိန်လွင်နှင့် သူ့တပ်ခွဲ သည် ၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့ မနက်ပိုင်း (၄)နာရီအချိန်၊ စောဘဦးကြီးတို့ အိပ်မောကျနေချိန် လယ်တဲကို ဝိုင်းလိုက် ကြ သည်။ ညီအကို မသိ တသိ (ဝေလီဝေလင်း အချိန်)တွင် မိုးပေါ်သို့ သေနတ်ကို ထောင်ပစ်ပြီး လက်နက်ချခိုင်းသည်။ ဥက္ကဋ္ဌကြီး စောဘ ဦးကြီးနှင့် ဗိုလ်ချုပ်စိုင်းကေ တို့နှစ်ဦးသည် လက်နက်ချခြင်းဆိုသည်ကို နားမလည်ဘူးဟုဆို ကာ နှစ်ဘက် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ကရင်ခေါင်းဆောင် စောဘဦးကြီးနှင့် ဗိုလ်ချုပ်စိုင်း ကေ အပြင် ရဲဘော် အပေါင်းတို့သည် ကရင်အမျိုးသား အာဏာနည်ပီပီ တိုင်းပြည်နှင့် လူမျိုး အတွက် ထိုနေ့တွင် အသက်ပေးခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင့်ခေါင်းဆောင် စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေတို့ နှစ်ဦးနှင့် နောက် လိုက် ကရင်အမျိုးသား ရဲဘော်များအပေါ် ထို့ကော်ကိုး ကျေးရွာသူကြီး တဦး၏ သစ္စာဖောက်မှု ကြောင့် မော်လမြိုင် ဗမာ့တပ်မတော် ဗိုလ်ကြီးစိန်လွင်၏ လက်ချက် ဖြင့် ကရင်ခေါင်းဆောင် ကြီးများ ကျဆုံးခဲ့ရကြောင်း သတင်းကို ကြားရသည်နှင့် ကရင်အမျိုးသားထု တရပ်လုံးသည် ယူကြုံးမရ ဝမ်းနည်းပူဆွေး ခဲ့ကြရသည်။ ထိပ်တန်း ခေါင်းဆောင်ကြီးနှစ်ဦး ကျဆုံးရခြင်း ကြောင့် ကရင်တို့ ဘဝသည် မိဘမဲ့ ကလေးများကဲ့သို့ ဝမ်းနည်း အားငယ်ခဲ့ကြရသည်။ ကျ ဆုံးသွားသော ခေါင်းဆောင် စောဘဦးကြီးနေရာတွင် မည်သူကမျှ တာဝန်ယူနိုင်မည် မဟုတ် ကြောင်းကို စောဂျော့ ၏ တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးဖိုးခုက ပြောသည်။ ၎င်းတို့ ကျဆွားခြင်း ကြောင့် တော်လှန်ရေးကြီး ရေရှည်တော့မည်ကို တွေးတောလျက် လွန်စွာစိတ် ပျက်ပြီး၊ “ငါ တို့ကတော့ ဗမာကျွန်ပဲ ဖြစ်ပြီး၊ ဗမာတွေ ပြုသမျှ ခံကြရတော့မှာပဲ။” ဟုဆိုကာ သူ့ ခြောက်လုံးပြူးအား မြေပေါ်သို့ပစ်ချပြီး၊ သူ့ဇနီး ရွာ(ထုံးကြီးရွာ)သို့ ၎င်းလည်း ပြန်သွား တော့သည်။ စောဂျော့က တဗိုလ်ကျ တဗိုလ်တက် စံနစ်ဖြင့် အနိုင်ရတဲ့အထိ တော်လှန်ရမည် ဟု ပြောဆိုသော်လည်း တားမရတော့ပေ။ နောက်ပိုင်း ၎င်းသည်လည်း ရန်သူနှင့် နားလည်မှု ရယူပြီး ထုံးကြီးတွင် ပြန်နေ ခဲ့သည်။

ဗမာပဒေသရာဇ်၊ ဓနရှင်ဝန်ကြီးချုပ်ဦးနုနှင့် ဖဆပလ အဖွဲ့ခေါင်းဆောင် များ မည်မျှ ဝမ်းသာအားရ ဖြစ်သည်ကိုတော့ မသိ။ နိုင်ငံပိုင် သတင်းစာအပြင် ပုဂ္ဂလိက သတင်းစာနှင့် ဂျာနယ်များမှ ခေါင်းကြီးပိုင်း များတွင် “ဘဲသားဟင်း မစား လိုက်ရသော စောဘဦးကြီး”ဟု စာတန်းကြီးနှင့် စောဘဦးကြီး၏ ရလဒ်ကို ဖော်ပြ ထားခြင်းကို ကြည့်ခြင်းအားဖြင့် မည်မျှ ပျော်မြူးခဲ့သည်ကို စောဂျော့ တယောက် မှန်းဆနိုင်ခဲ့သည်။ ခေါင်းဆောင်မရှိသော ကရင် များ ယခုတကြိမ် မည်သို့ပြေးကြ မည်နည်း။ ကရင့်တော်လှန်ရေးကို မည်သူမျှ ဦးဆောင်နိုင် တော့မည် မဟုတ် ကြောင်းကို ဗမာပဒေသရာဇ်များ ပြောဆိုချက်များကို ကြားနေ ကြားခဲ့ရ သည်။

စောဘဦးကြီးသည် တချိန်တွင် ဝန်ကြီးချုပ်ဦးနုနှင့် ပါလီမန် အတွင်းတွင်၊ အမတ်များ နိုင်ငံရေး လုပ်ဖော်ကိုင်ဘက်များ ဖြစ်ခဲ့ကြသည်။ ဂျပန်ခေတ် ကရင်-ဗမာ အဓိကရုဏ်းကို ဖြေရှင်းရာတွင်လည်း စောဘဦးကြီးနှင့် အတူ လက်တွဲလျက် ဖြေရှင်းခဲ့ကြသည့် သမိုင်း မှတ်တမ်းများလည်း ရှိခဲ့သည်။ ထို သမိုင်း မှတ်တမ်းများ ကို ဗမာ ပဒေသရာဇ် ဦးနု သည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အားလုံးကို ကျောခိုင်းလျက်၊ ကရင်ခေါင်းဆောင် စောဘဦးကြီးကိုသခ်ျိုင်းမြေ တလက်မမျှ ပင် မပေးဘဲ၊ ကရင်ခေါင်းဆောင်ကြီး (၂)ဦးစလုံးကို ခွေးလို ဝက်လို ဂုနီအိပ်အတွင်း ထည့်သွင်းလျက် ပင်လယ်ထဲသို့ ပစ်ချခဲ့သည်။

ဝန်ကြီးချုပ်ဦးနုသည် တိုင်းရင်းသားလူမျိုးများ အထူးသဖြင့် ကရင်လူမျိုး များ အပေါ် ညီရင်းအကိုသဖွယ် ချစ်ခင်လေးစားစိတ်ရှိခဲ့လျှင်၊ ကရင်ခေါင်းဆောင် တဦးအတွက်၊ ဂူသခ်ျိုင်းတခုစာ မြေတကွက်မျှဖြင့် အသိအမှတ် ပြုလျက် သင်္ဂြိဟ် ပေးခဲ့လျှင် ဦးနုအတွက် အဆိုးထဲမှ မှတ်တိုင်ကောင်းတခု ဖြစ်လာနိုင် သေးသည်။

မဟာဗမာ ပဒေသရာဇ် အဖွဲ့အစည်းသည် ကရင် တမျိုးသားလုံးအား မည်သည့် ခေတ်ကတည်းက စတင်ချေမှုန်းလာခဲ့သည်ကို မသိရပါ။ သို့သော် အဆက်မပြတ်ချေမှုန်းခဲ့ ရာမှ ယခု ကရင်အမျိုးသား ခေါင်းဆောင်ကြီး စောဘဦး ကြီးကိုပင် ချေမှုန်းခဲ့သည်။ သခင်နု အနေဖြင့် ကရင်တမျိုးသားလုံးကို သူချစ်တယ် လို့ ပြောဆိုခဲ့သော်ငြား၊ သခ်ျိုင်းမြေတကွက် လေးမျှပင် မပေးနိုင်ခြင်းက ကရင်ကို မည်မျှမုန်းတီးကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။ သူနှင့် လုပ်ဖော်ကိုင်ဘက် ကရင်အမျိုးသားခေါင်းဆောင်၏ နောက်ဆုံးခရီးတွင် မြေတကွက်ကိုပင် မပေးခဲ့ ခြင်းကို ကြည့်ခြင်းအားဖြင့် ကရင်များတောင်းဆိုနေသော ကရင်ပြည်ကို ပေးဖို့ရန် အတွက်ဆိုသည်မှာကား ပို၍ပင် အလှမ်းဝေးသွားပြီဖြစ်သည်။ “မင်းတို့ ကရင်တွေ သေခဲ့ ရင်တောင် မြေတကွက် မပေးခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် ကရင် တမျိုးသားလုံးလိုလား တောင့်တနေသော ကရင်ပြည်ကို လုံးဝပင် မပေးနိုင် ဆိုသည်ကို ထပ်လောင်း အတည်ပြု လိုက်ခြင်းပင် ဖြစ်သည်။” ထို့အတွက် ကရင်တို့ ကိုယ့်ဘဝ ကိုယ့်အသက်ရှင် ရပ်တည်ရေး အတွက် မဖြစ်မနေ တော်လှန် ရေးကို ဆက်လက် ဆင်နွှဲကြပါဟု လှုံ့ဆော်ပေးမှု တရပ်သာ ဖြစ်ပါသည်။

၁၉၅၁ ခုနှစ်မှ၊ ၁၉၆၂ ခုနှစ်အထိ အခြေအနေ

ဝန်ကြီးချုပ်ဦးနုသည် ခေါင်းမရှိသည့် ကရင့်တော်လှန်ရေးကို အပြုတ် တိုက်ခိုက်ရန် အစီအစဉ်ဖြင့် ၁၉၅၁ ခုနှစ်တွင် တပင်ရွှေထီးစစ်ဆင်ရေးဖြင့် ထိုးစစ်ကြီးများ ပြုလုပ်ရာတွင် အရှေ့တောင်ဘက်ရှိ စစ်တောင်းမြစ် ခံတပ် စခန်းများအား ထိုးစစ်ကြီးများပြုလုပ်ခဲ့သည်။ တောင်ငူ တပ်မဟာမှ စောလုံ၊ အဲလ်ဖောစိုး တို့ နှစ်ဦး ကရင့်တော်လှန်ရေးကို သစ္စာဖောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သွားမှုကြောင့် ထန်း တပင်မြို့ကို အလွယ်တကူဖြင့် သိမ်းယူ နိုင်ခဲ့သည်။ တကြိမ်တည်းတွင် တပ်မဟာ (၃) ညောင်လေးပင်ခရိုင်၊ တပ်ခွဲမှူး ဗိုလ်ကြီးစမိုင်းနှင့် ဗိုလ်ကြီးထင်ကျော်တို့သည် ရေတွင်းကုန်း၊ ရေလဲ၊ ထွန်ကုန်း ကျေးရွာခံတပ်စခန်းမှ ကရင့်တော်လှန်ရေးကို သစ္စာဖောက် သွားခဲ့သည့်အတွက် နှံ့သာကွင်း၊ ကျောက်ကြီးတို့ကို သေနတ်တ ချက် မဖောက်ဘဲ သိမ်းယူ နိုင်ခဲ့သည်။ ထောင်လောင်ကျေးရွာ ခံတပ်စခန်းတွင် တာဝန်ယူခဲ့သော တပ်မှူး (အမည်မ မှတ်မိ)သည် ကရင့်တော်လှန်ရေး အပေါ် သစ္စာဖောက်သွားသည့်အတွက် မဒေါက်၊ ရွှေကျင် မြို့ကို ဗမာ့တပ်မတော်မှ ပြန်လည် သိမ်းယူနိုင်ခဲ့သည်။

စစ်တောင်းမြစ် ခံတပ်စခန်းများကို ဗမာတပ်များက တစနှင့်တစ သိမ်းယူနိုင် သည့်အတွက်၊ ကရင်တပ်များသည် အရှေ့ရိုးမမှ တောင်ခြေသို့ ပြန် ဆုတ် ပေးခဲ့ရသည်။ ရိက္ခာ၊ ငွေကြေး၊ ဆေးဝါး၊ အခက် အခဲများနှင့် ရင်ဆိုင်နေရသည်။ အခက်အခဲ အကျပ်အတည်းကြောင့် အဆင်းရဲ မခံနိုင် ယုံကြည်ချက် မပြတ်သားသော တပ်မှူး၊ တပ်သား အခ့ျိုနှင့် အုပ်ချုပ်ရေးတာဝန်ခံ အခ့ျိုတို့သည် ဗမာအစိုးရထံတွင် အည့ံခံ အရှုံးပေးခဲ့ ကြသည်။ တပ်မဟာ(၃) ညောင်လေးပင်ခရိုင်၊ တပ်ရင်း(၂) တပ်ခွဲမှူး စောသန်းညွန့်(ခေါ်) ကော်လာ ဖိုး နှင့် ရဲဘော် (၂၀)ကျော်၊ တပ်ရင်း(၂) တပ်ရင်းမှူး ဖာတီ၊ ဦးကျားမောင်နှင့် နားလည်မှု ရယူ ပြီး ဗမာအစိုးရထံ အည့ံခံ အရှုံးပေးခဲ့ကြသည်။ ဦးနုအစိုးရသည် အာဃာတ မထားရေး၊ သင်ပုန်းချေရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပေးနေသည် ဆိုသော သတင်းကြားပြီး၊ တော်လှန်ရေးတွင် ဆက်လက်နေထိုင်ပါက အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ ကြရမည်ကို ကြိုတင် သိမြင်ထားကြသောကြောင့်၊ နှိုင်းယှဉ်ချက် အရ အခွင့်သာသောအချိန်တွင် ယုံကြည်ချက်နှင့် ကရင့်တော်လှန်ရေးကို စွန့်ခွာ လျက်၊ လွတ်ငြိမ်းချမ်းသာခွင့် ဘောင် အတွင်းသို့ အကြောင်း အမျိုးမျိုးပြ၍ ကရင် အများအပြား ဝင်ရောက်သွားကြသည်။

ကရင်အမျိုးသားများ ပါလီမန်အတွင်း အခွင့်အရေးတောင်းဆိုနေချိန်တွင် ကရင်၊ မွန်၊ ကရင်နီ၊ ပအိုဝ်း အမျိုးသား အဖွဲ့အစည်းများသည်လည်း၊ ကရင် အမျိုးသားများနှင့် အတူတကွ ပူးပေါင်းပြီး တောင်းဆိုခဲ့ကြသည်။ ကြယ် (၄)ပွင့် တောင်းဆိုပွဲဟုဆိုလျှင် မမှား ပေ။ ဝန်ကြီးချုပ်ဦးနု၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း ကြောင့် ပအိုဝ်း ခေါင်းဆောင်၊ ကေ အဲန်ယူ ဒုတိယ ဥက္ကဋ္ဌ တာဝန်ယူထားသော စောလှဖေသည် ဦးနုထံတွင် လက်နက်ချ အည့ံခံ

အရှုံးပေးခဲ့သည်။ ကရင့် တော်လှန်ရေးသည် ကရင်၊ မွန်၊ ကရင်နီ ကြယ်(၃)ပွင့်ဖြင့် ဆက်လက် ချီတက် တိုက်ပွဲဝင်ခဲ့ ရသည်။

၁၉၅၂-၅၃ ခုနှစ်တွင် မော်ချီးမြို့နှင့် ဖာပွန်မြို့တို့ကို ဗမာတပ်များက သိမ်းယူလိုက် ပြန်သဖြင့် ကရင်တို့ လက်ထဲတွင် မြို့တမြို့မှ မကျန်တော့ပေ။ တောတောင်နှင့် ကျေးရွာများ ကိုသာ အခြေစိုက်လျက် တော်လှန်ရေးကို ဆက် လက် ဆင်နွှဲခဲ့ရသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလတွင်၊ ဂျပန် စစ်လျော်ကြေး အကူအညီဖြင့် ဗမာ့ တပ်မတော်တွင်၊ ရဟတ်ယာဉ် အကြီး/ အငယ်များ၊ တိုက် လေယာဉ်များအပြင်၊ လက်နက်ကောင်းများ တပ် ဆင်နိုင်ခဲ့ပြီး၊ တပ်အင်အား နှစ်သောင်းကျော် ဖြစ်လာသည်။ ထို့အခါ မင်းရန်အောင်ထိုးစစ် ဖြင့် အရှေ့ တောင် ဘက်ရှိ၊ ညောင်လေးပင်ခရိုင်၊ တပ်မဟာ(၃) နယ်မြေများနှင့် ဖာပွန်ခရိုင် မြောက် ပိုင်း နယ်မြေများကို ထိုးစစ်ကြီးများ ပြုလုပ်တော့သည်။ ထိုးစစ်ဆင်ရာတွင် တပ်မတော်သားများ စိတ်ဓါတ်တက်ကြွစေရန်၊ ကရင်ဆိုးများ ကရင် ငပွေး များတွင် ရိုင်ဖယ် တလက် ယမ်းသီး (၅)တောင့်သာ ရှိကြောင်း၊ တခု်ိုမှာ ဂျပန် သေနတ် အဟောင်းများကိုသာ ကိုင်ဆောင်နိုင်ပြီး တလက်လျှင် ယမ်းသီး (၃)တောင့်မျှသာ ရှိကြောင်း၊ ထို့ကြောင့် (၂)နှစ် အတွင်း အပြုတ်တိုက် ချေမှုန်း သွားမည်ဟု အသံကျယ်လောင်စွာ ဟစ်ကြွေး လျက် ထိုးစစ် ကြီးကို ပြုလုပ်ခဲ့သည်။ ထိုအချိန် ကရင့်တော်လှန်ရေးမှာ ကရင်အမျိုးသား ကွန်ဂရက်ကို အပြီးသတ် ကျင်းပပြုလုပ်ပြီး လူစုခွဲခဲ့သည်။ ဝန်ကြီးချုပ် ဦးနု ၏ ရည်ရွယ်ချက်မှာ ကရင့် တော် လှန်ရေး လမ်းစဉ်သစ်ကို လူထုအတွင်း တော်လှန်သော လူမျိုးစုများအတွင်း နိုင်ငံရေး အဖွဲ့အစည်းများအတွင်း ထပ်ဆင့် မချမှတ်နိုင်ရန် အတွက် စစ်ဆင်ရေး ပြုလုပ်ခြင်း သာ ဖြစ်သည်။

ကရင်အမျိုးသားကွန်ဂရက်ကို ညောင်လေးပင် ခရိုင် တပ်မဟာ(၃) နယ် မြေ ဌာနချုပ် အနီး၊ မောကိုစခန်းတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သောကြောင့် ရန်သူ သည်၊ အတင်းတိုးဝင် လျက်၊ တပ်မဟာ(၃)ဌာနချုပ်၊ ညောင်လေးပင်ခရိုင် ဌာန ချုပ်ဖြစ်ရာ မောကိုစခန်းကို တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့သည်။ ဖာပွန်ခရိုင် မြောက် ပိုင်း နယ်မြေ အားလုံးတွင်လည်း ထိုးစစ်ဖြင့် ဝင်ရောက် လူပ်ရှားသွားခဲ့သေးသည်။ ကရင်တို့မှာ ခံစစ်ကြီးများဖြင့် မခုခံနိုင် တော့ဘဲ ပြောက်ကျားစစ်ဆင်ရေးဖြင့်သာ ပြန်လည် ခုခံနေရတော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရန်သူသည် (၂)နှစ်အတွင်း အပြုတ်တိုက်မည့် စစ်ရေးအစီအစဉ် ရှိခဲ့သော် လည်း၊ ကရင်တို့၏ ပြောက်ကျားနည်းပရိယာယ်ကြောင့် တနှစ်နှင့် ခြောက်လ အကြာတွင် အထိအခိုက်များစွာဖြင့် စစ်ဆင်ရေးကို ရုပ်သိမ်းသွားခဲ့သည်။ ခလရ (၁၅)တပ်ရင်းမှူး ဗိုလ်မှူး ညံကျင်ဘန် (ချင်း တိုင်းရင်းသား)သည် ကျောက်ကြီး မြို့နယ်၊ ပဒဲကော ကျေးရွာတွင် တပ်ဆုတ် အနားယူချိန်၊ ဤစစ်ဆင်ရေးမှာ ကျနော် တို့ဘက်က ဂျပန်သေနတ် အဟောင်းများနှင့် အင်္ဂလိပ် ရိုင်ဖယ် သေနတ် အဟောင်းများကိုသာ သိမ်းယူနိုင်ကြကြောင်း၊ ကရင် ငပွေးများက တိုက်ပွဲတွင် မိမိတို့ထံမှ လက်နက်ကောင်းများကို သိမ်းယူနိုင်ကြသဖြင့်၊ ခြို၍ ကြည့်လျှင် မိမိတို့ ဤစစ်ဆင်ရေးမှာ အရှုံးထွက်ခဲ့သည်ဟု ပြောလျှင် မမှားကြောင်း၊ ပဒဲကော ကျေးရွာ လူကြီးများနှင့် တွေ့ဆုံပွဲတွင် ပြောကြား သွားခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုသည် လက်နက်နှင့် ဒီမိုကရေစီ လဲလှယ် နိုင်ရန် လက်နက်ကိုင်အဖွဲ့ အစည်းများအား ဖိတ်ခေါ်ခဲ့သည်။ ဤ ဖိတ်ခေါ်ကမ်း လှမ်းချက်ကြောင့် ဗိုလ်ဖိုးကွန်း ဦးဆောင်သော ရဲဘော်ဖြူအဖွဲ့ တဖွဲ့လုံး၊ ဦးနုထံ တွင် လက်နက်နှင့် ဒီမိုကရေစီ ပြန်လည် လဲလှယ်ခဲ့ကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ရဲထွဋ်နှင့် အလံနီ ကွန်မြူနစ်ပါတီ အဖွဲ့တို့ ကလည်း လက်နက်နှင့် ဒီမိုကရေစီကို လဲလှယ် ယူခဲ့ကြ သည်။ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ခဲ့ကြသော အဖွဲ့(၃)ဖွဲ့တို့သည် ဝန်ကြီးချုပ်ဦးနု၏ လူပေါ်လူဇော် ကလိမ်ကျ ကျားကွက်အတွင်းသို့ ဝင်မိသွားကြသည်ကို မသိခဲ့ကြ။ ကရင် များ၏ အမြင်တွင်မူ မြန်မာ မြန်မာချင်း ပြန်စုတာပဲ။ (အမြုတေရှိရာ အမြုတေ စုတာပဲ) ဟု သာ မှတ်ယူကြတော့သည်။

၁၉၆၀-၆၁ ခုနှစ်အကြား၊ ကျားကြီးဗဆွေ၏ ဟိန်းချက်မှာ အလွန် ကြောက်စရာ ကောင်းခဲ့သည်။ “တောကြို့ တောင်ကြား၊ မြစ်ဖျားမကျန် ခိုအောင်းနေ ကြသော ကရင်ဆိုး တို့။ မင်းတို့ ဘယ်ပြေးကြမလဲ။ (၆)လအတွင်း မင်းတို့ကို အပြုတ်တိုက် ချေမှုန်းသွားမည်ဟု” ဟိန်းဟောက်ခဲ့ကာ၊ စစ်အင်အား တသောင်း ကျော်ဖြင့် အောင်မော်အေး ထိုးစစ်ကို အရှေ့တိုင်းသို့ ထိုးပြန်လေ သည်။ သို့သော် စစ်ဆင်ရေးကို (၄)လဖြင့် ပြန်လည် ရုပ်သိမ်းသွား ခဲ့သည်။ ၁၉၆၁ ခုနှစ် နှစ်ကုန်ချိန်တွင် စစ်သည်အင်အား တသောင်းကျော်ဖြင့်ပင် ရွှေတောင် ကြီး စစ်ဆင်ရေးကို ပြုလုပ်ခဲ့ပြီး၊ (၄)လခန့်တွင် ထိုးစစ်ကို ပြန်ရုပ် သွားရပြန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဤအချိန်တွင် (ဖဆပလ) အဖွဲ့ချုပ် ခေါင်းဆောင်များအတွင်း အကွဲအပြဲ၊ အာဏာလုပွဲများ ဖြစ်ချိန်၊ ကျားကြီးဗဆွေနှင့် ဦးကျော်ငြိမ်းတို့မှ တဖက်၊ ဝန်ကြီး ချုပ်ဦးနုနှင့် အဖွဲ့တို့မှ တဖက် ဖြစ်သည်။ ရန်ကုန် သတင်းစာ ဂျာနယ်များမှ (ဖဆပလ) နှစ်ခြမ်းကွဲသည်ဟု အတိအလင်း ရေးသား ထုတ်ဖော်ခဲ့ကြသည်။ ဖဆပလ အကွဲအပြဲသည် တင်းမာလွန်းသဖြင့် စေ့စပ် ဖြန်ဖြေမရသည်အထိ အခြေဆိုက်ခဲ့သည်။ အကွဲအပြဲကို စောင့်မျှော်နေသော ဗိုလ်ချုပ်နေဝင်းသည် အကွက်ကောင်းယူပြီး၊ ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းယူခဲ့သည်။ အိမ်စောင့် အစိုးရဟု ကြေညာပြီး (၆)လအတွင်း ရွေးကောက်ပွဲကို ပြန်လည် ကျင်းပပေးမည် ဖြစ်ကြောင်း ကိုလည်း တိုင်းပြည်သို့ ကြေညာသွားခဲ့သည်။

ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရ အုပ်ချုပ်ချိန်တွင် ကေအဲန်ယူ ဗဟိုနှင့် လျှို့ဝှက်တွေ့ဆုံကာ နှစ်ဘက် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။ ကမ်းလှမ်း ချက်ကို ကေအဲန်ယူ ပါတီ ဗဟိုမှ လက်ခံသဖြင့်၊ ကေအဲန်ယူ ပါတီခေါင်းဆောင် ဗိုလ်ချုပ်ကျော်မြသန်း (ခေါ်) စောကော်ထူး၊ ဆရာစကောလယ်တော၊ ဗိုလ်မှူးချုပ် ကျင်ဖေ (ခေါ်)ကိုးဒို၊ ပဒိုဖိုးညောတို့ (၄)ဦး ဟာပွန်မှတဆင့် စစ်ရဟတ်ယာဉ်ဖြင့် ရန်ကုန် မင်္ဂလာဒုံသို့ သွားရောက် တွေ့ဆုံ ခဲ့ကြသည်။ ဗိုလ်နေဝင်းနှင့် တွေ့ဆုံပြီး၊ ဗိုလ်မှူးလှဟန်နှင့် ဆွေးနွေးကြသည်။ ဆွေးနွေးပွဲ အချုပ်မှာ လက်နက်များ အားလုံးကို မီးရှို့ပြီး မိမိတို့နှင့် အတူ ပြန်လာ ပူးပေါင်းရန်နှင့် ကရင်အမျိုးသားတို့ လိုလားချက်ကို တပ်မတော်မှ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။ ကေအဲန်ယူ ပါတီ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်မြသန်းမှ “လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ခြင်း၊ အလင်းဝင်ခြင်း၊ ပြန်လည်ပူးပေါင်းခြင်း တို့မှာ အမည် နာမသာကွဲပြားသော်လည်း လက်နက်ချ အရှုံးပေးခြင်းသာ ဖြစ် သောကြောင့်၊ ကျနော်တို့ လက်မခံနိုင်ကြောင်း” ပြန်လည်ဆွေးနွေးသဖြင့် ဆွေး နွေးပွဲ ပျက်ခဲ့ရသည်။

အိမ်စောင့်အစိုးရ (၆)လအချိန်ပြည့်သည့်အခါ ရွေးကောက်ပွဲကို ပြန်လည် ကျင်းပခဲ့သည်။ အတိုက်အခံ နိုင်ငံရေး ပါတီကြီး(၂)ဖွဲ့ဖြစ်သော ဦးနုခေါင်းဆောင် သည့် သန့်ရှင်း ဖဆပလ နှင့် ကျားကြီးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင်သော တည်မြဲ ဖဆပလ တို့ ယှဉ်ပြိုင် ရွေးချယ်ကြသည်။

ဦးနုသည် ဗမာပြည်ရှိ တိုင်းသူ ပြည်သားတရပ်လုံးသို့ သူပြန်လည် အရွေးခံရပါက ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်ပေးမည်ဟု တိုင်းပြည်သို့ ကြေညာခဲ့ ခြင်းကြောင့်၊ ဆရာကြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သခင်ကိုယ်တော်မှိုင်း အပါအဝင်၊ (ပမည်တ) ပြည်ထောင် စု မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု အဖွဲ့နှင့် တသီးပုဂ္ဂလ အဖွဲ့များ အပြင် ပြည်သူတရပ်လုံးမှ ဦးနု ဘက်သို့ မဲပေးခဲ့ကြသည့်အတွက်၊ သန့်ရှင်း ဖဆပလ အစိုးရ သည် မဲ အပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည်။

ဝန်ကြီးချုပ်ဦးနုသည် သန့်ရှင်း ဖဆပလ အစိုးရကို ဖွဲ့စည်းစဉ်က ကရင့် တော်လှန်ရေး ကို အမြစ်ပြတ် ချေမှုန်းရမည်ဖြစ်ကြောင်း၊ ကျူပင်ခုတ် ကျူငုတ် မကျန်အထိပင် တိုက်ကြရ မည်ဟု တိုင်းပြည်ကို မိန့်ခွန်းတွင် ထည့်သွင်း ပြောကြား သွားသောအခါ၊ ကြားရသော မဲပေး ခဲ့သူ တိုင်းရင်းသားပြည်သူ တရပ်လုံး၊ ပမည်တ နှင့် တသီးပုဂ္ဂလအဖွဲ့တို့မှာ ဗလောင်းဗလဲ ပြောတတ်သော ဦးနုကို ဟား တိုက်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်းက “သူမသေမီ ပြည်တွင်း ငြိမ်းချမ်းရေးကို မြင်တွေ့လိုသည်”ဟု ဦးနုအား တောင်းဆိုခဲ့သော်လည်း၊ ဦးနုမှာ မကြား သယောင် ဆောင်နေခဲ့သည်။ ပြည်တွင်း ကြေးမုံ သတင်းစာကမူ၊ “အပြုတ်တိုက်ရေး လော၊ ပြုတ်မနူးလော၊” “ကျူပင်ကို မခုတ်မိဘဲ မိုးမခပင်ကို ခုတ်မိသွားလျှင်၊ မိုးမခ အတက်၊ အပင်ပေါက်တွေ မှိုလို ပေါက်သွားမှာ သေချာတယ်” ဟု လှောင်ပြောင် သရော်ရေးသား ဖော်ပြခဲ့သည့်အတွက်၊ ကြေးမုံသတင်းစာ အယ်ဒီတာလည်း စစ်ဆေး အရေးယူ ခံရ ကြောင်း သတင်းကြားရသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်ဦးနုသည် ကရင်အမျိုးသားများ စည်းလုံး ညီ ညွတ်ကြ လျှင် မိမိတို့ ဗမာပြည်အတွက် သက်သာမည် မဟုတ်ကြောင်းနှင့် ကရင်တွေ စည်းလုံး ညီညွတ်မှုမရအောင် ဖန်တီးပေးရမည်ဟုလည်း မြန်မာအမျိုး သားတို့အား သတိပေးခဲ့သေး သည်။

၁၉၆၁ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုသည်၊ အမျိုးသားလွှတ်တော် အစည်း အဝေးကို ခေါ်ယူ ကျင်းပခဲ့သည်။ ဤ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသား ကိုယ်စားလှယ် တော်များ စုံညီတက်ရောက်ခဲ့သည်။ လွှတ်တော် အစည်းအဝေးတွင် ရှမ်းအမျိုးသား ကိုယ်စားလှယ်တဦးက ပြည်ထောင်စု မြန်မာ နိုင်ငံသည် ပင်လုံ ညီလာခံကို အခြေပြု၍ ဖက် ဒရယ် ပြည်ထောင်စု သမ္မတ နိုင်ငံ ဖြစ်ပြီး၊ (၁၀)နှစ်အကြာတွင် မိမိတို့ ပြည်နယ် ဘက်သို့ ဖက် ဒရယ် ပြည်ထောင်စု၏ အနှစ်သာရ အငွေ့အသက်ကိုပင် မခံစားကြရသေးကြောင်း၊ ဖက် ဒရယ် ပြည် ထောင်စု အနှစ်သာရကို မိမိတို့ပြည်နယ်များ ခံစားရအောင်လည်း ဆောင်ရွက်

ပေး ပါရန် တင်ပြ တောင်းဆိုခဲ့သည်။ အမျိုးသားကိုယ်စားလှယ် အားလုံးတို့သည် ရှမ်း အမျိုးသား ကိုယ်စားလှယ်၏ တင်ပြချက်ကို တညီတညွတ်တည်း ထောက်ခံခဲ့ ကြသည်။ ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံ "မူ" စစ်စစ်ကို ချမှတ် ဖွဲ့စည်း ပေးရန် ကိုယ်စားလှယ် အများစုက တောင်းဆိုကြခြင်းကြောင့် ဝန်ကြီးချုပ် ဦးနုမှာ လူမျိုးစုကိုယ်စားလှယ်တို့ တောင်းဆိုချက်ကို မပေးမဖြစ် ပေးရတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးနှင့် ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်ရေးကို မဟာဗမာ ပဒေသရာဇ် စံနစ်ကို ဆုပ်ကိုင်ထားသော မြန်မာ အမျိုးသားများက လုံးဝ လက်မခံသဖြင့် ဝန်ကြီးချုပ် ဦးနုသည် ကိုယ်စားလှယ်တော်များ တင်ပြချက် ကို မဟာဗမာပဒေသရာဇ် ဖဆပလ အဖွဲ့ခေါင်းဆောင်များနှင့် တိုင်ပင် အကြံဉာဏ် တောင်းယူရ မည်ဖြစ်သောကြောင့် လွှတ်တော်အစည်းအဝေးကို အချိန်ဆွဲလျက် ဆွေးနွေး ခဲ့ကြသည်။ ဦးနု၏ ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံကို (၁၀) နှစ်ကြာ ထူထောင်ခဲ့ရာ ပြည်နယ်များသည် ကိုယ့်ထမင်းကိုယ်စားပြီး၊ ကြီးတော်နွား ကို ကျောင်းပေးရသည့် ဘဝမျိုးသို့ ရောက်လာခဲ့သည်ကို ဗမာပြည်ဖွား တိုင်းရင်း သားတိုင်းက တညီတညွတ်တည်း သဘောတူ လက်ခံကြသည်။

ဖက်ဒရယ်မူကို မခံစားခဲ့ကြရသော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင် ပါရှိနေသော (၁၀)နှစ် ပြည့်လျှင် ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် "မူ"ကို ပြည်ထောင်စု နှင့် ပြည်နယ်ကိုယ်စားလှယ်များက တင်ပြ တောင်းဆိုခြင်း၊ တင်ပြခဲ့ခြင်း လုံးဝ မရှိပါ။ ပြည်နယ်များ ပြည်ထောင်စုနှင့် ပိုမို၍ စည်းလုံးညီညွတ်စွာ ဆိုးတူ ကောင်း ဘက် နေထိုင်ရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ မြန်မာ အမျိုးသား၏ တင်ပြ တောင်းဆိုချက်မှာ ဗမာပဒေသရာဇ်တို့က ပြည်နယ်များ ခွဲဝေ မပေးချင်။ ခွဲထွက် သွားကြမည်ကို စိုးရိမ်နေသောကြောင့် မည်သို့လှည့်စားကြရမည်ကို ဗမာ ပဒေသ ရာဇ်များအတွင်း ဆွေးနွေး အကြံဉာဏ်များ ယူနေကြသည်။ ထိုသို့ အကျပ်အ တည်း ဖြစ်နေချိန် ၁၉၆၂ ခုနှစ် မတ်လ (၂)ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း က ဝန်ကြီး ချုပ်ဦးနုနှင့် ဝန်ကြီးများ အမျိုးသားလွှတ်တော် အမတ်များအား လုံးကို ဖမ်းဆီး ထောင်ချပြီး "တိုင်းပြည်ကြီး ချောက်ထဲကျရန် လက်နှစ်လုံးအလိုတွင် တပ်မတော် မှ နိုင်ငံတော်အာဏာကို ရယူခဲ့ရ ကြောင်း၊" ကြေညာပြီး၊ တော်လှန်ရေးကောင်စီ ကိုဖွဲ့စည်းကာ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ် လေတော့သည်။

ဗိုလ်ချုပ်နေဝင်းပြောသည့် တိုင်းပြည် ချောက်ထဲကျရန် လက်နှစ်လုံး အလိုတွင် တပ်မတော်မှ ကယ်တင် လိုက်ရသည်ဟုဆိုပြီး တိုင်းပြည် အာဏာကို သိမ်းယူခြင်းကို မိမိတို့ တိုင်းရင်းသား များဘက်မှ မည်သို့ နားလည် ယူကြရ မည်နည်း။ (၁၀)နှစ်အတွင်း ဦးနု၏ ပြည်ထောင်စု အုပ်ချုပ်မှုအောက်တွင် ပြည်နယ် များ ဖက်ဒရယ်ပြည်ထောင်စု "မူ"၊ အင်္ဂေအသက် စိုးစဉ်းမျှ မခံစားခဲ့ရပါ။ ပါလီမန် ဒီမိုကရေစီ အမျိုးသား လွှတ်တော်အစည်းအဝေးတွင် ဖက်ဒရယ် ပြည်ထောင်စု အစစ်အမှန်ကို ချမှတ်ပေးပါရန် တောင်းဆိုခဲ့ခြင်းကြောင့် တိုင်းပြည် ချောက် တွင်း ကျတော့မည်ဟု ဆိုခြင်းကို မည်သို့မှ နားမလည်နိုင်တော့ပါ။ "မင်းတို့ တိုင်းရင်း သား တွေ တောင်းဆိုနေတဲ့ "ဖက်ဒရယ်ပြည်ထောင်စုကို ငါတို့ ဗမာတွေ မပေး နိုင်ဘူးဟော့"ဟု ရဲရဲ ဝံ့ဝံ့ ပြောဆို အာဏာသိမ်းလျှင်လဲ ရပါသည်။ ထိုသို့ပြောပါက နားထောင်၍ ကောင်းသကဲ့သို့ တည့်လည်း တည့်မတ်ပါသည်။"

ဝန်ကြီးချုပ်ဦးနုသည် ပြည်ထောင်စုသားများ လိုလားသော တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် အခွင့်အရေးနှင့် ဖက်ဒရယ် ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်ရေးကို ပေးလိုက်ပါက ဗမာပဒေသရာဇ်စံနစ် သက်ဆိုးရှည်တော့မည် မဟုတ်၊ ၁၉၄၈ ခုနှစ်မှ နောင် နှစ်(၅၀)ကြာ အထိ၊ ကရင်-ဗမာ တိုက်ပွဲ ရှည်ကြာ ခဲ့လျှင် ကရင်နှင့် မြန်မာတို့ တယောက်မျက်နှာ တ ယောက် ကြည့်ရဲတော့မည် မဟုတ် ဆိုသည့်အချက်မှာ၊ မဟာဗမာ ပဒေသရာဇ်စံနစ် နှစ်(၅၀)ကြာ အုပ်ချုပ် သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် "ဗိုလ်နေဝင်းအား မိမိတော့ မတတ်နိုင်တော့ သဖြင့် မိမိတာဝန်ကို ဆက်ယူပြီး အာဏာသိမ်းယူရန် ခွင့်ပြုခဲ့သည့်အတွက် ဗိုလ်နေဝင်းက အာဏာ သိမ်းယူ ခဲ့ရခြင်းသာဖြစ်သည်။

ဝန်ကြီးချုပ် ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် မန်းဝင်းမောင်အပါအဝင် ဝန်ကြီးအားလုံး၊ အ ဖမ်းခံကြရပြီး ထောင်သွင်းအကျဉ်းချခံခြင်းကို ခံနေရသည်။ အမျိုးသားလွှတ်တော်အမတ် များနှင့် ရှမ်းစော်ဘွားများကို ဖမ်းဆီးပြီး၊ ထောင်သွင်း ချုပ်နှောင်ထားခဲ့သည်။ (၃)နှစ်အကြာ ဝန်ကြီးချုပ်ဦးနုကို ထောင်မှ ထုတ်လိုက်ပြီး လွတ်ငြိမ်း ချမ်းသာခွင့် ပေးခဲ့သည်။ ကျန်ပုဂ္ဂိုလ် များကိုမူ နောင်နှစ် အတန်ကြာ အထိ ထောင်တွင်း ဆက်လက် ချုပ်နှောင် ထားမည်ဟု ခန့်မှန်း ကြသည်။ ဦးနုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည့်အတွက် ဗိုလ်နေဝင်းမှာ ပိုမို ထင်ရှား လာ သည်။

ဗိုလ်နေဝင်း၏ လူယုံတော် ထောက်လှမ်းရေးမှူး ဗိုလ်ကြီးကျော်စွာမြင့် (ဂျူးကပြား)သည် ဗိုလ်နေဝင်းက ၎င်းအားဖမ်းဆီး အရေးယူတော့မည်ကို ကြိုတင်သတင်း ရရှိသဖြင့်၊ ကေအဲန်ယူ ပါတီနယ်မြေသို့ တောခိုလာခဲ့သည်။ ပဲခူး ရိုးမမှတဆင့် အရှေ့တောင်ဘက် ကျောက်ကြီးမြို့နယ်ရှိ စောဂျော့ထံသို့ ရောက်ရှိ လာခဲ့သည်။ (၇)ရက်ခန့်အကြာ ဗိုလ်ဂျော့မှ "ဦးနုထံမှ ဗိုလ်နေဝင်း အာဏာသိမ်း ယူခြင်းသည် နားလည်မှုလား၊ တကယ်ပဲ ဦးနုထံက အာဏာသိမ်းတာလား"ဟု မေးမြန်းချက်ကို ကျော်စွာမြင့်က "မဟာဗမာ ပဒေသရာဇ်မင်းများ ခေတ်က မြန်မာမင်းဆက် မပပျောက်ရလေအောင် တဦးနှင့် တဦး အလှည့်အပြောင်း လုပ်ခဲ့ကြ သည်ကို ရာဇဝင်မှာ ဖော်ပြခဲ့တာပဲ။ ဒါကို ခင်ဗျားလည်း သင်ကြားခဲ့ရမှာပါပဲ။ ခင်ဗျားဘာမှ တွေးနေစရာ မလိုပါဘူးဟု" ဆိုသော အဖြေကို ပေးခဲ့သည်။

ထိုအချိန်တွင် ကရင့်တော်လှန်ရေးအတွင်း အရှေ့တောင်တိုင်းတွင် ကရင် တပ်မှူးအများစု အပါဝင် စစ်ဘက်၊ နယ်ဘက်၊ အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်များသည် နိုင်ငံရေး လေ့လာမှု ခံယူမှု အားနည်းသဖြင့် နိုင်ငံရေး လေ့လာသူများအား အစဉ်အမြဲ ပုတ်ခတ် ပြောဆိုလေ့ရှိသည်။ နိုင်ငံရေး နားလည်သူများ နိုင်ငံရေး သမားများသည် စစ်မတိုက်ရဲကြသူများ ဖြစ်သည်ဟု ၎င်းတို့က ယူဆထားကြ သည်။ တော်လှန်ရေးတရပ်အား ရှေ့ဆောင်ရာတွင် စစ်ဘုရင်စံနစ်များ ပါဝင်နေ သဖြင့် လူထုဆန့်ကျင်မှုများ အနည်းနှင့်အများ ဖြစ်ပျက်နေသည်ကို နားမလည် ကြသေး။ အရှေ့တိုင်း ကရင်သည် ကရင်လူမျိုး အများစုနေထိုင်ရာ ဒေသဖြစ်ပြီး ထို ဒေသများတွင် မြန်မာလူမျိုးများသည် ကရင်လူမျိုးများထက် အင်အား အလွန် ပင် နည်းသည်။ ကရင်တပ်မှူးတချို့သည် မြန်မာတိုင်းရင်းသားများအား လျစ်လျူရှု ထားခဲ့ကြသည်။ သို့ရာတွင် ဂျပန်ခေတ်နှင့် ဝန်ကြီးချုပ်ဦးနု တက်စဉ် အချိန် ကရင်-မြန်မာ လူသတ်ပွဲ အဓိကရုဏ်းအား သတိရသော်လည်း ကလဲ့စားချေ လို စိတ်စိုးစဉ်းမျှ မရှိခဲ့ကြပါ။ မြန်မာ အမျိုးသားများအပေါ်တွင် နိုင်ငံရေးအရ သိနား လည်မှု အပေါ် သနားကြင်နာမှု အနည်းနှင့် အများ ရှိနေသေးသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင်နှင့်မြန်မာ လူဦးရေအရ ညီတူ ညီမျှခန့် ရှိခဲ့သော်လည်း၊ ဆုံးရှုံးခဲ့ရသော နယ်မြေများကို ပြန်လည် စည်းရုံးနိုင်ရန်အတွက်မူ ကရင်နှင့် မြန်မာ အမျိုးသားများသည် အင်အားအဖြစ် ရယူရာတွင် အမျိုးသားရေး အမြင် ကွဲပြားမှုမရှိဘဲ၊ တန်းတူ ရည်တူ ဆက်ဆံရသည့်အတွက် လူထု ထောက် ခံမှုကို ရရှိလာခဲ့သည်။ စစ်ဘုရင်ဝါဒီ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များကလည်း တဖြည်းဖြည်းချင်း ကျဆုံး သွားခဲ့ကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ၊ အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင် ရဲဘော်များအား ထိတွေ့ ဆက်ဆံမှု ပြုခဲ့ကြပြီး၊ ပူးတွဲ စစ်ဆင်ရေး များနှင့် စည်းရုံးရေး လုပ်ငန်းများ ပြုလုပ်ခဲ့ကြရခြင်းကြောင့် နိုင်ငံရေး အသိပညာ များ ပိုမိုတတ်ကျွမ်းလာခဲ့ကြပြီး နိုင်ငံရေး အသိတရားများလည်း ပိုမို တိုးပွား လာခဲ့ ရသည်မှာ အမှန်ပင်ဖြစ်သည်။

ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်နှင့် ပါတီတွင်း ပဋိပက္ခများ

ဝိန်ထောင် ကွန်ဖရင့်မှချမှတ်လိုက်သော နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေး လမ်းစဉ်များကို မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့တွင် စမ်းသပ် ချမှတ်ရန် ကော်သူးလေ အုပ်ချုပ်ရေး ကော်မတီက ခွင့်ပြုသည်။ ခွင့်ပြုချက်အရ စမ်းသပ် အကောင်အထည်ဖော်ရာတွင် ကရင်လူထုအပြင် ဗမာတိုင်းရင်းသား များကပါ တက်ကြွစွာ ထောက်ခံ အားပေးကြသဖြင့် လက်လွတ်ဆုံးရှုံးခဲ့ရသော နယ်မြေများကိုပင် ပြန်လည် သိမ်းယူ နိုင်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင်၊ ကရင်အမျိုးသားခေါင်းဆောင် ဥက္ကဋ္ဌ စောဟန်တာ သာမွေး အရှေ့တိုင်းသို့ ကူးလာခဲ့သည်။ ဗမာတပြည်လုံး အမျိုးသား ကွန် ဂရက်ခေါ်ယူ ကျင်းပနိုင်ရန် အရှေ့တိုင်းတွင် တိုင်း ခရိုင် တပ်မဟာ ခေါင်းဆောင် များနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ အရှေ့တိုင်း ရှိ တိုင်း ခရိုင် တပ်မဟာ ခေါင်းဆောင် များက လက်ခံ ခဲ့ကြသည်။

၁၉၅၆ ခုနှစ်တွင် ကရင်အမျိုးသားများ ကွန်ဂရက်ကို ညောင်လေးပင်ခရိုင်၊ တပ်မဟာ(၃)နယ်မြေ၊ ရွှေကျင်မြို့နယ်၊ မောကိုဒေသတွင် ခေါ်ယူ ကျင်းပခဲ့သည်။ ထို ကွန်ဖရင့်သို့ အရှေ့တိုင်းအပြင် ပဲခူးရိုးမတိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်းတို့မှ တိုင်း တာဝန်ခံများ၊ ခရိုင်/တပ်မဟာ တာဝန်ခံ ကိုယ်စားလှယ်များအပြင် လူထု ကိုယ်စား လှယ်များလည်း စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ဝိန်ထောင် ကွန်ဂရက်မှ ချမှတ် သော နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ စည်းရုံးရေး၊ တပ်ပေါင်းစု တည် ဆောက်ရေး အားလုံးတို့ကို တင်ပြ ဆွေးနွေးညှိနှိုင်းကာ အတည်ပြု လက်ခံခဲ့ကြ သည့်အပြင် ခေါင်းဆောင်သစ်များကိုလည်း လက်ခံ သဘောတူခဲ့ကြသည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီနှင့် မွန်ပြည်သူ့ ပါတီတို့၏ ဆန္ဒ အရ ကေအဲန်ယူမှ ခွဲထွက်ခွင့်တောင်းဆိုရာ အတည်ပြုပြီး ခွင့်ပြုခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မောကို ကွန်ဂရက် ဆုံးဖြတ်ချက်အရ တပ်ပေါင်းစုဖွဲ့စည်းရန် သဘော တူညီချက် ပါရှိသည့် အတိုင်း (၁) ကေအဲန်ယူပါတီ၊ (၂) ဗမာပြည်ကွန်မြူနစ်ပါတီ၊ (၃) မွန်ပြည်သစ်ပါတီ၊ (၄) ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ တို့နှင့် တပ် ပေါင်းစု ဖွဲ့စည်းပြီး၊ (မဒညတ) အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစုကို ဖွဲ့စည်း နိုင်ခဲ့သည်။ ဤတပ်ပေါင်းစုတွင် မတူတာခွဲလုပ်၊ တူတာ ပေါင်းလုပ်ကြရန်၊ နိုင်ငံရေးတိုက်ပွဲ၊ စစ်ရေးတိုက် ပွဲလမ်းစဉ်များကို သဘောတူညီခဲ့ကြပြီး၊ ပူးတွဲ ဆောင်ရွက်ခဲ့ကြသည်။ လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့် အရေး ရရှိရန်နှင့် ဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံတော် ထူထောင်ရန် ကိုမူ၊ ဗမာပြည်ကွန်မြူနစ်ပါတီက လက်မခံခဲ့ပါ။ လူမျိုးစုများအား ကိုယ်ပိုင် အုပ်ချုပ်ရေး အဆင့်ကိုသာ ပေးမည်ဖြစ်သဖြင့်၊ ကရင်၊ မွန်နှင့် ကရင်နီတို့က လက်မခံကြသဖြင့် တူတာ လုပ် မတူတာ ခွဲလုပ်ခဲ့ကြသည်။

မောကို ကွန်ဂရက် ဆုံးဖြတ်ချက်များကို တပြည်လုံး အတိုင်းအတာဖြင့် ရှေ့ဆောင် ချမှတ် ရာတွင် အောင်မြင်မှု တစုံတရာ ရရှိခဲ့သော်လည်း၊ အရှေ့တိုင်း သထုံခရိုင်၊ တပ်မဟာ(၅) ခေါင်းဆောင်တို့သည် ကေအဲန်ယူပါတီနှင့် ဒုတိယ လမ်းစဉ်ကို မယုံတဝက် ယုံတဝက်ဖြင့်သာ လက်ခံခဲ့ကြသည်။ ကေအဲန်ယူ ပါတီမှ ရှေ့ဆောင်ချမှတ်ထားသော ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်တွင် ဗဟို ခေါင်းဆောင်များအတွင်း တဦးနှင့်တဦး အမြင်မတူ၊ သဘောထား ကွဲလွဲမှုများ ရှိခဲ့သည်။ ကေအဲန်ယူပါတီ၏ ခေါင်းဆောင်မှုနေရာကို ကေအာရ်စီ K.R.C. ဖြင့် ပြန်လည် အစားထိုးခေါင်းဆောင်မှုပြုရန် နှစ်ဘက် ညှိနှိုင်းခဲ့ကြသည်။ ဗဟိုခေါင်း ဆောင် ပိုင်း အမြင် မတူမှုကို အချင်းချင်း ပြန်လည် စုစည်း ညီညွတ်ရန်အတွက် ကရင်အမျိုးသား ကွန်ဂရက် တရပ်ကို ခေါ်ယူ ကျင်းပရမည့် အခြေအနေသို့တိုင် ဆိုက်ရောက်ခဲ့ရသည်။

ကဆော၀ါး ကွန်ဂရက်

၁၉၆၃ ခုနှစ်တွင် ကရင်အမျိုးသား ကွန်ဂရက်အစည်းအဝေးတရပ်ကို အရှေ့တိုင်း ဖာပွန်ခရိုင် မြောက်ဘက်၊ ကဆော၀ါး ကရင်ဘာသာဖြင့် ကဆီ၀ါ နယ်မြေဒေသတွင် ကျင်းပခဲ့သည်။ အရှေ့ရိုးမတိုင်း၊ ပဲခူးရိုးမတိုင်း၊ မြစ်၀ကျွန်း ပေါ်တိုင်းတို့မှ တိုင်း၊ ခရိုင်၊ တပ်မဟာ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက် ခဲ့ကြသည်။ သဘာပတိ စောဟန်တာသာမွေးက ကေအဲန်ယူပါတီနှင့် ပါတီလိုလား သူများ ပဲခူးရိုးမနှင့် မြစ်၀ကျွန်းပေါ်ဒေသတို့တွင်ပြန်လည် နေထိုင်ပြီး၊ တော်လှန်ရေး ကို ပြန်လည်ဆင်နွှဲကြရန်၊ ကရင့်တော်လှန်ရေးကောင်စီအား ထောက်ခံသူလိုလား သူများအနေဖြင့် အရှေ့တိုင်းတွင် နေရာယူ၍ တော်လှန်ရေး ဆင်နွှဲကြရန် အဖွင့် မိန့်ခွန်းတွင်ပင် ထည့်သွင်းပြောကြားခဲ့ပြီးနောက် အစည်းအဝေး ခန်းမဆောင်တွင်းမှ ထွက်ခွာသွား တော့သည်။

တက်ရောက်လာသောကိုယ်စားလှယ်များမှာအံ့အားသင့်ကာ “ဘာပြောရ မလဲ။ ဘယ်လို ဆွေးနွေးရမလဲ၊ ဘာ ဆက်ဖြစ်မလဲ” ဟူသော သို့လော သို့လော မေးခွန်းများဖြင့် ဖြစ်နေကြသည်။ ထိုအချိန် တောင်ငူ ခရိုင်၊ တပ်မဟာ (၂) ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တာမလာဘောက အသံတုန်တုန်ရီရီနှင့် မျက်ရည်များ ပင်ကျလျက်၊ “ဆယ်နှစ် ဆယ်မိုး အေးအတူပူအမျှ သေတူရှင်တူ ညီညီညွတ် ညွတ်ဖြင့် တိုက်ပွဲဝင်လာခဲ့ကြရာမှ ပဒေသရာဇ်ဆန်ဆန် နယ်မြေခွဲပြီး အုပ်ချုပ်ကြ မယ်၊ နေကြမယ်ဆိုတာကတော့ မသင့်လျော်ပါဘူး။ ကရင်တမျိုးသားလုံး၏ ညီညွတ်ရေးကို ဖြိုခွဲရာလည်းဖြစ်ပါတယ်။ ထွက်သွားတဲ့သူတွေလဲ ထွက်သွားကြ ပါစေ။ ကျန်ခဲ့တဲ့သူတွေနဲ့ဘဲ ဒီ အစည်းအဝေးကို ဆက်လက် ကျင်းပ ကြပါ”ဟု အကြံပေးခဲ့ပါသည်။ ဒုတိယ သဘာပတိ ဖြစ်သူက ကွန်ဂရက်ကို ဆက်လက် ဦးဆောင်သွားခဲ့သည်။ ကိုယ်စားလှယ်အများစု၏ သဘောထားမှာ အစည်းအဝေး ကို ခေတ္တ ရပ်နားထားပြီး၊ အမျိုးသား စည်းလုံး ညီညွတ်ရေးကို ဦးစားပေး ဆောင်ရွက်ကြရန်ကို သဘောတူ ဆုံးဖြတ် ခဲ့ကြသည်။

မန်းဘဇန်၊ ဗိုလ်ချုပ်ကော်ထူး၊ ဆရာစကောလယ်ကော၊ ဗိုလ်ချုပ်ကျင်ဖေ နှင့် မြစ်၀ကျွန်းပေါ်တိုင်း ကိုယ်စားလှယ် တချို့သည် စောဟန်တာသာမွေးနှင့် သွားရောက် တွေ့ဆုံခဲ့ကြသည်။ မန်းဘဇန်က ဝိန့်ထောင် ကွန်ဖရင့် အစည်း အဝေး ဆုံးဖြတ်ချက်အားလုံးမှာ၊

ဥက္ကဋ္ဌကြီး စောဟန်တာသာမွှေး၏ ဦးဆောင်မှု ဖြင့် ချမှတ်ခဲ့ ခြင်းဖြစ်ကြောင်းကို မိမိနှင့် အတူ ရဲဘော် ခေါင်းဆောင်များအားလုံးက အသိအမှတ်ပြုခဲ့ကြသည့်အပြင် တက်တက်ကြွကြွ လိုက်ပါ ဆောင်ရွက်ခဲ့ကြသည် ကို တွေ့မြင်ခဲ့ရမှာ ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ပါသည်။ “ဒါတင်မက ဥက္ကဋ္ဌကြီး အရှေ့တိုင်းသို့ ရောက်လာသောအခါ ခရိုင်၊ တပ်မဟာ၊ ခေါင်းဆောင်၊ တပ်မှူး ကြီး/ငယ်တို့က ကေအဲန်ယူပါတီဝင်များအား ကွန်မြူနစ်တွေလို့မြင်ကြတယ်။ အနီတွေလို့ မြင်ကြတယ်။ မင်းတို့က ကွန်မြူနစ်ကို ကြောက်ကြတယ်၊ ကွန်မြူနစ်တွေ ဖြစ်မှာ စိုးရိမ်ကြတယ်။ ကေအဲန်ယူပါတီက အနီ မဟုတ်ဘူး၊ ပန်းရောင် အဆင့်မှာဘဲ ရှိသေးတယ်။ နောင် ကရင်လူထု ထွန်းသစ်စ ခေါင်းဆောင်တွေကသာ ကွန်မြူနစ်တွေ ဖြစ်လာရင်တော့ ငါတို့ ဘယ်လိုမှ မတတ်နိုင်သလို မတားပါဘူး”ဟု ဥက္ကဋ္ဌကြီး၏ ရဲရင့်သော ခေါင်းဆောင်မှု ကို ပေးလိုက်သည့်အခါမှ၊ အရှေ့တိုင်းခရိုင်၊ တပ်မဟာ ခေါင်းဆောင်များ ငြိမ်သက်စွာ နားစွင့်၍ လက်ခံခဲ့သည်။ ထိုသို့ ပုဂ္ဂိုလ်ရေး သြဇာကို အသုံးချပြီး ရှေ့ဆောင်ပေးချက်ကြောင့် ကရင့်တော်လှန်ရေးအတွက် အခြေ အနေကောင်း ဘက်သို့ တွန်းပို့ပေးရာ ရောက်ခဲ့ရတယ်။ မိမိတို့က ဥက္ကဋ္ဌကို လေးစား အသိအမှတ်ပြု အားထားပါကြောင်းကို ဆွေးနွေးခဲ့သည်။ မန်းဘဇန်၏ တင်ပြချက်ကို ဥက္ကဋ္ဌ ဟန်တာသာမွှေးက စဉ်းစားပြီး၊ နောက်တနေ့ အစည်းအဝေးသို့ လာကာ မိန့်ခွန်းကို ပြင်မည်ဟု အဖြေပေးခဲ့သည်။ မန်းဘဇန်နှင့် အဖွဲ့များ တည်းခိုရာသို့ ပြန်ရောက်သည့်အခါ၊ နောက်ကွယ်မှ ထိုင်ကြည့်နေ ကြသော သထုံခရိုင်၊ တပ်မဟာ(၅) ကိုယ်စားလှယ် ခွန်ဘဆွေ နှင့် ညောင်လေး ပင်ခရိုင်၊ တပ်မဟာ(၃) ကိုယ်စားလှယ် စောထရူး မင်းတို့ နှစ်ဦးသည် စောဟန်တာ သာမွှေးနှင့် သွားတွေ့ပြီး၊ မြောက်ထိုးပင့်ကော် ဆွေးနွေးခဲ့ရာမှ နောက်တနေ့ မနက် အစည်းအဝေးသို့ စောဟန်တာသာမွှေး တက်မလာတော့ပါ။ ထိုသို့ဖြင့် တဖက်နှင့် တဖက် အပြန်အပြန် အလှန်လှန် အကြိမ်ပေါင်းများစွာ ဆွေးနွေးမှု ပြုလုပ်ခဲ့သော်လည်း ညီညွတ်မှုကို မရခဲ့တော့ပေ။ နောက်ဆုံးတွင် စောဟန်တာသာမွှေးသည် ကဆောဝါးကွန်ဂရက်ကို ပြီးဆုံးအောင် ကျင်းပပြုလုပ်ကြရန် ခွင့်ပြုသောကြောင့်၊ ကဆောဝါးကွန်ဂရက်ကို အမြန်ဆုံး ကျင်းပခဲ့သည်။ ကွဲပြဲနေသော ခေါင်းဆောင် ပိုင်းများ အောက်ခြေအထိ ရောက်ရှိ မသွားစေရန် အချိန်မီ ဆောင်ရွက် နိုင်ရန် ဆွေးနွေး ညှိနှိုင်းရန်ကို “ကဆောဝါး” ကွန်ဂရက်မှ ဆုံးဖြတ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကဆောဝါး ကွန်ဂရက် ဆုံးဖြတ်ချက် တာဝန်ပေးချက်အရ ဥက္ကဋ္ဌ မန်းဘဇန်၊ ဆရာစကော လယ်တော၊ ဗိုလ်ချုပ်ကျင်ဖေ၊ ဗိုလ်ချုပ်ကျော်မြသန်းနှင့် အခြားခေါင်းဆောင် တဦးနှင့် စောဟန်တာသာမွေးတို့ တရက်ပြီး တရက် ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးနေစဉ် မမျှော်လင့်ဘဲ၊ ၁၉၆၃ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီသည်၊ တွေ့ဆုံ ဆွေး နွေးရေး၊ ပြည်တွင်းစစ် ရပ်စဲရေး ကမ်းလှမ်းချက်ကို အသံလွှင့်ရုံမှ ကမ္ဘာသိ ကြေညာသည့်အပြင်၊ သတင်းစာ ဂျာနယ်များတွင်လည်း ထည့်သွင်း ဖော်ပြ ခဲ့သည်။ ပြည်သူတရပ်လုံးသိစေရန်အတွက်လည်း လေယာဉ်ပျံမှလည်း စာများ ကြဲချခဲ့သည်။

ဗိုလ်ချုပ်နေဝင်း၏ တရားဝင် တွေ့ဆုံဆွေးနွေးရေး၊ ပြည်တွင်းစစ် ရပ်စဲရေး ကမ်းလှမ်းချက်ကို ကြားသိရသောအခါ ကရင် အမျိုးသားများနှင့် တိုင်းရင်းသား အမျိုးသား ပြည်သူတို့ အားလုံးလိုလိုသည် ကခုန် ဩဘာပေးခဲ့ ကြသည်။ ပြည်တွင်းငြိမ်းချမ်းရေးအား လိုလားသူ၊ ပြည်သူတရပ်လုံး လိုလိုက ဗိုလ်ချုပ်ကြီးနေဝင်းအား တိုင်းပြည် ခေါင်းဆောင်ကြီးဟုပင် အမြင်ရှိခဲ့သည်။

ကရင့်တော်လှန်ရေး ခေါင်းဆောင်ပိုင်းအတွင်း နှစ်ခြမ်းကွဲနေချိန် ဗိုလ်ချုပ် နေဝင်း၏ ကမ်းလှမ်းချက်ကြောင့် မည်သို့ မည်ပုံ ဖြစ်ခဲ့ကြသည်ကို နောက်ပိုင်းတွင် တွေ့ကြရသည်။ ကေအဲန်ယူပါတီဘက်မှ ကရင်အမျိုးသားတော်လှန်ရေးသည် ဗိုလ်ချုပ် နေဝင်း ကမ်းလှမ်းချက်ကို (၂)ဖွဲ့ သွားရောက် တွေ့ဆုံလျှင် ဗိုလ်နေဝင်း အကြိုက် ဖြစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် တဖွဲ့သာ သွားရောက် တွေ့ဆုံရန် စောဟန်တာ သာမွေး အဖွဲ့အား သွားရောက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

စောဟန်တာသာမွေးက “ငါတို့ ဗမာခေါ်တဲ့ တွေ့ဆုံ ဆွေးနွေးပွဲကိုလည်း လက်မခံ။ ဗမာမျက်နှာကို လုံးဝ ကိုမကြည့်ချင်ဘူး။ သွာလည်းမတွေ့ဘူး။ မင်းတို့ ပါတီဝင်တွေက ဗမာယောက်ဖတွေ ဖြစ်သဖြင့် သွားတွေ့ကြ။ ငါတို့ကတော့ သွားမတွေ့နိုင်ဘူး”ဟု အဖြေကို ပြတ်ပြတ်သားသား ပေးခဲ့သည်။

ကေအဲန်ယူပါတီ ပဏာမ ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျင်ဖေ ဦးဆောင် လျှက် ကော်မတီ(၃)ဦးနှင့် ပေါင်း (၄)ဦးတို့သည် ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ ရောက်လာသည်။ ကိုယ်စားလှယ် (၄)ဦးသည်၊ စစ်လေ ယာဉ်ပျံပေါ်မှ ဆင်းပြီး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၁)။ ကရင်ပြည် ချက်ချင်းပေး၊

(၂)။ ကရင်တကျပ်၊ ဗမာတကျပ် ချက်ချင်းပြ၊

(၃)။ လူမျိုးရေး အဓိကရုဏ်း အလိုမရှိ၊

(၄)။ ပြည်တွင်းစစ် အလိုမရှိဟု ကြွေးကြော်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကရင်တမျိုးသားလုံးမှ ပါလီမန်တွင် တောင်းဆိုချက်ကို မဟာဗမာ ပဒေသရာဇ် စစ်အာဏာရှင်များ ပြန်လည်သတိရရန် ဖော်ပြခြင်းဖြစ်သည်။ ပဏာမ ကိုယ်စားလှယ်အဖွဲ့ တော်လှန် ရေးကောင်စီနှင့် တွေ့ဆုံပြီး၊ တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်နှင့် ကေအဲန်ယူ ပါတီ ကိုယ်စားလှယ်များတွေ့ဆုံရေးကို ပြုလုပ်ခဲ့ကြသည်။

ကေအဲန်ယူပါတီ ကိုယ်စားလှယ်များမှာ (၁) ဥက္ကဋ္ဌ မန်းဘဇန်၊ (၂) ဆရာ စကော လယ်တော၊ (၃) ဗိုလ်မှူးကြီးသန်းအောင်၊ (၄) ဗိုလ်ကြီးစံလင်း၊ (၅) ဗိုလ် ချုပ်တာမလာဘော၊ (၆) ပဒိုစောမော်ရာယ်၊ (ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ)၊ (၇) နိုင်ရွှေကျင်၊ (မွန် ပြည်သစ်ပါတီ) ကိုယ်စားလှယ်များနှင့် အခြား ကေအဲန်ယူပါတီမှ ကိုယ်စားလှယ်များ စုပေါင်းကာ (၃)ပါတီ ကိုယ်စားလှယ် အဖွဲ့တို့ ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီနှင့် သွားရောက် ဆွေးနွေးခဲ့ကြသည်။ ထိုအချိန်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် အဖွဲ့သည်လည်း ဗိုလ် နေဝင်းအစိုးရနှင့် ဆွေးနွေးရန် ရန်ကုန်သို့ ဆိုက်ရောက်လာခဲ့သည်။ နိုင်ငံရေး ပါတီ အသီးသီးသည် ဗိုလ်နေဝင်း တော်လှန်ရေး ကောင်စီနှင့်တွေ့ဆုံ ဆွေးနွေးကြပြီး၊ မဒည တ အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစုဝင်များ ဖြစ်ကြသော

၁။ ဗမာပြည် ကွန်မြူနစ်ပါတီ၊

၂။ ကေအဲန်ယူပါတီ၊

၃။ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ၊

၄။ မွန်ပြည်သစ် ပါတီတို့နှင့် ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီတို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကျင်းပနေစဉ်အချိန်တွင် ဗိုလ်ချုပ်နေဝင်းက စောမက္ကစီ ဖိုးသိမ်း အား စောဟန်တာသာမွေး ထံသို့ စေလွှတ်လိုက်သည်။ သထုံခရိုင်၊ တပ်မဟာ(၅) ကိုယ်စားလှယ်၊ ခွန်ဘဆွေနှင့်အတူ စောဟန်တာသာမွေး ထံသို့ ရောက်သွားကြ သည်။ စောဟန်တာသာမွေး၊ စော

ထရူးမင်း၊ ခွန်ဘဆွေနှင့် စောမက္ကစီဖိုးသိမ်းတို့ တွေ့ဆုံဆွေးနွေးကြပြီး ဗမာမျက်နှာကို မကြည့်ချင်ဘူးဟု ပြောဆိုခဲ့သော၊ စောဟန် တာသာမွေးသည် မိမိတို့လည်း ကရင့်တော်လှန်ရေး ကောင်စီ အဖွဲ့တဖွဲ့ဖြစ်သဖြင့်၊ ဗိုလ်နေဝင်း ဖိတ်ခေါ်သော ဆွေးနွေးပွဲသို့ တက်ရန် အခွင့်အရေးရှိကြောင်း ကေအဲန်ယူဗဟိုသို့ အကြောင်းကြားခဲ့ပြီး ရန်ကုန်သို့ ဆင်းလေတော့သည်။ ၎င်းနှင့် အတူ တပ်မဟာ(၃) တပ်မဟာမှူး ထရူးမင်း၊ တပ်မဟာ(၅) တပ်မဟာမှူး စော လင်းထင်၊ ခွန်ဘဆွေတို့လည်း ပါဝင်ခဲ့သည်။ ကရင်အမျိုးသားများ၏ အထွဋ် အမြတ်ထားသော ယဉ်ကျေးမှု အမွေတခုဖြစ်သော ဘားစည်(ဖါးစည်)ကြီး တလုံး ကိုပင် ယူဆောင်လာပြီး ဗိုလ်နေဝင်းအား လက်ဆောင် ပေးလိုက်သေးသည်။ လက်ဆောင် ရရှိသော ဘားစည်ကို ဗိုလ်နေဝင်း သည် တိရိစ္ဆာန်ရုံ (ထောင်)တွင် ထည့်ထားလိုက်သည်ဟု ကြားသိရသည်။ ဤသည်မှာ ကရင်တမျိုးသားလုံး၏ ဂုဏ်သိက္ခာကို နံနှိမ်လိုက်ခြင်း သဘောအဖြစ် ကရင်တမျိုးသားလုံးက မှတ်ယူပြီး စောဟန်တာသာမွေးကို မကျေမနပ် ဒေါသ ထွက်ကြတော့သည်။

လေးပွင့်ဆိုင် တင်ပြချက်များတွင် တပြည်လုံး အတိုင်းအတာဖြင့် အပစ် အခတ်ရပ်စဲရေး၊ ထိုးစစ်များ ရပ်ဆိုင်းရေးကို တော်လှန်ရေးကောင်စီ ကိုယ်စား လှယ် ဗိုလ်ကြီးလှဟန်၊ ဗိုလ်မှူးချုပ်သောင်းဒန်တို့နှင့် အကြိမ်ကြိမ် ဆွေးနွေး ခဲ့ကြသည်။ နောက်ဆုံး ဗိုလ်နေဝင်း တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်များ ဘက်မှ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး တော်လှန်ရေးကောင်စီနှင့် လက်တွဲ လုပ်ဆောင်ကြရန်။ ထိုသို့မဟုတ်ပါက ဆက်လက် ဆွေးနွေးရန် မလိုတော့ကြောင်း၊ အကြောင်းပြန်ကြားကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုလည်း စစ်ကောင်စီ ဘက်မှ တဖက်သတ် ဖျက်သိမ်းလိုက်သဖြင့် (၄)ပွင့်ဆိုင် ကိုယ်စားလှယ်များသည် သက် ဆိုင်ရာ မိခင် ဌာနချုပ် တပ်စခန်းများသို့ ပြန်လာခဲ့ရ တော့သည်။

စောဟန်တာသာမွေး ခေါင်းဆောင်သော ကရင့်တော်လှန် ရေးကောင်စီ အဖွဲ့ တဖွဲ့သာ၊ ရန်ကုန်တွင် ကျန်ခဲ့ပြီး ဗိုလ်ချုပ်နေဝင်း တော်လှန်ရေးကောင်စီနှင့် ဆက်လက် ဆွေးနွေးခဲ့ကြသည်။

ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီ အဖွဲ့နှင့် စောဟန် တာသာမွေး ဦးဆောင်သော ကရင့် တော်လှန်ရေး ကောင်စီအဖွဲ့တို့၏ ဆွေးနွေးပွဲ သဘောတူညီချက်များ၊

၁။ ကရင်ပြည်ကို ကော်သူးလေ ပြည်ဟု အမည် ပြောင်းလဲ ခေါ်ဝေါ်ရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ကရင်နှစ်သစ်ကူးနေ့ကို ပြာသိုဆန်း(၁)ရက်နေ့အစား တပို့တွဲလဆန်း (၁) ရက် နေ့သို့ ပြောင်းလဲ သတ်မှတ်ပေးရန်။

၃။ ကရင်သေနတ်ကိုင် တပ်ရင်း (၃)ရင်းကို ပြန်လည် အသိအမှတ်ပြုပေးရန် စသော စောဟန် တာသာမွေး၏ တင်ပြတောင်းဆိုချက် (၃)ရပ်မှ၊ ဗိုလ်နေဝင်း တော်လှန်ရေးကော်စီသည် အမှတ်စဉ် (၁)နှင့် (၂)ကို သဘောတူညီခဲ့ပြီး အပိုဒ် (၃)ကိုမူ မှတ်တမ်းတင်ထားပြီး ဆက်လက် ဆွေးနွေးသွားမည့် ခေါင်းစဉ်အဖြစ် သတ်မှတ်ကာ နောင် အစည်းအဝေးများတွင် ဆက်လက် ဆွေးနွေးသွားမည့် အကြောင်း သဘောတူခဲ့ကြသည်။

တပ်နေရာချထားရေး

တပ်မဟာ(၃) တပ်မဟာမှူး၊ ထရူးမင်းနှင့် K.P.L.A. တပ်ရင်းမှူး စောမောင်ဒဲ (ခေါ်) ဆာတူဂေါ် K.P.L.A. တပ်ခွဲ တခွဲကျော်တို့သည်၊ ညောင် လေးပင် ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ပဒဲကောကျေးရွာအနီး၊ ကော်သဇင်ကုန်းတွင် လည်းကောင်း၊ တပ်မဟာ(၅) တပ်မဟာမှူး စောလင်းထင်နှင့် တပ်အင်အား နှစ်ထောင် (၂,၀၀၀)ကျော်တို့သည် သထုံခရိုင်၊ ဘီးလင်းမြို့နယ် မြစ်ကျိုးကျေးရွာ များတွင်လည်းကောင်း တပ်များချထားရန်၊ စခန်းများအား ခြံခတ်ပြီး၊ အပြင်ထွက် ပါက တော်လှန်ရေးကောင်စီ တပ်မှူးတို့၏ ခွင့်ပြုချက်ဖြင့်သာ ထွက်ကြရန်။ ရိက္ခာ များကို တော်လှန်ရေးကောင်စီမှ ထုတ်ပေးရန်၊ လစာအနေဖြင့် ရဲဘော်တဦးလျှင် (၃၀)ကျပ်နှင့် တပ်ကြပ်အထက် ရာထူးရှိသူများကို အဆင့်စီတိုင်းအတွက် (၁၀) ကျပ်စီ တိုးပေးရန် သဘောတူ ခဲ့ကြသည်။

ငြိမ်းချမ်းရေးအောင်ပွဲကို ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ဘောကထာကျေးရွာတွင် ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့မှ ကမ္ဘောဇ ဇာတ်သဘင် အဖွဲ့ကို ငှားရမ်းခဲ့ကြသည်။ စောဟန်တာသာမွေးတို့သည် စောဘဦးကြီး၏ မူကို လက်ခံကြောင်း၊ ကရင့်လက်နက် ကရင့်လက်ထဲတွင် ရှိရမည်ဆိုသည်ကို အသေ အလဲ (အခိုင်အမာ) ဆုပ်ကိုင်ထားကြောင်း၊ ဗိုလ်နေဝင်းသည် ဘုရားသခင်က တင်မြှောက်လိုက်သော ခေါင်းဆောင်တဦး ဖြစ်သဖြင့် သူ့ကို ဆန့်ကျင်သူမှန်သမျှ မှားလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့မှာ ဘုရားသခင် အလိုတော်ကို ပြည့်စုံအောင် ဆောင်ရွက်ခြင်းသာဖြစ်ပြီး ကိုယ့်လက်နက် ကိုယ့်လက်တွင်း ရှိရန်၊ ကိုယ့်ကို ကိုယ် ကာကွယ်နိုင် ကြောင်း မိန့်ခွန်းတွင် အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။

ဗမာမျက်နှာကို လုံးဝ မကြည့်လိုသော စောဟန်တာသာမွေး၏ မိန့်ခွန်း တွင် ရန်သူထံ ဒူးထောက် အညံ့ခံခြင်း၊ လုံးဝ အရှုံးပေးခြင်းလမ်းစဉ်ကို ဘုရား သခင်၏ အလိုတော်အရ လုပ်ဆောင်ခဲ့ရခြင်းအဖြစ် ဖုံးကွယ် ပြောဆိုချက်နှင့် စောဘဦးကြီး၏မူ (၄)ချက်ကို ကိုယ် ကြိုက်နှစ်သလို ကောက်ယူ ဘာသာပြန် အဓိပ္ပါယ်ဖွင့်ပြီး၊ ဘုရားသခင်နှင့် ဥက္ကဋ္ဌကြီးတို့အား အသုံးချသွားခြင်းသာ ဖြစ် သည်။ သဘောတရားကို မသိ နားမလည်သူများကမူ၊ စောဟန် တာသာမွေးသည် စောဘဦးကြီး၏ မူကို လက်ကိုင်ထားသည်ဟု ယူဆကာ သူ၏ လုပ်ဆောင်ချက် များသည် လက်နက်ချခြင်းမဟုတ်ကြောင်းကို ပြောဆိုကြသည်။

စောဟန်တာသာမွေး၏လုပ်ရပ်သည် ကရင့်စစ်သည်တော်များနှင့် ၎င်းတို့ ကိုင်ဆောင် ထားသော လက်နက်များကိုသာမက ကရင်ပြည်သူလူထု တရပ်လုံး အပြင် ကရင့်ကံကြမ္မာကို လည်း ဗိုလ်နေဝင်းထံသို့ ဝကွက် အပ်လိုက်ခြင်းသာ ဖြစ် ပေသည်။ ထို့ကြောင့် ကရင့် ကံကြမ္မာကို ဗိုလ်နေဝင်းကပင် ဖန်တီးပေးရပေတော့ မည်။

ဘောကထွဲ၌ အောင်ပွဲကျင်းပအပြီး စောဟန်တာသာမွေး ဦးဆောင် သော တပ်မဟာ(၃) တခြမ်းနှင့် တပ်မဟာ(၅) (ဦးနေဝင်း၏ ထောက်ပံ့မှု ရယူထားသူ အားလုံး)တို့သည် ဗိုလ်နေဝင်း စေခိုင်းသည်များကို ကရင့်မျက်နှာကို မထောက်တော့ဘဲ လုပ်ကိုင် ဆောင်ရွက်ကြလေတော့သည်။ ကျောက်ကြီး၊ ရွှေကျင်၊ မုန်းမြို့နယ် ကျေးရွာ လူကြီးများအား ဆင့်ခေါ်ပြီး၊ ဒီနေ့ ကရင်ပြည်ရပြီ ဖြစ်ကြောင်း၊ မိမိနောက်ကို လိုက်မလာ သည့် တောတွင်းကျန် ကွန်မြူနစ်များကို လုံးဝ အဆက်ဖြတ်ကြရမည် ဖြစ်ကြောင်း၊ သတင်းပေးခြင်း၊ ရိက္ခာထောက်ပံ့ ပေးခြင်း၊ ငွေပေးခြင်း၊ ဆက်ဆံရေးများ အားလုံးကို ယနေ့ မှစတင်၍ ဖြတ်တောက် ပစ်ရမည် ဖြစ်ကြောင်း၊ ထိုသို့ မဟုတ်ဘဲ ဆက်လက် ထောက်ပံ့ခြင်း၊ ဆက်သွယ် ခြင်းများ ပြုလုပ်ပါက အရေးယူခြင်း ခံကြမည်ဖြစ်ကြောင်း၊ ထောင်သွင်း အကျဉ်းချ ခံရနိုင်သကဲ့သို့ ကျေးရွာများပင် ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်းများ အထိပင် ပြုလုပ်ရမည် ဖြစ်ကြောင်းကို ကျားတကောင်ကဲ့သို့ ဟိန်းဟောက် ခြိမ်းခြောက်ခဲ့ လေသည်။

ဤသို့ ခြိမ်းခြောက် ဟိန်းဟောက်ပြီးနောက်ပိုင်းတွင် တပ်မဟာ (၃)နှင့် (၅)တို့ ပူးပေါင်း ပြီးကျောက်ကြီး၊ ရွှေကျင်၊ မုန်းမြို့နယ်၊ ဖာပွန်ခရိုင်မြောက်ပိုင်း နယ်မြေများအထိ ထိုးစစ်များ ကို ဆင်လေတော့သည်။ ၎င်းတို့ သိရှိ ထားသော တော်လှန်ရေးအား ထောက်ခံခဲ့သည့် ကျေးရွာလူကြီးများ၊ ကျေးရွာသားများ အားလုံးကို ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း (ရေလောင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခြင်း၊ ရိုက်နှက်ခြင်း)များ ပြုလုပ်ပြီး၊ ပါတီဝင်များနှင့် ပါတီရုံးနေရာများကို လိုက်လံ ပြသခိုင်းခြင်းများ ရှိခဲ့သည်။ အနှိပ်စက်လွန်၍ သေဆုံးခဲ့ရသူများလည်း ရှိခဲ့သည်။ ကရင့်တော်လှန်ရေးမှ ရွေးကောက် တင်မြှောက်ထားသော ကျေးရွာလူကြီးများ၊ တော်လှန်ရေးအား ထောက်ခံသူများအား ဟန်တာသာ မွေးတို့ အဖွဲ့များမှ သိရှိထားသဖြင့် ထိုဒေသရှိ တော်လှန်ရေး ထောက်ခံသူများ (အမာခံများ)မှာ အဆိုးဆုံး ခံခဲ့ကြ ရသည်။

ခံခဲ့ရသော ကရင်အမျိုးသားများကလည်း “ဒီလူတွေကို ဆယ်နှစ် ဆယ်မိုး ငါတို့ ကျောပိုးထားခဲ့ရပြီး၊ ထမင်းလည်း ကျွေးခဲ့ရသေးတယ်၊ ငါတို့ ကျောပေါ် ကဆင်းတော့ ဦးနေဝင်းထံရောက်တာနှင့် ငါတို့ထံ ပြန်လာပြီး ကိုက်တော့တာဘဲ။ ငါမွေးခဲ့တဲ့ခွေး၊ သူများလက်ထဲရောက်တာနဲ့ ငါ့ပြန်ကိုက်တော့တာဘဲ။ အမြီးလေး တနန့်နန့် နဲ့ ဟန်တာသာမွေးတို့လူတွေဟာ နေဝင်းထံပြန်တာ တလပင် မရှိ သေးဘဲ ငါတို့ကို ပြန်လာကိုက်ခြင်းသည် ဒီလူများသည် ခွေးထက်ပင် ဆိုးဝါး နေပါကလား”ဟု ခိုင်းနှိုင်း ပြောဆိုလာကြတော့သည်။ “သခင်ကို ပြန်ဟောင်ပြန်ကိုက်တဲ့ ခွေးများ သက်ဆိုးမရှည်”ဟုလည်း ပြောဆိုနေကြတော့သည်။

စောဟန်တာသာမွေးနှင့် အပေါင်းပါတို့သည် ကရင့် တော်လှန်ရေးတွင် တာဝန်ထမ်းဆောင်စဉ်က “ငါတို့လောက် ကရင်အမျိုးသားများအပေါ် အကျိုး ဆောင်ပေးခဲ့သူ မရှိဘူး၊ ငါတို့လောက် ကျန်သူတွေ ကရင် အပေါ် မချစ်ကြဘူး၊ ငါတို့လောက် ကရင်အပေါ် သစ္စာမရှိကြဘူး”ဟု ဆိုခဲ့ကြသူများဖြစ်သည်။ ထိုသူများမှာ ကရင်အမျိုးသားများအပေါ် မျိုးချစ်မျက်ကန်းဖြစ်နေကြပြီး သူ့ကိုယ် သူ ဘာမှန်း မသိဖြစ်နေကြသည်။ ဦးနေဝင်းတပ်များနှင့် ပူးပေါင်းပြီး ကရင် အမျိုးသားများအပေါ်တွင် မီးကုန် ယမ်းကုန် တန္နစ်ကျော် (၂)နှစ်နီးနီး ဖိနှိပ် ရမ်း ကားမှုများကို ပြုလုပ်ခဲ့ကြသည်။ ဗိုလ်နေဝင်းသည် စောဟန်တာသာမွေးကဲ့သို့ ထိပ်တန်းခေါင်းဆောင်များကို တဦးလျှင် လစာ(၅၀)ကျပ်ခန့် ပေးထားသည်။ တပ်မဟာမှူးလင်းထင်ကို သထုံတွင် ရက်စက်စွာ သတ်ဖြတ်လိုက်ပြီးနောက် ကော်သဇင်ကုန်း၊ ဘောကထာ၊ ကျောက်ကြီးမြို့၊ ကျွဲခြံကျေးရွာဒေသရှိ စောဟန်တာသာမွေး၏ တပ်မှ လက်နက်အားလုံးကို သိမ်းယူလိုက်တော့သည်။ ဗိုလ်မှူးရှားမင်းနှင့် တပ်ခွဲ၊ ကျွဲခြံမှ ထွက်ခွာလာပြီး၊ ကေအဲန်ယူပါတီထံသို့ ပြန်လည် ပူးပေါင်းလာခဲ့သည်။ ထိုနည်းတူစွာ ဘောကထာစခန်းရှိ တပ်ခွဲမှူး သာထေနှင့် ၎င်းတပ်ဖွဲ့ဝင်များကလည်း ကေအဲန်ယူပါတီထံ ပြန်လည် ရောက်ရှိ လာတော့သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ တပ်မဟာ(၅) တပ်များသည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လည်း ဗိုလ်နေဝင်းထံ လက်နက်ချ အညံ့မခံဘဲ ကေအဲန်ယူ ပါတီနှင့် ပြန်လည် ပူးပေါင်းလာခဲ့သည်။

စောဟန်တာသာမွေး၏ ဇာတ်သိမ်းပိုင်းပြီးနောက်၊ ကျားကြီးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ထူထောင်ဖွဲ့စည်း ထားသော ဆိုရှယ်လစ်တပ်နှင့် ဦးနု ထူထောင် ထားသောတပ်များမှ လက်နက်များကို ဗိုလ်နေဝင်းသည် အတင်းအဓမ္မ လက်နက်များ သိမ်းယူလိုက်သည်။ ပြည်တွင်းအတိုက်အခံအဖွဲ့ (ပမညတ) ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု ခေါင်းဆောင်များ အားလုံးကိုလည်း ဖမ်းဆီးထိန်းသိမ်းကာ ထောင်သွင်း အကျဉ်းချ ထားလိုက်သည်။ ပမညတ အဖွဲ့အစည်းကိုလည်း ဖျက်သိမ်းလိုက်သည်။ ပြည်တွင်း အတိုက်အခံ အဖွဲ့အစည်း အားလုံးကို ရပ်တည်ခွင့်မပြုတော့ဘဲ "ငါ့ကို မကြိုက်လျှင် အပြင်ထွက်တိုက်ကြ။ ခါး ခါးချင်း၊ လှံ လှံချင်း ရှင်းကြပါ"ဟု ပြောဆိုလာသဖြင့် ပြည်တွင်း အတိုက် အခံများ မထူထောင်နိုင်တော့ပေ။ တဆက်တည်းတွင်၊ ငါးဆယ် ကျပ်တန် ငွေ စက္ကူများနှင့် တရာကျပ်တန် ငွေစက္ကူများကို တရားမဝင် ငွေများ အဖြစ်ကြေညာခြင်း၊ ဓနရှင်ကြီး၊ လတ်၊ ငယ်တို့ပိုင် စက်ရုံ၊ အလုပ်ရုံ၊ စျေးဆိုင်များကို ပြည်သူပိုင် ပြုလုပ်ခဲ့သဖြင့် လူတန်းစားအားလုံး မျက်ရည်ပင်လယ် ဝေခဲ့ ကြရသည်။ တခ္ုိ့မှာ ရူးမ်ပင် သွားကြသည်။ အထူးသဖြင့် တနေ့လုပ် တနေ့စား ဆင်းရဲသား၊ ခေါင်းရွက် ဗျပ်ထိုး အလုပ်သမားများမှာ အဆိုးရွားဆုံး ဖြစ်ခဲ့ကြ ရသည်။ ဗိုလ်နေဝင်း၏ ထိုလုပ်ရပ်သည် "သူဌေး သဘော် ပျက်ခြင်း ထက်၊ သူတောင်းစား ခွက်ပျောက် သွားခြင်း" က၊ တိုင်းပြည် အတွက်ပါ တသက် တာ နလန် မထူနိုင်အောင် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်တော့သည်။

ဗိုလ်နေဝင်း၏ ထိုလုပ်ရပ်သည်
"သူဌေး သဘော်ပျက်ခြင်းထက်၊ သူတောင်းစား
ခွက်ပျောက်သွားခြင်း"က တိုင်းပြည်အတွက်
တသက်တာ နလန်မထူနိုင်အောင် ပြုလုပ်ခဲ့ခြင်းသာ

ထိုနည်းတူစွာ စောဟန်တာသာမွေးနှင့် အပေါင်းပါတို့သည် ကရင်အများစု တို့၏ဘဝ၊ ကရင့်လက်နက်ကိုင် သားကောင်း သမီးကောင်းတို့အား ဗိုလ်နေဝင်းထံ ထိုးအပ်ပြီး၊ ကျပ်ငွေ သိန်း(၅၀)ကျော်ကိုပိုက်ကာ သူဌေး တဦးကဲ့သို့ နေထိုင် တော့မည့်အချိန် တရားမဝင်ငွေများ

အဖြစ် ကြေညာသောအခါ၊ ဟန်တာသာမွေး တယောက်လည်း ရန်ကုန်ရှိ တိုက်ပေါ်မှ ဆင်းခဲ့ရ ပြီး၊ ဇာတိချက်ကြွေ မွေးရပ် မြေတွင် တဲစုတ်နှင့် ပြန်နေခဲ့ရတော့သည်။ ဗမာ မျက်နှာကို မ ကြည့်လိုသော ဟန်တာသာမွေးတယောက်၊ ကရင်မျက်နှာကိုလည်း မထောက်ထားဘဲ မျက် ကွယ်ပြုခဲ့သဖြင့် နောက်ဆုံး ကရင်သစ္စာဖောက်အဖြစ် သိမ်ငယ် ခံုပြုတဲ့စွာ နေထိုင် ခဲ့ရ တော့သည်။

K.N.U.Party နှင့် ဦးနေဝင်းဦးဆောင်သော

(မဆလ) အုပ်စုအပေါ် လူတန်းစားသတ်မှတ်ခြင်း

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ပြန်လာသော ကေအဲန်ယူပါတီ ဗဟိုခေါင်း ဆောင် တခု့ျ်ု သည်၊ ဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အပေါ်တိုးတက်သော လမ်းစဉ်ဟု မြင်သူတို့က အာဏာရှင် ဦးနေဝင်းအား အာဏာရှင်အဖြစ် မမြင်တော့ဘဲ “နေဝင်းဟာ ကျားမဟုတ်တော့ဘဲ သမင်ဖြစ်နေပြီ၊” ဟူသော အယူအဆကြောင့် ကေအဲန်ယူပါတီ၊ အရံဗဟိုကော်မတီဝင်တဦးဖြစ်သူ (ဦး) စောမျိုးသွေးနှင့် ဇနီးတို့သည် အာဏာရှင် ဦးနေဝင်းထံ ဒူးထောက် အညံ့ခံသွားခဲ့သည်။

ကေအဲန်ယူပါတီ ဗဟိုအတွင်း ရန်သူလူတန်းစား အကဲဖြတ်မှုမှာ အာဏာရှင် ဦးနေဝင်းအား၊ ဓနရှင် -ကြီး၊ -/လတ်၊ -/ငယ်၊ လူတန်းစား (၃)ရပ် အဖြစ် သတ်မှတ်သည့်အတွက်၊ အောက်ခြေတွင် ရန်သူ လူတန်းစား (၃)မျိုးကို မည်သို့၊ မည်ပုံဖြင့် တိုက်ခိုက်ရမည်ကို မရွေးနိုင်အောင်ပင် ဖြစ်နေ၍ တိုက်ပွဲ ဝင်ရာတွင် အခက်အခဲပင် ရှိခဲ့သည်။ ရန်သူကို လူတန်းစား(၃)ရပ် သတ်မှတ် ထားသည့်အတွက်၊ ဦးတည်တိုက်ခိုက်ရမည့် တိုက်ကွင်းမှာ လည်း (၃)ခု ဖြစ်သည်။ သို့သော် မည်သည့်တိုက်ကွင်းကို တိုက်ရမည်ကိုပင် မသိရသည့် အခြေအနေ လည်း ဖြစ်သည်။ ကေအဲန်ယူပါတီသည် ရန်သူလူတန်းစားသတ်မှတ်ချက်ကို အောက်ခြေမှ နားလည်စေရန် ပါတီဗဟို ကော်မတီတဦးသည် စောကျော့တို့ အဖွဲ့ရှိရာသို့ လာရောက်ရှင်းတမ်းထုတ်ခဲ့ဖူးသည်။ ရှင်းတမ်းထုတ်မှုကို အောက်ခြေ အဖွဲ့အစည်းက လက်မခံခဲ့ကြ။ စောကျော့ကမူ ပါတီဗဟို အနေဖြင့် အာဏာရှင် ဦးနေဝင်းအား ကျား ဟု မမြင်ဘဲ၊ သမင်လို့ မြင်နေခြင်းသည်၊ တော်လှန်ရေး ကျဆုံးခြင်း လမ်းကြောင်းကို ဦးတည်နေပြီဟု သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အာဏာရှင် ဦးနေဝင်းကို၊ ဓနရှင်ကြီး၊ -/လတ်၊ -/ငယ်လို့ သတ်မှတ်ခဲ့သည့် အတွက်၊ အလတ်/အငယ် တွေကိုပါ ထည့်သွင်း သတ်မှတ်ခဲ့သည့် ပုဂ္ဂိုလ် များသည်၊ “သခင်စိုး ပြောစကားအရဆိုလျှင် ညောင်ညိုပင် စခန်းသို့ ဝင်တော့မည့် သူများပင် ဖြစ်ကြောင်း၊ ဓနရှင်အကြီးကိုသာ သတ်မှတ်သော ပုဂ္ဂိုလ်များကိုမူ ကရင့်တော်လှန်ရေး၏ အမြုတေများဟု စောကျော့အနေဖြင့် မြင်ကြောင်း၊ ထို့ကြောင့် သူ့အမြင်ကို ကေအဲန်ယူပါတီ ဗဟိုသို့ ပေးပို့ ပါရန်နှင့် ပြန်လည် စဉ်းစားပြီး ပြင်ဆင်သင့်ကြောင်းကို တင်ပြပေးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီ၏ ရန်သူ လူတန်းစား အကဲခတ်မှု ပြဿနာ ပေါ်လာရ ခြင်းမှာ ကမ္ဘာ့ကွန်မြူနစ်ပါတီဝင် (၈၁)နိုင်ငံ ကြေညာစာတမ်းမှတဆင့် ဆင်းသက် လာခဲ့ခြင်းဖြစ်သည်။ စနစ်ချင်းမတူသော နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး၊ စံနစ်ချင်း မတူညီခြင်းကို ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး စာတမ်း ကြောင့်သာ ဖြစ်ပေါ် လာခဲ့ရသည်။ ဤစာတမ်းသည် တော်လှန်ရေးသမားများ အား၊ မတော်လှန်တော့ဘဲ ငြိမ်းချမ်းစွာ ပြန်လည် ကူးပြောင်းလိုကြသဖြင့်၊ တော် လှန်ရေးကို ဖျက်ဆီးရာကျပေသည်။ ဗမာပြည် လက်နက်ကိုင် တော်လှန်ရေး သမားများသည် ယောင်လည်လည်နှင့် ပြန်ပြီး ကူးပြောင်းခဲ့ကြတယ်။ အလံနီကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးက (၈၁)နိုင်ငံ ကြေညာစာတမ်းကြောင့် ဗမာပြည် တော်လှန်ရေးအဖွဲ့ အသီးသီးတို့သည် တနေ့တွင် ညောင်ညိုပင် စခန်းသို့ အားလုံး တန်းဝင်ကြလိမ့်မည်၊ ရန်သူ့ထံတွင် အားလုံး လက်နက်ချကြ လိမ့်မည်၊ ကရင့်တော်လှန်ရေး တဖွဲ့တည်းသာ ရပ်တည် တော်လှန်ကြလိမ့်မည်၊ မိမိပြောသည်မှာ ဟုတ်/မဟုတ်၊ မှန်/မမှန်၊ မိမိ၏လည်ပင်းကို ထုံးနှင့် တေးထား ပါဟုပင် ကတိပေးခဲ့သည်။ အာဏာရှင် ဦးနေဝင်းနှင့် ဆွေးနွေး တွေ့ဆုံရန်အသွား လေယာဉ်မှ အဆင်းတွင် စောဘဦးကြီးအား အလေးပြုသွားခဲ့သေးသည်။ ကရင့် တော်လှန်ရေးတိုက်ပွဲကို ယုံကြည်လေးစားသကဲ့သို့ အောင်ပွဲရသည်အထိ တိုက်ပွဲ ဝင်မည့်သူအဖြစ် ယုံကြည်ပြီး၊ နောက်ဆုံး သူ၏ သမိုင်းဝင် အခန်းတွင် ဖော်ပြခဲ့ ခြင်းဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မြက ပါတီကို ကျောခိုင်းပြီ

အရှေ့တိုင်း တပ်မဟာ(၇) နယ်မြေတွင်၊ ရန်သူသည် တပ်အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင်ခဲ့သ ဖြင့်၊ တပ်မဟာ(၅)မှ ပြည်သူများ များစွာ ဖမ်းဆီး သတ်ဖြတ်၊ ညှဉ်းပန်းခံ ထောင်သွင်း အကျဉ်းချခံကြရသည်။ တပ်မဟာမှ တပ်သား တပ်ဗိုလ်များ အခက်အခဲ အကျပ်အတည်းပေါင်းစုံဖြင့် ရင်ဆိုင် တွေ့ကြုံ နေရ သည်။ ရန်သူသည် ဗိုလ်မြ ဦးဆောင်သော စစ်ကြောင်းတကြောင်းကိုသာ ဦးတည် ၍ လိုက်လံတိုက်ခိုက်နေသဖြင့်၊ ဗိုလ်မြနှင့် စစ်ကြောင်းတကြောင်းသည် စစ်ပန်းပြီး ထိုင်းနယ်စပ် တနေရာတွင် ယာယီ ခိုကပ်ကာ တပ်နားခဲ့ရသည်။ ကေအဲန်ယူပါတီ ဗဟိုခေါင်းဆောင်များမှာ လူတန်းစား သတ်မှတ်ချက်နှင့် ကေအဲန်ယူပါတီအတွင်း လက်ဝဲစွန်း၊ အယူအဆ တိုက်ပွဲကိစ္စကို ဆွေးနွေး ညှိနှိုင်းခြင်းဖြင့်သာ အချိန်ကုန် ခဲ့သဖြင့်၊ ဗိုလ်မြ နယ်မြေတွင် ရန်သူထိုးစစ် ဆင်လာခြင်းကို မျက်ခြည်ပြတ်နေသော သဘောရှိသည်။ ဗိုလ်မြသည်လည်း ပါတီဗဟိုကော်မတီများ လာရောက် ရှေ့ဆောင်ပေးပါရန်၊ အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း သွားရောက် ရှေ့ ဆောင်မှု မပေးသည့်အတွက်၊ ဗိုလ်မြ သည် ပါတီခေါင်းဆောင်များမှာ အပြောကြီး ပြီး၊ သူ့တွင် အခက်အခဲကြုံတွေ့ချိန်တွင်မူ၊ ကိုယ့်ကြမ္မာ ကိုယ်ပဲ ဖန်တီး နေရ သည်။ ဒီအတိုင်းဖြစ်နေသည့်အတွက် ပါတီ ခေါင်းဆောင်များ မပါဝင်ဘဲ မိမိ ဘာသာ မိမိ ရုပ်တည်နေရသည့်အပေါ် ပါတီခေါင်းဆောင်မှုကို ယူရန် မလိုတော့ ဟူသော အတွေးက ၎င်းထံသို့ ဝင်ရောက် သွားခဲ့ခြင်းဖြစ်သည်။

ကေအဲန်ယူပါတီ ခေါင်းဆောင်များသည် အခြေအနေ ကောင်းပါက လာရောက်ပြီး၊ လက်ဝဲစကားများ ဟောပြောကြသည်။ အပြောကြီးသလောက် အရာမရောက်သော ခေါင်းဆောင်များပါလားဟု ဗိုလ်မြ အတွေးတွင် ဝင်လာပြီး နောက်၊ ၁၉၆၆ ခုနှစ်တွင် ကေအဲန်ယူပါတီ အလိုမရှိကြောင်းကို ကြေညာချက် ထုတ်ပြန်ပြီး၊ ကေအဲန်ယူပါတီ ခေါင်းဆောင်များနှင့် ကေအဲန်ယူပါတီ လိုလားသူ များသည် ပဲခူးတိုင်းနှင့် မြစ်ဝကျွန်းပေါ် တိုင်းဒေသများတွင်သာ တော်လှန်ရေး ဆင်နွှဲကြရန် ရာဇသံ အမိန့်စာကို ထုတ်ပြန်ခဲ့သည်။ ပါတီခေါင်းဆောင်များသည် ဗိုလ်မြနှင့် အကြိမ်ကြိမ် တွေ့ဆုံ ညှိနှိုင်းခဲ့ရာတွင် လမ်းစဉ်ကို ပြင်ဆင်ပေးရန် တင်ပြ လာသည်။ ပါတီလမ်းစဉ်အား ပြင်ဆင်ရန်မှာ အမျိုးသား ကွန်ဂရက် အစည်းအဝေးတွင်သာ ပြင်ဆင်နိုင်မည်ဖြစ်သဖြင့် အမျိုးသား ကွန်ဂရက် ခေါ်ပေးမည်ဟု ဗိုလ်မြအား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကတိပေးခဲ့သည်။ ဗိုလ်မြအား အဖွဲ့အစည်း အသစ်တခု မဖွဲ့စည်းရန် ကေအဲန်ယူပါတီ ခေါင်းဆောင်တို့မှ ဆွေးနွေး တင်ပြခဲ့ကြသည်။

ဗိုလ်မြနှင့် အဖွဲ့အစည်းသစ်

ဗိုလ်မြသည် အရှေ့တိုင်း တောင်ငူခရိုင်၊ တပ်မဟာမှူး ဗိုလ်မှူးကြီး ဘောနီ၊ ညောင်လေးပင် ခရိုင် တပ်မဟာမှူး ကစယ်ဒို၊ သထုံခရိုင် တပ်မဟာမှူး ဗိုလ်မှူးထွန်းမြင့်၊ ဘားအံခရိုင် တပ်မဟာမှူး၊ ဗိုလ်မှူးကြီးထင်မောင်၊ ဒူးပလာယာ ခရိုင် တပ်မဟာမှူး ဗိုလ်မှူးကြီးရွှေဆိုင်း၊ ဖါပွန်ခရိုင် တပ်ရင်းမှူး ဗိုလ်မှူးအဲယ်ရယ် တို့ အားလုံးကို သူ့ဘက်ပါအောင် သိမ်းသွင်းနိုင်ခဲ့သည်။ K.N.L.C. Karen National Liberation Council ကို၊ ဖွဲ့စည်း ထူထောင်လာ၍ ကရင့်တော်လှန်ရေးတွင် စင်ပြိုင် အဖွဲ့အစည်းတဖွဲ့ ပေါ်ပေါက် လာခဲ့သည်။ အရှေ့တိုင်း ခရိုင် ခေါင်းဆောင်များ၏ သဘောကိုထား မယူကြဘဲ တပ်မဟာ ခေါင်းဆောင်များ နှင့်သာ ပါတီဖျက်သိမ်းရေးကို ညှိနှိုင်းအတည်ပြုပြီး၊ အဖွဲ့အစည်းသစ် ထူထောင် ရေးကို ပြုလုပ်ကြသည့်အတွက် အရှေ့တိုင်းတွင် ဗိုလ်မြနှင့် တပ်မှူးများက အာဏာသိမ်းသွားသည်ဟု ပြောလျှင် မှားမည်မဟုတ်ပေ။

စောဟန်တာသာမွေးအဖွဲ့မှ တွေ့ဆုံဆွေးနွေးရေး ကိုယ်စားလှယ်များ။ မင်္ဂလာဒုံ လေဆိပ်၊ ဩဂုတ် (၁၅)၊ ၁၉၆၃။
လပခ မှ ဗိုလ်ကြီး စိုးသိန်း။ KNDO ပညာရေးနှင့် ယဉ်ကျေးမှုတာဝန်ခံ စောဘထွန်း၊ အဖွဲ့ဝင် ထရူးမင်း၊ ခွန်ဘဆွေ၊ စောဝီရီကျော်၊ မက္ကစီဖိုးသိန်း (ဝဲ မှ ယာ)

တပ်မဟာ(၃)၏ ရပ်တည်ချက်

ကရင့်တော်လှန်ရေးတွင် အကွဲအပြဲ ပြဿနာများ ပေါ်ပေါက်လာခြင်း ကြောင့် ညောင်လေးပင်ခရိုင် ရပ်တည်ချက်အတွက်၊ ၁၉၆၆ ခုနှစ်တွင်၊ ညောင် လေးပင်ခရိုင်၊ ခရိုင် အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့သည်။ အစည်းအဝေး သဘာပတိအဖြစ် ဖါတီစောကျား မောင်၊ အကျိုးတော်ဆောင် ခရိုင်အတွင်းရေးမှူး စောထွန်းဖေ၊ ဒုတိယ သဘာပတိအဖြစ် ဗိုလ်မှူးကြီးကစယ်ဒို တို့မှ ဦးဆောင် ခဲ့ကြသည်။

အစည်းအဝေးသဘာပတိ စောကျားမောင်သည် ကရင့်တော်လှန်ရေး အကွဲအပြဲ ပြဿနာနှင့် အဖွဲ့တစ်ခု ထပ်မံ ပေါ်ပေါက်လာခြင်းကို ခရိုင်အနေဖြင့် တရားဝင်ဖွဲ့စည်းထားသော ကေအဲန်ယူပါတီ လမ်းစဉ်အား လက်ခံ မည်လား၊ သို့တည်းမဟုတ်၊ ယခု အသစ် ပေါ်ပေါက်လာသော (K.N.L.C.) Karen National Liberation Council ကို ထောက်ခံမည်လော ဆိုသည့် မေးခွန်းဖြင့်ပင် အဖွင့် မိန့်ခွန်းကို ပြောကြားခဲ့သည်။ အစည်းအဝေးကျင်းပစဉ် ကေအဲန်ယူပါတီ ဗဟိုမှ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် တပ်မဟာ၊ တပ်ရင်း တပ်ခွဲများအားလုံးအနေဖြင့် ဒုတိယ လမ်းစဉ် အပေါ် ရဲရဲ ရပ်တည်ကြရန် ညွှန်ကြားချက် ရောက်ရှိလာခဲ့သည်။

အစည်းအဝေးသဘာပတိက မိမိတို့ ခရိုင်သည် တရားဝင် လမ်းစဉ် ဖြစ်သော ကေအဲန်ယူပါတီအား ထောက်ခံ ရပ်တည်သင့်ကြောင်း အကြံပေးခဲ့ သည်။ ကိုယ်စားလှယ်များ မည်သို့ သဘောထားကြမည်နည်း ဟူသော မေးခွန်းကို မေးရာတွင်၊ မုန်းမြို့နယ် ကိုယ်စားလှယ်၊ ကျောက်ကြီးမြို့နယ် ကိုယ်စားလှယ်၊ ရွှေကျင်မြို့နယ် ကိုယ်စားလှယ် အားလုံးတို့မှ တညီတညွတ်တည်း ဒုတိယလမ်း စဉ် အပေါ်တွင်သာ ရပ်တည်ကြမည် ဖြစ်ကြောင်း ဆန္ဒပေးကာ ထောက်ခံခဲ့ ကြသည်။

ဒုတိယ သဘာပတိဖြစ်သူ ဗိုလ်မှူးကြီးကစယ်ဒို၏ အမြင်မှာ “ကျနော်တို့ တပ်က၊ နှစ်ဘက် လက်နက်ကိုင်၊ ပဋိပက္ခ မဖြစ်စေဖို့ရန် ဗိုလ်မြအား ထောက်ခံ သွားမယ်။ ခရိုင်၊ မြို့နယ်တို့ကလည်း ဒီအတိုင်းပဲ ရပ်တည် ထောက်ခံသင့် ကြောင်းသာ ဆုံးဖြတ်သင့်တယ်”ဟု ဆိုလာသည်။ ခရိုင်တွင် တပ်မဟာမှူး ဗိုလ်မှူးကစယ်ဒို အာဏာသိမ်းလိုက်ခြင်းကို မြင်လိုက်ရသောကြောင့် မည်သူမျှ ထပ်မံ ဆွေးနွေးခြင်းမပြုကြ တော့ဘဲ၊ ဗိုလ်မှူးကြီးကစယ်ဒို လိုလားသော ဘက်သို့ ခေါင်းငြိမ့်ကုန်ကြသည်။
ဗိုလ်ဂျော့မှ ပြန်လည် ရှေ့ဆောင်ချက်

ညဉ့်အချိန်တွင် ခရိုင်ဥက္ကဋ္ဌ စောကျားမောင်၊ အတွင်းရေးမှူး စောထွန်းဖေ တို့ နှစ်ဦးသည်၊ မုန်းမြို့နယ် ဥက္ကဋ္ဌ ဖူးထောခေါ်၊ ကျောက်ကြီးမြို့နယ် ဥက္ကဋ္ဌ ဗိုလ်ဂျော့နှင့် ရွှေကျင်မြို့နယ်ဥက္ကဋ္ဌ စောစံသိန်းတို့အား ခေါ်ယူပြီး၊ ရဲဘော်တို့၏ သက်ဆိုင်ရာ မြို့နယ်များတွင် ကွန်ဂရက်ခေါ်ယူပြီး၊ ပြည်သူ့ဆန္ဒကို ရယူပြီး ရပ်တည်ကြရန် အကြံပေးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ဂျော့နှင့် ဗိုလ်ကြီးလရောင် တို့နှစ်ဦးသည်၊ မုန်းမြို့နယ်၊ ဆောမီးလူ ရွာတွင် ည အိပ်ရပ်နားစဉ်၊ ၎င်းတို့ နှစ်ဦး ထိုကိစ္စကို ဆွေးနွေးကြရာမှ အကယ်၍ မိမိတို့ မြို့နယ်တွေက တရားဝင် လမ်းစဉ်အပေါ်မှာဘဲ ရပ်တည် ကြမည်ဆိုပါက မိမိတို့ ဘာလုပ်ကြမည်လဲဟု ဆွေးနွေးရာ၊ ဗိုလ်ဂျော့က “လူထု ဆန္ဒသဘောထား ပေးတဲ့အတိုင်း လုပ်ဆောင်သွားရမှာပဲ ဗိုလ်လရောင်ရော ငါ့လို သဘော မထားနိုင်ဘူးလား”လို့ မေးမြန်းရာ သဘောတူကြောင်း။ သို့သော် ဗိုလ်လရောင်က ယခင် အကွဲအပြဲ ဇာတ်သိမ်းသွားခဲ့သည်များကို ယခုတိုင် သူ့ မြင်ကွင်းမှ မပျောက် ကွယ်သေးကြောင်း၊ ယခုလည်းတခါ ထပ်မံ ကွဲပြန်သဖြင့် အောက်ခြေက အတော်နာသည်ဟု ဆိုသည်။

၁၉၆၆ ခုနှစ်၊ ကျောက်ကြီးမြို့နယ်၊ ပြည်သူ့ ကွန်ဂရက်ကို ခေါ်ယူ ကျင်းပခဲ့သည်။ ပြည်သူ့ကိုယ်စား လှယ် (၄၀၀)ကျော် တက်ရောက် ဆွေးနွေးခဲ့ ကြပြီး၊ ပါတီ၏ ရှေ့ဆောင် ချက်နှင့် တရားဝင် ဒုတိယလမ်းစဉ်ဖြစ်သော အမျိုးသား ဒီမိုကရေစီ လမ်းစဉ်အပေါ်တွင်သာ ရပ်တည်ကြောင်း တက်တက်ကြွကြွ၊ ရဲဝံ့စွာ ပင် ကန့်ကွက်သူမရှိ အတည်ပြု ထောက် ခံခဲ့ကြ သည်။

ထို့နောက် ဗိုလ်ဂျော့က “ရဲဘော်တို့ ကေအဲန်ယူပါတီ၏ ရှေ့ဆောင်ချက် နှင့် တရားဝင် ဒုတိယလမ်းစဉ်ကို တက်ညီလက်ညီ ထောက်ခံ ရပ်တည်ခဲ့ကြတဲ့ အတွက်၊ ကျနော် ဂုဏ်ယူ ချီးကျူးပါတယ်။ သမိုင်းဝင်မဲ့ မှတ်တိုင်တခု ဖြစ်သွားနိုင်ပါတယ်။ ရဲဘော်တို့ကို ကျနော် ထပ်ဆင့်ပြောလိုတာကတော့၊ အရင် ပြောခဲ့သလို၊ အရှေ့တိုင်းမှာ ရှိတဲ့၊ ခရိုင်အားလုံး၊ တပ်မဟာအားလုံးက ဗိုလ်မြကို ထောက်ခံသွားကြပြီ။ အရှေ့တိုင်းမှာ ကျောက်ကြီးမြို့နယ် တခုတည်းသာ ကေအဲန်ယူပါတီကို ထောက်ခံတာကြောင့် တပြည်လုံး အတိုင်းအတာနဲ့ ကြည့်ရင်တော့ အများစု ဖြစ်ပေမဲ့၊ အရှေ့တိုင်း အနေနဲ့ကြည့်ရင် အနည်းစု ဖြစ်နေတယ်။ ကရင်တမျိုးသားလုံးအနေနဲ့ ကွန်ဂရက်က ဆုံးဖြတ် အတည်ပြုထားတဲ့ လမ်းစဉ်ဟာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ နောက် ကွန်ဂရက်တခု မခေါ်နိုင်မချင်း လိုက်နာ လုပ်ဆောင်သွား ရမှာဖြစ်ပြီး၊ မကြိုက်တဲ့အချက်၊ မသင့် တော်တဲ့အချက်တွေကို ကွန်ဂရက်မှာဘဲ ပြင်ကြရ မယ်ဆိုတာကို ခေါင်းဆောင် တိုင်းက သိထားကြသလို၊ ပြည်သူတိုင်းကလည်း နားလည်ထား ဖို့လိုတယ်။ ငါ့ အကြိုက် နင်ဖျက်၊ နင့်အကြိုက် ငါဖျက် ဆိုရင်၊ တော်လှန်ရေး အဖွဲ့အစည်းနဲ့ ဘယ်တူတော့မလဲ။ အရှေ့တိုင်း တပ်မှူးတခ ျို့မှာ စစ်ဘုရင် လက္ခဏာ ရှိနေ တဲ့အတွက် ကျ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နော်တို့ရဲ့ ရပ်တည်ချက် (ကျောက်ကြီးမြို့နယ်)ကိုဝင်ရောက် ကျူးကျော် တိုက်ခိုက် လာနိုင်တယ်ဆိုတာကိုလည်း ကြိုတင် သိမြင်ထားဘို့ လိုသလို၊ အဲဒီအတွက် လုံခြုံရေးအရ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားဖို့ လို လိမ့်မယ်။" ဟု ပြောဆိုသည်။

"ကျနော်တို့ ကျောက်ကြီးမြို့နယ်၊ ပြည်သူ့ရပ်တည်ချက်ဟာ ဗဟိုနှစ်ဘက် ပြန်လည် ညီညွတ် ပေါင်းစည်းရေး ရည်မှန်းချက်ကိုလည်း သိရှိထားဘို့ လိုအပ်တယ်။ ကျူးကျော်စစ် ဝင်လာခဲ့ရင်လည်း ကိုယ်စားလှယ် အားလုံး၊ ပြည်သူ အားလုံး၊ တပ်မတော်အားလုံးတို့က လက်တွဲညီညီ စိတ်တူကိုယ်တူဖြင့် ရဲရဲရင်ဆိုင် တိုက်ပွဲဝင်ကြဖို့၊ ခါးဆို ခါးနဲ့ ရင်ဆိုင်မှာဖြစ် သလို၊ စားပွဲပေါ်မှာ ရင်ဆိုင်မယ် ဆိုရင်လည်း စကားဝိုင်းနဲ့ တူအောင် ပြုလုပ် ကြရမှာကို သန္နိဋ္ဌာန်ချ ကြရမှာဖြစ်ပြီး ကျူးကျော်စစ်ဝင်လာရင် တပ်အင်အား နည်းနည်းနဲ့ ဝင်လာကြမှာ မဟုတ်ဘဲ၊ အလုံးအရင်းနဲ့ ဝင်လာမှာဖြစ်ပြီး၊ တဖက်ကလည်း ရန်သူနှင့် ရင်ဆိုင်ရသလို တဖက်က ကျူးကျော်ရေး တပ်နဲ့ ရင်ဆိုင်ရမယ်ဆိုတာကို ကြိုတင်မြင်ထားကြပါ။ ရန်သူက အကွက်ကောင်း အခွင့်ကောင်းကို ယူတတ်သလို အလုံးအရင်းနဲ့လည်း ညှပ်တိုက်သွားမယ်။ နှစ်ဘက် ညှပ်တိုက် တာကိုလည်း ခံကြရမယ်။"ဟု ထပ် လောင်း ပြောဆိုသည်။

"ဗိုလ်မြက ရန်သူနဲ့ မပေါင်းသေးတဲ့အတွက် သူ့တပ်တွေ တို့နယ်မြေထဲကို ဝင်ရောက် ကျူးကျော်လာခဲ့ရင်၊ ရန်သူကလည်း သူ့သတင်းတွေကို လေ့လာပြီး၊ တို့ကို လစ်ရင် လစ် သလို တိုက်ကြမှာဘဲ။ ဒီနေရာမှာ ပြည်သူကို စည်းရုံးလို့ရတဲ့ အဖွဲ့ကသာ အသာစီး ရသွား မယ်" လို့ ဗိုလ်ဂျော့က ကွန်ဂရက်တွင် ရှေ့ဆောင်မှု ပေးခဲ့သည်။

ဗိုလ်ဂျော့နှင့် မြို့နယ် တပ်မှူး ဗိုလ်ကြီးလရောင်တို့ နှစ်ဦးသည် ရဲဘော်တို့ ရပ်တည် ဆုံးဖြတ်ချက်အတိုင်း ရှေ့ဆောင်ပေးသွားမည့်အပြင်၊ တိုက်ပွဲပြီးဆုံးသွား သည့်အထိ မဆုတ်မနစ်၊ ရှေ့ဆောင် တိုက်ပွဲဝင် ပေးမည်ကို ပြည်သူ့ ကိုယ် စားလှယ်နှင့် ကျောက်ကြီး မြို့နယ် ပြည်သူတရပ်လုံးအား ကတိပေးခဲ့သည်။ ဒုတိယ လမ်းစဉ်ကြောင့် တော်လှန်ရေး အောင်ပွဲခံရမည်ကို ယနေ့မှ စတင်ပြီး ဒုတိယ လမ်းစဉ် ကောင်း/မကောင်း၊ အောင်ပွဲ ရ/မရ အစမ်းသပ်ခံသည့် တိုက်ပွဲ တပွဲဟုပင် မှတ်ယူကြပါဟု ဆိုသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ အစည်းအဝေးသဘာပတိ - ဗိုလ်ကျော့၊
၂။ အစည်းအဝေး ဒုသဘာပတိ- ဗိုလ်ကြီးလရောင်၊
၃။ အစည်းအဝေးအကျိုးဆောင်- ရဲဘော်မူပေါဖောနှင့် မြို့နယ်ကော်မတီများ၊ မြို့နယ် တပ်သား၊ မြို့ တပ်ခွဲ၊ တပ်မှူး၊ တပ်သား အားလုံးတို့ စုံညီစွာ တက်ရောက် ခဲ့ကြသည်။ အစည်းဝေး သဘာပတိသည် ကေအဲန်ယူပါတီ၏ ရှေ့ဆောင်ချက်နှင့် တရားဝင် ဒုတိယ လမ်းစဉ်အပေါ် ထောက်ခံ ရပ်တည် ဆုံးဖြတ်ချက်ကို အတည်ပြု ခဲ့ကြသည်။ မြို့နယ် ပြည်သူ့ ကိုယ်စားလှယ် တရပ်လုံး၏ ဆုံးဖြတ်ချက်အရ ရပ်တည်ခဲ့သည်။ “ရဲဘော်တို့ ပခုံးပေါ်မှာ ကျရောက်လာပြီဆိုတာကို ရဲဘော်တို့ အားလုံး သိရှိ နားလည် ခံယူကြပါ။ ပြည်သူ တစ်ရပ်လုံးရဲ့ ဆုံးဖြတ်ချက်ကို ရဲဘော်တို့မှ ထိန်းသိမ်း ကာကွယ်ရမည့် တာဝန်ရှိကြောင်းကို နားလည် ထားဖို့ လိုတယ်။ ကျနော်တို့ရဲ့ ရပ်တည်ချက်က ကျူးကျော်စစ် ဝင်လာတာကို ကြိုတင် မြင်ထားဘို့ လိုတယ်။ ကျူးကျော် စစ်ဝင်လာရင် ပြည်သူလူထုနဲ့ လက်တွဲပြီး ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ကြဖို့၊ မဆုတ်မနစ် တိုက်ပွဲဝင်ကြဖို့ သန္နိဋ္ဌာန် ချကြပါ။ ဆင်းရဲတူ၊ ချမ်းသာတူ သဘောထားပြီး တိုက်ပွဲဝင်ဖို့ တာဝန်ရှိတယ်” ဟု ဆိုသည်။
မိမိတို့၏ ရပ်တည်ချက်သည် တရားဝင် ဗဟိုနှင့် တရားဝင် လမ်းစဉ်ကို ကာကွယ်ရေး ဖြစ်သည်။ အမျိုးသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ခြင်းကို လုံးဝမလိုလားကြ။ နှစ်ဘက် ဗဟိုခေါင်းဆောင်များ တွေ့ဆုံပြီး ပြန်လည် ပေါင်းစည်းကြမည်ဆိုလျှင် မိမိတို့ လက်ခံကြဆိုမည် ဖြစ်သည်။ နှစ်ဘက် ဗဟို သဘောတူ ဆုံးဖြတ်သည့်အတိုင်း လုပ်ဆောင်ကြမည်ကိုလည်း ရဲဘော်တို့ သိရှိထားရန် လိုသည်။ တောင်ငူခရိုင် တပ်မဟာ (၂)တို့သည် နှစ်ဘက် ဗဟို၏ လုပ်ဆောင်ချက်ကို မထောက်ခံဘဲ ကြားနေ ခရိုင်တခုဖြစ်သည်။ မိမိတို့ ကျောက်ကြီးမြို့နယ်တခုသာ ပါတီ ဗဟိုနှင့် ညောင်လေးပင်ခရိုင်၊ တပ်မဟာ(၃) ထံသို့ ထုတ်ပြန် ကြေညာချက်ကို ကြေးနန်းစာ (က/န)ဖြင့် ပေးပို့ခဲ့သည်။
ကေအဲန်ယူပါတီဥက္ကဋ္ဌ မန်းဘဇန်က ဗဟိုကော်မတီအားလုံးတို့သည် မိမိနှင့် ကျောက်ကြီးမြို့နယ် ရပ်တည် ဆုံးဖြတ်ချက်ကို ချီးကျူး ကြိုဆို ထောက်ခံ ကြောင်း၊ ဂုဏ်ယူကြောင်း၊ သမိုင်းမှတ်တိုင် တခုဖြစ်ကြောင်း၊ ကူညီ ထောက်ခံ ဖို့ရန် ပါတီအနေဖြင့် အသင့်ရှိနေကြောင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အကြောင်းကြားခဲ့သည်။ ညောင်လေး ပင် ခရိုင်၊ တပ်မဟာ(၃) တပ်မဟာမှူးသည်၊ ကျောက်ကြီးမြို့နယ် ရပ်တည်ချက် နှင့် ဆုံးဖြတ်ချက်အပေါ် မလိုလားအပ်သော လုပ်ရပ်များ ဖြစ်ပေါ်နိုင်ခြင်း၊ လက်နက်ကိုင် ပဋိပက္ခအဆင့်အထိပင် ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရဲဘော်တို့မှ ပြန်လည် စဉ်းစားပြီး ရုပ်သိမ်းရန် အကြောင်းကြားခဲ့သည်။

မိမိတို့ ကျောက်ကြီးမြို့နယ် ရပ်တည်ချက်သည် တရားဝင် ဗဟို၊ တရားဝင် လမ်းစဉ်အား ရပ်တည် ကာကွယ်ခြင်းသာ ဖြစ်ကြောင်း၊ အမျိုးသားချင်း လက်နက်ကိုင် ပဋိပက္ခ ဖြစ်ခြင်း မျိုးကို လုံးဝ မလိုလားကြောင်း၊ နှစ်ဘက် ဗဟို ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး၊ ညီညီညွတ်ညွတ် တပေါင်းတစည်းတည်း ရှိလာမည် ဆိုလျှင် မိမိတို့ကလည်း ကြိုဆို လက်ခံသွားမည် ဖြစ်ကြောင်း၊ မိမိတို့၏ ရပ်တည်ချက်သည် ငြိမ်းချမ်းစွာ ရပ်တည်ချက်သာ ဖြစ်ကြောင်း၊ တဖက် နယ်မြေကိုဝင်ရောက် ကျူးကျော်နယ်ချဲရေးကိုလုံးဝ ဆန္ဒမရှိကြောင်း၊ ဗဟို-ဗဟိုချင်း ပြန်လည် ညီညွတ်ကြရန် ရည်ရွယ်ချက်သာ ဖြစ်ကြောင်း၊ နှစ်ဖွဲ့ ဗဟိုတို့ တပေါင်း တစည်းတည်း ရှိလာပါက၊ ကျောက်ကြီးမြို့နယ်နှင့် တပ်အားလုံး၊ ညောင်လေးပင် ခရိုင် တပ်မဟာ(၃)တို့သည် အုပ်ချုပ်မှု အောက်တွင် ခံယူ သွားမည် ဖြစ်ကြောင်း၊ တပ်မဟာ(၃) တပ်မမှူးထံ အကြောင်းပြန်ကြားခဲ့သည်။

ကေအဲန်ယူပါတီ ဗဟို၏ ကြေးနန်းပေးပို့ချက်အရ၊ အရှေ့တိုင်း၊ တိုင်း တပ်မမှူး ဗိုလ်မှူးချုပ် မောင်မောင်သည်၊ ရွှေကျင်မြို့နယ် ကော်မတီနှင့် တပ်မှူး များ၊ ဗိုလ်မြကို ထောက်ခံကြေညာချက် ထွက်ပေါ်လာသောအခါ ရွှေကျင်မြို့တွင် မနေတော့ဘဲ ကျောက်ကြီးမြို့နယ်သို့ အမြန်ဆုံး ကူးလာခဲ့သည်။ ကျောက်ကြီး မြို့နယ်သို့ ရောက်သောအခါ ကျောက်ကြီးမြို့နယ် ပြည်သူတို့၏ လုပ်ရပ်ကို လှိုက်လှဲစွာ ကြိုဆို ထောက်ခံကြောင်း၊ တရားဝင် လမ်းစဉ်အပေါ်တွင် ရပ်တည် ခြင်းမှာ မှန်ကန်ကြောင်း၊ ဒုတိယ လမ်းစဉ်ကို မည်သူကမျှ မထောက်ခံ ခဲ့လျှင်တောင် မိမိတဦးတည်း ရပ်တည် ထောက်ခံပြီး ရဲရဲကြီး တိုက်ပွဲဝင်သွားမည် ဖြစ် ကြောင်း ၎င်းနှင့်တွေ့ဆုံသော ပြည်သူမှန်သမျှကို ဆွေးနွေးပြခဲ့သည်။ ကျောက်ကြီး မြို့နယ်နှင့် ပြည်သူတို့ အတူလက်တွဲပြီး ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ကြမည်ဟု ပြည်သူများ အား ဆွေးနွေးခဲ့သည်။

ကေအဲန်ယူပါတီအတွင်း၊ (၈၁)နိုင်ငံ ကြေညာစာတမ်းကြောင့်၊ ဆွေးနွေး ညှိနှိုင်းနေရသည်က တကြောင်း၊ အမျိုးသားအချင်းချင်း ပြန်လည်ညီညွတ်ရေးကို ဆွေးနွေးရမည့် တာဝန် ရှိနေခြင်းကတကြောင်း၊ ပါတီတွင်း လက်ဝဲစွန်း၊ လက်ယာစွန်း အယူအဆ ပြဿနာက တ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကြောင်း၊ အကြောင်းကြောင်းတို့နှင့် ရင်ဆိုင် နေရသဖြင့် “ဥက္ကဋ္ဌ မန်းဘဇန် စခဲ့သော ဇာတ်၊” မွေးထားသော မျောက်များကို ရင်မဆိုင်နိုင်တော့သည့် အဆင့်သို့ ရောက်နေသည်။ ဤ ပြဿနာကို မရင်ဆိုင်ရဲတော့သည့် အခြေအနေ ရှိလာခြင်းကြောင့် အမျိုးသား အချင်းချင်း စည်းလုံးညီညွတ်မှုကို ပြန်လည် ရရှိရေးအတွက် သူသာလျှင် တွေ့ဆုံရန် ဗိုလ်ချုပ်မြက တောင်းဆိုလာသဖြင့် ပါတီဗဟို ကော်မတီထံသို့ တင်ပြပြီး ခွင့်ပြုချက်အရ ဗိုလ်မြနှင့် သွားရောက်တွေ့ဆုံ ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဗိုလ်မြနှင့် ဥက္ကဋ္ဌ မန်းဘဇန်တို့ အဖွဲ့ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ ဥက္ကဋ္ဌ မန်းဘဇန်က ကေအဲန်ယူပါတီ ဗဟိုမှ ပေးလိုက်သော Mandate (မန်းဒိတ်) သဘောထားကို ကျောခိုင်းကာ ဗိုလ်မြ ထူထောင်ထားသော လမ်းစဉ်ကို ပြုပြင်ပေးပြီး၊ (K.N.L.C.) Karen Nation Liberation Council ကို (Karen National United Front) သို့ ပြောင်းလဲ ရေးဆွဲ ပေးခဲ့သည်။ ဗိုလ်ချုပ်မြနှင့် အတူ ပူးပေါင်းသွားခဲ့သည်။ ခေါင်းရွာနေသော ဗိုလ်မြသည် ခေါင်းဆောင် မန်းဘဇန်ကို ရရှိသည်နှင့် တပြိုင်နက် K.N.U.F. ဥက္ကဋ္ဌ တာဝန်ကို ပေးအပ် လိုက်သည်။ ရဲရဲတောက် ဗဟိုခေါင်းဆောင်များဖြစ်ကြသော ဥက္ကဋ္ဌ မန်းဘဇန်နှင့် အတူ ဗိုလ်မှူးသန်းအောင်၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ် တာမလာဘော၊ ဗိုလ်မှူးဘော ယူဖေါ တို့သည် ယုံကြည်ချက်ကို ဖောက်ဖျက်လျက် ဗိုလ်မြ (ထံတွင် လက်နက်ချသွားခဲ့ သည်)နှင့် ပူးပေါင်းသွားကြကြောင်း သိရသည်။

ကေအဲန်ယူပါတီဥက္ကဋ္ဌ မန်းဘဇန်သည် ပါတီနှင့် လမ်းစဉ်အပေါ် သွေဖည် သည့်အတွက် ကေအဲန်ယူပါတီ အရေးပေါ် အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူ ကျင်းပခဲ့သည်။ ထိုအရေးပေါ် အစည်းအဝေးမှ ပြန်လည် ရွေးချယ်ခဲ့ရာ၊

ကေအဲန်ယူပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး၊
ကေအဲန်ယူပါတီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်မြမောင်၊
ကေအဲန်ယူ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျင်ဖေ။

ကရင့်တော်လှန်ရေးကောင်စီတွင်၊
သဘာပတိအဖြစ် ဗိုလ်ချုပ်ကော်ထူး၊
ဒု- သဘာပတိအဖြစ် ဗိုလ်ချုပ်မြမောင်၊

အတွင်းရေးမှူး အဖြစ် ဆရာစကောလယ်တော၊
စစ်ဦးစီးချုပ် အဖြစ် ဗိုလ်ချုပ်မြမောင်၊
ဒု စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်တာအယ် ခေါ်ဗိုလ်ချုပ်တင်ဦးအား ရွေးချယ်ခဲ့ ပြီး၊
ကွန်ဂရက် မခေါ်နိုင်သေးမီ စပ်ကြား အချိန်တွင် ကေအဲန်ယူပါတီနှင့် ကရင့် တော်လှန်ရေးကို ရှေ့ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ဗိုလ်မြ ခွဲထွက်ပြီး၊ လမ်းစဉ်သစ် ထူထောင်ချိန်တွင် ကရင်အမျိုးသားချင်း လက်နက်ကိုင် ပဋိပက္ခကို ဖန်တီးရန် လက်တွန့်နေသေးသော်လည်း၊ ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် အဖွဲ့များ ဗိုလ်ချုပ်မြနှင့် သွားရောက် ပူးပေါင်း လိုက်ပြီးနောက်တွင် ဗိုလ်မြလည်း အင်အား များလာပြီး၊ ဗိုလ်ဂျော့တို့ အခြေခြ နေထိုင်ရာ ကျောက်ကြီးမြို့နယ်သို့ ဝင်ရောက် ကျူးကျော်လာနိုင်ကြောင်းကို ဗိုလ်ဂျော့က တပ်မှူး၊ တပ်သားပေါင်းစုံ အစည်းအဝေးတွင် ဆွေးနွေးပြခဲ့သည်။ ဆွေးနွေးပွဲ မှတ်တမ်းမှ ကောက်နုတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ဒို့ ခေါင်းဆောင်တွေဟာ ဒါကောင်းတယ်။ ရဲရဲ ရပ်တည် တိုက်ပွဲဝင်ကြပါ။ ပါတီရဲ့ ရှေ့ဆောင် လမ်းညွှန်မှုကို တသွေမတိမ်း လိုက်နာ ခံယူကြပါ။ ဒုတိယ လမ်းစဉ်အပေါ် ယုံယုံကြည်ကြည် ရပ်တည်ကြပါ။ ဒုတိယ လမ်းစဉ်ကလွဲပြီး တခြား ဘယ်လမ်းစဉ်နဲ့မှ ကရင့် တော်လှန်ရေးကို အောင်ပွဲအထိ မပို့နိုင်ဘူးဟု တဖွဖွ ပြောနေကြတဲ့ ခေါင်းဆောင်ကြီးတွေဟာ အကျပ်အတည်းလေး ဆိုက်လာ တာနဲ့ တဖက်ကို ကူးပြောင်းသွား လိုက်တာ ငါတို့ကိုတောင် မခေါ်အားတော့ဘူး။ ဒုတိယ လမ်းစဉ်ကို ဘယ်သူမှ မထောက်ခံရင်တောင်၊ ငါတယောက်တည်း ထောက်ခံပြီး၊ ရဲရဲတောက် ရပ်တည် တိုက်ပွဲဝင်သွားပါ့မယ် ဆိုတဲ့ ဗိုလ်မောင်မောင် လဲသွေဖည်သူတွေနဲ့အတူ ပါသွားခဲ့ပြီ။ အမျိုးသား လမ်းစဉ်အပေါ် ဖောက်ပြန် သွေဖည်လိုတဲ့ ခေါင်းဆောင်တွေဟာ အပြောတမျိုး အလုပ်တမျိုး သမားတွေပဲ ဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ရတာပဲဖြစ်တယ်။”

“အခြေအနေတခုမှ ပြောင်းလဲ မလာခြင်းကြောင့် ရဲဘော်တွေ အတွေး မခေါင်ကြပါနဲ့။ မကြောက်ကြပါနဲ့။ စစ်ပွဲကို ပြည်သူကပဲ အဆုံးအဖြတ် ပေးသွား မယ်လို့ ကမ္ဘာ့ နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်တွေ ပြောခဲ့တဲ့ စကားအတိုင်း ကျောက်ကြီးမြို့နယ် ပြည်သူတရပ်လုံးနှင့် လက်တွဲပူးပေါင်းပြီး၊ စည်းလုံး ညီညွတ် စွာ ရဲရဲ ရင်ဆိုင် တိုက်ပွဲဝင်ကြရင် ပါတီရဲ့ ရှေ့ဆောင်ချက်နှင့် ဒုတိယ လမ်းစဉ် မှန်/မမှန်၊ ကျောက်ကြီးမြို့နယ် စစ်မြေပြင်မှာ လက်တွေ့ စမ်းသပ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သွားမယ်။ ဒါက ကျနော်တို့ရဲ့ သမိုင်းပဲဖြစ်တယ်။” ဟု၊ ကျောက်ကြီးမြို့နယ်၊ နိုင်ငံရေး၊ စစ်ရေး ကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ကျော့က ရှေ့ဆောင်ခဲ့သည်။

မြို့နယ်တပ်မှူး ဗိုလ်ကြီးလရောင်က တပ်မဟာ(၂) တပ်များ၊ တပ်မဟာ (၃) တပ်များနှင့် ပူးပေါင်းပြီး ကျောက်ကြီးမြို့နယ်ကို မကြာမီ ရက်ပိုင်းအတွင်း ဝင်ရောက် ကျူးကျော် တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း၊ တပ်မဟာ(၂)မှ တပ်ရင်း တပ်ခွဲမှူးဗိုလ်ကြီးထွန်းကြည် ဦးဆောင်သော တပ်ခွဲတခွဲ၊ ဗိုလ်ကြီးဖားမင်း ဦးစီး သော တပ်ခွဲတခွဲ၊ ပေါင်း (၂)ခွဲ ပါဝင်လာမည်။ ထို့ကြောင့် ကျနော်တို့ ကျောက် ကြီးမြို့နယ် နိုင်ငံရေး၊ စစ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ကျော့အနေဖြင့် စစ်ရေး အစီ အစဉ် ချမှတ်သင့်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

(ဝဲ မှ ယာ) စောဘသင်စိန်၊ စောဗိုလ်မြ၊ စောရွှေဆိုင်း၊ မန်းဘဇန်၊ စကောလယ်တော၊ စောကစယ်ဒို၊

(နောက်တန်း) စောဘောယူဘော၊ စောမောင်မောင်၊ စောသာပြည့်။

1965 Meeting for National Unity at Plaw Mu-(Mu-Theh) Mutraw.

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကျူးကျော်စစ် ရင်ဆိုင်ရန် တိုက်ပွဲစဉ်

၁။ နိုင်ငံရေး တိုက်ပွဲ။
၂။ နှစ်ဖက် ဗဟိုခေါင်းဆောင်များ အမြန်ဆုံး တွေ့ဆုံ ဆွေးနွေးရေး။
၃။ ထိတွေ့ တိုက်ပွဲများ မဖြစ်စေရေးအတွက် အတတ်နိုင်ဆုံး ရှောင်ရှားရန်။
၄။ မိမိဘက်မှ အမျိုးသားချင်း လက်နက်ကိုင် ပဋိပက္ခကို မလိုလားကြောင်း၊ ကျူးကျော်တပ်များနှင့် ပြည်သူ တရပ်လုံး သိရှိစေရန် ဆောင်ရွက်ကြရန်။
၅။ မိမိတို့ဘက်မှ သေနတ် အရင်စ မဖောက်ကြရန်။ (မိမိဘက်မှ တိုက်ပွဲအရင် မစရန်။)
၆။ နောက်ဆုံး ရှောင်တိမ်းမရသည့် အခြေအနေ ဆိုက်ရောက်လာမှသာ တိုက်ပွဲကြီးတပွဲကို နာနာ တိုက်ပြပြီးမှ၊ တပ်ဖြန့်ကာ မိုင်းတိုက်ပွဲဖြင့် အကျ အဆုံးများအောင် တိုက်ပွဲဆင်ရန်။
၇။ ပြည်သူ့ စိတ်ဓါတ် ထက်သန်လာစေရေး ပြင်ဆင်ရန်။
၈။ တပ်မတော် စိတ်ဓါတ် ထက်သန်လာစေရေး ပြင်ဆင်ရန်။
၉။ ရိက္ခာများကို စနစ်တကျ သိုလှောင်ထားရန်။ အစီအစဉ်များ ချမှတ်ခဲ့သည်။

၁၉၆၈ ခုနှစ် တပ်မဟာ(၃) တပ်နှင့် တပ်မဟာ(၂) တပ်များ ကျောက်ကြီး မြို့နယ်သို့ဝင်ရောက် ကျူးကျော်လာသည်။ ကျူးကျော်သူများမှာ တပ်မဟာ(၃) ဘက်မှ ဗိုလ်မှူးဟိုးဖော၊ ဗိုလ်ကြီးစောဒူးတို့ ဦးဆောင်လာ ကြသည်။ တပ်မဟာ (၇)ဘက်မှ တပ်ရင်း (၁၀၁) တပ်ခွဲမှူး ဗိုလ်ကြီးထွန်းကြည်၊ ဗိုလ်ကြီး ဖားမင်း တို့ တပ်များ လည်းပါလာခဲ့သည်။

ကျူးကျော်ဝင်လာသော တပ်များကို ကျောက်ကြီးမြို့နယ်မှ ချမှတ်ထား သော ကျူးကျော်စစ် တိုက်ပွဲစဉ်အတိုင်း၊ ဆောင်ရွက်ခဲ့ကြသဖြင့်၊ ကျူးကျော်သူ များသည် တဖြည်းဖြည်း စစ်ရေးအရှိန် အားနည်းလာခဲ့သည်။ ဗိုလ်ကျော့မှ ဗိုလ်ကြီး ထွန်းကြည်နှင့် နားလည်မှု ရယူပြီး၊ အမျိုးသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခ မပြုကြရန်၊ ပြဿနာမှာ ဗဟိုတွင်သာ ဖြစ်သဖြင့် အောက်ခြေချင်း ပေးတိုက် ခိုင်းခြင်းသည် မည်သို့သော အကျိုးကိုမှ ရနိုင်မည်မဟုတ်ကြောင်း၊ မိမိတို့ ပြုခဲ့ လျှင်လည်း ကရင်ပြည် ရရှိမည် မဟုတ်သကဲ့သို့၊ ရဲဘော်တို့ ပြုခဲ့လျှင်လည်း ကရင်ပြည် ရမှာမဟုတ်သော်လည်း၊ မိမိတို့ ကရင်များနှင့် ကရင့်တော်လှန်ရေး ဘက်တော်သားများ အတွက်မူ အရှုံးများသာ ဖြစ်ပေါ်လာပြီး၊ ရန်သူအတွက်သာ အကျိုးများနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တဖက်တွင်လည်း ဗိုလ်ကျော့တပ်ဖွဲ့မှ တပ်ခွဲမှူး ဗိုလ်ကြီးလရောင်သည် ရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်ရင်း ရဲရင့်စွာ ကျဆုံးခဲ့ရသည်။ ကရင့်တော်လှန်ရေး အတွက် တပ်မှူး ကောင်းတဦး ကျဆုံးခဲ့ရခြင်းအတွက် လွန်စွာ နှမြောတသ ဖြစ်မိသည်။ ဗိုလ်ကြီးထွန်းကြည်၊ ဗိုလ်ကြီးရှားမင်း တို့ နှစ်ဦးမှ သဘောပေါက် လက်ခံခဲ့သဖြင့် ဗိုလ်မြခိုင်းသလို မလိုက်နာတော့ဘဲ အံတုလာသကဲ့သို့ ဖြစ်သဖြင့် နယ်ခြားသို့ အမြန်ပြန်ခေါ်လိုက်သည်။ ရန်သူကလည်း အခွင့်ကောင်းယူကာ အင်အား(၄၀၀)ခန့်ရှိသော စစ်ကြောင်း (၂)ကြောင်းဖြင့် ကျောက်ကြီးမြို့နယ်အား စစ်ဆင်ရေး ဝင်တော့သည်။ ကရင်ချင်း ကျူးကျော်မှုကို တိုက်နေရသကဲ့သို့ ရန်သူ၏ ထိုးစစ်ကိုလည်း တိုက်ခဲ့ရသည်။ တပ်မဟာ(၇) မပါခဲ့ပါက တပ်မဟာ(၃) တပ်များသည် ကျောက်ကြီးမြို့နယ်အား ဝင်ရောက်တိုက်ခိုက်ရန် ဆန္ဒမရှိကြ ကြောင်းကို ဗိုလ်ကျော့တို့ ကြုံတင် ခန့်မှန်း နိုင်သဖြင့်၊ နိုင်ငံရေး နည်းဖြင့် ကျောက်ကြီးမြို့နယ်ကျူးကျော်စစ်ကို ဟန့်တားခဲ့ရာ၊ ကျူးကျော်တပ်အားလုံးသည် ကျူးကျော်ရန် စိတ်ဆန္ဒ နည်းသွားခဲ့ ကြသည်။

၁၉၆၈ ခုနှစ်၊ ဩဂုတ်လတွင် နှစ်ဘက် ဗဟိုခေါင်းဆောင်များ၊ ကျောက်ကြီးမြို့နယ် ပြဿနာကို ဖြေရှင်း ရန် သဘောတူကြသည်။ ဆွေးနွေးပွဲကို မုန်းမြို့နယ်တွင် ကျင်းပခဲ့သည်။ ကျူးကျော်တပ်များဘက်မှ ဗိုလ်မှူးချုပ် မောင် မောင်က “ဗိုလ်ကျော့အပြောအရ ကျောက်ကြီးမြို့နယ်မှ ပြည်သူများသည် ဒုတိယ လမ်းစဉ်ကို ထောက်ခံတယ်လို့ ဆိုခဲ့တယ်။ ဒါက သူ့အပြောပဲဖြစ်ပြီး ပြည်သူတွေ ကတော့ ဒုတိယလမ်းစဉ်ဆိုတာကို ဘာလမ်းစဉ်လဲ ဆိုတာကို နားမလည်ကြ ပါဘူးလို့ ကျနော်သိရပါတယ်။ ဒါကြောင့် မဲစနစ်နဲ့ ဆန္ဒခံယူပွဲ ကျင်းပချင်တယ်။ ပါတီနဲ့ ဗိုလ်ကျော့တို့ လက်ခံ ရဲသလား။” ဟု မေးခဲ့သည်။

ဗိုလ်ကျော့ကလည်း ရှုံးတဲ့သူတွေ ဤနယ်မှ ထွက်ခွာရန်၊ နိုင်သည့် သူများကို အနှောက်အယှက် မပြုရန်၊ နိုင်သည့် အဖွဲ့မှ လူများသာ အုပ်ချုပ်သွား ရန်၊ နှစ်ဘက် ဗဟို ခေါင်းဆောင်များ ထိုသဘောထားကို လက်ခံပါက လက်မှတ် ထိုးပြီး ဆက်လုပ်ရန် ပြောဆိုရာ၊ နှစ်ဘက် ခေါင်းဆောင်များ ထိုသဘောထားကို လက်ခံပြီး လက်မှတ် ရေးထိုးကြသည်။ ၁၉၆၈ ခုနှစ်၊ စက်တင်္ဘာလ အတွင်းတွင် ကျောက်ကြီးမြို့နယ်၌ မဲဆန္ဒခံယူပွဲကို ကျင်းပခဲ့ကြသည်။ ဗိုလ်မြနှင့် ဗိုလ်ချုပ် မြမောင် တို့ နှစ်ဦး လာရောက် ရှေ့ဆောင်ခဲ့သည်။ ကျောက်ကြီးမြို့နယ် ပြည်သူ များသည် ကေအဲန်ယူပါတီကိုင်စွဲထားသော ဒုတိယ လမ်းစဉ်ကို မဲအပြတ်အသတ် ပေးခဲ့

ကြသဖြင့်၊ ကျူးကျော်သူ ဗိုလ်မြက၊ ကေအဲန်ယူပါတီ မဲနိုင်သွားပြီ ဖြစ်သဖြင့်၊ K.N.L.F. တပ်များအားလုံး ကျောက်ကြီးမြို့နယ်မှ ထွက်ရန် အမိန့်ပေးလိုက်သည်။ ဗိုလ်မြမှာ ပေးထားသော ကတိအတိုင်း အနှောက်အယှက်မပေးဘဲ ငြိမ်းချမ်းစွာ တပ်ပြန်ရုပ်သွားခြင်းသည် ကရင်တမျိုးသားလုံးအတွက် ကောင်းကျိုးတခုပင် ဖြစ်သကဲ့သို့ ၎င်း ကတိတည်ခြင်း အတွက် အယူအဆခြင်း မတူကြသော်လည်း ကျနော်တို့ ချီးကျူးထိုက် လေးစားထိုက်သူ တဦးအဖြစ် မှတ်ယူ နိုင်ပါသည်။ ရန်သူကတဖက် ကျူးကျော်သူများက တဖက် တိုက်ခိုက်ခြင်းကို ခံနေရသည့် ကြားမှပင် ကျောက်ကြီးမြို့နယ်ရှိ ပြည်သူတို့က ဆန္ဒမဲပေးနိုင်ရေးအတွက် အခက် အခဲ အမျိုးမျိုးကြားမှ အရောက်လာပြီး၊ ကေအဲန်ယူပါတီအတွက် မဲပေးခဲ့ကြသဖြင့် မဲအပြတ်အသတ်နိုင်ခဲ့သည်မှာလည်း ကရင့်တော်လှန်ရေးအတွင်း သမိုင်း မှတ်တိုင် တခုကို စိုက်ထူနိုင်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် တပ်မဟာ(၃) တပ်မဟာမှူးသည် ကျောက်ကြီးမြို့နယ် တောင်ပေါ်ဒေသရှိ ကျေးရွာ ခေါင်းဆောင်များအား အမိန့်ဖြင့် ခေါ်ဆိုပြီး၊ ညောင်လေးပင် ခရိုင်အား ထောက်ခံကြောင်း အတင်းအကျပ် လက်မှတ်ရေးထိုး ခိုင်းခဲ့သဖြင့်၊ မူသယ်ဒေသ ကျေးရွာလူကြီးများသည် ညောင်လေးပင်ခရိုင်အား ထောက်ခံကြောင်း လက်မှတ်ရေးထိုးရာ၊ ထိုဒေသသည် ညောင်လေးပင် ခရိုင် အဖြစ် ကူးပြောင်းသွားသည်။ ကျောက်ကြီးမြို့နယ် ပါတီ ဗဟို အာဏာပိုင်များမှ ကန့်ကွက်ခဲ့သော်လည်း၊ နားမထောင်ဘဲ တဇွတ်ထိုး ပြုလုပ်သွားခဲ့သည်။ တပ်မဟာ(၃) တပ်မဟာမှူး၏ လုပ်ရပ်သည် နောက်ထပ် အသစ်တဖန် ကျူးကျော် ရန်စ လာခြင်းသာ ဖြစ်ကြောင်းကို ဗိုလ်ဂျော့က မြင်သဖြင့် ကျောက်ကြီးမြို့နယ်ရှိ တပ်ပေါင်းစုံမှ တပ်မှူး တပ်သားများနှင့် ပြည်သူများအား သတိပေးခဲ့သည်။

ကျောက်ကြီးမြို့နယ်ကို ဝင်ရောက်ကျူးကျော်ရန် အစီအစဉ်ရှိသည့် အတွက် ဗိုလ်ဂျော့သည် ကရင်ချင်း လက်နက်ကိုင် ပဋိပက္ခ မဖြစ်စေရေးအတွက် တပ်စု တစု တပ်သား (၁၅)ယောက်ကို တာဝန်ပေးခဲ့ပြီး၊ ကျန် အများစုကို ပါတီ ဗဟိုဌာနချုပ်ရှိရာသို့ ထွက်ခွာ ရှောင်တိမ်းစေခဲ့သည်။ ကျောက်ကြီးမြို့နယ်မှာ ဗိုလ်ဂျော့လည်း မရှိဘဲ တပ်အနည်းသာ ရှိချိန်ဖြစ်၍ တပ်မဟာ(၃) တပ်ဖွဲ့များသည် ကျောက်ကြီးမြို့နယ်အား ဝင်ရောက် ကျူးကျော်ကြပြန်သည်။ ဗိုလ်ဂျော့၏ တပ်ဖွဲ့ဝင် အနည်းငယ် နေထိုင်ရာနေရာများကို ရှာဖွေပေးရန် ပြည်သူတို့အား နှိပ်စက် အကျပ်ကိုင်ခဲ့သော်လည်း ရှာဖွေ မတွေ့ခဲ့။ ရန်သူသည်လည်း ထို အခြေအနေကို

အခွင့်ကောင်းယူလျက် စစ်ဆင်ရေး ဝင်လာပြန်သည်။ ရှိနေသော တပ်စုကလေးကလည်း ရှောင်တိမ်းရန် အကွက်မရှိတော့သည့် နောက်ဆုံး တိုက်ပွဲ ကြီးတပွဲ ဖြစ်ခဲ့ရသည်။ ကျူးကျော်သူ တပ်များ အလွန်အထိနာ သွားခဲ့သည်။ ရန်သူသည်လည်း ပိုမို လူပ်ရှားလာသဖြင့် ကျူးကျော်တပ်များလည်း အကျပ် အတည်းနှင့် ကြုံတွေ့ရပြီး တောင်ပေါ်ဒေသတွင်သာ ကပ်နေ ရတော့သည်။

ကရင့်တော်လှန်ရေး တပ်ဖွဲ့များအချင်းချင်း (၃)/(၄)နှစ်ကြာ လက်နက် ကိုင် ပဋိပက္ခ ဖြစ်နေခါနီ ရန်သူသည် အကွက်ကောင်းကို ယူပြီး၊ မြစ်ဝကျွန်း ပေါ်တွင် မိုးဟိန်းစစ်ဆင်ရေး၊ ရွှေလင်းယုန် စစ်ဆင်ရေး အမည်ဖြင့် ဖြတ်(၄)ဖြတ် ပြုလုပ်ကာ ထိုးစစ်ကြီးကို အလုံးအရင်းဖြင့် ဝင်ရောက် စစ်ဆင်တော့သည်။ မြစ်ဝကျွန်းပေါ်သည် ကွင်းဒေသများသဖြင့် ပိတ်ဝိုင်းစစ်၊ ဝိုင်းပတ် စစ်ဆင်ရေး နည်းဗျူဟာတို့ဖြင့် ပြုလုပ်ခဲ့သည်။ ကရင့်တော်လှန်ရေးကို ငစိန်ကျီဆန်နှင့် ပစ်ထည့်လျှင် လေးဘက်ကုန်း ပြန်လာကြရမည်ကို ကြွေးကြော် တိုက်ခိုက် သွားသည်။ မြစ်ဝကျွန်းပေါ် တပ်မှူးတပ်သားများကလည်း အစွမ်းကုန်ပင် ခုခံ တိုက်ခိုက်ခဲ့ကြသည်။ သေသူ သေ၊ လက်နက် ချသူ ချ၊ အဖမ်းခံရသူများနှင့် ထမင်းငတ် သေသော ရဲဘော်များပင် ရှိခဲ့သည်။ နောက်ဆုံး ယမ်းသီးကုန်သွား သည့်အတွက် မြစ်ဝကျွန်းပေါ် နယ်မြေတခုလုံးကို ကေအဲန်ယူပါတီ တပ်များမှ လက်လွှတ်ခဲ့ကြရသည်။ မြစ်ဝကျွန်းပေါ် နယ်မြေတွင် ရန်သူ့ထံ အညံ့မခံ၊ အရှုံး မပေး၊ အသေခံ ရဲရဲတိုက်သွားခဲ့ကြသော၊ တပ်မှူးကောင်း တပ်သားကောင်းများ၏ သတ္တိရှိမှုကို အသိအမှတ်ပြုပြီး၊ ကရင့်တော်လှန်ရေးအတွက် ကြီးမားသော ဆုံးရှုံး မှုကြီး တခုအဖြစ် မှတ်တမ်းတင်သင့်ပါသည်။

ကေအဲန်ယူပါတီသည် တပ်မဟာ(၃) ခရိုင်နှင့် ကျောက်ကြီးမြို့နယ် တခုသာ ကျန်ရှိတော့၍ အားနည်း သွားပြီဟူသော အမြင်ဖြင့်၊ ကေအဲန်ယူပါတီ ဗဟိုရှိရာ ပဲခူးရိုးမ တောင်တန်းအား၊ ရန်သူသည် ရွှေလင်းယုန် အမည်ဖြင့် စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ကရင့်တော်လှန်ရေး အရှေ့-အနောက် နှစ်ခြမ်း ကွဲကာ နှစ်ဘက် စေ့စပ်မရသည့် အချိန်တွင် အရှေ့တိုင်းကို ထိုးစဉ် အနောက်က ဝင်မကူနိုင်သကဲ့သို့၊ အနောက်ကိုထိုးလျှင်လည်း အရှေ့က ဝင်မကူနိုင်ဟု ခန့်မှန်းမိ၍ ရန်သူသည် ပဲခူးရိုးမတိုင်းကို တပြိုင်တည်း အပြတ် တိုက်ခိုက် ချေမှုန်းရေး ပြုလုပ် လေတော့သည်။ ကေအဲန်ယူပါတီ ဗဟိုက မိမိတို့အချင်းချင်း အချင်းများမှုကြောင့် ရန်သူသည် အကွက်ကောင်းရပြီး၊ မြစ်ဝကျွန်းပေါ်တိုင်း တတိုင်းလုံးကို သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမျိုးသားချင်း ပြန်လည် ရင်ကြားစေ့ ရေးအတွက် နှစ်ဘက် ဗဟိုခေါင်းဆောင်များ တွေ့ဆုံ ညှိနှိုင်းကြရန် K.N.L.F. ထံသို့ ကြေးနန်းဖြင့် အကြောင်းကြား ခဲ့သည်။ K.N.L.F. ဗဟိုက မသိ သလိုပင်၊ စာမပြန် အကြောင်းမပြန်ခဲ့ပေ။

ကျောက်ကြီးမြို့နယ် တပ်နှင့် တပ်မဟာ(၃)တပ်များ တိုက်ပွဲပြင်းထန်လာ ခြင်းကြောင့်၊ K.N.L.F. အတွင်း မျိုးချစ်ခေါင်းဆောင်တခ့ျို၏ အမျိုးသားချင်း ပြန်လည်ညီညွတ်ကြရန် တောင်းဆိုချက်ကြောင့် ကေအဲန်ယူပါတီ နှင့်၊ K.N.L.F. ဗဟိုတို့သည် ၁၉၇၄ ခုနှစ်တွင် သံလွင်မြစ် စောထာတွင် တွေ့ဆုံကြသည်။ ကေအဲန်ယူပါတီ ကိုယ်စားလှယ်ဘက်မှ ဗိုလ်ချုပ်ကော်ထူး၊ ဆရာစကောလယ် တော၊ ဗိုလ်ဂျော့တို့ ပါဝင် တက်ရောက်ခဲ့ပြီး၊ K.N.L.F. ကိုယ်စားလှယ်များအဖြစ် ဗိုလ်မြ၊ ဗိုလ်မူးချုပ်ရွှေဆိုင်း (တပ်မဟာ ၆၊ တပ်မဟာမူး)၊ သထုံခရိုင် ဥက္ကဋ္ဌ စောကော်သာဝ၊ အတွင်းရေးမှူး စကော်ဦးတီနှင့် အခြား တဦးတို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ နှစ်ဘက် ဗဟို ပြန်လည် ပေါင်းစည်းရန်အတွက် အဓိက ဆွေးနွေး ညှိနှိုင်းခဲ့ကြသော်လည်း၊ ညှိနှိုင်း၍ မရသည့်အဆုံး၊ တဦးနှင့် တဦး၊ တဖက်နှင့် တဖက် နယ်မြေကို အသိအမှတ်ပြုရန်၊ ရန်သူ့ ထိုးစစ်များ ဆင်လာပါက တဦးနှင့်တဦး အပြန်အလှန် အထောက်အကူ ပြုကြရန်ကို သဘောတူညီချက် ရရှိခဲ့ကြသည်။

ရန်သူသည် ပဲခူးရိုးမတိုင်းအား တပ်အင်အား အလုံးအရင်းဖြင့် ထိုးစစ် ပြုလုပ်လာသဖြင့်၊ ဗကပ နှင့် ကေအဲန်ယူပါတီတို့ ပူးတွဲပြီး ထိုးစစ်ကို တန်ပြန် ထိုးစစ်ဖြင့် ရိုက်ချိုးခဲ့ကြသည်။ တိုက်ပွဲနည်းဗျူဟာအရ ရက်ရှည် နှစ်ရှည် တိုက်ပွဲ ကြာလာသည်ကတကြောင်း၊ မိမိတို့ တပ်များအနေဖြင့် တပ်ကို အလဲအလှယ် မပြုလုပ်နိုင်ခြင်း တို့ကြောင့် တကြောင်း၊ စစ်ပန်းလာရသည်က တကြောင်းအပြင်၊ ရိက္ခာနှင့် ယမ်းသီး ရှားပါးလာခြင်းတို့ကြောင့် နယ်မြေကျဉ်းလာပြီး ထိုးစစ်ကို တန်ပြန်ထိုးစစ်ဖြင့် ရိုက်ချိုးရန် စွမ်းရည် ကျဆင်းလာခဲ့သည်။ ဤအချိန်တွင် ဗိုလ်ဂျော့က ကရင်အမျိုးသားများကို ဦးထိပ်ထားပြီး၊ နှစ်ဘက် ဗဟိုခေါင်းဆောင် များ တွေ့ဆုံသင့်ပြီ အချိန်မဆွဲ သင့်တော့ကြောင်း၊ ဗိုလ်ချုပ်ကော်ထူးသို့ ကြေးနန်းဖြင့် တင်ပြခဲ့သည်။ ဗိုလ်ချုပ်ကော်ထူးမှ ရဲဘော်၏ တင်ပြချက်အား လက်ခံပါကြောင်း၊ ရဲဘော်ထံသို့ အရောက်လာပြီး ဗိုလ်မြနှင့် တွေ့ဆုံမည်ဟု အကြောင်းပြန်ကြားခဲ့သည်။ ကျောက်ကြီးမြို့နယ်သို့ လာရန် စီစဉ်ထားသော်လည်း ရန်သူ့ စခန်းတခုကို တိုက်ခိုက်ရန် စစ်ချီစဉ်တွင် ဌက်ဖျားရောဂါအပြင် နှလုံးရောဂါ တို့ကြောင့် ဗိုလ်ချုပ်ကော်ထူး ကျဆုံးခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီသည် ပဲခူးရိုးမတိုင်းတွင် စစ်ကြောင်း (၁)/(၂)/(၃)နှင့်၊ ကျောက်ကြီးမြို့နယ်၌ ဗိုလ်ကျော့ ဦးစီးသည့် စစ်ကြောင်းအမှတ်(၄)ကို ဖွဲ့စည်းခဲ့ သည်။ ရန်သူ၏ စစ်အင်အား အလုံးအရင်းနှင့် တိုက်ခိုက်ခြင်း အပြင် ဖြတ်(၄)ဖြတ် စစ်ဆင်ရေးကြောင့်၊ စစ်ကြောင်း (၁/ ၂/ ၃) တို့မှ ရဲဘော်များ သေသူ သေ၊ ဒဏ်ရာရသူ ရ၊ ထမင်း ငတ်သူ ငတ် ဖြစ်ရပြီးနောက်၊ တပ်များ ဖရိုဖရဲ ဖြစ်လာ သဖြင့် စစ်ကြောင်း (၁/ ၂/ ၃) တို့ကို ပြန်ပေါင်း ခိုင်းခဲ့သည်။ ပြန်ပေါင်းလိုက် သောအခါ စစ်ကြောင်း တကြောင်း အင်အားလောက်သာ ကျန်တော့သည်။

ကေအဲန်ယူပါတီ တပ်များနည်းတူ၊ ဗကပ တပ်များသည်လည်း အလူး အလိမ့် ခံခဲ့ကြရပြီးနောက် အင်အားနည်းပါးလာခဲ့သည်။ ထိုအချိန်တွင် အရှေ့ မြောက်ပိုင်းတွင်၊ ဗကပ ခေါင်းဆောင် ဗိုလ်နော်ဆိုင်း စစ်ကြောင်း သည် ရန်သူကို အတိအကျ အထိနာအောင် တိုက်ခိုက်နိုင်ခဲ့သဖြင့်၊ ရန်သူ့ထံမှ လက်နက် အမြောက်အများအပြင် လက်နက်ကြီးများကိုပင် သိမ်းပိုက်နိုင်ခဲ့သည်။ ထိုစဉ်က ဗိုလ်ကျော့စဉ်းစားမိသည်မှာ ဗကပ သည် ဗမာပြည်တပြည်လုံးကို သိမ်းယူမည့် အတွေးအခေါ် မရှိခဲ့၍သာ၊ ဗကပ၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ သခင်ဗသိန်းတင်သည်၊ ပဲခူးရိုးမ အခက်အခဲဖြစ်နေချိန်တွင် လက်နက်နှင့် တပ်အင်အားများ ပေးပို့ခဲ့ခြင်း မရှိ။ ထို့ကြောင့်လည်း ပဲခူးရိုးမ ကျဆုံးခဲ့ရသကဲ့သို့ သခင်ဇင်သည်လည်း ရန်သူ့လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။

ဗကပ ဥက္ကဋ္ဌကြီး သခင်ဇင်၏ တပ်အင်အား နည်းလာသည်က တကြောင်း၊ တပ် တည်ငြိမ်မှု မရှိသကဲ့သို့ အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင် ကြုံတွေ့နေရကြောင်းကို ရန်သူမှ ခန့်မှန်းသိရှိသွားခဲ့ရာမှ သခင်ဇင်ရှိရာ ဧရိယာ ကိုသာ အတင်းဦးတည် ဖိတိုက်ခဲ့ခြင်းကြောင့် ဥက္ကဋ္ဌကြီး သခင်ဇင်မှာ ရန်သူ့ လက်ချက်ဖြင့် အာဇာနည် ပီပီ တိုက်ပွဲအတွင်း၌ပင် ကျဆုံးခဲ့ရသည်။ ပဲခူးရိုးမမှ ဗကပ ၏ တပ်များ ရုပ်သိမ်းသွားပြီးနောက်တွင် ပဲခူးရိုးမ တွင် ကေအဲန်ယူပါတီ တဖွဲ့တည်းသာ ကျန်တော့သဖြင့် ဗိုလ်ချုပ်မြမောင်နှင့် တပ်အင်အား တရာ ကျော်ကို ဦးတည် တိုက်ခိုက်လာတော့သည်။

ဦးနေဝင်း၏ နိုင်ငံတော် လက်ဝါးကြီးအုပ် စနစ်ကြောင့် တိုင်းပြည်တွင် ကုန်ပစ္စည်းများရှားလာ သဖြင့် ထိုင်းနိုင်ငံနယ်စပ် သူမွဲချောင်း (သောင်ရင်းမြစ်) တလျောက် ဗိုလ်ချုပ်မြသည် ဝမ်းခါဂိတ်၊ မော်ဖိုးကေဂိတ်များ ကို ဖွင့်လှစ်ခဲ့သည်။ ထိုအခါ K.N.L.F. အဖွဲ့အတွက် ဝင်ငွေကောင်းလာပြီး၊ M-16, M-17, M-79 လက်နက်များ များစွာ ဝယ်ယူနိုင်ပြီး အရှေ့တိုင်း

တပ်မဟာ တပ်များတွင် ရိုင်ဖယ်နှင့် ဘရင်းဂန်းများနေရာ၌ အစားထိုး လာနိုင်ခဲ့သည်။ ထို အချိန်က အမေရိကန် ဗီယက်နမ် စစ်တွင် အမေရိကန်တို့ အလူးအလဲ ခံရနေချိန်ဖြစ်သည်။ ဗီယက်နမ်သို့ပို့မည့် လက်နက်များမှ တခ့ျိုသည် မှောင်ခိုဈေးကွက်ရောက်ပြီး ကရင် တော်လှန်ရေးသမားများ အတွက် ခေတ်မီလက်နက်များ တပ်ဆင်ရေး အတွက် အကွက်ကောင်းဖြစ်လာခဲ့သည်။ ခေတ်မီ လက်နက်များ တပ်ဆင်ထား သော ဗိုလ်ချုပ်မြတပ်များသည် စိတ်ဓါတ်တက်ကြွလာခဲ့သည်။ ဗိုလ်ချုပ်မြသည် လည်း ခေတ်မီ လက်နက်များဖြင့်၊ ပွဲဦးထွက် ရန်သူကို တိုက်ခိုက်ရန် ဆန္ဒရှိပုံ မရသော်လည်း၊ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကေအဲန်ယူပါတီ ကျောက်ကြီး မြို့နယ်တပ်များအား တိုက်ခိုက်ရန်၊ ဗိုလ်မှူးကြီးဂလက်စတုံး ဦးစီးသော တပ် အင်အား (၈၀၀)ကျော်ဖြင့် ပွဲဦးထွက် တိုက်ပွဲကို ဆင်နွှဲခိုင်းခဲ့သည်။

ဗိုလ်ကျော့သည် တပ်မှူး တပ်သားများအား ခေါ်ယူပြီး၊ ဗိုလ်မှူးကြီး ဂလက်စတုန်းနှင့် တပ်အင်အား (၈၀၀)ကျော်တို့ ဝင်ရောက်တိုက်ခိုက်လာခြင်းကို ရှင်းပြသည်။ ဤတကြိမ်ကတော့ နောက်ဆုံးတိုက်ပွဲဘဲ ဖြစ်လိမ့်မည် ဖြစ်ကြောင်းနှင့် ရဲဘော်တို့ ပြည်သူလူထုနှင့် လက်တွဲပြီး ရဲရဲ တိုက်ပွဲဝင်ကြရန် ပြောဆိုသည်။ ရန်သူမှလည်း ဖြတ်(၄)ဖြတ် စစ်ဆင်ရေး နည်းဖြင့် ဝင်ရောက် လာပြီး၊ လူထုရိက္ခာများကို စုပုံခိုင်းထားခြင်း၊ ကျေးရွာများကို ခြံခတ်ထားခြင်း၊ အခြေစိုက် တပ်များ ချထားလာခြင်း၊ တောင်ခြေရွာများအား ရွှေ့ပြောင်း နေထိုင်စေခြင်းတို့ကို ပြုလုပ်ခဲ့သည်။ “ကျူးကျော် သူ ဗိုလ်မြဦးဆောင်သော ကေအဲန်အယ်လ်အက်ဖ် တပ်များသည် လက်နက်ကောင်းများ ကိုင်ဆောင်ထားကြ သော်လည်း ရိက္ခာ များများ သယ်မလာနိုင်သဖြင့် ကျေးရွာများကိုသာ အားကိုးကြ ရမည်။ ရန်သူ့ စစ်ဆင်ရေးကြောင့် ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်ကြရမှာဘဲ။ ကျူးကျော်သူတွေ ရိက္ခာအတွက် ရွှေ့ပြောင်းရွာများသို့ ဝင်လျင် ရန်သူကလည်း တိုက်မှာဘဲ။ ဒို့ဝင်ယူရင်လည်း ရန်သူက တိုက်မှာဘဲ။ ကျူးကျော်တပ်တွေ ရိက္ခာနဲ့ဘဲ နပမ်းလုံးနေရလျင် ကျနော်တို့ကို တိုက်ဖို့ အင်တိုက် အားတိုက် တိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး။ ကျနော်တို့ ဘက်မှာက ပြည်သူရှိတယ်။ စစ်ပွဲဆိုတာ ပြည်သူတွေကသာလျင် အဆုံးအဖြတ်ပေးမှာ ဖြစ်တယ်၊ ဒီတကြိမ် လည်း လူထုကဘဲ စစ်ပွဲကို အဆုံးအဖြတ်ပေးသွားမယ်ဆိုတာကို မြင်ကြရမှာဘဲ။”

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“ကျနော်တို့ဘက်က ရိက္ခာအတွက် (၂)နှစ်စာလောက် ကြိုတင်ပြင်ဆင် ထားတာ ဖြစ်လို့ ဒီတိုက်ပွဲကို ရင်ဆိုင်နိုင်ပါတယ်။ ကျနော်တို့တပ်တွေအားလုံး စုစည်းပြီး တောနက်တဲ့နေရာမှ ပုန်းနေတဲ့ နည်းကို ကျင့်သုံးမယ်။ ကျနော်တို့ တပ်တွေရဲ့ အစအန အနှံ့ခံမရဘူးဆိုရင်၊ ဘယ်လိုမှ လိုက်ရှာနိုင်မှာ မဟုတ်။ သူတို့ ကျနော်တို့ကို လိုက်ရှာနေတဲ့အချိန် ကျနော်တို့က ကွင်းဆင်းပြီး ရန်သူကို ဝိုင်းပတ် တိုက်သွားမယ်”ဟု ဆွေးနွေး ရှင်းလင်းပြသည်။

တပ်မှူးတဦးက “ကျနော်တို့တိုက်ပွဲက ဘယ်လိုနည်းနဲ့ ပြီးမှာလဲ”ဟု မေးခဲ့ရာ။ ဗိုလ်ဂျော့က “ကျနော်တို့ ရန်သူနဲ့ မပူးပေါင်းနိုင်ဘူး။ ကျူးကျော်တပ် တွေလည်း ရန်သူနဲ့ မပေါင်းသေးတဲ့ အခြေအနေ ရှိခြင်းကြောင့်၊ သူမနိုင်၊ ငါမနိုင် စစ်ပွဲသာဖြစ်တယ်။ ကျနော်တို့ရဲ့ ကျောက်ကြီးမြို့နယ် တိုက်ပွဲဟာ တနေ့မှာ စားပွဲ ပေါ်၌သာ ပြီးဆုံးရမှာကို ရဲဘော်တို့ သိရှိထားကြပါ”ဟု ရှေ့ဆောင်မှူ ပြုပေး ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ရန်သူသည် အောင်စိုးမိုး စစ်ဆင်ရေးဖြင့် ဗိုလ်ချုပ် မြမောင်နှင့်အဖွဲ့ကို ဦးတည် တိုက်ခိုက်လာသည်။ ဗိုလ်ချုပ်မြမောင် ကျောက်ကြီး မြို့နယ်သို့ မကူးနိုင်စေရန် စစ်တောင်းမြစ်ရှိ ကျေးရွာများ အားလုံးကို စစ်တပ်များ ချထားလိုက်သည်။ လှေကြီး၊ လှေငယ်များ အားလုံးကိုလည်း စစ်တပ်မှ ထိန်းချုပ် ထား လိုက်သည်။ ပဲခူးရိုးမတောင်ခြေကို ပိတ်ဝိုင်းပြုလုပ်ခဲ့သည်။ ရန်သူသည် စစ်အင်အားဖြင့် ပြင်းပြင်းထန်ထန် စစ်ဆင်ရေးကြီးကို ပြုလုပ်ခဲ့သည်။

၁၉၇၄ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ကျူးကျော်ရေးတပ်နှင့် ကျောက်ကြီး မြို့နယ် နော်ဒိုး၊ ကဝါစိုး တောင်ထိပ်တွင် တိုက်ပွဲတစ်နေကုန် ဖြစ်ပွားခဲ့သည်။ ညဉ့်အချိန်ရောက်မှပင် ဗိုလ်ဂျော့တို့ တပ်သည် ဖောက်ထွက်ကာ ကွင်းစပ်သို့ ဆင်းလာခဲ့ပြီး၊ တပ်ဖြန့်ကာ ပြောက်ကျားစစ်ရေးကို ပြင်ဆင်ခဲ့သည်။ ထိုတိုက်ပွဲ တွင် ကျူးကျော်သူ တပ်များ အထိနာခဲ့ရသည်။ ရိက္ခာအခက်အခဲကြောင့် ဗိုလ်မှူး ကလက်စတုန်းနှင့် အဖွဲ့သည် တပ်ပြန်ဆုတ်သွားလေတော့သည်။ ရန်သူသည် ဗိုလ်ချုပ်မြမောင်နှင့် သူ့အဖွဲ့၏ အခြေအနကို ခန့်မှန်းနိုင် သဖြင့် တဆင့်တက် ထိုးစစ်ကြီးပြု လုပ်ခဲ့ရာ၊ ဗိုလ်ချုပ်မြမောင်နှင့် သူ၏ တပ်ဖွဲ့ များသည် ပဲခူးရိုးမမှတဆင့်၊ ၁၉၇၅ ခုနှစ်တွင် အရှေ့ဘက်ကမ်း ညောင်လေးပင် ခရိုင်၊ မုန်းမြို့နယ်သို့ အရဲစွန့် ကူးလာခဲ့သည်။ စောခတ်ဒဲ ကျေးရွာအနီးသို့ ရောက် သောအခါ တပ်မဟာ(၃)မှ ပြောက်ကျားပစ်ခတ်သဖြင့် ဗိုလ်မြမောင်တပ်ဖွဲ့ဝင် တဦးကျဆုံးသွားကြောင်း သတင်းကို ကြားရသည်။ ညောင်

လေးပင်ခရိုင် တပ်မဟာ(၃) ခေါင်းဆောင်များနှင့် အဆက်အသွယ် ရယူပြီး၊ K.N.L.F. ဗဟိုနှင့် တွေ့ဆုံရန် ထွက်သွားသည်။

စောထာ စခန်းတွင် တွေ့ဆုံခဲ့ကြပြီး၊ ဗဟို နှစ်ခု ပြန်လည် ပေါင်းစည်း နိုင်ခဲ့သည်။ ဗိုလ်ချုပ်မြ မောင်က K.N.U.P. ကို ဖျက်သိမ်း လိုက်ပြီး၊ K.N.L.F. နှင့် ပြန်လည် ပူးပေါင်းသွားသည်။ ဗိုလ်ကျော့က K.N.U.P. ကို ဗိုလ်ချုပ်မြမောင်က ဖျက်သိမ်းလိုက်ပြီး၊ K.N.L.F. အဖွဲ့နှင့် ပြန်လည် ပေါင်းလိုက်ပြီဖြစ်သဖြင့် မိမိတို့ တိုက်ပွဲ ရည်ရွယ်ချက် သည် လုံးဝ ပြည့်စုံသွားပြီ ဖြစ်ကြောင်း၊ စားပွဲဝိုင်းတွင် ပြီးဆုံးခဲ့ပြီ ဖြစ်သဖြင့် ကရင် တမျိုးသားလုံး ကရင့် တော်လှန်ရေးတပ်များ တပေါင်းတစည်းတည်း ပြန်ဖြစ် လာပြီ ဖြစ်သောကြောင့် ကရင် အမျိုးသားတိုင်း အနေဖြင့်လည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြမည်မှာ အသေအချာပင် ဖြစ်ကြောင်း ယင်းမှာ ရဲဘော်တို့၏ ရပ်တည်ချက် ကြောင့်သာ ဖြစ်ပေါ်လာသည့် ရလာဒ် ကောင်း တခုဖြစ်ကြောင်း၊ ကရင်အမျိုးသား များ စည်းလုံး ညီညွတ်ရေး ရရှိပြီဖြစ်တဲ့အတွက် ရန်သူများ အနေဖြင့် ထိုသတင်း ကို ကြားသွားပါက ဒီတခါတော့ ကရင်တွေကို အနိုင် တိုက် နိုင်တော့မှာ မဟုတ်ဘူး လို့ ပြောနေကြမှာ အသေအချာပင် ဖြစ်ကြောင်းကို ပြောကြားခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာန
Independent Karen Historical Research Association.
(I.K.H.R.A.)
မာတိကာ အပိုင်း(၄)

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့် စောသိန်းလွင်၏		
နိုင်ငံရေး ဖြတ်သန်းမှု	၃	383
လမ်းနှစ်သွယ်	၆	386
သတင်းစာများ၏ လှုံ့ဆော်မှု	၇	387
တိုက်ပွဲသတင်း	၁၀	390
လက်ပံတန်းသို့ ရောက်လာခြင်း	၁၁	391
တော်လှန်ရေးသမား ဖြစ်လာပုံ	၁၂	392
တပ်မဟာ(၁) နယ်မြေမှ ဆုတ်ခွာခဲ့ခြင်း	၁၃	393

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဝက်လှလေး တိုက်ပွဲ ၁၄ 394
ဗိုလ်ကြီး ဒယ်နီယယ်ပျော ကျဆုံးခြင်း ၁၇ 397
တပ်မဟာ(၁) မြစ်ဝကျွန်းပေါ်သို့ ပြန်ဆင်းခြင်း ၁၇ 397
ဟန်တာသာမွေးနှင့် မန်းဘဇန် ၂၁ 401
ဟန်တာသာမွေး ကော်သူးလေ သမ္မတဖြစ်လာခြင်း ၂၁ 403
ဝိန့်ထောင်ရွာနှင့် ဒုတိယလမ်းစဉ် ၂၂ 402
ခတ္ထိယကျောင်း ၂၄ 404
ဝိန့်ထောင် ကွန်ဖရင့်မှ လှေ့ဆွဲ တပ်မှူး အစည်းအဝေးသို့ ၂၄ 404
ဗိုလ်ချုပ်ကျော်မြသန်းမှ ဗိုလ်ချုပ်ကော်ထူးသို့ ၂၆ 406
စောသိန်းလွင်နှင့် အရှေ့တိုင်းခရီး ၂၆ 406
ဆောမူခိုလော ၂၇ 407
ဗိုလ်ကြီးနော်ခါရီနှင့် အရှေ့တိုင်းခရီး ၂၈ 408
အရှေ့တိုင်း စစ်ဦးစီးစခန်းသို့ ၃၂ 412
အထက်တန်းကျောင်းသားဘဝ၊ /ကောလိပ်ကျောင်းသား ဘဝ၊ ၄၀ 420
ဘန်ကောက် ကိုယ်စားလှယ် ၄၁ 421
K.R.C. ၏ ဦးတည်လှုပ်ရှားမှု ၄၃ 423
နယ်ခြံဆန့်ကျင်ရေးထက် မှီခိုရေး သဘောထား ၄၄ 424
ကောလိပ်ကျောင်းကို မလေးကျောက်သို့ ပြောင်းရွှေ့ခြင်း ၄၅ 425
လင်းထင်၏ စစ်ဆင်ရေး ၄၆ 426
ဘဲလင်းနှိမ့ ဧည့်ခံပွဲကြီး ၄၇ 427
နွေရာသီ စစ်သင်တန်းကျောင်း ၄၉ 429
အောင်မော်အေး ထိုးစစ်ကာလ ၅၀ 430
စစ်ဦးစီး ဌာနချုပ် စခန်း ၅၁ 431
ဗိုလ်သိန်းလွင် နှင့် အောင်မော်အေး ထိုးစစ် ၅၃ 433
ဗိုလ်သိန်းလွင်နှင့် သံ့ပန်း ပေါ်လစီ ၅၅ 435
လယ်ဝါးခို တိုက်ပွဲ ၆၀ 440

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အာဇာနည် နံပြောင် ၆၂ 442
မန်းရှန်ဖလေ့ အဖမ်းခံရခြင်း ၆၅ 445
အောင်မော်အေး ထိုးစစ်နှင့် ခုခံ တိုက်ခိုက်မှုများ ၆၅ 445
ဗိုလ်ချုပ်ကော်ထူးနှင့် ရှမ်းပြည် ခရီး ၆၆ 446
G.O.C. ထော့မဲပါနှင့် ဗိုလ်မြကိစ္စ ၆၈ 448
ကဆောဝါး ညီလာခံနှင့် နိုင်ငံရေး ပဋိပက္ခ ၇၁ 451
ခေးပူး စခန်းသစ် ၇၈ 458
ဗိုလ်သိန်းလွင်ဇနီး အဖမ်းခံရခြင်း ၈၃ 463
စောသိန်းလွင်နှင့် ဗဟိုကော်မတီသစ် (ဘွဲ့ဘောဒဲ အစည်းအဝေး) ၈၅ 465
မန်းဘဇန်နှင့် ဗဟိုကော်မတီ အစည်းအဝေး ၈၆ 466
ဗိုလ်သိန်းလွင်နှင့် အရှေ့မြောက် ခရီးစဉ် ၈၉ 469
K.N.U.P. နှင့် နိုင်ငံခြား ဆက်သွယ်ရေးကြိုးပမ်းမှု ၉၀ 470
ဗိုလ်စံသိန်း၏ အကြံအစည် ၉၄ 474
ဖလေးစာလိုစခန်း ၉၆ 476
ဒုတိယ အဖွဲ့၏ ခရီးစဉ် အသေးစိတ် ၉၆ 476
တရုတ်ပြည် နယ်စပ်ခရီး၊ C. P. C., C.P. B.နှင့် တွေ့ဆုံခြင်း ၉၈ 478
ကျောက်မဲဒေသ ရှာပုံတော် ၁၀၄ 484
စောသမိန်ထွန်း ဒဏ်ရာရခြင်း ၁၀၅ 485
ပလောင် တောင်တန်းဒေသနှင့် ပြည်တော်ပြန်အဖွဲ့ ၁၀၈ 488
ပအိုဝ်းဒေသသို့ ဦးတည်ခြင်း ၁၀၉ 489
မန်းရှာလားဖန်း၊ ထွန်းငွေ (ခေါ်) စောဝါးတို့ အခြေအနေ ၁၁၂ 492
သမိန်ထွန်းနှင့် တရုတ်ကလေး စောဝါးတို့ အခြေအနေ ၁၁၃ 493
ဗိုလ်သိန်းလွင်နှင့် ပဲခူးရိုးမသို့ ခရီး ၁၁၄ 494
ဗကပ နှင့် ကေအဲန်ယူ နှစ်ပါတီ နှုတ်ဆက်ပွဲ ၁၁၆ 496
ဗိုလ်သိန်းလွင် နှင့် တတိယ တော်လှန်ရေး ၁၁၉ 499
အရှေ့တိုင်း ဖြတ်လေးဖြတ် ၁၂၃ 503

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်
စောသိန်းလွင်၏ ဖြတ်သန်းမှု

စောသိန်းလွင်ကို ၁၉၃၇ ခုနှစ်၊ မေလ (၂၈)ရက်နေ့တွင် မွေးဖွားသည်။ ဖခင် အမည်မှာ စောချက် ဖြစ်သည်။ တောင်ငူမြို့ မြေတိုင်းဌာနတွင် အမှုထမ်း သောကြောင့် သူ့ကို စာရေးကြီး စောချက်အမည်နှင့် လူသိများသည်။ မိခင်သည် စောသိန်းလွင် လသားအရွယ်၌ပင် သေဆုံးသွားသဖြင့် မိခင် အမည်ကိုပင် စောသိန်းလွင် မသိလိုက်ပါ။
ညီအစ်ကိုမောင်နှမ(၄)ယောက် အနက် စောသိန်းလွင်မှာ အငယ်ဆုံးဖြစ်ပြီး အကြီးဆုံး အစ်မကြီးကိုမူ `ပူလူးမိုး´ ဟု ခေါ်သည်။ ထို့နောက် အစ်ကိုကြီး၊ အစ်ကိုကြီး အောက်မှ အစ်မကို “ကြီးကြီးမိုး” ဟုခေါ်သည်။ စောသိန်းလွင်တို့ မိသားစုသည် တောင်ငူမြို့ ကရင်မဈေးရပ်ကွက်တွင် နေထိုင်ကြ သည်။

၁၉၄၂ ခုနှစ်၊ ဂျပန်ခေတ်တွင်၊ ဂျပန်တပ်နှင့် ဘီအိုင်အေ တပ်များက ပူးတွဲပြီး ဖြိတ်သျှတပ်များကို တောင်ငူ၌ ပိုက်စိပ်တိုက် ရှာဖွေသော အချိန်တွင် ဖခင် စောချက်မှာ၊ လူမမယ် ကလေး (၄)ယောက်နှင့်အတူ၊ တောပိုင်းသို့ ရှောင်ပြေးခဲ့ကြရသည်။ တောပိုင်း ဆိုသည်မှာ စစ်တောင်းမြစ် တစ်ဖက်ကမ်း ဆိပ်ဖူး တောင်ခေါ် “ ဘောတတြောလူ” ကျေး ရွာသို့ဖြစ်ပြီး ထိုရွာလေးသည်၊ ပတီးချောင်း တွင်ရှိပြီး၊ ဘောဂလိခေါ်“ခလယ်ဝါး”သို့လည်း လမ်းပေါက်သည်။ ဂျပန်နှင့် ဘီအိုင်အေ တပ်များသည် တောင်ငူမြို့၌ ပိုက်စိပ်တိုက် ရှာဖွေပြီးနောက် တောင်ပိုင်းဖြစ်သော စောသိန်းလွင်၏ မိသားစု ပုန်းအောင်းနေသော ရွာသို့ ဦးတည်လာသောအခါ ဖခင် စောချက်နှင့် သူ၏ လူမမယ် သားသမီး (၄)ယောက် နှင့်အတူ ဂျပန်နှင့် ဘီအိုင်အေ တပ်များကို ရှောင်တိမ်းပြီး တောင်ငူမြို့သို့ ပြန်တက် ပြေးရ ပြန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တောင်ငူမြို့သည် အင်္ဂလိပ်ခေတ်က အမေရိကန် နှစ်ခြင်းသာသနာပြုများ ရောက်လာပြီး၊ ခရစ်ယာန် သာသနာပြန့်ပွားရာ အခြေပြုရာ ဒေသဖြစ်သဖြင့်၊ အင်္ဂလိပ် အုပ်ချုပ်ရေးနှင့် ဆက်စပ်နေသော သာသနာပြု ပုဂ္ဂိုလ်များကို လိုက်လံ ဖမ်းဆီးခြင်း ဖြစ်သည်။ ခရစ်ယာန် သာသနာပြုများသည်၊ ဂျပန်များကို ခုခံဖို့ရန်အတွက် စည်းရုံး လှုပ်ရှားမှုများ ပြုလုပ်နေသည်ဟုလည်း ဂျပန်တပ်က သတင်း ရထားသည်။ ဂျပန် ဝင်လာခါစ အမေရိကန် သာသနာပြုတဦးဖြစ်သူ ဆရာ ခလိန်း (CL, Klein)သည် ဂျပန်တပ်ကို ခုခံ တိုက်ခိုက်ရန်၊ ကရင်လဲဗီး (Levies) တပ်များကို စတင်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ဂျပန်များ တမြို့ပြီး တမြို့ သိမ်းပြီးနောက် ဂျပန်များ တောင်ငူသို့ ရောက် သောအခါ ဆရာခလိန်းသည် အင်္ဂလိပ် တပ်နှင့်အတူ အထက် ဗမာပြည်သို့ ဆုတ်ခွာ သွားလေသည်။

ဂျပန်များ တောင်ငူမှ ပြန်ဆုတ်သွားသောအခါ စောသိန်းလွင်တို့ မိသားစု အပါအဝင်၊ စစ်ပြေး ကရင်အိမ်ထောင်စုများသည်၊ အစ္စထူးဒယ်စု ရပ်ကွက်တွင် ပြန်လည်အခြေချ နေထိုင်လေသည်။ ၁၉၄၅ ခုနှစ်၊ ဂျပန်များ လက်နက်ချပြီး မကြာမီမှာပင် စောသိန်းလွင်၏ ဖခင် စောချက်မှာ အဆုတ်ရောဂါဖြင့် ကွယ်လွန် သွားခဲ့သည်။ မိဘမဲ့ ဖြစ်သွားသော စောသိန်းလွင် နှင့် မောင်နှမ (၄) ယောက်ကို အဒေါ်တော်စပ်သူတဦးက ဆက်လက်ပြီး တာဝန်ယူ စောင့်ရှောက်ပေး ခဲ့သည်။ သို့သော်လည်း မောင် နှမ (၄)ယောက်ကို ရေရှည် ကျွေးမွေးရမည့် တာဝန်မှာ မသေးလှပါ။ အဒေါ်တို့ မိသားစု မှာလည်း ကြွယ်ဝ ချမ်းသာသူများ မဟုတ်။ ထို့ကြောင့် စောသိန်းလွင်နှင့် အစ်ကိုလတ် ဖြစ်သူ ညီအစ်ကို နှစ်ဦးကို လက်ပံတန်း တွင်ရှိသော ဦးလေးတဦးထံသို့ ပို့ရန် စီစဉ် လေသည်။ လက်ပံတန်းမှ ဦးလေးကလည်း အခြေအနေမှန်ကို သိထားသဖြင့် စောသိန်းလွင်တို့ ညီအကို နှစ်ယောက်ကို လာရောက်ခေါ်ယူသည်။ သို့သော် လက်ပံတန်း သို့ ချက်ချင်း ခေါ်မသွားဘဲ ရန်ကုန်၌ရှိသော အဒေါ်မိသားစုထံတွင် ခေတ္တ အပ်နှံထားခဲ့သည်။ အဒေါ်၏ ခင်ပွန်းမှာ “ဝေါထယ်ခိုင်” ဖြစ်သည်။ “ဝေါထယ်ခိုင်” သည် ပုလိပ်ဝန်ထောက် တဦးဖြစ်ပြီး၊ မြေနီကုန်း အမှုထမ်းရုပ်ကွက်တွင် နေထိုင်သည်။ “ဝေါထယ်ခိုင်” ၏ ညီဖြစ်သူ “မူဒီခိုင်” မှာ ဗမာ့အသံလွှင့်ဌာန “Voice of Burma” စကောကရင် အစီအစဉ်တွင် သတင်းကြေညာသူ တဦးဖြစ်သည်။ “ရှီဘာခိုင်” နှင့် “နယ်လီခိုင်” စသော ညီအစ်မ နှစ်ယောက်လည်း ရှိသည်။

စောသိန်းလွင်တို့ ညီအစ်ကို နှစ်ယောက် မြေနီကုန်း အဒေါ်အိမ်သို့ ရောက်သော အချိန်သည် ကရင်အမျိုးသား အစည်းအရုံးက ဦးဆောင်ပြီး၊ တပြည်လုံး အတိုင်းအတာနှင့် ပြည်လုံးကျွတ် ဆန္ဒပြပွဲတခုကို ကျင်းပရန် စည်းရုံး လှုံ့ဆော်နေသော ကာလလည်း ဖြစ်သည်။ ဆန္ဒပြမည့် အကြောင်း အရင်းမှာ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄)ရက်နေ့တွင် ဗမာပြည် လွတ်လပ်ရေး ရပြီးဖြစ်သော်လည်း ကရင်လူမျိုးများ တောင်းဆိုထားသော ကရင် ပြည်ကို ဖဆပလ အစိုးရက မပေးရုံ သာမက၊ မြန်မာသတင်းစာများက ကရင်များသည် နယ်ခြဲလက်ကိုင်တုတ်များ အဖြစ်၊ ဆူပူသောင်းကျန်းသူများအဖြစ် စွပ်စွဲရေးသား ရှုတ်ချ နေချိန်လည်း ဖြစ်သည်။ ထိုကာလတွင် KNU အစည်းအရုံးက ဖဆပလ အစိုးရထံသို့ စာရေးသားပြီး၊ ကရင်ပြည်အရေး တောင်းဆိုချက်ကို ၁၉၄၈ ခုနှစ်၊ မတ်လ (၃)ရက် နေ့တွင် အကြောင်းပြန်ကြားရန် တောင်းဆိုထားလေသည်။ ထိုနေ့ မရောက်မီ တောင်း ဆိုချက်များ အပေါ် လေးနက်စေရန်အတွက် ဖေဖော်ဝါရီ (၁၁)ရက်နေ့တွင် တပြည်လုံး ဆန္ဒပြပွဲကြီးကို စီစဉ် ကျင်းပရန် ဖြစ်သည်။ ထိုဆန္ဒပြပွဲတွင် KNU ၏ ကြွေးကြော်သံ (၄)ရပ်ကို ဗမာပြည်တွင်း မြို့ကြီးများတွင် စီတန်းလှည့်လည်၍ အသံတိတ်ဆန္ဒပြကြရမည် ဖြစ်သည်။

ကရင်တို့၏ တောင်ချက် (၄)ရပ်မှာ ...

ကရင်ပြည် ချက်ချင်းပေး။

ကရင်တကျပ်၊ ဗမာတကျပ် ချက်ချင်းပြ။

လူမျိုးရေး အဓိကရုဏ်း အလိုမရှိ။

ပြည်တွင်းစစ် အလိုမရှိ။

ဤကြွေးကြော်သံ (၄)ရပ်သည် နိုင်ငံရေးအရ လွတ်လပ်ရေး၊ တန်းတူရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့ကို အခြေခံပြီး ကိုလိုနီ ကျွန်ပြုခံ နေရသော နိုင်ငံသား အားလုံး၏ အမျိုးသား လွတ်မြောက်ရေး ကြွေးကြော်သံများသာ ဖြစ်သည်။ ဆန္ဒပြသူ များသည် ကြွေးကြော်သံ (၄)ရပ်ကို ပိတ်စများတွင် ရေးသားပြီး ရှေ့ဆုံးမှ အများ မြင်သာအောင် လွှင့်ထူလျက် အေးချမ်းစွာ စီတန်းလှည့်လည်ပြီး ကရင်လူထုကြီး တရပ် လုံး၏ ဆန္ဒကို ဖော်ထုတ်ခဲ့ကြသည်။ ထို တပြည်လုံး ဆန္ဒပြပွဲကြီးသို့ ကျေးလက် ဒေသများ မှ၎င်း၊ တောင်ပေါ် ဒေသများ မှ၎င်း၊ ကရင် လူထုကြီးသည် နီးစပ်ရာမြို့အသီးသီးတွင် တည်အိပ်၊ နှစ်ညအိပ်ခရီး လာရောက်ကြပြီး၊ ကရင်အမျိုးသားများ၏ စည်းလုံး ညီညွတ်မှု ကို ဖော်ထုတ် ပြသခဲ့ကြသည်။

ကရင်အမျိုးသားများ၏ ဆန္ဒပြပွဲကို ဖဆပလ အစိုးရသည် နည်းမျိုးစုံနှင့် နှောက် ယှက်မှု ပြုကြသည်။ တောလက်ကျေးရွာနှင့် တောင်ပေါ်ဒေသများမှ ကရင် လူထုများ မြို့ပေါ်သို့ ချီတက်ရေးကို အတားအဆီးအမျိုးမျိုး ပြုလုပ်ကြသည်။ သို့သော်လည်း ကရင်ပြည်သူတို့၏ တက်ကြွမှု၊ ရဲရင့်မှု၊ ညီညွတ်မှု စိတ်ဓါတ်များကို မည်သည့်နည်းနှင့်မျှ မဟန့်တားနိုင်ခဲ့ပေ။ ဆန္ဒပြပွဲကြီးကို အခက်အခဲများကြားမှပင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးသည် ဗမာပြည်၏ မြို့ကြီးများဖြစ်သော မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ရေနံချောင်း၊ ချောက်၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် နမ့်ခမ်း အစရှိသော မြို့ကြီးများတွင် ကျင်းပနိုင် ခဲ့သည်။ တပြည်လုံး အတိုင်းအတာ လူဦးရေအားဖြင့် (၄)သိန်းကျော်ခန့် ရှိသည်။ ဗမာပြည်သမိုင်းတွင် အကြီးမားဆုံးနှင့် စည်းကမ်းအရှိဆုံး ဆန္ဒပြပွဲကြီးလည်း ဖြစ်သည်။

ရန်ကုန်မြို့တွင်လည်း ကားကြီး ကားငယ်များဖြင့် လှည့်လည်ရာတွင် စောသိန်း လွင်လည်း အစ်ကိုကြီးနှင့်အတူ ပါဝင်ခဲ့သည်။ အမှန်စင်စစ်တွင် စောသိန်းလွင်က အပျော် တမ်းကားစီးပြီး လိုက်ခဲ့ခြင်းဖြစ်သော်လည်း၊ သမိုင်းဝင် အဖြစ်အပျက်များကို မျက်မြင်ကိုယ် တွေ့ကြုံခဲ့ရခြင်းကြောင့် ၎င်း၏ ဘဝ တသက်တာတွင် မေ့မရနိုင်ခဲ့ပေ။

ထိုနေ့ ဆန္ဒပြပွဲကြီးတွင် စီတန်းလှည့်လည်သော ကရင်လူထု ပရိသတ်ကြီးနှင့် ကားကြီး ကားငယ်များသည် နောက်ဆုံး အင်းစိန်မြို့တွင် စုစည်းပြီး၊ ဟောပြောပွဲအပြင်၊ ကစားပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပနိုင်ရန် စီစဉ် ပြုလုပ် ထားလေသည်။ ဟောပြော ပွဲတွင် စောဘဦးကြီး ကိုယ်တိုင် တက်ရောက် ဟောပြောခဲ့သည်။ စောသိန်းလွင်မှာ ကလေး အရွယ်သာ ဖြစ်သော်လည်း စောဘဦးကြီးအား တွေ့မြင်လိုသောကြောင့် လူကြီး တယောက်က သူ့ကို ချီပင့်ပေးရန် အကူအညီ တောင်းခံခဲ့ရသည်။ K.N.D.O. ကာကွယ်ရေး တပ်သားများ ကလည်း ဆံရှည်များနှင့် ဥဒဟို သွားလာနေသည်ကို နေရာအနှံ့တွင် တွေ့ခဲ့ရ သည်။ အားကစား ပွဲတွင် သိန်းလွင်ကိုယ်တိုင် အာလူးကောက်ပွဲ ဝင်ကစားလိုက် သေးသည်။ ထိုနေ့ တနေ့လုံး စောသိန်းလွင် အတော် ပျော်ခဲ့ရသည်။ စောဘဦးကြီး ကိုလည်း သူတွေ့ ခဲ့ရသည်။ မကြာမီကမှ ဖွဲ့စည်းခဲ့သော ကရင်အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့များ၏ တက်ကြွမှုကို သိန်းလွင် အလွန် အားကျမိခဲ့သည်။

လမ်းနှစ်သွယ်

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ ဆန္ဒပြပွဲကြီး ပြီးဆုံးပြီးနောက်၊ ၁၉၄၈ ခုနှစ် မတ်လ (၃)ရက်နေ့တွင် K.N.U. နှစ်ပတ်လည် အစည်းအဝေးကို ပြုလုပ်လေသည်။ အစည်းအဝေးသည် ကရင်ပြည် ရရှိရေးသည် လက်နက်ကိုင် နည်းဖြင့်သာ ရရှိနိုင်မည် ဖြစ်ကြောင်း၊ K.N.U. ခေါင်းဆောင်များက ယူဆခဲ့သည်။ ထိုနှစ်ပတ်လည် အစည်းအဝေး ပြုလုပ်စဉ် ဦးနုက K.N.U. ခေါင်းဆောင်များအား ၎င်းနှင့် လာရောက်တွေ့ဆုံပြီး၊ ညစာ စားရန် ဖိတ်ကြားလေသည်။ အဆိုပါ ညစာ စားပွဲသို့ တက်ရောက်ခဲ့သော ကရင် ခေါင်း ဆောင်များမှာ စောဘဦးကြီး၊ မန်းစောဘု၊ ဆရာသာထိုး၊ စောသာဒင်၊ မန်းဂျိမ်းစ် ထွန်းအောင် တို့ အပြင် ဘုန်းကြီးများ ဖြစ်သော ဦးပညာဝံသ၊ ဦးဥတ္တမတို့ တက်ရောက်ခဲ့ ကြသည်။ ထမင်းစားပွဲတွင် ဦးနုက ကရင်အမျိုးသားများ တိုင်းပြည်ရရှိရေး နည်းလမ်း နှစ်သွယ်ကို ရွေးချယ်ရန်၊ ထို နည်းလမ်း နှစ်သွယ်မှာ ပါလီမန် ဒီမိုကရေစီ သို့မဟုတ် လက်နက်ကိုင် တိုက်ခိုက်သည့် နည်းတို့သာဖြစ်သည်။ သူ့အနေနှင့် ပါလီမန် ဒီမိုကရေစီ နည်းကိုသာ ရွေး ချယ်ရန်ကို တိုက်တွန်းခဲ့သည်။

၁၉၄၈ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့တွင် ဦးနုက ထပ်မံပြီး၊ ဖဆပလ အစိုးရအဖွဲ့နှင့် K.N.U. ခေါင်းဆောင်များ တွေ့ဆုံရန် စီစဉ်လေသည်။ ထိုတွေ့ ဆုံပွဲတွင် ဖဆပလ အဖွဲ့မှ ပုဂ္ဂိုလ်များမှာ (၁) ဦးနု၊ (၂) ဗိုလ်ဖိုးကွန်း၊ (၃) ဦး ဝင်းဖေ၊ (၄) ဦးအုန်းတို့ ပါဝင်ပြီး၊ K.N.U. ခေါင်းဆောင်များမှာ(၁) စောဘဦးကြီး၊ (၂) ဆရာသာထိုး၊ (၃) ဆရာသာဒင်၊ (၄) မန်းဂျိမ်းစ် ထွန်းအောင်၊ (၅) စောဘဲလေတို့ ဖြစ်ကြသည်။ ဆွေးနွေးပွဲတွင် ဦးနုက “စောဘဦးကြီး၊ ဖဆပ လ အနေနဲ့ကတော့ လွတ်တော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရသာ ဆောင်ရွက်ရတဲ့ အတွက်၊ ကရင်ပြည်ကို ပေးလို့ မဖြစ်နိုင်ပါ။ ကျနော်တို့က မပေးနိုင်တော့ နောက်ဆုံး တိုက် ကြဖို့ပဲရှိတယ်။ ကရင်နှင့် ဗမာ တိုက်ကြတဲ့အခါ ဗမာ ကလည်း သိုးသူငယ်လို အသာတကြည် လည်စင်းခံမှာ မဟုတ်ဘူး။ ကရင်တချက်ခုတ်ရင် ဗမာကလည်း နှစ်ချက် ပြန်မခုတ်နိုင်သည့် တိုင်အောင်၊ တချက်တော့ ပြန်ခုတ်ကြမှာပဲ။ အဲဒီတော့ ဥသျှစ်သီး နှစ်လုံးကို ထုလိုက်ရင် ထု တဲ့အလုံးရော အထုခံရတဲ့ အလုံးရော ကွဲမှာပဲ။ နောက်ဆုံး ကရင်-ဗမာ အနှစ်(၅၀)အတွင်း တ ဦးနှင့် တဦး မျက်နှာ ကြည့်ကြမှာ မဟုတ်ဘူး”ဟု ပြောလိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောဘဦးကြီးကလည်း ဦးနုကို ပြန်ပြောရာတွင် “ဒီလိုတော့ မဖြစ်နိုင်ဘူး။ ကျနော်တို့ရဲ့ သဘောထားကို ကြွေးကြော်သံ (၄)ရပ်ထဲမှာ ဖော်ပြ ထားပါတယ်။ ကျနော် တို့က ကရင် အမျိုးသား ကိုယ်စားလှယ်ဖြစ်တော့ ကရင် အမျိုးသားများရဲ့ ဆန္ဒကို တင်ပြ ရခြင်း ဖြစ်ပါတယ်။ ကျနော်တို့က တောင်းဖို့တာဝန်၊ ပေး မပေး ဆိုတာကတော့ ခင်ဗျား တို့ရဲ့ တာဝန်ပဲ” လို့ ပြန်လည် ပြောဆိုခဲ့သည်။ ဆက်လက်ပြီး ဦးနုက ကရင်များ တောင်းဆို ချက်ကို၊ မတ်လ (၁၈)ရက်နေ့တွင် ပြန်ကြားရန် သဘောတူလေသည်။ မတ်လ (၁၈)ရက် နေ့ ဦးနု၏ ပြန်ကြား ချက်တွင်လည်း ယခင် သဘောထားအတိုင်း ဖြစ်သည်။ ပါလီမန် ဒီမိုကရေစီနည်းနှင့်သာ ကြိုးပမ်း သွားရန် တိုက်တွန်းထားလေသည်။

သတင်းစာများ၏ လှုံ့ဆော်မှု

ဖဆပလ နှင့် ကရင်ခေါင်းဆောင်များ တွေ့ဆုံပြီးနောက်၊ မြန်မာ သတင်းစာများက ကရင်ခေါင်းဆောင်များအပေါ် အမျိုးမျိုး ရှုတ်ချ စွပ်စွဲမှုများကို ရေးသားဖော်ပြကြသည်။ ဗမာလူထုအကြား ကရင်များအပေါ် မုန်းတီးလာအောင် ကရင်-ဗမာ နားလည်မှု လွဲမှားရန် အမျိုးမျိုးရေးကြသည်။ ဗမာ သတင်းစာများ ရေးသားချက်တွင် ကရင်များသည် တိုင်းပြည် ဆူပူအောင် ပြုလုပ်သူများ၊ ဓါးပြတိုက်၊ လူဆိုး၊ လူမိုက်များ၊ နယ်ခ့ျဲ လက်ကိုင်တုတ်များ စသည်ဖြင့် ရေးသား ဖော်ပြကြသည်။ နေရာဒေသ အနံ့အပြား၌ ဗမာလူငယ် အမျိုးသား အမျိုးသမီးများသည် မီးရထားဘူတာများ၌ဝင်း ကားဂိတ်များတွင်ဝင်း ရန်ပုံငွေများ ကောက် ကြသည်။ လက်နက်ကိုင် တပ်ဖွဲ့များ အလျင်အမြန် ဖွဲ့စည်းကြသည်။ ထိုတပ်ဖွဲ့များတွင် လူဆိုး လူမိုက်၊ သူခိုး ဓါးပြများ အလုပ်လက်မဲ့ ထောင်ထွက်များ ပါဝင် ကြသည်။ အခ့ျို ထောင်သားများသည် ထောင်သက်ပင် မစေ့သေးဘဲ ထောင်မှ လွတ်ငြိမ်းခွင့်ရပြီး တပ်ထဲသို့ ဝင်လာရာ၊ စစ်ဥပဒေ စည်းကမ်းများကို လိုက်နာမှု အားနည်းပြီး အမျိုးမျိုးသော အကြမ်းဖက်မှုများကို ကျူးလွန်ကြလေသည်။

သထုံနှင့် တနင်္သာရီတိုင်းဘက်တွင်၊ ဖဆပလ လက်နက်ကိုင်တပ်က၊ ကရင် ကျေးရွာ သားများကို ဖမ်းဆီးအနိုင်ကျင့်ခြင်း၊ လက်နက်များ သိမ်းဆည်းခြင်း ပစ္စည်းများ ကိုလည်း လုယူကြလေသည်။ K.N.U. ခေါင်းဆောင်များက ဖဆပလ အစိုးရထံသို့ တင်ပြသော်လည်း အရေးမယူသည့်အပြင် ပိုမို၍ အကြမ်းဖက်မှုများ ပြုလုပ်လာလေသည်။ နောက်ဆုံး ကရင်

လူထုကြီးသည် မခံ မရပ်နိုင်တော့ဘဲ၊ K.N.D.O. ခေါ် ကရင် ကာကွယ် ရေးတပ်နှင့် M.N.D.O. ခေါ် မွန်ကာကွယ်ရေးတပ် တို့ ပူးပေါင်းပြီး၊ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့နှင့် စက်တင်ဘာလ (၁၇)ရက် နေ့တွင် မော်လမြိုင်၊ သထုံ၊ ရွှေကျင်၊ ကျောက်ကြီးမြို့များကို တိုက်ခိုက် သိမ်းပိုက် လိုက်ကြသည်။ ထိုအခါ ဖဆပလ ခေါင်း ဆောင်များက K.N.U. ခေါင်းဆောင်များကို တွေ့ဆုံပြီး မေတ္တာရပ်ခံသဖြင့်၊ သိမ်းပိုက် ထားသော မြို့များကို ဖဆပလ ထံသို့ ပြန်လည် ပေးအပ်ခဲ့လေသည်။ ထိုသို့ ပြန်လည် ပေးအပ်ရာတွင် ဖဆပလ က သိမ်းပိုက်ထားသော လက်နက်များကို ပြန်ပေးရန် ကတိပြု ခဲ့လေသည်။ သို့သော် ဖဆပလ သည် ကတိမတည်ဘဲ လဲဗီးတပ်များကို အလျင်အမြန် ဖွဲ့စည်းပြီး ကရင် လူထုအပေါ် အကြမ်းဖက်မှု တိုက်ခိုက် လုယက်မှုများကို ပိုမို လုပ်ဆောင်လာ လေသည်။

မကြာမီ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလတွင်၊ ဖဆပလ အစိုးရသည် ကရင် U.M.P. တပ်များ၊ K.N.D.O. တပ်များနှင့် သစ်တောဌာန အမှုထမ်းများ၏ လက်နက်များကို ဖဆပလ အစိုးရ အမိန့်ဖြင့် သိမ်းပိုက်လိုက်တော့သည်။ ထိုသို့သိမ်းပိုက်ခဲ့ရုံသာမက မော်လမြိုင်၊ ဘိတ်(မြိတ်)၊ ထားဝယ်၊ သာယာဝတီ၊ ဟင်္သာတတို့၌ရှိသော ကရင်နှင့် မွန်ခေါင်းဆောင်များကို ဖမ်းဆီး လေတော့သည်။ လဲဗီးတပ်နှင့် ဗမာ့ ကာကွယ်ရေး တပ်များက ကရင်ရွာများကို မီးရှို့ခြင်း၊ ပစ္စည်းဥစ္စာများကို လုယူခြင်းအပြင် အခ့ျိ ရွာသား များကိုလည်း ပစ်သတ်ခဲ့ကြသည်။ ခရီးသွားလာသော ကရင် အမျိုးသားများကို ရှာဖွေ စစ်ဆေးခြင်း၊ နှောက်ယှက်ခြင်း၊ ပစ္စည်းများကို သိမ်းယူခြင်း၊ ဖမ်းဆီးခြင်း များသည် တဆင့်ထက် တဆင့် ပိုမိုပြီး ပြုလုပ်သဖြင့်၊ ကရင် ကာကွယ်ရေးတပ် K.N.D.O. က၊ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် တောင်ငူမြို့ကို သိမ်းပိုက်လိုက်သည်။ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ပုသိမ်မြို့ကို တိုက်ခိုက်သိမ်း ပိုက်ရန် ကြိုးပမ်းရာ မအောင်မြင်ဘဲ၊ ဗမာ့ တပ်မတော်မှ ပြန်လည် ခုခံ တိုက်ခိုက် သိမ်းယူခဲ့သည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ဖဆပလ အစိုးရတပ်က စမ်းချောင်းရှိ K.N.U. ဗဟိုရုံးကို သွားရောက်ပြီး တိုက်ခိုက်ရာ ကရင်အမျိုးသား၊ အမျိုးသမီး (၁၀)ဦးခန့် ကျဆုံးခဲ့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၀)ရက်နေ့တွင် အင်းစိန်ရှိ၊ K.N.D.O. ဗဟိုစခန်းနှင့် သမိုင်းလမ်းရှိ K.N.D.O. စခန်းတို့ကို တနေ့တည်းတွင်ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်လိုက်ရာမှ၊ မြန်မာပြည် အရပ်ရပ်ရှိ K.N.D.O. ကရင့် ကာကွယ်ရေးတပ်များက ဖဆပလ ကို တိုက်ခိုက်ခြင်း စတင် ခဲ့လေသည်။

အင်းစိန်တွင် လက်နက်ကိုင်တော်လှန်ရေး စတင်သည့်နေ့၌ အမှုထမ်း ရပ်ကွက်သို့ စစ်ကားကြီးများနှင့် လက်နက်ကိုင် တပ်ဖွဲ့များ ဝင်ရောက်လာပြီး၊ မြေနီကုန်း ၌ရှိသော၊ စောသိန်းလွင်နှင့် အစ်ကိုကြီးတို့၏ ဦးလေး အိမ်သူ အိမ်သား အားလုံး အပါအဝင်၊ ကရင်မိသားစု အားလုံးကို ကားပေါ်သို့ အလျင်အမြန် တက်ရန် အမိန့်ပေး လေသည်။ ဦးလေး၊ အဒေါ်မိသားစုနှင့် စောသိန်းလွင်တို့ ညီ အစ်ကိုအပါအဝင် အခြားမိသားစုများ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကားပေါ်သို့ တက်နေစဉ် နံနက်စောစော အချိန်မှစ၍ အလုံဘက်တွင်၎င်း အင်းစိန်ဘက်တွင်၎င်း သေနတ်သံများ ဆက်လက် ကြားနေရသည်။ စစ်ကားများသည် နံနက်စောစော အလုံ ကူရှင် ကျောင်းဝင်းကြီးသို့ မောင်းဝင်ပြီး မိသားစုအားလုံးကို အကြိမ်ကြိမ် ပို့ဆောင်နေလေသည်။ တချိန်တည်းတွင် အင်းစိန်၊ သမိုင်း၊ ခဝဲခြံ၊ စမ်းချောင်း၊ အလုံ တို့မှ ကရင်မိသားစုများလည်း ရှေ့ဆင့် နောက်ဆင့်ဆိုသလို ရောက်လာကြသည်။

ကူရှင် ကျောင်းဝင်းကြီးကို ကြိုတင်ပြီး သံဆူးကြိုးများ၊ သံဇကာ များဖြင့် ပတ်ပတ်လည် ကာရံထားပြီး၊ လက်နက်ကိုင် အစောင့်အကြပ်များဖြင့်လည်း ဝိုင်းပတ်ထားသည်။ ကျောင်းဝင်းကြီးထဲရှိ အဆောက်အဦ အတွင်းတွင် မျက်နှာဖြူ အခ့ျပို့ ရှိနေသေးသည်။ ကရင်အရပ်သူ အရပ်သားများ၊ ပုလိပ်အမှုထမ်းများ၊ ဘဏ်အမှုထမ်းများ၊ အသီးသီးတို့ကို စစ်ကားကြီးများဖြင့် အကြိမ်ကြိမ် လာရောက် ပို့ဆောင်ခဲ့သည်။ ကလေးလူကြီး အမျိုးသမီး အမျိုးသားများဖြင့် ပြည့်ကျပ်လျက် ရှိလေသည်။ စောစောရောက်သော အဖွဲ့က နေရာကောင်း ရကြသည်။ နောက်မှ ရောက်လာသူများမှာ နာရီစင်အနီးရှိ သစ်ပင်များ အောက်တွင် ဖြစ်သလို နေရာ ယူကြရသည်။ လူများ ကျပ်လွန်းသဖြင့် နေရာထိုင်ခင်းများ အစား အသောက်များ၊ ရေများ မသန့်မရှင်းဖြစ်၍ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အများအပြား ဝမ်းလျှောပြီး သေဆုံးခဲ့ကြရသည်။ တနေ့ တနေ့ လူ (၂၀)မှ (၃၀)အထိ သေဆုံးနေသဖြင့် နောက်ပိုင်း ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ မေတ္တာ ရပ်ခံချက်ကြောင့် ပြည့်ကျပ်နေသော မိသားစုအများအပြားကို၊ ပဲခူး ကရင် အထက်တန်း ကျောင်းဝင်းအတွင်းသို့ ခွဲထုတ်ပြီး နေရာချထားပေးလေသည်။ ပဲခူး ကရင် အထက် တန်းကျောင်းကိုလည်း ကူရှင်ကျောင်းနည်းတူ သံဇကာကြီးများ ကာရံထားပြီး၊ လက်နက်ကိုင် အစောင့်အကြပ်များ ထားရှိလေသည်။ ခြိခတ်ခံထားရသော မိသားစု အားလုံးအတွက် အစားအစာအဖြစ် ပြုတ်ဆန်ကိုသာ ချက်ကျွေးသည်။ ရာရှင်စကေးဖြင့် ငါးပိနှင့် ပဲဟင်းတို့ကို ချက်ကျွေးသည်။ ငါးပိရည်မှာမူ ဆား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အရသာ သက်သက်ဖြစ်သည်။ ပဲဟင်းတွင် ပဲဖတ်ကို မတွေ့ရ၊ စားပြီးလျှင် ဝမ်းလျှောကြသည်။ သောက်ရေကလည်း မလောက်မင၊ ရေလည်း မချိုးကြရ၊ ထို့ကြောင့် အသက်ဆုံးရှုံးမှုများပြားခဲ့ရသည်။ လူစုခွဲရာတွင် စောသိန်းလွင်တို့ ညီအစ်ကိုနှင့် ဦးလေးတို့ မိသားစုသည်၊ ပဲခူး ကရင်ကျောင်းဝင်း ထဲသို့ ရောက်လာကြသဖြင့် အနည်းငယ် သက်သာရာ ရရှိကြသည်။ သို့သော်လည်း အင်းစိန်တိုက်ပွဲကာလဖြစ်၍ ဖဆပလ တပ်များ အထိနာလျှင် စမ်းချောင်း ဘူတာ တွင် ရထားရပ်ပြီး၊ ရပ်ကွက်ထဲသို့ ပစ်ခတ်ခြိမ်းခြောက်မှုများ ပြုလုပ်လာသဖြင့်၊ မကြာခဏဆိုသလို ထိတ်လန့် ခဲ့ကြရသည်။ စောသိန်းလွင် အစရှိသော ကလေး လူငယ်များမှာ၊ ကလေးတို့ သဘာဝအတိုင်း သစ်ပင်ပေါ်တက်ပြီး ချောင်းမြောင်း ကြည့်တတ်ကြသည်။ ဗမာတပ်များက ချောင်းမြောင်းကြည့်သည်ကို သိလျှင် တော်တော် နှင့် မပြန်ဘဲ နေတတ်သောကြောင့် လူကြီးများက ကလေးများကို ချောင်း မကြည့်ကြရန် တားမြစ်ထားရသည်။ အင်းစိန်မြို့ကို ဖဆပလ တပ်များက ပြန်လည် သိမ်းပိုက်သော အခါမှသာ သက်သာရာ ရကြသည်။

တိုက်ပွဲသတင်း

၁၉၄၉ ခုနှစ် အင်းစိန် တိုက်ပွဲအစတွင် K.N.D.O. နှင့် M.N.D.O. တပ်တို့ သာမက ကရင့်လက်နက်ကိုင် တပ်ရင်းများနှင့် ကရင်လူထု တရပ်လုံးက ပါဝင်ကြ သောကြောင့် အောင်ပွဲများ အလျင်အမြန် ရခဲ့ကြသည်။ ကရင်ပြည်အဖြစ် တောင်းဆို ထားသော ဒေသများဖြစ်သည့် ဧရာဝတီတိုင်း၊ တောင်ငူ အပါအဝင် တနင်္သာရီတိုင်း၊ ဟံသာဝတီခရိုင်၊ ညောင်လေးပင် ဒီဝီဇံ၊ အင်းစိန်ခရိုင် စသည့် နယ်မြေ အသီးသီးကို သိမ်းပိုက် နိုင်သည်သာမက၊ မေမြို့၊ မန္တလေး စသော ဒေသများကိုပါ သိမ်းပိုက်နိုင်ခဲ့သည်။ ထိုဒေသများသည် ကရင်များ တောင်းဆိုသော နယ်မြေမဟုတ်သည့် အတွက် ကွန်မြူနစ် များ၏ လက်သို့ လွှဲပေးခဲ့သည်။

သို့သော်လည်း ၁၉၄၉ ခုနှစ်၊ ဩဂုတ်လသို့ ရောက်သောအခါ၊ ဖဆပလ တပ်များက ရန်ကုန်နှင့် နီးစပ်သော နယ်မြေများနှင့် ရထားလမ်း၊ ကားလမ်း တလျှောက်ရှိ ဒေသများကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထုံးကြီး၊ စာဘူး တောင်း၊ ပြည် ရထားလမ်း၊ ကားလမ်းများကိုလည်း သိမ်းပိုက်လိုက်သည်။ အောက်တိုဘာလသို့ ရောက်သောအခါ ထန်းတပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဟင်္သာတမြို့များကို ဆက်လက် သိမ်းပိုက် လိုက်ပြန်သည်။ ထိုသို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သိမ်းပိုက်လိုက်သောကြောင့် ကားလမ်း၊ မီးရထားလမ်းများ ပြန်လည် သွားလာနိုင်ကာ အထက်ဗမာပြည်မှ ကုန်ပစ္စည်းများ ပြန်ဆင်းလာ နိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လက်ပံတန်းသို့ ရောက်လာခြင်း

ဖဆပလ တပ်များက အင်းစိန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်သောအခါ၊ ဖမ်းဆီးထိန်းသိမ်းထားသော ကရင် အမျိုးသားများမှ၊ (၁၅)နှစ်အောက် ယောကျ်ားလေးများကို အာမခံနှင့် ထွက်ခွင့်ပြုလိုက်လေသည်။ စောသိန်းလွင်မှာ အသက်အားဖြင့် (၁၅)နှစ် အောက် ဖြစ်သောကြောင့်၊ လက်ပံတန်းမှ ဦးလေးဖြစ်သူ ဆရာသာပျောနှင့် ဇနီးသည်တို့ ရောက်လာပြီး အာမခံနှင့် ထုတ်ယူခဲ့သောကြောင့် ထွက်ခွင့်ရခဲ့သည်။ သူ၏အကိုကြီးမှာမူ (၁၅)နှစ် အထက် ဖြစ်နေသောကြောင့် အာမခံ မပေး၍ မရခဲ့။ ဆရာသာပျောမှာ စောသိန်းလွင်၏ဖခင် စောချက်၏ ညီဖြစ်ပြီး၊ သူတို့နေထိုင်ရာ ရပ်ကွက်ကို လက်ပံတန်း (၁)လမ်းထိပ်၊ ကရင်စု (ခေါ်) ဖိုးပိုက်ဆံ ကျောင်းဝင်းဟုလည်း ခေါ်ကြသည်။ ဖိုးပိုက်ဆံဆိုသူ ကရင်အမျိုးသား ခေါင်းဆောင်တဦးက ဝတ်ပြုရန် ဘုရားကျောင်းကို တည်ဆောက်ထားပြီး၊ ထိုကျောင်း တွင်ပင် စာသင်ကျောင်းကိုလည်း ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

စောသိန်းလွင်သည် လက်ပံတန်းသို့ ရောက်ရှိသောအခါ ဖိုးပိုက်ဆံ စာသင် ကျောင်းတွင် ဆက်လက် ပညာသင်ခွင့် ရရှိခဲ့သည်။ စောသိန်းလွင် လက်ပံတန်းသို့ ရောက် သော အချိန်သည်၊ ဖဆပလ တပ်များနှင့် K.N.D.O. တပ်များ အပြင်းအထန် တိုက်ခိုက် နေသော ကာလဖြစ်သည်။ ထိုအချိန် ကွန်မြူနစ်တပ်များ ကလည်း၊ ဖဆပလနှင့် K.N.D.O. တပ်များကိုပါ တိုက်ခိုက် နေသောကြောင့်၊ ကရင်များ နေထိုင်သော ဒေသများတွင်၊ ဖဆပလ တပ်နှင့် ကွန်မြူနစ်တပ်တို့၏ ရန်ကို ကြောက်နေကြရသည်။ တိုက်ပွဲဖြစ်၍ ကွန်မြူနစ်နှင့် ဖဆပလ တပ်များက အကျအဆုံး များလာလျှင် သေနတ်ပစ်ဖောက်ပြီး၊ ခြိမ်းခြောက် တတ်လေသည်။ ပြည်တွင်းနိုင်ငံရေး မငြိမ်မသက် ဖြစ်နေသော်လည်း စောသိန်းလွင်သည် လက်ပံတန်းတွင် ဆက်လက်ပြီး ပညာသင်ခွင့် ရခဲ့လေသည်။ ဖိုးပိုက်ဆံကျောင်းမှ လက်ပံတန်းမြို့ ဦးမောင်မောင် အစိုးရ အထက်တန်းကျောင်းသို့ ပြောင်း၍ ပညာ သင်ကြားရာ ဒုတိယ နှစ်တွင် မူလတန်းကျောင်းကို အောင်မြင်ခဲ့သည်။

စောသိန်းလွင် ပညာသင်ခဲ့သော နှစ်များကို ရေတွက်ရလျှင် တောင်ငူတွင် သူငယ်တန်းကြီးအထိ နေခဲ့ရသည်။ မြေနီကုန်း ဦးလေးအိမ်တွင် နေခဲ့စဉ်က ပထမတန်း အောင်မြင်ခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ပဲခူး ကရင်ကျောင်းတွင် ဒုတိယတန်းကို တက်ခဲ့ ရသည်။ လက်ပံတန်းတွင် တတိယ တန်းနှင့် စတုတ္ထတန်းကို (၂)နှစ် ဆက်တိုက် ပညာ သင်ကြား ခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေးသမား ဖြစ်လာပုံ

၁၉၅၁ ခုနှစ်၊ ဗိုလ်ချုပ်ကျော်မြသန်း ဦးဆောင်သော တပ်မဟာ(၁)မှ တပ်ရင်းတပ်ဖွဲ့များသည် မြစ်ဝကျွန်းပေါ်မှ၊ `ကျော်ဇော´ စစ်ဆင်ရေးကို ရှောင်ရှားရင်း ပဲခူးရိုးမ တောင်ခြေအနောက်ဘက်ခြမ်းသို့ ရောက်လာပြီး၊ ယာယီ အခြေပြု ခဲ့သည်။ ပဲခူးရိုးမ အရှေ့ခြမ်းတွင် စီးပလိန်း၏ တပ်မဟာ (၆)က အခြေခံထား သည်။ စောသိန်းလွင် လက်ပံတန်း ရောက်ရှိနေသောအချိန်သည် ပဲခူးရိုးမ အရှေ့ ဘက်ခြမ်းနှင့် အနောက်ဘက် ခြမ်းတောင်ခြေရှိ မြို့များ ကျေးလက်များတွင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေပြီး သေနတ်သံများကိုလည်း အမြဲလိုလို ကြားနေ ရသည်။ ဗမာတပ်များက အထိနာလျှင် ကရင်ရပ်ကွက်များကို ရမ်းကား ခြိမ်းခြောက်မှုများ လုပ်လေ့ရှိသည်။

ထိုအချိန်၌ စောသိန်းလွင်သည် အသက် (၁၄)နှစ်ပြည့်ပြီဖြစ်၍ မူလတန်း အောင်မြင်သည့်နေ့မှာပင် တောထဲသို့ရောက်သွားသည်။ စောသိန်းလွင်၏ ဦးလေး ဆရာသာပျော၏ သားဖြစ်သူ ဒယ်နီယယ်ပျောသည် တပ်မဟာ(၁) တပ်များနှင့် အတူ ပဲခူးတောင်ခြေတွင် ရှိနေသည်။ ယခင်က မီးရထားဌာနတွင် လမ်းဗိုလ် ဖြစ်ပြီး တော်လှန်ရေး စလျင်စချင်း လက်နက်ကိုင်ပြီး တပ်မဟာ(၁) နှင့်အတူ တောင်ခြေသို့ ရောက်လာသည်။ စောသိန်းလွင် ကျောင်းမှထွက်ပြေးပြီး ဒယ်နီယယ်ပျောထံ ရောက်သွား သော အချိန်သည်၊ တပ်မဟာ ဌ ဌာနချုပ်ကို `ကျွဲမကိုင်း ခေါ်ရှမ်းရွာကြီးတွင် ရုံးဖွင့် ထားသည်မှာ နှစ်ပိုင်းလောက်သာ ရှိသေးသည်။ ထို အချိန်က ဝမ်းကွဲ အစ်ကိုဖြစ်သော ဒယ်နီယယ်ပျော မှာ တပ်ခွဲမှူး ဖြစ်သည်။

မကြာမီ စောသိန်းလွင်၏ အဒေါ်သည် တပ်မဟာရုံးသို့ လိုက်လာပြီး စောသိန်းလွင်ကို ကျောင်းပြန်တက်ရန် လာခေါ်လေသည်။ စောသိန်းလွင်က ပြန် မလိုက်ချင်။ ဗိုလ်ချုပ်ကျော်မြသန်းက စောသိန်းလွင်၏ အဒေါ်ကို စောသိန်းလွင် ပြန်မလိုက်ချင်ကြောင်း ပြောပြသည်။ ထို့အပြင် ဗိုလ်ချုပ်ကျော်မြသန်းက စောသိန်းလွင်ကို ကျောင်းထားပေးရန် တာဝန်ယူပြီး မွေးစားသားအဖြစ် စောင့်ရှောက် ပါမည်ဟု ကတိပေးလိုက်မှ အဒေါ်ဖြစ်သူမှာ စိတ်သာရာရရှိပြီး ပြန်သွားလေသည်။ ထိုနေ့မှစ၍ စောသိန်းလွင်တယောက် ဗိုလ်ချုပ်ကျော်မြသန်း၏ မွေးစားသား ဖြစ်ခဲ့ရသည်။

တပ်မဟာ(၁) နယ်မြေမှ ဆုတ်ခွာခဲ့ခြင်း

အင်းစိန်တိုက်ပွဲမှ ဆုတ်ခွာခဲ့သော ကရင်အမျိုးသား ကာကွယ်ရေး တပ်များကို၊ ၁၉၄၉ ခုနှစ်မှစ၍ တပ်မဟာအလိုက် ပြန်လည်ဖွဲ့စည်းခဲ့ရာ၊ မြစ်ဝကျွန်းပေါ်ရှိ တပ်မဟာ(၁)ကို၊ ဗိုလ်ချုပ်ကျော်မြသန်းအား တပ်မဟာမှူးအဖြစ် တာဝန် ပေးအပ်ခဲ့သည်။ နယ်မြေအားဖြင့် ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူဒေသရှိ ကျေးရွာများဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဗိုလ်ချုပ်ကျော်မြသန်း အုပ်ချုပ်သော နယ်မြေကို ရန်သူက ကုန်းလမ်း၊ ရေလမ်း တို့ဖြင့် စစ်ကြောင်းကြီးများဖွဲ့ကာ ထိုးစစ် ကြီးတခုကို စတင်ခဲ့သည်။ ထို စစ်ဆင်ရေးကို ဗိုလ်မှူးချုပ်ကျော်ဇော ကိုယ်တိုင် ဦးစီးသည်။ ဘရင်းကယ်ရီယာများ တင့်ကားများကို အသုံးပြုပြီး၊ လေးဘက် လေးတန် ပိတ်ဆို့ တိုက်ခိုက်ခဲ့သည်။ ဗိုလ်ချုပ် ကျော်မြသန်းက ၎င်းလက်အောက်ရှိ တပ်ရင်း (၁၈)၊ တပ်ရင်းမှူး ဗိုလ်မှူးအုန်းမောင်နှင့် ဒုရင်းမှူး ဗိုလ် သာချို တို့ကို အိမ်ထောင်သည်များ၊ ကလေးငယ်များ နှင့်အတူ၊ ပဲခူးရိုးမ အနောက်ခြမ်း တောင်ခြေသို့ ဦးစွာ ပြောင်းရွှေ့စေခဲ့သည်။ ထို့နောက် ကျန်တပ်ရင်းများ ဖြစ်သော တပ်ရင်း (၁)မှ တပ်ရင်းမှူး ဗိုလ်မှူးမြမောင်၊ တပ်ရင်း(၁၆)မှ တပ်ရင်းမှူး ဆရာ ထွန်းလှိုင် (ခေါ်) ဗိုလ်ရှိုးရှို၊ တပ်ရင်းများက ရန်သူကို အပြင်းအထန် ခုခံ တိုက်ခိုက်ရင်း နယ်မြေကိုကာကွယ်ခဲ့သည်။ ရန်သူက လေးဘက် လေးတန် ပိတ်ဆို့ပြီး ကျေးရွာများကို မီးရှို့ခြင်း လူထု၏ ဆန်စပါးများကို ဖျက်ဆီးခြင်း၊ လူထုများကို ဖမ်းဆီး ညှဉ်းဆဲခြင်းများ ပြုလုပ်ခဲ့လေသည်။ တပ်မဟာ(၁)မှ တပ်ရင်းတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ရန်သူမှာ ကျဆုံး ဒဏ်ရာ အများ အပြား ရရှိခဲ့ကြသည်။

သို့သော်လည်း ရန်သူမှာ အင်အားပြန်လည် ဖြည့်တင်းနိုင်ခြင်းကြောင့် တပ်မဟာ (၁)မှ တပ်ရင်းများအားလုံး၊ ပဲခူးရိုးမ အနောက်ခြမ်းသို့ ဆုတ်ခွာခဲ့ရလေသည်။ ထိုသို့ ဆုတ်ခွာရာတွင် အိမ်ထောင်သည် အမျိုးသမီးများနှင့် ကလေး သူငယ်များ အပါအဝင် လူဦးရေ နှစ်ထောင်ကျော်ရှိသည်။ ပဲခူး အနောက်ခြမ်း ဒေသ ကျေးရွာအသီးသီးတွင်၊ စခန်းချထားရာ၌၊ တပ်ရင်း (၁၈)မှူး တပ်ရင်းမှူး ဗိုလ်အုန်းမောင်နှင့် ဒုတပ်ရင်းမှူး ဗိုလ်သာချိုတို့ တပ်ဖွဲ့က `စမ်းပုတ်´ ရွာတွင် အခြေချသည်။ တပ်ရင်း(၁) တပ်ရင်းမှူး၊ ဗိုလ်ချုပ်မြမောင်က `ဘန့်ဘွေးကုန်း´ တွင် အခြေချသည်။ တပ်ရင်း(၁၆)မှူး ဆရာ ထွန်းလှိုင် (ခေါ်) ဗိုလ်ရှိုးရှို နှင့် ဒုရင်းမှူး ဗိုလ်

လူအေး တပ်ဖွဲ့က `ဆင်ရွာ´တွင် အသီးသီး အခြေချသည်။ တပ်မဟာရုံးကို `ကျွဲမကိုင်း´၊ ရှမ်းကြီးရွာတွင် ဌာနချုပ်ကို အခြေပြု ထားသည်။ ဈေးဆိုင်များလည်း ဖွင့်လှစ်ထားသည်။ ဆေးဆရာမများ ကျောင်းဆရာမများ လည်း ပါဝင်ကြသည်။

(ဗိုလ်ချုပ်မြမောင်သည် ဆရာမချောလေးနှင့်ငင်း၊ ဗိုလ်ကျင်ဖေသည် ဒေါ်နန်းအုန်း ကြင် တို့နှင့် ပဲခူးစခန်းမှာပင် အိမ်ထောင်ပြုခဲ့ကြသည်။ ထိုစဉ်က ဗိုလ်ချုပ် ကျော်မြသန်းမှာ လူပျိုပင် ဖြစ်ပြီး ဆရာမနော်အဲနှင့် သမီးရည်းစား ဖြစ်နေသည်။ ဆရာမနော်အဲမှာ တော် လှန်ရေးတွင် ပထမဦးဆုံး အမျိုးသမီးခေါင်းဆောင် တဦးဖြစ်ပြီး၊ BA, B.Ed ဘွဲ့ရတဦး ဖြစ်ကြောင်းသိရသည်။)

ဝက်လှလေး တိုက်ပွဲ

စောသိန်းလွင်သည် ဗိုလ်ချုပ်ကျော်မြသန်းထံသို့ ရောက်ရှိပြီး မကြာမီ ၁၉၅၁ ခုနှစ်၊ မိုးရာသီတွင် စစ်ဆင်ရေးတခု နှင့် ကြုံခဲ့ရလေသည်။ ထို အချိန်က စောသိန်းလွင် အသက်(၁၄)နှစ်ထဲ ဝင်လာပြီဖြစ်သော်လည်း ဆက်လက် ပညာသင်ဖို့ရန် ကျောင်းများ ကလည်းပိတ်၊ တိုက်ပွဲများကလည်း ပြင်းထန်နေဆဲ အချိန် ဖြစ်သည်။ ပဲခူးအရှေ့ခြမ်း၊ တပ်မဟာ(၆) အဖွဲ့နှင့် အနောက်ဘက်ခြမ်း၊ တပ်မဟာ (၁) အဖွဲ့များက ရထားလမ်း၊ ကားလမ်းနှင့် မြို့များကို တိုက်ခိုက်ပြီး၊ ဘဏ္ဍာငွေနှင့် ပစ္စည်းများ သိမ်းပိုက်နိုင်ရန် ကြိုးစား နေသော ကာလတွင် ဖဆပလ တပ်၊ ကွန်မြူနစ်တပ်တို့နှင့် (၃)ပွင့်ဆိုင် တိုက်ခိုက် ခဲ့ရသည်။ စစ်ဆင်ရေးဟု ဆိုသော်လည်း အမှန်တွင် ပြည်မှ ဆင်းလာသော ရထားကို မိုင်းခွဲ ဖျက်ဆီးတိုက်ခိုက်ရန် ဖြစ်သည်။ နယ်မြေအခြေအနေမှာ ပဲခူးရိုးမ အရှေ့ခြမ်းနှင့် သာမက အနောက်ခြမ်း တွင် ကွန်မြူနစ်တပ်များနှင့် KNDO တပ်တို့၏ ဘေးရန်ကြောင့်၊ ပြည်-ရန်ကုန် ရထားလမ်း ခရီးစဉ်ကို တပတ်လျှင် တကြိမ်သာ ပြေးဆွဲနိုင်သည်။ ရထားများကို (၃)မျိုး၊ (၃)စားခွဲခြား သတ်မှတ်ထားသည်။ လုံခြုံရေးအတွက် စစ် ရထားသည် ရှေ့ဆုံးမှ ခုတ်မောင်ပြီး၊ ထို စစ်ရထားနောက်မှ စာပို့ရထားက လိုက်ရသည်။ စာပို့ရထားတွင် အရပ်သားခရီးသည်များ၊ ကုန်သည်များ စီးနင်းခွင့်ရသည်။ နောက် ဆုံးတွင် ကုန်ရထားဖြင့် လိုက်ရသည်။ ပြည်မှ ရန်ကုန်သို့ ပြေးဆွဲသော ရထားဖြစ် သောကြောင့် စာများ ငွေများ ပို့မည်ဟူ၍ သတင်းက အတိအကျရသည်။

ထိုစစ်ဆင်ရေးတွင် တပ်သားအင်အား (၃၀၀)ခန့် ဖွဲ့စည်းထားသည်။ စစ်ကြောင်း မှူးမှာ ဗိုလ်ကျော်အေး ဖြစ်ပြီး၊ တပ်မဟာ စစ်ဆင်ရေးမှူးလည်း ဖြစ်သည်။ မိုင်းဗုံးကို ပြင်ဆင်ပေး သူမှာစောသိန်းလွင်၏ အစ်ကိုဝမ်းကွဲ ဒယ်နီယယ်ပျော ပင်ဖြစ်သည်။ ၎င်းသည် တပ်မဟာ လုံခြုံရေးတပ်ဖွဲ့၏ တပ်ခွဲမှူးလည်း ဖြစ်သည်။ မိုင်းပြုလုပ်နည်း၊ ယမ်း ဖော်စပ် နည်းများကို စီးပလိန်း ထံမှ သွားရောက် သင်ယူပြီး ဗုံးကို ဝါယာကြိုးများဖြင့် တပ်ဆင် ဖောက် ခွဲရန် ဗိုလ်တေကို တာဝန်ပေးထားသည်။ ဗိုလ်တေနှင့်အဖွဲ့ကို တပ်စိတ် တစိတ် ဖွဲ့စည်းပေးထားသည်။

စစ်ရထားကို ဖောက်ခွဲမည့်နေရာသည် လက်ပံတန်းနှင့် စစ်ကွင်း ဘူတာ အကြားခြံရှိ သာ ဝက်လှလေး ဘူတာတွင် ဖြစ်သည်။ ထိုရွာသည် ကရင် ရွာကလေး တရွာဖြစ်သည်။ ဗိုလ် ကျော်အေး ဦးစီးသော စစ်ကြောင်းသည် တပ်ရင်း(၁၈) ဌာနချုပ် ဖြစ်သော စမ်းပုတ်ရွာမှ နံနက်စောစော စတင် ထွက်ခွာလာရာ ညနေ စောင်းမှ ကွင်းစပ်သို့ ရောက်ရှိခဲ့သည်။ ထို ကွင်း စပ်သည်၊ ပြည်-ရန်ကုန် ကားလမ်း နံဘေးတွင် ဖြစ်သည်။ သာယာဝတီ နှင့် လက်ပံတန်း အကြား ကားလမ်းမကိုလည်း ဖြတ်ကျော်ပြီး၊ ညတွင်းချင်း ချီတက် ကြရသည်။ မိုးတွင်း ကာလဖြစ်၍ စပါးပင်များလည်း ခါးလယ်ခန့် ရှိနေပြီဖြစ်သည်။ ပထမတွင် ကန်သင်းရိုးပေါ်မှ လျောက်ခဲ့ကြသည်။ အင်အားများသောကြောင့် ကန်သင်ရိုး များမှာ ပျက်စီးကုန်သည်။ ကန် သင် ရိုးပျက်၍ စပါးပင်များကြား၌ ဖြတ်သွားရသောကြောင့် စွပ်ကြောင်းကြီး ထင်ကျန် ရစ် လေသည်။ ညအချိန် ဖြစ်သောကြောင့် တယောက်နှင့် တယောက် အဆက်ဖြတ်၍မရ ဖြေးဖြေး မှန်မှန် ချီတက်ကြရသည်။ သန်းခေါင်ကျော် ခန့်တွင် ဝက်လှရွာသို့ ရောက်လေ သည်။ ရောက်လျှင်ရောက်ချင်း တပ်ဖွဲ့ခေါင်းဆောင် များက တပ်ဖွဲ့ဝင်များကို အိမ်များတွင် နေရာချပေးသည်။ စောသိန်းလွင်မှာ တပ်သား အခြံုနှင့် နှစ်ထပ်အိမ် တလုံး၏ အပေါ်ထပ် တွင် နေရာယူရသည်။ ဗိုလ်ကြီး ဒယ်နီယယ်ပျောနှင့် ဗိုလ်တေ တပ်စိတ်မှာ စစ်ရထားကို မိုင်း ခွဲရန် ညတွင်းချင်းပင် ဝိုင်ယာကြိုးများကို တပ်ဆင်ကြသည်။ စစ်ရထားကို ဗုံးခွဲမည့်နေရာမှာ ဘူတာ တည့် တည့်တွင် ဖြစ်ပြီး အဓိက မိုင်းတလုံးထောင်ပြီး၊ နောက်ဆုံး ကုန်ရထား၏ အကွာအဝေးကို တွက်ချက်ကာ မိုင်းဗုံးတလုံး ထပ်ထောင်လိုက်သည်။ ဗိုလ်တေတို့တပ်ဖွဲ့မှာ မိုင်းဗုံးများကို ထောင်ပြီး၊ ထိုအနီး အနားတွင်ပင် အသင့်အနေ အထားဖြင့် စောင့်ဆိုင်းနေကြ သည်။ ပြည်မှဆန်တက် လာသောရထားဖြင့် ငွေများ ပို့လိုက်သည်ဟု သတင်းအတိအကျ ရရှိ ထားသည်။ ဗုံးပေါက်ကွဲမှု ဖြစ်သည်နှင့် ချက်ချင်းပင် ပစ်ခတ်မှုကို စတင်ကာ တိုက်ခိုက်ပြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လက်နက်များကို သိမ်းယူရန် ထို့နောက်တွင် လူစီးရထားကို ရပ်တန့်စေပြီး ငွေကြေးနှင့် ပစ္စည်းများကို သိမ်းပိုက်ရန် အကြမ်းဖျင်းတွက်ချက်ထားသည်။ စစ်ရထားကို ဗုံးခွဲပြီး နောက်တွင် ကုန်ရထားက နောက်သို့ ပြန်ဆုတ်မောင်းနှင်သည့်အတွက် ထိုသို့ ပြန်ဆုတ်၍ မရအောင် နောက်ဆုံးရထားကို ဗုံးခွဲခြင်းအားဖြင့် အလယ်ရထားဖြစ်သော ခရီးသွားများပါသည့် စာပို့ရထားမှာ ဘယ်ကိုမျှ သွားမရ ဖြစ်နေပေမည်။ လုံခြုံရေး ပုလိပ်များက ခုခံမည်ဆိုပါကလည်း အလွယ်တကူပင် ချေမှုန်း၍ လက်ရ ဖမ်းဆီး နိုင်မည်သာ ဖြစ်သည်။

ရထား ဗုံးခွဲခြင်းကို ယခင်က တခါမျှ အတွေ့အကြုံမရှိခဲ့ဘူးသောကြောင့် အမှားအယွင်းမရှိစေရန် သတိကြီးစွာ ထားကြသည်။ နံနက် မိုးလင်း၍ ရထားလာ မည့်အချိန် နီးလာလျှင် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် တည်းခိုနေသော အိမ်များ ပေါ်မှဆင်းပြီး၊ ရွာလယ်ရှိ ဌက်ပျော်ခြံထဲ၌ နေရာယူကြသည်။ ဌက်ပျော်ခြံမှာ အလွန် ကျယ်ဝန်းပြီး၊ ကျည်ကွယ်၊ မျက်ကွယ် ကောင်းသောနေရာလည်း ဖြစ်သည်။ ထို ဌက်ပျော ခြံနှင့် ရထားလမ်းအကြားတွင် ချောင်းလေးတချောင်း ရှိနေသည်။ ရဲဘော်များသည် တညလုံး ခရီးနှင်လာရသဖြင့် ရေချိုးချင်ကြသောကြောင့် ချောင်းထဲတွင် ရေဆင်းချိုး ကြသည်။ အခ့ျိုရဲဘော်များကလည်း ဌက်ပျော ခြံအတွင်း ဌက်ပျောသီးမှည့်များကို လိုက်လံခူးစားကြသည်။ အသံများ ထွက်လာသဖြင့် အဖွဲ့ခေါင်းဆောင်များမှ သတိပေး ဟန့်တားရသည်။ မကြာမီ ရထားခုတ် မောင်းလာသော အသံကို ကြားလာရသည်။ ရထားမှာ ဘူတာနှင့် နီးပြီဖြစ်သဖြင့် ဖြည်းဖြည်းသာ ခုတ်မောင်းလာသည်။ ရန်သူဘက်က ရိပ်မိပုံပေါ်သည်။ အဘယ် ကြောင့်ဆိုသော် လူအင်အား (၃၀၀)ခန့်ရှိသော တပ်ဖွဲ့မှ ဖြတ်သန်းခဲ့သော လယ်ကွင်းတွင် စွပ်ကြောင်းကြီး ကျန်ခဲ့သည်ကို ရှင်းလင်းစွာ မြင်နိုင်သည်။ စစ်ရထား ပေါ်ရှိ လုံခြုံရေး အရာရှိများက အသံများကြား၍လည်း ဖြစ်မည်။ ရထားခေါင်မိုးပေါ်သို့ တက်၍ အော်ဟစ် မေးမြန်းကာ သေနတ် သုံး လေးချက် ပစ်ဖောက် လေသည်။ မိမိတို့ဘက်မှ တပ်မှူးများက ပြန်လည်ပစ်ခတ်ခြင်းမပြုရန် သတိပေးပြီး ရန်သူဆင်းလာမှသာ ပြန်ပစ်ကြရန် အမိန့်ပေးထားသည်။ စစ်ရထားမှ ရန်သူက ခြောက်လှန့်ပစ်ခတ်သော်လည်း တဘက်မှ တုံ့ပြန်တိုက်ခိုက်မှု မရှိသဖြင့် ဥဩ (၃)ချက် ဆွဲပြီး ဆက်လက် မောင်းသွားလေသည်။

စစ်ရထားကို ဗုံးခွဲမည့် ဗိုလ်တေတို့ တပ်ဖွဲ့မှာ၊ စစ်ရထားမှ ချောက်လှန့်ပစ် ဖောက်သော သေနတ်သံကြားသဖြင့် နောက်သို့ သတင်းပြန်မေးနေချိန်တွင်၊ ဗုံး ထောင်ထားသော

နေရာကို စစ်ရထားက ကျော်သွားလေသည်။ ထို့ကြောင့် စစ်ရထားကို မဖောက်ခွဲနိုင်ခဲ့။ သို့သော် စာပို့ရထားရထားကိုမူ အချိန်မီ ဗုံးခွဲ တိုက်ခိုက်ခဲ့ရာ၊ စာပို့ရထားမှာ လမ်းဘေးသို့ တိမ်းမှောက်သွားသည်။ ဗုံးပေါက်ကွဲ သည်နှင့် စစ်ရထားမှ ဘရင်းဂန်းနှင့် စက်သေနတ်များဖြင့် ပစ်ခတ်သည် သာမက မော်တာများနှင့်ပါ လှမ်းထုလေသည်။ ရထားပေါ်ပါလာသော ခရီးသည်များမှာ နှစ်ဘက် တိုက်ခိုက်မှု အကြားတွင် ကျည်မှန်ပြီး အသက်ဆုံးခဲ့ကြရသည်။ စောသိန်းလွင် အပါအဝင် ဗိုလ်ကြီး ဒယ်နီယယ်ပျော တပ်ဖွဲ့သည် ချောစာများပါသော တွဲပေါ်သို့ အလျင်အမြန် ချဉ်းကပ်ပြီး မီးခံသေတ္တာကိုခွဲပြီး ပါလာသော ငွေစက္ကူများကို ကျောပိုးအိတ်များအတွင်းသို့ထည့်ကာ ထိုနေရာမှ အလျင်အမြန်ပင် ထွက် ခွာခဲ့ရသည်။

မကြာမီ တပ်ဖွဲ့ဝင်အားလုံး ဝက်လှလေးကရင်စုမှ ဆုတ်ခွာပြီး၊ ဝက်လှလေး ဗမာစုတွင် ခေတ္တနေရာယူကြသည်။ ဗုံးခွဲခဲ့သည့် နေရာနှင့် တနာရီ ခရီး အကွာအဝေး ခန့်တွင် ဖြစ်သည်။ ထို ဝက်လှလေး ဗမာစုတွင် မိုးချုပ်သည်အထိ စောင့်ဆိုင်းပြီးမှ ရထား လမ်းကို ပြန်ကူးကြသည်။ ပြန်ဆုတ်ရမည့် နေရာကို တာဆုံတွင် စုရုပ်ထားပြီး၊ ဗိုလ်ချုပ် မြမောင်တပ်ရင်းမှ လာရောက် စောင့်ကြိုမည် ဖြစ်သည်။ အချက်ပြမီးဖြင့် အဆက်အ သွယ် ပြုမည်။ မီးမမြင်ရပါက ရန်သူရောက် နေသည်ဟု မှတ်ယူရန်နှင့်၊ အခြားလမ်းကို ရွေးချယ်၍ ပြန်လည် ဆုတ်ခွာရန် ညွှန်ကြားထားသည်။ စစ်ကြောင်းမှာ တာဆုံဘက်သို့ ဆုတ်ခွာလာကြသောအခါတွင် မည်သည့် အချက်ပြမီးကိုမျှ မတွေ့မြင်ရ။ တာဆုံသို့ ရောက် သောအခါ ရန်သူ၏ စစ်ကားကြီးများဖြင့် ပက်ပင်းတိုးပြီး ထိုနေရာမှ ဆုတ်ခွာချိန် မရ တော့ဘဲ တိုက်ပွဲဖြစ်လေသည်။ ရန်သူတပ်ဖွဲ့မှာ တပ်ရင်း(၁) ပင်ဖြစ်သည်။ တပ်ရင်းမှူးမှာ ပုဗ္ဗား နှင့် ဒုရင်းမှူးမှာ ရွှေမန်းဖြစ်သည်။ ထိုသို့ ပိတ်ဆို့ တိုက်ခိုက်လာသော ရန်သူကို ပစ်ခတ် တိုက်ခိုက်ပြီး ဖောက်ထွက်နိုင်ခဲ့ကြသည်။ မိမိတို့ တပ်ဖွဲ့ကို ပြန်လည် စုစည်းပြီး စစ်ဆေးသောအခါ ဗိုလ်တေ တယောက် ပျောက်ဆုံးနေကြောင်း သိလိုက် ရလေသည်။

ဗိုလ်ကြီး ဒယ်နီယယ်ပျော ကျဆုံးခြင်း

ဝက်လှလေး တိုက်ပွဲဖြစ်ပွားပြီးနောက် နွေဦးကာလတွင်၊ တပ်မဟာ (၁) တပ်ဖွဲ့ ဝင်များက ပဲခူးအနောက်ခြမ်းဒေသဖြစ်သော စစ်ကွင်း၊ အိုးသည်ကုန်း ကျေးရွာများတွင် အခြေချထားသော ရန်သူ့တပ်ကို သွားရောက် တိုက်ခိုက်ရာတွင် စောသိန်းလွင်လည်း ဗိုလ်မောင်မောင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ဖွဲ့နှင့်အတူ လိုက်ပါသွားခဲ့သည်။ ထိုတိုက်ခိုက်မှု အောင်မြင်သဖြင့် ရန်သူ့ပစ္စည်းများကို သိမ်းယူနိုင်ခဲ့သည်။ စောသိန်းလွင်နှင့် ဒယ်နီယယ်ပျောတို့က စက်ဘီး တစ်ယောက် တစီးစီ ယူခဲ့ကြသည်။ တပ်ဖွဲ့များအပြန်ခရီးတွင် ကျွဲမကိုင်း သို့ ရန်သူက ထိုးစစ်ဆင်သဖြင့် ကျွဲမကိုင်း၊ စမ်းပုတ် ကျေးရွာရှိ လူထုများ ထွက်ပြေးကုန်ကြသည်။ ရန်သူမှ လေယာဉ်ဖြင့်လည်း လာရောက်ပစ်ခတ်သည့်အပြင် မြေပြင်တွင်လည်း အမြောက်ကြီးများကို သုံးပြီး အဝေးမှ ပစ်ခတ်လေသည်။ စောသိန်းလွင်က သူရယူခဲ့သော စက်ဘီးပေါ်တွင် သူ၏ပစ္စည်းများကိုတင်ပြီး ခြောက်ပေလမ်းအတိုင်း စက်ဘီးကို တွန်းရင်း ဆုတ်ခွာခဲ့ရာ `ဆောမီးခို´ `ရေသိုး´ရွာဖျားအထိ ဖြစ်သည်။ စောသိန်းလွင်နှင့် ဒယ်နီယယ်ပျောတို့ ဆောမီးခိုသို့ ပြန်ရောက်သောအခါ ဗိုလ်ချုပ်ကျော်မြသန်းက ဗိုလ်ကြီး ဒယ်နီယယ်ပျောနှင့် ဆံခွေကျော်အေးကို တပ်စိတ် တစိတ်နှင့်အတူ တပ်မဟာ အတွက် ငွေထုတ်ရန် မြစ်ဝကျွန်းပေါ်သို့ စေလွှတ် လိုက်လေသည်။

ဒယ်နီယယ်ပျောတို့အဖွဲ့ခရီးထွက်ပြီး မြစ်ဝကျွန်းပေါ်မှအပြန်တွင် ရန်သူက ပဲခူးရိုးမ အနောက်ဘက်ခြမ်းရှိ တပ်မဟာ အခြေစိုက်စခန်းကို ထပ်မံ ထိုးစစ်ဆင် လာသဖြင့် ထိုစခန်းကို အခြားတနေရာသို့ပြောင်းရွှေ့ထားရသည်။ ဒယ်နီယယ်ပျော နှင့် ဆံခွေကျော်အေးတို့သည် ရိက္ခာငွေနှင့်အတူ တပ်မဟာစခန်းသို့ ပြန်လာခဲ့ရာ၊ ရန်သူ ထိုးစစ်ဆင်နေမှန်း မသိ။ သူတို့၏ တပ်စိတ်ကို စောင့်ကြိုပြီး သတင်းပေးရန် အတွက် အခွင့်အရေးက မပေးခဲ့၊ ထို့ကြောင့် `ခွက်မရွာ´တွင် ရန်သူနှင့် တိုက်ပွဲ ဖြစ်ပြီး ဗိုလ်ကြီးဒယ်နီယယ်ပျောနှင့် ဆံခွေကျော်အေးတို့ နှစ်ဦးစလုံး ကျဆုံး ခဲ့ရသည်။

တပ်မဟာ (၁)၊ မြစ်ဝကျွန်းပေါ်သို့ ပြန်ဆင်းခြင်း

စောသိန်းလွင်နှင့် တပ်မဟာ ဌာနချုပ်အဖွဲ့များသည် ရန်သူ၏ ထိုးစစ်ကို ရှောင်ရှားရင်း၊ ဆောမီးခို၊ ရေသိုးသို့ ရောက်သောအချိန်တွင် မန်းဘဇန်နှင့် စောဟံတာ သာမွေးတို့က ဗိုလ်ချုပ်ကျော်မြသန်းအား မြစ်ဝကျွန်းပေါ်သို့ ပြန်ဆင်းရန် မှာကြားလေ သည်။ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလတွင်၊ မြစ်ဝကျွန်းပေါ် အခြေအနေသည် ရန်သူမှ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလဲလှယ်ရန်ဟု ဆိုကာ၊ နိုင်ငံရေး ထိုးစစ်ကြီး စတင်နေ ချိန်ဖြစ်သည်။ ထိုနိုင်ငံရေးထိုးစစ်ကို ကရင်အမျိုးသား ခေါင်းဆောင်များဖြစ်သော K.Y.O. ခေါင်းဆောင်များက၊ စည်းရုံးရေးဆင်းပြီး လက်နက်ချကြရန် စည်းရုံးသိမ်းသွင်း နေကြ သည်။ ကရင်ကျေးရွာ အများအပြားမှာ

လည်း အလံဖြူများကို လွှင့်ထူပြီး ငြိမ်းချမ်းရေး လုပ်ခဲ့ကြသည်။ တော်လှန်ရေး အစက ကော်သူးလေ စစ်အုပ်ချုပ်ရေးတွင် တဗိုလ်တမင်း ဖြစ်ခဲ့ကြသော စစ်ဗိုလ်များကိုလည်း၊ ဖဆပလ က၊ စေ့စပ်ဆွေးနွေးရေးလုပ်ရန် နည်းမျိုးစုံနှင့် စည်းရုံးသိမ်းသွင်း ကြသဖြင့်၊ တခ့ျို့ လက်နက်ချသွားကြသည်။ ထိုသို့သော အခြေ အနေမျိုးတွင် ဗိုလ်ချုပ်ကျော်မြသန်း မြစ်ဝကျွန်းပေါ်သို့ ဆင်းရမည်ဖြစ်ရာ စော သိန်းလွင် တယောက်လည်း လိုက်ပါခဲ့ရသည်။ တပ်ဖွဲ့ဝင် အားလုံးမှာ ခြေလျင် ခရီးနှင် ရမည်ဖြစ်သည်။ ကျန်းမာရေးမကောင်းသော ဆရာမ နော်အဲ အနေဖြင့် တောလမ်းနှင့် မသင့်တော်သော အခြေအနေကြောင့် ဗိုလ်ချုပ်ကျော်မြသန်း က စောသိန်းလွင်အား အဖော်အဖြစ် မြို့လမ်းမှ သွားရန် စီစဉ်ပေးခဲ့သည်။ ဆရာမနော်အဲနှင့် စောသိန်းလွင် တို့နှစ်ဦး ပဲခူးရိုးမ အရှေ့ခြမ်း ကျွန်းထိပ်၊ ကျားကိုက်မြောင်မှ လှည်းစီး၍ ပဲခူးမြို့ကို သွားပြီး ထိုမှတဆင့် ရန်ကုန်သို့ ရထားကို စီးရမည် ဖြစ်သည်။ ရန်ကုန်မှတဆင့် ပန်းတနော် တောချောင်းရွာသို့ သွားကြရမည် ဖြစ်သည်။ ဆရာမနော်အဲ နှင့် စောသိန်းလွင်တို့ တောချောင်းဒေသသို့ ရောက်သည့်တိုင် တပ်မဟာ(၁)မှ တပ်ဖွဲ့များ ရောက်မလာသေးပေ။

တပ်မဟာ(၁)၏ တပ်ရင်းများဖြစ်သော တပ်ရင်း(၁)၊ တပ်ရင်း(၁၈)၊ တပ်ရင်း (၁၆) တပ်ဖွဲ့တို့သည်၊ မြစ်ဝကျွန်းပေါ်သို့ ရောက်သောအခါ အမှတ် (၂)ခရိုင်၊ အမှတ် (၃)ခရိုင်၊ ဒေါင့်ကြီး၊ တောချောင်း စသောနယ်မြေများတွင် ငြိမ်းချမ်းရေးလုပ်မည့် တပ်ဖွဲ့ များကို လိုက်လံ စည်းရုံးကြသည်။ အခ့ျို့ ရန်သူ့အမာခံများကို လက်နက်နည်းဖြင့် တိုက်ခိုက်ခဲ့ရသည်။ ထိုကာလတွင် ဗိုလ်ပု၊ ဗိုလ်ညိုတို့ လက်နက်မချ သေးပေ။ စောသိန်းလွင်သည် ကျောင်းမဖွင့်သေးသောကြောင့် ဗိုလ်ချုပ်ကျော်မြသန်း သွားရာ နောက် သို့သာ တကောက်ကောက် လိုက်ပါခဲ့သည်။

ဗိုလ်ချုပ်ကျော်မြသန်းကလည်း၊ မိမိတပ်ဖွဲ့နှင့်အတူ ငြိမ်းချမ်းရေး လုပ်ထားသော တပ်မှူးများကို လိုက်တွေ့ရသည်မှာ၊ နေ့စဉ် ရက်ဆက်ပင် ဖြစ်သည်။ ယခုလည်း တောချောင်းတွင် ရှိသော ဗိုလ်ညိုကို တွေ့ဖို့ရန် အစီအစဉ် ပြုလုပ်သည်။ သတင်းပေါက် သဖြင့် ဒေသခံ စောသိုးမားနှင့် စံစီဖိုးတို့က လမ်းတွင် စောင့်ပစ်သောကြောင့် ဗိုလ်ညိုလည်း ကျဆုံးခဲ့ရ သည်။ ထိုဖြစ်ရပ်အတွက် ဗိုလ်ချုပ်ကျော်မြသန်းမှာ အထူး စိတ်မကောင်းဖြစ်ကာ စောသိုးမားနှင့် စံစီဖိုးတို့ကို ဖမ်းဆီးပြီး သူ့ထံသို့ အမြန်ပို့ရန် အမိန့်ပေးလိုက်သည်။ သွားရောက် ဖမ်းဆီးသော တပ်ဖွဲ့နှင့် အတူ၊ မန်းဖန်းရှောင်းဟူသော ဒေသခံ ခေါင်းဆောင်တယောက်ပါ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါလာသည်။ မန်းဖန်းရှောင်းက “သူတို့ကို ဗိုလ်ချုပ်က သတ်ပစ်လျှင်လည်း သေရုံပင် ရှိမည်။ သူတို့ နှစ်ယောက်ကို တော်ရုံသာ အပြစ်ပေးပြီး၊ တော်လှန်ရေးတွင် ပြန်လည် အသုံးချရန်” တောင်းပန်သဖြင့်၊ ဗိုလ်ချုပ်ကျော်မြသန်းက ခွင့်လွှတ်လိုက်သည်။ ထိုနောက်ပိုင်းတွင် မန်းဖန်းရှောင်းက ဗိုလ်ညို၏ တပ်ကို ပြန်လည် ဖော်ထုတ် ပေးခဲ့သည်သာမက တပ်မှူးကောင်းတယောက်အဖြစ် ထင်ရှားခဲ့သည်။

စောသိန်းလွင်ကို ဆက်လက်ပြီး ပညာသင်ကြား နိုင်ရန်အတွက် ဗိုလ်ချုပ် ကျော်မြသန်းက စီစဉ်ထားပြီးလည်း ဖြစ်သည်။ အသက်(၁၅)နှစ်ကျော်ပြီ ဖြစ်သော်လည်း ကျောင်းကို တသမတ်တည်း တက်ခဲ့ရသည်ဟူ၍ မရှိ။ ငယ်စဉ်က တောင်ငူတွင် သူငယ်တန်းကြီးအထိ နေခဲ့သည်။ ထို့နောက် ရန်ကုန်၊ မြေနီကုန်း ပုလိပ် အမှူထမ်း ရပ်ကွက်သို့ ပြောင်းပြီး ကျောင်းတနှစ် တက်ခဲ့ရသဖြင့်၊ ပထမ တန်းကို အောင်မြင်ခဲ့သည်။ အင်းစိန်တိုက်ပွဲကာလ ပဲခူး အထက်တန်းကျောင်းတွင် ကရင်များအား ဖမ်းဆီး ခြိခတ် ခံထားရသော အချိန်က ဒုတိယတန်းကို တက်ခဲ့ရသည်။ ထို့နောက် လက်ပံတန်း ဦးမောင်မောင် အစိုးရ အထက်တန်းကျောင်းတွင် စတုတ္ထတန်း အောင်မြင်ခဲ့သည်။ ဗိုလ်ချုပ်ကျော်မြသန်းက သိန်းလွင်ကို မွေးစားချိန်မှစပြီး ယခုအထိ ကျောင်းပြန် မနေ ရသေး။ ယခုသူတက်ရမည့် ကျောင်းသည် ကော်သူးလေမှ ဖွင့်လှစ်ထားသော အထက်တန်းကျောင်း ဖြစ်သည့် ခတ္တိယရွာသို့ သွားပြီး ပညာသင်ရမည် ဖြစ်သည်။

ကော်သူးလေ ပညာရေးစနစ်တွင် မြစ်ဝကျွန်းပေါ်၌ အထက်တန်းကျောင်း (၂)ကျောင်း ရှိသည်။ ဟင်္သာတခရိုင်အပိုင်၊ ဒနော်ဆင်ခေါင်းရွာ အနီး၊ ဗျန့်ကြီးရွာတွင် အထက်တန်းကျောင်း တကျောင်းရှိသည်။ ပန်းတနော်မြို့နယ် (၁၂)ရွာ၊ ပေကုန်း၊ တောကျောင်းအုပ်စုတွင် အထက်တန်းကျောင်း (၁)ကျောင်းရှိသည်။ ခတ္တိယ အထက်တန်းကျောင်းသည် လှေဆွဲရွာနှင့် ပို၍နီးသည်။ စောသိန်းလွင်က ခတ္တိယ အထက်တန်းကျောင်းတွင် ပဉ္စမတန်းကို ဆက်လက် ပညာသင်ခွင့်ရခဲ့ပြီး ကျောင်းတက်နေသောအချိန်တွင် ဗိုလ်ချုပ်ကျော်မြသန်း၏ တပ်ဖွဲ့များသည် မြစ်ဝကျွန်းပေါ်၌ လှည့်လည်ပြီး၊ ငြိမ်းချမ်းရေး လုပ်ထားသော တပ်မှူးများကို ခရိုင်၊ မြို့နယ်များအတွင်း လိုက်လံ စည်းရုံး သိမ်းသွင်း နေရသော ကာလလည်း ဖြစ်သည်။ စောသိန်းလွင်သည် ကျောင်းပိတ်ချိန်တွင် မန်းဘဇန် နေထိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သော စခန်းသို့ သွားရောက်ပြီး လက်တိုလက်တောင်း ကူညီ လုပ်ကိုင်ပေးရသည်။ ထိုသို့ မန်းဘဇန်အား အကူအညီပေးရသည်ကိုပင် စောသိန်းလွင် အလွန်ပျော်သည်။

ထိုအချိန်က မန်းဘဇန် စခန်းချသော နေရာသည် မန်းသောင်းရွှေ အင်းတဲဖြစ်၍ ဝိန့်ထောင်ရွာ၏ အနောက်ဘက်တွင် တည်ရှိသည်။ ဟန်တာသာမွေးနှင့် မန်းသိန်းမောင်တို့ နှစ်ဦးမှာ ဗိုလ်ကြိုင်ဗိုလ် အင်းတဲတွင် စခန်းချသည်။ ဗိုလ်ကြိုင်ဗိုလ်မှာ K.N.D.O. တွင် တပ်မဟာမှူး ဖြစ်ခဲ့ဖူးသည်။ သူသည် ငြိမ်းချမ်းရေး လုပ်ထားသော်လည်း၊ ကရင် ခေါင်းဆောင်များအား အကာအကွယ်ပေး စောင့်ရှောက်သည်။ မန်းသောင်းရွှေ၏ အစ်မကြီးမှာ ဗိုလ်ကြိုင်ဗိုလ်၏ ဇနီးဖြစ်သည်။ ခေါင်းဆောင်နှစ်ဦး၏ စခန်းနှစ်ခုမှာလည်း သိပ်မဝေးလှ။

ဝိန့်ထောင်ရွာတွင် ကွန်ဖရင့် မကျင်းပမီ မန်းဘဇန်က ဒုတိယ လမ်းစဉ်ကို နေ့-ည မနား ရေးသားခဲ့သည်။ မန်းဘဇန်မှာ ထိုအချိန်တွင် အလွန် အလုပ်များလှသော်လည်း၊ ခေတ္တနားနေချိန်တွင် သိန်းလွင်နှင့် ဇယ်တောက် ကစားသည်။ တခါတရံ စကား ပြောကြရင်း ချက်ထိုးကြသည်။ မန်းဘဇန်နှင့်အတူ စောမောင်ဟူသော တပည့်တယောက် လည်း ရှိသည်။ အနှိပ် အနင်း အလွန် တော်ပြီး၊ ခေါင်းဆောင်ကြီး ညောင်းညာ ကိုက်ခဲလျှင် နှိပ်နယ်ပေးသည်။ မန်းဘဇန် သည် ထိုနှစ်ဦးအား စကားပြောဖော်အဖြစ် ခင်ခင်မင်မင် ရှိလှသည်။

မုဆိုးကော်ကဆာမှာ သမ္မတ ဖြစ်သော်လည်း မန်းဘဇန်ကဲ့သို့ ပင်ပမ်း ကြီးစွာ ကြုံးစား အားထုတ် လုပ်ကိုင်သူမဟုတ်။ မန်းဘဇန် တဦးတည်း ဒုတိယ လမ်းစဉ်ကို နေ့ရောညပါ စီစဉ် ရေးဆွဲခဲ့သည်။

မြစ်ဝကျွန်းပေါ်အခြေအနေသည် ကော်သူးလေ အစိုးရ၏ စစ်အုပ်ချုပ်ရေးကို ချမှတ်လိုက်သော အချိန်မှစပြီး၊ တဗိုလ်တမင်းဝါဒ လွှမ်းမိုးလာကာ၊ တာဝန်ကျ စစ်ဗိုလ်များက ၎င်းတို့၏ အုပ်ချုပ်ရေး နယ်မြေများတွင် စီးပွားရေးလုပ်ငန်းများကိုပါ လုပ်ကိုင်လာကြပြီး အာဏာရှင်များ ဖြစ်လာကြသည်။ ထို့ကြောင့် ညီညွတ်မှု မရှိ။ ဖဆပလ အစိုးရက ကရင် အချင်းချင်း ညီညွတ်မှု မရှိကြောင်း သိသည်။ ထို့ကြောင့် လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေး၊ ငြိမ်းချမ်းရေးစသော နိုင်ငံရေး ထိုးစစ်ကြီးကို စတင်ခဲ့ခြင်း ဖြစ်သည်။ လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရန် ဖိတ်ခေါ်ခံရခြင်း နှင့်အတူ K.Y.O. ခေါင်းဆောင်များဖြစ်သော မန်းဝင်းမောင်၊ စောအောင်ပ၊ စောစံဖိုးသင် တို့ကိုယ်တိုင် နယ်ဆင်းပြီး၊ စည်းရုံးရေး လုပ်ငန်းများကို လုပ်ဆောင် ခဲ့ကြသည်။ မေယုသဘော်ဖြင့် ဆင်းကာ K.N.D.O. တပ်မှူး တပ်ဖွဲ့များကို ခေါ်ယူ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြီး၊ ငြိမ်းချမ်းရေးလုပ်မည်ဆိုလျှင် အုပ်ချုပ်ရေးနယ်မြေများကို ကိုယ်ပိုင် အုပ်ချုပ်ရေး နယ်မြေများအဖြစ် အသိအမှတ် ပြုပေးမည်ဖြစ်ကြောင်း၊ အခွန်အကောက်များလည်း ကောက်ခံခွင့်ပေးမည် ဖြစ်သည်။ မြစ်ဝကျွန်းပေါ်၏ အခွန်အကောက်ငွေ ပမာဏမှာ အလွန်များသောကြောင့် ထို တပ်မှူး များသည် မိမိတို့ အုပ်ချုပ်ခွင့်ရ နယ်မြေများတွင် အင်းခွန် လယ်ခွန် ခြံခွန်များ ကောက်ခံ ခွင့်ရမည် ဖြစ်သဖြင့် တပ်မှူးအများစုတို့မှာ ရန်သူနှင့် ငြိမ်းချမ်းရေး လုပ်လိုက်ကြသည်။

၁၉၅၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တပ်မမှူးဗိုလ်ပု၊ တပ်မဟာမှူး ဗိုလ်အော်ဇာဘွန်း နှင့် တပ်မဟာ(၇)၊ တပ်မဟာမှူး မန်းညိုတို့ လက်နက်ချ သွားကြသည်။ ကျန်နေသေးသော တပ်ဗိုလ် တပ်မှူးများကလည်း ငြိမ်းချမ်းရေး လုပ်ကြသည်။ ငြိမ်းချမ်းရေးလုပ်သော ဒေသတွင်းရှိ တပ်ဗိုလ်၊ တပ်မှူးများကို ဗိုလ်ချုပ်ကျော်မြသန်းက လိုက်လံ တွေ့ဆုံခြင်း၊ ပြန်လည် စည်းရုံးခြင်းကြောင့်သာ ထိုနယ် မြေများကို အတော်အတန် ထိန်းသိမ်း နိုင်သကဲ့သို့ တိုက်ပွဲများစွာလည်း ဖြစ်ပွားခဲ့သည်။ မြစ်ဝကျွန်းပေါ်ကို ပြန်လည် တည် ဆောက်သော ကာလတွင် ပဲခူးအရှေ့ ဘက်ခြမ်းတွင်ရှိနေသော ဗိုလ်ကြီးစီးပလိန်းသည် ယိုးဒယားနယ်စပ်မှ စစ်လက်နက်များကို ဝယ်ယူပြီး၊ မြစ်ဝကျွန်းပေါ်ပြန်လည် ဖော်ထုတ် ရေးအတွက် ထို လက်နက်များကို ခွဲဝေပေးခဲ့လေသည်။ ငွေကြေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးတွင် ပါဝင်လှုပ်ရှားနေကြသော အင်းသူကြီးများက ထောက်ပံ့ကူညီခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဟန်တာသာမွေးနှင့် မန်းဘဇန်

ဟန်တာသာမွေးနှင့် မန်းဘဇန်တို့သည် တော်လှန်ရေးမစမီကပင် ရင်းနှီး ကျွမ်း ဝင်ခဲ့ကြသူများဖြစ်သည်။ မန်းဘဇန်သည် မအူပင်ခရိုင်၊ K.N.U. ဥက္ကဋ္ဌနှင့် အမျိုးသား အထက်တန်းကျောင်းအုပ်အဖြစ် တာဝန်ယူသော ကာလတွင် ဟန်တာသာမွေးက ပညာအုပ် လုပ်သည်။ K.N.U. ၏ စည်းရုံးရေးလုပ်ငန်း လှုပ်ရှား မှုနှင့် K.N.D.O. ကရင် အမျိုးသား ကာကွယ်ရေးတပ်ကို ဖွဲ့စည်းသောအခါ အတူတကွ ဦးဆောင်ကြသည်။ လုပ်ဖော် ကိုင်ဘက် လည်း ဖြစ်သောကြောင့်၊ ညီရင်း အစ်ကို ကဲ့သို့ပင် တဦးအပေါ်တဦး သဘောထားကြသည်။ K.N.D.O. စတင်ဖွဲ့စည်းစဉ်က ဗိုလ်ချုပ်စိုင်းကေလည်း ပါဝင် ခဲ့သည်။ စောဘဦးကြီး၏ အားကိုးအားထားရသော ခေါင်းဆောင်များလည်း ဖြစ်ကြသည်။ ၁၉၄၉ ခုနှစ်၊ အင်းစိန်မှ ဆုတ်ခွာခဲ့ရာတွင် စောဘဦးကြီးက တောင်ငူသို့ ဆုတ်ခွာပြီး၊ ဟန်တာသာမွေး၊ မန်းဘဇန်၊ ဗိုလ်ချုပ်စိုင်းကေ တို့က မြစ်ဝကျွန်းပေါ်သို့ ရောက်သွားကြ သည်။ များမကြာမီ စောဘဦးကြီး က ဗိုလ်ချုပ်စိုင်းကေအား ၎င်းကို ကူညီရန် ကြေးနန်းစာ နှင့် မှာယူ လိုက်သဖြင့် အရှေ့တိုင်း သို့ တက်သွားရသည်။

ဟန်တာသာမွေး ကော်သူးလေ သမ္မတ ဖြစ်လာခြင်း

၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ဥက္ကဋ္ဌ စောဘဦးကြီးနှင့် ဗိုလ်ချုပ် စိုင်းကေ တို့ နှစ်ဦးစလုံး ကျဆုံးသွားခြင်းကြောင့်၊ အရှေ့တိုင်း ခေါင်းဆောင်များ ဖြစ်ကြ သော ဗိုလ်ချုပ်မင်းမောင်၊ စောဘဦးကြီး၏ဇနီးနှင့် စကောလယ်တောတို့ တိုင်ပင်ကြပြီး၊ ဒုတိယ သမ္မတ ဖြစ်သော ဦးလှဖေကို သမ္မတတာဝန် ထမ်းဆောင်ရန်၊ ကြေးနန်းပို့ပြီး စီစဉ်ကြသည်။ ဒုတိယသမ္မတဖြစ်သော ဦးလှဖေ မှာ စောဘဦးကြီး၏ တာဝန်ပေးချက်အရ၊ ပအိုဝ်း နယ်မြေ တွင် တော်လှန်ရေးကို ဦးဆောင် စည်းရုံးလျက်ရှိသည်။ အမှန်စင်စစ် သမ္မတ မရှိတော့လျှင် ဒုတိယ သမ္မတသည်၊ ထိုတာဝန်ကို ယူရမည်ဖြစ်သော်လည်း၊ ဦးလှဖေက သမ္မတ ရာထူးကို ငြင်းဆိုခဲ့သည်။ ထိုသို့ ငြင်းဆိုရခြင်းမှာ ကော်သူးလေ အစိုးရ၏ စစ်အုပ်ချုပ်ရေး အခြေအနေတွင် တပ်များကလည်း ဖရိုဖရဲနှင့် တဗိုလ်တမင်း ဖြစ်နေကြသည့် အတွက်၊ သူ သမ္မတ လုပ်လျှင် သူ့ကို ဘယ်သူကမျှ ဂရုစိုက်မည်မဟုတ်။ သူ့ စကားကို နားထောင်မည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မဟုတ်သည်ကို ကြုံတင် တွက်ဆထားပြီး၊ သမ္မတ တာဝန်ကို လက်မခံခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ထို့အပြင် ဦးလှဖေမှာ ပအိုဝ်း လူမျိုးဖြစ်နေ ခြင်းကြောင့် ပအိုဝ်းတော်လှန်ရေးကိုသာ ဆက်လက် လုပ်ဆောင်သွားရန် ဆုံးဖြတ်ပြီး ဖြစ်သည်ကို အကြောင်းပြန်ခဲ့သည်။ ပအိုဝ်းဦးလှဖေက သမ္မတ ရာထူးကို လက်မခံသည့် အတွက်၊ ဗိုလ်ချုပ်မင်းမောင်၊ စောဘဦးကြီး၏ဇနီးနှင့် စကောလယ်တော တို့က ဂျေဖူးညိုကို သမ္မတ တင်မြှောက်လိုက် ကြသည်။ ဂျေဖူးညိုက ပထမ တွင် မငြင်းခဲ့ သော်လည်း၊ စောဟန်တာသာမွေးက သူ့ ယောက်ဖကို သမ္မတ အဖြစ် လက်ခံခဲ့သည်ကို ဂုဏ်ယူကြောင်း၊ သမ္မတ အနေနှင့် အရှေ့တိုင်းတွင်၊ K.N.U. အစည်းအရုံးကို ပြန်လည် ဖော်ထုတ်ရန် အကြံပြုမိသည်နှင့် K.N.U. ကို ပြန်လည် ဖော်ထုတ်ရမည်ဆိုလျှင် သူ့ အနေဖြင့် သမ္မတ မလုပ်နိုင်ကြောင်း ပြောဆိုကာ ရှောင်ထွက်သွားခဲ့သည်။ (ဂျေဖူးညို၏ ညီမကို ဟန်တာသာမွေးက ယူထားသည်။) စင်စစ် ဂျေဖူးညိုကလည်း အရှေ့တိုင်း ကော်သူးလေ၏ အခြေအနေကို သိပြီးဖြစ်၍၊ သမ္မတ ရာထူး လက်မခံခြင်း ဖြစ်နိုင်သည်။ နောက်ဆုံး ဗိုလ်ချုပ်မင်းမောင်နှင့် စကောလယ်တော တို့က ဟန်တာသာမွေးကို သမ္မတ တာဝန်ယူရန် ကမ်းလှမ်းပြန်သည်။ ဟန်တာသာမွေး ကလည်း အခြေအနေကို သဘော ပေါက်ထားပြီး သမ္မတရာထူးကို လက်ခံရန်အတွက် မန်းဘဇန်၏ ထောက်ခံမှုနှင့် အကူ အညီများ လိုအပ်နေသည်။ မန်းဘဇန် ကလည်း ဟန်တာသာမွေးကို အပြည့်အဝ ထောက်ခံ ခဲ့သည်။ ထို့ကြောင့် စောဟန်တာသာမွေးက ဗိုလ်ချုပ်မင်းမောင်နှင့် စကောလယ်တော တို့ထံသို့ သမ္မတ လုပ်ရန် ကမ်းလှမ်းချက်ကို လက်ခံပါကြောင်း ကြေးနန်း ပြန်ပို့လိုက်သည်။

ထိုစဉ်က မြစ်ဝကျွန်းပေါ်နှင့် အရှေ့တိုင်း ဖာပွန်ဒေသသည် အသွားအလာ အလွန်နည်း၍ ကြေးနန်းဖြင့်သာ ဆက်သွယ်ရသည်။ ထိုစဉ်က ကြေးနန်း စနစ်တွင် အင်္ဂလိပ်ဘာသာကိုသာ အသုံးပြုသည်။ ကရင်နှင့် မြန်မာမော့စ်များ မရှိသေးပေ။ (19) နိုင်တန်းင်းစက်၊ (B-2) ဘီတူးစက်များကိုသာ အသုံးပြုရသည်။ ဟန်တာသာမွေး ကြေးနန်း နားထောင်ရန် ကားဘက်ထရီများကို သုံးပြီး ဒိုင်နမိုကို လှည့်ရသည်။ ကား ဘက်ထရီ များကို အားသွင်းရန် ဒိုင်နမိုကို စက်ဘီးချိန်းကြိုးနှင့် တပ်ဆင်ပြီး ခြေဖြင့်နင်းကာ အားသွင်း ရသည်။ ဟန်တာသာမွေး သမ္မတ တာဝန်ထမ်းချိန်တွင် မန်းဘဇန်သည် ဗိုလ်ချုပ်ကော်ထူး အား မှာယူပြီး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြစ်ဝကျွန်းပေါ်အခြေအနေကို ပြန်လည်ထိန်းသိမ်းရန် ကြိုးပမ်း ဆောင် ရွက်နေသော ကာလ ဖြစ်သည်။

ဝိန့်ထောင်ရွာနှင့် ဒုတိယလမ်းစဉ်

မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းနံဘေးရှိ ဗိုလ်ချုပ်မြမောင်၏ အစ်ကို ကြီးရွာဖြစ်သော မြပဂိုးရွာမှ စုန်ဆင်းလိုက်လျှင်၊ ကယန်းရွာ၊ သံဖြူစု ရွာကို ရောက်သည်။ ချောင်းအတိုင်း ဆက်လက်စုန်ဆင်းလျှင် ဝိန့်ထောင်ရွာသို့ ရောက်သည်။ ချောင်းအတိုင်း ဆက်၍ဆင်းလျှင် `ဒိုင်ဖောင်´ရွာသို့ ရောက်သည်။ ဒိုင်ဖောင်ရွာသည် ရွာကြီးတခုဖြစ်ပြီး၊ ကုန်စုံဆိုင်နှင့် အထည်ချုပ်ဆိုင်များလည်း ဖွင့်လှစ်ထားသည်။ အင်းတဲ များလည်း ရှိသည်။ အနောက်ဘက် ကယန်း၊ သံဖြူစု ရွာတွင် တပ်မဟာမှူး မန်းသောင်းရွှေ၏ တဲလည်းရှိသည်။ မန်းသောင်းရွှေ၏ ဇနီးက ည့်သည်များအတွက် စားစရာနှင့် အိမ်သုံးကုန် ပစ္စည်းများကို ဒိုင်ဖောင် ရွာတွင် သွားရောက်ဝယ်ယူလေ့ရှိသည်။ မန်းသောင်းရွှေ ဇနီး ဈေးသွားဝယ်လျှင် စောသိန်းလွင်ကို အဖော်ခေါ်သွားတတ်သဖြင့် စောသိန်းလွင်ကလည်း ဒိုင်ဖောင် ရွာသို့ သွားရလျှင် အလွန်ပျော်သည်။ ဒိုင်ဖောင်ရွာသည် သာယာသော ရွာကလေး တရွာလည်း ဖြစ်သည်။

မန်းသောင်းရွှေ၏ အင်းတဲသည် ဗိုလ်ကြိုင်ဗိုလ် အင်းတဲ၏ အနောက် ဘက်တွင် တည်ရှိသည်။ သူ၏ အင်းတဲက ဝိန့်ထောင်ရွာထက် ပိုမို၍ပင် စည်ကား လှသည်။ အင်း တခုလျှင် အင်းလုပ်သားများ တရာကျော်ရှိသည်။ ဆည်ဖို့သူ၊ ယင်းကျစ်သူ၊ ငါးခွဲသူ၊ ငါးပိလုပ်သူ၊ ငန်ပြာရည်ခံသူ စသည်ဖြင့် ရွာတွင်းထက်ပင် ပို၍ စည်ကားနေသည်။ ဗိုလ်ကြိုင်ဗိုလ် အင်းတဲသည်လည်း အလားတူပင် စည်းကားလေသည်။ ဒုတိယလမ်းစဉ်ကို ချမှတ်နိုင်ရန် ဝိန့်ထောင် ကွန်ဖရင့်ကို ကျင်းပရာတွင် ရွာသို့ သွားရောက် စုဝေးရပြီး ရွာထဲတွင်ပင် အစည်းအဝေးကို ပြုလုပ်သည်။ ဝိန့်ထောင် ကွန်ဖရင့်သို့ တက်ရောက်လာသူ များမှာ၊ -

(၁) ဧရာဝတီတိုင်းရှိ တပ်မဟာမှူးများ အားလုံး၊

(၂) ခရိုင်ဥက္ကဋ္ဌများ မြို့နယ် ဥက္ကဋ္ဌများနှင့် ခရိုင်/မြို့နယ် တာဝန်ခံများအားလုံး၊

(၃) ဒု- တပ်မဟာမှူးများနှင့် တပ်ရင်းမှူးများအားလုံး၊

(၄) မြစ်ဝကျွန်းပေါ်တွင် ရှိသော၊ K.N.U. ပေါလစ်ဗျူရိုများ၊

ဗဟိုကော်မတီဝင်များ အားလုံးတို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပေါလစ်ဗျူရိုများမှာ ဦးဖိုးတိုး၊ ဆရာစိန်ဟန် (မန်းမနိတ်) နှင့် မန်းဘဇန် တို့ဖြစ်ပြီး၊ ဆရာစိန်ဟန်နှင့် မန်းဘဇန်တို့မှာ မိန့်ခွန်းပြောခြင်းနှင့် စကားပြောရာတွင် အလွန်အပြောကောင်းသူများ ဖြစ်သည်။ မန်းဘဇန်က အပြောအဆို ကောင်းသလောက်၊ ဆရာစိန်ကိုလည်း အထူးလေးစား ချီးကျူးသည်။ ဆရာစိန်ဟန်မှာ လူပျိုဘဝက ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ရဟန်းဘဝတွင် ကျောင်းထိုင် ဆရာတော် တပါးလည်းဖြစ်ခဲ့သည်။ ရဟန်းဘဝမှ ထွက်ပြီး အိမ်ထောင်ပြုပြီး နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သည်။ ခရစ်ယာန်ဘာသာဝင် ဖြစ်လာသော အခါတွင်လည်း နှစ်ခြင်း ပေးနိုင်သော သိက္ခာတော်ရ ဆရာတပါး ဖြစ်ခဲ့သည်။ တော်လှန်ရေးထဲသို့ ဝင်ရောက်ပြီး မကြာခင်မှာပင် သူသည် ပေါလစ်ဗျူရိုအဖွဲ့ဝင် တဦးဖြစ်လာခဲ့သည်။ ဆရာစိန်ဟန် သင်တန်းပေးသည့်အခါများတွင် ဆွေးနွေးသည့် အကြောင်းအရာများ အပေါ်မူတည်၍ ရယ်စရာများနှင့် ရောနှော၍ သင်ကြားပေးတတ်သူ ဖြစ်သောကြောင့် သင်တန်းသားများမှာ ပျင်းရိခြင်းမရှိဘဲ ရွှင်လန်း တက်ကြွစွာ သင်ယူကြသည်။ အိပ်ငိုက်ဖို့ရန် ဝေးစွ၊ တဟား ဟားနှင့် ရယ်မောနေ ကြရသည်။ ဆွဲဆောင်မှုလည်းကောင်းသော သင်တန်းဆရာများမှာ ပေါလစ်ဗျူရို များဖြစ်သည့် ဆရာစိန်ဟန်အပြင် မန်းရှန်ဖလေ့ (ဆရာသာမြိုင်)လည်း ပါဝင်လေ သည်။ ဒုတိယလမ်းစဉ်ကို သင်တန်းပို့ချသူများမှာ မန်းဘဇန်၊ မန်းရှန်ဖလေ့၊ ဆရာ စိန်ဟန်၊ ဦးတိုးတို့ ဖြစ်ကြသည်။ အဓိက သင်တန်းပေးသူမှာမူ မန်းဘဇန်ဖြစ်သည်။

ခတ္ထိယကျောင်း

စောသိန်းလွင်သည် ဝိန့်ထောင်ကွန်ဖရင့် မတိုင်မီ မန်းဘဇန်နှင့် အတူ နေထိုင်သောကြောင့် ခေါင်းဆောင်ကြီး၏ နိုင်ငံရေး လှုပ်ရှားမှုများကို လေ့လာ သင်ယူရင်း သူ့တွင် ဗဟုသုတများစွာ ရရှိခဲ့သည်။ ဝိန့်ထောင် ကွန်ဖရင့် အစည်းအဝေး ပြုလုပ်ခါနီးတွင်၊ ဗိုလ်ချုပ်ကော်ထူးက နယ်မြေစည်းရုံးရေး ခရီးစဉ်မှ ပြန်လည် ရောက်ရှိလာပြီး သူ့အား ကျောင်းပြန်တက်ရန် ညွှန်ကြားသောကြောင့်၊ ရဲဘော်တခ့ျိနှင့်အတူ ခတ္ထိယကျောင်းသို့ ပြန်လိုက်လာသည်။ ကော်သူးလေ အစိုးရက ဖွင့်လှစ်ထားသော အထက်တန်းကျောင်း (၂)ကျောင်းအနက် ဗြန့်ကြီးကျေးရွာ အထက်တန်းကျောင်းတွင်၊ မန်းဘဇန်၏ သားနှစ်ဦး ဖြစ်သော ရောဘတ်ဇန်နှင့် ဘော်ဒွင်ဇန်တို့ ကျောင်းတက်နေသည်။ ကော်သူးလေ ပညာရေးဝန်ကြီးများမှာ

အရှေ့တိုင်းတွင် ဆရာဘထွန်းဖြစ်ပြီး၊ မြစ်ဝကျွန်းပေါ်တိုင်းတွင် ပဒိုရော့စ်တောဖြစ်သည်။ တက္ကသိုလ်မှ B.A ဘွဲ့ရခဲ့သူများဖြစ်သည်။ အရှေ့တိုင်း ပညာရေး ဝန်ကြီး ဆရာဘထွန်းသည် ကရင်မိဘများမှ မွေးစားထားသော မြန်မာ အမျိုးသား တဦးပင် ဖြစ်သည်။ သူ၏ဇနီးမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးသည်။ ၁၉၆၃ ခုနှစ်၊ ဟန်တာ သာမွေးတို့ လက်နက်ချသောအခါ ကရင်ပြည်နယ်တွင် ပညာရေးဝန်ကြီး တာဝန်ကို ယူခဲ့သည်။

စောသိန်းလွင် ခတ္တိယကျောင်းသို့ ပြန်တက်သောအခါ (၅)တန်းတွင် ပြန်နေ ရသည်။ အသက်မှာ (၁၆)နှစ်ခန့်ပင် ရှိပြီဖြစ်သဖြင့် လပိုင်းအတွင်း (၆)တန်း တက်ခဲ့ ရသည်။ (၂)နှစ်အ ကြာ၊ ၁၉၆၅ ခုနှစ်တွင် ဖဆပလ အစိုးရကျောင်းမှ (၇)တန်း ကျောင်းသားများသည် “ဟယ်ရီ တန် ကျောင်းသား အရေးအခင်း”ကြောင့် ကျောင်းသား အားလုံး စာမေးပွဲအောင်ကြသဖြင့် စောသိန်းလွင်တယောက်လည်း (၇)တန်း အောင်မြင် ခဲ့သည်။ ကျောင်းဆက်တက်ရန် အခွင့်အရေးရှိသော်လည်း ဗိုလ်ချုပ်ကျော်မြသန်းမှာ အရှေ့တိုင်းသို့ သွားရမည်ဖြစ်၍ သူ လည်း ကျောင်းမှ ထွက်လိုက်ရသည်။

ဝိန့်ထောင် ကွန်ဖရင့်မှ လှေဆွဲ တပ်မှူး အစည်းအဝေးသို့

ဝိန့်ထောင် ကွန်ဖရင့်မှ ကရင့်တော်လှန်ရေး၏ ရည်ရွယ်ချက်၊ ကရင့် တော်လှန် ရေး၏ အဓိကရန်သူ၊ ကရင့်တော်လှန်ရေး၏ ပစ်မှတ်၊ ကရင့် တော်လှန်ရေး၏ အင်အား၊ ကရင့် တော်လှန်ရေး၏ ဝင်ရိုး၊ ကရင့်တော်လှန်ရေး၏ လုပ်ငန်း စဉ်များကို ချမှတ်ပြီး မြစ်ဝကျွန်းပေါ်တိုင်း၊ ခရိုင်၊ မြို့နယ်များနှင့် တပ်မဟာ၊ တပ်ရင်း အသီးသီးမှ တော်လှန်သော၊ ကရင်အမျိုးသား လက်နက်ကိုင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များအား လက်တွေ့ သင်တန်းများ ပေးပြီး၊ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများကို စတင် အကောင်အထည် ဖော်ခဲ့ သည်။ တနှစ်ကျော် အကြာ ၁၉၅၄ ခုနှစ်၊ လှေဆွဲ တပ်မှူး ကွန်ဖရင့်တွင် စစ်ရေး နိုင်ငံရေး လှုပ်ရှားမှု များကို ပြန်လည် သုံးသပ်ကြရာတွင် အောက်ပါ အတိုင်း အောင်မြင်ခဲ့မှုများကို တွေ့ကြရသည်။

ကရင်လူထု တရပ်လုံးအတွက် အမှန်တကယ် အကျိုးပြုသော လမ်းစဉ် ဖြစ်ခဲ့၍ ကရင်ပြည် သူများကလည်း ထောက်ခံ အားပေးလေသည်။

အခြားသော တိုင်းရင်းသားလူမျိုးများကလည်း ထောက်ခံအားပေးလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင့်လက်နက်ကိုင်တပ်များ အားလုံးကလည်း ချမှတ်ထားသော စစ်ရေး အစီအစဉ်အောက်တွင် တက်တက်ကြွကြွ ဖြစ်လာပြီး၊ ရန်သူကို ပိုမို တိုက် ခိုက်လာနိုင်သည်။ အောင်ပွဲများလည်း ရလာကြသည်။ ထို့ကြောင့် စွန့်လွှတ်ခဲ့ရသော နယ်မြေများတွင် ပြန်လည် အခြေချနိုင်ခဲ့သည်။

တော်လှန်ရေးအဖွဲ့အစည်း အချင်းချင်း နားလည်မှုရရှိပြီး၊ ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်လာခဲ့သည်။

စွန့်လွှတ်ခဲ့ရသော နယ်မြေများကို ပြန်လည် အခြေချနိုင်ခဲ့သည့် အပြင် အခြေခံ နယ်မြေများကို တိုးခ့ဲ လာနိုင်ခဲ့သည်။

ကရင်လူထုများသည် နိုင်ငံရေးနိုးကြားလာပြီး၊ စည်းရုံးရေးလုပ်ငန်း၊ စစ်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာကြသည်။

တပ်မတော် တည်ဆောက်ရေးတွင် အမြဲတမ်း တပ်မတော်၊ ပြောက်ကျား တပ်မတော်တို့ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ကရင်အမျိုးသား ကာကွယ် ရေး တပ်မတော် K.N.D.O.ကို ဆက်လက်ထားရှိပြီး အုပ်ချုပ်ရေးနှင့် လုံခြုံ ရေးကိစ္စများကို တာဝန်ယူစေသည်။

ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်တိုင်း အခြေအနေသည် ကောင်းမွန် တိုးတက် လာ သောကြောင့်၊ ထိုလမ်းစဉ်ကို ကော်သူးလေတပြည်လုံး အတိုင်းအတာဖြင့် တရားဝင် လမ်းစဉ် ဖြစ်လာရန် အရှေ့တိုင်းသို့ ခေါင်းဆောင်များအားလုံး သွားပြီး ညီလာခံ ကျင်းပရန် ပြင်ဆင်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation
ဗိုလ်ချုပ်ကျော်မြသန်းမှ ဗိုလ်ချုပ်ကော်ထူးသို့၊ -

လှေဆွဲ ကွန်ဖရင့်မှ ခေါင်းဆောင်များအားလုံးသည်၊ မိမိတို့၏ အမည်များကို ကရင်လို ပြန်လည် မှည့်ခေါ်ခဲ့ရာ၊ ဗိုလ်ချုပ်ကျော်မြသန်းကို ဗိုလ်ချုပ်ကော်ထူးသို့ နာမည် ပြောင်းလဲလေသည်။ ဗိုလ်ချုပ်ကျော်မြသန်းခေါ်ဗိုလ်ချုပ်ကော်ထူးမှလည်း အရှေ့တိုင်း မောကို ညီလာခံကို တက်ရောက်ရမည်ဖြစ်၍ အရှေ့တိုင်းသို့ မထွက်ခွာမီ တောကျောင်း ရွာတွင် "နန်းမူ" ခေါ်"ဆရာမနန်းရှင်"နှင့် မင်္ဂလာ ဆောင် ခဲ့သည်။

မောကိုညီလာခံကို တက်ရောက်ရန် မြစ်ဝကျွန်းပေါ်မှ ခေါင်းဆောင်များ အားလုံးလိုလို အရှေ့တိုင်းသို့ သွားမည်ဖြစ်ပြီး ဆရာစိန်ဟန် (မန်းမနိတ်)၊ ဦးတိုး စသော ခေါင်းဆောင်များသာ မြစ်ဝကျွန်းပေါ်တွင် ကျန်ရစ်ခဲ့ကြသည်။ ခရီးသွားရန် ပြင်ဆင်သော ခေါင်းဆောင်များမှာ၊ မန်းဘဇန် (မန်းစိုးကမော)၊ ဗိုလ်ချုပ်မြမောင် (မန်းသုခနုတ်)၊ ဆရာသာမြိုင် (မန်းရှန်ဖလေ့)၊ ဗိုလ်ချုပ်ကျော်မြသန်း(ဗိုလ်ချုပ်ကော်ထူး)၊ မန်းသိန်းမောင်၊ စောမျိုးသွေး၊ ဗိုလ်မောင်မောင်၊ ဗိုလ်မှူးချုပ်တင်ဦး(တာအယ်)၊ ဗိုလ်မှူးမြသိန်း၊ ဗိုလ်မှူး မိုးဟိန်း၊ ဗိုလ်မှူးချုပ်ကျင်ဖေ (ကိုးဒို) တို့ ဖြစ်သည်။

စောသိန်းလွင် နှင့် အရှေ့တိုင်းခရီး

ဗိုလ်ချုပ်ကော်ထူး၏ အရှေ့တိုင်းခရီးစဉ်တွင် သူ၏ဇနီးသည် ဒေါ်နန်းရှင် တပ်မ ဟာရုံးအဖွဲ့တွင် ဗိုလ်ကြီးမြစိန်၊ တိုင်းစစ်ဌာနချုပ် ရုံးထိုင်မှူးနှင့် ထောက်လှမ်းရေးဌာန၊ လုံခြုံရေး တပ်ခွဲမှူးများ ဖြစ်ကြသော ဗိုလ်ဒါဝိတ်၊ ဗိုလ်ထွန်းလူနှင့် အင်အား (၅၀)ခန့်ဖြင့် ဖွဲ့စည်းထားသည်။ တောကျောင်းရွာမှ ညောင်တုန်း၌ရှိသော ဗိုလ်ကျင်ဖေ၏ အခြေခံ စခန်းသို့ အရင်သွားကြသည်။ ထိုစခန်းတွင် တပ်ခွဲမှူး ဗိုလ်ကျား၊ ဒု ခွဲမှူး ဗိုလ်ရွှေကျင်၏ တပ်ခွဲစခန်းတွင် တပတ်ခန့် နေထိုင်ပြီးနောက် အရှေ့တိုင်းသို့ ဆက်လက်ထွက်ရာတွင် ဗိုလ်ကျင်ဖေနှင့် သူ၏ တပ်ခွဲက ရထား လမ်း ကားလမ်းကိုကျော်ပြီး ပဲခူးတောင်ခြေအထိ လိုက်လံ ပို့ဆောင်ခဲ့သည်။ သူလည်း နောက်ပိုင်း အစည်းအဝေးသို့ အရောက် သွားရမည် ဖြစ်သည်။

ဗိုလ်ချုပ်ကော်ထူးနှင့်အဖွဲ့တို့ ဆက်လက်ထွက်ခွာလာရာ လက်ပံတန်းနှင့် အင်းရွာအကြားတွင်ရှိသော၊ `ကုန်းမန်´ဟု ခေါ်သော ကရင်ရွာ တရွာသို့ ရောက်ရှိခဲ့သည်။ ကရင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမျိုးသား အမာခံရွာ တရွာလည်း ဖြစ်သည်။ တော်လှန်ရေး စစချင်း တရွာလုံး မီးရှို့ခံခဲ့ရသည်။ စောသိန်းလွင် ရောက်လာသောအချိန်တွင် ရွာသားများက စနစ်တကျ ရွာကိုပြန်လည်ထူထောင်ပြီး အခြေချ နေထိုင်နေကြချိန်။ တောင်ခြေနှင့်လည်း သိပ် မဝေးလှ။ ကုန်းမနဲရွာနှင့် မနီးမဝေးတွင် ဖားရွှေကျော်ဟု ခေါ်သော ကရင်ရွာ တရွာလည်း ရှိသည်။ ဆရာစံ သူပုန်ထစဉ်က အခြေပြုခဲ့သော ရွာတရွာဖြစ်ပြီး၊ အိမ်ခြေ (၅၀)ခန့် ရှိသည်။ ဘုန်းတော်ကြီးကျောင်း တကျောင်းလည်း ရှိသည်။ ညဘက် ခရီးသွားခဲ့ရသည် ဖြစ်၍ မိုးလင်းခါနီးမှ ဖားရွှေကျော်ရွာသို့ ရောက်ခဲ့သည်။ ဆရာစံ သူပုန်များကို နှိမ်နင်း ရာတွင် အင်္ဂလိပ်တပ်မှ ပစ်ခတ်၍ ထိမှန်ထားသော ကျည်ဆံရာများကို သစ်ပင်များတွင် အမှတ်တရအဖြစ် ထိန်းသိမ်းထားသည်ကို တွေ့ရသေးသည်။ ဆက်လက် ထွက်ခွာ လာရာ ပဲခူးတောင်ခြေဖြစ်သော ကိုင်းချောင်းသို့ ရောက်လာသည်။ ကိုင်းချောင်းတွင် တောကောင် များနှင့် ဆင်ရိုင်းခြေရာများကို စတင်တွေ့ကြရသည်။ ကိုင်းချောင်းမှဆက်လျှင် `ဆောမူ ခိုလော´ သို့ ရောက်မည်။ လမ်းတွင် `ဆောမူခိုလော´ ကျေးရွာအုပ်စုဖြစ်သော ဗမာလိုက်၊ သဲမဲရွာများသို့ ရောက်လျှင် လူစုခွဲ၍ ခေတ္တတည်းခိုကြသည်။

စောသိန်းလွင်က စူးစမ်းကြည့်သည်။ ဤ 'ဗမာလိုက်' 'သဲမဲ'ရွာများသည် မြန်မာစကား လုံးဝ မပြောတတ်သကဲ့သို့ စာ မတတ်သော ကရင်ရွာများ လည်းဖြစ်သည်။ အဘယ်ကြောင့် "ဗမာလိုက်" ဟု မြန်မာလို အမည်ပေးထား ရသည်ကို စောသိန်းလွင် သိလိုလှသည်။ ထို့ကြောင့် ရေသို၊ အုန်းပင်စုရွာတို့မှ ရွာသားများကို မေးကြည့်ရာ၊ ရှေး လူကြီးများက ရွာအမည်များကို မြန်မာလို မှည့်ခေါ်ထားသည့်အတိုင်း ဆက်လက် ခေါ်ဆို ခဲ့ကြောင်း၊ ရှေးယခင် မြန်မာမင်းတို့က စေတီ ပုထိုးများ တည်ဆောက်ရာတွင် ကျွန်အဖြစ် ခိုင်းစေရန်၊ ကရင်များကို လာရောက် ဖမ်းဆီးကြခြင်းဖြစ်သည်။ ထို့ကြောင့် ဗမာများ လာပြီဆိုလျှင် ကရင်များသည် လွတ်ရာလွတ်ကြောင်း ထွက်ပြေးခဲ့ကြရာမှ၊ ဗမာကလိုက်၍ ဗမာလိုက်ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်ကြောင်းကို သိခဲ့ရသည်။ ပြေး၍မလွတ်သောအခါ ရရာလက်နက် များဖြင့် "သဲသဲမဲမဲ" ပြန်လည် တိုက်ခိုက်ခဲ့ကြရာမှ၊ ထို တိုက်ခိုက်ခဲ့သော နေရာကို 'သဲမဲ'ရွာအဖြစ် သတ်မှတ်ခဲ့ကြောင်းကိုလည်း သိရသဖြင့် စောသိန်းလွင် အတွက် အထူးအဆန်း ဖြစ်ခဲ့ရသည်။ မကြာမီ `ဆောမူခိုလော´ဟု ခေါ်သော နေရာသို့ အရောက် တွင် စခန်းချပြီး တဲများ တည်ဆောက်ကြသည်။

ဆောမူခိုလော

`ဆောမူခိုလော´ရွာသည် ကရင်လက်နက်ကိုင် တော်လှန်ရေး ကာလတွင် မြစ်ဝကျွန်းပေါ်မှ အရှေ့တိုင်းသို့ သွားလာရာတွင် စခန်းတထောက် နားခိုသော ကျေးရွာ တရွာ ဖြစ်သည်။ ခေါင်းဆောင်များနှင့် သူတို့၏ တပ်ဖွဲ့များက မိမိတို့ တည်းခိုရန် စခန်းကို `ဆောမူခိုလော´ ကျေးရွာနံဘေး၌ပင် ဆောက်ကြလေသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် စောမျိုးသွေးတို့ တဲစခန်းလည်းရှိသည်။ ဗိုလ်မောင်မောင်နှင့် သူ့မိခင်အပြင် သူ့ညီမတို့ လာလည်ကြသောအခါ တည်းခိုရန်အတွက် အိမ်တလုံး တည်ဆောက်ထားသည်။ ဗိုလ်ချုပ် ကော်ထူးနှင့် တပ်ဖွဲ့များ ရောက်လာသောအခါ စခန်းချ တည်းခိုရန်အတွက် တဲများကို အလျင်အမြန် ဆောက်လုပ်ကြလေသည်။ ယာယီတဲများအဖြစ် ဆောက်လုပ်ထား သော် လည်း အခ့ျို့ တပ်ဖွဲ့များသည် အခြေအနေကြောင့် ထိုစခန်းတွင် နေရင်းဖြင့် တောင်ယာ ခုတ် လယ်လုပ်ကြသည်။

ဗိုလ်ချုပ်ကော်ထူးတို့ တပ်ဖွဲ့များသည်`ဆောမူခိုလော´တွင် ရောက်နေစဉ် မြေပေါ်မှ တက္ကသိုလ်ကျောင်းသားများဖြစ်သော မန်းဒါဝိတ်နှင့် စ'သိန်းရွှေတို့ နှစ်ဦး လာမည်ကို သတင်းပို့လာသည်။ ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဗိုလ်ချုပ်ကော်ထူးအား တွေ့ဆုံရန်ဖြစ်သည်။ မန်းဘဇန်ကရောက်လာပြီး ကျောင်းသား ခေါင်းဆောင်များနှင့် တွေ့ကာ မကြာမီ ခရီးဆက်လက် ထွက်ခွာသွားသည်။ ဗိုလ်ချုပ်ကော်ထူးက ကျောင်းသား ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးရင်း ထိုကာလမှာပင် ဇနီး သည်က အဖျားဝင် လာသည်။ ငှက်ဖျားဖြစ်ပြီး ကိုယ်ဝန်ဆောင်စ အချိန်လည်းဖြစ်ရာ ဝမ်းချုသော်လည်း အပူမကျဘဲ ဖြစ်နေသည်။ နောက်ဆုံး ဇနီးသည်မှာ ငှက်ဖျား ရောဂါဖြင့်ပင် ကွယ်လွန် ခဲ့သည်။

ဇနီးသည် ဖျားနေ၍ဝင်း တက္ကသိုလ်ကျောင်းသားများကို တွေ့ဆုံနေရသော ကြောင့် ဗိုလ်ချုပ်ကော်ထူးသည်၊ ၁၉၅၆ ခုနှစ်တွင် ကျင်းပသော၊ မောကို ကွန်ဂရက်ကိုပင် မတက်ရောက်နိုင်ခဲ့ပေ။ မန်းဘဇန်နှင့် ကျန်သော မြစ်ဝကျွန်း ပေါ်ကိုယ်စားလှယ်များသာ ထို ကွန်ဂရက်ကြီးသို့ တက်ရောက်နိုင်ခဲ့ပြီး၊ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ မော ကို ကွန်ဂရက်မှ ကော်သူးလေ စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်မင်းမောင်အားဌင်း၊ ဒုတိယ စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ် ကော်ထူး အားဌင်း တာဝန်ပေး တင်မြှောက်လိုက်ကြသည်။

ဗိုလ်နော်ခါရီ (ဗိုလ်ကြီး)နှင့် အရှေ့တိုင်းခရီး

ဗိုလ်ချုပ်ကော်ထူးနှင့် စစ်ဦးစီးဌာနချုပ် အဖွဲ့သားများဖြစ်သော၊ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၊ လုံခြုံရေးတပ်မှူးများဖြစ်သော ဗိုလ်ဒါဝိတ်၊ ဗိုလ်ထွန်းလူ၊ ရုံးအုပ် မန်းသာထွန်း၊ မန်းနေထွန်း၊ စောသိန်း၊ အောင်ကိုး၊ စံမြခင်၊ ချာတိတ်၊ ဗိုလ် နံပြောင်၊ ဗိုလ်တင်ရွှေ၊ သာဂိ၊ သာဆန်း၊ စစ်ဦးစီးဌာနနှင့် ဗဟိုကော်မတီ ဗိုလ်တင်ဦး၊ ပဒိုဝီရီကျော် (ပဒိုဝီရီကျော်မှာ အရှေ့ရိုးမသ့ိုပြန်ရန်အတွက် ခရီးကြုံ လိုက်ခြင်းဖြစ်သည်။) အဖွဲ့သားအားလုံး ကျွန်းထိပ် ရွာသို့ အရင်ရောက်လာကြသည်။ ထိုအချိန်က တော်လှန်ရေးအခြေအနေ ကောင်းမွန်ဆဲ ကာလဖြစ်သည်။

စစ်ဦးစီးအဖွဲ့သည် ကျွန်းထိပ်ရွာသို့ ရောက်သော်လည်း ရွာပြင်၌သာ စခန်းချ နေရာယူကြသည်။ ကျွန်းထိပ်နှင့် မနီးမဝေး တောင်ခြေရင်းတွင် တောင်ညိုလေးဟု ခေါ်သော စခန်းတခု ရှိသည်။ တပ်မဟာမှူး ဗိုလ်မှူးချုပ်မောင်မောင်၏ တပ်မဟာ စခန်း ဖြစ်သည်။ ထိုတပ်မဟာ စခန်းတွင် စစ်ဦးစီးအဖွဲ့က ယာယီစခန်း ချလေသည်။ ကျွန်းထိပ်ရွာ ၏ နံဘေးတွင် `ချင်းမရွာ´ ဟူသော ချင်းရွာတရွာရှိပြီး၊ ဗိုလ်မောင်မောင်စခန်းမှ လှမ်းပြီး မြင်ရသည်။ ဗိုလ်ချုပ်ကော်ထူး၏ အရှေ့တိုင်း ခရီးတွင် ဗကပ များကလည်း ထိုဒေသ တဝိုက်တွင် သွားလာလှုပ်ရှားနေကြသည်။ ဗကပ ၏ အုပ်ချုပ်ရေးနယ်မြေကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ဗကပ တို့ ဒေသခေါင်းဆောင်များကလည်း ထိုစခန်းသို့ လာရောက်လည်ပတ်ကြသည်။ ထို့နောက် ခရီးသွားရန် အစီအစဉ်များကို ဆွေးနွေးကြ လေသည်။ စစ်ဦးစီးအဖွဲ့၏ ခရီးစဉ်တွင် အဓိကလုံခြုံရေးယူရမည့် ဒေသခံတပ်မှူးမှာ ဗိုလ်ကြီးနော်ခါရီဖြစ်သည်။ သူ၏ တပ်ဖွဲ့များသည် တောင်စလဲမြောင်တွင် အခြေခံထား သည်။ ထိုမှတဆင့် ဗကပ နယ်မြေကို ဖြတ်ကျော်ရာတွင်၊ ဗကပ ကတာဝန်ယူရန် ဖြစ်သည်။ ဗိုလ်ကြီးနော်ခါရီ မှာ ၎င်း၏နယ်မြေဖြစ်၍ ခရီးသွားမည့် အစီအစဉ်များကို ကူညီရန်ဖြစ်သည်။ နော်ခါရီနှင့် ဗိုလ်ကြီးမြစိန် တို့သည် တက္ကသိုလ်ကျောင်းတွင် ရင်းနှီးသော ကျောင်းနေဘက်ဖြစ်ပြီး တောခိုသောအခါတွင်လည်း အတူတူပင်ဖြစ်သည်။ နော်ခါရီနှင့် ဝီရီကျော်တို့မှာလည်း ရန်ကုန်တွင် နေစဉ်ကတည်းက သိကျွမ်းခဲ့သူများ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခရီးသွား အစီအစဉ်များကို ဆွေးနွေးတိုင်ပင်ကြပြီး၊ ခရီးထွက်မည့် ရက်ကို သတ်မှတ်ကြသည်။ ခရီးမထွက်မီ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်က စောသိန်းလွင်ကို ခေါ်ယူပြီး ထိုခရီးထွက်မည့် အစီအစဉ်တွင် စောသိန်းလွင်အား တာဝန် ခွဲပေးလေသည်။ ပထမ အစီအစဉ်မှာ ခရီးထွက်မည့်နေ့တွင် ကျွန်းထိပ်ကို စုရပ်ထားပြီး၊ အားလုံးရောက်လျှင် စောသိန်းလွင်၏တာဝန်မှာ ခရီးသွားမည့် ရဲဘော်များအတွက် ဗိုလ်တင်ရွှေနှင့်အတူ ပူးတွဲ တာဝန်ယူရပြီး လှည်းပေါ်တွင် နေရာချပေးရမည်။ ခရီးသွားမည့်ကိစ္စတွင် ဗိုလ်ကြီးနော်ခါရီ နှင့် တွေ့ဆုံပြီး၊ သူ့အစီအစဉ်အတိုင်း ဆောင်ရွက်ရမည် ဖြစ်သည်။ ခရီးသွားမည့် ရဲဘော်များကို နေရာချထားရာတွင် လှည်းတစီးလျှင် ရဲဘော် (၄)ဦးသာ တင်ရမည်ဖြစ်ပြီး အရာရှိများကို လှည်းတန်းအလယ်လောက်တွင် နေရာချရမည်။ ရှေ့ဆုံးလှည်းများမှ ပါလာသော ရဲဘော်များမှာ စစ်ရေးအတွေ့အကြုံရှိသူများ ဖြစ်ရမည်။ စောသိန်းလွင်နှင့် ဗိုလ်တင်ရွှေကိုလည်း လှည်းတန်း၏အရှေ့လှည်းတွင် တဦး လှည်းတန်း၏ အနောက်ဘက် လှည်းများတွင် တဦး လိုက်ကြရန် ဗိုလ်ကြီး မြစိန်က ရှင်းပြထားသည်။

စောသိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့ နှစ်ဦးသည်၊ နံနက်စောစော အိပ်ရာထ ထမင်းစားပြီးနောက် ကျွန်းထိပ်သို့ ဗိုလ်ကြီးနော်ခါရီကို တွေ့ဆုံရန် ထွက်သွား ကြသည်။ ၎င်းတို့နှစ်ဦးစလုံးက ဗိုလ်ကြီးနော်ခါရီကို မမြင်ဖူးကြပေ။ သို့သော် ဗိုလ်ကြီးနော်ခါရီ၏ ရုပ်သွင်ကို ဗိုလ်ကြီးမြစိန်က သူတို့ နှစ်ဦးအား ပြောပြထားသည်။ ကျွန်းထိပ်ရွာသို့ ရောက်သောအခါ လှည်းအတော်များများ ရောက်ရှိနေ ကြောင်းတွေ့ရပြီး ကျေးရွာလူကြီး များကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိလာကြသည်။ ထိုအခါ ဗိုလ်တင်ရွှေက စောသိန်းလွင်အား `လှည်းတွေ ရောက်ပြီ၊ ဗိုလ်ကြီးနော်ခါရီကိုလည်း မတွေ့ပါလား´ဟု လှမ်းပြောသည်။ အမှန် စင်စစ် ဗိုလ်ကြီးနော်ခါရီကို မတွေ့ဖူးသော်လည်း၊ ယူနီဖောင်းနှင့် ခေါင်းဆောင်ဆိုသူ တဦးတယောက်မျှ မတွေ့ရခြင်းကြောင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် မိမိတို့ အစီအစဉ်အတိုင်း ကြုံတင်ပြီး စတင်ထားရမည် ဖြစ်သည်။ ထို့ကြောင့် စောသိန်းလွင်မှ ဗိုလ်တင်ရွှေအား `ဒီလိုဆိုရင် မင်းက လှည်းရှိတဲ့နေရာကိုသွား၊ အဲဒီကို သွားပြီး လုပ်ဆောင်ထားရန် အစီအစဉ်ကို ပြောပြ´ဟု ညွှန်လိုက်သည်။

ထိုသို့ ပြောဆိုနေစဉ်မှာပင် ဖုန်တထောင်းထောင်းနှင့် မြင်း (၃)စီး ခရီးနှင် လာသူများကို တွေ့ရပြီး၊ ဗိုလ်တင်ရွှေမှ နော်ခါရီ လာပြီထင်တယ်ဟု ခန့်မှန်းပြော လိုက်သည်။ အမှန်ပင်

ဖြစ်သည်။ နော်ခါရီနှင့်တပည့်နှစ်ဦးတို့မှာ မြင်းကိုယ်စီဖြင့် လှည်း တန်း ရှိရာသို့ ရောက်လာသည်။ ဗိုလ်တင်ရွှေနှင့် သိန်းလွင်တို့က နော်ခါရီကို အလေးပြု လိုက်သည်။ နော်ခါရီကလည်း အခြေအနေကို ကြည့်ပြီး၊ သူတို့ဆီသို့ ဦးတည်လာကာ သိန်းလွင်ဘက်သို့ လှည့်ပြီး၊ `လူတွေစုံပြီလား ခေါင်းဆောင်တွေ အားလုံး ရောက်ကြ ပြီလား´ ဟု သူတို့နှစ်ဦးအား မေးလာသည်။ သိန်းလွင်ကဘဲ အားလုံးစုံသလောက် ရှိပါပြီဟု ပြန်ဖြေလိုက်သည်။ ထို့နောက် သိန်းလွင်က နော်ခါရီအား ဗိုလ်ကြီးမြစိန်မှ သူတို့အား ညွှန်ကြားထားသော အစီအစဉ်ကို ရှင်းပြ လေသည်။ ထိုအခါနော်ခါရီက လှည်းများကို ထပ်မံစစ်ဆေးကာ၊ ကောက်ရိုးတင် ထားခြင်း ရှိ-မရှိ၊ ကောက်ရိုးမပါသော လှည်းများကို ကောက်ရိုးများတင်လာရန် ပြောလိုက်သည်။ ထို့နောက် ခရီးသွားမည့် အစီအစဉ်ကို ရှင်းပြသည်။ `ပထမ ကျားကိုက်မြောင်ကို မောင်းခိုင်း´။ ကျားကိုက်မြောင်ကို ရောက်လျှင်၊ ဗကပ အဖွဲ့က ဆက်လက်တာဝန်ယူ ညွှန်ကြားလိမ့်မည် ဖြစ်ကြောင်း ပြောနေစဉ်၊ ဗိုလ်ကြီးမြစိန် ရောက်လာပြီး၊ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်ချုပ်တင်ဦးတို့လည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ နော်ခါရီက ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်ချုပ်တင်ဦးတို့ကို အလေးပြုပြီးနောက် ဝီရီကျော်နှင့် ရယ်ရယ်မောမောဖြင့် ပြောဆို နှုတ်ဆက်ကြသည်။

ထို့နောက် နော်ခါရီက သိန်းလွင်နှင့် ဗိုလ်တင်ရွှေဘက်ကို လှည့်ပြီး၊ “ရှေ့ပြေး တပ်ဖွဲ့ကို လွှတ်လိုက်” ဟု ညွှန်ကြားလိုက်သည်။ စီစဉ်ထားသည့် အတိုင်း ခရီးစထွက်ရာ လှည်းတန်းကြီးမှာ မျက်စေ့တဆုံးလောက်ဟု ပြောရမည် ဖြစ်သည်။ အစီအစဉ်အတိုင်း လုံခြုံရေး တပ်ဖွဲ့က ရှေ့ဆုံးက။ တပ်ဖွဲ့အလယ်တွင် ခေါင်းဆောင်များ၊ နောက်ပိုင်း တပ်ဖွဲ့တွင် စောသိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့ လိုက်ကြသည်။ နော်ခါရီလည်း သိန်းလွင် တို့နှင့်အတူ လိုက်လေသည်။ ပထမတွင် စောသိန်းလွင်က နော်ခါရီကို ကိုယ်တိုင်လိုက်ပါလိမ့်မည်ဟု မထင်ခဲ့။ စစ်ဆေးစရာများ စစ်ဆေးပြီးပါက ပြန်မည်ဟု ထင်ထားခဲ့သည်။ ဗိုလ်နော်ခါရီသည် မြင်းများကို ထားခဲ့ပြီး၊ စောသိန်းလွင်၊ ဗိုလ်တင်ရွှေတို့နှင့် အတူ လှည်းတစီးတည်း စီးခဲ့ကြသည်။ ကျားကိုက်မြောင်သို့ ရောက်သောအခါ ခေတ္တ နားပြီး ထမင်းစားကြသည်။ နော်ခါရီက လူကြီးများထံသို့ သွားရောက်တွေ့ဆုံစဉ် သိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့က လှည်းပေါ်တွင် ကျန်ရစ်ခဲ့ကြသည်။ ထမင်းစား ကြပြီးနောက် တနေကုန် ခရီးထွက်ကြ ရသည်။ ဗကပ ၏ အစီအစဉ်တွင် အချိန်ကိုက် တိကျစွာ စီစဉ်ထားသည်။ ဗကပ ၏ အခြေခံ ရွာကြီးတရွာသို့ ရောက်လာရာ ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရွာ၌ ထမင်းဟင်းများ အဆင်သင့် ပြင်ဆင်ထား ကြပြီး လှည်းတစီး အိမ် တအိမ် တည်းခိုကြရသည်။

စောသိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့ တည်းခိုသောအိမ်တွင် ဗိုလ်တင်ဦးလည်း ပါသည်။ ထမင်းစားသောက်ပြီး၊ မိုး မချုပ်မီ လှည်းများနှင့်ပင် ခရီး ဆက်ရန် စီစဉ်ထား လေသည်။ ဗကပ က၊ ကင်းများကို စနစ်တကျ ချထားပေးပြီး၊ ညတွင်း ချင်းပင် ကားလမ်း၊ ရထားလမ်းကို ပြန်တန်ဆာအနီးမှ ဖြတ်ကျော်ကြသည်။ မိုးလင်းသောအခါတွင် စစ်တောင်းမြစ် နှုတ်ခမ်းသို့ ရောက်လာခဲ့သည်။ ထိုအချိန်က စစ်တောင်းမြစ်တွင် လှည်းကူးတို့များ ရှိနေသည်။ စစ်တောင်းမြစ် နှုတ်ခမ်းရှိ လိန်ပင်ဝဲ၊ ဟင်္သာဝဲ၊ ကျွန်းထိပ်၊ ကျောက်ဖျာရွာတွင် လှည်းများဖြင့် ကူး၍ရသော လှည်းကူးတို့များ ထားရှိသည်။ ကူးတို့ဂိတ်အတွက် ကျေးရွာများက လေလံဆွဲရသည်။ လုပ်ချင်တိုင်း လုပ်၍မရ။ နှစ်နှစ် သုံးနှစ်အတွင်းတွင်၊ ကူးတို့ လေလံရသူတို့မှာ သူဋ္ဌေးဖြစ် သွားနိုင်သည်။ သိန်းလွင်တို့ လှည်းတန်းသည် လိန်ပင်ဝဲနှင့် ဟင်္သာဝဲ ကြားတွင် ချောင်းကို ကူးရသည်။ လိန်ပင်ဝဲသို့ ဝင်ရောက်သည်နှင့် ကျောက်ကြီးရှိ ဗိုလ်ကျားမောင်၏ နယ်မြေသို့ ရောက်ခဲ့သည်။ လိန်ပင်ဝဲ တွင် တရက် နှစ်ရက်မျှ နားကြသည်။ ထိုအချိန်က တပ်မဟာရုံးသည် လယ်ထက်ီးတွင်ရှိသည်။ လိန်ပင်ဝဲနှင့် လယ်ထက်ီးမှာ အတော်သွားရသေးသည်ဖြစ်၍ လှည်းဖြင့်သွားရန် ခရိုင်မှ စီစဉ်ခြင်းဖြစ်သည်။ (၃)ရက်မျှ စောင့်ဆိုင်းပြီးနောက် လှည်းများ ရောက်လာသောအခါ နော်ခါရီ၊ စောဘောနဲ့၊ စောသိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့သည်၊ လှည်းတစီးတည်းဖြင့်အတူ သွားခဲ့ကြသည်။ လယ်ထက်ီး တပ်မဟာရုံးသို့ ရောက်သောအခါ၊ ဗိုလ်ကျားမောင်၊ ပဒိုဘောယူဖော(ရုံးထိုင်မှူး)၊ ဗိုလ်ကစယ်ဒိုု (တပ်ရင်းမှူး) စသော တပ်မဟာ (၃) မှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံလေသည်။

တပ်မဟာ(၃)တွင်၊ တပ်ရင်းမှူး (၃)ယောက်ရှိရာ ၎င်းတို့မှာ ဗိုလ်မှူး ဟိုးဖော (ခေါ်) စောစဲမစယ်၊ ဗိုလ်မှူးတူးဟဲ (ခေါ်) ပယ်နာနှင့် ဗိုလ်မှူးကစယ်ဒိုု တို့ ဖြစ်ကြသည်။ ဗိုလ်ချုပ်ကော်ထူးနှင့် အဖွဲ့လည်း တပ်မဟာ(၃) လယ်ထက်ီးမှ တဆင့် အရှေ့ဘက်သို့ ဆက်ကူးပြီး ဗိုလ်ကြီးနော်ခါရီတို့လည်း ပဲခူးဘက်သို့ ပြန်ကူးသွားလေသည်။ ဗိုလ်ချုပ် ကော်ထူးအဖွဲ့လည်း လယ်ထက်ီးမှတဆင့် လေးဝါး တောင်ကိုကျော်ပြီး လေးဝါးရွာတွင် (၁)ညအိပ်သည်။ ထို့နောက် လေးဝါးမှ တနေကုန်ခရီးဆက်ခဲ့ရာ “သေခိုဆယ်တဲရွာ”ကို ရောက်ခဲ့သည်။ (ညောင်လေးပင် ခရိုင်နှင့် ဖာပွန် ခရိုင်နယ်စပ် ဖြစ်သည်။)။ `သေခိုဆယ်တဲ´ တောင်ကို ကျော်လျှင် ဖာပွန်နယ်မြေသို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရောက်သည်။ “ဃဲပါ” ကျေးရွာအုပ်စုအပိုင်ဖြစ်သည်။ ထို့နောက် “မယ်စီးဒဲ”သို့ ရောက်သည်။ “မယ်စီးဒဲ” မှတဆင့်`ယောထာ´သို့ ရောက်သည်။ `ယောထာနှင့် ထီးလောဲ´သည် မူဆိုးကော်ကဆာ နေသော ရွာဖြစ်သည်။ “ယောထာ”ရွာတွင် ဗိုလ်ချုပ်ကော်ထူး ခေတ္တ ရုံးစိုက် လေသည်။

အရှေ့တိုင်း စစ်ဦးစီးစခန်းသို့

ဗိုလ်ချုပ်ကော်ထူးတို့ အဖွဲ့သည် အရှေ့တိုင်း ကော်သူးလေ ဌာနချုပ် စခန်း ဖြစ်သော `စေးဘောဲ´သို့ ရောက်သောအချိန်တွင် ဥက္ကဋ္ဌကြီး ဟန်တာသာမွေးမှာ ဗဟိုဌာနချုပ်တွင် မရှိပေ။ အကြောင်းမူ မင်းရန်အောင် ထိုးစစ်ကို ရှောင်တိမ်းရင်း `ဃယ်ပါ´ဂရူ (ခေါ်) `ဃယ်ပါ´တိုက်နယ်၊ `ခွီးဒိုကို´ တောင်ထိပ်တွင် ရောက်နေသည်။ ဗိုလ်ချုပ်ကော်ထူးက အရှေ့တိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းပို့လေသည်။ ဗိုလ်ချုပ်ကော်ထူး နှင့်အတူ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်တို့က “ကော်ကဆာ”အား သွား ရောက် တွေ့ဆုံရာတွင်၊ စောသိန်းလွင်လည်း လိုက်ပါသွားခဲ့သည်။ “မူဆိုးကော်ကဆာကြီး” နှင့် သူ၏ဇနီးအပြင် သား သမီးများကိုလည်း တွေ့ဆုံ နှုတ်ဆက်ကြလေသည်။ ကော် ကဆာနှင့်အတူ ပဒိုဖိုးညော ကိုလည်း တဆက်တည်း သွားရောက် နှုတ်ဆက်ကြသည်။ ထို့နောက် တောင်ခြေ စခန်း တခုဖြစ်သော “ယောထာ”တွင် စခန်းချကြသည်။

နောက်ပိုင်းတွင် မူဆိုးကော်ကဆာနှင့် မိသားစုများသည် ခွီးဒိုခို၊ တောင်ထိပ် ပေါ်မှ ကော်သူးလေ ဗဟိုဌာနချုပ်စခန်းဖြစ်သော၊ “စေးဘောဲ” သို့ ပြန်လာခဲ့သည်။ သို့သော် “စေးဘောဲ”တွင် ဆက်လက်မနေတော့ဘဲ `ယောမူခီး´သို့ ပြောင်းရွှေ့ နေထိုင် ခဲ့သည်။ ဗိုလ်ချုပ်ကော်ထူးနှင့် စစ်ဦးစီး ဌာနချုပ်အဖွဲ့ကလည်း `ယောထာ´ရွာမှ ပြန်လာ ပြီး၊ “စေးဘောဲ” အနီးအနားတွင်ရှိသော ဃဲပါထာ တွင် စခန်းပြန်ဆောက်ကြသည်။ ဃဲပါကရူမှာ “လူသောကော်ဆာ”ခေါ်“လူသော” မြို့နယ်တွင် ပါဝင်သည်။ ‘ဃဲပါကရူ’ ခေါ်‘ဃဲပါ’ အုပ်စုမှာ“ဒွယ်လိုးကော်ဆာ”နှင့် “လူသောကော်ဆာ”အကြားတွင် ရှိသည်။

ဗိုလ်ချုပ်ကော်ထူးနှင့် စစ်ဦးစီးချုပ်ရုံး အဖွဲ့သားများ၊ အရှေ့တိုင်းသို့ ရောက်သော အချိန်သည် မင်းရန်အောင် ထိုးစစ်ကြီး ရုပ်သိမ်းပြီးစအချိန် ဖြစ်လေသည်။ “ယောမူးခီး”/ “ယောဝါး” တွင် ရုံးစိုက်ပြီး မကြာမီ စစ်ဆင်ရေး တခုကို အကောင် အထည်ဖော်ရန် “လယ်မူပ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လော”သို့ ခရီးထွက်ကြသည်။ စောသိန်းလွင် လည်း ဗိုလ်ချုပ်ကော်ထူး နှင့်အတူ ပါခဲ့သည်။ အမှန်တွင် စောသိန်းလွင်က ကျောင်းပြန်တက်ရမည့် အစီအစဉ်ရှိသည်။ ကျောင်းက မဖွင့်သေး၊ စောသိန်းလွင် ၏အသက်မှာ (၂၀)ရှိနေပြီ ဖြစ်သည်။ ၁၉၅၆ ခုနှစ် တွင် ခတ္ထိယ အထက်တန်း ကျောင်းတွင် (၇)တန်း အောင်မြင်ခဲ့ပြီး၊ ပဲခူးရိုးမတွင် တန္နစ် ကျော် ကြာသည် အထိ ကျောင်းပြန်မတက်ရသေးပါ။ ကျောင်းပြန် မဖွင့်သေးသောကြောင့် အရှေ့တိုင်းသို့ သူ၏ ရုံးအဖွဲ့သားများနှင့်အတူ စစ်ဆင်ရေးတွင် ပါဝင်ခဲ့ရပြီး အသက် အငယ်ဆုံး ဖြစ်သည်။ အဖွဲ့သူအဖွဲ့သား အားလုံးကလည်း စောသိန်းလွင်ကို ခင်ခင် မင်မင်ရှိကြပြီး ဝိုင်း၍ မြှောက်ပင့် ပေးတတ်ကြသည်။ ထိုသို့ မြှောက်ပင့် ပေးသည်ကို စောသိန်းလွင်က အလိုက်မသိ မြှောက်ပင့် ပေးသည့်အတိုင်း လိုက်လုပ်သည်။ စော သိန်းလွင်ကိုယ်တိုင်က အပေါင်းအသင်းကို ခုံမင်သည်။ ထို စစ်ဆင်ရေးတွင် စောသိန်းလွင် နှင့်အတူ စံမြခင်၊ ကျော်စိုး၊ ချာတိတ်၊ နေထွန်းတို့ အပြင် ဗိုလ်တင် ရွှေ၊ အောင်ကိုး၊ သာဂိတို့ အားလုံးပါဝင်ကြသည်။ ဗိုလ်မြ၏ တပ်ရင်းနှင့် တပ်မဟာ (၃)မှ တပ်ဖွဲ့များလည်း ပါဝင် မည်ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူး ကိုယ်တိုင် ဦးစီးသော စစ်ဦးစီးဌာနချုပ်မှ တပ်ခွဲတခွဲတွင် ပါဝင်မည် ဖြစ်သည်။ `လယ်မူပလော´ တွင် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသဖြင့် ကျွဲများ မွေးကြ သည်။ စံမြခင်နှင့် သာဂိ တို့က ကျော်စိုး နှင့် စောသိန်းလွင်ကို ချည်းကပ်ပြီး `ကျွဲတိုက်တာ မြင်ဘူးလား´ဟု မေးသည်။ စော သိန်းလွင်က ရိုးရိုးပင် မမြင်ဘူးကြောင်း ပြန်ပြောသည်။ ထိုအချိန်က စစ်ဆင်ရေးတွင်ပါဝင် မည့် ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်တင်ဦး၊ ဗိုလ်ထွန်းလူ၊ ဗိုလ်ဒါဝိတ် အပါအဝင် ဗိုလ်ကြီးမြစိန်တို့ အားလုံးက တောင်ခြေတွင် အစည်း အဝေး ထိုင်နေချိန်ဖြစ်သည်။ စံမြခင် နှင့် သာဂိက ကျော်စိုးနှင့် စောသိန်းလွင် တို့ကို `မင်းတို့ လိုက်မလား´ဟု မေးသည်။ စောသိန်းလွင် တို့ကလည်း အဖော်ကောင်း၍ `လိုက်မည်´ဟု ပြန်ပြောလိုက်သည်။ သူတို့အားလုံး တခုခု လုပ်မည်ဆိုလျှင် စောသိန်း လွင်ကို အပါခေါ်သွားတတ်သည်။ ယခုလည်း ကျွဲ တိုက်မည်ဆိုသည်မှာ ကျွဲပိုင်ရှင်များမပါ။ ကျွဲပိုင်ရှင်များ၏ မျက်ကွယ်တွင်ဖြစ်၍ အဖွဲ့အစည်း၏ စည်းမျဉ်း စည်းကမ်းနှင့် မကိုက် ညီပေ။ လူကြီးများ သိလျှင် အပြစ်ပေး ခံရမည်ဆိုသည်ကို သိကြသော်လည်း ဝါသနာအရ ခိုးကြောင် ခိုးဝှက် နှင့် ပိရိစွာ လုပ်ခဲ့ ကြသည်။

အမှုပေါ်၍ အဖမ်းခံရမည်ဆိုလျှင် စောသိန်းလွင်ပါလျှင် နည်းနည်း သက်သာ ကြ မည်။ ထို့ကြောင့် စောသိန်းလွင်ကို အပါခေါ်ခဲ့ကြ ခြင်းဖြစ်သည်။ ကျွဲများက သူ့ အုပ်စုနှင့်သူ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အစာ စားကြသည်။ စံမြခင်နှင့် သာဂိတို့က ကျွဲတအုပ်ကို အခြားကျွဲအုပ်ထဲသို့ မောင်းသွင်း လိုက်သည်။ ထိုအခါ အကောင်ကြီးကြီး ကျွဲထီးကြီးက ထွက်လာပြီး ဝှေ့ တော့သည်။ ဤသို့ ဖြင့် ကျွဲဝှေ့ပွဲကြီး စတင်တော့သည်။ ငယ်သော ကျွဲများက ထွက်ပြေး ကြပြီး အကောင်ချင်း တူ ကျွဲများက အပြိုင်ဝှေ့ ကြသည်မှာ အလွန်ကြည့်ကောင်းသည်။ ထိုသို့ ကျွဲဝှေ့ပွဲ ဖြစ် သောအခါ ရွာသားများ နှစ်ယောက်စ သုံးယောက်စ လာကြည့် ကြသည်။ နောက်ပိုင်း အစည်းအဝေး ရှိသည်ဆိုပြီး ကျန်ရစ်ခဲ့သော ချာတိတ် နှင့် နေထွန်း တို့လည်း လာရောက် ကြည့်ကြသည်။ ကင်းစောင့်ရန် `လယ်မူပလောသား´ကို တာဝန် ပေးထားရာ ထိုသူက ပထမ ပိုင်းတွင်သာ ကင်းစောင့်ပြီး ကျွဲဝှေ့ပွဲ စတင်သောအခါ ကင်းမစောင့်တော့ဘဲ၊ ထို ကျွဲဝှေ့ပွဲ ကို သာ ကြည့်နေကြသည်။ ထို ကျွဲဝှေ့ပွဲသတင်းသည် ဗိုလ်ချုပ်ကော်ထူးထံသို့ ရောက်သွားရာ `ဘယ်သူတွေ ပါသလဲ´ဟု မေးသောအခါ၊ စောသိန်းလွင်အမည်မှာ ရှေ့ဆုံးက ဖြစ်သည်။ ဗိုလ်ချုပ်က စောသိန်းလွင်အား `မင်းက ခေါင်းဆောင် မဟုတ်လား´ဟု မေးရာတွင် စောသိန်း လွင်ကလည်း `ဟုတ်ကဲ့´ဟု ဖြေလိုက်သည်။ ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ ခေါင်းခံ လိုက် ခြင်းဖြစ်သည်။ ထိုအခါ ဗိုလ်ချုပ်က စောသိန်းလွင်အား ဘားတိုက်ရှေ့ရှိ မြက်များကို ရှင်းလင်း ရန်နှင့်၊ တပတ်လုံး ထမင်းချက်ရန် ´ အပြစ်ပေးလိုက်သည်။

`မော်ချီး´တိုက်ပွဲအတွက် ဗိုလ်ချုပ်မြန့် နောင်တံရိုးထာ (နော်ရိုးထာ) တွင် ဆုံကြ သည်။ ဆက်လက်ပြီး `ခေးပူး´သို့ ရောက်သောအခါ ပြဿနာတခု ထပ်တွေ့ရ ပြန်သည်။ ခေး ပူးရွာတွင် အိမ်ခွဲပြီး စခန်းချ နားကြသည်။ စံမြခင်၊ ကျော်စိုး၊ ချာတိတ်၊ နေထွန်း၊ သိန်းလွင် တို့သည် (၅)ယောက်တဖွဲ့ အိမ်ကြီး တလုံးတွင် နေရာယူကြသည်။ ဗိုလ်ချုပ်ကော်ထူး တည်းခို သည့် နေအိမ်နှင့်လည်း သိပ်မဝေးလှ။ ထိုအိမ်ကြီးတွင် အိမ်သူ အိမ်သားများ တယောက်မျှ မ ရှိ သော်လည်း၊ အိုး ခွက် ပန်းကန် ချက်ပြုတ်ရန် ပစ္စည်းအစုံ ရှိသည်။ သို့သော် ထမင်းချက် ပြုတ် စားစရာမလိုပေ။ ထမင်းထုပ်ကိုယ်စီ ရရှိထားပြီ ဖြစ်သည်။ စောသိန်းလွင်နှင့် အဖွဲ့သား များက ထမင်းစားရန် ခုံချပြီး ပန်းကန် ယူသူက ယူပြီး ထမင်းစားရန် ပြင်ဆင်ကြသည်။ ထို အချိန်တွင် ကျော်စိုးက အိမ်သားများ၏ ချက်ထားသော အိုးများကို ဖွင့်ကြည့်ရာ၊ အိုးတလုံး တွင် ဝက်သားဟင်းများ ချက်ပြုတ် ထားသည်ကို တွေ့ရသဖြင့်၊ မပြောမဆို ဝက်သားဟင်း တတုံးကို မြည်းကြည့်သည်၊ စောသိန်းလွင်ကလည်း လိုက်မြည်းသည်။ ထို့နောက် တယောက် နည်းနည်းစီ စားလိုက် ခြင်းဖြင့် နောက်ဆုံး ဝက်သားဟင်းအိုး တအိုးလုံး ကုန်သွားခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထမင်းစားပြီးလျှင် ကျော်စိုးက အေးဆေးစွာမနေဘဲ၊ ဗိုလ်ချုပ်ကော်ထူး တည်းခိုသော နေအိမ်သို့သွားသည်။ ထိုအချိန် ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်ကြီးမြစိန် တို့ ထမင်းစားနေချိန် ဖြစ်သည်။ ကျော်စိုး က “ကျနော်တို့ အဖွဲ့ကတော့ ထမင်းစား အင်မတန်မြိန်တယ်။” ဝက်သား ဟင်းနဲ့ ထမင်းစား ကြတယ်။ စား ကောင်းကောင်းနဲ့ စားကြတာ ဝက်သား တအိုးလုံး ကုန်သွား ကြောင်း ပြောပြ လိုက်သည်။ ထို ဝက်သား ကိစ္စမှာလည်း စောသိန်းလွင်သာ အဓိကတရားခံ ဖြစ်သွားပြန်သည်။ ဗိုလ်ချုပ်ကော်ထူးက အိမ်သားမရှိဘဲ အခုလို ယူစားတာမျိုး မလုပ် သင့် ကြောင်း ပြောကာ၊ စောသိန်းလွင်၏ ပရမ်းပတာလုပ်ရပ်ကို အပြစ်ပေးရန် ဗိုလ်ကြီး မြစိန် အား ညွှန်ကြား လိုက်သည်။ ခရီးလမ်းခုလတ်တွင် ဖြစ်နေသဖြင့် အပြစ်ပေးရန် မဖြစ်နိုင် သေးပေ။ စောသိန်းလွင်တယောက်မှာ မော်ချီးတိုက်ပွဲ ပြီးသည်အထိ ပြဿနာ တခုပြီးတခု ဆက်တိုက်ကြုံနေရသည်။

မော်ချီးကို တိုက်ရန် စစ်ဦးစီးဌာနချုပ်က ဦးဆောင်ပြီး၊ ဗိုလ်မြ၏ တပ်ရင်း စစ်ဦးစီး ချုပ်ဌာနမှ တပ်ခွဲမှူး ဗိုလ်ဒါဝိတ်၊ ဗိုလ်ထွန်းလူ တို့နှင့်အတူ ဗိုလ်တင်ရွှေ ပဒိုဝီရီကျော် ပဒိုဖိုး ညောတို့လည်း ပါဝင်သည်။ ဗိုလ်ချုပ်ကော်ထူး၏ စစ်ဦးစီး ဌာနချုပ်ကို “ပဟိုး” ဟုခေါ်သော နေရာတွင် ထားရှိသည်။ သတင်းပေါက်ကြား၍ ရန်သူမှာ မထွက် တော့ပေ။ ရက်အနည်းငယ် စောင့်သော်လည်း မထူးခြား။ ထို့ကြောင့် စစ်ဆင်ရေးကို ရုပ်သိမ်းလိုက်သည်။ စောသိန်းလွင် က ဗိုလ်ချုပ်ကော်ထူး နှင့်အတူရှိ၍ ရှေ့တန်း တိုက်ကွက်ထဲသို့ မရောက်ခဲ့ရ။ တပ်ပြန် ရုပ်သိမ်းရမည် ဖြစ်သော်လည်း၊ ဆင်ဦးစီး တဦးမှာ ဖျားနာနေခြင်းကြောင့် ဆင်မစီးနိုင် ဖြစ် နေသည်။ ထို့ကြောင့် စောသိန်းလွင်သည် ဗိုလ်ကြီးမြစိန်ကို အကြောင်းကြားပြီး သူ ကိုယ်တိုင် ဆင်ဦးစီး လုပ်လိုကြောင်း တင်ပြလေ သည်။ “ဆင်မ” ဖြစ်သောကြောင့် ဆင်ဦးစီး လုပ်ရဲ သည်။ ခရီးထွက်ရမည်ဖြစ်၍ ဆင်ပေါ်သို့ ပစ္စည်းများ တင်ကြသည်။ ဗိုလ်မြ၏ မော်တာ(၁)လက်နှင့် မော်တာသီးများလည်းပါသည်။ ရဲဘော်များ ၏ ကျောပိုးအိပ်များလည်း ပါသည်။ ဆင်ပုခက်ကို ချည်ပြီး၊ ကျောပိုးအိပ်များ တင်နေစဉ်တွင် ဗိုလ်ချုပ်ကော်ထူး ရောက်လာသည်။ ဆင်ပုခက်ကိုလည်း ကူပြီး ချည်ပေးသည်။ ဆင်ခေါင်းပေါ်သို့ စောသိန်း လွင် တက်သောအခါ ဗိုလ်ချုပ်ကော်ထူးက ကြည့်ပြီး၊ `ဟေ့ကောင်၊ မင်းက ဖြစ်ပါ့မလားဟု´ လှမ်း၍ မေးလိုက်သည်။ တချိန်တည်း တွင် ဗိုလ်မြစိန်ဘက်သို့ လှည့်ပြီး၊ ‘ဗိုလ်မြစိန်၊ ဒီ အကောင် ဆင်စီးလို့ ဖြစ်ပါ့မလား။´ဟု လှမ်းမေးလိုက်သည်။ ဗိုလ်ကြီးမြစိန်က `စံမြခင်နဲ့ နေ

ထွန်းကို ရှေ့တယောက် နောက် တယောက် လိုက်ခိုင်းမယ်ဟု´ ပြန်ပြောလိုက်သည်။ အမှန်တော့ ဆင်တခါမှ မစီးဘူးသော စောသိန်းလွင်ကို တယောက်တည်း ခွင့်မပေးနိုင်။ သူ့အား ကူညီရန်အတွက် စီစဉ်ထားပြီး ဖြစ်သည်။ ဤသို့ဖြင့် ကရင်နီနယ် `ပဟိုး´ကျေးရွာမှ စထွက်ကြလေသည်။ အစီအစဉ် အတိုင်း စံမြခင်က ရှေ့၊ နေထွန်းက အနောက်က လိုက်ကြသည်။ `လယ်ခီး´သို့ ရောက်ပြီး၊ `စေးဒေ´သို့ ဆက်လက် ထွက်ခွာခဲ့ရာ `လယ်ခီး´ အလွန် လူသွားလမ်း တနေရာတွင်၊ ဆင်သွားရမည့်လမ်းမှာ ချောင်းကို ဖြတ်ကျော်ပြီး လယ်ကွင်းထဲသို့ ဆင်းသွားရမည်ဖြစ်သည်ကို စောသိန်းလွင်က သတိမထား မိပေ။ စံမြခင်နှင့် နေထွန်း တို့က တိုက်ပွဲ မဖြစ်ရသည့်အကြောင်းကို အပြန်အလှန် ပြောဆို နေကြသဖြင့် ဆင်သွားရာ လမ်းမှားနေသည်ကို ဂရုမပြုနိုင်ကြပေ။ အငြင်းအခုန်ထဲ၌သာ စိတ်ရောက် နေကြသည်။ မောင်တော်ကြီး၊ စောမောရယ် စသော ကယား ခေါင်းဆောင် တို့နှင့် အဖွဲ့သားများက လက်နက်ချခြင်းအကြောင်း၊ ကယားရဲက သစ္စာဖောက်ပြီး ရန်သူကို သတင်းသွားပို့သဖြင့်၊ ရန်သူက ကြိုတင် သတင်းရထားကြောင်း၊ ထို့ကြောင့် အပြင်သို့ မထွက်ကြခြင်း ဖြစ် ကြောင်း၊ ငြင်းခုံရင်း ထိုကိစ္စကို နှစ်ယောက်သား ပြောဆိုနေရာမှ အားမရဘဲ စံမြခင်က ဆင်အနောက် ပိုင်းရှိ နေထွန်းဘက်သို့ကူးပြီး ပြောဆို ငြင်းခုန် နေပြန်သည်။ စောသိန်းလွင် တဦးတည်းသာ ဆင်နှင့်အတူ လူသွားလမ်း အတိုင်း လာလေသည်။ စံမြခင်နှင့် နေထွန်းတို့ ပြောဆို ငြင်းခုန်ရင်းနှင့် စောသိန်းလွင် လမ်းမှားနေသည်ကို ဂရုမပြုနိုင်ကြဘဲ ကြာလာ သည်နှင့် ဆင်နှင့် အတော်ဝေးဝေးတွင် ကျန်ခဲ့သည်။

စောသိန်းလွင်ကလည်း ပထမတွင် ဆင်ဦးခေါင်းအပေါ်တွင် စီးသည်။ နောက်ပိုင်း ဆင်ပုခက်ထဲသို့ ဆင်းထိုင်လိုက်သည်။ ပုခက်ထဲမှ ကျောပိုးအိတ် အခဲ့ျိုကို တွဲပြီး ဆင်ဦးခေါင်းပေါ်သို့ ပြောင်းရွှေ့လိုက်သည်။ စောသိန်းလွင်သည် ဆင်လမ်းအတိုင်း ချောင်းကို ကူးရမည်ဖြစ်သော်လည်း ချောင်းမကူးဘဲ လူသွားလမ်းအတိုင်း သွားခဲ့ရာ ချောင်းနံဘေးရှိ သစ်ပင်ကြီးတပင်နှင့် တိုးတော့သည်။ ထိုသစ်ပင်ကြီးသည် အိုင်ကြီး နံဘေး ကဖြစ်သဖြင့် လမ်းကျဉ်းကျဉ်းသာ ဖြစ်နေသည်။ စောသိန်းလွင်တွင် ဆင်စီးခြင်း အတွေ့အကြုံ ကလည်း မရှိ၊ သစ်ပင်နံဘေးအတိုင်း ဆင်ကို မောင်းဝင်ခဲ့ရာ ဆင်မှာ သစ်ပင်နှင့်ငြိပြီး ဆင်မှာ ရှေ့မတိုးနိုင် နောက်သို့လည်း ပြန်မဆုတ်နိုင် ဖြစ်နေသကဲ့သို့ တဘက်တွင်လည်း အိုင်က ရှိနေပြီး၊ သစ်ကိုင်းကလည်း ဆင်ပုခက်နှင့် လာချိတ်မိ နေပြန်သည်။ ဆင်က ရုန်းသောအခါ ဆင်ပုခက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကြိုး ပြတ်ပြီး၊ ဆင်ပုခက်၌ တွဲလောင်းကျနေသော ကျောပိုးအိတ်များနှင့် မော်တာသီးများ အကုန်လုံးမှာ ရေထဲသို့ ပြုတ်ကျလေ တော့သည်။ စောသိန်းလွင်လည်း ကပျာကယာ ရေထဲသို့ ခုန်ဆင်းလိုက်ရသည်။ သူ့နောက်မှ မော်တာသီးများကလည်း ကျလာသည်။ ရေအိုင်တွင် ကျောက်ဆောင်များ မရှိ၍သာ သူ သက်သာရာ ရခဲ့ခြင်း ဖြစ်သည်။ ဆင်ပုခက်ကြီးမှာ ကြေမွသွားပြီး ဆင်က နောက်ပြန်လှည့်လေသည်။ ထိုအခါမှ စံမြခင်နှင့် နေထွန်းတို့ နှစ်ယောက် အပြေးရောက်လာကြပြီး ရေအိုင်ထဲကျနေသော ကျောပိုးအိတ်များနှင့် မော်တာသီးများကို ကူ၍ ရွာဖွေ ဆယ်ယူခဲ့ကြရသည်။

ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်မြတို့ကလည်း လယ်ကွင်းတနေရာတွင် ဆင်ကို စောင့်နေကြသည်။ ဆင်ကပေါ်မလာ။ ဗိုလ်ချုပ်ကော်ထူးက ဗိုလ်ကြီးမြစိန်ကို ခေါ်ပြီး၊ `ဒီကောင်တွေ ကြာလှချေလား´ဟု လှမ်းပြောသည့် အချိန်မှပင် ဆင် ပုခက် တွဲလောင်း နှင့် ဆင်က ရောက်လာလေသည်။ စောသိန်းလွင်နှင့် အဖော် နှစ်ယောက် တို့ကမူ ရောက် မလာသေး။ “ဗိုလ်ကြီးမြစိန် သွားလိုက်ပါဦး”ဟု ဗိုလ်ချုပ်ကော်ထူးက ပြောလိုက်သည်။ ဗိုလ်ကြီးမြစိန်လည်း ရဲဘော်အခ့ျိုနှင့် စောသိန်းလွင် တို့ထံသို့ ရောက်လာပြီး ကူညီဆယ်ယူ ပေးခဲ့ရလေသည်။ ဗိုလ်ချုပ်ကော်ထူးက စောသိန်းလွင် ကိုရော စံမြခင်နှင့် နေထွန်းတို့ကိုပါ ဆူသည်။ ပစ္စည်းများကို စစ်ဆေးရာတွင် ဗိုလ်မြမှ ပစ္စည်းများ မပျောက်ကြောင်း ပြောသော အခါမှ အဖွဲ့အားလုံး စိတ်အေးပြီး၊ ခရီးဆက် ထွက်ကြသည်။ `ခေးပူရွာ´သို့ အားလုံး ရောက်သောအခါ ဗိုလ်မြနှင့် လူချင်းခွဲခဲ့ကြရာတွင် ဗိုလ်ချုပ်ကော်ထူးနှင့် စစ်ဦးစီးတပ်ဖွဲ့က `လယ်မူပလော´သို့ဌင်း၊ ဗိုလ်မြတို့ တပ်ဖွဲ့က `နော်ရိုးထာ´သို့ဌင်း အသီးသီး ခရီး ဆက် ကြလေသည်။

စောသိန်းလွင်၏ပြဿနာသည် ထိုမျှနှင့်မပြီး၊ ကျောင်းကလည်း ပိတ်၊ ရဲဘော် တွေကလည်း သူ့အား အမျိုးမျိုး မြောက်ပင့်ပေးခြင်းတို့ကြောင့် စောသိန်းလွင်မှာ ပြဿနာ အားလုံးတွင် သူပါနေသည်။ ဗိုလ်ချုပ်ကော်ထူးက ဗိုလ်ကြီးမြစိန် အား စောသိန်းလွင်ကို အထူးကြပ်မတ်ရန် ညွှန်ကြားထားရလေသည်။ ထိုအတောအတွင်း ပြဿနာတခု ထပ်ပေါ်ခဲ့ပြန်သည်။ စံမြခင်၊ ကျော်စိုး၊ သာဂိတို့က စောသိန်းလွင်ကို လာခေါ်ပြီး၊ ကြေးနန်းရုံးသို့ သီချင်းနား ထောင်ရန် အဖော်ညှိ၍ သွားကြသည်။ စောသိန်းလွင်မပါလျှင် သီချင်း ဖွင့်ပေးချင်မှ ဖွင့်ပေးမည်။ ထိုအချိန်က မာမာအေး၊ တင်တင်မြ သီချင်းများကို ရဲဘော်များက ကြိုက်ကြသည်။ ကြေးနန်း တာဝန်ခံ ဗိုလ်ကြီးဘာဘာနှင့် ဗိုလ်ထွန်းကြိုင် တို့က ရဲဘော်များ

အတွက် တခါတရံ သီချင်းများ ဖွင့်ပေး တတ်သည်။ မရင်းနှီးသူများကိုမူ ဖွင့်ပေးလေ့မရှိ။ ကြေးနန်းတာဝန်ခံများက ကြေးနန်းစက်များကို အထူးဂရုပြုကြရသည်။ အရေးကြီးသော သတင်းများအတွက် စက်များကို အသုံးပြုရန် စီစဉ်ထားခြင်းဖြစ်သည်။ အသံပို့စက်၊ မော့စ် ရိုက်သောအခါ ဘက်ထရီအကြီးများကို အသုံးပြုရသည်။ အသံဖမ်း ရာတွင်လည်း ထိုနည်းတူ ဘက်ထရီအိုးအကြီးများကို အသုံးပြုပြီး ရေဒီယိုကို ဖွင့်ကြ ရသည်။ ထိုအချိန်က ရေဒီယို ထရန်စစ္စတာများ မပေါ်သေး။ ကြေးနန်းဌာနမှ အသုံးပြု နေသော စက်များမှာ B1 နှင့် B2 စက်များသာ ဖြစ်သည်။ ထိုအချိန်က မြစ်ဝကျွန်းပေါ်နှင့် အရှေ့တိုင်းတွင် ပြဿနာတခု ပေါ်နေသည်။ ကရင်နှစ်သစ်ကူး ကျင်းပရေးကိစ္စ ပင်ဖြစ် သည်။ မြစ်ဝကျွန်းပေါ်တိုင်းမှ ကရင် နှစ်သစ်ကူးကို ပြာသိုလတွင် ကျင်းပရန် သတ်မှတ်၍ အရှေ့တိုင်းက တပို့တွဲ လတွင် သတ်မှတ်သဖြင့် အငြင်းပွားမှု ဖြစ်နေသည်။ မူဆိုးက ကရင်နှစ်သစ်ကူး နေ့ကို အသစ် သတ်မှတ်ပြီး မြစ်ဝကျွန်းပေါ်က ယခင်အတိုင်း ပြာသိုလကို ဆက်လက်ပြီး ရက်သတ် မှတ်ထားသည်။

မူဆိုးက ပြာသိုလသည် မမှန်၊ တပို့တွဲ လကိုသာ သတ်မှတ်ရမည်။ K.R.C. ဥက္ကဋ္ဌ အနေနှင့် နေ့ကို ပြန်လည် ပြင်ဆင်သည်ကို မြစ်ဝကျွန်းပေါ်က လက်မခံ။ ပြာသိုလတွင်သာ ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း အကြောင်း ပြန်သည်။ မူဆိုးကလည်း `မင်းတို့ ငါ့ ထက်တတ်ရင်၊ ဥက္ကဋ္ဌ လာလုပ်´ဟူသော ကြေးနန်းကို ပြန်ပို့သည်။ ကြေးနန်းများ အပြန် အ လှန် ပို့နေရသည်ကို ရဲဘော်တွေကလည်း အလိုက်မသိ။ သီချင်းနားထောင်ရန်သာ အာရုံရောက်ပြီး သိန်းလွင်ကို ရှေ့တန်းတင်ပြီး အပါခေါ်လာသည်။ တာဝန်ခံ ဗိုလ်ကြီး ဘာဘာ က အခြေအနေကိုကြည့်ပြီး၊ စက်သမား ဗိုလ်ထွန်းကြိုင်အား `ဖွင့်မပေးနဲ့၊ သူတို့ ဖာသာ သူတို့ ဖွင့်ပစေ´ဟု မှာထားသည်။

ဗိုလ်ထွန်းကြိုင်ကလည်း ဖွင့်မပေး။ စံမြခင်က ဝိုင်ယာကြိုးစကို အပေါက်ထဲ ထိုးပြီး ဖွင့် ကြည့်သည်။ အသံက ထွက်မလာ။ ဖန်သီးများမှ မီးခိုးများ ထွက်လာသည်။ ကပြာကယာ ရေဒီယိုကို ပိတ်လိုက်ပြီး ပြန်လာခဲ့ကြသည်။ မကြာမီ ဗိုလ်ချုပ်ကော်ထူးမှ လူလွှတ်ခေါ်ခိုင်း သဖြင့် စံမြခင်နှင့် သိန်းလွင်တို့ လိုက်လာကြသည်။ ကျော်စိုး တယောက် ကတော့ ပျောက် နေသည်။ သီချင်းနားထောင်ဖို့ အဦးဆုံး ဆွယ်သူက ကျော်စိုးဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးက သူတို့နှစ်ယောက်အား တွေ့လျှင်တွေ့ချင်း၊ ကဲ မင်းတို့ အိတ်တွေ လွယ်´ဆိုပြီး ဘာမှ ဆက်မ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြောတော့ပေ။ သူတို့ သွားရမည့် နေရာသည် `ဆီပွဲဒဲ´ရွာ ဖြစ်သည်။ သံလွင်ချောင်း ကမ်းနံဘေး ရွာတရွာ ဖြစ်သည်။ `ခေးပူးနှင့် ဆီပွဲဒဲ´မှာ တပတ်လောက် သွားရသည်။ တပတ်အတွင်း ပြန်လာရမည်ဟု ဗိုလ်ချုပ်ကော်ထူးက တိတိကျကျ မှာလိုက် သည်။ G.S.O. ဗိုလ်ကြီးစမ်းမစမ်မှာ အင်္ဂလိပ် ကပြားဖြစ်သည်။ သူထံသို့ သွားရ မည်ဖြစ်သည်။ ဗိုလ်ကြီးစမ်းမစမ်မှာ အချက်ပြ ဆက်သွယ်ရေး တာဝန်ခံ ဖြစ်သည်။ ဒု တာဝန်ခံမှာ ဗိုလ်ကြီးထွန်းစာ ဖြစ်သည်။ ဆီပွဲဒဲ ကြေးနန်းဌာနချုပ်ကို သွားရာတွင် သူတို့ နှစ်ယောက်အပြင် `ဗိုလ်ထွန်းကြိုင်´လည်း ပါသွားသည်။

ဗိုလ်ချုပ်ကော်ထူးက “ပြန်လာရင် `ထူးတလူး´ `ဃယ်ပါ´ကိုလာခဲ့၊ ဒို့ အဲဒီမှာ ပြန်စောင့်နေမယ်” ဟု နေရာညွှန်ပေးထားသည်။ သူတို့ သုံးယောက်သား ထွက်ခဲ့သည်။ `မေလ´ကုန် ဖြစ်၍ မိုးကျခါနီး ဖြစ်သည်။ စံမြခင်နှင့် အော်ပရေတာ ဗိုလ်ထွန်းကြိုင်တို့မှာ အကြမ်းဒဏ်ကို ခံနိုင်သော်လည်း စောသိန်းလွင်မှာမူ သူတို့ လောက် အကြမ်းအတမ်း မခံနိုင်။ ခရီးကြမ်းကို တနေ့လုံး မသွားနိုင်။ တခါတရံ ဖြည်းဖြည်းသွားကြရန်  တောင်းပန်ရ သည်။ `ဆီပွဲဒဲ´ သို့ ရောက်၍ ကြေးနန်းစက် ကို ဖန်သီးများ လဲလှယ်ပေးပြီး ပြန်ရန် ပြင်ဆင်နေစဉ် တာဝန်ခံ ဗိုလ်ကြီးစမ်းမစမ် က သူ့မွေးနေ့အတွက် တနေ့စောင့်ခိုင်းသည်။ မွေးနေ့အတွက် ဝက်သားကျွေးမည် ဖြစ်ပြီး အရက်များလည်း မှာထားကြောင်း၊ လူစုံ တက်စုံဖြစ်နေပြီး ဗိုလ်ချာတိတ်တို့၏ သင်တန်းသားများကလည်း ရှိနေသည်။ ထွန်းကြိုင် နှင့် စံမြခင်တို့ နှစ်ဦးကလည်း အရက် ကြိုက်သူများဖြစ်၍ တရက်နားကြသည်။ မွေးနေ့လုပ်သော ရက်ကို ပြန်ကာမိအောင် နံနက်စောစော စီပွဲဒဲသို့ ခရီးစထွက်ကြမည် ဖြစ်သည်။ မွေးနေ့ပွဲတွင် တရက်နားပြီး နောက်တနေ့ နံနက်စောစော ခရီးထွက်ကြလေ သည်။ လမ်းခရီးမှာ အလွန်ကြမ်းတမ်းသောကြောင့် မိုးချုပ်ခါနီးမှ`ပီကေဒဲ´ရွာသို့ ရောက် ကြသည်။ မိုးအကြီးအကျယ်ရွာသဖြင့် ရွာသို့သွားရန် ချောင်း တချောင်းကို ဖြတ်ကူး ရဦးမည်။ `ယွန်းစလင်း´ချောင်းဖြစ်ပြီး တောင်ကျရေ ကျသဖြင့် ရေမှာ နောက်ကျိနေပြီး၊ ရေစီးအဟုန်မှာလည်း အလွန် ပြင်းထန်နေသည်။ ထိုချောင်းထဲသို့ ဝါးများ၊ သစ်တုံးများ ကလည်း မျောလာသည်။ ရေကူးတတ်သူများအတွက်ပင် အန္တရာယ်အလွန်ကြီးသည်။ ချောင်းရေအကျကို စောင့်လျှင် နောက်တနေ့ မနက်မှသာ ကူးရမည် ဖြစ်သည်။ စောသိန်းလွင်က ချောင်းစပ် လယ်တဲတခုတွင် နားချင် နေသည်။ စံမြခင်နှင့် ထွန်းကြိုင် တို့က `မင်း အိပ်ချင်ရင် အိပ်။ ငါတို့ကတော့ မအိပ်ဘူး၊´ အဘယ်ကြောင့်ဆိုသော်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လယ်တဲတွင် အိပ်လျှင် ထမင်းစားကြရမည် မဟုတ်။ သူတို့ ဆက်သွားလျှင် စောသိန်းလွင် တ ယောက်တည်း မအိပ်ရဲ။ ထို့ကြောင့် ဆက်သွားရန် ပြင်ဆင်ရတော့သည်။ ထို့နောက် မျော ပါလာသော ဝါးများကို ဖောင်ဖွဲ့ပြီး၊ ကျောပိုးအိပ်များကို ဖောင်ပေါ်သို့ တင်ကြသည်။ သေနတ်များကိုလည်း ဖောင်ပေါ်တွင် ချည်ထားလိုက်သည်။ ရေကြမ်း၍ ကိုယ်ကို ဖော့ပြီး၊ ဖောင်ကို တအားတွန်းသူက တွန်းရမည်။ ရှေ့မှာလည်း ဆွဲရမည်။ စောသိန်းလွင်က ရေကူး တတ်သော်လည်း ကျွမ်းကျင်မှုသိပ်မရှိ။ ထွန်းကြိုင်က စောသိန်းလွင်ကို ဖောင်ပေါ်သို့မတက် ရန် သတိပေးရသည်။ ကမ်းစပ်ကို ရောက်၍ ခြေမီသောနေရာတွင် ခြေချမိကာမှ စောသိန်း လွင်မှာ ကြွက်တက်သောကြောင့် အော်ဟစ် အကူအညီတောင်းရာ စံမြခင်က သူ့အပေါ် ခုန် တက်ပြီး ကုန်းပေါ်သို့ ဆွဲတင်လေသည်။ ရေကိုလည်း တငုံ၊ နှစ်ငုံလောက် သောက်ခဲ့ရသည်။ ချောင်းနံဘေးတွင် တော်တော်နှင့် မတ်တပ် မရပ် နိုင်သေးဘဲ လေးဘက်ကုန်းပြီး၊ တွား သွား ရင်းဖြင့် လယ်တကွက်စာလောက် သွားပြီးမှသာ လမ်းလျှောက်နိုင်ခဲ့သည်။ ရွာသို့ရောက် သောအခါ ရွာသားများက မီးဖိုပေးသဖြင့် အနွေးဓါတ်ဖြင့် စောသိန်းလွင်လည်း တညလုံး အိပ်စက်ခဲ့ရသဖြင့်၊ နံနက်တွင် အနည်းငယ် သက်သာ လာသည်။ သို့သော် နောက်တနေ့မနက် တွင် ခရီးဆက် ထွက်ရ ပြန်သဖြင့်၊ စောသိန်းလွင်မှာ ကြွက်တက်လိုက် နားလိုက်ဖြင့် အမီလိုက်နေရသည်။ လမ်းခရီးတွင် ကြာကြာ နားလိုသော်လည်း စံမြခင်နှင့် ထွန်းကြိုင်တို့က စောင့်မနေနိုင်။ ကြိုးစား လျှောက်ရင်း ရွာသို့ မရောက်ခင်မှာပင် ကြွက်က တက်ပြန်သည်။ သို့သော် တဖြည်းဖြည်း ဆက်၍သွားကြရာ `လယ်ခီး၊´ `ပီကေဒဲ´ ရွာနားသို့ ရောက်ခါနီးတွင် ထွန်းကြိုင်က `တို့ နောက်ကျရင် ဗိုလ်ချုပ်က တို့ကို သတ်လိမ့်မယ်။ မင်းကိုတော့ သတ်မှာ မဟုတ်ဘူး။´ဟု ပြောပြီး၊ သူ့ကို မစောင့်တော့ဘဲ ဆက်သွားသည်။ မိုးကလည်း အလွန်ရွာနေ သဖြင့် စောသိန်းလွင် အမီမလိုက်နိုင်တော့ဘဲ၊ နောက်ကျန်ခဲ့ပြီး တဖြည်းဖြည်းသာ လျှောက်ခဲ့ လေသည်။ စံမြခင်နှင့် ထွန်းကြိုင် တို့ နှစ်ဦး၊ `ထူးတလူ´သို့ ရောက်သော်လည်း စောသိန်း လွင် ပေါ်မလာသေးပေ။ ဗိုလ်ချုပ်ကော်ထူးက စောသိန်းလွင်ကို မတွေ့သောကြောင့် ဗိုလ်ကြီးမြစိန် အား “လိုက်ကြည့်ပါဦး။ မင်းတို့ လိုက်မသွားရင် အအေးပတ်ပြီး သေနေဦး မယ်”ဟု စိုးရိမ် စကား ပြောလိုက်သောကြောင့် ဗိုလ်ကြီးမြစိန်က “အသိန်း နှင့် ဗိုလ်တင်ရွှေ” တို့ကို လိုက်သွား ခိုင်းလိုက်သည်။ အသိန်းနှင့် ဗိုလ်တင်ရွှေတို့ ရောက်လာသောအခါ စောသိန်းလွင်မှာမူ အိပ်၍ပင် ပျော်နေပြီ ဖြစ်သည်။ ဗိုလ်တင်ရွှေက စောသိန်းလွင်အား `မင်းကွာ-ဒို့ကို တော်တော်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုက္ခပေးတယ်´ဟု အပြစ်တင် လေသည်။ စောသိန်းလွင်က ငါလည်း “လယ်ခီး” အထိ ကြိုးစားပြီး လျှောက်တာပဲ။ သွားလိုက် ကြွက်တက်လိုက် ဆိုတော့ မတတ်နိုင် တော့ဘူး။ “လယ်ခီးမှာဘဲ အိပ်မလို့”ဟု ပြန်ပြော လိုက်သည်။ အသိန်းနှင့် ဗိုလ်တင်ရွှေ တို့က သူ့အားကူညီသဖြင့် ထူးတလူး စခန်းသို့ ရောက် တော့သည်။ ထိုအခါမှ ခြေပစ်လက်ပစ် အနားယူ နိုင် တော့သည်။ တညလုံး အိပ်သည်။ နံနက် မိုးစင်စင်လင်းကာမှ အိပ်ရာက နိုးတော့သည်။ ဗိုလ်ချုပ်ကော်ထူးက သူ့ထက် အလျင်နိုးနေပြီး သိန်းလွင်ကို စောင့်နေသည်။ ဗိုလ်ချုပ်ကော်ထူးက သိန်းလွင်အား အိပ်ရာနိုးနိုးခြင်း `မင်းကျန်းမာရေးကောင်းအောင် ပြန်နေပါ။ ကျောင်းဖွင့် တော့မယ်။ မင်း ဗိုလ်သန်းအောင် ယောကျ့မအိမ်မှာ သွားနေရမယ်။ စာအုပ်တွေကိုတော့ ငါမှာထားပြီး ပြီဟု´ ဖခင်ပီပီ ပြောလိုက်သည်။ ထိုအခါ သိန်းလွင်က `ကျနော် ကျောင်း မနေချင် တော့ဘူး၊ တော်လှန်ရေးပဲ လုပ်တော့မယ်။´ဟု ပြန်ပြောလိုက်သည်။ အမှန်တွင် သိန်းလွင်က ထိုသို့ ပြောသာ ပြောလိုက်သော်လည်း စဉ်းစဉ်း စားစားနှင့် ပြောလိုက်သည် တော့မဟုတ်။ ထိုအခါ ဗိုလ်ချုပ်ကော်ထူးက တော်လှန် ရေးလုပ်တာ `လွယ်တာတော့ မဟုတ်ဘူး။´ “စာမတတ်ကြလို့ တော်လှန်ရေးမှာ ပြဿနာရှိတယ်။” `စာမတတ်ရင်လည်း ခေါင်းဆောင်ဖြစ်မှာ မဟုတ်ဘူး´ဟု သူ့ကိုပြောလိုက်သည်။ ဗိုလ်ချုပ်ကော်ထူး၏ ဆုံးမ စကားကို စောသိန်းလွင်တယောက် မငြင်းနိုင်ပါ။ အထက်မှ စီစဉ် ဆောင်ရွက်ခြင်းသည် သူ့အတွက် အကောင်းဆုံးဖြစ်သည်ကို သဘောပေါက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အထက်တန်းကျောင်းသားဘဝ။

အရှေ့တိုင်း ကော်သူးလေ ဗဟိုဌာနချုပ်ဖြစ်သော “ယောမူခီး”ကျေးရွာ အား၊ ၁၉၅၇ ခုနှစ်မှစပြီး၊ ဗိုလ်သန်းအောင် ယောက္ခမသည် ဗေသနိရွာဟူ၍ အမည်ပြောင်းလဲ မှည့်ခေါ်လေသည်။ ယောမူခီးရွာတွင် ကော်သူးလေ အစိုးရ အထက်တန်းကျောင်းကို ဖွင့်လှစ်ထားပြီး၊ ထိုကျောင်းကိုလည်း “ဗေသနိ အထက် တန်းကျောင်း”ဟု အမည် ခေါ်တွင်စေသည်။ စောသိန်းလွင် ထိုအထက်တန်း ကျောင်းတွင် အဋ္ဌမတန်းကို တနှစ်သာ တက်ခဲ့ရသည်။ ထိုကျောင်းကို ခေးပူးနှင့် (၃)နာရီခန့်ဝေးသော၊ “ဘောကာပလော”သို့ ပြောင်းရွှေ့လိုက်သည်။ “ဘောကာပလော”သို့ ပြောင်းလာသော ကော်သူးလေအစိုးရ အထက်တန်းကျောင်းမှာ ကော်သူးလေ အစိုးရ အထက်တန်းကျောင်း မဟုတ်တော့ဘဲ၊ “ရွှေကျင် မစ်ရှင် ကျောင်း”ဟု အမည်ပေးလိုက်သည်။ ခေးပူ၊ နောင်ရိုးထာ အနီးတွင် စာသင် ကျောင်းကို ဆောက်ထားလေသည်။ စောသိန်းလွင်က ထိုကျောင်းတွင် နဝမတန်း နှင့် ဒသမတန်းများကို တက်ရောက် သင်ကြားအောင်မြင်ခဲ့သည်။

ကောလိပ် ကျောင်းသားဘဝ။

၁၉၅၉ ခုနှစ်၊ မူဆိုးကော်ကဆာက ကော်သူးလေ ဗဟို ဌာနချုပ်ကို၊ `ပိုထာ´သို့ ပြောင်းရွှေ့ ခဲ့သည့်အခါ အထက်တန်း ကျောင်းကိုလည်း၊ `ပိုထာ´သို့ ပြောင်းရွှေ့ခဲ့ ရသည်။ ထို “ပိုထာ” အထက်တန်းကျောင်းကို ယခင်က “ကော်သူးလေ ကောလိပ်” ဟု ခေါ်သည်။ ကော်သူးလေ အထက်တန်းကျောင်းနှင့် ကောလိပ် ကျောင်းကို တွဲဖက် ဖွင့်လှစ်ထားသည့် ထိုကျောင်းတွင် သင်ကြားပေးကြသော ဆရာ၊ ဆရာမများမှာ ...

(၁) ဆရာမ ဒေါ်လှကြိုင် (ပညာရေး ဘာသာရပ်ဖြင့် ဘွဲ့ရသည်)၊

(၂) ဆရာမသဲလ်မာ (ဗိုလ်ကြီးအောင်ဘွယ်၏ ဇနီးဖြစ်ပြီး၊ ခဏသာ လုပ်ကိုင်ခဲ့သည်)၊

(၃) ဆရာမ နော်အေးကြူ (ဗိုလ်ချုပ်စိုင်းကေ၏ ဇနီး ဖြစ်သည်)၊

(၄) ဆရာစကောလယ်တော (ကျောင်းအုပ်ကြီး)၊ (“ပိုချောင်းဝ” (ခေါ်) ပိုထာ တွင် ရှိသည်။ “ဃဲပါကရူ”တွင် ပါဝင်သည်)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၅) ပဒို ဖိုးညော

(၆) ပဒိုထောရေ (ငွေ စာရင်းကိုင်)၊

(၇) မိုးဇက် (ဂျေဖူးညို၏ ညီ)၊

ကော်သူးလေ တက္ကသိုလ်တွင် ကျောင်းသူ၊ ကျောင်းသား (၁၄)ယောက် ရှိပြီး၊ ကျောင်းသားအားလုံးမှာ တော်လှန်ရေးခေါင်းဆောင်များ၏ သား သမီးများသာ ဖြစ် ကြသည်။

စောသိန်းလွင်ကောလိပ်ကျောင်းကို တန္နစ်တက်ပြီးနောက်။ ၁၉၆၀ ခုနှစ်တွင် ဒုတိယ လမ်းစဉ်ဆိုင်ရာ နိုင်ငံရေးသင်တန်း တက်ရောက်ရန် ကျောင်းသားကြီးများကို ရွေးချယ် ရာတွင် စောသိန်းလွင်လည်း ပါဝင်သည်။ နိုင်ငံရေးသင်တန်းကို ယခုအကြိမ် ဖွင့်လှစ်ရာ `ဆာ မူပယ်´ဘက်၊ "ထိုဒိုပလော" "လယ်မူပလော" ဒေသတွင် ဖွင့်လှစ် လေသည်။ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက် ပြီးနောက်၊ ဒုတိယ လမ်းစဉ် ပထမအကြိမ် နိုင်ငံရေးသင်တန်းကို `မယ်ဝေ´တွင် ပြုလုပ်ခဲ့သည်။ ယခုအကြိမ် ခေါ်ယူသော သင်တန်းတွင် အရှေ့တိုင်းတွင်ရှိသော စစ် ဦးစီးချုပ်ဌာနမှ တပ်မဟာရုံးထိုင်မှူးအထိ ကော်သူးလေ အုပ်ချုပ်ရေးမှ ခရိုင် ဥက္ကဋ္ဌ များနှင့် ခရိုင်အတွင်းရေးမှူးများ၊ မြို့နယ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအားလုံး ပါဝင်သော နိုင်ငံရေး သင်တန်း ဖြစ်သည်။

သင်တန်းဆရာများမှာ၊ (၁) မန်းဘဇန်၊ (၂) ဖူးတာအယ်၊ (၃) ဗိုလ်သန်းအောင်၊ (၄) ဗိုလ် မောင်မောင်၊ (၅) မန်းရှန်ဖလေ့ ခေါ် ဆရာသာမြိုင် တို့ ဖြစ် ကြသည်။

၁၉၆၀ ခုနှစ်၊ `ပိုထာ'တွင် တက္ကသိုလ်ကျောင်း (၁)နှစ် ဖွင့်လှစ်ပြီး နောက်၊ ၁၉၆၁ ခုနှစ် တွင်၊ ကောလိပ်ကျောင်းကို တပ်မဟာ(၅)မှ တပ်မဟာမှူး ဗိုလ်လင်းထင်က ကျောင်းဖွင့်လှစ် ရေးအတွက်၊ ကျောင်းဆရာ၊ ဆရာမ များနှင့် ကျောင်းသားများအတွက် ရိက္ခာနှင့် အခြား ကုန်ကျစရိတ်များကို တာဝန်ခံမည် ဆိုသောကြောင့် ကောလိပ်ကျောင်း ကို `မလေးကျောက် ´သို့ ပြောင်းရွှေ့ လိုက်သည်။ `မလေးကျောက်´ကို ကရင်ဘာသာ ဖြင့် `မလေးလယ်´ဟု ခေါ်သည်။ `မလေးကျောက်´သည် တပ်မဟာ(၅)နှင့် ပို၍ နီးကပ်သွားသည်။ မလေးကျောက် တွင် တက္ကသိုလ်ကျောင်းဖွင့်သည်ကို ရန်သူက သိရှိသွားသဖြင့် `ကော်ဝါးဒဲ´သို့ ထပ်မံ ပြောင်းရွှေ့ခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation
ဘန်ကောက် ကိုယ်စားလှယ်။

စောသိန်းလွင် ခရီးထွက်ရမည့်အစီစဉ်တခု ရှိနေသည်။ သူ၏ဆရာဖြစ်သော ပဒိုဝီရီကျော် နှင့်အတူ သွားရမည်။ ပဒိုဝီရီကျော်မှာ စောသိန်းလွင်၏ တက္ကသိုလ် ကျောင်းဆရာလည်းဖြစ်သည်။ ဘန်ကောက်သို့ သွားရမည့်ကိစ္စတွင် စောသိန်းလွင်ကို ခေါ်သွားချင်သည်။ သိန်းလွင်ကလည်း သွားချင်သည်။ ဗိုလ်ချုပ်ကော်ထူးက ရှမ်းပြည်သို့ တပ်ပေါင်းစု ကိစ္စနှင့် ရောက်နေ၍ ခွင့်တောင်းရန် အချိန် ပင်မရ။ ဝီရီကျော်သည် ဘန်ကောက်သို့ သွားပြီး `စောသဝါ´ နေရာတွင် တာဝန် ယူရမည် ဖြစ်သည်။ စောသဝါကို ဘန်ကောက်တွင် ထားသည့်ကိစ္စသည်၊ ကော်သူးလေ ဗဟို ကိုယ်စားလှယ်အဖြစ် တာဝန် ပေးထားသဖြင့်၊ သံမှူးဟု ဆိုလျှင်လည်း ရမည်။ ပဒိုဝေသောနှင့် ဟန်တာသာမွေးတို့၏ အစီအစဉ်များပင် ဖြစ်သည်။ ထို အစီအစဉ်ကို ကေအဲန်ယူ ပါတီဝင်များအား အကြောင်း ကြား အသိပေးခြင်းမရှိ။ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်လည်း မဟုတ်။ K.R.C. မှ ပဒိုဝေသော နှင့် ဟန်တာသာမွေးတို့က ဆောင်ရွက်ခြင်းသာဖြစ်သည်။ စောသဝါ သည် ကော်သူးလေ၏ လိုအပ်သော ပစ္စည်းများကို ဝယ်ယူပြီး ပို့ပေးရန်နှင့် အနောက် အုပ်စု C.I.A. နှင့် အဆက်အသွယ် လုပ်ရန်ကိုလည်း တာဝန် ပေးခြင်း ခံထားရသည်။ ယခု စောသဝါအား ပြန်ခေါ်ယူပြီး သူ၏နေရာတွင် ပဒိုဝီရီကျော်ကို အစားထိုးပြီး ဘန်ကောက် တွင် ထားရန် ဖြစ်သည်။

ထိုအချိန်က ဟန်တာသာမွေးသည် တက္ကသိုလ်ကျောင်းကို ပိုထာ၌ ဖွင့်လှစ်ထားသော်လည်း၊ သူ၏ မိသားစုနှင့် အတူ၊ “ဆါမူပယ်” ရွာအနီးရှိ၊ “ရေပူစမ်း” ဟုခေါ်သော၊ ‘မောကို’၌သာ နေထိုင်ကြသည်။ ပဒိုဝေသောတို့ မိသားစုသည်လည်း မောကို စခန်းတွင် ဟန်တာသာမွေး နှင့်အတူ နေထိုင်သည်။ `မောကို´ စခန်းသည် ရွာတရွာမဟုတ်။ အိမ် သုံး လေးလုံး ဆောက်ထားပြီး ယာယီနေထိုင်နေကြသော စခန်းတခုသာ ဖြစ်သည်။ ဟန်တာသာမွေးက ဗိုလ်ချုပ် အုန်းဖေအား ပဒိုဝီရီကျော်နှင့်လိုက်ရန် ညွှန်ကြားထားသည်။ ခရီးသွားရန် ဆင်များကို ပြင်ဆင်ထားသည်။  ဆင်ပိုင်ရှင်မှာ ရန်သူနှင့် အဆက်အသွယ် လုပ်ခြင်း နားလည်မှု ယူခြင်းတို့ကြောင့် `ပိုထာ´မှ သူ၏ ဆင်(၈)ကောင်ကို K.R.C. မှ သိမ်းလိုက်ပြီး၊ အသုံးပြုခြင်းသာ ဖြစ်လေသည်။ ဗိုလ်ချုပ်အုန်းဖေနှင့် ပဒိုဝီရီကျော် တို့ ခရီးသွားရန် ဆင်(၂)ကောင် စီစဉ်ထားသည်။ ကော်သူးလေ ဌာနချုပ်တွင် ဆင် (၈) ကောင်ရှိပြီး ရိက္ခာများ သယ်ယူခြင်းနှင့်

ခရီးသွားလာရာတွင် အသုံးပြုကြသည်။ ဆင် (၅)ကောင်ကို ကောလိပ်ကျောင်း ရိက္ခာသယ်ယူရန် အသုံးပြုခွင့် ပေးထားသည်။

ဗိုလ်ချုပ်အုန်းဖေသည် ဆင်တကောင်ကို စီးပြီး၊ သူ့အတွက် တပ်မဟာ(၅)မှ ပေးထားသော လုံခြုံရေးတပ်စိတ် တစိတ်နှင့်အတူ၊ `ဆာမူပယ်´ မှ စတင်ထွက်ခွာသည်။ ပဒိုဝီရီကျော်နှင့် သိန်းလွင်တို့ကလည်း ဆင်တကောင်ကို အတူစီးပြီး ခရီးထွက်ကြသည်။ အမှန်တွင် စောသိန်းလွင်မှာ ခြေထောက် နာ နေခြင်းကြောင့် ဆင်စီးခြင်းဖြစ်သည်။

ပဒိုဝေသောနှင့် ဟန်တာသာမွေးတို့၏ အစီအစဉ်အရ၊ `ဒါးကွင်း´ စခန်းတည် ရှိရာ၊ သံလွင်ချောင်းသို့ သွားပြီး၊ ဘန်ကောက်မှ ရောက်လာမည့်၊ ထိုင်း ဗိုလ်ချုပ်တဦးကို သွားရောက်တွေ့ဆုံရန် ဖြစ်သည်။ သံလွင်ချောင်း နံဘေး ကရင် ဘက်ခြမ်းတွင် တည်ရှိသော၊ ဒါးကွင်းစခန်း၌ ဗိုလ်တဲတလုံးရှိသည်။ ထိုင်းဘက် ကမ်းတွင်လည်း ဗိုလ်တဲတလုံး ရှိသည်။ ချောင်းတဖက်ကမ်း၊ ထိုင်းနယ်ထဲတွင် (ထိုင်း)နယ်ခြားစောင့် ပုလိပ်များအတွက် ရိက္ခာနှင့် ကုန်ပစ္စည်းများကို လေယာဉ်ပျံဖြင့် တပတ်လျှင်တကြိမ် လာရောက် ပို့ပေး လေ့ရှိသည်။ ယခုလာမည့် ထိုင်း ဗိုလ်ချုပ်သည် ကရင်ခေါင်းဆောင်များနှင့် တွေ့ဆုံ လိုသည်။ ဗိုလ်ချုပ်အုန်းဖေနှင့် ထိုင်း ဗိုလ်ချုပ်တို့ တွေ့ဆုံရမည့်နေရာသည် “မယ်ခါချောင်းဝ” “မယ်ခါထာ”တွင် ဖြစ်သည်။ “မယ်ခါထာ” ချောင်းသည် သံလွင်မြစ်ထဲသို့ စီးဝင်သော ချောင်းဖြစ်ပြီး၊ ထိုအချိန်က “သော်လဲထာ”ဟူသောရွာနှင့် စခန်းများ မရှိ သေးပါ။ နောက်ပိုင်းတွင် ဒုက္ခသည်စခန်းများဖြစ်လာရာမှ “မယ်ခ” သို့မဟုတ် “ဇလား” ဟု ခေါ်ကြသည်။

သတ်မှတ်ထားသော နေ့ရက်အချိန်တွင် ဗိုလ်ချုပ်အုန်းဖေနှင့် ပဒိုဝီရီကျော် တို့ သွားရောက်ပြီး၊ ဒါးကွင်း သံလွင်အနောက်ဘက်ခြမ်းတွင် အဆင်သင့် စောင့် ကြိုနေသည်။ လေယာဉ်ပျံအသံကြားရပြီး မကြာမီတွင် ထိုင်းစစ်သားအခ့ျို့ လေယာဉ်ပေါ်မှ ဆင်းလာကြသည်။ သို့သော် ထိုင်းဗိုလ်ချုပ်ဆိုသူ ပါမလာပါ။ တပ်ကြပ်ကြီးအဆင့် ရှိသူသာဖြစ်သည်။ ကရင့်တော်လှန်ရေးမှ ဗိုလ်ချုပ်တဦး ဖြစ်သူ ဗိုလ်ချုပ်အုန်းဖေက ထိုင်းဗိုလ်ချုပ်တဦးကို တန်းတူတွေ့ရမည့်အစား ထိုင်းနယ်ခြား စောင့်တပ်ဖွဲ့မှ တပ်ကြပ်အဆင့်သာ ရှိသေးသော ပုဂ္ဂိုလ်တဦးကို လာရောက် တွေ့ဆုံရမည့်အပေါ် အလွန်ဒေါပွပြီး “တပ်ကြပ်ကြီး အဆင့် ဆိုလျှင် သူနှင့် စကားပြောစရာ အကြောင်းမရှိ”ဟု ဆိုကာ သွားရောက်တွေ့ဆုံခြင်း မရှိတော့ဘဲ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အားလုံး ပြန်လာခဲ့ကြသည်။ စောသိန်းလွင် သည်လည်း ပဒိုဝီရီကျော် နှင့် အတူ တက္ကသိုလ် ကျောင်းရှိရာ၊ "ပိုထာ"သို့ ပြန်ခဲ့သည်။

K.R.C. ၏ ဦးတည် လှုပ်ရှားမှု

၁၉၅၉ ခုနှစ်အတွင်း K.N.U.P. ၏ ပထမအကြိမ်မြောက် ညီလာခံကို K.R.C. ဥက္ကဋ္ဌ ဟန်တာသာမွေး တက်ရောက်လာသော်လည်း တက်ကြွမှု မရှိခဲ့ပေ။ ပဒိုဝေသော သည် ပထမ နေ့တွင်သာ အစည်းအဝေးသို့ တက်ရောက် ပြီးနောက် ပြောချင်ရာပြောကာ၊ တပ်မဟာ(၇)ဘက်သို့ သွားမည်ဟု ပြောဆိုပြီး နောက်ရက်မှစ၍ အစည်းအဝေးကို တက် ရောက်ခြင်း မပြုတော့ပေ။ K.R.C. အဖွဲ့အစည်းကို စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်များသည် K.N.U.P. ပါတီ ဦးဆောင်မှုနှင့် သဘောထား ရည်ရွယ်ချက်များအပေါ် လိုက်နာ ခံယူမည့် သူများ ဖြစ်လာမည်ဟု ဟန်တာသာမွေးက အဖွဲ့ဝင်မူကို ချမှတ်ထားခဲ့သည်။ လုပ်ငန်း စဉ်နှင့် ပတ်သက်၍ တရုတ်ပြည် တော်လှန်ရေး ဂျပန်ဆန့်ကျင်ရေး ကာလတွင် ကျင့်သုံး ခဲ့သော လုပ်ငန်းစဉ် (၉)ချက်ကို အတည်ပြု ထားခဲ့သည်။ ထိုအချက်တို့မှာ ...

(၁) ဖဆပလ မဟာလူမျိုးကြီးတို့၏ နယ်ခြေစနစ်ကို တိုက်ဖျက်ကြ။

(၂) တပြည်လုံးအတွက်၊ စစ်ရေးလှုပ်ရှားမှုများ ဖြစ်အောင် ဆောင်ရွက်ကြ။

(၃) တပြည်လုံးရှိ ပြည်သူလူထုများ စည်းလုံးညီညွတ်ပြီး ရန်သူအား ဆန့်ကျင် တိုက်ခိုက်ကြ။

(၄) အစိုးရ အုပ်ချုပ်ရေးပုံစံကို ပြုပြင်ကြ။

(၅) စစ်ကာလအတွင်း စီစဉ်ထားသည့် ဘဏ္ဍာရေး၊ စီးပွားရေး ပေါ်လစီကို ဖော်ထုတ် ကျင့်သုံး ကြ။

(၆) ဖဆပလ အား ဆန့်ကျင်သည့် နိုင်ငံခြားရေး ပေါ်လစီကို ဖော်ထုတ် ကျင့် သုံးကြ။

(၇) လူထု၏ နေထိုင်မှု ဘဝနှင့် အဆင့်အတန်းကို ကောင်းမွန်လာအောင် မြှင့် တင်ကြ။

(၈) ဖဆပလ အားဆန့်ကျင်သည့် ပညာရေး ပေါ်လစီကို ဖော်ထုတ် ကျင့်သုံးကြ။

(၉) တမျိုးသားလုံး စည်းလုံးညီညွတ်ကြရန်နှင့် တစိတ်တည်း တဝမ်းတည်းရှိရန် ကြိုးပမ်း ကြ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဤသို့သော လုပ်ငန်းစဉ်များ ချမှတ်ထားသော်လည်း လက်တွေ့တွင် လုပ်ငန်းစဉ် အတိုင်း အကောင်အထည် မဖော်နိုင်ကြ။ နောက်ပိုင်း ပါတီ၏ လမ်းစဉ်နှင့် လုပ်ငန်းစဉ် များကို ဆန့်ကျင်သည့် လုပ်ငန်းများကိုသာ လုပ်ဆောင် နေကြသည်။

နယ်ခြဲဆန့်ကျင်ရေးထက် မှီခိုရေး သဘောထား

`စောသဝါ´သည် ဂျဖူးညိုး၏သမီးနှင့် အိမ်ထောင်ကျသည်။ ဂျဖူးညိုး၏ ညီမ သည် ဟန်တာသာမွေး၏ ဇနီးဖြစ်သည်။ ထို့ကြောင့် စောသဝါ သည်၊ ဟန်တာသာမွေး၏ တူမနှင့် ရ၍ တူတော်သည်ဟု ပြောနိုင်ပါသည်။ စောသဝါကို၊ ဘန်ကောက်တွင်ထားပြီး ကော်သူးလေ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးထားသည်။ စောသဝါကလည်း တာဝန် မယူချင်။ သူဇနီး သည်မှာ ရန်ကုန်တွင် နေထိုင်သဖြင့် ဘန်ကောက်မှ ပြန်ရောက်လာပြီး နောက်ပိုင်းတွင် ရန် ကုန်၌သွားရောက် နေထိုင်လေသည်။ စောသဝါ၏နေရာကို အစားထိုး မည့် ပဒိုဝီရီကျော်သည် စောသဝါ နှင့် နှိုင်းယှဉ်လျှင် ပိုမို၍ အရည်အချင်းရှိသူ ဖြစ်သည်။ `စီးပွားရေး ဘောဂဗေဒ ´သာမက၊ နိုင်ငံရေး သိပ္ပံဘာသာရပ်နှင့် ဘွဲ့ရခဲ့သူလည်း ဖြစ်သည်။ K.R.C. ပြည်ထဲရေးဋ္ဌာန၏ တာဝန်ခံတဦးလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြား ဆက်သွယ်ရေးကိစ္စတွင် ပဒိုဝီရီ ကျော်ကို ရွေးချယ်ပြီး၊ စောသဝါ နေရာကို အစားထိုးရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ထို အစီအစဉ်အတွက် ပဒိုဝီရီကျော် နှင့် စောသိန်းလွင်ကို ဒါးကွင်း သို့ လိုက်လံ ပို့ဆောင်ပေးခဲ့ သည်။ သို့သော် ဟန်တာသာမွေး နှင့် ပဒိုဝေသောတို့ မျှော်လင့် သည့်အတိုင်း လာရောက် တွေ့ဆုံမည့် ထိုင်းတာဝန်ခံတဦးမှာ တပ်ကြပ်ကြီးအဆင့်သာ ရှိသောကြောင့်၊ ကရင်တို့၏ ကော်သူးလေအစိုးရကို မလေးမစား လုပ်ရာကျသည်ဟု ဗိုလ်ချုပ်အုန်းဖေ၊ ဟန်တာသာမွေး နှင့် ပဒိုဝေသောတို့က ယူဆကြသည်။ K.R.C. အနေနှင့် ထိုင်း အာဏာပိုင်များမှတဆင့် အမေ ရိကန်၊ အင်္ဂလိပ်တို့နှင့် ဆက်သွယ်ပြီး၊ ၎င်းတို့၏ အကူအညီများကို မျှော်လင့်ထားကြသည်။ ထိုင်းနိုင်ငံတွင် အမေရိကန် လေတပ် အခြေစိုက်စခန်းတခု တည်ဆောက်ပြီး ဗီယက်နမ်စစ်ပွဲ ကာလအတွင်း လေကြောင်းမှ ဗုံးကြဲ အကူအညီပေးရသော အချိန်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် အခြေချနိုင်လျှင် အမေရိ ကန်နှင့် ဆက်သွယ်ရန်အတွက်လည်း ခက်ခဲမည်မဟုတ်ပေ။ သို့သော် ထိုင်းအာဏာပိုင် တို့၏ အကူအညီသည် အထူးလိုအပ်လျက်ရှိသည်။ ထို အစီအစဉ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကို အကောင်အထည် ဖော်ရန် ဟန်တာသာမွေးက အထူးကြိုးစားလျက် ရှိပြီး သူ၏မိသားစု ကိုပင် `ရာထာ´သို့ ပြောင်းရွှေ့ထားသည်။

သို့သော် အခြေအနေမှာ ပြောင်းလဲသွားပြီးဖြစ်သည်။ ဗိုလ်ချုပ်အုန်းဖေ က၊ “ထိုင်းက ကရင်ကို ဂရုမစိုက်ရင်” ကရင်အကြောင်းကို သိရမှာပေါ့”ဟု၊ ပြော ဆိုပြီးနောက် သူ့တပည့် ဆင်ထိန်းသမား ဖားလယ်ကို ဆင် သွားကောက်ဘို့ အမိန့်ပေးလိုက်သည်။ ဆင်ကျောင်း သမား၏ အမည် ဖားလယ်မှာ စင်စစ် ကျေးရွာအမည်ပင် ဖြစ်သည်။ ဗိုလ်ချုပ်အုန်းဖေ၏ လုံခြုံရေးတပ်ဖွဲ့၊ ပဒိုဝီရီကျော်၊ စောသိန်းလွင် အဖွဲ့အသီးသီး ဒါးကွင်းမှ ပြန်ထွက်လာ ကြသည်။ ဗိုလ်ချုပ်အုန်းဖေ မှာ ဟန်တာသာမွေးနှင့် တွေ့ဆုံရန် “ပါဟိုက်” သို့ ဆက်ထွက်သွား သည်။ တိုးညိုး သို့ ရောက်သောအခါ၊ ပဒိုဝီရီကျော်နှင့် စောသိန်းလွင် တို့က “ဃဲပါ” ဘက်သို့ အတူ ပြန်လာခဲ့ပြီး တိုးညိုး လမ်းခွဲတွင် လူချင်းခွဲခဲ့ကြသည်။

ဗိုလ်ချုပ်ကော်ထူးသည် ရှမ်းပြည်မှ ပြန်ရောက်လာသောအခါ၊ စစ်ဦးစီး ဌာနချုပ် ကို “စေးဘောဲ” (ခေါ်) ပိုထာ မှ၊ နယ်ခီး သို့ စခန်းကို ပြောင်းရွှေ့လိုက်သည်။ ဟန်တာသာမွေး လည်း ပိုထာတွင် မနေတော့ဘဲ၊ မယ်ဝိုင် အောက်ဘက်ရှိ “ဝါလောကလိုး” သို့ ရွှေ့ပြောင်း နေထိုင်သည်။ တပ်မဟာ(၅) ဌာနချုပ်နှင့် နီးအောင် ပြောင်းရွှေ့လိုက်ခြင်း လည်း ဖြစ်သည်။

ကောလိပ်ကျောင်းကို မလေးကျောက်သို့ ပြောင်းရွှေ့လိုက်ခြင်း

ဗိုလ်ချုပ်အုန်းဖေသည်၊ လုံခြုံရေးတပ်ဖွဲ့နှင့်အတူ ဝင်းမောင်းသို့ ပြန်လာခဲ့ လေ သည်။ ဝင်းမောင်းသည် တပ်မဟာ(၅)နှင့် နီးသည်။ လင်းထင်ကို မှာယူလိုက်သည်။ လင်းထင်က လည်း အကျိုးအကြောင်း သိရှိထားသည်။ လင်းထင်က ဗိုလ်ချုပ်အုန်းဖေ ကိုတွေ့သောအခါ၊ ကောလိပ်ကျောင်းကိစ္စကို အရင်ပြောသည်။ ကောလိပ်ကျောင်းကို မလေးကျောက် (ခေါ်)မ လေးလယ် တွင် ပြန်ထားရန်နှင့် ရိက္ခာအပြင် ကျောင်းလိုအပ်ချက် ကုန်ကျစရိတ်များကို တပ်မဟာ (၅)မှ အကုန် အကျခံမည့် အကြောင်းကိုလည်း ပြောကြားသည်။ မလေးကျောက် သည် ဝင်းမောင်း နှင့်လည်း နီးသဖြင့် ဗိုလ်ချုပ်အုန်းဖေ နှင့် ဟန်တာသာမွေးတို့ အနေနှင့် သဘောမတူစရာမရှိ။ ထို့ကြောင့် ကျောင်းအုပ်ကြီး ဆရာစကောလယ်တောနှင့် အတူ ကျောင်းဆရာ၊ ဆရာမ အားလုံး ကောလိပ်ကျောင်းကို မလေးကျောက်သို့ ပြောင်းလဲ ဖွင့်လှစ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခဲ့ပြန်လေသည်။ စောသိန်းလွင်က ဒုတိယနှစ် ကောလိပ် ကျောင်း တက်ရန်အတွက် မလေး ကျောက်ကျောင်းတွင် တက်ရမည်။

ဥက္ကဋ္ဌ ဟန်တာသာမွေးသည် ကော်သူးလေအစိုးရ ဌာနချုပ်ကို "ဝါလောကလိုး" ၌ပင် ဆက်လက်ထားရှိသည်။ ခေါင်းဆောင်များဖြစ်သော မန်းသိန်း (အရှေ့တိုင်း ဥက္ကဋ္ဌ)၊ မန်းရှန်ဖလေ့၊ ကော်ကဆာအုန်းဖေညွန့်၊ ဝါလောကလိုးတွင် ကျန်ရစ်ခဲ့သည်။ ဦးရှားမောင် နှင့် အရှေ့တိုင်း အမှုထမ်းများသည်လည်း ဝါလောကလိုး၌ပင် ဥက္ကဋ္ဌနှင့်အတူ နေကြ သည်။ ဗိုလ်ချုပ်ကော်ထူး၏ စစ်ဦးစီးဌာနချုပ်မှာမူ နယ်ခီးတွင်ပင် ဆက်လက် ထားရှိ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်အုန်းဖေ (တိုင်းစစ်ဦးစီးချုပ်)၊ ဝင်းမောင်းတွင် ရှိနေစဉ် စောသိန်းလွင်က မလေးကျောက် ကောလိပ် ဒုတိယနှစ်ကို တက်ရောက်နေချိန် ဖြစ်သည်။ တပ်မဟာ(၅) တပ်မဟာမှူးလင်းထင် မှာလိုက်သောကြောင့် တပ်မဟာ(၃)မှ “တပ်မဟာမှူး ထရူးမင်း” ကိုယ်တိုင် ဦးစီးသည့်တပ်ဖွဲ့များ ဝင်းမောင်း သို့ ရောက်ရှိ လာသည်။

ကျောက်ကြီးမြို့နယ် တပ်မဟာ(၃)နယ်မြေ ဝင်းဂလုံကျေးရွာဘက်မှ ဝင်လာခြင်း ဖြစ်သည်။ “ဝင်းမောင်းရွာသည် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ပါဝင်ပြီး တပ်မဟာ(၃) နယ်မြေ ရွှေကျင်မှ ဘီးလင်းချောင်းကိုကူးလျှင် နတ်ကြီးရွာသို့ ရောက်သည်။ နတ်ကြီးရွာသည် တပ်မဟာ(၅) နယ်မြေတွင် ရှိသည်။ ထို့ကြောင့် ထိုဒေသများသည် တြိဂံပုံ သုံးပွင့်ဆိုင်ဒေသဖြစ်သည်။ ထရူးမင်း တပ်ဖွဲ့များ ရောက်ရှိလာသောနေရာမှာ တက္ကသိုလ် ကျောင်းနှင့် လည်းနီးသဖြင့် စောသိန်းလွင် တို့ ကျောင်းသားများ သွားရောက်ကြည့်ရှု ကြသည်။ ဘာကိစ္စ အတွက်ဖြစ်သည်ကိုမူ ကျောင်းသားများ မသိကြ။ အမှန်တွင် ထိုင်း (ယိုးဒယား)သို့ သွားတိုက်ရန် ဗိုလ်လင်းထင်သည် ထရူးမင်းတပ်ကို မှာယူခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်မြကိုလည်း အကြောင်းကြားထားသည်။ ဗိုလ်မြ အုပ်ချုပ်သော နယ်မြေကို ဖြတ်သန်းရမည် ဖြစ်သောကြောင့် အသိပေးရခြင်း ဖြစ်သည်။

ဗိုလ်မြ၏နယ်မြေကိုဖြတ်ပြီး ဖလူးမှတဆင့် မဲဆောက်ကို သွားတိုက်ကြသည်။ မဲဆောက်ရှိ စစ်လက်နက် သိုလှောင်ရုံကို ဝင်တိုက်ရာတွင် လက်နက်ကြီး၊ ဘရောင်နီ (၈)လက်နှင့် စက်သေနတ်များ၊ ကျည်ဆံ အများအပြား ရရှိကြသည်။ ထို ရရှိသော လက်နက်ပစ္စည်းများကို အခွံျကိုထမ်းပိုး၍ သယ်ဆောင်လာပြီး၊ မထမ်းနိုင်သော လက်နက် ပစ္စည်းများကို လမ်းတွင် ဝှက်ထားခဲ့ကြသည်။ ထိုင်း (ယိုးဒယား)က ဗမာအစိုးရကို အကြောင်းကြားလိုက်သောကြောင့်၊ ဗမာတပ်များ တက်လာပြီး၊ လက်နက်ပစ္စည်းအခွံျကို သိမ်းပိုက်လိုက်သည်။ လက်နက်ပစ္စည်း အများစုကိုတော့ လင်းထင်တို့တပ်မှ ရယူ လာနိုင်ခဲ့သည်။

ထိုသို့ မဲဆောက်ကို တိုက်ခိုက်၍ လက်နက်အများအပြား ရလာခဲ့သည်ကို လင်းထင်က ဟန်တာသာမွေးထံသို့ အကြောင်းကြားလိုက်သည်။ အစီအစဉ် အောင်မြင်၍ လက်နက်အများ

အပြား ရခဲ့ကြောင်း၊ မိမိတို့တပ်များ ပြန်လည် ရောက်ရှိပါက အောင်ပွဲ ခံသည့် အနေဖြင့် “ဘဲလင်းနို့” ၌ အောင်ပွဲခံပွဲကြီး တခု လုပ်မည်ဖြစ်ကြောင်း သတင်းပို့ ထားသည်။

ဘဲလင်းနို့ုသည် နတ်ကြီးနှင့်လည်း သိပ်မလှမ်းလှပဲ နှစ်မိုင်ခန့်သာ ရှိသည်။ နတ်ကြီးမှ အောက်သို့ ဆက်ဆင်းလျှင် ဘီးလင်းသို့ ရောက်သည်။ “မလေးကျောက်”မှ သွားလျှင် ဝင်းမောင်းကို ရောက်မည်။ ဝင်းမောင်းမှ ဘီးလင်းချောင်းကို ကူးလျှင် နတ်ကြီးသို့ရောက်မည်။ သုံးပွင့်ဆိုင်ရွာများနှင့် နှစ်မိုင်ခန့် အကွာတွင် “ဘဲလင်းနို့” ရှိသည်။ ယခင်က “ဘဲလင်းနို့”တွင် လင်းထင်တို့၏ ဌာနချုပ်ရှိသည်။ တပ်မဟာ (၅)မှူးဟောင်း ဗိုလ်စိုး၏ အိမ်လည်းရှိသည်။ ဗိုလ်လင်းထင်က ဟန်တာသာမွေးအား ပဒိုဝီရီကျော်နှင့် ကျောင်းသား ကျောင်းသူများကို ဖိတ်ကြားထားရန်ကိုလည်း အကြောင်းကြားထားသည်။

မလေးကျောက် တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း (၁၄) ယောက်ရှိရာ ယောကျ်ားလေးများမှာ ဗိုလ်ချုပ်ကော်ထူး၏ မွေးစားသား စောသိန်းလွင် ဗိုလ်ချုပ်စိုင်းကေ၏ သားတယောက် ဗိုလ်ကြီးထွေးကျော်၏သား စောသိုးမား၊ ကော်ကဆာ ၏တူ ဖိုးဆန်းနေ၊ ဗိုလ်ကြီးဗလစိန်၏တူ နှစ်ယောက်ဖြစ်သော စောဆင်မြူရယ်နှင့် စောဒယ်နီယယ် တို့ ဖြစ်ကြသည်။ ဆရာစကောလယ်တော ၏သား စောဝေါလေ အပြင် ပီတာဟု ခေါ်သော ကျောင်းသားတဦးလည်း ပါဝင်သည်။ ထိုကျောင်းသား အုပ်စုကို ပဒိုဝီရီကျော်မှ ဦးဆောင်သွားသည်။ ၎င်းတို့နှင့်အတူ လှကျော် လည်း ပါသည်။

ဘဲလင်းနို့ သို့ ခရီးထွက်တော့မည့်အချိန်တွင် ဗိုလ်မြသည် “ဘူဆာခီး” ကွန်ဖရင့်မှ ပြန်ရောက်လာခြင်းဖြစ်သည်။ ဗိုလ်မြနှင့်အတူ `ဗိုလ်ကြီး ဂီးဒေါင်´ ပါလာသည်။ အားလုံး ခရီးကြုံသဖြင့် တပေါင်းတည်း ဘဲလေးနို့သို့ု လှေဖြင့် သွားကြသည်။ မလေးကျောက်နှင့် ဝင်းမောင်းသည် ဘီးလင်းချောင်း နှုတ်ခမ်းတွင် ရှိ၍ ဘဲလင်းနို့သို့ ရောက်သည်နှင့် အားလုံး အတူတူ ဆင်းကြသည်။

ဗိုလ်မြနှင့် သူ၏ တပ်ခွဲမှူးတဦးက ကျောင်းသားအဖွဲ့နှင့်အတူ ဗိုလ်စိုး၏ အိမ်ကြီး တွင် တည်းခိုရသည်။ ရေမိုးချိုးပြီးသည်နှင့် တပ်မဟာ(၅)မှ ရုံးထိုင်မှူး ဗိုလ်အေးက ဗိုလ်မြကို လာခေါ်သည်။ လင်းထင်မှ တွေ့ချင်၍ လာခေါ်ခြင်း ဖြစ်သည်။ ပဒိုဝီရီကျော်နှင့် ကျောင်းသားအဖွဲ့များ လိုက်သွားသော်လည်း ဗိုလ်မြ ကမူ ထိုကပွဲသို့ု မသွားပါ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဘဲလင်းနို့မှ ညှော့ခံပွဲကြီး

ဘဲလင်းနို့သည် ကရင်ရွာကြီး တရွာဖြစ်သည်။ ခန့်မှန်းအိမ်ခြေ (၅၀)ကျော်မည်။ အောင်ပွဲခံမည့် နေရာတွင် မဏ္ဍပ်ကြီး ဆောက်လုပ်ထားသည်။ တပ်မဟာ (၅)မှ စစ်သမီးများက ညှော့ခံကြိုဆိုရေးတွင် စစ်ဝတ်စုံများကို ဝတ်ဆင် ထားကြသည်။ ရာထူး အလိုက် ပုခုံးနှင့် ရင်ဘတ်တို့တွင် တံဆိပ်များကိုလည်း တပ်ဆင်ထားသည်။ ခေါင်းဆောင် လုပ်သူ စစ်သမီးမှာ အသက် (၁၉)နှစ် အရွယ်သာရှိပြီး သွက်လက် ဖြတ်လက်ကာ ချောမွေ့လှပသော ကရင် အမျိုးသမီးဖြစ်သည်။ စစ် သမီးများနှင့်အတူ အင်္ဂလိပ် အမျိုးသမီးတဦးနှင့် ကရင်မနှစ်ဦးတို့က ရန်ကုန်မှ လာကြသူများ ဖြစ်သည်။ ရန်ကုန်ရှိ ကမ္ဘာအေးလမ်း မေဖဲယား ကပွဲရုံမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယောကျ်ား(၃)ယောက်လည်း ပါလာသည်။ ရော့ခ်ကင်ရိုး၊ ချာချာ စသော အကမျိုးစုံကို ကျွမ်းကျင်သူများလည်း ဖြစ်သည်။ အကမျိုးစုံလည်း ကကြ မည်ဖြစ်၍ မက တတ်သူများကို သူတို့မှ သင်ပေးမည်။

စောသိန်းလွင်က ထိုသို့ အတွေ့ကြုံရှိသူတဦး မဟုတ်၍ အထူးအဆန်း ဖြစ်နေ ရသည်။ အများနှင့်ဖြစ်သော်လည်း သူ့မှာ စိတ်လှုပ်ရှားခဲ့ရသည်။ ဖိတ်ကြားထားခြင်း ခံရသူများသည် တသုတ်ပြီးတသုတ် ဝင်လာကြသည်။ ခန်းမထဲ၌ ရော့ခ် အင်ရိုးသီချင်းများ စတင်မြည်လာသည်။ ထိုစဉ် စစ်ဝတ်စုံများဖြင့် ခန့်ခန့်ညားညား ဝင်လာသော ဗိုလ် လင်းထင်၏ အရာရှိ တပ်ခွဲမှူးများ ရောက်လာသည်။

အဦးဆုံး ဝင်လာသူမှာ တပ်ခွဲ(၃)မှ ဗိုလ်ဆလံ၊ ထို့နောက် တပ်ခွဲ(၁) တပ်ခွဲမှူး ဖား လူကျော်နှင့် ပြောက်ကျား တပ်ခွဲမှူး ဗိုလ်နီတို့ ဝင်လာကြသည်။ ထို့နောက် တပ်မဟာ တပ်ခွဲမှူး ဗိုလ်ရှားမင်းဝင်လာသည်။ ပဒိုဝေသောမှ ပို့လိုက်သော တပ်ခွဲမှူး ဗိုလ်ရှားမင်းကို စောဘော နယ်ဟုလည်း ခေါ်ကြသည်။ တိုင်းဥက္ကဋ္ဌ မန်းသိန်းမှ ပို့လိုက်သော တပ်ခွဲမှူးမှာ ဗိုလ်ထွန်းကြိုင် ဖြစ်ပြီး မန်းသိန်းနှင့်အတူ အရှေ့တိုင်းသို့ အတူတကွ ရောက်လာခဲ့သူ ဖြစ်သည်။ တိုင်းရုံး အချက်ပြ ဆက်သွယ်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဗိုလ်ရှားမင်းနှင့် ဗိုလ်ထွန်းကြိုင်တို့သည်၊ တပ်မဟာ(၅)သို့ တာဝန်လွှဲပြောင်း ခံရသူများ ဖြစ်ပြီး၊ တပ်မဟာ(၅)တွင် တပ်ခွဲမှူးရာထူးများကို ဆက်လက်ရယူကြသည်။ ဗိုလ်လင်းထင် ကလည်း လက်နက်များရလာ၍ တပ်ခွဲတခွဲ ထပ်မံတိုးခ့ျဲရန် ဆန္ဒရှိနေသည်။ ဆက်လက်ပြီး ခန်းမ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆောင်ထဲသို့ ဝင်လာသူများမှာ အုပ်ချုပ်ရေးဘက်မှ ပဒိုဝ်ဂိုက် တပ်မဟာ(၅) ရုံးအဖွဲ့မှ ဗိုလ်မိုးဇက်၊ ထို့နောက် တပ်မဟာ(၅)မှ ဒု တပ်ရင်းမှူး ဗိုလ်ဝင်းတို့ ဖြစ်သည်။ ဒုတပ်ရင်းမှူး ဗိုလ်ဝင်းမှာ လင်းထင် အားအကိုးရဆုံးသော တပ်မှူးတယောက်ဖြစ်သည်။ ဂီတသံများဖြင့် ဆူညံနေသော ဧည့်ခံပွဲ ခန်းမကြီး ထဲတွင် ဖိတ်ကြားထားသူများနှင့် တပ်ဗိုလ် တပ်မှူးများ စုံလင်သောအခါ ဂီတသံများကို ရပ်နားပြီးနောက် လင်းထင်မှ စတင်ပြီး မိတ်ဆက်စကား ပြောကြားသည်။

“ခင်ဗျားတို့ကို အခုလို ဖိတ်ကြားရတာ အခြားတော့ မဟုတ်ပါဘူး။ ကျနော်တို့ စစ်ဆင်ရေးမှာ အောင်ပွဲရလာတဲ့အတွက် အောင်ပွဲခံ အခမ်းအနား ကျင်းပခြင်းသာ ဖြစ်ပါတယ်။ ကျနော်တို့ ရဲဘော်တွေ အတွက်ကော၊ ကရင်ပြည်သူများ အတွက်ပါ ဖျော်ဖြေဖို့၊ မန္တလေးက ဇာတ်အဖွဲ့ကိုလည်း မှာထားပါတယ်။ ကျနော်တို့ တပ်မှူးတွေအတွက် အနောက်တိုင်းကပွဲတခု လုပ်ဖို့ကိုလည်း စီစဉ်ထားပါတယ်။ ကျနော် နယ်ခြားကို ရောက်တော့ အနောက်တိုင်းအကကို မက တတ်တဲ့အတွက် အတော်အရှက်ရခဲ့ရတယ်။ အခုက စပြီး ညနေတိုင်း ဂီတ အက တွေလုပ်နိုင်ဖို့ကို ကျနော် စီစဉ်ထားပါတယ်။ ကကြမယ်၊ သောက်ကြမယ်။ ကျနော်တို့ တပ်မှူးတွေ စစ်သမီးတွေ ကျောင်းသားတွေလည်း အတူ ကကြရမယ်။ အနောက်တိုင်း ယဉ်ကျေးမှုရဲ့ အလှအပတွေကို ပျော်ပျော်ပါးပါး လေ့ လာရမယ်။ ယိုးဒယားသွားတုန်းက မကတတ်လို့ အဆင့်မြင့်တဲ့ လူတန်းစားထဲမှာ ကျနော် ပါဝင်ခွင့်မရခဲ့ဘူး။” ထိုသို့ပြောဆိုပြီးနောက် တဦးနှင့်တဦး မိတ်ဆက်ကြသည်။ ထိုနေ့မှစ၍ အကသင်တန်းကို တပတ်လောက် တက်ကြရသည်။ ရော့ခ်အင်ရိုး အက၊ ချာချာအက၊ စကွဲယားအက စသည်တို့ကို သင်ကြရသည်။ လင်းထင်၏ အဆိုပါ အောင်ပွဲတွင် K.N.U.P. မှ ပုဂ္ဂိုလ်များ တယောက်မှ မပါဝင်ချေ။ ဝင်ရောက် ကခုန်ခြင်း မရှိသော လူကြီးများမှာ ဗိုလ်မြ၊ ပဒိုဝီရီကျော်တို့ ဖြစ်သည်။ စားစရာ သောက်စရာများကို လူတိုင်း ကြိုက်သလို စားသုံးနိုင်ရန်ကိုလည်း စီစဉ်ထား ကြသည်။

လင်းထင်၏ အောင်ပွဲခံ ဧည့်ခံပွဲကြီးကို တပတ်ကြာမျှ ကျင်းပပြီးနောက်၊ စခန်း သိမ်းပွဲတွင် ဗိုလ်လင်းထင်က ဗိုလ်မြအား ဘရောင်နီ (၁)လက်ကို လက်ဆောင်ပေးသည်။ ဗိုလ်မြလည်း အလွန်ဝမ်းသာသွားသည်။ ထိုအချိန်က ဗိုလ်မြ တပ်ရင်းသည် တပ်မဟာ(၇) လက်အောက်တွင်ရှိသည်။ တပ်မဟာမှူးမှာ ဗိုလ်မှူးချုပ် “အဲလ်မိုး” ဖြစ်သည်။ အခမ်း အနား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တွင် အသုံးပြုခဲ့သော အသံခွဲစက်များ၊ ဒရမ်၊ အတီးအမှုတ် တူရိယာများအပြင်၊ ဓါတ်ပြားများကို စောသိန်းလွင်တို့ ကျောင်းတွင် ဆက်လက်အသုံးပြုကြရန်နှင့် အက ကိုလည်း ဆက်လက်သင်ကြား နိုင်ရန် ကျောင်းသားအဖွဲ့ကို ပေးလိုက် သည်။

နွေရာသီ စစ်သင်တန်းကျောင်း

နွေရာသီ ကျောင်းပိတ်ချိန် ဖြစ်သောကြောင့် စောသိန်းလွင် တယောက် စစ် သင်တန်း တက်ရမည်ဖြစ်သည်။ သင်တန်းကို တာဝန်ယူ အုပ်ချုပ်သူမှာ ဗိုလ်ချုပ်အုန်းဖေ ကိုယ်တိုင်ပင် ဖြစ်သည်။ သူသည် အရှေ့တိုင်း စစ်ဦးစီးချုပ် လည်းဖြစ်သည်။ သင်တန်းတွင် ဗိုလ်ချုပ်အုန်း ဖေက သဘောတရားလောက်သာ လာရောက် သင်ကြားပေးသည်။ လက်တွေ့ သင်တန်းပေး သူမှာ ဟန်တာသာမွေး၏ ညီဖြစ်သော ဗိုလ်ကြီးဘဆက်ခေါ်"ဗိုလ်ကြီးဘဆူး" က တာဝန်ယူ ရသည်။ သင်တန်းဆရာများမှာ ဗိုလ်ကြီးတာနဲမူး၊ AG ကျော်ငြိမ်းတို့ ဖြစ်သည်။ သင်တန်းသားများမှာ တပ်မဟာများမှ အရာခံဗိုလ် အဆင့်အထိ တက်ရောက် သင်ကြားရ သည်။ သင်တန်းတက်နေစဉ်တွင် အောင်မော်အေး စစ်ဆင်ရေး ကြောင့် သင်တန်းကို ပိတ် လိုက်ရပြီး၊ လူစုခွဲလိုက်ကြသည်။ သိန်းလွင်သည်လည်း စစ်ဦးစီးဌာနချုပ် တည်ရှိသော စေး ဘောပဲသို့ ပြန်လာခဲ့သည်။ ဌာနချုပ်သို့ ပြန်လည် ရောက်ရှိပြီး မကြာမီမှာပင် `နယ်ခီး´ နှင့် `ဝါး ခ´ တို့ဘက်မှ သေနတ်သံများ ကြားရသည်။ ထို အချိန်တွင် ဌာနချုပ်မှ `သာထွန်း´သည် မြစ်ဝကျွန်းပေါ်သို့ ဆင်းသွားရာတွင်၊ `မယ်ဝါးလော´သို့ ရောက်ရှိချိန်၊ တိုင်းရုံးကို ရန်သူဝင် ရောက် ပစ်ခတ်သဖြင့် သူက သတင်းပြန်ပို့ပေးသည်။ အရှေ့တိုင်းရုံးတွင် နေထိုင်ကြသော တိုင်းဥက္ကဋ္ဌ ပဒိုမန်းသိန်း နှင့် အတွင်းရေးမှူးဖြစ်သူ ပဒိုထီးမူးတို့ကို ရန်သူမှ လာရောက် ပစ်ခတ်ခြင်း ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အောင်မော်အေး ထိုးစစ်ကာလ အရှေ့တိုင်း အခြေအနေ

၁၉၆၁ ခုနှစ်၊ အောင်မော်အေးထိုးစစ်ကာလတွင် ကော်သူးလေ စစ်ဦးစီး ဌာန ချုပ်သည် အရှေ့တိုင်း၌ရှိပြီး စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်မင်းမောင်ဖြစ်ကာ၊ ဒု - စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်ကော်ထူး (ခေါ်) စောကျော်မြသန်းဖြစ်သည်။

ကော်သူးလေ စစ်ဦးစီးဌာနချုပ်အောက်တွင် အရှေ့တိုင်းစစ်ဦးစီးချုပ် တိုင်းမှူးမှာ ဗိုလ်ချုပ်အုန်းဖေ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်တိုင်း စစ်ဦးစီးချုပ် တိုင်းမှူးမှာ ဗိုလ်ချုပ်စိန်မှုန် ဖြစ်သည်။ ဤသည်မှာ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်မှ ချမှတ်ခဲ့သော ဖွဲ့စည်းပုံ အရ ဖြစ်သည်။ ၁၉၄၉ ကော်သူးလေ စစ်အုပ်ချုပ်ရေးကာလ အရှေ့တိုင်းတွင် တပ်မဟာ (၈)ခုရှိ ပြီး၊ ဧရာဝတီတိုင်းတွင်လည်း တပ်မဟာ (၈)ခု ရှိသည်။ ၁၉၅၄ ခုနှစ်တွင် တပ်မတော်(၃)ရပ် ကို တည်ဆောက်နိုင်ခဲ့ပြီး၊ ၁၉၅၆ ခုနှစ်တွင် ဒုတိယ လမ်းစဉ်ကို ချမှတ်နိုင်ခဲ့သဖြင့် ကရင့် တော်လှန်ရေး၏ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး အခြေအနေသည် အကောင်းဆုံး အချိန် ဖြစ်သည်။ ထို့ကြောင့် ၁၉၅၆ ခုနှစ်တွင်၊ ဖဆပလ ၏ အရှေ့တိုင်း “မင်းရန်အောင်” ထိုးစစ် ကိုဌင်း၊ ၁၉၅၈ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်း၌ “တာကပေါ” စစ်ဆင်ရေးတို့ကို ခုခံ တိုက်ခိုက်နိုင်ခဲ့ပြီး မိမိတို့၏ ဒေသ နယ်မြေများကို ထိန်းသိမ်းနိုင် ခဲ့သည်။

၁၉၅၉ ခုနှစ်၊ K.N.U.P. ၏ ပထမအကြိမ်မြောက် ကွန်ဂရက်တွင် နိုင်ငံရေး ဦးဆောင် အဖွဲ့နှင့် ပါတီဗဟိုကော်မတီဝင် အသစ်များကို ထပ်မံ ရွေးချယ်ခဲ့သည်။ ထိုညီလာခံ၌ K.N.U.P. ၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးနှင့် မြေယာ လမ်းစဉ်တို့ကို ဆွေးနွေး သုံးသပ်ခဲ့ ကြပြီးနောက် အကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ် ချက်များကို လည်း ချမှတ်ခဲ့သည်။ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် (၆)ဦး၊ ဗဟိုကော်မတီ (၉)ဦး၊ အရံ ဗဟိုကော်မတီ (၁၀)ဦးတို့ကို ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

ထိုနှစ် ၁၉၅၉ ခုနှစ် မေလ(၉)ရက်နေ့တွင် “အမျိုးသားဒီမိုကရေစီ ညီညွတ်ရေး တပ် ပေါင်းစု”ကို ဖွဲ့စည်းနိုင်ခဲ့ရာ အဖွဲ့ဝင်များအဖြစ်၊ ဗကပ၊ K.N.U.P.၊ မွန် ပြည်သစ်ပါတီ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၊ ချင်းဦးစီးအဖွဲ့တို့ ပါဝင်ခဲ့သည်။ မဒညတ တပ်ပေါင်းစုကြီးကို ဖွဲ့စည်းနိုင်ခဲ့သောကြောင့် ရန်သူသည် K.N.U.P. အား အမျိုးမျိုးရှုတ်ချပြီး (ဗကပ) နောက်လိုက်ဟု စွပ်စွဲခဲ့သည်။ ကေအဲန်ယူပီ ခေါင်းဆောင်များကလည်း အရှေ့တိုင်းဒေသတွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယလမ်းစဉ်ကို တပ်ရင်း တပ်ဖွဲ့များအပြင် လူထု လူတန်းစား အသီးသီးအတွင်းအထိ ထိုးဖောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်များခွဲဝေပြီး ကွင်းဆင်းစည်းရုံးခဲ့ကြသည်။ ထို့အတူ အရှေ့တိုင်းတွင်လည်း ခရိုင် တပ်မဟာ အသီးသီးသို့ စည်းရုံးရေး ကေဒါများ စေလွှတ်ခဲ့သည်။ ရန်သူသည် ဒုတိယ လမ်းစဉ်နှင့် တပ်ပေါင်းစုကြီးကို အခြေမချနိုင်ရန်အတွက်၊ ၁၉၆၀-၆၁ ခုနှစ်အတွင်းတွင် "ရွှေတောင်ကြီး" ထိုးစစ်နှင့် "အောင်မော်အေး"ထိုးစစ်တို့ကို ပြုလုပ်ခဲ့သည်။

၁၉၆၁ ခုနှစ်၊ "အောင်မော်အေး"ထိုးစစ်ကာလအတွင်း အမြင့်ဆုံး ခေါင်းဆောင် နှစ်ဦးမှာ ဟန်တာသာမွေးနှင့် မန်းဘဇန်တို့ပင် ဖြစ်သည်။ ကော်သူးလေ အုပ်ချုပ်ရေးတွင် ဟန်တာသာမွေးက သမ္မတအဖြစ် တာဝန်ခံပြီး ပါတီ ဥက္ကဋ္ဌအဖြစ် မန်းဘဇန်က တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ အရှေ့တိုင်း အုပ်ချုပ်ရေးတွင်မူ ပဒို မန်းသိန်းက တိုင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ တိုင်းဌာနချုပ်အား "မယ်ဃာလော်"တွင် ထားရှိသည်။ တိုင်းရုံးတွင် ပဒိုထီးမူး နှင့် ရုံးအဖွဲ့သားများ ရှိကြသည်။ ကော်သူးလေ ဥက္ကဋ္ဌဖြစ်သူ ဟန်တာ သာမွေးသည် "ပိုထာ"တွင် ရုံးထိုင်ပြီး၊ သူ၏ဇနီးကိုမူ "ယောမူခီး"တွင် ထားသည်။ K.N.U.P. ဥက္ကဋ္ဌဖြစ်သူ မန်းဘဇန်သည် ပါတီဌာနချုပ်ကို "မယ်ဝိုင်"အနီး "ယောဝါး"တွင် ထားရှိသည်။ ပါတီဌာနချုပ်တွင် ပါတီ၏ ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင်၊ ဗိုလ်မှူးစံလင်း၊ စောမျိုးသွေး၊ မန်းလားဖန်း၊ ဗိုလ်မှူးဘော်လ်ဒင် တို့သည် ဥက္ကဋ္ဌကြီး မန်းဘဇန်၏ စခန်းတွင် အတူ ရှိနေကြသည်။ PHQ (ခေါ်) Political Head Quarters "နိုင်ငံရေးဆိုင်ရာ ဌာနချုပ်"အဖြစ် ဟန်တာသာမွေးက အမည်ပေးထား သည်။

စစ်ဦးစီးချုပ်၏ ဗဟိုဌာနချုပ်ရုံး "General Head Quarters" GHQ မှာ "ယောဝါး"နှင့် မနီးမဝေး "နယ်ခီး"တွင် ရှိသည်။ စစ်ဦးစီး ဌာနချုပ်ရုံးတွင် ဗိုလ်ချုပ်ကော်ထူး၊ ဖူးတာအယ် (ဗဟိုကော်မတီဝင်)၊ ဗိုလ်ကြီးမြစိန် စစ်ဦးစီးချုပ်ရုံး (GHQ ရုံးထိုင်မှူး)တို့အပြင် စောနေထွန်း (ရုံးအုပ်)၊ ဗိုလ်တင်ရွှေ၊ စောသာထွန်း၊ ဗိုလ်သိန်းလွင်၊ စောသာဂိ နှင့် ရုံးအဖွဲ့သားများရှိကြသည်။ ဗဟိုကော်မတီဝင် မန်းရှန်ဖလေ့ (ခေါ်) ဆရာသာမြိုင် မှာ "မယ်သူခီး" တောင်တွင် စခန်းချထားလေသည်။

စစ်ဦးစီး ဌာနချုပ်စခန်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ချုပ်ကော်ထူးနှင့် စစ်ဦးစီးအဖွဲ့တို့သည် အရှေ့တိုင်းသို့ ရောက်လာသော အချိန်မှ စပြီး၊ စခန်း(၂)ခု ပြောင်းရွှေ့ခဲ့ရပြီး ဖြစ်သည်။ ပထမ စခန်းမှာ “ဃဲပါကရူ”ရှိ “စေးဘောဲ” ရွာဖြစ်ပြီး မူတြော်ခရိုင် တပ်မဟာ(၅) နယ်မြေ၊ မဲဝိုင်ချောင်း အထက်နား ကျကျတွင် ရုံးစိုက်သည်။ မဲဝိုင်ချောင်းသည် “ဃဲပါတောင်” မှ မြစ်ဖျားခံလာသော ချောင်း (၁)ချောင်း ဖြစ်သည်။ ဃဲပါကရူ ရှိ စေးဘောဲတွင် (၂)နှစ်ခန့်ကြာပြီးနောက် “နယ်ခီး”သို့ ပြောင်းပြန်သည်။ “နယ်ခီး”ရွာသည် ပိုထာချောင်းနံဘေးတွင်ရှိသည်။ “ပိုထာ”မှာမူ ရွာမဟုတ်၊ “ ပိုချောင်း”နဘေးတွင် ရှိသော စခန်းတခုပင် ဖြစ်သည်။ နယ်ခီးရွာ အနီးအနား ပိုချောင်းမှ ရွာများမှာ “ခီးမူဒဲ” “ရာခဒဲ” ရွာတို့ ဖြစ်ကြသည်။ ပိုတာနှင့် မနီးမဝေးတွင် “နို့လေအိုင်”ရွာ တရွာလည်း ရှိသေးသည်။ ၁၉၆၁ ခုနှစ် နေဝင်း အိမ်စောင့်အစိုးရနှင့် တွေ့ဆုံ ဆွေး နွေးရန်အတွက် လာရောက် စေ့စပ် ဆွေးနွေးသော နေရာလည်း ဖြစ်သည်။

နယ်ခီးဌာနချုပ်စခန်းတွင် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၊ တပ်ခွဲမှူးများဖြစ် ကြသော ဗိုလ်နံပြောင်တို့ ရှိကြသည်။ ဗိုလ်ဒါဝိတ်၊ ဗိုလ်ထွန်းလူ၊ ဗိုလ်အောင်ကိုး တို့သည် အောင်မော်အေး ထိုးစစ်ကာလတွင် ကရင်နီဘက်သို့ ရောက်ရှိနေကြပြီး တပ်ပေါင်းစု လုပ်ငန်းများကို လုပ်ဆောင်နေကြသည်။ ၁၉၆၃ ခုနှစ် ကဆောဝါး ကွန်ဂရက်ပြီးကာနီးတွင် ပြန်လာသည်။ ဗိုလ်ဒါဝိတ်၊ ဗိုလ်အောင်ကိုး တို့ နှစ်ဦးစလုံးသည် ကရင်နီတွင် တာဝန် ထမ်းဆောင်ရင်း ထိုဒေသ၌ပင် ကျဆုံးခဲ့ကြသည်။ ဌာနချုပ်တွင် ဗိုလ်တင်ဦးအပြင် ရုံးအုပ်နေထွန်း၊ သာထွန်းနှင့် လုံခြုံရေး တပ်ခွဲ တခွဲခန့် ရှိသည်။ ထိုစခန်း၌ပင် ဗိုလ်ချုပ်ကော်ထူးက၊ ဒုတိယ အိမ်ထောင်ဖြစ်သော နော်ရိုးလေနှင့် အိမ်ထောင်ပြုသည်။ နော်ရိုးလေသည် သာထွန်း ၏ အစ်မ ဖြစ်သည်။ သာထွန်းက သူ့အစ်မဖြစ်သူ နော်ရိုးကို မြစ်ဝကျွန်းပေါ်မှ ပြန်လည် ခေါ်ယူပြီး၊ ဗိုလ်ချုပ်ကော်ထူးနှင့် မင်္ဂလာဆောင်ပေးခြင်း ဖြစ်သည်။ မင်္ဂလာဆောင်ပြီး ကိုယ်ဝန် (၃)လ ရှိချိန်တွင် အောင်မော်အေး ထိုးစစ်က စတင်ခဲ့သည်။ အောင်မော်အေး ထိုးစစ်ကာလတွင် စောသိန်းလွင်မှာ ဗိုလ်သင်တန်း တက်ရောက်နေချိန် ဖြစ်သည်။ ထိုးစစ် သတင်းကြောင့် ဗိုလ်သင်တန်းကို အလျင်အမြန်ပင် ရပ်ဆိုင်းလိုက်ကြပြီး၊ သင်တန်းသားအားလုံး မိခင်ဌာန အသီးသီးသို့ အလျင်အမြန် ပြန်ထွက်ကြရသည်။ ထို့ကြောင့် ဗိုလ်သိန်းလွင်လည်း စစ်ဦးစီး ဌာနချုပ်ရှိရာ နယ်ခီးသို့ အမြန်ပြန်လာခဲ့ရလေသည်။

နယ်ခီးသို့ ပြန်ရောက်သောအခါ ပစ္စည်းများထုတ်ပိုးပြီးချိန်၊ ဗိုလ်တင်ဦး၊ ဗိုလ်ကြီး မြစိန်နှင့် ရုံးရှိ အိမ်ထောင်သည် အမျိုးသမီးတပ်ဖွဲ့ဝင်များက ဦးစွာ ထွက်ကြရသည်။ ရန်သူသည် အရှေ့တိုင်းရုံးရှိ မယ်ယာလော်ကိုအရင်ဆုံး ဝင်ရောက် ပစ်ခတ်သည်။ “နယ်ခီး” စစ်ဦးစီးရုံးနှင့် တိုင်းရုံးတို့သည် တောင်၏ ဟိုဘက် ဒီဘက် ဖြစ်သည်။ အကွာအဝေးအားဖြင့် (၃)နာရီ ခရီးခန့်ရှိသည်။ ရန်သူသည် “ရွှေကျင်”မှ စစ်ကြောင်း တကြောင်း၊ ဝေါသဒေးနှင့် ဥပဒ်ချောင်း လမ်းအတိုင်း စစ်ကြောင်း တကြောင်း ထိုးလာ သည်။ ထိုစစ်ကြောင်းသည် တိုင်းရုံးကို ဝင်တိုက်ပြီး၊ နယ်ခီး စစ်ဦးစီးချုပ်ရုံးသို့ ဆက်၍ ချီတက်သည်။ ရန်သူ နယ်ခီးသို့ မရောက်မီ၊ စစ်ကြောင်း နှစ်ကြောင်း ဖြန့်ခွဲလိုက်သည်။ စစ်ကြောင်း တကြောင်းက ဟန်တာသာမွေးတို့ စခန်းချနေသော ပိုထာ သို့ဝင်း၊ ကျန် တကြောင်းမှာ နယ်ခီးတွင် ရှိနေသော ဗိုလ်ချုပ်ကော်ထူး၏ စစ်ဦးစီးချုပ်ရုံး စခန်းကို ဝင်ရောက် တိုက်ခိုက်သည်။ ဒုတိယ စစ်ကြောင်း တကြောင်းမှာ သထုံ၊ ဘီးလင်း ကားလမ်း အတိုင်း တက်လာပြီး၊ နတ်ကြီး လှကွင်းဖြူ ကျောက်တောင် စသောရွာတို့သို့ ရောက်ပြီး နောက်၊ မယ်ဝိုင်ဘက်ကို ထိုးသည်။ ထို ဒုတိယ စစ်ကြောင်းသည် ဌာနချုပ်မှ ရိက္ခာမှူး ဗိုလ်နံပြောင်ကို ယောဝါးတွင် ဖမ်းမိသည်။ ယောဝါးနှင့် မယ်ဝိုင် သည်၊ (၁၅)မိနစ်ခန့် ခရီးသာ ကွာဝေးသည်။ စစ်ကြောင်း တခုက မယ်ဘားလော်တွင်ရှိသော တိုင်းရုံးကို ဝင်ရောက်တိုက်ခိုက်ချိန်၊ တိုင်းရုံးအဖွဲ့မှ အတွင်းရေးမှူး ပဒိုထီးမူး၊ ဦးသာဒင်ကြီး၊ ဖားထီးဟိုဒို (ကယားလူမျိုး) နှင့် အိမ်ထောင်စု၊ ပဒိုဦးရှမ်းကြီး၏ အိမ်ထောင်စုနှင့် အခြားအိမ်ထောင်စုများရှိရာ ဦးရှမ်းကြီး၏ မိသားစုနှင့် ဖားထီးဟိုဒိုတို့ မိသားစုကို ဖမ်းမိပြီး ပစ်သတ်လိုက်သည်။ ဖားထီးဟိုဒိုမှာ ပြေး၍ လွတ်သော်လည်း ဦးရှမ်းမောင်နှင့် ဇနီး၊ မိသားစုအားလုံး အသတ်ခံရသည်။ ထိုအချိန်တွင် တိုင်းဥက္ကဋ္ဌ မန်းသိန်းမှာ တိုင်းရုံး တွင်မရှိ။ “ဝါးခါ” နှင့် “ထိုခိုခီး” အကြားတွင် ရှိသော ဘီးလင်းချောင်၌ အိမ်ဆောက်၍ နေထိုင်နေသည်။ တိုင်းရုံးကို ဝင်ပြီး၊ နယ်ခီးရှိ စစ်ဌာနချုပ်ရုံးကို ဝင်ရောက်တိုက်သောအခါ သေနတ်သံများလည်း ဆူညံနေစဉ် မန်းသိန်းလည်း အရှေ့ဘက် “စွာထာဘက်” သို့ ရှောင်သွားသဖြင့် လွတ်သွားသည်။

ရန်သူ၏ အခြားစစ်ကြောင်းတကြောင်းသည် သထုံ ဘီးလင်းမှ တဆင့် မယ်ဝိုင်ဘက်သို့ တက်လာသည်။ ယောဝါး တွင် ဗိုလ်နံပြောင်ကို ဖမ်းမိသွားသည်။ ဗိုလ်နံပြောင်ကို ဖမ်းမိသော ရန်သူတပ်ဖွဲ့သည် ပိုထာသို့ လမ်းခွဲထွက်ခွာလာသော ရန်သူ စစ်ကြောင်း (၂)ခုတို့ ပြန်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပေါင်းပြီး၊ “ပါဟိုက် ဘက်သို့” အလျင်အမြန်ပင် ဆက်လက် ချီတက်ရာ ပါဟိုက်တွင် ဗိုလ်နံ ပြောင်၏ ရဲဘော်တဦးကို ထပ်မံ ဖမ်းဆီးရမိသွားသည်။ ထိုရဲဘော်၏ လမ်းပြ ပေးမှုကြောင့် ဗိုလ်ချုပ်မင်းမောင် စခန်းသို့ ဝင်ရောက်တိုက်ခိုက်ရာ ဗိုလ်ချုပ်မင်းမောင် ကျဆုံးခဲ့ရသည်။ “ပါဟိုက်” နှင့် “ထိုသေဒဲ”တို့သည် ဘူးသိုမြို့နယ်တွင် ပါဝင်သည်။ ဗိုလ်ချုပ်မင်းမောင် အလောင်းကို ရန်သူက “ပါဟိုက်”သို့ သယ်ဆောင်သွား ကြသည်။ ထို့နောက် ရဟတ်ယာဉ်ကို ခေါ်ယူပြီး နောက်တနေ့တွင် သယ်ဆောင်သွား ကြသော်လည်း မည်သည့် နေ ရာသို့ သယ်ဆောင် သွားကြသည်ကိုမူ မသိကြရ။

ဗိုလ်သိန်းလွင်နှင့် “အောင်မော်အေး” ထိုးစစ်

ရန်သူ့သတင်းကြောင့် စောသိန်းလွင်သည် GHQ ရုံးရှိရာ “နယ်ခီး”သို့ အလျင် အမြန် ပင် ပြန်လာခဲ့သည်။ ပြန်ရောက်လျင်ရောက်ချင်း ထမင်းအလွန် ဆာနေ၍ ထမင်းရုံသို့ ဝင် ကြည့်သောအခါ ငါးပိနှင့် ထမင်းသာရှိသဖြင့် ဗိုလ်ချုပ်ကော်ထူး၏ စားဖိုဆောင်သို့သွားပြီး ဟင်းရှိလိုရှိငြား သွားကြည့်ရာ ဗိုလ်ချုပ်၏ ဇနီး နော်ရိုးလေက ဝက်သားဟင်းတခွက် လာချ ပေးသည်။ ထမင်းစားနေစဉ် နော်ရိုးလေ၏မောင် စောသာထွန်း က ကပျာကယာ ပြေးဝင်လာ သည်။

“မင်းတို့ ရန်သူ့သတင်း မရဘူးလား” ဟု သတင်းပေးရင်း “မယ်ဃာလော်” တွင်ရှိသော ပဒိုမန်းသိန်း၏ အရှေ့တိုင်းရုံးအား ရန်သူဝင်ပစ်ကြောင်း ပြောဆိုကာ ဗိုလ်ချုပ်ကော်ထူးထံသို့ သတင်းပို့ရန် အလျင်အမြန်ပင် ထွက်သွားတော့သည်။ စောသာထွန်းသည် ပဒိုမန်းသိန်း၊ ပဒို ထီးမူးတို့ရုံးမှ ပြန်ပြေးလာခြင်းဖြစ်သည်။ ဌာနချုပ် ရှိရာ “နယ်ခီး”နှင့် တိုင်းရုံးရှိရာ “မယ်ဃာ လော်”တို့မှာ နယ်ခီး တောင်တလုံးသာ ခြား သော်လည်း ဘာသံမျှ မကြားရပေ။ စောသိန်းလွင် သည် ထမင်းပန်းကန်ကို ဆေးကြောပြီး ဗိုလ်ချုပ်ကော်ထူးထံသို့ အမြန် လိုက်သွားလေသည်။

ဗိုလ်ချုပ်ကော်ထူးက “မင်းကျန်ခဲ့ပြီး ရုံးပစ္စည်းတွေအားလုံးကို လုံခြုံတဲ့ နေရာ ရွှေ့ ထားလိုက်”ဟု ညွှန်ကြားချက် ပေးသည်။ ထို့နောက် သူဇနီးနှင့် အမျိုးသမီးအဖွဲ့၊ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၊ ဖူးတာအယ်နှင့် သူ၏ ရဲဘော်များကို စုစည်းပြီး “နယ်ခီး”ရုံးမှ ထွက်ခွာရန် ပြင်ဆင်ကာ စောသိန်းလွင်အား “မယ်ကော်လော်”ဘက်သို့ လိုက်ခဲ့ရန် ညွှန်ကြားသွားခဲ့သည်။ “မယ်ကော်လော်”သည်၊ “မယ်ဆာခီး”ဘက် ၌ရှိသည်။ မယ်ဆာခီး တွင် ဗိုလ်ကြီးဂလက်စတုံး၊

ဗိုလ်ကြီးအယ်ရယ်၊ ဗိုလ်ပြူး တို့၏ “သံလွင်”တပ်ရင်းစခန်း ရှိသည်။ ဗိုလ်ချုပ်ကော်ထူးက အခြေအနေကြည့်ပြီး “မယ်ဆာခီး”ဘက်သို့ တဖြည်းဖြည်း ဆုတ်သွားမည်။ ထို့ကြောင့် စောသိန်းလွင်အား လက်နက်ချလာသူများနှင့် ဖမ်းဆီးလာ ခဲ့သော ရခိုင်နှစ်ဦးကို အပ်ထားခဲ့ရာ ရုံးတပ်ဖွဲ့ဝင် စုစုပေါင်း တပ်စိတ် တစိတ်ကျော်ကျော် ရှိလာခဲ့သည်။ စောသိန်းလွင် ရုံး ပစ္စည်းများကို စုပြီး သတ်မှတ်ထားသော နေရာသို့ ရွှေ့ပြောင်း ကြသည်။ ဌာနချုပ်ရုံး ပစ္စည်းများမှာ မနည်းလှ။ ကင်းစောင့်ရန် တဦးသာ ထားနိုင်မည်ဖြစ်ပြီး ကျန်သူများ ရုံးပစ္စည်းများကို သယ်ကြရမည်။ စောသိန်းလွင်က “ပစ္စည်းက များတယ်၊ တို့လူ မလောက်ဘူး၊ ကင်းစောင့်ဘို့ ဘယ်သူ သွားမလဲ။” ဆက်လက်၍ “ရန်သူလာရင် ကင်းသမားက (၁၅)မိနစ်လောက် ခံပစ်ရမယ်။ ကင်းရုပ်လို့ မဖြစ်ဘူး။ မပစ်နိုင်တဲ့သူ မသွားနဲ့။” ထိုအခါ “သာဂိ” က ပစ္စည်းမသယ်ချင်၍ သူသွားမယ်ဟု ပြောဆိုကာ ထွက်သွားလေသည်။ စောသိန်းလွင်လည်း ကျန်သူများနှင့် ပစ္စည်းများကို သယ်ပိုး ပြောင်းရွှေ့လေသည်။ သူ့တွင် တရားခံနှစ်ယောက်နှင့် လက်နက်ချ လာသူ သုံးဦး ပါဝင်သည်။ ဖမ်းမိသူတရားခံ နှစ်ယောက်မှာ ရခိုင်လူမျိုးများဖြစ်ပြီး၊ တပ်မဟာ(၅) သထုံမြို့နယ်တွင် ဗမာမော့စ်ကို သင်တန်းလာပေးရင်း တပ်မဟာ(၅) တပ်ဖွဲ့မှ ဖမ်းမိလာသူများ ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူး တောင်းဆိုမှုကြောင့် တပ်မဟာ(၅)မှ စစ် ဦးစီးဌာနချုပ်သို့ ပို့ပေးလိုက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးသည် ဗမာနှင့် ကရင် ဗျည်းမှာ တူသဖြင့် နောက်ပိုင်း ကရင်မော့စ်ကို တီထွင်နိုင်ရန် ရည်ရွယ်ထားသည်။ ရခိုင်နှစ်ယောက်သည် ဌာနချုပ်သို့ ရောက်လာသည်မှာ မကြာသေး။ သင်တန်းပင် မဖွင့်ရသေးပေ။ စောသိန်းလွင်နှင့် ရုံးအဖွဲ့သားများက ပစ္စည်းများကို သယ်ယူရာတွင် အရေးကြီးပစ္စည်းများ ကုန်ခါနီး နောက်ဆုံး တခေါက် သယ်ရန်သာ လိုတော့သည့် အချိန်တွင် တောင်ထိပ်မှ သေနတ်သံ မြည်လာသည်။ နောက်ဆုံးခေါက်ဖြစ်၍ အိုးခွက်များ သာ ကျန်တော့သည်။ ထို အိုးခွက် ပစ္စည်းများကို တောင်ခြေရှိ တောင်ဂလိုင် တနေ ရာရာတွင် ဝှက်ခဲ့ပြီး၊ “နယ်ခီး”ရုံးခွဲပင် သာဂိ ကို စောင့်သည်။ သာဂိ ရောက်လျှင် ရောက်ချင်း စခန်းမှ အမြန်ပင် ဆုတ်ကြပြီး ဗိုလ်ချုပ်ကော်ထူး ပြောသော နေရာသို့ လိုက်သွားကြသည်။

ဗိုလ်သိန်းလွင်နှင့် သံ့ပန်းပေါ်လစီ

ဆုတ်ခွာလာသော စောသိန်းလွင်တို့ ရုံးအဖွဲ့သည် “ထိုကော်လော” လယ်ကွင်း တောင်ကြောပေါ်သို့ ရောက်လာချိန် စောသိန်းလွင် စဉ်းစားမိသည်မှာ ဗိုလ်ချုပ်ကော်ထူး တို့ အဖွဲ့သည် အနီးအနားတွင်ပင် ရှိမည်ဖြစ်၍ မိမိတို့အဖွဲ့ တောင်ကြောပေါ်တွင် နေရာချပြီး ဗိုလ်ချုပ်ကော်ထူးထံ သတင်းသွားပို့မည်။ သတင်းပို့ရန် ကင်းသမားအဖြစ် သာဆန်းနှင့် အဖော်တယောက် ထည့်လိုက်သည်။ ဗိုလ်ပြူးတို့ ရှိသော “မယ်ဆာခီး”ဘက်တွင် သတင်း ထူးပါက အကြောင်းပြန်ကြားရန်ကိုလည်း မှာလိုက်သည်။ စောသိန်းလွင် အဖွဲ့အတွင်းမှ အနီးအနား ကင်းတိုချထားပြီး သတင်းရယူရာ လယ်တဲတွင် ရန်သူ အတော်များများ ရောက် နေကြောင်း သတင်းရသည်။ မိုးကလည်းချုပ်တော့မည် ဖြစ်သော်လည်း စော သာဆန်း တ ယောက် ပြန်မရောက်သေး၊ ရန်သူကလည်း ကွင်းတွင် စခန်းချထားသည်။ စောသိန်းလွင် လည်း ဝေခွဲမရဖြစ်ပြီး တပ်ကို တောင်ကြောပေါ်တွင် နေရာချထားကာ ဗိုလ်ချုပ်တို့ရှိမည့် နေရာသို့ သူတဦးတည်း လိုက်သွားလေသည်။

မိုးကလည်းချုပ်လာပြီ ဖြစ်သဖြင့် ဗိုလ်ချုပ်တို့ သတိထား ကင်းချကာ နေရာယူပြီး ခါးဆန့်နေကြ လိမ့်မည်ဟု စောသိန်းလွင် ထင်မှတ်ခဲ့သော်လည်း စောသိန်းလွင် ထင် သကဲ့သို့ မဟုတ်။ ဗိုလ်ချုပ်ကော်ထူးနှင့် အဖွဲ့သားအားလုံး စခန်းချမည်ဟု ထင်ထားခဲ့သော နေရာတွင် မတွေ့ရ။ အကုန်လုံး အလျင်အမြန်ပင် ပရမ်းပတာနှင့် ရွှေ့သွားကြပုံရသည်။ ထွက်ခွာသွား သော စွပ်ကြောင်းနှင့် ကလေးအန္ဒီးများကို တွေ့ရသဖြင့် စိတ်မကောင်း ဖြစ်ရသည်။ ထိုစဉ် သာဆန်းနှင့်အတူ ဗိုလ်ပြူးတို့အဖွဲ့မှ ရဲဘော် လေး ငါး ယောက် ပါလာသည်။ သာဆန်းနှင့်အဖွဲ့ သည် “ထိုကော်လော်”လယ်ကွင်းတွင် ရန်သူ ရောက်နေ ကြောင်းမသိ၍ အသံ ဆူဆူ ညံညံနှင့် ပင် ပြန်လာကြသည်ကို ရန်သူလာသည်ဟု ထင်မှတ်ကာ ဗိုလ်ချုပ်နှင့် အိမ်ထောင်စုများသည် စခန်းချမည့်နေရာမှ အလျင်အမြန်ပင် ဆုတ်ခွာသွားခြင်း ဖြစ်မည်ဟု စောသိန်းလွင် ခန့်မှန်း မိသည်။ စောသိန်းလွင်က သာဆန်းကို အပြစ်တင်လေသည်။ “သာဆန်း ... မင်းလည်း တိုးတိုး တိတ်တိတ် လုပ်ပေါ့။” သာဆန်းက “ငါလည်း ... ရန်သူရောက်ကြောင်း မသိဘူး။” ဟု ပြန်ပြောလေသည်။ ထိုအချိန် မိုးကလည်း ချုပ်ပြီဖြစ်သဖြင့် ဘာမှ မတွေ့ရ တော့ပေ။

နောက်ကြောင်းပြန်လှည့်ရန် လမ်းကို မမြင်တော့သဖြင့် စောသိန်းလွင် အိပ်ရန် စီစဉ်သည်။ သာဆန်းတို့အဖွဲ့လည်း နေရာရှာပြီး ထိုနေရာ၌ပင် အိပ်ခဲ့ကြသည်။ စောသိန်းလွင် တယောက် အိပ်မရ၊ သန်းခေါင်ကျော် အချိန်ခန့်တွင် သေနတ်သံများ "ထိုလော်ကော" ဘက်မှ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ဗိုလ်ချုပ်တို့ အဖွဲ့များ အပစ် ခံရပြီလားဟု စိတ်ပူနေမိသည်။ အမှန်တော့ စံသိန်းသည်လည်း ရန်သူ ရောက်ကြောင်း မသိသည်မှာ အမှန်ဖြစ်သည်။ စဉ်းစားရင်း မှေးကနဲ အိပ် ပျော်သွားရာ မိုးလင်းမှ နိုးလာပြီး သာဆန်းအား "ငါတို့လူတွေ မင်းသွားခေါ်၊ ငါဒီမှာ စောင့်နေမယ်။"

သာဆန်းက "ခင်ဗျား ကျနော့်ကို သွားခေါ်ခိုင်းတာ၊ ဟို ရခိုင် နှစ်ယောက်ကို ကျနော်မယုံဘူး၊ သူတို့က လက်နက်ချသူတွေ မဟုတ်ဘူး၊ သံ့ပန်းတွေ၊ လမ်းမှာ ကျနော် သတ်မိမယ်" ဟု ဒေါနှင့်မောနှင့် ပြောလာသည်။ ထိုအခါ စောသိန်းလွင်က "မင်းသတ်လို့ ဘယ်ဖြစ်မလဲ။ ဒီနှစ်ယောက်က အရေးကြီးတယ်။" ဆက်၍ "ဒီ ရခိုင်နှစ်ယောက်ကို ဗိုလ်ချုပ်က ဦးကို အပ်ထားထာ။" သာဆန်းက "ဗိုလ်ချုပ်ကို ဒီ ရခိုင်နှစ်ယောက် ထွက်ပြေးမယ်လုပ်လို့ ပစ်သတ်လိုက်တယ် ပြောလိုက်ပေါ့"ဟု ဆက်ပြောပြန်သည်။ စောသိန်းလွင်က "သာဆန်း ... မင်း ဒီလို အလွယ် မလုပ်နဲ့၊ ဦးကို အပ်ထားတာ၊ ဦးမှာ တာဝန်ရှိတယ်။ သူမရှိတဲ့အချိန်မှာ ဒီ့ ထိန်းသိမ်းရမယ်။ ဦ့ အခု အင်္ဂလိပ် မော့စ်ကို သုံးရတယ်။ နောက်ဆိုရင် ကရင်မော့စ်ကို သုံးနိုင်ဖို့ ဒီလူတွေကို ခေါလာတယ်ဆိုတာ သိရမယ်"ဟု စောသိန်းလွင်မှ အကျိုး သင့်အကြောင်းသင့် ရှင်းပြသော်လည်း လက်ခံချင်ပုံ မပေါက်ပေ။ ထပ်ခါ ထပ်ခါ ပြောဆိုလာသဖြင့် စောသိန်းလွင် စိတ်မရှည်တော့ဘဲ "ကဲ... မင်းသွားချင်ရင်သွား၊ မင်းမသွားရင် ငါသွားမယ်"ဟု ပြောဆိုပြီး သွားရန် ဟန်ပြင်သော အခါတွင်မှ သာဆန်းလည်း ဘာမှမပြောတော့ဘဲ တခါတည်း ထွက်သွားလိုက်သည်။ မကြာမီ စံသိန်းနှင့်အတူ အဖွဲ့သားများ ရောက်လာကြသည်။ ငသိန်းဆိုသူလည်း ပါလာခဲ့ သည်။ (ဖူးတာအယ် တပည့် ငသိန်းမဟုတ်)။ ပါလာသော ငသိန်းမှာ တပ်စိတ်မှူး တဦးဖြစ်ပြီး သတ္တိရှိပြီး စဉ်းစဉ်းစားစား လုပ်တတ်သူဖြစ်သည်။ လမ်းတွင် သာဆန်းက ငသိန်းကို ဖမ်းမိလာသော ရခိုင်နှစ်ယောက်ကို ယခုလို အခြေအနေ မကောင်းသော အချိန်တွင် ခေါ်သွားပါက အန္တရာယ်များကြောင်း၊ ရန်သူမှာလည်း အနီးအနားတွင်ပင် ရှိနေကြောင်း ထို့ကြောင့် အစဖျောက်ပစ်ရန် စည်းရုံးသည်ကို ငသိန်းက စောသိန်းလွင်အား တင်ပြလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောသိန်းလွင်က “ဒီမှာ ငသိန်း ... မင်းမှာလည်း တာဝန်ရှိတယ်။ ငါ့မှာ လည်းတာဝန်ရှိတယ်။ သူပြောတဲ့အတိုင်း လိုက်မလုပ်နဲ့၊ ဒုက္ခရောက်ကုန်မယ်” ဟု စောသိန်းလွင်မှ ငသိန်းကို ရှင်းပြရာ တပ်ကြပ်ငသိန်းလည်း သဘောပေါက်သည်။ ထို့နောက် ခရီးဆက်ကြသည်။ ညက ပစ်ခတ်သံမှာ ဗိုလ်ချုပ်ကော်ထူးတို့ အဖွဲ့ကို ပစ်ခတ်ခြင်း မဟုတ်ဘဲ ရန်သူက လန့်ဖြန့်ပြီး ပစ်ခတ်ခြင်း ဖြစ်နိုင်သည်။ လူတွေ့၍ ပစ်ခြင်း မျိုး မဟုတ်။

ဗိုလ်ချုပ်ကော်ထူးတို့အဖွဲ့ အိပ်သောနေရာသည် စောသိန်းလွင်တို့ တပ်ဖွဲ့ အိပ်သော နေရာမှ အောက်သို့ နည်းနည်းဆင်းလျှင် ရောက်သည်။ သူတို့ အိပ်ခဲ့သော နေရာသို့ စောသိန်း လွင်တို့ ရောက်လာကြသည်။ လမ်းမကြီးနှင့်နီးသည်။ ဆက်လက်၍ လမ်းမကြီးကို ဖြတ် ကျော်ပြီး မကြာမီ “လယ်ထူးဖိုး”သို့ ရောက်သည်။ “လယ်ထူးဖိုး”တွင် စခန်းမချဘဲ တောင် နံဘေးတွင် နေရာယူပြီး ထမင်းချက်စားကြသည်။ ထိုအချိန် သာဆန်းက စောသိန်းလွင်အား “ကျနော် ခင်ဗျားနောက် မလိုက်တော့ဘူး”ဟု မကျေနပ် သံနှင့် ပြောလိုက်သည်။ “မင်းဘာလို့ ငါ့နောက် မလိုက်ချင်တာလဲ”ဟု စောသိန်းလွင် ပြန်မေးရာ၊ “ဒီ ရခိုင် နှစ်ယောက် ပါလာလို့” ဟု ပြန်ပြောသဖြင့် စောသိန်းလွင်လည်း စိတ်တိုသွားသည်။

သာဆန်းအား “အေး ... မင်း ငါ့ကို ဒီလိုတော့ အကျပ်မကိုင်နဲ့၊ ဒီ နှစ်ယောက်ကို ငါမ ပေးနိုင်ဘူး”ဟု ပြတ်ပြတ်ပြောလိုက်ပြီး “မင်းသွားချင်တဲ့နေရာ သွား”ဟု မကျေမနပ်နှင့် ခွင့် ပြုလိုက်သည်။ သာဆန်းကလည်း မကျေမနပ်နှင့် “ဗိုလ်ပြူးတို့နှင့် သွားပေါင်းပြီး ရန်သူကို တိုက်တာက ပိုအကျိုးရှိမယ်”ဟု ပြောလေသည်။ စောသိန်းလွင်က “အခုဟာက ဗိုလ်ချုပ် ကော်ထူးတို့ ဘယ်ရောက်နေမှန်း မသိရသေးဘူး၊ အကယ်၍ ဗိုလ်ချုပ်တို့ ဗိုလ်ပြူးတို့ဘက် ရောက်နေရင် ငါလည်း သွားမှာပဲ။” အခုဟာက အထက်လား အောက် လား မပြောတတ်ဘူး။ “မင်းကို တာဝန်ပေးတာက ငပြူးတို့နဲ့ တွဲတိုက်ဖို့ မဟုတ်ဘူး။ ဗိုလ်ချုပ်နဲ့ ရုံးအဖွဲ့ကို ကာကွယ် ဘို့ဘဲ တာဝန်ပေးထားတာ။”ဟု စောသိန်းလွင်က ရှင်းပြ သည်။ သာဆန်း က “ဒီလိုဆိုရင် ကျ နော့်နောက် လိုက်ချင်တဲ့သူတွေကို ခေါ်သွားမယ်”ဟု တဆင့် တက်လာပြန်သည်။ စောသိန်း လွင်လည်း “ခေါ်သွား၊ မင်းနောက် လိုက်ချင်တဲ့သူ တွေ ခေါ်သွား”ဟု ခွင့်ပြုလိုက်ရာ သာဆန်း က သူ့နောက်လိုက်ချင်သူများကို စည်းရုံး ကြည့်သည်။ သူ့နောက်သို့ မည်သူကမျှ မလိုက် ချင်၊ သို့သော် ရုံးအုပ် မန်းနေထွန်း၏တူ ထွန်းနေ တယောက်ကိုမူ သူခေါ်၍ ရသည်။ စောသိန်း လွင်က ထွန်းနေအား “မင်း သာဆန်းကိုယုံရင် လိုက်သွားလို့ ရတယ်”ဟု ခွင့်ပြုလိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သာဆန်းက ဘရင်းဂန်းတလက်ကို သူယူသွားမည်ဟု ပြောပြန်ရာ၊ စောသိန်းလွင် က “ဟေ့ သာဆန်း၊ ဒို့မှာ အားကိုးရတာ ဒီဘရင်းဂန်းတလက်ဘဲ ရှိတယ်။ မင်း ယူချင်ရင် မတ်ခဝမ်း တလက်ကို ယူသွား၊ မတ်ခသရီးကတော့ ငါကိုယ်တိုင် ကိုင်တာ၊ တိုက်ပွဲဖြစ်ရင် ငါကိုယ်တိုင် ပစ်ရမယ်”ဟုဆိုကာ သေနတ်နှင့်နှင့် ပတ်သက်ပြီး မပေးဘဲ တင်းခံနေသဖြင့် သာဆန်းက တဆင့် တက်ပြန်သည်။ အကြောင်းမှာ စောသိန်းလွင်မှ ရခိုင်နှစ်ယောက်ကို ဘရင်းဂန်း ထမ်းခိုင်းခြင်းကို အထူး မကျေမနပ် ဖြစ်နေခြင်းကြောင့် ပြဿနာရှာနေခြင်း ဖြစ်သည်။

“ခင်ဗျားကတရားခံကိုတော့ ဘရင်းဂန်းကို ပေးကိုင်တယ်။” စောသိန်းလွင်က “ဘာတရားခံလဲ။ လက်နက်ချတာ မဟုတ်ပေမဲ့၊ သံ့ပန်းပေါ်လစီနဲ့ ကျင့်သုံးရမယ်။” စောသိန်းလွင်မှ တော်လှန်ရေးသမားများ အားလုံးသည် ဖမ်းဆီးရမိသော သံ့ပန်းများအား တော်လှန်ရေးစည်းကမ်းအရ ထိန်းသိမ်း စောင့်ရှောက်ရန်၊ စည်းရုံးသိမ်းသွင်းရန် စသော အဖွဲ့အစည်း၏ အခိုင်အမာ ပေါ်လစီကို ဆက်လက် ရှင်းပြ လေသည်။

နောက်ဆုံးတွင် စောသိန်းလွင်က သာဆန်းအား “ကဲ မင်းသွားရင်လဲ သွားကွာ” ဟု ပြောလိုက်မှပင် သာဆန်းနှင့် ထွန်းနေတို့လည်း ထွက်သွားကြသည်။ စောသိန်းလွင်တို့ အဖွဲ့လည်း ခရီးဆက်ထွက်ရာ ညနေစောင်းတွင် “လယ်ထူးဖိုး” ရွာသားတဦးနှင့် လမ်းတွင် ဆုံခဲ့ရာမှ ထိုရွာသား၏ သတင်းပေးမှုကြောင့် ဗိုလ်ချုပ်ကော်ထူး တို့အဖွဲ့သည် “ဃဲပါ” တောင်ကို ကျော်ဖြတ်ပြီး “ပီကေဒဲ”ရွာသို့ ဦးတည် သွားနေပြီဖြစ်ကြောင်း သိလိုက်ရသည်။ စောသိန်းလွင်သည် ဗိုလ်ပြူးတို့ အဖွဲ့ရှိ သော “မယ်ဆာခီး” ဘက်သို့ဦးတည် သွားနေရာမှ၊ ဗိုလ်ချုပ်တို့ အဖွဲ့ ရှိသော နေရာကို အတိအကျ သိရပြီဖြစ်သဖြင့်၊ ရောက်ရှိနေသော “လယ်ထူးဖိုး” ရွာမှ ရွာသားနှစ်ယောက်ကို လမ်းပြအဖြစ် ခေါ်လိုက်သည်။ တပ်စိတ်မှူး ငသိန်းအား ရှေ့ဆုံးမှ လွှတ်ပြီး “ထိုကော်လော်” ဘက်သို့ အရင်သွားရန် ညွှန်ကြား လိုက်သည်။ ငသိန်း၏ နောက်တွင် လက်နက်ချလာသူ (၃)ယောက်နှင့် ရခိုင်(၂)ယောက် ကို နေရာချသည်။ ရှေ့ဆုံးတွင် လမ်းပြတယောက်ထားပြီး သိန်းလွင်အနားတွင် အခြား လမ်းပြကို ခေါ်ထားသည်။

“ထိုကော်လော်”ရွာသို့ ရောက်ကာနီးတွင် ရှေ့ဆုံးမှသွားသော တပ်စိတ်မှူး ငသိန်းက အချက်ပြရင်း ချောင်းတဘက် သစ်ပင်အနီး၌ လူတယောက် အလျင် အမြန် နေရာယူလိုက်သည်ကို တွေ့လိုက်ကြောင်း သတင်းပြန်ပို့လာသည်။ ငသိန်း နှင့် အခြား လမ်းပြမှာ ချောင်းထဲသို့ ရောက်နေပြီ ဖြစ်သည်။ စောသိန်းလွင်ကမူ ချောင်းထဲသို့ မဆင်းရသေး။ ကမ်းစောင်းတွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရောက်နေသော ရခိုင် (၂)ယောက်မှာမူ ချောင်းဘက်သို့ အသိန်း နှင့်အတူ ဆင်းသွားပြီ ဖြစ်သည်။ ငသိန်းက လူတယောက်ကို တွေ့သဖြင့် ရခိုင် နှစ်ယောက်အား ချောင်းထဲမှ ပြန် တက်ရန် လက်ပြ လိုက်သည်သာမက ပါးစပ်မှလည်း အသံတိုးတိုးဖြင့် "ရန်သူ၊ ရန်သူ"ဟု ပြောလေသည်။ ရခိုင်တယောက်က ချောင်းကမ်းပါးကို တက်လိုက်သည်။ ဘရင်းဂန်း ကိုင် သော ရခိုင်မှာမူ ခြေထောက်ချော်ပြီး ပြန်တက်၍ မရ ဖြစ်နေသည်။ တက်၍မရ သောအခါ ချောင်းကွေ့တနေရာကို ရှာပြီး တက်၍ ရလိုရငြား လမ်းစရှာနေသည်။ ငသိန်းက စောသိန်း လွင်ကို စောင့်နေသည်။ ချောင်းတဘက်ကမ်း၌ ရှိသော ရန်သူကလည်း လူမြင်၍ နေရာယူနေ ကြသည်။ စောသိန်းလွင် ရောက်သွားသော အခါ ငသိန်းအား "မင်းကောင်တွေ အားလုံး ပြန် တက်လာပြီလား"ဟု မေးလိုက်သည်။ ငသိန်းမှ "ဘရင်းဂန်းထမ်းတဲ့ ရခိုင်တယောက်တော့ ပျောက်နေတယ်။ ရန်သူ့ဆီ သွားပြီ ထင်တယ်"ဟု ငသိန်းမှ ထင်မြင်ချက် ပေးလေသည်။ တ ဆက်တည်းတွင် "သာဆန်းကို ပေးလိုက်ရင် ပြီးရော"ဟု စောသိန်းလွင်ကို အပြစ်တင်လေ သည်။ ထိုအခါ စောသိန်းလွင် က "မင်းလည်း သာဆန်းလို ဖြစ်နေပြီလား။ သူတို့နဲ့ ပတ် သက် ပြီး ငါ့မှာ တာဝန်ရှိတယ်။" စောသိန်းလွင်ကိုယ်တိုင်လည်း ဘရင်းဂန်းထမ်း သော ရခိုင်မှာ ရန် သူ့ထံ ရောက်သွားပြီဟု ထင်မိသည်။ ထိုသို့ဖြစ်လျှင် သူ့တာဝန် မကင်းဖြစ်နေသဖြင့် စော သိန်းလွင် စိတ်မကောင်း ဖြစ်နေသည်။ ထို့ကြောင့် ငသိန်းအား "ကဲ - ငသိန်း၊ ချောင်းနှုတ်ခမ်း မှာ တက်ပြီး နေရာ ယူထား။ ငါပြန် မလာမချင်း ဘယ်မှ မသွားနဲ့"ဟု အမိန့်ပေးလိုက်သည်။ ငသိန်းက "ဖြစ်ပါ့မလား။" စောသိန်းလွင်ကို စိတ်မချ။ ရန်သူနှင့်လည်း အလွန်နီးကပ်နေသော်လည်း စောသိန်းလွင်က သူ့ဆုံးဖြတ်ချက်အတိုင်း "ဖြစ်တယ်။ ငါ့တာဝန် မကင်းဘူး။ ငါ မပြန် မချင်း ဘယ်မှ မသွားနဲ့"ဟု ငသိန်းကို ပြောလိုက်သည်။ ငသိန်းနှင့် ရဲဘော်တခုျပိုတို့မှာ စိုးရိမ်နေကြောင်း မျက်နှာများတွင် ပေါ်လွင်နေသည်။ ရဲဘော်များအားလည်း "မင်းတို့ ငသိန်း နဲ့ ကျန်ခဲ့ကြ။ အကယ်၍ သေနတ်သံကြားရင် ငါ့ကို (၁၅)မိနစ်လောက် စောင့်၊ (၁၅)မိနစ် လောက်မှ ပြန်မရောက်ရင် မင်းတို့ ဒီကနေ ထွက်ကြ"ဟု ပြောရင်း ချောင်း ဘက်သို့ လိုက် သွားတော့သည်။ ချောင်းတဘက်ကမ်းမှ ရန်သူသည် သူ့အား မြင်ကောင်း မြင်နိုင်သော်လည်း သစ်ပင်ခြုံနွယ်များကြောင့် ပစ်ကွင်း မရှင်း၍ မပစ်ခြင်းလည်း ဖြစ်နိုင်သည်။ စောသိန်းလွင် မှာ စိတ်ပူနေသည်။ ချောင်း တဖက်ကမ်းတွင် လူသံများ ဆူညံ နေသည်။ ချောင်းထဲတွင် လည်း ရန်သူတခုျပိုု ရေ ချိုးနေကြသည်။ စောသိန်းလွင် လိုက်လံ ချောင်းကြည့်သော်လည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဘာမှ မတွေ့သဖြင့် ခပ်သွက်သွက် ပြန်ဆုတ်ခဲ့သည်။ မိမိ ထွက်ခဲ့သောနေရာသို့ ပြန်မရောက်မီ တနေရာတွင် ဘရင်းဂန်းကိုင်သော ရခိုင်ကို တွေ့တော့သည်။ သူက ချောင်းကွေ့တွင် ကမ်းပေါ်တက်မရသဖြင့် သေနတ်ကို ခေါင်းအုံးပြီး အိပ်နေသည်။ ရခိုင်မှာ သူ့ကိုတွေ့သည်နှင့် "ကျနော့်ကြောင့် ခင်ဗျား ဒုက္ခတွေ့နေရတယ်" ဟု ပြောရင်း သူ့အခြေအနေကို ရှင်းပြလေသည်။

"ကျနော်လည်း ဘယ်လိုမှ လုပ်မတတ်ဘူး။ ဟိုဘက်မှာ တက်မရလို့ ဒီ ဘက်က လာတက်တော့လည်း တက်မရဖြစ်နေတာ"ဟု ဆိုသည်။ နှစ်ဦးသား ငသိန်းထံ ပြန်ရောက်သောအခါ ငသိန်းမှာ ရခိုင်ကို မယုံသဖြင့်၊ အတော်ပင် စိုးရိမ် နေလေသည်။ စောသိန်းလွင်လည်း ငသိန်းအား ရှင်းပြနေသည်။ "သူ သစ္စာ ဖောက်ရင် ငါတို့ ခံရပြီပေါ့။" စောသိန်းလွင်က ဆက်လက်ရှင်းပြရာတွင် "ရခိုင်ကို သေနတ်ကိုင်ခိုင်းပြီး အသီးမပေးရင် မဖြစ်ဘူး။ ယမ်းသီးမပေးရင် သူ့ကို မယုံရာလည်း ကျမယ်"ဟူ၍ဖြစ်သည်။ သို့သော် ရခိုင်အား ယမ်းသီး (၅)တောင့်သာ ပေးထားသည်။ ဗိုလ်ချုပ်ကော်ထူးနှင့် ဆုံလျှင် ရခိုင် (၂)ယောက်အား အပ်လိုက်မည် ဖြစ်ကြောင်းကိုလည်း ငသိန်းအား ရှင်းပြလေသည်။ ထို့နောက် တပ်ဖွဲ့အား လူစစ်ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မိုးချုပ်ကာနီးတွင် ဗိုလ်ချုပ် ကော်ထူးရှိရာ "ပီကေဒဲ"သို့ ရောက်ရှိပြီး ပြန်ဆုံကြသည်။ စောသိန်းလွင်လည်း သုံ့ပန်း ရခိုင် (၂) ယောက်နှင့် လက်နက်ချသူ (၃)ယောက်တို့ကို ဗိုလ်ချုပ်ထံ အပ်လိုက်သည်။ "ပီကေဒဲ"တွင် ဗိုလ်ချုပ်ကော်ထူးက မူဆိုးကော်ကဆာ ပျောက်နေကြောင်း ပြောရုံ ပြောပြသည် သာမက၊ "မင်းတတ်နိုင်သေးလား"ဟု မေးပြီး၊ "တတ်နိုင်ရင်တော့ လိုက်ပါဦး" ဟု ဆိုပြန်သည်။ စောသိန်းလွင်လည်း မိမိတို့၏ဥက္ကဋ္ဌဖြစ်သဖြင့် ငြင်း၍မရ။ ရဲဘော်များ၏ အခြေအနေကိုကြည့်ပြီး ဗိုလ်ချုပ်ကော်ထူးမှ အတင်းအကျပ် တာဝန် မပေးလိုသည်ကို စောသိန်းလွင် နားလည်သည်။ အမိန့်ပေးရန်လည်း မလို အပ်ပေ။ ထို့ကြောင့် လူပြန်စုပြီး "ပီကေဒဲ"မှ ထွက်ခဲ့သည်။ ယခုအချိန်တွင် သူနှင့် အတူ ဗိုလ်တင်ရွှေ၏ တပ်စိတ် တစိတ် ပါလာခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လယ်ဝါးခို တိုက်ပွဲ

လယ်ဝါးခို တိုက်ပွဲသည် ဗိုလ်သိန်းလွင်၏ ပထမဦးဆုံး ရန်သူနှင့် ရင်ဆိုင် တိုက် ခိုက်ခဲ့ရသော တိုက်ပွဲတပွဲ ဖြစ်သည်။ အရှေ့တိုင်း အောင်မော်အေး ထိုးစစ်တွင် သေနတ်သံများ ဆူညံလာသောအခါ ဗိုလ်ချုပ်ကော်ထူး၏ ဇနီးဖြစ်သူ နော်ရိုးလေနှင့် လုံခြုံရေး တပ်သားတခု့ျိုက နယ်ခီးရုံးမှ အလျင်အမြန်ပင် ရွှေ့ခဲ့ကြသည်။ ဗိုလ်ချုပ် ကော်ထူး၏ ရုံးအဖွဲ့က ရန်သူ၏ဂွင်မှ လွတ်သောအခါတွင်မှ မူဆိုးကော်ကဆာ ပျောက်နေကြောင်း သတင်းကို ရရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်သိန်းလွင်အား “သိန်းလွင်” မင်းတပ်စိတ် တစိတ်နဲ့သွားပြီး ရန်သူသတင်းကို ထောက်လှမ်းပါ။ ကော်ကဆာကြီး ပျောက်နေတယ်။ လုံခြုံရေး တပ်စုတစုနဲ့ ပေါင်းပြီးသွားကြ။ ဃယ်ပါဘက် ကိုသွားပြီး ထောက်လှမ်းပါ။ သတင်းရရင် ပီခီးဒဲရွာကို လိုက်လာပါဟု ဗိုလ်သိန်းလွင်အား ညွှန်ကြား လိုက်သည်။ ဥက္ကဋ္ဌ ဟန်တာသာမွေး ပျောက်နေသည်ကို ဗိုလ်ချုပ်ကော်ထူး အလွန် စိတ်ပူသည်။ ဗိုလ်သိန်းလွင်ကိုလည်း ကာကွယ်ရေး တပ်စိတ် တစိတ်ပေးပြီး၊ သတင်း ထောက်လှမ်းရန် အမြန်ပင် ညွှန်ကြားခဲ့သည်။ ဗိုလ်သိန်းလွင်နှင့် ဗိုလ်တင်ရွှေ အဖွဲ့ ကလည်း၊ သတင်းထောက်လှမ်းရန် ထွက်ခဲ့ရာ လယ်ဝါးခို တောင်ခြေသို့ ရောက်ပြီး ခေတ္တ စခန်းချသည်။ ရွာအတွင်းတွင် ရွာသူ ရွာသားများ ထွက်ပြေးကုန်ကြပြီဖြစ်၍ တယောက်မျှ မရှိကြတော့ပါ။ ရွာသားများက တောထဲတွင် ရှောင်တိမ်းနေထိုင် နေကြသော်လည်း ညနေပိုင်းအချိန်တွင် ၎င်းတို့၏ ပစ္စည်းများကို ရွာတွင်းသို့ ပြန်လာ၍ ကြည့်တတ်ကြသည်။ ဗိုလ်သိန်းလွင် ထင်သည့်အတိုင်းပင် မွန်းလွဲပိုင်းလောက်၌ လယ်ဝါးခို ရွာသူကြီးဖြစ်သူ ဖူးထူးမူး ပြန်ရောက်လာသည်။ ထိုအချိန်က ရန်သူစစ်ကြောင်းသည် ရွာသားများ ကိုတွေ့လျှင် ဘာမျှ အနှောက်အယှက်မပေး။ ထို့ကြောင့် ဖူးထူးမူးကို စေလွှတ်ပြီး “ဘူးသောကလိုး” ချောင်းအထိ သွားရောက်စုံစမ်းရန် ဗိုလ်သိန်းလွင် စေလွှတ်လိုက်သည်။ ဖူးထူးမူးကလည်း လိုလိုလားလားပင် ထွက်သွားပြီး ညနေစောင်းမှ ပြန်လည် ရောက်ရှိ လာသည်။ သူက မူဆိုးကော်ကဆာ သည် ယောမူခီး (ဗေသနို) ဇနီးသည်ထံသို့ ပြန်လည် ရောက်ရှိနေပြီ ဖြစ်ကြောင်းနှင့် ရန်သူ့ စစ်ကြောင်းများသည်လည်း မယ်ဝိုင်ဘက်သို့ ပြန်သွားကြပြီဟု ဗိုလ်သိန်းလွင်အား ပြောပြသည်။ ဗိုလ်သိန်းလွင်ကလည်း “ဘောသူခီး” အထိ လိုက်ကြည့်ခဲ့သေးသည်။ ထို့ကြောင့် ဗိုလ်သိန်းလွင်မှာ ခေါင်းဆောင်ကြီးအတွက် စိတ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အေးရပြီ ဖြစ်သောကြောင့် ဗိုလ်ချုပ်ကော်ထူးရှိရာ ပီကေးဒဲသို့ သွားရတော့မည် ဖြစ်သည်။ ရန်သူ ပြန်ပြီ ဟူသောသတင်းကြောင့် အေးအေးဆေးဆေးနှင့် ရွာထဲတွင်ပင် ဝင်ရောက် နားခို ကြသည်။ ထိုအခါ ရွာသူကြီးက ရွာထဲတွင်လည်း ကြက် ဘဲတို့ကို စားချင်က ချက်စားကြရန် ဗိုလ်သိန်းလွင်ကို ပြောလိုက်သည်။ ဗိုလ်သိန်းလွင်က ဗိုလ်ချုပ် ကော်ထူးထံသို့ ပြန်ရောက်ပြီး အကြောင်းကြားလိုသော်လည်း ဥက္ကဋ္ဌကြီး ရွာသို့ ပြန်ရောက် နေသည်ဟူသော တိကျသည့် သတင်းကြောင့် စိတ်ချလက်ချ အပူအပင် မရှိတော့ပေ။ ဗိုလ်တင်ရွှေက အစားအစာတွင် ဝါသနာပါသူ တဦးဖြစ်သော ကြောင့် ဗိုလ်သိန်းလွင်ကို နားချကာ နောက်တနေ့ မနက်မှ ပြန်ရန် ပြောရာ အားလုံးက သဘောတူကြလေသည်။

ဗိုလ်တင်ရွှေနှင့် ရဲဘော်များကလည်း ရွာသူကြီး ဖူးထူးမူး ပြောထားသည့် အတွက် ရွာထဲသို့ ပြန်ဝင်ကာ ချက်ပြုတ်စားသောက်ရန် ပြင်ဆင်ကြသည်။ ဖူးထူးမူး မှာ ရွာသား များကို ရန်သူ့ သတင်း အခြေအနေ ပြောပြရန်ရှိခြင်းကြောင့် တောထဲသို့ ထွက်ပြေး တိမ်းရှောင်နေကြသော ရွာသားများထံသို့ လိုက်သွားလေသည်။ ဗိုလ်သိန်းလွင်နှင့် ဗိုလ်တင်ရွှေတို့ တပ်ဖွဲ့ဝင်များသည် သေနတ်များကိုချကာ ကြက် ဖမ်းသူက ဖမ်း၊ ရယ်စရာ မောစရာ ပြောသူကပြောနှင့် ပျော် ပျော်ပါးပါး ဆူညံ နေကြသည်။ မိုးချုပ်ကာနီးသဖြင့် တောင်ကြားတွင် ကင်းချထားသော တပ်ဖွဲ့ တပ်သားများကို သတိရကာ ကင်းလဲပေးရန် လူလွှတ်လိုက်သည်။ ဗိုလ်သိန်းလွင် တို့ တပ်ဖွဲ့ ရွာထဲတွင် အေးအေးဆေးဆေး ရှိနေချိန် တွင် ဂယ်သကျေးရွာသားများအား ကင်းစောင့်ခိုင်းလျှင်လည်း တရားမည်မဟုတ်။ ထို့ကြောင့် ကင်းကို ရုပ်ခိုင်း လိုက်သည်။ ကင်းရုပ်လိုက်ပြီး ကင်းသမားများအပြန်တွင် ခွေးများ အလွန်ဟောင် သဖြင့် ဗိုလ်သိန်းလွင်က စိုးရိမ်မိသည်။ သို့သော် ဗိုလ်တင်ရွှေက ရွာသားတွေ ပြန်လာပြီး ကြက်စာ ဝက်စာတွေ လာ ကျွေးတာ ဖြစ်မှာပေါ့ဟု ပြောသည်။ ဗိုလ်တင်ရွှေ ပြောသည်မှာ မှန်ကောင်း မှန်မည်။ ရန်သူ စစ်ကြောင်းများ ပြန်သွားပြီဟု ရွာသားများကလည်း သတင်းရထားခြင်းကြောင့် ရွာသားအ ခ့ျို ရွာမှ အိမ်များတွင် ပြန်နေ ပြန်ကြည့်ကြခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် ခွေးများက အဆက်မပြတ် ဆက်တိုက် ဟောင်နေသောကြောင့် ဗိုလ်သိန်းလွင်သည် စကားဝိုင်းတွင် ဆက် မနေတော့ဘဲ အိမ် အပြင် ဘက်သို့ ထွက်လာလိုက်သည်။ ကြက်ခြံ ဘက်သို့လှည့်၍ ဟောင်နေ သော ခွေးကိုပင် မန်မဲလိုက်သည်။ ထိုအခါ ကြက်ခြံ ဘက်သို့ ကြည့်၍ဟောင်နေသော ခွေးမှာ ဗိုလ်သိန်းလွင်ကို ကြည့်ပြီး ဟောင်နေ ပြန်သည်။

ဗိုလ်သိန်းလွင်လည်း သူ၏သေနတ်ကို လှေကားတွင်ချိတ်ပြီး ခွေးကို မန် လိုက်ရင်း ဖြင့် ကြက်ခြံကိုဖြတ်ပြီး လျောက်လာရာ ရွာတဝက်ခန့်အထိပင် ရောက်လာ ခဲ့သည်။ လယ်ဝါး ခို ရွာသည် တောင်စောင်းတွင် တည်ထားသော ရွာဖြစ်သည်။ သိန်းလွင် လျောက်လာရာ ဘုရားကျောင်း၏ ခြံစပ်သို့ ရောက်လာသည်ကိုပင် သတိမထားမိပေ။ ညမှောင်ရိပ်သန်းလာပြီ ဖြစ်သဖြင့်၊ “ဃဲပါ” တောင်ခြေသည် ညို့မှိုင်းနေသည်ကို ကြည့်ပြီး၊ သူ့ကျောင်းကို လွမ်းမိ သလို ဖြစ်ခဲ့ရသဖြင့် သီချင်းလေးပင် ငြီးလိုက်မိသေးသည်။ အမှန်တွင် ရန်သူတပ်ဖွဲ့က ဘုရားရှိခိုးကျောင်း အနီး၌ ရောက်နေပြီ ဖြစ်သော်လည်း ဗိုလ်သိန်းလွင်အား အရပ်သားမှန်း၊ သူပုန်မှန်း မသဲကွဲသဖြင့် အခြေအနေကို စောင့်ကြည့် နေခြင်းဖြစ်သည်။ အပေါ်စီးက ကြည့်လျှင် အထင်းသား တွေ့နိုင်သည်။ ရန်သူတခု်ပျိုက တောင်ခြေတွင် နေရာ ယူထားသည်။ ဗိုလ်သိန်းလွင်ကို သူတို့ လိုက်ဖမ်းကြသည်။ တယောက်က ဂုတ်ကို လိုက်ဆွဲသည်။ နေဝင်းဂန်းခေါ် နေဝင်းစတင်းမှာ စတင်းသီးနှင့် ပစ်ရသည်။ လက်နှစ်ဖက်နှင့် ကိုင်ပစ်မှ ပစ်၍ရသော သေနတ် ဖြစ်သည်။ ရန်သူ တယောက်က လက်နှစ်ဘက်နှင့် ချိန်ရွယ်ပစ်ခတ်စဉ်တွင် ကျွဲတ အုပ်က သေနတ်သံ ကြောင့် ကဆုန်ပေါက်ပြေးရင်း ရန်သူနှင့် သိန်းလွင်ကြားသို့ ရောက်လာခဲ့ သောကြောင့် သေနတ်ကျည်မှာ ကျွဲကိုပင် ထိမှန်ခဲ့သည်။ သိန်းလွင်က ချောက်ထဲသို့ ခုန်ဆင်း လိုက်သည်။ ထိုချောက်ထဲ၌ စံသိန်းနှင့်တွေ့ရသည်။ စံသိန်းကလည်း ပြေးရင်း လွှားရင်း သေနတ်က ပါမလာ။ သိန်းလွင်နှင့် စံသိန်း တိုင်ပင်ပြီး တောင်ပေါ်သို့ တက်ရန်၊ ပြောဆိုနေစဉ် ရန်သူက လှမ်းမြင်သောကြောင့် မော်တာနှင့် လှမ်းထုရာ မော်တာသီးတလုံး သူတို့နှစ်ဦး အကြားသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ စံသိန်း၏ ပေါင်တွင် ကျည်စ ထိမှန်ခဲ့ သည်။ ဗိုလ် သိန်းလွင်က အသံမထွက်ရန် ပြောဆိုပြီး စံသိန်းအား တွဲခေါ်လိုက်သည်။ “မင်းမပူနဲ့၊ ငါ မင်းကို ရအောင် တွဲခေါ်မည်”ဟု အားပေးစကား ပြောရသည်။ သို့နှင့် မိုးချုပ်လာပြီဖြစ်၍ သစ်ပင် ခြေရင်းတခုတွင် ဝပ်နေစဉ် လူတယောက် လာနေသည်ကို တွေ့ရသည်။ ဗိုလ်သိန်းလွင်က “စံသိန်း မင်းသေသေချာချာကြည့်စမ်း၊ သာဂိ မဟုတ်လား” ဟု ပြောသောအခါ စံသိန်းက ဟုတ်တယ်။ သာဂိနှင့်တွေ့ရ၍ အဖော်တယောက် တိုး လာသည်။ သို့သော် သိန်းလွင် မှာ ပြေးလွှား နေရ၍ အတော်ပင် မောပန်းနေပြီ ဖြစ်သည်။ အသက်ရှူ၍ပင် မရချင်။ “သာဂိ ငါကြွက်တက်လာပြီ၊ ခြေထောက် နှိပ်ပေးဦး”ဟု ပြောလိုက်သည်။ သာဂိကလည်း ဗိုလ်သိန်းလွင်ကို နင်းနှိပ်ပေးသည်။ ထိုအချိန် သေနတ်သံများကလည်း အဆက်မပြတ် ပစ်ခတ်နေတုန်းပင်။ အမှန်က

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရန်သူတပ်များ အချင်းချင်း မှားယွင်း ပစ်ခတ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ရန်သူက သူတို့နောက်သို့ လိုက် မလာနိုင်ခြင်း ဖြစ်သည်ကို ဗိုလ်သိန်းလွင်က သဘောပေါက်လိုက်သည်။ နောက် ပိုင်းတွင် ရန်သူတပ်မှူးက အချင်းချင်း မှားယွင်း ပစ်ခတ်နေကြမှန်း သိသွားပြီး ပစ်ခတ်မှုများလည်း ရပ်တံ့သွားသည်။ အချင်းချင်းပစ်ခတ်၍ ရန်သူ(၃)ဦး သေဆုံး ခဲ့ကြောင်းကို နောက်ပိုင်းတွင် သိရသည်။

အာဇာနည် နံပြောင်

၁၉၅၁ ခုနှစ်၊ အဖျောက်၊ ဇကာကြီးမှ ပဲခူးရိုးမ အနောက်ဘက်ခြမ်းသို့ ဆုတ်ခွာ လာသည့်အချိန်မှစ၍ တပ်မဟာ ဌာနချုပ်ရုံးတွင် ပါလာသူတဦး ဖြစ်သည်။ ထို အချိန်ကတည်းက စားဖိုမှူးတာဝန်ကို ယူခဲ့သူလည်း ဖြစ်သည်။ သူ၏ ဇာတိနှင့် မျိုးရိုးကိုမူ မသိခဲ့ပါ။ တပ်မဟာတခုလုံး ပဲခူး အနောက်ခြမ်းမှ မြစ်ဝကျွန်းပေါ်သို့ ပြန်ဆင်းရာ တွင်လည်း ရုံးအဖွဲ့နှင့်အတူ ပါသွားသည်။ ဗိုလ်ချုပ်ကော်ထူးက ကော်သူးလေ ဒုတိယ စစ်ဦးစီးချုပ် ရာထူးဖြင့် အရှေ့တိုင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်ရာ သူနှင့်အတူ တာဝန် ယူရမည့် ရုံးအဖွဲ့သားများနှင့် ဗဟိုလုံခြုံရေးအဖွဲ့တွင် ဗိုလ်နံပြောင်လည်း ပါဝင်ခဲ့သည်။ တပ်မဟာရုံးအဖွဲ့၏ စားဖိုမှူး တာဝန်ကို မငြီးမငြူ ဆက်လက် ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်ကတည်းက ကျောင်းမနေခဲ့ရသဖြင့် စာလည်း မရေးတတ် မဖတ်တတ်။ တပ်မဟာ ရုံးတွင် အချက်အပြုတ်နှင့် စားရေးသောက်ရေး ကိစ္စအဝဝကို စီမံခန့်ခွဲ ပေးရသူဖြစ်သည်။ ရိုးသားပြီး တာဝန်အပေါ် တသမတ်တည်း ကျပွန်စွာ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ အရှေ့တိုင်း နယ်ခီး ဌာနချုပ်ရုံးတွင် စားဖိုမှူး တာဝန်ကို ဦးထွန်းစိန်နှင့် တွဲဖက် တာဝန်ယူထားရသည်။ ဦးထွန်းစိန်က စာရေး စာဖတ် နိုင်သဖြင့် ရိက္ခာများကို ဝယ်ယူ စုဆောင်းပြီး နေ့စဉ် ချက်ပြုတ်ရသည်။ လိုသော ရိက္ခာပမာဏကို ဗိုလ်နံပြောင်အား ထုတ်ပေးသည်။ ဗိုလ်နံပြောင်က စစ်ဦးစီး ဌာနချုပ်ရုံး၏ နေ့စဉ်စားသုံးမည့် လူဦးရေ စာရင်းကို အတိအကျ စကေးနှင့်တွက်ချက်သည်။ သူကိုယ်တိုင်လည်း ရဲဘော်တဦးချင်း စီကို ဝေငှပေးသည်။ ထမင်းနှင့်ဟင်းကို အပိုအလိုမရှိ အညီအမျှ ဖြစ်ရန်ကိုလည်း စီစဉ် ပေးရသည်။ နောက်ပိုင်းတွင် ဦးထွန်းစိန် အိမ်ထောင်ကျပြီး သူတို့ ဇနီး မောင်နှံကို ဥက္ကဋ္ဌဟန်တာသာမွေးက ခြံစောင့်လုပ်သားအဖြစ် ထားလိုသောကြောင့် ဗိုလ်ချုပ်ကော်ထူးအား ထို ဇနီး မောင်နှံကို လွှဲပေးရန် တောင်းဆိုသည်။ ဗိုလ်ချုပ်ကော်ထူးကလည်း ဥက္ကဋ္ဌကြီး၏

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လိုအပ်ချက်ကြောင့် ဦးထွန်းစိန်တို့ ဇနီး မောင်နှံကို လွှဲအပ်ပေးလိုက်သည်။ ဥက္ကဋ္ဌ ဟန်တာသာမွေးကလည်း ခြံစောင့်မည့်သူ မရှိလျှင် ငှက်ပျောခြံလည်း ပျက်စီးသွားမည် သာဖြစ်သည်။ ဦးထွန်းစိန်တို့ ဇနီးမောင်နှံကို ရလိုက်သောကြောင့် စိတ်သက်သာရာ ရတော့သည်။

ဦးထွန်းစိန် မရှိသည့်နောက်ပိုင်းတွင် ရိက္ခာဝယ်ယူရေးကိစ္စ အခက်အခဲ ဖြစ်ရပြန်သည်။ ဗိုလ်နံပြောင်ကလည်း စာမတတ်သောကြောင့် ရိက္ခာ ဝယ်ရမည့် စာရင်းကို ရေးမှတ်ရန် အခက်တွေ့ခဲ့ကြရသည်။ ရုံးထိုင်မှူး ဗိုလ်မြစိန်ကလည်း မည်သူ့ကို အစားထိုး ခန့်ထားရမည်ကို စဉ်းစားမတတ် ဖြစ်နေသည်။ ထိုသို့သော အခြေအနေတွင် ဗိုလ်သိန်းလွင်၏ အကြံပြုချက်ကြောင့် လူသစ်ထဲမှ စာရေးတတ် ဖတ်တတ်သူ၊ လူသစ် တဦးဦးကို ဗိုလ်နံပြောင်နှင့် အလုပ်အတူ တွဲလုပ်ရန် တာဝန် ပေးလိုက်သဖြင့် အဆင်ပြေ သွားသည်။ ထို့ကြောင့် ရိက္ခာမှူးဗိုလ်နံပြောင်နှင့် အကူ ရဲဘော် (၂)ဦးတို့ပူးပေါင်းလျက် တနေ့လျှင် ရဲဘော်(၅၀)စာ ပုံမှန် ချက်ပြုတ် ပေးရသည်။ လုံခြုံရေးမှူးများဖြစ်သော ဗိုလ်ထွန်းလူ၊ ဗိုလ်ဒါဝိတ်တို့က တိုက်ခိုက်ရေးနှင့် လုံခြုံရေးအတွက် မကြာမကြာ ခရီးထွက် ကြရသည်။ ပိုထာတွင် ကော်သူးလေ အထက်တန်းကျောင်း ဖွင့်လှစ်ထားသောကြောင့် လုံခြုံရေးတာဝန်ကျသော ရဲဘော်များသည် ကျွန်းပင်စခန်းဝန်းကျင် ကျေးရွာများတွင် လှည့်လည်ပြီး ရန်သူသတင်း ထောက်လှမ်းခြင်း၊ လုံခြုံရေး ယူပေးရခြင်း စသော တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ တခါတရံ ရဲဘော်များ ပြန်လည်စုစည်းမိလျှင် လူဦးရေ (၁၀၀) နီးပါးစာအတွက် ချက်ပြုတ်ရန် စီစဉ်ပေးကြရသည်။

အောင်မော်အေး ထိုးစစ်တွင် ဗိုလ်နံပြောင်နှင့် သူ၏ ရဲဘော်တခ့ုပြု ရိက္ခာဝယ်ယူပြီး အပြန်လမ်းခရီးတွင် "ယောဝါး"၌ ခေတ္တနားနေချိန်ဖြစ်သည်။ သူ့ တပည့်များက ရွာထဲသို့ အလည်အပတ်သွားစဉ်၊ ဗိုလ်နံပြောင်က ယောဝါးရှိ ရွာသူကြီး အိမ်တွင် တည်းခိုနေသည်။ ရန်သူက ရွာတွင်းသို့ ဝင်လာသည်ကို သူတို့ မသိလိုက်ကြ။ ရွာထဲသို့ အလည်အပတ် သွားကြသော၊ သူ၏ တပည့်များက ရန်သူလာသည်ကို သိ၍ ထွက်ပြေး ကုန်ကြသည်။ ဗိုလ်နံပြောင်က ထွက်ပြေးမည် ကြံသော်လည်း အချိန်မမီ၍ ရန်သူ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ အမျိုးမျိုး ညှင်းပမ်း ခံခဲ့ရရာမှ ဦးခေါင်းနှင့် မျက်လုံးများမှ သွေးများ ယိုစီးကျလာသည် အထိ ထုရိုက် နှိပ်စက်သည်သာမက ကျင်စက်ကိုလည်း အသုံးပြု စစ်ဆေးခဲ့သည်။ "ယောဝါး"မှ ကြိုးတုတ်ပြီး "နတ်ကွတ်ထာ" လမ်းတလျောက်လုံး ရိုက်နှက် သွားခြင်းကြောင့် ဗိုလ်နံ

ပြောင်မှာ လမ်းမလျောက်နိုင်တော့။ တရွတ်တိုက် ဆွဲခေါ်ကာ နောက်ဆုံး လည်လှိုးပြီးနောက် ချောင်းထဲသို့ မျှောလိုက်တော့သည်။ အကယ်၍ ဗိုလ်နံပြောင်သာ ဖော်ကောင်လုပ်ခဲ့လျှင် ခေါင်းဆောင် ရဲဘော် အတော်များများ ဆုံးရှုံးခဲ့ရမည်ဖြစ်သည်။ ဗိုလ်နံပြောင်၏ ပုံပမာသည်၊ ကော်သူးလေစစ်ဦးစီးနှင့် ဌာနချုပ်ရှိ ခေါင်းဆောင်များ ရဲဘော်များအားလုံးအတွက် ပုံသက်သေ တခုအဖြစ် ကျန်ရစ်ခဲ့ပြီး အာဇာနည် အဖြစ် မှတ်တမ်းတင် ကျန်ခဲ့လေသည်။

ဗိုလ်သိန်းလွင်

မန်းရှန်ဖလေ့ အဖမ်းခံရခြင်း

မန်းရှန်ဖလေ့တို့ မိသားစုသည် “ထိုကော့ဆောခီး”တွင် နေထိုင်ကြစဉ် ရန်သူ၏ သတင်းကိုရပြီး၊ “ပယ်သူခီး” တောင်ပေါ်ရှိ ရွာသို့ ပြောင်းရွှေ့သွား လေသည်။ ဗိုလ်နံပြောင်ကို ဖမ်းမိသော ရန်သူစစ်ကြောင်းသည် ယောဝါရွာတွင် မန်းရှန်ဖလေ့၏ သတင်းကို ရရှိသွားပြီး၊ စစ်ကြောင်းနှစ်ကြောင်းခွဲကာ စစ်ကြောင်း တကြောင်းသည် ပယ်သူခီး သို့သွားပြီး ကျန် စစ်ကြောင်း တကြောင်းသည် မန်းသိန်း၏ စခန်းဘက်သို့ တက်သွားသည်။ “ပယ်သူခီး”ရွာသို့ ဝင်လာသော စစ်ကြောင်းမှ မန်းရှန်ဖလေ့အား ဖမ်းမိခဲ့သည်။

ထိုကော့ဆောခီး ကျေးရွာအနီးရှိ “ကွီးဖိုး”ဟုခေါ်သော စခန်းတွင်၊ ဗိုလ် သန်းအောင်၊ ဗိုလ် မောင်မောင်၊ မန်းဘဇန်တို့ နေထိုင်ကြသည်။ စောမျိုးသွေးနှင့် သူ၏ဇနီးက “ဝါလောကလိုး” တွင် နေထိုင်လေသည်။ ရန်သူတက်မည့် သတင်းကို ရရှိသောကြောင့် ပါတီခေါင်းဆောင်များမှာ “ဝါလောကလိုး” တောင်ပေါ်သို့ တက် ကြသည်။ မန်းဘဇန်နှင့် ခေါင်းဆောင်များမှာ တပ်မဟာ(၃) နယ်မြေဖြစ်သော မဲရိပ် မဲကာဘက်သို့ တက်လာသော ရန်သူ့ စစ်ကြောင်းနှင့် ပက်ပင်းတိုးရာ ရန်သူ့ စစ် ကြောင်းက ပစ်လိုက်သောကြောင့် ဗိုလ်မျိုးသွေး၏ဇနီးမှာ ထို နေရာတွင်ပင် ကျည် ထိမှန်သဖြင့် သေဆုံးခဲ့ရသည်။ ကျန်သော ခေါင်းဆောင်အားလုံးမှာ လွတ်မြောက် သွားကြပြီး၊ မဲရိပ် မဲကာဘက်သို့ ဆက်လက်၍ ရှောင်တိမ်းခဲ့ကြရသည်။ နောက် ပိုင်းတွင် ဗိုလ်မျိုးသွေးက မယ်ကာရွာသူ၊ ရှမ်း-မြန်မာ ကပြားတဦးနှင့် အိမ်ထောင် ပြု သွားသည်။ ပါတီ ဗဟိုခေါင်းဆောင်အားလုံး ထိုမဲရိပ် မဲကာတွင် အချိန် အတော်ကြာကြာ ဆက်လက်၍ နေထိုင်သွားကြသည်။

အောင်မော်အေး ထိုးစစ်နှင့် ခုခံ တိုက်ခိုက်မှုများ

အောင်မော်အေး ထိုးစစ်သည် တလခန့် ကြာသည်။ K.N.U.P. ၏ ထိပ်ပိုင်း ခေါင်းဆောင်များထဲတွင် ဗိုလ်ချုပ်မင်းမောင်အား ရန်သူမှ အသေရရှိပြီး မန်းရှန်ဖလေ့ကိုမူ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ရန်သူသည် အလျင်အမြန် စစ်ထိုးပြီး၊ သတင်း အတိအကျ ရသော စခန်းများကို ဝင်ရောက် တိုက်ခိုက်နိုင်ခဲ့သည်။ ထို ထိုးစစ်အတွင်း မန်းသိန်း၏ စခန်းအနီးတွင် အလက်ဇန္ဒားက ပြောက်ကျားပစ်၍ ရန်သူတဦး ကျဆုံးသွားသည်။ နတ်ကွက်ထာနှင့် ကျောက်တောင်လမ်းကြားတွင် သံလွင်တပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်ပြူး၏ တပ်ဖွဲ့ဝင်များနှင့် တကြိမ် တိုက်ပွဲဖြစ် ခဲ့သော်လည်း အကျအဆုံး ရှိ မရှိကိုမူ မသိခဲ့ပါ။ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်သိန်းလွင်တပ်ဖွဲ့နှင့် ကျေးရွာကာကွယ်ရေးအဖွဲ့တို့ကို လယ်ဝါးခို ကျေးရွာတွင် ရန်သူက ဝိုင်းဝန်းပြီး ပစ်ခတ်ခဲ့သော်လည်း ဗိုလ်သိန်းလွင်တို့တပ်ဖွဲ့က အထိအခိုက် မရှိခဲ့။ ရန်သူမှာ အချင်းချင်း မှားယွင်းပစ်ခတ်ခဲ့ကြရာမှ (၅)ဦး သေဆုံးခဲ့ ကြောင်း ကိုလည်း သိရသည်။

ဗိုလ်ချုပ်ကော်ထူးနှင့် ရှမ်းပြည် ခရီး

“အောင်မော်အေး” ထိုးစစ်ပြီးခါစ ဗိုလ်ချုပ်ကော်ထူးလည်း ရှမ်းပြည်သို့ တက်သွားရာ သူနှင့်အတူ ဗိုလ်ကြီးမြစိန်လည်း လိုက်ပါသွားသည်။ ဗိုလ်သိန်းလွင် နှင့် စစ်ဦးစီး ဌာနချုပ်မှ တပ်စု တစုမှာ “ပေသေးဒဲ”တွင် ကျန်ခဲ့သည်။ ဖူးတာအယ် အဖွဲ့မှာ တပ်မဟာ (၂) ဘက်သို့ ခရီးထွက်သွားသဖြင့်၊ သူနှင့်အတူ ဖမ်းမိထားသော အချက်ပြ ဆက်သွယ် ရေးမှ ရခိုင်(၂)ဦးနှင့် လက်နက်ချလာသူ ရှမ်းသေနတ်ကိုင် တပ်ရင်းမှ တပ်သား(၃)ဦးတို့ကို သူနှင့်အတူ တပါတည်း ခေါ်သွားခဲ့သည်။ ပဲခူးရိုးမသို့ ပြန်ဆင်းမည်ဖြစ်ရာ ရခိုင်ပြည်သို့ဂင်း၊ ရှမ်းတပ်မှ (၃)ဦးတို့ကိုလည်း ၎င်းတို့ သွားလိုရာသို့ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်သည်။

ဗိုလ်ချုပ်ကော်ထူးမှ ခရီးမထွက်မီ ဗိုလ်သိန်းလွင်အား မန်းသိန်းနှင့် မူဆိုး တို့၏ လုံခြုံရေးကို အထူးဂရုစိုက်ရန် ညွှန်ကြားခဲ့သည်။ ဗိုလ်သိန်းလွင်ကလည်း တပ်စု တစုနှင့် မန်းသိန်းတို့ရှိသော “ယောမူခီး”သို့ သွားရောက် သတင်းပို့ခဲ့သည်။ မန်းသိန်းမှ “လုံခြုံရေးအတွက် မလိုတော့ဘူး။ ထိုးစစ်ကလည်း ပြီးသွားပြီဖြစ်လို့ မင်းနဲ့ မင်းရဲ့ ရဲဘော်တွေ ယောမူခီးမှာ နေစရာမလိုတော့ဘူး။ ဗိုလ်ပြူးတို့နဲ့ သွားပေါင်းနေပါ”ဟု ပြောလေသည်။ ဗိုလ်သိန်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွင်လည်း လုံခြုံရေးအတွက် မလိုအပ် တော့သဖြင့် “ထူးတလူး”ဘက်သို့ ဆင်း၍ တည အိပ်သည်။ ထို့နောက် “မယ်ဆာခီး”သို့ ဆင်းပြီး ဗိုလ်ပြူးတို့ အဖွဲ့နှင့် ပူးပေါင်းနေ တော့သည်။ ဥက္ကဋ္ဌကြီး မန်းဘဇန် နှင့် ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင်တို့လည်း “ယောဝါး”သို့ ပြန်တက်ပြီး၊ ဦးကျော်ဒွန်း လယ်တဲတွင် ပြန်လည် စခန်းချနေသည်ကို သတင်းရသဖြင့် ဗိုလ်သိန်းလွင်လည်း မန်းဘဇန်တို့နှင့်အတူ နေထိုင်ရန် ပြောင်းရွှေ့လို သည်။ ထို့ကြောင့် တပ်ကို ဗိုလ်တင်ရွှေနှင့် အပ်ထားရန် စိတ်ကူးမိပြီး၊ ဗိုလ်တင်ရွှေအား ဗိုလ်ပြူးတို့နှင့် ပေါင်းနေရန်၊ နေထိုင်ရအဆင်မပြေပါက ဗိုလ်မောင်မောင်တို့နှင့် သွား နေရန် အစီအစဉ် ပြုလုပ်ပေးခဲ့ပြီးနောက် ဗိုလ်သိန်းလွင်လည်း မန်းဘဇန် နေထိုင်သော နေ ရာသို့ ပြောင်းခဲ့လေသည်။

ဗိုလ်သိန်းလွင် မန်းဘဇန်ထံ၌ ရှိနေချိန် “ဒွယ်လိုး” (ကော်ဆာခို) (ခေါ်) ဒွယ်လိုး မြို့နယ် ဥက္ကဋ္ဌဖြစ်သူ ပဒိအုန်းရွှေ မန်းဘဇန်ထံသို့ ရောက်ရှိလာပြီး၊ ၎င်းတို့ မြို့နယ် အတွင်းရှိ လူထုကြီးမှာ ဒုတိယလမ်းစဉ်ကို သဘော မပေါက်သေးကြောင်း၊ ထို့ကြောင့် ဒုတိယလမ်းစဉ်ကို လာရောက် ဆွေးနွေး လမ်းညွှန်ပေးရန်အတွက် တောင်းဆိုလေသည်။ အရှေ့တိုင်းတွင် ဒုတိယ လမ်းစဉ်ကို ချမှတ်ရာတွင် သင်တန်းပေးခဲ့သူများမှာ မန်းဘဇန်၊ ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင်နှင့် ဖူးတာအယ် တို့ဖြစ်ပြီး ခရိုင်၊ မြို့နယ်အဆင့်အထိ သင်ကြားပေးခဲ့ပြီးလည်း ဖြစ်သည်။ ယခုအခါ လိုအပ်ချက်အရ တိုက်နယ်အဆင့် သင်တန်းပေးရန်အတွက် ရွေးချယ်ရာ တွင် ဗဟို၌ရှိသော စကောဆိုင်မွန်၊ အာသာဖိုးနှင့် ဗိုလ်သိန်းလွင်တို့ ပါဝင်လာသည်။ သင်တန်းပေးရမည့် ကျေးရွာအုပ်စုများမှာ (၁) ဘောသို ခီး၊ သောသိုထား၊ (၂) ဝါလော်ကလိုး၊ (၃) ဝင်းမောင်း ကျေးရွာများဖြစ်သည်။ ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်၊ မြေယာလုပ်ငန်း၊ စည်းရုံးရေးလုပ်ငန်းများကို သင်းတန်းပေးခဲ့ရာ ဘောသိုခီး၊ ဘောသိုထာနှင့် ဝါလော်ကလိုး ကျေးရွာအုပ်စု (၂)ခု ပြီးပြတ်ခဲ့လေသည်။ “ဝင်းမောင်း”သို့သွားမည့် အစီအစဉ်တွင် ဟန်တာသာမွေး အုပ်စုမှ ပဒိဝေသော ကန့်ကွက်သဖြင့် ရပ်ဆိုင်းထားလိုက်ရသည်။

ဗိုလ်ချုပ်ကော်ထူး၏ ခရီးစဉ်သည် (N.L.A.)ခေါ် လူမျိုးစုများ လွတ်မြောက် ရေးတပ်ဖွဲ့ဖွဲ့စည်းရန်ဖြစ်သည်။ အစီအစဉ်အရ ရှမ်း၊ ကချင်၊ ကရင်၊ ပအိုဝ်း စသော လူမျိုးများနှင့် ပူးပေါင်းတပ်တခုကို တည်ဆောက်ပြီး ရန်သူကို ထိထိရောက်ရောက် တိုက်ခိုက်ရန် စောဟန်တာသာမွေးက စီစဉ်ပြီး ဗိုလ်ချုပ်ကော်ထူး သွားရောက် အကောင် အထည်ဖော်ရန် ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“အောင်မော်အေး”ထိုးစစ်အပြီး ဟန်တာသာမွေးသည် ပူးတွဲကိစ္စများကို စိတ်ဝင်စားမှုနည်းပါးလာခဲ့သည်။ ဂိုဏ်းခွဲချင်သဖြင့် ဒုတိယလမ်းစဉ်နှင့် တပ်မတော် အမည်တို့ကိုလည်း ပြောင်းလဲရန် ကြိုးစားခဲ့သည်။ ရှမ်းပြည်လူမျိုးစု တပ်ဖွဲ့သို့ ဗိုလ် လင်းထင်၊ ဗိုလ်ထရူးမင်းတို့သွားစဉ်အခါက ဗိုလ်လင်းထင်နှင့် ဗိုလ်ထရူးမင်းတို့တပ်သည် ကရင်နီနယ်မြေကို ဖြတ်ကျော်စဉ်၊ ကယားရဲတပ်ဖွဲ့က လမ်းတွင် ခြိုခို တိုက်ခိုက်ခြင်း ခံရသဖြင့် ဖရိုဖရဲဖြစ်ကာ ရှမ်းပြည်သို့ မရောက်ခဲ့ကြချေ။ စင်စစ် ရိုးရိုး သားသားသွားခဲ့လျှင် မရောက်နိုင်စရာ အကြောင်းမရှိ၊ ဗိုလ်ချုပ်ကော်ထူး လည်း မည်သို့မျှ မတတ်နိုင်သဖြင့် ပြန်လာခဲ့ရသဖြင့် လူမျိုးစုများ၏ ယုံကြည်မှုကို တစုံတရာ ထိခိုက်ခဲ့ရသည်။

အဆိုးဆုံးဖြစ်ရပ်မှာ ဟန်တာသာမွေးသည် K.R.C. ဥက္ကဋ္ဌ တဦးတည်း၏ အမိန့်ဖြင့် အရှေ့တိုင်း စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်အုန်းဖေအား ကော်သူးလေ စစ် ဦးစီးချုပ် အဖြစ် တင်မြှောက်လိုက်ခြင်းဖြစ်သည်။ အမှန်စင်စစ် ကော်သူးလေ စစ်ဦး စီးချုပ်ဖြစ်သော ဗိုလ်ချုပ်မင်းမောင် ကျဆုံးသွားသဖြင့်၊ ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ် ကော်ထူးအား လုပ်ထုံးလုပ်နည်းအတိုင်း တင်မြှောက်ရမည် ဖြစ်သော်လည်း ထိုသို့ မဆောင်ရွက်ခဲ့ခြင်းက အဖွဲ့၏ လုပ်ထုံးဥပဒေနှင့် ညီညွတ်မှုမရှိခဲ့ပေ။

K.N.U.P. နှင့် K.R.C. သည် ကွဲတော့မည့်အခြေသို့သာ ဦးတည်နေသည်။ တဦးနှင့်တဦးလည်း မယုံကြည်ကြ။ နောက်ပိုင်းတွင် ဟန်တာသာမွေးသည် ကော်သူးလေ ဒုတိယစစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကော်ထူးအား အရှေ့တိုင်း စစ်ဦးစီး ဌာနချုပ်သို့ ရွှေ့ပြောင်းလိုက်ပြီးနောက်ပိုင်း ပြန်လည်ဖြုတ်ချကာ ထော့မဲပါအား အရှေ့တိုင်း စစ်ဦးစီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးပြန်သည်။ ကဆော၀ါးညီလာခံ မတိုင်မီကပင် သူ့လူ၊ ကိုယ့်လူ ဂိုဏ်းဖွဲ့ကာ ကြံစည်မှုများ ရှိလာခဲ့သည်။ ပဒိုဝေသောက ထော့မဲပါအား ဗိုလ်မြကို လုပ်ကြံရန် တိတ်တဆိတ် ညွှန်ကြားချက် ပေးသည်အထိ ဖြစ်ခဲ့သည်။ G.H.Q. နှင့် P.H.Q. (party Head Quarters) ခေါင်းဆောင်များအား လုပ်ကြံရန်ကိုလည်း ဗိုလ်ထရူးမင်းကို တာဝန်ပေးခဲ့သည်။ ဗိုလ်ချုပ်ကော်ထူး ရှမ်းပြည်မှ ပြန်ရောက်လျှင် ရောက်ခြင်း အစည်းအဝေးခေါ်သည်မှာ အခြေအနေကြည့်ပြီး အခွင့်သာက လုပ်ကြံရန် ဗိုလ်ထရူးမင်းက သူ၏ တပ်မှူးများ ဖြစ်သော ရွှေဒေါင်း၊ နပိုလီယန်၊ ဘဂျမ်းတို့ကို တာဝန်ပေးထားသည်။ ထို အချိန်က G.H.Q. (General Head Quarter) မှာ “ပေါ်ဝါးဒဲ” တွင် ရုံးစိုက်ထားသည်။ မန်းဘဇန်၊ ဗိုလ်မောင်မောင်၊ ဗိုလ်မျိုး

သွေး၊ မန်းလားဖန်း၊ အာသာဖိုး နှင့် သံချောင်းတို့မှာ “ခေးပူး”တွင် ရုံးဖွင့်ထားသည်။ “ပေါ်ဝါး ဒဲ”သည် ဗိုလ်သိန်းလွင်၏ ဇနီး နေသောရွာဖြစ်သည်။ မန်းဘဇန်၊ မန်းသိန်း၊ ဗိုလ်ချုပ်ကော်ထူး တို့မှာ အတူ နေထိုင်နေကြသည်။ G.H.Q. တွင် လူစုံ တက်စုံ ရှိကြသည်။ ဗိုလ်ထွန်းလူ မှာလည်း ရှမ်းပြည်မှ ပြန်ရောက်လာချိန်ဖြစ်သည်။ ဗိုလ်အောင်ကိုးနှင့် ဗိုလ်ဒါဝိတ် တို့မှာမူ ပအို ဝ်းနယ်မြေတွင် ကျန်ခဲ့ကြသည်။ ဗိုလ်သိန်းလွင်မှာ ထိုအကြောင်းကို သိခဲ့ရသည်မှာ ကာကွယ်ရေးမှူး ဗိုလ်မောင်ဝမှ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်အား ရှင်းပြသည်ကို ကြားခဲ့ခြင်း ကြောင့်ပင်ဖြစ်သည်။ ပဒိုဝေသောက ထရူးမင်းအား “မင်းကို ငါ တာဝန်ပေးထားတာ အခြေအနေ ဘယ်လိုရှိလဲ”ဟု မေးရာ၊ ထရူးမင်းက “သူ့အဖွဲ့ သွားသောအချိန်က မန်းသိန်းနှင့် ဗိုလ်ထီးမူးတို့ ရောက်နေသည်ဖြစ်၍ မပစ်ဘဲ၊ မိမိကို ပြန်လာမေးကြောင်း၊ နောက်ပိုင်း မပစ်ဖြစ်တော့ကြောင်း”ပြောသည်။ ထိုအခါ ပဒိုဝေသောက “မန်းသိန်းပဲရှိရှိ ဘယ်သူပဲရှိရှိ အကုန် ပစ်ထည့်လိုက်”ဟု (ဖာပွန်သား) ဗိုလ်မောင်ဝ ရှေ့တွင် အမှတ်မထင် ပြော၍ သိခဲ့ရခြင်း ဖြစ်သည်။

ဗိုလ်သိန်းလွင်သည် ဗိုလ်မောင်ဝပခြောသော ကိစ္စအား ပြန်လည်စိစစ်ရာ ဗိုလ် ထရူးမင်း၏ လူများလာခဲ့သည်မှာ အမှန်ပင်ဖြစ်သော်လည်း၊ ပဒိုထီးမူး မှာမူ လာနိုင် သော်လည်း မန်းသိန်းတယောက် အစည်းအဝေးသို့ လာသည်မှာမူ မဖြစ်နိုင်။ ထိုအချိန်က ဌာနချုပ်ရုံးတွင် လူစုံတက်စုံရှိကြသည့်အပြင် လုံခြုံရေးတပ်ဖွဲ့များလည်း ပြန်ရောက်နေကြပြီ ဖြစ်သဖြင့် ထရူးမင်းလူများမှာ မပစ်ရဲသောကြောင့် မန်းသိန်းရှိနေသည်ဟု အကြောင်းပြ ခြင်းသာ ဖြစ်သည်။

G.O.C. ဗိုလ်ချုပ်ထော့မဲပါ နှင့် ဗိုလ်မြကိစ္စ

ဗိုလ်မြ၏တိုင်ကြားချက်အရ“ထော့မဲပါ” (ခေါ်) အောင်စိန်သည် အရှေ့တိုင်း စစ်ဦးစီးချုပ် ဖြစ်နေသောအချိန်၌ ဗိုလ်မြအား လုပ်ကြံရန် ဗိုလ်လင်းထင်အား ညွှန်ကြား သည့်ကိစ္စအား အမြန်ဆုံး ဖြေရှင်းရမည်ဖြစ်သည်။ ဗိုလ်မြမှာမူ ဗိုလ်လင်းထင် အား အပြစ်မတင်၊ ဗိုလ်လင်းထင်မှာလည်း အထက်အမိန့်အရ လုပ်ရမည် ဖြစ်သော်လည်း လက်တွေ့တွင်မူ တပ်မှူးအချင်းချင်း မည်သို့သော ရန်ငြိုးရန်စမှ မရှိဘဲ တဖက်သတ် ပစ်ခတ်ရမည်ကိုမူ ဝန်လေးနေခဲ့သည်။ သူတို့နှစ်ဦး တွေ့ဆုံပွဲတွင် ဗိုလ်မြက အလျင် အမြန်ပင် ရှောင်တိမ်းနိုင်ခဲ့သည်။

နောက်ပိုင်း တပ်မဟာ(၇)၏ တောင်းဆိုချက်အရ ထော့မဲပါအား ဖြုတ်ချပြီး၊ ဗိုလ်ချုပ်ကော်ထူးအား အရှေ့တိုင်း၏ စစ်ဦးစီးချုပ်တာဝန်ကို ပြန်လည်ပေးအပ်ခဲ့သည်။ ဗိုလ်မြမှာ ထိုကိစ္စအား မကျေနပ်။ စစ်ဘက်ဆိုင်ရာကိစ္စ ဖြစ်သဖြင့် ဗိုလ်ချုပ်ကော်ထူး ကသာ ဖြေရှင်းရ မည်ဖြစ်သည်။

အမှန်စင်စစ် စစ်ဘက်ဆိုင်ရာ ကိစ္စဖြစ်သော်လည်း "မူဆိုး" တွင်သာ အဓိက တာဝန် ရှိသည်။ K.R.C. ၏ အခွင့်အာဏာကို အလွဲသုံးပြီး စစ်ဘက်ဆိုင်ရာ ကိစ္စများတွင် သူတဦးတည်း၏ သဘောဖြင့် ဆောင်ရွက်ခဲ့သည်။ ပါတီ၏ အကြံပေး ရှေ့ဆောင်မူများ ကိုလည်း ကျောခိုင်းနေခဲ့သည်။ သံလွင်ချောင်းနှုတ်ခမ်း နယ်စပ် စခန်းဖြစ်သော "ရာထာ"၌ မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။

ဗိုလ်ချုပ်ကော်ထူး၏ ခရီးစဉ်တွင် ဗိုလ်သိန်းလွင်သည် လုံခြုံရေး တပ်စိတ် တစိတ်နှင့် လိုက်ပါခဲ့သည်။ ရှေးဦးစွာ မူဆိုးကို အရင်တွေ့ဆုံပြီးနောက် ထော့မဲပါ အား ဆင့်ခေါ်ရမည်။ ထိုမှတဆင့် တပ်ဟာ(၇) ဌာနချုပ်ရုံးဖြစ်သော "ကျော်သလေးခို"သို့ သွားရန်ဖြစ်သည်။

မူဆိုးသည် နယ်စပ်၌ နေထိုင်စဉ် ဗိုလ်ထွေးကျော်အား ဂိတ်မှူးအဖြစ် ခန့်ထားပြီး၊ ဖိုးစိုင်းနေ၊ ဆင်မြူယယ်၊ ဆင်မဆမ် တို့အား "ရာထာ" တွင်ထားပြီး စီးပွားရေးလုပ်ငန်းများ လုပ်ရန်ကို ကြံစည်ထားသည်။ ထိုင်း ကိုလည်း သူအားကိုးသည်။ ထိုင်းနိုင်ငံမှ လွှက်ခြောက်လုပ်နည်းကို သင်ကြားရန် သူ့လူတခ့ျိုကိုလည်း စေလွှတ် ထားသည်။ "ရာထာ"တွင် အခြေစိုက်ခြင်းမှာ တောင်ပေါ်ဒေသတဝိုက် ကျေးရွာများဖြစ်သော ကော်မူခီး၊ ဆာမူပယ် စသော ဒေသရှိတောင်ကြောတွင် လွှက်ပင် အမြောက်အများ အလေ့ကျ ပေါက်နေခြင်းကြောင့် ဖြစ်သည်။

ထိုဒေသမှထွက်သော လွှက်ခြောက်များကို ထိုင်းကုန်သည်များထံ ရောင်းချလျှင် စီးပွားဖြစ်မည်၊ ထို့အပြင် ထိုင်းအာဏာပိုင်များနှင့် ဆက်သွယ်ခြင်း အားဖြင့် သူ့အတွက်လည်း နိုင်ငံခြားဆက်သွယ်ရေးကိစ္စကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးအဖွဲ့သည် မူဆိုးအား ဒါးဂွင်အထက်ပိုင်း ဗိုလ်ကြီးထွေးကျော် စခန်း၌ တွေ့ဆုံကြစဉ်က ဗိုလ်လင်းထင်လည်း ရောက်နေချိန်ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးမှ လာရင်းကိစ္စကို ပြောပြသည်။ သူတို့လည်း သိထားပြီးဖြစ်သည်။ ဗိုလ်သိန်းလွင်က ဗိုလ်ထွေးကျော်၏ သားနှစ်ယောက်ဖြစ်သော စောသိုးမား၊ စောဒေါင်းကျော်တို့နှင့် ကျောင်းနေဘက်များဖြစ်၍ ပြန်ဆုံမိကြသည်။

ဗိုလ်ထွေးကျော် ကိုယ်တိုင်ပင် ဗိုလ်ချုပ်ကော်ထူးနှင့် အဖွဲ့အား လှေဖြင့် လိုက်လံ ပို့ဆောင်ပေးခဲ့သည်။ စခန်းမှ မထွက်မီ ဗိုလ်လင်းထင်မှ “ကျော်သလေးခို”သို့ သွားလျှင် ယူနီဖောင်း မဝတ်ကြရန်၊ လူချင်း မမှားစေရန် သတိပေးလေသည်။ ဗိုလ်ချုပ်ကော်ထူး ကမူ “ကိစ္စ မရှိပါဘူး”ဟု ပြောဆိုကာ ထွက်လာခဲ့ကြသည်။

ဗိုလ်ထွေးကျော် “ဒါးဂွင်”အထိ လှေဖြင့် လိုက်လံ ပို့ဆောင်ခဲ့သည်။ ဒါးဂွင် တွင် တည်အိပ်ပြီးနောက်တနေ့ ဗိုလ်ကြီးလှမောင် နေထိုင်ရာ တောင်ယာတဲသို့ ခြေလျင် ခရီးဆက်ခဲ့ရာ မိုးချုပ်သဖြင့် တောင်ယာတဲတွင် တည်အိပ်ခဲ့သည်။ ဗိုလ်ကြီးလှမောင် စခန်း ၌ပင် GOC ထော့မဲပါ နှင့် ဆုံခဲ့ကြသည်။ နောက်တနေ့တွင် ဗိုလ်ကြီးလှမောင်တောင်ယာမှ “တိုးညို”သို့ ခရီးဆက်ရာ တရက်ခရီးလျောက်ခဲ့ရသည်။ GOC ထော့မဲပါမှာမူ မူဆိုး ပေးထားသော ဆင်ဖြင့် ခရီးသွားသည်။ တိုးညို တွင် တညရပ်နားပြီး နောက်တနေ့တွင် “ဘွားဒဲ”ရွာတွင် တည်အိပ်ကြပြန်သည်။ ထိုမှတဆင့် “မယ်ပ မယ်ညော”တွင် တညအိပ်၊ နောက်တနေ့တွင် ခရီးဆက်ရာ “ကျော်သလေးခို”ရှိ တပ်မဟာ(၇)ရုံးသို့ ရောက်ခဲ့သည်။ တပ်မဟာ(၇)ရုံးတွင် တပ်မဟာမှူး ဗိုလ်မှူးအယ်မိုးပီကို အဆင်သင့်တွေ့ရသည်။ စခန်း ချရာတွင် ဗိုလ်ချုပ်ကော်ထူးက ဗိုလ်မှူးအယ်မိုးပီအနားတွင် နေရာချပြီး၊ ဗိုလ်သိန်းလွင် မှာမူ GOC ထော့မဲပါ၊ ပဒိုဝီရီကျော်တို့နှင့်အတူ တနေရာတည်းတွင် အိပ်ကြသည်။ တပ်မဟာ ဌာနချုပ်ရုံးမှာ အလွန်ကျယ်သဖြင့် လူအမြောက်အများ တည်းခိုနိုင်သော နေရာ ဖြစ်သည်။ မကြာမီ ဗိုလ်မြ နှင့် သူ၏ တပ်ခွဲ(၂)ခွဲသည် ရွာထဲသို့ ပြန်ဝင်လာ ကြသည်။ ထိုစဉ်က ဗိုလ်မြမှာ K.P.L.A. တပ်ရင်းမှူး တာဝန်အပြင်၊ ဇုံမှူးလည်း ဖြစ်သည်။

ဗိုလ်မြအဖွဲ့ ရွာတွင်းသို့ ဝင်လာသည်နှင့် သေနတ်များပစ်ဖောက်ကြသည်။ ဗိုလ်မြ ကိုယ်တိုင်လည်း အရက်မူးနေသည်။ ဗိုလ်မြသည် တပ်မဟာရုံးသို့ ကိုယ်တိုင်မလာဘဲ တပ်မဟာ(၇) K.P.G.F. တပ်ရင်းမှူးဖြစ်သူ ဗိုလ်ခင်လှိုင်အား စေလွှတ်လိုက်သည်။ ဗိုလ်ခင်လှိုင်သည် ဗိုလ်ချုပ်ကော်ထူးအား တွေ့သောအခါတွင် ဗိုလ်မြ သည် GOC ကို မတွေ့လိုသောကြောင့် ရွာ၌ ကျန်ခဲ့ကြောင်း၊ သို့ရာတွင် ဗိုလ်မြ မှာကြားလိုက်သော ကိစ္စ ရပ်များကို ဗိုလ်ချုပ်ကော်ထူးအား ရှင်းလင်းတင်ပြခဲ့သည်။

ဗိုလ်ခင်လှိုင်မှတဆင့် ဗိုလ်မြတင်ပြသော အချက်အလက်များထဲတွင် ထော့မဲပါ သည် ခေါင်းဆောင်ကောင်း တဦး မဟုတ်သကဲ့သို့ GOC ရာထူးနှင့်လည်း မထိုက်တန် ကြောင်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရောက်ရှိရာ နေရာတိုင်းတွင် ဘုရင်တပါးကဲ့သို့ နေထိုင်သူ တဦးဖြစ်ကြောင်း၊ လူထုအား အထင်သေးသကဲ့သို့ အထူးသဖြင့် အမျိုးသမီးများ အပေါ်တွင် ငွေကြေး အာဏာတို့ဖြင့် စော်ကားကာ ဖုံးဖိထားကြောင်း၊ လင်းထင်နှင့် သူ ဖြစ်ရခြင်း ကိစ္စသည် လည်း ထော့မဲပါ၏ အမိန့်ပေး စေခိုင်းမှု သာဖြစ်ကြောင်း၊ ဗိုလ်လင်းထင်နှင့် သူကိုယ်တိုင် တွေ့ဆုံခဲ့ပြီး ဖြစ်ကြောင်း၊ ဗိုလ်လင်းထင်မှ သူ့ကို သေနတ် ချပေးသော်လည်း သူက သေနတ်ကိုယူပြီး မ ပစ်ခဲ့ကြောင်း၊ သို့သော် ဗိုလ်လင်းထင်အား တချက်ထိုးပြီး ဗိုလ် လင်းထင် အလဲတွင် သေနတ် ကျည်ဆံ အားလုံးကို မိုးပေါ်ထောင်ဖောက်ကာ ထိုနေရာမှ ထွက်ပြေးခဲ့သဖြင့် လွတ်မြောက်ခဲ့ ရခြင်းသာ ဖြစ်ကြောင်းတို့ကို ဗိုလ်ချုပ်ကော်ထူး အား ပြန်လည် ပြောပြ လေသည်။ ဗိုလ်ချုပ် ကော်ထူးကလည်း ဗိုလ်မြ မတွေ့ချင်သော ထော့မဲပါကို GSO ဗိုလ်ကြီးဘသန်းရှိသော အချက်ပြ ဆက်သွယ်ရေးရုံးသို့ ရွှေ့နေ ခိုင်းခဲ့သည်။ ဗိုလ်မြ သည် ဗိုလ်ခင်လှိုင်မှတဆင့် နောက်တနေ့တွင် လာရောက် တွေ့ဆုံ မည်ဟု အကြောင်းကြားလာသည်။

မနက်မိုးလင်းသောအခါ ဗိုလ်ချုပ်ကော်ထူး၊ ပဒိုဝီရီကျော်၊ ဗိုလ်ခင်လှိုင်၊ ဗိုလ်သိန်း လွင်နှင့် သူ၏ လုံခြုံရေးတပ်စိတ်တို့သည် ဗိုလ်မြထံသို့ သွားရောက် တွေ့ဆုံ ကြသည်။ တွေ့ဆုံရာတွင် ရွာထဲတွင် မဟုတ်ဘဲ ယာတဲတခုတွင်ဖြစ်သည်။ နွေ ကာလဖြစ်၍ ရဲဘော်များက သစ်ပင်အရိပ်အောက်တွင် နားခိုနေကြသည်။ ခေါင်း ဆောင်များက ယာတဲပေါ်တွင် တွေ့ဆုံနေကြသည်။ ထိုနေ့က တွေ့ဆုံရာတွင် ဗိုလ်ချုပ် ကော်ထူး၊ ပဒိုဝီရီကျော်၊ ဗိုလ်ခင်လှိုင်၊ ဗိုလ်မြ၊ ဗိုလ်ရွှေဆိုင်းနှင့် ဗိုလ်မူးမူတူးတို့ ပါဝင်သည်ကို တွေ့ရသည်။ ဗိုလ်သိန်းလွင်မှာမူ သူ၏ ရဲဘော်များနှင့် တဲထိုးကာ အနားယူလေသည်။ ထိုလယ်တဲတွင် လေးရက်ခန့် တွေ့ဆုံဆွေးနွေးကြပြီး အားလုံး ပြန်ရန် စီစဉ်ကြသည်။ အပြန်တွင် ဗိုလ်မြနှင့် ဗိုလ်ရွှေဆိုင်း တို့နှင့်အတူ ဒေါနတောင် ကို ကျော်ပြီး မာနယ်ပလောသို့ ထွက်လာသည်။ ထိုစဉ်က မာနယ်ပ လောတွင် အနီးအနား ရွာများမှ လာရောက် စိုက်ပျိုးရေးလုပ်ကိုင်နေကြသော ယာတဲ (၂)လုံး ရှိရာ ထို ယာတဲ တွင်ပင် (၂)ရက်နားခို ပြီး “မယ်ပ”သို့ ဖောင်ဖြင့် ကူးခဲ့ကြသည်။ မယ်ပသို့ ရောက်ပြီး တိုးညိုသို့ တရက်ခရီးဆက်ခဲ့ရသည်။ ထိုမှတဆင့် “ဃဲပါ”သို့ ပြန်လည်ရောက်ရှိခဲ့ သည်။

ကဆော၀ါးညီလာခံနှင့် နိုင်ငံရေး ပဋိပက္ခ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖာပွန်ခရိုင် “လူသော”မြို့နယ်၊ “စောမီးထာ” နှင့် “ပနာအီပယ်ခို” အကြားရှိ လယ်ကွင်းတွင် ကဆောဝါးညီလာခံအတွက် နေရာထိုင်ခင်းများကို ပြင်ဆင်ရန် ဗိုလ် သိန်းလွင်နှင့် စစ်ဦးစီးဌာနချုပ်မှ ရဲဘော်များက အရင်ဆုံး ရောက်ရှိခဲ့ကြသည်။ ညီလာခံ ကျင်းပမည့်နေရာသည် “စောမီးထာ”ရွာနှင့် ပို၍ နီးသဖြင့် ထိုရွာ၌ပင် တည်းခိုကြသည် သို့သော် ကျင်းပမည့်ရက်ကိုမူ ယခုထိတိုင် မကြေညာသေးပါ။ ဧရာဝတီတိုင်းနှင့် ပဲခူးရိုးမတိုင်းမှ ကိုယ်စားလှယ်များ ကြိုတင်ရောက်သူများရှိ သကဲ့သို့ နောက်ကျနေ သေးသော အဖွဲ့များလည်း ရှိသည်။ ဗိုလ် သိန်းလွင်နှင့် ဌာနချုပ်အဖွဲ့သားများမှာလည်း အဆောက်အဦများကို မတ်လကုန်တွင်မှ အပြီးသတ် မည်ဖြစ်သည်။ ညီလာခံ တက် ရောက်မည့် ကိုယ်စားလှယ်များ စုံသလောက်ရှိမှ အစည်းအဝေးကို ဧပြီလတွင် စတင် နိုင်ခဲ့သည်။ ညီလာခံအဖွင့်နေ့မှစ၍ ဟန်တာသာမွေး၏ မိန့်ခွန်းကို ညီလာခံ ကိုယ်စား လှယ်များမှ အခြေတင်ဆွေးနွေးကြရာ (၁) ပတ်မျှ ကြာမြင့်ခဲ့သည်။ ဟန်တာသာမွေးတို့ K.N.U.P. လမ်းစဉ်ကို ဆန့်ကျင်ပြီး အရင်းရှင် နိုင်ငံများနှင့် ဆက်ဆံရေးအတွက် နယ်ခြဲ စံနစ်ကို ရန်သူအဖြစ် မသတ် မှတ်ရန်၊ အုပ်စိုးသူ ဗမာအစိုးရကို သာ တိုက်ရမည့်အစား ဗမာအားလုံးကို ရန်သူအဖြစ်ထားပြီး တိုက်ခိုက်ရန်၊ ပြည်သူလူထုအား အဓိက အင်အားစုအဖြစ် ထားရမည့် အစား ကရင်လူထုသည် ဆင်းရဲလွန်းသဖြင့် တော်လှန်ရေးကို ထိထိရောက်ရောက် ကူညီနိုင်သူများမဟုတ်၊ အဓိက အင်အားမှာ ငွေ ပင် ဖြစ်ကြောင်း၊ ငွေရရှိရန် နည်းမျိုးစုံဖြင့် ရှာဖွေကြရမည်ဖြစ်ကြောင်းအပြင် အမျိုးသားရေးနှင့် အတန်း အစားရေးကို မည်သို့ ဆောင်ရွက်သွားရန် တင်ပြသော စောဟန်တာသာမွေး၏ မိန့်ခွန်း တွင် အမျိုးသားရေးအား ဦးစားပေးလုပ်ငန်းအဖြစ် ဖော်ပြပြီး အတန်းအစားရေး ကိစ္စ ရပ် ကိုမူ တိုင်းပြည်ရရှိပြီးမှသာ အကောင်အထည်ဖော်ကြရန် တင်ပြချက်ကို ညီလာခံတွင် အခြေတင်ဆွေးနွေးခဲ့ကြပြီး ညီလာခံ ကိုယ်စားလှယ်များမှ ဆန့်ကျင် ခဲ့ကြသဖြင့် ဟန်တာ သာမွေး ၏ အဆိုမှာ ရှုံးနိမ့် သွားခဲ့ရသည်။ ထိုအခါ ဟန်တာသာမွေးနှင့် ၎င်းတို့အုပ်စုသည် ညီလာခံမှ ထွက်ခွာသွားတော့သည်။

ထိုအချိန်တွင် တပ်မဟာ(၅)မှ ဗိုလ်လင်းထင်သည် “ဃဲပါ”ဘက်သို့ ရောက်လာ သည်။ ထိုမှတဆင့် “သလေဝေါဒဲ” (ဖါးဝေါ၇င်)တွင် နေရာယူထားလေသည်။ ဗိုလ်လင်းထင်၏ တပ်များ ညီလာခံကျင်းပရာသို့ ချဉ်းကပ်လာသည်ကို ဗိုလ်မြမှ သတင်း ရရှိသဖြင့် သူ၏ တပ်ဖွဲ့များသည် “ဖါးဝေါ”ဘက်သို့ ပြန်လာပြီး “စေးဒေး” အနီး လယ်ကွင်းတွင် တပ်ချထားကာ

ဗိုလ်ချုပ်ကော်ထူးထံသို့ သတင်းပို့ လေသည်။ သူ တက်လာရခြင်းမှာ ဗိုလ်လင်းထင်တို့ တပ်ဖွဲ့၏ လှုပ်ရှားမှုသတင်းကို ကြားသိရဖြင့် တက်လာခြင်း ဖြစ်ကြောင်းပင်။ ဗိုလ်မြတပ်ဖွဲ့ ရောက်နေသော “စေးဒေး”နှင့် ဗိုလ်လင်းထင် တို့ တပ်ချထားသော “ဆယ်မူပယ်”ခေါ်“ဖါးဝေါ”သည် နာရီဝက်ခန့်ခရီးသာ ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးသည် ဗိုလ်မြတပ်ဖွဲ့များမှ အရမ်းလုပ်မည်ကို စိုးရိမ်သဖြင့် ဗိုလ်သိန်းလွင်၊ ဗိုလ်မှူးလှထွန်း၊ ဗိုလ်မှူးဘော်လ်ဒွင်တို့အား ဆွေးနွေးရန် စေလွှတ်လိုက်သည်။ ဗိုလ်မြ ၏ ရည်ရွယ်ချက်မှာ ညီလာခံ လုံခြုံရေးအပြင် K.R.C. ခေါင်းဆောင်များနှင့် ဟန်တာသာမွေး တို့ကို ဖမ်းဆီးရန်ပင်ဖြစ်သည်။ ဗိုလ်မှူးလှထွန်း ဆွေးနွေးချက်အရ “ခင်ဗျားတို့ ဟန်တာ တို့အဖွဲ့ကိုဖမ်းရင် သူတို့မိသားစုတွေကိုကျွေးမွေးရမှာ၊ ဒါက လွယ်မှာ မဟုတ်ဘူး။” ဗိုလ်မှူးဘော်လ်ဒွင် ကလည်း “ဖမ်းဆီးမှုများလုပ်ခဲ့ရင် လက်နက်ကိုင် ပဋိပက္ခအထိ ဖြစ်နိုင်ပြီး ပြဿနာမှာ ပိုမို ကြီးထွားသွားနိုင်ကြောင်း၊ ယခု ခေါင်းဆောင်များမှ ညီညွတ်ရေး အတွက် ကြိုးပမ်းနေကြကြောင်း” ဖျောင်းဖျပြောဆိုခဲ့သည်။

ဗိုလ်မြမှာ အရက်လည်းမူးနေပြီး ဟန်တာသာမွေးအပေါ် အလွန် စိတ်ဆိုး နေသည်။ ဗိုလ်မြနှင့်အတူ ဖူးလယ်ဝါး နှင့် သူ့အား အင်္ဂလိပ်စာသင်ကြားပေးနေသူ “စောစေးဝါး”တို့ ရှိနေကြသည်။ ဗိုလ်မြက “မူဆိုးဟာ ဒို့ခေါင်းဆောင် မဟုတ် တော့ဘူး။ သူက ခွေးသခင်ပဲ၊ ခွေးတွေပဲ သူ့နောက်ကို လိုက်လိမ့်မယ်”ဟု ပြော ပြောဆိုဆို၊ ဖူးလယ်ဝါး ဘက်သို့လှည့်ပြီး “ခင်ဗျား သူ့(မူဆိုး)ကို စာရေးပေးလိုက်ပါ။ ခင်ဗျားနဲ့ ခင်ဗျား နောက်လိုက်တွေ ကျနော့် နယ်မြေထဲမှာ မနေနဲ့လို့” ပြောလေသည်။ ဖူးလယ်ဝါး မည်သို့ ရေးရမည် မသိတော့။ ဟန်တာသာမွေးမှာ သူနှင့် ပုဂ္ဂိုလ်ရေးအရ အလွန် ခင်မင် ရင်းနှီး ကြသည်။ ယခုလို အခြေအနေတွင် ဗိုလ်မြ ပြောသကဲ့သို့ ခွေးသခင်ဟု ဆိုရမည်ကို အခက်တွေ့နေသည်။ ထို့ကြောင့် သူက ဗိုလ်သိန်းလွင်အား အကူအညီတောင်းသဖြင့် ဗိုလ်သိန်းလွင်က ဗိုလ်မြ ပြောသကဲ့သို့ ခွေးသခင်ဟု ထည့်မရေးဘဲ၊ သူ့အား ခေါင်းဆောင် တယောက်၊ သမ္မတ တယောက်အနေဖြင့် အသိအမှတ်ပြုတော့မည် မဟုတ်ကြောင်းကို ဖော်ပြသော အားဖြင့် “သမ္မတဟောင်း”ဟူသော ခေါင်းစဉ်တပ်ကာ ဗိုလ်မြပြောသည့် အတိုင်း ရေးသားပေးခဲ့ပြီး၊ စာပို့ရန် “စောစေးဝါး”လက်ထဲသို့ အပ်နှံလိုက်သည်။ စေးဝါးမှာ ဟန်တာသာမွေး ကျောင်းထားပေးခဲ့သူဖြစ်သည်။ အပြစ်တခုကြောင့် ဗိုလ်မြထံသို့ ပို့ထားရင်း သူက ဗိုလ်မြအား အင်္ဂလိပ်စာ သင်ပေးနေခြင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖြစ်သည်။ နောက်ပိုင်းတွင် ကော်ကဆာ၏ သမီးဖြစ်သူ နော်ယိုးယိုး နှင့် အိမ်ထောင်ပြုခဲ့သည်။

(မုဆိုးကော်ကဆာ၏သမီး နော်ယိုးယိုး၏ ငယ်ရည်းစားမှာ ဗိုလ်ချုပ်ကော်ထူး၏ စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင် ဗိုလ်ကြီးဒေါနယ်ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူး ကိုယ်တိုင် မိန်းမတောင်းပေးရာ ကော်ကဆာကြီးက ဗိုလ်ကြီးဒေါနယ်မှာ အဆုပ်ရောဂါ ရှိသဖြင့် ကျန်းမာ ရေးကြောင့် သဘောမတူခဲ့သော်လည်း သူ၏သမီး နော်ယိုးယိုး၏ ဆန္ဒအရသာ သဘောတူ လိုက်ရသည်။ နော်ယိုးယိုး တောင်းပန်သဖြင့် မင်္ဂလာဆောင် ကိစ္စအားလုံးကို ဗိုလ်ချုပ် ကော်ထူးကပင် အစစ အရာရာ တာဝန်ယူ ပေးခဲ့သည်။ အဝတ်အစား၊ လက်ထပ် လက်စွပ်မှအစ လိုအပ်သည်များကို ကွင်းဆိပ်သို့ သွားရောက်ဝယ်ယူရန် ရဲဘော်များအား တာဝန်ပေးလိုက်သည်ကို ဗိုလ်ကြီးဒေါနယ် ကိုယ်တိုင် လိုက်ပါသွားခဲ့သည်။ သူကိုယ်တိုင် ကွင်းဆိပ်၌ ပစ္စည်းများ ဝယ်ယူနေချိန် ရွှေကျင်ကို ရန်သူမှ ထိုးစစ်ဆင်လာသဖြင့် "ထိုကေးပူး" နှင့် "စံတွင်းကုန်း"ရွာ အနီးသို့ ရှောင်ပြေးကြရသည်။ မိုးတွင်းဖြစ်ပြီး ရှောင် ပြေးချိန် ဗိုလ်ကြီးဒေါနယ်နှင့် ရဲဘော်များ လူချင်းကွဲပြီး မိုးရေထဲတွင် တယောက်တည်း တည်လုံး နေခဲ့ရသဖြင့် အအေးပတ်ကာ ဗိုလ်ဒေါနယ် သေဆုံးခဲ့ရသည်။

ထိုအချိန်တွင် ဗိုလ်သိန်းလွင်က "ပိုထာ"ကျောင်းတွင် (၈)တန်းတက်နေသော အချိန်ဖြစ်သည်။ နော်ယိုးယိုး ရောက်ရှိလာပြီး သတင်းမေးရာ ရဲဘော်များမှ ဗိုလ်ကြီး ဒေါနယ် သေဆုံးသွားကြောင်း ပြောပြကြသည်။ S.H.Q. မှာ "ပိုထာ"မှ "ဝါလောကလိုး"သို့ ပြောင်းပြီးသော အချိန်ဖြစ်သည်။ တပ်မဟာမှူး ထရူးမင်းက သူ့ရဲဘော် အောင်ဝင်း နှင့်အတူ တက်လာပြီး နော်ယိုးယိုးနှင့် လက်ထပ်ရန် တောင်းလေသည်။ "ဝါလောကလိုး" ၌ပင် ဗိုလ်အောင်ဝင်းနှင့် နော်ယိုးယိုးတို့ လက်ဆက် ခဲ့ကြသည်။ များမကြာမီ "ကိုင်းကုတ်" မေဒေးနေ့ကို ဗိုလ်လင်းထင်မှ အကုန်အကျခံပြီး ကျင်းပသောအချိန်တွင် SHQ, GHQ ခေါင်းဆောင်အများအပြား တက်ရောက်ခဲ့ကြသည်။ ဗိုလ်လင်းထင် ဦးစီးကျင်းပသော ကြောင့် စားပွဲသောက်ပွဲမှာ အကြီးအကျယ်ပင် ခင်းကျင်းထားလေသည်။ ဗိုလ်အောင်ဝင်း နှင့် နော်ယိုးယိုးတို့ ဇနီးမောင်နှံသည်လည်း ထိုအခန်းအနားသို့ တက်ရောက်လာခဲ့သည်။ မေဒေးပွဲ အပြီး "ဝါလောကလိုး"သို့ ပြန်လာပြီး (၃)ရက်အကြာတွင်ပင် ဗိုလ်အောင်ဝင်းမှာ ရုတ်တရက် ဆုံးပါးသွားလေသည်။ ဗိုလ်အောင်ဝင်း ဈာပနအတွက် အထက်တန်းကျောင်း မှ ကျောင်းသားများအား ဖိတ်ကြား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သဖြင့် ဖိုးဆန်နေ၊ စောပီတာ၊ စောသိန်းလွင်တို့လည်း စျာပနအခန်းအနားတွင် သေနတ်ကိုင်ဆောင် အလေးပြု ဂုဏ်ပြုတပ်ဖွဲ့တွင် ပါဝင်ခဲ့ရသည်။ ကော်ကဆာသမီး နော်ယိုးယိုး၏ အိမ်ထောင်ရေးမှာ ထိုမျှနှင့် မပြီးသေး။ တပ်မဟာ(၅) တပ်မဟာမှူး ဗိုလ်လင်းထင် တပ်မှ ဗိုလ်ကြီးမြသောင်းသည် ဗိုလ်လင်းထင်တပ်မှ ကော်သူးလေ ဗဟိုဌာနချုပ်ရုံးသို့ လာရောက်တွဲဖက်တာဝန်ထမ်းနေရသော တပ်မှူး တဦး ဖြစ်သည်။ ကျန်းမာရေးကောင်းပြီး နော်ယိုးယိုး၏ ခင်ပွန်းဖြစ်သူ စောအောင်ဝင်းနှင့်လည်း ခင်မင်ရင်း နှီးသူဖြစ်သည်။ ဗိုလ်လင်းထင်၏ စီစဉ်မှုကြောင့် ဗိုလ်ကြီးမြသောင်းနှင့် နော်ယိုးယိုး တို့ အတွဲနှင့်၊ သူ၏ တပ်ခွဲမှူး ဗိုလ်ထွန်းကြိုင်တို့ တတွဲတို့ စုပေါင်းပြီးနောက် မင်္ဂလာဧည့်ခံပွဲကို ကျင်းပခဲ့သည်။ မင်္ဂလာပွဲကျင်းပစဉ် ကော်ကဆာသည် သူ၏ ဇနီး သည်အား သံလွင်ချောင်းနံဘေးရှိ “ရာထာ”သို့ ပို့ထားသော အချိန်ဖြစ်သည်။ နွေရာသီ ဖြစ်သောကြောင့် ခြောက်သွေ့ရာသီဖြစ်သဖြင့် နော်ယိုးယိုးသည် တပ်မဟာ(၅)မှ တပ်သား အခ့ျိုနှင့်အတူ “သောဘွဲဒဲ”(ပါဟိုက်)သို့ သွား၍ မင်္ဂလာပွဲကို စီစဉ်ခြင်းဖြစ်သည်။

မင်္ဂလာပွဲသို့ ဗိုလ်ချုပ်ကော်ထူးနှင့် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်တို့လည်း တက် ရောက်ခဲ့ကြသည်။ ထိုမင်္ဂလာပွဲသတင်း ရန်သူ့ထံ ပေါက်ကြားသွားသဖြင့် ထိုနေ့တွင် ရန်သူမှ လေယာဉ်(၃)စီးဖြင့် လာရောက်ပစ်ခတ်သောကြောင့် တောင်ပေါ်သို့ တက်ပြေး ခဲ့ကြရသည်။ မင်္ဂလာပွဲအပြီး ၁၉၆၃ ခုနှစ်၊ မန်းဘဇန်နှင့် ဟန်တာသာမွေးတို့ ကွဲခဲ့ပြီး နောက် ဟန်တာသာမွေးတို့အဖွဲ့သည် မြို့ထဲသို့ ပြန်ဆင်းသွားသည့်တိုင်၊ ရာထာ၌ ကျန်ရစ်သူများလည်း ရှိသေးသည်။ ကော်ဖီလုပ်ငန်းအတွက် သင်တန်းပို့ထားသော ဒယ်နီယယ်၊ ပီတာတို့အပြင် နော်ယိုးယိုးတို့ လင်မယားလည်း ကျန်နေခဲ့သည်။ ဟန်တာ သာမွေး မြို့ပေါ်တက်ပြီးနောက် “ခေးပူ” အား ပြန်လည်တိုက်ခိုက်ရာတွင် ဗိုလ်ဝင်း ဦးစီးသော စစ်ကြောင်းသည်“ရာထာ” သို့ ချီတက်လာပြီး ဗိုလ်မြသောင်း၊ နော်ယိုးယိုးတို့ လင်မယားအပြင် ကျန်နေသူ အားလုံးကို ခေါ်ဆောင်သွားကြသည်။ ဗိုလ်ဝင်းတပ်ဖွဲ့ အပြန်ခရီးတွင်“နောင်ရိုးထာ” ဝန်းကျင်၌ ရှောင်ပုန်းနေသော အုန်းဖေညွှန့်နှင့် အခြားသူ များကို ဖမ်းဆီးကာ ညှဉ်းဆဲ သတ်ဖြတ်ခဲ့ကြပြီး၊ ကော်ကဆာ၏ အဖွဲ့သားများကို ယာယီ စခန်းဖြစ်သော ကျောက်ကြီးမြို့ “ဘောကထာ”စခန်းသို့ ပြန်ခေါ်လာခဲ့သည်။ နောက်ပိုင်း တပ်မဟာ(၃) နယ်မြေတွင် အခြေခံသော K.N.U.P. မှ ဗိုလ်မှူးကျော့နှင့် ရှမ်းအဖွဲ့တို့မှ ကော်ကဆာတို့အဖွဲ့အား သွားရောက်ပစ်ခတ်ခဲ့ရာ ဗိုလ်မြသောင်းလည်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကျဆုံးခဲ့ ရသည်။ နောက်များ မကြာမီတွင် နော်ယိုးယိုးသည် စောစေးဝါးနှင့် ပြန်၍ အိမ်ထောင်ပြုခဲ့သည်။ စောစေးဝါးမှာ ဟန်တာသာမွေး ကျောင်းထားပေးခဲ့သူ တဦး ဖြစ်ပြီး ဗိုလ်မြ၏ အင်္ဂလိပ်စာပြ ဆရာတဦးလည်းဖြစ်သည်။ ဗိုလ်မြပေးပို့လိုက်သော စာကို ဟန်တာသာမွေးထံ ပို့ဆောင် ပေးခဲ့ပြီး အဖွဲ့ကွဲသောအခါ ဟန်တာသာမွေး တို့နှင့်အတူ ပါသွားသူ ဖြစ်သည်။

ဗိုလ်ကြီးဒေါနယ်နှင့် ပတ်သက်၍ အမှတ်ရစရာတခ့ျိုလည်း ရှိသည်။ ဗိုလ်ဒေါနယ်မှာ ပွတ်ချောင်းရွာဇာတိ ဖြစ်သည်။ ပန်းတနော်မြို့နယ်၊ စံကျရွာနှင့်လည်း နီးသည်။ ဗိုလ်ချုပ်ကျော်မြသန်း မြစ်ဝကျွန်းပေါ်တွင် စည်းရုံးပြီး နယ်မြေများကို အုပ်ချုပ်ရေး ချမှတ် သော အချိန်တွင် တဗိုလ်တမင်းများ ဖြစ်နေသော၊ တပ်မဟာမှူးများကို တွေ့ဆုံရာတွင် ဗိုလ်ညိုတဦးလည်း ပါဝင်သည်။ ဗိုလ်ညိုသည် တပ်မဟာမှူး တယောက်ဖြစ်ပြီး စံကျ ကျေးရွာကြီးတွင် ဌာနချုပ်စခန်း ပြုလုပ်ထားသည်။ နောက်ပိုင်းတွင် ရန်သူ့ ထိုးစစ်ကြောင့် စံကျ ကျေးရွာမှာ မီးလောင် ပျက်စီး သွားခဲ့ရသည်။ ရန်သူနှင့် ငြိမ်းချမ်းရေး ရယူထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးသည် ဗိုလ်ညိုအား ခတ္တိယတွင် လာရောက်တွေ့ဆုံရန် စာရေးပို့သဖြင့်၊ ဗိုလ်ညိုနှင့် သူ၏ ရဲဘော်တခ့ျိုု လာရောက်တွေ့ဆုံစဉ် “ပွတ်ချောင်း”ရွာ၌ စောသိုးမား၊ စံစီဖိုး၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ကြရသည်။ ဗိုလ်ချုပ်ကော်ထူး၏ စည်းရုံးရေးခရီးစဉ်တွင် ဗိုလ်သိန်းလွင် အတူ လိုက်ပါခဲ့ရသည်။ ပန်းတနော်မြို့နယ် ဓနော် ဆင်ခေါင်းရွာ အစည်းအဝေးတွင် တပ်မဟာမှူး ဗိုလ်ထွန်းနေ၊ မန်းကော်စေး (မန်းညွန့်လွင်)၊ တပ်ရင်းမှူး ဗိုလ်ဒေါင်း၊ ဗိုလ်ကြီးအက်စ်သိန်းတို့ကို တွေ့ခဲ့ရသည်။ ဟောပြောပွဲနှင့် စည်းရုံးရေးနှင့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြသည်။ ထိုအချိန်တွင် စောမျိုးသွေးနှင့် တွေ့ဆုံခဲ့ရပြီး ဆင်ခေါင်းရွာနှင့် တဆက်တည်းရှိသော ကျေးရွာ တရွာတွင် စောမျိုးသွေး၏ ပထမဦးဆုံး ဇနီးနှင့် မင်္ဂလာဆောင်သည့် ပွဲသို့ ဗိုလ်သိန်းလွင်တို့ တက်ခဲ့ရသည်။ ဗိုလ်ကြီးအက်စ်သိန်းသည် အင်္ဂလိပ်တပ်၊ ကရင် တပ်ရင်း(၁)တွင် ဗိုလ်ကြီးစောဦး၊ ဗိုလ်ချုပ်မင်းမောင်တို့နှင့်အတူ အမှုထမ်းခဲ့သူများ ဖြစ်သည်။ ဗိုလ်ကြီး စောဦးမှာ ဒိုက်ဦးတိုက်ပွဲတွင် ကျဆုံးခဲ့သည်။ တပ်ရင်းမှူးမှာ ဗိုလ်မှူးဒေါင်းဖြစ်ပြီး ဗိုလ်ချုပ်ကော်ထူး၏ ပထမ ဇနီးသည် ဒေါ်နန်းရှင်၏ တပည့် ဖြစ်ခဲ့ဖူးသည်။ ရန်သူသည် ဆင်ခေါင်းရွာသို့ ရုတ်တရက် ဝင်ရောက်လာရာတွင် ဆရာမနန်းရှင်သည် ရွာထဲတွင် ပိတ်မိနေသောကြောင့် ဗိုလ်ဒေါင်းမှ စိတ်မချသဖြင့် ရွာထဲသို့ လိုက်သွားရာ၊ ရွာအနီးတွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကင်းချထားသော ရန်သူ၏ ကင်းပုန်းမှ ဖမ်းဆီးရမိသွားပြီး သူ့ကို သတ်ပစ်ခဲ့သည်။ ဤသည်မှာ ဗိုလ်သိန်းလွင်၏ ပထမ စည်းရုံးရေးခရီးစဉ်တွင် တွေ့ဆုံခဲ့ရသော ဖြစ်စဉ်အခ့ျိုသာ ဖြစ်သည်။ စောဘဦးကြီး၏ ဇနီးငယ် တဦးမှာလည်း ဆင်ခေါင်းရွာသူ တဦးဖြစ်ပြီး ထိုစဉ်က သူ၏သမီးမှာ အသက်ငယ်ငယ်သာ ရှိသေးသည်။

ထိုဒေသဖြစ်စဉ်တွင် ဗိုလ်ကြီးဒေါနယ်၏ "ပွတ်ချောင်း"ရွာကလေးတွင်လည်း အမှတ်တရ တခုဖြစ်ခဲ့သည်။ ဗိုလ်ကြီးဒေါနယ်သည် (၁၀)တန်းအောင် ခဲ့ပြီးနောက် ဗိုလ်ချုပ်ကော်ထူး တပ်နှင့်အတူ အရှေ့တိုင်းသို့ ပါလာသူလည်း ဖြစ်သည်။ အချက်ပြ ဆက်သွယ်ရေးနည်းပြဆရာတဦးဖြစ်သည့်အပြင် စက်များကိုလည်း ပြင်ဆင်နိုင်သည်။ မြစ်ဝကျွန်းပေါ်၌ ရှိစဉ်ကတည်းက ဟန်တာသာမွေး၏ ဆက်သွယ်ရေး စက်ကြီးကို ပြင်ဆင်ပေးခဲ့ရသူ ဖြစ်သည်။ ထိုစဉ်က နိုင်တီး(င်း) စက်ကြီးများကို အသုံးပြုရာတွင် ဘက်ထရီအိုးကြီးများနှင့် တွဲသုံးကြရသည်။ ထို ဘက်ထရီအိုးကြီးများအား အားပြန်သွင်း ရာတွင် ခြေနင်း ချိန်းကြိုးကို လူအားဖြင့်နင်း၍ ဒိုင်နမိုကို အားသွင်းကြသည်။ ဗိုလ်သိန်းလွင် လှေဆွဲ၌ ရှိနေစဉ်က ဟန်တာသာမွေး စက်နားထောင်ရန်အတွက် မကြာခဏဆိုသလို သွားရောက် အကူအညီ ပေးခဲ့ရသည်။ နောက်ပိုင်းတွင် ဗိုလ်ကြီးဒေါနယ်သည် ဗိုလ်ချုပ် ကော်ထူးနှင့်အတူ အရှေ့တိုင်းသို့ လိုက်ပါလာခဲ့ပြီး အရှေ့တိုင်းတွင် ဗိုလ်ချုပ်ကော်ထူး၏ လူရင်း ဖြစ်လာသကဲ့သို့ ဟန်တာသာမွေး၏ လူယုံလည်း ဖြစ်သဖြင့် စခန်း (၂)ခုစလုံး အတွက် များစွာ အထောက်အကူဖြစ်ခဲ့ရသည်။

အရှေ့တိုင်းတွင် ဗိုလ်ချုပ်ကော်ထူးသည် "စေးဘောပဲ" "ဘောသူး"၌ စခန်းချ နေစဉ်၊ ဟန်တာသာမွေးရောက်လာပြီး သဘောကျသဖြင့် "ပိုထာ"တွင် စခန်းချလေ တော့သည်။ ပိုထာတွင် ရေတံခွန် အသေးလေးလည်းရှိ၍ သာယာလှ သဖြင့် စခန်းအတွက် ရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် ဗိုလ်ဒေါနယ်အား ဟန်တာသာမွေးမှ ခေါ်လိုက်သည်။ ဗိုလ်ဒေါနယ်နှင့် သူ့ရဲဘော် သုံး လေးယောက်သည် သစ်တုံးများကိုစီ၍ ချောင်းကို ပိတ်ကာ ရေကာတာငယ်လေးကို အရင်ဆောက် လုပ်သည်။ ရေများကို ထိန်းထားပြီး လျှံတက်လာသော ရေများကို ရေဆင်းကောင်းအောင် စီမံပြီး ထိုရေအဟုန်ဖြင့် ဒိုင်နမို စက်တလုံးကို လည်စေကာ လိုအပ်သော လျှပ်စစ်ဓါတ်အားကို ထုတ်ပေးလေသည်။ ထိုဒိုင်နမို စက်မှတဆင့် ဓါတ်ကြိုးများ သွယ်တန်းကာ ရုံးသုံးရန်အပြင် ကျောင်းသားများ ညအချိန် စာဖတ်နိုင်ရေးအတွက် ဆက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သွယ်ပေးခဲ့သည်။ စောသိန်းလွင် “ပိုထာ”၌ ကျောင်းတက်နေစဉ်ကတည်းက ဗိုလ်ကြီးဒေါနယ်နှင့် ရင်းနှီးခဲ့သဖြင့် လျှပ်စစ်မီးကို မိမိခြင်ထောင်ထဲအထိ ဆက်သွယ်ပေးခဲ့သည်။ ကျောင်းအုပ်ကြီး ဆရာစကောလယ်တော ကလည်း ရေကျသော နေရာများတွင် “ယင်း”များ ပြုလုပ်ပြီး ချောင်းတလျောက် “ယင်း” များ ချထားရာ အိမ်နားအထိတိုင် ရောက်သည်။ ထို “ယင်း”ရှည်ကြီးမှ ရသော ငါးများကို နေ့စဉ် ဖမ်းဆီးရာ ကျောင်းဆရာများနှင့် ကျောင်းသားများမှာ ငါးကို ဝဝလင်လင် စားခဲ့ ကြရသည်။ ပညာအရည်အချင်း ထူးချွန်သော်လည်း ကျန်းမာရေး မကောင်းသဖြင့် ငယ် ရည်းစားဖြစ်သူ ဟန်တာသာမွေး၏ သမီးနှင့် အိမ်ထောင်ပြုခွင့် မရလိုက်သည့်အပြင် မမျှော်လင့်ဘဲ အသက်ပါ ဆုံးရှုံးခဲ့ရသော ဗိုလ်ကြီးဒေါနယ်ကိုမူ ဗိုလ်သိန်းလွင် အလွန် အမှတ်ရမိလေသည်။

၁၉၆၃ ခုနှစ်၊ မေလ “ကဆောဝါး”ညီလာခံအပြီး ဗိုလ်သိန်းလွင်လည်း “ပေါ်ဝါးဒဲ” ရွာသူ နော်ဝေဖိုးနှင့် အိမ်ထောင်ပြုခဲ့လေသည်။ ဗိုလ်သိန်းလွင်မှာ အသက်(၂၆)နှစ် ရှိပြီဖြစ်၍ အိမ်ထောင်ပြုသင့်သည့် အရွယ်လည်းဖြစ်သည်။ ထိုစဉ်က ဇနီးသည်မှာ (၁၆)နှစ်မျှသာ ရှိသေးသည်။ ခရစ်ယာန် မိသားစုမှ ပေါက်ဖွားလာသူတဦးဖြစ်ပြီး၊ သိထားရသည်မှာ အသက်ငယ်ရွယ်သေးသော်လည်း လူမှုရေးအသိ ပြည့်စုံသူ တဦးဖြစ်သည်ဟု ဗိုလ်သိန်းလွင် နားလည်ထားသည်။ အိမ်ထောင်ပြုလိုက်သည့်အတွက် သူ၏ တော်လှန်ရေးလုပ်ငန်းကို ထိခိုက်စရာ နှောင့်နှေးစရာ အကြောင်းမရှိခဲ့။ ရိုးသားသော ခရစ်ယာန်မိသားစုဝင် ဖြစ်သည့်အပြင် စား ဝတ် နေ ရေး အတွက် အလုပ်နှင့်လက် မပြတ်တမ်း ရုန်းကန်တတ် သောသူလည်းဖြစ်သည်။ သူတို့ တွေ့ဆုံခဲ့ခြင်းမှာလည်း ဗိုလ်ချုပ်ကော်ထူး စစ်ဦးစီး ဌာနချုပ်ကို “ပေါ်ဝါးဒဲ” အနီး စခန်းချသော အချိန်ကာလအတွင်း ဆုံတွေ့ခဲ့ ကြသည်။ “ပေါ်ဝါးဒဲ” “ယိုးဖိုးလော” “ပယ်ခီးဒဲ”ရွာစဉ်များသည် မိသားစု တစု တည်းမှ ပေါက်ဖွားခဲ့သော ရွာ(၃)ရွာ ဖြစ်သည်။ တရွာနှင့် တရွာ နှစ်နာရီကျော် ခရီးခန့်သာ ရှိသည်။ “ပေါ်ဝါးဒဲ”ရွာသည် “ဒွယ်လိုး”မြို့နယ်၊ “မယ်သူးခီး” ကျေးရွာ အုပ်စုတွင် ပါဝင်ပြီး “ပယ်ခီးဒဲ”မှာ “လူသော”မြို့နယ်၊ “ဃဲပါ”ကျေးရွာ အုပ်စုတွင် ပါဝင်သည်။ “ယိုးဖိုးလော” ရွာမှာ “ဒွဲလိုး”မြို့နယ်နှင့် “လူသော”မြို့နယ်စပ်ကြား တွင်ရှိသည်။ အစဉ်လိုက် ဖော်ပြ ရလျှင် “ပယ်ခီးဒဲ”သည် နော်ဝေဖိုး၏ ဘိုးဘွားစဉ်ဆက် တို့ စတည်ခဲ့သောရွာပင်ဖြစ်သည်။ တောင်ယာများ ခုတ်ထွင်ပြီး ရေရှည် နေထိုင် နိုင်ရေးအတွက် ဖာလာ ပင်များကိုလည်း စိုက်ပျိုးထားကြသည်။ ဖာလာပင်များမှာ အမြစ်ခိုင်ပြီး မျိုးပွားမြန်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သဖြင့် ဖာလာစေ့များကို ရောင်းချခြင်း အားဖြင့် ဝင်ငွေ အလုံအလောက် ရရှိကြသည်။ ဖာလာပင်များသာမကဘဲ ဒညင်းပင်များကိုပါ စိုက်ထားသဖြင့် ရေရှည် ဝင်ငွေ ရရှိလေသည်။ ဒညင်းမှာ တတင်းလျှင် (၅၀)ကျပ်အထိ ရောင်းချနိုင်သကဲ့သို့၊ အပင်များ မြင့်လွန်း၍ ခုတ်ဖြတ်ခဲ့လျှင်လည်း အငုတ်မှ အပင်ပြန်ဖြစ်ကာ အသီးပြန်သီးကြသည်။ ထို့ကြောင့် ဒညင်းနှင့် ဖာလာစေ့တို့မှာ ဝင်ငွေကောင်းသော ရေရှည်သီးပင်များ ဖြစ်သည်။ နော်ဝေဖိုး၏ အဖိုးအဖွားများသည် ထိုဒေသတွင် အခြေစိုက်ပြီး မျိုးဆက်များ ဆင့်ပွားလာခဲ့ရာမှ “ပယ်ခီးဒဲ” “ယိုးဖိုးလော” “ပေါ်ဝါးဒဲ”ဟူ၍ ကျေးရွာအုပ်စုကလေး တခု ဖြစ်ပေါ်လာခဲ့သည်။

ထိုရွာ (၃)ရွာတွင် ကျေးရွာအုပ်စုချင်း မတူရခြင်းမှာ မြို့နယ်၊ ကျေးရွာ အုပ်စုတွင် စပါး အခွန် ကောက်ခံမှုအပေါ်၌ တည်နေသည်။ စပါးများကို တင်းထွက်နှုန်းအပေါ် တင်း စနစ်ဖြင့် ကောက်ယူရာ နီးစပ်ရာ မြို့နယ်သို့ အခွန်ကို ပေးသွင်းနိုင်ရန် ဖွဲ့စည်း ပေးထားခြင်း ဖြစ်သည်။ ဤသည်မှာ ဒေသအုပ်ချုပ်ရေး စနစ်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ “ဃဲပါ”နှင့်နီးလျှင် “ဃဲပါ”သို့ ပေးသွင်းရပြီး၊ “ပယ်သူခီး”နှင့် နီးလျှင် “ပယ်သူခီး”ဘက်သို့ ပေးသွင်းရသည်။ အခွန် စပါးအတွက် (၁)တင်းကျ၊ တောင်ယာစပါးတွင် စပါး(၁)ပုံး၊ (၂)တင်းကျ တောင်ယာတွင် စပါး(၂)ပုံး စသည်ဖြင့် သတ်မှတ်ပေးထားလေသည်။ တောင်ယာခုတ်ရင်း အခြေတကျ နေထိုင်နိုင်လောက်သော ဝင်ငွေများရှိလာခြင်းနှင့် လူဦးရေများလာသဖြင့် နယ်မြေများ တိုးခဲ့ လာခဲ့ရာမှ ရွာ(၃)ရွာ ခဲ့ဖြစ်လာခြင်းဖြစ်သည်။

ဗိုလ်သိန်းလွင်၏ မင်္ဂလာပွဲကို ခရစ်ယာန်တို့၏ အစဉ်အလာအရ သိက္ခာတော်ရ ဆရာတော် တဦးက ထိမ်းမြားပေးခဲ့သည်။ အခန်းအနား အပြင်အဆင်နှင့် ကုန်ကျစရိတ် ကိုမူ ဗိုလ်ကြီးမြစိန်မှ စီစဉ်ပေးသည်။ သတို့သမီးအတွက် လက်ထပ် လက်စွပ်ကို ဗိုလ် သိန်းလွင် ကိုယ်တိုင် “ကဆောဝါး”ညီလာခံ ကာလအတွင်းမှာပင် ရွှေကျင်မြို့ပေါ်သို့ တက်၍ ဝယ်ယူခဲ့သည်။ ဗိုလ်ကြီးမြစိန်နှင့် ဗိုလ်သိန်းလွင်တို့မှာ ညီလာခံတွင် လေ့လာသူ အဆင့်ဖြင့်သာ တက်ရောက်သူများဖြစ်ကြသဖြင့် သူတို့အတွက် စည်းကမ်းတင်းကြပ်ခြင်း မရှိပေ။ ဗိုလ်သိန်းလွင်၏ မင်္ဂလာပွဲသို့ စစ်ဦးစီး ဌာနချုပ်မှ ခေါင်းဆောင်များနှင့် အပေါင်း အသင်းများမှလည်း တက်ရောက် အား ပေးခဲ့ကြသဖြင့် မင်္ဂလာရှိစွာ စည်ကားခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခေးပူး စခန်းသစ်

၁၉၆၁ ခုနှစ် အောင်မော်အေးထိုးစစ်ကြီးနောက်ပိုင်း၊ စစ်ဦးစီး ဌာနချုပ် စခန်းကို၊ `ပေါ်ဝါးဒဲ´ရွာ အနီးအနားတွင် စခန်းကို ပြောင်းရွှေ့ထားလေသည်။ ထိုစခန်း၌ပင် ပေါ်ဝါးဒဲ ရွာသူနော်ဝေမူးနှင့် ဆုံဆည်းခဲ့ကြသည်။ ၁၉၆၃ ခုနှစ် ကဆောဝါးညီလာခံ ကျင်းပပြီးစီး သောနှစ်မှာပင် စောသိန်းလွင် နှင့် နော်ဝေမူးတို့ မင်္ဂလာဆောင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဗိုလ်ချုပ်ကော်ထူးက စစ်ဦးစီးဌာနချုပ် စခန်းကို ခေးပူးသို့ ပြန်လည် ပြောင်းရွှေ့ထားသည်။ ခေးပူး စခန်းသစ်သည် လူသောမြို့နယ်တွင် ရှိသည်။ ခေးပူး တောင်ကြောမှ ဆင်းလာသည် နှင့် တောင်ခြေ တနေရာတွင် ဒေါက်တာဘာထရန်၏ စခန်းတခု ရှိသည်။ ထိုစခန်းကို ဒေါက်တာဘာထရန်က ဆေးသင်တန်းကျောင်း ဖွင့်လှစ်ခဲ့သည်။ ဒေါက်တာဘာထရန် သင် တန်းစခန်းတွင် အဆောက်အဦးများ အကောင်းပကတိ ရှိနေသည်။ စစ်ဦးစီး ဌာနချုပ် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်က ထိုနေရာကို စစ်ဦးစီးဌာနရုံးအဖြစ် ရွေးချယ်လိုက်သည်။ ဝါးတောနှင့်လည်း နီးသည်။ ပြင်ဆင်စရာကိစ္စများအတွက် ဝါးများကို အလွယ်တကူ ရယူ နိုင်သည်။ ဗိုလ်ချုပ်ကော်ထူးနှင့် စောသိန်းလွင်တို့ လင်မယား စုံတွဲက၊ ယွန်းစလင်း ချောင်းဖျား ထဲသို့ စီးဝင်လာသော၊ ခူလါဒဲ ချောင်းတနေရာကို ရွေးလိုက်သည်။ နေရာ အတိအကျဆိုရလျှင် ခူလာဒဲ ချောင်းအထက်ပိုင်းသို့ အနည်းငယ် ဆန်တက်ပြီး၊ အနောက် ဘက်ကမ်းတွင် တဲနှစ်လုံး ဆောက်ရာ ဗိုလ်ချုပ်ကော်ထူးနှင့် ဇနီး နော်ဗျူးလာက တဲတလုံး၊ စောသိန်းလွင်နှင့် နော်ဝေဖိုး တို့ကလည်း တဲတလုံး ဖြစ်သည်။ ထိုနေရာမှ ခူလာဒဲချောင်းကို အနည်းငယ် ဆန်တက်ပြီး၊ ချောင်းအရှေ့ဘက်ကမ်းတွင် ပါတီဥက္ကဋ္ဌ မန်းဘဇန်၊ ဗိုလ်သန်းအောင်၊ စကောဆိုင်းမွန်နှင့် မန်းဘဇန်၏ တပည့်ဖြစ်သူ စောသံချောင်း တို့က ပါတီဌာနချုပ်စခန်းကို တည်ဆောက်လေသည်။ ဥက္ကဋ္ဌ မန်းဘဇန်၏ စခန်းမှ အထက်သို့ အနည်းငယ် ဆန်တက်လျှင် ချောင်းအရှေ့ဘက်ကမ်း၌ပင် ပါတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်ကျင်ဖေနှင့် သူ၏ ရုံးအဖွဲ့ဝင်များက စခန်းတခု တည်ထား ကြသည်။ “ခေးပူး စခန်းသစ်ကို ခေးပူး စစ်ရေး နိုင်ငံရေး ဌာနချုပ်” ဟူ၍ ခေါ်ကြသည်။

ဟန်တာသာမွေးနှင့် ဝေသောတို့ ဦးစီးသော၊ ကေအာရ်စီ (ကရင် တော်လှန်ရေးကောင်စီ)သည် ၁၉၆၃ ခု၊ ဧပြီလ (၂၀)ရက်နေ့တွင် ကဆောဝါးညီလာခံမှ ခွဲထွက်ပြီး နောက်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၃ ခု ဇွန်လ (၁၀)ရက်နေ့ ရက်စွဲဖြင့် နေဝင်း စစ်အစိုးရ၏ ပြည်တွင်း အပစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို လက်ခံပြီး သီးခြား တွေ့ဆုံ ခဲ့ကြသည်။ ထို့နောက် ၁၉၆၄ ခုနှစ်၊ မတ်လတွင် နေဝင်း စစ် အုပ်စုနှင့် ပူးပေါင်းလိုက် သည်။ နေဝင်း စစ် အစိုးရသည် ကေအဲန်ယူပါတီအပြင် (မဒညတ) အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက် နေ့တွင်ပင် ဖျက်သိမ်း လိုက်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခေးပူး ဗဟိုစခန်းကို တိုက်ခိုက်ခြင်း

ဇန္နဝါရီလကုန်ဖြစ်သဖြင့် ခေးပူးတောင်ခြေတဝိုက်၊ နှင်းကို ခြုံလျက် အအေး ပိုသော ရာသီ ချမ်းအေးသော ကာလဟု ပြောရမည်ဖြစ်သည်။ ဆောင်း နှောင်းရာသီ အေးပင် အေးသော်ငြားလည်း ညမိုးချုပ်သည်နှင့် ဌာနချုပ် ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်၏ ရုံးအဖွဲ့သား များသည် ခါတိုင်းကဲ့သို့ပင် ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်သိန်းလွင်တို့၏ တဲစခန်းသို့ ကူးလာ ကြပြီး စကားစမြည် ပြောကြသည်။ နိုင်ငံရေး၊ စစ်ရေးကိစ္စများ၊ ထွေရာလေးပါးကအစ၊ ဗိုလ်ချုပ်ကော်ထူးကို မေးမြန်းကြသည်။ ဗိုလ်ကြီးမြစိန်တို့ အဖွဲ့သား များတွင် `ဗိုလ်တေ ´လည်းပါသည်။ ဗိုလ်တေသည် ထောင်မှ လွတ်လာသည်မှာ (၁)လ ကျော်ကျော်မျှသာ ရှိသေး သည်။ ၁၉၅၂ ခုနှစ် ဝက်လှလေးဘူတာ၌ ပြည်-ရန်ကုန် ရထားလမ်းကို တိုက်ခိုက်ခဲ့စဉ်က တပ်ပြန်ဆုတ်ရာတွင် ရန်သူ၏ ပိတ်ဆို့ တိုက်ခိုက် မှုကြောင့် ဗိုလ်တေဒဏ်ရာရပြီး၊ သတိလစ် ကျန်ခဲ့ရာ နောက်ပိုင်း ရန်သူမှ နယ်မြေ ရှင်းလင်းစဉ် ရှာဖွေတွေ့ရှိ၍ အဖမ်းခံခဲ့ရပြီး၊ ထောင် (၁၀)နှစ် ကျော်ကျခဲ့သူဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ နေဝင်း အစိုးရနှင့် တောတွင်း လက်နက်ကိုင် အဖွဲ့များ၏ အပစ်အခတ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဆွေးနွေးပွဲကာလတွင် လွတ်ငြိမ်းချမ်းသာခွင့်ရရှိကာ ထောင်မှ လွတ်သည်နှင့် ဗိုလ်ချုပ်ကော်ထူး ထံသို့ ပြန်လာခဲ့သူ ဖြစ်သည်။ ဗိုလ်တေကို ဘရင်းဂန်း ဗိုလ်တေဟုလည်း ခေါ်သည်။ ဘရင်းဂန်းကို ကိုင်တွယ် ပစ်ခတ်ရာတွင် ကျွမ်းကျင်သည်။ မြစ်ဝကျွန်းပေါ်ဒေသ ဇာတိဖြစ်ပြီး ပိုးကရင် အမျိုးသား တဦးလည်း ဖြစ်သည်။ ဗိုလ်ချုပ်ကော်ထူးနှင့်အတူ တပ်မဟာ(၁) ဌာနချုပ်တပ်ဖွဲ့မှ ပါလာသူ ဖြစ်သည်။ ဝက်လှလေး စစ်ဆင်ရေးတွင် ရထားကို မိုင်းခွဲရန် မိုင်းကြိုး ဆွဲသူ ဖြစ်သည်။ ဗိုလ်ချုပ် ကော်ထူးကလည်း သူ့ကို သံယောဇဉ်ရှိသည်။ ဗိုလ်တေ ပြန်ရောက် လာသဖြင့် စစ်ဦးစီး ဌာနချုပ် အဖွဲ့သားများကလည်း ဝမ်းပမ်းတသာ ကြုံဆိုခဲ့ ကြပြီးနောက် ဗဟို လုံခြုံရေး တပ်ဖွဲ့တွင် တာဝန် ပြန်လည်ပေးအပ်ခဲ့လေသည်။

ဟန်တာသာမွေးနှင့် ပဒိုဖိုးညော တပ်ဖွဲ့များက စစ်ဦးစီးဌာနချုပ်ကို ပြန်လည် တိုက်ခိုက်မည့် ညတွင် ဗိုလ်တေနှင့် ရဲဘော် လေး ငါး ယောက် လာရောက် လည်ပတ် ကြ သည်။ ထိုညတွင် ထုံးစံအတိုင်း မီးလှုံရန်ထင်းခြောင်းအခဲ့ျိုကို ခြောင်းစပ်တွင် ရှာဖွေ ခဲ့ကြ သည်။ ထင်းခြောင်းများကို တခြောင်းပြီး တခြောင်း မီးကူးရာတွင် ထင်းစ တစထဲမှ ငါးတ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကောင် ထွက်လာသည်။ အမှန်တော့ သစ် အခေါင်းများထဲတွင် ငါးက ဝင်အောင်း နေတတ်သည်။ ရဲဘော်လေးများက “ထူးဆန်းတယ်ဟေ့ ဘယ်လို အဓိပ္ပါယ်လဲမသိဘူး”ဟု အချင်းချင်း ပြောဆိုကာ ထိုငါးကို မီးကင်နေကြသည်။ ဗိုလ်တေက ငါးကို ကျက်လောက်သည်နှင့် မီးထဲမှ ဆယ်ပြီး စားလိုက်သည်။ ရဲဘော်များက ဗိုလ်ချုပ်နှင့် စကားစမြည် ပြောကြမေးကြ မြန်းကြပြီး ညဉ့်နက်ချိန်တွင်မှ ပြန်ကြလေသည်။

နံနက် လေးနာရီ ကျော်လောက်တွင် ဗိုလ်ချုပ်ကော်ထူးမှာ ထုံးစံအတိုင်း နိုးလေ့ ရှိသည်။ သူနိုးသည်နှင့် သေနတ်သံကြားလိုက်သဖြင့် အသေအချာ နားထောင်ရန် အိမ်အောက် သို့ဆင်းကာ အသံလာရာကို အကဲခတ်လေသည်။ ဗိုလ်သိန်းလွင်သည် ထိုအချိန်တွင် နိုးလေ့ရှိသော်လည်း ရာသီဥတု အေးသောကြောင့် စောင်ကို ခေါင်းဖုံး ခြုံထားသဖြင့် ဗိုလ်သိန်းလွင် မကြားလိုက်။ သေနတ်သံများသည် မိနစ်ပိုင်းအတွင်း အနီး အနားမှ ဝိုင်းဝန်း ပစ်ခတ်သံများ ထွက်လာသဖြင့် ဗိုလ်ချုပ်ကော်ထူးလည်း အကာ အကွယ်ယူရန် ချောင်းစပ်သို့ အလျင်အမြန် ပင် ဆင်းသွားသည်။ ထိုအခါမှ ဗိုလ်သိန်းလွင် လည်း ရုတ်ကနဲထပြီး ဇနီးဖြစ်သူအား ဆွဲထူကာ ချောင်းတဘက်ကမ်းသို့ ပြေးရန် ပြောလေသည်။ သူကိုယ်တိုင်မှာမူ သူ၏ ကာဘိုင်သေနတ်နှင့် ကျည်ကပ်များကို အလျင် အမြန် ဆွဲယူလိုက်သည်။ ထို့နောက် ဗိုလ်ချုပ်ကော်ထူးနှင့် သူ၏ ဇနီးသည်နောက်သို့ တဟုန်ထိုး ပြေးဆင်း သွားလေသည်။ “ခူလာဒဲ” ချောင်းသည် ချောက်သွေ့ကာလ ဖြစ်သဖြင့် ချောင်းရေမှာ ခြေသလုံးလောက်သာရှိသည်။ ချောင်းစပ်တွင် ဗိုလ်ချုပ် ကော်ထူးနှင့် ဆုံသည်။ ထိုအခါ ဗိုလ်ချုပ်က သူ့ဇနီးသည် နော်ဗျူးလာမှာ တဲထဲတွင် ကျန်ခဲ့ကြောင်း သိန်းလွင်ကို ပြောလိုက်သည်။ သိန်းလွင်ကလည်း ချက်ချင်းပင် တဲဆီသို့ လှည့်ပြီး ခေါ်ယူရန် ပြင်လိုက်သည်။ ဗိုလ်ချုပ်ကော်ထူးက သိန်းလွင်ကို “ဖြစ်ပါ့မလား”ဟု လှမ်းမေးလိုက်သည်။ သိန်းလွင် ဘာမျှ ပြန်မပြော။ အလျင်အမြန်ပင် ချောင်းထဲသို့ ဆင်း လိုက်သည်။ ချောင်းကူးစဉ် လူရိပ်တခု ပေါ်လာသည်။ စကားသံလည်း တချိန်တည်း ထွက်ပေါ်လာသည်။ “ငါပဲဟေ့ လူမှားမယ်” ဆိုသော ဗိုလ်မှူးလှထွန်းအသံ ကြားရသည်။ သူကိုယ်တိုင် မှောင်ရိပ်ထဲမှ ထွက်မလာသေးပါ။ နောက်မှ အလျင်အမြန်ထွက်လာပြီး ဗိုလ်ချုပ်ကို မေးသည်။ ဗိုလ်သိန်းလွင်လည်း သူ့လက်ကို ဆွဲပြီး၊ ဗိုလ်ချုပ်ကော်ထူးနှင့် သူ၏ဇနီး နော်ဝေမူး စောင့်နေသော စုရပ်သို့ အမြန် ပို့လိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်မှူးလှထွန်းကိုပို့ပြီး၊ ချက်ချင်းပင် ချောင်းပြန်ကူးလိုက်သည်။ တဲဆီသို့ ချက်ချင်း မသွားသေးဘဲ၊ သစ်ပင်တပင်ကို အကာအကွယ်ပြုရန် ချဉ်းကပ်လိုက်သည်။ သစ်ပင်ခြေရင်းတွင် ဝမ်းလျား မှောက်နေရာယူထားသော ရန်သူစစ်သား အခ့ျိုကို ခြေဖြင့် နင်းမိသည်။ သူတို့ကလည်း ကိုယ့်လူထင်ပြီး အမေးအစမ်း မလုပ်ကြ။ ဗိုလ်သိန်းလွင်လည်း အခြေအနေကို အကဲခတ်ပြီး တဲဆီသို့ တဟုန်ထိုး ပြေးပြီး၊ တဲအောက်၌ ဝမ်းလျားမှောက် နေလိုက်သည်။ တဲပေါ်မှ ငိုသံ ကြားလိုက် ရသည်။ ဗိုလ်သိန်းလွင်ကလည်း အသံကို ချုပ်ပြီး၊ "နော်ဗျူးလာ" ကို ခေါ်လိုက် သည်။ "နော်ဗျူးလာ"က စောသိန်းလွင် အသံကို မှတ်မိသဖြင့် ကဗျာကယာ ပြေးဆင်းလာပြီး ချောင်းဘက်သို့ ပြေးဆင်းသွားလေသည်။ ဗိုလ်သိန်းလွင်ကလည်း ထိုအခါမှ မိမိကာဘိုင်ကို အော်တိုဖွင့်ကာ ပစ်ခတ်ရင်း ချောင်း ထဲသို့ ပြေးဆင်း လိုက်လေသည်။ ဗိုလ်သိန်းလွင်၏ လှုပ်ရှားမှုသည် လျင်မြန်ပြီး လုံလုံ ခြုံခြုံနှင့် စုရပ်သို့ ပြန်ရောက်နိုင်ခဲ့ကြသည်။ ဗဟိုဌာနချုပ် ပတ်ဝန်းကျင် တခုလုံးတွင်လည်း သေနတ်သံများ ဆူညံနေတော့သည်။ ထို့နောက် စုရပ်မှ အလျင်အမြန်ပင် ဆုတ်ခွာ ခဲ့ကြသည်။

မနက်မိုးလင်းသောအခါ ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်သိန်းလွင်တို့သည်၊ သူတို့၏ ဇနီးသည်များ နှင့်အတူ `ခူလာဒဲ´ချောင်းအနီး ရွာတရွာသို့ ရောက်လာသည်။ ထိုရွာလေး ၌ပင် ပါတီ ဌာနချုပ်ရုံးမှ မန်းဘဇန်နှင့် အတူ ဗဟို အဖွဲ့များနှင့် ပြန်လည် ဆုံတွေ့ကြ လေသည်။ ပါတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်ကျင်ဖေနှင့် သူ၏ ရုံးအဖွဲ့ဝင်များက `စီဒေး´ ဘက်သို့ ဆုတ်ခွာသွားကြသည်။

`ခေးပူး´ စစ်ရေး နိုင်ငံရေး ဗဟိုဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်သော တပ်ဖွဲ့သည် ဗိုလ်လင်းထင်၏ တပ်ခွဲမှူး ဖားလူကျော်နှင့် နေဝင်း စစ်တပ်တို့ ပူးပေါင်း ထားသော တပ်ဖွဲ့ ဖြစ်သည်။ စခန်း(၃)ခု စလုံးကို ရှာဖွေ ဖျက်ဆီးရာတွင် (၂)ရက်ကြာ လေသည်။ ထို့နောက် လွတ်မြောက်သွားသော ခေါင်းဆောင်များကို စစ်ကြောင်း (၂) ကြောင်း ခွဲပြီး လိုက်လံရှာဖွေ တိုက်ခိုက်လေသည်။ ဗိုလ်ချုပ်ကော်ထူး မန်းဘဇန်စသော ဗဟိုခေါင်းဆောင်များသည် ရန်သူများကို ရှောင်ရှားရန်အတွက် လမ်းအတိုင်းသွား၍ မရတော့ပေ။ ရန်သူကလည်း ထက်ကြပ်မကွာ လိုက်လံ ရှာဖွေနေသဖြင့် နေ့ဘက်တွင် ခြုံခိုရ၍ ပုန်းအောင်းနေကြရသည်။ ည ဘက်၌သာ ခရီးသွားကြရသည်။ ဖားလူကျော် ကိုယ်တိုင် ဦးစီးပြီး ကရင်နီနယ်စပ်အထိ လိုက် လေသည်။ မန်းဘဇန် ဗိုလ်ချုပ်ကော်ထူးတို့ အဖွဲ့သည်၊ `သေဖထိ´ခေါ်သော ရွာမှတဆင့် နတ်

တောင်ကို ဖြတ်ကျော်ပြီး တပ်မဟာ (၂) နယ်မြေဖြစ်သော `ဟိုခီး´ရွာအထိ တနေကုန် ခရီးပြင်းသွားခဲ့ကြရသည်။ `ဟိုခီး´ တွင် တရက်မျှ နားခိုကြသည်။ ဗိုလ်ချုပ်ကော်ထူး၏ ဇနီးသည် နော်ဗျူးလာသည် သူမ၏ ဇာတိ ဖြစ်သော `စောသေးဒဲ´ရွာသို့ရောက်လျှင် ထိုရွာ၌ပင် သူမနှင့် အတူ ဗိုလ်သိန်းလွင် ၏ ဇနီးသည်ကို ခေါ်ထားလေသည်။ ပါတီ ဥက္ကဋ္ဌ မန်းဘဇန်၊ ဗဟို ကော်မတီ စောသန်းအောင် အရှေ့တိုင်းနှင့်ပါတီ ဗဟိုအဖွဲ့သည် တပ်မဟာ(၂)တွင်ပင် ခေတ္တ နားခိုစဉ် ပါတီဗဟိုလုံခြုံရေးကို တပ်မဟာ (၂)မှ ဗိုလ်မှူးဝမ်စိန်က တာဝန်ယူပြီး နေရာ ချထားပေးသည်။ ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်သိန်းလွင်အဖွဲ့မှာ ဖာပွန်ခရိုင် `စီးဒေး´ သို့ အလျှင်ပြန်သွားလေသည်။ ထိုအခါ ဗိုလ်မြမှ စေလွှတ်လိုက်သော တပ်ဖွဲ့များနှင့် ပူးပေါင်း ပြီး၊ ခေးပူးစခန်းကို ပြန်လည် စစ်ဆေးကြည့်ရှုလေသည်။ ဟန်တာသာမွေးနှင့် နေဝင်း တို့၏ ပူးတွဲတပ်က ဗဟိုစခန်းကို စတိုက်သည့်နေ့မှ စပြီး၊ (၂)ပတ်ကျော်ကြာပြီးမှ `ခေးပူ´ ဌာနချုပ်စခန်းကိုလည်း ပြန်လည် စစ်ဆေး နိုင်ခဲ့သည်။

ဟန်တာသာမွေးနှင့် နေဝင်းအစိုးရတပ်တို့၏ ပူးတွဲ ထိုးစစ်နှင့် ပတ်သက်ပြီး စစ်ဦးစီးဌာနချုပ်မှ ကြိုတင်၍ သတင်းရရှိထားပါသည်။ သတင်းရလျှင် ရခြင်း၊ ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်မှူးချုပ်တာအယ် (ဗိုလ်တင်ဦး)သည်၊ ဖားဝေါ်ဘက်သို့ တက်သွား ပြီး ကြိုတင် ခုခံတိုက်ခိုက်ရန် အစီအစဉ်များကို ပြင်ဆင်ထား လေသည်။ ခေးပူး ဗဟို ဌာနချုပ်စခန်းကို တိုက်မည်ဆိုလျှင် ရန်သူစစ်ကြောင်းသည် ဖားဝေါ်ဘက်မှတဆင့် ဆင်းလာရမည်ဟု ခန့်မှန်းထားသည်။ ရန်သူသည် စစ်ကြောင်း နှစ်ကြောင်းဖြင့် ထိုးစစ် ဆင်လာသည်။ ဖားဝေါ်သို့ စစ်ကြောင်း တကြောင်းနှင့် ခေးပူသို့ စစ်ကြောင်း တကြောင်း ဖြစ်သည်။ ခေးပူသို့ စစ်ဆင်သည့် စစ်ကြောင်းကို လင်းထင်၏ တပ်ခွဲမှူးဖြစ်သူ ဖားလူကျော်က ဦးဆောင်ပြီး၊ နေဝင်း စစ်တပ် နှင့် ပူးတွဲဝင်လာသည်။ ဖားဝေါ်၏ စစ်ကြောင်းကို လင်းထင်၏ ဒုတိယ တပ်ရင်းမှူး ဖြစ်သူ ဗိုလ်ဝင်းက ဦးဆောင်ပြီး စစ်ဆင် လာသည်။ ခေးပူး စစ်ကြောင်းသည် စစ်ဦးစီးဌာနချုပ် စခန်းကို ဝိုင်းဝန်း ပစ်ခတ် တိုက်ခိုက်ရာ ဌာနချုပ်ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန်အပါအဝင် ရုံးအုပ် လုံခြုံရေးတပ်ဖွဲ့မှ ရဲဘော် စုစုပေါင်း (၁၃)ဦးကျ ဆုံးခဲ့ရသည်။

ဗိုလ်ကြီးမြစိန်သည် အမှန်စင်စစ် ရင်ဘတ်ကို ကျည်ထိမှန်ခဲ့သော်လည်း လွတ် မြောက် သွားလေသည်။ သို့သော် ပြန်လည်ဖမ်းမိရာ ရန်သူမှ ပစ်သတ်ခဲ့သည်။ ဖားဝေါ်တွင် ရောက်နေသော ဖူးတာအယ် တပ်ဖွဲ့သည် ဗိုလ်ချုပ်မြ၏ စစ်ကူတပ်များဖြစ်သော ဗိုလ်ကြီးရော်နယ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်နှင့် ဗိုလ်ကြီးထွန်းကြည် တို့၏ တပ်များနှင့် ပူးပေါင်းပြီး၊ တပ်ခွဲ (၃)ခွဲဖြင့် ဗိုလ်ဝင်း၏ စစ်ကြောင်းကို တိုက်ခိုက်ရန် စောင့်နေသော်လည်း၊ ဗိုလ်ဝင်း၏ စစ်ကြောင်းမှာ ရှောင်ထွက်သွားသည်။ ထို့နောက် သံလွင်ကမ်း နံဘေးတွင်ရှိသော `ရာထာ´သို့ ဦးစွာသွားပြီး၊ ဟန်တာသာမွေး၏ ဆွေမျိုးများကို ခေါ်ဆောင်လာပြီး အပြန်တွင် နောင်ရိုးထာသို့ ပြန်လာသည်။ `ပနာအီပယ်ခို´ တောင်ထိပ်တွင်ရှိသော ပဒိအုန်းဖေညွန့်၏ သတင်းကို ရပြီး ရွာသားများကို ခြိမ်းချောက် စစ်ဆေးရာ နောက်ဆုံး အဖိုးကြီးအား ဖမ်းမိလေ တော့သည်။ ပဒိအုန်းဖေညွန့်မှာ အသက်ကြီးပြီဖြစ်၍ သူ့အား တောင်ထိပ် တနေရာတွင် နေရာချထားပေးပြီး ရုံးပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန် ပေးထားလေသည်။

ဗိုလ်ဝင်း ဦးစီးသော စစ်ကြောင်းသည် ပဒိအုန်းဖေညွန့်အား လက်ပြန်ကြိုး တုတ်ပြီး လမ်းတလျောက် နှိပ်စက် ညှင်းပမ်း လာလေသည်။ နေ့အချိန် နေပူ ကျဲကျဲတွင် ခေါင်းကို ခြုံစောင်နှင့် အုပ်ထားပြီး ညဘက် အလွန်အေးသည့် အချိန်များတွင် အဝတ်အစားများကိုချွတ်ကာ အအေးဒဏ်ဖြင့် ညှဉ်းပမ်း နှိပ်စက်လေ့ ရှိသည်။ သူ့သမီးကိုလည်း သူ့ရှေ့တွင်ပင် မတော်မတရား စော်ကားကြသည်။ နောက်ဆုံး ဗိုလ်ဝင်းမှ လင်းထင်ထံသို့ စကားပြောစက်ဖြင့် အကြောင်းကြားပြီး ပြန်ခေါ်လာရမလားဟု မေးလေသည်။ လင်းထင် က “ဒီအဖိုးကြီး မျက်နှာကို ငါ မတွေ့ချင်ဘူး”ဟု အကြောင်း ပြန်ခဲ့သည်။ လင်းထင်သည် ပဒိအုန်းဖေညွန့်ကို အခဲ မကျေ ဖြစ်နေသည်။ သထုံခရိုင် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သူဖြစ်၍ ဟန်တာသာမွေးနှင့် ဥက္ကဋ္ဌ မန်းဘဇန် အကွဲအပြဲတွင် မိမိတို့၏ သထုံခရိုင် တပ်မဟာ(၅)ဘက်မှ ရပ်တည်သင့်သည်ဟု ဗိုလ်လင်းထင်က ယူဆ သည်။ ဗဒ္ဓဘာသာဝင်တဦးလည်း ဖြစ်ပြီး၊ တပ်မဟာ(၅)မှ ထမင်းကိုစားခဲ့ကာ တပ်မဟာ (၅)ကို ကျောခိုင်းခဲ့သူ၊ သစ္စာမဲ့သူအဖြစ် လင်းထင်က ယူဆ သည်။ ဟန်တာသာမွေး ဦးဆောင်သော လင်းထင် နှင့် လင်းထင်၏ လက်အောက်ခံတပ်များ၏ ရိုင်းစိုင်းမှု၊ တော်လှန်ရေး သမားအချင်းချင်းအပေါ် သစ္စာဖောက်ခဲ့ခြင်းတို့မှာ ကရင့်သမိုင်းတွင် လွန်စွာ အကျည်းတန်ခဲ့သော အမဲစက်ကြီး တခုဖြစ်သည်ဟု စောသိန်းလွင်က မှတ်ချက် ချလေသည်။

“ခေးပူး” စစ်ဦးစီးဌာနချုပ် မီးလောင် ပျက်စီးသွားသောကြောင့် ဖာပွန်ခရိုင် အတွင်း၊ လဲခီးဒေသတွင် စစ်ဦးစီးဌာနချုပ်ရုံးကိုပြန်လည် ဖွဲ့စည်းရာ၌ ဗိုလ်သိန်းလွင်က ကျဆုံးသွားသော မန်းနေထွန်း၏ ရုံးအုပ် တာဝန်ကို အစားထိုးခန့်အပ်ခြင်း ခံရသည်။ ကျဆုံးသွားသော

ဗိုလ်ကြီးမြစိန်၏ ဌာနချုပ်ရုံး ရုံးထိုင်မှူး တာဝန်ကို ဗိုလ်မှူးလှထွန်းအား ခန့်ထားသည်။ ကေအဲန်ယူပါတီနှင့် စစ်ဦးစီးဌာနချုပ်၏ လဲခီး စခန်းသည် ဖာပွန် ခရိုင်အတွင်း ကေအဲန်ယူပါတီ၏ နောက်ဆုံး တည်ဆောက်ခဲ့သော ဌာနချုပ်စခန်းပင် ဖြစ်သည်။ ထိုစခန်း၌ပင် ဗိုလ်မြက မောင်းထုတ်သောကြောင့်၊ ပါတီဌာနချုပ်နှင့် စစ်ဦးစီး စခန်းကို တပ်မဟာ(၂) တောင်ငူခရိုင် နယ်မြေသို့ ပြောင်းရွှေ့တည်ဆောက်လေသည်။ နောက်ဆုံး ပါတီဗဟိုကို ပဲခူးရိုးမသို့ ပြောင်းရွှေ့သည့်အချိန်အထိ ဖာပွန်ခရိုင်အတွင်းသို့ ပြန်လည် အခြေချ ခြင်း မရှိတော့ပေ။

ဗိုလ်သိန်းလွင်၏ ဇနီးသည် အဖမ်းခံရခြင်း။

"လဲခီး" ရှိ စစ်ဦးစီးဌာနချုပ်တွင် စစ်ဦးစီးရုံးတာဝန်များ၏ အစည်းအဝေးတွင် ဖွဲ့စည်းပုံကို ပြန်လည် ပြုပြင်ခဲ့ကြသည်။ လစ်လပ်သော နေရာများကို ပြန်လည် ဖြည့်စွက် ခန့်အပ်မှုများလည်း ပြုလုပ်လေသည်။ မကြာမီ တပ်ပေါင်းစု အစည်းအဝေးကို ခေါ်ယူ ကျင်းပလေသည်။ အစည်းအဝေးကျင်းပသော နေရာမှာ ဖာပွန်ခရိုင်မြောက်ပိုင်း လူသော မြို့နယ် `ထီးထာ´စခန်းတွင်ဖြစ်သည်။ ထို အစည်း အဝေးသို့ ကရင်နီ တိုးတက်ရေးပါတီ၊ ကယန်း ပြည်သစ်ပါတီ၊ ရှမ်းပြည်ကောင်စီ နှင့် ရခိုင် အဖွဲ့တို့မှ တက်ရောက် ကြသည်။
ဖူးတာအယ်၏ ဇနီး နော်ဒေးဖိုး
ထီးထာ အစည်းအဝေးကြီး ပြီးနောက် မကြာမီတွင် ဗိုလ်မြက ကေအဲန်ယူပါတီကို ဖာပွန်နယ်မြေအတွင်းမှ ထွက်သွားရန် မောင်းထုတ်သဖြင့် ပါတီ ဗဟိုနှင့် စစ်ဦးစီးချုပ်ရုံးကို တောင်ငူခရိုင်သို့ ပြောင်း ရွှေ့ခဲ့လေသည်။ စခန်း မတည်ဆောက် ရသေးမီ စော်သေးဒဲ ရွာတွင် ခေတ္တ နားခိုကြရသည်။ စော်သေးဒဲ ရွာမှာ ရွာကြီး တရွာဖြစ်သည်။ ရွာ သူကြီးမှာ ဗိုလ်ချုပ်ကော်ထူး၏ ယောက်ဖ နော်ဗျူးလာ ၏ အစ်ကိုဖြစ်သည်။ စော်သေးဒဲရွာတွင် စခန်းချရင်း စစ်ဦးစီးဌာနချုပ်ရုံးကို "ဖလေး စာလို"၊ "စော်မူဒဲ"နှင့် "ဖွေဘောဒဲ" အကြားတွင် ဆောက်လုပ်ကြလေသည်။ ထိုသို့ စခန်းများ ဆောက်လုပ်ဆဲ အခြေအနေနှင့် အလုပ်များ နေသော အချိန်ကို အခွင့် ကောင်းယူပြီး ရန်သူက ထိုးစစ် ဆင်လာခြင်းဖြစ်သည်။ ရန်သူ့ စစ်ကြောင်းသည် "ဘောဂလိ"ခေါ်"ခလယ်လား"မှ ထိုးစစ်ဆင်လာသည်။ စောသိန်းလွင် ကလည်း သူ၏ ဇနီးသည် နော်ဝေဖိုးနှင့် အလျင်အမြန် ရှောင်တိမ်းရန် ပြင်ဆင်နေစဉ် ရန်သူက လေယာဉ် ပျံများ ကျေးရွာများ အပေါ်တွင် ဝဲပျံကာ တော်လှန်ရေး အခြေစိုက် စခန်းများနှင့် လူပ်ရှားမှုများကို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထောက်လှမ်းလျှက်ရှိနေသည်။ ဗိုလ်သိန်းလွင်တို့ ဇနီး မောင်နှံ ရှောင်ထွက်မည့်အချိန်တွင် ဇနီးသည် “နော်ဝေဖိုး”မှာ အစား မှားသောကြောင့် ဗိုက်အောင့် နေသည်။ လမ်းလည်း ကောင်းကောင်း မလျှောက်နိုင် ဖြစ်နေသဖြင့် ရွာသူကြီးက ဗိုလ်သိန်းလွင်၏ဇနီးကို သူ့အိမ်တွင် ထားခဲ့ရန် ဗိုလ်သိန်းလွင်အား အကြံပြုလေသည်။ နော်ဝေဖိုးမှာ အသက် ငယ်သေးသဖြင့် ကျောင်းသူ အရွယ်ပင်ဖြစ်၍ သမီးဖြစ်သူ၏ သူငယ်ချင်းကျောင်းသူဖြစ်ကြောင်း ပြောလျှင်လည်း ရနိုင်ပေမည်။ ယခင် စစ်ကြောင်းများ ဝင်လာလျှင် အမေးအမြန်းများ ရှိလှသည် မဟုတ်။ ရွာသူကြီး တဦး အနေဖြင့် ဗိုလ်သိန်းလွင်၏ ဇနီးအား လက်ခံထားခြင်း အားဖြင့် သံသယ ရှိမည် မဟုတ်ဟုလည်း ယုံကြည်လေသည်။ ဗိုလ်သိန်းလွင် ဇနီးကလည်း ဗိုက်နာလွန်းသဖြင့် လမ်းမလျှောက် နိုင်သောကြောင့် ဘာမျှ မပြောတော့ဘဲ သူကြီးအိမ်တွင် ချန်ထားခဲ့ လေသည်။

ရွာထဲသို့ ရန်သူများ ရောက်နေသည်မှာ (၂)ရက်၊ (၃)ရက်ခန့်ရှိပြီး စောသေးဒဲ ရွာ၌ပင် စခန်းချဆဲဖြစ်လေသည်။ ဗိုလ်ချုပ်တာအယ် ၏ဇနီး နော်ဒေးဖိုး သည်၊ ရွာ၌ ရန်သူရှိသော်လည်း ဝေးဝေးသို့ မပြေး။ ကွမ်းသီးခြံတွင် လှည့်ပတ်ကာ ပုန်းအောင်း နေလေသည်။ ကိုယ့်ရပ် ကိုယ့်ရွာဖြစ်ပြီး ခါတိုင်းလည်း ယခုကဲ့သို့ပင် ပုန်းရှောင် လေ့ရှိသည်။ သူမနှင့်အတူ ဖူးတာအယ် ၏တပည့် ရှမ်းကြီး၏ မိန်းမလည်း သူနှင့်အတူ ရှိနေသည်။ ရန်သူသည် ရွာထဲတွင် စခန်းချနေပြီး၊ အနီးအနားတွင် လှည့်လည်၍ တောနင်းရှာရာ နော်ဒေးဖိုးနှင့် ရှမ်းကြီးမိန်းမတို့ ပုန်းအောင်း နေသော ကွမ်းသီးခြံသို့ အမှတ်မထင် ရောက်လာသဖြင့် အလျင်အမြန် ရှောင်ထွက် ခဲ့ကြသည်။ နော်ဒေးဖိုးမှာ လွတ်မြောက်သွားသော်လည်း ရှမ်းကြီးမိန်းမကို ရန်သူမှ ဖမ်းမိသွားလေသည်။ ရှမ်းကြီးမိန်းမသည် အသက်ငယ်သည့်အပြင် စိတ်မပြည့် လှပေ။ ရွာထဲတွင် ဟယ်လီကော်ပတာ ရဟတ်ယာဉ်များဆင်းသည် တက်သည်ကို ကြည့်ချင်သည်။ အဖမ်းခံရသည်ကိုပင် ရန်သူများပြန်လျှင် လေယာဉ်ပျံ စီးရမည်ဟုလည်း စိတ်ကူးယဉ် နေပြန်သည်။ ရန်သူတပ်က ကရင်လူမျိုး တပ်ကြပ်ကြီး တဦးက ရှမ်းကြီး မိန်းမကို တယောက်တည်း ဖြစ်၍ ခေါ်မသွားချင်ပေ။

ထို့ကြောင့် ရွာထဲတွင်ရှိသော ခရစ်ယာန်ဘာသာရေး ဆရာတဦးထံ သူမအား အပ်ထားချင်ကြောင်း မိန်းကလေးတဦးတည်းဖြစ်၍ ခေါ်မသွားချင်ကြောင်း ရွာသားများကို ရှင်းပြလေသည်။ ရှမ်းကြီးမိန်းမက စစ်ကြောင်းပြန်လျှင် ဟယ်လီကော်ပတာ စီးရမည်ဟု စိတ်ကူးယဉ်

ပြီး ကျမမှာ အဖော်ရှိတယ်ဟု တပ်ကြပ်ကြီးကို ပြောလေသည်။ ကရင် တပ်ကြပ်ကြီးက လည်း ဘယ်သူလဲဟု မေးရာ၊ ရုံးအုပ်ကြီးမိန်းမ သူကြီးအိမ်မှာရှိကြောင်း ပြောလိုက်ရာ ဗိုလ်သိန်းလွင်၏ ဇနီး ဖြစ်သူ နော်ဝေဖိုးနှင့် ရွာသူကြီးတို့ လင်မယားအပြင် ဘာသာရေးဆရာအားလုံး တို့ကို ဖမ်းဆီးလေတော့သည်။ ဗိုလ်သိန်းလွင်ဇနီး နော်ဝေဖိုးကို (၅)နှစ်ခန့် ထောင်ချခဲ့ရာ ၁၉၆၉ ခုနှစ်တွင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဇနီးသည်ကို ထောင်ချပြီး စောသိန်းလွင်အား "ရုံးအုပ်ကြီးပြန်လာပါ။ ခင်ဗျားမိန်းမကို လွှတ်ပေး မည်" စသည်ဖြင့် လက်နက်ချရန် ဖိတ်ခေါ်ခဲ့သည်။ ရန်သူသည် တော်လှန်ရေး သမားများ၏ ဇနီး မယားမိသားစုများကို ဖမ်းပြီး စိတ်ဓါတ် စစ်ဆင်ရေးနည်းဖြင့် စည်းရုံးသည်။ ၁၉၆၇ ခုနှစ်တွင် ဆရာကြီးစကောလယ်တော၏ ဇနီး၊ ဥက္ကဋ္ဌကြီး မန်းဘဇန်၏ ဇနီးနှင့် မိသားစု၊ ဗိုလ်ချုပ်မြမောင်၏ ဇနီးတို့ အဖမ်းခံခဲ့ကြရပြီး၊ ၁၉၇၇ ခုနှစ်တွင်မှ ထောင်မှ လွှတ်ပေးခဲ့လေသည်။

ဗွေဘောဒဲ အစည်းအဝေး

စစ်ဦးစီး ဌာနချုပ်ရုံးနှင့် ပါတီဗဟို ဌာနချုပ်စခန်း "ဗွေဘောဒဲ" နှင့် `စော်မူပလော´အကြား၊ `ဖလေးစာလို´တွင် စခန်းသစ်ကို ပြန်လည် တည်ဆောက် ထား လေသည်။ ဗွေဘောဒဲရွာနှင့် ပို၍နီးသည်။ စစ်ဦးစီး ဌာနရုံးနှင့် ပါတီ ဗဟိုဌာနချုပ် စခန်းများသည်လည်း တခုနှင့် တခု မဝေးလှပေ။ ထိုစခန်း သစ်၌ပင် ပါတီ ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပခဲ့သည်။ ဗွေဘောဒဲ အစည်းအဝေး ဟု အမည်ပေး ထားသည်။

ဗွေဘောဒဲ ဗဟိုကော်မတီ အစည်းအဝေးတွင် ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဗိုလ်ချုပ်ကော်ထူး၊ ဆရာစကောလယ်တော၊ ဗိုလ်ချုပ်တာအယ်တို့၏ အမြင်များမှာ ကွာခြားလျက်ရှိသည်။ ပါတီတည်ဆောက်ရေးကိစ္စ၊ အလားအလာ နှစ်ရပ်နှင့် ပါတီတွင်း ကိစ္စအများအပြားတွင် တူညီသော သဘောထားများ ရှိသကဲ့သို့၊ မတူ ညီသော ကိစ္စများ ကလည်း ရှိနေသည်။ အုပ်စိုးသူအပေါ် လူတန်းစား သတ်မှတ်ချက် ကိစ္စနှင့်ပတ်သက်၍၊ ပါတီသဘောထားနှင့် ဧရာဝတီတိုင်း ကော်မတီတို့၏ သဘောထားတို့မှာလည်း ကွာခြား နေပြန်သည်။ ထို့ကြောင့် ပါတီ ဗဟို ကော်မတီ အစည်းအဝေးကို ပဲခူးခ္ဍ ခေါ်ယူကျင်းပရန် ချိန်းဆို သတ်မှတ်မှုများ ပြုလုပ်ရလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မန်းဘဇန်နှင့် ဗဟိုကော်မတီ အစည်းအဝေး

၁၉၆၇ ခုနှစ်၊ ပဲခူးရိုးမ၌ ကျင်းပသော (၆)ကြိမ်မြောက် ဗဟို ကော်မတီ အစည်း အဝေးသို့ အရှေ့တိုင်းမှ ဗိုလ်ချုပ်ကျော်မြသန်း၊ ဆရာစကောလယ်တော၊ ဗိုလ်ချုပ် တာအယ်၊ ဗိုလ်မှူး သန်းအောင်၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ပဒိုဘသင်စိန်၊ ဗိုလ်မှူးချုပ် တာမလာဘောနှင့် အခြား သော ခေါင်းဆောင်များ တက်ရောက်ကြသည်။ ဥက္ကဋ္ဌ မန်းဘဇန်သည် ဗဟိုကော်မတီသို့ တင် သွင်းရန် စာတမ်းတစောင်ကို ရေးသားပြီး လူကြုံပါးလိုက်ပြီး လူကိုယ်တိုင် မတက်ရောက်ခဲ့ ပေ။ P.H.Q. ဌာနချုပ်၌သာ ကျန်ခဲ့သည်။ စစ်ဦးစီး ဌာနချုပ်ရုံးတွင် ရုံးထိုင်မှူး ဗိုလ်သိန်းလွင် က ရုံးစောင့်အဖြစ် ကျန်ရစ်ခဲ့သည်။

စစ်ဦးစီးဌာနချုပ်နှင့် P.H.Q. ပါတီစခန်းသည် (၁၅)မိနစ် ခရီးမျှသာရှိသည်။ အစည်းအဝေး သွားသူကသွား၊ ကျန်သူတို့ကလည်း ကျန်နေကြသည်။ GHQ တွင် စောသိန်းလွင် ကျန်ခဲ့ သည်။ ပါတီဗဟို PHQ တွင် မန်းဘဇန် ကိုယ်တိုင် ကျန်ခဲ့သည်။ ထို့ကြောင့် စောသိန်းလွင် သည် ဥက္ကဋ္ဌရုံးသို့ အလည်အပတ် သွားရင်း ဥက္ကဋ္ဌကြီး၏ အခြေ အနေကို မေးမြန်းရန် စိတ်ကူးမိသည်။ အမှန်ပြောရလျှင် စောသိန်းလွင်သည် ဥက္ကဋ္ဌကြီး မန်းဘဇန်ကို ကြည်ညို လေးစားသူ တဦးပင် ဖြစ်သည်။ မြစ်ဝကျွန်းပေါ်၌ ဥက္ကဋ္ဌကြီး မန်းဘဇန်က ဒုတိယ လမ်းစဉ်ကို ရေးဆွဲခဲ့စဉ်က ဥက္ကဋ္ဌကြီး အနီးအပါးတွင် သူရှိခဲ့သည်။ ဗိုလ်ချုပ်ကော်ထူးက ဧရာဝတီတိုင်း နယ်မြေ ဒေသများအတွင်း၊ ရန်သူနှင့် ငြိမ်းချမ်းရေး လုပ်ထားသော တပ်မှူး တပ်သားများကို လိုက်လံစည်းရုံးခြင်းနှင့် အမာခံများကို လိုက်လံ အရေးယူ ဆောင်ရွက်နေ စဉ် စောသိန်းလွင်ကို မန်းဘဇန်တဲ့၌ အပ်ထားခဲ့သည်။ စာသင် ကျောင်းများ ပိတ်ထား၍ စော သိန်းလွင်ကို ကျောင်းမအပ်ရသေးပေ။ ဥက္ကဋ္ဌကြီးကို တောက်တို မယ်ရ ကူညီရင်း ခေါင်းဆောင်ကြီး၏ နိုင်ငံရေး သဘောတရားများကို တစေ့ တစောင်း လေ့လာ မှတ်သားခဲ့ရ သည်။ ထိုအချိန်က ဥက္ကဋ္ဌ မန်းဘဇန်မှာ နေ့မနား ည မအား ဒုတိယလမ်းစဉ်ကြီးကို ရေးသားပြုစုနေစဉ် တခါတရံ အပျင်းဖြေရင်း စောသိန်းလွင် နှင့် ဇယ်တောက် ကစားလေ့ရှိ သည်။ ညဘက် ညောင်းညာလျှင် မောင်အေး ဆိုသူက နှိပ်နယ်ပေးလေသည်။ ဥက္ကဋ္ဌကြီး၏ စားရေး သောက်ရေး အတွက် စျေးဝယ်ခြမ်းရန် ကိစ္စများတွင် စောသိန်းလွင် ပါဝင်ကူညီရ သည်။ ထို အချိန်မှစပြီး ဥက္ကဋ္ဌကြီးကလည်း သူ့ကို ကလေးတဦးကဲ့သို့ ချစ်ခင်ရင်းနှီးခဲ့သည်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သာမက သူ့ကိုလည်း လေးစားမှုကို ပြသလေ သည်။ နောက်ပိုင်း နိုင်ငံရေး စည်းရုံးရေးကိစ္စ များတွင် အလျဉ်းသင့်သလို သူ့ကိုလည်း ပါဝင်စေခဲ့သည်။ လက်ရှိ အခြေအနေတွင် ကရင့် တော်လှန်ရေး၏ နိုင်ငံရေး၌ ကြီးမားသော အပြောင်းအလဲ ကြီးများနှင့် ရင်ဆိုင်ရမည်ကို စော သိန်းလွင်က အကဲခတ်မိလေသည်။

ဥက္ကဋ္ဌကြီး မန်းဘဇန်၏ လုပ်ဖော်ကိုင်ဖက် တိုက်ဖော် တိုက်ဘက် ဖြစ်ခဲ့သူ၊ ဟန်တာသာမွေး ကေအာရ်စီ (ကရင်တော်လှန်ရေး ကောင်စီ)သည် ကရင့် တော်လှန်ရေး ဒုတိယ လမ်းစဉ်မှ ခွဲ ထွက်သွားပြီး ရန်သူနှင့် ပူးပေါင်း သွားသည်။ ထို့နောက် ရန်သူတပ်နှင့် ပူးတွဲပြီး မိမိတို့၏ ဌာနချုပ်စခန်းကို ဝင်ရောက် ပစ်ခတ်သောကြောင့် ဌာနချုပ်မှ ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန် အပါအဝင် စုစုပေါင်း (၁၃)ယောက် အသက်ဆုံးရှုံးခဲ့ရသည်။ ဥက္ကဋ္ဌကြီး ကိုယ်တိုင်ပင် အသက်ဘေးမှ သီသီလေး လွတ်ခဲ့ရသည်။ ထိုသို့ ဆုံးရှုံးခဲ့မှုအတွက် ဗိုလ်သိန်းလွင်သည် ဥက္ကဋ္ဌကြီး နှင့်အတူ စိတ်မကောင်း ဖြစ်ခဲ့ရသည်။ ယ္ခုတဖန် ဗိုလ်မြနှင့် စစ်ဗိုလ်တခ့ျုိက ပါတီမှ ဂိုဏ်းခွဲ ထွက်သွားရုံသာမက ၎င်းတို့၏ အုပ်ချုပ်ရေးနယ်မြေမှ နှင်ထုတ်ခြင်း ခံခဲ့ရ ပြန်သည်။ တဆက်တည်းတွင် ကေအဲန်ယူပါတီအတွင်း ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဗဟို ကော်မတီအခ့ျုိ နိုင်ငံရေးအယူအဆ သဘောထားများ ကွဲလွဲမှုများသည် “ဗွေဘောဒဲ” ဗဟို ကော်မတီ အစည်းအဝေးတွင် အထင်အရှား ပေါ်ထွက်လာသည်။ ထို့ကြောင့် ပါတီအတွင်း ပြဿနာများကို ဖြေရှင်းရန်နှင့် အခြေအနေ အရပ်ရပ်ကို ဆွေးနွေးသုံးသပ်ပြီး လမ်းစဉ် လုပ်ငန်းစဉ်များကို ပြန်လည်ချမှတ်ရန် (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးကို ပဲခူး ရိုးမတွင် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့ အရှေ့တိုင်းတွင်ရှိသော ဗဟိုကော်မတီအားလုံး သွား ရောက် ကြသော်လည်း တာဝန်အရှိဆုံး ဖြစ်သူ ဥက္ကဋ္ဌကြီး မန်းဘဇန် ကိုယ်တိုင်က မသွားဘဲ ရှိနေသဖြင့် အမြင့်ဆုံး ခေါင်းဆောင်ဖြစ် သူ ပါတီ ဥက္ကဋ္ဌကြီးကိုယ်တိုင် ဗဟို ကော်မတီ အစည်းအဝေးသို့ မတက်ရောက်ခြင်းသည် မ လိုလားအပ်သော အခြေအနေ တရပ်ဖြစ်သည်ကို ဗိုလ်သိန်းလွင် သဘောပေါက်မိသည်။ ထို့ကြောင့်လည်း ခေါင်းဆောင် ကြီး နှင့် ကိုယ်တိုင် တွေ့ဆုံ မေးမြန်း ရန်ကိုလည်း ဆုံးဖြတ် ထားသည်။

ဥက္ကဋ္ဌကြီး မန်းဘဇန်ကလည်း သူ့ကို တွေ့ချင်နေသဖြင့် သူ့ထံသို့ လာရောက် လည်ပတ်ရန်ကို လည်း ဖိတ်ခေါ်ထားသည်။ ထိုအချိန်က သူ၏ အကြီးဆုံး သားဖြစ်သူ ဘော်ဘီ (ခေါ်) ရော

ဘတ်ဇန်လည်း သူ့ထံသို့ ရောက်နေသော အချိန်လည်းဖြစ်သည်။ ပါတီဗဟိုစခန်းသို့ ဗိုလ်သိန်းလွင် ရောက်သောအခါ သား အဖ နှစ်ဦးစလုံးကို တပြိုင်တည်း တွေ့ဆုံရသည့်အတွက် ဝမ်းသာအားရ နှုတ်ဆက် ကြသည်။ မန်းဘဇန်က ဗိုလ်သိန်းလွင် အား တွေ့တွေ့ချင်း သူ၏သား ရောဘတ်ဇန် ကို လက်နှိပ်စက်သင်ပေးရန် ပြောပြနေသည်။ အခြေခံ လက်နှိပ်စက် ရိုက်နည်းကို တပတ် နှစ်ပတ်အတွင်း သင်ကြား တတ်မြောက် နိုင်ပါသည်။ ရောဘတ်ဇန် ကလည်း ထက်မြက်သူတယောက် ဖြစ်သဖြင့် အလျင်အမြန် သင်ကြား တတ်မြောက်ပြီး၊ အလုပ်ကို မြန်မြန်လုပ်နိုင်မည့်သူ ဖြစ်သည်။ မန်းဘဇန်က ဗိုလ်သိန်းလွင်နှင့် သားဖြစ်သူ ရောဘတ်ဇန်တို့ နှစ်ဦးစလုံးရှေ့တွင် `ငါလည်း အခု ရုံးစာရေးတွေ မရှိတော့၊ `ဘော်ဘီ´လက်နှိပ်စက် ရိုက်တတ်ရင် ငါရေးမှတ်ထားတာ တွေကို ရိုက်ခိုင်း ရမယ်ဟု ပြော လေသည်။ ဥက္ကဋ္ဌကြီးက ခိုင်းစေသည့်အတွက် သိန်းလွင် တွင် အခက်အခဲမရှိပေ။ ယခုအချိန်တွင် သူကလည်း အားလပ်နေသော အချိန် ဖြစ်သည်။ ရောဘတ်ဇန်နှင့် ဗိုလ်သိန်းလွင်တို့ အပြန်အလှန် နှုတ်ဆက်ကြပြီးနောက် ရောဘတ်ဇန်က ထမင်းစားဆောင်သို့ ထွက်သွားလေသည်။ “ထမင်းစား ဆောင်တွင် သူ့အဖော်အခ့ျိုလည်း ထမင်းစားဖို့စောင့်နေကြသည်”ဟု ဗိုလ်သိန်းလွင်ကို ပြောရင်း ထွက်သွားလေသည်။

`ဥက္ကဋ္ဌကြီး အစည်းအဝေးက ဘာကြောင့် မသွားသလဲ´ ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် နှစ်ဦးသာ ရှိနေသည့်အတွက် မဆိုင်းမတွဘဲ မေးလိုက်သည်။ မန်းဘဇန် ကလည်း `ငါမသွားတော့ဘူး၊´ သွားချင်စိတ်လည်း မရှိတော့ဘူး။ သွားရင်လည်း အကြောင်းထူး လာမှာ မဟုတ်ဘူး။´ဟူ၍ ပြန်ပြောလေသည်။ အမှန်တော့ ဗဟိုဌာနချုပ်၌ ကျင်းပ ပြုလုပ်သော အစည်းအဝေးသည်၊ ဥက္ကဋ္ဌကြီးနှင့် ကျန် ဗဟိုကော်မတီ အခ့ျိုတို့တွင် သဘောထား မတူညီတော့ပေ။

အထူးသဖြင့် ဥက္ကဋ္ဌကြီး မန်းဘဇန်နှင့် ဗိုလ်မြတို့ ကွဲရသော ပြဿနာမှာ မဖြစ်သင့်သော ကိစ္စတခုသာ ဖြစ်သည်။ ဗိုလ်မြသည် ကရင့်တော်လှန်ရေး၏ အသီးအပွင့်ဖြစ်ပြီး အညွန့်တလူလူနှင့် ဖြစ်နေချိန်တွင် စင်ထိုးပေးရမည်ဟု ဥက္ကဋ္ဌကြီးက ယူဆသည်။ ထို့အပြင် ဗိုလ်မြနှင့်လည်း လက်တွဲမဖြုတ်လိုခဲ့။ ဗိုလ်မြ၏ တောင်းဆိုမှုကို လိုက်လျော စေချင်သည်။ ဥက္ကဋ္ဌကြီးက ဗိုလ်သိန်းလွင်အား ရှင်းပြပြီး၊ `ဒါကြောင့် ငါလည်း မသွားချင် တာပါ´ဟု စကားနိဂုံးချုပ်လိုက်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆရာစကောလယ်တော၊ ဗိုလ်ချုပ်ကော်ထူး ဗိုလ်ကျင်ဖေတို့ သဘောထားမှာ ဗိုလ်မြသည် ရန်သူကို တိုက်ခိုက်နေသဖြင့် မိတ်ဘက် သဘောထား သတ်မှတ်ရမည်။ သို့သော် ပါတီ၏ နယ်ခြဲပဒေသရာဇ် ဆန့်ကျင်ရေး၊ ဆိုရှယ်လစ် ပန်းတိုင်ဟူသော နောက်ဆုံး ရည်မှန်းချက်ကို ဖျက်ရမည်ဟု ဆိုခြင်းသည် ကရင့် အမျိုးသားဒီမိုကရေစီ တော်လှန်ရေးလမ်းကြောင်းမှ သွေဖည်သွားသည် သာမက မိမိတို့၏ အခြေခံ ရန်သူကြီး ဖြစ်နေသော နယ်ခြဲ အရင်းရှင် အတွေးအခေါ်ကို ကိုယ်စားပြုရာ ရောက်နေသဖြင့် သဘောတရားရေးအရ အခြေခံရန်သူပင် ဖြစ်လျက် ရှိနေသည်။ ဗွေဘောဒဲ ဗဟို ကော်မတီ၏ အစည်းဝေးပွဲတွင် ဗိုလ်ချုပ်တာအယ်က ဥက္ကဋ္ဌကြီးအား "(အင်ဒိုနီးရှား သမ္မတ) ဆိုကာနို အဆင့်တောင် မရှိတော့ဘူးလား"ဟု မေးခဲ့ဖူးလေသည်။ နယ်ခြဲ ဆန့်ကျင်ရေး အဆင့်ပင် မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီ လမ်းကြောင်းနှင့် ကရင် ပြည်သူတို့၏ အကျိုးစီးပွားကို တည်ဆောက်နိုင်တော့မည် မဟုတ်သည်ကို ပါတီဗဟို ကော်မတီ အများစုက ယူဆခဲ့ ကြလေသည်။ ထို့ကြောင့် (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့ ဥက္ကဋ္ဌကြီး မတက်ရောက်တော့ခြင်း ဖြစ်ကြောင်းကို ဗိုလ်သိန်းလွင် သဘောပေါက် လာလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်သိန်းလွင်နှင့် အရှေ့မြောက်ပိုင်း ခရီးစဉ်

၁၉၆၇ ခုနှစ်၊ (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသည် တလခန့် ကြာပြီးနောက်၊ ကိုယ်စားလှယ်များ ပြန်ရောက်လာကြသည်။ ရှေးဦးစွာ စစ်ဦးစီး ဌာနချုပ်မှ တာမလာဘောနှင့် ပါတီဌာနချုပ်မှ ဗိုလ်သန်းအောင်၊ ဗိုလ်မောင်မောင်၊ ပဒိုဘသင်စိန်၊ ဗိုလ်မှူးချုပ်ဘောယူဖော၊ ဗိုလ်မှူးချုပ်ကစယ်ဒို တို့ ပြန်လာကြသည်။ ဗိုလ်မှူးချုပ် တာမလာ ဘောက ဗိုလ်သိန်းလွင်ကို တွေ့လျှင်တွေ့ချင်း မဆိုင်းမတွ ပြောလိုက်သည်။ “သိန်းလွင် တရုတ်ပြည်သွားဖို့ မင်းကို ရွေးထားတယ်”။ ထို့နောက် ဗိုလ်ချုပ်ကော်ထူးနှင့် ဧည့်သည်များ ဗဟိုစခန်းသို့ ပြန်ဝင်လာကြသည်။ ဧည့်သည်များမှာ တရုတ်အမျိုးသား ပင်လယ်ရပ်ခြား အသင်း ဥက္ကဋ္ဌနှင့် အာရှရေးရာ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး နှစ်ဦးတို့ အပြင်၊ မန်းရှာလားဖန်း၊ စောသမိန်ထွန်း၊ တရုတ်ကလေး အဝါး၊ ထွန်းငွေ (ခေါ်) စောအဝါး တို့ ပါလာသည်။ ၎င်းအပြင် တရုတ်ပြည်သို့ ခရီးထွက်မည့် အဖွဲ့ကို ဦးဆောင်မည့် ဗိုလ်မှူးဘော်လ်ဒွင်တို့လည်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြလေသည်။ (၆)ကြိမ် မြောက် ဗဟိုကော်မတီ အစည်းအဝေးမှ ရွေးချယ်လိုက်သော ကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သို့ ခရီးရှည် ချီတက်ရန် ပြင်ဆင်ကြတော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီ၏ နိုင်ငံခြားဆက်သွယ်ရေးတွင် ပဏာမ ကိုယ်စားလှယ် အဖွဲ့ တဖွဲ့ကို စေလွှတ်ရန်၊ ၁၉၆၇ ခုနှစ် (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်း အဝေးတွင် ဆုံးဖြတ်ချက် ချခဲ့လေသည်။ ဆုံးဖြတ်ချက်နှင့် အထူးကိုယ်စားလှယ် အဖွဲ့ဝင်များကိုလည်း အပြီးအပြတ် ရွေးချယ်ပေးခဲ့သည်။

၁၉၆၇ ခုနှစ် ကေအဲန်ယူပါတီ၏ အခြေအနေသည် စစ်ရေး၊ နိုင်ငံရေး ရှေ့ လုပ်ငန်းစဉ်များကို တိကျပြတ်သားစွာဖြင့် ရှေ့ဆောင်နိုင်မည့် သဘောတရား အမြင်ကို ချမှတ်ရမည် ဖြစ်ကြောင်း သဘောထားသည်။ ၁၉၅၉ ခုနှစ် ပထမ အကြိမ်မြောက် ပါတီကွန်ဂရက်မှ ရန်သူအပေါ် သဘောထားများ ပြတ်ပြတ် သားသား မရှိသည့်အတွက် လက်နက်ကိုင် လမ်းစဉ်သည် မတက်မကြွ ဖြစ်နေသည်။ ရန်သူ၏ ထိုးစစ်ကို ပြတ်သားစွာ ရင်ဆိုင် တိုက်ခိုက်ရန် ပြင်ဆင်ရမည် ဖြစ်သည်။

၁၉၆၃-၆၄ ခုနှစ် ဓနရှင်အမျိုးသားရေးဝါဒီနှင့် လက်ယာမှီခိုရေး အင်အားစု များဖြစ်သော ဟန်တာသာမွေး စောဝေသောတို့သည် ပါတီကို ဆန့်ကျင်ကာ ဂိုဏ်းခွဲ ထွက်သွားပြီး ရန်သူနှင့် ပူးပေါင်းသွားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် အရှေ့တိုင်းတပ်မှူးများက ပါတီ၏ လမ်းစဉ်ကို ပြုပြင် ပေးရန် တောင်းဆိုခဲ့သည်သာမက အဖွဲ့အစည်း အသစ်တခုကိုလည်း ထူထောင် လိုက်ပြီးနောက်၊ ၁၉၆၆ ခုနှစ်တွင် ကေအဲန်ယူပါတီဗဟို အဖွဲ့အစည်းကို အရှေ့တိုင်းမှ ထွက်ခွာသွားရန် အထိုဗိုလ်မြက အမိန့် ထုတ်ပြန်ခဲ့လေသည်။

၁၉၆၆ ခုနှစ်၊ “လဲခီးလယ်” ကွင်းဌ ဗဟိုခေါင်းဆောင်များ ဆွေးနွေးပွဲတွင် ခေါင်းဆောင်များအတွင်း သဘောတရားရေးဆိုင်ရာ အမြင်မတူမှုများ ပေါ်ပေါက်လာခြင်းကြောင့် (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးကို ခေါ်ဆို ခဲ့ရခြင်း ဖြစ်သည်။ ပါတီတွင်း ဂိုဏ်းခွဲမှု သဘောတရားရေးဆိုင်ရာ၊ အမြင်မတူညီမှုအပြင်၊ မြစ်ဝ ကျွန်းပေါ်ဌ် ရန်သူ၏ ထိုးစစ်ဆင်နေသော အခြေအနေတို့ကို တပြိုင်တည်း ရင်ဆိုင်ရသည့် အတွက်၊ ၁၉၆၇ ခုနှစ် ဗဟိုကော်မတီ အစည်းအဝေးသည်၊ ပါတီ အလှည့်အပြောင်း အတွက် ပြတ်သားသော လမ်းစဉ်ကို ချမှတ်ရန်ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေတွင် ပါတီ ဥက္ကဋ္ဌ မန်းဘ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဇန်သည်၊ ၁၉၆၇ ခုနှစ် ပါတီ ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်လာခြင်း မရှိခဲ့ပေ။ ၁၉၆၇ ခုနှစ်၊ ဗမာပြည်အတွင်း တရုတ်-ဗမာ အရေးအခင်း ကြောင့် တရုတ်အစိုးရက နေဝင်း စစ်အစိုးရသည် ဖောက်ပြန်သော အစိုးရဖြစ်သဖြင့် ပြတ်သားစွာ ဆန့်ကျင်ရမည် ဖြစ်ကြောင်း ရေးသားဖော်ပြထားလေသည်။

ထိုသို့သော အခြေအနေတွင် ပဏာမ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီတို့နှင့် တွေ့ဆုံပြီး နှစ်ပါတီ ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် အစီအစဉ် ပြုလုပ်မည်ဖြစ်သည်။ ပြည်တွင်းမှ ပါတီ ဥက္ကဋ္ဌ သခင်ဇင် ကလည်း စာများ ရေးသား ပေးခဲ့လေသည်။

ပဏာမ ကိုယ်စားလှယ်အဖွဲ့ကို ပါတီ ဗဟိုကော်မတီ တဦးဖြစ်သူ၊ ဗိုလ်မှူး ဘော်လ်ဒွင် က ဦးဆောင်သွားမည်ဖြစ်ပြီး အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းထားလေသည်။

အတွင်းရေးမှူး - မန်းရှာလားဖန်း၊
ဆက်သွယ်ရေး - စောဘာဘာ (မန်းခွာ)၊
အဖွဲ့ဝင် - ဗိုလ်သိန်းလွင် (စောကော်သူ)၊
အဖွဲ့ဝင် - စောသမိန်ထွန်း၊
အဖွဲ့ဝင် - စောထွန်းငွေ (အဝါး)၊
အဖွဲ့ဝင် - စောဝါး (ခေါ်) တရုတ်ကျောင်းသား၊
(ပေါင်းတလည်မှ ပါလာသူ)
အဖွဲ့ဝင် - ပါစက (ခေါ်) စောအယ်ကော် တို့ဖြစ်သည်။

ပဲခူးရိုးမ အစည်းအဝေးပြီးနောက် လိုက်ပါမည့် ကိုယ်စားလှယ်အားလုံး အမှတ် (၂) ခရိုင်၊ ဖလေးစာလို ဌာနချုပ်တွင် စုစည်းပြီး၊ ဟိုးခီး၊ တအေးခီး ရွာမှ စထွက်ရမည် ဖြစ်သည်။ ခရီးရှည် ချီတက်ရမည်ဖြစ်၍ ဆက်သွယ်ရေးစက်ကို ယူဆောင်ရာတွင် ကြေးနန်း ဌာနမှ ဝါရင့် ဆက်သွယ်ရေးမှူး ဗိုလ်ကြီးဘာဘာကို ရွေးချယ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ကို လိုက်ပို့မည့်အဖွဲ့တွင် တပ်မဟာ(၂)မှ ပဒိုရော့စနီ ဖြစ်ပြီး ကရင် နယ်မြေမှ ကယန်းပြည်သစ် နယ်မြေသို့ ရောက်သောအခါ၊ ငိန်းလူထား (ခေါ်) ရွှေအေး အဖွဲ့မှ တာဝန်ယူပြီး ပေါင်းလောင်း၊ အင်းလေး စသော၊ ပအိုဝ်း နယ်ထဲအထိ လိုက်ပို့ မည်ဖြစ်သည်။ ပအိုဝ်းနယ်မြေမှတဆင့် ရှမ်း နယ်မြေ ကိုဖြတ်ပြီး၊ ၎င်းမှတဆင့် တရုတ် ပြည်သို့ ဝင်မည်ဖြစ်သည်။ ထိုအချိန်တွင် ဗိုလ်မှူး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စံလင်းက၊ ပအိုဝ်းတော်လှန်ရေး၊ ရှမ်းတော်လှန်ရေးအထိ လိုက်လံပို့ဆောင်ရန် စီစဉ်ထားသည်။ ဗိုလ်စံလင်းမှာ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များနှင့် ရင်းနှီးသဖြင့် ကိုယ်စားလှယ်အဖွဲ့ကို ရှမ်း တော် လှန်ရေးအဖွဲ့နှင့် ဆက်သွယ်မိသည်အထိ၊ တာဝန်ယူဆောင်ရွက်ပေးရန် ဗိုလ်ချုပ် ကော်ထူးမှ ညွှန်ကြားထားသည်။ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဘော်လ်ဒွင်မှာ သူ့လောက် လူမျိုးစု နယ်မြေအတွင်း စည်းရုံးလှုပ်ရှားမှု မရှိခဲ့ပေ။ ဗိုလ်မှူးစံလင်းနှင့်အတူ စောလက်သယ် ဦးဆောင်သော တပ်စိတ်တစိတ်က လိုက်လံပို့ဆောင်ရန် တပ်မဟာ(၂)မှ ဖွဲ့စည်းပေးလိုက်သည်။

ကိုယ်စားလှယ်အဖွဲ့သည် အရှေ့တိုင်း ဗဟိုဌာနချုပ်မှ ခရီးစထွက်ပြီး၊ အမှတ် (၂)ခရိုင်၊ သံတောင်မြို့နယ်ရှိ တပ်ခွဲမှူး၊ ဗိုလ်ကြီးဆမ်းမရယ်၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ဇော်ထူး တို့၏ စခန်းသို့ ဦးစွာ ရောက်လာကြသည်။ တပ်ခွဲရုံးသို့ အရင်ရောက် ပြီးမှ မြို့နယ်ရုံးသို့ သွားရသည်။ ဥက္ကဋ္ဌ ဗိုလ်ဇော်ထူး၏ မြို့နယ်မှာတိုးခ့ဲထားသော မြို့နယ်ဖြစ်ပြီး ပျဉ်းမနား မြို့နယ်ဟုလည်း ခေါ်သည်။ ပျဉ်းမနားမြို့နယ်သို့ ရောက်သောအခါ မြို့နယ်မှူး ပြောဆို ချက်အရ ကယန်းပြည်သစ်ပါတီမှ “ငိန်းလူထား” က K.N.U.P. ကိုယ်စားလှယ်အဖွဲ့ကို စောင့်နေကြောင်း သတင်းပေးလေသည်။

“ငိန်းလူထား” ခေါ် ရွှေအေး စောင့်နေသောရွာမှာ ချင်ပတောင် ဖြစ်သည်။ ချင်ပတောင်ရွာသည် ပဒေါင်ရွာဖြစ်ပြီး၊ ကယန်းနှင့် ကရင်နီ နယ်စပ် ဖြစ်သည်။ ကိုယ်စားလှယ်အဖွဲ့သည် ချင်ပတောင်သို့ ရောက်သောအခါ “ငိန်းလူထား”က အဆင်သင့်ပြင်ထားပြီးဖြစ်၍ ခရီးစထွက်ကြသည်။ “ငိန်းလူထား” တွင် တပ်စိတ်တစိတ် ပါလာသည်။ ကိုယ်စားလှယ်အဖွဲ့နှင့် ပူးပေါင်းပြီး ခရီးထွက်ခဲ့ရာ လမ်းတွင် ပဒေါင် ရွာများစွာကို ဖြတ်ကျော်ပြီး ခဲ့ကြရသည်။ ပဒေါင်ရွာများအနက် လယ်ဒူးခေါင်ရွာသည် ရွာကြီးဖြစ်ပြီး တိုင်းရင်းသား ဘရင်ဂျီဘုန်းကြီးများ၊ ပြင်သစ်ဘုန်းကြီးများ သာသနာပြု နေကြပြီး၊ ရောမမြို့မှ သာသနာအတွက် အထောက်အပံ့ရနေသည်ဟု သိရသည်။ “ဘရာသာ” စသော ဘုန်းကြီးနှင့် စစ္စတာခေါ်သော မယ်သီလရှင်များလည်း ရှိသည်။ “စစ္စတာ” (ခေါ်) မယ်သီလရှင်များသည် ကလေးများကို စာသင်ပေးကြ သည်။ ဝက်ခြံ၊ ကြက်ခြံများ ဆောက်လုပ်ပြီး မွေးမြူရေးလည်း လုပ်ကြသည့် အပြင် မြင်းများကိုလည်း မွေးမြူထားကြသည်။ အဆောက်အဦများမှာ သွပ်များဖြင့် မိုးထားသဖြင့် အဝေးမှ ကြည့်လျှင် မြို့ကြီးတမြို့သဖွယ် ထင်မှတ်မှားရသည်။ ဘုန်းကြီးကျောင်း

ပိုင်သော တောင်ယာသည် တောင်ကြောတခုလုံးကို ပြောင်အောင်ခုတ်ပြီး စပါးကို စူးထိုး စိုက်ကြ သည်။ စပါးကို မွေးမြူရေးအတွက် ရိက္ခာအဖြစ် ထုတ်လုပ်ကြသည်။ လယ်ဒူးခေါင်ရွာမှ ဆက်ပြီး၊ ရွာများစွာကို ဖြတ်ကျော်ခဲ့ရာ သုံးပွင့်ဆိုင်နယ်မြေသို့ ရောက်လေသည်။ သုံးပွင့်ဆိုင်နယ်မြေဆိုသည်မှာ ပဒေါင်နယ်၊ ပီကင်း၊ ပေါင်းလောင်း နယ်မြေများ ဆက်စပ်နေသော နေရာကို ဆိုလိုသည်။ ပေါင်းလောင်း အရှေ့ဘက်မှာ ကွန်မြူနစ်တို့ နယ်မြေဖြစ်သည်။ ပေါင်းလောင်းမှ အနည်းငယ် ကူးလိုက်လျှင် အင်းလေးသို့ ရောက်လေသည်။ ပေါင်းလောင်းမှ အင်းလေး ဒေသသည် ပအိုဝ်းနှင့် ကွန်မြူနစ်များ နယ်မြေကိစ္စနှင့် ပဋိပက္ခ ဖြစ်နေဆဲကာလ ဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့သည် ပေါင်းလောင်းမြစ်သို့ ရောက်လာသော အချိန်တွင် ရန်သူသည် ကွန်မြူနစ်တို့ကို လိုက်လံ တိုက်ခိုက်နေသော အချိန်ဖြစ်သည်။ ကိုယ်စားလှယ် အဖွဲ့သည် ပေါင်းလောင်းမြစ်ကိုကူးပြီး အရှေ့ဘက်ကမ်း တောင်ကြောပေါ် ရောက်သည် နှင့် တပြိုင်နက် ရှေ့ကင်းက ပဒေါင်တပ်စိတ်သည် ရန်သူနှင့် ပက်ပင်းတိုးပြီး တိုက်ပွဲ ဖြစ်လေသည်။ ဝိန်းလူထားက အလျင်အမြန်ပင် ရောက်ရှိလာပြီး နောက်ချန်တပ်ဖွဲ့နှင့်အတူ လာလမ်းအတိုင်း ပေါင်းလောင်းမြစ်ကို အလျင်အမြန် ကူးရန် စီစဉ်လေသည်။ ရှေ့ကင်းမှ တပ်သားများကလည်း ပြန်ပြေးလာကြသည်။ လမ်းမှာ အလွန်ကျဉ်းမြောင်းသဖြင့် လမ်းဖယ်ပေးရင်း တောင်အောက် ချောက်ထဲသို့ ကိုယ်စားလှယ် (ဗိုလ်သိန်းလွင်)တဦး ကျသွားသည်။ မိုးအတော်ချုပ်မှ ယခင်ည အိပ်ခဲ့သောရွာသို့ ပြန်ရောက်သည်။ ရွာသား များက လိုက်လံပို့ဆောင်သဖြင့် ဗိုလ်မှူးစံလင်းတို့နှင့် အားလုံး ပြန်ဆုံကြသည်။ နောက် တနေ့တွင် ပြန်လည်စစ်ဆေးရာ ဝိန်းလူထား၏ ရဲဘော်(၂)ဦးကျဆုံးခဲ့ပြီး တပ်စိတ်မှူးကိုမူ ရန်သူမှ ဖမ်းမိပြီကာ နောက်ပိုင်းတွင် သတ်ပစ်လိုက်ကြောင်း သိရသည်။

(ဝိန်းလူထားကို ဦးရွှေအေးဟုလည်း ခေါ်ကြသည်။)

သတင်းပေါက်ကြားသွားပြီ ဖြစ်သဖြင့် ခရီးကို ဆက်၍ မထွက်တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြသည်။ နယ်စပ်ရွာဖြစ်သော ချင်ပတောင်ရွာသို့ ဝိန်းလူထားက ပြန်လည် ပို့ပေးလေသည်။ ချင်ပတောင် မှတဆင့် ပျဉ်းမနားမြို့နယ် သံတောင်မြို့နယ် ထို့နောက် ကယားပြည်နယ်သို့ ရောက်လာခဲ့သည်။ ကရင်နီ ခေါင်း ဆောင် ဗိုလ်ကြီးမောရာယ် စခန်းဖြစ်သော “ဂေဂေါ်ပယ်”သို့ ရောက်လာသည်။ ထိုမှ တဆင့် ကရင်နီ၏ အကူအညီဖြင့် ထီးထာ

စခန်းသို့ ပြန်ဆင်းလာကြပြီး ထီးထာစခန်း၌ပင် ခရီးစဉ် အသစ်တခုကို ပြန်လည် ရေးဆွဲခဲ့ကြသည်။

ခရီးစဉ်သစ်တွင် ရှေးဦးစွာ ကရင်နီမှတဆင့် ပအိုဝ်းနယ်ကို ဖြတ်မည်။ ပအိုဝ်း နယ်မြေမှ ရှမ်းမိုးဟိန်းအဖွဲ့ နယ်မြေကိုဖြတ်ပြီး ထိုမှတဆင့် မြောက်ပိုင်းသို့ ဆက်လက် ထွက်ခွာမည် ဖြစ်သည်။ ထို့နောက်သံလွင်မြစ်ကို တဖန်ကူးပြီး၊ ကရင်နီ၏ နယ်မြေသစ်ကို ဖြတ်ပြီး၊ မယ်စဲနှင့် ဖားဆောင်း ကားလမ်းကို ဖြတ်ကျော်ကြ သည်။ မကြာမီ ကရင်နီနယ်၊ ပအိုဝ်းနယ်မြေ စပ်ကြားဖြစ်သော `နန်းအောင်´သို့ ရောက်ခဲ့သည်။ နန်းအောင် တောင် ကျောမှ ကြည့်လျှင် မယ်ဟောင်ဆောင်ကို မြင်ရသည်။ ထိုဒေသရှိ ကရင်နီ စခန်းတွင် ၃၊ ၄ ရက် အနားယူပြီး ရှမ်းဒေသသို့ ပြန်ဆင်းကာ ရှမ်းရွာမှတဆင့် ပအိုဝ်း နယ်မြေသို့ ရောက်လေသည်။

ထိုအချိန်က ပအိုဝ်းနယ်မြေသည် စစ်ဆင်ရေး မရှိသော အခြေအနေ အေးချမ်းသဖြင့် တပ်စခန်းများ တည်ဆောက်ထားခြင်းလည်း မရှိ။ ပအိုဝ်း လက်နက်ကိုင် တပ်များသည် ရွာများ၌ သက်တောင့်သက်သာ လွတ်လွတ်လပ်လပ်ပင် နေထိုင် သွားလာ နေ ကြသည်။ နန်းမဟီ နန်းပတက် ရွာများမှာ ပအိုဝ်းရွာ ကြီးများ ဖြစ်ပြီး၊ နန်းမဟီရွာ၌ပင်၊ ပအိုဝ်းအဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဗိုလ်စံသိန်းနှင့် ဆုံခဲ့ကြသည်။ မြောက်ပိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ဖြစ်သော ဗိုလ်မှူးဘော်လ်ဒွင်နှင့် ဗိုလ်မှူးစံလင်းတို့ကို ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ပြီး ကိုယ်စားလှယ်များကို နေရာချထား ပေးလေသည်။ ပအိုဝ်း ဥက္ကဋ္ဌက ဗိုလ်မှူးစံလင်းအား “ဖြားတန်” ဟုခေါ်ပြီး သွားလာရန် မြင်းတကောင်ကိုလည်း ပေးထား လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်စံသိန်း၏ အကြံအစည်

ထိုကာလသည် ပအိုဝ်းစံသိန်းအဖွဲ့နှင့် ရှမ်းမိုးဟိန်းအဖွဲ့တို့သည် နယ်မြေလု နေကြသဖြင့် လက်နက်ကိုင် ပဋိပက္ခဖြစ်နေသော အချိန်ဖြစ်သည်။ ရှမ်း ဥက္ကဋ္ဌ မိုးဟိန်း၏ လက်အောက်တွင် ဗိုလ်ကြီးစောလှခင်ဆိုသူရှိသည်။ ထိုသူမှာ ကရင်လူမျိုးဖြစ်ပြီး ကရင် အမျိုးသား လက်နက်ကိုင် တပ်ရင်းများကို ဗမာအစိုးရက လက်နက်သိမ်းသော ကာလတွင် ကရင်လူမျိုး `တာကလယ်´၊ `တာသေကလို´ တို့နှင့်အတူ လက်နက် အသိမ်းခံခဲ့ရသူ တဦး ဖြစ်သည်။ ဗိုလ်တာကလယ်က ပအိုဝ်းတပ်ထဲသို့ ရောက်သွားပြီး စောလှခင်မှာမူ ရှမ်းနယ်မြေသို့ ရောက်လာပြီး၊ မိုးဟိန်းတပ်ဖွဲ့သို့ ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှင့်အတူ `တာသေကလို´မှာ ကရင်နီအဖွဲ့ထဲသို့ ရောက်ရှိသွားပြီး သူ့ကို ဗိုလ် စပါယ်ရှယ် ဟု ခေါ်သည်။

စောလှခင်သည် တိုက်စွမ်းရည်ရှိသည်။ ဗိုလ်စံသိန်းက သူ့ကို မယှဉ်နိုင်ပါ။ စောလှခင်က ဗိုလ်စံသိန်းကို၊`ပွန်´ချောင်းကိုမကူးရဟု အမိန့်ထုတ်ပြီး ခြိမ်းခြောက်ထား သည်။ ဗိုလ်စံသိန်းက ဗိုလ်မိုးဟိန်းနှင့် သူ့လက်ထောက် စောလှခင် ကို မကျေနပ်၍ လုပ်ကြံ ချင်နေသည်။

အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဘော်လ်ဒွင်နှင့် ဗိုလ်မှူးစံလင်းတို့အား ချက်ချင်း မပို့ သေးဘဲ၊ အချိန်ဆွဲထားလေသည်။ မန်းရှာလားဖန်းနှင့် ဗိုလ်သိန်းလွင်တို့ကို သူ့အဖွဲ့အား နိုင်ငံရေး သင်တန်းပေးရန်လည်း မေတ္တာရပ်ခံထားသည်။ ၎င်း၏ အစီအစဉ်အရ ဗိုလ်စံသိန်းက အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဘော်လ်ဒွင်နှင့် ဗိုလ်မှူးစံလင်းတို့အား “ခရီးစဉ် အတွက် စောလှခင်ကို စာရေးပြီးမှာပါ။ ခင်ဗျားနဲ့ ပါလာတဲ့ တပ်စိတ်တစိတ်နှင့် စာပေးပြီး စောလှခင်ကိုပါ ကြိုခိုင်းပါ။ စောလှခင်လာရင် ခင်ဗျားတို့အဖွဲ့ တခါတည်း လိုက်သွားလို့ ရတာပေါ့”ဟု အကြံပြု လေသည်။ ထိုသို့ အစီအစဉ် လုပ်နေစဉ် ဗိုလ်စံသိန်းသည် သူ၏ တပ်များကို မှာယူခဲ့သည်။ တပ်ကို မှာနေစဉ် မန်းရှာလားဖန်းနှင့် ဗိုလ်သိန်းလွင်တို့အား နိုင်ငံရေးသင်တန်း ပေးရင်း အချိန်ဆွဲထားလေသည်။

ဗိုလ်စံသိန်း၏ တပ်တွင်း၌လည်း ကရင်အများအပြား ရှိသည်။ တပ်ခွဲမှူး “ဗိုလ်ကြီးစောဖားခေါ့”သည် ကရင်အချင်းချင်းဖြစ်၍ ဗိုလ်သိန်းလွင်က အခြေအနေကို မေးမြန်း စုံစမ်းကြည့်ရာ ဗိုလ်ကြီးစောဖားခေါ့ကလည်း အစီအစဉ်ကို အရိပ်အမြွက် ပြောပြလေသည်။ ဗိုလ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စံသိန်း၏အစီအစဉ်မှာ ဗိုလ်လက်သယ်၏ တပ်စိတ် နှင့် ဗိုလ်လှခင် ပါလာလျှင် လက် နက်ချ ခိုင်းမည်။ လက်နက်မချပါက ပစ်ခတ်မည်ဟု အရိပ်အမြွက် သိလာရသည်။

ကိုယ်စားလှယ်အဖွဲ့၏ တစ်ပတ်တကြိမ် အစည်းအဝေးတွင် မန်းရှာလားဖန်းနှင့် ဗိုလ် သိန်းလွင်တို့က အခြေအနေမှန်ကို ခေါင်းဆောင်များအား တင်ပြလေသည်။ ထို တင်ပြချက် တွင် ဗိုလ်စံသိန်းက ဗိုလ်မိုးဟိန်းနှင့် သူ၏ ဒု တပ်မဟာမှူး ဗိုလ်လှခင်ကို လုပ်ကြံချင် သည့်အတွက်၊ ကေအဲန်ယူ အဖွဲ့ကိုအသုံးချပြီး ခရီးစဉ်ကို အချိန်ဆွဲထားခြင်း ဖြစ်ကြောင်း တင်ပြလေသည်။ အမှန်တော့လည်း ဗိုလ်စံသိန်း သည် ကိုယ်စားလှယ်အဖွဲ့ များအား ကျေးရွာ များကို လိုက်လံပြသပေးရင်း ဟိုပြောင်း သည်ပြောင်းဖြင့် ရွှေ့ပြောင်း နေရာချထားနေသည်။

ဗိုလ်စံသိန်းကိုယ်တိုင် စာရေးလျှင်လည်း ဗိုလ်လှခင် ယုံမည်မဟုတ်၊ ထို့ကြောင့် ဗိုလ်မှူးစံလင်းကိုယ်တိုင် စာရေးပြီး ဗိုလ်လက်သယ် တပ်စိတ်နှင့် ဆိုလျှင် စောလှခင်မှာ အမှန် တကယ် ရောက်လာမည်ကိုလည်း ဗိုလ်စံသိန်း ယုံကြည် ထားသည်။ အစည်းအဝေး တွင် အခြေအနေများကို သုံးသပ် တင်ပြသောအခါ၊ ဗိုလ်မှူးစံလင်းနှင့် ဗိုလ်မှူးဘော်လ်ဒွင် တို့က `ဟုတ်မည် မထင်´ဟူသော မရေ မရာ အခြေအနေတွင် ရှိသည်။

မယုံတဝက် ယုံတဝက်နှင့်ပင် စာရေးပြီး စောလက်သယ်၏ တပ်စိတ် နှင့်အတူ စာကို ပို့လိုက် သည်။ မန်းရှာလားဖန်းနှင့် ဗိုလ်သိန်းလွင်တို့က ဗိုလ်စံသိန်း ၏ အစီ အစဉ်တွင် ကေအဲန်ယူ အနေဖြင့် ဝင်မပါသင့်ဟု အကြံပြုကြသည်။ စာကို သွားပို့နေစဉ် ဗိုလ်စံသိန်းက သူ၏ တပ်ဖွဲ့ များကို ပြင်ဆင်ထားလေသည်။ မန်းရှာလားဖန်း၊ ဗိုလ်သိန်းလွင်၊ သမိန်ထွန်းနှင့် အဖွဲ့ဝင်တ ယောက်မျှ ရွာထဲသို့ မသွား ကြတော့ဘဲ ဗိုလ်မှူးဘော်လ်ဒွင်နှင့် ဗိုလ်မှူးစံလင်းတို့ နှစ်ဦးသာ ရွာ ထဲသို့သွားပြီး ဗိုလ်စံသိန်းနှင့် တွေ့ဆုံ လေသည်။

ဗိုလ်စောလှခင်ကလည်း K.N.U.P. ကိုယ်စားလှယ်အဖွဲ့၏ စာကို တွေ့သည်နှင့် ဝမ်းပမ်း တသာဖြင့် လိုက်လာခဲ့လေသည်။ K.N.U.P. ခေါင်းဆောင်များနှင့် တွေ့လျှင်၊ ပအိုဝ်းနှင့် ရှမ်း ပြဿနာများကို ဖြေရှင်းနိုင်မည်ဟု သူက ယုံကြည်သည်။ ကိုယ်စား လှယ်အဖွဲ့ ဗိုလ်လက် သယ် နှင့်အတူ စောလှခင်တို့ ရောက်လာသည်နှင့် ပအိုဝ်းအဖွဲ့က ပြင်ဆင်ထားသည့်အတိုင်း လက်နက်ချခိုင်း လေသည်။

“တော်လှန်ရေးသမားအချင်းချင်း လက်နက်မချရပါစေနဲ့ တော်လှန်ရေးမှာ လက် နက် ချတယ်ဆိုတာ မဖြစ်သင့်ဘူး”ဟု တောင်းပန်လေသည်။ ပအိုဝ်းရဲဘော်က တောင်းပန် ၍မရ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်လှခင်အား အနီးကပ် ပစ်ချလိုက်သည်။ ထို့နောက် နှစ်ဖွဲ့ အပြန်အလှန် ပစ်ခတ်ရင်း၊ သူ့လူ ကိုယ့်လူ လုံးထွေးနေစဉ်၊ ဗိုလ်စံသိန်းက “အောင်ပြီ - အောင်ပြီ”ဟူ၍ ကြွေးကြော်ရင်း ဘုန်းကြီးကျောင်းမှ ဆင်းပြေးသွားသည်။ ဗိုလ်စံလင်းနှင့် ဗိုလ်မှူး ဘော်လဒင် တို့နှစ်ဦးသာ ကျောင်းတွင်ကျန်ခဲ့ကြသည်။ ဗိုလ်စံသိန်း ထွက်ပြေးသွားစဉ် ရှမ်းအဖွဲ့မှ ရဲဘော်တဦးမှ ဗိုလ်စံသိန်းကို ပစ်လိုက်သဖြင့် ဗိုလ်စံသိန်းလည်း ကျသွား လေသည်။

ရှမ်း မိုးဟိန်း အဖွဲ့မှ စောလှခင်လည်းကျ၊ ဗိုလ်စံသိန်းလည်းကျ၊ K.N.U.P. ကိုယ်စားလှယ်များ၏ ရှေ့ဆက်ရမည့်ခရီးစဉ်မှာ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ပအိုဝ်းနယ်မြေမှ နောက်ကြောင်းသို့ ပြန်ခဲ့ရလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖလေးစာလို စခန်း

ကိုယ်စားလှယ်အဖွဲ့က ဌာနချုပ်ဖြစ်သော ဖလေးစာလိုသို့ ပြန်ရောက် လာပြီး အဖြစ်အပျက်အားလုံးကို တင်ပြလေသည်။ ခေါင်းဆောင်များက ခရီးစဉ်ကို မဖျက်။ အတွင်းလမ်းမှသွားရန် အစီအစဉ် ထပ်မံရေးဆွဲပြန်သည်။

ကိုယ်စားလှယ်အဖွဲ့ကို အောက်ပါအတိုင်း ပြန်လည်ရေးဆွဲ ဖွဲ့စည်းခဲ့သည်။

အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန် (စောအယ်တော) ဗဟိုကော်မတီ၊
အတွင်းရေးမှူး မန်းရှာလားဖန်း၊
ဆက်သွယ်ရေး စောဘာဘာ (မန်းခွာ)၊
အဖွဲ့ဝင် သမိန်ထွန်း၊
အဖွဲ့ဝင် ဗိုလ်သိန်းလွင် (စောကော်ခူ)၊
အဖွဲ့ဝင် စောအဝါး (ထွန်းငွေ)၊
အဖွဲ့ဝင် စောအဝါး (တရုတ်အမျိုးသား)၊
အဖွဲ့ဝင် ပါစက (ခေါ်) (အယ်ကော်) တို့ကို ရွေးချယ်ပြီး နောက်၊ လေး ယောက်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခဲ့သည်။ အတွင်းလမ်းမှ သွားရ မည်ဖြစ်သဖြင့် (၂)ဖွဲ့ခွဲ၍ သွားခဲ့ကြသည်။ ပထမ အဖွဲ့တွင် ဗိုလ်အေးဟန် (အဖွဲ့ခေါင်းဆောင်)၊ စောဘာဘာ (မန်းခွာ)၊ မန်းရှာလားဖန်း၊ စောအဝါး (ခေါ်) ထွန်းငွေ တို့ဖြစ်သည်။

ဒုတိယ အဖွဲ့တွင် ဗိုလ်သိန်းလွင် (အဖွဲ့ခေါင်းဆောင်)၊ စောသမိန်ထွန်း၊ စောအဝါး (တရုတ်ကျောင်းသား)၊ စောပါစက (စောအယ်ကော်) တို့ ဖြစ်သည်။

ဒုတိယ အဖွဲ့၏ ခရီးစဉ် အသေးစိတ်

အဖွဲ့ခေါင်းဆောင် ဗိုလ်သိန်းလွင်၏ ပထမ အစီအစဉ်မှာ ကစယ်ဒို ရွာမှ “ရှားစီးဖို”၊ “လေးတီ”ကို သွားပြီး၊ ကားဖြင့် ထန်းတပင်ကို သွားမည်။ ထို့နောက် ထန်းတပင်မှ လှေဖြင့် တောင်ငူသို့ကူပြီး၊ ရထားစီးမည်။ ခရီးဆုံးမှာ ကချင်ပြည် ဖြစ်သည်။ အကြောင်းပြချက်မှာ၊ သစ်ခေါင်းတဦးက ကချင်ပြည်၌ သစ်လုပ်ရန် ပို့ထားသော မိမိတို့၏ သစ်လုပ်သားများကို သွားရောက် တွေ့ဆုံရန် လုပ်ငန်း များကို စစ်ဆေးရန် ဖြစ်သည်။ သိန်းလွင် ကိုယ်တိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်မဟာ(၂) ကစယ်ဒိုရွာမှ သစ်ခေါင်းတဦးကို တွေ့ဆုံပြီး ထိုသူ၏ အမည်ဖြင့် သစ်ခေါင်း ယောင်ဆောင်ကာ ခရီးစဉ်ကို စတင်ရန် ဖြစ်သည်။ သစ်ခေါင်းနှင့် ရင်းနှီးသော ကရင် အမျိုးသား တဦးသည် မီးရထားဘူတာတွင် အလုပ်လုပ်နေသည်။

အစီအစဉ်အတိုင်း တောင်ငူသို့ ရောက်ပြီး၊ ကရင်အလုပ်သမား အိမ်သို့ သွားကာ အကျိုးအကြောင်း ပြောပြသည်။ သစ်ခေါင်းအမည်ကို ပြောပြသည်နှင့် ကရင်အလုပ်သမား က နားလည်လိုက်သည်။ သိန်းလွင်က ကရင် အလုပ်သမားလေးအား စားပွဲသောက်ပွဲ တခုကို စီစဉ်ခိုင်းလိုက်သည်။ စားသောက်ပွဲတွင် ရုံပိုင်၊ ပုလိပ်၊ လုံခြုံရေး ခေါင်းဆောင်၊ ဂတ်ဗိုလ်၊ လက်မှတ်စစ် အားလုံးကို အလုပ်သမားက ဖိတ်ပေးသဖြင့် ရင်းနှီး၍လည်း တပျော်တပါး စား ကြ သောက်ကြသည်။ သိန်းလွင်က ရင်းရင်းနှီးနှီး ဖြစ်လာသည်နှင့် ကချင်ပြည်တွင် ဆင်ဦးစီးနှင့် သစ်လုပ်သားအဖွဲ့ကို ပို့ထားကြောင်း သစ်လုပ်သော နေရာ မှာ၊ `မရမ်း´ ဖြစ်ကြောင်း၊ "မရမ်း"ကို မရောက်ဘူးသဖြင့် သွားလိုကြောင်း အကူအညီ ပေးနိုင် မလားဟု မေးရာ၊ သူတို့ကလည်း ဝမ်းမြောက်စွာဖြင့်ပင် ကူညီမည့်အကြောင်း ကတိပြု လေသည်။ ခရီး အတွက် စီစဉ်ရန် ငွေတခ့ျိုကိုလည်း ပေးလိုက်သည်။ ဤသို့ဖြင့် အဆင်ပြေသွားပြီး နောက် တနေ့ မနက်လေးသို့ ခရီးစထွက်ခဲ့သည်။ ပုလိပ်ဗိုလ်ကလည်း မနက်လေးအထိ လိုက်လံ ပို့ဆောင် ပေးသည်။ ရထားလက်မှတ်ပင် ဝယ်စရာမလိုဘဲ ပုလိပ်တွဲ၌ပင် စီးခွင့် ပြုခဲ့သည်။ လက်မှတ် မပါသည့်အတွက် စောသမိန်ထွန်းမှာ စိုးရိမ်ပြီး တောင်ငူတွင် လက်မှတ်ဝယ်ယူရန် တန်းစီ လေသည်။ ပုလိပ်တယောက်က လက်မှတ် မဝယ်ရန် လှမ်းခေါ်မှ " ဘူတာတွင် ညအိပ် ကြ သည်။ ရထား တွဲပေါ်၌ပင် အိပ်ခဲ့ကြ ရသည်။ မိုးလင်းသည်နှင့် ရှေ့ခရီးအတွက် ရထားဝင် လာသည်။ စောအယ်ကော် က အရင်ဆုံး ရထားပေါ်သို့ တက်သည်။ "တရုတ်ကလေး"က ပျောက် နေသည်။ တရုတ်ကလေးပြန်လာတော့ "စောသမိန်ထွန်း" တယောက် ပျောက်နေပြန် သည်။ ကချင်စကားပြန်ဖြစ်တဲ့ "ဗိုလ်တောင်လုံး"က စောသမိန်ထွန်းကိုရှာရင်း ရထား ထွက် လေသည်။ ရထား ထွက်သောအချိန်တွင် ဗိုလ်သိန်းလွင်နှင့် စောအယ်ကော် (၂)ယောက်သာ အတူပါသွားသည်။ ကျန်သော အဖွဲ့သားများ မည်သည့်တွဲတွင် စီးသည် သို့မဟုတ် ကျန်ခဲ့ သလားမသိ။ မိုးညှင်းသို့ ရောက်သောအခါ ဗိုလ်သိန်းလွင် နှင့် "စောအယ်ကော်"က ရထားပေါ် မှ ဆင်းပြီးရှာလေသည်။ နောက်ရထားကို စောင့်ကြည့် သည်။ နောက်ရထားရောက်၍ ရှာ ကြည့်သော်လည်း မတွေ့၊ မည်သို့ ပင်ဖြစ်စေ နောက် ရထားနှင့်ပင် အယ်ကော်နှင့် သိန်းလွင်

တို့ ဆက်စီး လိုက်သည်။ ထိုရထားနှင့်ပင် မိုးညှင်း၊ မိုးညှင်းပြီးနောက် `နမ္မတီး´သို့ ရောက်မည်။ ထို့နောက် `မရမ်းဘူတာ´သို့ ဆိုက်မည် ဖြစ်သည်။

မရမ်းဘူတာသို့ မရောက်ခင် ရထားကို အလံမချိုးဘဲ ရထားကို ရပ်လိုက်သဖြင့်၊ သတင်းပေါက်ကြားသည်ဟု ထင်လိုက်ကြသည်။ တပ်ကုန်းဘက်မှ လက်နက်ကိုင် တပ်ဖွဲ့များ ဆင်းလာသည်ကို တွေ့နေရသည်။ ဗိုလ်သိန်းလွင်က အယ်ကော်ကို လှမ်းခေါ်ပြီး မျက်ရိပ်ပြ လိုက်သည်။ စစ်သားများ ဘူတာနားသို့ ရောက်သည်နှင့် ရထားလည်း အလံချိုးလိုက်သည်။ စစ်သားများ ဘူတာထဲသို့ ပြေးဝင်လာသဖြင့် ဗိုလ်သိန်းလွင်နှင့် အယ်ကော်လည်း အလျင်အမြန် ရထားပေါ်မှ ဆင်းလိုက်သည်နှင့် ဦးတောင်လုံးလည်း ဆင်းလာပြီး၊ ဘူတာ အတိုင်းမသွားဘဲ အိမ်များကြားထဲသို့ အမြန်တိုးဝင်ရန် ပြောလိုက် သည်။ စောသမိန်ထွန်း၊ တရုတ်ကလေး၊ ပါစကတို့ အားလုံး ဦးတောင်လုံး ညွှန်ပြရာ အိမ်နောက်ဘက်ကို လိုက်ပြေး ကြသည်။ ထိုသို့ ဖြတ်ကူးလိုက်ခြင်းကို စစ်တပ်မှ တွေ့သွားသဖြင့် ချက်ချင်းပင် အတင်း လိုက်လေသည်။ ထိုအချိန်တွင် ကချင် တပ်ရင်း(၁၁)မှ ရဲမေ (၃)ဦးမှာ၊ ကျောင်းသူ အဝတ်အစားဖြင့် စောင့်ကြိုအကဲခတ်ရင်း ဦးတောင်လုံးကို လှမ်းမေးသည်။ ဦးတောင်လုံးနှင့် ကချင်လို (ကချင်ဘာသာ စကားဖြင့်)ပြောရင်း လာ ရောက်ကြိုဆိုသူများဖြစ်ကြောင်း သိရ သည်။ ကချင်အမျိုးသမီးများက ဦးဆောင်ပြီး ကိုင်းတောထဲသို့ ပြေးဝင်ပြီးနောက် လမ်းပြ ခေါ်ဆောင်သွားလေသည်။ ကိုင်းတော ထဲတွင် ကချင် တပ်စိတ် တစိတ်က အဆင်သင့် လာ ကြိုနေသဖြင့် ဆက်လက်၍ ထွက်ခွာ ကြသည်။ ထို အချိန်ကျမှ အားလုံး စိတ်အေးသွားရ သည်။

“မရမ်းရွာ”တွင် ယမန်နေ့က ဗိုလ်အေးဟန်နှင့် ဖါးရှာလားဖန်း (မန်းရှာလားဖန်း) တို့ အဖွဲ့ ရောက်လာသည်ကို သတင်းရထားကြသည်။ သတင်းရသဖြင့် လိုက်လံ စစ်ဆေး ရာ ကချင်တပ်နှင့် တိုက်ပွဲဖြစ်ပွားပြီး၊ ရန်သူဘက်မှ (၂)ယောက် ကျသွားသည်။ ကချင် တပ်ဖွဲ့မှ လည်း တယောက်ကျခဲ့သည်။ ဗိုလ်သိန်းလွင်တို့ ရောက်သောနေ့တွင် အခြေ အနေ မှာ ရှုတ် ထွေးနေဆဲ ဖြစ်သည်။ ကချင်တပ်မှူး ဗိုလ်ဇော်ဒူး က `ခင်ဗျားတို့ အတော် ကံ ကောင်းတယ်´။ မနေ့က ကျနော်တို့နဲ့ တိုက်ပွဲဖြစ်လို့ ရဲဘော် တယောက်တောင် ကျသွားတယ်ဟု ပြောရင်း နှုတ်ဆက် ရင်းနှင့် အားလုံး အထိအခိုက် မရှိသဖြင့်လည်း ဝမ်းသာကြရသည်။

တရုတ်ပြည် နယ်စပ်ခရီး

တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ တို့နှင့် တွေ့ဆုံခြင်း

ကချင် တပ်ရင်း(၁၁) ဌာနချုပ်တွင် တပ်ရင်းမှူးမှာ ဗိုလ်မှူး ဇော်ဆိုင်း ဖြစ်သည်။ စာသိန်းလွင်တို့ ရောက်သောအချိန်သည် ဗိုလ်မှူးဇော်ဆိုင်း၏ မင်္ဂလာပွဲ နှင့် ကြုံကြိုက် နေသဖြင့် မင်္ဂလာဆောင်ပြီးမှ ခရီးဆက်ကြရန် ပန်ကြားသဖြင့် မင်္ဂလာပွဲ ပြီးမှပင် ခရီးဆက်ခဲ့ရသည်။

ကချင်ပြည် ကချင်တော်လှန်ရေးကို ဇော်ဆိုင်း၊ ဇော်တူး၊ ဇော်တန်တို့ ညီအစ်ကို(၃)ယောက် ဦးဆောင်ခဲ့သည်။ ကချင်လက်နက်ကိုင် တပ်ဖွဲ့များအတွက် လက်နက်များကို တရုတ်ပြည်မှတဆင့် ရရှိလေသည်။ တရုတ်နှင့် ကချင် ဆက်သွယ်ရန် ဗိုလ်ဘရန်ဆိုင်းအား တာဝန်ပေးထားသည်။ ရုံးထိုင်မှူးမှာ ဇော်တူး ဖြစ်သည်။ ဘရန်ဆိုင်းမှာ တရုတ်နယ်စပ်ရုံးတွင် ရှိနေသည်။ နယ်စပ်ရုံးသို့ ရောက်ရန် (၂)ပါတ်ကျော် ကျော် လောက်သွားရမည်။ ရှေးဦးစွာ ဗန်းမော်လမ်းကို ဖြတ်ရသည်။ ထို့နောက် ဧရာဝတီမြစ်ကို စုန်ဆင်းပြီး ရွာပေါင်းများစွာကို ဖြတ်ခဲ့ကြရသည်။ ဗန်းမော်နယ်မြေ ဧရာဝတီ မြစ်ကမ်း နံဘေး ရွာများသည် ရွာဟောင်း ရွာပျက်များ ဖြစ်သည်ကို တွေ့ရလေသည်။ (၂)ပတ် ခရီးသွားပြီး ညဘက်၌သာ လှေစီးပြီး ခရီး ဆက်ခဲ့ကြရာ တရုတ်နယ်စပ် ယင်ကျန်း နယ်မြေသို့ ရောက်လေသည်။ ဗမာပြည် တာပိန် ရွှေလီ မြစ်ဖျားဒေသလောက် ကျမည် ဖြစ်သည်။ တရုတ်ပြည်ထဲသို့ တခါတည်း ဝင်၍ မရသေးဘဲ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်ပြီး ၎င်းတို့မှတဆင့် ဆက်သွယ်ရသည်။ ကေအဲန်ယူပီ ကိုယ်စားလှယ်အဖွဲ့ ရောက်သော အချိန်သည် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကချင် တော်လှန်ရေး အဖွဲ့တို့၏ ဆက်ဆံရေးသည် အဆင်သိပ်မပြေလှသည့် အချိန်လည်း ဖြစ်သည်။ ကချင်အဖွဲ့က ဗမာပြည် ကွန်မြူ နစ်ပါတီသည် မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲကျင့်သုံးသည်ဟု ယူဆထား သည်။

ကေအဲန်ယူပါတီ၏ ကိုယ်စားလှယ်အဖွဲ့သည် မဒည်တ ၏ သဘောထား ဖြစ်သော၊ `လူမျိုးပေါင်းစုံ ဒီမိုကရေစီ ညီညွတ်ရေး၊ တပ်ပေါင်းစုနှင့်သာ အောင်ပွဲခံ နိုင်မည်´ဟူသော သဘောတူညီချက်အပေါ် အဝေးရောက် မဒည်တ အဖွဲ့ကို ဖွဲ့ပြီး၊ တရုတ် နယ်စပ်တွင်၊ အခြေခံစခန်းတခုထားရန် အစီအစဉ် ရှိနေသည်။ သခင်ဇင်၏ စာထဲတွင် လည်း ထိုအချက်ကို ထည့်သွင်း ဖော်ပြထားလေသည်။ ကချင်ကလည်း K.N.U.P. အဖွဲ့ ရောက်လာသည်ကို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ကချင်အဖွဲ့နှင့် ဗကပ အဖွဲ့ ပဋိပက္ခများကို ပြေပြေလည်လည် ဖြစ်သွားမည်ဟု မျှော်လင့်ထားလေသည်။ မဒည်တ တပ်ပေါင်းစုနှင့်ဆိုလျှင် ပို၍ အဆင်ပြေမည်။

အခ့ျုိဒေသများတွင် တော်လှန်ရေးအဖွဲ့များဖြစ်သော ကချင်နှင့် ဗကပ တို့ လက်နက်ကိုင် ပဋိပက္ခ ပေါ်ပေါက်နေသည်ကို တရုတ်ပြည် ကွန်မြူနစ်ပါတီမှ မလိုလားပေ။

K.I.A. ဌာနချုပ်သည် တရုတ်ပြည် နယ်စပ်၊ ယင်ကျန်းနှင့် မနီး မဝေးတွင် ရှိသည်။ အဆောက်အဦ အခိုင်အမာတော့ မရှိသေး။ ဥက္ကဋ္ဌမှာ ဇော်ဆိုင်းဖြစ်ပြီး၊ ဒု ဥက္ကဋ္ဌမှာ ဗိုလ်ဇော်ဒူးဖြစ်သည်။ ထိုအချိန်မှာ ဒု-ဥက္ကဋ္ဌ မှာ၊ ဌာနချုပ်တွင် မရှိပါ။ အဆောက်အဦးများ ကြီးကြီးမားမား မရှိသေးသဖြင့် လူခွဲပြီး နေရာချပေးသည်။ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန်၊ ထွန်းငွေ (ခေါ်)အဝါး၊ ကြေးနန်းဆက်သွယ်ရေးမှ စောဘာဘာနှင့် မန်းရှာလားဖန်း တို့ကို ဒု-ဥက္ကဋ္ဌ ဗိုလ်ဇော်ဒူး စခန်းတွင် နေရာချသည်။ ဗိုလ်သိန်းလွင်၊ စောသမိန်ထွန်း၊ ပါစက (ခေါ်)အယ်ကော်၊ တရုတ်ကလေး အဝါး တို့ကို ဘရန်ဆိုင်း၏ အိမ်နားရှိ အဆောက်အဦတခု တွင် နေရာ ချထားပေးလေသည်။ K.I.A. ဌာနချုပ်စခန်းတွင် တလနီးပါး စောင့်ဆိုင်းခဲ့ ရသည်။ ကချင်နှင့် ဗကပ တို့ နှစ်ဘက် တင်းမာနေသော အချိန်တွင်၊ ကေအဲန်ယူ ပါတီ ကိုယ်စားလှယ်အဖွဲ့သည် ကချင်မှတဆင့် ဆက်သွယ်လာသော ကိစ္စကို နှစ်မြို့ခြင်း မရှိလုပေ။ ကချင်ဆက်သွယ်ရေးတာဝန်ခံ ဘရန်ဆိုင်းက ကိုယ်စားလှယ်အဖွဲ့နှင့် ဗကပ တို့ တွေ့ဆုံရန်ကိစ္စ မဖြစ်မနေ ဖြစ်စေချင် နေသည်။ ထို့ကြောင့် နယ်စပ် တရုတ်တာဝန်ခံများအား ဗကပက မတွေ့ချင်သည့် တိုင်အောင် အိမ်ရှင်များကတွေ့သင့်ကြောင်း အကြံပြုလေသည်။ ဘရန်ဆိုင်း၏ အကြံပြု ချက်ဖြင့် တရုတ်ဘက်မှ ကေအဲန်ယူပါတီ ကိုယ်စားလှယ်များကို လာရောက် ကြိုဆိုလေ သည်။ အဖွဲ့ဝင်အားလုံး မသွားဘဲ ဗိုလ်သိန်းလွင်၊ သမိန်ထွန်း၊ ပါစကနှင့် အဝါးတို့ (၄)ဦးကို အရင်လွှတ်လိုက်သည်။ ကချင်ဌာနချုပ်မှ နယ်စပ် ယင်ကျန်းစခန်းသို့ အရင်သွားရသည်။ ယင်းကျန်းတွင် တရုတ်အဖွဲ့မှ လာရောက်တွေ့ဆုံသည်။ ရဲဘော်ဟူ၊ ရဲဘော်ရှောင်း၊ ရဲဘော်ကွပ် တို့က ကြိုဆိုသည်။ ယင်းကျန်း နယ်စပ် စခန်းတွင်လည်း တလလောက် ကြာအောင် စောင့်ခဲ့ရပြန်သည်။ ထိုကာလအတွင်း ရဲဘော်ကွပ်က ဗိုလ်သိန်းလွင်အား၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ကေအဲန်ယူပါတီတို့ အခြေအနေကို မေးမြန်းသည်။ လက်နက်ကိုင် ပဋိပက္ခ ရှိခဲ့ဖူးသလားဟု မေးသဖြင့်၊ ဗိုလ်သိန်းလွင်က၊ ၁၉၄၉ ခုနှစ် လက်နက်ကိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တော်လှန်ရေး စခဲ့စဉ်က ရှိခဲ့ဖူးကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီက ကရင်တို့အား နယ်ခြဲ နောက်လိုက် ခွေးများဟု သတ်မှတ်ကာ တိုက်ခိုက်ခဲ့ဖူးကြောင်း၊ နောက်ပိုင်း စောဘဦးကြီးက မေဂျာမောင်ကလေးကို လွှတ်ပြီး အလံနီတို့နှင့် ပြန်လည် နားလည်မှုရယူရန် ကြိုးပမ်း ခဲ့ရ ကြောင်းကို ရှင်းပြလေသည်။ ထို့နောက် မန်းဘဇန်က ရှေ့ဆောင်ပြီး၊ ဗကပ နှင့် တွေ့ဆုံကာ ၁၉၅၂ ခုနှစ်တွင် “အနန်းကုန်း” စာချုပ်ကို ချုပ်ဆို ခဲ့ပြီး နှစ်ဘက် နားလည်မှု ရယူနိုင်ခဲ့ ကြောင်းကို သိန်းလွင်က ရှင်းပြခဲ့သည်။

ထိုသို့ မေးသည်မှာ လက်ရှိ K.I.A. နှင့် ဗကပ တပ်တို့၏ လက်နက်ကိုင် ပဋိပက္ခကို တရုတ်အာဏာပိုင်များက မနှစ်သက်ပါ။ တရုတ် ထောက်ပံ့ထားသော လက် နက်များဖြင့် အချင်းချင်း တိုက်ခိုက်နေကြသဖြင့်၊ တရုတ်ပြည်မှ ကချင်အဖွဲ့အား လက်နက် ထောက်ပံ့မှု များကို ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်သည်။ အမှန်စင်စစ် ချောင်အင်လိုင်းက ကချင်အဖွဲ့အား ဖွဲ့စည်းပုံအပြည့် တပ်ရင်း (၃)ရင်းစာအထိ လက်နက်တပ်ဆင်ပေးရန် ကတိပြု ထားခဲ့သည်။ သိန်းလွင်ကလည်း ရဲဘော်ကွပ် အား ၁၉၅၉ ခုနှစ်၊ ဗကပ အပါအဝင် လူမျိုးစုများပါဝင်သော တပ်ပေါင်းစု ဖွဲ့စည်းလာရခြင်း ကိစ္စ နောက်ပိုင်း ပူးပေါင်းဆောင်ရွက်မှုများကို အသေးစိတ် ရှင်းပြခဲ့လေသည်။ ထို့ကြောင့် တရုတ် အာဏာ ပိုင်များက ကေအဲန်ယူပီ ကိုယ်စားလှယ်အဖွဲ့ နှင့် ဗကပ ကို တွေ့ဆုံရန် ဆက်လက် စီစဉ်လေသည်။ ပထမ ကေအိုင်အေ ဌာနချုပ်တွင် ကျန် နေခဲ့ကြသော ဗိုလ်အေးဟန်၊ မန်းရှာလားဖန်း၊ စောဘာဘာနှင့် စောထွန်းငွေ (ခေါ်) အဝါးတို့ လေးယောက်ကို၊ ယင်ကျန်းနယ်စပ် စခန်းတွင် ခေါ်ပြီး စုစည်းလိုက်သည်။ ယင်ကျန်းစခန်း ဟု ဆိုရာတွင် စစ်စခန်း တခုသာဖြစ်သည်။ ထိုစခန်းမှ ယင်ကျန်းမြို့လေးကို တနေ့ခရီး သွား ရသည်။ ပထမတွင် မြင်းများစီးခဲ့ကြပြီး၊ ကားလမ်းပေါက်သော မြို့ကလေး တမြို့သို့ ရောက် မှ ကားများဖြင့် ခရီးဆက်လေသည်။ ယင်ကျန်းမြို့သည် အလွန်စည်ကားသော မြို့ ဖြစ်သည်။ ရုပ်ရှင်ရုံ ကဇာတ်ရုံများ အားကစားရုံနှင့် ရေကူးကန်များလည်း ရှိသည်။ ကိုယ်စားလှယ် အဖွဲ့သည် ယင်ကျန်းမြို့တွင် တလလောက် ရှိနေစဉ် လေ့လာရန် စာအုပ်များ၊ စာရွက် စာတမ်းများကို ထုတ်ပေးခဲ့သည်။ မော်စီတုံး လက်ရွေးစဉ်ကျမ်း၊ စစ်ရေးလမ်းစဉ် စသည် များကို လေ့လာယုံသာမကဘဲ တရုတ်စကား တရုတ်သီချင်းများကိုပင် သင်ကြားပေး လေသည်။ တခါတရံ ညနေ စောင်းများတွင် ကဇာတ်ရုံများသို့ ပို့ဆောင်ပေးခြင်း ထမင်း စားပွဲများလည်း ကျင်းပ ပေးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တလခန့် ကြာပြီးနောက်၊ ဗကပနှင့် တွေ့ဆုံရန် ပေါက်စန်းသို့ ကား (၄)စီးဖြင့် ခရီးထွက်ကြသည်။ ကိုယ်စားလှယ် (၂)ယောက် (၃)ယောက်လျှင် ကား တစီးဖြင့် ယင်ကျန်းမြို့မှ ထွက်ခဲ့ရာ လုကျန်းသို့ ရောက်ခဲ့သည်။ လုကျန်းမြို့သည် ပို၍ ကြီးမား သည်။ တရုတ်ပြည်တွင်း သံလွင်မြစ်ကြောင်း တလျှောက် ကြီများ စိုက်ပျိုးကြပြီး၊ သကြားစက်နှင့် အခြားသော စက်ရုံများ အလုပ်ရုံများလည်း ရှိသည်။ သံလွင်မြစ်တံတား ကျော်သည်နှင့် တရုတ်ပြည်ထဲသို့ ဝင်သည်။ တနေ့လုံး ကားဖြင့်သွားရာ ပေါက်စန်း သို့ ရောက်လာသည်။ ယူနန်ပြည်သည် တိုင်းမြို့လေး တမြို့ဖြစ်သဖြင့် စက်ရုံ အလုပ်ရုံ စက္ကူစက် မော်တော်ကားလုပ်သော စက်ရုံ ဖိနပ်ချုပ်စက်ရုံကြီးများလည်းရှိသည်။ လေယာဉ်ကွင်းလည်းရှိသည်။ ပေါက်စန်း မြို့တွင် တလခန့်နေပြီးမှ ဗကပ ကိုယ်စားလှယ် များနှင့် တွေ့ဆုံလေသည်။

ဗကပ နှင့် တွေ့ဆုံဆွေးနွေးပွဲတွင်၊

ဗကပ ဘက်မှ၊ -

(၁) သခင်ဖေတင့်၊

(၂) စိုင်းအောင်ဝင်း

(၃) ဗိုလ်ကြည်ပြိုင်

ကေအဲန်ယူပါတီဘက်မှ၊-

(၁) ဗိုလ်အေးဟန်၊

(၂) မန်းရှာလာဖန်း၊

(၃) စောဘာဘာ (မန်းခွာ)၊

(၄) ထွန်းငွေ (ခေါ်) အဝါး၊

(၅) ဗိုလ်သိန်းလွင် (ကော်ခူ)၊

(၆) စောသမိန်ထွန်း၊

(၇) ပါစက (အယ်ကော်)၊

(၈) တရုတ် အဝါး တို့ဖြစ်သည်။

တရုတ်ကိုယ်စားလှယ် (၄)ဦးလည်း တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ကိုယ် စားလှယ်အဖွဲ့က သခင်ဇင် ရေးသားသောစာများကို ပေးအပ်ပြီး ဗကပ နှင့် ကေအဲန်ယူ ပါတီတို့၏ သဘောထားတွင် အဝေးရောက် (မဒညတ) ရုံးအဖွဲ့ကို တရုတ်နယ်စပ်တွင် ထားရန်။ မဒညတ အဖွဲ့ဝင်များအားလုံး ကိုယ်စားလှယ်များ ပို့ပေးနိုင်ပါက ပို့ဆောင်ပြီး ပူးပေါင်းလုပ်ဆောင်သွားရန် သဘောထားကို တင်ပြလေသည်။ တပ်ပေါင်းစုနှင့်သာ အောင်ပွဲခံရမည့် သဘောထားအပေါ် ရပ်တည်ပြီး ရေးသားဖော်ပြခြင်း ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမှန်စင်စစ် တပ်ပေါင်းစုနှင့် အောင်ပွဲခံရေးကို ပြည်တွင်းရှိ ဗကပ ခေါင်းဆောင်များ ဖြစ်သော သခင်ဇင်၊ သခင်ချစ်တို့က လက်ခံထားသည်။ မဒညတ ကိုယ်စားလှယ် အားလုံးကို ခေါ်မည်။ မယ်ဝိုင်တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင် များ ဖြစ်သာ ရှမ်း၊ မွန်၊ ကရင်နီ၊ ကချင် အားလုံးကိုခေါ်မည်။ တရုတ်က ထိုသဘောထားကို လက်ခံထားပြီး ဖြစ်သည်။

ဗကပ ၏ ဆက်လက်ဆွေးနွေးချက်တွင် တပ်ပေါင်းစုနှင့် အောင်ပွဲခံမည့် သဘောထား မဟုတ်တော့ဘဲ မူပြောင်းသွားပြီ ဖြစ်သည်။ ဗမာပြည် ကွန်မြူနစ် ပါတီ၏ ဦးဆောင်မှုနှင့်သာ အောင်ပွဲခံရမည်ဟူ၍ ဖြစ်သည်။ ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးရန် ဆန္ဒမရှိတော့ပေ။ သို့သော်လည်း ဗကပ ဘက်မှ ကိုယ်စားလှယ်အဖွဲ့အား ၎င်းတို့၏ သဘောထားကို ပြန်လည်တင်ပြရန် သဘောထား ယူရန်အတွက် ကြေးနန်း ဆိုင်ရာ လျှို့ဝှက် သင်္ကေတများ ပေးလေသည်။ ထို့အပြင် ဗကပ ဘက်မှ ဆွေးနွေးရာတွင် မန်းဘဇန်၊ ဗိုလ်ချုပ်ကော်ထူး တို့သည် ထက်မြက်သော ခေါင်းဆောင်များ ဖြစ်သည်။ ဗကပ နှင့် လာရောက် ပူးပေါင်းပြီး ကိုယ်စားလှယ်အဖွဲ့သည် ဗမာပြည် တော်လှန်ရေးကို ဦးဆောင်လျှင် ပိုကောင်းမည်ဟု အကြံပြုလေသည်။ ပေါက်စန်း၌ပင် (၃-၄)လ ကြာခဲ့ သည်။

ထို့နောက် မန်စီတွင် ဗကပ ကိုယ်စားလှယ်များနှင့် K.N.U.P. ကိုယ်စားလှယ် များသည် ထပ်မံ၍ တွေ့ဆုံဆွေးနွေးရာ စကားတမျိုး ထွက်လာသည်။ K.N.U.P. မှ အလုပ်သမား သဘောတရားကို လက်ခံထားပြီးဖြစ်သဖြင့် ကေအဲန်ယူပါတီကို ဖျက်သိမ်းပြီး ဗကပ တွင် ဝင်ရောက်လုပ်ကိုင်ကြရန်၊ ဗကပ အဖွဲ့၏ ဦးဆောင်မှုနှင့် အောင်ပွဲကို ရယူနိုင်ကြောင်းတို့ကို ရှင်းပြသည်။ အမှန်စင်စစ် ဗကပ ဦးဆောင်မှုဖြင့် မိတ္ထီလာ၊ မန္တလေး၊ မြန်မာပြည် အထက်ပိုင်းကို သိမ်းပိုက်ရန် အစီအစဉ် ရှိနေသည်။ ထိုအစီအစဉ်တွင် ဝ၊ ပလောင်နှင့် ကချင် ခေါင်းဆောင်များကို ဦးဆောင်ပြီး တိုက်ခိုက်ရန် ဖြစ်လေသည်။

အစည်းအဝေးကို ဆက်လက် ဆွေးနွေးစရာ မရှိတော့သဖြင့် ပေါက်စန်း မှ နယ်စပ် မန်စီသို့ ထွက်ခွာခဲ့သည်။ သခင်ဖေတင့်၊ ဦးစံသူ၊ ဗိုလ်ကြည်ပြိုင်တို့ လာရောက်နှုတ်ဆက်ကြသည်။ မန်စီမှ ပြန်ထွက်ပြီး၊ တရုတ်-ဗမာ နယ်စပ် မုန်ဂူ သို့ ရောက်သည်။ မုန်ဂူ သည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဌာနချုပ်ဖြစ်သည်။ တပ်မဟာ ရုံးတွင် နော်ဆိုင်း လည်းရှိသည်။ မုန်ဂူတွင် ၃-၄ ရက် နေထိုင်ပြီး အပြန်ခရီးအတွက် လိုအပ်သော ပစ္စည်းများကို စုဆောင်းပြီးသည် နှင့် မုန်ဂူ မှ မန်စီကို ပြန်ထွက်ခဲ့သည်။ မန်စီ မှ တဆင့် ခရီးပြင်း ချီတက်ခဲ့ရာ ရက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အနည်းငယ်အတွင်းတွင် ကွတ်ခိုင်နယ်ထဲသို့ ရောက်ခဲ့သည်။ လုံခြုံရေးအတွက် ကချင်တပ်ဖွဲ့မှ တပ်ခွဲမှူး ဇော်ဆိုင်းက လိုက်လံ ပို့ဆောင် ပေးလေသည်။

ထို့နောက် မိုးမိတ်၊ မိုးနဲ၊ မိုးကုတ်နယ်သို့ ရောက်ပြီးနောက်၊ ဗကပ နယ်မြေဖြစ်သော ကျောက်မဲနယ်ကို ရောက်လာလေသည်။ ကျောက်မဲနှင့် မေမြို့ ကားလမ်းကို ဖြတ်ပြန်သည့် ကားလမ်းကို ကျော်လွန် ပြီးချိန်တွင်၊ ခရီးပြင်းကို လနှင့်ချီ၍ နေ့ရောညပါ ခရီးဆက်သဖြင့် အားလုံးမှာ အလွန်ပင်ပန်းလျက်ရှိသည်။ ဗကပ နယ်မြေ ဖြစ်သော ရေတွင်းကြီးသို့ သွားရမည်ဖြစ်သည်။ သို့သော် ပင်ပန်း နေကြပြီး အိပ်ငိုက်ကုန် သောကြောင့် မြင်းဖြူရွာနားတွင် တရက်နားရန် ဆုံးဖြတ် လိုက်ကြသည်။ မြင်းဖြူရွာ သားများကို နားမည့်အကြောင်း၊ ရေနှင့် နီးရာ နေရာ ဖြစ်စေချင်ကြောင်း ပြောပြရာ ချိုင့်တခုတွင် နေရာချထားပေးသည်။ ရွာသားများမှာ ပြည်သူ့စစ်များဖြစ်ပြီး စခန်းချမည့် နေရာကို လိုက်လံ ပို့ဆောင်ပေးကြသည်။ ထို့နောက် ရန်သူထံ ချက်ချင်းပင် သတင်း သွားပေးလေတော့သည်။ မြင်းဖြူရွာသည် မေမြို့ ဗိုလ်သင်တန်းကျောင်းနှင့် သိပ်မဝေး လှသဖြင့် ရန်သူတပ်သည် ညတွင်းချင်း ချီ တက်လာသည်။ မိုးလင်းကာနီးတွင် ရန်သူ ချီတက်လာကြောင်း သတင်းရသည်နှင့် ချက်ချင်းထွက်လျှင် လွတ်နိုင်သော်လည်း ထွက်ခွာရန် ပြင်ဆင်ပြီးချိန်တွင်၊ ရန်သူသည် ချိုင့်ထဲသို့ တဖြည်းဖြည်းဆင်းလာပြီး စတင်ပစ်ခတ် လေသည်။ တိုက်ပွဲဖြစ်သည်နှင့် ကစဉ့်ကလျားဖြစ်ပြီး လူများ ကွဲကုန် လေသည်။ ဗိုလ်သိန်းလွင်၊ ပါစက (ခေါ်) စောအယ်ကော်၊ မန်းခွာ ခေါ်(စောဘာဘာ) သုံးယောက်တို့မှာ လွတ်ရာကျွတ်ရာ ပြေးရင်းနှင့် တိုက်ပွဲကြားထဲမှာပင် ပြန်ဆုံသည်။ မကြာမီ သမိန်ထွန်း၊ တရုတ်ကလေး အဝါးတို့လည်း ပေါ်လာပြီး လူပြန် စစ်ကြသည်။ “စောထွန်းငွေ (ခေါ်) အဝါး၊ မန်းရှာလားဖန်း၊ ဗိုလ်အေးဟန်” တို့ သုံးဦး ပျောက်နေ သေးသည်။ ဗိုလ်အေးဟန်မှာ ညပိုင်းတွင် ဗိုလ်ဇော်ဆိုင်းနှင့် အတူသွားအိပ်သည်။ ပျောက်နေသော သူ (၃)ယောက်အား စောင့်သော်လည်း ပေါ်မလာကြ။ ကြာကြာစောင့်၍ လည်း မဖြစ် ရှိသော သူနှင့်ပင် ထွက်ခဲ့လေသည်။

ထွက်သာ ထွက်ခဲ့ရသော်လည်း နယ်မြေကို သိသောသူ တဦး တယောက်မျှ မရှိပါ။ ကျည်လွတ်မည့်နေရာကို တဖြည်းဖြည်း တိုးရင်းနှင့်ပင် မိုးလင်းသောအခါ `ဆင်´များသွားလာသည့် လမ်းကြောင်းတခုကို တွေ့ကြရသည်။ ဆင်ခြေရာ စွတ်ကြောင်း အတိုင်း လိုက်သွားလျှင် ဆင်သမားအခ့ျိုနှင့် တွေ့နိုင်သည်။ ထို့နောက် ဆင်သမားများအား လမ်းပြအဖြစ်ခေါ်ပြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မန်းသိန်းမောင်တို့ နေသော ရေတွင်းကြီးသို့ ပို့ခိုင်းမည်ဟု စိတ်ကူး ထားသည်။ သို့သော် မန်းသိန်းမောင်နေသော ရေတွင်းကြီးသည် ကျောက်မဲ ဒေသ၌ပင် ရှိသော်လည်း ရွာမှာ ဘယ်လောက် ဝေးမှန်းမသိသေး။ ပါလာသော အဖွဲ့ဝင်များနှင့် တိုင်ပင်ပြီး ဆင် သမားများကို ဖမ်းရန် သဘောတူကြပြီး သွားရောက် ဖမ်းဆီးကြ လေသည်။ ဆင် သမားများမှာ ကရင် လူမျိုးများဖြစ်သဖြင့် မိမိတို့မှာ ကရင်တော်လှန်ရေး အဖွဲ့ဝင်များ ဖြစ်ကြောင်း ရန်သူနှင့် တိုက်ပွဲဖြစ်ခဲ့သည့်အကြောင်းကို ရှင်းပြရာ၊ ဆင်သမား များက သူတို့လည်း သေနတ်သံများ ကြားခဲ့ရကြောင်း ပြောဆိုပြီးနောက် ရေတွင်းကြီး ရွာသို့ ချက်ချင်းပင် လိုက်လံပို့ဆောင်ပေး လေသည်။ ရေတွင်းကြီးရွာသို့ ညနေ စောင်းမှ ရောက်ကြသည်။ ရေတွင်းကြီးရွာသည် ဓနု လူမျိုးများနေသော ရွာ တရွာဖြစ်သည်။ ရွာသို့ ရောက်လျှင်ရောက်ချင်း၊ မန်းသိန်းမောင်ကို ဆက်သွယ် ခိုင်းလိုက်ရာ မိုးချုပ်ချိန်တွင် မန်းသိန်းမောင် ရောက်လာသည်။ ထို့နောက် အားလုံးပင် မန်းသိန်းမောင်၏ စခန်းသို့ လိုက်သွားလေသည်။ မန်းသိန်းမောင်ကို သခင်သိန်းမောင်ဟု ဒေသခံ အများစုက သိကြ သကဲ့သို့ သူက ဓနု စကားလည်း တတ်သဖြင့် သူ၏ တပည့် ဓနုလူမျိုးများနှင့် ဓနုလိုပင် ပြောဆိုနိုင်သူ ဖြစ်သည်။ သခင်သိန်းမောင်အား ရောက်လာရခြင်း အခြေအနေများကို ပြောပြပြီး တိုက်ပွဲတွင် ကျန်ခဲ့သော ရဲဘော်(၃)ယောက်ကို လိုက်လံရှာဖွေရန် မန်းသိန်း မောင် က အကြံပြု လေသည်။ ပျောက်နေသော ကိုယ်စားလှယ် အဖွဲ့ဝင်များမှာ၊ (၁) ဗိုလ်မှူး အေးဟန် (စောအယ်ကော်)၊ (၂) မန်းရှာလာဖန်း၊ (၃) ထွန်းငွေ (ခေါ်) အဝါး တို့ ဖြစ်လေသည်။

ကျောက်မဲဒေသ ရှာပုံတော်

ညတွင်းချင်းပင် သခင်သိန်းမောင်၏ စခန်းဖြစ်သော ရေတွင်းကြီးမှ တိုက်ပွဲ ဖြစ်ခဲ့သော ဒေသအနီးအနားသို့ ပြန်လာကြသည်။ မိုးလင်းသည်နှင့် လေယာဉ်ပျံသံ ကြားရသည်။ သေနတ်သံများလည်း ဆက်လက် ကြားနေရ၍ ကျန်သော အဖွဲ့များနှင့် တိုက်ပွဲဆက်ဖြစ်နေသည်ဟု ခန့်မှန်းနိုင်လေသည်။ မန်းသိန်းမောင်နှင့် အတူ ထိုနယ် မြေမှာပင် လှည့်ပတ်ပြီး တဝဲလည်လည် ရှာခဲ့သည်။ ကြာကြာ ရှာ၍လည်း မဖြစ်တော့ပေ။ ရေတွင်းကြီးရွာသည် ဒုဋ္ဌဝတီ ချောင်းနှင့် သိပ်မဝေး။ ရန်သူတပ်ဖွဲ့နှင့် ပြည်သူ့စစ်များ ကလည်း တောနင်းနေပြီ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖြစ်သည်။ ချောင်းကူးသော နေရာသို့ုသွားရန်မှာ လမ်းတလမ်း သာရှိပြီး ထိုလမ်းကို ရန်သူမှ ပိတ်ဆို့ ထားသည်။ ချောင်းကူးနိုင်မှသာ ရန်သူဂွင်မှ ထွက်နိုင်မည် ဖြစ်သည်။

ချောင်းကို ကူး၍ မရသဖြင့် နောက်ကြောင်း ပြန်လှည့်ကြရသည်။ အချိန် ကြာလေ ကျပ်လာလေဖြစ်ပြီး လွတ်ရာကို ပြေးလွှားပုန်းရှောင် နေကြရသည်။ သခင် သိန်းမောင် နှင့် ဆွေးနွေးပြီး ဖြစ်နိုင်သည့်နည်းနှင့် သတ်ကွင်းထဲမှထွက်ရန် အရေးကြီး ကြောင်း တင်ပြပြီး နောက်ဆုံး တောကောင်များရေဆင်း သောက်သော လမ်းအတိုင်း ခက်ခက်ခဲခဲ လျှောဆင်းကာ ဒုဋ္ဌဝတီချောင်း နံဘေးသို့ ရောက်လာခဲ့သည်။ ချောင်း တလျှောက်တွင်လည်း ကင်းများ တောက်လျှောက် ချထားသည်ကို တွေ့ရသည်။ အခြေ အနေကို လိုက်လံကြည့်ရှုပြီး၊ ကင်းရုပ်ထားသော နေရာမှ အခွင့်ကောင်းကို ရယူလျက် ချောင်းကို ဖြတ်ကူးနိုင်ခဲ့ကြလေသည်။

ချောင်းတဘက်ကမ်းတွင် သခင်သိန်းမောင်က ဦးဆောင်ပြီး တောလမ်း အတိုင်း အတန်ကြာ ဖြတ်ရသည်။ သခင်သိန်းမောင်ကလည်း မြေပုံနှင့် နယ်မြေ ဒေသကို ကျွမ်းကျင်သူ ပီပီ ရွာအခ့ျုိကို ဖြတ်ကျော်ခဲ့ပြီး၊ ဗကပ ဗိုလ်ပုတို့ အဖွဲ့ရှိရာ စခန်းသို့ ရောက်လာသည်။ ဗိုလ်ပုအဖွဲ့မှ ဆက်လက်ပို့ဆောင်ရာ ဗိုလ်အေး (ခေါ်) မင်းခေါင်း လှမောင် ထံသို့ ရောက်ခဲ့ကြသည်။ ဗိုလ်အေးသည် ရပ်စောက်ဒေသ နိုင်ငံရေးမှူးဖြစ်ပြီး ဗိုလ်ပုမှာ ဒေသခံ တပ်မှူး တဦး ဖြစ်သည်။

စောသမိန်ထွန်း ဒဏ်ရာ ရခြင်း

ဗိုလ်အေး(ခေါ်) မင်းခေါင်းလှမောင်မှာ သခင်သန်းထွန်း၏ မွေးစားသားဖြစ်ပြီး ဒေသ နိုင်ငံရေးမှူးလည်း ဖြစ်သည်။ မင်းခေါင်းလှမောင်ကို ရှမ်းရွာဘုန်းကြီးကျောင်း တကျောင်း တွင် တွေ့ဆုံသည်။ ထို့နောက် မင်းခေါင်းလှမောင်မှ တဆင့်၊ သခင် တင်ထွန်းရှိသော ရပ် စောက်(အထူး)ဒေသသို့ ခရီးဆက်ရမည်ဖြစ်သည်။ သခင်တင်ထွန်း စခန်းသို့သွားရန် ရပ် စောက်ကားလမ်းမကို ဖြတ်ကျော်ရန်အတွက် မင်းခေါင်းလှမောင်၏ အစီအစဉ်ဖြင့် တပ်ဖွဲ့ကို ဖွဲ့စည်း လေသည်။

မင်းခေါင်းလှမောင်၊ မန်းသိန်းမောင်၊ ဗိုလ်ပု အားလုံး လူ (၁၀၀)ကျော်ခန့် ရှေ့ဆုံးမှ တပ်စုတစု နောက်ပိုင်းမှ တပ်စု (၂)စု ဖြစ်သည်။ အလယ်မှ ဗိုလ်ကြီး ဘဘာ က တပ်စိတ်မှူး အဖြစ်ဌင်း ဗိုလ်သိန်းလွင်က ဒု စိတ်မှူးအဖြစ်ဌင်း တပ်စိတ်တွင် စောသမိန် ထွန်း၊ ပါစက၊ တရုတ်ကလေး အဝါးအပြင် တရုတ် ဆရာမ (၂)ဦးအပါအဝင် ဆေးဆရာမ (၄)ဦးဖြင့် ဖွဲ့စည်း ထားသည်။

ဤသို့ဖြင့် ရပ်စောက် ကားလမ်းကို ဖြတ်ကူးရာ၊ အလယ် တပ်စိတ်မှ ကားလမ်းကို စတင်ကူးသည်နှင့် သေနတ်သံများ ပေါ်ထွက်လာလေသည်။ “ပါစက”သည် ကားလမ်းကို ကူး နေပြီဖြစ်၍ ဆရာမလေးယောက်ကို လှည်းလမ်းကြောင်းတွင် နေရာချထားလေသည်။ ရန်သူ က ကားလမ်းမှတဆင့် လှည်းလမ်း ကြောင်းတွင် ရောက်နေသော မိမိတို့အဖွဲ့များကို တရစပ် ပစ်ခတ်ပြီး ထိုးတက် လာသည်။ သိန်းလွင်က ကားလမ်းကို ကူးမည့်ဆဲဆဲမှ၊ ကားလမ်းကို မ ကူးတော့ ဘဲ၊ တောင်ဘို့ တခုကို အကာအကွယ် ရယူကာ ကျုံလာသော ရန်သူတဦးကို အနီးကပ် ပစ်ချလိုက်သည်။ ထို့နောက် တောင်ဘို့တွင် ဆက်မနေတော့ဘဲ ခုန် ထွက်လိုက်ရာ သူထွက်ရာသို့ ပါစကလည်း ပြေးလိုက်လာလေသည်။ ထို့နောက် ပါစက က လှည်းလမ်းတွင် ကျန်နေသော ဆရာမ (၄)ဦးစလုံး ကျည် ထိမှန်ထားကြောင်း ပြောပြပြီး၊ ဗိုလ်သိန်းလွင် ပစ်ခတ်ခဲ့သော ဆာဂျင်က ပစ်လိုက်သဖြင့် စောသမိန်ထွန်း ဒဏ်ရာရကြောင်းကို တွေ့လိုက် သည်ဟုလည်း ဗိုလ်သိန်းလွင်ကို ပြောလေသည်။

ဗိုလ်သိန်းလွင်သည် ပါစကနှင့်အတူ စောသမိန်ထွန်း ဆုတ်ခွာသွားသော နေရာသို့ လိုက်သွားကြသည်။ ထို့နောက် နှစ်ယောက်သားတွဲပြီး ကျည်ကွယ် မျက်ကွယ် နေရာတခုတွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အနားယူစေပြီး၊ ပါစက အား ဗိုလ်ကြီးဘာဘာကို လိုက်ရှာ ခိုင်းလိုက်သည်။ မကြာမီ ဗိုလ်ကြီး ဘာဘာလည်း ဆေးအိပ်နှင့် ရောက်လာပြီး သမိန်ထွန်းဒဏ်ရာကို စစ်ဆေးရာ ကျည်မှန်သော နေရာသည် ပေါင်တွင်ဖြစ်ပြီး၊ ဒဏ်ရာကို အနည်းငယ် ဆေးကြော သန့်စင်ပေးပြီး ပတ်တီးစီး ကာ ဆေးထိုးပေး လိုက်သည်။ ရန်သူသည် တပ်မ (၉၉)မှဖြစ်ပြီး ဒုတိယအကြိမ် ပြန်လည် ထိုးစစ် ဆင်ရာ သေနတ်သံ အတော်များများ ကြားလာရသကဲ့သို့ အသံများမှာ တဖြည်း ဖြည်း နီးလာသဖြင့် သမိန်ထွန်းကို ဆွဲပြီး ဆုတ်ခွာခဲ့လေသည်။

ရန်သူသည် ဒုတိယအကြိမ် တရစပ် ပစ်ခတ် တိုက်ခိုက်သည်မှာ တပ်ကြပ်ကြီး အလောင်းကို ပြန်လည်သယ်ယူရန်ဖြစ်သည်။ တပ်ကြပ်ကြီး အလောင်းသာ မကဘဲ ဆရာမ လေးဦး အလောင်းကိုပါ သယ်ယူ သွားကြသည်။ လူပြန်စုပြီး မင်းခေါင်းလှမောင်၊ မန်းသိန်း မောင်၊ ဗိုလ်ပုအဖွဲ့၊ မန်းခွာ သိန်းလွင်နှင့် ဒဏ်ရာရသော သမိန်ထွန်းကို သယ်ဆောင်ပြီး၊ ထွက် ခွာလာရာ ရွာတရွာသို့ ရောက်လေသည်။ သမိန်းထွန်း၏ ဒဏ်ရာသည် ပေါင်တွင် ဖြစ်သဖြင့် လမ်းလျှောက်နိုင်မည့် အခြေအနေ မရှိ၊ ထို့ကြောင့် ရွာရှိ ဒေသတာဝန်ခံ တဦးထံ အပ်နှံပြီး သူ့ ကို ကူညီရန် တရုတ်ကလေး အဝါးကို ထိုရွာ၌ပင် ထားခဲ့လေသည်။ ကျန်သော တပ်ဖွဲ့ဝင် အားလုံး ရွာမှ ခရီးဆက်ခဲ့လေသည်။ တရက်နှင့်တည ခရီးဆက်ပြီး၊ သခင်တင်ထွန်း စခန်း ဖြစ်သော ကျောက်ဂူဝရွာ အနီး အနားသို့ ရောက်လာလေသည်။ ရပ်စောက် ဒေသဖြစ်သည်။ မကြာမီ သခင်တင်ထွန်းနှင့် ဆုံလေသည်။

သခင်တင်ထွန်းထံသို့ ရောက်ပြီဖြစ်၍ မန်းသိန်းမောင်၊ ဗိုလ်ပု ဦးဆောင်သော တပ်ဖွဲ့ များက မိမိဒေသသို့ ပြန်လည် ထွက်ခွာသွားလေသည်။ သခင်တင်ထွန်း ၏ (မိသားစု၊ မင်း ခေါင်းလှမောင်နှင့် မန်းခွာ၊ သိန်းလွင်၊ ပါစက၊) တို့သတင်းကို ရန်သူက ရရှိသဖြင့်၊ တောနင်း ကာ လိုက်လံ ရှာဖွေလျက်ရှိသည်။ နေ့စဉ် နေရာ အပြောင်းအလဲ လုပ်ပြီး၊ ရှောင်တိမ်းနေခဲ့ရ သည်။ သခင်တင်ထွန်း၏ စခန်း၌ပင် လနှင့်ချီ၍ ကြာလာသည်။ ရန်သူကို ရှောင်ရှားရင်း၊ တောတွင်းတနေရာတွင် ရန်သူနှင့် ပက်ပင်းတိုးပြီး တိုက်ပွဲဖြစ် ပွားရာ ထိုတိုက်ပွဲတွင် နိုင်ငံရေးမှူး မင်းခေါင်းလှမောင် ကျဆုံးခဲ့သည်။ တိုက်ပွဲဖြစ် ပွားပြီးနောက် ရန်သူက ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်နေသဖြင့် ရပ်စောက်နယ်မှ အလျင်အမြန် ထွက်ကြရ တော့မည် ဖြစ်သည်။ ရိက္ခာပြတ်၍ ထမင်းကို ဝေပုံကျ ခွဲဝေ စားသောက်နေ ကြရသည်။ ရွှေ့ ရင်းပြောင်းရင်း ဇော်ဂျီမြစ်နှုတ်ခမ်းသို့ ရောက်လာသည်။ မိုးတွင်းဖြစ်သဖြင့် ဇော်ဂျီမြစ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရေလျှံနေသောကြောင့် ချက်ချင်းဖြတ်ကူး၍ မရသေး။ ရိက္ခာအတွက် ပလောင်တောင်တန်း ဒေသ တာဝန်ခံ ကိုဦးက ပလောင်ဒေသမှ ချောင်းကို ကူးပြီး ရိက္ခာများ စုဆောင်းထားပေး သဖြင့် ထမင်းပုံမှန် စားခဲ့ရသည်။ ပိုလျှံသော ရိက္ခာ များကို ပုံးတဲဆောက်ပြီး ရိက္ခာကို စုထား ကြသည်။ ရိက္ခာတဲဆောက်ရာတွင် မန်းခွာနှင့် ဗိုလ်သိန်းလွင်တို့လည်း ကူညီ ဆောက်လုပ်ပေး ကြသည်။ ရိက္ခာ ရယူရေးကို ကိုဦးအား အစစ အရာရာ အားကိုးရသည်။ တနေ့တွင် ရန်သူ တပ်များ ဇော်ဂျီမြစ် တစ်ဖက်ကမ်းမှ ကူးလာသည်ဟု သတင်းရသည်။ အလျင် အမြန်ပင် ပြောင်းရွှေ့ရန် ပြင်ဆင်ရမည် ဖြစ်သည်။ သို့သော် ကိုဦးနှင့် အမျိုးသမီးတပ်ဖွဲ့က ရိက္ခာပို့နေ သဖြင့် ရန်သူ့သတင်းကို သူတို့အဖွဲ့က မသိသေး။ သူတို့ ပြန်ရောက်လျှင် ရောက်ချင်း ပြောင်းရွှေ့ရန် ပြင်ဆင်ထား ကြသည်။ စခန်းကို သိသည်မှာ မန်းခွာနှင့် ဗိုလ်သိန်းလွင်တို့ နှစ် ဦးသာရှိသည်။ ထမင်း ကလည်း ချက်ပြီး၊ စားသောက်ရန်ပင် ခူးခပ်နေကြသည်။ အားလုံး ထမင်းစားပြီးချိန်ကို စောင့်ရန် အချိန်မရ။ ထို့ကြောင့် မန်းခွာက ကာဘိုင် သေနတ်ကိုလွယ် ပြီး၊ ကျနော်သွား မည်ဟု ပြောကာ ထွက်သွားလေသည်။ မန်းခွာ ထွက်သွားပြီး ခဏအကြာ သေနတ်သံ တချက် မြည်လာသည်။ သေနတ်သံလား၊ တောမီးလောင်သဖြင့် တောတွင်းမှ ဝါးရုံများ မီးလောင်၍ ပေါက်ကွဲသည့် အသံလား မကွဲမပြားဖြစ်နေသည်။ တခဏကြာ ဝါး ပေါက်သံဟု ပြောသူကပြော သေနတ်သံဟု ဆိုသူကဆို ဖြစ်နေ၍ အားလုံး သတိနှင့် နေနေကြ ရသည်။ မန်းခွာသွားသည်မှာ ပြန်ရောက်သင့်သော အချိန်တိုင်အောင် ပြန်မရောက်ဖြစ်နေ ခြင်း၊ ရိက္ခာအဖွဲ့ကလည်း ပြန်မရောက်ကြသေး ဖြစ်နေသဖြင့်၊ သခင်တင်ထွန်း ကလည်း နောက်ထပ်လိုက်ကြည့်ရန် စိတ်စောနေသည်။ စခန်းကိုသိသူမှာ ဗိုလ်သိန်းလွင် တဦးသာ ရှိ သည်။ ဗိုလ်သိန်းလွင် ကိုယ်တိုင်လည်း လိုက်သင့်သည်ဟုထင်မြင်သည်။ ထိုကြောင့် ကာဘိုင်သေနတ်ကို ကောက်ယူပြီး ထွက်ခဲ့သည်။

ရိက္ခာစခန်းကို သွားရန် တောင်ကြော တလျှောက်သွားပြီးမှ လျှိုအတွင်း ဆင်း၍ ဆက် သွားရမည်။ တောင်ကြော တနေရာအရောက် အလေးသွားချင်သဖြင့် အလေးသွား နေသည်။ အလေးသွားနေချိန် အချိန်အနည်းငယ် ကြာသော အချိန်တွင် တောင်ကြော ပေါ်မှ ကျောက်စရစ်များ လိမ့်ကျလာသည့်အသံ၊ ခြုံတိုးသံ သဲ့သဲ့တို့ကို သိန်းလွင် ကြား ရသည်။ အမှန်တော့ သိန်းလွင် တက်လာသည်ကို ရန်သူတွေ့သည်။ အလေးအခင်း သွားနေသဖြင့် အချိန်အနည်းငယ် ကြာသွားသောကြောင့် ရန်သူသည် မစောင့်နိုင်ဘဲ တောင်ကြောပေါ်မှ ဆင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လိုက်လာခြင်း ဖြစ်သည်။ သိန်းလွင်လည်း တောင်စောင်းအတိုင်း တဟုန်ထိုး ပုန်းတဲအရောက် ပြေးလေသည်။ ပုန်းတဲရောက်ခါနီးတွင် ကိုဦးအားခေါ်သည်။ ကိုဦးလည်း ဗိုလ်သိန်းလွင်၏ အချက်ပေး ခေါ်သံကို ကြားသဖြင့် အချက်ပြန်ပေးကာ သူတို့ ပုန်းနေရာမှ ထွက်လာကြသည်။ ကိုဦးတို့ကို အခြေအနေပြောပြပြီး တောင်ခြေလမ်းမှ စခန်းသို့ အမြန်ပြန်လာခဲ့ကြသည်။ တောင်ကြောပေါ်မှ ရန်သူသည် ဆင်းလာပြီး ဗိုလ်သိန်း လွင်တို့ နောက်သို့ ထက်ကြပ်မကွာလိုက်လာသည်။ ဗိုလ်သိန်းလွင်နှင့် ကိုဦးတို့အဖွဲ့ စခန်းသို့ ရောက်သည်နှင့် တိုက်ပွဲလည်း ဖြစ်လေတော့သည်။

သူပစ် ကိုပစ်နှင့် တကွဲတပြားစီ ဖြစ်ကုန်သည်။ ဗိုလ်သိန်းလွင်လည်း ကျည်လွတ် မည့် ဘေးဘက်သို့ ရှောင်ထွက်လိုက်သည်။ သူ့နောက်တွင် အမျိုးသမီးတဦး လိုက်လာ သည်။ ခဏအတွင်း ထိုအမျိုးသမီးနှင့် သိန်းလွင်တို့အကြား မော်တာသီး တလုံး ကျ လာသည်။ မော်တာကျည်သည် အမျိုးသမီး၏ ပေါင်ကို ထိမှန်ခဲ့သည်။ သိန်းလွင် ကိုကားမထိ။ ထို အမျိုးသမီးအား တွဲ၍ ဆက်သွားခဲ့သည်။ အနည်းငယ်မျှသွားပြီးနောက် ပါစက အနောက် ဘက်မှ ပေါ်လာသည်။ ကိုသိန်းလွင်က ပါစကအား အမျိုးသမီးကို တွဲခေါ်သွားရန်ပြောပြီး၊ သူ ကမူ နောက်ချန် နေခဲ့သည်။ ခေတ္တရပ်နေပြီး အခြေအနေကို အကဲခတ် နားစွင့်နေလိုက်သည်။ မကြာခင် တရုတ်အမျိုးသား တဦး ပေါက်လာသည်။ သူက ဗမာစကား အနည်း ငယ်သာ တတ်ပြီး သခင်တင်ထွန်းနှင့် ပါလာသူ တဦးဖြစ်သည်။ သိန်းလွင်လည်း သူ့ကို ခေါ်ပြီး၊ ခရီး ဆက်ခဲ့သည်။ မိုးလည်းချုပ်သည်နှင့် ရှေ့ဆက်ထွက်၍ မရ တော့သဖြင့် နားမည့်နေရာကို ရှာဖွေရင်း ကျောက်တုံးကြီး တလုံးဘေးတွင် နေရာချလိုက်သည်။ သိန်းလွင်နှင့် ပါစက နှစ်ဦး စလုံးတွင် ကျောပိုးအိပ်များ အတွင်းမှ မိုးကာကိုထုတ်ကာ ခင်း၍ ဒါဏ်ရာရသူ အမျိုးသမီး အား နေရာချပေးသည်။ အမျိုးသမီး၏ ဒဏ်ရာမှာ ပေါင်ရင်းတွင် ဖြစ်သဖြင့် အခြေအနေကို သာ မေးရသည်။ ထို့နောက် သွေးတိတ်ရန် ပတ်တီး စီးပေးကာ နားနေ ကြသည်။

မနက် မိုးလင်းလျှင် လင်းချင်း အားလုံး ခရီးဆက်ကြသည်။ သိန်းလွင်က ရှေ့မှ အရင် ထွက်ခဲ့ပြီး၊ အခြေအနေကို ထောက်လှမ်းရင်း မျက်ခြည်မပြတ်ရန်၊ သစ်ပင်များတွင် ခုတ်ထစ် ပြီး အမှတ်အသား ပြုပေးခဲ့သည်။ ဇော်ဂျီမြစ်ချောင်း အတိုင်းသွားရာမှ ဗိုလ်ခင်ညိုအဖွဲ့နှင့် ဆုံလေသည်။ ဗိုလ်ခင်ညိုသည် ပလောင် ဒေသမှ တပ်မှူးဖြစ်ပြီး သူနှင့် ရဲဘော် ရဲမေများ တပ်စု တစုခန့် ပါရှိသည်။ သခင်တင်ထွန်းနှင့် ပလောင်ဒေသ၏ နိုင်ငံရေးမှူးတို့အား ဖြစ်ပျက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည့် အခြေအနေကို ပြောပြရင်း ဒဏ်ရာရသူအားလည်း ဆေးထိုး ဆေးထည့် ပေးကြသည်။ ထို့နောက် ဇော်ဂျီမြစ်ကို ကူးကာ ဗကပ၏ ပလောင်ဒေသသို့ ရောက်ခဲ့သည်။

ကျန်ခဲ့သော သခင်တင်ထွန်းမိသားစု၊ နိုင်ငံရေးမှူး ကိုဦး ဦးစီးသော အဖွဲ့သည် လူများစုဖြစ်ပြီး၊ သိန်းလွင် (ကော်ခူ)နှင့် ပါစက (အယ်ကော်) တို့ ပြေးသော ဘက်သို့ ရောက်မလာဘဲ၊ အခြားဘက်သို့ ပြေးသွားကြသည်။ ၎င်းတို့အဖွဲ့သည် ဇော်ဂျီချောင်းကို မကူးဘဲ အနီးအနား တောတောင်ထဲတွင်ပင် လှည့်ပတ် ရှောင်တိမ်းနေကြသည်။ အထူးသဖြင့် ရိက္ခာ စုထားသောနေရာနှင့် မနီးမဝေးတွင်ပင် ရှောင်တိမ်းနေကြသည်။ နောက်ပိုင်းတွင် ရန်သူလိုက်သဖြင့် သခင်တင်ထွန်းနှင့် ဇနီးမောင်နှံတို့ ကျဆုံးသွားခဲ့သည်။ ဗိုလ်သိန်းလွင်နှင့် အယ်ကော်တို့အဖွဲ့မှာ ဗိုလ်ခင်ညို အဖွဲ့နှင့် တွေ့ဆုံပြီး ဇော်ဂျီမြစ်ကို ကူးကာ နောက်ပိုင်းတွင် ပလောင်တောင် တန်းသို့ ရောက်ခဲ့လေသည်။

ပလောင်တောင်တန်းဒေသနှင့် ပြည်တော်ပြန်အဖွဲ့

ကိုယ်စားလှယ်အဖွဲ့ (၈)ဦးတွင်၊ သိန်းလွင် (ခေါ်)ကော်ခူ၊ ပါစက (ခေါ်)အယ် ကော် တို့ နှစ်ဦးသည်၊ ဗကပ ဒေသမှူး ဗိုလ်ခင်ညိုနှင့်အတူ ဇော်ဂျီမြစ်ကို ဖြတ်ကျော်ပြီး၊ ပလောင်တောင်တန်းသို့ ရောက်လာသည်။ ကျန်သော အဖွဲ့ဝင်များ မှာ မေမြို့၊ ကျောက်မဲ ကားလမ်းဒေသ၊ မြင်းဖြူရွာတွင် ရန်သူမှ ဝင်ရောက် တိုက်ခိုက်သောနေ့က၊ ဗိုလ်အေးဟန် (ခေါ်) စောအယ်တော၊ မန်းရှာလားဖန်းနှင့် ထွန်းငွေ (ခေါ်) အဝါး တို့ သုံးဦးမှာ ပျောက်နေသည်။ ဗိုလ်သိန်းလွင် (ခေါ်) ကော်ခူး၊ ပါစက (ခေါ်) စောအယ်ကော်၊ ဗိုလ်ကြီးစောဘာဘာ (ခေါ်) မန်းခွာ၊ သမိန်ထွန်းနှင့် တရုတ်ကလေး အဝါးတို့က ရေတွင်း ကြီးရွာသို့ ရောက်လာပြီး၊ သခင်သိန်းမောင် (ခေါ်) မန်းသိန်းမောင် နှင့် တွေ့ဆုံကြသည်။ မန်းသိန်းမောင်၏ အကြံပြုချက်အရ၊ ပျောက်နေသောသူများကို ပြန်လည် ရှာဖွေကြသည်။ သုံးဦး အနက်၊ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဗိုလ်အေးဟန် (ခေါ်) စောအယ်တော၏ သတင်း အစအနကို ရခဲ့ကြသည်။ အသက်ကြီးသူ တဦးကို ရွာသားများကတွေ့၍ လှမ်းခေါ် သည်ကို အဖိုးကြီးမှာ အတွေ့မခံဘဲ ထွက်ပြေးသွားသည်။ လိုက်လံရှာဖွေသော်လည်း မတွေ့တော့ပေ။ ထို့ကြောင့် ဗိုလ်အေးဟန်သည် တောထဲ၌ပင် အားပြတ်၍ သေဆုံး နိုင်သည်ဟုသာ မှတ်ချက်ချနိုင်သည်။ မန်းရှာလားဖန်းနှင့် ထွန်းငွေ (ခေါ်) အဝါးတို့မှာ ကချင် တပ်ဖွဲ့နှင့် ပြန်ပါသွားသည်။

သခင်သိန်းမောင်အဖွဲ့နှင့် ကျန်သောကိုယ်စားလှယ် အဖွဲ့တို့က၊ ဒုဌဝတီ ကို ဖြတ်ကျော်ခဲ့ပြီး၊ (၂)ရက်နီးနီး ခရီးတွင် ဗိုလ်ပုနှင့် ဆုံကြသည်။ ဗိုလ်ပု အဖွဲ့နှင့် ဆုံပြီး ထိုမှတဆင့် မင်းခေါင်းလှမောင်ထံသို့ ရောက်ခဲ့ကြသည်။ မင်းခေါင်းလှမောင် (ခေါ်) ဗိုလ်အေး သည် ရပ်စောက်ဒေသ နိုင်ငံရေးမှူးဖြစ်ပြီး သူနှင့်အတူ ဆက်လက် ခရီးထွက် လာရာ၊ ကားလမ်းအကူးတွင်၊ တပ်မ (၉၉)တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ခဲ့သည်။ စောသမိန်ထွန်း ၏ပေါင်တွင် ဒဏ်ရာရသဖြင့်၊ ရွာတရွာတွင်အပ်နှံခဲ့ပြီး သူ့အား စောင့်ရှောက်ရန် တရုတ်ကလေး အဝါးကို ချန်ထားခဲ့လေသည်။

သိန်းလွင် (ကော်ခူ)၊ စောဘာဘာ (မန်းခွာ)၊ ပါစက (အယ်ကော်) တို့ သုံးဦးသည် မင်းခေါင်းလှမောင် နှင့်အတူ ခရီးထွက်ခဲ့ရာ၊ တရက်နှင့် တည ခရီးတွင် သွင်တင်ထွန်း၏ စခန်းဖြစ်သော ရပ်စောက်ဒေသ၊ ကျောက်ဂူဝ ရွာအနီး တွင် ဆုံကြသည်။

သခင်တင်ထွန်းသည် ဗကပ ဗဟိုကော်မတီဖြစ်၍ ရန်သူမှာ သတင်း ရသည်နှင့် လိုက်လံ ရှာဖွေရာ၊ တောတွင်းတနေရာတွင် ရန်သူနှင့် တိုးပြီး၊ တိုက်ပွဲ ဖြစ်ရာမှ မင်းခေါင်းလှမောင် (ခေါ်) ဗိုလ်အေး ကျဆုံးသွားသည်။ ဆက်လက်၍ ရှောင်တိမ်းရင်း၊ ကျောက်ဆည်ဒေသတွင်းသို့ ရောက်လာသည်။ ဇော်ဂျီမြစ်အနီးတွင် စခန်းချ၍ ရိက္ခာ စုဆောင်းရင်း၊ စောဘာဘာ (ခေါ်) မန်းခွာကို ရန်သူမှ ပစ်ခတ် ဖမ်းဆီးသဖြင့်၊ ကိုယ်စား လှယ် (၈)ဦး အနက် (၂)ဦးသာ ဇော်ဂျီမြစ်ကို ဖြတ်ကူးပြီး၊ ပလောင်တောင်တန်းဒေသသို့ ရောက်လာလေသည်။

ပအိုဝ်းဒေသသို့ ဦးတည်ခြင်း

ဇော်ဂျီမြစ် တဖက်ကမ်းတွင် သခင်တင်ထွန်း နှင့်အတူ ကိုဦး ကျန်ခဲ့သည်။ ကိုဦးသည် သခင်တင်ထွန်း၏ လက်ရုံးတဦးဖြစ်ပြီး ပလောင်တောင်တန်း ဒေသ ဒေသခံနိုင်ငံရေးမှူးလည်း ဖြစ်သည်။ ဗိုလ်ခင်ညိုမှာမူ သူ၏ တပ်မှူးတယောက် ဖြစ်သည်။ ဗိုလ်သိန်းလွင်၊ ပါစက တို့ နှစ်ဦးသာ ဗိုလ်ခင်ညိုနှင့်အတူ ပလောင် ဒေသသို့ ရောက်လာ ကြသည်။ ပလောင်တောင်တန်းတွင် သိပ်မကြာပေ။ ရန်သူက လိုက်လံ တိုက်ခိုက်ပြန် သဖြင့် ပင်းဒယမြို့အနီးဒေသသို့ ပြောင်းရွှေ့ခဲ့ရသည်။ ပင်းဒယသို့ ရောက်သောအခါ ပြောင်းဖူးပေါ်ချိန်ဖြစ်သဖြင့် ပြောင်းဖူးသာမက ထမင်းလည်း ဝအောင် စားကြရသည်။ မကြာမီ ရန်သူ၏ လှုပ်ရှားမှု သတင်း ရပြန်သဖြင့် ပင်းဒယမှ ထွက်ခွာရတော့မည်ဖြစ်သည်။ ထိုအခါ ဗိုလ်သိန်းလွင်က

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်ခင်ညိုကို မိမိတို့အား ပအိုဝ်းနယ်မြေသို့ ပို့ပေးရန် ဆွေး နွေးသည်။ ဗိုလ်ခင်ညိုက၊ ပအိုဝ်းအဖွဲ့ဘက်သို့ မသွားချင်ပေ။ သူ့တွင် အကြောင်းပြချက် အခိုင်အမာဖြင့် ဗိုလ်သိန်းလွင်ကို ရှင်းပြသည်။

"ပအိုဝ်းအဖွဲ့အစီအစဉ်ဖြင့် ဗကပ ခေါင်းဆောင် ဗဟိုကော်မတီဝင် သခင်ပု အား ပေါင်းလောင်း ကွန်မြူနစ်နယ်မြေထဲတွင်ပင် သတ်ဖြတ်ရန်၊ သူ၏တပ်ခွဲမှူး ဖြစ်သူ "တာသီး ကလို"အား တာဝန်ပေး သတ်ဖြတ်ခဲ့ဖူးကြောင်းပင် ဖြစ်သည်။" ထိုအခါ ဗိုလ် သိန်းလွင်က "ခင်ဗျား ဘာမှမဖြစ်စေရဘူး။ သေစရာရှိရင် ကျနော် ရှေ့က အသေခံ သွားမယ်"ဟု အာမခံ လေသည်။ ဗိုလ်ခင်ညိုက သိန်းလွင်ကို ယုံကြည်သည်။ သူ၏ တပ်ဖွဲ့တွင် အမျိုးသမီး တပ်စိတ် တစိတ်ပါဝင်ပြီး အားလုံး တပ်စုတစု လောက်ရှိသည်။ ပြောင်းစရာရှိက ပအိုဝ်းဘက်သို့ ရွှေ့ပြောင်းရင်းနှင့် ဗိုလ်သိန်းလွင်ကိုလည်း ပို့ဆောင် ပေးနိုင်သည်။ ထို့ကြောင့် သိန်းလွင်နှင့် အတူ ခရီးထွက်ရန် အစီအစဉ် ရေးဆွဲလေသည်။

ပအိုဝ်းဘက်သို့ သွားမည်ဆိုလျှင်၊ ပင်းဒယ၊ ရထားလမ်း၊ ကားလမ်း တို့ကို မြို့၏ ဆင်ခြေဖုန်း နေရာများမှ သန်းခေါင်အချိန်တွင် ဖြတ်ရမည်။ ထို့နောက် ဇော်ဂျီမြစ် အဖျားပိုင်းကို ပြန်ကူးရမည်။ ဇော်ဂျီမြစ် အဖျားမှ ရေအနက်မှာ ဒူးလောက်သာ ရှိသဖြင့် အခက်အခဲ မရှိပေ။ ခရီးအတွက် အစီအစဉ် ရေးဆွဲပြီးသည်နှင့် ပင်းဒယဘက်သို့ ထွက်ခဲ့ပြီး ဆင်ခြေဖုံး အရပ်ဘက်မှ ဖြတ်ခဲ့ကြသည်။ တရက်ခရီး ပြင်းပြင်းနှင်ပြီးနောက် ယာတဲတခုသို့ ရောက်လာခဲ့သည်။ တပ် ဖျောက်ထားပြီး နောက်နေ့တွင် တနေ့လုံး ခရီးဆက် ခဲ့ပြန်ရာ၊ ရထားလမ်းနှင့် ကားလမ်းတို့ကို ကျော်ပြီးသည်နှင့် ပအိုဝ်းဒေသသို့ ရောက်ခဲ့သည်။

ဗိုလ်သိန်းလွင်နှင့် အဖွဲ့တို့ လွိုင်လင်၊ ဟိုပုန်းသို့ ရောက်လာပြီး ညဘက်တွင် လွိုင်လင်၊ ဟိုပုန်းလမ်းကို ကူးကြသည်။ သူတို့ရောက်ရှိနေသော ဒေသသည် ပအိုဝ်း ခေါင်းဆောင်များ တခါတရံ ရောက်လာတတ်သည်။ နေ့လည်ပိုင်းတွင် ပအိုဝ်း အလုပ်သမားများ ရောက်လာပြီး အလုပ်လုပ်ကြသည်။ သူတို့ ရောက်သော နေရာကို အတိအကျ မသိရသေး။ တပ်ဖွဲ့ဝင်များ အားလုံး စခန်းချပြီး နောက်တနေ့ ပအိုဝ်းရွာသို့ သွားရောက် ဆက်သွယ်မည့် အစီအစဉ်ကို ပြုလုပ်ကြလေသည်။ နောက်တနေ့တွင် ပအိုဝ်းရွာသို့ ဦးတည်သွားကြသည်။ ထိုဒေသသည်၊ ပအိုဝ်းနယ် ရန်ကင်း ဒေသဖြစ်သည်။ ပအိုဝ်းရွာများသည် လမ်းများကို ကောင်းမွန်စွာ ဖောက်လုပ်ထားကြသည်။ သူတို့ ရောက်သော ရွာသည် ရွာကြီးတရွာ ဖြစ်သည်။ ဗိုလ်သိန်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွင်က ပါစကအား ဗိုလ်ခင်ညို နှင့်ထားခဲ့ပြီး၊ ရွာသားများကို သွားရောက်ရှာဖွေရာ ရွားသား တဦးနှင့် တွေ့ဆုံလေသည်။ အသက်က (၆၀)ခန့် ရှိမည်။ မိမိကို သက််မကင်း မဖြစ်စေရန် မိမိမှာ ကရင်စစ်သား တဦးဖြစ်ကြောင်း၊ လက်ဟန်ခြေဟန်ဖြင့်ပါ ပြောသည်။ ပါးစပ်က လည်း "ကျောက်ဟွာ - ကျောက်ဟွာ" ဟု ပြောကာ ရင်ဘတ်ကို ပုတ်ပြသည်။ ရွာသားက "ကျောက်ဟွာ" ကို သိနားလည်သည်။ ပအိုဝ်း လူမျိုးက ကရင်လူမျိုးကို အကိုကြီး (ကျောက်ဟွာ)ဟု သိထား ကြသည်။

ဗိုလ်သိန်းလွင်က၊ နယ်မြေတာဝန်ခံ ဆရာပွန်းကို ကောင်းစွာသိသည်။ ပုဂ္ဂိုလ် ရေးအရ ရင်းနှီးသည်တော့ မဟုတ်။ ပထမ ခရီးစဉ်တွင် ဗိုလ်စံသိန်းက ကိုယ်စားလှယ် အဖွဲ့အား ပအို ဝ်းနယ်မြေအတွင်း လှည့်လည်ပြီး အချိန်ဆွဲရင်း ရန်ကင်းနယ်ဘက်သို့ ရောက်ခဲ့ဖူးသည်။ ဗိုလ်ကြီးဘော်လ်ဒွင် နှင့်အတူ ဆရာပွန်း၏ အိမ်တွင် တည်းခို ခဲ့ဘူးသည်။ "ဆရာပွန်း" အမည်ကို ကြားသည်နှင့် ပအိုဝ်း အဖိုးကြီးသည် ရွှင်ရွှင်ပြပြ ဖြစ်လာပြီး၊ သံသယ ရှိပုံလည်း မတွေ့ရတော့။ အဖိုးကြီးက ဗိုလ်သိန်းလွင်ကို ညနေ စောင်းနေပြီဖြစ်သဖြင့် သူ့အိမ်တွင် တည အိပ်ရန် ဖိတ်ခေါ်သဖြင့် တည တည်းခို လိုက်သည်။ နောက်တနေ့တွင် အိပ်ရာ စောစောထ၍ သွားပို့ပေးမည့်အကြောင်း ပြောပြ လေသည်။ ထိုအချိန်အထိ ကျန်သောတပ်ဖွဲ့ဝင်များသည် ရွာအနီး တောထဲ၌ပင် ရှိနေသေးသည်။ နောက်တနေ့တွင် ဆရာပွန်းနှင့် သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းပြရာ ဆရာပွန်းကလည်း ဗိုလ်သိန်းလွင်ကို မှတ်မိသည်။ ထို့နောက် ဆရာပွန်းနှင့်အတူ ဗိုလ်ခင်ညိုတို့ ရှိရာသို့ ခေါ်လာပြီးနောက် အားလုံး ရွာအတွင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဆရာပွန်းကလည်း ဝမ်းသာအားရဖြင့် ဧည့်သည်များကို အိမ်များတွင် နေရာချ တည်းခို စေသည်။ ထို့နောက် အစား အသောက်များကို ပြင်ဆင်စေပြီး ဧည့်ခံ ကြိုဆို ခဲ့သည်။ ဗိုလ်ခင်ညိုမှာလည်း ယခုမှ စိတ်အေးပြီး ဆရာပွန်းတို့နှင့် အပြန်အလှန် ရင်းရင်းနှီးနှီးပင် နှုတ်ဆက်ကြသည်။

ရန်ကင်း နယ်မြေတာဝန်ခံ ဆရာပွန်းက ပအိုဝ်းခေါင်းဆောင် `တာကလယ်´ ထံသို့ အကြောင်းကြားလိုက်သဖြင့် တာကလယ်သည် ဗိုလ်သိန်းလွင် အတွက် မြင်းတစီး စီစဉ်ပေး ရန်နှင့် သူ့ထံသို့ လာရောက်တွေ့ဆုံရန် အကြောင်း ပြန်လေသည်။ ဗိုလ် တာကလယ် ရောက်ရှိ နေသော နေရာသည် နှစ်ရက် ခရီးခန့် ရှိသည်။ ဆရာပွန်း ကလည်း မြင်းတစီး စီစဉ်ပေးပြီး၊ သူ၏ အတွင်းရေးမှူးနှင့်အတူ မြင်းကိုယ်စီ စီး၍ ဗိုလ် တာကလယ် ထံသို့ ထွက်ခဲ့ကြသည်။ ပါ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စကနှင့် ဗိုလ်ခင်ညိုတို့ အဖွဲ့မှာမူ ခြေလျင်ခရီးဖြင့် ထွက်ခဲ့ကြပြီး နောက်ဆုံး ဗိုလ်တာကလယ်နှင့် အားလုံး ဆုံတွေ့ကြသည်။

ဗိုလ်တာကလယ်ကလည်း သိန်းလွင်တို့၏ အကြောင်းကို သိထားသည်။ မန်းခွာကို ရန်သူက ပစ်ဖမ်းပြီးနောက်၊ သူ၏ ပြောပြချက်အရ ပြည်တော်ပြန် ကိုယ် စားလှယ်အဖွဲ့၏ သတင်းကို ရန်သူက အပြည့်အစုံ ရထားပြီး ဖြစ်လေသည်။ ဇော်ဂျီမြစ်ကို ကူးပြီး ပလောင် တောင်တန်းသို့ ရောက်နေကြောင်းကိုလည်း ရေဒီယို မှ သတင်း ထုတ်လွှင့် သွားကြောင်း ပြန်ပြောပြသည်။

ဗိုလ်တာကလယ်နှင့် အားလုံး ဆုံတွေ့ကြပြီး ဟိုပုံးလမ်းကို ကျော်ကာ၊ ပထမ အကြိမ် ခရီးစဉ် စတင်ထွက်ခဲ့စဉ်က ရောက်ခဲ့ဘူးသော နန်းဟီ၊ နန်းမတက် ဘက်သို့ ပြန်လည် ရောက်လာလေသည်။ ဗိုလ်တာကလယ်၊ ဗိုလ်ခင်ညိုတို့ အဖွဲ့က ကိုသိန်းလွင်နှင့် ပါစက တို့ အား နန်းအောင် အထိ လိုက်လံ ပို့ဆောင်ပေး ကြသည်။

နန်းအောင်ရွာသည် ပအိုဝ်းနှင့် ကရင်နီ နယ်စပ်ဖြစ်ပြီး နောက်တရက်တွင် ဗိုလ်ချုပ် အောင်သန်းလေး စခန်းကို ရောက်လေသည်။ ဗိုလ်သိန်းလွင်က ဗိုလ်ချုပ် အောင်သန်းလေး အား အခြေအနေအားလုံးကို ပြောပြသည်။ ဗိုလ်ချုပ်အောင်သန်းလေး ကိုယ်တိုင် သူတို့နှစ်ဦး အား ကရင်နီနယ် ထီးထာသို့ ပြန်ပို့ ပေးလေသည်။ ခရီးဆက် ထွက်ရာ ထီးထာမှတဆင့် ဖဲထာ သို့ရောက်ရာ ဗိုလ်စံခ၊ ဗိုလ်မှူးစံလင်းတို့နှင့် ပြန်လည် တွေ့ဆုံကြလေသည်။ မန်းဘဇန်က လည်း ဖဲထာသို့ ရောက်နေသဖြင့် ဗိုလ်သိန်းလွင်နှင့် နှုတ်ဆက်ကြသည်။ ဗိုလ်မှူးစံလင်း အစီအစဉ်ဖြင့် သိန်းလွင်နှင့် ပါစက တို့သည် သောသီခို တောင်ကိုဖြတ်ကျော်ပြီး ဘွေဘောဒဲ သို့ ပြန်ရောက်ခဲ့ လေသည်။ ဘွေဘောဒဲရွာတွင် ဆရာစကောလယ်တော၏ K.R.C. ရုံး ရှိသည်။ ဗိုလ်ချုပ်မြမောင်၏ စခန်းမှာ ဖလေးစာလိုတွင် ရှိသည်။ ထိုအချိန်တွင် ဗိုလ်သိန်း လွင်၏ ဇနီး နော်ဝေမူးသည် ထောင်မှ လွတ်ပြီး ဗိုလ်ချုပ်ကော်ထူး အဖွဲ့နှင့် ပဲခူးသို့ ရောက်နေ ကြပြီ ဖြစ်သည်။

မန်းရှာလားဖန်းနှင့် ထွန်းငွေ (ခေါ်) စောဝါးတို့ အခြေအနေ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြင်းဖြူရွာတွင် တိုက်ပွဲဖြစ်ပြီးနောက်၊ ကချင်တပ်ဖွဲ့နှင့် ပြန်ပါသွားသည်။ ကချင်တပ်ဖွဲ့၏ အစီအစဉ်နှင့် တရုတ်ပြည်နယ်စပ်မှ တောင်ပိုင်းသို့ အဆင့်ဆင့် ကူးလာပြီး၊ ထီးထာသို့ ပြန်ရောက်လာသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သမိန်ထွန်းနှင့် တရုတ်ကလေး စောဝါး တို့ အခြေအနေ

စောသမိန်ထွန်းသည် ဒဏ်ရာမှ သက်သာသောအခါ စောဝါး နှင့်အတူ ရွာမှ ထွက်ခဲ့ကြသည်။ စောဝါးက ယွင် ဗိုလ်စံသိန်းအဖွဲ့နှင့် လှည့်လည်စဉ် ပအိုဝ်း အမျိုးသမီး တဦးနှင့် လက်ထပ်ရန် သဘောတူခဲ့ပြီး၊ ရလလဖ သို့ ဦးတည် ထွက်ခဲ့လေသည်။ ပလောင်ရွာတရွာသို့ ရောက်သောအခါ အဖျားရောဂါဖြင့် သေဆုံးသွားသည်။ သမိန်ထွန်း တဦးတည်း ဆက်လက် ထွက်ခွာလာရာ၊ (၁၀၆) စစ်ဒေသဖြစ်သော S.S.A. အက်စ် အက်စ်အေ နယ်မြေတွင် ခေါင်းဆောင်ကြီးများဖြစ်သော ဆေထင်၊ ဆေဆင့်၊ ဆေလင်း တို့နှင့် တွေ့ဆုံပြီး ထို ဒေသ၌ပင် (၄) လကျော် ကြာခဲ့လေသည်။

အက်စ်အက်စ်အေ တပ်ဖွဲ့က ဆေးဝါးကုသမှုပေးသည့်အပြင် နေထိုင်မှု အတွက်လည်း အကောင်းဆုံး စီမံပေးခဲ့ကြသည်။ အက်စ်အက်စ်အေ နယ်မြေမှ တဆင့်၊ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဖြစ်သော၊ ပအိုဝ်းနယ်မြေသို့ ရောက်သော အခါ၊ ဗိုလ်မှူးထင်လင်းနှင့် တွေ့ဆုံလေသည်။ ဗိုလ်မှူး ထင်လင်းသည် အရှေ့မြောက် စစ်ဒေသခေါင်းဆောင်များနှင့် တွေ့ဆုံရန်၊ ဗိုလ်ချုပ်ကော်ထူးက စေလွှတ်လိုက်သော ကေအဲန်ယူပါတီ ကိုယ်စားလှယ် ဖြစ်သည်။ စောသမိန်ထွန်းလည်း ဗိုလ်မှူးထင်လင်းအား (၁၀၈) ဒေသသို့ ပြန်လည် ပို့ဆောင်ပေးပြီးနောက် ရလလဖ ဒေသသို့ ပြန်လာပြီး၊ ၎င်းမှတဆင့် ကရင်နီနယ်မြေ ထီးထာသို့ ပြန်ရောက်လာလေသည်။ မန်းရှာလားဖန်းနှင့် ထွန်းငွေ (ခေါ်) အဝါးတို့မှာ ရက်အနည်းငယ် နောက်ကျပြီး၊ ထီးထာတွင် ပြန်ဆုံကြသည်။

ဗိုလ်သိန်းလွင် (ကော်ခူ)၊ ပါစက (အယ်ကော်)တို့သည်လည်း ကရင်နီ ထီးထာ မှတဆင့် ပဲခူးရိုးမသို့ ပြန်လည် ထွက်ခွာရန် ဗိုလ်မှူးစံလင်း က ခရီးစဉ်များကို စီစဉ် ပေးလေသည်။ ဗိုလ်မှူးစံလင်း၏ ပြောပြချက်အရ ဗိုလ်ချုပ်ကော်ထူးမှာ ပဲခူးရိုးမသို့ ပြန်လည် ထွက်ခွာ သွားပြီဖြစ်ကြောင်း၊ သူနှင့်အတူ ဗိုလ်သိန်းလွင်၏ ဇနီးကိုလည်း တပါတည်း ခေါ်သွားကြောင်း၊ ဗိုလ်သိန်းလွင်၏ ဇနီးမှာ ၁၉၆၄ ခုနှစ်တွင် ထောင်ကျရာ၊ ၁၉၆၉ ခုနှစ်၊ ဗိုလ်သိန်းလွင် ပြန်မရောက်မီ ထောင်မှ လွတ်လာခဲ့ပြီ ဖြစ်ကြောင်း ရှင်းပြလေသည်။ ဗိုလ်သိန်းလွင်နှင့် စောပါစက တို့ နှစ်ဦးလည်း အရှေ့တိုင်း ဖလေးစာလို ရွာတွင်ရှိနေသော၊ ဗိုလ်ချုပ်မြမောင်၏ စခန်းသို့ အရင်ဆုံး သွားရမည်ဖြစ်ပြီး၊ ထိုမှတဆင့် ပဲခူးသို့ ဆက်လက် ထွက်ခွာကြရမည် ဖြစ်သည်။ ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခရီးစဉ်အတွက် ဗိုလ်မှူးစံလင်းက လမ်းပြတယောက် ရှာပေးလေသည်။ ဗိုလ်သိန်းလွင်နှင့် စောပါစကတို့က ခရီးစဉ်အတွက် ပြင်ဆင်ပြီး နောက်တနေ့ နံနက်စောစောတွင် သောသီခို (ခေါ်) နတ်တောင်ကို တက်ကြ လေသည်။

နတ်တောင်ကို ကျော်ပြီး၊ "ဘိုဆာခီး"အရောက်တွင် မိုးလည်းချုပ်လေသည်။ "ဘိုဆာခီး"တွင် တညအိပ်ပြီး၊ ကင်းသမား တယောက် ခေါ်ကာ "တကွီးစိုး" ရှာသို့ လိုက်ပို့ခိုင်းသည်။ "တကွီးစိုး"မှတဆင့် "ဘွေဘောဒဲ" ရှာသို့ ရောက်လာသည်။ "ဘွေဘောဒဲ" ရွာနားရှိ ဆရာစကောလယ်တော၏ တောင်ယာ တွင် တည အိပ်ကြသည်။ နောက်တစ်နေ့ ဗိုလ်ချုပ်မြမောင်၏ စခန်းဖြစ်သော "ဖလေးစာလို"သို့ ရောက်သွားလေ သည်။ ဗိုလ်ချုပ်မြမောင်၏ စခန်းတွင် သူ၏ ရုံးအဖွဲ့သားများဖြစ်သော သူတူ မန်းစမြင့်၊ သူတူမ ယောကျ်ား မန်းသန်းလှ၊ နန့်တင်အေး၊ နန့်ရင်မေ၊ ဆရာမအလေးလေး၊ ဆရာမနော်အားနော်တို့နှင့်အတူ၊ ဗဟိုလုံခြုံရေး ရဲဘော်အခ့ုပို့ ရှိနေသည်။ ဗိုလ်မြက အရှေ့တိုင်းမှ နှင်ထုတ်ထား သော်လည်း အခြားနယ်မြေကိစ္စများ စီစဉ်ရန်ရှိနေသေးသဖြင့် ဗိုလ်ချုပ်မြမောင် တို့အဖွဲ့မှာ ပဲခူးသို့ ပြန်လည် ရွှေ့ပြောင်းနိုင်ခြင်း မရှိသေးချေ။ ပါတီ အတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျင်ဖေမှာမူ စခန်းများဆောက်လုပ်ရန်နှင့် ရိက္ခာများ ကြိုတင် စုဆောင်းရန်အတွက် အစောဆုံး ရွှေ့ပြောင်းသွားကြပြီးဖြစ်သည်။

ဗိုလ်ကျင်ဖေသွားပြီးနောက်၊ ဗိုလ်ချုပ်ကော်ထူးအဖွဲ့ ဆင်းသွားသည်။ ဖူးတာအယ် ခေါ်ဗိုလ်ချုပ်တင်ဦး တို့ အဖွဲ့ကလည်း ရက်အနည်းငယ်ခြားပြီး ဆင်းသွားကြပြီ ဖြစ်သည်။

ဗိုလ်သိန်းလွင်နှင့် ပဲခူးရိုးမသို့ ခရီး

ဗိုလ်ချုပ်မြမောင်စခန်းသို့ ရောက်ရှိပြီး အခြေအနေအရပ်ရပ်ကို သိရှိရပြီးနောက် မိမိနှင့် ပါစကတို့သည် ပဲခူးရိုးမသို့သွားရန် ပြင်ဆင်ကြရင်း ရက်အနည်းငယ် အနား ယူလေသည်။ ပဲခူးခရီးအတွက် ဗိုလ်ချုပ်မြမောင် ကိုယ်တိုင် အစီအစဉ်များ ပြုလုပ် ပေးသည်။ ဖလေးစာလိုရွာဖြစ်သော ဗိုလ်ချုပ်မြမောင် စခန်း၌ပင် ဩဂုတ်လ (၁၂)ရက်နေ့ အာဇာနည်နေ့ ကျရောက်သဖြင့် အခန်းအနားကို တက်ရောက်ခဲ့ရသည်။

အာဇာနည်နေ့ အခန်းအနားသို့ အနီးအနားရွာများမှ ရွာသားများနှင့် တပ်မဟာ (၃)မှ ဗိုလ်ဂျော့အပြင် မြို့နယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခန်းအနားတွင် ဗိုလ်ချုပ်မြ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မောင်ကိုယ်တိုင် အာဇာနည်နေ့ မိန့်ခွန်းကို ပြောကြား ခဲ့သည်။ ဗိုလ်သိန်းလွင်နှင့် ပါစကတို့က အာဇာနည်နေ့ အခန်းအနားအပြီး နောက်ထပ် တပတ်ခန့်အထိ ဗိုလ်မြမောင် စခန်းတွင် ဆက်လက် နားနေခဲ့ကြရသည်။ ပဲခူးရိုးမသို့ သွားမည့်ခရီးတွင် ဗကပ နယ်မြေကို ဖြတ်သန်းရမည်ဖြစ်ရာ ဗိုလ်ချုပ်မြမောင်ကိုယ်တိုင် ကြိုတင်ပြီး ဗကပ နယ်မြေ တာဝန်ခံများထံသို့ နယ်မြေ ဖြတ်ကျော် သွားလာနိုင်ရေးအတွက် စာရေးပေးခဲ့သည်။ ဗကပ နယ်မြေတာဝန်ခံကလည်း လုံခြုံရေးအစီအစဉ်များ ပြင်ဆင်ထားပြီးဖြစ်၍ ၎င်းတို့၏ နယ်မြေကို ဖြတ်ကျော် သွားလာနိုင်ပြီဖြစ်ကြောင်းလည်း ပြန်စာ ပို့လာသည်။

စောသိန်းလွင်နှင့် ပါစကတို့ ခရီးစဉ်ကို ဗကပ နယ်မြေ တောင်ငူမြို့နယ် ဥက္ကဋ္ဌက စီစဉ်ထားပြီဖြစ်၍ မနက်စောစော ဖလေးစာလိုစခန်းမှ စတင်ထွက်ခွာ ခဲ့လေသည်။ သပြေညွန့်ရွာသို့ ရောက်သောအခါ ဗကပ တပ်ခွဲမှူး ဗိုလ်သိန်းက သူတို့နှစ်ဦးအား လာရောက်ကြိုဆိုလေသည်။ ဆက်လက် ခရီးထွက်ခဲ့ရာ လမ်းခရီးတလျှောက်၊ ၎င်းတို့ အခြေခံဒေသ ဖြစ်၍၊ ဗကပ ရဲဘော်၊ ရဲမေများသည် ကျေးရွာ များတွင် အရပ်သားကဲ့သို့ နေထိုင်ကြသည်။ စောသိန်းလွင်နှင့် ပါစက တို့အား၊ ဗကပ နယ်မြေခံများနှင့် မိတ်ဆက် ပေးလေသည်။ သပြေညွန့်ရွာမှတဆင့် ကျောက်ကြီးပေါက်ရွာသို့ ရောက်လာလေသည်။ ကျောက်ကြီးပေါက်ရွာသည် စစ်တောင်းမြစ်နှင့် သိပ်မဝေး တော့ပေ။ ထို့ကြောင့် ဆက်လက်ပြီး ခရီးထွက်ခဲ့ရာ စစ်တောင်းမြစ် နှုတ်ခမ်း အင်းတဲတခုသို့ မိုးချုပ်မှ ရောက်ခဲ့လေသည်။

စစ်တောင်းမြစ်မှ ပဲခူးတောင်ခြေသို့ သွားရမည့် ခရီးစဉ်တွင် ကားလမ်း၊ ရထား လမ်းတို့ကို ဖြတ်ကျော် ရမည်ဖြစ်၍ ညအချိန်တွင်သာ သွားကြရသည်။ ထို့ကြောင့် တပ်ခွဲမှူး ဗိုလ်သိန်းနှင့် တပည့်တဦး၊ ဗိုလ်သိန်းလွင်နှင့် ပါလာသော စုစုပေါင်း (၄)ဦးတို့သည် ညတွင်းချင်း၊ စစ်တောင်းမြစ်ကို ဖြတ်ကျော်၍ ခရီးဆက် ကြသည်။ ကားလမ်း ရထားလမ်းကို ဖြတ်ကျော်ပြီးနောက်၊ မိုးလင်းကာနီးတွင် ပဲခူးတောင်ခြေရွာ တရွာဖြစ်သော၊ `ဆပ်ချိုကွင်း´ရွာသို့ ရောက်လေသည်။ ဆပ်ချိုကွင်းရွာသည် ကရင်ရွာ တရွာဖြစ်သည်။ ထိုရွာ၌ပင် ပဲခူးတောင်ကို ဖြတ်ကျော်လာသော ဗိုလ်ကြီးမြသိန်း နှင့် ဆုံကြလေသည်။ ဗိုလ်ကြီးမြသိန်း တပ်ဖွဲ့သည် ကျောက်ကြီးမြို့နယ် သို့သွားပြီး၊ ဗိုလ်ဂျော့ကို တပ်အင်အား ဖြည့်စွက် ကူညီရန် ဖြစ်သည်။ နံက်(၃)နာရီခန့်ပင် ရှိသေးသည်။ မိုးမလင်းသေးသဖြင့် ခေတ္တနား နေကြပြီး မိုးလင်းသည်နှင့် ခရီးဆက်လက်ထွက်ခွာခဲ့ရာ ဗိုလ်သာမောင် စခန်းသို့ ရောက်ခဲ့သည်။ ဗိုလ်သာမောင်စခန်းမှာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

`ကညင်ဒုံး´ ရွာဘေး တွင်ရှိပြီး၊ ဗကပ အဖွဲ့သည် ဗိုလ်သာမောင် စခန်းအထိသာ လိုက်ပို့ပေး လေသည်။

စောသိန်းလွင်မှာ ဗိုလ်သာမောင်နှင့် ကဆောဝါးကွန်ဂရက်တွင် အစည်းအဝေး အတူ တက်ခဲ့သူများ ဖြစ်သဖြင့် ရင်းရင်းနှီးနှီး ရှိခဲ့ကြသည်။ ဗိုလ်သာမောင် က ဝမ်းပန်း တသာ လာ ရောက်ကြိုဆိုပြီး၊ သူ၏ စခန်း၌ တရက်နှစ်ရက်မျှ နားနေရန် ပြောဆိုပြီး ဗိုလ်ချုပ်ကော်ထူး နှင့် ဗိုလ်ကျင်ဖေတို့ထံသို့ ကြေးနန်းစက်ဖြင့် အကြောင်းကြားလိုက် လေသည်။ ဗိုလ်သာမောင် ပြောဆိုချက်အရ ဗကပ ဗဟို ခေါင်းဆောင်များဖြစ်သော သခင်ဇင်နှင့် သခင်ချစ်တို့ ကေအဲန်ယူပါတီ ဗဟိုစခန်းသို့ ရောက်ရှိနေပြီး နှစ်ပါတီ အစည်းအဝေး ကျင်းပနေကြောင်း သိခဲ့ရ သည်။

စောသိန်းလွင်နှင့် ပါစကတို့ နှစ်ဦးသည် ဗိုလ်သာမောင် စခန်းတွင် တရက်မျှ နားနေပြီး နောက်တနေ့တွင် ပဲခူးတောင်ကို ဖြတ်ကျော်ကြလေသည်။ ကညင်တုံးရွာနှင့် ပါတီ ဗဟိုစခန်း မှာ တရက်ခရီးပင် မရှိသဖြင့် ညနေစောင်း အချိန်တွင် ပါတီဗဟို ဌာနချုပ်သို့ ရောက်ခဲ့ကြ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗကပ နှင့် ကေအဲန်ယူ နှစ်ပါတီ နှုတ်ဆက်ပွဲ

ဗဟို ဌာနချုပ်သည် အဆောက်အဦများ ရုံးများကို အတည်တကျ ဆောက်လုပ် ထားခြင်း မရှိသေး။ အထွေထွေ အတွင်းရေးမှူးနှင့် ပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး အဖွဲ့တို့သည် အရှေ့တိုင်းမှ ပြန်ရောက်ခဲ့ကြသည်မှာလည်း မကြာသေး။ ရိက္ခာများ စုဆောင်းခြင်း တောင်ယာခုတ်ရန် ပြင်ဆင်ခြင်းတို့ကို ဦးစားပေးပြီး ဆောင်ရွက်ကြရသည်။ တပ်ဖွဲ့အသီးသီး တို့ကလည်း ရှေ့တန်း ဒေသများတွင် စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး လုပ်ငန်းများကို မအား မလပ် တာဝန်ယူနေကြ ရသည်။ ထို့ကြောင့် ရုံးသုံးပစ္စည်းများ၊ အထုတ်အပိုးများသည်၊ ဟိုတပုံ၊ ဒီတပုံ ဖြင့် သင့်တော်သလိုပင် စုပုံထားပြီး၊ ဝါးခြမ်း အခင်း အကာများပြုလုပ်ထားသော ယာယီ အမိုးများအောက်တွင်သာ ထားရခြင်း ဖြစ်သည်။

ဗိုလ်သိန်းလွင်နှင့် ပါစကတို့ နှစ်ဦးမှာ ဗိုလ်ချုပ်ကော်ထူးစခန်း၌ ဆောက်ထား သော တဲများတွင်ပင် စခန်းချ နေကြလေသည်။ ဗိုလ်ချုပ်ကော်ထူးက စောသိန်းလွင်အား “ဒီညနေ သခင်ဇင်၊ သခင်ချစ်တို့ဆီ သွားမယ်။ မင်းတို့နှစ်ယောက် ရေမိုးချိုးပြီး ပြင်ဆင်ထားကြ” ဟု သတိပေး ထားသည်။ သိန်းလွင်နှင့် ပါစကတို့က ချောင်းထဲတွင် ရေဆင်းချိုးပြီး အဆင်သင့် ပြင်ဆင်ထားကြသည်။

ညနေမသွားခင် ဗိုလ်ချုပ်ကော်ထူးက ဗိုလ်သိန်းလွင်အနီးသို့ ရောက်လာပြီး၊ “ဗိုလ် ကျင်ဖေက ငါ့ကို ပြောတယ်။ သခင်ဇင်၊ သခင်ချစ်တို့နှင့်တွေ့ရင် အရမ်း မပြောဖို့ နဲနဲ သတိထားပြီး ပြောကြ ဆိုကြဖို့ ငါ့ကို မှာထားတယ်။”

ဗိုလ်သိန်းလွင်ကလည်း ဗိုလ်ချုပ်ကော်ထူး စကားကြောင့် စိတ်ထဲတွင် မတင်မကျ ဖြစ် နေသည်။ အမှန်စင်စစ် သခင်ဇင်၊ သခင်ချစ်တို့နှင့် တွေ့ဆုံလျှင် မြောက်ပိုင်း ဗကပ၊ ဗဟိုနှင့် တွေ့ဆုံခဲ့ရသော အခြေအနေများကို အမှန်အတိုင်း ဖွင့်ပြောမည်ဟု စဉ်းစား ထားသည်။ ပြင်ဆင်မှုကိုလည်း လုပ်ထားသူဖြစ်သည်။ စိတ်ထဲတွင်လည်း အရှုပ်အထွေး ဖြစ်ခဲ့ရသည်။ ထိုအခါ သူက ဗိုလ်ချုပ်ကော်ထူး အား “ကျနော် ပြောသင့် ပြောထိုက်တဲ့ အရာတွေကို အမှန် အတိုင်းပြောဖို့ဘဲ။ ဗိုလ်ကျင်ဖေက ဒီလိုပြောထားရင် ကျနော်တော့ မသွားချင်တော့ဘူး။”

ထိုအခါ ဗိုလ်ချုပ်ကော်ထူးက “မင်းမသွားလို့ ဘယ်ဖြစ်မလဲ၊ အမှန် အတိုင်းတော့ ပြောရမှာပေါ့”။ ထိုအခါမှ ဗိုလ်သိန်းလွင်က ဆက်လက်ပြီး၊ “ကျနော်တို့ တရုတ်ပြည် ရောက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြီး ဆွေးနွေးတဲ့အခါ၊ ဟိုမှာရှိတဲ့ ဗဟိုအဖွဲ့က တပ်ပေါင်းစုနဲ့ အောင်ပွဲခံရမယ်လို့လဲ မခံယူ တော့ဘူး။ အဲဒီလိုဖြစ်နေတော့ အဖြစ်မှန်ကိုမှ မပြောရရင် မသွားချင်တော့ဘူး။" ပြောချ လိုက်ရာ၊ ဗိုလ်ချုပ်ကော်ထူးက "အေးပေါ့။ ဒါတော့ ပြောရမှာပေါ့၊"ဟု သူ့အား ပြန်လည် ဖြောင်းဖြပေးလေသည်။ ထို့နောက် သူတို့ နှစ်ယောက် ဗိုလ်ချုပ်ကော်ထူး နောက် သို့ လိုက်ခဲ့ ကြသည်။

နှစ်ပါတီ နှုတ်ဆက်ပွဲ

သခင်ဇင်၊ သခင်ချစ် တို့နှင့် တွေ့ဆုံမည့်နေရာသည်၊ ဗိုလ်မင်းသိန်း အဖွဲ့က တောင်ယာ ခုတ်ထားသော နေရာတခုဖြစ်သည်။ တဲကြီးတလုံးကို ဆောက်ထားသည်။ ထိုတဲကြီး၌ပင် ကေအဲန်ယူပါတီဗဟိုနှင့် ဗကပ ဗဟို ခေါင်းဆောင်များ တွေ့ဆုံသော နေရာဖြစ်သည်။ နှစ် ပါတီ တွေ့ဆုံဆွေးနွေးပွဲ ပြီးစီးသွားခဲ့ပြီး ဖြစ်သည်။ ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင် ချစ် တို့၏ လုံခြုံရေးတပ်ဖွဲ့များက ထိုတောင်ယာဟောင်း၌ပင် ယာယီတဲများ ဆောက်လုပ်ပြီး အစည်းအဝေး တက်ရောက်ကြသည်။ ဗိုလ်ကျင်ဖေ၏ ဗဟိုစခန်းနှင့် မဝေးလှပေ။ သို့သော် သဲမဲရွာနှင့် ပို၍ နီးလေသည်။

နှစ်ပါတီ နှုတ်ဆက်ပွဲတွင် ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်သိန်းလွင်၊ ပါစက တို့အပြင် ဗိုလ် သိန်းလွင်၏ ဇနီး၊ ဌာနချုပ်မှ အမျိုးသမီးတခ ုို့ ဗိုလ်ကျင်ဖေနှင့် သူ၏ ရုံးအဖွဲ့သား များ လည်း ပါဝင် တက်ရောက်ခဲ့ကြသည်။

မြေပြန့်တနေရာတွင် ထင်းတုံးကြီးများနှင့် မီးဖိုထားလေသည်။ ဗကပ က ရဲဘော် ရဲမေများလည်း မီးဖိုနံဘေးတွင် ရှိနေကြလေသည်။ ကောက်ညှင်းကျည်ထောက်များကို ဝိုင်းဝန်းကူညီပြီး ပြုလုပ်ကြသည်။ ကေအဲန်ယူပါတီမှ ခေါင်းဆောင်များ၊ ဆရာ၊ ဆရာမ များ နှင့် ဗကပ ရဲဘော် ရဲမေများ စုစုပေါင်း (၄၀)ခန့် ရှိသည်။ မကြာမီ ဗကပ သခင်တင် ထွန်း၏သမီး မည်ဂ ဗိုလ်သိန်းလွင်နှင့် ပါစကတို့ကို လာရောက်ခေါ်ဆောင်ပြီး၊ သခင်ဇင် နှင့် သခင်ချစ်တို့ ရှိရာ ယာယီတဲဆီသို့ ဦးဆောင်ခေါ်သွားသည်။ အခြား မည်သူမျှမပါဘဲ သီးခြား တွေ့ဆုံရန် စီစဉ်ထားခြင်း ဖြစ်သည်။ တဲတလုံးထဲတွင် သခင်ဇင်နှင့် သခင်ချစ်တို့ နှစ်ဦးသာရှိ နေပြီး ဗိုလ်သိန်းလွင် နှင့် ပါစက တို့အား ကြိုဆို နှုတ်ဆက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သွင်ဇင်ကစပြီး ရဲဘော်တို့ကို တွေ့ရတာ ဝမ်းသာတယ်၊ မြောက်ပိုင်းက အတွေ့အကြုံ နဲ့ ပတ်သက်ပြီး ဘယ်သူနဲ့တွေ့တယ် ဘာတွေ ဆွေးနွေးခဲ့သလဲ ဆိုတဲ့ အခြေအနေ တွေကို သိချင်တယ်။

ဗိုလ်သိန်းလွင်ကလည်း “ကျနော်တို့ ပန်ဆန်းကို ရောက်ခဲ့တယ်။ ပန်ဆန်း မြို့မှာ ဒုတိယ ဥက္ကဋ္ဌ သခင်ဖေတင့်၊ ဗိုလ်ကြည်ပြိုင်၊ စိုင်းအောင်ဝင်း ဗဟို ကော်မတီဝင် သုံးယောက်က ကျနော်တို့ကို လာတွေ့တယ်။ ဥက္ကဋ္ဌ ဗသိန်းတင်မှာ ခါးနာနေသဖြင့် လေယာဉ်ပင် မစီးနိုင်သောကြောင့် လာမတွေ့နိုင်ပါ။ ကျနော်တို့ ပဲခူးဌာနချုပ်မှ ပေးလိုက် သော ဥက္ကဋ္ဌကြီးရဲ့စာကို ပေးလိုက်ပါတယ်။ ပြီးတော့ အဝေးရောက် မဒညတ အဖွဲ့ကိစ္စကို ဆွေးနွေးပြတယ်။” ထိုသို့ အစချီပြီး ခရီးစဉ်ကို အောက်ပါအတိုင်း ဆက်လက်ရှင်းပြခဲ့သည်။

“မိမိတို့၏ ပထမ အစီအစဉ်သည် ကယန်းပြည်သစ် နယ်မြေမှတဆင့် အက်စ်အက်စ်အေ (S.S.A.) နယ်မြေကို ဖြတ်ကျော်ရန် ဖြစ်သည်။ ထိုခရီးစဉ်တွင် ပေါင်းလောင်းဒေသရှိ ရန်သူက ဆီးကြိုပစ်ခတ်သဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ ရကြောင်း။ ကရင်နီနယ်မြေသို့ ပြန်လည် ရောက်ရှိခဲ့ပြီး ပအိုဝ်း နယ်မြေကို ဖြတ်ကျော် လျက်၊ ရှမ်းမိုးဟိန်း နယ်မြေမှတဆင့် မြောက်ဘက်သို့ ခရီးဆက်ရန် စီစဉ်ပြန်သည်။ ပအိုဝ်းနယ်မြေတွင် ပအိုဝ်း ခေါင်းဆောင် ဗိုလ်စံသိန်းက ကေအဲန်ယူပါတီ ကိုယ်စား လှယ်များကို မိုးဟိန်းအဖွဲ့မှ လာရောက်ကြိုဆိုရန် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဘော်လ်ဒွင်နှင့် ဗိုလ်မှူးစံလင်းတို့အား အကြံပြုပြီး စာရေးပေးရန် စီစဉ်လေသည်။ ကရင်ခေါင်းဆောင် များက စာရေးသဖြင့် ဗိုလ်မိုးဟိန်းအဖွဲ့မှ ဗိုလ်ချုပ်စောလှခင်လည်း စာနှင့်အတူ လိုက် လာလေသည်။ ထိုအစီအစဉ်တွင် တိုက်ခိုက်မှုများဖြစ်ပြီး၊ ဗိုလ်ချုပ်စောလှခင်နှင့် ဗိုလ်စံသိန်းတို့ နှစ်ဦးစလုံး ကျဆုံးသဖြင့် ဆက်လက်ပြီး ခရီးမဆက်နိုင်တော့ဘဲ အရှေ့တိုင်း ဌာနချုပ်သို့ ပြန်လာခဲ့ရသည်။ နောက်ထပ်တဖန် အတွင်းမှ ထိုးဖောက်သွားရာမှ ခရီး ပေါက်သွားကြောင်း စသည် ဖြင့် ခရီးစဉ်ကို အကျယ်တဝင့် ရှင်းလင်း ပြောပြခဲ့သည်။”

ဗိုလ်သိန်းလွင်နှင့် ပါစကတို့က ဆက်လက်ရှင်းပြတွင် မြောက်ပိုင်း ဗဟို သို့ရောက်သောအခါသူတို့၏သဘောထားပြောင်းနေပြီဖြစ်သည်၊ မဒညတနှင့် အောင်ပွဲခံမည်ဆိုသော သဘောထား မရှိတော့ပေ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုနှင့်ပဲ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အောင်ပွဲခံရမည်ဟူ၍သာဆွေးနွေးသည့်အတွက် ကေအဲန်ယူပါတီ ကိုယ်စား လှယ်အဖွဲ့ကလည်း ဆက်လက်ဆွေးနွေးရန် အကြောင်းမရှိတော့ပေ။

ထိုအခါ သခင်ဇင်နှင့်သခင်ချစ်နှစ်ဦးစလုံးက “ဒီလိုတော့ မဖြစ်သင့်ဘူး တို့လည်း စာရေးထားတာပဲ” ဟူ၍ မှတ်ချလေသည်။ ထို့နောက် ဗိုလ်သိန်းလွင်နှင့် ပါစက နှစ်ဦးစလုံး မီးပုံပွဲသို့ပြန်လာခဲ့လေသည်။

မီးပုံပွဲတွင် ကေအဲန်ယူပါတီမှ ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်ကျင်ဖေ ရဲဘော်ရဲမေ ဆရာမအချို့နှင့်ဗမာပြည် ကွန်မြူနစ်ပါတီမှ သခင်ဇင်၊ သခင်ချစ်အပြင် ရဲဘော်ရဲမေ စုစုပေါင်း ၄၀ ကျော်လောက်ရှိလေသည်။ နှစ်ပါတီ ရင်းနှီးစွာဖြင့် တွေ့ဆုံနှုတ်ဆက်ပွဲ လေးဖြစ်ပါသည်။ နှစ်ပါတီခေါင်းဆောင်များဆွေးနွေးပွဲလည်း အောင်မြင်စွာပြီးဆုံးပြီ ဖြစ်သဖြင့် ဗကပခေါင်းဆောင်များသည် နောက်တစ်နေ့တွင် ပြန်လည်ထွက် ခွာသွားမည်ဖြစ်လေ သည်။

နှုတ်ဆက်ပွဲတွင် ဗကပ က ရဲဘော်တစ်ဦးက အခမ်းအနားမှူး ပြုလုပ်ပြီး နှစ်ဖက် ခေါင်းဆောင်တို့၏ နှုတ်ဆက်စကားများနှင့် အခမ်းအနားကို ဖွင့် လှစ်ပါသည်။ ထို့နောက်တစ်ဦးစီမိတ်ဆက်ပြီး တလှည့်စီသီချင်းဆိုရန် အစီအစဉ် ရှိပါသည်။ဗိုလ်သိန်းလွင်နှင့်ပါစကတို့ကသခင်တင်ထွန်းသမီးမည်နှင့် တွဲဖက်သီဆို ရန် သံစဉ်ညှိနေကြသည်။ ထိုအဖွဲ့တွင် နို့တစ်လုံးစိန်လည်း ပါဝင်သည်။ နို့တစ်လုံးစိန်သည် ကရင်အမျိုးသမီးဖြစ်သည် ဗမာပြည် ကွန်မြူနစ်ပါတီက ပြုစုပျိုးထောင်ပေးမှုအပေါ် ထက်မြက်သူတစ်ဦးဖြစ်လာသည်။ ဗိုလ်သိန်းလွင်နှင့် မည်တို့မှာ သူမ၏ဖခင် သခင်တင်ထွန်းကျဆုံးသည့် ဇော်ဂျီမြစ်ကမ်းရှိစခန်း၌ ရန်သူက စခန်းကိုဝင်မတိုက်ခင် အတူရှိနေပြီး သိကျွမ်းရင်းနှီးခဲ့ကြသည်။ စခန်းကို ဝင်တိုက်ချိန်၌လည်း အတူတကွရှိနေကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သူတို့သီဆိုသောသီချင်းမှာ ဗကပပါတီဝင်များသီဆိုလေ့ရှိသော သီချင်းဖြစ်သည် သိန်းလွင်နှင့်ပါစကတို့ ပါဝင်သော ကိုယ်စားအဖွဲ့က မြောက်ပိုင်း ခရီးစဉ်အတွင်း တရုတ်အမျိုးသမီးတစ်ဦးက နေ့စဉ်လာရောက် သင်ပေးသော သီချင်းဖြစ်သည်။

“ပင်လယ်ခရီးသွားလျှင်တက်မကိုင်ကို အားကိုးရသည် တော်လှန်ရေး လုပ်မည်ဆိုလျှင် မော်စီတုန်းအတွေးအခေါ်ကို အားကိုးရမည်” အဓိပ္ပာယ်ရလေ သည်။ တရုတ်လို သီဆိုကြသည်။ ထို့နောက် ကရင်ဆရာမများ ရဲဘော်များက ဆရာကြီး စကော လယ်တော စပ်ဆိုထားသော “ကြွေးကြော်သံ ၄ ရပ်နှင့် ကရင် တော်လှန်ရေး အခြေခံမူ ၄ ချက်” ကို သီဆိုကြသည်။ မီးပုံပွဲတွင် ကောက်ညှင်း ကျည်ထောက်များကိုဖုတ်ထားသဖြင့် ဝေငှပြီးတပျော်တပါးအတူတကွ စားကြလေ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်သိန်းလွင်နှင့် တတိယ တော်လှန်ရေး

၁၉၇၂ ခုနှစ် ဗိုလ်ချုပ်ကော်ထူး ကျဆုံးပြီးနောက် ဗိုလ်သိန်းလွင်နှင့် သူ၏ ဇနီး ဖြစ်သူ နော်ဝေဖိုးတို့သည် ပဲခူးတွင် (၂)လခန့် ဆက်လက်နေထိုင်ခဲ့ပြီး၊ ဗိုလ်ချုပ်မြမောင်၏ ခွင့်ပြုချက်ဖြင့် အရှေ့ရိုးမသို့ ပြန်ကူးခဲ့သည်။ ဇနီးဖြစ်သူ နော်ဝေဖိုးသည်၊ ၁၉၆၅ ခုနှစ်တွင် အဖမ်းခံရပြီး ထောင်(၅)နှစ် ကျခဲ့ရသည်။ ထောင်မှ လွတ်သည်နှင့် ဗိုလ်ချုပ်ကော်ထူး နှင့်အတူ ပဲခူးသို့ ပြန်လည်ရောက်ရှိ လာသည်။ ၁၉၇၂ ခုနှစ်၊ ဧပြီလတွင် ဗိုလ်ချုပ်ကော်ထူး ကျဆုံးခဲ့ပြီဖြစ်ရာ စိတ်ဓါတ် အလွန်ကျပြီး၊ သားယောကျ်ားလေးနှင့်အတူ မိဘရပ်ထံသို့ ပြန်လည်ချင်သည်။ ထို့ကြောင့် ဗိုလ်ချုပ်မြမောင်အား ခွင့်တောင်းရာ အလွယ်တကူပင် ခွင့်ပြုချက်ရသဖြင့် အရှေ့တိုင်းသို့ ထွက်ခဲ့ကြသည်။ ဗိုလ်သိန်းလွင်နှင့် ဇနီးသည် နော်ဝေမူး တို့အပြင် ပဲခူးဌာနချုပ်မှ ရဲဘော်နှစ်ဦးတို့နှင့် ခရီးအတူ ဆက်ကြရာ ကျောက်ကြီး မြို့နယ်သို့ ရောက်ခဲ့သည်။ ရဲဘော်နှစ်ဦးမှာ ကျောက်ကြီးမြို့နယ်တွင် အမှုထမ်းရန် လိုက်ပါလာသူများ ဖြစ်သည်။

ကျောက်ကြီးမြို့နယ် ဥက္ကဋ္ဌမှာ ဗိုလ်ကျော့ဖြစ်သည်။ ဗိုလ်ကျော့ အုပ်ချုပ်နေသော နယ်မြေသည် အရှေ့တိုင်းတွင် ကေအဲန်ယူပါတီ၏ တခုတည်းသော အုပ်ချုပ်ရေး နယ်မြေဖြစ်ပြီး ထို နယ်မြေကို အမှတ်(၃) ခရိုင်ဟု ခေါ်သည်။ အမှတ်(၃)ခရိုင်တွင် ကျောက်ကြီးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ မုန်းမြို့နယ်တို့ရှိရာ ကေအဲန်ယူပါတီ အတွင်းမှ မန်းဘဇန် ခွဲထွက်ပြီး ဗိုလ်မြနှင့် ပူးပေါင်းသွားသော၊ ၁၉၇၀ ခုနှစ်တွင် မုန်းမြို့နယ်၊ ရွှေကျင်မြို့နယ်တို့မှာ အရှေ့တိုင်းဒေသထဲသို့ ပါသွားသည်။ ကျောက်ကြီးမြို့နယ် တခု တည်းသာ ကျန်ရှိခဲ့ပြီး ဗိုလ်ကျော့ကမူ အရှေ့တိုင်း ဒေသထဲသို့ ပါဝင်ရန် ငြင်းဆန်ခဲ့သည်။ မြို့နယ်ဥက္ကဋ္ဌ အနေဖြင့် ပါတီ၏ ဦးဆောင်မှုကိုသာ ဆက်လက် ခံယူခဲ့သည်။ ကျောက်ကြီးမြို့ နယ်မြေ ကိစ္စတွင် ကရင် အချင်းချင်း စစ်ရေးပဋိပက္ခ ဖြစ်ပွားခဲ့သည်။ ထိုသို့ ကရင်ချင်း လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်မဖြစ်ပွားလိုသဖြင့်၊ လူထုဆန္ဒအရ ရွေးကောက်ပွဲလုပ် နိုင်ရန် ညှိနှိုင်းရာ နှစ်ဘက် ခေါင်းဆောင်များ သဘောတူကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လူထုဆန္ဒခံယူရာတွင် ကေအဲန်ယူပါတီမှ ဗိုလ်ချုပ်မြမောင်၊ ဆရာ စကော လယ်တော၊ ဗိုလ်မှူး မြသိန်းတို့က ကြီးကြပ်မှုတွင် ပါဝင်ပြီး၊ ကေအဲန်ယူပါတီ ဘက်မှ ဗိုလ်သန်းအောင် ဗိုလ်မောင်မောင်တို့ ပါဝင်ခဲ့ကြသည်။

လူထုဆန္ဒခံယူပွဲတွင် ကျောက်ကြီးမြို့နယ် မြေပြန့်ဒေသရှိ၊ ကျေးရွာ အုပ်စု ဒေသတောင်ပေါ်ဒေသရှိ ကျေးရွာအုပ်စုအားလုံးရှိ လူများက ပါတီ၏ ဦးဆောင်မှုကို ထောက်ခံမဲများပေးခဲ့ကြသည်။ လူထုအားလုံးက ထောက်ခံခဲ့ကြသော်လည်း၊ တောင်ပေါ်ဒေသကို ဗိုလ်မြက ပါတီကို မပေးဘဲ၊ ကေအဲန်ယူ အရှေ့တိုင်း အုပ်ချုပ်ရေး အတွင်းတွင်သာ ထည့်သွင်းထားသည်။ ထိုသို့နှင့် မပြီးသေး။ အမှတ် (၃)ခရိုင်တွင် မြို့နယ်(၃)ခုရှိရာ (၂)ခုကို ကေအဲန်ယူ နယ်မြေ အဖြစ်ဖြင့်ငင်း ကျောက်ကြီး မြို့နယ်ကိုလည်း ခရိုင်အတွင်း တစုတစည်းတည်းထားရန်နှင့် ထိုနယ် မြေများအားလုံး ကေအဲန်ယူ နယ်မြေအတွင်း ပါဝင်ရမည်ဟု ထပ်ဆင့် တောင်းဆို လာပြန်သည်။ ခေါင်းဆောင်များလည်း အပြန်အလှန် ဆွေးနွေးခဲ့ရသည်။ နောက်ဆုံး ဒီမိုကရေစီနည်းအရ လူထု ထောက်ခံမှုကို ခံယူ လေးစား ရမည် ဖြစ်ပြီး၊ ကေအဲန်ယူသည် မိမိ၏ဆန္ဒနှင့် အရှေ့တိုင်းနယ်မြေကို ကေအဲန်ယူပါတီမှ ခွဲထုတ်ခဲ့သကဲ့သို့၊ ယခုတဖန် မြို့နယ်လူထုဆန္ဒကို လစ်လျူရှုသည့် လုပ်ရပ်မျိုးသို့ ဦးတည် လာမှုကို ရပ်တန့်ရန်နှင့် အရှေ့တိုင်း နယ်မြေခေါင်းဆောင်များမှ ထိုဒေသအား သီးခြား ရပ်တည်ခြင်းကို ခွင့်ပြုသင့်သည်ဟု တင်ပြခဲ့ရာ မလွဲမရှောင်သာ ခွင့်ပြုခဲ့ကြသော်လည်း အမှန်တကယ်မှာ လုံးဝ ပြေလည်သွားသည်ဟု မဆိုနိုင်ခဲ့။

ဗိုလ်သိန်းလွင်နှင့် ဇနီးသည် နော်ဝေမူးတို့ ရောက်လာသော အချိန်သည် လက်နက်ကိုင် ပဋိပက္ခ ပြန်လည် ဖြစ်ပေါ်လာမည့် အခြေအနေတွင် ရှိနေချိန် ဖြစ်သည်။ ဗိုလ်မှူးဂလက်စတုံး တပ်ဖွဲ့များကလည်း ကျောက်ကြီး နယ်မြေထဲသို့ ဦးတည် ဝင်ရောက် လာနေသည်။ သူတို့၏ တပ်ဖွဲ့နှင့် ရန်သူတပ်ဖွဲ့များ တိုက်ပွဲများ ဖြစ်သဖြင့် အချင်းချင်း ရန်လိုသော သဘောဆောင်လာသည်။ မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ဂျော့ ကလည်း ရန်သူကိုလည်း တိုက်နေရသည်၊ အချင်းချင်းလည်း တိုက်ရမည်ဖြစ်သဖြင့် အထူးစိုးရိမ်လျက် သတိထား နေရချိန်၊ မိမိတို့ အခြေခံနယ်မြေကို ကာကွယ်ရန် ဗုံးများကို ကြိုတင် ပြင်ဆင်ထား လေသည်။ စခန်းကိုလည်း ထပ်မံပြီး ပြောင်း ရွှေ့လိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်သိန်းလွင်၏ ပထမ အစီအစဉ်မှာ ဇနီးဖြစ်သူအား ရွာ တရွာတွင် ထားပြီး၊ သူ့ ယောကျ်ားမ ကို လာရောက်ခေါ်ယူစေရန် စိတ်ကူးထားသည်။ သူ့ဇနီး ရွာမှာ `ပေါ်ဝါးဒဲ´ ရွာဖြစ်ပြီး၊ `မယ်သူ ခီးကရူ´တွင် ပါဝင်သည်။ မိမိ ကိုယ်တိုင်သွားရန် အကြောင်းကြားပြီး ခွင့်ပြုချက်ယူရဦးမည်။ သူ မသွားနိုင်သော အကြောင်း တခုကလည်း ရှိသေးသည်။ သူတို့ ဇနီးမောင်နှံနှင့်အဖွဲ့ ကျောက်ကြီးမြို့နယ်၊ ဗိုလ်ကျော့ထံ ရောက်ရောက်ချင်း၊ ဗိုလ်ကျော့က သူ့ကို စာရင်းအင်းကိစ္စ များ၊ ဘဏ္ဍာရေး ကိစ္စများကိုကိုင်တွယ်ရန် သူ့ဆန္ဒကို မမေးဘဲ တာဝန်ပေးထားသည်။ အကြောင်းမှာ သူ့ထံတွင် စာရင်းကိုင် တယောက်မျှ မရှိသေး သော်လည်း ဘဏ္ဍာရေး တာဝန်ခံ ပဒိုစောသန်းကို ပဲခူးသို့ စေလွှတ်ရန်စီစဉ်ထားပြီး ဖြစ်သဖြင့်၊ ဗိုလ်သိန်းလွင်အား စာရင်းများ အလျင်အမြန် လွဲပြောင်းပေးအပ်ပြီး ဌာနချုပ်ရှိ ဗိုလ်ချုပ်မြမောင်ထံသို့ ကြေးနန်း ပို့လေသည်။ ဗိုလ်သိန်းလွင် မည်သို့မျှ မတတ်နိုင်တော့။ ဇနီးသည်အား ရွာသို့ ပြန်ပို့ပေးရန် တာဝန်ကလည်း ရှိသေးသည်။ နောက်မှ ကြည့်စီစဉ် မည်ဟုသာ စိတ်ကူးလိုက်သည်။ ထို အချိန်တွင် ဗိုလ်ကြီးဂလက်စတုံး တပ်မှာ တဖြည်း ဖြည်း နယ်မြေအတွင်းသို့ ဝင်ရောက်လာ သဖြင့်၊ ဗုံးများကိုလည်း ပြင်ဆင်ကြသည်။

အချင်းချင်း တိုက်ခိုက်မည့်ကိစ္စကို စခန်းတွင်ရှိနေသော အကွက်မှူး စောထူးက ဗိုလ်သိန်းအား လာရောက်ဆွေးနွေးသည်။ သူကလည်း အချင်းချင်း တိုက်ဖို့ကိစ္စမှာ မဖြစ် သင့်သောအရာ ဖြစ်သည်။ ပဲခူးရိုးမတွင်လည်း ဖြတ်(၄)ဖြတ် တိုက်ပွဲများကလည်း ပြင်းထန် နေသော ကာလ ဖြစ်သည်။

၁၉၆၄ ခုနှစ် ခေးပူးစခန်းကို ဟန်တာသာမွေး တပ်များက ရန်သူနှင့် ပူးပေါင်းပြီး ဝင် ရောက်ပစ်ခတ်ရာ ဌာနချုပ်အမှူဆောင် (၁၃)ဦး သေဆုံး ခဲ့ရခြင်းမှာ မေ့ပျောက်၍ မရနိုင်ခဲ့ ကြောင်း အချင်းချင်း ဝေဖန် သုံးသပ် ပြောဆိုခဲ့ကြသည်။ ရန်သူ ကလည်း နီးသည်ထက် နီးကပ်လာနေပြီ။ ဗိုလ်ကြီး ဂလက်စတုံး ကလည်း နယ်မြေထဲ ဝင်လာသည်ဖြစ်သဖြင့် စခန်းရှိ ရဲဘော် ခေါင်းဆောင်များ အနည်းငယ် လူပ်လူပ်ရှားရှား ဖြစ်နေသည်။ တညတွင် အကွက် အုပ် ပဒိုစောထူး သည် စခန်းထဲမှ ထွက်ပြေးလေ တော့သည်။ ကျောက်ကြီး မြို့နယ်တွင် အကွက်မှူး (၄)ဦး ရှိသည်။ ပဒိုစောထူးမှာ တောင်ပေါ်ဒေသ အကွက်မှူးဖြစ်သည်။ သူ ထွက်ပြေးသွားသဖြင့်၊ ဗိုလ်ကျော့က ဗိုလ် သိန်းလွင် ကို ခေါ်ယူမေးမြန်းသည်။ ပဒိုစောထူး ထွက်ပြေးသွားခြင်းကို သူ မသိရကြောင်း ရှင်းပြသော်လည်း ဗိုလ်ကျော့က သူ့ကိုပါ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မယုံသင်္ကာဖြစ်နေသည်။ ထိုအခါ ဗိုလ်ဂျော့က သိန်းလွင်အား `ခင်ဗျားနှင့် ပဒို စောထူးကို ကြည့်ရတာ ဗိုလ်ဂလက်စတုံးတို့ ဗိုလ်ကြာငွေ တို့ ဆင်းလာတာနဲ့ မျက်နှာ မကောင်းကြဘူး။´ အမှန်တော့ ဗုံးလုပ်သော ကိစ္စ၊ စခန်းပြောင်းသော ကိစ္စတို့တွင် သွက်သွက် လက် လက် မရှိသည်ကို ဗိုလ်ဂျော့က အကဲခတ်မိခြင်း ဖြစ်သည်။ သူ့ကိုလည်း သိပ် မယုံရဲ ဖြစ်နေချိန်၊ ပဒို စောထူးကလည်း ထွက်ပြေးပြန်သဖြင့် ပို၍ဆိုးသွားသည်။ ဗိုလ်ဂျော့က ဗိုလ်ချုပ်မြမောင် ထံသို့ ကြေးနန်း တစောင် ပေးပို့လေသည်။ က/နတွင် အကွက်မှူး စောထူး ထွက်ပြေးသွား ကြောင်း၊ ဗိုလ်သိန်းလွင်လည်း သိပ်မငြိမ်ကြောင်း၊ ပဲခူးကို ပြန်ပို့ရန် လိုအပ်က ပို့ရန် ကြေးနန်း ပို့လိုက်ကြောင်းကို ကြေးနန်းပို့သူ မြအေးက လာရောက် ပြော ပြသည်။ ထိုအခါ ဗိုလ်သိန်း လွင် စဉ်းစားပြီး၊ အချင်းချင်းလည်း မတိုက်ချင် သက့ဲသို့ ပဲခူးသို့ ပြန်ပို့မည့်ကိစ္စကိုလည်း သူ ဘဝင်မကျ။ သူ့လာရင်းကိစ္စကို တခုမှ ဆောင်ရွက်နိုင်ခြင်း မရှိ သေးဘဲ၊ ဇနီးသည်အားလည်း ပြန်ပို့နိုင်ရန် စီစဉ်နေဆဲပင် ရှိသေးသည်။ နောက်ဆုံး မိမိ အနားတွင်ရှိနေသော နိုင်သိန်းဆို သော ရဲဘော်တဦးနှင့်အတူ စခန်းမှ ထွက်ခဲ့ လေသည်။ သူ့တွင် စဉ်းစား ချင့်ချိန်စရာ ကိစ္စ အများအပြား ရှိနေသည်။

အမှန်တော့ ဇနီးသည်၏ရွာမှာ`ပေါ်ဝါးဒဲ´ဖြစ်ပြီး တပ်မဟာ(၃)နှင့် ဖာပွန် နယ်စပ် ဖြစ်သည်။ တပ်မဟာ(၃) နယ်မြေတွင်ရှိသဖြင့် တာဝန်ခံ ခရိုင်ဥက္ကဋ္ဌမှာ ပဒိုထွန်းဖေ ဖြစ်သည်။ ဗိုလ်အယ်မွီး၊ ဗိုလ်ကြီးဖိုးစံ တို့နှင့်လည်း ရင်းနှီးခဲ့ဖူးသည်။ သူတို့ ကလည်း ဗိုလ်သိန်းလွင်ကို ကောင်းစွာ သိထားသည်။ ရွာပြန် အနားယူပြီး တောင်ယာ စိုက်မည်ဆိုပါက ခွင့်ပြုနိုင်ကြောင်းကို ကြိုတင် တွက်ဆထားသည်။ အမှန်တကယ် သူ့ကို ပါတီအဖွဲ့အစည်းဝင် တယောက်အနေဖြင့် အရေးယူ မည်ဆိုလျှင်လည်း၊ သူ့ကို သားကဲ့သို့ အသိအမှတ်ပြုခဲ့သော မန်းဘဇန်အား မဖြစ် မနေ တောင်းပန်လျှင် အကူအညီ ရနိုင်ရာ ရှိကြောင်း စဉ်းစားထားလေသည်။ နောက်ဆုံး ဦးတည်ရာ ရမ်းသမ်း ထွက်လာခဲ့ခြင်း ဖြစ်သည်။ ရှေးဦးစွာ မူသယ် ခွင်သို့ ဦးတည် ဆိုက်ရောက်လာသည်။ ဗိုလ်သိန်းလွင်က “မူသယ်” ရွာသူကြီးကို ဒီအနားမှာ တာဝန်ခံဘယ်သူ တွေ ရှိသလဲဟုမေးရာ သူကြီးက လည်း “ပဒိုအယ်မွီး” ရှိတယ်ဟု ချက်ချင်းပြန်ဖြေသည်။ စာတစောင်ပို့ချင်ကြောင်း ပြောဆိုပြီး စာရေးပေးရာ သူကြီးက ပဒိုအယ်မွီး ထံသို့ စာပို့ပေးခဲ့ သည်။ ပဒိုအယ်မွီးက ဗိုလ်ဖိုးစံကို လွှတ်လိုက်ပြီး ဗိုလ်သိန်းလွင်အား လာကြိုလေသည်။ ဗိုလ် သိန်းလွင်လည်း ပဒိုအယ်မွီးနှင့် တွေ့ဆုံပြီးနောက် သူ့အား ခရိုင်ဥက္ကဋ္ဌ ပဒိုထွန်းဖေထံသို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပို့ဆောင်ပေးခဲ့သည်။ ပဒိုထွန်းဖေ ကလည်း ယခင် အဖွဲ့အစည်းတခုတည်းတွင် သိကျွမ်းခဲ့ဖူး သူများဖြစ်သဖြင့် ဝမ်းပမ်းတသာ ကြိုဆို နှုတ်ဆက်သည်သာမက၊ မန်းဘဇန်၊ ဗိုလ်သန်း အောင် တို့ထံသို့လည်း အကြောင်းကြား ပေးမည်ဟု သူ့အားပြောသည်။ ဗိုလ်သိန်းလွင် အနေဖြင့် ထိုအချိန်အထိ ကေအဲန်ယူ အတွင်း ဝင်ရောက် လုပ်ကိုင်မည်ဟု မစဉ်းစားခဲ့သေး။ သို့သော် ခရိုင် ဥက္ကဋ္ဌ၏ နားလည်မှုဖြင့် ဇနီးသည်၏ ရွာဖြစ်သော `ပေါ်ဝါးဒဲ´တွင် တနှစ်၊ နှစ်နှစ်လောက် တောင်ယာခုတ်ပြီး၊ အခြေအနေကို စောင့်ကြည့် ချင်သေးသည်။ မိမိရရှိသော သတင်း စကားအရ လက်ရှိ အခြေအနေတွင် ဗိုလ်ချုပ်မြသည် မန်းဘဇန်အား K.N.U. ဥက္ကဋ္ဌ နေရာတွင် ထားသော်လည်း ယုံကြည်မှု သိပ်မရှိ။ မန်းဘဇန်အား သမ္မတ နေရာတွင် မထား လို။ မိမိကိုယ်တိုင် သမ္မတ လုပ်ချင်နေသည်။ ထို့ကြောင့် မန်းဘဇန်၏ အခြေ အနေမှာလည်း မကောင်းလှ။ ပဒိုထွန်းဖေ၏ ဆန္ဒမှာ သူ့ကို အရှေ့တိုင်း K.N.U. ၏ ခရိုင် အဖွဲ့ အစည်းတွင် တာဝန်တခုခု ယူရန် ဆန္ဒရှိနေသည်။ သို့သော် ဗိုလ်သိန်းလွင်၏ ဆန္ဒကို အလေးထားလျက် အတင်းအကျပ် မတိုက်တွန်းခဲ့။ သို့ဖြင့် ဗိုလ်သိန်းလွင် လည်း ယခင် လာရင်းရည်ရွယ်ချက် အတိုင်း ဇနီးသည်၏ ရွာဖြစ်သော ပေါ်ဝါးဒဲ သို့ ပြန်လာရာတွင် ပဒိုထွန်းဖေက သူ့ကို ဆာမူ ပယ်အထိပင် ပြန်လည် လိုက်ပို့ပေးခဲ့သည်။ ဗိုလ်သိန်းလွင်နှင့် လိုက်ပါလာသူ နိုင်သိန်းမှာမူ အမှတ်(၃) ခရိုင်တွင် ဝင်ရောက် အမှုထမ်းလေသည်။

ဗိုလ်သိန်းလွင်နှင့် ပဒိုထွန်းဖေတို့ ဆာမူပယ်သို့ ရောက်ပြီးနောက်၊ ပဒို ထွန်းဖေက K.N.U. ဗဟို သို့ သွားမည်ဖြစ်ကြောင်း၊ ဗဟိုသို့ရောက်လျှင် မန်းဘဇန်၊ ဗိုလ်သန်းအောင် တို့ကို သ့ူ အနေဖြင့် ဗိုလ်သိန်းလွင်တို့ ဇနီးမောင်နှံ ပြန်လည် ရောက်ရှိလာကြောင်းတို့ကို သတင်းပါးပေး မည်ဟု ကတိပြုခဲ့သည်။ ဤသို့ဖြင့် ဗိုလ်သိန်းလွင်လည်း “မယ်သူခီး” သို့ ပြန်လာပြီး “ပေါ်ဝါး ဒဲ” ရွာတွင် ပြန်လည် နေထိုင် ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အရှေ့တိုင်း ဖြတ်လေးဖြတ်

ထိုကာလသည် ပဲခူးရိုးမတွင်၊ ရန်သူ၏ ဖြတ်(၄)ဖြတ် စတင်ချိုနှိုက်ဖြစ်သည်။ ကေအဲန်ယူပါတီ နှင့် ဗကပ ဗဟိုစခန်းများကို အပြင်းအထန် ထိုးစစ် ဆင်နေသည်။ ဗိုလ်သိန်းလွင်လည်း၊ “ပေါ်ဝါးဒဲ”၌ ရှိနေစဉ်၊ မူတြော် (မူထရော်)ခရိုင် အတွင်းရေးမှူး ဖြစ်သူ ဖူးထူးမူးသည်၊ သံလွင်ချောင်း နှုတ်ခမ်းမှ “မယ်သူခီး”သို့ ပြန်လာသည်။ အတွင်းရေးမှူး ဖူးထူးမူးသည် ဗိုလ်သိန်းလွင်နှင့် နိုင်ငံရေး သင်တန်းအတူ တက်ခဲ့သူဖြစ်ပြီး၊ ရင်းနှီးခဲ့သူလည်း ဖြစ်သည်။ `ပေါ်ဝါးဒဲ´သို့ စာရေးပြီး သိန်းလွင် ကို လူချင်း လာရောက် တွေ့ဆုံရန် လူလွှတ် အကြောင်းကြား လေသည်။ ထို့အပြင် ပယ်ခီးဒဲတွင် တောင်ယာ ဆက်မခုတ်ရန်နှင့် ဗိုလ်သိန်းလွင်ကို စည်းရုံးရေးမှူး တာဝန်ပေးရန် ရည်ရွယ်ထားကြောင်း ကိုပါ အကြောင်းကြားလာသည်။

ယခုနှစ် ဗိုလ်သိန်းလွင်၏ အခြေအနေသည် တောင်ယာ ခုတ်သော်လည်း စပါး အထွက်နှုန်း မကောင်းသဖြင့် ရိက္ခာကလည်း မလုံလောက်။ တော်လှန်ရေး လုပ်မည် ဆိုလျှင် မြို့နယ်ရုံး၌သာ လုပ်မည်ဟု စဉ်းစားထားသည်ကို ခရိုင် အတွင်းရေးမှူးအား ပြောပြရာ ဒါလဲ ကောင်းပါတယ်။ ဒွယ်လိုး မြို့နယ်မှာ လုပ်ရင် ကောင်းတယ်ဟု ဆိုကာ ထောက်ခံချက် ပေးလေသည်။

ခရိုင်အတွင်းရေးမှူးမှာ ခရိုင်သို့ ပြန်သွားပြီးနောက် တလခန့် အကြာတွင် ဒွယ်လိုး မြို့နယ် “မယ်ဝိုင်”သို့ ဆင်းလာပြီး “မယ်ဝိုင်” အစည်းအဝေး၌ပင် ဗိုလ်သိန်းလွင်သည် အရှေ့တိုင်း ကေအဲန်ယူ ထဲသို့ ရောက်လာခဲ့ရသည်။

ခရိုင်အတွင်းရေးမှူးက သူ့ကို ပြောပြရာတွင်၊ ဗိုလ်ချုပ်မြမောင်၊ ဦးစိုးအောင် ပါတီတပ်ဖွဲ့များ အရှေ့တိုင်းသို့ ရောက်လာပြီဖြစ်ကြောင်း ‘သေမူဒဲ၊’ ‘သဒါးဒဲ၊’ ‘မောင်ထူးစု’ သို့ ရောက်နေပြီဖြစ်ကြောင်း သတင်းပေးလေသည်။ ‘မောင်ထူးစု’ နှင့် ‘မာနယ်ပလော’မှာ လှေဖြင့်သွားလျှင် တရက် ခရီးမျှသာရှိသည်။ ပါတီ ခေါင်းဆောင်များမှာ မာနယ်ပလောသို့ သွားကြမည် ဖြစ်သည်။

ဗိုလ်သိန်းလွင်သည် ‘ဒွယ်လိုး’မြို့နယ်တွင် စည်းရုံးရေးမှူးအဖြစ် အမှုထမ်း နေစဉ် ရန်သူသည် အရှေ့တိုင်းသို့ ဖြတ်(၄)ဖြတ် စစ်ဆင်ရေးကို စတင်သည်။ စစ်ဆင်ရေးသည် သံလွင်ချောင်းနှုတ်ခမ်းသို့ပင် ရောက်လာသည်။ ထို့ကြောင့် ဒွယ်လိုး မြို့နယ်ဒေသ၊ “မယ်ဝိုင်” တွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆက်လက် လှုပ်ရှားရန် မဖြစ်နိုင်တော့ သဖြင့်၊ သံလွင်ချောင်း `စွာထာ´ တွင် မြို့နယ်ရုံးကို ပြန် ထားသည်။ စွာထာ မြို့နယ် ရုံးသည် မူတြော်ခရိုင်ရုံးနှင့်လည်း နီးသည်။

ဖြတ်(၄)ဖြတ်အတွင်း၊ ခရိုင်စည်းရုံးရေးမှူး ပဒိုမောင်သိန်းကို ရန်သူက ဖမ်းမိ သွားသဖြင့် သူ့ နေရာတွင် ဗိုလ်သိန်းလွင်ကို အစားထိုးခန့်ထားရန်၊ `မယ်လယ်ထာ´ အစည်းအဝေး၌ အတည်ပြုလိုက်သည်။ ခရိုင်စည်းရုံးရေးမှူး တာဝန် ထမ်းနေစဉ် ဗိုလ်သိန်းလွင်တို့ ဇနီးမောင်နှံ မှ ကလေးနှစ်ယောက် ထွန်းကားခဲ့ သည်။

၁၉၉၄ ခုနှစ် ကရင် ဗုဒ္ဓဘာသာအဖွဲ့မှ လက်နက်ကိုင် ပုန်ကန် ခွဲထွက်သော အချိန်တွင် ရန်သူ သည် `ဦးဒါးထာ´ကို ချီတက်လာဖြင့်၊ ခရိုင်ရုံးကို အလျင် အမြန်ပင် ရွှေ့ပြောင်းခဲ့ရသည်။ ရွှေ့ပြောင်းရေး အစီအစဉ်များကို ကြိုတင် စီစဉ် မထားခြင်းနှင့် ရိက္ခာနှင့် ဘဏ္ဍာငွေကြေး ပြင်ဆင်မှုမှာလည်း စနစ်တကျ မရှိသဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ ရသေးသည်။ ရန်သူကို ရှောင်ရှား နေရချိန် မိမိတို့ ခရိုင်အဖွဲ့ဝင် အမှုထမ်း (၅) ယောက်ကို ကရင် ဗုဒ္ဓဘာသာ အဖွဲ့မှ ဖမ်းမိသွားပြီး၊ ၎င်းတို့အား ဂတုံးတုံးကာ သင်္ကန်းဝတ်ပေးလိုက်သောကြောင့် လုပ်ငန်း များ လုပ်ဆောင်ရာတွင် အခက်အခဲများ ပိုမို ကြုံတွေ့ခဲ့ရသည်။ (D.K.B.O. Democratic Karen Buddhist Organization. ကရင်ဗုဒ္ဓဘာသာအဖွဲ့။)

ထွက်ပြေး လွတ်မြောက်လာကြသော ပြည်သူလူထုများအတွက် ကူညီထောက်ပံ့ ရန် ရိက္ခာ ကိစ္စများ စီစဉ်ရန် ငွေကလည်းမရှိ၊ နောက်ဆုံးတွင် သံလွင်ချောင်း နံဘေး၊ `ဦးဒါးခီး´တွင် လူထု ဒုက္ခသည်စခန်း ဖွင့်လှစ်နိုင်ခဲ့၍သာ ရိက္ခာ တခ့ျို ရရှိခဲ့သည်။ မကြာမီ ဦးဒါးခီး စခန်း မှတဆင့်၊ `ဇလား´သို့ ပြောင်းရွှေ့ရ ပြန်သည်။ `ဇလား´ `မယ်ခခီး´တွင် (၃)နှစ်ခန့် နေထိုင်ပြီး နောက်၊ ထိုင်းနိုင်ငံ အာဏာပိုင်တို့က ဒုက္ခသည်စခန်းကို `မယ်ရမိုး´ သို့ ရွှေ့ပြောင်းလိုက်သည်။ `မယ်ရမိုး´တွင် (၁)နှစ်ခန့် နေထိုင်ပြီးနောက်၊ ၂၀၀၇ ခုနှစ်အကုန် ၂၀၀၈ ခုနှစ်တွင်၊ ကနေဒါ နိုင်ငံသို့ အခြေချ နေထိုင်ခွင့် ရခဲ့သည်။ ကနေဒါ နိုင်ငံ “ဘာဝေ့ နယ်မြို့၊ ဝါတာလူးမြို့နယ်” တွင် ဇနီး သား သမီးများနှင့် အတူ နေထိုင်လျက်ရှိပြီး၊ ၂၀၂၁ ခုနှစ် ဇွန်လ (၈)ရက်နေ့တွင် လူကြီးရောဂါဖြင့် အသက်(၈၄)နှစ် အရွယ်၌ ကွယ်လွန်သွားခဲ့သည်။

ကနေဒါနိုင်ငံ ကချေနာမြို့တွင်မိသားစုများ မိတ်ဆွေများကသူ၏ ရုပ်ကလပ်ကို Williansburg Cementry, 1541 Fisher Hallman Road တွင် ဂူသွင်းထားလေသည်။

Karen Chronology Book.

လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာန

Independent Karen Historical Research Assosiation. (I.K.H.R.A)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်း သုတေသနဌာန

Independent Karen Historical Research Association.
(I.K.H.R.A.)

မာတိကာ

အပိုင်း(၅)

၁။ ကရင်အမျိုးသား တော်လှန်ရေးမှတ်စု

ကရင်အမျိုးသားအသင်း Karen National Association (K.N.A.)
ဖွဲ့စည်းခြင်း (၁၈၈၁) ၅ 509

Buddhist Karen National Association (B.K.N.A.) ဖွဲ့စည်းခြင်း (၁၉၄၀) ၇ 511

ကရင်-ဗမာ အဓိကရုဏ်း (၁၉၄၂) ၁၀ 514

ကရင်ဗဟို အဖွဲ့ (K.C.O.)ကို ပြန်လည် ဖွဲ့စည်းခြင်း ၁၈ 522

K.Y.O. ဖွဲ့စည်းခြင်း ၂၀ 524

ကရင်အမျိုးသား အစည်းအရုံး (K.N.U.) ဖွဲ့စည်းခြင်း ၂၂ 526

ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (K.N.D.O.) ဖွဲ့စည်းခြင်း ၂၇ 531

မွန်-ကရင် သဘောတူညီချက် ၂၉ 533

ကရင်လူထု ဆန္ဒပြပွဲ (၁၉၄၈) ၃၀ 534

K.N.U. နှင့် ဖဆပလ အစိုးရတို့ တွေ့ဆုံ ဆွေးနွေးခြင်း (၁၉၄၈) ၃၂ 536

အင်းစိန် တိုက်ပွဲ ၃၅ 539

ဒုတိယ အကြိမ် တောင်ပိုင်းသို့ ချီတက်တိုက်ခိုက်ခြင်း ၃၈ 542

အထက်ဗမာပြည်သို့ တိုက်ခိုက်ခြင်း ၃၉ 543

မေမြို့ကို ရန်သူက ပြန်လည်သိမ်းပိုက်ခြင်း ၄၁ 545

မြစ်ဝကျွန်းပေါ်၌ ဖြစ်ပွားသည့် တိုက်ပွဲ အခြေအနေ ၄၂ 546

၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၁)ရက်၊ (၆)လအတွင်း နိဂုံး ချုပ်ချက် ၄၄ 548

ကော်သူးလေအစိုးရ ဖွဲ့စည်းခြင်း။ ၁၉၄၈ ခုနှစ် ဇွန်လ (၁၄)ရက် ၄၅ 549

ဖာပွန်ကွန်ဂရက်။ ၁၉၅၀ ခုနှစ်၊ ဇူလိုင် (၁၇-၁၉) ၄၉ 553

ဖာပွန်ကွန်ဂရက် ဆုံးဖြတ်ချက်များ ၅၀ 554

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဥက္ကဋ္ဌ စောဘဦးကြီး ကျဆုံးခြင်း ၅၁ 555
Kaw Thoo Lei Governing Body (K.G.B.) ပထမအကြိမ် အစည်းအဝေး ၅၅ 559
မြစ်ဝကျွန်းပေါ်တိုင်းဒေသ စစ်ရေး နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု ၅၉ 563
ဝိန်ထောင် ကွန်ဖရင့် ၆၃ 567
ဖာပွန် ကွန်ဖရင့် ၆၅ 569
လှေဆွဲ ကွန်ဖရင့် ၆၉ 573
ဒီမိုကရက်တစ် လူမျိုးစု ညီညွတ်ရေးတပ်ဦး (ဒလညတ) ၇၃ 577
မင်းရန်အောင် ထိုးစစ် ၈၂ 586
ပဲခူးရိုးမတိုင်းကို ပြန်လည်ဖွဲ့စည်းခြင်း ၈၉ 593
တာကပေါ စစ်ဆင်ရေး ၉၅ 599
K.N.U. Party ပထမ အကြိမ်မြောက် ကွန်ဂရက် ၉၈ 602
အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု ဖွဲ့စည်းခြင်း ၁၀၁ 605
၁၉၆၃ ခုနှစ်၊ ကဆော၀ါး ကွန်ဂရက် ၁၁၄ 618
ကဆော၀ါး ကွန်ဂရက်သို့ တက်ရောက်ခဲ့ကြသူများ ၁၁၇ 621
၁၉၆၄ ခုနှစ်၊ `ဘွေဘောဒဲ´ပါတီ ဗဟိုကော်မတီ အစည်းအဝေး ၁၃၄ 638
၁၉၆၇ ခုနှစ်၊ (၆) ကြိမ်မြောက် ပါတီဗဟိုကော်မတီ အစည်းအဝေး ၁၄၀ 644
နေ၀င်းစစ်အစိုးရအပေါ် လူတန်းစားသတ်မှတ်ရေး ၁၄၀ 644
(၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့
တက်ရောက်လာသော ကိုယ်စားလှယ်စာရင်း ၁၄၁ 645
ဒုတိယလမ်းစဉ်နှင့် အရှေ့မြောက် ခရီးစဉ်တွင် ပါ၀င်သော
ကိုယ်စားလှယ်များ ၁၄၂ 646
မန်းဘဇန် ခွဲထွက်ရာတွင် ပါ၀င်ခဲ့သော ဗဟိုအဖွဲ့၀င်များ ၁၄၃ 647
ဗိုလ်ချုပ်ကော်ထူး ဦးဆောင်ပြီး လညတ ကို ဖွဲ့စည်းခြင်း ၁၄၄ 648
မန်းဘဇန်နှင့် ဗိုလ်မြတို့ K.N.U.F. ကို K.N.U. အစည်းအရုံးသို့
ပြောင်းလဲ ဖွဲ့စည်းခြင်း ၁၄၅ 649
K.N.U. နှင့် ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီတို့ ပူးပေါင်းပြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တညလ ကို ဖွဲ့စည်းခြင်း	၁၄၅	649
၁၉၇၀ ခုနှစ်၊ ဗိုလ်မြ၊ မန်းဘဇန်နှင့် ကေအဲန်ယူပါတီတို့၏		
နိုင်ငံရေး သဘောထားများ	၁၄၅	649
K.N.U.P. မြောက်ပိုင်း ကိုယ်စားလှယ်တို့၏ ခရီးစဉ် ကြိုးပမ်းမှု	၁၄၇	651
ဟိုခီး စစ်ဦးစီးဌာနချုပ် ပဲခူးရိုးမသို့ ပြောင်းရွှေ့ခြင်း	၁၄၈	652
၁၉၇၀ ခုနှစ် K.N.U. ၏ ရှစ်ကြိမ်မြောက် ကွန်ဂရက်	၁၄၉	653
မြစ်ဝကျွန်းပေါ်၌ ရန်သူ၏ စစ်ဆင်ရေးများ	၁၄၉	653
၁၉၆၅-၁၉၇၅ ခုနှစ် မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမရှိ		
K.N.U.P. ၏ ခုခံစစ်နှင့် လက်လွှတ်ဆုံးရှုံးမှုများ	၁၅၀	654
မြစ်ဝကျွန်းပေါ်ထိုးစစ်တွင် ရွှပ်ရွှပ်ခွါခွါ တိုက်ခိုက်ရင်း		
ကျဆုံးသွားသော ခေါင်းဆောင်များ	၁၅၂	656
၁၉၆၆ ခုနှစ် ဆင်မင်း စစ်ဆင်ရေးမတိုင်မီ		
မြစ်ဝကျွန်းပေါ်တိုင်း ဖွဲ့စည်းပုံ	၁၅၂	656
၁၉၆၈ ခုနှစ် ပထမအကြိမ် မြောက်ပိုင်းခရီးစဉ်တွင်		
ကျဆုံးသွားသော ကိုယ်စားလှယ်များ	၁၅၃	657
၁၉၇၀ ခုနှစ်၊ ဒုတိယအကြိမ် မြောက်ပိုင်းခရီးစဉ်		
တံခွန်နီ အဖွဲ့ ကိုယ်စားလှယ်စာရင်း	၁၅၃	657
ပဲခူးတိုင်း ဖွဲ့စည်းပုံ	၁၅၅	659
၁၉၇၀-၁၉၇၅ ခုနှစ် K.N.U.P. နှင့် ဗကပ တို့၏		
ပူးတွဲ အောင်နိုင်စစ်ဆင်ရေး	၁၅၈	662
၁၉၇၂ ခုနှစ်၊ တိုက်ပွဲစာရင်း	၁၅၉	663
ဗိုလ်ကျင်ဖေ ကျဆုံးခြင်း	၁၆၁	665
၁၉၇၀ ခုနှစ် K.N.U. နှင့် ဗကပ နှစ်ပါတီ တွေ့ဆုံပွဲ	၁၆၃	667
အောင်နိုင် ပူးတွဲတပ်ဖွဲ့၏ အောင်ပွဲရ တိုက်ပွဲများ	၁၆၄	668
ဗိုလ်ချုပ်ကော်ထူး ကျဆုံးခြင်း	၁၆၅	669
၁၉၇၃ - K.N.U.P. ပဲခူးရိုးမ		

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြောက်ကျား အခြေခံဒေသစခန်းကို စွန့်လွှတ်ခြင်း ၁၆၆ 670
၁၉၇၅ - ပဲခူးရိုးမ၌ ကျဆုံးခဲ့သော ပါတီခေါင်းဆောင်များ စာရင်း ၁၇၁ 675
ပဲခူးရိုးမမှ ထွက်ခွာလာသော ပါတီဗဟိုကော်မတီဝင်များနှင့်
တပ်မှူးတပ်သားများ စာရင်း ၁၇၅ 679
၁၉၇၅ - ပါတီဗဟိုကို ဖျက်သိမ်းပြီး K.N.U. နှင့် ပူးပေါင်းလိုက်ခြင်း ၁၇၉ 683
၁၉၇၅ ခုနှစ်၊ (၈)ကြိမ်မြောက် ပါတီကွန်ဂရက်တွင်
တက်ရောက်သော ကိုယ်စားလှယ်များ ၁၈၀ 684
၁၉၇၆ ခုနှစ်၊ ဇန္နဝါရီလ (၁၅)ရက်နေ့
K.N.U. ဗဟိုကော်မတီ အစည်းအဝေးမှ တာဝန်ခွဲဝေမှုများ ၁၈၁ 685
တပ်ရင်း (၁၄)ကို ဖွဲ့စည်းခြင်း ၁၈၂ 686
တပ်ရင်း (၁၄)ကို ဖျက်သိမ်းခြင်း ၁၈၃ 687
အဖွဲ့အစည်းများ စာရင်း ၁၈၄ 688
အထောက်အကူပြု မှတ်တမ်းများ ၁၈၇ 691
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

ကရင်အမျိုးသားအသင်း Karen National Association (K.N.A.) ဖွဲ့စည်းခြင်း (၁၈၈၁)

၁။ ၁၈၈၁ K.N.A. - Karen National Association (ခေါ်) ကရင် အမျိုးသားအသင်းကို ဖွဲ့စည်းသည်။

၂။ ဒေါကလူ အဖွဲ့ဝင်များ။

(၁) ဒေါက်တာတီးသံပြာ (MA)

(၂) ဒေါက်တာ ရောဘတ်ဖိုးကေ၊

(၃) ဆာစံစီဖိုး (KT.C.B. E, MD)

(၄) စောဒယ်မေဖိုးမင်း၊

(၅) စောဘမောင် (ဝတ်လုံ)

(၆) စောပါဒွဲ၊

(၇) ဆရာစံဘော် (O.E.K.I.H)စသည် ပုဂ္ဂိုလ်များဖြစ်သည်။

၃။ ၁၉၂၃-၂၅ ဒေါက်တာဒယ်မေဖိုးမင်း (Durmay Po Min) သည်၊ ဆင်ဖြူတကောင် နှင့် အတူ အင်္ဂလန် နိုင်ငံသို့လည်းကောင်း၊ အမေရိကန် ပြည်သို့လည်းကောင်း သွား ရောက်ပြီး၊ ကရင်လူမျိုးများ အကြောင်းကို ကမ္ဘာကသိအောင် ပြသခြင်း၊ ဟောပြော ခြင်းများကို ပြုလုပ်ခဲ့သည်။ ဤနည်းဖြင့် ကရင်လူမျိုးများအကြောင်းကို ကမ္ဘာက စတင်သိရှိ ခဲ့သည်။ သူ၏ဟောပြောချက်တွင် ကရင်လူမျိုးများသည် လွတ်လပ်သော လူမျိုးအဖြစ်ဖြင့် တိုင်းပြည်တပြည် ရှိသင့်ကြောင်း ဖော်ပြခဲ့သည်။

၄။ ဒေါက်တာစံစီဖိုးက ဗမာပြည်နှင့် ကရင်လူမျိုး “Burma and The Karen” စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်တွင် မြန်မာများက ကရင်လူမျိုးများကို ဖိနှိပ်ပုံနှင့် အင်္ဂလိပ်တို့၏ ဗျူရိုကရေစီအုပ်ချုပ်ရေးကို ရေးသားဖော်ပြခဲ့ပြီး၊ တနင်္သာရီတိုင်းကို အင်္ဂလိပ်လက်အောက် ကရင်ပြည်အဖြစ်သတ်မှတ်ပေးရန် အကြံပြုတောင်းဆို ရေးသားခဲ့သည်။ အင်္ဂလန်၏ နယ်မြေ (၄)ခုဖြစ်သော အိုင်ယာလန်၊ စကော့တ လန်၊ ဆက်ဆွန်၊ ဝေးလ် စသည်ဖြင့် ခွဲခြား ထားသကဲ့သို့ ဗမာပြည်အားလည်း ကရင် လူမျိုးများ အပါအဝင် နယ်မြေ ခွဲခြားပြီး အုပ်ချုပ်ရေးချမှတ်ရန် စသည်အချက်များ ကို ဖော်ပြထားသည်။

၅။ ၁၉၃၉ စက်တင်္ဘာလ (၁)ရက်နေ့တွင် ဒုတိယကမ္ဘာစစ် ဖြစ်ပွားသည်။
၆။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ် ပါတီကို ဖွဲ့စည်းသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် တရားဝင်မြေပေါ်ပါတီဖြစ်လာပြီး ပါတီဝင်ဦးရေ (၂၈)ဦးအထိ များပြားလာသည်။

၇။ ၁၉၃၉ ခုနှစ်၊ စက်တင်္ဘာလ၊ ဥရောပတွင် အင်္ဂလိပ်နှင့် ဂျာမနီတို့ စတင် တိုက်ခိုက်ရာ ဂျာမနီသည် နှစ်ပေါင်းများစွာ စစ်ပြင်ဆင်မှု ပြုလုပ်ထားသည့်အတွက် အင်္ဂလိပ်တို့သည် ဥရောပ စစ်မျက်နှာမှ ဆုတ်ခွာလာရသည်။ ဆုံးရှုံးမှုများစွာနှင့် အင်္ဂလန်ကျွန်းပေါ်သို့ ပြန်လည် ဆုတ်ခွာသွားရသည်။ ဂျာမန်က အင်္ဂလန်ကို နေ့စဉ် ရက်ဆက် ဗုံးကြဲ တိုက်ခိုက် လျက်ရှိသည်။
ဗမာခေါင်းဆောင်များက လွတ်လပ်ရေးတောင်းဆိုမှုတွင် အင်္ဂလိပ်က မပေးသည့် အပြင် ဗမာခေါင်းဆောင်များအား ဖမ်းဆီး ထောင်ချခဲ့သည်။ ထိုအခြေအနေတွင် ဒုတိယကမ္ဘာစစ်စတင်ခဲ့ပြီး အင်္ဂလိပ်တို့ ဆုတ်ခွာချိန် ၁၉၃၉ ခုနှစ်၌ သာယာဝတီတွင် ဒို့ဗမာ အစည်းအရုံး ညီလာခံကြီးကို ခေါ်ယူခဲ့သည်။ `အင်္ဂလိပ်အခက် ဗမာ အချက်´ ဟူသော ကြွေးကြော်သံဖြင့် လွတ်လပ်ရေးအတွက် တဆင့် ကြိုးပမ်းကြသည်။ ဗမာပြည် ဘုရင်ခံ Sir Archibald Cochrane အာချီဘောလ် က ဗမာခေါင်းဆောင်များနှင့် မတိုင်ပင်ဘဲ၊ ဗမာပြည်သည် ဂျာမနီကို စစ်ကြေညာခဲ့သည်။
Freedom Block ဗမာထွက်ရပ်ဂိုဏ်းအဖွဲ့တွင် ဒေါက်တာဘမော် ဥက္ကဋ္ဌ၊ သခင်အောင်ဆန်း အတွင်းရေးမှူး၊ ဗမာလွတ်လပ်ရေးအတွက် အမြင် (၃)မျိုး။
အင်္ဂလိပ်ကို မောင်းထုတ်ဘို့ အတွက်
v (က) မည်သူနှင့် မဆို ပေါင်းရမည်။ သခင်နု၊ သခင်လေးမောင်၊ သခင်မြ၊ သခင်လှမောင်ကြီး။
v (ခ) ဗမာပြည်သူများကိုသာ အဓိက ထားရမည်။ အင်္ဂလိပ် နယ်ချဲ့ ဖြစ်၍ တိုက်ရမည်။ ဂျပန် ဖက်ဆစ်ဖြစ်၍ တိုက်ရမည်။ ဂိုရှယ်၊ သခင်ဘဟိန်း၊ သခင်ချစ် တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

v (ဂ) ဖက်ဆစ်ကို အဓိကတိုက်ရမည်။ ဂျပန်ကို အဓိကထား တိုက်ရမည်။ အင်္ဂလိပ်နှင့် ယာယီ မဟာမိတ်လုပ်၍ ဖက်ဆစ် ဂျပန်ကို တိုက်ရမည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင် တင်မောင်ကြီး၊ သခင်ဗိုလ်၊ ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များ အားလုံး။

Buddhist Karen National Association (B.K.N.A.)ဖွဲ့စည်းခြင်း (၁၉၄၀)

၈။ ၁၉၄၀ – BKNA (Buddhist Karen National Association) ၁၉၄၀ ခုနှစ်၊ အမှတ် (၂၅၃) မောင်ဂိုမာရီလမ်း၊ ရန်ကုန်မြို့တွင် သရက်တောကျောင်းတိုက် ဆရာတော် နှင့် အလယ်တိုက်ကျောင်း ဆရာတော်ဦးအဂ္ဂ၊ မန်းရွှေဘတို့ နှစ်ဦးက နာယကအဖြစ် ဆောင်ရွက်ခဲ့ကြသည်။
အဖွဲ့ဝင်များမှာ -
၁။ ဆရာတော် ဦးပဏ္ဍဝံသ (ဥက္ကဋ္ဌ)၊
၂။ စောမြတ်သိန်း (ဒု ဥက္ကဋ္ဌ)၊
၃။ ဦးကြီးစော (အထွေထွေ အတွင်းရေးမှူး)၊
၄။ ဦးကံအေး (ငွေထိန်း)၊
၅။ ဦးနရိန္ဒ (အဖွဲ့ဝင်)၊
၆။ ဦးကုမာရ (အဖွဲ့ဝင်)၊
၇။ ဦးစောဘသန်းရွှေ (အဖွဲ့ဝင်)၊
၈။ ဦးစောလုံ (အဖွဲ့ဝင်)၊ စသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

၉။ ၁၉၄၀ – BKNA ဖွဲ့စည်းခဲ့သည်။ ဦးဆောင်သူမှာ ဘုန်းတော်ကြီး ဦးပဏ္ဍဝံသ နှင့် စောမြသိန်းတို့ ဖြစ်ကြသည်။

၁၀။ ၁၉၄၀ ခုနှစ်၊ ဒေါက်တာဘမော်အဖွဲ့ ပါလီမန် သပိတ်မှောက်၊ ရွေးကောက်ပွဲတွင် ဦးစော အနိုင်ရရှိပြီး၊ ဦးစောအာဏာရရှိချိန်တွင် ဗမာခေါင်းဆောင်များကို ဖမ်းဆီးရာ ဦးနု၊ သခင်စိုး၊ သခင်သန်းထွန်းတို့ အဖမ်းခံရသော်လည်း၊ သခင်အောင်ဆန်းမှာ တိမ်းရှောင်ပြီး ပြည်ပသို့ ထွက်ခွာရန် ဂျပန်နှင့် ဆက်သွယ်ခဲ့သည်။ ရဲဘော် သုံးကျိပ် (ရဲဘော် ၃၀ ဦး) ဂျပန်ပြည်သို့ စစ်ပညာ သွားရောက် သင်ယူခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဘီအိုင်အေ ကို ဖွဲ့စည်းသည်။ ဘီအိုင်အေ အကူအညီကြောင့် ဂျပန်များ အလျင်အမြန် အောင်ပွဲရကာ ဗမာပြည်ကို သိမ်းပိုက်နိုင် ခဲ့သည်။
၁၁။ ၁၉၄၀ စက်တင်္ဘာလ (၂၇)ရက်နေ့တွင် ဂျပန်နှင့် ဂျာမနီတို့ ဘာလင်မြို့တွင် ဘာလင် သဘောတူညီချက် စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ဤသို့ဖြင့် ဂျပန်သည် ဝင်ရိုးတန်းနိုင်ငံ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(Axis Power) အဖွဲ့ဝင်နိုင်ငံ ဖြစ်သွားသည်။ တရုတ်ပြည် မြောက်ပိုင်းနှင့် တောင်ပိုင်းကို သိမ်းပိုက်နိုင်ခဲ့သည်။

၁၂။ ၁၉၄၁ ဇူလိုင်လ (၂၆)ရက်နေ့တွင် ဂျပန်စစ်တပ်အား၊ အင်ဒိုချိုင်းနားတွင် တပ်များ ချထားခွင့်ရရှိရန် ဂျပန် မာရှယ် ပင်တင်း အစိုးရသစ်က ပြင်သစ် အစိုးရထံ ခွင့်တောင်း ပြီးနောက်၊

၁၃။ ၁၉၄၁ ဩဂုတ်လ (၄)ရက်နေ့တွင် ဂျပန်စစ်သည် အင်အား (၄၀,၀၀၀) လေး သောင်းကျော် အင်ဒိုချိုင်းနား ဒေသအတွင်းသို့ အတားအဆီး အနှောက်အယှက်မရှိဘဲ ဝင်ရောက်လာနိုင်ခဲ့သည်။

၁၄။ ၁၉၄၁ ဂျပန်နှင့် ထိုင်း မဟာမိတ်စာချုပ် ချုပ်ဆိုသည်။ အင်္ဂလိပ်က အရှေ့ တောင်အာရှတွင်ရှိသော ကိုလိုနီနိုင်ငံများအတွက် အထူး စိုးရိမ်မကင်း ဖြစ်နေသည်။

၁၅။ ၁၉၄၁ ဂျာမနီနှင့် ဆိုဗီယက် တဖက်နှင့်တဖက် မကျူးကျော်ရေး စာချုပ်ကို ချုပ်ဆိုကြသည်။

၁၆။ ၁၉၄၁ ဇူလိုင်လ (၂၂)ရက်နေ့ နံနက် (၄)နာရီအချိန်တွင် ဂျာမနီ၏ ဒီဝီဇံ တပ်မကြီး (၂၀)သည် ဆိုဗီယက်ကို ဝင်ရောက် တိုက်ခိုက်သည်။

၁၇။ ၁၉၄၁ ဒီဇင်္ဘာလတွင် ဂျပန်အစိုးရသည် အမေရိကန် အစိုးရနှင့် တွေ့ဆုံရန် သံအဖွဲ့ တဖွဲ့ စေလွှတ်ခဲ့သည်။ အမေရိကန်က အလစ်အငိုက် ဖြစ်နေချိန်တွင် ၁၉၄၁ ဒီဇင်္ဘာလ (၈)ရက်နေ့တွင် ဂျပန် လေယာဉ်အများအပြားက အမေရိကန် ရေတပ် အခြေစိုက် စခန်း ဖြစ်သော ပုလဲဆိပ်ကမ်းအား ဝင်ရောက် တိုက်ခိုက်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးသည် ဥရောပ၊ အာဖရိက၊ အာရှတိုက် တတိုက်လုံး၊ အိန္ဒိယပင်လယ် အသီးသီး အနှံ့အပြားတွင် ဖြစ်ပွားတော့သည်။

၁၈။ ၁၉၄၁ ခုနှစ်၊ ဒီဇင်္ဘာလ (၈)ရက်နေ့တွင် အမေရိကန်သည် စစ်ထဲသို့ ဝင်လာသည်။

၁၉။ ၁၉၄၁ ဒီဇင်္ဘာလ (၁၅)ရက်နေ့တွင် ဂျပန်တပ်မတော်သည် (Kra) ကျွန်းဆွယ်ကို ဖြတ်ကျော်ပြီး၊ ဗမာပြည်ကို ဝင်ရောက်သိမ်း ပိုက်သည်။ ပထမဦးဆုံး ဗမာပြည် တောင်ပိုင်း ဝိတိုရိယအင္ဂူ၊ ကော့သောင်း ဒေသကို သိမ်းပိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၀။ ၁၉၄၁ ဒီဇင်ဘာလ (၂၃)ရက်တွင် ဂျပန် လေယာဉ်များ ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်သည်။ ရန်ကုန်မြို့ မီးလောင် ပြာကျသွားသဖြင့် ရန်ကုန် မြို့သူမြို့သားများ မြို့ကို စွန့်ခွာ ထွက်ပြေးကြရသည်။

၂၁။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ (၁၉)ရက်နေ့တွင် ရဲဘော်သုံးကျိပ် နှင့်အတူ ဘီအိုင်အေ တပ်၏ အကူအညီဖြင့် ဂျပန်တို့သည် ထားဝယ် မြို့ကို ဝင်ရောက်သိမ်းပိုက် နိုင်ခဲ့သည်။ အင်္ဂလိပ်အစိုးရက ဗမာပြည်ကို ကာကွယ်ရန် အင်အား အလုံအလောက် မရှိချေ။ အင်္ဂလိပ် တပ်များ ဥရောပ စစ်မြေပြင်တွင် အပြင်းအထန် တိုက်ခိုက်နေရ ခြင်းဖြင့် ကမ္ဘာ့ အရှေ့ဘက်သို့ စစ်ကူပို့ရန် တပ်အလုံ အလောက် မရှိတော့ချေ။ ဘီအိုင်အေ တပ်များ ကလည်း ဂျပန်ကို အကူအညီပေးခဲ့ကြသဖြင့် ဂျပန်တပ်များသည် အလျင်အမြန် လှုပ်ရှား နိုင်ခဲ့သည်။

၂၂။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ (၃၀)ရက်နေ့တွင် ဂျပန်က မော်လမြိုင်ကို သိမ်းပိုက် နိုင်ခဲ့သည်။

၂၃။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့တွင် မော်လမြိုင်၌ တပ်စွဲထားသော အင်္ဂလိပ် တပ်မဟာ (၁)သည် သံလွင်မြစ် အနောက်ဘက်ကမ်းတလျောက်တွင် နေရာချထားသော်လည်း၊ ဂျပန်တပ်များက ဘီအိုင်အေ၏ အကူအညီဖြင့် အလျင်အမြန်ပင် တိုက်ခိုက်အောင်မြင်ခဲ့သည်။ အင်္ဂလိပ်တပ်တွင် ကရင်၊ ကချင်၊ ချင်း၊ ကုလား၊ ဂေါရခါး တပ်များ ပါဝင်ပြီး အလျင်အမြန် ဆုတ်ခွာရသဖြင့် ၎င်း၏ တပ်များကို အကာအကွယ် မပေးနိုင်ဘဲ စစ်တောင်းတံတားကို ချိုးပစ်သဖြင့် အင်္ဂလိပ်တပ် အများအပြား စစ်တောင်းမြစ် အရှေ့ခြမ်းတွင် ကျန်ခဲ့ကြသည်။ အင်္ဂလိပ် တပ်ဖွဲ့ဝင် များသည် စစ်သုံး မော်တော်ယာဉ် အများအပြားနှင့် ရိက္ခာများကို ဖျက်ဆီးပြီး စစ်တောင်းမြစ်ကို လက်ပစ်ကူးကာ ထွက်ပြေး ကြရသည်။

၂၄။ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်နှစ်သောင်း (20,000 Tons)ရှိ အင်္ဂလိပ် သင်္ဘောကြီး နှစ်စီးဖြစ်သော Prince of Wale နှင့် Repulse ကို ဂျပန်တပ်များက ဗုံးကြဲ နှစ်မြုပ်လိုက်သည်။ သင်္ဘောနှင့်အတူ လက်နက်ခဲယမ်း အမြောက်အများ ပါသွားသည်။ ထိုလက်နက်ခဲယမ်းများမှာ အရှေ့ခြမ်းစစ်မျက်နှာတွင် အသုံးပြု ရန်အတွက် ဖြစ်သည်။ ထို လက်နက်ခဲယမ်းများ ဆုံရှုံးခဲ့မှုကြောင့် ဂျပန်ကို ခုခံ တိုက်ခိုက်ရန် အင်အား လျော့နည်း ခဲ့ရသည်။

၂၅။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် စင်္ကာပူ ခံတပ်ကို ဂျပန်တို့ သိမ်းပိုက်ခဲ့ပြန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၆။ ၁၉၄၂ ခုနှစ်၊ ချန်ကေရှိတ်တရုတ်ဖြူတပ်များ ဗမာပြည်ကို ဆင်းလာပြီး၊ အင်္ဂလိပ် ကို လာရောက်ကူညီခဲ့သည်။ က ညွှတ်ကွင်းတွင် ဂျပန်နှင့်ထိပ်တိုက်တွေ့ပြီး တရုတ်ဖြူတပ်မှာ အကြီးအကျယ် အထိနာခဲ့သည်။ အများအပြား ဒဏ်ရာရရှိပြီးနောက် တောင်ငူသို့ ဆုတ်ခွာခဲ့ ရသည်။

၂၇။ ၁၉၄၂ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ဂျပန်တို့ ရန်ကုန်မြို့ကို သိမ်းပိုက်သည်။ အင်္ဂလိပ် တို့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများဖြစ်သော B.O.C. ရေနံကုမ္ပဏီ၊ လျှပ်စစ်မီးဌာန၊ စက်ရုံ အလုပ်ရုံ၊ လေယာဉ်ကွင်း၊ ရေပေးဌာနနှင့် အခြားအရေးကြီး ဌာနအားလုံးကို ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။ ထိုနေ့၌ပင် ဂျပန်တပ်များ ရန်ကုန်မြို့ထဲသို့ ရောက်ရှိလာခဲ့သည်။

၂၈။ ၁၉၄၂ ခုနှစ်၊ မေလ (၂)ရက်နေ့တွင် ဂျပန်သည် လားရှိုးမြို့ကို သိမ်းပိုက်လိုက်ပြီး၊ တ ရုပ်-ဗမာ လမ်းမကြီးကို ပိတ်ဆို့လိုက်သည်။ တရုပ်ဖြူတပ်များ တကွဲတပြား ဖြစ်ကုန် သည်။ မေလ (၃)ရက်နေ့တွင် ဂျပန်က အထက်ဗမာပြည် မုံရွာမြို့ကို ထပ်မံ သိမ်းပိုက် ပြန်သည်။ ထို နေ့မှာပင် ရခိုင်စစ်မျက်နှာတွင် စစ်တွေမြို့ကို ဂျပန်တို့ သိမ်းပိုက်နိုင်ခဲ့သည်။

၂၉။ ၁၉၄၂ ခုနှစ်၊ မေလ (၈)ရက်နေ့တွင် မြစ်ကြီးနားမြို့ကို သိမ်းနိုင်ခဲ့ပြီး၊ ဗမာပြည် တပြည် လုံး ဂျပန်လက်အောက်သို့ ကျရောက် သွားတော့သည်။ ၁၈၂၅ ခုနှစ် အင်္ဂလိပ်များ ဗမာပြည် ကို စတင်အုပ်ချုပ်ရာ (၁၁၇)နှစ်ကြာ ဗမာပြည်ကို စွန့်ခွာပြီး၊ အိန္ဒိယပြည်သို့ ဆုတ်ခွာကြ ပါသည်။ ၁၉၄၅ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ရန်ကုန်မြို့ကို ပြန်လည် သိမ်းပိုက်သည်။ ကရင်-ဗမာ အဓိကရုဏ်း (၁၉၄၂)

၃၀။ ၁၉၄၂ ခုနှစ်၊ ကရင်-ဗမာ အဓိကရုဏ်း (၆)လကြာ မှတ်တမ်း အကျဉ်းချုပ်။

ဖာပွန်။ ဂျပန်တပ်များ ဖာပွန်မြို့ကို သိမ်းသည်။ ရက်အနည်းငယ်အကြာတွင် ဘီအိုင်အေ တပ်များဝင်လာပြီး အုပ်ချုပ်ရေးချရန် စီစဉ်ကြသည်။ ဂျပန်များကို ရှောင်ပြေးသော ကရင် များကို ဘီအိုင်အေ စစ်ဗိုလ်များက ပြန်လာလျှင် ဘာမျှမလုပ်ဟု အာမခံသဖြင့် ရွာသို့ ပြန်လာ ကြသည်။ အားလုံး ပြန်လည်ရောက်ရှိလာ သောအခါ ဘီအိုင်အေ စစ်ဗိုလ်များက ဖာပွန်တွင် နေထိုင်သည့် ဆရာသမား ခေါင်းဆောင်များ စုစုပေါင်း (၁၇)ဦးကို ဖမ်းဆီး လိုက်သည်။ မိန်းမ နှင့် ကလေးများကိုလည်း အိမ်များတွင် စုပုံ ချုပ်နှောင် ထားလိုက်သည်။ အမျိုးသမီးများကို မုဒိမ်းကျင့်သည်။ ပစ္စည်း ဥစ္စာများကို သိမ်းသည်။ ခေါင်းဆောင် (၁၇)ဦးကိုလည်း တန်းစီပြီး

ဘရင်းဂန်းဖြင့် ပစ်သတ်လိုက်သည်။ မသေဘဲ ကျန်သူများကို ဘီအိုင်အေ စစ်ဗိုလ် ဗိုလ်ထွန်းလှ ကိုယ်တိုင် ဘက်နက် (လုံစွပ်) ဖြင့် ထိုးသတ်ခဲ့သည်။ ဖာပွန်အနီးအနား အသတ်ခံ ခဲ့ရသည့် အရပ်သား (၂၀)ကျော် ရှိခဲ့သည်။

ရွှေကျင်။ ဂျပန်နှင့် ဘီအိုင်အေ တပ်များ ရွှေကျင်မြို့ထဲသို့ ဝင်လာသောအခါ မြို့တွင်းရှိ ကရင်များအားလုံး ထွက်ပြေးကြသည်။ အင်္ဂလိပ်စစ်တပ်မှ အနည်းငယ် ပစ်ခတ်ပြီး၊ ရွှေကျင်မှ ဆုတ်ခွာသွားကြသည်။ အင်္ဂလိပ် စစ်တပ်မှ ခံပစ်သည်ကို ကရင်များ ပစ်ခတ် သည်ဟု စွပ်စွဲကာ ကရင်များကို လိုက်လံ ရှာဖွေကြသည်။ ဘုရားကလေး အနီးမှ ခြံစိုက်ပျိုး လုပ်ကိုင်စားသောက်သူ စောလမွန်မိုးနှင့် မိသားစုဝင် (၁၃)ယောက်ကို ဖမ်းဆီးပြီး၊ အမျိုးသမီးများကို အပျို အအို မခွဲ အားလုံးကို မုဒိမ်းကျင့်ပြီးနောက် သတ်ဖြတ်ခဲ့သည်။

သထုံ။ ခရစ်ယာန် သာသနာပြုဆရာ၊ ဆရာစိန်ခိုနှင့် မိတ်ဆွေ (၄)ဦးကို ဖမ်းဆီးပြီး နောက် သေသည့်အထိ ညှဉ်းပမ်း နှိပ်စက်သည်။ တောတောင် ဒေသများအတွင်း ထွက်ပြေး တိမ်းရှောင်နေကြရသော အိမ်ထောင်စုများ၏ အိုး အိမ် ပစ္စည်းများ၊ အိမ်မွေး တိရိစ္ဆာန်များ အားလုံးကို သတ်ဖြတ် စားသောက်ကြသည်။ စပါးကျီ များ အိမ်များကိုလည်း မီးရှို့ဖျက်ဆီး လိုက်သည်။ နောက်ပိုင်းတွင် ဘီအိုင်အေ မှ အုပ်ချုပ်ရေး ချလာသောအခါ ခရစ်ယာန် ဘာသာကိုးကွယ်ခြင်း မပြုရန် အမိန့်ထုတ် ပြန်ခဲ့သည်။ ဘုရားကျောင်းများကို ပိတ်ထားကြရသည်။ အိုးအိမ်များတွင် ဘုရားစင် များ၊ နတ်စင်များ ပြုလုပ်ထား ကြရသည်။ ခရစ်ယာန် ဆရာအချို့အား ဆွမ်းတော် တင်ရန်အတွက် ဆွမ်းချက်ခိုင်းခဲ့ကြသည်။ သထုံ၊ ရွှေကျင်၊ ညောင်လေးပင် တို့တွင် ထိုသို့ ကျင့်သုံးခဲ့ကြသည်။

မြစ်ဝကျွန်းပေါ်။ မြောင်းမြသို့ ဂျပန်တပ်များ ဝင်လာပြီးနောက်၊ ဘီအိုင်အေ တပ်မှ ဦးစော အစိုးရလက်ထက် သစ်တောဝန်ကြီးဖြစ်သူ စောဖေသာအား ဖမ်းဆီးပြီး တအိမ်သားလုံးကို ရက်ရက်စက်စက် သတ်ဖြတ်လိုက်သည်။ ဘီအိုင်အေ နှင့် သခင် တို့သည် ဝါးခယ်မ မြို့နယ်အတွင်းမှ တံတားကြီး ရွာသားများကို ၎င်းတို့အား လာရောက်ကြိုဆိုကြရန် အကြောင်းကြား လိုက်သည်။ ရွာသားများက ဝမ်းမြောက် ဝမ်းသာဖြင့် ကြိုဆိုကြသည်။ ထိုအဖွဲ့သည် သုံးရောင်ခြယ် အလံကို လွှင့်ထူလာခဲ့ကြ သည်။ ရောက်ရှိလာသည်နှင့် ရွာသားအားလုံးကို အသက် ကြီး ငယ်၊ မိန်းမ ယောကျ်ားနှင့် ကလေးသူငယ်များ အားလုံးကို သေနတ်ဖြင့်

ပစ်ခတ်သူက ပစ်ခတ်၊ ဒါး နှင့် ထိုးသူက ထိုး လုပ်ခဲ့ကြသဖြင့် အလောင်းချင်း ထပ်လျက် သေဆုံး ခဲ့ကြရသည်။ ဘီအိုင်အေ တပ်က မြောင်းမြရှိ ကရင်အားလုံး ရွှေဒါးကုန်းရှိ ဘုရင်ဂျီ ဘာသာ ဝင်အားလုံးကို ဖမ်းပြီး ထောင်ထဲထည့် ထားသည်။ ၎င်းတို့ပိုင်ဆိုင်သမျှသာ ကြက်၊ ဘဲ၊ ဝက် အားလုံးကို သတ်ဖြတ် စားကြသည်။ ထောင်တွင်းရှိ ကရင်များကို တရက်လျှင် လူ(၅၀)မျှ ထုတ်၍ စစ်ဆေး မေးမြန်းခြင်း မရှိဘဲ သတ်ဖြတ်ခဲ့ကြ သည်။

ဘီအိုင်အေ စွပ်စွဲမှုကြောင့် ဂျပန် ဗိုလ်ချုပ်မိုးကြိုးက ကရင် လူထုအား နှိမ်နင်းရန် တပ်ရင်း တရင်းကို ပြင်ဆင် ထားသည်။ သို့ရာတွင် ကရင်လူမျိုးများနှင့် အနှစ် (၂၀)ခန့် အတူနေထိုင်ခဲ့ ကြပြီး ကရင်များကို နားလည်သော ဂျပန်ဆရာဝန် ဆူဇူကီးက ကရင်ကိုယ် စားလှယ် (၃)ဦးကို ရွေးချယ်ပြီး၊ ဗိုလ်ချုပ်မိုးကြိုးနှင့် သွားရောက် တွေ့ဆုံပြီး ရှင်းလင်းပြ ခဲ့သည်။

သွားရောက်တွေ့ဆုံသည့် ကိုယ်စားလှယ် (၃)ဦးထဲတွင် ကရင်လူငယ် တဦး ဖြစ်သူ စောမောင် မောင်သန်း (ခေါ်)စကောမောလေး (ယခု ကေအဲန်ယူ မှ ဗိုလ်မှူး ထူးထူးလေး၏ ဖခင်)လည်း ပါဝင်သည်။ ထို့နောက် ကရင် ကိုယ်စားလှယ် (၃)ဦးနှင့် အတူ ဂျပန်စစ်တပ် ဘီအိုင်အေ ကိုယ်စားလှယ် (၃)ဦးတို့ ပူးတွဲပြီး အဖြစ်မှန်ကို လေ့လာ၍ အစီရင်ခံစာ တင်သောအခါတွင်မှ ဗိုလ်မိုးကြိုးလည်း အဖြစ်မှန်ကို သိရှိပြီး ဆက်လက် သတ်ဖြတ်မှုများ မလုပ်တော့ဘဲ ဖမ်းဆီး ထားသူ အားလုံးကို လွှတ်ပေးခဲ့သည်။

ဂျပန်အဝင် အင်္ဂလိပ်များ ဆုတ်ခွာရာတွင် ကရင်တပ်သားအချို့ အင်္ဂလိပ် တပ်နှင့် လိုက်ပါသွားသည်။ အချို့ကမူ မလိုက်တော့ဘဲ လမ်းခုလတ်တွင် ကျန်ရစ်ခဲ့ ကြသည်။ ထို စစ်သားများ ပြန်လာရာတွင် လက်နက်များလည်း ပါလာကြသည်။ ထို လက်နက်များ ယူဆောင်လာကြခြင်းမှာ ဂျပန်ကိုငင်း၊ ဘီအိုင်အေ ကိုငင်း တိုက်ခိုက်ရန် ယူဆောင်လာ ခြင်း မဟုတ်၊ ကာကွယ်ရေးအတွက် ထိန်းသိမ်းထားကြခြင်းသာ ဖြစ်သည်။ ဘီအိုင်အေ က ထို လက်နက်များအား အပ်နှံခြင်းမပြုသော ကရင်ရွာများဖြစ်သည့် သာယာကုန်း၊ ကနစိုး ကုန်း၊ ကမူကလေးတို့ကို တိုက်ခိုက်ရန် စီစဉ်ထားကြသည်။ အစီအစဉ်အတိုင်း သာယာ ကုန်းရွာသို့ ဝင်ရောက်ရှင်းလင်းရာ ကရင်များက ခုခံပစ်ခတ်ခဲ့သဖြင့် ဘီအိုင်အေ စစ်သား (၃၀)ခန့် ကျ ဆုံးခဲ့ရသည်။

ကနစိုးကုန်းတွင်လည်း ဘီအိုင်အေ တပ်သား အများအပြား ကျဆုံးခဲ့သည်။ ရွာနှင့် ဘုရားရှိခိုး ကျောင်းတို့ကို မီးရှို့လိုက်သည်။

ကမူကလေးရွာတွင် ကရင်စစ်သား မရှိ၊ ခုခံမှုလည်း မရှိခဲ့။ သို့သော် ဘီအိုင်အေ တပ်က ရွာသားများ၏ ပစ္စည်းအားလုံးကို လုယူ ဖျက်ဆီးပြီး တရွာလုံးကို မီးရှို့ခဲ့သည်။

၃၁။ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့ (ဝါဆိုလဆန်း (၃)ရက်)၊ ဂျပန်ဗိုလ်ချုပ် မိုးကြိုး၏ အမိန့်ထုတ်ပြန်ချက်ကြောင့် (၆)လကြာ ကရင်-ဗမာ အဓိကရုဏ်းကြီး ရပ်စဲ သွားသည်။

၃၂။ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (B.I.A.) ကို ဗမာ့ ကာကွယ်ရေး တပ်မတော် (B.D.A.)ဟု အမည်ပြောင်းလဲခဲ့သည်။

၃၃။ ၁၉၄၂ ခုနှစ်၊ သခင်သိန်းဖေနှင့် အင်္ဂလိပ်များ စီစဉ်ချက်အရ ရဲဘော်မောင်ကြီးအား လေထီးဖြင့် ဆင်းစေပြီး၊ သခင်စိုးနှင့် အဆက်အသွယ် ရယူသည်။ ပဲခူးရိုးမ တောင်ခြေ ဘုရားကြီး ဒေသတွင် ဆင်းသက်နိုင်ခဲ့ပြီး၊ ရန်ကုန်သို့ သွားရောက်ကာ သခင်သန်းထွန်းနှင့် သွားရောက် တွေ့ဆုံခဲ့သည်။

၃၄။ ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ။

အင်္ဂလိပ်နှင့် လိုက်ပါသွားကြသော ကရင်တပ်သားများသည် အိန္ဒိယပြည်သို့ ရောက်သွား သောအခါ စစ်သင်တန်းများ တက်ခဲ့ကြသည်။ ၁၉၄၃ ခုနှစ်များမှ စတင်ပြီး၊ ကရင်စစ်သား များ လေထီး သင်တန်းဆင်းပြီး ဗမာပြည်အတွင်းသို့ လေထီးဖြင့် ဆင်းသက် လာသူ အများ အပြား ရှိခဲ့သည်။ ၎င်းတို့သည် လေထီးဖြင့် မြစ်ကြီးနား၌ ဆင်းသက်ခဲ့ကြ သည်။ မြစ်ဝကျွန်းပေါ်ဘက်တွင် ပထမဆုံး လေထီးဆင်းသက်သူ ကရင် စစ်သားများမှာ ဘ သက်ကြီးနှင့် နယ်လ်ဆင် တို့ဖြစ်သည်။ ဘသက်ကြီးကို ဂျပန်တို့ ဖမ်းမိသဖြင့် လက်နက်ချ လိုက်ရသည်။ ကရင်အများအပြားကို ဝင်းဂိတ် တပ်ဖွဲ့တွင် ရွေးချယ် သိမ်းသွင်း ခဲ့သည်။ ရွေးချယ်သူများထဲတွင် ဗိုလ်ချုပ်မင်းမောင်၊ စောဘတ်တလာ၊ အောင်ပွဲ၊ စောထောရေ (ဆရာ စေကာလယ်တော)တို့ ပါဝင်ခဲ့သည်။ ဂျပန်ဆန့်ကျင်ရေး စစ် နောက်ပိုင်းတွင် အနှောက် အယှက် ပေးရန်ဖြစ်သည်။ ဤတပ်ဖွဲ့တွင် ကချင် ပြောက်ကျား တပ်ဖွဲ့များလည်း ပါဝင်ခဲ့ သည်။ အရှေ့ဘက် စစ်မျက်နှာတွင် လေထီး ဆင်းခဲ့ကြသူများမှာ ဗိုလ်ကြီးဘကျော်၊ တင်ဖေ၊ ထွန်းရွှေ၊ ထူးလေး တို့ ပါဝင် ကြသည်။

၃၅။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ဂျပန်က ဗမာပြည်ကို လွတ်လပ်ရေး ပေးခဲ့ သည်။ ဂျပန်ခေတ်တွင် ဖွဲ့စည်းခဲ့သော ဗမာ အစိုးရ အုပ်ချုပ်ရေး အဖွဲ့တွင် ဦးလှဖေ လည်း ပါဝင်သည်။ ဦးလှဖေ မှာ ပအိုဝ်းအမျိုးသား ဖြစ်သော်လည်း သူ့ကို ကရင် အမျိုးသားအဖြစ်

သဘောထားကြသည်။ ဒေါက်တာဘမော်အစိုးရ လက်ထက်တွင် နိုင်ငံခြားရေး ဝန်ကြီး အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

၃၆။ ၁၉၄၃ ခုနှစ်၊ ကရင်အမျိုးသားကို စောင့်ရှောက်ရန် K.C.O. ကရင် အစည်းအရုံးကို ဖွဲ့စည်းခဲ့ကြသည်။ နောက်ပိုင်း ကရင် တပ်ရင်း တရင်းကို ဖွဲ့စည်းခဲ့သည်။ ကရင် တပ်ရင်း တွင် ဦးစီးသည့် ကရင်စစ်ဗိုလ်များမှာ ဗိုလ်ထွန်းစိန်၊ တီဖိုးကျော်၊ မောင်ယာ၊ စောသိန်း၊ စံအေး၊ သာထွန်း၊ ဘီလောရီ၊ အောင်မြိုင်၊ အောင်ထွန်း တို့ ဖြစ်ကြသည်။

ဤတပ်ရင်းသည် B.D.A. နှင့် လက်တွဲ ဆောင်ရွက်ပြီး မြစ်ဝကျွန်းပေါ်ရှိ ဂျပန်များကို ဆန့်ကျင် တိုက်ခိုက်ရန် တာဝန်ပေးခြင်း ခံရသည်။

ဂျပန်ခေတ် K.C.O. သည် နောက်ပိုင်းတွင် အောက်ခြေ အဖွဲ့အစည်း မရှိ ဖြစ်ကာ ဘာမျှ လုပ်၍မရဖြစ်ခဲ့သည်။ ကရင်စစ်တပ် ရှိသော်လည်း B.D.A.လက် အောက်တွင်သာ နေကြရသည်။

၃၇။ ၁၉၄၃ ခုနှစ်၊ ဂျပန်က ဗမာပြည်ကို လွတ်လပ်ရေးပေးပြီး ဖွဲ့စည်းခဲ့သော ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် ဒေါက်တာဘမော်က အဓိပတိအဖြစ်ဌင်း၊ ဝန်ကြီးချုပ် အဖြစ်ဌင်း တာဝန်ယူ ဆောင်ရွက်သည်။ လက်တွေ့တွင် ဒေါက်တာဘမော်၌ အာဏာမရှိ။ ကာကွယ်ရေး ဝန်ကြီးမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပြီး၊ အစိုးရအဖွဲ့တွင် မည်သည့် ကိစ္စကို မဆို ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းမပြုနိုင်။ ဂျပန်အား တော်လှန်ရန် အခွင့်အလမ်း ရှာဖွေခဲ့ကြသည်။

၃၈။ ၁၉၄၃ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့တွင်၊ အမှတ် (၅၂၈) အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့တွင်၊ (K.C.A.B.) Karen Central Advisory Board ကရင်ဗဟို အကြံပေး အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလတွင် အင်္ဂလိပ်စစ်ဗိုလ်ကြီး၊ ဗိုလ်ကြီးနီမိုးနှင့် စောဖားအား၊ စောဆန်နီ၊ စောဖဲတို့ မူဆယ် ဘက်တွင် လေထီးဖြင့် ဆင်းသက်ပြီး စီးဂရင်းနှင့် ဘကျော်တို့ကို တွေ့ဆုံခဲ့သည်။ နောက်ထပ် (၃)ရက်အကြာ သက်ဝါး နှင့် ဆန်နီတို့ လေထီးဖြင့် ဆင်းသက်လာကြသည်။ ကြေးနန်း ဆက်သွယ်ရေး စက်များ ပါလာသဖြင့် အိန္ဒိယတွင် ရှိသော တပ်များနှင့် အဆက် အသွယ် ရခဲ့သည်။

၃၉။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ (၄)ရက်။ ရဲဘော် မောင်ကြီး (၁၉၄၂ ခုနှစ်) လေထီးနှင့် ဆင်းသက် အောင်မြင်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ပဲခူး၌ပင် လျှို့ဝှက်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အစည်းအဝေးတရပ်ကို ခေါ်ယူ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်းတို့ ပါဝင် တက်ရောက်ကြပြီး၊ ဖက်ဆစ် ဂျပန်အား တော်လှန် တိုက်ခိုက်ရန် ဆွေးနွေးကြသည်။

နောက်ပိုင်း ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် (ဖတပ)ကို ဖွဲ့စည်းခဲ့သည်။ သခင် သိန်းဖေက အိန္ဒိယ နိုင်ငံတွင် သင်တန်းတက် ရောက်ရန်၊ လူငယ်များအား စေလွှတ်နိုင်ရေး တောင်းဆိုသဖြင့် လူငယ် (၆)ဦးကို ရွေးချယ် စေလွှတ်ခဲ့သည်။ ပထမ အကြိမ် ကြိုးပမ်း ရာတွင် မအောင်မြင်သော်လည်း ဒုတိယအကြိမ် ကြိုးပမ်းချက်တွင် အောင်မြင်သွားသည်။ အင်္ဂလိပ်နှင့် အဆက်အသွယ် ရရှိပြီးနောက်၊ ဖတပ ဖွဲ့စည်းသည့် အစည်းအဝေး၌ပင် ကြေညာချက်တစောင်ကို ထုတ်ပြန်ခဲ့သည်။ ထို ထုတ်ပြန် ကြေညာချက်တွင် ဖက်ဆစ် ဂျပန် လူရိုင်းများအား မောင်းထုတ်ကြ ဟူ၍ ကြွေးကြော်သံကို ထုတ်ပြန် ခဲ့သည်။

၄၀။ ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ။

တလကျော်ကြာ အိန္ဒိယမှ ရဲဘော်တင်ညွန့် လေထီးဖြင့် ဗမာပြည်သို့ ဆင်း သက်လာသည်။ ၎င်းနှင့်အတူ ကြေးနန်းစက်လည်း ပါလာသည်။ ရဲဘော်တင်ညွန့် သည် ကရင်အဖိုးကြီးတဦးနှင့်တွေ့ဆုံပြီး နောက်ပိုင်း သခင်သန်းထွန်းနှင့် အဆက် အသွယ်ရ သည်။ ကြေးနန်းစက်ကို ဇာသပြင်၊ ထန်းတောကြီး စသော ကရင်ရွာများ တွင် အခြေခံပြီး လျှို့ဝှက် ဆက်သွယ်ရေးများ လုပ်ဆောင်ခဲ့ရာ ဗမာပြည် တော်လှန်ရေးအဖွဲ့နှင့် အိန္ဒိယရှိ အင်္ဂလိပ် စစ်ဌာနချုပ်တို့ ကောင်းမွန်စွာ အဆက်အသွယ် ရသွားသည်။ နောက်ပိုင်းတွင် အင်္ဂလိပ် စစ်ဗိုလ်များနှင့် ဗမာစစ်သားများ မြစ်ဝကျွန်းပေါ်အပါအဝင် ဗမာပြည်အနှံ့ အပြားသို့ လေထီးဖြင့် ဆင်းသက်နိုင်ကြပြီး၊ ဂျပန် တော်လှန်ရေးအတွက် ပြင်ဆင်နိုင် ခဲ့သည်။

နောက်ပိုင်း အင်္ဂလိပ်စစ်တပ်သည် ဗမာပြည် အနောက်ပိုင်းမှ ဝင်ရောက်လာပြီး၊ မြစ်ကြီးနား၊ ကသာ၊ မုံရွာ စသည့် မြို့ကြီးများကို သိမ်းပိုက်နိုင်ပြီးနောက်၊ ဗိုလ်ချုပ် အောင်ဆန်းက B.D.A. တပ်ကို ဂျပန်အား ဆန့်ကျင် တိုက်ခိုက်ရန် အမိန့်ပေး လိုက်သည်။

၄၁။ ၁၉၄၄ ခုနှစ်၊ ဒီဇင်္ဘာလ (၈)ရက်နေ့တွင် ဗိုလ်ကြီး မက်ခရင်းဒဲလ်(Mc Crindle), ဗိုလ်အဲရယ် (နော်ဖောအယ်ရေ၏ ဖခင်)၊ စောတဲတို့သည် စောမူပလော တွင် လေထီးဖြင့် ဆင်းသက်ကြသည်။ အရင်ရောက်နှင့်ပြီးသော လေထီးဆင်းသူ အားလုံးနှင့် အဆက် အသွယ် ရရှိကြသည်။ မက်ခရင်းဒဲလ်တို့ အဖွဲ့သည် `လယ်ခီး´တွင် စခန်းချပြီး အနီး အနားရှိ ကရင်လူကြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များကို ခေါ်ယူကာ ဂျပန်ဆန့်ကျင်ရေး ကိစ္စများကို ဆွေးနွေးနှိုးဆော် ကြသည်။ နောက်ပိုင်း တပ်ဖွဲ့လိုက် ခွဲပြီး နေရာများ ခွဲခြား နေထိုင်ကြသည်။

၁။ ဗိုလ်ကြီး နီးမိုးနှင့် မိတ်ဆွေ ထူးလေး၊ တင်ဖေ၊ ထွန်းရွှေ၊ နှင့် စောဖဲ တို့က တဖွဲ့၊ တောင်ငူဘက်သို့ ဆက် လက်ချီတက်ကြသည်။

၂။ ဗိုလ်ကြီး မက်ခရင်းဒဲလ်နှင့် အဖွဲ့က တောင်ဖက်သို့ ချီတက်သည်။

၃။ စီးဂရင်းနှင့် လူတချို့ `ဖာပွန်နယ်´တွင် ကျန်ရစ်ခဲ့သည်။

ဗိုလ်ကြီး မက်ခရင်းဒဲလ်၏ အဖွဲ့သည် တောင်ဘက်သို့ ဆုတ်ခွာရန် ဖြစ် သော်လည်း ဂျပန် တပ်၏ လှုပ်ရှားမှုများ ရှိနေသဖြင့် စီးဂရင်းနှင့်အတူ နေထိုင်စဉ် ဂျပန်တို့ စီးဂရင်း၏ သတင်းရရှိပြီး၊ ပုန်းအောင်းနေသောနေရာကို ဝင်ရောက် တိုက်ခိုက်ရာ ဗိုလ်ကြီး မက်ခရင်းဒဲလ်မှာ ပွဲချင်းပြီး သေဆုံးသွားသည်။ ကျန်လူများအားလုံး ကစဉ့်ကလျား ထွက်ပြေး ခဲ့ကြရသည်။

ဗိုလ်ကြီး နီးမိုးကိုလည်း တောင်ငူ ဒေသတဝိုက် ရောက်နေစဉ် ဂျပန် တပ်များက ပစ်ခတ်သဖြင့် ဗိုလ်ကြီး နီးမိုး ကျဆုံး သွားခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (F-136) အဓိက တပ်အင်အားများ ဆာမူပယ်သို့ လေထီးဖြင့် ဆင်းသက်လာကြသည်။ ဤတပ်ဖွဲ့တွင် အဓိက တပ်မှူးများဖြစ်သော ဖီးကော့၊ ထဲရယ်၊ ခရစ္စလေ တို့ ပါဝင်ကြသည်။ ၎င်းတို့အထဲတွင် ကရင်စစ်ဗိုလ်တဦး ဖြစ်သော စောဘတ်တလာ လည်း ပါလာသည်။ ထိုစစ်ဗိုလ်များက တကွဲတပြား ဖြစ်နေသော တပ်မှူးတပ်သားများကို ခေါ်စုပြီး၊ ကရင် ဗော်လန်ဒီယာ Volunteer တပ်ဖွဲ့ကို ဖွဲ့စည်း လိုက်သည်။

ဖီးကော့နှင့် စောဘတ်တလာတို့က ကရင်နီပြည်သို့ဝင်း၊ ခရစ္စလေက တောင်ပိုင်း သို့ဝင်း၊ ထဲရယ်က ကြားတနေရာတွင် နေရာအသီးသီးယူကာ စခန်းချ ကြသည်။ တပ်များကို လည်း ဖြန့်ကျက်ထားပြီးနောက် ဆက်ပြီး လေထီးဆင်း တပ်များ တိုးလာသည်။ ဤသို့ဖြင့် အရှေ့တိုင်း တောင်ပေါ်ဒေသတွင် ကရင့် ပင့်ကူ တပ်မတော်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး၊ ဂျပန်တို့ကို တိုက်ခိုက်ရန် အဆင်သင့် ပြင်ထားလေ တော့သည်။

ကရင်ပင့်ကူပြောက်ကျားတပ်မတော်ကို နယ်မြေ (၄)ခုခွဲ ဖွဲ့စည်း တည်ဆောက်သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အော့ထား (Otter) သံတောင်၊ ဘောဂလိ၊ မော်ချီး။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ဟိုင်အီးနား (Hyena) ထန်းတပင်၊ မုန်း၊ ကျောက်ကြီး၊ ဖာပွန်မြောက်ပိုင်း နယ်မြေများ။
၃။ မွန်ဂူးစ် (Mongoose) သထုံ၊ ရွှေကျင်၊ ဖာပွန် တောင်ပိုင်း နယ်မြေ။
၄။ ဝေါလ်ရပ်စ် (Walrus) မော်လမြိုင်၊ ဘားအံ နယ်မြေများ ပါဝင်သည်။
တပ်များကိုလည်း နှစ်မျိုး နှစ်စား ဖွဲ့စည်းထားသည်။ လှုပ်ရှားတပ်ဖွဲ့ (Mobile Force) နှင့် ဒေသခံ တပ်ဖွဲ့ (Station Force) တို့ဖြစ်သည်။ နယ်မြေ တခုတွင် တပ်ရင်း (၃)ရင်းစီ ရှိသည်။ တပ်ရင်း တရင်းလျှင်တပ်ခွဲ(၁၀)ခွဲ၊ တခွဲလျှင် တပ်စု (၃)စု၊ တပ်စု တစုတွင် တပ်စိပ် (၃)စိပ်၊ တပ်စိပ် တစိတ်တွင် တပ်သား (၁၀) ယောက် ပါဝင်ရာ နယ်မြေ တခုတွင် ပင့်ကူ တပ်သား သုံးထောင် (၃,၀၀၀)ခန့် ရှိပြီး၊ စုစုပေါင်း ပြောက်ကျား တပ်မတော် တပ်ဖွဲ့ဝင် တသောင်း နှစ်ထောင် (၁၂,၀၀၀)ခန့် ရှိသည်။
၄၂။ ၁၉၄၅ ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့တွင် အစည်းအဝေးခေါ်ယူရာ ခေါင်းဆောင် (၁၉)ဦးတက်ရောက်ကြသည်။ ထိုအထဲတွင် ကရင်လူမျိုး ဗိုလ်ချုပ်ကြာဒိုးလည်း ပါဝင်သည်။ ဤအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ရန် လွတ်လပ်ရေးရရှိရန် အင်္ဂလိပ်ကိုလည်း တိုက်ထုတ်ကြရန် ဆုံးဖြတ်ခဲ့ကြ သည်။
ဗဟို အလုပ်အမှုဆောင် (၉)ဦးကို ရွေးချယ်ရာတွင် တပ်မတော်မှ (၃)ဦး၊ ပြည်သူ့ အရေးတော်ပုံပါတီမှ (၃)ဦး၊ ကွန်မြူနစ်ပါတီမှ (၃)ဦးတို့ကိုရွေးချယ်ခဲ့သည်။
တပ်မတော်မှ (၃)ဦးမှာ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လင်္ကျာ၊ ဗိုလ်နေဝင်း။ ပြည်သူ့ အရေးတော်ပုံ ပါတီမှ (၃)ဦးမှာ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်ချစ် တို့ ဖြစ်ကြသည်။ ကွန်မြူနစ်ပါတီမှ (၃)ဦးမှာ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အာဏာပိုင် (၃)ဦးကို ရွေးချယ်ရာတွင်၊

(၁) စစ်ဖက်ဆိုင်ရာ တာဝန်ခံ - သခင်အောင်ဆန်း၊

(၂) နိုင်ငံရေးဆိုင်ရာ တာဝန်ခံ - သခင်စိုး၊

(၃) နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ - သခင်သန်းထွန်းတို့ ဖြစ်ကြသည်။

၄၃။ ၁၉၃၉ ခုနှစ်၊ အင်္ဂလိပ်တို့ ဆုတ်ခွာရာတွင် အိန္ဒိယသို့ လိုက်ပါသွားသော ကရင် စစ်ဗိုလ် (၄၀)တို့က ဗမာပြည်ကို ပြန်လည် ရရှိသောအခါ ကရင်လူမျိုးများအား တိုင်းပြည် ပေးရန် စာတမ်းတခု ရေးသားပြီး တင်ပြသည်။ တနင်္သာရီတိုင်းအား ကရင်ပြည် အဖြစ် သတ်မှတ်ရန် တောင်းဆိုသည်။

၁၉၄၅ K.N.A. ကရင်ခေါင်းဆောင်အချို့နှင့် ဗိုလ်မှူးအဲဘောတို့ ဦးစီးပြီး မော်လမြိုင်မြို့တွင် အစည်းအဝေးကျင်းပရာ တနင်္သာရီတိုင်းကိုလည်း ကရင်ပြည်အဖြစ် သတ် မှတ်ပေးရန် တောင်းဆိုထားသည်။

၄၄။ ၁၉၄၅ ခုနှစ်၊ မတ်လ (၂၅)ရက်နေ့တွင် ဂျပန်ကို တော်လှန်ရန် ဆုံးဖြတ်သည်။ နောက်ပိုင်း ဧပြီလ (၂) ရက်နေ့ကို ရွှေ့ဆိုင်းလိုက်သည်။ နောက်ဆုံးတွင် မတ်လ (၂၇)ရက်နေ့အား သတ်မှတ် အတည်ပြုသည်။

၄၅။ ၁၉၄၅ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့တွင် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ပြီး၊ စစ်အုပ်ချုပ်ရေးကို ချမှတ်ကာ၊ (CAS-B) နှင့် အုပ်ချုပ်ရန် ဖြစ်သည်။ အင်္ဂလိပ် ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဒုတိယ ကမ္ဘာစစ်အတွင်း ဗမာပြည်ကို ပြန်လည် အုပ်ချုပ်ရန် အိန္ဒိယ နိုင်ငံ ဆင်းမလားမြို့တွင် ယာယီ ဌာနချုပ်ထားပြီး၊ စစ်အတွင်း ရေးဆွဲခဲ့သောကြောင့် ဆင်းမလား စီမံကိန်းဟု ခေါ်တွင်ခဲ့သည်။ ရေးဆွဲသူများ ထဲတွင် ဗမာလူမျိုး ဆာပေါ်ထွန်း၊ ဦးတင်ထွန်း နှင့် ဦးထွန်းအောင်တို့ ပါဝင်ခဲ့သည်။ (Simila-scheme) ဟုခေါ်သည့် စစ်ပြီး ကာလ ဗမာပြည်ကို အုပ်ချုပ်ရန် ရေးဆွဲ သော စီမံကိန်းဖြစ်သည်။

၁၉၄၅ ခုနှစ်၊ ဇွန်လ (၂၈)ရက် - ဇူလိုင်လ (၅)ရက်။

ကရင်ခေါင်းဆောင်များ အစည်းအဝေးလုပ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချခဲ့ ကြသည်။

၁။ လွတ်လပ်သည့် ကရင်ပြည် ရရှိရေးအတွက် တိုက်ပွဲဝင်ရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ လွတ်လပ်သည့် ကရင်ပြည် ရရှိရေးအတွက် စည်းလုံး ညီညွတ်ပြီး တစိတ် တဝမ်း တည်း ရှိရန်။

၃။ ဂျပန်ခေတ်က ဖွဲ့စည်းခဲ့သော K.C.O. ကရင်ဗဟိုအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းပြီး နောက် ခေါင်းဆောင်သစ်များကို ရွေးချယ် တင်မြှောက်ခဲ့သည်။

(၁) ဥက္ကဋ္ဌ စောသာဒင်၊
(၂) အတွင်းရေးမှူး ဆရာသာထိုး၊
(၃) ငွေထိန်း မန်းဘခင်၊
(၄) အဖွဲ့ဝင် စောဘဦးကြီး၊
(၅) အဖွဲ့ဝင် စောဘမောင်၊
(၆) အဖွဲ့ဝင် စောမြသိန်း၊
(၇) အဖွဲ့ဝင် ဆရာရွှေဘ၊
(၈) အဖွဲ့ဝင် မန်းဂျိမ်းစ်ထွန်းအောင်၊
(၉) အဖွဲ့ဝင် စောထွန်းစိန်ပြားကြီး တို့ဖြစ်သည်။

အစည်းအဝေး ဆုံးဖြတ်ချက်ကို အင်္ဂလိပ် အစိုးရထံသို့ ပေးပို့ခဲ့သည်။ ထို အခါတွင်လည်း ကရင်ပြည်ပေးရန် တောင်းဆို ထားခဲ့သည်။

၄၆။ ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၄)ရက်နေ့တွင် ဂျပန်များ လက်နက်ချသည်။ တောင် တန်း ဒေသတွင် ရောက်နေသော ဂျပန်များကို ကရင်ပြောက်ကျားတပ်ဖွဲ့က အောက် တိုဘာ လကုန် အထိ ဆက်လက် တိုက်ခိုက်ခဲ့ ကြရသည်။ ဂျပန်အင်အား ရှစ်ထောင် (၈,၀၀၀) ကျော်အထိ သေဆုံးခဲ့ရသည်။ ဂျပန် ဆန့်ကျင်ရေး ကာလတလျောက် ကရင် ပြောက်ကျားများက အများ ဆုံး သုတ်သင်နိုင်ခဲ့သည်။

၄၇။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် အင်္ဂလိပ် အစိုးရသည် (CAS-B) ခေါ် စစ်အုပ်ချုပ်ရေးကို ရပ်စဲပြီး၊ ဖွဲ့စည်းသော ဆာပေါ်ထွန်း အစိုးရတွင် ကရင်လူမျိုးထဲမှ မန်းဘ ခင်မှာ ဝန်ကြီး တပါးဖြစ်လာသည်။ စက္ကူဖြူ စီမံကိန်းကို စတင် အကောင်အထည် ဖော်ကြ သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ပျက်စီးဆုံးရှုံးနေသော အင်္ဂလိပ်တို့၏ စီးပွားရေးကို ပြန်လည် ထူထောင်နိုင်ရန် စီစဉ်သည်။

အင်္ဂလိပ်အစိုးရက ဗမာပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ငွေချေး ငှါးခြင်းဖြင့် အကူအညီပေးသည်။

ချစ်တီးများကို ဗမာပြည်အတွင်းသို့ ခေါ်သွင်းခဲ့ပြီး ဗမာပြည်ရှိ လယ်သမား များ လက်တွင်း၌ရှိသော ဆန် စပါး အားလုံးကို ဝယ်ယူစေသည်။

၄၈။ ၁၉၄၅ ခုနှစ်တွင်၊ လယ်သမားများက လယ်သမား သမဂ္ဂများ ဖွဲ့စည်းပြီး စပါး ဝယ်ယူ ရေး စီမံကိန်းကို ဆန့်ကျင်ခဲ့ကြသည်။ လယ်ခွန်များ မပေးရေး တိုက်ပွဲကို လည်း ဆင်နွှဲခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်ဗဟိုအဖွဲ့(K.C.O.)ကို ပြန်လည်ဖွဲ့စည်းခြင်း

၄၉။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၃)ရက်နေ့အထိ၊ အမှတ်(၂) ဦးလူနီလမ်း၊ အောက်ကြည့်မြင်တိုင်၊ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော အစည်းအဝေး မှ K.C.O. ကို ဖွဲ့စည်းခဲ့သည်။ ကရင်ဗဟို အဖွဲ့ကို ပြန်လည်၍ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

K.C.O. အလုပ်အမှုဆောင်များ။

၁။ စောသာဒင် ဥက္ကဋ္ဌ နှင့် ငွေထိန်း
၂။ မန်းဘခင် အတွင်းရေးမှူး
၃။ ဆရာသာထို တွဲဘက် အတွင်းရေးမှူး
၄။ စောဘဦးကြီး အဖွဲ့ဝင်
၅။ စောစံဖိုးသင် အဖွဲ့ဝင်
၆။ စောမြသိန်း အဖွဲ့ဝင်
၇။ မန်းဂျိမ်းစ်ထွန်းအောင် အဖွဲ့ဝင်
၈။ မန်းရွှေထွန်းကြာ အဖွဲ့ဝင်
၉။ စောဘမောင် အဖွဲ့ဝင်
၁၀။ ဂျိမ်းစ်တာပ အဖွဲ့ဝင်
၁၁။ ဆစ်ဒနီလူနီ အဖွဲ့ဝင်

စသည့် ပုဂ္ဂိုလ်များ ပါဝင်သည်။

၅၀။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း (စက္ကူဖြူစာတမ်း)ကို သပိတ်မှောက်ရန် ဗမာ ပြည်သူလူထု တသိန်း (၁၀၀,၀၀၀)ကျော် တက်ရောက်ခဲ့သည်။

အလုပ်သမား၊ အစိုးရ အမှုထမ်း၊ ကျောင်းသား၊ သတင်းစာ ဂျာနယ်လုပ် သားများ၊ ပုံနှိပ်တိုက် ပိုင်ရှင်များ၊ ပုလိပ်အင်အား သုံးထောင် (၃,၀၀၀)ကျော်၊ ဆိပ်ကမ်း အလုပ်သမား အားလုံး ပါဝင်သပိတ်မှောက်ခဲ့ရာ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေး ယန္တရား မလည်ပတ်နိုင်တော့ဘဲ ရပ်ဆိုင်းသွားရသည်အထိ ဖြစ်သွားခဲ့သည်။ အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ်လည်း ဗမာပြည်မှ ထွက်သွားရလေသည်။ ဒေါ်မန်စမစ် နေရာတွင် ဆာဟူးဘတ်ရန့်ချ် ရောက်ရှိလာသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅၁။ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် K.C.O. ကရင်ဗဟိုအဖွဲ့၏ ပထမ အကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ဤအစည်းအဝေး၌ ကရင် ပြည် ရရှိရေးအတွက် ဆွေးနွေးခဲ့ကြပြီး အောက်ပါအတိုင်း သဘောတူ ဆုံး ဖြတ်ခဲ့သည်။

၁။ ကရင်ပြည် ရရှိသည်အထိ စည်းလုံးညီညွတ်စွာ ကြိုးပမ်းသွားရန်။

၂။ ကရင်များ တောင်းသည့် ကရင်ပြည်ကို အင်္ဂလိပ် အစိုးရက ပေးရန်။

၃။ အင်္ဂလိပ်အစိုးရက ကရင်များတောင်းသည့် ကရင်ပြည်ကို ပေးရန်အတွက် အင်္ဂလန် ပြည် သူများ ထောက်ခံ အားပေးမှု ရရှိရန်အတွက် ကရင်မိတ်သဟာယ အဖွဲ့တဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်ရန်တို့ဖြစ်သည်။

ကရင်မိတ်သဟာယအဖွဲ့တွင်

(၁) စောသာဒင်၊

(၂) စောဖိုးချစ်၊

(၃) စောဆစ်ဒနီလူနီ တို့ကို ရွေးချယ်ခဲ့ပြီး၊

စောဘဦးကြီးအား အဖွဲ့၏ အကြံပေးအဖြစ် ရွေးချယ်ခဲ့ကြသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ (၂၈)ဦး အတွင်းမှ သခင်စိုး နှင့်အခြား (၇)ဦးတို့ ခွဲထွက်ကာ အလံနီ ကွန်မြူနစ်ပါတီကို ထူထောင် သွားသည်။

၁၉၄၇ ခုနှစ်တွင် ဖဆပလ အစိုးရက အလံနီကွန်မြူနစ်ပါတီအား မတရား အသင်း ကြေညာ သဖြင့် တောခို သွားသည်။

၅၂။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ (၂၁)ရက်နေ့တွင် ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်စ် က ဗိုလ်ချုပ်အောင်ဆန်း နှင့် ဖဆပလ ခေါင်းဆောင်များအား ခေါ်ယူ တွေ့ဆုံသည်။ ဆွေးနွေးပွဲ တွင် ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်အား တနှစ်အတွင်း လွတ်လပ်ရေး ပေးရမည်ဟု တောင်းဆိုလိုက်သည်။ ဖဆပလ ခေါင်းဆောင်များက အင်္ဂလိပ်တို့ နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူသဖြင့် ဆာပေါ်ထွန်း အစိုးရ ဆင်းပေးရပြီး ဖဆပလ အစိုးရ တက်လာသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.Y.O. ဖွဲ့စည်းခြင်း

၅၃။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ။

ကရင်ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်ပြည်သို့ ရောက်ရှိသွားခဲ့သည်။ ကရင်နှင့် ပတ်သက်သည့် စာအုပ် တအုပ်ကို ရေးသားပုံနှိပ် ထုတ်ဝေသည်။ ထိုစာအုပ် အမည်မှာ Care for the Karen ဤစာအုပ်ကြောင့် အင်္ဂလိပ် သတင်းစာများက ကရင် အကြောင်းကို စတင်ရေးသားလာကြသည်။ ထိုသတင်းမှ တဆင့်၊ အင်္ဂလန် သာမကတော့ဘဲ ကမ္ဘာ့နိုင်ငံ အနှံ့အပြားတို့တွင် ကရင့် အကြောင်းကို သိခွင့် ရရှိလာပြီးနောက်၊ ကရင်လူမျိုး တမျိုး အနေဖြင့် ကိုယ်ပိုင်တိုင်းပြည် ရှိသင့်ကြောင်းကို ဖော်ပြ ထားသည်။

K.C.O. ဖွဲ့ပြီးနောက် ကရင်လူငယ်များဖြစ်ကြသည့် မန်းဘခိုင်၊ ထွန်းစိန်ပြားကြီး စသည့် ပုဂ္ဂိုလ်များက K.Y.O. ကို ဖွဲ့စည်းရန် ခွင့်တောင်းလာသည်။ K.Y.O. ဖွဲ့စည်း ခြင်းမှာ K.C.O. ကို ဆန့်ကျင် ယှဉ်ပြိုင်မည့် အဖွဲ့မဟုတ်သကဲ့သို့၊ ခွဲထွက်မည့် အဖွဲ့လည်း မဟုတ်ဘဲ၊ K.C.O. လက်အောက်တွင် ယဉ်ကျေးမှု၊ အားကစား၊ ပညာရေး ဆိုင်ရာ ကိစ္စများကို ဖော်ဆောင်ရန် ဖြစ်သည်။ K.C.O. သည် K.Y.O. ကို ဖွဲ့ခွင့် ပြုခဲ့သဖြင့်၊ K.Y.O. ကို ဖွဲ့စည်းပြီးနောက် ခေါင်းဆောင်များ ရွေးချယ်တင် မြှောက်ခဲ့ရာ၊

၁။ မန်းဘခိုင် ဥက္ကဋ္ဌ၊
၂။ မန်းစိန်အောင် ဒုတိယ ဥက္ကဋ္ဌ၊
၃။ စောကျော်စိန် အတွင်းရေးမှူး၊
၄။ စောမြသိန်း တွဲဘက်အတွင်းရေးမှူးတို့မှာ ခေါင်းဆောင်များ ဖြစ်လာသည်။

K.Y.O. သည် မူလ ရည်မှန်းချက်များကို လစ်လျူရှုကာ နောက်ဆုံးတွင် ရန်သူ့ လက်ရုန်း ဖြစ်သွားသည်။ K.Y.O. ကို ဖွဲ့စည်းခဲ့ခြင်းမှာ ဖဆပလ ၏ အကြံအစည် သာဖြစ်ပြီး၊ K.C.O. အား ဖြိုခွဲရန်သာ ဖြစ်သည်။

၅၄။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် အင်္ဂလိပ်အစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း နှင့် ဖဆပလ အစိုးရကို ဗမာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးရန် အင်္ဂလန် သို့ ဖိတ်ခေါ်ခဲ့သည်။ ပါဝင်သူများမှာ ဦးအောင်ဆန်း၊ ဦဘဖေ၊ ဦးတင်ထွဋ်၊ ဦးစော နှင့် သခင်ဗစိန်တို့ လိုက်ပါ သွားကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅၅။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် အောင်ဆန်း အက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့သည်။ (ထိုစာချုပ်တွင် ဦးစောနှင့် သခင်ဗစိန်တို့က လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပေ။)

၁။ အင်္ဂလိပ်အစိုးရသည် ဗမာပြည်ဘုရင်ခံ၏ အတိုင်ပင်ခံ အဖွဲ့အား ဗမာပြည် ကြားဖြတ် အစိုးရအဖြစ် အသိအမှတ်ပြုသည်။

၂။ အင်္ဂလိပ်စစ်တပ်မှအပ၊ ကျန်ဗမာပြည်တွင်းရှိ စစ်တပ် အားလုံးသည် ဗမာပြည် ကြားဖြတ် အစိုးရအုပ်ချုပ်မှု အောက်တွင် ရှိရမည်။

၃။ ကြားဖြတ် အစိုးရသည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဌာနတို့၏ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိသည်။

၄။ ကြားဖြတ်အစိုးရသည် နိုင်ငံတော်၏ ငွေကြေးကိစ္စကို စီမံနိုင်သည်။

၅။ အင်္ဂလန်နိုင်ငံတွင် ဗမာပြည် အစိုးရ၏ ကိုယ်စားလှယ် (သံတမန်) တဦး ထားရှိရန် သဘောတူသည်။

၆။ ဗမာပြည်အနေဖြင့် တိုင်းပြည်ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရန် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ပြုလုပ်ရန်။

၇။ ဗမာပြည် တောင်တန်းဒေသတွင် နေထိုင်လျက်ရှိကြသည့် တောင်တန်းသားများ၏ အနာဂတ် ကံကြမ္မာသည် ၎င်းတို့၏ ဆန္ဒသဘောအတိုင်း ဖြစ်စေရမည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်အမျိုးသား အစည်းအရုံး (K.N.U.) ဖွဲ့စည်းခြင်း

၅၆။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့မှ၊ (၇)ရက်နေ့အထိ အောက်ဖော်ပြပါ ကရင် အဖွဲ့အစည်း (၄)ခုမှ ခေါင်းဆောင်များ၊ ကိုယ်စားပြုသူများ စုဝေး ဆွေးနွေးကာ K.N.U. ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းလိုက်သည်။ ရှိသမျှသော ကရင်အမျိုးသား အဖွဲ့အစည်း အားလုံးအား စုပေါင်းပြီး၊ ညီညီညွတ်ညွတ်ဖြင့် ကရင်ပြည် ရရှိရေး လှုပ်ရှားမှု ကြီးကို တိုက်ပွဲဝင်ရန် ဖြစ်သည်။ ပါဝင်သော အဖွဲ့အစည်းများမှာ -

၁။ K.N.A. ခေါ်ကရင်အမျိုးသား အသင်း။

ခေါင်းဆောင်များမှာ စောဘမောင်၊ စောဂျိမ်းစ်တာပ။

၂။ B.K.N.A. ခေါ်ဗုဒ္ဓဘာသာ ကရင်အမျိုးသားအသင်း။

ခေါင်းဆောင်မှာ ဦးပညာဝံသ၊ စောမြသိန်း။

၃။ K.C.O. ခေါ်ကရင်ဗဟို အသင်း။

ခေါင်းဆောင်များမှာ ဆာစံစီဖိုး၊ စောဘဦးကြီး၊ စောဆစ်ဒနီလူနီ၊ ရွှေထွန်းကြာ၊ စောဂျိမ်းစ်တာပ။

၄။ K.Y.O. ခေါ်ကရင်လူငယ် အသင်း။

ခေါင်းဆောင်များမှာ မန်းဘခင်၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောထွန်းစိန်၊ စောစိန်တင်တို့ ဖြစ်ကြသည်။

K.N.U. ဗဟိုခေါင်းဆောင်များကို အောက်ပါအတိုင်း ရွေးကောက် တင်မြှောက်ခဲ့ ကြသည်။

၁။ စောစံဖိုးသင် ဥက္ကဋ္ဌ၊
၂။ ဦးလှဖေ ဒုတိယ ဥက္ကဋ္ဌ၊
၃။ ဆရာသာထိုု အတွင်းရေးမှူး၊
၄။ မန်းဂျိမ်းစ်ထွန်းအောင် တွဲဘက် အတွင်းရေးမှူး၊
၅။ မန်းဘခင် ဘဏ္ဍာရေးမှူး၊
၆။ စောဘဦးကြီး အဖွဲ့ဝင်၊
၇။ စောသာဒင် အဖွဲ့ဝင်၊
၈။ မန်းဝင်းမောင် အဖွဲ့ဝင်၊

၉။ ဟန်တာသာမွေး အဖွဲ့ဝင်၊

၁၀။ မန်းဘဇန် အဖွဲ့ဝင်၊

၁၁။ စောကျော်စိန် အဖွဲ့ဝင်၊

၁၂။ ပေါလ်အေးငြိမ်း အဖွဲ့ဝင်၊

၁၃။ စောစိုင်းကေ အဖွဲ့ဝင်၊

၁၄။ စောအောင်ဝင်း အဖွဲ့ဝင်၊

၁၅။ ဆစ်ဒနီလူနီ အဖွဲ့ဝင်၊

၁၆။ စောစိန်တင် အဖွဲ့ဝင်၊

၁၇။ မန်းဘခိုင် အဖွဲ့ဝင်။

၅၇။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ။

K.N.U. က အောင်ဆန်း-အက်တလီစာချုပ်ကို အောက်ပါ အချက်များကြောင့် လက်ခံခြင်း မရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။

၁။ အင်္ဂလိပ် အစိုးရနှင့် သွားရောက်တွေ့သော ကိုယ်စားလှယ်အဖွဲ့တွင် ကရင်ကိုယ် စားလှယ်များ မပါဝင်ခဲ့ခြင်း။

၂။ ပင်လုံစာချုပ် ချုပ်ဆိုရာတွင် ကရင်တို့၏ ဆန္ဒ သဘောထားကို မယူ၊ တိုင်ပင် နှီး နှောခြင်း မရှိခဲ့ခြင်း။

၃။ တိုင်းပြု ပြည်ပြု လွှတ်တော်တွင် ကရင်ကိုယ်စားလှယ်ဦးရေ အလွန်နည်း ပါးခြင်း။

၄။ သီးခြားထားရှိသည့် ကရင်လက်နက်ကိုင် တပ်ဖွဲ့ကို ဆက်လက် ထားရှိမှုမရှိခြင်း။

၅။ ကရင်များတောင်းဆိုသည့် ကရင်ပြည်နှင့်ပတ်သက်၍ ဘာမျှ ဖော်ပြပေးခြင်း မရှိခြင်း။

အထက်ပါ ဆုံးဖြတ်ချက်များကို အင်္ဂလိပ်ဝန်ကြီးချုပ်ထံသို့ တင်ပြခဲ့ပြီး ပြန်ကြား စာကို ၁၉၄၇ ခုနှစ် မေလ (၃၁)ရက်နေ့အထိ စောင့်ဆိုင်းရန်၊ ပြန်ကြားချက် မရှိပါက အောင်ဆန်း အက်တလီ စာချုပ်ကို ဆန့်ကျင်သွားရန်။

ဆန့်ကျင်ရာတွင်

(က) စောဘဦးကြီးက လက်ရှိ ဝန်ကြီးရာထူးမှ နုတ်ထွက်ရန်။

(ခ) လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲကို သပိတ်မှောက်ရန်တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅၈။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ K.N.U. မှ ဖဆလပ အစိုးရထံ တောင်းဆိုချက်များ။

၁။(က) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ မရှိသေးသည့် အင်းစိန်၊ ပဲခူး၊ ဟံသာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ် ခရိုင်များအတွက် ကရင် လွှတ်တော် ကိုယ်စားလှယ် (၁၇)ဦး တိုးပေးရန်။

(ခ) အစိုးရ အဖွဲ့တွင် ကရင်ဝန်ကြီး ၂၅% ပါဝင်ရန်။

၂။ လွှတ်တော်သစ်တွင် ကရင်ကိုယ်စားလှယ်များ ရွေးကောက်ရာတွင် ကရင် ကိုယ်စားလှယ် ၂၅% ပါဝင်ရန်။

၃။ ကရင်လက်နက်ကိုင်တပ်ဖွဲ့ကို ယခင်အတိုင်း သီးခြား ဆက်လက် ထားရှိရန်။

၄။ ကရင်ပြည်ပေးရန် သဘောထားရှိကြောင်း သဘောတူ လက်ခံရန်။

၅။ အုပ်ချုပ်ရေးဌာနများတွင် ကရင်လူဦးရေ အချိုးအစားအလိုက် ရာထူးများ ခန့်ထား ပေးရန်။

၆။ လွှတ်တော် ရွေးကောက်ပွဲ ကျင်းပပြီးနောက် ကရင်လူမျိုးများ၏ သန်းခေါင် စာရင်းကို ကောက်ခံပေးရန် တို့ဖြစ်သည်။

၅၉။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့။

ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်များကို ပင်လုံမြို့သို့ ခေါ်ယူ တွေ့ဆုံပြီး၊ ပင်လုံ စာချုပ်ကို သဘောတူ ချုပ်ဆိုကြသည်။

၆၀။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်။

ကရင်လူထု ကိုယ်စားလှယ်များသည် ဝန်ကြီးအဖွဲ့နှင့် တွေ့ဆုံသည်။ တွေ့ ဆုံပွဲတွင် ကရင်အဖွဲ့မှ စောစံဖိုးသင်က ဦးဆောင်ပြီး၊ ဝန်ကြီးအဖွဲ့မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးအဖွဲ့ထဲတွင် ဝန်ကြီး စောဘဦးကြီးနှင့် ဝန်ကြီး မန်းဘခိုင် တို့လည်း ပါဝင်သည်။ ကရင်လူထု လိုလားသော အချက် (၆)ချက်ကို တချက်ပြီးတချက် ဆွေးနွေးသွားသည်။

၁။(က) အချက်ကို ဝန်ကြီးများက မလိုက်လျောနိုင်ဘဲ၊ ဖဆပလ ၏ လက်မှတ်နှင့် အရွေးခံသော ကရင်များကိုသာ ဖဆပလ က ကူညီရန် သဘောတူသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(ခ) ကို လုံးဝ မလိုက်လျောနိုင်။ လက်ရှိ ရှိနှင့်သော ကရင်ဝန်ကြီး (၂)ဦးနှင့် ပင် ဖဆပလ ၏ စေတနာ ကြီးကြောင်း ပြန် ကြား ပြောဆိုသည်။

နံပါတ်(၂) အချက်ကို မလိုက်လျောနိုင်။

နံပါတ်(၃) အချက်ကို မူအရ သဘောတူသည်။

နံပါတ်(၄) အချက်ကို မလိုက်လျောနိုင်။ ကရင်ပြည် ထူထောင်ရေးနှင့် ပတ်သက် သောကြောင့် အလွန် ခက်ခဲသည့် ပြဿနာဖြစ်သဖြင့်၊ တိုင်းပြု ပြည်ပြု လွှတ်တော်က ဆုံးဖြတ် လိမ့်မည် ဟု ပြောပြသည်။

နံပါတ်(၅) အချက်ကို မလိုက်လျောနိုင်။

နံပါတ်(၆) အချက်ကို သဘောတူညီသည်။

ကရင်လူထု ကိုယ်စားလှယ်များတောင်းဆိုသော အချက်များအနက် အရေး ကြီးသော အမှတ်(၄) အချက်ကို မလိုက်လျောဘဲ၊ အရေးမကြီးသော အချက်(၂)ချက် ကိုသာ လိုက်လျောကြောင်းနှင့် ၁၉၄၇ ခုနှစ် မတ်လ(၃)ရက်နေ့တွင် စာပြန်ကြား လေသည်။ ဤ ပြန်ကြားစာကို ရရှိပြီးနောက် မကြာမီ လုပ်ငန်းစိစစ်ရေး ကော်မတီ (၃၆)ဦးတို့သည် ထိုပြန်စာ နှင့် ပတ်သက်၍ ဆွေးနွေးလေသည်။ ပြန်ကြားချက်ကို ဗဟို အလုပ်အမှုဆောင် (၁၇)ဦး အနက်မှ (၅)ဦးမှ တပါး၊ ကျန် (၁၂)ဦးတို့သည်၎င်း၊ လုပ်ငန်း စိစစ်ရေး ကော်မတီ (၃၆)ဦး အနက်၊ (၇)ဦးမှ တပါး ကျန် (၂၉)ဦး တို့က လုံးဝ မကျေနပ် ကြချေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၆၁။ ၁၉၄၇ ခုနှစ်၊ မတ်လ။

ဖဆပလ အစိုးရ၏ပြန်စာတွင် အမှတ်(၆) အချက်ကို ဆောင်ရွက်ပေးမည်။ အင်္ဂလိပ်အစိုးရနှင့် ဖဆပလ အစိုးရတို့၏ ပြန်စာများတွင် ကရင်များ လွတ်တော် ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန်နှင့် ကရင်ပြည် ရရှိရေးကို လွတ်တော် အစည်း အဝေး ခန်းမထဲ၌သာ ကြိုးပမ်းသွားကြရန် တိုက်တွန်းထားသည်။

၆၂။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့။

အင်္ဂလိပ်နှင့် ဖဆပလ အစိုးရတို့၏ ပြန်ကြားချက်ကို မကျေနပ်၍ စောဘဦးကြီး နုတ်ထွက်စာ တင်သည်။

K.N.U. အလုပ်အမှုဆောင် အစည်းအဝေးကို ကျင်းပရာ၊ K.Y.O. ကရင်လူငယ် အသင်းခေါင်းဆောင်များက အဆိုကို ရုပ်သိမ်းရန် တောင်းဆိုသည်။ K.N.U. အသင်း မကြီးက အဆိုများကို ရုပ်သိမ်းခြင်း မပြုသောကြောင့်၊ K.N.U. အစည်းအဝေးမှ ထွက်ခွာသွားကြသည်။ အစည်းအဝေးမှ ထွက်ခွာသွားသော K.Y.O. ခေါင်းဆောင်များမှာ မန်းဘခိုင်၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောအောင်ပ၊ စောစိန်တင်တို့ ဖြစ်သည်။ ဥက္ကဋ္ဌ စောစံဖိုးသင်လည်း ထွက်ခွာသွားသည်။ စောစံဖိုးသင်မှာ စောဘဦးကြီး ကရင်ရေးရာ ဝန်ကြီးမှ နုတ်ထွက်သွားသောအခါ သူ၏ နေရာတွင် ဝင်ရောက် လုပ်ကိုင်လေသည်။

၆၃။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၀)ရက်။

K.N.U. ဥက္ကဋ္ဌ စောစံဖိုးသင်နှင့် K.Y.O. အဖွဲ့ဝင်များ အလုပ်အမှုဆောင် အစည်းအဝေးမှ ကန့်ကွက် နုတ်ထွက်သောကြောင့်၊ K.N.U. ညီလာခံကို ခေါ်ယူ ကျင်းပသည်။

၆၄။ ၁၉၄၇ ခုနှစ်၊ ဧပြီလ(၂၃)ရက်နေ့မှ၊ (၂၄)ရက်နေ့အထိ အရေးပေါ်ညီလာခံ ကျင်းပသည်။ ညီလာခံမှ သဘောတူ ဆုံးဖြတ်ချက်များ။

၁။ ကရင်ပြည်ရရှိရေးကို ကြိုးပမ်းရာ၌ ညှဉ်းပမ်းနှိပ်စက်မှု ခံရပါက တမျိုးသားလုံး၏ ကိစ္စအဖြစ် သဘောထားရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ (က) လွတ်တော်ရွေးကောက်ပွဲတွင် အရွေးခံရသော ကရင်များသည် ကိုယ်စားလှယ် အစစ်အမှန်မဟုတ်။ ထို့ကြောင့် ၎င်းတို့၏ ပြောဆိုမှုများသည် လွတ်တော်အတွင်း၌ ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ကရင်အမျိုးသားများ၏ ဆန္ဒ သဘောထား မဟုတ်။

(ခ) ကိုယ်ကျိုးမကြည့်ဘဲ၊ ရာထူးမှ နုတ်ထွက်သောကြောင့် စောဘဦးကြီးအား ချီးကျူး ဂုဏ်ပြုကြောင်း မှတ်တမ်းတင်သည်။

(ဂ) ရွေးကောက်ပွဲမဝင်သော ခေါင်းဆောင်များနှင့်၊ မဲဆန္ဒ မပေးဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်သော ကရင်ပြည်သူများကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်သည်။

၃။ K.N.U. အလုပ်အမှုဆောင်ကော်မတီက လူမျိုးစု အဖွဲ့အစည်းများကို ဖွဲ့စည်းရန် တာဝန်လွှဲသည်။

၄။ K.N.U. ၏ ကြွေးကြော်သံ၊ ကရင်သတင်းစာ တစောင်ကို ထုတ်ပြန်သည်။

၆၅။ ၁၉၄၇ ခုနှစ် ၈ပြီ။

K.N.U ဗဟိုကော်မတီ၏ ကြွေးကြော်သံအဖြစ် သုဝဏ္ဏတိုင်း သတင်းစာကို စတင် ထုတ်ဝေသည်။ တာဝန်ခံ စောစိုင်းကေ ဖြစ်သည်။ အယ်ဒီတာမှာ စောအောင်ညွန့် ဖြစ်သည်။ “ဖိုးစော်ကဲ” အမည်ဖြင့် စာများ ရေးသားသည်။ စောင်ရေ (၄,၀၀၀) မှ၊ (၅,၀၀၀) အထိ ထုတ်ဝေသည်။ ဗမာသတင်းစာက ကရင်တို့၏ နိုင်ငံရေးလှုပ်ရှားမှုကို အမျိုးမျိုး ပုတ်ခတ်ရေးသား ပြီး တဖက်သတ်ရေးသားခဲ့သည်။ သုဝဏ္ဏတိုင်း သတင်းစာက ပြန်လည်ပြီး ချေပ ရှင်းလင်း နိုင်ခဲ့သည်။

၆၆။ ၁၉၄၇ ခုနှစ်၊ ၈ပြီလ ရွေးကောက်ပွဲ ရလဒ်။

ကရင်လူထု (၈)ရာခိုင်နှုန်းသာ မဲပေးသည်။ နေရာတော်တော်များများတွင် မဲပုံးများကို မှောက်ထားကြသည်။ ကရင်မဲဆန္ဒ (၁၂)နေရာ ရှိသော်လည်း (၄)နေရာသာ ဝင်ရောက် အရွေး ခံသည်။ အရွေးခံရသူများမှာ K.Y.O. အဖွဲ့ဝင်များသာ ဖြစ်သည်။ ထို့ကြောင့် လွတ်တော်တွင် ကရင်ကိုယ်စားလှယ်များမှာ K.Y.O. များသာ ဖြစ်သည်ကို ကရင်အများစုက မသိကြပေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့(K.N.D.O.) ဖွဲ့စည်းခြင်း

၆၇။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့။

K.N.D.O. ခေါ် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။

၁။ ကရင်အမျိုးသားများ၏ လှုပ်ရှားမှုသည် နောက်ဆုံး လက်နက်ကိုင် ပဋိပက္ခသို့ ရောက်နိုင်သည်ဖြစ်သဖြင့် အန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင် ပြင်ဆင်မှု လုပ်ခြင်း ဖြစ်သည်။

၂။ နိုင်ငံရေးအရ စည်းရုံးသည်ထက် လက်နက်ကိုင် စည်းရုံးရေးက ပိုမို ထိရောက်ကျယ်ပြန့်သည်။

၃။ K.N.D.O. ၏ အကျိုးဆက်မှာ K.N.U. ကရင်လွတ်လပ်မှုအတွက် ကျောရိုး သဖွယ်ဖြစ်ပါသည်။ ကရင်လူထုများကလည်း ပိုမိုနိုးကြားတက်ကြွလာသည်။ ကရင်လူထု၏ ထောက်ခံမှု အားပေးမှု ခံရသည်။

- K. N. U. ဦးဆောင်မှုကို ပိုမို ခိုင်မာလာစေသည်။
- ကရင်လူထုကိုလည်း အမှန်ပင် ကာကွယ် စောင့်ရှောက်နိုင် ခဲ့သည်။

၁၉၄၇ ခုနှစ်၊ အလုံ "ဘရေတန်"ခန်းမ၌ K.N.D.O. ကို နယ်မြေအလိုက် တာဝန်များ ခွဲဝေရာတွင် ခရိုင်အလိုက် ခေါင်းဆောင်များမှာ၊

(၁) တောင်ငူ မီးဒရယ်၊
(၂) ညောင်လေးပင်၊ (ပဲခူး၊ ရွှေကျင်၊ ကျောက်ကြီး)၊ အောင်စိန်၊
(၃) သထုံ၊ ဘားအံ၊ ဗိုလ်ကြီးမောင်ညွန့်၊
(၄) မော်လမြိုင်၊ ကျိုက္ခမီ၊ စောတကယ်၊
(၅) ဘိတ်(မြိတ်)/ထားဝယ် စောနယ်ဆင်ကဲ၊
(၆) ရှမ်းပြည်နှင့် အထက်ဗမာပြည် စောဝီးဒါ၊
(၇) ကရင်နီ ထောပလို၊
(၈) အင်းစိန် စကောမောလေး၊
(၉) ပြည်/သာယာဝတီ ဗိုလ်ပန်းကိုင်၊
(၁၀) ဟံသာဝတီ ဗိုလ်တိုး၊
(၁၁) ဟသ်ာတ ဗိုလ်ဆောက်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၁၂) မအူပင် ထွန်းလှအောင်၊

(၁၃) ပုသိမ် ဆရာသာဆန်း၊

(၁၄) မြောင်းမြ စောဘကျော်၊

(၁၅) ဖျာပုံ ဆရာအေးမောင်၊

၆၈။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် ဗြိတိသျှ ဓနသဟာယ၏ ပြင်ပတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်း ဆောင်များ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင်၊ ဦးနု အင်္ဂလန်သို့ သွားရောက်ကာ နု-အက်တလီ စာချုပ်ကို ချုပ်ဆိုသည်။

၆၉။ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်။

မော်လမြိုင်ညီလာခံကို ခေါ်ယူ ကျင်းပသည်။ ကရင်လူထု (၇၀၀)ကျော် တက် ရောက်ကြသည်။

K.N.U. မှ လွှတ်တော်၊ ရွေးကောက်ပွဲကို အောင်မြင်စွာ သပိတ်မှောက်နိုင်သဖြင့်၊ ဖဆပလ က ကရင်လူထုကို အကျပ်ကိုင်ရန်နှင့် ကရင်-ဗမာ လူထုအကြား နားလည်မှုများ လွဲမှားစေရန် ကြိုးပမ်းခဲ့သည်။ ကရင်လက်ထဲ၌ရှိသော လက်နက်များကို သိမ်းယူရန် စီစဉ်လေသည်။

(၁) ဗမာပြည် တိုင်းပြုပြည်ပြု လွှတ်တော်တွင် ကရင်ကိုယ်စားလှယ် သတ်မှတ် ပါဝင်ခြင်း မရှိသောကြောင့် တိုင်းပြုပြည်ပြု လွှတ်တော်က ရေးဆွဲအတည်ပြု သတ်မှတ်မည့် မည်သည့် ဥပဒေကိုမဆို ကရင်လူထုက လက်ခံမည်မဟုတ်။

(၂) လွတ်လပ်သည့် ကရင်ပြည် ရရှိရေးကို ကမ္ဘာ့ကုလသမဂ္ဂသို့ တင်ပြသွားရန်။

(၃) ကရင်ပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန် ဗဟို အလုပ်အမှုဆောင် ကော်မတီအား အာဏာကုန် လွှဲအပ်ရန်။

(၄) ကရင်လူထုတရပ်လုံးက ဗဟိုအလုပ်အမှုဆောင် ကော်မတီအပေါ် လုံးဝ အယုံ အကြည်ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၅) က။ တောင်ငူခရိုင်အပါအဝင်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ အင်းစိန်နှင့် ဟံသာဝတီခရိုင်၊ ညောင်လေးပင် ဆပ်ဒီဝီဇံ (Sub-Division)ပါဝင်သော နယ်မြေများကို ကရင်ပြည်အဖြစ် သဘောတူ သတ်မှတ်လိုက်သည်။

(၅) ခ။ ဗမာပြည် လွတ်လပ်ရေးရရှိရန်နှင့်တပြိုင်နက်၊ ကရင်ပြည်ကိစ္စ ဗမာပြည် အစိုးရထံတင်ပြ တောင်းဆိုသွားရန်။

(၆) လက်နက်ပုန်းများ ထားရှိမှုဖြင့် သေဒဏ်ပေး စီရင်မည့် ဥပဒေကို ရုပ်သိမ်းရန်။

(၇) လက်ရှိ အသုံးပြုလျက်ရှိသည့် ကရင်အမျိုးသားအလံတော်ကို ကရင်တမျိုးသားလုံး၏အလံတော် အဖြစ် အတည်ပြုသွားရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မွန် - ကရင် သဘောတူညီချက် (၁၉၄၇)

၇၀။ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ၊ မွန်-ကရင် သဘောတူညီ ချက်။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်၊ K.N.U. ညီလာခံသို့ အောက်ပါ မွန် ခေါင်းဆောင်များ တက်ရောက်သည်။

၁။ နိုင်လှမောင်၊

၂။ နိုင်ဘိုးချို၊

၃။ မိဟောင်ဆွာ၊

၄။ နိုင်ဘလွင် (နိုင်ရွှေကျင်)၊

(၁) မွန်၊ ကရင်ခေါင်းဆောင်များသည် ကရင်ပြည်၊ မွန်ပြည် ရသည်အထိ စည်းလုံး ညီ ညွတ်စွာဖြင့် လက်တွဲ ဆောင်ရွက်သွားရန်။

(၂) နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်သွယ်ရာတွင် တဦးကို တဦး အလေးပေးရန်၊ ကြုံတင် အသိပေးခြင်း မရှိဘဲ သီးခြား လုပ်ဆောင်ခြင်း မပြုလုပ်ကြရန်။

(၃) လွတ်လပ်သည့် ကရင်ပြည်၊ မွန်ပြည် ဖြစ်လာသည့်အခါတွင် ငွေစက္ကူ တမျိုးတည်း ကိုသာ အတူတကွ သုံးစွဲရန်။

(၄) လွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် ကရင်ကိုထိလျှင်၊ မွန်ကို ထိသကဲ့သို့၊ မွန်ကို ထိလျှင်လည်း ကရင်ကို ထိသကဲ့သို့ သဘောထားရန်။

၇၁။ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄)ရက်။

နု-အက်တလီ စာချုပ်အရ ဗမာပြည်ကို လွတ်လပ်ရေး ပေးသည်။ K.N.U. ကရင် အမျိုးသားအစည်းအရုံးသည် ဗမာပြည် လွတ်လပ်ရေးနေ့ကို လက်မခံ။ လွတ်လပ် ရေးကို ကန့်ကွက်သည့်အနေဖြင့် သီးခြား လွတ်လပ်ရေးနေ့အဖြစ်၊ ဇန္နဝါရီလ (၅)ရက်နေ့ ကို ကရင် လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

တိုင်းပြုပြည်ပြုလွတ်တော်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံဥပဒေ ပုဒ်မ (၁၈၀-၁၈၁)အရ၊ ကရင်ပြည်အားပေးရန် သဘော တူညီချက်တခု ထည့်သွင်း ဖော်ပြထားသည်။ ကရင်ပြည်ကို ဖာပွန်ခရိုင်နှင့် ကရင်နီပြည်ကို ကရင်ပြည် အဖြစ် သတ်မှတ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပေးရန် ဖြစ်သည်။ ဤသတ်မှတ်ချက်ကို ကရင်နီပြည်က လက်ခံခြင်း မပြုခဲ့။ ကရင်ကလည်း ဤသတ်မှတ်ချက်ကို လက်ခံခြင်း မပြုခဲ့ပေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်လူထုဆန္ဒပြပွဲ (၁၉၄၈)

၇၂။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်။

ကရင်ပြည် ပေးရန်၊ K.N.U. အဖွဲ့က ဖဆပလ အစိုးရထံ တင်ပြ တောင်းဆိုခဲ့ သည်။ ထိုတောင်းဆိုချက်ကို မတ်လ(၃)ရက်နေ့ တလအတွင်း အကြောင်းပြန်ရန် အကြောင်းကြားခဲ့ သည်။ ထိုကာလအတွင်း တောင်းဆိုချက်ကို လေးနက်စေရန် ဖေဖော်ဝါရီ လ (၁၁)ရက်နေ့ တွင် ကရင်လူထု ဆန္ဒပြပွဲကို ကျင်းပခြင်း ဖြစ်သည်။

၇၃။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်၊ ကရင်လူထု ဆန္ဒပြပွဲကြီးကို ဗမာပြည် မြို့ကြီး တိုင်းတွင် ကျင်းပခဲ့သည့်အပြင် အထက်ဗမာပြည်ဖြစ်သော မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ရေနံချောင်း၊ ချောက်၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ နမ့်ခမ်း တို့တွင်လည်း ဆန္ဒထုတ်ဖော်ခဲ့ ကြသည်။ တပြည်လုံး ဆန္ဒပြသည့် လူဦးရေ (၄)သိန်းကျော် ရှိခဲ့သည်။
ထိုဆန္ဒဖော်ထုတ်ပွဲကြီးမှ ကြွေးကြော်သံ (၄)ရပ်ကို ထုတ်ပြန်ခဲ့သည်။
(၁) ကရင်ပြည် ချက်ချင်းပေး၊
(၂) ကရင်တကျပ်၊ ဗမာတကျပ် ချက်ချင်းပြ။
(၃) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ။
(၄) ပြည်တွင်းစစ် အလိုမရှိ တို့ဖြစ်သည်။
၁၉၄၈ ခုနှစ် မတ်လ (၂၈)ရက်နေ့။

ဗမာပြည်ကွန်မြူနစ်ပါတီက ဖဆပလ အစိုးရကို ဆန့်ကျင်တော်လှန်သည်။
၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၃)ရက်။

ဦးနုက အချက် (၁၅)ချက်ပါ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးအတွက်၊ ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကြောင့်၊ ဖဆပလ နှင့် ပြည်သူ့ ရဲဘော် အဖွဲ့တို့ အငြင်းပွားရာမှ ပြည်သူ့ရဲဘော်အဖွဲ့ တောခိုသွားသည်။
၁၉၄၈ ခုနှစ်၊ ဩဂုတ်လ။

ဗမာ့တပ်မတော်မှ သရက်ချောင်းတွင် အခြေစိုက်သော တပ်ရင်း(၁)နှင့် မင်္ဂလာဒုံ တွင် အခြေစိုက်သည့် တပ်ရင်း(၃)တို့ တောခိုသွားသည်။ ဖဆပလ အစိုးရအဖွဲ့တွင် ဗဆွေ၊ ကျော်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ငြိမ်းတို့ ဦးဆောင်သည့် လက်ယာဆိုရှယ်လစ်အုပ်စုနှင့် အောင်ဆန်း ဖွဲ့စည်းခဲ့သည့် ပြည်သူ့ရဲဘော် (အဝါ)များသာ ကျန်တော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇၄။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ။

ဖဆပလ အစိုးရက K.N.U. ၏ တောင်းဆိုချက်ကို ဖြေကြားခြင်း မပြုသေးဘဲ ကရင့် ရေးရာ ကော်မတီကို ဖွဲ့စည်းလိုက်သည်။ ကရင်ရေးရာ ဝန်ကြီးမှာ K.N.U. ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သွားသော စောစံဖိုးသင် ပင်ဖြစ်သည်။ ခရိုင်တခရိုင်လျှင် ကိုယ် စားလှယ် (၅)ဦးစီ ရွေးချယ်ပြီး ဖဆပလ အစိုးရနှင့် လာရောက် တွေ့ဆုံရန် ဖိတ်ခေါ်သည်။ K.N.U. မှ ဖဆပလ နှင့် သွားရောက်တွေ့ဆုံခဲ့ခြင်း မရှိပေ။ K.Y.O. များသာ သွား ရောက် တွေ့ဆုံခဲ့သည်။

၇၅။ ၁၉၄၈ ခုနှစ်၊ မတ်လ (၃)ရက်နေ့။

K.N.U. နှစ်ပတ်လည် အစည်းအဝေးကျင်းပပြီး၊ လွတ်လပ်သည့် ကရင်ပြည် ရရှိ ရေး မှာ လက်နက်ကိုင်တိုက်ပွဲသည် တခုတည်းသော နည်းလမ်းဖြစ်သည်ဟု သဘောတူ ဆုံးဖြတ် ခဲ့ကြသည်။

ဦးနုက K.N.U. ခေါင်းဆောင်များအား လာရောက်တွေ့ဆုံပြီး မိတ်ဆုံ ညစာ စားပွဲသို့ လာရောက်သုံးဆောင်ပါရန် ဖိတ်ကြားခဲ့သည်။

မိတ်ဆုံစားပွဲသို့ တက်ရောက်ခဲ့သော ခေါင်းဆောင်များမှာ-

(၁) စောဘဦးကြီး၊

(၂) မန်းစောဘု၊ (၅) မန်းဂျမ်းစ်ထွန်းအောင်၊

(၃) ဆရာသာထို၊ (၆) ဘုန်းတော်ကြီး ဦးပညာဝံသ၊

(၄) စောသာဒင်၊ (၇) ဦးဥတ္တမ တို့ တက်ရောက်ခဲ့ကြသည်။

မိတ်ဆုံစားပွဲတွင် ဦးနု ပြောကြားချက်မှာ ကရင်များအဖို့ တိုင်းပြည် ရရှိရန် နည်းလမ်း နှစ်သွယ်သာ ရှိသည်။ ပထမနည်းမှာ ပါလီမာန်နည်းလမ်းဖြစ်ပြီး၊ အခြား နည်းလမ်းမှာ လက်နက်ကိုင် တိုက်ပွဲနည်းသာ ဖြစ်သည်။ ဦးနု အနေဖြင့် ကရင် ခေါင်းဆောင်များ ပါလီမန် နည်းလမ်းနှင့် ရွေးချယ် တိုက်ပွဲဝင်ကြရန် တိုက်တွန်း နှိုး ဆော်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇၆။ ၁၉၄၈ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့။

ဦးနုက K.N.U. ခေါင်းဆောင်များနှင့် ဖဆပလ အဖွဲ့တို့ တွေ့ဆုံရန် ဖိတ်ခေါ်သည်။ K.N.U. ခေါင်းဆောင်များမှ စောဘဦးကြီး၊ ဆရာသာထိုး၊ ဆရာသာဒင်၊ မန်းဂျိမ်းစ်ထွန်းအောင်၊ စောဘဲလေ တို့ တက်ရောက်ခဲ့သည်။ ဖဆပလ အစိုးရဘက်မှ ဦးနု၊ ဗိုလ်ဖိုးကွန်း၊ ဦးဝင်းဖေ၊ ဦးအုန်း တို့ တက်ရောက်ကြသည်။

ဦးနုက ဆွေးနွေးရာတွင် ဖဆပလ အစိုးရသည် လွတ်တော်မှ အတည်ပြုသော၊ ဥပဒေအတိုင်း ဆောင်ရွက်ရသဖြင့်၊ ကရင်ပြည်ပေးရန် မဖြစ်နိုင်ကြောင်း ရှင်းပြသည်။ ဆက်လက်ပြီး "ဒီမှာ စောဘဦးကြီး၊ ခင်ဗျားတို့က ကရင်ပြည်ကို တောင်းတယ်။ ကျနော် တို့ကလည်း မပေးနိုင်ဘူး။ နောက်ဆုံး တိုက်ခိုက်ဘို့ဘဲ ကျန်တယ်။ စစ်ဖြစ်လာရင် ကရင်က ဗမာကို တချက်ခုတ်လျှင်၊ ဗမာက သိုးသူငယ် လို အသာတကြည် လည်စင်းခံမှာ မဟုတ်ဘူး။ နှစ်ချက် ပြန်မခုတ်နိုင်သည့်တိုင်အောင် တချက်တော့ မုချ ခုတ်မှာပဲ။ အဲဒီတော့ ဥသျှစ်သီးနှစ်လုံးကို ထုလိုက်ရင်၊ ထုတဲ့ ဥသျှစ်သီးလဲကွဲ၊ ခံတဲ့ ဥသျှစ်သီးလည်း ကွဲပြီး၊ နောက်ဆုံး ကရင်နဲ့ ဗမာ အနှစ် (၅၀) တဦးနှင့်တဦး မျက်နှာ ကြည့်ချင်ကြမှာ မဟုတ်ဘူး"ဟု ပြောရာ၊ စောဘဦးကြီးက ဒီအတိုင်း ဖြစ်လာစရာမရှိပါဘူး။ ကျနော့် ကြွေးကြော်သံ (၄)ချက်ထဲမှာ သဘောထားအတိအကျ ဖော်ပြထားပါတယ်။ ကျနော်တို့ ကရင်လူမျိုးရဲ့ ဆန္ဒအတိုင်း တင်ပြခြင်း ဖြစ်တယ်။ ကျနော်တို့က တောင်းဖို့ တာဝန်ရှိတယ်။ ပေးဖို့ မပေးဖို့ ဆိုတာက ခင်ဗျားတို့ တာဝန်ပဲ ဟု ပြန်လည် ပြောကြားခဲ့သည်။

၁၉၄၈ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့။

ဦးနု၏ ပြန်ကြားချက်တွင် အထက်ပါ သဘောထားအတိုင်း ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ အလံနီ ကွန်မြူ နစ်ပါတီက ဖဆပလ ကို တော်လှန်ပုန်ကန်သည်။

၇၇။ ၁၉၄၈ ခုနှစ်၊ မတ်လ(၂၈)ရက်၊ ဗမာပြည်ကွန်မြူနစ်ပါတီက ဖဆပလ ကို တော်လှန်ပုန်ကန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇၈။ ၁၉၄၈ ခုနှစ်၊ ဇွန်လ(၁၄)ရက်၊ ရဲဘော်ဖြူခေါ် "ပြည်သူ့ ရဲဘော်"က ဖဆပလ ကို တော်လှန် ပုန်ကန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇၉။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ။

ဗမာ့တပ်မတော် သရက်မြို့မှ တပ်ရင်း(၁)နှင့် မင်္ဂလာဒုံမှ တပ်ရင်း (၃)တို့ ဖဆပလ ကို တော်လှန်ခဲ့သည်။ တောခိုသွားသော တပ်ရင်း(၂)ရင်းသည်၊ ဝါးနက်ချောင်း တွင် တွေ့ဆုံပြီး၊ ရန်ကုန်ကို ချီတက် တိုက်ခိုက်ရန် စီစဉ်သည်။ သို့သော် သရက်မြို့မှ တောင်ဘက်သို့ ချီတက်လာသော တပ်ရင်း(၁)သည် လက်ပံတန်း၊ ကျွန်းကလေး တံတား သို့ ရောက်သောအခါ သာယာဝတီတွင် အခြေစိုက်သော၊ ကရင်-ယူအမ်ပီ တပ်က ကြား ဖြတ် တိုက်ခိုက်သဖြင့် အများအပြား သေကြေဒဏ်ရာရပြီး ရှေ့သို့ ဆက်လက်ချီတက် နိုင်ခြင်း မရှိတော့ပေ။

၈၀။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့။

သထုံခရိုင် ဖဆပလ လက်ကိုင်တုတ်တဦးဖြစ်သော ဦးဖိုးဝန်နှင့် နောက်လိုက် လက်နက်ကိုင် တပ်စုတစုက ကရင်ကျေးရွာများသို့ သွားရောက်ပြီး၊ လိုင်စင်ရှိ လက်နက် များကို သိမ်းယူခြင်း၊ ကျေးရွာပစ္စည်းများကို လုယူခြင်းများ ပြုလုပ်သည်ကို ဖဆပလ အစိုးရ ထံသို့ တင်ပြသော်လည်း၊ မည်သို့သော အရေးယူ ဆောင်ရွက်မှုများ မပြုလုပ်ခဲ့ သဖြင့်၊ ပိုမို ဆိုးရွားစွာ ရွာသားများအပေါ် အနိုင်အထက် ပြုကျင့် လာသောကြောင့် K.N.D.O. နှင့် M.N.D.O. တို့ ပူးပေါင်းပြီး၊ မော်လမြိုင်၊ သထုံ၊ ရွှေကျင်၊ ကျောက်ကြီး စသည့် မြို့များကို သိမ်းပိုက်လေတော့သည်။

ဖဆပလ အစိုးရက K.N.U. ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး၊ စေ့စပ်ဆွေး နွေးရာ ဖဆပလ က ကရင်တပ်များ၏ လက်နက်များကို သိမ်းပိုက်ခြင်းမပြုပါဟု ကတိပြုသဖြင့် မြို့များကို ပြန်လည် ပေးအပ်လိုက်သည်။ သို့သော် ဖဆပလ သည် ကတိမတည်သည့် အပြင်၊ လဲဗီး တပ်များကို အလျင်အမြန် ဖွဲ့စည်းပြီး ပိုမို အနိုင်ကျင့် လာသည်။ K.N.U. ခေါင်းဆောင် များသည်၊ ၁၉၄၈ ခုနှစ်၊ ကွန်မြူနစ်များနှင့် ဗမာ့ တပ်မတော်မှ ပုန်ကန် တော်လှန်ရာတွင် ကရင်များအား ရန်ကုန်မြို့ကို ကာကွယ်ပေးရန် အကူအညီ တောင်းခံ ဖူးသည်။ K.N.D.O. တပ်ဖွဲ့များက ရန်ကုန်မြို့ကို ကာကွယ်မှု ပေးခဲ့သည်။ ရန်ကုန်မြို့ကို ကာကွယ်ရန် တာဝန်ယူရ သော အချိန်တွင် ကောင်းမွန်စွာ ထမ်းဆောင်ခြင်း မပြုကြပေ။ အခွင့်အာဏာရလာသည်နှင့် စည်းစိမ် ယစ်မူးလာခြင်း၊ မောက်မာခြင်း၊ သွေးကြွခြင်း၊ မာန်မာနကြီးခြင်းနှင့် သောက်စား

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မူးယစ်ခြင်းတို့အပြင် လူထုအပေါ် ရမ်းကားလာကြ သည်ကို တွေ့ရသဖြင့် ဆက်၍ ချီးကျူး လောက်အောင် ကျင့်ကြံခြင်း မပြုနိုင်ခဲ့ပေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၈၁။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖဆပလ က ကရင်-ယူအဲမ်ပီ (UMP)တပ်များ၏ လက်နက်များ၊ K.N.D.O. ၏ လက်နက်များ၊ သစ်တောဌာနတွင် အမှုထမ်းသည့် လက်နက် များ အားလုံးကို လိုက်လံ သိမ်းပိုက်သည်။ စောတင်ခိုင်နှင့် ဗမာ-လဲဗီးတပ် များကို စေလွှတ်ပြီး ဘိတ်(မြိတ်)၊ ထားဝယ်၊ သာယာဝတီ၊ ဟင်္သာတရှိ K.N.D.O., M.N.D.O. ခေါင်းဆောင်များကို လည်း ဖမ်းဆီးလိုက်သည်။

ဗမာလဲဗီးတပ်သည် ထားဝယ်ရှိ ကရင်ရွာများအား သွားရောက် ဝိုင်းပြီး တားဆီး ပစ်ခတ်ရာ ကရင်လူထုများ သေကျေကြရသည်။ ဗမာ့တပ်မတော်သည် သရက်ချောင်းရှိ ကရင်ရွာကို မီးရှို့ ဖျက်ဆီးပြီး ပစ္စည်းများကို လုယူကြသည်။ ဆက်လက်ပြီး ကရင်များအား ခရီးသွားလာရာတွင်လည်း စစ်ဆေးခြင်း၊ ပစ္စည်းများအား သိမ်းယူခြင်း၊ ဖမ်းဆီးခြင်း၊ ကာကွယ်ရေးရုံးသို့ ပို့သည်ဟု ဆိုသော်လည်း နောက်ပိုင်းတွင် ဖမ်းဆီးခံရသူများ၏ နောက်ဆက်တွဲ သတင်းများ မည်သို့မျှ မကြားရတော့ပေ။

၈၂။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် တောင်ငူကို ကရင်များက သိမ်းပိုက် လိုက် သည်။

၈၃။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ဖဆပလ အစိုးရတပ်သည် ရန်ကုန် စမ်းချောင်း ရှိ၊ K.N.U. ဗဟိုရုံးကို သွားရောက် တိုက်ခိုက်ပြီး၊ အိမ်များကိုလည်း မီးရှို့ ဖျက်ဆီးခြင်း၊ ပစ္စည်းများကို လုယူခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုဖြစ်စဉ်တွင် ကရင် အမျိုးသမီး၊ အမျိုးသား (၁၀)ဦးခန့် သေဆုံးခဲ့ရသည်။

၈၄။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ပုသိမ်ကို တိုက်ခိုက်ရာ တမြို့လုံးကို မသိမ်း နိုင်သဖြင့်၊ နောက်ပိုင်း ဗမာ့တပ်မတော်မှ ပြန်လည် သိမ်းပိုက်ခဲ့သည်။

၈၅။ ၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ (၃၁)ရက်နေ့။

နံနက်စောစောတွင် အင်းစိန်ရှိ K.N.D.O. ဗဟိုစခန်းနှင့် သမိုင်းတွင် ရှိသော K.N.D.O. စခန်းတို့ကို သွားရောက် တိုက်ခိုက်သည်။ ထိုနေ့မှာပင် K.N.D.O., M.N.D.O. တို့အား မတရား အသင်း ကြေညာခဲ့သည်။

K.N.U. ခေါင်းဆောင်များက ဗမာပြည် တပြည်လုံးတွင်ရှိသော ကရင်များအား မိမိတို့၏ အသက် အိုးအိမ်များကို ကာကွယ်ရန် ရှိသမျှ လက်နက်များဖြင့် ဖဆပလ အစိုးရအား ခုခံ တိုက်ခိုက်ကြရန် အမိန့်ပေးလိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၈၆။ ၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ (၃၁)ရက်မှ မေလ (၂၁)ရက်နေ့။
အင်းစိန်တိုက်ပွဲ

အင်းစိန်မြို့သည် KNDO ဗဟိုဌာနချုပ်ဖြစ်သည်။ K.N.U. ခေါင်းဆောင်များ ဖြစ်သော စောဘဉီးကြီး၊ စောစိုင်းကေ၊ စောဟန်တာသာမွေး၊ မန်းဘဇန်၊ စကော မောလေး၊ စောဘဲလေ၊ ဦးဇန်နှင့် မန်းဂျိမ်းစ်ထွန်းအောင်တို့ နေထိုင်လျက် ရှိသည်။ ဖဆပလ အစိုးရ သည် အလုံ၊ စမ်းချောင်းရှိ K.N.D.O. ဌာနချုပ်ကို တိုက်ခိုက် ဖျက်ဆီး ပြီးနောက် အင်းစိန်းကို ကြည်းတပ်၊ ရေတပ်တို့ဖြင့် ဝိုင်းဝန်း တိုက်ခိုက်သည်။ တရက်အတွင်း၊ ဖဆပလ တပ်များကို တွန်းလှန်နိုင်ခဲ့သည်။ နောက်တွင် K.N.D.O. က အင်းစိန်မြို့ကို သိမ်းပိုက်လိုက်ပြီးနောက်၊ ဆက်လက်ချီတက်ရာ သမိုင်း ကရင် ရပ်ကွက်၊ သမိုင်းလမ်းခွ၊ အင်းစိန်ထောင်၊ အင်းစိန်ဘူတာရုံ၊ အင်းစိန်စျေးကြီး၊ လှိုင်မြစ်ကမ်းရှိ ဆန်စက်များ အားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။

၈၇။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်။

ကရင်လက်နက်ကိုင် တပ်ဖွဲ့များ မင်္ဂလာဒုံလေယဉ်ကွင်းကို ဝင်ရောက် သိမ်းပိုက်သည်။ အနီးအနားရှိ စစ်စခန်းအားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ မင်္ဂလာဒုံ ကွင်းတွင် ရှိကြသည့် ဖဆပလ တပ်များဖြစ်သော အမြောက်တပ်၊ အချက်ပြ ဆက် သွယ်ရေးတပ်၊ လက်နက်ပြင်တပ်များမှ အမှုထမ်းကြသည့် ကရင်များ K.N.U. နှင့် လာရောက် ပူးပေါင်းကြသဖြင့် လက်နက်ခဲယမ်း အမြောက်အများ ရရှိခဲ့ကြသည်။ လေယာဉ်ကွင်းကို သိမ်းပိုက်နိုင်သော်လည်း လေယာဉ်များကို ဖျက်ဆီးခြင်း မပြုခဲ့ပေ။ မင်္ဂလာဒုံတွင်ရှိသည့် ချင်းတပ်ကလည်း ကရင်တပ်ဖွဲ့များအား အနှောက် အယှက် မပေးခဲ့ပေ။ ကရင်များ နောက်ကို လိုက်ရမည်လား ဟုမေးရာ ကရင်များက မလိုက်ရန်နှင့် ကိုယ့်ဟာကိုနေရန် ပြောဆိုလွှတ်လိုက်သည်။ နောက်ပိုင်း ဖဆပလ တပ်များမှ ပြန်လည် ထိုးစစ်ဆင်ရာ ချင်းတပ်ကို အသုံးချခဲ့သည်။ မဖျက်ဆီးခဲ့သော လေယာဉ်များ ကိုလည်း အသုံးပြုနိုင်ခဲ့သည်။

အင်းစိန်ကို K.N.U., K.N.D.O. တို့ သိမ်းပိုက်ထားသဖြင့် ဖဆပလ အတွက် အလွန်စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သည်။ ထို့ကြောင့် နယ်များတွင်ရှိနေသည့် တပ်မှူး များ ဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇော၊ ဖရက်၊ အောင်ဖေ၊ လှမောင်၊ မောင်လွင် တို့ကို ရန်ကုန်သို့ခေါ်ပြီး ထိုးစစ်ဆင်တိုက်ခိုက်ရန် စီစဉ်သည်။ ရခိုင်တွင် ရှိသည့် တပ်ရင်း (၅)ကိုလည်း ရန်ကုန်သို့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူသည်။ တက္ကသိုလ် တပ်ရင်းမှ အပျော်တမ်း တက္ကသိုလ် ကျောင်းသား တပ်ကိုလည်း ပါဝင်စေခဲ့သည်။ ရဲဘော်ဖြူများ ကိုလည်း ခေါ်ယူအသုံးပြုသည်။ ထို့နောက် အင်းစိန်ရှိ ကရင် စစ်စခန်းများကို ဝိုင်းဝန်းပြီး လက်နက်ကြီးများဖြင့် ဝိုင်းဝန်း တိုက်ခိုက်သည့်အပြင် လေယာဉ်ပျံများနှင့်လည်း ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။

အင်းစိန်ရှိ ကရင်တပ်ဖွဲ့များအား စစ်ကူပေးရန် တောင်ငူ၌ အခြေချသော ကရင် တပ်ရင်း (၁)သည် ပဲခူးဘုရားကြီးတိုက်ပွဲတွင် စစ်ဦးကျိုးပြီး ပြန်ဆုတ်သွားရသည်။ ပြည်၌ရှိသော တပ်ရင်း(၂)မှာမူ ကြို့ပင်ကောက်တွင် အတိုက်ခံရပြီး၊ ကစဉ့် ကလျား ဖြစ်သွားသည်။ အင်းစိန်ကို စစ်ကူအဖြစ် သွားသော တပ်ဖွဲ့မှာ တောင်ငူမှ ထောပလို ဦးစီးသည့် K.N.D.O. နှင့် သထုံမှ မောင်ညွန့် ဦးစီးသည့် M.N.D.O. တပ်ဖွဲ့တို့ ဖြစ်သည်။ ထိုတပ်ဖွဲ့များမှာ အင်းစိန်မှ ဆုတ်ခွာခဲ့ရသည်အထိ ပါဝင် တိုက်ခိုက်ကြသည်။

အင်းစိန်ဒေသအနှံ့ လေးဘက် လေးတန်မှ ဖဆပလ တပ်များ ဝိုင်းဝန်း တိုက်ခိုက်သော တိုက်ပွဲများတွင် ပြင်းပြင်းထန်ထန် ဖြစ်သွားသော နေရာများမှာ သမိုင်း (ခဝဲခြံ)၊ ရာဘာခြံ၊ ဦးစက္ကိန် ဘုန်းတော်ကြီးကျောင်း၊ စော်ဘွားကြီးကုန်း၊ စသည်တို့ဖြစ် သည်။ ဖဆပလ တပ်များ အများဆုံး ကျဆုံးသော နေရာများ ဖြစ်သည်။ ရန်သူတပ်များ ဆက်လက်တိုက်ခိုက်ရန် သတ္တိမရှိဘဲ ကြောက်ရွံ့နေကြသောကြောင့်၊ နေဝင်း ကိုယ်တိုင် စစ်မြေပြင်သို့ လာရောက် အားပေးရသည်။

လေးဘက် လေးတန် တိုက်ပွဲ ဖြစ်ပွားနေသဖြင့် K.N.U.–K.N.D.O. ဖက်မှ လက်နက် ခဲယမ်းများ လျော့နည်းလာခြင်း၊ ဆန် အလုံ အလောက်ရှိသော်လည်း အခြားလိုအပ်သော ထောက်ပံ့ ရိက္ခာများ ပြတ်လပ်ခြင်း၊ စစ်ကူများလည်း လာရောက်ရန် မျှော်လင့်စရာ မရှိတော့ခြေ။ နောက်ဆုံး K.N.D.O. တပ်ဖွဲ့ဝင်အားလုံး လှိုင်မြစ်ကို အောင်မြင်စွာ ဖြတ်ကျော်ပြီး အင်းစိန်မှ ဆုတ်ခွာခဲ့သည်။ အင်းစိန်မြို့တွင် ရက်ပေါင်း (၁၁၁)ရက်ကြာ သိမ်းပိုက် တိုက်ခိုက်ခဲ့သည်။

၈၈။ အရှေ့တိုင်း K.N.D.O. နှင့် ဖဆပလ တပ်များ ရင်ဆိုင်မှု။

၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဘိတ်(မြိတ်)၊ ထားဝယ် နယ်မြေအသီးသီးကို သိမ်းပိုက်နိုင်ခဲ့သည်။ ထားဝယ် မြို့ကို မသိမ်းပိုက်နိုင်ပါ။ ထားဝယ်ရှိ ကရင်ခေါင်းဆောင်အားလုံး တော်လှန်ရေး မစမီ ကတည်းက အဖမ်းခံ ကြရသည်။ U.M.P. အားလုံး၏ လက်နက်များလည်း အသိမ်းခံ ရသည်။ ထိုလက်နက်များကို ရန်ကုန်သို့ ပို့ခဲ့သည်။

မော်လမြိုင်မှလွဲ၍ အရှေ့တိုင်း ကရင်များနေထိုင်သော နယ်မြေများကို သိမ်းပိုက် နိုင်ခဲ့သည်။ ရန်ကုန်သို့ ဆင်းပြီး ကူရန် ကြိုးပမ်းသည်။

ထိုတပ်ဖွဲ့ကို ခေါင်းဆောင်သူများမှာ ကရင်တပ်ရင်း(၁)မှ ဗိုလ်ကြီးဇော်ဖေ နှင့် K.N.D.O. မှ ဗိုလ်ကြီးထောပလို တို့ ဖြစ်လေသည်။

ညောင်လေးပင်မှ ရန်သူတပ်မှူးမှာ ကရင်စစ်ဗိုလ်ဖြစ်ပြီး စေ့စပ်သဖြင့် ညောင်လေးပင်ကို သိမ်းပိုက်နိုင်သည်။

ပြန်တန်ဆာနှင့် ဒိုက်ဦးကိုလည်း တိုက်ခိုက်သိမ်းပိုက်နိုင်သည်။ ဆက်လက်ပြီး ပဲခူးမြို့ကိုသာ သိမ်းပိုက်ရန်လိုတော့သည်။ ပဲခူးကလည်း လက်နက်ချရန် ပြင်ဆင် ထားသည်။

ဖဆပလ တပ်ဖွဲ့များ ဘုရားကြီးသို့ ဆုတ်ခွာပြီး နေရာယူ သည်။ စနေနေ့ည ဖြစ်၍ နောက်တနေ့ တနင်္ဂနွေနေ့တွင် ဆက်လက် ထိုးစစ်ဆင်မှု မပြုတော့ဘဲ အနား ယူကြသည်။ တနလ်ာနေ့တွင် ဆက်လက်ချီတက်ရာ ဘုရားကြီးတဝိုက် ရန်သူ ဘက်မှ စစ်ကူများ ရောက်ရှိနေရာယူထားပြီးဖြစ်သဖြင့် တိုက်ခိုက် သိမ်းပိုက်နိုင် ခြင်း မပြုနိုင်ခဲ့ပေ။

ညောင်လေးပင်၌ရှိသော ရန်သူတပ်မှူး ဗိုလ်မှူးကြီးမူးဒေ မှာ K.N.D.O. များနှင့် ဆက်သွယ်ပြီး လက်တွဲလုပ်ဆောင်ရန် ကတိပြုထားသည်။ အစီအစဉ်များကိုလည်း အကြံ ပြုထားသည်။ သို့သော် တပ်ဖွဲ့များသည် အကြံပြုသည့်အတိုင်း လုပ်ဆောင်ခြင်း မပြုဘဲ ထင်ရာစိုင်း လုပ်ဆောင်မှုတို့ကြောင့် အကြံအစည် မအောင်မြင်ဘဲ ဖယိုဖရဲ ဖြစ်ကုန်ပြီး ဗိုလ်မှူးကြီးမူးဒေလည်း ဒဏ်ရာရရှိကာ ကျဆုံးခဲ့သည်။ ဗိုလ်မှူးကြီးမူးဒေး၏ တပ်ရင်း လည်း ရန်သူ့လူ ဖြစ်ကုန်သည်။ ကရင်တပ်များလည်း ဖယိုဖရဲ ဖြစ်သွားသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒုတိယအကြိမ် တောင်ပိုင်းသို့ ချီတက် တိုက်ခိုက်ခြင်း။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ။

ဗိုလ်မှူးကြီး မင်းမောင် ဦးစီးသည့် တောင်ငူ တပ်မဟာ(၁) နှင့် ကချင်တပ်မှ ဗိုလ်ကြီး နော်ဆိုင်းနှင့် ဗိုလ်ကြီးစံထွန်းတို့ ပူးပေါင်းပြီး ညောင်လေးပင်ကို တိုက်ခိုက်ရာ (၃)ရက်ကြာ တိုက်ခိုက်ပြီး သိမ်းပိုက်နိုင်ခဲ့သည်။ ဆက်လက်ချီတက်ရာ ပြွန်တန်ဆာတွင် ရန်သူများ ခုခံခြင်းမရှိ၊ ဒိုက်ဦးမြို့မှ ခုခံ တိုက်ခိုက်သော်လည်း သိမ်းပိုက် နိုင်ခဲ့သည်။ ဒိုက်ဦးမြို့ကို မီးရှို့ဖျက်ဆီးလိုက်သည်။ ဖောင်တော်သီ မြို့ကလေး ကလည်း ခုခံတိုက်ခိုက် သည်။ သိမ်းပိုက်မီးရှို့ကာ ဆက်လက် ချီတက်သည်။ ကဒုတ် ဘုရားကြီးတွင် ရန်သူက အပြင်းအထန် ခုခံသဖြင့် တိုက်ခိုက် သိမ်းပိုက်ခြင်း မပြုနိုင်ခဲ့ပေ။ ကရင်တပ်များ ရှေ့မတိုး နိုင်ဘဲ ဒဏ်ရာအများအပြားရရှိကာ ဒိုက်ဦးနှင့် ပြွန်တန်ဆာတွင် နေရာပြန်ယူသည်။ ဗိုလ်မှူးစံထွန်းလည်း ဒဏ်ရာရခဲ့သည်။ ရန်သူက ဆက်လက်ပြီး ထိုးစစ်ဆင်ရာ ဒိုက်ဦး၊ ပြွန်တန်ဆာ မှတဖန် ဆုတ်ပေးလိုက် ရသည်။

၈၉။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ။

ကရင်တပ်ဖွဲ့များ တောင်ပိုင်းသို့ ချီတက်တိုက်ခိုက်ရာတွင် မအောင်မြင် သော်လည်း ထောပလိုနှင့် K.N.D.O. (၁၀၀)ကျော်၊ ဗိုလ်ကြီး တာကပေါ နှင့် M.N.D.O. တပ်ဖွဲ့ (၂၀၀)ကျော်တို့သည် အင်းစိန်သို့ စစ်ကူအဖြစ် သွားရောက် ကူညီ တိုက်ခိုက် နိုင်ခဲ့သည်။ ထိုတပ်ဖွဲ့များသည် အင်းစိန်မှ ဆုတ်ခွာခဲ့ရသည်အထိ ပါဝင်တိုက် ခိုက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အထက်ဗမာပြည်သို့ တိုက်ခိုက်ခြင်း

ကရင်တော်လှန်ရေး စတင်ပြီးနောက် ရန်သူက အထက် ဗမာပြည်ရှိ ကရင် စစ်သား (၄၀၀)ခန့်ကို လက်နက်များသိမ်းပြီး မေမြို့ရှိ အကျဉ်းစခန်းတွင် စုပြီး ထိန်းသိမ်း ထားလိုက်သည်။

ကရင်တပ်ဖွဲ့များကလည်း တောင်ငူကို သိမ်းပိုက်ပြီးနောက် ထိန်းသိမ်းကာ ကွယ်ရန်အတွက် သာဝတ္ထိတွင် စခန်းတည်သော ကချင်တပ်ရင်း(၁)မှ ဗိုလ်ကြီးနော်ဆိုင်း အား တာဝန်ပေးပြီး ဆွာမြို့သို့ စေလွှတ်လိုက်သည်။ ၎င်းနှင့်အတူ ကချင်တပ်ရင်း(၁)မှ တပ်ခွဲ တခွဲ၊ ကချင်တပ်ရင်း(၃)မှ တပ်ခွဲ တခွဲတို့ ပါဝင်ခဲ့သည်။ ကရင်-ယူအဲန်ပီ တပ် အားလုံးကိုလည်း နော်ဆိုင်း၏ လက်အောက်တွင် ထားရှိလေသည်။

ထိုအချိန်တွင် အင်းစိန်မှလည်း စစ်ကူတောင်းသည်။ နော်ဆိုင်းအား အကြောင်း ကြားရာ နော်ဆိုင်းက တပ်အားလုံး စစ်ကူအဖြစ်သွားပါက တောင်ငူကို ကာကွယ်ရန်လည်း လိုအပ်သေးသည်။ ထို့အပြင် အထက်ဗမာပြည်တွင် ချုပ်နှောင် ခံထားရသော ကရင် စစ်သားများအား သွားရောက်ကယ်ဆယ်ပါက သင့်တော်မည်ဟု အကြံပြုသည်။
အထက်ဗမာပြည်သို့ သွားရောက် တိုက်ခိုက်ပါက ၎င်းကလည်း ကရင်တပ်နှင့် အတူ ပါဝင် တိုက်ခိုက်မည်ဟု ကတိပေးလေသည်။ ကချင်တပ်များနှင့် ပူးပေါင်းပြီး အထက် ဗမာပြည်ကို တိုက်ခိုက်ရန် သဘောတူပြီးနောက် စစ်ကူအဖြစ် ကရင်တပ်ရင်း (၁)မှ တပ်ခွဲ တခွဲနှင့် K.N.D.O. အချို့ ပူးပေါင်းပြီး ဗိုလ်ကြီးဇော်ဖေ အား အုပ်ချုပ်စေသည်။
၉၀။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ တောင်ငူ။

အထက်ဗမာပြည်သို့ ချီတက်တိုက်ခိုက်သော တပ်ရင်းများမှာ၊
(၁) ကရင် တပ်ရင်း (၁)မှ တပ်ခွဲ (၂)ခွဲ၊
(၂) ကချင် တပ်ရင်း (၁)မှ တပ်ခွဲ (၂)ခွဲ၊
(၃) ကချင် တပ်ရင်း (၃)မှ တပ်ခွဲ (၁)ခွဲ၊
(၄) လက်နက်ကိုင် တပ်ဆင်နိုင်ခြင်း မရှိသည့် K.N.D.O. တပ်သား (၄၀၀) ခန့်၊ ဆေးဝါး၊ လက်နက်ခဲယမ်း၊ သူနာပြုတပ်ဖွဲ့တို့ကို နောက်ပိုင်း ရထား (၂)စီးဖြင့် စေလွှတ်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မင်းလှတွင် တိုက်ပွဲ (၂)နာရီခန့်ကြာပြီး၊ ရန်သူ ဆုတ်ခွာသွားသည်။ စစ်ကြောင်း သည် သာဝတ္ထိသို့ ရောက်ရာ သာဝတ္ထိ၌ ရှိသော ကချင်တပ်ရင်း(၁) ဌာနချုပ်မှ တပ်ရင်း (၁)မှူး ဗိုလ်မှူးကြီးမော်ကောင်းနှင့် ကချင်တပ်ခွဲ(၁)ခွဲ၊ ကရင် စစ်ကြောင်းနှင့် ပူးပေါင်းပြီး လိုက်ပါလာသည်။

ပျဉ်းမနားတွင် တိုက်ပွဲဖြစ်ပြီး၊ ရန်သူ တပ်မှူးသိန်းတုတ် ကို ဖမ်းဆီး ရမိသည်။

ရမည်းသင်းတွင် တိုက်ပွဲဖြစ်ပြီး လက်နက်ပစ္စည်း အမြောက်အများ သိမ်းပိုက် ရရှိသည်။ လက်နက်များအား K.N.D.O. များကို တပ်ဆင်ပေးသည်။

ပျော်ဘွယ်တွင် လက်နက် အသိမ်းခံရသော U.M.P. တပ်ခွဲတခွဲကို သေနတ် တပ်ဆင်ပြီး စစ်ကြောင်းဖြင့် အထက်ဗမာပြည်သို့ လိုက်လာသည်။

ကုန်းသာ၊ မိတ္ထီလာ တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားသည်။ မနက် (၆)နာရီမှ တိုက်ပွဲစတင်ဖြစ်ပွားရာ မွန်းတည့် (၁၂)နာရီမှ ကုန်းသာကို သိမ်းပိုက်နိုင်ခဲ့သည်။ ရန်သူတပ်မှူးများ ဖြစ်ကြသော ဗိုလ်မှူးကြီးမောင်မောင်၊ စောမြသိန်း (U.M.P.)၊ ဗိုလ်မှူး ထွန်းအုံ၊ ဗိုလ်ကြီးရဲမြင့်နှင့် အခြားစစ်ဗိုလ်များလည်း ပါဝင်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့ မွန်းလွဲ (၂)နာရီတွင် ကရင် စစ်ကြောင်းသည် မိတ္ထီလာသို့ ဝင်လာသည်။ မိတ္ထီလာရှိ တပ်မဟာဌာနချုပ်ကို သိမ်း လိုက်ပြီး ဌာနချုပ် တပ်မှူးအားလုံးကို ဖမ်းမိသည်။

၉၁။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်။

ညပိုင်းတွင် လေကြောင်းသယ်ယူပို့ဆောင်ရေး တပ်မတော် လေယာဉ်(၂)စီး၊ မိတ္ထီလာ လေယာဉ် ကွင်းတွင် ဆင်းသက်လာရာ ကရင်တပ်က ဖမ်းဆီးလိုက်သည်။ ထို လေယာဉ် (၂)စီးမှ တစီးကို ကရင်တပ်ရင်း (၁)မှ ဗိုလ်ကြီးစောဦးနှင့် တပ်စု(၁) ကဌင်း၊ ကျန်တစီးကို ဗိုလ်ကြီးနော်ဆိုင်းနှင့် တပ်စုတစုတို့ စီးနင်းပြီး မေမြို့ရှိ ဖမ်းဆီးထားသော ကရင်များအား သွားရောက် ကယ်ဆယ်ရန် အသုံးပြုခဲ့သည်။ ရှေးဦးစွာ လေယာဉ် (၂)စီးသည် မေမြို့အနီး စခန်း လေယာဉ်ကွင်းတွင် ဆင်းသက်ပြီး အနီးစခန်း၌ စောင့်ကြို နေသော တပ်မှူး တပ်သားများနှင့် လက်နက်များကို ဖမ်းဆီး သိမ်းပိုက်လိုက်သည်။ ထို့နောက် တပ်စု (၂)စုနှင့်ပင် ကရင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များအား ထိန်းသိမ်းထားသော စခန်းကို သိမ်းပိုက်ပြီး အားလုံးကို ထုတ်ယူခဲ့သည်။ ထိုကရင် စစ်သားများအား လက်နက်များ တပ်ဆင်ပေးပြီး မေမြို့ တမြို့လုံးကို သိမ်းပိုက် လိုက်သည်။

မိတ္ထီလာတွင်ကျန်ခဲ့သော ကရင်တပ်သားများသည် မိတ္ထီလာ၌ပင် တပ်မဟာ ဌာနချုပ် ထားပြီး ကျန် ကရင်ခွဲ(၃)ခွဲနှင့် ကချင်တပ်ခွဲ (၂)ခွဲတို့ ပူးပေါင်းပြီး မန္တလေးသို့ ချီတက်သွား သည်။ ရန်သူသည် မန္တလေးမြို့ဟောင်းတွင် အပြင်းအထန် ခုခံသော်လည်း နောက်ပိုင်း မြစ်ငယ်တံတားဘက်သို့ ဆုတ်ပြီး ခုခံရန် စီစဉ်သည်။

မြောက်ပိုင်းမှ ဆင်းလာသော ဗိုလ်ကြီးအက်စ်သိန်းနှင့် အင်အား (၁,၀၀၀) တထောင် ခန့်သည် မြစ်ငယ်တွင် ခုခံသည့် ရန်သူတပ်ကို ကူညီ တိုက်ခိုက်သဖြင့် ရန်သူ တပ်များ မြစ်ငယ်မှ အားလုံး ဆုတ်ခွာသွားရသည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်၊ မတ်လ (၁၂)ရက် နေ့တွင် မန္တလေးမြို့ကို သိမ်းပိုက် အောင်မြင်ခဲ့သည်။ မန္တလေးမြို့သည် ကရင်များတောင်းဆိုသော ဒေသများတွင် ပါဝင်ခြင်းမရှိသဖြင့် ကွန်မြူနစ်နှင့် ရဲဘော်ဖြူများ လက်သို့ အပ်လိုက်လေ သည်။ မန္တလေးမြို့ကို သိမ်းပိုက်ပြီး ကရင်တပ်များ မိတ္ထီလာသို့ ပြန်ဆင်း လာသည်။

မေမြို့ကို ရန်သူက ပြန်လည်သိမ်းပိုက်ခြင်း

ဗိုလ်မှူးကြီးအောင်ပွဲ ဦးစီးသည့် အင်အား (၁,၀၀၀)ခန့် မန္တလေးသို့ ဆင်းလာ သောအခါ ရန်သူသည် မေမြို့ကို ပြန်လည် တိုက်ခိုက်သည်။ ကျန်ရစ်သော ကရင် တပ်ဖွဲ့များက ခုခံကာ ကွယ် တိုက်ခိုက်သည်။ မေမြို့တွင်ရှိသော ကရင်တပ်ဖွဲ့အား ကူညီရန် တပ်ခွဲ(၁)ခွဲကို စစ်ကူ အဖြစ် ပို့လိုက်သည်။ သို့သော်လည်း ရန်သူ အင်အားမှာ အလွန်ကောင်းမွန်ပြီး မေမြို့တွင် ကျန်ခဲ့သော တပ်ဖွဲ့များမှာ ရန်သူလောက် အင်အား မများချေ။ K.N.U. ဗဟို အမိန့်နှင့် တောင် ပိုင်းသို့ အားလုံးဆင်း လာရန် ဖြစ်သော်လည်း အမြင်မတူမှုများလည်း ပေါ်ပေါက်နေသည်။ ထိုအခါ ဗိုလ်ကြီးအက်စ်သိန်း ဦးစီးသော ကရင်တပ်အင်အား (၄၀၀)ကျော် စစ်ကြောင်း တ ကြောင်းတည်း ဆင်းလာသည်။ ကျန် တပ်ဖွဲ့များအား ဗိုလ်မှူးကြီးချစ်ခင် လက်ထဲသို့ လွှဲအပ် ခဲ့သည်။ ဗိုလ်မှူးကြီး ချစ်ခင်မှာ ရန်သူနှင့် အဆက်အသွယ်ယူပြီး အားလုံး လက်နက်ချ လိုက် ကြသည်။ ဗိုလ်မှူးကြီး အက်စ်သိန်း လည်း တောင်ကြီး၊ လွိုင်ကော်ကို ဖြတ်ပြီး နောက်ဆုံး တောင်ငူသို့ ရောက် လာသည်။ ချီတက်ရာ လမ်းတလျှောက်တွင် ရှမ်းစော်ဘွားများ၏ အကူအညီကြောင့် တောင်ငူ သို့ ချောချောမောမော ရောက်လာခြင်းဖြစ်သည်။

၉၂။ ၁၉၄၉ ခုနှစ် မတ်လ (၁၂)ရက်နေ့တွင်၊ မန္တလေးမြို့ကို သိမ်းပိုက်သည်။ မန္တလေးကို သိမ်းပိုက်နိုင်ခဲ့သော တပ်များသည် မိတ္ထီလာတွင် ပြန်လည် စုရုံး ကြသည်။ ဆက်လက်ပြီး သာစည်ကို တိုက်ခိုက်သည်။ သာစည်မှာ ဂျပန်ခေတ်က ခံကတုတ်များဖြင့် အခိုင်အမာ ခံစစ်ကောင်းကောင်း ပြင်ထားသည်။ ရန်သူက အထက် ဗမာပြည် ရှမ်းပြည်မှ တပ်များကိုခေါ်ယူပြီး အင်အားဖြည့် ထားသည်။ ထို့ကြောင့် ကရင်စစ်ကြောင်းက သာစည်ကို (၄)ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့သော်လည်း မအောင်မြင် ခဲ့ပေ။ အထိအခိုက်များစွာ ရှိခဲ့သည်။ ထို့နောက် အင်းစိန်မှ စစ်ကူ လိုသောကြောင့် ဆက်လက် မတိုက်တော့ဘဲ တောင်ပိုင်းသို့ ကား ဖြင့် ဆင်းလာသည်။ ဤတပ်သည် တောင်ငူ သို့ ရောက်ရှိပြီးနောက် တောင်ဘက်သို့ ဆက်လက် ချီတက်ခဲ့သည်။

ကရင်များနှင့် တွဲဘက်တိုက်ခိုက်ခဲ့သော နော်ဆိုင်း၏ တပ်ဖွဲ့များသည် တဆင့်ပြီး တဆင့် ဒိုက်ဦး၊ ညောင်လေးပင်မှ တောင်ငူသို့ ပြန်လည်ရောက်ရှိလာသည်။ ကချင်ပြည်သို့ ပြန်ပြီး စစ်တိုက်ရန် တောင်းဆိုသဖြင့် ခွင့်ပြုလိုက်သည်။ နော်ဆိုင်းတပ်တွင် ကချင် စစ်သားများအပြင် ကရင်စစ်သားအချို့ပါသည်။ နော်ဆိုင်း တပ်ဖွဲ့သည် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ တို့ကို တိုက်ခိုက်ပြီး တောင်ကြီးသို့ ရောက်သွားသည်။ ဆက်လက်ပြီး ရှမ်းပြည် မြောက်ပိုင်း၊ လားရှိုး၊ ကွတ်ခိုင်၊ နန့်ခမ်း မြို့များကို ချီတက် တိုက်ခိုက်သည်။ ရန်သူ့တပ်မှ သူ့အား အပြင်းအထန် လိုက်လံ တိုက်ခိုက်သောကြောင့် ၎င်းတပ်ဖွဲ့သည် နောက်ဆုံး တရုတ်ပြည်ထဲ ဝင်ရောက် ဆုတ်ခွာသွားရသည်။ ၎င်းနှင့်အတူ ကရင်စစ်သား အချို့နှင့် ဆေးဆရာမ သူနာပြုများလည်း ပါဝင်သည်။

မြစ်ဝကျွန်းပေါ်၌ ဖြစ်ပွားသည့် တိုက်ပွဲ အခြေအနေ

၉၃။ ပြည်မြို့တွင် အခြေစိုက်သည့် ကရင်တပ်ရင်း (၂)သည် လက်နက်ကိုင် တော်လှန်ရေး စစ်ချင်း ပါဝင်လှုပ်ရှားခြင်း မပြုနိုင်ပေ။ အိမ်ထောင်သည် မိသားစုအားလုံး အတူ ရှိနေခြင်းနှင့် မိသားစုများ ကြိုတင်နေရာချထားရေးကိုလည်း မပြုနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် ဒေသတွင်း ဖြန့်ကျက်ထားသည့် တပ်ခွဲများအား ပြန်လည် စုစည်းရခြင်းနှင့် အလုံတွင် အခြေစိုက်သည့် U.M.P. တပ်ရင်း (၂၁)မှ ကရင် စစ်သားများ၏ အခြေအနေ ကိုလည်း စောင့်ကြည့်နေရသည်။ မည်သည့် အခြေအနေ၌ ဖြစ်စေ ကရင်တပ်ရင်း(၂) သည် မော်တော်ယာဉ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အစီး (၂၀၀)ကျော်ဖြင့် ပြည်မြို့မှ ထွက်ခွာလာနိုင်ခဲ့သည်။ ရန်သူသည် ပြည်နှင့် လက်ပံတန်းရှိ တံတားများကို ဖျက်ဆီးထားသဖြင့် အလျင်အမြန် ဆင်းမလာနိုင်ခဲ့ပေ။ လမ်းတလျောက်လုံး ရန်သူက ဖြတ်တောက် တိုက်ခိုက်ခဲ့သည်။ မိသားစုများပါသဖြင့် အင်အား ထက်ဝက်မျှ မိသား စုဝင်များကို စောင့်ရှောက်နေရပြီး ကျန် ထက်ဝက်ခန့်ဖြင့်သာ တိုက်ပွဲဝင်ကြရသည်။ အောင်ဘာလေကုန်းသို့ ရောက်သောအခါ ရန်သူက လေယာဉ်ဖြင့် ဗုံးကြဲ တိုက်ခိုက်ပြန်သဖြင့် နေ့ဘက်တွင် ခရီးမသွားနိုင်ဘဲရှိသည်။ ညဘက်တွင်လည်း ချက်ပြုတ်ရန် နှင့် အအေးဒဏ်ကြောင့် အခက်အခဲ ရှိပြန်သည်။ နေ့ဘက်တွင် ရန်သူကို တိုက်ရ ပြန်သည်။ ကြို့ပင်ကောက်သို့ ရောက်ရှိသောအခါ B.D.F. (Burma Defence Force) မှ ဗိုလ်မင်းလွင် နှင့် ဗိုလ်ချစ်ဦးတို့ ဦးစီးသည့် တပ်ခွဲ(၂)ခွဲ၏ ခုခံမှုကို အောင်နိုင်ခဲ့သော်လည်း လေယာဉ်နှင့် ဗုံးကြဲ တိုက်ခိုက်သဖြင့် မော်တော်ယာဉ် အချို့နှင့် တင်ဆောင်လာသော လက်နက်ခဲယမ်းများ မီးလောင် ပျက်စီးခဲ့သည်။ ဤ စစ်မြေပြင်တွင် ရန်သူတပ်မှူးများဖြစ်သော စန်းယု၊ စိန်မြ၊ ကျော်ထင် တို့ ကိုယ်တိုင် ရှေ့တန်းသို့ လာရောက်ဦးစီးကြသည်။ တိုက်ပွဲများ ပြင်းထန်ပြီး ရန်သူတပ်မှ ဆုတ်ခွာမည် အပြုတွင် မြစ်ဝကျွန်းပေါ်မှ ရန်သူတပ်များ သာယာဝတီမှတဆင့် ကြို့ပင်ကောက်သို့ ရောက်လာသည်။ စစ်ကူကြောင့် ကစဉ့်ကလျား ဖြစ်ပြီး တပ်ဖွဲ့အချို့ ပဲခူးရိုးမသို့ ဆုတ်ခွာ သွားသည်။

၉၄။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် တပ်ရင်းမှူးမြမောင်၊ ဒုတိယ တပ်ရင်းမှူး ထွန်းမောင်၊ တပ်ရင်းထောက်ပံ့ရေးမှူး ဗိုလ်ဂျိုး နှင့် အခြားတပ်မှူးများနှင့် အိမ်ထောင်သည် စုစုပေါင်း (၂၀၀)ကျော်ကို ရန်သူက ဖမ်းမိပြီး အားလုံးကို ရန်ကုန်သို့ ပို့လိုက်သည်။ ဤ စစ်ကြောင်းသည် လမ်းတလျောက် လက်နက်ကြီးများကို မသုံးဘဲ ရန်ကုန်မြို့ကို တိုက်ခိုက် သိမ်းပိုက်ရန် ချန်လှပ်ထားသော တပ် ဖြစ်သည်။

မြစ်ဝကျွန်းပေါ်မှ K.N.D.O. တပ်ဖွဲ့ အသီးသီးတွင် အချို့ အင်းစိန်တွင် ပါဝင် ကြပြီး ကျန်ရှိသော တပ်ဖွဲ့များသည် ဗမာပြည် လွတ်လပ်ရေး မတိုင်မီကတည်းက စည်းရုံး တော်လှန်ခဲ့သော အလံနီ ကွန်မြူနစ်ပါတီဝင်များနှင့်ငင်း အလံဖြူများနှင့်ငင်း လက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်နေကြရသည်။ အလံနီ ကွန်မြူနစ် ကလည်း ကရင်များအား နယ်ချဲ့ လက်ကိုင်တုတ်များဟု သတ်မှတ်ကာ ကရင်အဖွဲ့နှင့် ဘာသာတူ လူထုများကိုပါ သွားလာ ရေး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တွင်ငင်း၊ လုပ်ကိုင် စားသောက်ရေးတွင်ငင်း၊ အနှောက်အယှက် ပေးလေသည်။ အလံနီ ကွန်မြူနစ်ပါတီသည် ကရင်လူမျိုးများအထဲမှ စောဖိုးကြမ်း အမည်ရှိသော ကရင် တဦးကို စည်းရုံးပြီး ကရင်ပြည်သစ်ပါတီအား ထူထောင်စေသည်။ ကရင်တပ်ဖွဲ့များကိုလည်း အနှောက်အယှက် ပြုသောကြောင့် နောက်ဆုံး K.N.D.O. အဖွဲ့မှာ အောက်ပါ ဒေသ များကို သိမ်းပိုက် လိုက်တော့သည်။

ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဒေါင့်ကြီး၊ အဖျောက်၊ ဇကာကြီး၊ ဇလွန်၊ ကျုံပျော်၊ ငါးသိုင်းချောင်း၊ အိမ်မဲ၊ သောင်ကြီး၊ အထောင်၊ ရှားခဲ၊ ရုံးဒေါင့်နှင့် မြို့ငယ် အများအပြားကို တိုက်ခိုက် သိမ်းပိုက်လိုက်သည်။

ဟင်္သာတ အနောက်ဖက်တွင်လည်း စောဘရှိုင်းသည် တကွဲတပြား ဖြစ်နေသော တပ်မှူး တပ်သား များကို စုစည်းမိပြီး၊ မီးရထားလမ်းတလျောက် ဒါးပိန်၊ မြန်အောင်၊ ကြံခင်း ကို သိမ်းပိုက်ထားသည်။ သာယာဝတီ မြောက်ဘက်ဒေသတွင် ကရင်တပ်ရင်း (၂)မှ ဗိုလ်ကြီး စိန်ညိုသည် ကွဲပြားနေသော ကရင်စစ်သားများကို စုစည်းပြီး K.N.D.O. နှင့် ပူးပေါင်းကာ မိုး ညိုကို တိုက်ခိုက်သိမ်းပိုက် လိုက်သည်။ ပြည် မော်တော်ကားလမ်းနှင့် ဧရာဝတီမြစ်အကြားရှိ နယ်မြေများကို တိုက်ခိုက် သိမ်းပိုက် ခဲ့သည်။

နောက်ပိုင်း ကရင်တပ်ရင်းမှ (၁) ဗိုလ်ကြီးဘရှိုင်းသည် ဘောလယ်ကွင်းသို့ ရောက်လာ ပြီး၊ ဘောလယ်ကွင်းကို သိမ်းပိုက်လိုက်သည်။ သာယာဝတီ တောင်ပိုင်း ဒေသ၊ ဟင်္သာတ အရှေ့ဘက်ဒေသ၊ မအူပင်မြောက်ဘက် ဒေသအသီးသီမှ ကရင်များက တိုက်ခိုက် သိမ်းပိုက် နိုင်ခဲ့သဖြင့် (၆)လအတွင်း ကရင်ပြည် တောင်းဆိုသော ဒေသ (မြို့ကြီးအချို့မှ လွဲပြီး) အားလုံးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်
(၆)လအတွင်း နိဂုံးချုပ်ချက်။

(၆) လအတွင်း ကရင်ပြည်တောင်းဆိုသော နယ်မြေအသီးသီးကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

ဖဆပလ အစိုးရသည် ရန်ကုန်မြို့ကွက်ကွက်ကလေးကိုသာ ထိန်းသိမ်း ထားနိုင်သဖြင့် "(၇)မိုင် အစိုးရ"ဟုပင် သတ်မှတ်ခံရသည်။ ကျန်သော နယ်မြေများသည် ကရင်အဖွဲ့နှင့် အလံနီ ကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ တို့၏ အုပ်ချုပ်ရေး ဒေသများအဖြစ် ကျရောက်သွားသည်။

၉၅။ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်္ဘာလ။

ဖဆပလ အစိုးရက နယ်မြေအများအပြားကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီး၊ အရေးကြီးသည့် ကားလမ်း၊ ရထားလမ်းများကိုလည်း ပြန်လည် သိမ်းပိုက်နိုင် ခဲ့သည်။

၉၆။ ဖဆပလ အစိုးရသည် ထန်းတပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဟင်္သာတ နယ်မြေများကို သိမ်းပိုက်နိုင်ပြီး အထက်-အောက် ဗမာပြည် ဒေသများသို့ ကုန်စည်များ တင်ပို့သွားလာ နိုင်သည်။

လွတ်လပ်သော ကရင်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကော်သူးလေ အစိုးရ ဖွဲ့စည်းခြင်း

၉၇။ ၁၉၄၉ ခုနှစ် ဇွန်လ (၁၄)ရက်။

ကော်သူးလေ မြို့တော်အဖြစ် သတ်မှတ်ခဲ့သော တောင်ငူမြို့တွင် ကော်သူးလေ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းချိန်တွင် ဥက္ကဋ္ဌကြီး စောဘဦးကြီးမှာ တောင်ငူမြို့ သို့ပင် ရောက်ရှိလာခြင်း မရှိသေးချေ။ လမ်းခုလတ်၌ပင် ရှိနေသေးသည်။ အစည်းအဝေး ကို အလျင်စလို ကျင်းပခဲ့ခြင်းဖြစ်သည်။ စံနစ်တကျ ရွေးချယ် ခြင်းမရှိ။ အလေးအနက် စဉ်းစား ကာ အစီအစဉ် ရေးဆွဲကာ လုပ်ဆောင်ခဲ့မှုလည်း မဟုတ်ပေ။ အစည်းအဝေး တက်ရောက်သူ များမှာ တောင်ငူသားများသာ ဖြစ်သည်။ ညောင်လေးပင်မှ အချို့ ပါဝင် သည်။ သထုံဒေသမှ ကော်ကဆာ အုန်းဖေညွန့်မှာ စစ်လက်နက်ပစ္စည်းများ လာရောက် ထုတ်ယူခြင်းနှင့် တိုက်ဆိုင်သဖြင့် အစည်းအဝေးသို့ တက်ရောက်ခြင်း ဖြစ်သည်။

ကော်သူးလေ အစိုးရဖွဲ့ရန် ဝန်ကြီးများအား ရွေးချယ်ရာတွင် ပထမဦးဆုံး ပုဂ္ဂိုလ် (၁၂)ဦးကို ရွေးချယ်လိုက်ပြီး ထိုပုဂ္ဂိုလ် (၁၂)ဦးထဲမှ ပုဂ္ဂိုလ်(၈)ဦးကို မဲစံနစ်ဖြင့် ရွေးကောက် တင်မြှောက်သည်။ မဲအရေအတွက် အများဆုံးရရှိသူမှာ သထုံခရိုင်မှ ဦးလှဖေ ဖြစ်သည်။ သို့ရာတွင် ဝန်ကြီးနေရာများကို ရွေးချယ်ရာ၌ စောဘဦးကြီးသည် K.N.U. ၏ ဥက္ကဋ္ဌဖြစ် သဖြင့် ၎င်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။ ကော်သူးလေ အစိုးရ အဖွဲ့မှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) ဝန်ကြီးချုပ် စောဘဦးကြီး (ဗဟို)၊
(၂) နိုင်ငံခြားရေးဝန်ကြီး ဦးလှဖေ (သထုံခရိုင်)၊
(၃) ပြည်ထဲရေးဝန်ကြီး စောဖိုးမောင် (ညောင်လေးပင်ခရိုင်)၊
(၄) ကာကွယ်ရေးမှူး ကော်ကဆာ ရွှေလေး (တောင်ငူ)၊
(၅) ဘဏ္ဍာရေးမှူး ကော်ကဆာ ထူးရာအူး (တောင်ငူ)၊
(၆) လယ်ယာနှင့် သစ်တော စောစိန်တင် (တောင်ငူ)၊
(၇) ပညာရေးမှူး ပဒိုဘထွန်း (တောင်ငူ)၊
(၈) လမ်းပန်းဆက်သွယ်ရေး စောဂျွန်ဆင်ဒီဖိုးမင်း (တောင်ငူ)၊
နှင့်သယ်ယူပို့ဆောင်ရေး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှတ်ချက်။ ။ နောက်ပိုင်း “ကော်ကဆာ ရွှေလေး”သည် တောင်ငူ တပ်မဟာ၏ တပ်မဟာမှူးတာဝန်ကို ထမ်းဆောင်ပြီး ဗိုလ်ချုပ်မင်းမောင်သည် ကာကွယ်ရေး ဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၉၈။ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့ကို ကော်သူးလေ အစိုးရဖွဲ့စည်းသောနေ့ အဖြစ် ထုတ်ပြန်လေသည်။ (ကော်သူးလေနေ့အဖြစ်) "ကော်သူးလေ"ကို လွတ်လပ်သော ကရင်ပြည်အဖြစ် သတင်းထုတ်ပြန် ကြေညာသည်။ နောက်တနေ့တွင် နိုင်ငံခြား အသံလွှင့် ဌာနဖြစ်သော "B.B.C., A.I.R. All India Radio, ပါကစ္စတန်၊ ဩစတြေးလျရှိ အသံလွှင့်ဌာန များ"ကလည်း "ကော်သူးလေအစိုးရ ဖွဲ့စည်းကြောင်း"ကို ကြေညာခဲ့သည်။ ကော်သူးလေ လက်နက်ကိုင်အဖွဲ့ကို K.A.F. အဖြစ် ဖွဲ့စည်းလိုက်ပြီး စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်မင်းမောင် ဖြစ်သည်။

ကော်သူးလေ စစ်ဦးစီးချုပ် လက်အောက်တွင် အရှေ့တိုင်း၌ -

ကရင်နီ တပ်မဟာ၊

တောင်ငူ တပ်မဟာ၊

ညောင်လေးပင် တပ်မဟာ၊

သထုံ တပ်မဟာ၊

မော်လမြိုင် တပ်မဟာ ဟူ၍ သတ်မှတ်ထားသည်။

မြစ်ဝကျွန်းပေါ်၌မူ ကော်သူးလေ အစိုးရလက်အောက်တွင် ကိုယ်ပိုင် လွတ်လပ် စွာ ဆောင်ရွက်ခွင့် ပြုထားသည်။

၉၉။ ၁၉၄၉ ခုနှစ်၊ ဇွန်လကုန်၌ အစည်းအဝေးတခု ခေါ်ယူပြီး မြစ်ဝကျွန်းပေါ် တပ်မဟာကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

(၁) တပ်မဟာ (၁) ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ

တပ်မဟာမှူး ဗိုလ်မှူးကြီး ကျော်မြသန်း။

(၂) တပ်မဟာ (၂) ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်

တပ်မဟာမှူး ဗိုလ်မှူးကြီး ဗိုလ်ပု၊ ဗိုလ်ဂျက်။

(၃) တပ်မဟာ (၃) ဟံသာဝတီနှင့် မအူပင် တောင်ပိုင်းနယ်မြေ

တပ်မဟာမှူး ဗိုလ်မှူးကြီး သိန်းအောင်။

(၄) တပ်မဟာ (၄) ဟသ်ာတနှင့် သာယာဝတီခရိုင်

တပ်မဟာမှူး ဗိုလ်မှူးကြီးဘသော်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၀၀။ ၁၉၄၉ ခုနှစ် စက်တင်ဘာ။

၁၉၄၉ ခုနှစ် ဇွန်လ(၁၄)ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ကော်သူးလေ အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး၊ “ကော်သူးလေ စစ်အုပ်ချုပ်ရေး”ကို ချမှတ်လိုက်ပြန်သည်။

စစ်အုပ်ချုပ်ရေး၏ ဖွဲ့စည်းပုံမှာ၊

စစ်သေနာပတိချုပ်	စောဘဦးကြီး၊
စစ်ဦးစီးချုပ်	ဗိုလ်ချုပ်မင်းမောင်၊
စစ်အတွင်းဝန်	ဦးစောလုံ၊
ဒုတိယ စစ်ဦးစီးချုပ်	ဗိုလ်မှူးကြီးအယ်လ်မိုး၊
Adjudent General	ဗိုလ်မှူးကြီးကျော်ငြိမ်း၊
Quarter Master	ဗိုလ်မှူးအောင်ပွဲ၊

တပ်မဟာမှူးများ

တပ်ရင်းမှူးများ

မြို့ပြ အုပ်ချုပ်ရေးဝန်

အထက်တန်းမြို့ပြ အုပ်ချုပ်ရေးအရာရှိ

မြို့ပြ အုပ်ချုပ်ရေး အရာရှိ

ကော်သူးလေ စစ်အုပ်ချုပ်ရေး၊ တပ်မဟာနှင့် ခရိုင်အဆင့်။

1.	Bde	Brigade	တပ်မဟာ၊
2.	Brig	Brigadiers	တပ်မဟာမှူး၊
3.	B.M	Brigade Major	တပ်မဟာရုံးထိုင်မှူး၊
4.	B.N	Battalion	တပ်ရင်း၊
5.	C. O	Commanding officer	တပ်ရင်းမှူး၊
6.	SCAO	Senior Civil Affairs Officer	အထက်တန်း

အရပ်ဘက်ရေးရာ အရာရှိ၊

7.	CAO	Civil Affair Officer	အရပ်ဘက်ရေးရာ အရာရှိ၊
8.	F	Forestry	သစ်တော၊

9. J Judicial တရားရေး၊

11. G.A General Admin အထွေထွေအုပ်ချုပ်ရေး၊

12. Ed Education ပညာရေး၊

13. R & T Revenue and Tax အခွန်အကောက်၊

14. T & C Transport and Communication
သယ်ပို့နှင့် ဆက်သွယ်ရေး၊

စစ်အုပ်ချုပ်ရေး ချမှတ်ပြီးနောက် လက်နက်ကိုင် တော်လှန်ရေးကာလ စစ် အုပ်ချုပ်ရေး နယ်မြေအတွင်းတွင် မည်သည့်အဖွဲ့အစည်းမျှ ဖွဲ့စည်းခြင်းမရှိရဟု အမိန့် ထုတ် ပြန်ခဲ့သည်။ နိုင်ငံရေး အဖွဲ့အစည်းနှင့် နိုင်ငံရေး ဦးဆောင်မှုလည်း မရှိ တော့ချေ။

၁၀၁။ ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ (၁၇)ရက်နေ့ မြစ်ဝကျွန်းပေါ် ရေသာကုန်း အစည်းအဝေးမှ K.N.U. အစည်းအရုံးအား ပြန်လည် ဖွဲ့စည်းခဲ့ပြီး၊ မန်းဘဇန်အား ဥက္ကဋ္ဌ တင်မြှောက်သည်။ K.N.U. ကို ကရင့်တော်လှန်ရေး၏ ကျောရိုး မဏ္ဍိုင်အဖြစ် သဘောထားကြသည်။

၁၀၂။ ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်သူသည် ဒိုက်ဦး၊ ပြွန်တန်ဆာကို တိုက်ခိုက် သိမ်းပိုက်သည်။

၁၀၃။ ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ (၁၉)ရက်နေ့ ညောင်လေးပင် ကို သိမ်းသည်။

၁၀၄။ ၁၉၅၀ ခုနှစ် မတ်လ (၁၅)ရက်နေ့တွင် ကော်သူးလေ မြို့တော် တောင်ငူကို သိမ်းသည်။ ကရင်တပ်ဖွဲ့များ စစ်တောင်းမြစ် အရှေ့ဖက်ကမ်းသို့ ဆုတ်ခွာခဲ့ ရသကဲ့သို့ ကွန်မြူနစ်တပ်ဖွဲ့များလည်း တောထဲသို့ ရှောင်ပြေးခဲ့ရသည်။

၁၀၅။ ၁၉၅၀ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် ဗိုလ်ချုပ်စိုင်းကေ ညောင်လေးပင် တပ်မဟာ ဌာနချုပ်ဖြစ်သော လယ်ထကွီးသို့ ရောက်ရှိလာသည်။ လယ်ထကွီးတွင် ရက်အနည်းငယ် နေထိုင်ပြီးနောက် ကျောက်ကြီးဘက်သို့ ခရီးဆက်ရာ ကော်သူးလေ စစ်ဦးစီး ဌာနချုပ်ရှိရာ ပသီချောင်းသို့ ရောက်ရှိသွားသည်။ ဥက္ကဋ္ဌကြီးက ကော့ကရိတ်၊ မော်လမြိုင်သို့ ခရီးသွားနေသဖြင့် မတွေ့ရပေ။ သို့သော် ဖာပွန် ကွန်ဂရက်ကို ဇွန်လ (၁၇)ရက်နေ့မှ (၁၉) ရက်နေ့အထိ ကျင်းပမည်ကို ကြိုတင် ပြင်ဆင်ရန် ညွှန်ကြားချက် ပေးထားခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၀၆။ ၁၉၅၀ ခုနှစ်၊ ဇွန်လ။

ပသီချောင်း ကော်သူးလေ စစ်ဌာနချုပ်တွင် ဗိုလ်ချုပ်စိုင်းကေနှင့် စစ်ခေါင်း ဆောင်များဖြစ်သော ဗိုလ်ချုပ်မင်းမောင်၊ စောဖော်လ်ဖေါ်၊ ဗိုလ်မှူးကြီးရွှေလေး၊ ပဒို ဘထွန်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်စိုင်းကေက (K.N.U.) အဖွဲ့ကို ပြန်လည် ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ မြစ်ဝကျွန်းပေါ်တွင်လည်း ဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ သူ အရှေ့တိုင်းသို့ လာရောက်ရခြင်းမှာလည်း K.N.U. ကို ပြန်လည် ဖွဲ့စည်းရေးပင် ဖြစ်ကြောင်း ရှင်းပြသည်။ ထိုအခါ စောဖော်လ်ဖော်က (မြို့အုပ်ချုပ်ရေးဝန်)၊ (ဗိုလ်မှူးချုပ် အရပ်ဖက် အုပ်ချုပ်ရေး) မြို့ပြ အုပ်ချုပ်ရေးမှူးချုပ်၏ ညွှန်ကြားချက်ကို ထုတ်ပြန်သည်။ ညွှန်ကြားချက်အရ စစ်ကာလအတွင်း မည်သည့်အဖွဲ့အစည်းမှ ဖွဲ့စည်း လှုပ်ရှားမှု မပြုရဟူ၍ ဖြစ်သည်။

ဖာပွန်ကွန်ဂရက် ၁၉၅၀ ဇူလိုင် (၁၇ - ၁၉)

၁၀၇။ ၁၉၅၀ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့မှ (၁၉)ရက်နေ့အထိ။
ဖာပွန်ကွန်ဂရက်ကို ကျင်းပသည်။ ဥက္ကဋ္ဌကြီး စောဘဉီးကြီး ကိုယ်တိုင် မိန့်ခွန်း ပြောကြားသည်။ သူ၏ မိန့်ခွန်းတွင် ကရင့်တော်လှန်ရေးသည် ပထမဆုံး အကြိမ်ဖြစ်ပြီး နောက်ဆုံး အကြိမ်လည်း ဖြစ်ကြောင်း။
- ကရင့်တော်လှန်ရေးသမားများအားလုံး ရန်ကုန်သို့ဆင်းပြီး လည်စင်းခံခြင်း မပြုပါက တော်လှန်ရေးသည် မရှုံးနိုင်ကြောင်း၊
- ကရင်ပြည် ရရှိရန် နည်းလမ်း (၃)သွယ် ရှိကြောင်း၊
၁။ ရန်သူက စေတနာရှိ၍ ပေးခြင်း၊
၂။ ရန်သူကို အနိုင်တိုက်နိုင်ခြင်း၊
၃။ ပြည်တွင်းပြည်ပ အခြေအနေ တွန်းဆော်မှုကြောင့် ကရင်ပြည်ရရှိခြင်းတို့ ဖြစ်သည်။
- တော်လှန်ရေး၏ အဓိက အင်အားသည် ပြည်သူလူထုသာ ဖြစ်သည်။
- ပြည်သူလူထုက မိမိတို့အား ကြောက်ချစ် ရှိသေရမည်။
- တော်လှန်ရေးသမားအားလုံး အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်ပြီး ပြုပြင်ရမည်။

၁၀၈။ ၁၉၅၀ ခုနှစ်၊ ဖာပွန် ကွန်ဂရက် အစည်းအဝေး။
“K.N.U. ကို ဖွဲ့စည်းပြီး တော်လှန်ရေး၏ ကျောရိုး မဏ္ဍိုင်အဖြစ် ထားရှိရန်” အဆိုကို ဗိုလ်ချုပ်စိုင်းကေ (မြစ်ဝကျွန်းပေါ် ကိုယ်စားလှယ်)က တင်သွင်းရာ စကောလယ် တော (မြစ်ဝကျွန်းပေါ်ကိုယ်စားလှယ်)က ထောက်ခံဆွေးနွေးသည်။ ကိုယ်စားလှယ် အတော်များများက အဆိုကို ထောက်ခံကြသည်။ သို့သော် ဗိုလ်ကြီး အေစိုးမြင့် (ALPHONSO) က အပြင်းအထန် ကန့်ကွက်ခဲ့သည်။ K.N.U. ဖွဲ့စည်းရေး အဆိုအတွက် တမနက်လုံး အချိန်ကုန်ခဲ့သည်အထိ ဆွေးနွေးခဲ့သည်။ အဆိုကို မဆုံးဖြတ် နိုင်သေးဘဲ ရှိနေသည်။ နေ့လည်ပိုင်း ရောက်သောအခါ ဗိုလ်ချုပ်စိုင်းကေက ထပ်မံ၍ အဆိုကို တင်သွင်းပြန်သည်။ ကန့်ကွက်သူက ကန့်ကွက်ခဲ့ကြသည်။ ကန့်ကွက်ရာတွင် စကားလုံး အသုံးအနှုန်းများမှာ ပိုမို ကြမ်းတမ်းလာသဖြင့် နောက်ဆုံးတွင် ဗိုလ်ချုပ်စိုင်းကေမှပင် အဆိုကို ပြန်လည် ရုပ်သိမ်းခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖာပွန်ကွန်ဂရက် ဆုံးဖြတ်ချက်များ

၁၀၈။ (က) ဖာပွန် ကွန်ဂရက် အဆုံးအဖြတ်များ။

၁။ ကော်သူးလေမြို့တော်အား မော်ချီးမှ ဖာပွန်သို့ ပြောင်းရွှေ့ရန်၊

၂။ သထုံ တပ်မဟာအား တပ်မဟာ (၂)ခု ပြန်လည် ဖွဲ့စည်းရန်၊

သံလွင် အနောက်ဘက် တပ်မဟာနှင့် သံလွင် အရှေ့ဘက် တပ်မဟာဖြစ်၊

သံလွင် အရှေ့ဘက် တပ်မဟာကို ဖာပွန်တပ်မဟာဟု ခေါ်ဆိုပြီး တပ်မဟာမှူးအဖြစ်

ဗိုလ်မှူးကြီးတာကပေါကို ထားရန်။ (သထုံ တပ်မဟာကို ဗိုလ်စိုးမှ တာဝန်ယူသည်။)

၃။ နိုင်ငံရေး သင်တန်းဖွင့်လှစ်ရန်။

၄။ ကျေးရွာ သမဝါယမ အသင်းများဖွဲ့စည်းရန်။

၅။ ဗိုလ်ချုပ်စိုင်းကေအား ဥက္ကဋ္ဌကြီး စောဘဦးကြီး၏ ကိုယ်ရေး အတွင်းဝန်အဖြစ်

ရွေးကောက် တင်မြှောက်သည်။

ဖာပွန်ကွန်ဂရက်တွင် K.N.U. အား ပြန်လည် ဖွဲ့စည်းရန် အဆို မအောင်မြင် သည့်အတွက်

ကွန်ဂရက်၏ ရည်ရွယ်ချက် မအောင်မြင်ဟု ပြောနိုင်ပါသည်။ သို့သော် မြစ်ဝကျွန်းပေါ်

ကိုယ်စားလှယ် (၃)ဦးမှာ စောဘဦးကြီးနှင့်တွေ့ဆုံပြီး၊ K.N.U. အစည်း အရုံးကို အရှေ့တိုင်း၌

ပြန်လည် ဖော်ထုတ်ရေးအတွက် အောက်ပါအတိုင်း တာဝန်များ ခွဲဝေကြသည်။

K.N.U. ဖွဲ့စည်းရေး၊

၁) သထုံနှင့် မော်လမြိုင် ခရိုင်၊ ဗိုလ်ချုပ် စိုင်းကေ၊

၂) ညောင်လေးပင် ဒုက္ခသည် နှစ်သောင်းအား ကူညီရန် စကောလယ်တော၊

၃) တောင်ငူ ခရိုင် စစ်ဦးစီး ဌာနချုပ်ကို မော်ချီးမှ ဖာပွန်သို့ ပြောင်းရွှေ့မည်ကို ကူညီ

ရန် ဗိုလ်ရောလေ တို့ဖြစ်သည်။

စောဘဦးကြီး၏ မူ(၄)ချက် ထုတ်ပြန် ကြေညာချက်။

၁၀၈။ (ခ) ၁။ လက်နက်ချစကား အလျဉ်းမပြောရ။

၂။ ကရင့်လက်နက် ကရင့်လက်ထဲမှာ ရှိရမည်။

၃။ ကရင်ပြည် ပြီးပြည့်စုံရမည်။

၄။ ကရင့် ကံကြမ္မာ ကရင် ဖန်တီးခွင့်ရှိရမည်။

ထို မူ (၄)ချက်ကို မော်ချီးရှိ ကော်သူးလေ အသံလွှင့်ဌာနသို့ ပေးပို့ပြီး ၁၉၅၀ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့မှ ဩဂုတ်လ (၂)ရက်နေ့အထိ အင်္ဂလိပ်၊ ကရင်၊ မြန်မာ သုံးဘာသာဖြင့် အသံလွှင့် ထုတ်ပြန်ခဲ့သည်။

ဥက္ကဋ္ဌကြီး စောဘဦးကြီး ကျဆုံးခြင်း

၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့။

၁၀၉။ ဥက္ကဋ္ဌကြီးစောဘဦးကြီးနှင့် ဗိုလ်ချုပ်စိုင်းကေတို့သည် K.N.U. အား ပြန်လည် ဖွဲ့စည်းရန်နှင့် အခြားတော်လှန်ရေး လုပ်ငန်းများ စီစဉ်ဆောင်ရွက်ရန် မော်လမြိုင်ဖက်သို့ ဆင်းသွားသည်။ မိုးရာသီ ဖြစ်၍ မိုးကောင်းပြီး ရေကြီးနေသော အချိန်လည်း ဖြစ်သည်။ ပိုင်ကြဲသို့ ရောက်သောအခါ ခေါင်းဆောင်များနှင့် ရွာသားများက ရေအလွန်ကြီးနေ၍ ခရီးမဆက်ရန် တားသော်လည်း ဥက္ကဋ္ဌကြီးနှင့်အဖွဲ့က ခရီးဆက်လက် ထွက်ခွာခဲ့သည်။ ထို့ကော်ကိုးရွာအနီးရှိ လယ်တဲတခုတွင် တည်းခိုနေစဉ် နဘူး မှ တပ်ဖွဲ့တဖွဲ့သည် ညတွင်း ချင်း ချီတက်ပြီး လယ်တဲကို ဝိုင်းဝန်းထားကာ လက်နက်ချ ခိုင်းသည်။ ဥက္ကဋ္ဌကြီး နှင့် အဖွဲ့က လက်နက်မချဘဲ ခုခံ တိုက်ခိုက် သဖြင့် အားလုံး ကျဆုံးခဲ့ရသည်။

ဤအဖြစ်အပျက်တွင် ဥက္ကဋ္ဌကြီးနှင့်အတူ လူမည်မျှ ကျဆုံး သွားသည်ကို ယနေ့ တိုင် မသိရှိရပါ။ ရန်သူ၏ သတင်းထုတ် ပြန်ချက်အရ ဥက္ကဋ္ဌကြီး၏ အလောင်းကို မော်လမြိုင်သို့ ယူဆောင်သွားပြီး အလောင်းကို ကမ်းခြေမှ (၄)နာရီအကွာတွင် ပင်လယ် ထဲသို့ စွန့်ပစ်ခဲ့သည်။

၁၉၅၀ ခုနှစ်၊ စက်တင်္ဘာလ (၂၄)ရက်။

၁၁၀။ ဥက္ကဋ္ဌ၏ ဇနီးနှင့် ဗိုလ်ချုပ် မင်းမောင်တို့ မှ ဥက္ကဋ္ဌသစ် ရွေးချယ်ရန် မော်ချီးတွင် အစည်းအဝေးတရပ် ခေါ်ယူကျင်းပသည်။ တက်ရောက်သူများမှာ၊

၁။ ဥက္ကဋ္ဌကြီး၏ ဇနီး၊
၂။ ဗိုလ်ချုပ်မင်းမောင်၊ ၆။ ပဒိုဖောလ်ဖေါ၊
၃။ ဂျေဖူးညီ၊ ၇။ ပဒိုဖိုးညော၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၄။ စကောလယ်တော၊ ၈။ ဗိုလ်ကြီးထွေးကျော်၊

၅။ ဗိုလ်ကြီးရောလေ၊ ၉။ ဗိုလ်ကြီးအက်စ်သိန်း တို့ ပါဝင်သည်။

ဂျေဖူးညိုက သဘာပတိအဖြစ် ဆောင်ရွက်ပြီး စကောလယ်တောက မှတ်တမ်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေး တက်ရောက်သူများ အားလုံးက ဦးလှဖေအား ဥက္ကဋ္ဌကြီး စောဘဦးကြီး နေရာကို ဆက်ခံ ဆောင်ရွက်ရန် သဘောတူကြ သည်။ ဦးလှဖေ ဆောင်ရွက်ခြင်း မပြုပါက ဂျေဖူးညိုအား ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရန်၊ သဘောတူ ဆုံးဖြတ်ချက်ကို ဦးလှဖေထံသို့ က/န ပေးပို့ပြီး၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် မေတ္တာရပ်ခံ လိုက်သည်။ ဦးလှဖေ ကလည်း ရှမ်းပြည် ပအိုဝ်းတော်လှန်ရေးကို ကူညီ ရမည်ဖြစ်သဖြင့် ဥက္ကဋ္ဌ နေရာကို လက်ခံနိုင်ခြင်း မပြုနိုင်သဖြင့် ဝမ်းနည်းပါကြောင်း ဦးလှဖေမှ ကြေးနန်း (က/ န)ဖြင့် အကြောင်းပြန်ကြားလေသည်။ ထို့ကြောင့် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဂျေဖူး ညိုသည် ဥက္ကဋ္ဌနေရာကို ဆောင်ရွက်ရန် ဖာပွန်သို့ ဆင်းသွားလေ သည်။

ဂျေဖူးညို ဖာပွန်သို့ ဆင်းသွားသောအခါ ဟံတာသာမွေးက ဥက္ကဋ္ဌ နေရာကို လက်ခံ သဖြင့် ဝမ်းသာကြောင်း၊ က/န (ကြေးနန်း) ပေးပို့လိုက်သည်။ ဆက်လက်ပြီး ကရင့် တော်လှန်ရေး တိုးတက်မှုအတွက် ခင်ဗျားအနေနှင့် ကျေးဇူးပြု၍ K.N.U. အစည်း အရုံး ကို ပြန်လည် ဖွဲ့စည်းပေးပါရန် ပါရှိလေသည်။ ထိုအခါ ဂျေဖူးညိုက K.N.U. အား ပြန်လည် ဖွဲ့စည်းရမည်ဆိုလျှင် မိမိ ဥက္ကဋ္ဌနေရာကို မလုပ်နိုင်ပါ။ ခင်ဗျားတို့သာ ကြည့်လုပ်ကြပါရန် ပြောဆိုပြီး ဖာပွန်သို့ ထွက်ခွာသွားပြီး ဆာမူပါယ်တွင် သွားရောက် နေထိုင်လေတော့ သည်။

၁၁၁။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်၊ (၉)ရက်။

မော်ချီးတွင် အစည်းအဝေးပြုလုပ်ပြီး (၃)လ ကျော်သော်လည်း ဥက္ကဋ္ဌ နေရာကို တာဝန်ယူ မည့်သူ မရှိသေးသဖြင့် ဗိုလ်ချုပ် မင်းမောင်မှ ‘ဆွာလို’ တွင် အစည်းအဝေးတရပ် ခေါ်ဆိုလေ သည်။ တက်ရောက်သော ပုဂ္ဂိုလ်များမှာ၊

ဗိုလ်ချုပ် မင်းမောင် တောင်ငူတပ်မဟာ
ဦးစောလုံ တောင်ငူတပ်မဟာ
ဖောလ်ဖော တောင်ငူတပ်မဟာ
ဘထွန်း တောင်ငူတပ်မဟာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဒိုစူမော်လွီ ညောင်လေးပင် တပ်မဟာ

ပဒိုဘိုရဲ ညောင်လေးပင် တပ်မဟာ

ဆရာမားရယ် (ထီးမူး) ညောင်လေးပင် တပ်မဟာ

ဖူးပွေးထောင် (၇၅)နှစ်သထုံတပ်မဟာ

ပဒိုဦးတုတ် တာကပေါ တပ်မဟာ

(လမ်းခုလတ်တွင် ဖျားနာသဖြင့် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိ)

ဗိုလ်ကြီးသက်ဝါး မော်လမြိုင်တပ်မဟာ

ပဒိုချစ်အောင် မော်လမြိုင်တပ်မဟာ

စကောလယ်တော မြစ်ဝကျွန်းပေါ် တပ်မဟာ

(မြစ်ဝကျွန်းပေါ်တွင် အစည်းအဝေး တက်ရောက်ရန်ဖြစ်။)

ဆုံးဖြတ်ချက်(၁) ပုဂ္ဂိုလ် တဦးတည်းကိုသာ ရွေးချယ်မည့်အစား လူတစုကို ရွေးချယ်ရန် သဘောထားကို အများစုက လက်ခံ အတည်ပြုသည်။

ဆုံးဖြတ်ချက် (၂) ဥက္ကဋ္ဌနေရာ ဆက်ခံမည့်အဖွဲ့ကို KAW THOO LEI SUPREME COUNCIL (KSC) နှင့် KAW THOO LEI GOVERNING BODY (KGB) အမည် နှစ်ခု တင်သွင်းရာ K.G.B. ကို အများလက်ခံ အတည်ပြုသည်။

(K.S.C. ဦးပွေးထောင် အဆိုတင်၊ ဦးစောလုံ ထောက်ခံ)၊ (K.G.B. သက်ဝါး အဆိုတင်၊ ပဒို စူမော်လွီ ထောက်ခံ)။

ဆုံးဖြတ်ချက်(၃) K.G.B. သဘာပတိအဖြစ် ပုဂ္ဂိုလ်တဦးလိုအပ်ကြောင်း အများစုက သဘောတူသဖြင့် အမည် (၃)ဦးတင်သွင်းသည်။ ထို သုံးဦးမှာ ဦးစောလုံ၊ ဦးလှဖေ၊ ဂျေဖူးညို တို့ဖြစ်သည်။ မဲခွဲရာတွင် ဦးလှဖေ အား တင်မြှောက်ရန် ဆုံးဖြတ်သည်။

ပ - ဒု - တ သဘာပတိအဖြစ် စစ်ပွဲကာလဖြစ်သဖြင့် စစ်ဖက်မှ ပုဂ္ဂိုလ်တဦးကို ရွေးချယ်ရန် ဆုံးဖြတ်ပြီး ဗိုလ်ချုပ်မင်းမောင်အား တညီတညွတ်တည်း ရွေးချယ် တင်မြှောက်သည်။

ဆုံးဖြတ်ချက် (၄) စစ်ဒေသဆိုင်ရာ ခေါင်းဆောင်တဦးပါဝင်ပြီး K.G.B. ကို ဖွဲ့စည်းရန် သဘောတူညီချက် ရရှိပြီးနောက် အောက်ပါအတိုင်း ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

၁။ တောင်ငူ စစ်နယ်မြေ ဗိုလ်ကြီးစောလုံ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ညောင်လေးပင် စစ်နယ်မြေ ဆရာမာရှယ်ရွှေ၊

၃။ သထုံ စစ်နယ်မြေ ဦးပွေးထောင်၊

၄။ တာကပေါ စစ်နယ်မြေ ကျော်နီထူး (နောက်ပိုင်း ဗိုလ်ကြီးစံအောင်၊ ထို့နောက်တွင် ပဒိုရွှေထူး တာဝန်ယူ။)

၅။ မော်လမြိုင် စစ်ဒေသ ပဒိုလောရီဖိုးကီး၊

၆။ မြစ်ဝကျွန်းပေါ် စကောလယ်တော (ကြေးနန်းအရ ရွေးသည်)

K.G.B. တွင် ပဒိုလောရီဖိုးကီးအား အမြဲတမ်း အတွင်းဝန်အဖြစ် အစည်း အဝေးမှ သဘောတူ ရွေးချယ်သည်။

- ကရင်နီ ကိုယ်စားလှယ်မှာ ပဒိုဂေးဘတ်ခရာစူး ဖြစ်ပြီး၊
- မွန်ကိုယ်စားလှယ်မှာ နိုင်သိန်းမောင် အား ရွေးချယ်သည်။
- စောဘဦးကြီး၏ အခြေခံ မူလေးချက်ကို အခိုင်အမာ ဆုပ်ကိုင်ပြီး တော်လှန်ရေး လုပ်ငန်းကို ဆောင်ရွက်ရန် တညီတညွတ်တည်း သဘောတူကြသည်။
- K.G.B. အစည်းအဝေး ဆုံးဖြတ်ချက်ကို ပအိုဝ်းဦးလှဖေအား ကြေးနန်းဖြင့် ပေးပို့ပြီး၊

K.G.B. သဘာပတိ အဖြစ်လက်ခံရန် မေတ္တာရပ်ခံလိုက်သည်။ ပိုမိုလေးနက်စေရန် ကြေးနန်းတွင် အဖွဲ့ဝင်အားလုံး လက်မှတ် ထိုးထားသည်။

၁၁၂။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ။

ပအိုဝ်းဦးလှဖေ၏ ပြန်စာတွင် K.G.B. ဥက္ကဋ္ဌအဖြစ် ရွေးချယ်သည်ကို ကျေးဇူး တင်ရှိကြောင်း၊ အထက်ဗမာပြည်ရှိ လုပ်ငန်းများက ပိုမို အရေးကြီးနေသဖြင့် K.G.B. ဥက္ကဋ္ဌ၏တာဝန်ကို လက်ခံခြင်း မပြုနိုင်သည့်အပေါ် ဝမ်းနည်းမိပါကြောင်း၊ ဥက္ကဋ္ဌ နေရာ အတွက် ဒုတိယ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မင်းမောင်ကပင် ဆက်ခံသင့်ကြောင်း၊ ဗိုလ်ချုပ်မင်း မောင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရန် မိမိမှ ဆန္ဒပြုပါကြောင်း၊ K.G.B. အဖွဲ့အား မင်္ဂလာ အပေါင်းနှင့် ပြည့်စုံရန်အတွက် ဆုမွန်ကောင်း တောင်းကာ ဆန္ဒပြု ပါကြောင်း ကြေးနန်း ပြန်လည် ပေးပို့လေသည်။ ဗိုလ်ချုပ်မင်းမောင်ကလည်း မိမိမှာ စစ်သားတယောက် ဖြစ်သဖြင့် နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများအား နားမလည်ကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌ နေရာကို တာဝန်ယူနိုင်မည် မဟုတ်ကြောင်း ငြင်းပယ်လိုက်ပြီး၊ နောက်ဆုံး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောဟန်တာသာမွေးထံသို့ ကြေးနန်းပို့ကာ K.G.B. ဥက္ကဋ္ဌနေရာကို လာရောက် ဆက်ခံရန် မေတ္တာရပ်ခံလေသည်။

၁၁၃။ ၁၉၅၁ ခုနှစ်၊ မတ်လ (၁၈)ရက်။

ဥက္ကဋ္ဌတာဝန်ကို ဟန်တာသာမွေးက လက်ခံပြီး၊ လောလောဆယ်အားဖြင့် မြစ်ဝကျွန်းပေါ် စည်းရုံးရေးလုပ်ငန်းများကို လုံးပမ်းနေသဖြင့် ချက်ချင်း မလာ ရောက်နိုင် သေးကြောင်း၊ ခင်ဗျားတို့ သဘောတူလျှင် အရှေ့တိုင်းသို့မရောက်မီ သူ၏ လုပ်ဖော် ကိုင်ဖက် ဆရာထော ယေး (စကောလယ်တော)အား ယာယီ ဆောင်ရွက်ပေးရန် ကြေးနန်း ပို့လိုက်သည်။ ဗိုလ်ချုပ် မင်းမောင်လည်း ဆရာစကောလယ်တော အား တွေ့ဆုံ ပြီးနောက် ယာယီလက်ခံပေးရန် မေတ္တာရပ်ခံခဲ့သည်။ လုပ်ငန်း စတင် ဆောင်ရွက်ရန်လည်း အထူးလို အပ်နေချိန် ဖြစ်သည်။ စောဘဦးကြီး ကျဆုံးခဲ့သည် မှာ (၇)လကျော် ခဲ့ပြီဖြစ်သည်။

ကော်သူးလေမြို့တော်ကို မော်ချီးမှ ဖာပွန်သို့ ပြောင်းရွှေ့ရန်ကိုလည်း သဘောတူထားပြီး ဖြစ်သည်။ ခေါင်းဆောင်မူပေးမည့်သူ အလျှင်အမြန် လိုအပ်လျက် ရှိသည်။ အစည်းအဝေးမှ ရွေးချယ်တင်မြှောက်မှုသည် အခြေအနေနှင့် ကိုက်ညီမှု မရှိခဲ့ပေ။ ထပ်မံ၍ အစည်းအဝေး သစ်တခုကို ခေါ်ယူပြန်ပါကလည်း အချိန်ကုန် လူပမ်းသာ ဖြစ်ပေမည်။ ထပ်မံ ရွေးချယ်မှုသည် အဆင်ပြေချင်မှ ပြေဦးမည် ဖြစ်သည်။ ထပ်၍ ကိုးယိုး ကားယား ဖြစ်မည်လော၊ ထို့ကြောင့် စကောလယ်တော သည် ကော်သူးလေမြို့တော် ဖာပွန်သို့သွားပြီး K.G.B. လုပ်ငန်း များကို စတင် လုပ်ဆောင် လေတော့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

KAW THOO LEI GOVERNING BODY (K.G.B.)

ပထမအကြိမ် အစည်းအဝေး

၁၁၄။ ၁၉၅၁ ခုနှစ်၊ ဧပြီလ (၄)ရက်။

K.G.B. ပထမအကြိမ် အစည်းအဝေး တက်ရောက်လာသူများ၊

၁။ စကောလယ်တော၊ ယာယီ သဘာပတိ၊

၂။ ပဒိုလောရီဖိုးကီး အတွင်းရေးမှူး၊ (ကဆော၀ါး တပ်မဟာ)၊

၃။ ဆရာမာရှယ်ရွှေ ညောင်လေးပင် တပ်မဟာ၊

၄။ ဖူးပွေးထောင် သထုံ တပ်မဟာ၊

၅။ ဗိုလ်ကြီးကျော်နီထူး တာကပေါ တပ်မဟာ၊

ဆုံးဖြတ်ချက်များ။

၁။ K.G.B. ထုတ်ပြန်ကျေညာချက် ထုတ်ပြန်ခြင်း။

၂။ စာပေးစာယူလုပ်ငန်းစဉ်နှစ်။

၃။ ဗဟို လုပ်ငန်းအတွက် ဝင်ငွေရရှိရန် အောက်ခြေမှ ဝင်ငွေ (၆)ရာခိုင်နှုန်းကို ဗဟိုသို့ ပေးသွင်းရန်။

ဘဏ္ဍာရေးအတွက် ဘဏ္ဍာငွေ ရ/သုံး ရေးဆွဲရေး စည်းမျဉ်းများကို ရေးဆွဲသည်။

၄။ ကော်သူးလေ စစ်အုပ်ချုပ်ရေးကို ဆက်လက်ပြီး အတည်ပြုသည်။

စစ်အုပ်ချုပ်ရေး ခေါင်းဆောင်သစ်များမှာ၊

၁။ ပဒိုဖိုးရဲ CCAO မြို့နယ် အုပ်ချုပ်ရေးမှူးချုပ်၊

၂။ ပဒိုဝီရီကျော် ဘဏ္ဍာရေးမှူး၊

၃။ ပဒိုထောရီ ကာကွယ်ရေးဝန်ကြီး၊

၄။ ပဒိုစောတောက် ပညာရေး အရာရှိချုပ်၊

၅။ ပဒိုဘထွန်း ပြန်ကြားရေး အရာရှိချုပ်၊

၆။ ပဒိုဘအေး သယ်ယူ/ဆက်သွယ်ရေး

၇။ စောဘဦးကြီး၏ ဇနီး ကော်သူးလေအသံလွှင့်ဌာနတာဝန်ခံ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၈။ ခရစ်ယာန် ဘာသာ လက်ထပ်မင်္ဂလာ အက်ဥပဒေကို ရေးဆွဲ အတည်ပြုသည်။

၉။ နိုင်ငံရေး ပို့ချရန် အစီအစဉ် ရေးဆွဲသည်။

၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ K.G.B. အစည်းအဝေး။

၁၁၅။ ၁။ တောင်ငူ စစ်နယ်မြေ ဗိုလ်ကြီးစောလုံ၊
၂။ ညောင်လေးပင် ဆရာမာရှယ်ရွှေ၊
၃။ သထုံ ဖူးပွေထော်၊ (ဖူးပွေးထောင်)
၄။ တာကပေါ် ကျော်နီထူး/ဗိုလ်ကြီးစံအောင်၊
၅။ မော်လမြိုင် ပဒိုလောရေဖိုးကီး၊

၆။ မြစ်ဝကျွန်းပေါ်
တပ်မဟာ (၁) စကောလယ်တော၊
တပ်မဟာ (၂) စောဖိုးချစ်၊
တပ်မဟာ (၃) ဗိုလ်ချုပ်စိုင်းကေ၏ ဇနီး၊
တပ်မဟာ (၄) ဗိုလ်ကျော်ထင်၊
တပ်မဟာ (၅) ပဒိုဝေသော၊
တပ်မဟာ (၆) စောဗျက်ပြယ် (၁၉၅၃)၊
တပ်မဟာ (၇) စောဘဦးကြီး၏ ဇနီး၊(၁၉၅၃)၊

ဌာနဆိုင်ရာ အတွင်းဝန်များ၊
၁။ ပဒိုလောရီဖိုးကီး ပြည်ထဲရေး/ကာကွယ်ရေးနှင့် တရားရေးဝန်။
၂။ ပဒိုဝီရီကျော် ဘဏ္ဍာရေးဌာန အတွင်းဝန်။
၃။ ပဒိုဘထွန်း လူမှုရေးဌာန အတွင်းဝန်။
၄။ ဆရာစကောလယ်တော နိုင်ငံခြားရေးဌာန အတွင်းဝန်။

K.G.B. လုပ်ငန်းစဉ်များ၊
၁။ မော်ချီးမှ ထွက်ရှိသော သတ္တုတန် (၄၀၀)ကို ယူသုံးသည်။
၂။ နိုင်ငံခြားသားများနှင့် ဆက်သွယ်ရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၃။ ကော်သူးလေ အုပ်ချုပ်ရေးကို ရေးဆွဲရန်။

၄။ ဌာနဆိုင်ရာ အသီးသီး၏ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန်။

(ဥပမာ။ ။ သစ်တော၊ လယ်ယာ၊ မြစ်ချောင်း အင်းအိုင်၊ အခွန်အကောက်၊ ဘဏ္ဍာရေး၊ သမဝါယမ နှင့် တရားစီရင်ရေး စသည်တို့ဖြစ်သည်။)

၅။ ကော်သူးလေ တပ်မတော်ကို ဖွဲ့စည်းခြင်း။

အရှေ့တိုင်း အမှတ် (၁) တပ်မ တပ်မမှူး၊ ဗိုလ်ချုပ်ဗလစိန်၊

အရှေ့တိုင်း အမှတ် (၂) တပ်မ တပ်မမှူး၊ ဗိုလ်ချုပ်တာကပေါ၊

မြစ်ဝကျွန်းပေါ် အမှတ် (၁) တပ်မ တပ်မမှူး၊ ဗိုလ်ချုပ်ကျော်မြသန်း၊(ကော်ထူး)၊

မြစ်ဝကျွန်းပေါ် အမှတ် (၂) တပ်မ တပ်မမှူး၊ ဗိုလ်ချုပ်ဗိုလ်ပု။

၆။ နိုင်ငံရေးသင်တန်းအတွက် အစီအစဉ် ရေးဆွဲချမှတ်ရန်။

၇။ ဌာနဆိုင်ရာ လုပ်ငန်းအတွက် စိစစ်ပြီး သင်တန်းများ ပို့ချဖွင့် လှစ်ရန်။

(ကြေးနန်းသင်တန်း၊ ဆေးသင်တန်း၊ ဆရာဖြစ်သင်တန်း၊)

“K.G.B.” ဝါဒသည် ကရင်ဝါဒ (မျိုးချစ်ဝါဒ)၊ ကရင်အမျိုးသားရေးဝါဒမှ မိရိုးဖလာ ဖြစ်သော အမှန်တရားကို နှစ်သက်ခြင်း၊ သန့်ရှင်း စင်ကြယ်ခြင်း ညီအကို မောင်နှမ ချစ် စိတ်ရှိခြင်း အတူတကွ လုပ်ကိုင် နေထိုင် စားသောက်ခြင်း၊ သစ္စာရှိခြင်းတို့ အပေါ်တွင် အခြေခံပြီး လုပ်ငန်းကို အကောင်အထည်ဖော်သည်။

၁၁၆။ အရှေ့တိုင်း ခေါင်းဆောင်များ၊ ၁၉၄၉ ခုနှစ်မှ၊ ၁၉၆၁ ခုနှစ် အထိ၊

၁။ ဗိုလ်ချုပ်မင်းမောင် (တောင်ငူ)၊

၂။ ဦးစောလုံ (တောင်ငူ)၊

၃။ အဲလ်ဖိုးပီ

၄။ ကျော်ငြိမ်း

၅။ အောင်ပွဲ

၆။ အေစိုးမြင့်

၇။ ဗိုလ်ကြီး စူမော်လွီ (ညောင်လေးပင်)၊

၈။ ဗိုလ်ကြီးအောင်သောင်း (ညောင်လေးပင်)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၉။ ဗိုလ်ကြီးထိုရေးဘို (ညောင်လေးပင်)၊
၁၀။ ဗိုလ်ကြီးစောအုန်းဖေ (သထုံ)၊
၁၁။ ကော်ကဆာအုန်းဖေညွန့်(သထုံ)၊
၁၂။ လောရေဖိုးကီး (မော်လမြိုင်)၊
၁၃။ ဗိုလ်ကြီး မေလ်တန်ဝင်း (မော်လမြိုင်)၊
၁၄။ ဗိုလ်ကြီးလော့စ် (ဘိတ်/ထားဝယ်)၊
၁၅။ ဗိုလ်ကြီး မိုက်ကယ်ရွှေ (ဘိတ်/ထားဝယ်)၊
၁၆။ ဗိုလ်ကြီးတာကပေါ
၁၇။ ဗိုလ်ကြီးသဝါး (မော်လမြိုင်)၊
၁၈။ ဗိုလ်ကြီးကျော်နီထူး
၁၉။ ပဒိုဝီရီကျော်
၂၀။ ပဒိုစောတောက်
၂၁။ ပဒိုဘထွန်း
၂၂။ ပဒိုဘအေး
၂၃။ ကျေဖူးညို
၂၄။ ဖောလ်ဖေါ
၂၅။ စိန်အုန်းဖေ
၂၆။ ဆရာမာရှယ်ရွှေ (ညောင်လေးပင်)၊
၂၇။ တောအုပ်ခွါးဒါး (ဖာပွန်)၊
၂၈။ မစ္စတာနာဒီး (ဖာပွန်)၊
၂၉။ စောဘလူ (သထုံ)၊
၃၀။ စောဘဦးကြီး ဇနီး
၃၁။ ပဒိုဦးတုတ် (တာကပေါတပ်မဟာ)၊
၃၂။ ပဒိုဝီလီစော
၃၃။ ဆရာမအဲဒ်နာ
၃၄။ ဆရာဘော်လွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၃၅။ ဖူးပွေးထောင် (သထုံ)၊

၃၆။ ပဒိုချစ်အောင် (မော်လမြိုင်)၊

၃၇။ ဗိုလ်ကြီးဗလစိန်

၃၈။ ဗိုလ်ကြီးစံအောင်

၃၉။ ပဒိုရွှေထူး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြစ်ဝကျွန်းပေါ်တိုင်းဒေသ
စစ်ရေး၊ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေ

၁၁၇။ မြစ်ဝကျွန်းပေါ်တိုင်းဒေသ စစ်ရေး၊ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေ အနေ။
၁၉၄၉ ခုနှစ်၊ ဇွန်လ(၁၄)ရက်။

တောင်ငူတွင် ကော်သူးလေအစိုးရဖွဲ့စည်းခြင်းနှင့် (၃)လအကြာ စက်တင်ဘာလ စစ်အုပ်ချုပ်ရေး ချမှတ်ချိန်တွင် မြစ်ဝကျွန်းပေါ်တိုင်းအတွင်းရှိ ကေအဲန်ယူ ခေါင်းဆောင် များအား အဖွဲ့အစည်း တည်ဆောက်ရေး လုပ်ငန်းများ အုပ်ချုပ်ရေး လုပ်ငန်းများကို လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်သွားရန် အခွင့်အာဏာ ပေးအပ်ထားသည်။ ဗဟို၏ ခွင့်ပြုချက်ကို ရယူ စရာ မလိုအပ်ပါ။

၁၉၄၉ ခုနှစ် ဇွန်လကုန်တွင် ညောင်တုန်းမြို့နယ်အတွင်း အစည်းအဝေး တရပ် ကျင်းပပြီး တပ်မဟာများဖွဲ့စည်းကာ နယ်မြေများကို ခွဲခြားသတ်မှတ်သည်။
တပ်မဟာ (၁)။ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ တပ်မဟာမှူးမှာ ဗိုလ်ချုပ်ကျော်မြသန်း။
တပ်မဟာ (၂)။ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ တပ်မဟာမှူးမှာ ဗိုလ်မှူးကြီးဗိုလ်ပု။
တပ်မဟာ (၃)။ ဟံသာဝတီခရိုင်၊ မအူပင်တောင်ပိုင်းနယ်မြေ၊ တပ်မဟာမှူးမှာ
ဗိုလ်မှူးသိန်းအောင်။
တပ်မဟာ (၄)။ ဟင်္သာတနှင့် သာယာဝတီ၊ တပ်မဟာမှူးမှာ ဗိုလ်ဘသော်။
စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်စိုင်းကေကို ရွေးချယ် တင်မြှောက်သည်။ ၁၉၄၉ ခုနှစ်၊ နောက်ပိုင်းတွင် စောဟန်တာသာမွေးသည် တပ်မဟာ (၅)ကို ဘိုကလေးနှင့် ဖျာပုံနယ် မြေတွင် ဖွင့်လှစ်ခဲ့သည်။ တပ်မဟာမှူးအဖြစ် အောင်စိန် (ခေါ်) ထောမဲ့ပါ ဖြစ်သည်။

၁၉၄၉ ခုနှစ် အလယ်လောက်တွင် တောင်ငူမှ ပြန်လည် ရောက်ရှိလာသည့် ဗိုလ်ကြီး ဘရှိုင်း (ကရင် တပ်ရင်း-၁)သည် ဘော်လယ်ကျွန်းသို့ ရောက်ရှိလာပြီး ဘော်လယ် ကျွန်း၌ “ရိန်းဘိုး”တပ်မဟာကို ဖွဲ့စည်းသည်။ ၎င်းကိုယ်တိုင် တပ်မဟာမှူး တာဝန်ကို ယူခဲ့သည် လူအင်အားမှာ တပ်ရင်း (၁)ရင်းစာသာ ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၄၉ ခုနှစ်အတွင်း “ရိန်းဘိုး” တပ်မဟာမှ ဗိုလ်ကြီးတာနဲမူး သည် သာယာဝတီသို့ ပြန်တက်လာပြီး “တာနဲမူး” တပ်မဟာကို ဖွဲ့စည်းသည်။ သာယာဝတီ၊ အင်းစိန်၊ ဟသ်တ၊ မအူပင် (၄)ခရိုင်ကို ဆက်စပ် နယ်မြေအဖြစ် အခြေခံ ထားသည်။

၁၁၈။ ၁၉၄၉ ခုနှစ်ဇွန်လတွင် မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များ၊

၁။ ဗိုလ်ချုပ်စိုင်းကော၊

၂။ မန်းဘဇန်၊

၃။ ဆရာစိန်ဟန် (မန်းမနိတ်)၊

၄။ ဦးဖိုးတိုး၊

၅။ ဆရာသာမြိုင်၊

၆။ စောဟန်တာသာမွေး၊

တိုင်းဥက္ကဋ္ဌ နှင့် တပ်မဟာမှူးများ၊

၁။ ဗိုလ်ချုပ်ကော်ထူး၊

၂။ ဗိုလ်ချုပ်ဗိုလ်ပု၊

၃။ ဗိုလ်မှူးဘသော်၊

၄။ စောဂျက်၊

၅။ ဗိုလ်ကြီးအော်စဘွန်း၊

၆။ စောမျိုးသွေး၊

၇။ မန်းဖလားစေး (ခေါ်) ဆရာဘာဟု၊

၈။ ပဒိုဟေးလ်ဝေ၊

၉။ မန်းညွန့်လွင်၊

၁၀။ ပဒိုကော်စေး (ခေါ်) မန်းကျော်လွင် (ဗဟိုကော်မတီ)၊

၁၁။ ဗိုလ်မောင်မောင်၊

၁၂။ မန်းဘစော တို့ ဖြစ်ကြသည်။

၁၁၉။ ၁၉၅၀ ခုနှစ် ဇန္နဝါရီလ (၁၇)ရက်နေ့။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြစ်ဝကျွန်းပေါ်တွင် K.N.U. အစည်းအရုံးကို ဖွဲ့စည်းသည်။ ဖွဲ့စည်းပြီးနောက် ဗိုလ်ချုပ်စိုင်းကေသည် စောဘဦးကြီး၏ မှာကြားချက်အရ အရှေ့တိုင်းသို့ တာဝန် ထမ်းဆောင်ရန် ရွေးချယ်ခြင်း ခံခဲ့ရသည်။ K.N.U. ဥက္ကဋ္ဌမှာ မန်းဘဇန်ဖြစ်ပြီး၊ စစ်ဦးစီး ချုပ်မှာ ဗိုလ်ချုပ်စိုင်းကေ ဖြစ်သည်။ ဗိုလ်ချုပ်စိုင်းကေ အရှေ့တိုင်းသို့ ထွက်ခွာ၍ မန်းဘဇန်က စစ်ဦးစီးတာဝန်ကို ယူခဲ့ရသည်။ နောက်ပိုင်းတွင် စောစိန်မှုံက တာဝန် ယူခဲ့သည်။ ၁၉၅၀ ခုနှစ် ဧပြီလတွင် ဗိုလ်ချုပ်စိုင်းကေသည် ပဲခူးရိုးမ တောင်တန်းသို့ ရောက်ရှိလာသည်။ ၎င်းနှင့်အတူ ဗိုလ်ကြီးရောလေနှင့်အတူ စကောလယ်တောတို့ ပါလာသည်။ ပဲခူးတိုင်းကို ပြန်လည်ဖွဲ့စည်းရန် ပြင်ဆင်ခဲ့သည်။ ၁၉၅၀ ခုနှစ် မေလ (၁)ရက် နေ့တွင် ညောင်လေးပင် တပ်မဟာ ဌာနချုပ် ဖြစ်သော လယ်ထကွီးသို့ ရောက်ရှိ လာသည်။

၁၂၀။ ၁၉၅၀ ခုနှစ်၊ မတ်လ။

မြစ်ဝကျွန်းပေါ်“ရိန်းဘိုး”တပ်မဟာနှင့် “တာနဲမူး” တပ်မဟာတို့ကို ဖျက် သိမ်းလိုက်ပြီး တပ်မဟာ (၁)ထဲသို့ ပြန်လည် ဖွဲ့စည်းသည်။

၁၂၁။ ၁၉၅၀ ခုနှစ် ဇွန်လ (၁၇)ရက်နှင့် (၁၉)ရက်အတွင်း ကျင်းပခဲ့သော ဖာပွန် ကွန်ဂရက်သို့ ဗိုလ်ချုပ်စိုင်းကေသည် မြစ်ဝကျွန်းပေါ်တိုင်း ကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့သည်။ ၎င်းနှင့်အတူ တက်ရောက်ခဲ့ကြသော မြစ်ဝကျွန်းပေါ် ကိုယ်စားလှယ် များမှာ၊ စကော လယ်တောနှင့် ဗိုလ်ရောလေတို့ ဖြစ်သည်။ ဖာပွန် ကွန်ဂရက် အစည်း အဝေးတွင် K.N.U. အစည်းအရုံးကို ဖွဲ့စည်း တည်ဆောက်ရန် ဆွေးနွေး တင်ပြခဲ့သည်။ တောင်ငူမှ အေစိုးမြင့်က အပြင်းအထန် ကန့်ကွက်သဖြင့် K.N.U. ဖွဲ့စည်းရေးမှာ မအောင် မြင်ခဲ့ပေ။ စောဘဦးကြီး၏ ကိုယ်ရေးအရာရှိအဖြစ် ဗိုလ်ချုပ်စိုင်းကေကို ညီလာခံမှ ခန့်အပ်ခဲ့သည်။

၁၉၅၀ ခုနှစ် ဩဂုတ်လ (၁၂)ရက်နေ့။

စောဘဦးကြီးနှင့်အတူ နိုင်ငံရေးနှင့် စည်းရုံးရေးလုပ်ငန်းများအတွက် မော်လမြိုင် သို့ ခရီးထွက်ခွာလာရာ လယ်တဲ တခုတွင် တိုက်ခိုက်ခံရပြီးနောက် စောဘဦးကြီး နှင့်အတူ ကျဆုံးခဲ့ရသည်။

၁၂၂။ ၁၉၅၁ ခုနှစ်တွင် ပဲခူးရိုးမ တပ်မဟာတခုကို ဖွဲ့စည်းခဲ့သည်။ ထို တပ်မဟာမှာ အမှတ်(၆) တပ်မဟာ ဖြစ်ပြီး တပ်မဟာမှူးမှာ စီးပလိန်းဖြစ်သည်။

၁၂၃။ ၁၉၅၀ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်းတွင် ထိုးစစ်ကြီးဝင်လာသည်။ တပ်မှူး ဗိုလ်ကျော်ဇောကိုယ်တိုင် ဦးစီးတိုက်ခိုက်ခဲ့သည်။ ကြည်း၊ ရေ၊ လေ တပ် အင်အားများဖြင့် တပ်မဟာ(၁) နယ်မြေကို ဝိုင်းဝန်း ပိတ်ဆို့ပြီး၊ ထိုးစစ်ဆင်ခဲ့ ကြသည်။ ထိုးစစ် အစပိုင်းတွင် တပ်ရင်း (၁၈) တပ်ရင်းမှူး ဗိုလ်အုန်းမောင်နှင့်အတူ အိမ်ထောင်သည်နှင့် ကလေး လူကြီး နှစ်ထောင် (၂,၀၀၀) ကျော်ခန့်ကို ပဲခူးရိုးမ အနောက်ခြမ်းသို့ ဆုတ်ခွာစေပြီး နေရာယူထား ခဲ့သည်။ နောက်ပိုင်းတွင် ထိုးစစ်မှာ ပိုမို ပြင်းထန်လာသဖြင့် တပ်ရင်း (၁)ရင်း၊ ဗိုလ်ကြီးမြမောင်၊ တပ်ရင်း(၁၆) တပ်ရင်းမှူး ဆရာထွန်းလှိုင် (ခေါ်) ဗိုလ်ရှိုးရှိုတို့ တပ်ဖွဲ့ အားလုံး၊ ဆေးဆရာမ၊ ကျောင်းဆရာ ဆရာမ တို့အားလုံး အသီးသီး ပဲခူး အနောက်ခြမ်း ဒေသတွင်းသို့ စနစ်တကျ ဆုတ်ခွာခဲ့ကြရပြီး ပြန်လည် နေရာယူကြသည်။

ပဲခူးအရှေ့ခြမ်းတွင်မူ ဗိုလ်မှူးကြီးစီးပလိန်းနှင့် တပ်မဟာ (၆)မှ ထိုဒေသကို စိုးမိုးအုပ်ချုပ်သည်။ အရှေ့ခြမ်း အနောက်ခြမ်း K.N.U. တပ်ဖွဲ့များသည် ထားဝယ် ကားလမ်း တလျောက် နယ်မြေ အများအပြားကို တိုက်ခိုက် လွှမ်းမိုးနိုင်ခဲ့သည်။

၁၉၅၂ ခုနှစ် ဧပြီလတွင် ကျော်ဇော စစ်ဆင်ရေးကို ရပ်စဲပြီး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ဖဆပလ ထိုးစစ်ကြီးကို စတင်ခဲ့ပြီးနောက်တွင် တပ်မှူးအများအပြား ငြိမ်းချမ်းရေး လုပ်ကြသည်။

၁၉၅၂ ခုနှစ် ဗိုလ်ချုပ်ကော်ထူး၏ တပ်ရင်းတပ်ဖွဲ့များဖြစ်သော တပ်ရင်း (၁၈)၊ တပ်ရင်း (၁၆)၊ တပ်ရင်း(၁) တို့သည် မြစ်ဝကျွန်းပေါ်သို့ ပြန်လည် ဝင်ရောက် လာသည်။

၁၂၄။ ၁၉၅၁ ခုနှစ် ဗိုလ်ချုပ်ကော်ထူး(ကျော်မြသန်း) ဦးစီးသည့် တပ်မ(၁)မှ တပ်ရင်းများသည် ပဲခူး သို့ ဆုတ်ခွာစဉ်က ဗိုလ်မှူးတာအယ် (တင်ဦး) ဦးစီးသော တပ်ဖွဲ့ တဖွဲ့ကို ချန်လှပ်ထား ခဲ့သည်။ ဖူးတာအယ်နှင့် တပ်ဖွဲ့သည် အတော်အတန် လှုပ်ရှားနိုင် သေးသည်။ တပ်မဟာ(၂)၊ (၃)၊ (၄) နယ်မြေများသို့ အခြေခံတပ်များနှင့် ပူးပေါင်း လှုပ်ရှားသည်။ တပ်မဟာ(၃)ခု၏ တပ်မမှူးမှာ ဗိုလ်ပု ဖြစ်သည်။ ဟင်္သာတနှင့် သာယာဝတီတပ်မဟာမှ တပ်မဟာမှူး ဗိုလ်ကြီးအော်စဘွန်းလည်း တွဲဖက်လှုပ်ရှားသည်။ ခေါင်းဆောင်ကြီး မန်းဘဇန်ကိုယ်တိုင် အနောက်ဖက် ရခိုင်ရိုးမ တောင်ခြေ၌ သွားရောက် လှုပ်ရှားခဲ့ပြီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.N.U.အစည်းအရုံးကြီး ခိုင်မာရေးအတွက်အပြင် မဟာမိတ် ကွန်မြူနစ်ပါတီ အဖွဲ့အစည်းများနှင့် ညီညွတ်ရေး ကိစ္စရပ်များကို ကြိုးပမ်း လှုပ်ရှားခဲ့ကြသည်။

၁၂၅။ ၁၉၅၂ ခုနှစ်၊ ဇင်-ဇန် သဘောတူ စာချုပ်ခေါ် "အနန်းကုန်း" စာချုပ်ကို ချုပ်ဆိုခြင်း။ K.N.U. ဖက်မှ ဧရာဝတီတိုင်း၊ တိုင်း ဒုတိယဥက္ကဋ္ဌ စောမောင်တိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးသန်းကြီး၊ ဗိုလ်မှူးချစ်တင်၊ ဥက္ကဋ္ဌကြီး မန်းဘဇန် တို့ ပါဝင်သည်။ ဗမာပြည် ကွန်မြူနစ် ပါတီဘက်မှ သခင်ဇင်၊ ရဲဘော် စိုးသန်း၊ ရဲဘော်တင်ထွဋ်၊ ဗိုလ်ရဲထွန်း တို့ ပါဝင်ခဲ့သည်။ အစည်းအဝေးမှာ (၇)ရက်ခန့် ကြာမြင့်ခဲ့သည်။ နိုင်ငံတကာရေးရာ အခြေအနေ၊ ပြည်တွင်း ရေးရာ ကိစ္စရပ်များ၊ ရန်သူ့အခြေအနေ သုံးသပ်ချက်များလည်း ပါဝင်သည်။ အဓိက ဆုံးဖြတ်ချက်များတွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် K.N.U. အဖွဲ့အစည်းတို့ အပစ်အခတ် ရပ်စဲရေး နှစ်ဘက် အဖွဲ့အစည်း အသီးသီး ထိန်းသိမ်းထားသော နယ်မြေများကို အသိအမှတ်ပြုရေး တို့ဖြစ်သည်။ (ယခင်က တဖွဲ့နှင့် တဖွဲ့ တွေ့ဆုံလျှင် အပြန်အလှန် ပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်။) အကြောင်းအမျိုးမျိုးကြောင့် မနေနိုင်ဘဲ မိမိတို့ ထိန်းချုပ်ရာ နယ်မြေများကို စွန့်ခွာ ရသည့် အချိန်မျိုး၊

ဥပမာ ။ ဗကပ သည် အခြေအနေ တခုခု ကြောင့် ၎င်းတို့ ထိန်းချုပ်နယ်မြေမှ ထွက်ခွာသွားလျှင် ထိုနယ်မြေကို K.N.U. အနေဖြင့် ဝင်ရောက် နေထိုင်နိုင်သော်ငြား၊ မဟာမိတ် ဗကပ ၏ နယ်မြေအဖြစ်ပင် သဘောထား အသိအမှတ်ပြုပေးရမည်။ ထိုနယ်မြေသို့ ဗကပ ပြန်လည်ဝင်ရောက် နေထိုင်မည်ဆိုပါက K.N.U. တပ်ဖွဲ့များဘက်မှ ထွက်ခွာပေး ကြရမည်။ ထိုနည်း အတိုင်းပင် ဗကပ ဘက်မှလည်း ထိုသို့သော မူကို နှစ်ဦး နှစ်ဘက် တူညီစွာ လိုက်နာရမည်ဖြစ်ပြီး ဘုံရန်သူကို ပူးပေါင်း တိုက်ခိုက်ကြရန် မူအားဖြင့် သဘောတူညီမှု ရရှိခဲ့သည်။

ဝိန့်ထောင် ကွန်ဖရင့်

၁၂၆။ ၁၉၅၂ - ၅၃ ခုနှစ်၊ ပဲခူးအနောက်ခြမ်းတွင် အခြေချ နေထိုင်နေကြသော တပ်မဟာ (၁) တပ်ရင်း တပ်ဖွဲ့များဖြစ်သော တပ်ရင်း(၁)၊ တပ်ရင်း(၁၈)၊ တပ်ရင်း (၁၆)တို့၊ မြစ်ဝ ကျွန်းပေါ်သို့ ပြန်လည် အခြေချလာကြသည်။ ရန်သူနှင့် ငြိမ်းချမ်းရေး ပြုလုပ် ထားသော တပ်ရင်း တပ်ဖွဲ့မှူးများကို ပြန်လည် စည်းရုံးသိမ်းသွင်းခြင်း၊ လူထု စည်းရုံးရေး လုပ်ငန်းများကို ဖော်ဆောင်ခဲ့ခြင်းတို့ကြောင့် နယ်မြေများကို ပြန်လည် ထိန်းချုပ် လာနိုင်ခဲ့ သည်။ ဤနည်းဖြင့် ၁၉၅၃ ခုနှစ်တွင် “ဝိန့်ထောင် ကွန်ဖရင့်”ကို ကျင်းပနိုင်ခဲ့သည်။

၁၂၇။ ၁၉၅၃ ခုနှစ်၊ ဇွန်လ(၉)ရက်။

“ဝိန့်ထောင် ကွန်ဂရက်”တွင် မန်းဘဇန်နှင့် စောဟန်တာသာမွေးတို့က ကရင့်တော်လှန်ရေး ပထမလမ်းစဉ်ကာလ အတွေ့အကြုံများကို ဆန်းစစ် သုံးသပ်မှုများကို ပြုလုပ်ခဲ့ ကြသည်။

- တိကျ မှန်ကန်သော တော်လှန်ရေး လမ်းစဉ် မရှိခဲ့ခြင်း
- စစ်အုပ်ချုပ်ရေးချမှတ်ခဲ့ခြင်းကြောင့် တော်လှန်ရေးအခြေအနေနှင့် ကိုက်ညီမှု မရှိခြင်း စသည့် အသေးစိတ် အခြေအနေများအပေါ် အလေးအနက် ပြန်လည် ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ပြီး ကရင့်တော်လှန်ရေးကို အောင်ပွဲ ဆီသို့ ပို့ဆောင်နိုင်မည့် လမ်းစဉ် လုပ်ငန်းစဉ်များကို ရေးဆွဲပြီး လမ်းစဉ်များကို ကွန်ဖရင့်တွင် ဆွေးနွေး အတည်ပြု ခဲ့သည်။ ထိုသို့ ရေးဆွဲ အတည်ပြု ရာတွင်၊

၁။ ကရင့်တော်လှန်ရေး၏ ရည်ရွယ်ချက်၊
၂။ ကရင့်တော်လှန်ရေး၏ အဓိက ရန်သူ၊
၃။ ကရင့်တော်လှန်ရေး၏ အဓိက ပစ်ကွင်း၊
၄။ ကရင့်တော်လှန်ရေး၏ အင်အားစုများ၊
၅။ ကရင့်တော်လှန်ရေး၏ ဝန်ရိုး၊
၆။ ကရင့်တော်လှန်ရေး၏ လုပ်ငန်းစဉ် အသီးသီး ပါဝင်ခဲ့သည်။

၁၂၈။ ဒုတိယလမ်းစဉ်၏ အခြေခံ သဘောထား အချက်အလက်များ။

- ကရင့်လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲသည် ကရင်အမျိုးသားများ၏ နိုင်ငံ ရေးတောင်းဆိုမှုကို စစ်ရေးအားဖြင့် နိုင်ငံရေးကို ဆက်လက် ဆောင်ရွက်ခြင်း ဖြစ်သည်။
- ပထမ လမ်းစဉ်မှာကဲ့သို့ စစ်ရေးကို ဦးဆောင်မှု မပေးတော့ဘဲ နိုင်ငံရေး ကသာ စစ် ရေးကို ဦးဆောင်မှု ပေးရမည်။
- လက်နက်ကိုင် တိုက်ပွဲကာလဖြစ်၍ လက်နက်ကိုင် စည်းရုံးရေးသည် အဓိက စည်းရုံး ရေး အသွင် ဖြစ်သည်။
- အမျိုးသားလွတ်မြောက်ရေးနှင့် လူတန်းစားလွတ်မြောက်ရေး အသွင်နှစ်ရပ်ကို ဆောင်သည်။
- ကရင့်တော်လှန်ရေးသည် ဗမာပြည် ပြည်သူအပေါင်းတို့ ဆင်နွှဲသည့် ဒီမိုကရေစီ တော်လှန်ရေး၏ အစိတ်အပိုင်းပင် ဖြစ်သည်။
- ဗမာပြည်သည် ပဒေသရာဇ်တပိုင်း၊ ကိုလိုနီတပိုင်း နိုင်ငံ ဖြစ်သည်။
- ဗမာပြည် စီးပွားရေးသည် အဓိကအားဖြင့် နယ်ချဲ့ လက်ထဲတွင်ရှိသည်။
- ဖဆပလ အစိုးရသည် နယ်ချဲ့လက်ဝေခံ အစိုးရ တရပ်သာဖြစ်သည်။
- K.N.U. အစည်းအရုံးကို ပါတီစနစ်အရ ပြည်လည် ဖွဲ့စည်းရမည်။
- K.N.U.ပါတီ လက်အောက်တွင် အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းအလိုက် လူထု အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်။
- ပါတီ၊ စစ်တပ် နှင့် လူထုသည် တသားတည်း ရှိရမည်။
- လယ်သမား လူတန်းစားဘဝကို မြှင့်တင်ပေးရမည်။
- လူမျိုးစုတိုင်း ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိရမည်။

လူမျိုးစုများ ညီညွတ်ရေးတပ်ဦးတရပ်ကို ဖွဲ့စည်းရမည်။ တော်လှန်သော အင်အားစု အားလုံး တို့၏ ညီညွတ်ရေး တပ်ပေါင်းစု ကြီးတရပ်တည်ဆောက်ရမည်။ တော်လှန်ရေး မဟာမိတ် အဖွဲ့အစည်းများနှင့် အခြေအနေအရ ပူးတွဲ ဆောင်ရွက် ရမည်။ (အမျိုးသား ဒီမိုကရေစီတပ် ပေါင်းစုနှင့် ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစုကို တည်ထောင်ရမည်။)

၁၂၉။ ၁၉၅၃ ခုနှစ်အစပိုင်းတွင် တောင်ငူမှ ဗိုလ်ကြီးစောလုံ၊ အယ်လ်ဖွန်ဆို တပ်ရင်း (၁)ရင်း လုံး လက်နက်ချသွားသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖာပွန် ကွန်ဖရင့်

၁၃၀။ ၁၉၅၃ ခုနှစ်၊ ဖာပွန် ကွန်ဖရင့်ကို နိုဝင်ဘာလ (၁၈)ရက်နေ့တွင် ကျင်းပခဲ့ ကြသည်။ စော ဟန်တာသာမွေး၏ ညွှန်ကြားချက်အရ ကွန်ဂရက်မတိုင်မီ ကွန်ဖရင့်တရပ်ကို ကျင်းပ ရန် ထို ကွန်ဖရင့်၌ အရှေ့တိုင်း K.N.U.အစည်းအရုံးကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ ဤ ဆုံးဖြတ်ချက်အတိုင်းပင် K.N.U. အစည်းအရုံးကို အောက်ပါ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်း ခဲ့သည်။

အစည်းအရုံး ဥက္ကဋ္ဌ စကောဝါးခို၊ (ရှေ့နေ စောဖိုးချစ်)
အတွင်းရေးမှူး ဆရာအုန်းဖေညွန့်
ကော်မတီဝင်များ ဆရာမောင်ဝေ၊
ဆရာမားနောက်၊
ဗိုလ်ကြီးစောချစ်လှိုင်

၁၃၁။ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်။
(က) ပြည်လုံးဆိုင်ရာ ကော်သူးလေ ကွန်ဂရက်ကို ဆက်လက်ကျင်းပသည်။
တက်ရောက်သော ကိုယ်စားလှယ်များ၊
၁။ K.G.B. ခေါင်းဆောင်များ၊
၂။ တိုင်းအသီးသီးမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊
၃။ အုပ်ချုပ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ၊
၄။ စစ်တပ်မှ ကိုယ်စားလှယ်များ၊
၅။ လူထု လူတန်းစား ကိုယ်စားလှယ်များ၊
၆။ အမျိုးသမီး အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေး၊ တပ်မဟာ၊ ခရိုင်၊ လူထု လူတန်းစား အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ် (၂)ဦးစီကို ရွေးချယ်ခဲ့သည်။ မွန် အဖွဲ့ အစည်းမှ ကိုယ်စားလှယ် (၆)ဦးကို စေလွှတ်ခဲ့သည်။ မွန်သည် သီးခြား လွတ်လပ် သော အဖွဲ့ အစည်းကို တည်ထောင်ထားပြီးဖြစ်သဖြင့် လေ့လာသူအဖြစ်သာ တက်ရောက် ခွင့် ရခဲ့သည်။
(ခ) မြစ်ဝကျွန်းပေါ်မှ တက်ရောက်လာသော ကိုယ်စားလှယ်များမှာ၊
၁။ ဗိုလ်တင်ဦး (ဦးဆောင်ပြီး တက်ရောက်ခဲ့သည်)
၂။ ဗိုလ်မောင်မောင်၊

၃။ စောမီးသ၊

၄။ ဗိုလ်စန်ခင်၊

၅။ ဗိုလ်ကြီးစောဂျွန်၊

၆။ ဗိုလ်ကြီးလူးဝစ်၊

၇။ ဗိုလ်ကြီးလယ်မူး၊

၈။ ဗိုလ်ကြီးနေခွား၊

၉။ စောဝေါ (ခေါ်) (Dam Say) တို့ဖြစ်သည်။

(ထိုစဉ်က ပဲခူးရိုးမ တပ်မဟာသည် မြစ်ဝကျွန်းပေါ်တိုင်းတွင် ပါဝင်သည်။)

(ဂ) ထိုအစည်းအဝေးတွင် K.G.B. ကို ဖျက်သိမ်းပြီးနောက် K.G.B. အစား ကော်သူးလေ အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းသည်။

ကော်သူးလေ အစိုးရ အဖွဲ့ဝင်များမှာ၊

ဥက္ကဋ္ဌ (ဝါ) သမ္မတ စောဟန်တာသာမွေး၊

ဒု ဥက္ကဋ္ဌ (ဝါ) ဒု သမ္မတ စကောလယ်တော၊

နိုင်ငံခြားရေးဌာန စကောလယ်တော၊

ပြည်ထဲရေးဌာန ပဒိုလောရေဖိုးကီး၊

ကာကွယ်ရေးဌာန ဗိုလ်ချုပ်မင်းမောင်၊

ဘဏ္ဍာရေး/အခွန်အကောက် ပဒိုဝီရီကျော်၊

ပညာရေး/ကျမ္မာရေး ပဒိုဘထွန်း၊

ကော်သူးလေ/အစိုးရ အတွင်းဝန် ပဒိုထောရေ တို့ ဖြစ်သည်။

(ဃ) မြစ်ဝကျွန်းပေါ် အဆိုပြုချက်များ။

(၁) K.N.U. တပ်ဦးပါတီကို ဖွဲ့စည်းရန် အများစု၏ ဆန္ဒဖြင့် အတည် ပြုခဲ့သည်။

(၂) ကရင့်တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို တရားဝင်နိုင်ငံရေး လမ်းစဉ်အဖြစ် အတည် ပြုရန် ဖြစ်သော်လည်း၊ မြန်မာဘာသာဖြင့် ရေးသားထားခြင်း၊ လမ်းစဉ်နှင့် ပတ်သက်၍ မရှင်းမလင်းသော အချက်အလက်များကို မေးမြန်းရင်း ကန့်ကွက်မှု များလာသဖြင့် အဆို တင်သွင်းမှုကို ခေတ္တ ရပ်ဆိုင်းထားရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၃) ဖေဖော်ဝါရီလ (၁၁)ရက်နေ့ကို ကရင်အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အတည်ပြုသည်။

မြစ်ဝကျွန်းပေါ်တိုင်းခေါင်းဆောင်များ၊ တပ်ဖွဲ့ တပ်သား အသီးသီးတို့က ထို လမ်းစဉ် လုပ်ငန်းစဉ်များသည်၊ ကရင့်တော်လှန်ရေးကို အောင်ပွဲဆီသို့ ပို့ဆောင် ပေးနိုင် မည်ဟု အလေးအနက် ယုံကြည်ကြသည်။ ထိုလမ်းစဉ်ကို ကရင့် တော်လှန်ရေး ဒုတိယ လမ်းစဉ်ဟု ခေါ်ဆိုပြီး၊ မှန်ကန်သောလမ်းစဉ် ဟုတ်/မဟုတ် စတင် စမ်းသပ် ကျင့်သုံး ခဲ့သည်။

(ဇ) မြစ်ဝကျွန်းပေါ်တိုင်းတွင် ဒုတိယ လမ်းစဉ်ကို ဦးဆောင်ပြီး၊ အတည်ပြုခဲ့သူများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင် တပ်မှူးများမှာ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ မန်းဘဇန်၊
၂။ ဆရာစိန်ဟန်၊
၃။ စောမောင်တိုး၊
၄။ ဆရာသာမြိုင်၊
၅။ စောဟန်တာသာမွေး၊
၆။ ဆရာဘာဟု၊
၇။ ဗိုလ်ကျော်စိန်၊
၈။ ဗိုလ်ချုပ်မြရင်၊
၉။ ဗိုလ်ချုပ်ကော်ထူး၊
၁၀။ မန်းဘစော၊
၁၁။ မန်းဖလားစေး(ဆရာဘာဟု)၊
၁၂။ မန်းလားဖိုး
၁၃။ မန်းကော်စေး(မန်းကျော်လွင်)၊
၁၄။ စောမျိုးသွေး၊
၁၅။ ဗိုလ်ချုပ်စိန်မှူ၊
၁၆။ ဦးစိုးအောင်၊
၁၇။ ဗိုလ်မှူးကြီးကျင်ဖေ၊
၁၈။ ဗိုလ်မှူးကြီးမြမောင်၊
၁၉။ ဗိုလ်တင်ဦး၊
၂၀။ ဗိုလ်ချစ်တင်၊
၂၁။ ဗိုလ်မှူးကြီးအောင်ဖေဇန်၊
၂၂။ ဗိုလ်စိုးလင်း၊
၂၃။ ဗိုလ်ကျော်လှိုင် (မြပုခက်)၊
၂၄။ ဗိုလ်ကြာဖေ၊
၂၅။ ဗိုလ်စံလွင်၊
၂၆။ ဗိုလ်မှူးဖန်းရှောင်း၊
၂၇။ ဗိုလ်သာစိန်၊
၂၈။ ဗိုလ်ဖားရှီး၊
၂၉။ ဗိုလ်သန်းမြင့်၊
၃၀။ ဗိုလ်သက်ဖော၊
၃၁။ ဗိုလ်ခါဆူ၊
၃၂။ ဗိုလ်ကျော်၊
၃၃။ ဗိုလ်မိုးဟိန်း၊
၃၄။ ဗိုလ်အက်စ်သိန်း၊
၃၅။ ဗိုလ်ထွန်းအေး၊
၃၆။ ဗိုလ်ချစ်လေးမောင်၊
၃၇။ ဗိုလ်ကြီးဘီဖိုး၊
၃၈။ မန်းကျောက်၊
၃၉။ ဒုဗိုလ်မှူးကြီးသောင်းရွှေ၊
၄၀။ ဒုဗိုလ်မှူးကြီးဝေးလေ၊
၄၁။ ဗိုလ်မှူးစံလင်း၊
၄၂။ ဗိုလ်မောင်မောင်၊
၄၃။ ဗိုလ်မီးသ၊
၄၄။ ဗိုလ်ထိုကြည်၊
၄၅။ ဗိုလ်အေးဟန်၊
၄၆။ ဗိုလ်သန်းအောင်၊
၄၇။ ဗိုလ်ကြည်လင်း၊
၄၈။ ဗိုလ်ကျော်သောင်း၊
၄၉။ ဗိုလ်အောင်ကြီး၊
၅၀။ ဗိုလ်ဖိုးအောင်၊
၅၁။ ပဒိုစိုင်းမွန်၊
၅၂။ မန်းအိုင်ရှောင်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၇။ ဗိုလ်ကြီးမြသိန်း၊
၂၈။ ဗိုလ်အောင်ချစ်၊
၂၉။ ဗိုလ်ထီးမူး၊
၃၀။ ဗိုလ်သောင်းညွန့်၊
၃၁။ ဗိုလ်အေးကျော်၊
၃၂။ ဗိုလ်ဘော်လ်ဒွင်၊
၅၉။ ဗိုလ်စောဂျက်၊
၆၀။ ဆရာရောလေ၊
၆၁။ ဗိုလ်တင်ဝင်း၊
၆၂။ မန်းကျော့၊
၆၃။ ဗိုလ်မူးဖိုးသောင်း၊
၆၄။ ဗိုလ်ဂျက်။

INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၃ ခုနှစ် ဖာပွန်ကွန်ဂရက်ကို နိုဝင်ဘာလ (၂၃-၂၅)ရက်နေ့အထိ ကျင်းပခဲ့သည်။

၁၃၂။ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာ (၈)ရက်။
ရန်သူမှ ဖာပွန်မြို့သို့ လေယာဉ်ဖြင့် လာရောက် ဗုံးကြဲသည်။ အိုးအိမ်များ၊ ဘုရားရှိခိုးကျောင်း၊ အခြားသော အဆောက်အဦများ ပျက်စီး မီးလောင်ခဲ့ရပြီး လူအချို့မှာ လည်း ထိခိုက် ဒဏ်ရာရ သေကျေခဲ့ကြရသည်။

၁၃၃။ ၁၉၅၄ - "လှေဆွဲ" ကွန်ဖရင့်အတွင်း ဗိုလ်မောင်မောင်နှင့် တပ်ခွဲ(၁)ခွဲ၊ ဗိုလ်အောင်စိန်ခေါ် ထောမဲ့ပါနှင့်အဖွဲ့ တို့အပြင် ဗိုလ်ရှိုးရှု တို့အဖွဲ့သည် ၁၉၅၄ ခုနှစ် မေလအတွင်း ပဲခူးရိုးမကို ဖြတ်ကျော်ပြီး အရှေ့တိုင်းသို့ တက်လာသည်။ တပ်မဟာ(၃) နယ်မြေ ကျောက်ကြီးမြို့နယ်အတွင်း ဗကပ တို့နှင့် ပူးတွဲပြီး စစ်ရေး လှုပ်ရှားမှုများနှင့် နယ်မြေစည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်သည်။ ထို လှုပ်ရှားမှုကာလ ၁၉၅၅ ခုနှစ် အတွင်း မိမိတို့ဘက်မှ ရဲဘော် (၄)ယောက် ကျဆုံး ခဲ့ရသည်။

၁၃၄။ ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့။

အရှေ့တိုင်းသို့ ရောက်လာသော ဟန်တာသာမွေးက အရှေ့တိုင်း ခေါင်းဆောင် များအား အစည်းအဝေးခေါ်ယူသည်။ အရှေ့တိုင်းမှ ခေါင်းဆောင် (၅၀)ကျော်တို့ တက်ရောက်ခဲ့သည်။

ထိုခေါင်းဆောင်များထဲတွင် စောဘဦးကြီး၏ ဇနီး၊ ဗိုလ်ချုပ်စိုင်းကေ၏ ဇနီး၊ ဗိုလ်ချုပ်မင်းမောင်၊ စကောလယ်တော၊ ပဒိုလောရေဖိုးကီး၊ ပဒိုဘထွန်း၊ ပဒိုဝီရီကျော်၊ ပဒိုမန်းသိန်းမောင်၊ ပဒိုဖိုးညော၊ ပဒိုစူမော်လွီ၊ ဗိုလ်မှူးကြီးအဂ္ဂမတ်၊ ဆရာအုန်းဖေညွန့် တို့ ပါဝင်သည်။

လှေဆွဲ ကွန်ဖရင့်

၁၃၅။ ၁၉၅၄ ခုနှစ်၊ လှေဆွဲ ကွန်ဖရင့်။

၁၉၅၄ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင် “လှေဆွဲကွန်ဖရင့်”ကို ကျင်းပသည်။ ၁၉၅၃ ခုနှစ် ဝိန်ထောင် ကွန်ဖရင့်မှ ချမှတ်ခဲ့သော ဒုတိယ လမ်းစဉ်အပေါ် နိုင်ငံရေး၊ စစ်ရေး ဆောင်ရွက်ချက်များအား ပြန်လည် ဆန်းစစ်ခဲ့ကြသည်။ တော်လှန်သော လမ်းစဉ်နှင့် မတော်လှန်သော လမ်းစဉ်၊ ကရင့်တော်လှန်ရေးနှင့် မကိုက်ညီသော ဆောင်ရွက် ချက်များကို ပြင်ဆင်ခဲ့ကြသည်။

ထိုအစည်းအဝေးမှပင် တပ်ဦးပါတီကို ဖွဲ့စည်းရန် ဆွေးနွေး ကြသည်။ တပ်ဦးပါတီကို ဖွဲ့စည်းရန် ပြင်ဆင်ခြင်း၊ ပါတီ၏ ဦးဆောင်မှုဖြင့် တပ်မတော် (၃)ရပ်ကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြသည်။ အမြဲတမ်းတပ်မတော်၊ ခရိုင်ပြောက်ကျား နှင့် မြို့နယ် ပျောက်ကျား၊ K.N.U. ၏ ပြည်သူ့စစ်လှုပ်ရှားမှုများကိုလည်း ဆွေးနွေးကြသည်။ ပြည်သူ့စစ် လှုပ်ရှားမှုမှ ရင့်ကျက်လာသောအခါ မြို့နယ် ပြောက်ကျား အဆင့်သို့ တက်လှမ်းရန်၊ ထိုမှတဆင့် ခရိုင်ပြောက်ကျား၊ ခရိုင် ပြောက်ကျားမှ တဆင့် အမြဲတမ်း တပ်မတော်အဖြစ် ဖွဲ့စည်းရန် စသည်များကို ဆွေးနွေးကြသည်။ ကရင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် K.P.L.A. ကို တပ်ရင်း (၃)ရင်းဖြင့် စတင်၍ ဖွဲ့စည်းသည်။ တပ်ရင်း(၁) တပ်ရင်းမှူးမှာ ဒု-ဗိုလ်မှူးကြီးတာအယ်၊ တပ်ရင်း(၂) တပ်ရင်းမှူးအဖြစ် ဒု-ဗိုလ်မှူးကြီးသောင်းရွှေ၊ တပ်ရင်း (၃) တပ်ရင်းမှူးကို ဒုဗိုလ်မှူးကြီးဝေးလေ တို့ဖြစ်သည်။

ပြောက်ကျားဒေသများ ဖွဲ့စည်းပြီးနောက်၊ တမြို့နယ်လျှင် တပ်ခွဲတခွဲ သို့မဟုတ် နှစ်ခွဲ၊ ရနိုင်သလောက် စုဆောင်းပြီး၊ မြို့နယ် ပြောက်ကျားအဖြစ် ထားရှိရန် ဖြစ်သည်။ အမြဲတမ်းတပ် တပ်ရင်း တရင်းလျင် တပ်ခွဲ(၄)ခွဲ အပြည့် ဖွဲ့စည်းရန် ဆုံးဖြတ်ကြသည်။

(အစည်းအဝေးတွင် ကရင်နီပြည်မှ ဦးလှဖေက ၎င်းတို့အဖွဲ့ကို ကူညီရန် ဗိုလ်မှူး စံလင်းအား တရားဝင် တောင်းဆိုသောကြောင့် ဗိုလ်မှူးစံလင်းအား ကရင်နီ ပြည်သို့ သွားရောက်ကူညီရန် တာဝန် ပေးသည်။)

K.P.L.A. တပ်ရင်း (၁)တွင် တပ်ခွဲ (၄)ခွဲ ဖွဲ့စည်းရာ၊

၁။ တပ်ခွဲမှူး ဗိုလ်မောင်ဇီ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ တပ်ခွဲမှူး ဗိုလ်ဉာဏ်ခင်၊

၃။ တပ်ခွဲမှူး ဗိုလ်ရွှေသိန်း၊

၄။ တပ်ခွဲမှူး ဗိုလ်ဖိုးတန် တို့ဖြစ်သည်။

တပ်ရင်းမှူးဖြစ်သူ ဖူးတာအယ်သည် နောက်ပိုင်း ဗိုလ်ကျော်လှိုင်အား တပ်ရင်းမှူး တာဝန်ကို လွှဲအပ်ပေးသည်။

တပ်ခွဲများမှာ၊

၁။ ဗိုလ်စည်ဦးက တခွဲ ၂။ ဗိုလ်ထီးလူက တခွဲ

၃။ ဗိုလ်သန်းမောင်က တခွဲ၊ စုစုပေါင်း (၃)ခွဲ ဖွဲ့စည်းခဲ့သည်။

၁၃၆။ ၁၉၅၅ ခုနှစ်၊ ဇွန်လ (၁၀)ရက်၊ K.R.C. ၏ ပထမအကြိမ် ကွန်ဂရက်ကို ကျင်းပသည်။ ဗဟို အလုပ်အမှုဆောင်အဖွဲ့စာရင်းကို ဥက္ကဋ္ဌ `စောဟန်တာသာမွေး´ ကိုယ်တိုင် ဖတ်ကြား အတည်ပြုခဲ့သည်။

၁။ စောဟန်တာသာမွေး သဘာပတိ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဋ္ဌာနတာဝန်ခံ။

၂။ မန်းဘဇန် ဒုသဘာပတိ ဥက္ကဋ္ဌ၊ နိုင်ငံရေးဋ္ဌာန တာဝန်ခံ။

၃။ ဗိုလ်ချုပ်မင်းမောင် ဒုသဘာပတိ ဥက္ကဋ္ဌ၊
ကာကွယ်ရေးဋ္ဌာန တာဝန်ခံ။

၄။ စကောလယ်တော အတွင်းရေးမှူးချုပ်နှင့် အုပ်ချုပ်ရေး။

၅။ မန်းသိန်းမောင် တွဲဘက်အတွင်းရေးမှူးချုပ်။

၆။ ပဒိုဝီရီကျော် ပြည်ထဲရေးဋ္ဌာန တာဝန်ခံ။

၇။ ဗိုလ်ချုပ်စိုင်းကေ၏ ဇနီး ပြန်ကြားရေးဋ္ဌာန တာဝန်ခံ။

(နောက်အေးကြူ)

၈။ ပဒိုစူမော်လွီ လယ်ယာ/သစ်တောနှင့်
စီးပွားရေးဋ္ဌာန တာဝန်ခံ။

၉။ ပဒိုဘထွန်း လူမှုရေးဋ္ဌာန တာဝန်ခံ။

၁၀။ ပဒိုဖိုးညော တရားရေးဋ္ဌာန တာဝန်ခံ။

၁၁။ ပဒိုထောရီ ဘဏ္ဍာရေးဋ္ဌာန တာဝန်ခံ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၂။ စကော ဝါးခို တရားဥပဒေ ညွှန်ချုပ်။

ထို K.R.C. အစည်းအဝေးတွင် K.N.U. ဒုတိယ လမ်းစဉ်ကို ရှင်းလင်း တင်ပြ ခဲ့သည်။ ကော်သူးလေ အစိုးရ ထူထောင်ခြင်းထက် ကရင်တော်လှန်ရေးကောင်စီကို ဖွဲ့စည်းရန် အကြံပြုရာ ကိုယ်စားလှယ်များက လက်ခံကြသည်။ K.R.C. ၏ သဘာပတိ သည် ကောင်စီ၏ ဥက္ကဋ္ဌပင် ဖြစ်သည်။ ဒုသဘာပတိသည်လည်း ကောင်စီ၏ ဒုဥက္ကဋ္ဌ ဖြစ်ရမည် ဟူ၍၎င်း၊ ဒု ဥက္ကဋ္ဌကို (၂)ဦးရွေးချယ်ရန် အတွင်းရေးမှူးနှင့် တွဲဘက် အတွင်း ရေးမှူး တ ယောက်စီ ရွေးချယ်ရန် သတ်မှတ်သည်။

၁၃၇။ ၁၉၅၄ ခုနှစ်၊ လှေဆွဲ ကွန်ဖရင့်တွင် ခေါင်းဆောင်များ၏ အမည်ကို ကရင် အမည်သို့ ပြောင်းလဲ ပေးခဲ့သည်။ (လှေဆွဲကွန်ဖရင့် ကင်ပွန်းတပ်ပွဲ)။

၁။ ဆရာစိန်ဟန် မန်းမနိတ်၊
၂။ ဆရာဘမြိုင် မန်းရှန်ဖလေ၊
၃။ မန်းဘဇန် မန်းစိုးကမော၊
၄။ ဗိုလ်ချုပ်မြမောင် မန်းသုခနုတ်၊
၅။ ဗိုလ်ကျင်ဖေ စောကိုးဒို၊
၆။ မန်းကျော်လွင် မန်းကော်စေး၊
၇။ ဗိုလ်ချုပ်ကျော်မြသန်း စောကော်ထူး၊
၈။ ဆရာဘာဟု မန်းဖလားစေး၊
၉။ မန်းဘစော မန်းလုန့်ဖောင်၊
၁၀။ ဗိုလ်တင်ဦး တာအယ်၊

၁၃၈။ “လှေဆွဲ” အစည်းအဝေးပြီးနောက်ပိုင်း ၁၉၅၆ ခုနှစ်တွင် အရှေ့တိုင်း မောကို ကွန်ဂရက်ကို တက်ရောက်ရန် အသီးသီး ပြင်ဆင်ကြသည်။ ၁၉၅၄ ခုနှစ် ကယက်ကျော် အစည်းအဝေးမှ ရွေးချယ်သော ပါတီ ဗဟိုကော်မတီများမှာ၊

၁။ မန်းဘဇန် ဥက္ကဋ္ဌ၊
၂။ မန်းရှန်ဖလေ့ အတွင်းရေးမှူး၊
၃။ မူဆိုးကော်ကဆာ နိုင်ငံရေး ဦးဆောင်သူ၊ PB.
၄။ ဦးအောင်တိုး နိုင်ငံရေး ဦးဆောင်သူ၊ PB.

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅။ ဗိုလ်ချုပ်ကော်ထူး နိုင်ငံရေး ဦးဆောင်သူ၊ PB.

၆။ မန်းသိန်းမောင် ဗဟိုကော်မတီ၊

၇။ ဆရာစိန်ဟန် ဗဟိုကော်မတီ၊

၈။ ဗိုလ်ကျော်စိန် ဗဟိုကော်မတီ၊

၉။ ဆရာဖလားစေး ဗဟိုကော်မတီ၊

၁၀။ စောဝေသော ဗဟိုကော်မတီ၊

၁၁။ မန်းကော်စေး ဗဟိုကော်မတီ၊

၁၂။ စောမျိုးသွေး ဗဟိုကော်မတီ၊

၁၃။ ဗိုလ်ချုပ်မင်းမောင် တိုးချဲ့၊ (၅၆)၊

၁၄။ ဗိုလ်ချုပ်အုန်းဖေ တိုးချဲ့၊ (၅၆)၊

၁၅။ စကောလယ်တော တိုးချဲ့၊ (၅၆)၊

၁၃၉။ ၁၉၅၅ ခုနှစ်၊ ကော်သူးလေ ဗဟိုခေါင်းဆောင်များနှင့် ဗကပ ကိုယ်စားလှယ်များ တွေ့ဆုံသည်။ ကျောက်ကြီးမြို့နယ်၊ ပနာကွီးထာတွင် ဖြစ်သည်။ ဗကပ ဗဟိုကော်မတီ ကိုယ်စားလှယ်မှာ ရဲဟန်၊ ရဲဘော်မြ နှင့် ဗိုလ်ညွန့်မောင် တို့ ဖြစ်ပြီး၊ ကော်သူးလေ ဗဟိုမှ စကောလယ်တော၊ ပဒိုစူမော်လွီ တို့ဖြစ်သည်။

ဆွေးနွေးချက်များ၊ -

၁။ ၁၉၅၅ ခုနှစ် တော်လှန်ရေးလမ်းစဉ်နှင့် ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ကို ရှင်းပြသည်။

၂။ ပူးပေါင်း လုပ်ဆောင်ရေး အတွက်ဖြစ်သည်။

ကရင့်တော်လှန်ရေးလမ်းစဉ်နှင့် ဗကပ တို့၏ (၅၅)လမ်းစဉ် မတူညီမှု အများ အပြား ရှိသေးသည်။ ဒုတိယ အချက်ဖြစ်သော ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးသည်။ ပူးပေါင်းဆောင်ရွက်ရေးတွင် ရဲဘော်မြက (၄)ပါတီ ဆွေးနွေးပွဲကို အကြံပြုသည်။ (၄)ပါတီမှာ ၁။ ဗကပ၊ ၂။ အလံနီ၊ ၃။ ပြည်သူ့ရဲဘော်နှင့် ၄။ K.N.U. ပါတီ တို့ဖြစ်သည်။

စကောလယ်တောက (၄)ပါတီအစား၊ တော်လှန်ရေး အင်အားစုအားလုံး ပါဝင်ရန် အကြံ ပြုသည်။ နှစ်ဘက်စလုံးမှ သဘောတူ လက်ခံပြီးနောက် တော်လှန်ရေး အဖွဲ့အစည်း ပေါင်းစုံ ညီညွတ်ရေးကို ပြုလုပ်ကြရန် ဆုံးဖြတ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ ကျင်းပမည့် နေရာ - ပဲခူးရိုးမ၊

၂။ ကျင်းပမည့် အချိန် - ၁၉၅၆ ခုနှစ် မတ်လ အတွင်း၊

၃။ ဖိတ်ကြားရမည့် တော်လှန်ရေး အဖွဲ့အစည်းများ -

K.N.U. မှ မွန်၊ ပအိုဝ်းနှင့် ကရင်နီကို ဖိတ်ရန်။

“ဗကပ မှ အလံနီ၊ ပြည်သူ့ရဲဘော်၊ ရခိုင်နှင့် ဂဒူး - ဂဏန်း” အဖွဲ့တို့ကို ဖိတ် ကြား ရန်တို့ ဖြစ်သည်။

၄။ အစည်းအဝေးကို ပြင်ဆင်ရန် K.N.U. ပါတီမှ (၃)ဦး၊ ဗကပ မှ (၃)ဦး ပါဝင် ဖွဲ့စည်းရန်။ (ထို စဉ်က အခြားသောလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ မရှိသေးချေ။)

၅။ ကုန်ကျစရိတ်ကို နှစ်ဘက်စလုံးမှ တဖွဲ့လျှင် ကျပ်တသောင်းစီ (၁၀,၀၀၀/-) ထည့် ဝင်ရန်။

၁၄၀။ ၁၉၅၅ ခုနှစ်၊ ဇွန်လကုန်။

ဗကပ ဗဟိုရှိရာ နယ်မြေသို့ ရန်သူမှ အောင်မာဃ အမည်ရှိ စစ်ဆင်ရေး တရပ်ကို အင်အား တသောင်းတထောင်ကျော် (၁၁,၀၀၀)ဖြင့် ထိုးစစ်ဆင် ခဲ့သည်။ ဗဟိုကော်မတီ အားလုံး ထိုးစစ်တွင် ရှိနေသည်ဖြစ်သဖြင့်၊ ၁၉၅၆ မတ်လတွင် ကျင်းပမည့် အစည်းအဝေး ကို ရက်ရွှေ့ရန် လိုအပ်ကြောင်း ဗကပ မှ အကြောင်း ကြားလာသည်။

၁၄၁။ ၁၉၅၆ ခုနှစ်၊ မတ်လတွင် ဗကပ ဗဟိုကော်မတီ အတွင်းရေးမှူး သခင်သန်းထွန်း ရွှေကျင်သို့ ရောက်လာသည်။ K.N.U. ခေါင်းဆောင် စကောလယ်တောနှင့် တွေ့ဆုံပြီး မကြာမီ သခင်ဇင် ရောက်လာမည် ဖြစ်သည်။ မန်းဘဇန်မှာ မောကို ကွန်ဂရက် ကျင်းပရန် ပဲခူးရိုးမသို့ ရောက်နေပြီ ဖြစ်သည်။ မကြာမီ အရှေ့တိုင်းသို့ ရောက်လာပြီး၊ သခင်ဇင်နှင့် မန်းဘဇန်တို့ နှစ်ဦးစလုံး အစည်းအဝေး တက်ရောက် မည်ဖြစ်ကြောင်း ၎င်းတို့ ရောက်ရှိမှ အစည်းအဝေး စတင်ရန်ကိုလည်း သဘောတူ ကြသည်။

၁၉၅၆ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် အစည်းအဝေး၏ ဖိတ်ကြားချက်အရ တော်လှန်ရေး အင်အားစုများဖြစ်သော မွန်၊ ကရင်နီ နှင့် ပအိုဝ်း ခေါင်းဆောင်များ ကော်သူးလေ ဗဟိုသို့ ရောက်ရှိလာကြသည်။ ထိုစဉ်က ကော်သူးလေ ဗဟိုမှာ “ခေးကော့ပယ်” တွင် ရှိသည်။ မကြာမီတွင် မန်းဘဇန်လည်း ရောက်ရှိလာခဲ့သည်။

ဒီမိုကရက်တစ် လူမျိုးစု ညီညွတ်ရေး တပ်ဦး (ဒလညတ)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၄၂။ ၁၉၅၆ ခုနှစ် မတ်လ ဒီမိုကရက်တစ် လူမျိုးစုညီညွတ်ရေး တပ်ဦး၊ (ဒလညတ) (DEMOCRATIC NATIONALITIES UNITED FRONT)ကို ဖွဲ့စည်းလိုက်သည်။ ပါဝင်သော အင်အားစုများမှာ ယခင် စောဘဦးကြီး စုစည်းထားခဲ့သော လူမျိုးစုများပင် ဖြစ်သည်။ ဖွဲ့စည်းရာတွင် လက်မှတ်ရေးထိုးခဲ့သော အဖွဲ့များမှာ၊

- ကရင် တော်လှန်ရေး မန်းဘဇန်၊
- မွန် တော်လှန်ရေး နိုင်ထွန်းသိန်း၊
- ကရင်နီ တော်လှန်ရေး ဆရာမနော်သိန်းမြ၊
- ပအိုဝ်း တော်လှန်ရေး ဗိုလ်ခင် တို့ ဖြစ်သည်။

၁၄၃။ ၁၉၅၆ ခုနှစ်၊ ဧပြီလတွင် တော်လှန်ရေးလုပ်ငန်းစဉ်များကို ရေးဆွဲသည်။ ဗကပ မှ သတ်မှတ် ချိန်းဆိုထားသည့် အစည်းအဝေးသို့ တက်ရောက်ရန် မဖြစ်နိုင် သေးသည့် အပေါ် အခြေအနေပေးသည်အထိ စောင့်ဆိုင်းပေးရန် ၎င်းတို့ တက်ရောက်နိုင်မည့် အစည်းအဝေးကို ဆက်လက် ရက်ရွှေ့ဆိုင်းပေးရန် တောင်းဆိုလေသည်။ အစည်းအဝေး ကို ရက်ရွှေ့ဆိုင်း ပေးလိုက်သည့်အတွက် လူမျိုးစု ခေါင်းဆောင်အားလုံး သက်ဆိုင်ရာ နေရပ်များသို့ ပြန်လည် ထွက်ခွာသွားကြသည်။

၁၄၄။ ၁၉၅၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့ မြစ်ဝကျွန်းပေါ် တပ်မဟာ (၆)ဖြစ်သော၊ ပဲခူးခရိုင် အား ပဲခူးရိုးမတိုင်းအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ပဲခူးရိုးမတိုင်းတွင် ခရိုင် (၃)ခရိုင် ပါဝင် ခဲ့သည်။

- အမှတ် (၁) ခရိုင်၊ အနောက်ဖက် သာယာဝတီနှင့် ပြည် ခရိုင်၊
- အမှတ် (၂) ခရိုင်၊ တောင်ဘက် အင်းစိန် ခရိုင်၊
- အမှတ် (၃) ခရိုင်၊ အရှေ့ဖက် ပဲခူးခရိုင် တို့ ဖြစ်သည်။

၁၉၅၄ ခုနှစ်၊ လှေဆွဲအစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော မြစ်ဝကျွန်းပေါ် K.P.L.A. တပ်မဟာ မှာ၊ -

တပ်မဟာမှူး ဗိုလ်မှူးမြမောင်၊
တပ်ရင်း (၁)မှူး ဒုဗိုလ်မှူးကြီးတင်ဦး၊
တပ်ရင်း (၂)မှူး ဒုဗိုလ်မှူးကြီးချစ်တင်၊
တပ်ရင်း (၃)မှူး ဒုဗိုလ်မှူးကြီးအောင်ဖေဇန်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်း (၄)မှူး ဒုဗိုလ်မှူးကြီးစိုးလေး/ ဗိုလ်ကျင်ဖေ တို့ ဖြစ်သည်။

မှတ်ချက်။ ။ ၁၉၅၆ ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့တွင် မောကို ကွန်ဂရက်ကို ကျင်း ပသည်။ ၁၄၅။ ၁၉၅၄ ခုနှစ်၊ ၁၉၅၅ လှေဆွဲကွန်ဖရင့် ပြီးသည့်နောက်ပိုင်း မြစ်ဝကျွန်းပေါ် ခေါင်းဆောင်များတွင်၊ စောမောင်တိုးနှင့် စောစိန်မှုန် တို့မှလွဲပြီး ကျန်ခေါင်းဆောင်များ၊ ခရိုင်၊ မြို့နယ် ကိုယ်စားလှယ်များ၊ တပ်မတော် ခေါင်းဆောင်များ အသီးသီးတို့သည် အရှေ့တိုင်း တွင် ကျင်းပမည့် မောကို ကွန်ဂရက်သို့ တက်ရောက် လာကြသည်။ မန်းဘဇန် မှာလည်း ပဲခူး မှတဆင့် အရှေ့တိုင်းသို့ တက်ရောက် လာခဲ့သည်။

ကော်သူးလေ ဗဟိုဌာနချုပ်ဖြစ်သော ဃဲပါတာ (သို့) “စေးဘောပယ်”သို့ ရောက်လာ သောအခါ ကော်သူးလေ ဗဟိုခေါင်းဆောင်အားလုံးကို ခေါ်ဆိုပြီး ပဏာမ အစည်းအဝေးတ ရပ်ကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ၁၉၅၂-၅၃ ခုနှစ် မြစ်ဝကျွန်းပေါ်ရှိ စစ်ရေး၊ နိုင်ငံရေး အကျပ်အတည်းများကို အစီရင်ခံသည်။ ၁၉၅၁ ခုနှစ် ကျော်ဇော စစ်ဆင်ရေးမှ စတင်ကာ၊ မိမိတို့ ကော်သူးလေ စစ်တပ်များသည် မိမိတို့ အခြေခံရာ ဒေသအများအပြားမှ ဆုတ်ခွာခဲ့ကြရသည်။ တပ်မမှူးဗိုလ်ပု၊ ဗိုလ်ကြီး အော်စဘွန်း ကဲ့သို့သော ခေါင်းဆောင်များက လည်း၊ ရန်သူထံ အညံ့ခံ သွားကြသည်။ ကျေးရွာ အားလုံးလိုလို အလံဖြူများကို လွှင့်ထူခဲ့ကြ သည်။

ဤကဲ့သို့ ကြီးမားသည့် အခက်အခဲများကြားမှ ဒုတိယ လမ်းစဉ်ကို ချမှတ်ပြီး စမ်းသပ် လုပ်ဆောင်သည့်အခါ ပြည်သူလူထုများ စိတ်ဓါတ် တက်ကြွလာပြီး တော်လှန်ရေး ကို တက်ကြွစွာ အားပေးလာခြင်း၊ ကော်သူးလေ ရှေ့ဆောင်ပါတီ၏ ဦးဆောင်မှုအပေါ် တပ်မတော်မှ တပ်သားအသီးသီး စနစ်တကျ စည်းရုံး လှုပ်ရှားကြသည့်အပေါ် အောင်မြင်မှု များရလာပြီး ယခင် စွန့်လွှတ်ခဲ့ရသော နယ်မြေများတွင် ပြန်လည် အခြေချနိုင်ခဲ့သည်။ ထို့ကြောင့် ထိုလမ်းစဉ်ကို တပြည်လုံးအတိုင်းအတာဖြင့် တရားဝင် တော်လှန်ရေး လမ်းစဉ် အဖြစ် ချမှတ်ရန်နှင့် အတည်ပြုရန် လိုအပ်ကြောင်းကို တင်ပြဆွေးနွေးလာသည်။ အစည်း အဝေးသို့ တက်ရောက်လာသော ခေါင်းဆောင်အားလုံးက ကွန်ဂရက် ခေါ်ယူကျင်းပရန်ကို သဘောတူကြသည်။ ဤ ကွန်ဂရက်ကို ၁၉၅၆ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင် ကျင်းပရန်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သဘောတူ သတ်မှတ်ခဲ့ကြသည်။ ဤကွန်ဂရက်သည် “ကော်သူးလေ တနိုင်ငံလုံးဆိုင်ရာ ဒုတိယ ကွန်ဂရက်” လည်း ဖြစ်သည်။

၁၄၆။ ဤအစည်းအဝေးသို့ တက်ရောက်လာသော တိုင်း(၃)တိုင်းမှ ခေါင်းဆောင် အားလုံး (၇၀)ကျော် တက်ရောက်ခဲ့သော အစည်းအဝေးလည်းဖြစ်သည်။ အခြားသော လေ့လာသူများ၊ ဖိတ်ကြားထားသော မဟာမိတ် အဖွဲ့အစည်း ဧည့်သည်တော်များ အများအပြား အပါအဝင် စုစုပေါင်း (၁၅၀)ကျော် တက်ရောက်ခဲ့သော အစည်းအဝေးလည်းဖြစ်သည်။ အစည်းအဝေး အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သဘာပတိ စောဟန်တာသာမွေးက ကွန်ဂရက် အဖွင့် မိန့်ခွန်း ပြောကြားသည်။

၂။ စကောလယ်တောမှ (၇)နှစ်တာအတွင်း ကရင့်တော်လှန်ရေး အခြေအနေကို တင်ပြသည်။

၃။ မန်းဘဇန်မှ နိုင်ငံရေး အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး တင်ပြသည်။

၄။ စောဟန်တာသာမွေးက အရှေ့တိုင်းတွင် ဖွဲ့စည်းသော ကရင် တော်လှန်ရေး ကောင်စီ (K.R.C.) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် လုပ်ငန်းစဉ်များကို အစီရင် ခံစာ တင်သွင်းသည်။

၅။ K.R.C. ဗဟိုခေါင်းဆောင်များကို ရွေးချယ်ခဲ့သည်။

၆။ ကရင် တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို တင်သွင်း အတည်ပြုခြင်း။

၇။ ဒုတိယလမ်းစဉ်ကို အကောင်အထည် ဖော်ရေးအတွက် ပထမ အဆင့် စီမံကိန်းကို တင်ပြ ခြင်း။

၈။ စစ်ရေးလမ်းစဉ်အား တင်ပြပြီး အတည်ပြုခြင်း။

၉။ မြေယာလမ်းစဉ်ကို အစီရင်ခံ တင်ပြခြင်း အတည်ပြုခြင်း။

၁၀။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖဆပလ အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးခြင်းသည်၊ နည်းပရိယာယ် ကြွေးကြော်သံ အဖြစ်သာ သဘောထားရန် သတ်မှတ်သည်။

၁၄၇။ K.R.C. ဗဟိုခေါင်းဆောင်များနှင့် အလုပ်အမှုဆောင် ကော်မတီကို ၁၉၅၅ ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့၌ ကျင်းပသော K.R.C. ပထမ အကြိမ် ကွန်ဂရက်မှ ရွေးချယ်ခဲ့သော ခေါင်းဆောင်အများစု ပါဝင်သော အမှုဆောင်ကော်မတီကို တင်သွင်း အတည်ပြုခြင်း ဖြစ်သည်။ အသစ်ပြင်ဆင်သော အမှုဆောင် ကော်မတီများမှာ အောက်ပါ အတိုင်းဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.R.C. ဗဟို အလုပ်အမှုဆောင်များ၊

၁။ ဟံတာသာမွေး ဥက္ကဋ္ဌ နှင့် နိုင်ငံခြားရေး ဌာန၊ တာဝန်ခံ။

၂။ မန်းဘဇန် ဒု- ဥက္ကဋ္ဌ နှင့် နိုင်ငံရေး ဌာန၊ တာဝန်ခံ။

၃။ ဗိုလ်ချုပ်မင်းမောင် ဒု- ဥက္ကဋ္ဌ နှင့် ကာကွယ်ရေး ဌာန၊ တာဝန်ခံ။

၄။ စကောလယ်တော အတွင်းရေးမှူး နှင့် အုပ်ချုပ်ရေး။

၅။ မန်းသိန်းမောင် တွဲဘက် အတွင်းရေးမှူးချုပ်။

၆။ ပဒိုဝီရီကျော် ပြည်ထဲရေး ဌာန၊ တာဝန်ခံ။

၇။ ပဒိုထောရေ ဘဏ္ဍာရေး နှင့် အခွန်အကောက် ဌာန၊ တာဝန်ခံ။

၈။ ပဒိုမန်းရှန်ဖလေ့ သစ်တော နှင့် လယ်ယာ ဌာန၊ တာဝန်ခံ။

၉။ ပဒိုစူမော်လီ သတင်းပြန်ကြားရေး နှင့် လယ်ယာ ဌာန၊ တာဝန်ခံ။

၁၀။ ပဒိုဘထွန်း ပညာရေး နှင့် ကျန်းမာရေး ဌာန၊ တာဝန်ခံ။

၁၁။ ပဒိုဖိုးညော တရားစီရင်ရေး ဌာန၊ တာဝန်ခံ။

၁၂။ စကောဝါးခို တရားရေး နှင့် ဥပဒေရေးရာ ဌာန၊ တာဝန်ခံ။

၁၄၈။ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၅)ရက်၊ ကော်သူးလေ စစ်ရေးလုပ်ငန်းစဉ်နှင့် တပ်မတော်ဖွဲ့စည်းပုံကို ဆွေးနွေး အတည်ပြုခဲ့သည်။ ဇူလိုင်လ (၅)ရက်နေ့ကို “ကော်သူးလေ တပ်မတော်နေ့” အဖြစ်လည်း သဘောတူ လက်ခံခဲ့သည်။

၁၄၉။ ကရင်တော်လှန်ရေး ဒုတိယ လမ်းစဉ်နှင့် လုပ်ငန်းစဉ်။

(မောကိုကွန်ဂရက်မှ အတည်ပြု လက်ခံခဲ့သည်။)

(၁၉၅၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်မှ ဇူလိုင်လ(၅) ရက် နေ့ အထိ)

ရည်မှန်းချက်များ။

(၁) ကရင်အမျိုးသားများ၏ အချုပ်အခြာ အာဏာပိုင် ကရင်ပြည် ရရှိရေး။

(၂) ဗမာပြည်ရှိ တိုင်းရင်းသား လူမျိုးစုအားလုံး အချုပ်အခြာအာဏာပိုင် ပြည်နယ်များ ရရှိရေး။

(၃) ဆန္ဒအရ ပူးပေါင်း၍ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရရှိသည့် ပြည်သူ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုသစ်ကို တည်ထောင် သွားရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၄) အဆုံးသတ် ရည်မှန်းချက်ဖြစ်သော ဆိုရှယ်လစ် လူ့ဘောင်သစ်ဆီသို့ အရောက် ချီတက်သွားကြရန်တို့ ဖြစ်သည်။

တော်လှန်ရေး အင်အားစုများ။

၁။ အလုပ်သမား လူတန်းစားက ရှေ့ဆောင်၍၊

၂။ လယ်သမားလူတန်းစားနှင့် ခိုင်မာစွာ မဟာမိတ်ပြု၊

၃။ ပညာတတ် အမှုထမ်းအရာထမ်း၊ ဓနရှင်ပေါက်စ လူတန်းစားများနှင့် ပူးပေါင်း၊

၄။ အမျိုးသား ဓနရှင်များကို နယ်ချဲ့ ဆန့်ကျင်ရေး အခြေခံပေါ်တွင် ပူးပေါင်းသွားရန်။

အဓိက ရန်သူ။ နယ်ချဲ့ စံနစ်၊ မြေရှင် ပဒေသရာဇ် စံနစ်။

အဓိက တိုက်ကွင်း။ ဖဆပလ အစိုးရ။

တိုက်ပွဲ သဏ္ဌာန်နှင့် စည်းရုံးရေး သဏ္ဌာန်။ လက်နက်ကိုင် တိုက်ပွဲ၊ လက်နက်ကိုင် စည်းရုံးရေးနှင့် လက်နက်ကိုင် စည်းရုံးရေး သဏ္ဌာန်တို့သည် အဓိက ဖြစ်သည်။

(လက်နက်ကိုင်တိုက်ပွဲသည် အဓိက စည်းရုံးရေး သဏ္ဌာန်ဖြစ်သည်။)

အဓိက ဝင်ရိုး။ မြေယာ တော်လှန်ရေး။

၁၅၀။ ဒုတိယ လမ်းစဉ်၏ လုပ်ငန်းစဉ်များ။

၁။ နိုင်ငံရေးလုပ်ငန်း။ K.N.U. ပါတီကို ကရင်တော်လှန်ရေး၏ ရှေ့ဆောင် တပ်ဦး ပါတီ အဖြစ်ထင်း။ K.N.U. အစည်းအရုံးကို ကရင့် တော်လှန်ရေး၏ ကျောရိုးအဖြစ် ဖွဲ့စည်း ပြီး တည်ဆောက်သွားရန်။

၂။ လူမျိုးစု လုပ်ငန်း။ ဒီမိုကရက်တစ် လူမျိုးစုများ၏ ညီညွတ်ရေး တပ်ဦးကို ဖွဲ့စည်းပြီး တိုက်ပွဲဝင်သွားရန်။

၃။ တပ်ပေါင်းစု လုပ်ငန်း။ ဗမာပြည်အတွင်း တော်လှန်သော အဖွဲ့အစည်း အားလုံးကို စုစည်း ပြီး ပြည်လုံး ဆိုင်ရာ တပ်ပေါင်းစုကြီးကို တည်ဆောက်ရန်။

၄။ စီးပွားရေးလုပ်ငန်း။ ပြည်သူ့ဒီမိုကရေစီ စီးပွားရေး လုပ်ငန်းနှင့်အညီ လူတန်းစား (၄)ရပ် အတွက် ၎င်းတို့၏ အကျိုးစီးပွား အသီးသီးနှင့် ကိုက်ညီသည့် စီးပွားရေး ပေါ်လစီများကို ချမှတ် ကျင့်သုံး ရန်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅။ စစ်ရေးလုပ်ငန်း။ ကော်သူးလေ ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ကို ဖွဲ့စည်း ရာတွင် တပ်မတော် (၃)ရပ် ထားရှိမည်။

(၁) K.P.L.A. - အမြဲတမ်းတပ်ဖွဲ့၊

(၂) P.K.G.F. - ပြောက်ကျားတပ်ဖွဲ့၊

(၃) K.N.D.O. - အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ တို့ဖြစ်သည်။

၆။ ရန်သူ စိုးမိုးသည့် နယ်မြေအတွင်း ရန်သူ့အာဏာကို တိုက်ဖျက်ပြီး ကရင် တော် လှန်ရေး အုပ်ချုပ်ရေး အာဏာကို အစားထိုး တည်ဆောက်ရန်။

၇။ လူမှုရေး လုပ်ငန်း။ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ကို လုပ်ဆောင် သွားရန်။

၈။ ဘာသာရေး။ ဘာသာတိုင်း တန်းတူပြီး လွတ်လပ်စွာ ကိုးကွယ် ပိုင်ခွင့် ရှိရမည်။

၉။ နိုင်ငံခြားရေး ပေါ်လစီ။ နိုင်ငံခြား ဆက်ဆံရေး လုပ်ငန်းတွင်၊ - နိုင်ငံတကာ ဆက်ဆံရေး မူကြီး (၅)ချက်ကို လက်ခံ ကျင့်သုံး လုပ်ဆောင်ရန်။

၁၅၁။ နိုင်ငံတကာ ဆက်ဆံရေး မူကြီး (၅) ချက်၊

၁။ နိုင်ငံတနိုင်ငံနှင့် တနိုင်ငံ၊ နယ်မြေ အချုပ်အခြာ အာဏာကို အပြန်အလှန် လေးစားရမည်။

၂။ နိုင်ငံတနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွတ်ဖက်ခြင်း နှောက်ယှက် ခြင်း မပြုရ။

၃။ နိုင်ငံတနိုင်ငံ၏ နိုင်ငံရေးနှင့် လွတ်လပ်ခွင့်ကို အင်အားသုံး၍ ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုရ။

၄။ နိုင်ငံတနိုင်ငံနှင့် တနိုင်ငံ အပြန်အလှန် အကျိုးပြု ပူးပေါင်း ဆောင်ရွက် ခြင်းများကို ဆောင်ရွက်ရမည်။

၅။ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရမည်။

၁၅၂။ ၁၉၅၆ ခုနှစ် အရှေ့တိုင်း ဒုတိယ လမ်းစဉ်အပေါ် နိုင်ငံရေး ပို့ချချက်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗဟို နိုင်ငံရေး သင်တန်းများ၊ ပထမ အကြိမ်။

“မောကို” ကွန်ဂရက်မှ ဆုံးဖြတ် အတည်ပြုခဲ့သော ကရင့် တော်လှန်ရေး လမ်းစဉ်ကို အရှေ့တိုင်းတွင် ချမှတ် အကောင်အထည် ဖော်နိုင်ရေးအတွက် ပထမ အကြိမ် ဗဟို နိုင်ငံရေး သင်တန်း ပို့ချမှုကို ကျောက်ကြီးမြို့နယ် မြေနီကုန်းတွင် ပြုလုပ်ခဲ့သည်။ တက်ရောက်သူ အများစုမှာ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင် တို့မှ ဖြစ်ကြပြီး၊ ဘားအံနှင့် ဖာပွန်ခရိုင်တို့မှ အချို့လည်း တက်ရောက်ခဲ့ကြသည်။ သင်တန်းသား အားလုံး (၁၀၀) နီးပါး တက်ရောက် လေ့လာခဲ့ကြသည်။

သင်တန်း ပို့ချပေးသူနှင့် ပို့ချခဲ့သော ဘာသာရပ်များ။

၁။ မန်းဘဇန် “မျက်မှောက် နိုင်ငံရေး အခြေအနေနှင့် တော်လှန်ရေး သဘောတရား ဆိုင်ရာ သေနင်္ဂဗျူဟာ ပြဿနာ”။

၂။ စကောလယ်တော “ကရင်တော်လှန်ရေး၏ ဒုတိယလမ်းစဉ်”။

၃။ မန်းရှန်ဖလေ “ပါတီနှင့် မြေယာလုပ်ငန်း”။

၄။ ဆရာဖလားစေး(ဆရာဘာဟု) “တော်လှန်ရေးဆိုင်ရာ စည်းရုံးရေး လုပ်ငန်းများ”။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗဟို နိုင်ငံရေးသင်တန်း၊ ဒုတိယ အကြိမ်။

ဒုတိယအကြိမ် ဗဟိုနိုင်ငံရေးသင်တန်းကို “မယ်ဝေ”တွင် ပြုလုပ်ခဲ့သည်။ တက်ရောက်သူ အများစုမှာ သထုံခရိုင်နှင့် ဖာပွန် ခရိုင်တို့မှ ဖြစ်သည်။ သထုံခရိုင် တပ်မဟာ(၅)မှ တပ်မဟာမှူး ဗိုလ်စိုးနှင့် တပ်ရင်းမှူးများ ဖြစ်ကြသည်။ ဗိုလ်ရဲလူ နှင့် ဗိုလ်စိုး တင့်တို့ ပါဝင်ကြသည်။ ဗဟိုဌာနချုပ်ခေါင်းဆောင်များ ဖြစ်သော ဗိုလ်ချုပ်အုန်းဖေ (စိန်အုန်း ဖေ)၊ ပဒိုဖူးလယ်မူး၊ ပဒိုဖိုးညော၊ ဗိုလ်ချုပ်စိုင်းကေ၏ဇနီး တို့လည်း တက် ရောက်ခဲ့ကြသည်။ သင်တန်းသားအားလုံး (၂၀၀)ကျော် တက် ရောက်ခဲ့သည်။

မန်းဘဇန်၊ စကောလယ်တော၊ ဆရာဖလားစေးတို့၏ သင်ကြားပို့ချချက်များတွင် သင်တန်းသားများက မရှင်းလင်းသော အချက်အလက်များ အပေါ်တွင် မေးခွန်းများ မေးခြင်း၊ သင်တန်း ပို့ချသူများကလည်း အသေးစိတ်ဖြေကြားခြင်း စသည်ဖြင့် တက်တက် ကြွကြွ လေ့လာခဲ့ကြသည်။ သင်တန်း၏ နောက်ဆုံး ဘာသာရပ်ဖြစ်သော ပါတီနှင့် မြေယာ လုပ်ငန်းတွင် သင်တန်းပို့ချသူမှာ မန်းရှန်ဖလေ့ (ဆရာသာမြိုင်) ဖြစ်သည်။ သင်တန်းသို့ (၂)ပတ် နောက်ကျပြီးမှ ရောက်လာခဲ့ပြီး သူပို့ချသော ဘာသာရပ်တွင် ဘာသာရေးကို ထိပါးသော အပြောအဆိုများနှင့် ယောကျ်ားများ၏ မဟာဖိုဝါဒ(ခေါ်) အမျိုး သမီးများအပေါ် သဘောထား မှန်ကန်မှု မရှိသည်များ ပါဝင်နေကြောင်းများကို သင်တန်း ကာလအတွင်း ဆွေးနွေးရာ သထုံ တပ်မဟာ (၅)မှ၊ တပ်မှူးများသည် မကျေနပ်သဖြင့် သင်တန်းကို ဆက်မ တက်တော့ချေ။ မန်းဘဇန် နှင့် ဆရာဖလားစေးတို့မှာ ပြန်လည် ရှင်းပြသော်လည်း ဘဝ်မ ကျ၍ သင်တန်းကို ရပ်ဆိုင်းလိုက်ရသည်။

၁၅၃။ ၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်အပြီး၊ K.N.U. ပါတီနှင့် ဗကပ ကိုယ်စားလှယ်များ တွေ့ဆုံခြင်း။

ဗမာပြည်ကွန်မြူနစ်ပါတီက K.N.U. ပါတီသို့ စာရေးသား ပေးပို့ပြီး၊ (၂)ဖွဲ့ တွေ့ ဆုံရန် အကြောင်းကြားလာသဖြင့် အစည်းအဝေးကို ကျောက်ကြီးမြို့နယ် ပနာကွီးထာ တွင် တွေ့ဆုံ ကြသည်။ (မဲရိပ်မဲကာ) ဗမာပြည် ကွန်မြူနစ်ပါတီမှ တက် ရောက်လာသော ခေါင်းဆောင်များ မှာ (၁) သခင်ဇင် ခေါင်းဆောင်ပြီး၊ (၂) ရဲဘော်မြ၊ (၃) ဗိုလ်ဘုန်းကျော် တို့ဖြစ်ပြီး၊ K.N.U. ပါတီ ဘက်မှ (၁) မန်းရှန်ဖလေ့၊ (၂) ဆရာ ဖလားစေး (ဆရာဘာဟု)၊ (၃) ဗိုလ်တင်ဦး တို့ ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှစ်ဘက်ခေါင်းဆောင်တို့သည် မိမိတို့သက်ဆိုင်ရာ ပါတီ၏ နိုင်ငံရေး လမ်းစဉ်၊ စည်းရုံးရေး လမ်းစဉ်များကို အပြန်အလှန် တင်ပြ ဆွေးနွေးကြသည်။ နှစ်ဦး နှစ်ဘက်မှ တင်ပြသော လမ်းစဉ်များအပေါ် တူညီချက်များကို ရှာဖွေဖော် ထုတ်ခြင်း၊ မတူညီသည့် အချက်များအပေါ်တွင် ပြန်လည် ဆွေးနွေးခဲ့ကြသည်။ ပြီးနောက် ဘုံရန်သူကို ဆန့်ကျင် တိုက်ခိုက်ရေးအတွက် ပူးတွဲ ဆောင်ရွက်ရေးများ ကို ဆွေးနွေးခဲ့ကြသည်။

ဗကပ ဗဟိုကော်မတီမှ ချမှတ်ထားသော (၅၅)ခုနှစ်၊ တော်လှန်ရေး လမ်းစဉ် သည် ပါလီမန် အတွင်း ဝင်ရောက်ရေးအတွက် လမ်းစ ရှာဖွေရေးသာ ဖြစ်သည်။ ပါလီမန်အတွင်းမှ တိုက်ပွဲဝင်သွားရန် ဖြစ်သည်။ ဗကပ နှင့် K.N.U. အကြား တူညီသည့် အမြင် အနည်းအကျဉ်းသာ ရှိခဲ့ပြီး၊ မတူညီသည်က များသည်။ သို့ရာတွင် ဘုံရန်သူကို ပူးပေါင်း တိုက်ခိုက်ရေးအတွက် အောက်ပါအတိုင်း သဘော ထား ချမှတ်ခဲ့ကြသည်။

(၁) စစ်ရေးအရ ပူးတွဲ စစ်ဆင်ရေးအတွက် ပူးတွဲ ကော်မတီတရပ် ဖွဲ့စည်းပြီး ရန်သူအား တိုက်ခိုက်ရန်။

(၂) မတူညီမှုများ ပေါ်ပေါက်လာပါက နှစ်ဘက် တွေ့ဆုံပြီး နိုင်ငံရေးနည်းဖြင့် ဖြေရှင်း သွား ရန်။

(၃) အပြန်အလှန် ကူညီမှုများ လိုအပ်သလို တတ်အားသ၍ ဆောင်ရွက်ရန်။

(၄) ရန်သူ သတင်းများကို အပြန်အလှန် ပေးပို့ ကူညီရန်။

(၅) စာပေး စာယူဖြင့်၎င်း၊ ကြေးနန်းစက်ဖြင့်၎င်း၊ အပြန်အလှန် ဆက်သွယ်မှုများ ပြုလုပ်ရန် စသည်တို့ ဖြစ်သည်။

၁၅၄။ ၁၉၅၆ ခုနှစ်တွင် “ချင်း”ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း။

ဗဟိုနိုင်ငံရေး သင်တန်းကျောင်း ဒုတိယအကြိမ် “မယ်ဝေ”၌ ကျင်းပပြု လုပ်နေစဉ် အတွင်း၊ “ချင်း”အမျိုးသား ဦးစီးအဖွဲ့မှ ဥက္ကဋ္ဌ နှင့်အဖွဲ့သည် “လယ်ထကွီး” တပ်မဟာ(၃) ဋ္ဌာနချုပ်သို့ ရောက်ရှိ လာခဲ့သည်။ K.N.U. ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရန် ဖြစ်သည်။ ထို့ကြောင့် စောဟန်တာသာမွေးက စကောလယ်တောနှင့် ဆရာဖလားစေး တို့ကို ရွေးချယ်ပြီးနောက် လယ်ထကွီး ၌ သွားရောက် တွေ့ဆုံ ဆွေးနွေး စေခဲ့သည်။

တွေ့ဆုံပွဲတွင် K.N.U. ပါတီမှ၊ “ချင်း”ဦးစီးအဖွဲ့မှ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၁) စကောလယ်တော၊ (၁) ဆလိုင်းသာထူး (ဥက္ကဋ္ဌ)၊

(၂) ဆရာဖလားစေး (ဆရာဘာဟု)၊ (၂) ဆလိုင်းသာဦး (ဗဟိုဌာနချုပ် လူငယ်တဦး)၊

ထိုဆွေးနွေးပွဲတွင် မိမိတို့ အဖွဲ့များ၏ နိုင်ငံရေးလမ်းစဉ်များကို တင်ပြ ဆွေး နွေးသည်။ ချင်းဦးစီး အဖွဲ့သည် ဗကပ မှ ဦးစီးပြီး ဖွဲ့စည်းပေးခဲ့သော အဖွဲ့ဖြစ်သဖြင့် နိုင်ငံရေး လမ်းစဉ်မှာ ဗကပ လမ်းစဉ်အတိုင်း ဖြစ်သည်။ ဆွေးနွေးပွဲတွင် ဆလိုင်း သာထူးသည် ဗကပ နှင့် တွဲဖက် လုပ်ကိုင်ရာတွင် ၎င်းတို့အပေါ် အာဏာယူကြောင်း၊ အမျိုးမျိုး ဖိနှိပ်မှု ခံရ ကြောင်းကို ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲအပြီး နှစ်ဘက် သဘော တူညီချက်ဖြင့် ထုတ်ပြန် ချက် တစောင် ထုတ်ပြန်ခဲ့သည်။ ဖဆပလ အစိုးရကို အောင်ပွဲ ရသည်အထိ ပူးတွဲ တိုက်ခိုက် သွားရန်နှင့် အပြန်အလှန် ကူညီရန် သဘောထားများ ပါရှိသည်။

၁၅၅။ ဒုတိယလမ်းစဉ်နှင့် ပါတီ တည်ဆောက်ရေးဆိုင်ရာ တာဝန် ခွဲဝေမှုများ။

၁၉၅၆ - ၅၇ ခုနှစ်။

ဒုတိယလမ်းစဉ်သည် နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး၊ အမျိုးသား လွတ် မြောက် ရေးနှင့် ဒီမိုကရေစီ တော်လှန်ရေး ဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ K.N.U. တပ်ဦး ပါတီ၏ ရှေ့ဆောင်မူအောက်တွင် ချမှတ်ခဲ့သည်။ ထိုလမ်းစဉ်ကို ၁၉၅၆ ခုနှစ် မောကို ကွန်ဂရက်မှ အတည်ပြုပြီး တိုင်း(၃)တိုင်းအတွင်း ပြန်လည် ချမှတ်ရန် အောက်ပါ ခေါင်းဆောင်များကို တာဝန် ခွဲဝေပေးခဲ့သည်။

၁) မြစ်ဝကျွန်းပေါ်တွင် ပြန်လည်အကောင်အထည်ဖော်ရန်အတွက် ဗိုလ်ချုပ်မြမောင် နှင့် ဗိုလ်မှူးချုပ်ကျင်ဖေ တို့အား၎င်း၊

၂) အရှေ့တိုင်းတွင် မန်းဘဇန်၊ ပဒိုမန်းသိန်း၊ ပဒိုဝေသော၊ ဆရာဘာဟု၊ မန်းရှန်ဖလေ့ နှင့် ဒု ဗိုလ်မှူးကြီးတာအယ်တို့အား တာဝန်ပေးသည်။

မန်းဘဇန်နှင့် မန်းသိန်းတို့အား တပ်မဟာ(၃) နယ်မြေသို့၎င်း၊ ဆရာဘာဟု ကို တောင်ငူခရိုင်သို့၎င်း၊ ပဒိုဝေသော ကို သထုံခရိုင်၊ တပ်မဟာ(၅)သို့၎င်း၊ ဒု-ဗိုလ်မှူးကြီး တာ အယ်အား အမှတ် (၆) တပ်မဟာသို့၎င်း၊ အသီးသီး ဖြန့်ခွဲ၍ ဒုတိယလမ်းစဉ်ကြီးကို ချမှတ် စည်းရုံးခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၅၆။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ (၆)ရက်။

မင်းရန်အောင် ထိုးစစ်

၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် “မင်းရန်အောင် စစ်ဆင်ရေး” အမည်ဖြင့် ဖဆပလ စစ်တပ်သည် ရွှေကျင်နယ်မြေတွင်းသို့ စတင် ဝင်ရောက်လာသည်။

K.R.C. ဌာနချုပ်ရှိရာ “မောကို”သို့ဌင်း။ တပ်မဟာ (၃) ဌာနချုပ်ရှိရာ “လယ်ထကွီး” သို့ဌင်း၊ ထိုးစစ်ဆင်ရာ K.R.C. ဌာနချုပ်မှ အသံလွှင့်စက်၊ ရုပ်ရှင်စက်နှင့် ပစ္စည်းကိရိယာများ၊ ရိက္ခာများကို ရရှိသွားသည်။ တပ်မဟာ (၃) ဌာနချုပ်စခန်း၊ ခရိုင် ဌာနချုပ် စခန်းကို ဝင်ရောက် သိမ်းပိုက်ပြီး ဆန်စက်များ ရုံးပစ္စည်းများကို ရရှိသွားသည်။ K.R.C. မှ ဆရာထွေးဇန်တို့ လက်နက်ချသဖြင့် အဖိုးတန် အသံလွှင့်စက် အားလုံးကို ဖော်ထုတ် ရရှိ သွားသည်။

နိုဝင်ဘာလတွင် မင်းရန်အောင် ထိုးစစ်သည် ဖာပွန်မြောက်ပိုင်း နယ်မြေ “ဆာမူပယ်” ကိုဌင်း၊ “စေးဒေး” သတ္တုတွင်းသို့ဌင်း၊ တဟုန်ထိုး ချီတက်ပြီး ထိုနယ်မြေ အတွင်း၌ တပ်စွဲထားလေသည်။ သထုံခရိုင် တပ်မဟာ(၅)နှင့် ဘားအံခရိုင် တပ်မဟာ(၇) နယ်မြေတို့ကိုလည်း ထိုးစစ်ဆင်ခဲ့သည်။ တပ်မဟာ(၃)ကို ထိုးစစ် ဆင်သကဲ့သို့ အင်အား မများလှချေ။ ရန်သူသည် အခွင့်ကောင်းကို ရယူနိုင်သဖြင့် ထိုးစစ်အစပိုင်းတွင် တလ နှစ်လ အတွင်း အောင်ပွဲများ အလျင်အမြန် ရရှိသွား သည်။

၁၅၇။ ပဒိုဝေသောနှင့် မင်းရန်အောင် ထိုးစစ်။

မင်းရန်အောင် ထိုးစစ်တွင် ပဒိုဝေသောသည် အရှေ့တိုင်းသို့ ရောက်ခါစ အချိန်ဖြစ်သည်။ တပ်မဟာ(၃) ဌာနချုပ်နှင့် K.R.C.ဌာနချုပ် စခန်းဖြစ်သော ထီးမူ စခန်းကို အလွယ်တကူ သိမ်းပိုက်ရရှိသောကြောင့်၊ ပဒိုဝေသောသည် ဤ တပ်မဟာ (၃)မှူး ဗိုလ်မှူးကြီး ကျားမောင်ကိုဌင်း၊ ရွှေကျင်မြို့နယ်မှ ဥက္ကဋ္ဌ၊ သစ်ခေါင်း မောင်ရာ ကိုဌင်း၊ တပ်ရင်းခေါင်းဆောင်အား အပြစ်တင်ပြီး၊ တပ်မဟာမှူး ဗိုလ်မှူးကြီးကျားမောင်ကို ဖြုတ်ချလိုက်သည်။ ဌင်းနေရာတွင် ထရူးမင်းကို ခန့်အပ်လိုက်သည်။ သစ်ခေါင်း မောင်ရာ ကိုလည်း မြို့နယ် ဥက္ကဋ္ဌ အဖြစ်မှ ဖြုတ်ချကာ ကျန် တပ်မှူး အချို့ကိုလည်း ဖြုတ်ချမည်ဟု ပြောဆိုလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်မှူး၊ တပ်သားများနှင့် မြို့နယ်ခေါင်းဆောင်များသည် မိမိတို့ ကျရာ တာဝန်တို့ကို ကြိုးပမ်း ဆောင်ရွက်သူများဖြစ်သည်။ သို့သော် ရန်သူသည် မိမိတို့၏ သတင်းများကို အတိအကျရရှိပြီး၊ ကြီးမားသော အင်အားဖြင့် အလျင်အမြန် ထိုးစစ် ဆင်သောကြောင့် မိမိ ဖက်မှ ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့်လဲ စက်ကရိယာများ၊ ရိက္ခာများကို ရန်သူက သိမ်းပိုက် ရရှိသွားခြင်းဖြစ်သည်။

ရန်သူအား တန်ပြန် တိုက်ခိုက်ခြင်း

ရန်သူသည် မောကို ကွန်ဂရက်နှင့် ဒုတိယ လမ်းစဉ်ကို ချမှတ်ခဲ့သည်ကို အသေအချာ သိရှိခဲ့သည်။ ဒုတိယ လမ်းစဉ်ကြီး အမြစ်မတွယ်မီ အရှေ့တိုင်း ကော်သူးလေ ဗဟိုကို လ အနည်းငယ်အတွင်း ချေမှုန်းပစ်ရန်ကိုလည်း ဆုံးဖြတ်ထား လေသည်။

ကော်သူးလေ ဗဟိုကလည်း၊ ဒုတိယ လမ်းစဉ်ကို အတည်ပြုပြီးသည်နှင့် ခေါင်းဆောင်ကြီးများ ဖြစ်သော မန်းဘဇန်၊ မန်းရှန်ဖလေ့၊ မန်းဖလားစေး၊ မန်းသိန်းမောင်၊ ဗိုလ်မှူးကြီး တာအယ်တို့အား အရှေ့တိုင်း ဒေသကြီးအတွင်း ဒေသများ ဖြန့်ခွဲပြီး၊ ဒုတိယ လမ်းစဉ်ကြီးကို သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်၊ စည်းရုံး ရေးလမ်းစဉ်နှင့် နည်းနာများကို ပို့ချခဲ့ရာ၊ ခရိုင်၊ မြို့နယ်များရှိ တပ်မှူး၊ တပ်သားများ အားလုံး မှန်ကန်သော နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်၊ စစ်ရေးဆိုင်ရာ ကိစ္စရပ်များကို နားလည် သဘောပေါက်ပြီး ရန်သူကို ရင်ဆိုင်ရန် တက်ကြွနေသော အချိန်လည်း ဖြစ်သည်။ ရန်သူကို ကြောက်စိတ် မရှိဘဲ တိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ အသစ်ခန့်အပ် ထားသော တပ်မဟာ(၃)၊ တပ်မဟာမှူးကြီး ဖြစ်သော ဗိုလ်ကြီးထရူးမင်းနှင့် ဗိုလ်မှူးကြီး စောဘိုမြ ဦးစီး သည့် K.L.A. တပ်ရင်းတို့ ပူးပေါင်းပြီး ရွှေကျင်မြို့နယ် ကျောက်ကြီးမြို့နယ် အတွင်း ရန်သူ ကို လှည့်လည် တိုက်ခိုက်ကြသည်။ တပ်မဟာ(၂) တပ်များနှင့် ပူးပေါင်းပြီး တောင်ငူခရိုင်၊ သံတောင် မြို့နယ်အတွင်း ရန်သူများကို လှည့်လည် တိုက်ခိုက် ကြသည်။ ရန်သူ အများ အပြား ကျဆုံးပြီး လက်နက် အများအပြားကို သိမ်းပိုက်ရရှိခဲ့သည်။ ရန်သူ တပ်ရင်းမှ ကချင်(၃) တပ်ရင်း တရင်းတည်းမှပင် ရန်သူအင်အား (၁၀၀)ကျော်ကို ချေမှုန်း နိုင်ခဲ့သည်။ တပ်မဟာ(၃) တပ်ဖွဲ့များသည် ဗကပ လက်နက်ကိုင် တပ်ဖွဲ့များနှင့် ပူးပေါင်းပြီး ထန်းတပင် မြို့နယ်၊ မုန်းမြို့နယ်အတွင်းရှိ ရန်သူ့ တပ်စခန်းများကိုလည်း လိုက်လံ တိုက်ခိုက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

"မုန်တိုင်းနီ"စစ်ဆင်ရေးကို ရေးဆွဲပြီး၊ ဆာမူပယ်၊ စေးဒေး တို့တွင် စခန်းချ ထားသော ရန်သူတပ်စခန်းများကိုလည်း ဝိုင်းဝန်း တိုက်ခိုက်ခဲ့သည်။ ရေခပ်ဆင်းလာသော ရန်သူများ အား ချောင်းမြောင်း ပစ်ခတ်ခဲ့ရာ အများအပြား သေကျေ ခဲ့ကြသည်။ တပ်ခွဲမှူး အပါအဝင် ရဲဘော်များ ကျဆုံးခဲ့ရသဖြင့် နောက်ပိုင်းတွင် ရန်သူသည် တပ်စခန်းထဲမှ အပြင်သို့ပင် မထွက်ရဲတော့ပေ။

ရန်သူသည် အရှေ့တိုင်းအား ထိုးစစ်ဆင် တိုက်ခိုက်စဉ်၊ ပဲခူးရိုးမတွင် ရောက်နေသော ဗိုလ်ချုပ်ကော်ထူး၏ ညွှန်ကြားချက်အောက်တွင်၊ ပဲခူးတိုင်း စစ်ဦးစီးဖြစ်သူ ဗိုလ်မောင်မောင်၊ တပ်မဟာမှူး ဗိုလ်မှူးလောကွား (ဝရဇိန်) တို့သည် ကော်သူးလေတပ်ကို တိုးချဲ့ ဖွဲ့စည်းပြီး၊ ယခု ဗကပ တို့နှင့် ပူးတွဲပြီး ရန်သူကို တိုက်ခိုက်ခဲ့ကြသည်။ ဗကပ တပ်များကို ဗိုလ်ဖုန်းကျော်၊ ဗိုလ်ညွန့်ထွန်း၊ ဗိုလ်ထွန်းမြင့် တို့က ဦးစီးကွပ်ကဲသည်။ ကော်သူးလေ နှင့် ဗကပ ပူးတွဲ တပ်တို့သည် ပဲခူးမြို့ကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ မီးရထား ဘူတာရုံ၊ ရဲစခန်းများနှင့် ဈေးကြီးရပ်ကွက်တို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ လူထုများ အား စည်းရုံး ဟောပြောခြင်း၊ စာရွက်စာတမ်းများ ဖြန့်ချိမှုများ ပြုလုပ်ခဲ့ကြသည်။ မြို့ကိုဝင်ရောက် သိမ်းပိုက်ရာတွင် စနစ်တကျ ရှိပြီး၊ စစ်သားများသည်လည်း စည်းကမ်းကို အလွန် လိုက်နာကြသည်။ မြို့သူ မြို့သားများ၊ ပြည်သူလူထုပိုင် ပစ္စည်းများကို လုယူခြင်း၊ စသော ပရမ်းပတာ လုပ်ရပ်များကို ရှောင်ရှားနိုင်ခဲ့ပြီး စနစ်တကျ ငြိမ်သက်စွာ သိမ်းပိုက် နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ကရင်တပ်များသည် ပဲခူးကို တိုက်ခိုက်ပြီး တပတ်အတွင်းတွင် ဘုရားကြီး၊ ဘုရားလေးတို့ကို ဝင်ရောက် တိုက်ခိုက်သည်။ ကော်သူးလေ အရှေ့တိုင်းကို ချေမှုန်းရန် ရန်သူ ရည်ရွယ်ခဲ့သော "မင်းရန်အောင်" ထိုးစစ်သည် နောက်ဆုံးတွင်၊ အရှေ့တိုင်းမှ တပ်များကို ရုပ်သိမ်းပြီး စစ်ဆင်ရေးကို ရပ်ဆိုင်းလိုက်သည်။ (၆)လကြာ ထိုးစစ် ကာလ အတွင်း နေရာ အနှံ့ ရန်သူ(၆၀၀)ကျော်ကို နှိမ်နင်းနိုင်ခဲ့ပြီး၊ (၁,၀၀၀)ကျော်ကိုလည်း ဒဏ်ရာရစေခဲ့သည်။ ရန်သူ့လက်နက်မျိုးစုံ (၁,၀၀၀) ကျော်ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ မင်းရန်အောင် ထိုးစစ်သည် အရှုံးဖြင့် ရုပ်သိမ်း လိုက်ရသည်။

၁၅၈။ ဒုတိယလမ်းစဉ်နှင့် တိုင်းဒေသကြီးများ ပြန်လည် ဖွဲ့စည်းခြင်း။
၁၉၅၆ - ၁၉၅၇ - ၁၉၅၈။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁) အရှေ့တိုင်း - ထိုင်းနိုင်ငံနှင့် မန္တလေး၊ ရန်ကုန် မီးရထားလမ်း အကြား နယ်မြေ၊

၂) ပဲခူးရိုးမတိုင်း - ယခင်က မြစ်ဝကျွန်းပေါ်တိုင်း၊ တပ်မဟာ(၆)ကို ပဲခူးတိုင်းအဖြစ် ၁၉၅၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် သတ်မှတ် လိုက်သည်။ ပဲခူးတိုင်းသည် ရန်ကုန် - မန္တလေး ရထားလမ်းနှင့် လှိုင်မြစ် အကြားရှိ နယ်မြေပင် ဖြစ်သည်။

၃) မြစ်ဝကျွန်းပေါ်တိုင်း - လှိုင်မြစ်နှင့် ဘင်္ဂလားပင်လယ်အော် အကြားရှိ နယ်မြေ ဖြစ်သည်။

၁) အရှေ့တိုင်း - ဥက္ကဋ္ဌမှာ ပဒိုမန်းသိန်းဖြစ်သည်။ အရှေ့တိုင်း တပ်မှူးချုပ်မှာ ဗိုလ်ချုပ်အုန်းဖေ ဖြစ်ပြီး တိုင်းအတွင်းရေးမှူးမှာ ဆရာအုန်းဖေညွန့်ဖြစ်ကာ အလုပ် အမှုဆောင်ကော်မတီ တရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ ဟံတာသာမွေး၏ တဦးတည်း သဘောဖြင့်ဆောင်ရွက် သွားသည်။ အလုပ်အမှုဆောင် ကော်မတီသည် ယခင် အတိုင်းပင် ဆက်လက် ထားရှိသည်။

၁။ ဟံတာသာမွေး ဥက္ကဋ္ဌ နှင့် နိုင်ငံခြားရေး ဌာန၊ တာဝန်ခံ။

၂။ မန်းဘဇန် ဒု ဥက္ကဋ္ဌ နှင့် နိုင်ငံရေးဌာန၊ တာဝန်ခံ။

၃။ ဗိုလ်ချုပ်မင်းမောင် ဒု ဥက္ကဋ္ဌ နှင့် ကာကွယ်ရေးဌာန၊

၄။ စကောလယ်တော အတွင်းရေးမှူးချုပ် နှင့် အုပ်ချုပ်ရေး။

၅။ မန်းသိန်းမောင် တွဲဘက် အတွင်းရေးမှူး နှင့် တိုင်း ဥက္ကဋ္ဌ ။

၆။ ပဒိုဝီရီကျော် ပြည်ထဲရေးဌာန၊ တာဝန်ခံ။

၇။ မန်းရှန်ဖလေ့ သစ်တောနှင့် လယ်ယာ ဌာန၊ တာဝန်ခံ။

၈။ ပဒိုစူမော်လွီ သတင်းပြန်ကြားရေး/ ဝါဒဖြန့်ချိရေး ဌာန၊ တာဝန်ခံ။

၉။ ပဒိုဘထွန်း ပညာရေးနှင့် ကျန်းမာရေး ဌာန၊ တာဝန်ခံ။

၁၀။ ပဒိုဖိုးညော တရားစီရင်ရေး ဌာန၊ တာဝန်ခံ။

၁၁။ ပဒိုထောရီ ဘဏ္ဍာရေးနှင့် အခွန်အကောက် ဌာန၊ တာဝန်ခံ။

၁၆၀။ တပ်မတော် ဖွဲ့စည်းပုံ အရှေ့တိုင်း၊

၁၉၅၆ ခုနှစ် မောကို ကွန်ဂရက် ဆုံးဖြတ်ချက်။

ကော်သူးလေ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မင်းမောင်၊

ကော်သူးလေ ဒု စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်ထူး၊

ကော်သူးလေ အရှေ့တိုင်းမှူး ဗိုလ်ချုပ်စောအုန်းဖေ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကော်သူးလေ တပ်မ(၁) တပ်မမှူး ဗိုလ်မှူးကြီးဘလှစိန်၊

ကော်သူးလေ တပ်မ(၂) တပ်မမှူး ဗိုလ်ချုပ်တာကပေါ။

တပ်မ(၁) တပ်မတွင် တပ်မဟာ(၂)၊

တပ်မဟာ (၃)၊

တပ်မ(၂) တပ်မတွင် တပ်မဟာ (၄)၊

တပ်မဟာ (၅)၊

တပ်မဟာ (၆)။

အရှေ့တိုင်းရှိ တပ်မဟာများ။

တပ်မဟာ(၁) ယခင်က မြစ်ဝကျွန်းပေါ် တပ်မဟာ (Delta Force) ဗိုလ်စိုး နှင့် ဗိုလ်လင်းထင်။

တပ်မဟာ (၂) တောင်ငူ တပ်မဟာ။

တပ်မဟာ (၃) ညောင်လေးပင်။ ဗိုလ်မှူးကဆယ်ဒို၊ ဗိုလ်မှူးဆာဒိုကော။

တပ်မဟာ (၄) လှိုင်းဘွဲ့။ ယခင်က “လိုက်ဘရိတ်ဂိတ်”။

တပ်မဟာ (၅) သထုံ တပ်မဟာ။ “ရွှေလင်းယုန် ဘရိတ်ဂိတ်”။

တပ်မဟာ (၆) ဗိုလ်အေးမြိုင်၊ ဗိုလ်ရွှေဆိုင်း။

တပ်မဟာ (၇) ဗိုလ်မှူးချုပ် အယ်လ်မိုးပီ၊ ဗိုလ်ကြီး ကျော်နီထူး၊ ဗိုလ်ကြီးအဂ္ဂဘတ်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၆၁။ အရှေ့တိုင်းတွင် ပါဝင်သော ခရိုင်များ၊

၁) တောင်ငူခရိုင် - ထန်းတပင်မြို့နယ်။

တပ်မဟာ (၂) - ဘောဂလီမြို့နယ်။

သံတောင်မြို့နယ်။

ပျဉ်းမနားမြို့နယ်၊ (နောက်ပိုင်း ဗိုလ်အယ်ဒူး မှ ဖော်ထုတ်သည်။)။

၂) သထုံခရိုင် - ဘီးလင်းခရိုင်။

တပ်မဟာ (၁) - ကျိုက်ကော်၊ ကျိုက်ထို ခရိုင်။

ယခင် တပ်မဟာ (၅)။

၃) ကျောက်ကြီး ခရိုင် - ကျောက်ကြီးမြို့နယ်။

တပ်မဟာ (၃) - ရွှေကျင်မြို့နယ်။

မုန်းမြို့နယ်။

၄) မူတြော် ခရိုင် - သံလွင် ခရိုင်။

သံလွင်ခရိုင် - ဖာပွန်။

တပ်မဟာ (၇) - ဘားအံ။

၅) ဒူးပလာယာခရိုင် - အခြေခံဒေသ။

တပ်မဟာ (၆) - ကော့ကရိတ်မြို့နယ်။

ဝင်းရေး မြို့နယ်။

ကျုံဒိုး မြို့နယ်။

ကြာအင်း မြို့နယ်။

၁၆၂။ မြစ်ဝကျွန်းပေါ်တိုင်းအား ပြန်လည် ဖွဲ့စည်းခြင်း။

၁၉၅၆ ခုနှစ် ဒုတိယလမ်းစဉ်ကို ချမှတ်ပြီးနောက် ခရိုင်နှင့် တပ်မဟာများကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

အမှတ်(၁)ခရိုင်။ တပ်မဟာ(၁) နယ်မြေ။

(စံကင်း၊ အဖျောက်၊ ဇကာကြီး၊ ဟသ်ာတ မြို့နယ်)တို့ ပါဝင်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမှတ်(၂)ခရိုင်။ တပ်မဟာ(၂) နယ်မြေ။

(မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ နှင့် မော်လမြိုင်ကျွန်း တခြမ်း ပါဝင်သည်။)

အမှတ်(၃)ခရိုင်။ တပ်မဟာ(၃) နယ်မြေ။

(ဟံသာဝတီ၊ တွံတေး၊ ကွမ်းခြံကုန်း နယ်မြေများ ဖြစ်သည်။)

အမှတ်(၄)ခရိုင်။ တပ်မဟာ(၄)နယ်မြေ။

(ဇလွန်၊ ဝိန်လားပန်း၊ ထူးကြီး၊ ကျုံပျော် နယ်မြေများ ဖြစ်သည်။)

အမှတ်(၅)ခရိုင်။

(ဒေးဒရဲ၊ ငွေသောင်ယံ၊ မော်လမြိုင်ကျွန်း နှင့် ဖျာပုံဒေသ တချို့ပါဝင်သည်။)

အမှတ်(၆)ခရိုင်။ ယခင် မြစ်ဝကျွန်းပေါ်တိုင်းတွင် ပါဝင်သော်လည်း ၁၉၅၆ ခုနှစ် မောကို ကွန်ဂရက်မှစပြီး ပဲခူးရိုးမတိုင်းအဖြစ် ပြောင်းလဲသွားသည်။

အမှတ်(၇)ခရိုင်။ (ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူ၊ ပန်းတနော် နယ်မြေတို့ ပါဝင်သည်။)

အမှတ်(၈)ခရိုင်။ (ငပုတော၊ ပုသိမ်အရှေ့ သာပေါင်းနှင့် သင်္ဘောကျင်း မြို့နယ်များ ပါဝင်သည်။)

မှတ်ချက်။ ။ မြစ်ဝကျွန်းပေါ်၌ ကော်သူးလေ အစိုးရအဖွဲ့ ဖွဲ့စည်းစဉ်က တပ်မဟာ (၇)ခုရှိပြီး၊ တပ်ရင်း (၂၅)ရင်း ရှိသည်။ ဒုတိယလမ်းစဉ်ကို ပြန်လည် ချမှတ်သောအခါ တပ်မတော်(၃)ရပ်ကို ဖွဲ့စည်းခဲ့သည်။

၁။ K.P.L.A. ကရင်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်။

၂။ K.P.G.F. ကရင်ပြည်သူ့ ပြောက်ကျား တပ်မတော်။

၃။ K.N.D.O. ကရင်အမျိုးသား ကာကွယ်ရေး တပ်မတော်။ ဟူ၍ တပ်မတော်(၃) မျိုးကို ဖွဲ့စည်းခဲ့သည်။

K.P.L.A. တပ်မဟာ (၁) ခုကို တပ်ရင်း (၃)ရင်းဖြင့် ဖွဲ့စည်းထားခဲ့သည်။

၁၆၃။ ၁၉၅၆ ခုနှစ်၊ မြစ်ဝကျွန်းပေါ်တိုင်း

- ဥက္ကဋ္ဌ ဆရာစိန်ဟန် (မန်းဖန်းထန်)၊
- တိုင်းမှူးချုပ် ဗိုလ်ချုပ်စိန်မှုန်၊
- ဒု တိုင်းမှူးချုပ် ဗိုလ်မှူးကြီးမြမောင်၊

- တိုင်း နိုင်ငံရေးမှူး ဗိုလ်မှူးကြီးမြရင်၊
- တိုင်းအတွင်းရေးမှူး ဦးစိုးအောင်၊
- K.P.L.A. တပ်မဟာမှူး ဗိုလ်မှူးကြီးကျင်ဖေ(ကိုးဒို)၊
- တပ်ရင်း(၁)တပ်ရင်းမှူး ဗိုလ်မှူးမြသိန်း၊
- ဒု တပ်ရင်းမှူး ဗိုလ်အောင်ချစ်၊
- တပ်ရင်း(၂) တပ်ရင်းမှူး ဗိုလ်ချစ်တင်၊
- ဒု -တပ်ရင်းမှူး ဗိုလ်သောင်းညွန့်၊

(ဗိုလ်ချစ်တင် ကျဆုံးပြီးနောက် ဗိုလ်သောင်းညွန့် တပ်ရင်းမှူး ဖြစ်လာပြီး ဗိုလ်အေးကျော်သည် ဒု တပ်ရင်းမှူး ဖြစ်လာသည်။)

- တပ်ရင်း(၃) တပ်ရင်းမှူး - ဗိုလ်ဘော်လ်ဒွင်၊
- ဒု တပ်ရင်းမှူး - ဗိုလ်သာစိန်၊

(ဗိုလ်ဘောလ်ဒွင်အား လူမျိုးစု နယ်မြေသို့ တာဝန်ပေးသဖြင့် ၎င်းနေရာကို ဗိုလ်ဝေးလေ ကဆက်ခံသည်။)

မြစ်ဝကျွန်းပေါ်ရှိ K.P.G.F. - ပြောက်ကျားတပ်ရင်းများကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

အမှတ်(၁)ခရိုင်၊ K.P.G.F. တပ်ရင်း(၂)၊ တပ်ရင်းမှူး ဗိုလ်သန်းမြင့်၊

အမှတ်(၂) ခရိုင်၊ K.P.G.F. တပ်ရင်း(၆)၊ တပ်ရင်းမှူး ဗိုလ်ထီးမူး၊

(နောက်ပိုင်းတွင် ဗိုလ်ကွက်ကော်။)

အမှတ်(၃) ခရိုင်၊ K.P.G.F. တပ်ရင်း(၁)၊ တပ်ရင်းမှူး ဗိုလ်အောင်ချစ်၊

အမှတ်(၄) ခရိုင်၊ K.P.G.F. တပ်ရင်း(၄)၊ တပ်ရင်းမှူး ဗိုလ်သက်ဖော၊

ဒု တပ်ရင်းမှူး ဗိုလ်မှူး ထူးစော၊

အမှတ်(၅) ခရိုင်၊ K.P.G.F. တပ်ရင်း(၇)၊ တပ်ရင်းမှူး ဗိုလ်ကျော်နီ၊

ဒု တပ်ရင်းမှူး ဗိုလ်ပြူး၊ (နောင် လက်နက်ချသွား)၊

အမှတ်(၇) ခရိုင်၊ K.P.G.F. တပ်ရင်း(၃)၊ တပ်ရင်းမှူး ဗိုလ်ဖန်းရှောင်း၊

ဒု တပ်ရင်းမှူး ဗိုလ်မှူးဂါးမင်း၊

အမှတ်(၈) ခရိုင်၊ K.P.G.F. တပ်ရင်း(၅)၊ တပ်ရင်းမှူး ဗိုလ်ခါဆူ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗဟို လုံခြုံရေးအတွက် အထူးတပ်ဖွဲ့တဖွဲ့ ဖွဲ့စည်းရာ တပ်ရင်းများမှ တပ်စိတ် တစိတ်စီ ရွေးချယ်ပြီး ဖွဲ့စည်းခဲ့သည်။ ဗဟိုလုံခြုံရေးအတွက် ဗိုလ်မိုးဟိန်းက တာဝန်ယူ အုပ်ချုပ်သည်။

K.P.G.F. တပ်မဟာ (၁)တွင်၊ တပ်ရင်း(၆)၊ တပ်ရင်း(၇) တို့ ပါဝင် ဖွဲ့စည်း ကြပြီး တပ်မဟာမှူးမှာ ဗိုလ်မှူးအက်စ်သိန်း ဖြစ်သည်။

K.P.G.F. တပ်မဟာ (၂) တွင်၊ တပ်ရင်း (၃) ၊ တပ်ရင်း (၄) ၊ တပ်ရင်း (၅) တို့ဖြင့် ပါဝင် ဖွဲ့စည်းခဲ့ပြီး တပ်မဟာမှူးမှာ ဗိုလ်ထွန်းအေးဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးရိုးမတိုင်းကို ပြန်လည်ဖွဲ့စည်းခြင်း

၁၆၄။ ၁၉၅၆ ခုနှစ်၊ ပဲခူးရိုးမတိုင်းကို ပြန်လည်ဖွဲ့စည်းခြင်း။

ပဲခူးရိုးမသည် ရန်ကုန် မန္တလေး မီးရထားလမ်းနှင့် လှိုင်မြစ် အကြားရှိ နယ်မြေများ ပါဝင်သည်။ ယခင်က မြစ်ဝကျွန်းပေါ် တပ်မဟာ(၆) နယ်မြေအဖြစ် ဖွဲ့စည်းထားသည်။ “၁၉၅၆ ခုနှစ်၊ ဧပြီလ (၁၆)ရက်”နေ့တွင် ပဲခူးရိုးမတိုင်းအဖြစ် သီးခြား ဖွဲ့စည်းပေးခဲ့ပြီး၊ ၁၉၅၆ ခုနှစ် ဇွန်လတွင် မောကိုကွန်ဂရက်မှ အတည်ပြု ခဲ့သည်။ ပဲခူးရိုးမကို ခရိုင် (၃)ခရိုင် ဖြင့် ဖွဲ့စည်းထားသည်။

အမှတ်(၁)ခရိုင်။ သာယာဝတီနှင့် ပြည် နယ်မြေ ဒေသ။

အမှတ်(၂)ခရိုင်။ မော်ဘီနှင့် အင်းစိန် နယ်မြေဒေသ။

အမှတ်(၃)ခရိုင်။ ပဲခူးဒေသအတွင်း နယ်မြေများ ဖြစ်သည်။

၁၉၅၆ ခုနှစ်၊ စတင်ဖွဲ့စည်းခဲ့သော ပဲခူးတိုင်း အုပ်ချုပ်ရေးအဖွဲ့မှာ၊

ပဲခူးတိုင်း ဥက္ကဋ္ဌ စောမျိုးသွေး၊

ပဲခူးတိုင်း ဒု ဥက္ကဋ္ဌ ဗိုလ်မောင်မောင်၊

တိုင်းစစ်ဦးစီးမှူး (ခေါ်) တပ်မဟာမှူး၊

ပဲခူးတိုင်း အတွင်းရေးမှူး ဗိုလ်အေးဟန်၊

စောမျိုးသွေးသည် ပဲခူးရိုးမသို့ရောက်ပြီး မကြာမီ ဗမာပြည် ကွန်မြူနစ် ပါတီမှ ဆရာမဒေါ်အေးမြင့် နှင့် လူမှုရေး မှားယွင်း ကျူးလွန်သဖြင့် ဥက္ကဋ္ဌနေရာမှ ဖယ်ရှားပြီး၊ ဗိုလ်အေးဟန်အား တိုင်းဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သည်။ ဗိုလ်အေးဟန်၏ လစ်လပ်နေ သော တိုင်း အတွင်းရေးမှူး နေရာတွင် ဗိုလ်သန်းအောင်က တာဝန်ယူသည်။

၁၉၅၉ ခုနှစ်၊ K.N.U. ပါတီ ကွန်ဂရက် ကျင်းပပြီးစီး သောအခါ စောမျိုးသွေး၊ ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင် တို့အား၊ တပ်ပေါင်းစုလုပ်ငန်းများ တာဝန်ယူရန် အရှေ့တိုင်း ပါတီဗဟိုဌာနချုပ်သို့ ခေါ်ယူလိုက်သည်။ ၁၉၅၉ ခုနှစ်၊ ပါတီ ကွန်ဂရက် အပြီး၊ ပဲခူးတိုင်းတွင် တာဝန်ယူ ထမ်းဆောင်ရန် မန်းဖလားစေးအား တာဝန်ပေး စေလွှတ်ခဲ့ရာ၊ ရန်သူ၏ ဖမ်းဆီး ခြင်းခံရသဖြင့် ဗိုလ်တင်ဦးအား ထပ်မံ စေလွှတ်ခဲ့သည်။ ထိုစဉ်က ဗိုလ်တင်ဦးမှာ အရှေ့တိုင်း တပ်မဟာ (၆)နယ်မြေတွင် ဇုံ မှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံထားရသော အချိန်ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၉ ခုနှစ်၊ ပဲခူးတိုင်းဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတာအယ်၊

အတွင်းရေးမှူး ဗိုလ်အေးဟန်၊

စည်းရုံးရေးမှူး ဗိုလ်ကြည်လင်း၊

လုံခြုံရေးမှူး ဗိုလ်လောကွား၊

တိုင်းကော်မတီဝင် ဗိုလ်ကြာချစ်၊

တိုင်းကော်မတီဝင် ဗိုလ်ကြီးသာချို၊

တိုင်းကော်မတီဝင် ဗိုလ်ထိုကြည်၊

တိုင်းကော်မတီဝင် ဗိုလ်စံခ၊

တိုင်းကော်မတီဝင် ဗိုလ်ညောင်ရေ၊

တိုင်းကော်မတီဝင် ဗိုလ်အုန်းမောင်၊

တိုင်းကော်မတီဝင် ဗိုလ်မှူးအောင်စိန်၊

ဘဏ္ဍာရေးမှူး ဆရာမှံ

အမှတ်(၁) ခရိုင်

ဥက္ကဋ္ဌ ဗိုလ်ကြီးကြာချစ်၊ (တိုင်းကော်မတီ)၊

အတွင်းရေးမှူး ဗိုလ်အုန်းမောင်၊

(နောက်ပိုင်း ဗိုလ်အုန်းမောင်မှာ ခရိုင်ဥက္ကဋ္ဌ ဖြစ်လာပြီး အတွင်းရေးမှူး ဗိုလ်သာချို (တိုင်းကော်မတီ) တို့ဖြစ်သည်။)

အုပ်ချုပ်ရေး နယ်မြေမှာ သာယာတီ၊ လက်ပံတန်း၊ စစ်ကွင်းမြို့နယ်နှင့် ဆက်စပ်နေသော တောင်ပေါ်ဒေသ၊ ကွင်းဒေသများ ဖြစ်သည်။

အမှတ်(၂) ခရိုင်

ဥက္ကဋ္ဌ ဗိုလ်ကြီးထိုကြည်၊ (တိုင်းကော်မတီ)၊

အတွင်းရေးမှူး ဗိုလ်စံခ၊ အုပ်ချုပ်ရေးနယ်မြေမှာ ဇောင်းတူ၊ ငဖြူကလေး၊ ဥက္ကံ၊ သုံးဆယ်၊ ဖလုံ တို့ဖြစ်သည်။

အမှတ်(၃) ခရိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဥက္ကဋ္ဌ ဗိုလ်ညောင်ရေ၊ (ခရိုင်ကော်မတီ)၊

အတွင်းရေးမှူး စောထောမဲ၊ (ဆင်ပိုင်ရှင် ဖူးစကောဇ၏ သားဖြစ်သည်။)

အုပ်ချုပ်ရေးနယ်မြေမှာ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဒိုက်ဦး၊ ရထားလမ်း ကားလမ်း အနောက်ခြမ်း ဒေသတို့ဖြစ်သည်။

အမှတ်(၃) ခရိုင်ကော်မတီများမှာ၊ ဗိုလ်ကြီးဘလုံ နှင့် ဦးဖိုးတုတ် တို့ဖြစ်သည်။

အမှတ်(၄) ခရိုင်

ဥက္ကဋ္ဌ မှာ ဗိုလ်ကြီးကြာချစ်၊ (တိုင်းကော်မတီ)၊

အတွင်းရေးမှူးမှာ ဗိုလ်လွစ်

၁၉၅၃ ခုနှစ်၊ ဖာပွန်ကွန်ဂရက်တွင် ဗိုလ်ကြီးတာအယ်နှင့် လိုက်ပါလာသူ ဖြစ်သည်။

အမှတ်(၄) ခရိုင်တွင် ကမ္ဘာရှား အေးမောင်မှာ ခရိုင် အလုပ်အမှုဆောင် ကော်မတီတွင် ပါဝင်သည်။

ပဲခူးတိုင်းအတွင်း ခရိုင် အသီးသီးတွင် ဖွဲ့စည်းထားသော တပ်ရင်းနှင့် တပ်မှူး များမှာ၊ အမှတ်(၁) ခရိုင်၊ ဗိုလ်မှူးလောကွား (တိုင်းလုံခြုံရေးမှူး) ဦးစီး ဖွဲ့စည်းထားသော တပ်ရင်း (၁၇)။

အမှတ်(၂)ခရိုင်၊ ဗိုလ်ထိုကြည် (တိုင်းကော်မတီ) ဦးစီးပြီး ဖွဲ့စည်းထားသော တပ်ရင်း (၂၁)နှင့် ဗိုလ်ကြီးထွန်းလင်း။

အမှတ်(၃) ခရိုင်၊ ဗိုလ်ကြီးသာချို (တိုင်းကော်မတီ) ဦးစီး ဖွဲ့စည်းထားသော တပ်ရင်း(၁၆)၊ အမှတ်(၄) ခရိုင်၊ ဗိုလ်ကြီးစိန်ညို ဦးစီးသော တပ်ရင်း (၂၂)၊ စုစုပေါင်း တပ်ရင်းပေါင်း (၄)ရင်း ရှိသည်။ တပ်များကို ပြန်လည် ဖွဲ့စည်းရန် တာဝန်ပေးခြင်း ခံရသော တိုင်းနှင့် ခရိုင် အလုပ်အမှုဆောင် ကော်မတီဝင် များမှာ (၁) ဗိုလ်ကြီးအုန်းမောင်၊ (၂)။ ဗိုလ်ကြီးစံခ၊ (၃)။ ဗိုလ်အောင်နိုင်၊ (၄) ဗိုလ်ကျော်၊ (၅)။ ဗိုလ်ညောင်ရေ တို့ ပါဝင်သည်။

၁၆၅။ ပဲခူးရိုးမတိုင်း ဒေသ သမိုင်း။

၁၉၄၉ ခုနှစ် ရန်သူသည် ထုံးကြီး၊ စာဘူးတောင်းတို့ကို ပြန်လည် သိမ်းပိုက်နိုင်သည်အထိ ပဲခူးတောင်ပေါ် ဒေသတွင် လက်နက်ကိုင် တဦး တယောက် မှ မရှိသေးချေ။ အရှေ့တိုင်းတွင် စောဘဦးကြီး၏ မေတ္တာရပ်ခံချက်အရ ဗိုလ်ချုပ် စိုင်းကေသည် မြစ်ဝကျွန်းပေါ်တိုင်းမှ အရှေ့တိုင်းသို့ လာရောက်ပြီး ဥက္ကဋ္ဌ စောဘဦးကြီးအား အကူအညီ ပေးရမည် ဖြစ်သည်။ အရှေ့တိုင်းသို့ ခရီးတွင် ပဲခူးရိုးမကို ဖြတ်ကျော်ရမည် ဖြစ်သည်။ သူ၏ လုံခြုံရေးအတွက် ဗိုလ်ကြီးစီးပလိန်းနှင့် အင်အား (၄၀)ခန့်ကို စေလွှတ်ပေးခဲ့သည်။ ဗိုလ်ချုပ်စိုင်းကေနှင့်အတူ မြစ်ဝကျွန်းပေါ်မှ ဆရာ စကောလယ်တော၊ ဗိုလ်ရောလေတို့ ပါဝင်ခဲ့လေသည်။

၁၉၅၀ ခုနှစ်၊ ဧပြီလလယ်လောက်တွင် ဗိုလ်ချုပ်စိုင်းကေနှင့် အဖွဲ့သည် ဇောင်းတူကို ရောက်ရှိပြီး၊ ပဲခူးရိုးမဒေသကို ဖြတ်ကျော်သွားရာတွင် အချက်အခြာ ကျသော နေရာဖြစ်ကြောင်း လေ့လာ တွေ့ရှိခဲ့သည်။ အရှေ့ခြမ်းနှင့် အနောက်ခြမ်း နယ်မြေများကို ထိန်းချုပ်နိုင်ရန် အတွက် လက်နက်ကိုင်တပ်ဖွဲ့များ ထားရှိရန်နှင့် ဒေသအုပ်ချုပ်ရေးများကို ချမှတ်သင့် ကြောင်း တွေ့ရှိခဲ့သည်။

နယ်မြေသည် အတော်အတန်ကျယ်ပြီး၊ ကျွန်းသစ် အများအပြားလည်း ခုတ်လှဲ ထားသည့် အပြင် မခုတ်မလှဲရသေးသော ကျွန်းသစ် အများအပြားလည်း ရှိနေသေး ကြောင်း တွေ့ရ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ဝင်ငွေကောင်းသော ဒေသဖြစ်နိုင်သည့်အတွက် ဗိုလ်ကြီးစီးပလိန်း က စစ်တပ်ကို တိုးချဲ့ တည်ဆောက်ရန်နှင့် အုပ်ချုပ်ရေး လုပ်ငန်းများကိုပါ အကောင် အထည်ဖော်ရန်၊ “ဇောင်းတူ”တွင် တလခန့် နေထိုင်ပြီး အကူအညီ ပေးခဲ့သည်။ အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် သာယာဝတီ မြို့တွင် နေထိုင်သော သစ်တော အရာရှိဟောင်းများ ဖြစ်ကြသည့် ပဒိုမောင်ခင်၊ ပဒိုခြတိုး တို့ကို ခေါ်ယူပြီး သစ်လုပ်ငန်းကို ကြပ်မတ်ရန် ခန့်အပ်ခဲ့လေသည်။ ဤသို့ စီစဉ်ပြီးမှ အရှေ့တိုင်းသို့ ဆက်လက် ထွက်ခွာ ခဲ့သည်။

နောက်ပိုင်း ၁၉၅၁ ခုနှစ်တွင်၊ စီးပလိန်းသည် ပြည်မြို့ရှိ ကရင် လက်နက် ကိုင်တပ်ရင်းမှ ကစဉ့်ကလျားဖြစ်နေသော တပ်သားများကို စုစည်းထားသော တပ်ရင်း၊ သာယာဝတီတောင်ပိုင်းကို အခြေခံသော တပ်ရင်း(၁၇)ကို ပေါင်းစုပြီး၊ တပ်မဟာတခုကို ဖွဲ့စည်းလိုက်သည်။ ထို တပ်မဟာကို တပ်မဟာ(၆)ဟု သတ်မှတ် လိုက်သည်။ ထိုတပ်မဟာကို မြစ်ဝကျွန်းပေါ်တွင် ထည့်သွင်းထားပြီး၊ တပ်မဟာမှူးမှာ ဗိုလ်ကြီးစီးပလိန်း ကိုယ်တိုင်ပင် ဖြစ်သည်။

၁၉၅၁ ခုနှစ်ကုန်ပြီး။ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်သူတပ်မှူး ဗိုလ်ချုပ် ကျော်ဇော ဦးဆောင်သော မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးတွင် ကော်သူးလေ တပ်မဟာ(၁) နယ်မြေဖြစ်သော၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော် နယ်မြေတို့ကို ကြည်း - ရေ - လေ တပ်များဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ တပ်မဟာမှူး ဗိုလ်ချုပ်ကော်ထူးက တပ်ရင်း (၁၈)နှင့်အတူ၊ အမျိုးသမီး အိမ်ထောင်သည် ကလေး လူကြီး (၂,၀၀၀) ကျော်ကို ပဲခူး အနောက်ခြမ်း တောင်ခြေသို့ ရွှေ့ပြောင်းလိုက်ပြီး ကျန်သော တပ်ဖွဲ့များနှင့် ခုခံခဲ့သည်။ ရန်သူအများအပြား ဒဏ်ရာရစေခဲ့သည်။ နောက်ပိုင်း ရန်သူသည် အဆမတန် များပြားသော အင်အားဖြင့် တပ်မဟာ(၁) နယ်မြေကို ပိတ်ဆို့ တိုက်ခိုက်ရာ ကျန် တပ်မဟာမှ တပ်ရင်းအားလုံး နယ်မြေကို စွန့်လွှတ်ပြီး၊ ပဲခူးအနောက်ခြမ်းဒေသသို့ ဆုတ်ခွာခဲ့ကြသည်။ တပ်မဟာ(၁) တပ်ရင်းများသည် ပဲခူးသို့ ဆုတ်စဉ် တပ်တချို့ကို ချန်လှပ်ပြီး ရန်သူကို ဆက်လက် တိုက်ခိုက်ရင်း လူထုအား စည်းရုံး ရန်ကိုလည်း တာဝန်ပေးခဲ့သည်။

၁၉၅၁ - ၅၂ ပဲခူး အနောက်ခြမ်းတွင် အခြေချလာသော တပ်မဟာ(၁)သည် ပဲခူး အရှေ့ခြမ်းတွင် အခြေပြုသော စီးပလိန်း ၏ တပ်မဟာ(၆)၊ တပ်ဖွဲ့များနှင့် ပူးပေါင်းပြီး သာယာဝတီ အကြား မီးရထားလမ်း၊ ကားလမ်းပေါ်ရှိ မြို့အများ အပြားကို တိုက်ခိုက်ရာ လက်နက်ပစ္စည်း ကရိယာများ အဝတ်အထည် အများ အပြားကို သိမ်းပိုက်နိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးတိုင်း၏ မြောက်ပိုင်းနယ်မြေဖြစ်သော ကွမ်းချောင်း အထက်ပိုင်း နယ်မြေသည် တောင်ငူ ခရိုင်တွင် ပါဝင်သည်။ တောင်ငူ တောင်ပေါ်ဒေသတွင် ကရင် အများအပြား နေထိုင်သော ကရင်ရွာ အများအပြားရှိသည်။ သို့ရာတွင် ထိုနယ် မြေများမှာ ဗကပ တို့၏ အုပ်ချုပ်သော နယ်မြေများ ဖြစ်သည်။ ပဲခူးရိုးမ တောင်ပေါ်တွင် ကရင်ရွာပေါင်း (၂၀)မျှရှိပြီး အိမ်ခြေ အားဖြင့် (၅၀၀)ခန့်မျှသာ ရှိသည်။ လူဦးရေ အလွန်နည်းပါးသည့် နယ်မြေဖြစ်သည်။ ထို့ ကြောင့် တပ်မဟာတခုမျှသာ ထားရှိပြီး ဗဟို ဌာနချုပ်အောက်တွင် ထားရှိခဲ့သည်။ ခရိုင်တခု လျှင် တပ်ရင်း (၁)ရင်းသာ ရှိလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၆၆။ ၁၉၅၇ ခုနှစ် အရှေ့တိုင်း တပ်မှူးများ အစည်းအဝေး။

အရှေ့တိုင်း တပ်မှူးများ အစည်းအဝေးကို “မယ်ကွီးထာ”တွင် ပြုလုပ်ကျင်း ပသည်။ အရှေ့တိုင်းတပ်မှူး ဗိုလ်ချုပ်စောအုန်းဖေ က တာဝန်ယူ ခေါ်ဆိုခြင်း ဖြစ်သည်။ စီစဉ်မှုတွင် သတင်းလုံခြုံမှု မရှိသောကြောင့် အစည်းအဝေးစတင်သည့် နေ့တွင်ပင် ရန်သူမှ လေယာဉ်(၃)စီးဖြင့် မယ်ကွီးထာကို ဗုံးကြဲတိုက်ခိုက်ကာ စက် သေနတ်ဖြင့်လည်း ပစ်ခတ် ခဲ့လေသည်။ တချိန်တည်းတွင် ရန်သူ ကြည်းတပ် ကလည်း ထိုးစစ်ဆင်လာသဖြင့် အစည်းအဝေးကို “ယိုဖိုးလိပ်”သို့ ပြောင်းရွှေ့ ကျင်းပသည်။ အစည်းအဝေးသို့ K.R.C. ဗဟို ခေါင်းဆောင် အများအပြား တက်ရောက်ခဲ့ ကြသည်။ အရှေ့တိုင်း တပ်မဟာနှင့် တပ်မှူးများ စုံစုံညီညီ တက်ရောက် ကြသည်။

K.R.C. - ခေါင်းဆောင်များမှာ၊

၁။ မန်းဘဇန်၊

၂။ ဥက္ကဋ္ဌ - ဟန်တာသာမွေး၊

၃။ မန်းသိန်း၊

၄။ စကောလယ်တော၊

၅။ ဗိုလ်ချုပ်မင်းမောင်၊

၆။ ဗိုလ်ချုပ်ကော်ထူး၊

တပ်မှူးများမှာ၊

တပ်မဟာ(၁)၊ တပ်မဟာမှူး - ဗိုလ်မှူးကြီးဘလှစိန်၊

တပ်မဟာ(၂)၊ တပ်မဟာမှူး - ဗိုလ်ချုပ်တာကပေါ၊

တပ်မဟာ(၃)၊ တပ်မဟာမှူး - ထရူးမင်း၊

တပ်မဟာ(၅)၊ တပ်မဟာမှူး - ဗိုလ်လင်းထင်၊ ဗိုလ်အေးမြိုင်၊

- ဗိုလ်ရွှေဆိုင်း၊

- ဗိုလ်မှူးကြီးအယ်လ်မိုးပီ၊

တပ်မဟာ(၆)၊ တပ်မဟာမှူး - ဗိုလ်ကြီးကျော်နီထူး၊ - ဗိုလ်ကြီးအဂ္ဂဘတ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

- ကွန်ဂရက်တွင် အတည်ပြုထားသော တပ်မတော်၏ ဖွဲ့စည်းမှု စည်းရုံးမှု အခြေခံ စည်းမျဉ်းဥပဒေများ။
- စစ်ရေး သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ် ပြဿနာအားလုံးကို ပြန်လည် ဆန်းစစ် သုံးသပ်သည်။

ဗိုလ်ချုပ်ကော်ထူးက လိုအပ်သည်များကို ဖြည့်စွက်ရေးသားပြီးနောက် ဤတပ်မှူး အစည်းအဝေးမှ ဖွဲ့စည်းပုံ စည်းရုံးရေး လုပ်ငန်း၊ စစ်ရေး သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ် စာတမ်းအားလုံးကို လက်ခံအတည်ပြုသည်။

- တိုက်ခိုက်ရေးအတွက် အရှေ့တိုင်း နယ်မြေတွင် ဇုံနယ်မြေများ သတ်မှတ် ပေးခဲ့ သည်။

(၁) အမှတ်(၁) ဇုံ နယ်မြေ။ တပ်မဟာ(၂)၊ တပ်မဟာ(၃) နယ်မြေတို့ ဖြစ်ပြီး၊ ဇုံမှူးမှာ ဗိုလ်ထရူး မင်းဖြစ်သည်။

(၂) အမှတ်(၂) ဇုံ နယ်မြေ။ တပ်မဟာ(၅) နယ်မြေဖြစ်ပြီး၊ ဇုံမှူးမှာ ဗိုလ်လင်းထင် ဖြစ်သည်။

(၃) အမှတ်(၃) ဇုံ နယ်မြေ။ တပ်မဟာ(၆)၊ တပ်မဟာ(၇) နှင့် ဖာပွန်ခရိုင် တပ်များ ပါသည်။ ဇုံ မှူးမှာ ဗိုလ်တင်ဦးဖြစ်သည်။

- မိမိတို့ ဇုံ နယ်မြေများအတွင်း ရန်သူကို အများဆုံး တိုက်နိုင်ရေး၊ ရန်သူကို အများဆုံး သတ်ဖြတ်နိုင်ရေး၊ ရန်သူ့လက်နက် အများဆုံး သိမ်းပိုက်နိုင်ရေး၊ ရန်သူ၏ သယ်ယူပို့ ဆောင် ရေး၊ မီးရထား၊ မော်တော်ကား၊ လေယာဉ်များကို အများဆုံး ဖျက်ဆီးနိုင် ရေးတို့အတွက်၊ ဇုံ တခုနှင့်တခု ယှဉ်ပြိုင် တိုက်ခိုက် ကြရန် သဘောတူကြသည်။ တနှစ် အတွင်း စာရင်းချုပ်ပြီး အနိုင်ရသူအား ဆုချီးမြှင့်ရန်ကို ဆုံးဖြတ်ကြသည်။

ဤ အစီအစဉ်တွင် ဇုံအမှတ်(၂) ဇုံမှူး ဗိုလ်လင်းထင်မှ ပထမဆု ရခဲ့သည်။ ရန်သူ့ လေယာဉ်တစီးကို ပစ်ချနိုင်ခဲ့ပြီး အော်လီဂန်း (၂)လက်ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ အခြား တိုက်ပွဲ စာရင်းများလည်း ပါဝင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တာကပေါ စစ်ဆင်ရေး

၁၆၇။ ၁၉၅၈ ခုနှစ်၊ တာကပေါ စစ်ဆင်ရေး။

တာကပေါ စစ်ဆင်ရေးသည် ဗိုလ်နေဝင်း ဦးစီးပြီး စစ်အင်အား (၉,၀၀၀) ဖြင့်၊ မြစ်ဝကျွန်းပေါ်တိုင်းကို၊ (၆)လအတွင်း အပြုတ်တိုက်ရေး စီမံကိန်း ဖြစ်သည်။ ခရိုင်တခုပြီး တခု၊ ပိတ်ဆို့ရေး လုပ်သည်။ မြစ်ဘေး၊ ချောင်းနံဘေး၊ အလံ(၃၀)အကွာ ကင်း တကင်းချပြီး လှေများ၊ လူများ ကူးခတ်သွားလာခြင်းများကိုလည်း ပိတ်ဆို့ထားသည်။ တော်လှန်ရေးတပ်ဖွဲ့ဝင်များက ကျူးတောကြီးများတွင် လှေ သမ္ဘာန်များဖြင့် ပုန်းရှောင် နေရသည်။ အမြောက်ကြီးများဖြင့် တရစပ် ပစ်ခတ်ရာ အချို့တပ်သားများ ရေထဲ ဆင်းနေကြရသည်။ ရန်သူရေတပ်မှလည်း အမှတ်(၃၀၁) နှင့် အမှတ်(၃၁၀) အစရှိသော အလတ်စား တိုက်ရေယာဉ်များဖြင့် လိုက်လံ လှည့်ပတ်ကာ စက်သေနတ်များဖြင့် တနေကုန် လိုက်လံ ပစ်ခတ် တိုက် ခိုက်ခဲ့သည်။

ရွှံ့ရွှံ့ချွဲချွဲ ခုခံ တိုက်ခိုက်သော ခရိုင် မြို့နယ် တပ်ဖွဲ့၊ တပ်မှူးအသီးသီး တို့ကို အောက်ပါအတိုင်း မှတ်တမ်း ပြုစုထား ခဲ့သည်။

၁၆၈။ ဗိုလ်မှူးကျော်လှိုင်	တပ်ရင်း(၁)၊ တပ်ရင်းမှူး၊
ဗိုလ်မှူးမြသိန်း	ဒု တပ်ရင်းမှူး မှ တပ်ရင်းမှူး ဖြစ်လာ၊
ဗိုလ်ကြီးဖိုးကယ်	မြို့နယ် ဥက္ကဋ္ဌ၊
မန်းမောင်အေး	အတွင်းရေးမှူး၊
ဗိုလ်မှူးရွှေကျင်	တပ်ရင်း နိုင်ငံရေးမှူး၊
ဗိုလ်ပုလော	ရုံးထိုင်မှူး၊
ဦးသန်းကြီး	အမှတ်(၃)၊ ခရိုင် ဥက္ကဋ္ဌ၊
မန်းကျော်လွင်	အမှတ်(၃)၊ ခရိုင် ဒု ဥက္ကဋ္ဌ
ဗိုလ်ကြီးဘမြိုင်	အတွင်းရေးမှူး၊
မောင်ယဉ်သန်း	မြို့နယ် ဥက္ကဋ္ဌ၊(မော်ဘီ၊ ထန်းတပင်၊ သာယာဝတီ)၊
ဦးအောင်သန်း	အတွင်းရေးမှူး၊
ဦးမောတိုး	ဥက္ကဋ္ဌ၊ (ကျိုက်ဒေး)၊
မန်းစံသိန်း	အတွင်းရေးမှူး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မန်းသိန်းဟန် ဥက္ကဋ္ဌ၊ (ကွမ်ဒေ)၊

ဗိုလ်မှူး မိုးဟိန်း အတွင်းရေးမှူး၊ စစ်ရေး၊ နိုင်ငံရေး။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဥက္ကဋ္ဌ များသည် နိုင်ငံရေးကို ဦးဆောင်ရသကဲ့သို့ မြို့နယ် ဥက္ကဋ္ဌ/ ခရိုင် ဥက္ကဋ္ဌ - ဒု ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးများသည် စစ်ရေးကိုလည်း ဦးဆောင်မှု ပေးကြရသည့် အတွက် နိုင်ငံရေး ဦးဆောင်မှုကို ခံယူသော တပ်များဖြစ်သည်။ ဤသည်မှာ “စစ်ရေးကို အခြေခံသော စည်းရုံးရေး” စနစ်ဖြစ်သည်။

မန်းကျောက် ဥက္ကဋ္ဌ၊ အမှတ်(၂) ခရိုင်၊
မန်းလားဖိုး ဥက္ကဋ္ဌ၊ အမှတ်(၃) ခရိုင်၊
ဗိုလ်မှူးသက်ဖော အတွင်းရေးမှူး၊ တပ်ရင်းမှူး၊ K.P.G.F. တပ်ရင်း(၄)၊
ဗိုလ်ထူးစော ဒုတိယ တပ်ရင်းမှူး၊ K.P.G.F. တပ်ရင်း(၄)၊
ဗိုလ်မှူးဖန်းရှောင် ပြောက်ကျားတပ်ရင်း၊ ကျုံပျော်၊ ကျောင်းကုန်း၊ အမှတ်(၇)၊
ဗိုလ်မှူးဂါးမင်း K.P.G.F. တပ်ရင်း (၃) တပ်ရင်းမှူး၊
ဗိုလ်သန်းရှိန် K.P.G.F. တပ်ရင်း (၃) ဒုတိယ တပ်ရင်းမှူး၊
ဗိုလ်မှူးသောင်း K.P.L.A. သာပေါင်း အမှတ်(၈) ခရိုင်၊
ဗိုလ်မှူးသောင်းညွန့် K.P.L.A. တပ်ရင်း(၂)၊ တပ်ရင်းမှူး၊
ဗိုလ်မှူးအေးကျော် K.P.G.F. အမှတ်(၆) တပ်ရင်း၊ ဒု တပ်ရင်းမှူး၊
ဗိုလ်မှူးကွက်ကော့ K.P.G.F. အမှတ်(၆) တပ်ရင်း၊ တပ်ရင်းမှူး၊
ဗိုလ်မှူးချစ်လေးမောင် ဒုတိယ တပ်ခွဲမှူး၊
ကိုလံဘတ် တပ်ခွဲမှူး၊
ဗိုလ်မှူးကျော်နီ K.P.G.F. တပ်ရင်းမှူး၊ အမှတ် (၅)ခရိုင်၊

တိုင်းဦးစီး အဖွဲ့၊
ဆရာစိန်ဟန် တိုင်း ဥက္ကဋ္ဌ
ဗိုလ်ချုပ်စိန်မုံ တိုင်းမှူးချုပ်၊
ဗိုလ်မှူးကြီးမြမောင် ဒုတိယ တိုင်းမှူးချုပ်၊
ဗိုလ်မှူးကြီးမြရင် တိုင်း နိုင်ငံရေးမှူး၊
ဦးစိုးအောင် တိုင်း အတွင်းရေးမှူး၊
ဗိုလ်မှူးကြီးကျင်ဖေ K.P.L.A. တပ်မဟာမှူး။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်းမှူးများ၊

ဗိုလ်အောင်ချစ် (ရင်း ၁၊ ဒု ရင်းမှူး)၊

ဗိုလ်သာစိန် (တပ်ရင်း ၃၊ ဒု ရင်းမှူး)၊

ဗိုလ်မှူးဘော်လ်ဒွင် (တပ်ရင်း ၃၊ ရင်းမှူး)၊

ဗိုလ်ဖားရှိ(ရှို) (K.P.G.F. တပ်ရင်း ၃၊ တပ်ရင်းမှူး)၊

ဗိုလ်သန်းမြင့် (K.P.G.F. တပ်ရင်း ၂၊ တပ်ရင်းမှူး)၊

ဗိုလ်ကျော် (K.P.G.F. တပ်ရင်း ၇၊ တပ်ရင်းမှူး)၊

ဗိုလ်ထီးမူး (K.P.G.F. တပ်ရင်း ၆၊ တပ်ရင်းမှူး)၊

နောင်တွင် ကွက်ကော့ ရင်းမှူးဖြစ်လာ။

ဗိုလ်မှူးသက်ဖော (K.P.G.F. တပ်ရင်း ၄၊ တပ်ရင်းမှူး)၊

ဗိုလ်ခါဆူ (K.P.G.F. တပ်ရင်း ၅၊ တပ်ရင်းမှူး)၊

၁၆၉။ ပြင်းထန်သော တိုက်ပွဲများ။

၁။ မအူပင်ခရိုင် အရှေ့ခြမ်း၊ တံတားနှင့် ဆက်စပ်သော နေရာ၊ လှိုင်မြစ် ချောင်းဖျား။

၂။ အင်းတူး တိုက်ပွဲ။

၃။ အဖျောက် - ဇကာကြီး - ဝါးတော ကျင်ဖော်ရွာ။

၄။ မော်လေးတိုက်ပွဲ။

၅။ ဖယောင်းစိန် (ပြောင်စိန်) တိုက်ပွဲ။

၆။ ထိန်ဥ တိုက်ပွဲ။

၇။ လက်ကြားကြီး တိုက်ပွဲ။

၈။ စာဖြူစု တိုက်ပွဲ။

၉။ ကျောင်းရွာ တိုက်ပွဲ။

၁၀။ ကဒုံ တိုက်ပွဲ။ တံတား။

၁၁။ ကညင်ဥ တိုက်ပွဲ။

၁၂။ ရှုံရှုန် တိုက်ပွဲ။

၁၃။ ဝါသခ် တိုက်ပွဲ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၄။ ထန်းတပင် တိုက်ပွဲ။

၁၅။ ညောင်ဒေါင့် တိုက်ပွဲ။

၁၆။ အင်းယားချောင်း တိုက်ပွဲ။

၁၇။ ထရော်ဝ တိုက်ပွဲ၊ ကျိုက်ဒေး။

တာကပေါ စစ်ဆင်ရေးသည် မြစ်ဝကျွန်းပေါ်ကို (၆)လအတွင်း အပြုတ် တိုက်ရန် ဖြစ်သော်လည်း၊ (၁)နှစ်နှင့် (၆)လကြာမြင့်ခဲ့ကာ အကျအဆုံးများစွာဖြင့် ရုပ်သိမ်းသွား ကြသည်။

လွတ်လပ်သော ကရင့် သမိုင်း သုတေသန အသင်း
INDEPENDENT KAREN HISTORICAL RESEARCH ASSOCIATION

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

K.N.U. ပါတီ ပထမ အကြိမ်မြောက် ကွန်ဂရက်

၁၇၀။ ၁၉၅၉ နှစ်၊ K.N.U. ပါတီ၊ ပထမ အကြိမ်မြောက် ကွန်ဂရက်။

(က) ပထမ အကြိမ်မြောက် ပါတီ ကွန်ဂရက်ကို ဖေဖော်ဝါရီလတွင် ကျင်းခဲ့သည်။

၁။ ကရင့်တော်လှန်ရေး၏ ဒုတိယ လမ်းစဉ်ကို ပြန်လည် သုံးသပ်ပြီး ပိုမို ပြည့်စုံရန် အတွက် ပြုပြင် ဖြည့်စွက်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

၂။ စစ်ရေးလမ်းစဉ်၊ မြေယာလမ်းစဉ်နှင့် စည်းရုံးရေး လမ်းစဉ်များကို သုံးသပ် ဆွေး နွေးခဲ့ကြသည်။

၃။ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဖဆပလ နှင့် တွေ့ဆုံ ဆွေးနွေးရေးမူကို ချမှတ်သည်။ ဤသို့ တွေ့ဆုံ ဆွေးနွေးခြင်းသည် နည်းပရိယာယ်အရသာ ဖြစ်သည်။

၄။ တပ်ပေါင်းစု တည်ဆောက်ရေးတွင် လူမျိုးများ၊ အင်အားစုများနှင့် တပ်ပေါင်းစု တည်ဆောက်နိုင်ရန်အပြင်၊ ဒီမိုကရေစီ အင်အားစုများနှင့်လည်း တပ်ပေါင်းစု တည် ဆောက်ရေး၊ “တပ်ပေါင်းစု နှစ်ရပ် တည်ဆောက်ရေး” ဖြစ်သည်။

၅။ ကွန်မြူနစ်ပါတီနှင့် ပူးပေါင်း လုပ်ဆောင်ခြင်းသည် လူတန်းစားတော်လှန်ရေး သမားများ နှင့် လက်တွဲမည်ဖြစ်၍ ဆက်လက်ပြီး လူတန်းစား တော်လှန်ရေး အင်အားစု များနှင့် တွေ့ဆုံ ဆွေးနွေးရန် ဖြစ်သည်။

၆။ တပ်ပေါင်းစု တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်ချက် စည်းရုံးရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

(ခ) အောက်ပါ ဗဟိုကော်မတီသစ် တရပ်ကို ပြန်လည် ရွေးကောက်ခဲ့သည်။ ထို ကော်မတီသည် ပါတီမှ ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရမည် ဖြစ်သည်။

ဥက္ကဋ္ဌ စောဟန်တာသာမွေး	နိုင်ငံရေး ဦးဆောင်အဖွဲ့
အတွင်းရေးမှူး မန်းဘဇန်	နိုင်ငံရေး ဦးဆောင်အဖွဲ့
အတွင်းရေးမှူး ဗိုလ်ချုပ်မင်းမောင်	နိုင်ငံရေး ဦးဆောင်အဖွဲ့
အတွင်းရေးမှူး ဗိုလ်ချုပ်ကော်ထူး	နိုင်ငံရေး ဦးဆောင်အဖွဲ့
အတွင်းရေးမှူး မန်းရှန်ဖလေ့	နိုင်ငံရေး ဦးဆောင်အဖွဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အတွင်းရေးမှူး မန်းသိန်းမောင် နိုင်ငံရေး ဦးဆောင်အဖွဲ့၊

ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးအဖွဲ့ (၅)ဦး၊ အခြားဗဟိုကော်မတီ (၉)ဦးနှင့် အရန် ဗဟို ကော်မတီ (၁၀) ဦး ၊ စုစုပေါင်း (၂၅)ဦးကို ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(ဂ) ဗဟိုကော်မတီဝင် (၉)ဦး ရွေးချယ်ခြင်း။

၁။ စကောလယ်တော၊

၂။ ဆရာစိန်ဟန်၊ ၆။ စောမျိုးသွေး၊

၃။ ဗိုလ်ကြီးစောအုန်းဖေ၊ ၇။ စောစိန်မုံ၊

၄။ မန်းဖလားစေး၊ ၈။ ဗိုလ်မှူးဘော်လ်ဒွင်၊

၅။ မန်းကော်စေး၊ ၉။ ဗိုလ်အေးဟန် တို့ဖြစ်သည်။

(ဃ)။ အရန် ဗဟိုကော်မတီ (၁၀)ဦးကိုလည်း ရွေးချယ်ခဲ့သည်။

၁။ ဗိုလ်ချုပ်မြမောင်၊ ၆။ ဗိုလ်မီးသ၊

၂။ ဗိုလ်ချုပ်မြရင်၊ ၇။ ဖူးတာအယ်၊

၃။ ဦးစိုးအောင်၊ ၈။ စောမောင်မောင်၊

၄။ ဗိုလ်မှူးချုပ်ကျင်ဖေ၊ ၉။ စောသန်းအောင်၊

၅။ ဗိုလ်မှူးစံလင်း၊ ၁၀။ ဗိုလ်ကြည်လင်း တို့ဖြစ်သည်။

၁၇၁။ စောဟန်တာသာမွေးနှင့် မန်းဘဇန်တို့၏ ပဋိပက္ခ ၁၉၅၉ ခုနှစ်။

(၁) မန်းဘဇန်သည် မင်းရန်အောင် ထိုးစစ်ကာလ (၁၉၅၇ ခုနှစ်) တွင်၊ ပဲခူးရိုးမသို့ ပြန်ဆင်းစဉ် ဧရာဝတီတိုင်းအထိ ရောက်ရှိသွားခဲ့သည်။ ၁၉၅၉ ခုနှစ် မောကို ကွန်ဂရက်တွင် ခေါင်းဆောင်များသည် အရှေ့တိုင်းတွင် စုစုစည်းစည်း နေထိုင်ရန်နှင့် ဒုတိယ လမ်းစဉ်ကို အရှေ့တိုင်းတွင် ချမှတ် အကောင်အထည်ဖော်ရန် သဘောတူထား ကြသည်။ မန်းဘဇန်သည် မြစ်ဝကျွန်းပေါ်သို့ ပြန်သွားသည့်အတွက် အရှေ့တိုင်း ခေါင်းဆောင်များ အမြင်မရှင်း ဖြစ်ကြသည်။ ၁၉၅၇ ခုနှစ်၊ ဗိုလ်ချုပ်ကော်ထူးသည် အရှေ့တိုင်းသို့ ရောက်ရှိလာရာ၊ ဥက္ကဋ္ဌ မရှိသောကြောင့် အရှေ့တိုင်းတွင် ပါတီ လုပ်ငန်းများအား အကောင်အထည် မဖော်နိုင်ခဲ့ပေ။

(၂) ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလတွင်၊ မန်းဘဇန်က ကရင်နှစ်သစ်ကူးကို ပြာသိုလဆန်း (၁)ရက်နေ့တွင် ကျင်းပရန်၊ စောဟန်တာသာမွေး ထံသို့ အကြောင်းကြား ခဲ့သည်။ စောဟန်တာသာမွေးက နှစ်သစ်ကူးကို တပို့တွဲလဆန်း (၁)ရက်နေ့တွင် ကျင်းပရန် စီစဉ် ထားပြီးဖြစ်သည်။

(၃) ၁၉၅၈ ခုနှစ်အကုန်တွင်၊ မန်းဘဇန်သည် မြစ်ဝကျွန်းပေါ်မှ ခေါင်းဆောင်အချို့နှင့် အရှေ့တိုင်းသို့ ပြန်လည်ရောက်ရှိလာပြီး၊ ပါတီကွန်ဂရက်ကို ကျင်းပရန် ကြိုးပမ်း လေ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည်။ ဤသို့ရောက်ရှိလာခြင်းသည် ရိုးရိုးသားသားဖြစ်သော်လည်း၊ စောဟန်တာ သာမွေး၏ အမြင်တွင် မိမိအားဆန့်ကျင်ခြင်းဖြစ်သည်ဟု ယူဆလေသည်။

(၄) ပထမ အကြိမ်မြောက် ပါတီကွန်ဂရက်တွင် ဖဆပလ အစိုးရက ဒီမိုကရေစီ အခွင့် အရေးများကို ပေးမည်။ ကရင်ပြည်ကိုလည်း ပေးမည်ဟု ကတိပြုလျှင် ကရင်တို့သည် ပါလီမန်သို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုသဘောထားကို စောဟန်တာသာမွေး က လုံးဝ လက်မခံပေ။ သို့သော် အများစုက လက်ခံကာ သဘောတူ အတည်ပြုထား ကြသည်။

နည်းပရိယာယ်အရ တွေ့ဆုံဆွေးနွေးရေး လမ်းစဉ်သည် ဗမာပြည် ကွန်မြူနစ် ပါတီ၏ (၅၅)လမ်းစဉ်အပေါ် အခြေခံပေသည်။ ကွန်မြူနစ်နိုင်ငံ ဖြစ်သော ဆိုဗီယက် ပြည်ထောင်စု၏ သဘောထားအရ၊ ဆိုရှယ်လစ် နိုင်ငံများသည် အင်အားကြီး ထွားလာပြီး၊ အရင်းရှင်နိုင်ငံများသည် အင်အား ချိနဲ့လာသော ကာလ ဖြစ်သည်။ ထို့ကြောင့် ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းလာရာတွင် ငြိမ်းချမ်းသော နည်းလမ်းဖြင့်လည်း ရယူနိုင်သည်ဟု ဝါဒရေးရာအရ ရှေ့ဆောင်ထားလေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ (၅၅)လမ်းစဉ်မှာ အခြေခံစရာ ဖြစ်လာသည်။

(၅) စောဟန်တာသာမွေး နှင့် စောဝေသောတို့သည် K.N.U. ပါတီ ပထမအကြိမ် ညီလာခံတွင် တက်ကြွမှုမရှိခဲ့ပေ။ စောဝေသောသည် အစည်းအဝေး ပထမနေ့တွင်သာ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး၊ တပ်မဟာ(၇)သို့ သွားရန် အကြောင်းပြပြီးနောက် အစည်းအဝေးသို့ ဆက်မတက်တော့ပေ။ အစည်းအဝေး တက်ရောက်လာသော အရှေ့ တိုင်းခေါင်းဆောင်အချို့မှာလည်း တက်ကြွမှု မရှိကြောင်း တွေ့ရလေသည်။

(၆) စောဟန်တာသာမွေးသည် လျှို့ဝှက် ဂိုဏ်းစုခြင်း၊ အနောက် အုပ်စုနှင့် လျှို့ဝှက် ဆက်သွယ်ခြင်း၊ လျှို့ဝှက် လုပ်ကြံမှုအချို့ကို ကျူးလွန်ရန် ကြံစည်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု (မဒညတ) ဖွဲ့စည်းခြင်း

၁၇၂။ ၁၉၅၉ ခုနှစ်၊ ဧပြီလ၊ - မဒညတ (ခေါ်) အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု ဖွဲ့စည်းခြင်းနှင့် မဒညတ ဆိုင်ရာ သဘောထားများ။

K.N.U.P. ကေအဲန်ယူပီမှ မန်းဘဇန် နှင့် ဗိုလ်ချုပ်ကော်ထူး၊

ဗကပ - သခင်ဇင်၊ သခင်သန်းထွန်း၊ ဗိုလ်ရဲမောင်၊ နောက်ပိုင်း ရဲဘော်ဌေး၊ တက်ရောက်သည်။

မွန် ခေါင်းဆောင် နိုင်ရွှေကျင် (ခေါ်) နိုင်ဘလွင်။

အစည်းအဝေး ပြုလုပ်သည့် ရွှေကျင်မြို့နယ်၊ လေးအိမ်စုတွင် ကျင်းပရန် စီစဉ် နေစဉ် ရန်သူသည် အစည်းအဝေးပြုမည့် နေရာသို့ လာရောက်တိုက်ခိုက်ရာ အစည်း အဝေးကို ရွှေ့ဆိုင်းလိုက်ရသည်။

၁၉၅၉ ခုနှစ်၊ မေလ(၁၉)ရက်နေ့တွင်၊ ထိုကော့ဘောခီး တွင်၊ အစည်း အဝေးကို ပြုလုပ်နိုင်ခဲ့သည်။ တပ်ပေါင်းစု ဖွဲ့စည်းရေးတွင် အမျိုးသားဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု မဒညတ (ခေါ်) N.D.U.F. NATIONAL DEMOCRATIC UNITED FRONT ဟု ခေါ်ဆိုရန် သဘောတူညီကြသည်။ ၁၉၅၉ ခုနှစ် မေလ (၂၅)ရက် နေ့တွင် လက်မှတ် ရေးထိုးကြသည်။

K.N.U.Party ကေအဲန်ယူ ပါတီဘက်မှ - မန်းဘဇန်၊

ဗကပ ဗမာပြည်ကွန်မြူနစ်ပါတီဘက်မှ - သခင်ဇင်၊

မွန်ပြည်သစ် ပါတီဘက်မှ - နိုင်ဘလွင် (ခေါ်) နိုင်ရွှေကျင်၊

နောက်ပိုင်းတွင်

- ကရင်နီ တိုးတက်ရေးပါတီနှင့်

- “ချင်း” ဦးစီးအဖွဲ့တို့မှ လက်မှတ်ရေးထိုးကြသဖြင့် အဖွဲ့ဝင် (၅)ဖွဲ့ ဖြစ်လာခဲ့သည်။

သဘောတူညီချက်များ။

၁။ တပ်ပေါင်းစုတွင် အဖွဲ့ဝင်(၅)ဖွဲ့စလုံးတွင် လွတ်လပ်မှု၊ တန်းတူမှုနှင့် အမှီအခို ကင်းမှု အပြည့်အဝရှိသည့် တဦးတဖွဲ့မှ အခြားအဖွဲ့သို့ ဦးစီးချုပ်ကိုင်မှု မရှိချေ။ စည်းရုံး လှုပ်ရှားမှု

တွင် တူတာတွဲလုပ်၊ မတူသေးပါက ညှိနှိုင်းမှုများပြုလုပ်ရန်၊ ညှိနိုင်း၍ မရသေးမီ သီးခြားလုပ်ဟူသော စည်းမျဉ်းတခုကို သဘောတူမှု ရခဲ့သည်။

၂။ သဘောတူ ဆုံးဖြတ်ရာတွင် အများသဘောတူ စနစ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ၊ အားလုံးသဘောတူမှ ဆုံးဖြတ်ချက် ချနိုင်သည်။ အဖွဲ့ တဖွဲ့ဖွဲ့မှ သဘောမတူဘဲ ကန့်ကွက်လျှင် ထို သဘောထားတခုကို ဆုံးဖြတ်ချက် ချမှတ်ခြင်း ပြုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အဖွဲ့တဖွဲ့မှ ဦးစီး ခေါင်းခြင်း မဟုတ်ချေ။

၃။ တပ်ပေါင်းစုကို ဦးဆောင်ရန် ဗဟို သဘာပတိ အဖွဲ့တဖွဲ့ကို ရွေးချယ် တင် မြှောက်ကြသည်။ ထိုမှတဖန် အလှည့်ကျ အတွင်းရေးမှူး စံနစ်ကိုလည်း ရွေးချယ် ခဲ့ကြသည်။ အဖွဲ့ဝင်တိုင်းက အလှည့်ကျ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နိုင် ရန်အတွက် စာရင်းပေးသွင်းထားကြရပြီး ကြိုတင်၍ ရွေးချယ်ပေးထား ကြရသည်။ ထို့ကြောင့် ဤတပ်ပေါင်းစုသည် စုပေါင်းခေါင်းဆောင်မှု စံနစ်ပင်ဖြစ်သည်။

မဒညတ စတင်ဖွဲ့စည်းစဉ်က ကေအဲန်ယူပါတီ K.N.U.P. ၏ အမျိုးသားရေး ပေါ်လစီဖြစ်သော တန်းတူရေးနှင့် အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်ပြီး၊ ဗကပ ၏ အမျိုးသားရေးပေါ်လစီမှာ တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်သာ ဖြစ်သည်။ သို့သော် ဗကပ ဗဟိုသည် ၁၉၆၈ ခုနှစ်သို့ ရောက်သောအခါ၊ K.N.U.P. ကေအဲန်ယူ ပါတီ၏ အမျိုးသားရေး ပေါ်လစီကို လက်ခံလိုက်သည်။

၁၇၃။ ၁၉၆၀ ခုနှစ်၊ K.N.U.P. ကေအဲန်ယူပါတီနှင့် အိမ်စောင့်အစိုးရတို့၏ ပြည်တွင်းစစ် ရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ။

ဖဆပလ ဝန်ကြီးချုပ် ဦးနုက တိုင်းပြည် တည်ငြိမ်ရေးအတွက် ဗိုလ်ချုပ်နေဝင်း အား အုပ်ချုပ်ရေးအာဏာ လွှဲအပ်လိုက်ပြီးနောက် ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ၊ ဗိုလ်မှူးချုပ်အောင်ကြီးက၊ ကေအဲန်ယူ K.N.U. Party သို့ စာတစောင် ရေးသားပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် တောင်းဆို လိုက်သည်။ K.N.U.P. ကေအဲန်ယူပါတီ ဗဟိုကလည်း တွေ့ဆုံရန် သဘောထား ချမှတ်ပြီး ဖေဖော်ဝါရီလ အတွင်း အောက်ပါ နှစ်ဘက် ကိုယ်စားလှယ်များပါဝင်သော တွေ့ဆုံ ဆွေးနွေးရေးကို စတင်ခဲ့သည်။

K.N.U. Party ကေအဲန်ယူပါတီမှ၊ -

၁။ ဗိုလ်ချုပ်ကော်ထူး၊

၂။ ပဒိုဖိုးညော၊

၃။ စကောလယ်တော၊

၄။ ဗိုလ်ကျင်ဖေ၊

၅။ ဗိုလ်မြစိန်တို့ ဖြစ်သည်။

အိမ်စောင့် အစိုးရ အဖွဲ့မှ၊ -

၁။ ဗိုလ်မှူးချုပ်အောင်ကြီး၊

၂။ ဗိုလ်မှူးချုပ်မောင်မောင်၊

၃။ ဗိုလ်မှူးချုပ်အောင်ရွှေ၊

၄။ ဗိုလ်ဘဖြူ၊

၅။ ဗိုလ်စန်ကြည်၊

၆။ ဗိုလ်မောင်လွင်၊

ဗိုလ်မှူးချုပ်အောင်ကြီး၏ အဖွင့်စကားတွင် ပြည်တွင်းစစ်သည် ရှည်ကြာ လာသည်နှင့်အမျှ ပြည်သူများ ဒုက္ခအမျိုးမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ ပြည်တွင်း စစ်ကြီးသည် ထိုထက် ပိုမို ရှည်ကြာသွားမည် ဖြစ်ပါက နှစ်ဘက်စလုံးတွင် ပိုမိုပြီး သေကြေ ထိခိုက် ဒဏ်ရာရမည်လည်း ဖြစ်သည်။ ပြည်သူများလည်း ပို၍ ဒုက္ခရောက် ကြရမည် ဖြစ်သည်။ ထို့ကြောင့် အတွင်းသို့ ဝင်ရောက်ပြီး စစ်တပ်နှင့်အတူ ပူးပေါင်း လုပ်ဆောင် ကြရန်နှင့် စစ်တပ်ကလည်း၊ ကေအဲန်ယူပါတီ K.N.U.P. အတွက် တတ်အားသ၍ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ယခုအခါ ပြည်သူ့အစိုးရ အုပ်ချုပ်ရေး မဟုတ်ဘဲ စစ်အစိုးရ အုပ်ချုပ်ရေး ဖြစ်သည့်အတွက် အခွင့်ကောင်းတရပ် ဖြစ်ကြောင်း ဗိုလ်မှူးချုပ် အောင်ကြီးက ပြောကြားသွားခဲ့သည်။

ပါတီ ကိုယ်စားလှယ်ခေါင်းဆောင်က ပါတီ၏ အလိုလားဆုံးမှာ ကရင်ပြည်သာ ဖြစ်ကြောင်း၊ ကရင်ပြည်နှင့် ပတ်သက်၍ စစ်တပ်က မည်သို့ သဘောထားရှိကြောင်း မေးမြန်းရာ၊ အိမ်စောင့်အစိုးရ ကိုယ်စားလှယ်က ကရင်ပြည်ကို ပေးထားပြီးဖြစ်ကြောင်း၊ ကရင်ဘက်က မကျေနပ်၍ မည်သို့သော ကရင်ပြည်မျိုး ရလိုသနည်းဟု မေးမြန်းလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါတီကိုယ်စားလှယ်က ကရင်လူထုများအတွက် အာဏာ အပြည့်အဝရှိပြီး တန်းတူ ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ကရင်ပြည်ဖြစ်ရမည်ကို အသေ အချာ အကျယ်တဝင့် ရှင်းပြခဲ့သည်။

အိမ်စောင့်အစိုးရ ကိုယ်စားလှယ်ကလည်း ကရင်ပြည်နှင့် ပတ်သက်လာလျှင် ၎င်းတို့ တွင် အာဏာနှင့် လုပ်ပိုင်ခွင့် မရှိကြောင်း၊ ၎င်းတို့သည် တိုင်းပြည်၏ အခြေခံ စည်းမျဉ်းဥပဒေကို ကျော်လွန် လုပ်ဆောင်၍ မရကြောင်း၊ ကေအဲန်ယူပါတီသည် ဥပဒေ ဘောင်အတွင်း ပြန်လာပြီး ဥပဒေဘောင်အတွင်းမှ တရားဝင်တိုက်ပွဲ ဝင်သွားရန် ထိုသို့ ပြုလုပ်မည်ဆိုပါက စစ်တပ်ကလည်း တတ်အားသ၍ ထောက်ခံ အားပေးသွားမည် ဖြစ်ကြောင်း ထို့ထက် ပို၍ အခွင့်အာဏာ မရှိပါကြောင်း ပြန်လည် ဖြေကြားခဲ့လေသည်။

ပါတီ ကိုယ်စားလှယ်များက ကရင်လက်နက်ကိုင် အဖွဲ့အစည်းနှင့် ပတ်သက်၍ မည်သို့ သဘောထားရှိသည်ကို တက်ရောက်လာသော စစ်ဗိုလ်များအား မေးမြန်းရာ၊ စစ်ဗိုလ်များက လက်နက်ကိုင် အဖွဲ့အစည်းနှင့် ပတ်သက်၍မူ မိမိတို့တွင် လုပ်ပိုင်ခွင့် ရှိကြောင်း၊ ၎င်းတို့ စီစဉ် ပေးနိုင်ကြောင်း၊ ကရင့်လက်နက်ကိုင် တော်လှန်ရေးတပ်များသည် စစ်တိုက်ရာတွင် ကျော်ကြားလျက်ရှိကြောင်း၊ စည်းကမ်းလိုက်နာသူများလည်း ဖြစ် ကြောင်း၊ တိုင်းပြည် ဥပဒေတခုခုနှင့် ငြိစွန်းမှုမရှိလျှင် ၎င်းတို့ကို ဗမာပြည် တပ်မတော် လက်အောက်ရှိ ကရင့် လက်နက်ကိုင် တပ်ဖွဲ့ကို ဖွဲ့စည်းပေး မည်ဖြစ်သည်။ ကရင် တပ်များ၌လည်း ကရင်စစ်ဗိုလ် များကသာ အုပ်ချုပ်သွားရမည် ဖြစ်သည်။ ယခင်က ကရင်သေနတ်ကိုင်တပ်ရင်း ပုံစံအတိုင်း သာ ဖြစ်ရမည်ဟု ပြန်လည် ဖြေကြားသွားခဲ့သည်။

လက်နက်ကိုင်ဆောင်ရခြင်းကိစ္စနှင့် ပတ်သက်၍ ကရင်တပ်ဖွဲ့သည် မိမိတို့ လက်နက် များကို ဆက်လက် ကိုင်ဆောင်ခွင့် ပေးထားမည်။ တာဝန်ရှိ ခေါင်းဆောင် များက လက်နက် အနည်းငယ်ကို အပ်လိုက်ပါက ပြီးကြောင်း၊ လက်နက်ချသည်ဟု မပြော လိုလျှင်လည်း လက်နက်အပ်သည်ဟုသာ ပြောဆိုနိုင်ကြောင်း၊ စတိ သဘောသာ ဖြစ် ကြောင်း ဖြေကြား သွားခဲ့သည်။ ဒီမိုကရေစီ အခွင့်အရေးနှင့် ပတ်သက်၍ ကရင်များသည် ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝ ရရှိမည်ဖြစ်ကြောင်း၊ ၎င်းတို့ က တာဝန်ယူပြီး စီစဉ် သွားမည် ဖြစ်ကြောင်း ပြောဆိုလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါတီကိုယ်စားလှယ်များသည် ရန်ကုန်တွင် နှစ်ပတ်ကြာ တွေ့ဆုံဆွေးနွေး ခြင်းကို (၄)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့လေသည်။ ဆွေးနွေးချက်များ ထိုထက် ပိုမို၍ ပြောင်းလဲ လာခဲ့ခြင်း မရှိခဲ့ပေ။ ဤတကြိမ်တွင် အိမ်စောင့်အစိုးရတပ်၏ လိုလားချက်မှာ လက်နက် ချရေးသာ ဖြစ်သည်ကို ပါတီက သဘောထားလေသည်။ ထို့ကြောင့် ပူးပေါင်း ဆောင်ရွက်ရေးတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့၌ဆုံးဖြတ်ချက်ချရန် အာဏာမရှိသဖြင့် ပါတီဗဟိုသို့ ပြန်လည် တင်ပြပြီးမှသာ ဆုံးဖြတ်နိုင်မည်ဟု ပြောဆိုပြီး နောက်ဆုံး ဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက်သည်။ အိမ်စောင့် အစိုးရ ကိုယ်စားလှယ်များက မူလ ကတိအတိုင်း ပါတီခေါင်းဆောင်များကို နေရပ်ဒေသဆီသို့ ကောင်းမွန်စွာ စီစဉ်ပြီး ပြန်ခွင့်ပြုလိုက်သည်။

၁၇၄။ ၁၉၆၁ ခုနှစ်၊ အောင်မော်အေး ထိုးစစ်နှင့် ဟန်တာသာမွေး အုပ်စုမှ ဂိုဏ်းဖွဲ့ စီစဉ်ချက်များ။

၁၉၆၀ ခုနှစ်၊ အိမ်စောင့် အစိုးရအဖွဲ့နှင့် K.N.U.P. ကေအဲန်ယူပါတီတို့၏ တွေ့ဆုံဆွေးနွေးခြင်း ပျက်သွားပြီးနောက်၊ ၁၉၆၁ ခုနှစ်၊ အရှေ့တိုင်းဒေသအား စစ်ဆင်ရေးတခုကို ပြုလုပ်ခဲ့သည်။ ထို စစ်ဆင်ရေးကို အောင်မော်အေး စစ်ဆင်ရေး ဟု ခေါ်သည်။ အောင်မော်အေး စစ်ဆင်ရေးသည် ထိုးစစ်ကြီး ဖြစ်သည်။ ထိုစစ်ဆင်ရေးအတွင်း ကော်သူးလေ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်မင်းမောင် ကျဆုံးခဲ့ရသည်။ K.N.U.P. ကေအဲန်ယူပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့မှ မန်းရှန်ဖလေ့ (ခေါ်) ဆရာသာမြိုင်မှာ အဖမ်း ခံရသည်။

ကော်သူးလေ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်မင်းမောင် ကျဆုံးသွားသည့် အတွက် ဒုတိယ စစ်ဦးစီချုပ်ဖြစ်သူ ဗိုလ်ချုပ်ကော်ထူးက စစ်ဦးစီးချုပ် ရာထူးကို ဆက်ခံရမည် ဖြစ်သည်။ သို့ရာတွင် ဥက္ကဋ္ဌဖြစ်သူ ဟန်တာသာမွေးနှင့် ဝေသောတို့က ဦးစီးချုပ် ရာထူး နေရာတွင်၊ ဗိုလ်ကြီးအုန်းဖေကို တင်မြှောက်လိုက် ကြသည်။ စင်စစ် ဗိုလ်ကြီးအုန်းဖေမှာ အရှေ့တိုင်း တိုင်းမှူး G.O.C. သာ ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ် ကော်ထူးအား အရှေ့တိုင်း တိုင်းမှူး G.O.C. အဖြစ် အစားထိုး ခန့်အပ်လိုက်သည်။ ဥက္ကဋ္ဌ ဟန်တာ သာမွေး နှင့် ဆန့်ကျင်လျက် ရှိသည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကော်ထူးအား အရှေ့တိုင်း တိုင်းမှူး G.O.C. မှ ဖြုတ်ချပြီး၊ ဟန်တာသာမွေး ၏ နောက်လိုက် ထော့မဲပါ (ခေါ်) အောင်စိန် ကို တင်မြှောက်လိုက် ပြန်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မှတ်ချက်။ ။ ထော့မဲပါ ကို၊ ဗိုလ်မြ တို့ တပ်မဟာက ဆန့်ကျင်သောကြောင့်၊ ထော့မဲပါ ကို၊ ဖြုတ်ချပြီး၊ ဗိုလ်ချုပ်ကော်ထူးကို အရှေ့တိုင်း G.O.C. အဖြစ် ပြန်လည် ခန့်အပ်သည်။ ၁၉၆၃ ခုနှစ်၊ ကဆောဝါး ကွန်ဂရက် မတိုင်မီအတွင်း ဗိုလ်ချုပ် ကော်ထူး အား ဖြုတ်ချပြီး၊ ရှမ်းပြည်မှ ပြန်လည်ရောက်ရှိလာသော ဗိုလ်ဘရှိုင်း အား အရှေ့တိုင်းမှူး အဖြစ် တင်မြှောက်သည်။ ဟန်တာသာမွေး နှင့် ဝေသော တို့သည်၊ ၁၉၅၉ ခုနှစ်၊ K.N.U.P. ကေအဲန်ယူပါတီ ဖွဲ့စည်းချိန်ကတည်းက စတင်ပြီး၊ ပါတီ၏ လုပ်ရပ်များကို လျှို့ဝှက်စွာ ဆန့်ကျင်ခဲ့ခြင်း၊ ဂိုဏ်းစုဖွဲ့မှုများကို ပြောင်ပြောင် တင်းတင်း ပြုလုပ်ခဲ့ကြသည်။ ဗမာ ဆန့်ကျင်ရေး၊ ထို့အပြင် တွေ့ဆုံ ဆွေးနွေးရေး အစီအစဉ်များကို ဆန့်ကျင်သည်။ အနောက်အုပ်စုနှင့် ဆက်သွယ်ရေးကို ပါတီအား အသိမပေးဘဲ လျှို့ဝှက်စွာ ကြံစည် ကြသည်။

ဝေသောက မိသားစုများကို ဖာပွန်ခရိုင် “ဆာမူပယ်” ဘက်တွင် ထားသည်။ (ပလိုက်ခို၊ ဆာမူပယ်) ရုံးလည်း ရှိသည်။ ဒုတိယ လမ်းစဉ်ကို ဆန့်ကျင်ခြင်းဖြင့် အနောက်အုပ်စု (C.I.A.-အမေရိကန် ဗဟို ထောက်လှမ်းရေးအဖွဲ့)က ၎င်းတို့ကို ပိုမိုပြီး ကူညီလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ဘန်ကောက်မြို့တွင် ပို့ထားသော ‘သဝါး’ သည် အလုပ်မဖြစ်သည့်အတွက် လူစားထိုးရန် စီစဉ်ကြသည်။ “သဝါး”သည် မူဆိုးကော်ကဆာ၏ တူတော်စပ်သည်။ (ဂျဖူးညိုး၏ သမီးသည် `သဝါး´၏ ဇနီး ဖြစ်သည်။ ဂျဖူးညိုသည် မုဆိုး ကော်ကဆာ ၏ ယောက်ဖ ဖြစ်သည်။)

‘သဝါး’နေရာတွင် ပဒိုဝီရီကျော်ကို ရွေးချယ်ထားသည်။ ဝီရီကျော်သည် ဘန်ကောက်မြို့သို့သွားပြီး သံမှူးအဖြစ် ရုံးထိုင်ရမည်ဖြစ်သည်။ ထိုသို့ စီစဉ်သော အချိန်သည် ဗိုလ်ချုပ်ကော်ထူးမှာ တပ်ပေါင်းစု ကိစ္စဖြင့် ရှမ်းပြည်ဘက်သို့ သွားနေသော အချိန်လည်း ဖြစ်သည်။ ပဒိုဝီရီကျော်၏ ခရီးစဉ်တွင် လုံခြုံရေးတပ်စိတ် တစိတ်နှင့်အတူ ဆာမူပယ်မှ ဆင်(၂)ကောင် နှင့် စတင်ထွက်ခွာခဲ့သည်။ ကော်သူးလေ စစ်ဦးစီးချုပ် ဗိုလ်ချုပ်အုန်းဖေ ကိုယ်တိုင် သံလွင်ချောင်းနံဘေး၊ “ဒါးကွင်း”အရောက် လိုက်လံ ပို့ဆောင်သည်။ ဒါးကွင်း တွင် စခန်းချပြီး (၂)ရက်အကြာ ရှမ်း ပုလိပ် (ထိုင်းနိုင်ငံ ပုလိပ်)များက မိမိတို့၏ အရာရှိ ဗိုလ်ချုပ် ကိုယ်တိုင် ရဟတ်ယာဉ်ဖြင့် လာမည်ဟု သတင်းပို့လာသည်။ ထိုအချိန်တွင် “ဒါးကွင်း”တဘက်ကမ်းတွင် ပုလိပ် တပ်စိတ် တစိတ်ကို နယ်ခြား စောင့်တပ်အဖြစ် ခစန်းချ ထားသည်။ မကြာမီ လေယာဉ်သံ ကြားရပြီး နောက် ဒါးကွင်းတဘက်ကမ်းတွင် ရဟတ်ယာဉ် မဟုတ်ဘဲ လေယာဉ်မှ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လေထီးများ ဆင်းလာသည်ကို တွေ့ရသည်။ ဗိုလ်ချုပ် အုန်းဖေလည်း သွားရောက် နှုတ်ဆက်လေ သည်။ စင်စစ် လေထီး ဆင်းလာသူ များမှာ ထိုင်း တပ်မတော်မှ ဗိုလ်ချုပ်အဆင့် မဟုတ်ဘဲ တပ်ကြပ်ကြီး အဆင့်သာ ဖြစ်နေသည်။ ဗိုလ်ချုပ်အုန်းဖေလည်း စကားပင် မပြောချင်တော့ပေ။ မူဆိုးလည်း အလွန် စိတ်ဆိုးဒေါသထွက်ကာ ဒါးကွင်းမှ ပြန်လှည့်လာ ကြသည်။

ဗိုလ်ချုပ်အုန်းဖေ ကို ကော်သူးလေ စစ်ဦးစီးချုပ် ရာထူးကို ခန့်အပ်ထား သော်လည်း အမှန်တကယ် ကြိုးကိုင်နေသူမှာ ဝေသော သာဖြစ်သည်။ ဝေသော နှင့် မူဆိုးကော်ကဆာ အုပ်စု ဂိုဏ်းသည်၊ ဗမာ ဆန့်ကျင်ရေး၊ ဒုတိယ လမ်းစဉ် ဆန့်ကျင်ရေး၊ အနောက်အုပ်စုအပေါ် မှီခိုရေး အစီအစဉ်ကို ပြောင်ပြောင်တင်းတင်းပင် လုပ် ဆောင်လာကြပြီ ဖြစ်သည်။

ဝေသောသည် “ပတ်ကော်၊ ဝဲဒေါင့်၊ စစ္စကီလုံး” ဒေသမှ တော်လှန်ရေးတွင် ပါဝင်လာသူ ဖြစ်သည်။ ၁၉၅၇ ခုနှစ်၊ မင်းရန်အောင် ထိုးစစ်အပြီး အရှေ့တိုင်းသို့ ရောက်လာခဲ့သည်။ မင်းရန်အောင် ထိုးစစ်အတွင်း၊ တပ်မဟာ(၃) တပ်မဟာမှူး ဖြစ်သော ဗိုလ်ကျားမောင်သည် ထိုးစစ်အတွင်း ပြင်ဆင်မှု၊ တိုက်ခိုက်မှု ညံ့ဖျင်းသည်ဟု အကြောင်းပြ၍ တပ်မဟာမှူး ရာထူးမှ ဖြတ်ချခဲ့ပြီး၊ ဗိုလ်ထရူးမင်းသည် ယခင် တပ်မဟာ(၁)မှ ဖြစ်သည်။ ထိုအချိန်မှစ၍ ထရူးမင်းသည် ဝေသော ၏ လက် ကိုင်တုတ် ဖြစ်လာခဲ့သည်။ စင်စစ် မင်းရန်အောင် ထိုးစစ်သည် ရန်သူမှ သတင်းအတိ အကျရသဖြင့် စခန်းကို အလျင်အမြန် သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ တပ်မဟာမှူး ကျားမောင်နှင့် ခရိုင်၊ မြို့နယ် အဖွဲ့ဝင်များသည် ထိုးစစ်အတွင်း အကောင်းဆုံး စီစဉ် ဆောင်ရွက် ခဲ့ကြသည် သာဖြစ်သည်။

၁၉၆၁ ခုနှစ်၊ အောင်မော်အေး ထိုးစစ်တွင် ဗိုလ်ချုပ်မင်းမောင် ကျဆုံး ပြီးနောက်၊ K.N.U.P. ကေအဲန်ယူပါတီနှင့် ဝေသော၊ ဟန်တာသာမွေးတို့ အုပ်စုတို့သည်၊ ဂိုဏ်းခွဲ ဆန့်ကျင်သည်သာ မကတော့ဘဲ၊ တပ်မဟာ (၃)မှ၊ ထရူးမင်းအား၊ ဗိုလ်ချုပ် ကော်ထူးနှင့် မန်းဘဇန်တို့ကိုပင် လုပ်ကြံရန် စီမံခဲ့သည်။ ထရူးမင်း၏ တပ်ခွဲမှူးများ ဖြစ်သော နပိုလီယန်၊ ဖိုးဒေါင်း၊ ဘဂျမ်း တို့အား ညွှန်ကြားရာတွင် အခြေအနေ မပေး၍ အထမမြောက်ခဲ့ပေ။

ဆက်လက်၍ K.N.U. ပါတီဝင် တပ်မှူးများကိုလည်း လုပ်ကြံရန် စီစဉ်ရာတွင် အရှေ့တိုင်း G.O.C. တင်မြောက်ရာတွင် ပါဝင်သော ထော့မဲပါ (ခေါ်)အောင်စိန် အား အသုံးချပြီး၊ တပ်မဟာ (၅)သို့ စေလွှတ်လိုက်သည်။ တပ်မဟာ (၅) ဗိုလ်လင်းထင် ထံသို့ သွားရောက်၍ အရေးပေါ် စစ်ဆင်ရေးရှိကြောင်း လင်းထင်ထံ အကြောင်းကြားရန်၊ ပဒိုဝေသော မှ ညွှန်ကြား

ခဲ့သည်။ နောက်ပိုင်း ဗိုလ်လင်းထင် လုပ်ကြံရ မည့်သူမှာ “ဗိုလ်မြ” ဖြစ်ကြောင်း ပေါ်ပေါက်လာသည်။ “ဗိုလ်မြ”သည် ဝေသော၊ ဟန်တာသာမွေး တို့ အုပ်စုတွင် မပါဝင်သည်သာမက၊ မန်းဘဇန်အား ထောက်ခံသူ၊ ပါတီကိုထောက်ခံသူတဦး ဖြစ်သောကြောင့် ဖြစ်သည်။ ထိုသို့ လုပ်ကြံမှု အစီအစဉ်ကို ဗိုလ်မြ ၏ “ကျနော် တင်ပြလိုသည့် ကျနော့် ဖြတ်သန်းမှု၊ အစစ် အမှန် အတ္ထုပ္ပတ္တိ” စာအုပ်တွင် အသေးစိတ် ရေးသားဖော်ပြထားသည်။

၁၇၅။ ၁၉၆၁/၆၂ ခုနှစ်။ စောဝေသောက မန်းဘဇန်ထံသို့ ကန့်ကွက်စာ တစောင် ပေးပို့ခြင်း၊ K.N.U.P. ကေအဲန်ယူပါတီ၏ လုပ်ရိုးလုပ်စဉ်အရ၊ အရှေ့တိုင်း ကေအဲန်ယူ ပါတီ၏ ဒုတိယ လမ်းစဉ်ကို အခြေချနိုင်အောင် မန်းဘဇန် ကိုယ်တိုင်ဦးဆောင်ပြီး၊ တပ်မဟာအသီးသီး၊ ခရိုင် အသီးသီးတွင် ဒုတိယလမ်းစဉ်နှင့် ပတ်သက်ပြီး နိုင်ငံရေး၊ စစ်ရေး၊ လယ်ယာလမ်းစဉ်များကို သင်တန်းများ ပို့ချခဲ့သည်။ ထိုသို့ သင်တန်းများ ပို့ချရာ၌ ပံ့ပိုးကူညီခဲ့သော မန်းရှန်ဖလေ့၊ ဆရာဘာဟု၊ ဖူးတာအယ်၊ မန်းသိန်းမောင်၊ ဗိုလ်ချုပ် ကော်ထူး၊ ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင် စသော ခေါင်းဆောင်များ ထဲတွင်မှ၊ မန်းရှန်ဖလေ့ (ဆရာသာမြိုင်)သည် ရန်သူ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ဖူးတာအယ်သည်လည်း ပဲခူးရိုးမတိုင်း၏ တိုင်းမှူး G.O.C. အဖြစ်သို့ တာဝန် ပေး ရာထူး လွှဲပြောင်း ပေးခြင်းခံရသည်။ ဆရာဘာဟု (ခေါ်)မန်းဖလားစေး မှာလည်း ပဲခူးတိုင်း သို့ တာဝန်ပေး စေလွှတ်ခဲ့ရာ၊ ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရသည်။ ဗိုလ်ချုပ် ကော်ထူးနှင့် အခြား သော ဗဟိုကော်မတီများ ကျန်သော်လည်း ဗိုလ်ချုပ်ကော်ထူးမှာ စစ်ရေးတာဝန် ထမ်းဆောင် နေရသည်သာမက၊ တပ်ပေါင်းစု တည်ဆောက်ရေးတွင်လည်း၊ ရှမ်းပြည်၊ ကရင်နီပြည်တို့သို့ အခါအားလျော်စွာ သွားရောက် စီစဉ် ဆောင်ရွက် နေရသည်။ ထို အချိန်တွင် အရှေ့တိုင်း ဗာ ပွန်ခရိုင်၌ သင်တန်းပေးရန် အစီအစဉ်ရှိသဖြင့်၊ ၁။ ပဒိုအာသာ၊ ၂။ စကောဆိုင်းမွန်၊ ၃။ စော သိန်းလွင် တို့အား သင်တန်းဆရာများအဖြစ် တာဝန်ပေးအပ် ထားသည်။

- ပဒိုအာသာ သင်ကြားပေးရသော ဘာသာရပ်မှာ တပါတီ စစ်အာဏာရှင်စံနစ်၊
- စကောဆိုင်းမွန် သင်ကြားပေးရသော ဘာသာရပ်မှာ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး၊
- စောသိန်းလွင် သင်ကြားပေးရသော ဘာသာရပ်မှာ နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ် တို့ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စောသိန်းလွင်သည် စစ်ဦးစီးဌာနချုပ်တွင် ဖြစ်သော်လည်း စစ်ရေး၊ နိုင်ငံရေး ဗဟုသုတ အတော်အတန်ရှိသောကြောင့် သင်တန်းဆရာအဖွဲ့တွင် ထည့်သွင်း ထားသည်။

ဖာပွန်ရိုင် (မူတြော်ကော်ရေ) ဒွယ်လိုးမြို့နယ်တွင် ရှေးဦးစွာ သင်တန်းပေးရန် အစီအစဉ်လုပ်ကြသည်။ ဒွယ်လိုးမြို့နယ် ဥက္ကဋ္ဌမှာ ပဒိုအုန်းရွှေဖြစ်သည်။ ပဒို အုန်းရွှေ သည် ဗိုလ်ချုပ်အုန်းဖေ ၏ ညီဖြစ်သည်။ ဒွယ်ဒိုးတောင် အရှေ့ဘက် ရွာများ ဖြစ်သော၊ ဘောသိခီး၊ ဘောသိထာ၊ ရွာနှစ်ရွာအနက် ဘောသိခီးရွာသည် တောကျကျ နေရာ ဖြစ်သောကြောင့်၊ သင်တန်းပေးရန် လုံခြုံမှု ရှိသည်။ သင်တန်း (၁)ပတ် ပြီး၍ ဒွယ်လိုး တောင်ကိုကျော်ကာ မယ်ဝိုင်ဘတ်သို့ကူး၍ "ဝါလောကလိုး"တွင် သင်တန်း ပေးရန် အစီအစဉ် ရေးဆွဲပြန်သည်။ ဝါလောကလိုးသို့ မသွားမီ မန်းဘဇန် စခန်းချသော၊ မယ်ဝိုင်၊ ယောဝါး တွင် (၂)ပတ်မျှ နားနေကြသည်။ ထို့နောက် ဝါလောကလိုးသို့ သွားရောက်ကာ သင်တန်း (၁)ပတ်ပေးပြီး ပြန်လာခဲ့သည်။ မန်းဘဇန်က ဆက်လက်၍ ဗိုလ်ချုပ်အုန်းဖေ၊ အေဂျီကျော်ငြိမ်း၊ ဗိုလ်ပါဆူးတို့ စခန်းတည်ရှိရာ "ဝင်းမောင်း" ကျေးရွာတွင် သင်တန်းတခု ထပ်မံဖွင့်လှစ် သင်ကြားပေးရန် ညွှန်ကြားပြန်သည်။ ထိုအချိန်တွင် ပဒိုဝေသောသည် မန်းဘဇန် ထံသို့ ကန့်ကွက်စာတစောင် ပေးပို့လေတော့သည်။ ထိုစာတွင် မန်းဘဇန်သည် ပါတီအတွင်း သင်တန်းများ ပေးနေခြင်းသည် ဂိုဏ်းစု (အုပ်စုဖွဲ့)နေခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် သင်တန်းဆရာ (၃)ယောက်ကို မန်းဘဇန်က ပြန်လည် ခေါ်ယူလိုက်သည်။ ဝေသောသည် ထိုအချိန်က K.R.C. ၏ ပြည်ထဲရေး တာဝန်ခံအဖြစ် တာဝန်ယူထားသည်။ ထိုအချိန်မှစ၍ ဝေသော၊ ကော်ကဆာ ဂိုဏ်းနှင့် ပါတီသည် တဖက်နှင့်တဖက် စွပ်စွဲမှုများ တစထက်တစ များပြားလာပြီး ပဒိုဝေသောအုပ်စုသည် လုပ်ကြံမှုများ ပြုလုပ်လာကြသည်။

K.R.C. ခေါ်ကော်သူးလေ တော်လှန်ရေးကောင်စီသည် ဟန်တာသာမွေး အရှေ့တိုင်းသို့ ရောက်လာပြီး စတင်ဖွဲ့စည်းခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်း တခုဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က ပါတီ၏ လမ်းညွှန်မှုကို ခံယူသော အဖွဲ့အစည်း ဖြစ်ရမည်ဟု သဘောထား ချမှတ်ထားသည်။ နောက်ပိုင်း ဟန်တာသာမွေးနှင့် မန်း ဘဇန်တို့၏ တဦးအပေါ်တဦး အမြင်မရှင်း ဖြစ်လာပြီး၊ နှစ်ဘက် ပဋိပက္ခများ ဖြစ် လာခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ပဒိုဝေသော ၏ လုပ်ရပ်များကြောင့်သာ ဖြစ်သည်။ ဒွယ်လိုးမြို့နယ်သည်၊ ကျေးရွာအုပ်စု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အမှုဆောင်များ၊ တိုက်နယ် ဥက္ကဋ္ဌများ၊ တိုက်နယ်ကာကွယ်ရေးမှူး၊ အုပ်ချုပ်ရေးမှူးများကို ဆင့်ခေါ်ပြီး သင်တန်းပေးရန် ဖြစ်သည်။ ဒွယ်လိုးမြို့နယ်တွင် တိုက်နယ် (၁၁)ခု ရှိ သည်။ ဒွယ်လိုး အရှေ့ခြမ်းတွင်၊ (၁) ပထော တိုက်နယ်၊ (၂) ဘောသိုထား၊ (၃) ကတိုင်တိ အုပ်စု၊ (၄) ထီးသဲလေ အုပ်စု၊ (၅) လေဖိုးထာ တိုက်နယ်၊

ဒွယ်လိုး အနောက်ခြမ်းတွင်၊ (၆) နတ်သူထာ (ခေါ်) နတ်သူခီး တိုက်နယ်၊ (၇) ကျောက်မော် / လေးခေါ်ထိ အုပ်စု၊ (၈) လှကွန်းဖြိုး (ခူသူထာ) အုပ်စု၊ (၉) မယ်ခြဲ အုပ်စု၊ (၁၀) မလေးလယ် (မလေးကျောက်) အုပ်စု၊ (၁၁) ဝေါ်ယူ (ဝင်းမောင်း) အုပ်စုတို့ဖြစ်ကာ အထက်ဘက်တွင် (၁၂) မယ်သူခီး အုပ်စုတွင် (မယ်ဝိုင်) ပါသည်။

၁၇၆။ ဖာပွန် ခရိုင် မြို့နယ်နှင့် ကျေးရွာများ ဖွဲ့စည်းပုံ။

၁။ လူသောမြို့နယ် (ကော်ဆာ)

၂။ ဘူးသိုမြို့နယ် (ကော်ဆာ)

၃။ ဒွယ်လိုးမြို့နယ်(ကော်ဆာ)

၁၇၆။ (က) လူသောမြို့နယ် (ခေါ်) လူသောကော်ဆာ။

တပ်မဟာ(၂)နယ်မြေဖြစ်သော စောသေးဒဲ၊ စီယဲဒဲ၊ စီဒေး စသော တောင်ပေါ်ရွာများသည် မူတြော်ခရိုင် (ခေါ်) ဖာပွန်ခရိုင် နှင့် နယ်ခြင်း ဆက်စပ် နေသည်။ ခေးပူမှာ လူသောကော်ဆာ ခေါ်လူသောမြို့နယ်တွင် ပါဝင်သည်။ ခေးပူး မှ ဆက်သွားလျှင် နောင်ရိုးထား၊ ပနာအီပယ်ခို တို့ ရှိသည်။ ပနာအီပယ်ခိုမှ ဆင်းလာလျှင် ကျောက်ညှပ် နယ်မြေဖြစ်သော ပါဟိုက်၊ ‘စောဘွဲဒဲ’ရွာ ရှိသည်။ ‘စောဘွဲဒဲ’ ရွာသည် လူသောမြို့နယ် နှင့် ဘူးသို မြို့နယ် နယ်ခြားရွာ ဖြစ်သည်။ လူသော မြို့နယ် စောဘွဲဒဲ ရွာမှ ဆင်းလာလျှင်၊ ရှမ်းပြည် (ထိုင်းနိုင်ငံ) သော်လဲထာ ဖြစ်ပြီး၊ `သော်လဲထာ´ တည့်တည့် တဖက်ကမ်းတွင် တိုးညိုး၊ ဖောထာ၊ ပွားဒဲ ရွာများလည်းရှိသည်။ ပွားဒဲမှ ဆင်းလာလျှင် `ပီကိုဒဲ´၊ `မက်ကနန့်´၊ `လေးဖိုးထာ´ ရွာများရှိသည်။

(ခ) ဘူးသို မြို့နယ် (ခေါ်) ဘူးသို ကော်ဆာ။

ဘူးသိုမြို့နယ်အတွင်း တိုက်နယ် အုပ်စုများမှာ ၁။ မက်ညိုတာ တိုက်နယ်၊ ၂။ ကတိုင်တိ တိုက်နယ်၊ ၃။ မက်မွေး၊ ၄။ ကျော်ပါ တိုက်နယ်၊ ၅။ မက်ကနော်၊ ၆။ လေးဖိုးထာ နှင့် ၇။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကမမောင်း တို့ဖြစ်သည်။ ကမမောင်း ကားလမ်းကို ကျော်လိုက်လျှင် ဒွယ်လိုး မြို့နယ် ခေါ်ဒွယ်လိုး ကော်ဆာ သို့ ရောက်သည်။

(၈) ဒွယ်လိုး မြို့နယ် (ခေါ်) ဒွယ်လိုး ကော်ဆာ။

ဒွယ်လိုးမြို့နယ်ရှိ တိုက်နယ်များမှာ ၁။ လေးဖိုးထာ တိုက်နယ်၊ ၂။ ကတိုင်တိ တိုက်နယ် တို့ဖြစ်သည်။ ကဒိုင်တိမှ တောင်ပေါ်သို့တက်လာလျှင် အစပ်တွင် ၃။ ဘူးသိုထာ တိုက်နယ်သို့ ရောက်သည်။ တောင်ကိုကျော်လျှင် ၄။ လဂွန်း မြို့နယ်ဟု ခေါ်သည်။ ၅။ မယ်ချုံ့ တိုက်နယ်အတွင်း မိကျောင်းအင်း၊ ဝင်းလှ၊ ၆။ ဝင်းမောင်း တိုက်နယ်သို့ ရောက်သည်။ ဝင်းမောင်း တိုက်နယ်မှ တောင်ဘက်သို့ ဆင်းလာလျှင် တပ်မဟာ (၅)နယ်မြေသို့ ရောက်သည်။ မဲသောင်ကိုကျော်လျှင် တပ်မဟာ (၃) သို့ ရောက်သည်။

ဥက္ကဋ္ဌကြီး မန်းဘဇန်သည် ဝေါ်မူ (ခေါ်)ဝင်းမောင်း ကို အခြေခံသည်။ ဗိုလ်ချုပ်အုန်းဖေမှာ ဝင်းမောင်းရွာ အနီးအနားတွင် စခန်းချ နေထိုင်သည်။ ဝင်းမောင်း အုပ်စုအတွင်းဖြစ်သော ဖိုးဃဲထာ ရွာသည် ထိုးစစ်ကာလတွင် G.O.C. အုန်းဖေ (အရှေ့တိုင်းမှူး)၊ နှင့် G.H.Q. (ဗဟိုစစ်ဦးစီး ဌာနချုပ် အမှုဆောင်များ ခေတ္တ အခြေပြု နေထိုင်ကြသည်။ ဗိုလ်ချုပ်အုန်းဖေနှင့် အထူးစစ်ရေးပြ ဗိုလ်ကြီးပါဆူး (ခေါ်)ဗိုလ်ဘဆက် (မုဆိုးကော်ကဆာ၏ ညီအရင်းဖြစ်သည်) (TRAINING OFFICER) A.G. ကျော်ငြိမ်း (ADJUDENT GENERAL) တို့ အိမ်များ ဆောက်လုပ်၍ နေထိုင်ကြသည်။ ဒွယ်လိုးမြို့နယ်၊ မြို့နယ် ဥက္ကဋ္ဌ မှာ ဗိုလ်ကြီးထွန်းရှိန် ဖြစ်သည်။

၁၇၇။ ဝင်းမောင်းရွာမှ ဂေါ်ရခါး တောကို ကျော်လျှင် တပ်မဟာ(၃)သို့ ရောက်သည်။ တပ်(၃)နယ်မြေအတွင်း မဲရိပ်၊ မဲကာ၊ ဥပုဒ်ချောင်း အတွင်းရှိ ရှမ်း၊ မြန်မာများ လာရောက်ပြီး ခြံထွက်ကုန်များ လာရောက် ရောင်းဝယ် ကြသည်။ တပ်မဟာ(၃) ရွှေကျင်နယ်တွင် ရွှေကျင်မှ လာရောက်ကာ တောထွက် သီးနှံများဖြစ်သော ဒညင်းသီးများကို လာရောက် ခူးကြသည်။ ကွမ်းသီး၊ ကွမ်းရွက် များကိုလည်း ဝယ်၍ ပြန်ကြသည်။ ဒွယ်လိုး မြို့နယ်နှင့် တပ်မဟာ(၃) နယ်စပ်တွင်၊ မန်းဘဇန် စခန်းချ နေထိုင်လေ့ရှိသည်။ ဗိုလ်မောင်မောင်၏ ကွမ်းသီးခြံလည်း ရှိသည်။ ဗိုလ်သန်းအောင် မိသားစုများလည်း နေထိုင်ကြသည်။ စောမျိုးသွေးသည်လည်း ပထမတွင် နေထိုင်ခဲ့သည်။ မန်းလာဖန်း၊ ပဒိုဝီရီကျော်နှင့် တပ်မဟာ(၅)မှ ပဒိုပွိုက်တို့လည်း နေကြသည်။ မဲရိပ်၊ မဲကာ၊ ဥပုဒ်ချောင်းမှ ပြန်တက်လာလျှင် ဒွယ်လိုးမြို့နယ်သို့ ရောက်ပြီး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တောင်ပေါ်ရွာဖြစ်သော ပလောခီးနှင့် မယ်သူကလိုးသို့ ရောက်သည်။ ပလောခီးတောင်မှ ဆင်းလာလျှင် ဒါလော ကလိုးသို့ ရောက်သည်။ ဖူးအေဂျီ (ခေါ်) ဗိုလ်မှူးလှထူး သည် ထိုနေရာတွင် စခန်းချ နေထိုင်သည်။

ဒါလောကလိုးမှ ထပ်တက်လျှင် မယ်ဝိုင်သို့ ရောက်ရှိသည်။ မယ်ဝိုင် နံဘေးသည် ထိုကော့ဆောခီး (အဖျား)ဖြစ်ပြီး၊ "ကော်ဆာခို" ခေါ်မြို့နယ် ဥက္ကဋ္ဌ မြေ့ွေ၊ ရုံးစိုက်ရာ နေရာလည်းဖြစ်သည်။ မြို့နယ် ဥက္ကဋ္ဌမှာ သူဌေး မျိုးရိုးဖြစ်သည်။ ဖခင်မှာ အင်္ဂလိပ် လက်ထက်က တိုက်သူကြီးဖြစ်၍ လယ်နှင့် ခြံများလည်း ရှိသည်။ ဥက္ကဋ္ဌ မှာ အုန်းခြံတွင် နေထိုင်သည်။ ဒု ဥက္ကဋ္ဌ ပဒိုသိန်းလွင် မယ်ဝိုင်သို့ ဆင်းလာလျှင် တည်းခိုလေ့ ရှိသော နေရာလည်းဖြစ်သည်။ ၁၇၈။ ထိုကော့ဆောခီ။

ထိုကော့ဆောခီးသည်၊ မယ်ဝိုင်နံဘေးတွင် ရှိသော ရွာဖြစ်သည်။ ယောဝါး နှင့်လည်း နီးသည်။ မန်းရှန်ဖလေ့ (ခေါ်) ဆရာသာမြိုင်တို့ မိသားစုများ နေထိုင်ရာ လည်းဖြစ်သည်။ `ယောဝါး´ အမီးဖျားသည် ချောင်းလေးဖြစ်၍၊ မယ်ဝိုင် နံဘေး `ကွီးဖိုး´တွင် ဗိုလ်မောင်မောင် မိသားစုများ လာရောက် နေထိုင်လေ့ရှိသည်။ ဗိုလ် သန်းအောင်မှာလည်း တခါတရံ လာရောက် နေထိုင်သည်။ စောမျိုးသွေး နှင့် ဒုတိယ ဇနီးတို့လည်း လာရောက် နေထိုင်ကြသည်။ ကွီးဖိုးသည် မဒညတ အစည်းအဝေး ပြုလုပ်သော နေရာလည်း ဖြစ်သည်။ ဗကပ ဗဟို ကော်မတီ သခင်ချစ်၊ သခင်ဇင်၊ ဗိုလ်ချုပ်ရဲထွဋ် တို့လည်း တက်ရောက်ကြသည်။ မဒညတ အစည်းအဝေး ပြုလုပ်ပြီး သည်နှင့် "အောင်မော်အေး"ထိုးစစ်လည်း စတင်လေသည်။ ကွီဖိုး ကွင်းစပ်မှ တောင်ပေါ်သို့ တက်လျှင် နယ်ခီး သို့ ရောက်သည်။

၁၇၉။ နယ်ခီး (ဒွယ်လိုးကော်ဆာ)၊

ကွီးဖိုး နှင့် ယောဝါး မှာ (၂)နာရီခန့် လျှောက်ရသည်။ ကွီးဖိုး မှ နယ်ခီးကို သွားလျှင် (၃)နာရီခန့် လျောက်ရသည်။ နယ်ခီးမှ ဝါးခါရွာ (ဘီးလင်းချောင်း နှုတ်ခမ်း)တွင်၊ အိုင်များ (ကွီးများ)စွာ ရှိသည်။ နယ်ခီးတွင် ဗိုလ်ချုပ်ကော်ထူး (ကော်သူးလေ ဒုတိယ စစ်ဦးစီးချုပ်)၊ ရုံးထိုင်မှူး ဗိုလ်ကြီး မြစိန်၊ ဖူးတာအယ် တို့ နေထိုင်သော G.H.Q. စစ်ဦးစီး ဌာနချုပ်ရုံးလည်း ရှိသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဝါးခါရွာတွင် မန်းသိန်း မိသားစု (တိုင်း ဥက္ကဋ္ဌ)၊ မူဆိုးကော်ကဆာနှင့် ဇနီးတို့ အတွက် အိမ် ဆောက်ထားသည်။ သတင်းမကောင်းလျှင် တည်းခိုနိုင်ရန် အိမ် (၂)လုံး (၃)လုံး ဆောက်ထားသည်။ ဝါးခါရွာမှ အထက်သို့ နဲနဲတက်လျှင် “ပိုထာ”၊ ပိုထာ တွင် လည်း အိမ်(၁)လုံးရှိသည်။ ပဒိုဝေသော၊ ပဒိုဖိုးညော၊ စကောလယ်တော တို့ နေ ထိုင်ကြသည်။

ပိုထာ သည် ကော်သူးလေ တက္ကသိုလ်ကျောင်းဖွင့်သော နေရာလည်း ဖြစ်သည်။ နယ်ခီးအနောက် ဘက်သို့ ကျော်လိုက်လျှင် မယ်ဂါးလော်၊ ပေါ်ဝါးဒဲ ရွာများ ရှိသည်။ ပေါ်ဝါးဒဲတွင် ပဒိုသိန်းလွင်၏ ဆွေမျိုးများ နေထိုင်ကြသည်။ အရှေ့ ကော်သူးလေ တိုင်းရုံးလည်း ထိုနေရာတွင်ပင် တည်ရှိသည်။ ပဒိုမန်းသိန်း၊ အတွင်းရေးမှူး ပဒိုထီးမူး၊ တိုင်း အမှုဆောင်များ ဖြစ်ကြသော ပဒိုရှမ်းမောင်၊ ဖူးဒိုကို စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ကော်သူးလေ S.H.Q. ဗဟို ဌာနချုပ်တွင် ပဒိုဝေသော၊ ပဒိုဖိုးညော၊ ဂျေဖူးညို၊ မိုးဇက်ညို တို့လည်း ရှိသည်။ စောသဝါးမှာ ထိုစဉ်က ထိုင်းနိုင်ငံ ဘန်ကောက်တွင် ရှိနေသည်။ တခါတရံ သူဇနီးလည်း လာသည်။

(ပိုတာ) ဃဲပါဂရူမှ ဗိုလ်ချုပ်မင်းမောင် နေသောနေရာမှာ (၃-၄)ရက်ခန့် ခရီးသွားရသည်။ ဃဲပါဂရူ ကျေးရွာ အုပ်စုသည် ဘီးလင်းချောင်းနယ်စပ်တွင် တည်ရှိသည်။ ဃဲပါတောင်ကို ကျော်ဖြတ်ပြီး ချောင်းကိုကူးလျှင် ယွန်းစလင်း ချောင်းဖျားတွင် လေးခီး၊ စီဒေး၊ နောင်ရိုးထာ၊ ခေးပူ ရွာများ တည်ရှိသည်။ “ပနာအီပယ်ခို” ချောင်းမှ ဆင်းလာလျှင် ပေသေးဒဲ၊ လဲနာဒဲ ရွာတို့ရှိပြီး ဖာပွန်မှ ဆင်းသော လမ်းသို့ ရောက်သည်။ ဆက်လျှင် ဘားအံသို့ ရောက်သည်။

ပေသေးဒဲ - လဲနာဒဲချောင်းမှ ဘူးသို တောင်ကိုကျော်လျှင် ပါဟိုက်၊ ကျောက်ညှပ်၊ တိုသေးဒဲ၊ ဖိုခနောက်ဆိုင် ရွာ(၃)ရွာကို ရောက်သည်။ တိုသေးဒဲ ရွာမှ ကျောက်ညှပ်သို့ ခြေလျှင် သွားလျှင် (၃)နာရီခန့် ကြာသည်။ တိုသေးဒဲ မှ ပါဟိုက်ကို ဆင်းလျှင် (၂)နာရီခွဲခန့်ကြာသည်။ ကျောက်ညှပ်နှင့် ပါဟိုက်မှာ (၂)နာရီ ခရီး ဖြစ်သည်။ တိုသေးဒဲ သည် ဗိုလ်ချုပ်မင်းမောင် အချေပြု စခန်း ထိုင်သောနေရာ ဖြစ်သည်။ ထိုဒေသတွင် အောင်မော်အေး စစ်ဆင်ရေး အတွင်း ရန်သူမှ လာရောက် တိုက်ခိုက်စဉ် ကျဆုံး သွားခဲ့ရ သည်။

၁၈၀။ ဟန်တာသာမွေးနှင့် K.R.C. ခေါင်းဆောင်များ အခြေအနေ။

၁၉၅၉ ခုနှစ်၊ ပထမအကြိမ် ပါတီ ကွန်ဂရက်တွင် ဟန်တာသာမွေးနှင့် ဝေသော တို့က တက်တက် ကြွကြွမရှိ။ ဝေသောက ကွန်ဂရက်တွင် စကား တခွန်း နှစ်ခွန်း ပြောဆိုပြီး

တပ်မဟာ(၇) သို့ သွားစရာ ရှိသည်ဟုဆိုကာ ညီလာခံ ခန်းမမှ ထွက်သွားခဲ့ သည်။ နောက်ပိုင်း ကွန်ဂရက်သို့ မလာတော့ပေ။ ဟန်တာသာမွေး ကလည်း မတက် မကြွနှင့်ပင် အစည်းအဝေး ကို တက်ရောက်သည်။

၁၈၁။ ၁၉၆၀ ခုနှစ်၊ ဧပြီလအကုန်တွင် N.L.A. ခေါ်လူမျိုးစုများ လွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းရာ၊ “လလမဖ” တွင် ကရင်၊ ကရင်နီ၊ ရှမ်း အဖွဲ့ (၃)ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။ တပ်ပေါင်းစု အတွင်းရေးမှူးအဖြစ် ရှမ်းကို တင်မြှောက်သည်။

၁၉၆၀ ခုနှစ်၊ နယ်ခီးတွင် ကျင်းပသော တိုးချဲ့ ဗဟိုကော်မတီ အစည်း အဝေးတွင် ဟံ တာသာမွေးသည် အစည်းအဝေးသို့ တက်ရောက်ခဲ့သော်လည်း စကားများများ မပြောချေ။ ခေါင်းဆောင်များ ပြန်လည် ညီညွတ်ရေးအတွက် ခေါ်ဆို သော အစည်းအဝေး ဖြစ် သော်လည်း၊ ဟန်တာသာမွေးက ပါတီခေါင်းဆောင်များ ကြိုက်သလို ဆုံးဖြတ်ပါ။ မိမိအနေ နှင့် တပ်မဟာ(၅)နှင့် နားလည်မှု ရှိထားပြီးဖြစ်၍ ကိစ္စမရှိပါဟူ၍ တင်းတင်းမာမာ ပြောဆိုခဲ့ သည်။ ညီညွတ်ရေးအတွက် အစည်းအဝေး ဖြစ်သော်လည်း ဆုံးဖြတ်ချက်များ အပေါ် လိုက်နာမှု မရှိတော့ပေ။

၁၈၂။ ၁၉၆၁ ခုနှစ်၊ N.L.A.၏ စစ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဗိုလ်ချုပ်ကော်ထူးမှာ ရှမ်းပြည်သို့ တက်သွားသည်။ ကရင်အဖွဲ့မှ စစ်အင်အား ပေးပို့ရာတွင် လင်းထင် ဦးစီးသည့် တပ်ရင်း(၁)ရင်းနှင့် ထရူးမင်း ဦးစီးသော တပ်ရင်း(၁)ရင်းတို့ ရှမ်းပြည်သို့ ထွက်သွားကြသည်။ ကရင်နီပြည်သို့ ရောက်သောအခါ ကယား ပြည်သူ့စစ်နှင့် တိုက်ပွဲဖြစ်ကာ ရှေ့သို့ ဆက်မသွား နိုင်တော့ဘဲ ပြန်လာခဲ့ကြ ရသည်။

၁၉၆၀ ခုနှစ်၊ အရှေ့တိုင်း တပ်မှူးများ အစည်းအဝေးကို ညာဆာခီးတွင် ကျင်းပခဲ့ သည်။ အစည်းအဝေးတွင် ဟန်တာသာမွေးကို ထောက်ခံသော တပ်မှူး အရေအတွက် များ သဖြင့် ကရင့်တပ်မတော် အမည်ဖြစ်သော K.P.L.A.F. (KAREN PEOPLE LIBERATION ARMY FORCE) ကို K.A.F. (KAREN ARM FORCE) ဟူ၍၎င်း၊ K.N.L.A. (KAREN NATIONAL LIBERATION ARMY) ဟူ၍၎င်း၊ ပြောင်းလဲလိုက်သည်။ ကရင်ပြည်သူ (KAREN PEOPLE) အစား (KAREN NATIONAL) ကရင်အမျိုးသားသို့ ပြောင်းလဲလိုက်သည်။ “ပြည် သူ”ဟူသော အသုံးအနှုန်းသည် ကွန်မြူနစ် အသုံးအနှုန်း၊ “အနီ”များ သုံးသော အသုံး အနှုန်း ဖြစ်ခြင်းကြောင့် ဖြစ်သည်။

၁၈၃။ ၁၉၆၁ ခုနှစ်၊ K.R.C. ခေါ် KAREN REVOLUTION COUNCIL အလုပ်အမှုဆောင် အစည်းအဝေးကို ထူးတလူးၥ် ခေါ်ဆိုကျင်းပရာ၊ စကောလယ်တောနှင့် မန်းဘဇန် တို့ မရောက်မီ အစည်းအဝေးကို အလျင်အမြန်ပင် ကျင်းပခဲ့သည်။ ထို့အပြင် အလုပ် အမှုဆောင် (၃)ဦးဖြစ်သော ဝေသော၊ ဟန်တာသာမွေး၊ မန်းသိန်း တို့သာ တက် ရောက်သဖြင့်၊ အစည်းအဝေးမှာ အထ မမြောက်သော်လည်း၊ ကရင်တော်လှန်ရေး ဒုတိယ လမ်းစဉ်ကြီးကို ပြင်ဆင်ခဲ့ကြသည်။ အဓိက တိုက်ကွင်းအဖြစ်၊ ဖဆပလ အစိုးရအဖြစ် သတ်မှတ်သည်ကို ဗမာနယ်ချဲ့ဟု ပြောင်းလဲလိုက်သည်။ အဆုံးစွန် ရည်မှန်း ချက်ဖြစ်သော ဆိုရှယ်လစ် လူဘောင် တည်ဆောက်ရေးကို ဖြုတ်ပစ် လိုက်သည်။ မန်းဘဇန်နှင့် စကောလယ်တောတို့က အဘယ်ကြောင့် အစည်းအဝေးကို သတ်မှတ် ရက်ကို မစောင့်ဘဲ အလျင်စလို ကျင်းပခဲ့ရ ကြောင်းကို မေးမြန်းရာ၊ ဟန်တာသာမွေးက ဖာပွန်ရှိ ရန်သူများက ဗဟိုဌာနချုပ်ကို ချီတက် တိုက်ခိုက်တော့မည့် သတင်း ရရှိသော ကြောင့် ဖြစ်သည်ဟု ဖြေကြားခဲ့သည်။ ထိုအချိန်သည် ဗိုလ်ချုပ်ကော်ထူး ရှမ်းပြည်နယ်တွင် N.L.A. ခေါ် လူမျိုးစုများ လွတ်မြောက်ရေး တပ်မတော်ကို ဖွဲ့စည်းရန် တာဝန်ဖြင့် ခရီး သွားနေသော အချိန်ဖြစ်သည်။ နောက်ပိုင်း ဗိုလ်ချုပ်ကော်ထူး ပြန်လည် ရောက်ရှိ လာသောအခါ ဗဟို အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးကို ပြန်လည် ကျင်းပပြီး၊ ကရင့် တော်လှန်ရေးလမ်းစဉ်ကို (၁၉၅၆) ခုနှစ်၊ မော ကို ညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း ပြန်လည် တည့်မတ် ပေးခဲ့သည်။

၁၈၄။ ၁၉၆၂ ခုနှစ်၊ တပ်မဟာ(၇)မှ တပ်ခွဲ(၁)ခွဲနှင့် တပ်မဟာ(၃)မှ တပ်ခွဲ တို့အား ဗိုလ်စံဖေနှင့် ဗိုလ်စောဒူး တို့အား အသီးသီး အုပ်ချုပ်စေပြီး စစ်ကြောင်း (၁)ကြောင်း ဖွဲ့စည်းပေးသည်။ ထို စစ်ကြောင်းကို ဗိုလ်ကြီးဘရှိုင်းအား စစ်ကြောင်းမှူးအဖြစ် တာဝန် ပေးအပ်ပြီး ရှမ်းပြည်သို့ စေလွှတ်ပေးခဲ့သည်။ ရှမ်းပြည်သို့ ချောချောမောမော ရောက်ရှိ သွားခဲ့သည်။ သို့သော် ထို အချိန်က ကော်သူးလေနှင့် ဆက်သွယ်သော ရှမ်း အဖွဲ့မှာ “စဝ်နွဲ့”အဖွဲ့ ဖြစ်သည်။ ရှမ်းပြည် တွင် တော်လှန်ရေးအဖွဲ့များ အကွဲကွဲအပြဲပြဲ ဖြစ်နေသော ကြောင့် ကော်သူးလေ တပ်အတွက် ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်များ လက်တွေ့ အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ကရင် တပ်များ အခက်အခဲဖြစ်ပြီး၊ နားလည်မှုများ လွဲမှားစေခဲ့သည်။ ထို့ကြောင့် ကော်သူးလေ တပ်များက ရှမ်းပြည်မှ ပြန်ဆင်း လာခဲ့ကြ သည်။ ဤတပ်များ ပြန်ရောက်လာသော အချိန်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သည် ကရင်ခေါင်း ဆောင်များအတွင်း အယူအဆကွဲပြားနေသော၊ ၁၉၆၃ ခုနှစ်၊ “ကဆော၀ါး ကွန်ဂရက်” အချိန် ဖြစ်လေသည်။

၁၉၆၂ ခုနှစ်၊ မေလတွင် K.R.C. ဗဟိုအလုပ်အမှုဆောင် ကော်မတီ အစည်း အဝေး ကျင်းပ ပြီး ကွန်ဂရက် ပြုလုပ်ရန် ဆုံးဖြတ်သည်။ ဟန်တာသာမွေးနှင့် အပေါင်းပါ တို့သည် တက်ကြွ စွာ လှုပ်ရှားကြသည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမ ကိုယ်စား လှယ်များ ကွန်ဂရက် တက်ရောက်ရန် ရောက်ရှိလာကြသည်။ ဗဟိုကော်မတီ အစည်း အဝေးလုပ်ရန် အကြောင်းကြားလိုက်သည်။ ဟန်တာသာမွေးသည် K.N.U.P. မှ နုတ်ထွက် ကြောင်း စာတင် လိုက်သည်။ ထိုစာတွင် ခင်ဗျားတို့ လုပ်ချင်သလိုလုပ်ပါ ဟူ၍ ရေးသား ထားလေသည်။ ထိုအခါ K.N.U.P. ခေါင်းဆောင်များက စကောလယ်တောကို လွှတ်ပြီး၊ ဟန်တာသာမွေးကို လာရောက်ရန် အကြောင်းကြား လိုက်သည်။ ထိုအခါ ဟန်တာသာမွေး က ကွန်ဂရက်ခေါ်ဆို ရေးအတွက် မန်းဘဇန်နှင့် စကောလယ်တော တို့အား အာဏာကုန် လွှဲအပ်လိုက်သည်။ ကွန်ဂရက် ကျင်းပမည့်အချိန်တွင် အရောက်သွားမည်ဟုလည်း ကတိ ပေးလေသည်။ သို့သော် သူသည် ပါတီမှ နုတ်ထွက်ပြီး ဖြစ်သဖြင့် ကွန်ဂရက်သို့ တက် ရောက်မည် မဟုတ်ဟု အကြောင်းပြန်ကြား ပြန်သည်။ နေ၀င်း အာဏာသိမ်းပြီး ဖြစ်သဖြင့် နေ၀င်းသည် ပြည်ပ အစိုးရများနှင့် တွေ့ဆုံကာ သဘောတူညီချက်များ ပြုလုပ်ထားသဖြင့် နယ်စပ်တွင် မနေရဲဘဲ ယွန်းစလင်းချောင်း နံဘေးတွင် ပြန်နေခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၈၅။ ကဆော၀ါး ကွန်ဂရက်။

၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် နေ၀င်း အာဏာသိမ်းသည်။

၁၈၆။ ၁၉၆၃ ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် ဗိုလ်ချုပ်စိန်မှူသည် ဟန်တာသာမွေး မှ ၎င်းထံသို့ ပေးပို့လာသော စာတစောင်ကို ဗဟိုခေါင်းဆောင်များအား ထုတ်ပြလေသည်။ စာပါ အကြောင်းအရာမှာ “ခင်ဗျားတို့ မြစ်၀ကျွန်းပေါ်အနီတွေ တောထဲမှာ နေရတာ စိတ်အား ငယ်မှာဘဲ။ ဒါပေမဲ့ မပူနဲ့တော့။ အခု ကျနော် အဖြူတွေနဲ့ ဆက်သွယ်လို့ ကောင်းကောင်း ရနေပြီ၊ ကွန်ဂရက်ရောက်တဲ့ အချိန်ကျလျှင် ခေါင်းဆောင်တွေကို ကျနော်တို့ ကန်ထုတ် မယ် ဟူ၍ ဖြစ်သည်။”

၁၉၆၃ - ကဆော၀ါး ကွန်ဂရက်

၁၈၇။ ဖာပွန်ခရိုင် လုသောမြို့နယ်၊ စောမီးထာကျေးရွာပိုင် လယ်ကွင်းတွင် အစည်း အဝေး ခန်းမများ ဆောက်လုပ်ပြီး ကျင်းပသည်။

မြစ်၀ကျွန်းပေါ်တိုင်း၊ ပဲခူးရိုးမတိုင်း ကိုယ်စားလှယ်များက အရှေ့တိုင်းသို့ ဒီဇင်္ဘာ လ ကုန်၌ စတင်၍ ရောက်လာသည်။ နောင်ရိုးထာ၊ စောမီးထာ ကျေးရွာများတွင် စခန်းချကြ သည်။ အခမ်းအနားကို စောမီးထာရွာအနီး လယ်ကွင်းတွင် ဆောက်လုပ် ကြသည်။

ဟန်တာနှင့် K.R.C. အဖွဲ့၀င်များ ရောက်လာသော ဧပြီလတွင် အခမ်းအနား စတင်ခဲ့ သည်။ အစည်းအဝေး တက်ရောက်သူ ကိုယ်စားလှယ် (၅၁)ယောက်နှင့် လေ့လာသူအဖြစ် (၃၅)ယောက် တက်ရောက်သည်။

ရှေးဦးစွာဟန်တာ၏ K.R.C. အဖွဲ့က ကွန်ဂရက်သည် ပြည်လုံးဆိုင်ရာ ကွန်ဂရက် မဟုတ်ဘဲ၊ K.R.C. ကွန်ဂရက်သာဖြစ်ကြောင်း တင်ပြသည်။ ပါတီ ကိုယ်စားလှယ်များက ၁၉၆၂ ခုနှစ် K.R.C. ၏ မေလအတွင်း ပြုလုပ်ကျင်းပသော၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်ပါ ကွန်ဂရက် ကျင်းပ ပြုလုပ် ရန် မှတ်တမ်းကို ထုတ်ပြမှသာ ဆက်လက် အငြင်းမပွားနိုင်တော့ပေ။ ဟန်တာတို့အဖွဲ့က အကြောင်းအမျိုးမျိုးပြပြီး အငြင်းပွားမှုကို ဖန်တီးကြသည်။ သူတို့အား ထောက်ခံသူအများအပြားကို အစည်းအဝေး တက်ရောက်နိုင်ရန် ဖန်တီးကြသည်။ ပါတီခေါင်းဆောင်များက မြစ်၀ကျွန်းပေါ်၊ ပဲခူးတိုင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

နှင့် အရှေ့တိုင်း ကိုယ်စားလှယ် အားလုံးကို K.R.C. ကိုယ်စားလှယ်အဖြစ် လက်ခံမည် ဆို လျှင်၊ ကွန်ဂရက်ကို K.R.C. ကွန်ဂရက်အဖြစ် ကျင်းပလိုလျှင်လည်း ကျင်းပနိုင်သည်ဟု ပြော မှသာ ဆက်လက်ပြီး အငြင်းမပွားတော့ပေ။ အစည်းအဝေး အစီအစဉ်တွင် အလံတော် နှင့် အာဇာနည်များအား အလေးပြုပြီးနောက် ဟန်တာက အစည်းအဝေး၏ သဘာပတိ အဖြစ် မိန့်ခွန်း ပြောလေသည်။

ဟန်တာ၏ မိန့်ခွန်းတွင် ၁၉၆၁ ခုနှစ် ထူးတလူး၊ K.R.C. အမှုဆောင်၏ အစည်းအဝေး၌တင်ပြခဲ့သော လမ်းစဉ်သစ်ကိုပင် ပြန်လည် တင်ပြခဲ့ခြင်း ဖြစ်သည်။ သဘာပတိ၏ မိန့်ခွန်းကို ကွန်ဂရက် တက်ရောက်သူများ အားလုံးက သုံးသပ် ဝေဖန်မှု ပြုခဲ့ ကြသည်။ တိုင်းနှင့် ခရိုင်ကိုယ်စားလှယ် အများစုက ဟန်တာ၏ မိန့်ခွန်းကို ဆန့်ကျင်ပြီး ဝေဖန်ဆွေးနွေးကြသည်။ အရှေ့တိုင်းရှိ လူအနည်း ငယ်ကသာ ထောက်ခံ ဆွေးနွေး ကြ သည်။ ကိုယ်စားလှယ်များ သာမက အစည်းအဝေးတက် ရောက်သူ အားလုံးအား ဆွေးနွေး ခွင့် ပြုခဲ့သည်။ သဘာပတိမိန့်ခွန်းကို အချိန်အလုံ အလောက်ပေး၍ ဆွေးနွေးခွင့် ပြုခဲ့ရာ၊ အချိန်တပတ်နီးပါး ကုန်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့ မွန်းလွဲပိုင်းတွင် ဟန်တာက အောက်ပါအတိုင်း တိုတို တုတ်တုတ် ပြောဆိုလေသည်။

“ကေအဲန်ယူပါတီမှာ ကျွန်ုပ်၏ စကားကို လက်မခံသဖြင့်၊ အတူတကွ လုပ် ဆောင်၍ မဖြစ်နိုင်တော့ပါ။ နယ်မြေခွဲခြား သတ်မှတ်ရတော့မည်။ K.R.C. က အရှေ့ တိုင်းကို ယူမည်။ ကေအဲန်ယူပီက မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းကို ယူပါ။ အတူတကွ လုပ်ဆောင်၍ မ ဖြစ်နိုင်သောကြောင့် ဤအစည်းအဝေးကိုလည်း ဆက်တက်၍ မဖြစ်နိုင်တော့သောကြောင့် ကျနော် ထွက်သွားရမှာဘဲ။” ထိုသို့ ပြောဆိုပြီးနောက် ညနေ (၃)နာရီ မိနစ်(၂၀)တွင် အစည်းအဝေးအတွင်းမှ ထွက်ခွာ သွားရာ ၎င်းကို ထောက်ခံသော ကိုယ်စားလှယ် (၁၀)ဦးနှင့် အကဲခတ်အချို့ ပါသွားလေသည်။ ကွန်ဂရက် သဘာပတိ အစည်းအဝေးမှ ထွက်ခွာသွား သောကြောင့်၊ ဒုတိယ သဘာပတိဖြစ်သော ဗိုလ်ချုပ် အုန်းဖေက၊ သဘာပတိအဖြစ် ဆက်လက် တာဝန်ယူလေသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ် (၄၀)နှင့် အကဲခတ် အများအပြား ကျန်ခဲ့သည်။

အချိန်အတော်ကြာငြိမ်သက်ပြီးနောက် ဗိုလ်တာအယ်က အောက်ပါအတိုင်း စတင် ပြောဆို လေသည်။ “ယခု အစည်းအဝေးသည် ပြည်လုံးဆိုင်ရာ ကွန်ဂရက် ဖြစ်သည်။

အမျိုးသားညီလာခံလည်းဖြစ်သည်။ အစည်းအဝေးမှ ထွက်ခွာသွားသူများသည် အနည်း စု သာ ဖြစ်ပြီး အများစုမှာ ကျန်ရှိနေသဖြင့် အစည်းအဝေးကို ရပ်စဲရန် မဖြစ်နိုင်ပါ။ ဟန်တာ တွင် နယ်မြေခွဲ ဝေပိုင်ခွင့် မရှိပါ။ ကွန်ဂရက်ကသာလျှင် နယ်မြေ ခွဲဝေပိုင်ခွင့် ရှိသည်။ ပြီးဆုံးသည်အထိ ဆက်လက် ကျင်းပကြရန်” ပြော ကြားလေသည်။

ထို့နောက် ဗိုလ်ကြီးတာမလာဘောသည် စိတ်အလွန် ထိခိုက်ကာ မျက်ရည် ကျလျက် အောက်ပါအတိုင်း ပြောဆိုလေသည်။

“ကျနော်တို့ လက်တွဲလုပ်ဆောင်ခဲ့တာ (၁၄)နှစ်ကျော်ခဲ့ပြီ ဖြစ်တယ်။ ယခုလို ဖြစ်ခြင်း သည် မကောင်းပါ။ ယခု ဟန်တာတို့ နယ်မြေခွဲမှု လုပ်တာဟာ ခေါင်းဆောင်များက နယ်မြေ ကို ပိုင်ဆိုင်သည်ဟု ယူဆ၍လား မသိပါ။ နယ်မြေကို တကယ်ပိုင်တဲ့ သူတွေဟာ နယ်မြေကို စောင့်ရှောက် ထိန်းသိမ်းနေတဲ့ အောက်ခြေ လက်နက်ကိုင် သူများသာ ဖြစ်တယ်။ ဟန်တာ၏ စကားကို နားထောင်လို့ မဖြစ်ပါ။ အရှေ့တိုင်းကို သူယူမယ်လို့ ပြောတယ်။ သို့သော် အမှတ် - ၁၊ ၂ နှင့် ၆၊ ၇ ခရိုင် တို့တွင်၊ သူ့နောက်လိုက် တယောက်မျှ မရှိပါ။ ကျနော်တို့ အမှန်တရား ပေါ်မှာဘဲ ရပ်တည်ကြရမည်” ဖြစ်သည်။ ကိုယ်စားလှယ် များက အစည်းအဝေးကို ပြီးသည့် အထိ ဆက်လက်ဆွေးနွေးရန်နှင့် ပြန်လည် ညီညွတ်ရေး အတွက် ကြိုးပမ်းကြရန် ဆွေးနွေးခဲ့ ကြသည်။ နောက်ဆုံး ဟန်တာနှင့် သွားရောက် တွေ့ဆုံ ဆွေးနွေးရန် ထိုနေ့ အစည်းအဝေးကို အများသဘောတူ ယာယီ ရွှေ့ဆိုင်း လိုက်သည်။

အစည်းအဝေးကို ရက်ရွှေ့ဆိုင်းလိုက်ပြီးနောက် ရွေးချယ်ထားသော ခေါင်းဆောင် များက ဟန်တာတို့အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးရန် သွားကြရာ၊ ဟန်တာတို့ အဖွဲ့သည် တည်းခို သောနေရာတွင် မရှိတော့ပေ။ ကွန်ဂရက်မှ ထွက်သွားပြီး နောက် “ပနာအီပယ်ခို” သို့ ပြောင်းရွှေ့သွားကြောင်း သိရသည်။

ကိုယ်စားလှယ်များ ကိုယ့်နေရာကိုယ် အသီးသီး ပြန်ကြသောအခါ အချက် ပြဆက် သွယ်ရေး တာဝန်ရှိသူများက ဟန်တာတို့ အဖွဲ့သည် ကြေးနန်း ဆက်သွယ်ရေးတွင် အသုံးပြု သည့် ဓါတ်ခဲ အားလုံးကို ယူဆောင်သွားကြကြောင်း သတင်းပို့ လာသည်။ ထိုသို့ ယူဆောင် သွားခြင်းမှာ ပါတီ ခေါင်းဆောင်များက အောက်ခြေ အဖွဲ့အစည်းများသို့ ဆက်သွယ်ခြင်း မ ပြုနိုင်ရန် ဖြစ်သည်။ ထို လုပ်ရပ်ကို ရိုးသားသော လုပ်ရပ်မဟုတ်ဟု ခေါင်းဆောင်များက ယူဆကြသည်။ ညနေပိုင်း အချိန်သို့ရောက်သောအခါ ဗိုလ်ကြီး ဘရှိုင်းက၊ ကဆော၀ါး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကွန်ဂရက်စခန်းတွင် နေထိုင်ကြသော ကိုယ်စားလှယ်အားလုံး စခန်းအပြင်သို့ မထွက်ကြရန်၊ စခန်းတွင်းခ်ဳသာ ငြိမ်သက်စွာ နေထိုင်ကြရန် အမိန့်ထုတ် လိုက်သည်။ ကြေးနန်းဖမ်းသူများကလည်း ဟန်တာက တပ်မဟာ(၅)နှင့် တပ်မဟာ(၃) တို့သို့ ကြေးနန်းပို့ပြီး၊ တပ်မဟာနှစ်ခုမှ တပ်ရင်း တရင်းစီသည် ကွန်ဂရက်အစည်းအဝေး ပြုလုပ်သည့်နေရာသို့ အမြန် လာရောက်ရန် ညွှန်ကြားချက် ပေးပို့လိုက်လေသည်။ အစည်းအဝေး ဆုံးဖြတ်ချက် ရှိသည့်အတိုင်း၊ နောက်တနေ့ အစည်းအဝေးကို ဆက်လက် ပြုလုပ်ပြီး ထိုနေ့မှာပင် အစည်းအဝေးကို ရပ်ဆိုင်းလိုက်သည်။ တချိန်တည်းတွင် ညီညွတ်ရေးအတွက် ဟန်တာတို့ အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရန် ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ရွေးချယ်ပြီး စေလွှတ်လိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၈၈။ ကဆော၀ါးကွန်ဂရက်သို့ တက်ရောက်ခဲ့ကြသူများ

P.H.Q. - Political Head Quarters

၁။ မန်းဘဇန်

၂။ ဗိုလ်မောင်မောင် ၆။ မန်းလားဖန်း

၃။ ဗိုလ်သန်းအောင် ၇။ ဗိုလ်မီးသ

၄။ ဗိုလ်မျိုးသွေး ၈။ မန်းဖလားစေး

၅။ ဗိုလ်မှူးဘော်လ်ဒွင် (ဘော်ဒွင်) ၉။ ဗိုလ်မှူးစံလင်း

၁၈၉။ S.H.Q. - Supreme Head Quarters

၁။ ဟန်တာသာမွေး ၈။ တာနဲမူး

၂။ မန်းသိန်း ၉။ လောရေဖိုးကီး

၃။ ပဒိုဝေသော ၁၀။ ပဒိုထီးမူး

၄။ ပဒိုဝီရီကျော် ၁၁။ ဦးသာဒင်ကြီး

၅။ ပဒိုဖိုးညော ၁၂။ စကောလယ်တော

၆။ စောဘထွန်း ၁၃။ ဗိုလ်ချုပ်အုန်းဖေ

၇။ စူမော်လီး ၁၄။ ပဒိုအုန်းဖေညွန့်

G.H.Q. - General Head Quarters

၁။ ဗိုလ်ချုပ်ကော်ထူး ၃။ ဗိုလ်ကြီးမြစိန် (လေ့လာ)

၂။ ဗိုလ်ကျင်ဖေ ၄။ စောသိန်းလွင် (လေ့လာ)

၁၉၀။ မြစ်ဝကျွန်းပေါ်တိုင်း ကိုယ်စားလှယ်။

၁။ ဗိုလ်ထွန်းအေး ၄။ မန်းဘစော

၂။ ဗိုလ်သောင်းရွှေ ၅။ ဗိုလ်တွတ်ကယ်

၃။ ဗိုလ်ချုပ်မြမောင် ၆။ မန်းကျော်လွင် (အမှတ်၃ ခရိုင်ဥက္ကဋ္ဌ)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးရိုးမတိုင်း ကိုယ်စားလှယ်။

၁။ ဗိုလ်တာအယ်

၂။ ဗိုလ်အေးဟန် ၅။ ဗိုလ်မူးစောလှမောင်

၃။ ဗိုလ်ထိုကြည် ၆။ ဗိုလ်သာမောင်

၄။ ဗိုလ်ညောင်ရေ ၇။ ဗိုလ်ပီတာ (မေဂျာမောင်လေး၏ သားမက်)

အမှတ်(၃) ခရိုင်။

၁။ ပဒိုထွန်းဖေ ၄။ ပဒိုလိလေး (ဗိုလ်ကြားမောင်၏ သား)

၂။ ပဒိုဂေဒွဲ ၅။ ဘောယူဖေါ 'BM'

၃။ ကဆယ်ဒို (တပ်ရင်းမှူး) ၆။ ပဒိုလောပါ (ဘဏ္ဍာရေးမှူး)၊

တပ်မဟာ(၂)။

၁။ တာမလာဘော

၂။ ဗိုလ်မှူးဘောနေ ၄။ ဆရာဘဟူး

၃။ စောသန်း ၅။ ပဒိုဖိုးစိန်

အမှတ်(၆) ခရိုင်။

၁။ ပဒိုကျော်ဒင်

၂။ ဖူးတောနော့

၃။ ဗိုလ်ရွှေဆိုင်း

အမှတ် (၇) ခရိုင်။ (အယ်မိုးပီနှင့် တပ်မဟာ-၇)

၁။ ပဒိုစောသိန်းဖြူ၊

၂။ ပဒိုဘသင်၊

၃။ ပဒိုသာပြည့်၊

တပ်မဟာ (၅)၊ သထုံ/အမှတ်(၁)ခရိုင်။

၁။ ပဒိုအားတုတ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အရှေ့တိုင်း စစ်ဌာနချုပ်။

၁။ ဗိုလ်မှူးကြီးစောလှထူး။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၁။ ဟန်တာနှင့်အတူ ခွဲထွက်သွားသော K.R.C. ခေါင်းဆောင်များ။

၁။ ဟန်တာသာမွေး ၆။ စောဘထွန်း

၂။ မန်းသိန်း ၇။ ပဒိုထီးမူး

၃။ ပဒိုဝေသော ၈။ စူမော်လွီ

၄။ ပဒိုဝီရီကျော် ၉။ လောရေဖိုးကီး

၅။ ပဒိုဖိုးညော ၁၀။ တာနဲမူး။

အမှတ်(၅) တပ်မဟာ

၁။ ဗိုလ်လင်းထင်

၂။ ဒုဗိုလ်ဝင်း။

အမှတ်(၃) တပ်မဟာ

၁။ ဗိုလ်ထရူးမင်း။

ဗိုလ်လင်းထင်၏ တပ်ခွဲမှူးများ

၁။ ဗိုလ်ဆလံ

၂။ ဖါးလူကျော်

၃။ ဗိုလ်နီ

၄။ ဗိုလ်ရှားမင်း

၅။ ဗိုလ်ထွန်းကြိုင်

ညောင်လေးပင်ခရိုင် တပ်မဟာ(၃)က မည်သူ့ဘက်ပါမည်ကို ဆုံးဖြတ်နိုင်ရန် ဗိုလ်သန်းအောင်မှ ဦးစီးပြီး အစည်းအဝေးခေါ်ရာ ဟန်တာမှလွဲ၍ ကျန်ခေါင်း ဆောင် အားလုံး တက်ရောက်သည်။ ဗိုလ်သန်းအောင်က ပါတီလမ်းစဉ်ကို ရှင်းပြရာ ညောင်လေးပင် ခရိုင်နှင့် တပ်မဟာ(၃) အားလုံးလိုလိုက ပါတီနောက်လိုက်ရန် ကတိ ပေးလေသည်။ ဖာပွန်ခရိုင်တွင်လည်း ဗိုလ်မြကပါ လာရောက်၍ ဦးဆောင်မှုပေးခဲ့သဖြင့် ခရိုင်နှင့်တပ်များမှာ ပါတီ၏ ဦးဆောင်မှုအောက်တွင် နေရန် သဘောတူ ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၂။ ၁၉၆၃ - ကဆောဝါးညီလာခံတွင် S.H.Q. ကိုယ်စားလှယ်များက အစည်းအဝေးမှ ထွက်ခွာလာပြီးနောက် ပါတီကိုယ်စားလှယ်များက ညီညွတ်ရေး ပြန်လည်ရယူနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြလေသည်။ ညီညွတ်ရေးအတွက် ဟန်တာ နှင့် (၆) ကြိမ်တိတိ သွားရောက် ဆွေးနွေးခဲ့ကြသည်။ ဟန်တာက ယခုလို ဖြစ်ရသည်မှာ မိမိကြောင့်ဖြစ်သည်ဟု ပြောဆိုပြီး တော်လှန်ရေးကို ဆက်မလုပ်တော့ဘဲ တောင်ယာ ခုတ်စား တော့မည်ဟု ပြောဆိုလေသည်။ ပါတီခေါင်းဆောင်များက တော်လှန်ရေး အောင်ပွဲခံသည်အထိ ဆက်လက်လုပ်ဆောင်သွားရန် တိုက်တွန်းကြလေသည်။

ညီညွတ်ရေးအတွက် ပါတီမှ ဆွေးနွေးရာ ညီညွတ်ရေးရရှိရန် နီးစပ်လာသည့် အခါတိုင်း၊ “ဝေသော၊ ထရူးမင်းနှင့် ခွန်ဘဆွေတို့က သူ့အား ပြတ်ပြတ် သားသားလုပ်ရန်၊ ၎င်းတို့ကလည်း သူ့အား အပြည့်အဝ ထောက်ခံမည်ဖြစ်ကြောင်း” မပြတ်မသား လုပ်ပါက၊ “ကျနော်တို့လည်း အခက်ကြုံမယ်၊ ခင်ဗျားလည်း အခက်ကြုံရမှာ ဖြစ်တယ်” စသည်ဖြင့် သူ့ကို ဆွဲဆောင်ကြလေသည်။

(၅)ကြိမ်မြောက် ဆွေးနွေးပွဲတွင် ဟန်တာနှင့် သဘောတူညီချက်တခု ရခဲ့ ကြသည်။ ထို သဘောတူညီချက်မှာ နောက်တကြိမ်ဆွေးနွေးပွဲကို နောင်ရိုးထာတွင် ပြုလုပ်မည်ဖြစ်ပြီး၊ ဆွေးနွေးပွဲတွင် နှစ်ဘက် ခေါင်းဆောင်များက အိပ်ရာလိပ်များပါ ယူဆောင် လာကြပြီး အတူ အိပ်၊ အတူစားကာ ဆွေးနွေးကြရန် သဘောတူခဲ့ကြ ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို အားလုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ သို့သော် မိုးချုပ်ချိန်တွင် ဟန်တာက ပါတီထံသို့ စာတစောင် ပေးပို့လိုက်သည်။ ထိုစာနှင့်အတူ ညောင်လေးပင်ခရိုင်၊ ဖာပွန်နှင့် သထုံခရိုင်မှ ကွန်ဂရက် ကိုယ်စားလှယ်များ ထံမှ စာလည်း ပါလာလေသည်။ စာပါအချက်မှာ ကေအဲန်ယူ ပါတီအား အရှေ့တိုင်းမှ ထွက်သွားရန်ဖြစ်လေသည်။ ပါတီခေါင်းဆောင်များက ဆက်လက်ပြီး ပြန်စာကို ရေးသား ပေးပို့ခဲ့သေးသည်။ သို့ရာတွင်ပြန်စာမရ တော့ပေ။

၁၉၃။ ၁၉၆၃ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင် ဗိုလ်နေဝင်း၏ ပြည်တွင်းစစ် ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးအဖွဲ့အစည်းများအား ဖိတ်ခေါ်ပြီး ဆွေးနွေးရန် ကြေညာခဲ့သည်။ ကေအဲန်ယူပါတီခေါင်းဆောင်များက ပြည်တွင်းငြိမ်း ချမ်းရေး ဆွေးနွေးပွဲကို အတူတကွ သွားရောက်တွေ့ဆုံရန် ဟန်တာကို ကမ်းလှမ်းခဲ့ လေသည်။ ဟန်တာကလည်း လက်ခံသဖြင့် နော်ရိုးထာတွင် တွေ့ဆုံဆွေးနွေးကြ လေသည်။ ဟန်တာနှင့် ဆွေးနွေးပွဲတွင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပါတီခေါင်းဆောင်များက ဗိုလ်နေဝင်း၏ ဖိတ်ခေါ်ချက်ကို မိမိတို့ အဖွဲ့အတွင်း ကွဲပြားမှုများရှိနေသော်လည်း တဖွဲ့တည်း သွားရောက် တွေ့ဆုံ သင့်ကြောင်း တင်ပြရာ ဟန်တာက လုံးဝ လက်မခံခဲ့ပေ။

သူက ဗမာကိုတိုက်မည် ဗမာမျက်နှာမကြည့်ချင်ပါ။ ခင်ဗျားတို့က ဗမာ ယောက်ဖများ ဖြစ်သည်၊ ခင်ဗျားတို့ သွားလိုလျှင် ကိုယ့်ဖာသာ သွားကြပါဟု ပါတီ ခေါင်းဆောင်များအား ပြောလေသည်။ ဆက်လက်ပြီး သူက "ခင်ဗျားတို့သွားရင် ဘာ သွား တောင်းမလဲ၊"´ ပါတီ ခေါင်းဆောင်များက ကရင်ပြည်ကိစ္စ၊ လက်နက်ကိုင် အဖွဲ့အစည်း ကိစ္စ၊ ဒီမိုကရေစီရေးနှင့် ပြည်ထောင်စုသစ် ဖွဲ့စည်းရေး ကိစ္စများကို တောင်းဆို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောဆိုလေသည်။

ဟန်တာသာမွေးက "သွားတောင်းပါ၊ ခင်ဗျားတို့ပြောသည့်အတိုင်း တောင်းမရဘဲ၊ ရန်သူနှင့် ငြိမ်းချမ်းရေးယူခဲ့ရင်၊ ခင်ဗျားတို့ကို ကျုပ်တိုက်ရမှာဘဲ" ဟု ပြောလေသည်။ ပါတီ ခေါင်းဆောင်များက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အလုပ်လုပ် သွားရန် စီစဉ် သော်လည်း ဟန်တာက လက်မခံခဲ့ပေ။

ညနေပိုင်းအချိန်ရောက်သောအခါ မက္ကစီဖိုးသိန်းသည် ဟန်တာသာမွေး ထံသို့ ပစ္စည်း အချို့နှင့် ရောက်လာသည်။ ဟန်တာတို့အဖွဲ့နှင့် တညလုံးနီးပါး ဆွေးနွေးပွဲ ထိုင်ကြသည်။ အမှန်စင်စစ် ဗိုလ်နေဝင်းက မက္ကစီဖိုးသိန်းအား ဟန်တာထံ စေလွှတ် လိုက်ကြောင်း သိရလေသည်။ နောက်တနေ့တွင် ဟန်တာက ပါတီခေါင်း ဆောင်များအား ဖိတ်ကြားပြီး ယခုလို ပြောလေသည်။

"မနေ့က ခင်ဗျားတို့ကို ကိုယ့်ဖာသာကိုယ် သွားဟု ပြောခြင်းသည် ခင်ဗျား တို့ကို စမ်းသပ်သည်သာဖြစ်ကြောင်း၊ ခင်ဗျားတို့ တဖွဲ့တည်းစေလွှတ်၍ မဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားလေသည်။ ဤသို့ဖြင့် ပါတီ၏ ကြိုးပမ်းမှု မအောင် မြင်ဘဲ၊ နှစ်ဖွဲ့ခွဲပြီး သွားရောက် တွေ့ဆုံခဲ့ရခြင်း ဖြစ်ပေသည်။

၁၉၄ ။ ဟန်တာနှင့် K.R.C. ဆွေးနွေးပွဲ

၁၉၆၃ ဟန်တာသည် ရန်သူနှင့် ဆွေးနွေးရန် ကျောက်ကြီးမြို့သို့ ဆင်းသွားရာ သူ့ကို အခန်းအနားဖြင့် ကြိုဆိုခဲ့ပြီး သူ့ကို ဗိုလ်နေဝင်းက ညီညွတ်ရေး ဖခင်ကြီးဟုလည်း ခေါ်ဆိုခဲ့

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လေသည်။ ဗိုလ်နေဝင်းကို ဟန်တာက “ဘားစည်´ တလုံး လက်ဆောင်ပေး လေသည်။” ရန်ကုန်သို့ ရောက်သောအခါ “ဟန်တာက ညီညွတ်ရေးအတွက် သူလာခြင်း ဖြစ်ကြောင်း” ပြောဆိုလေသည်။ ဟန်တာနှင့် နေဝင်း ဆွေးနွေးရာတွင် (၃)လခန့် ကြာပြီး နောက်၊ ၁၉၆၄ ခုနှစ်၊ မေလတွင် ဗိုလ်နေဝင်း နှင့် ပူးပေါင်းရေးအတွက် ဟန်တာ လက်မှတ်ရေး ထိုးလိုက်သည်။

ဟန်တာနောက်သို့ ပါသွားသူများသည် တပ်မဟာ (၅)နှင့် တပ်မဟာ (၃) တပ်ဖွဲ့ ဝင်အနည်းစုသာ ဖြစ်လေသည်။ ဟန်တာနှင့် ဗိုလ်နေဝင်းတို့ စကားပြောနေစဉ် ဗိုလ်နေဝင်း၏ တပ်ဗိုလ်တဦးမှ ရွှေကျင်မြို့နယ်အတွင်း လူပ်ရှားနေကြသည့် လက်နက်ကိုင် အဖွဲ့များနှင့် ပတ်သက်၍ မေးမြန်းရာ၊ သူ၏လူများမဟုတ်ကြောင်း၊ ပါတီ၏ လူများသာ ဖြစ်ကြောင်း ပြောလေသည်။ ပါတီလူများဆိုလျှင် တိုက်ခိုက် ချေမှုန်းသွားရမည် ဖြစ်ကြောင်းကို ဗမာစစ်ဗိုလ်က ပြောရာ ဟန်တာက လက်ခံလေသည်။

ထိုအခါ ရန်သူစစ်ဗိုလ်က ဤကဲ့သို့ဆိုလျှင် ခင်ဗျားတို့ တပ်နှင့် ကျနော်တို့ တပ်ဖွဲ့များ လက်တွဲပြီး တိုက်ခိုက်သွားရန်၊ သီးခြား အစည်းအဝေးတရပ် ခေါ်ယူကာ စီစဉ်ကြလေသည်။ နောက်ပိုင်းတွင် ဟန်တာသာမွေးနောက်သို့ ပါသွားသော ဗိုလ် လင်းထင်၊ ထရူးမင်းတပ်များနှင့် ဗိုလ်နေဝင်း စစ်တပ်တို့ ပူးတွဲပြီး၊ ပါတီဗဟို စခန်းကို ဝင်ရောက်တိုက်ခိုက်ရာ “ခေးပူးရှိ ပါတီစခန်းမှ တပ်မှူး တပ်သား စုစုပေါင်း (၁၃)ယောက် ကျဆုံးခဲ့ရ” လေသည်။ မန်းဘဇန်၊ ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်ကျင်ဖေ တို့ ခေါင်းဆောင်သည့် တပ်ဖွဲ့များမှ ဝိုင်းဝန်း ပိတ်ဆို့ပစ်ခတ်သော်လည်း အားလုံး လွတ်မြောက်သွားခဲ့သည်။

ထိုအဖွဲ့သည် ဆရာအုန်းဖေညွန့်နှင့် သူ၏ သမီးကို ဖမ်းဆီးခဲ့ပြီး ဆရာ အုန်းဖေညွန့်ကို ကြိုးတုပ်ကာ နည်းမျိုးစုံ ညှဉ်းပမ်း နှိပ်စက်ခဲ့သည်။ တနေ့လုံး နေလှန်းပြီး ညဘက်တွင် အဝတ်အစားများချွတ်ကာ ကိုယ်တုံးလုံးဖြင့် အအေးဒဏ်ကို ပေးလေသည်။ နောက်ပိုင်းတွင် ရက်စက်စွာ သတ်ဖြတ် လိုက်သည်။

၁၉၅၂ ခု၊ မေလ။ “ကဆောဝါး ကွန်ဂရက်” အစည်းအဝေးမှ ဟန်တာနှင့် အဖွဲ့ ဝင်များ ခွဲထွက်သွားသောအခါ ကျန်ခဲ့သော တရားဝင် ကိုယ်စားလှယ် (၄၀) ဦးတို့မှ အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပပြီး၊ ခေါင်းဆောင်သစ်များကို အောက်ပါ အတိုင်း ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင်တော်လှန်ရေး ခေါင်းဆောင်မှုအတွက် ကေအဲန်ယူပါတီ၏ ဦးဆောင်မှုကို ဆက်လက် ထားရှိပြီး အောက်ပါ ဗဟိုကော်မတီများကို ရွေးချယ် တင်မြှောက်ကြ သည်။

ဥက္ကဋ္ဌ မန်းဘဇန် နိုင်ငံရေးဦးဆောင်အဖွဲ့

ဒု ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး နိုင်ငံရေးဦးဆောင်အဖွဲ့

အတွင်းရေးမှူး စကောလယ်တော နိုင်ငံရေးဦးဆောင်အဖွဲ့

တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျင်ဖေ နိုင်ငံရေးဦးဆောင်အဖွဲ့

မြစ်ဝကျွန်းပေါ်တိုင်း ဗိုလ်ချုပ်မြမောင် နိုင်ငံရေးဦးဆောင်အဖွဲ့

ဗိုလ်မောင်မောင် ဗိုလ်သန်းအောင် ဗိုလ်မှူးဘော်လ်ဒွင်

ဗိုလ်မှူးစံလင်း မန်းလားဖန်း ဗိုလ်မီးသ

ဗိုလ်အေးဟန် ဖူးတာအယ် ဗိုလ်ကြည်လင်း

ဗိုလ်ထိုကြည် မန်းကျော်လွင် ပဒိုအားတုတ်

ပဒိုကျော်ဒင် ပဒိုထွန်းဖေ ဗိုလ်တာမလာဘော

ပဒိုဘသင် စောအုန်းဖေညွန့် မန်းသောင်းရွှေ

ဖူးလောကွား (ဝရဇိန်) စောမျိုးသွေး ဗိုလ်မှူးချုပ်ကျော်သောင်း

ဗိုလ်မှူးချုပ်မြရင် ဦးစိုးအောင် တို့ဖြစ်သည်။

၁၉၆။ ၁၉၆၃ အုပ်ချုပ်ရေးအတွက် K.R.C. ကို ဆက်လက်ထားမည် ဖြစ်ပြီး၊ အောက်ပါ ခေါင်းဆောင်များကို ရွေးကောက်တင်မြှောက်သည်။

ဥက္ကဋ္ဌ မန်းဘဇန်၊

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်ထူး၊

အတွင်းရေးမှူးချုပ် စကောလယ်တော နှင့်

အမှုဆောင် (၃)ဦးတို့ကို ရွေးချယ်ကြသည်။

၁၉၇။ ၁၉၆၃ အရှေ့တိုင်းခေါင်းဆောင်များအတွက် အရှေ့တိုင်း ခရိုင်ခေါင်းဆောင် များသည် ယခင်အတိုင်း ဗဟိုခေါင်းဆောင်များက အရှေ့တိုင်း တော်လှန်ရေး လုပ်ငန်း များ ကို ကိုင်တွယ်တာဝန်ယူသွားရန် တောင်းဆိုသည်။ သို့သော် တပ်မဟာ ခေါင်းဆောင် အချို့က အရှေ့တိုင်း ခေါင်းဆောင်များကို သီးခြား ရွေးကောက်တင် မြှောက်သင့်ကြောင်း တင်ပြ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပြောဆို ဆွေးနွေးလာသဖြင့် အောက်ပါ ခေါင်းဆောင် အဖွဲ့ကို ရွေးကောက်တင် မြှောက်ခဲ့ကြသည်။

တိုင်းဥက္ကဋ္ဌ စကောလယ်တော၊
တိုင်းဦးစီးမှူး ဗိုလ်ချုပ်မြ၊
အတွင်းရေးမှူး ဆရာအုန်းဖေညွန့်၊
တွဲဘက်အတွင်းရေးမှူး ပဒိုဘသင်စိန် နှင့်
အဖွဲ့ဝင် (၃)ဦးတို့ကို ရွေးချယ် တင်မြှောက်ကြသည်။

ရွေးကောက်တင်မြှောက်ပွဲသည် ဧပြီလတွင် ပြီးစီးသွားသဖြင့် ခေါင်းဆောင်များ၏ ရှေ့ဆောင်ရမည့်နယ်မြေများကို ပိုင်းခြား သတ်မှတ်ကြလေသည်။ လုပ်ငန်း အစီအစဉ် ပြီးဆုံးပြီးရက်များ မကြာမီပါပင် ရန်သူက ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေး ရန် ဖိတ်ခေါ်လေသည်။

၁၉၈။ တိုင်းနှင့် တပ်မဟာများ ပြန်လည်ဖွဲ့စည်းခြင်း။

၁၉၆၃ ကဆော၀ါးနောက်ပိုင်း။

(၁) အရှေ့တိုင်း ဥက္ကဋ္ဌ (၁) အရှေ့တိုင်း ဥက္ကဋ္ဌ
(နောက်ပိုင်းဗိုလ်မောင်မောင်)၊
တပ်မဟာမှူး (သို့) စစ်ဦးစီးချုပ် ဗိုလ်ချုပ်မြ
အတွင်းရေးမှူး အုန်းဖေညွန့်

(၂) မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင်
တပ်မဟာမှူး (သို့)စစ်ဦးစီးချုပ် ဦးစိုးအောင်
အတွင်းရေးမှူး၊ နိုင်ငံရေးမှူး ဗိုလ်မှူးချုပ်ကျော်သောင်း

(၃) ပဲခူးတိုင်း ဥက္ကဋ္ဌ ဗိုလ်အေးဟန်
တပ်မဟာမှူး (သို့) စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်လောကွား
အတွင်းရေးမှူး ဗိုလ်ကြည်လင်း

(၄) ဗဟို စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်ထူး (ယခင် ဗိုလ်ချုပ်အုန်းဖေ)

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒု ဗဟိုစစ်ဦးစီးချုပ် ဗိုလ်မှူးကြီးဖူးတာအယ်

(ယခင် ဗိုလ်ချုပ်ကော်ထူး)

အတွင်းရေးမှူး ဗိုလ်မှူးချုပ် မောင်မောင်

စစ်ဦးစီးရုံး ရုံးထိုင်မှူး ဗိုလ်မှူးလှထွန်း (ယခင် ဗိုလ်ကြီးမြစိန်)

ထောက်လှမ်းရေးမှူး ဗိုလ်မှူးကြီးဝမ်စိန် (တာမလာဘော)

၁၉၉။ (၂-က) ၁၉၆၇ ခုနှစ်၊ ဗိုလ်ချုပ်မြမောင်သည် မြစ်ဝကျွန်းပေါ်တိုင်းမှ ပဲခူးရိုးမတိုင်း ရှိ ဗဟိုဌာနချုပ်သို့ ထွက်သွားသောကြောင့် မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ မရှိတော့ သဖြင့် ဗိုလ်ချုပ်မြရင်မှ ဆက်လက် တာဝန်ယူခဲ့ပြီး အောက်ပါအတိုင်း ပြန်လည် ဖွဲ့စည်းခဲ့သည်။

မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင်၊

မြစ်ဝကျွန်းပေါ်တိုင်း အတွင်းရေးမှူး ဦးစိုးအောင်၊

မြစ်ဝကျွန်းပေါ်တိုင်း စစ်ဦးစီးချုပ် ဗိုလ်ထွန်းအေး၊

မြစ်ဝကျွန်းပေါ်တိုင်း နိုင်ငံရေးမှူး ဗိုလ်မှူးချုပ်ကျော်သောင်း။

၂၀၀။ ဗိုလ်နေဝင်း၏ ပြည်တွင်းငြိမ်းချမ်းရေး ကမ်းလှမ်းချက်အပေါ် ကေအဲန်ယူပါတီ ၏ အမြင်။

(၁) နေဝင်း၏ ဖိတ်ကြားချက်ကို လက်ခံသင့်သည်။

(၂) ဤကဲ့သို့ သွားရောက်တွေ့ဆုံခြင်းသည် အခွင့်အရေးတောင်းဆိုသည့် ဆွေးနွေးပွဲ မဟုတ်ဘဲ၊ စားပွဲဝိုင်းတိုက်ပွဲ ဆင်နွှဲသည့် ဆွေးနွေးပွဲဖြစ်သည်။

(၃) ဆွေးနွေးပွဲ ပိုမိုလေးနက်စေရန်အတွက် ကေအဲန်ယူပါတီသည် တဖွဲ့တည်း သွား ရောက် တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ အခြားသော တော်လှန်သည့် လူမျိုးစု အဖွဲ့ အစည်းများနှင့် အတူတကွ သွားရောက်ဆွေးနွေးမည်။ အထူးသဖြင့် ကရင်နီ၊ မွန် အဖွဲ့ အစည်းတို့နှင့် ပူးပေါင်းကာ (၃) ပါတီအဖြစ် သွားရောက်မည်ဖြစ်သည်။

၂၀၁။ ဗိုလ်နေဝင်းနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်စဉ်။

၁။ ပထမဦးဆုံး ပဏာမ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။ ပဏာမ ကိုယ်စားလှယ် ဖွဲ့ဝင်များမှာ၊

၁။ ဗိုလ်ကျင်ဖေ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ဗိုလ်ထွန်းအေး

၃။ မန်းလုန်းဖောင်(မန်းဘစော)

၄။ စောမျိုးသွေး။

ပဏာမကိုယ်စားလှယ် စေလွှတ်ခြင်းနှင့် ဆောင်ရွက်ခြင်းကို ကရင်နီ၊ မွန် အဖွဲ့ တို့က သဘောတူလက်ခံကြသည်။ ဗိုလ်ကျင်ဖေ ဦးဆောင်သောအဖွဲ့၏ ပဏာမ ကိုယ်စား လှယ် အဖွဲ့ကို ဗိုလ်နေဝင်း၏ စစ်အစိုးရက လှိုက်လဲစွာ ကြိုဆိုခဲ့ ကြသည်။ ၎င်းတို့ တင်ပြသော အချက်များကို ကိုယ်စားလှယ် အစစ်အမှန်များ ရောက်လာပါက ၎င်းတို့နှင့် ဆွေးနွေးမည်ဟု လည်း ပြောဆိုလေသည်။ ဤပဏာမ ကိုယ်စားလှယ်အဖွဲ့သည် ပြည်တွင်း သတင်းစာ ဆရာ များအပြင် ငြိမ်းချမ်းရေး ဖခင်ကြီးဟု မြန်မာတို့ အသိအမှတ်ပြုထားသော သခင်ကိုယ်တော် မှိုင်းနှင့်လည်း တွေ့ဆုံ မေးမြန်းခွင့် ရရှိလေသည်။

၂။ ဤပဏာမ ကိုယ်စားလှယ်အဖွဲ့ ပြန်ရောက်သောအခါ ကိုယ်စားလှယ် အစစ် အမှန် အဖွဲ့မှ စစ်အစိုးရနှင့် သွားရောက်တွေ့ဆုံသင့်ကြောင်း တင်ပြလေသည်။ ထိုတင်ပြချက် အပေါ် (၃)ပါတီမှ ခေါင်းဆောင်များက ၎င်းတို့၏ ကိုယ်စားလှယ် အသီးသီးကို အောက်ပါ အတိုင်း ရွေးချယ်ခဲ့ကြသည်။

(က) ကေအဲန်ယူပါတီမှ	(ခ) ကရင်နီပါတီမှ	(ဂ) မွန်ပြည်သစ်ပါတီမှ
၁။ မန်းဘဇန်	၁။ ဗိုလ်မောရယ်	၁။ နိုင်ရွှေကျင်
၂။ စကာလယ်တော	၂။ ဗိုလ်စံလင်း	၂။ နိုင်ထင်
၃။ ဗိုလ်ကျင်ဖေ		၃။ နိုင်တက်ထွန်း
၄။ ဗိုလ်သန်းအောင်		တို့ ဖြစ်သည်။

ဤ (၃)ပါတီကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မန်းဘဇန်နှင့် အတွင်းရေးမှူးအဖြစ် စကောလယ်တော တို့ကို ရွေးချယ်ခဲ့လေသည်။

ဤ (၃)ပါတီ ကိုယ်စားလှယ်အဖွဲ့သည် ၂၈/၉/၆၃ ရက်နေ့တွင် “စောသေးဒဲ” မှ စတင် ထွက် ခွာခဲ့ရာ ရန်ကုန်သို့ ၃၀/၉/၆၃ ရက်နေ့တွင် ရောက်ရှိ ခဲ့သည်။ စစ်အစိုးရက ၎င်းတို့အား ကြိုဆိုသည့် အခန်းအနားကို “ဘောဂလီ”နှင့် “တောင်ငူ”မြို့တို့တွင် စီစဉ် ကျင်းပသည်။ တောင်ငူ၌ ပြုလုပ်သည့် ကြိုဆိုပွဲသည် အလွန်ကြီးကျယ်ခမ်းနားလှသည်။ စစ်တပ်မှ စစ်ဗိုလ်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

များ၊ အစိုးရအရာရှိများ၊ ပြည်သူလူထုနှင့် ကျောင်းသား လူငယ်ပေါင်း နှစ်ထောင်ကျော်တို့က (၃)ပါတီ ကိုယ်စားလှယ်များအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြ သည်။ ရန်ကုန်သို့ ရောက်ပြီး (၃)ပါတီကိုယ်စားလှယ်အဖွဲ့နှင့် စစ်အစိုးရတို့သည်၊ ၂/၁၀/၆၃ ရက်နေ့တွင် စတင် ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ ဗိုလ်နေဝင်း ကိုယ်တိုင် တက်ရောက်ခဲ့ သည်။ ကျန် အရာရှိများမှာ

၁။ စောမြင့်
၂။ ကျော်စိုး ၄။ သောင်းဒန်
၃။ လှဟန် ၅။ ချစ်ခင် တို့ဖြစ်ကြသည်။

(၃) ပါတီ ကိုယ်စားလှယ်အဖွဲ့သည် ဗကပ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မဒညတ အဖွဲ့ (တပ်ပေါင်းစု) အနေဖြင့် တွေ့ဆုံရန်ကို သဘောတူကြသည်။ ရှေးဦးစွာ အပစ်အခတ် ရပ်စဲရေးကိစ္စကို အရင်ဆွေးနွေးကြရန် ချမှတ်ထားသည်။ ဗိုလ်နေဝင်း အစိုးရနှင့်တွေ့ဆုံမည့် မဒညတ ကိုယ်စားလှယ်အဖွဲ့မှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) ဗကပ အဖွဲ့မှ
၁။ ရဲဘော်ဌေး ၄။ ဗိုလ်ပု
၂။ သခင်တင်ထွန်း ၅။ ဗိုလ်မန်းသက်
၃။ ဗိုလ်စိုးမောင် ၆။ ရဲဘော်အောင်ကြီး

(၂) ချင်းအဖွဲ့မှ
၁။ ဆလိုင်းစံအောင် ၂။ ဆလိုင်းသာထူး

(၃) ကေအဲန်ယူပါတီမှ
၁။ မန်းဘဇန် ၂။ စကောလယ်တော
၃။ ဗိုလ်ကျင်ဖေ ၄။ ဗိုလ်သန်းအောင်

(၄) ကရင်နီအဖွဲ့မှ
၁။ စောမောရယ် ၂။ ဗိုလ်စံလင်း

(၅) မွန်ပြည်သစ်ပါတီမှ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ နိုင်ရွှေကျင်　　၂။ နိုင်ထင်　　၃။ နိုင်တက်ထွန်း တို့ ဖြစ်သည်။

၂၀၂။ ဗိုလ်နေဝင်း စစ်အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့မှာ လှဟန်၊ ကျော်စိုး၊ သောင်းဒန် တို့ ဖြစ်ကြသည်။ မဒညတ အဖွဲ့၏ ပြောရေး ဆိုရေး ဆိုခွင့်ရှိသူအဖြစ် ဥက္ကဋ္ဌ မန်းဘဇန်နှင့် အတွင်းရေးမှူး သခင်တင်ထွန်းတို့အား ရွေးချယ်လိုက်ကြသည်။

က။　မဒညတ ကိုယ်စားလှယ်တို့သည် ယခုကဲ့သို့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးစဉ် အပစ်အခတ်ရပ်စဲရန် တင်ပြလေသည်။ ဤအပစ်အခတ် ရပ်စဲရေးသည် တတိုင်းပြည်လုံး အတိုင်းအတာ ဖြစ်ရမည်။ သို့ရာတွင် ဗိုလ်နေဝင်း အစိုးရက ထို အချက်ကို လက်မခံခဲ့ပေ။ ၎င်းတို့က ဆွေးနွေးသူများနှင့်သာ အပစ်အခတ် ရပ်ဆိုင်း မည်ဖြစ်ပြီး အခြားသော အဖွဲ့များနှင့် ပတ်သက်၍ တာဝန်မယူနိုင်ကြောင်း ပြောဆိုလေသည်။ စစ် အစိုးရသည် အခြားသော တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံ ရမည်ဖြစ်သဖြင့်၊ မဒညတ ကိုယ်စားလှယ်များနှင့် ကြုံကြား ကြုံကြားသာ တွေ့ဆုံ ခဲ့လေသည်။

ခ။　ပါတီကိုယ်စားလှယ်များ ရန်ကုန်သို့ရောက်ရှိပြီး (၃)ရက်အကြာ အောက်တိုဘာ လ (၂)ရက်နေ့တွင် ဗိုလ်နေဝင်းသည် တည်မြဲခေါင်းဆောင် အားလုံးကို ဖမ်းဆီး လိုက် သည်။ ဖမ်းဆီးရခြင်း အကြောင်းအရင်းမှာ တည်မြဲခေါင်းဆောင်များက ဗိုလ်နေဝင်း လက်ထဲမှ နိုင်ငံတော်အာဏာကို လုရန် ကြံစည်သည်ဟု သတင်းထွက်ပေါ်လာ သောကြောင့်ဖြစ်သည်။ ဗိုလ်နေဝင်းသည် တော်လှန်ရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေးနေသည်ကို အခွင့်ကောင်းယူကာ တည်မြဲ ခေါင်းဆောင်များအား သတိလစ်သည့် အချိန်တွင် ယခုကဲ့သို့ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ယင်းကြောင့် ၎င်းတို့၏ အာဏာသိမ်းရေး အစီအစဉ်လည်း ပျက်သုဉ်းခဲ့ရသည်။

ဂ။　တော်လှန်ရေးသမားများနှင့် တွေ့ဆုံနေကြစဉ် မြို့ပေါ်ရှိ လူမျိုးစုများ၊ လက်ဝဲအင်အားစုများက ဗိုလ်နေဝင်းအား အတွင်းမှနေပြီး ဆန့်ကျင်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ ကြသည်။ ပြည်တွင်းအင်အားစုများက လူမျိုးစုကော်မတီနှင့် ပြည်သူ့ကော်မတီ ဌာနချုပ်ကို ဖွဲ့စည်းကြသည်။ ပြည်သူ့ကော်မတီက ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီးကို ထောက်ခံသည့်အနေဖြင့် (၆)ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးတခုကို ကျင်းပရန် စီစဉ် ဆောင်ရွက် လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၌ (၆)ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးကို မြန်မာပြည်သူများက အင်တိုက် အား တိုက် ထောက်ခံအားပေးခဲ့သည်ကို တွေ့ရလေသည်။

ဃ။ မဒညတ သည် ဗိုလ်နေဝင်း စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးအတွက် (၄)ကြိမ် တိုင် တိုင် ဆွေးနွေးခဲ့သည်။ တဖက်နှင့် တဖက် နားလည်မှု ပိုမို ရရှိလာရ မည့် အစား ပို၍ပင် တင်းမာမှုများ ကြီးမားလာခဲ့သည်။ ကေအဲန်ယူပါတီ ကိုယ်စား လှယ်တို့သည် ရန်ကုန်တွင် တ လခွဲကြာခဲ့ပြီ ဖြစ်သည်။ နားလည်မှု ပိုမိုရရှိရေးနှင့် လုပ်ငန်းများ ပိုမို လုပ်ဆောင် နိုင်ရေး အတွက် တွေ့သင့်တွေ့ထိုက်သူများနှင့်လည်း တွေ့ဆုံခဲ့ကြပြီး ဖြစ်သည်။ နောက်ပိုင်း ပြည်သူ့ ကော်မတီမှ ရုပ်ရှင်ပွဲတခုကို စီစဉ်ပြသပြီး ရံပုံငွေရှာရာတွင် မဒညတ ကိုယ်စားလှယ်များအား လာရောက်ကြည့်ရှုရန် ဖိတ်ကြား ကြသည်။ မဒညတ ကိုယ်စား လှယ်များကလည်း အားပေး သည့် အနေနှင့် သွားရောက် ကြည့်ရှုပြီး ကျပ်ငွေ တထောင် (၁,၀၀၀/-) ရံပုံငွေ ထည့်ဝင်ခဲ့ လေ သည်။ နောက်ပိုင်း ပြည်သူ့ကော်မတီသည် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအတွက် (၆)ခရိုင် ဆန္ဒပြပွဲကြီးကို ပြုလုပ်လေသည်။ ဆန္ဒပြ ပွဲကြီးတွင် ပြည်သူ့ကော်မတီ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားရာတွင် ဗိုလ်နေဝင်း၏ စစ်အစိုးရကို ပုတ်ခတ် ဆန့်ကျင်မှုများ ပြောဆိုခဲ့လေသည်။

င။ မဒညတ နှင့် ဗိုလ်နေဝင်း အစိုးရ (၅)ကြိမ်မြောက် တွေ့ဆုံ ဆွေးနွေးသော အခါ ဗိုလ်နေဝင်း အစိုးရသည် အချက် (၅)ချက်ကို တင်ပြလာခဲ့သည်။ ၎င်းတို့မှာ

၁။ တော်လှန်ရေးသမားများသည် ၎င်းတို့အတွက် စစ်အစိုးရမှ သတ်မှတ်ထားသည့် သီးခြားနေရာများတွင်သာ နေကြရမည်ဖြစ်ပြီး၊ စစ်အစိုးရက ၎င်းတို့ ၏ နေထိုင်စားသောက် ရေးနှင့် လုံခြုံရေးကို တာဝန်ယူမည်ဖြစ်သည်။

၂။ တော်လှန်ရေးသမားများသည် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးနေကြစဉ် မည်သည့် စည်းရုံးရေး လုပ်ငန်းကိုမျှ လုပ်ဆောင်ခြင်း မပြုလုပ်ရ။

၃။ တော်လှန်ရေးသမားများသည် အခွန်ကောက်ခံခြင်းနှင့် အခြား မည်သည့် အုပ်ချုပ် ရေး လုပ်ငန်းကိုမျှ လုပ်ဆောင်ခြင်း မပြုလုပ်ရ။

၄။ တော်လှန်ရေးသမားများသည် သတ်မှတ်ထားသောနေရာမှ ထွက်ခွာသွားလာ လိုပါက တာဝန်ရှိသူများထံ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

၅။ တော်လှန်ရေးသမားများသည် စစ်အစိုးရ သတ်မှတ်ထားသည့် နေရာများတွင် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာ လုပ်ဆောင် ကြရမည်။

၂၀၃။ အထက်ပါ အချက် (၅)ချက်ကို ချုပ်ပြီး ပြောရမည်ဆိုလျှင် လုံးဝ လက်နက်ချ အညံ့ခံရေးသာဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေး (၁၅)နှစ်တာ ကာလအတွင်း ကျွန်ုပ်တို့သည် အောက်ပါ အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။

၁။ ကျွန်ုပ်တို့တွင် ကိုယ်ပိုင်နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ရှိခဲ့ရာမှ ယခုအခြေ အနေအတိုင်းဆိုလျှင် ကိုယ်ပိုင်နယ်မြေ အားလုံးကို စွန့်လွှတ်ရမည်ဖြစ်ပြီး၊ ရန်သူ သတ်မှတ်ထားသော နေရာတွင် သွားရောက်စုစည်း နေထိုင်ကြရမည်။

၂။ ဤသတ်မှတ်ထားသော နေရာများသည် ရန်သူ၏ အမြဲတစေ စောင့်ကြည့် ခြင်းကို ခံနေကြရမည်ဖြစ်ပြီး အချိန်မရွေး၊ ၎င်းတို့ သဘောအတိုင်း တော်လှန်ရေးသမားများကို ဖမ်းဆီးနိုင်ကြမည်။

၃။ (၁၅)နှစ်တာကာလအတွင်း ကျနော်တို့၌ လွတ်လပ်သောတပ်မတော် တရပ်ကို ထူထောင် နိုင်ခဲ့ပြီဖြစ်သည်။ ယခု အတိုင်းဆိုလျှင် ကျွန်ုပ်တို့၏ တပ်များမှာ လွတ်လပ်စွာ လှုပ်ရှားနိုင်ခွင့် မရှိတော့ဘဲ သူတို့ သတ်မှတ်ထားသည့် နေရာတွင် မလှုပ်မယှက် နေထိုင်ကြရတော့မည် ဖြစ်သည်။

၄။ ကျွန်ုပ်တို့၌ အစည်းအရုံးများလည်း ရှိနေပြီးဖြစ်သော်လည်း၊ စည်းရုံးရေး လုပ်ငန်းများကို ရပ်ဆိုင်းရတော့မည် ဖြစ်သည်။

၅။ ကျွန်ုပ်တို့၌ ကိုယ်ပိုင်အစိုးရ ကိုယ်ပိုင်အုပ်ချုပ်ရေးများ ရှိနေရာမှ ဘာမျှ မလုပ်ရဟု ပြောဆိုလာခြင်း၊ စသော တောင်းဆိုမှုများသည် ကျွန်ုပ်တို့အတွက် လက်နက်ချ အညံ့ ခံရေး သက်သက်သာဖြစ်သကဲ့သို့၊ တဖက်သတ် တောင်းဆိုမှုများသာ ဖြစ်ကြောင်း၊ ထို့ကြောင့် “မဒညတ” အနေနှင့် လက်ခံ၍ မရကြောင်း ပြန်လည် ပြောကြားလေသည်။

(၆)ကြိမ်မြောက် ဆွေးနွေးပွဲကို ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့ ည ပိုင်းတွင် ပြုလုပ်ခဲ့ရာ ရန်သူ ခေါင်းဆောင်များက ပြတ်ပြတ်သားသားစကား ပြောဆိုလေသည်။ သူတို့က နေဝင်း စစ်အစိုးရသည် ညီညွတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလား၍သာ ယခုကဲ့သို့ ရိုးသားစွာ ခေါ်ဆိုခဲ့ကြောင်း၊ မဒညတ သည် ဆွေးနွေးပွဲကို အသုံး

ချလျက် ၎င်းတို့၏ စည်းရုံးရေးကို တိုးချဲ့ ဖွဲ့စည်း ရန် ပြုလုပ်နေကြောင်း၊ ပြင်ပမှာ ၎င်းတို့၏ စစ်တပ်များကို နေရာအများအပြားတွင် တိုက်ခိုက်လျက်ရှိကြောင်း၊ လူထုများအား အခက် အခဲဖြစ်ရန် ပြုလုပ်နေကြကြောင်း၊ စစ်အစိုးရအား ဆန့်ကျင်ရန်အတွက် မြို့ပေါ်ရှိ လူများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိကြောင်း၊ ဤအကြောင်းများကြောင့် ဆွေးနွေးပွဲ ကို ရပ်ဆိုင်းလိုက်ပြီ ဖြစ်ကြောင်း ထုတ်ပြန်လေသည်။ ထို့ကြောင့် ၎င်းတို့ ကတိအတိုင်း ကိုယ်စားလှယ် ခေါင်းဆောင်များအား ၎င်းတို့၏ နေရင်းဒေသ အသီးသီးသို့ ပြန်လည် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ သဘောတူထားသည့်(၃)ရက်အတွင်း ၎င်းတို့ကလိုက်လံ တိုက်ခိုက် မည်မဟုတ်ကြောင်း ပြောဆိုလေသည်။

၂၀၄။ မဒညတ ခေါင်းဆောင်များက ပြန်လည်ရှင်းပြရာ၌ ၎င်းတို့ ရှုပ်ချ ပြောဆိုသည်မှာ မဟုတ် မမှန်ကြောင်း။ ယခု တွေ့ဆုံဆွေးနွေးပွဲကို မဖျက်သင့်ကြောင်း၊ စစ်အစိုးရ ကိုယ်စားလှယ်များကို ပြန်လည် တင်ပြဆွေးနွေးခဲ့လေသည်။ သို့ရာတွင် ဗိုလ်နေဝင်း၏ တာဝန်ရှိ စစ်ဗိုလ်များအနက် ဗိုလ်လှဟန်က ပိုမိုပြတ်သားပြီး၊ မဒညတ အား ဆန့်ကျင် သည့် စကားများ ပြောလာလေသည်။ ည (၉)နာရီအထိ ဆွေးနွေးပွဲကို ဖျက်သိမ်းခြင်း မပြုရန် ဖျောင်းဖျ ပြောဆိုသော်လည်း၊ ပြောင်းလဲ မလာခဲ့ပေ။ စစ်အစိုးရက ကိုယ့်ဒေသ ကိုယ်ပြန်ဖို့ သာ ပြောဆိုလေတော့သည်။ နောက်တနေ့တွင် ၎င်းတို့ စီစဉ်ထားသည့် အတိုင်း၊ မဒညတ ခေါင်းဆောင်များသည် မင်္ဂလာဒုံ လေဆိပ်သို့ သွားရောက်ကြရပြီး အောက်ပါ အစီအစဉ် အတိုင်း၊ တသုတ်ပြီး သုတ်၊ လေယာဉ်ဖြင့် ကိုယ်စားလှယ်များအား ဒေသ အသီး သီးသို့ ပြန်လည်ပို့ဆောင် ပေးခဲ့သည်။

၁။ ဗကပ ဗိုလ်စိုးမောင်နှင့် ဗိုလ်ပုတို့အား လေယာဉ်ဖြင့် ဟဲဟိုး၊ ကလောသို့ ၎င်း၊

၂။ နိုင်ရွှေကျင်နှင့် မွန်အဖွဲ့အား မော်လမြိုင်သို့ဂင်း၊

၃။ ရဲဘော်ဦး၊ ဗိုလ်ဇေယျ၊ ဗိုလ်အောင်ကြီး နှင့် ဗကပ အဖွဲ့ဝင်များအား ပြည်သို့ ၎င်း၊

၄။ ကေအဲန်ယူပါတီခေါင်းဆောင်များဖြစ်သော မန်းဘဇန်၊ စကောလယ်တော၊ ဗိုလ်ကျင်ဖေ၊ ဗိုလ်သန်းအောင်၊ ဗကပ အဖွဲ့မှ သခင်တင်ထွန်း နှင့် ရဲဘော်မြတို့အား လေယာဉ်ဖြင့် တောင်ငူသို့ဂင်း၊ အသီးသီး ပို့ဆောင်ပေး လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၀၅။ (၃)ပါတီခေါင်းဆောင်များ ကော်သေးဒဲသို့ ရောက်လာသောအချိန်တွင် မိုးချုပ်သဖြင့် “ကော်သေးဒဲ”၌ပင် အိပ်ကြရသည်။ နောက်တနေ့ တနင်္ဂနွေနေ့ဖြစ်သဖြင့် ကေအဲန်ယူနှင့် ဗကပ ခေါင်းဆောင်အချို့ စော်တေးဒဲရွာသို့ ပြန်ရောက်သွားကြသည်။ ညနေ မိုးချုပ် အချိန်တွင် ရန်သူတပ်များ မော်တော်ယာဉ်အစီး ပေါင်းများစွာဖြင့် ကော်သေးဒဲ သို့ ရောက်ရှိလာပြီး၊ တောတွင်းသို့စေလွှတ်လိုက်ပြီဖြစ်ကြောင်း သတင်းကို ရရှိခဲ့သည်။ ရန်သူသည် (၃)ရက် အတွင်း တော်လှန်ရေးသမားများကို လိုက်လံ တိုက်ခိုက်မည်မဟုတ်ဟု ပြောခဲ့သော်လည်း တော်လှန်ရေးသမားများကို လိုက်လံ တိုက်ခိုက်လေသည်။ ရန်သူသည် ညောင်လေးပင်ခရိုင်၊ ကော်သေးဒဲ တနေရာ တည်းကိုသာ လိုက်လာခြင်း မဟုတ်ဘဲ၊ တောင်ငူ ထန်းတပင် မြို့နယ် ဇရပ်ကြီးမှ တဆင့် မောကဲ သာပယ်ခို သို့လည်း တပ်ဖွဲ့ တဖွဲ့ကို စေလွှတ် လေသည်။ ဖြူးနှင့် မုန်းမှတဆင့် ပိုပီဒဲ ရွာသို့ ရောက်လာပြီး တောင်ပေါ်သို့လည်း တပ်ဖွဲ့တဖွဲ့ လိုက်လာလေသည်။ ရန်သူ ချီတက်လာသည့် အင်အား မှာ အလွန်များ ပြားလှပြီး၊ အလျင်အမြန် ရွှေ့ရှား ရှာဖွေခဲ့သော်လည်း၊ တော်လှန်ရေး ခေါင်း ဆောင်များကို ရှာမတွေ့ခဲ့။

ရန်သူသည် ဆွေးနွေးပွဲပျက်သည့်အကြောင်း၊ ၎င်းတို့ တောင်းဆိုထားသော မူ (၅)ချက်တို့ကို သတင်းစာများတွင် ထုတ်ပြန် ကြေညာခဲ့လေသည်။ ရန်သူ၏ တွေ့ဆုံ ဆွေးနွေးရေးသည် နောက်ဆုံး၌ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်း ရေးမဟုတ်ဘဲ တော်လှန်ရေးသမားများအားလုံး လက်နက်ချအညံ့ခံရေးသာ ဖြစ်ကြောင်းကို ထိုစဉ်က ဗမာပြည်သူများက သဘောတူ လက်ခံကြလေသည်။

၂၀၆။ နေဝင်း စစ်အစိုးရနှင့် သွားရောက် တွေ့ဆုံခဲ့သော အဖွဲ့များမှာ -
၁။ အလံနီ ကွန်မြူနစ်ပါတီ (ဗမာပြည်)။
ဗိုလ်နေဝင်းအစိုးရနှင့် ပထမဦးဆုံး စတင် ဆွေးနွေးခဲ့သော အဖွဲ့ဖြစ်သည်။ ဗိုလ်နေဝင်းက ၎င်းတို့သည် သဘောထား မရှိသားဟု အကြောင်းပြပြီးနောက် ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက်သည်။

၂။ ရခိုင် ကွန်မြူနစ်ပါတီ။

ကျော်ဇံရှိုး ခေါင်းဆောင်သော အဖွဲ့ဖြစ်သည်။ အလံနီကွန်မြူနစ်ပါတီမှ ခွဲထွက် လာသည့် အဖွဲ့ဖြစ်သည်။ ဆွေးနွေးပွဲတွင် တင်ပြသည့်အချက်များမှာ အလံနီ ကွန်မြူနစ် ပါတီနှင့် ထူးခြားမှု မရှိပေ။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးပွဲလည်း ပျက်ခဲ့ရသည်။

၃။ ရှမ်း ပြည်တော်လှန်ရေး အဖွဲ့။ (S.S.I.A.)

ရှမ်းပြည်လွတ်လပ်ရေးအတွက် တောင်းဆိုသည်ကို ဗိုလ်နေဝင်း၏ တော်လှန်ရေး ကောင်စီက လက်မခံသဖြင့် တွေ့ဆုံဆွေးနွေးပွဲ ပျက် ခဲ့ရသည်။

၄။ ကချင် တော်လှန်ရေး။

မန္တလေးတွင် ရန်သူ စစ်ဗိုလ်များနှင့် တွေ့ဆုံ ဆွေးနွေးကြသည်။ ဤအဖွဲ့သည် ကချင် လွတ်လပ်ရေးကိုတောင်းဆိုခဲ့ရာ ဗိုလ်နေဝင်း၏ တော်လှန်ရေး ကောင်စီက လက်မခံသဖြင့် ဆွေးနွေးပွဲ ပျက်ခဲ့ရသည်။

၅။ ဗမာပြည်ကွန်မြူနစ်ပါတီ။

ပဏာမ ကိုယ်စားလှယ်အဖွဲ့နှင့် စစ်အစိုးရတို့ ပထမပိုင်း တွေ့ဆုံဆွေးနွေးရာတွင် နားလည်မှု အများအပြားရရှိခဲ့ပြီး ဖြစ်သည်။ “မဒညတ” အနေဖြင့် တွေ့ဆုံ ဆွေးနွေးသည့် အခါ ရန်သူသည် ဗကပနှင့် တွေ့ဆုံ ဆွေးနွေးရေး ကိစ္စရပ်များကိုပါ ရပ်ဆိုင်းလိုက်သည်။ အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးနေစဉ် ယခုကဲ့သို့ ဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက်ခြင်း ဖြစ်သည်။

၆။ ချင်း အမျိုးသား တပ်ဖွဲ့။

“ဗကပ ၏ အဖွဲ့ခွဲတခု”သာ ဖြစ်သည်။ “မဒညတ” အဖွဲ့ဝင် အဖွဲ့အစည်းတခု အဖြစ် ဝင်ရောက် ဆွေးနွေးခြင်းဖြစ်သည်။ ၎င်းတို့နှင့် ဆွေးနွေးမှုကို စစ်အစိုးရက ၁၉၆၃ ခုနှစ် နိုဝင်ဘာလ (၁၄)ရက် နေ့တွင် ရပ်စဲခဲ့သည်။

၇။ ကေအဲန်ယူပါတီ။ (K.N.U.Party)

၈။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ။

၉။ မွန်ပြည်သစ် ပါတီ။

ထို (၃)ပါတီ အဖွဲ့ကို ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီးမှ ဦးဆောင် ဦးရွှက်ပြုကာ စတင်ဖွဲ့စည်းခဲ့သော တိုင်းရင်းသား လူမျိုးများအဖွဲ့ (၃)ဖွဲ့ ဖြစ်သည်။ ရန်သူနှင့် တွေ့ဆုံဆွေးနွေးရာတွင် တညီတညွတ်တည်းသော တောင်း ဆိုချက်ဖြင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ တဖန် မဒညတ အနေဖြင့် ဆွေးနွေး သောအခါတွင် ရန်သူက အပစ်အခတ်ရပ်စဲရေးအတွက် လက်နက်ချရေး မူကို တင်လာသဖြင့် ဆွေးနွေးပွဲ ပျက်ပြား ခဲ့ရသည်။

၁၀။ ဟန်တာခေါင်းဆောင်သော K.R.C. အဖွဲ့။

ဗိုလ်နေဝင်း စစ်အစိုးရနှင့် (၃)လခွဲကြာ ဆွေးနွေးပြီးနောက်၊ ၁၉၆၄ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးပြီးနောက် စစ်အစိုးရနှင့် ပူးပေါင်းသွားခဲ့သည်။ ဟန်တာနှင့် ဗိုလ်နေဝင်းအစိုးရတို့ သဘောတူညီချက်တွင် ကရင်ပြည်ကို ကော်သူးလေပြည်ဟု ခေါ်တွင် စေခဲ့သည်။ အမည် နာမ အရသာ ကော်သူးလေပြည်ကို ရရှိခဲ့သော်လည်း ကရင် ပြည်သူများမှာ မည်သည့် အခွင့်အရေး တခုတလေကိုမျှ မရရှိ ခဲ့ပေ။

၁၉၆၄ - ရွှေတောင်ကြီးထိုးစစ်၊
မန်းဘဇန်၊ စကောလယ်တော၊ တာမလာဘောတို့ အဖွဲ့နှင့် ဗိုလ်နေဝင်း စစ်အစိုးရတို့၏ တွေ့ဆုံ ဆွေးနွေးပွဲ ပျက်ပြီးနောက် အပြန်တွင် “ဘောဂလိ”သို့ မရောက်ခင် ရန်သူတပ်များ လိုက်ပါလာခဲ့သည်။ ဗိုလ်ချုပ်စိုင်းကေ ယောကျ်ခမနှင့် မိသားစုများကို ရန်သူ တပ်က ဖမ်းဆီး ခေါ်ဆောင်သွားသည်။

၂၀၇။ ၁၉၆၄ (မတ်လအတွင် ဖြစ်ပွားခဲ့သည်။) ဟန်တာသာမွေး၊ ပဒိုဝေသောတို့၏ K.R.C. အဖွဲ့က ဗိုလ်နေဝင်း အစိုးရနှင့် ပြန်လည်ပူးပေါင်းရန် အပစ်အခတ် ရပ်စဲမှု လက်မှတ် ရေးထိုးခဲ့ကြသည်။ ထို့နောက် K.R.C. တပ်ဖွဲ့များဖြစ်သော ဗိုလ်လင်းထင် ဦးစီးတပ်ဖွဲ့၊ ဗိုလ်ထရူးမင်း ဦးစီးသည့် တပ်ဖွဲ့များနှင့် ဗိုလ်နေဝင်း တပ်ဖွဲ့များ ပူးပေါင်းပြီး ကေအဲန်ယူ ပါတီနှင့် စစ်ဦးစီး စခန်းရုံးကို ဝင်ရောက်တိုက် ခိုက်ခဲ့ကြသည်။ ကေအဲန်ယူပါတီ ခေါင်းဆောင်များဖြစ်သော မန်းဘဇန်၊ ဗိုလ်ကျင်ဖေ၊ ဗိုလ်ချုပ် ကော်ထူး တို့ လွတ်မြောက် ခဲ့သော်လည်း စစ်ဦးဌာနချုပ် ရုံးမှ စစ်ဦးစီးရုံး ရုံးထိုင်မှူး ဗိုလ်ကြီးမြစိန် အပါအဝင် (၁၃)ဦး ကျဆုံးခဲ့ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကျဆုံးသူများမှာ -

၁။ ဗိုလ်ကြီးမြစိန်၊ ဗဟိုရုံးထိုင်မှူး

(AG). ဗဟို ထောက်လှမ်းရေးမှူး၊ Adjudent General.

၂။ ဗိုလ်တေ၊

၃။ ဗိုလ်နေထွန်း (ရုံးအုပ်)၊

၄။ စံကြည် (အောင်ကို၏ ညီ)၊

၅။ စအိုင်ဆူး၊

၆။ စခန့်ရှိ၊

၇။ စအိုင်ဖန်း၊

၈။ စောရိုလင်း၊

၉။ ဒေါက်တာပု (ခေါ်) စံရွှေ နှင့်အတူ ကာကွယ်ရေး (၄)ယောက်တို့ ပါဝင်သည်။

၂၀၈။ ဗိုလ်တေ။

၁၉၅၁ခု၊ ဝက်လှလေး မီးရထားဘူတာအား ကရင်တပ်ဖွဲ့များ သွားရောက်တိုက် ခိုက်ပြီး အပြန်တွင် စစ်အစိုးရတပ်ဖွဲ့၏ စောင့်တိုက်ခြင်းကို ခံရသည်။ ထိုတပ်ဖွဲ့မှ ဗိုလ်တေ သည် ဒဏ်ရာပြင်းထန်စွာ ရရှိပြီး အဖမ်းခံခဲ့ရသည်။ အဖမ်းခံရပြီး နောက်ထောင် (၁၀) နှစ်ကျော်ကျ ခဲ့သည်။ ၁၉၆၃ ခုနှစ် တွေ့ဆုံ ဆွေးနွေးရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မတိုင်မီ ဗိုလ်နေ ဝင်း စစ်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှ လွတ်မြောက်လာ ခဲ့သည်။ ထောင်မှ လွတ်မြောက်လာပြီး ၁၉၆၃ ခုနှစ်အတွင်းမှာပင် ဗိုလ်ချုပ်ကော်ထူး ထံတွင် ပြန်လည် အမှုထမ်းခဲ့သည်။ ပြန်လည် ရောက်ရှိလာပြီး တလအကြာတွင် ဗိုလ်တေ ကျဆုံးခဲ့သည်။

၂၀၉။ ဗိုလ်နေဝင်းတပ်များနှင့် ဗိုလ်လင်းထင်၊ ထရူးမင်းတို့၏ ပူးတွဲတပ်ဖွဲ့များသည် စစ်ကြောင်း (၃)ကြောင်းခွဲကာ ကရင့်တော်လှန်ရေးတပ်ဖွဲ့များကို ချီတက် တိုက်ခိုက်ခဲ့ သည်။

“ခေးပူး”ရွာရှိ စစ်ဦးစီးဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်သော ပူးတွဲတပ်ကို ဗိုလ်လင်း ထင်၏ တပ်ခွဲမှူး ဗိုလ်ဖားလူကျော်က ဦးစီးတိုက်ခိုက်သည်။ “ရာထာ” သို့ တက်သွားသော စစ်ကြောင်းကို လင်းထင်၏ ဒုတိယ တပ်ရင်းမှူးဖြစ်သူ ဗိုလ်ဝင်းက ဦးဆောင်ခဲ့သည်။ ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စစ်ကြောင်းသည် “ရာထာ”တွင် ရှိသော ဟန်တာသာမွေး၏ သမီးနှင့် သူ၏ သားမက်ဖြစ်သူ မြသောင်းတို့ မိသားစုအား သွားရောက် ကြိုဆို ခေါ်ယူသွားသည်။

ဗိုလ်ဝင်းတပ်ဖွဲ့သည် နောင်ရိုးထာသို့ ပြန်လှည့်လာပြီး နောင်ရိုးထာ အနီး ရွာတရွာတွင် တိုင်းဥက္ကဋ္ဌ အုန်းဖေညွန့် မိသားစုကို ဝင်ရောက် ဖမ်းဆီးခဲ့သည်။ အုန်းဖေညွန့်သည် အသက်ကြီးပြီဖြစ်သဖြင့် ခြေထောက်များ မသန်စွမ်းသောကြောင့် ရုံး ပစ္စည်းများနှင့်အတူ “ပနာအီပယ်ခို” တောင်ထိပ်တွင် နေထိုင်နေသူဖြစ်သည်။ ရန်သူ တပ်များက ရွာသားများကို အကျပ်ကိုင်ကာ ဥက္ကဋ္ဌ အုန်းဖေညွန့် ရှိရာကို ပြခိုင်းသဖြင့် အဖမ်း ခံခဲ့ရခြင်း ဖြစ်သည်။

ဟန်တာအုပ်စုသည်ကေအဲန်ယူပါတီမှ ခွဲထွက်သွား ပြီးနောက် နေဝင်း တပ်များ နှင့် တွဲကာ ကရင်အမျိုးသားအချင်းချင်း တိုက်ခိုက် သတ်ဖြတ်မှုများကို မိုက်မိုက်ကန်းကန်း ပြုလုပ်နေသော်လည်း ကရင်လူထုကြီးမှာ ကေအဲန်ယူပါတီကို တက်တက်ကြွကြွ ထောက်ခံ အားပေး ခဲ့ကြသည်။

၂၁၀။ ၁၉၆၄။ ကေအဲန်ယူပါတီမှ ဦးဆောင်ပြီး “ပလိုခီး”ရွာတွင် ကေအဲန်ယူပါတီ ၏ “ဒုတိယလမ်းစဉ်ကို” သင်တန်းဖွင့်လှစ် ပို့ချခဲ့သည်။ “ပလိုခီးသည် ဖာပွန်ခရိုင်၊ လူသောမြို့ နယ်၏ မြောက်ပိုင်း၊ တပ်မဟာ (၃)နယ်မြေနှင့် နယ်ခြားထိစပ်သော နေရာဒေသဖြစ်သည်။” တပ်မဟာ(၂) နှင့်လည်း သိပ်မဝေးလှပေ။ ခရိုင် (၃)ခရိုင်ရှိ၊ နီးစပ်ရာ ဗဟိုချက်ကျသော နေရာလည်း ဖြစ်သည်။ ထို့ကြောင့် မြို့နယ်များမှ သင်တန်းလာရောက်တက်ရန် ပလိုခီးရွာတွင် သင်တန်းဖွင့်ရာ သင်တန်းသား (၃၀၀)ကျော် တက်ရောက်ခဲ့ကြသည်။ သင်တန်းသားများမှာလည်း အထူးပင် ကြိုးစား လေ့လာမှတ်သား ဆွေးနွေးကြသည်။ “ပလိုခီးသင်တန်းကျောင်းအုပ်မှာ မန်းဘဇန်” ဖြစ်သည်။ သင်တန်း ဆရာများမှာ ဗိုလ်မောင်မောင်၊ ဗိုလ်သန်းအောင်နှင့် ဖူးတာအယ်တို့ ဖြစ် သည်။ ဗိုလ်မောင်မောင်က စည်းရုံးရေးနှင့် အုပ်ချုပ်ရေး ဘာသာရပ်ကို သင်ကြားပြီး၊ ဗိုလ်သန်းအောင်က နိုင်ငံရေးနှင့် စည်းရုံးရေး ဘာသာရပ်ကိုဂင်း၊ ဖူးတာ အယ်မှာ စစ်ရေးလမ်းစဉ် ဘာသာရပ်ကို သင်ကြားသည်။ ကျောင်းအုပ်ကြီး မန်းဘဇန်ကိုယ်တိုင်က ကေအဲန်ယူပါတီ ၏ သေနင်္ဂဗျူဟာ၊ လမ်းစဉ်၊လုပ်ငန်းစဉ် သဘောတရား၊ ဗိုလ်နေဝင်း စစ်အစိုးရအား လူတန်းစားလက္ခဏာသတ်မှတ်ခြင်း၊ အခြေခံသဘော တရားများကို ရှင်းလင်း ပြသခဲ့သည်။ ထိုသင်တန်းတွင် ဗိုလ်နေဝင်း စစ်အစိုးရအပေါ် လူတန်းစားလက္ခဏာ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

သတ်မှတ်ရာတွင် ရှင်းလင်း ပြတ်သားမှု မရှိ လှပေ။ ခေါင်းဆောင် များက ဝိုင်းဝန်း ကြိုးစား ကာရှင်းပြကြသဖြင့် နားလည် သဘောင်ယောင်သာ ရှိခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၁။ ၁၉၆၄ ခုနှစ်၌ ပါတီဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပ ပြုလုပ်သည်။ အစည်းအဝေးကို (၂)ပတ်ခန့်သာ ကြာမည်ဟု ခန့်မှန်းထားသော်လည်း (၁)လကျော် ကြာခဲ့လေသည်။ အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ “ခေးပူ”ဂွင် တွင် အချိန်အတော်ကြာ စောင့်ဆိုင်းခဲ့ကြရသည်။ (ဘွေဘောဒဲသည် ခေးပူးနှင့် လယ်ခီး ရွာတို့ အကြားတွင်ရှိသည်။ ခေးပူးကို လင်းထင်နှင့် နေဝင်း ပူးပေါင်းတပ်ဖွဲ့များ တိုက် ခိုက်ပြီးနောက်ပိုင်း G.H.Q. ကိုလည်း “လဲခီး”သို့ ရွှေ့ပြောင်း လိုက်သည်။) အစည်းအဝေး အချိန်ကြာမြင့် သွားရသည့်အကြောင်း အရင်းမှာ၊ “စစ်အစိုးရအား လူတန်းစားလက္ခဏာ သတ်မှတ်ရေးကိစ္စ”ကို ဆွေးနွေးရင်း အချိန် (၁)လကျော်အထိ ကြာမြင့်ခဲ့ရခြင်းဖြစ်သည်။

ဤအစည်းအဝေး၌ပင် စကောလယ်တော အလုပ်များသဖြင့် ပါတီအတွင်းရေးမှူး တာဝန်အား ဗိုလ်ကျင်ဖေထံသို့ လွှဲပြောင်း ပေးအပ်လိုက်သည်။ ပါတီဗဟို ကော်မတီ အစည်းအဝေးပြီးနောက် အရှေ့တိုင်း ကော်မတီအစည်းအဝေးကို ကျင်းပသည်။ ဗဟို ကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် စီစဉ် ဆောင်ရွက်လေသည်။ ကေအာရ်စီ လုပ်ငန်းတွင် ကူညီမည့်သူမရှိသောကြောင့် အရှေ့ တိုင်း ဥက္ကဋ္ဌ တာဝန်ကို ဗိုလ်မောင်မောင်အား လွှဲအပ်လိုက်သည်။ အတွင်းရေးမှူးအဖြစ် ဗိုလ်ကြီးထိုကိဘောနှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ပဒိုဘောယူဖေါ တို့ကို တင်မြှောက် လိုက်သည်။ ဗိုလ်မြကို အရှေ့တိုင်း စစ်ဦးစီးအဖြစ် ခန့်အပ်လိုက်သည်။

“ဘွေဘော်ဒဲ” အစည်းအဝေးတွင် နေဝင်းစစ်အစိုးရအပေါ် လူတန်းစား သတ်မှတ်ရာတွင် အခြေခံ လူတန်းစားဟု သတ်မှတ်လိုက်ရာ မြစ်ဝကျွန်းပေါ်တိုင်းက လက်ခံနိုင်ခြင်း မရှိခဲ့ပေ။

၂၁၂။ ၁၉၆၄ ခုနှစ်။ “လဲခီး” တပ်မဟာ(၂) ခရိုင်အတွင်းတွင် တည်ရှိပြီး၊ စခန်း ဟောင်းဖြစ်သော “ခေးပူး”ရွာ အထက်နဲနဲကျသော နေရာတွင် “စီးဒေး”ရွာရှိသည်။ စီးဒေးရွာ အထက်ဘက်တွင် ‘လဲခီး’ရွာ တည်ရှိသည်။ လဲခီးရွာတွင် စစ်ဦးစီး ဌာနချုပ်ကို ပြန်လည် ဖွင့်လှစ်ထားသည်။ လဲခီး စစ်ဦးစီးဌာနချုပ်ကို အောက်ပါအတိုင်း ပြန်လည် ဖွဲ့စည်းထားသည်။ ဗိုလ်ချုပ်မြနှင့် မကွဲမီ ဖွဲ့စည်းပုံဖြစ်သည်။

ကော်သူးလေ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကော်ထူး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကော်သူးလေ ဒု-စစ်ဦးစီးချုပ်ဗိုလ်မှူးချုပ် တာအယ်၊

A.G. ဗိုလ်မှူးကြီး လှထွန်း၊

နိုင်ငံရေးမှူး ဗိုလ်မောင်မောင်၊ (တိုင်း ဥက္ကဋ္ဌ)

G.S.O. ဗိုလ်တာမလာဘော၊

ရုံးအုပ်ကြီး (Ser. Maj) ဗိုလ်သိန်းလွင်၊

C.S.O. ဗိုလ်ကြီးဗွေမူ၊ (ဗိုလ်ဘသိန်း)

ဗိုလ်ကြီးဘာဘာ၊

Q.M.G. (စစ်ထောက်ချုပ်) ဗိုလ်ကြီးမာဘယ်၊

Training Officer ဗိုလ်မှူးကြီး ထူးကပေါ်၊

Sergent Majar အောက်တွင် ဆာဂျင်ဘွဲ့ထယ် (အိမ်ပြည့်) (ဗိုလ်ချုပ်ကော်ထူး ၏ ယောက်ဖ၊ နော်ဗျူးလာ၏မောင်။)

ဆာဂျင်ဒေးဗစ်၊ (တာမလာဘော၏ သားမက်၊ နော်အားမူ၏ ခင်ပွန်း။ ဗိုလ်အားစီ၏ ယောက်ဖ)

ဆာဂျင်အားစီ၊

(နောက်ပိုင်းတွင် ဗိုလ်မှူးချုပ်အားစီ)

လုံခြုံရေးမှူး ဗိုလ်ကြီးထွန်းလူ၊ (ရှမ်းပြည်/ ကရင်နီပြည် မှ ပြန်ရောက်လာ)

ဗိုလ်တင်ရွှေ၊

ဗိုလ်စမြအောင်၊

ဗိုလ်အသိန်း။

၂၁၃။ ၁၉၆၅ ခုနှစ်တွင် တပ်ပေါင်းစု အစည်းအဝေးကို ဖာပွန်ခရိုင် မြောက်ပိုင်း၊ လူသောမြို့နယ်၊ လဲခီးရွာထဲတွင်ပင် ကျင်းပပြုလုပ်သည်။ ညီညွတ်သော လူမျိုးစုများတပ်ဦး၊ (ညလတ) United National Front (U.N.F.) အစည်းအဝေးသို့ တက်ရောက်သော ကိုယ်စားလှယ်များမှာ -

ကေအဲန်ယူပါတီမှ မန်းဘဇန်၊ ဗိုလ်ဘသင်၊ ဗိုလ်ချုပ်ကော်ထူး၊ ဗိုလ်မှူးချုပ် တာအယ်၊ ဗိုလ်သန်းအောင်၊ ဗိုလ်မောင်မောင်။

ကရင်နီတိုးတက်ရေးပါတီမှ ဗိုလ်မော်ရယ်၊ ဗိုလ်စံခ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကယန်းပြည်သစ်ပါတီ မှ ငိန်းလူထား။
ရှမ်းပြည်နယ် စစ်ကောင်စီမှ စိုင်းဆန်း (S.S.W.C.)။
ရခိုင် မှ ခိုင်ရွှေသာ တို့ဖြစ်သည်။

၂၁၄။ အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်များက တွေ့ဆုံဆွေးနွေးခဲ့သော အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း။ မိမိတို့၏ အမျိုးသား အခြေအနေများကို တင်ပြပြီးနောက်၊ ညီညွတ်သော လူမျိုးစုများတပ်ဦးကို ဖွဲ့စည်းလိုက်ပြီး (ညလတ)ဟု ခေါ်သည်။ (ညလတ) အဖွဲ့ ဖွဲ့စည်းမည့် အစည်းအဝေးတွင် ဗိုလ်မြ ကိုယ်တိုင် အစည်း အဝေးသို့ တက်ရောက်လာသဖြင့် သူ့အား တပ်ပေါင်းစု အဖွဲ့ဝင်များနှင့် မိတ်ဆက် ပေးကြသည်။ ဗိုလ်မြ စည်းဝေးပွဲသို့ ရောက်လာခြင်းကိစ္စမှာ ဗိုလ်အေးမြိုင် ကိစ္စအား လာ ရောက် တင်ပြခြင်းသာ ဖြစ်သည်။ ဗိုလ်အေးမြိုင်သည် ကေအဲန်ယူပါတီ ဗဟိုအဖွဲ့အစည်းက ဗိုလ်ရွှေဆိုင်းအား တပ်မဟာ (၆)တပ်မဟာမှူးအဖြစ် တင်မြှောက်ခြင်းကို အလွန် မကျေ မနပ် ဖြစ်နေသည်။ ဗိုလ်မြကလည်း ထိုကိစ္စသည် ဗဟိုအဖွဲ့အစည်းက ဆောင်ရွက်သည် ဖြစ်၍ နာခံကြရမည် ဖြစ်ကြောင်း ဖြောင်းပြပြောဆိုခဲ့သည်။ သို့သော် ဗိုလ်အေးမြိုင်မှာ ထိုကိစ္စကို မကျေ မနပ်ဖြစ်နေ သေးသောကြောင့် သူ့ကို ဖမ်းဆီးဖို့ရန်အထိပင် စဉ်းစား မိသည်။ ထိုကိစ္စကို ဒုရင်းမှူး ဖြစ်သူ ဗိုလ်မှူးမူတူးမှလည်း မကျေနပ်သဖြင့် မဖမ်းတော့ပေ။ ဗိုလ်အေးမြိုင်သည် တနေရာသို့ ထွက်သွားပြီး ဗိုလ်မြထံသို့ စာတစောင် ရေးသား ပေးပို့ လိုက်သည်။ စာပါ အကြောင်းအရင်းမှာ သူက ဗဟို၏ အမိန့်ကို လုံးဝ မနာခံနိုင်ကြောင်း၊ သူ လည်း တနေရာတွင် ရောက်နှင့်နေပြီ ဖြစ်ကြောင်း ဗိုလ်မြအား အသိပေး လိုက်သည်။ ဗိုလ်မြသည် ထိုအချိန်က အရှေ့တိုင်း တပ်မမှူးဖြစ်နေသဖြင့် ကရင်တော်လှန်ရေးကို ပြန်လည်ပုန်ကန်သော အခြေဖြစ်သောကြောင့် သူ့အားဖမ်းဆီးရန် အမိန့်ထုတ်ခဲ့ လေသည်။

၂၁၅။ ဗိုလ်အေးမြိုင်ကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းပေးရန် ပါတီဗဟိုသို့ ဗိုလ်မြက အကြောင်းကြားခဲ့သည်။ ထို့အပြင် ဗဟိုကော်မတီ တဦးဦးက သူ့အား လာရောက်ပြီး ဖြေရှင်းပေး ရန်ကိုလည်း တောင်းဆိုခဲ့သည်။ ၁၉၆၄ ခုနှစ်။ “ဖလိုခီး” သင်တန်းဖွင့်သော အချိန်က ဗဟိုကော်မတီဝင် ဗိုလ်မှူးဘော်လ်ဒွင်ကို စေလွှတ်ရန် တောင်းဆိုခဲ့ဖူးသည်။ ထိုအချိန်က ပြဿနာမှာ စတင်ခါစသာ ရှိသေးသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထိုအချိန်က ဗိုလ်ဘော်လ်ဒွင်မှာ ရွှေကျင်နယ်မြေသို့ ရောက်နေသဖြင့် ကိုယ်စား လှယ် မလွှတ်နိုင်ခဲ့။ ယခုတကြိမ်တွင် ဗိုလ်အေးမြိုင်က အတွေ့မခံတော့ဘဲ ရှောင်တိမ်း နေသဖြင့် သူ၏ တပ်ဖွဲ့အင်အား (၈၀၀)ခန့်နှင့် လိုက်လံ ရှာဖွေဖမ်းဆီးရန် ကြိုးစားနေ ရသော အခြေအနေတွင် ရှိလေသည်။ ဗိုလ်အေးမြိုင်သည်လည်း သူ့အား တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်း၍သာ နေလေသည်။ နောက်ဆုံး ကော်သူးလေ ဂွင်မှ ထွက်ပြီး ရန်သူ အနီးအနား တွင် သွားရောက် နေထိုင်လေသည်။ ဗိုလ်အေးမြိုင်က ရန်သူနှင့် နားလည်မှု ယူထား သောကြောင့် ရန်သူသည် ဗိုလ်မြအား အစဉ်တစိုက် လိုက်လံ တိုက်ခိုက်လေသည်။ ဗိုလ်မြ သည် ပါတီဗဟိုသို့ အကြောင်းကြားပြီး ဗိုလ်ချုပ်ကော်ထူးအား မှာယူသည်။ ဗိုလ်ချုပ် ကော် ထူး၊ မန်းဘဇန်တို့က တပ်ပေါင်းစု အစည်းအဝေးကို အဓိက ဦးဆောင် ဆွေးနွေးနေ ရသဖြင့် မသွားနိုင်ကြောင်း အကြောင်းပြန်လိုက်သည်။ ထိုအခါ ဗိုလ်မြက ဗိုလ်မှူးချုပ် တာအယ်ကို စေလွှတ်ပေးရန် အကြောင်းကြားလာပြန်သည်။ ဖူးတာအယ် မှာလည်း အစည်းအဝေးတွင် စစ်ရေးလမ်းစဉ်ကို တင်ပြရမည်ဖြစ်သဖြင့် မန်းဘဇန်မှ ထိုအခြေ အနေကို ဗိုလ်မြထံသို့ အကြောင်းပြန် လေသည်။ ဗိုလ်မြသည် တပ်မဟာ(၅)၊ တပ်မဟာ(၆) နယ်မြေတို့ကို ရန်သူ ထိုးစစ် ဆင်ချိန်ရန်သူကို သူတဦးတည်းသာ ဦးစီး ရင်ဆိုင်နေရသော အခြေအနေဖြစ်သည်။ ထိုအခြေအနေတွင် သူ့အား ကူမည့်သူ မရှိ ဖြစ်နေချိန် ဗိုလ်မြက ကေအဲန်ယူ ပါတီဌာနချုပ်သို့ စာပို့ပြန်သည်။ “ခင်ဗျားတို့ ပါတီခေါင်း ဆောင်တွေဟာ အစည်းအဝေးသာလုပ်နေပြီး စစ် တော့ မတိုက်ကြတော့ဘူးလား။” “ကိုယ့်အရေး ကိစ္စကိုတော့ မဆောင်ရွက်ဘဲ အခြားကိစ္စ တွေကိုသာ ဆောင်ရွက်နေကြ တော့မှာလား။” စသည်ဖြင့် စာရေးပေးပို့ရုံသာမက သူ ကိုယ်တိုင်လည်း အစည်းအဝေး ကျင်းပရာ အရပ်သို့ လာရောက် တွေ့ဆုံလေသည်။ ခေါင်းဆောင်များကိုလည်း အလွန် မကျေမနပ် ဖြစ်နေ လေသည်။

၂၁၆။ ၁၉၆၅ ခုနှစ်မှာပင် ဗိုလ်မြသည် အရှေ့တိုင်းရှိ ခရိုင်များနှင့် တပ်မဟာခေါင်း ဆောင် များကို တိတ်တဆိတ် ဖိတ်ကြားပြီး အစည်းအဝေးတခု ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး တွင် ပါတီ၏ လုပ်ရပ်များကို ဝေဖန်သုံးသပ်ကြပြီး၊ တော်လှန်ရေး လမ်းစဉ်ကို ပြောင်းလဲရန်၊ မပြောင်းလဲပါက ခွဲထွက်ရန် ဆုံးဖြတ်ကြသည်။ ၁၉၆၅ ခု၊ ဧပြီလတွင် ဗိုလ်မြနှင့် တပ်မဟာ ခေါင်းဆောင်အချို့သည် ပါတီခေါင်းဆောင်များနှင့် လာ ရောက် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးသည့်နေရာမှာ၊ “ကွင်းကလေး”ခေါ် ပလောဖိုး ရွာဖြစ်သည်။ စီဒေးအထက်၊ လယ်ခီး

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စစ်ဦးစီးဌာနချုပ်စခန်း ဖြစ်လေသည်။ ထို အစည်းအဝေး၌ လက်ရှိဂင်းတို့ တွေ့ကြုံ ရင်ဆိုင်နေရသော အခက်အခဲများကို တင်ပြပြီး နောက် အောက်ပါအတိုင်း တောင်းဆိုမှုများကို ပြုလုပ်လေသည်။

၁။ ကရင့်တော်လှန်ရေး၏ အခြေခံရန်သူကို နယ်ချဲ့စံနစ်အဖြစ် သတ်မှတ်ထား သည်ကို ၎င်း၊

၂။ နောက်ဆုံးရည်မှန်းချက်ဖြစ်သော ဆိုရှယ်စံနစ် တည်ဆောက်ရေးကိုဌင်း။ ဤ အချက် (၂)ရပ်ကို ပြန်လည် ပြင်ဆင်ပေးရန် တောင်းဆိုလေသည်။

၃။ ထို့အပြင် အပြောအဆို အရေးအသားများ၌ (လက်ဝဲ အသုံး အနှုန်း) အနီများ၏ အသုံးအနှုန်းများကို အသုံးမပြုကြရန်ကိုလည်း တင်ပြခဲ့သည်။

၂၁၇။ ကေအဲန်ယူပါတီ ခေါင်းဆောင်များက ကရင်အမျိုးသားတို့၏ အခြေခံ ရန်သူကို နယ်ချဲ့စံနစ်အဖြစ် သတ်မှတ်ခြင်းနှင့် နောက်ဆုံး ရည်မှန်းချက်ဖြစ်သော ဆိုရှယ်လစ် စံနစ် တည်ထောင်ရေး စသည်တို့သည် ဗဟိုကော်မတီက ပြုပြင်ခွင့် မရှိကြောင်း။ အခြေခံ လမ်းစဉ်နှင့် သေနင်္ဗဟာ မျှော်မှန်းချက်ကို ကွန်ဂရက်ကသာ ပြုပြင်ပိုင်ခွင့် ရှိကြောင်း၊ ပြန်လည်ဆွေးနွေးပြလေသည်။ တတိယ အချက်ဖြစ်သော နားလည်မှု လွဲမှားစေနိုင်သည့် အပြုအမူ အရေးအသားများကို သတိပြု၍ ရှောင်ရှားသွားမည် ဖြစ်ကြောင်းကိုသာ ကတိပြုခဲ့လေသည်။

ဗိုလ်မြတင်ပြခဲ့သော ၎င်းတို့ အခက်အခဲမှာ၊ ရန်သူသည် မိမိတို့ နယ်မြေတွင် အတော်ပင် တိုက်စစ်ဆင် တိုက်ခိုက်လာသောကြောင့် ဖြစ်သည်။ တပ်မဟာ(၆)နှင့် တပ်မဟာ(၇)တွင် ရန်သူ့ထိုးစစ်မှာ အလွန်ပြင်းထန်သည်။ မိမိတို့ ကော်သူးလေ မိသားစု များနှင့် လူထုကြီးမှာ ထိုးစစ်ကြောင့် ဘေးလွတ်ရာ ထိုင်းနိုင်ငံဘက်သို့ တိုးဝင် ရွှေ့ပြောင်းနေ ထိုင်ကြရသည်။ သို့ဖြစ်၍ ရန်သူ့ထိုးစစ် ပြင်းထန်မှုကြောင့် ရှောင်တိမ်းရာ အဖြစ် အရေးကြုံလာသောအခါတွင် နေထိုင်အား ကိုးမှု ပြုရမည့်နိုင်ငံ တနိုင်ငံ၌ ကွန်မြူနစ် သဘောတရားဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဆိုရှယ်လစ်စံနစ် ဦးတည် ရည်မှန်းချက် သဘောတရားများနှင့်ဆိုလျှင် မိမိတို့အဖွဲ့အစည်းအား ကွန်မြူနစ်များဟု သတ်မှတ်ပြီး အားကိုးအားထားပြုရေး ကိစ္စများကို ထိခိုက်လာမည် ဖြစ်သည်။ ထိုအခက်အခဲသည် လက်ငင်း ထိုးစစ်အတွင်း လက်ရှိ အခက်အခဲ ကြီး ဖြစ်နေကြောင်းကို ရှင်းပြခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၁၈။ ကေအဲန်ယူပါတီဗဟိုသည် ကွန်ဂရက်ခေါ်ဆိုရေးအတွက် ကြိုးပမ်းလေသည်။ သို့သော်ထိုအချိန်က မြစ်ဝကျွန်းပေါ်တိုင်းကို ရန်သူက ထိုးစစ်ကြီး စတင် နေသောကြောင့် ကွန်ဂရက်ကျင်းပရက်ကို သတ်မှတ်ရန် ခက်ခဲနေလေသည်။ အရှေ့တိုင်း ဥက္ကဋ္ဌဖြစ်သော ဗိုလ်မောင်မောင်၊ အတွင်းရေးမှူး ထိုကီဘောတို့ အစည်းအဝေးလုပ်ရန် ပြင်ဆင်ထားပြီး ဖြစ်သည်။ ပဲခူးတိုင်းကလည်း ဥက္ကဋ္ဌ ဗိုလ်အေးဟန်နှင့် ခရိုင် အတွင်းရေးမှူး ဗိုလ်ကြည်လင်း တို့ကလည်း အဆင်သင့် ဖြစ်နေသည်။

၂၁၉။ ၁၉၆၅ ဗိုလ်ချုပ်မြက ကေအဲန်ယူပါတီ ဗဟိုသို့ အမိန့်တခု ပေးပို့လေသည်။ ထို အမိန့်စာမှာ ကေအဲန်ယူပါတီသည် အရှေ့တိုင်းမှ ထွက်ခွာပြီး ပဲခူးရိုးမနှင့် မြစ်ဝ ကျွန်းပေါ်သို့ ကူးပြောင်းသွားရန် ဖြစ်လေသည်။

၂၂၀။ ၁၉၆၅ ခုနှစ်၊ ဗိုလ်မြသည် အရှေ့တိုင်း အစည်းအဝေးတရပ်ကို ခေါ်ဆို ကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေး ခေါ်ဆိုနေချိန်မှာပင် ဆရာစကောလယ်တော က ရောက်သွားသည်။ ပါတီနှင့် ပြန်လည်ညီညွတ်ရေးအတွက် သွားရောက်တွေ့ဆုံခြင်း ဖြစ်သည်။ ဗိုလ်မြ ကလည်း မန်းဘဇန်အား တွေ့ဆုံရန် သဘောထား ရှိသည်။ ဗိုလ်မြအားတွေ့ဆုံရာတွင် ဆရာစကောလယ်တောက လမ်းစဉ်ကို ပြောင်းလိုက ပြောင်းပါ။ လမ်းစဉ်ကို ပြောင်းပြီးရင် ကွန်ဂရက်သို့ ပြန်တင်ပြရန်။ သို့သော် အဖွဲ့အစည်းသစ် တခုကိုမူ တည်ထောင်ခြင်းမပြုရန် အကြံပြုခဲ့လေသည်။ ထို အရှေ့တိုင်းအစည်းအဝေး၌ပင် ဗိုလ်မြတို့အဖွဲ့က တော်လှန်ရေးလမ်းစဉ်ကို ပြောင်းလဲလိုက်သည့်အပြင် အဖွဲ့အစည်းအသစ်တခုကိုလဲ ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့ အစည်းမှာ K.N.L.C. (KAREN NATIONAL LIBERATION COUNCIL). ကရင်အမျိုးသား လွတ်မြောက်ရေးကောင်စီ ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဗိုလ်မြ နှင့် အရှေ့တိုင်းခေါင်းဆောင်များအဖွဲ့သည် ကေအဲန်ယူပါတီနှင့် စဉ်ပြိုင် အဖွဲ့အစည်းတခု ဖြစ်လာ လေသည်။

၂၂၁။ ၁၉၆၇ ခုနှစ်၊ လူမျိုးစုများ အဖွဲ့အစည်းများ၏ တပ်ပေါင်းစုအဖွဲ့ကို ကရင်နီ ဗဟို ဌာနချုပ်တွင် ကျင်းပရာ အောက်ပါ လူမျိုးစု အဖွဲ့အစည်းများ တက်ရောက်ပြီး လက်မှတ်ရေးထိုးကြသည်။ (လည်တ) လူမျိုးစုများ ညီညွတ်ရေးတပ်ဦး ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ ကေအဲန်ယူပါတီ မှ မန်းဘဇန်၊ ဗိုလ်ချုပ်ကော်ထူး၊

၂။ ကရင်နီတိုးတက်ရေးပါတီမှ စောမောရယ်၊

၃။ မွန်ပြည်သစ်ပါတီမှ နိုင်ရွှေကျင်၊ နိုင်ဆံမိတ်၊

၄။ ဇိုမီ အမျိုးသားတပ်ဦးမှ ဂျင်မီ၊

၅။ ကယန်း ပြည်သစ် ပါတီမှ ဦးရွှေအေး (ငိန်းလူထား)

တပ်ပေါင်းစု တည်ဆောက်ရာတွင် အဖွဲ့အစည်း အသီးသီးမှ တပ်ဖွဲ့များ ပါဝင် ဖွဲ့စည်းခြင်း မရှိပါက၊ တပ်ပေါင်းစု၏ လှုပ်ရှားမှုကို အကောင်အထည် ဖော်ဆောင်ခြင်း မပြုလုပ်နိုင်ပေ။ ဤအတွေ့အကြုံပေါ်တွင် ကေအဲန်ယူပါတီမှ အင်အား (၄၀)ခန့်ကို ဗိုလ်ထွန်းလူက ဦးဆောင်လေသည်။ ကရင်နီ တိုးတက်ရေး ပါတီမှလည်း တပ်စု တစုနှင့် ကယန်းပြည်သစ် ပါတီမှ တပ်စိတ် တစိတ်တို့ဖြင့် ပါဝင်ဖွဲ့စည်းခဲ့ လေသည်။

ထို (လည်တ)တပ်ဖွဲ့သည် ကရင်နီနှင့် ကယားပြည်သစ် နယ်မြေအတွင်း ရန်သူများကို လိုက်လံပြီး တိုက်ခိုက် ချေမှုန်းကြသည်။ ထို့နောက် ရှမ်းပြည်သို့ တက်ပြီး “ရလလဖ”(ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး အဖွဲ့) နယ်မြေသို့ သွား ရောက်ကာ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပူးပေါင်း၍ ရန်သူကို တိုက်ခိုက်ခဲ့ကြသည်။ ရန်သူ အား တပ်ခွဲအလိုက် ချေမှုန်းနိုင်သည်အထိ တိုက်ခိုက်နိုင်ခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၂၂။ ၁၉၆၇ ခုနှစ်၊ (၆)ကြိမ်မြောက် ပါတီဗဟိုကော်မတီ အစည်းအဝေး တရပ်ကို ပဲခူးရိုးမ၌ ခေါ်ဆိုကျင်းပလေသည်။ ဘွဲ့ဘောဒဲ ဗဟိုကော်မတီ အစည်းအဝေး၌ ဗိုလ်နေဝင်း၏ စစ်အစိုးရအပေါ် လူတန်းစား သတ်မှတ်ရေးကို ပဲခူးတိုင်း နှင့်မြစ်ဝကျွန်းပေါ်တိုင်းတို့က လက်မခံသောကြောင့်ဆွေးနွေး ဆုံးဖြတ်ရန် ကိစ္စများ အပြင် ပါတီဗဟိုကော်မတီအတွင်း၊ အလုပ်သမား ဦးဆောင်မှုနှင့် အလားအလာ နှစ်ရပ်အပေါ် ပါတီအနေနှင့် အကြေအလည် ဆုံးဖြတ် အတည်ပြုရမည် ဖြစ်ပေသည်။ ထိုအရေးကြီးသော အစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ မန်းဘဇန်က သူ၏ ကျန်းမာရေးကို အကြောင်းပြပြီး၊ ပဲခူး၌ကျင်းပသော ဗဟိုကော်မတီ အစည်းအဝေးကို မတက်ရောက်ခဲ့ပေ။ ဒု-ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကော်ထူး အား အစည်းအဝေး ကျင်းပရေးအတွက် လုပ်ပိုင်ခွင့်ကို လွှဲအပ်လိုက်လေသည်။

နေဝင်း စစ်အစိုးရအပေါ် လူတန်းစား သတ်မှတ်ရေး။

အရှေ့တိုင်း ဘွဲ့ဘောဒဲ အစည်းအဝေး၌ အငြင်းပွားနေသော ဗိုလ်နေဝင်း စစ်အစိုးရအပေါ် လူတန်းစား သတ်မှတ်ရေးကို အောက်ပါ အခြေအနေများအရ၊ လက်နက်ဖြင့် ချေမှုန်းတိုက်ခိုက်ရမည့် ဓနရှင်ကြီး အစိုးရဟု သတ်မှတ်လိုက်သည်။ “၁၉၆၇ ခုနှစ်၊ တရုတ်-ဗမာ အဓိကရုဏ်းဖြစ်ပွားရာတွင် တရုတ်အစိုးရက ဗိုလ်နေဝင်း သည် လူဆိုး လူမိုက် ဖောက်ပြန်ရေးသမားသာ ဖြစ်ကြောင်း၊ သူ့အား ဆန့်ကျင် တော်လှန်သူ မှန်သမျှ တို့သည် မှန်ကန်ကြောင်း၊ တော်လှန်ရေး အင်အားစုများသည် စည်းလုံးညီညွတ်ပြီး နေဝင်း အစိုးရအား တိုက်ဖျက် ချေမှုန်းရန်လိုအပ်ကြောင်း ထုတ်ပြန် ပြောဆိုခဲ့လေသည်”။

ဆိုဗီယက်အုပ်စုဘက်ကမူ နေဝင်းသည် ဆိုရှယ်လစ် ပန်းတိုင်သို့ တက်လှမ်း လျက် ရှိနေပြီး၊ တောတွင်း အင်အားစုတို့၏ ဆန့်ကျင် တိုက်ခိုက်မှုကြောင့် တိုးတက်မှုမရှိဘဲ ဖြစ်နေသည်။ ထို့ကြောင့် တောတွင်းလက်နက်ကိုင် အင်အားစုများသည် တောတွင်းမှ ပြန်လာပြီး လက်နက်ချကာ ဗိုလ်နေဝင်း စစ်အစိုးရနှင့် လက်တွဲ လုပ်ဆောင်ရန် လိုအပ် ကြောင်းကို ထုတ်ဖော် ပြောဆိုလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တရုတ်နှင့် ဆိုဗီယက်တို့၏ အမြင်ကွဲလွဲချက်အပေါ်တရုတ်ပြည်က ထုတ်ပြန်ထားသော အချက် (၂၅)ချက်ပါ၊ အချက်အလက်များအနက်၊ အချက် (၁၇)ချက်ကမူ၊ ဗမာပြည်ရှိ ကရင်လူထုနှင့် ကိုက်ညီသည်ဟု ပါတီဗဟို ကော်မတီက ထောက်ခံထား လေသည်။
ထို့ကြောင့် လုပ်ငန်းစဉ်သစ်များကို ချမှတ်လေသည်။
(ပါတီဗဟိုကော်မတီက ပြန်လည် ချမှတ်လိုက်သော လမ်းစဉ်သစ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။)

၂၂၃။ ပါတီဥက္ကဋ္ဌ မန်းဘဇန်သည် အစည်းအဝေးသို့ မတက်သော်လည်း သူ၏ သဘော ထား အပေါ် လမ်းညွှန်ချက်ပေးရာတွင်၊ (၁)ကေအဲန်ယူပါတီသည် အလုပ်သမား လူတန်း စားအား ကိုယ်စားပြုသည့် သဘောတရား ဦးဆောင်လမ်းညွှန်မှုဆိုသည့် အချက်ကို ထည့်သွင်းခြင်းမ ပြုရန်၊ အလားအလာ (၂)ရပ်ဟူသော သဘောထားကို လက်ခံ ကျင့်သုံးရန် တင်ပြထားလေ သည်။

(၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးတွင် နယ်ချဲ့စံနစ်၊ မြေရှင် ပဒေ သရာဇ် စံနစ် ဆန့်ကျင်ရေးနှင့် အဆုံးစွန် ရည်မှန်းချက်ဖြစ်သော ဆိုရှယ်လစ် စံနစ်ကို အလုပ်သမား ဦးဆောင်မှုဖြင့်သာ အကောင်အထည်ဖော်နိုင်မည့် သဘောတရားကို လက်ခံ ဆုံးဖြတ် အတည်ပြုထားခဲ့လေသည်။

ထို့ကြောင့် “K.N.L.C.” ဖြစ်သော ဗိုလ်ချုပ်မြတို့၏ အဖွဲ့သဘောထားနှင့်ငင်း၊ မန်းဘ ဇန်၏ အလားအလာ နှစ်ရပ်နှင့်ငင်း၊ ဆန့်ကျင်ဘက် သဘောထားများသာ ဖြစ်လေ သည်။
ဗဟိုကော်မတီ အစည်းအဝေးတွင် ဗိုလ်မြနှင့် တွေ့ဆုံရန် ကိုယ်စားလှယ်များကို အောက်ပါ အတိုင်း ရွေးချယ်ခဲ့သည်။

၁။ ဗိုလ်ချုပ်ကော်ထူး၊ ၂။ စကောလယ်တော၊
၃။ ဗိုလ်မောင်မောင် တို့ကို ရွေးချယ်ကြသည်။

(၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့
တက်ရောက်လာသော ကိုယ်စားလှယ်များမှာ၊
အရှေ့တိုင်းမှ။
၁။ ဗိုလ်ချုပ်ကော်ထူး၊ ၄။ ဗိုလ်သန်းအောင်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ဗိုလ်တာမလာဘော၊ ၅။ ဖူးတာအယ်၊

၃။ ဗိုလ်မောင်မောင်၊ ၆။ စကောလယ်တော၊

မြစ်ဝကျွန်းပေါ်တိုင်းမှူး

1. ဗိုလ်ချုပ်မြမောင်၊ ၃။ ဗိုလ်မှူးချုပ်ကျော်သောင်း၊
2. ဦးစိုးအောင်၊ ၄။ ဗိုလ်မှူးလှထွန်း၊

ပဲခူးရိုးမ တိုင်းမှူး

၁။ ဗိုလ်အေးဟန်၊ ၆။ ဗိုလ်မှူးလောကွား၊

၂။ ဗိုလ်ကြည်လင်း၊ ၇။ ဗိုလ်မှူးဘော်လ်ဒွင်၊

၃။ ဗိုလ်ထိုကြည်၊ ၈။ ဗိုလ်ကျင်ဖေ၊

၄။ ဗိုလ်မှူးလှမောင်၊ ၉။ ဗိုလ်မီးသ၊

၅။ ဗိုလ်ညောင်ရေ၊ ၁၀။ ဗိုလ်သာမောင်၊

၁၉၆၇ တရုတ်-မြန်မာအရေးအခင်းတွင် ပဲခူးရိုးမသို့ ရောက်လာသော မြစ်ဝကျွန်းပေါ် ကျောင်းသားများမှာ၊-

၁။ မန်းရှာလားဖန်း၊

၂။ စောသမိန်ထွန်း၊

၃။ ဟုန်စုလျှန် (ကျောင်းဆရာ)၊

၄။ စွန်စိန်(ခေါ်) စောအဝါး (ပေါင်းတလည်သား)၊

၅။ အရှေ့တောင်အာရှ အတွင်းရေးမှူးတယောက် (ဖလေးဆာလိုတွင် ဖျား၍ သေဆုံး)၊

၂၂၄။ ၁၉၆၇ ခုနှစ်၊ (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေး ပြီးနောက်ပိုင်းတွင် တရုတ်ပြည် ကွန်မြူနစ်ပါတီ။ ဗမာပြည် ကွန်မြူနစ်ပါတီ အဝေးရောက်အဖွဲ့တို့နှင့် တွေ့ဆုံ ရန်မြောက်ပိုင်းသို့ “ကေအဲန်ယူပါတီ၏ ကိုယ်စားလှယ်အဖွဲ့”ကို စေလွှတ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်နှင့် လိုက်ပါမည့် အဖွဲ့ဝင်များ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁။ ဗိုလ်မှူးဘော်လ်ဒွင်၊

၂။ မန်းရှာလားဖန်း (အတွင်းရေးမှူး)၊

၃။ စောဘာဘာ (မန်းခွာ)၊

၄။ ဗိုလ်သိန်းလွင်၊

၅။ စောသမိန်ထွန်း၊

၆။ စောအဝါး (ထွန်းငွေ)၊

၇။ ဟုန်စုလျှန် (ပင်လယ်ရပ်ခြား တရုတ်အမျိုးသား၊ အတွင်းရေးမှူး)၊

၈။ စောပါစက (ခေါ်) စောအယ်ကော်၊

၉။ စောဝါး (တရုတ်ကလေး၊ ကျောင်းဆရာ)၊

၂၂၅။ ၁၉၆၇ ခုနှစ်၊ ဗဟိုကော်မတီ အစည်းအဝေးပြီးနောက် အရှေ့တိုင်းမှ ပါတီ ကိုယ်စားလှယ်များ၊ အရှေ့တိုင်းသို့ ပြန်ရောက်ပြီး၊ ပါတီ ဆုံးဖြတ်ချက်များကို တင်ပြရာ၊ ဥက္ကဋ္ဌ မန်းဘဇန်က ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်မခံနိုင်ကြောင်း ပြောကြားလေသည်။ ထို့အပြင် ဗိုလ်ချုပ်မြတို့နှင့် ပူးပေါင်းရန် ပြင်ဆင် လေတော့သည်။

ဗိုလ်ချုပ်မြနှင့် ပြန်လည်ပြီး ညီညွတ်ရေး ဆွေးနွေးရန် ဗဟိုကော်မတီ အစည်း အဝေးမှ ဖွဲ့စည်းပေးခဲ့သော ကိုယ်စားလှယ်အဖွဲ့မှ ဗိုလ်ချုပ်ကော်ထူးက “ရလလဖ”၊ ကရင်နီ တိုးတက်ရေးပါတီ၊ ကယန်းအဖွဲ့တို့နှင့် တပ်ပေါင်းစုကိစ္စကို သွားရမည်ဖြစ်၍ ဗိုလ်ချုပ်မြ တို့နှင့် တွေ့ဆုံရေးကို မန်းဘဇန်အား တာဝန် လွှဲပြောင်း ပေးခဲ့သည်။

မန်းဘဇန်ကလည်း ဗိုလ်ချုပ်ကော်ထူးအား သူမပါလျှင် ဗိုလ်ချုပ်မြတို့အဖွဲ့မှာ လာရောက်တွေ့ဆုံမည် မဟုတ်ကြောင်း။ ထို့ကြောင့် ဗိုလ်ချုပ်ကော်ထူး ကလည်း မန်းဘဇန် အား ဤသို့ဆိုလျှင် ခင်ဗျားဘဲ တာဝန်ယူပြီး သွားရောက် တွေ့ဆုံရန် သဘောတူခဲ့ လေသည်။

မန်းဘဇန်က ဗိုလ်ချုပ်မြအား အစည်းအဝေးခေါ်ရာ၊ ဗိုလ်မြ၊ ဗိုလ်ရွှေဆိုင်း တို့က K.R.C. ကွန်ဂရက်ကို ကျင်းပရန်၊ K.R.C. ကွန်ဂရက်တွင်၊ K.N.L.C. အဖွဲ့က K.R.C. အဖွဲ့ဝင် များအဖြစ် တက်ရောက်မည်ဟု သဘောတူပြီး၊

ကွန်ဂရက်ခေါ်ယူရေးအတွက် ကုန်ကျစရိတ် (၁၀,၀၀၀/-) ငွေကျပ် တသောင်း ကိုပင် ထုတ်ထားလေသည်။ ပါတီဗဟိုကော်မတီ ကိုယ်စားလှယ်များနှင့် ဗိုလ်မြတို့ ဆွေးနွေးပွဲတွင် သဘောတူခဲ့သော အချက်များမှာ၊ -

- နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးကို သဘောတူ လက်ခံမည်။
- အလားအလာ တရပ်တည်း ထားရှိရေးကို လက်ခံမည်။
- အလုပ်သမားလူတန်းစားဦးဆောင်မှုကို ဖျက်သိမ်းပေးရန် ဟူသော သဘောထား ကို၊ ပါတီ ဗဟိုက လက်မခံခဲ့ပေ။

ထို့အပြင် ညီလာခံတက်ရောက်ရေးတွင် ကွဲနေသော အဖွဲ့နှစ်ဖွဲ့ (K.R.C. & K.N.U.P.) သည် ယခင် ဖွဲ့စည်းတည်ရှိမှုအတိုင်း ကေအဲန်ယူပါတီ အနေဖြင့်သာ တက် ရောက်ကြရန် ပါတီက သဘောတူထားလေသည်။

၂၂၆။ ၁၉၆၇ ခုနှစ်၊ ဥက္ကဋ္ဌကြီး မန်းဘဇန် ဦးဆောင်ပြီး ဗိုလ်မြတို့နှင့် ဆွေးနွေးပွဲတွင် ရရှိခဲ့သော သဘောထားများနှင့် ညီလာခံ ခေါ်ယူရေး သဘောတူညီချက်ကို ပါတီက လက်မခံ ခဲ့သောကြောင့် ပါတီမှထွက်ပြီး ဗိုလ်ချုပ်မြအဖွဲ့နှင့် သွားရောက်ပူးပေါင်း လေ သည်။ မန်းဘဇန် နောက်သို့ အောက်ပါ ဗဟိုကော်မတီများ လိုက်ပါ သွားလေသည်။

၁။ ဗိုလ်မောင်မောင်၊
၂။ ဗိုလ်ဘသင်၊
၃။ ဗိုလ်မှူးချုပ်တာမလာဘော၊
၄။ ပဒိုဘောယူဖေါ၊
၅။ ဗိုလ်မှူးချုပ်ကစယ်ဒိုး၊
၆။ ဗိုလ်သန်းအောင် တို့ဖြစ်သည်။

၂၂၇။ ၁၉၆၇ ခုနှစ်။ ဗိုလ်မြအဖွဲ့နှင့် မန်းဘဇန်တို့အဖွဲ့ ပူးပေါင်းပြီး၊ ပူးတွဲ အစည်း အဝေးတွင် ဗိုလ်မြ၏ K.N.L.C. အဖွဲ့ကို ဖျက်သိမ်းပြီး၊ K.N.U.F. ကို ဖွဲ့စည်းလိုက်သည်။ K.N.U.F. (Karen National United Front) ကရင်အမျိုးသား ညီညွတ်ရေးတပ်ဦး ကို ဖွဲ့စည်းလိုက်သည်။ K.N.U.F. တွင် မန်းဘဇန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၂၈။ ၁၉၆၇ ခုနှစ်။ ဗိုလ်ချုပ်ကော်ထူးသည် (၆)ကြိမ်မြောက် ပါတီ ဗဟိုကော်မတီ အစည်းအဝေး တက်ရောက် ပြီးနောက် အရှေ့တိုင်း သို့ ပြန်လည်ရောက်ရှိလာသည်။ ဗိုလ်မြနှင့်တွေ့ဆုံရန်ကိစ္စကို မန်းဘဇန်အား တာဝန် လွှဲအပ်ထားပြီးနောက် ကရင်နီ ဗဟိုသို့ တက်သွားလေသည်။ ကရင်နီဗဟို ဌာနချုပ်တွင် လူမျိုးစုများ ညီညွတ်ရေး တပ်ဦး ခေါ်"လည်တ" ကို ဦးဆောင် ဖွဲ့စည်းလေသည်။ ထို "လည်တ" တွင် ပါဝင်သော အဖွဲ့များမှာ ကေအဲန်ယူပါတီ၊ ကရင်နီ တိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ မွန်ပြည်သစ်ပါတီတို့ ပါဝင်လေသည်။

တပ်ပေါင်းစုဖွဲ့ပြီးသည်နှင့် ပူးတွဲပြီး စစ်ရေးအကောင်အထည် ဖော်နိုင်ရန် တပ်ပေါင်းစု တပ်ဖွဲ့ တဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုတပ်ပေါင်းစုအဖွဲ့တွင် ကေအဲန်ယူ ပါတီမှ တပ်စုတစု၊ အင်အားအပြည့် အယောက် (၄၀)ပါဝင်သည်။ ကရင်နီတိုးတက်ရေး ပါတီမှလည်း တပ်စုတစု၊ ကယန်းပြည်သစ်ပါတီမှ တပ်စိတ် တစိတ်တို့ ပါဝင်စုဖွဲ့ထားသည်။ "လည်တ"၏ တပ်ပေါင်းစု တပ်ဖွဲ့သည် ကရင်နီ နယ်မြေနှင့် ကယန်းနယ်မြေ အတွင်း ရန်သူများကို လိုက်လံတိုက် ခိုက်ခဲ့သည်။

ထို့အပြင် ရှမ်းပြည်သို့တက်သွားသော ရှမ်းပြည်တိုးတက် ရေးပါတီ S.S.P.P. နယ်မြေထဲသို့ သွားရောက်ပြီး၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့်လည်း ပူးတွဲ တိုက်ပွဲများ ဖော်ဆောင်နိုင်ခဲ့သည်။ ထိုလူမျိုးစုများ ညီညွတ်ရေးတပ်ဖွဲ့သည် ရှမ်းနယ်မြေအတွင်း ရန်သူအား တပ်ခွဲလိုက် အထိကိုပင် ချေမှုန်းတိုက်ခိုက်ခဲ့လေသည်။

ဤကဲ့သို့ "လည်တ"တပ်ပေါင်းစု တပ်ဖွဲ့၏ အောင်ပွဲသတင်းကြောင့် ရှမ်း၊ ပအိုဝ်း၊ ကရင်နီပြည်သူများသည် တော်လှန်ရေးအပေါ် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရုံသာမက တက်တက်ကြွကြွ ထောက်ခံကြလေသည်။ ထို "လည်တ"အဖွဲ့သည် ၁၉၇၅ ခုနှစ် ကေအဲန်ယူပါတီကို ဖျက်သိမ်းလိုက်ပြီး၊ ကေအဲန်ယူနှင့် ပူးပေါင်း လိုက်သော အခါတွင်မှ "လည်တ"တပ်ပေါင်းစုကို ဖျက်သိမ်းခဲ့လေသည်။

၂၂၉။ ၁၉၆၈ ခုနှစ်။ K.N.U.F. မှ ဥက္ကဋ္ဌ မန်းဘဇန်၊ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်သန်းအောင်၊ ဗိုလ်ဘသင်တို့ နှင့် K.N.U.P. ဘက်မှ ဖူးတာအယ်၊ စကောလယ်တော၊ ဗိုလ်ချုပ်ကော်ထူး တို့ ပါဝင်ပြီး၊ ရှိုလူ (နော်ဟန်တာ)တွင် ညီညွတ်ရေးအတွက် ကရင်အဖွဲ့ နှစ်ဖွဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်မြ တက်ရောက်ခဲ့ခြင်း မရှိ။ K.N.U. ပါတီသည် ထို

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တွေ့ဆုံ ဆွေးနွေးပွဲကို အမြင်မတူသည့် အဖွဲ့နှစ်ဖွဲ့ တွေ့ဆုံသည်ဟု သဘောမထားဘဲ၊ တပါတီ၊ အဖွဲ့အစည်း တခုတည်းဟူသောသဘောထားမျိုးထားကာ ဆွေးနွေးခဲ့သည့်အတွက် ညီညွတ်ရေးကို ဦးမတည်တော့ဘဲ တဦးအပေါ်တဦး၊ အပြစ်တင် မှုများ အပြစ်ပုံချမှုများသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ညီညွတ်ရေးကို ထိုအစည်းအဝေးက အကောင်အထည် မဖော် နိုင်ခဲ့ပေ။

၂၃၀။ ၁၉၆၈ ခုနှစ်၊ ကေအဲန်ယူပါတီမှ ခွဲထွက်သွားသော မန်းဘဇန်နှင့် ဗိုလ်မြ အဖွဲ့သည် အစ ပထမတွင် K.N.U.F. ကို ဖွဲ့စည်းပြီး များမကြာမီမှာပင် K.N.U. ကရင် အမျိုးသား အစည်းအရုံးအဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။ K.N.U. အဖြစ် ပြောင်းလဲဖွဲ့စည်း လိုက်ပြီးနောက်ပိုင်းတွင် ဦးနုခေါင်းဆောင်သော ပါလီမန် ဒီမိုကရေစီပါတီနှင့် ဘန်ကောက် မြို့တွင်တွေ့ဆုံပြီး၊ တိုင်းရင်းသားပေါင်းစုံ ညီညွတ် ရေးနှင့် လွတ်မြောက်ရေး တပ်ပေါင်းစု (တညလ)ကို ဖွဲ့စည်းလေသည်။

ထိုတပ်ပေါင်းစုတွင် ဦးနုက နာယကကြီး အဖြစ်ဆောင်ရွက်ပြီး၊ ဥက္ကဋ္ဌ တာဝန်ကို မန်းဘဇန်နှင့် အတွင်းရေးမှူးတာဝန်အား နိုင်ရွှေကျင်တို့အား ပေးအပ်သည်။ နောက်ပိုင်း တွင် ရှမ်းမျိုးချစ်ပါတီနှင့် ချင်းဒီမိုကရေစီပါတီတို့ တပ်ပေါင်းစု တွင်းသို့ ဝင်ရောက်လာ လေသည်။

ကေအဲန်ယူ	မန်းဘဇန်၊
ပ ဒ ပ (p.d.p.)	ဦးနု၊ ဗိုလ်ချုပ်သွင်၊
“ရှမ်း”မျိုးချစ်ပါတီ	ဂျင်မီယန်း၊
“ချင်း”ဒီမိုကရေစီပါတီ	ဦးမန်းတလင်း၊

ပဒပ နှင့် ကေအဲန်ယူတို့၏ သဘောထား ကွာဟမှုကြောင့် မန်းဘဇန် ဦးဆောင်သော ကေအဲန်ယူက နုတ်ထွက်လိုက်သဖြင့်၊ “တညလ”တပ်ပေါင်းစုလည်း ထူးထူးထွေထွေ လှုပ်ရှားမှုများ မလုပ်နိုင်တော့ပေ။

၂၃၁။ ၁၉၆၈ ခုနှစ်။ မန်းဘဇန်၊ ဗိုလ်မြ ဦးဆောင်သော K.N.U.F. မှ နယ်ခြားဂိတ် များကို အောက်ပါအတိုင်း စတင်ဖွင့်လှစ်ခဲ့သည်။

၁။	ဖလူး၊	၅။	သော်လဲထာ၊
၂။	ကော်မူးရာ၊	၆။	စောထာ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၃။ မော်ဖိုးကော၊ ၇။ နတ်အိမ်ထောင်၊

၄။ မယ်သဝေါ၊ ၈။ ဘုရားသုံးဆူ ဂိတ်များ ဖြစ်သည်။

၂၃၂။ ၁၉၇၀ ခုနှစ်။ ဗိုလ်မြ၊ မန်းဘဇန်နှင့် ကေအဲန်ယူပါတီ။

ဗိုလ်ချုပ်မြနှင့် အရှေ့တိုင်း တပ်မှူးများ၏ သဘောထား။

၁။ နယ်ချဲ့စံနစ်၊ မြေရှင် ပဒေသရာဇ်ဆန့်ကျင်ရေးကို ပယ်ဖျက် ပေးရန်။

၂။ ကရင်တော်လှန်ရေး၏ ရည်မှန်းချက်ဖြစ်သော ဆိုရှယ်လစ် စံနစ်အား ဖျက်သိမ်း ပေးရန်။

၂၃၃။ (၆)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးသို့ တင်ပြသော မန်းဘဇန်၏ သဘောထား။

၁။ အလုပ်သမားလူတန်းစားကို ကိုယ်စားပြုသော ကေအဲန်ယူပါတီ၏ သဘောတရား ဦးဆောင်လမ်းညွှန်မှုဟူသော အချက်ကို မထားရန်။ တနည်း ဆိုလျှင် ကေအဲန်ယူပါတီတွင် အလုပ်သမား လူတန်းစား ဦးဆောင်မှုကို မထားရန်။

၂။ အလားအလာ နှစ်ရပ်ဟူသောမူကို လက်ခံကျင့်သုံးရန်။ အဓိပ္ပါယ်မှာ လက်နက် ကိုင် တော်လှန်သည့် နည်းဖြင့် အောင်ပွဲခံနိုင်သကဲ့သို့ ပါလီမန် ဒီမိုကရေစီ နည်းဖြင့်လည်း အောင်ပွဲခံနိုင်သည်ဟူ၍ ဖြစ်သည်။

၂၃၄။ ကေအဲန်ယူပါတီ ခေါင်းဆောင်များ၏ သဘောထား။

၁။ နယ်ချဲ့စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်ကို ဆန့်ကျင်သော တော်လှန်ရေးသည် အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီ တော်လှန်ရေးဖြစ်သည်။ တနည်းအားဖြင့် နယ်ချဲ့ ဆန့်ကျင်ရေးသည် အမျိုးသားဒီမိုကရေစီတော်လှန်ရေးဖြစ်ပြီး၊ မြေရှင်ပဒေသရာဇ် ဆန့်ကျင် ရေးသည် မြေယာတော်လှန်ရေး ဖြစ်သည်။ တနည်းအားဖြင့် အမျိုးသား ဒီမိုကရေ စီနှင့် မြေယာတော် လှန်ရေးသည် ဓနရှင် ဒီမိုကရေစီ ဘောင်အတွင်း၌သာ ရှိသေးသည်။

၂။ ကရင်တော်လှန်ရေးသည် နယ်ချဲ့စံနစ်နှင့် မြေရှင်ပဒေသရာဇ်ကို ဆန့်ကျင်သည့် အမျိုးသားလွတ်မြောက်ရေး ဒီမိုကရေစီတော်လှန်ရေး အောင်ပွဲဖြစ်ပြီးလျှင် ဆိုရှယ်လစ် စံ

နစ်သို့တက်လှမ်းရန်ဖြစ်သည်။ ဆိုရှယ်လစ်စံနစ်သို့ တက်လှမ်းနိုင် ရေးအတွက် အလုပ်သမား လူတန်းစားက ဦးဆောင်မှုကို ရရှိ ရပေမည်။

၃။ ဓနရှင်ဒီမိုကရေစီ အမျိုးသားတော်လှန်ရေးများသည် အလုပ်သမား လူတန်းစား ဦးဆောင်မှုမရှိလျှင် ဆိုရှယ်လစ်စံနစ်သို့တက်လှမ်းနိုင်မည် မဟုတ်သည့်အပြင် အမျိုးသား လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ တော်လှန်ရေးဖြစ်သော ဓနရှင် ဒီမိုကရေစီ တော်လှန် ရေးကို ပြီးမြောက်အောင်လည်း လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

၄။ အလုပ်သမား လူတန်းစားခေါင်းဆောင်မှုမရှိသော ဓနရှင် လူတန်းစား ခေါင်း ဆောင်မှုဖြင့်သာဆိုလျှင် အာဏာရလာသော ဓနရှင်လူတန်းစားသည် မိမိ တို့၏ လူတန်းစား အကျိုးစီးပွားကိုသာ အဓိကထားမည် ဖြစ်သည်။ ကျန် ဆင်းရဲသား၊ အလုပ်သမား၊ လယ်သမားများ၏ အကျိုးစီးပွားတို့မှာ ကျောခိုင်းခံကြရမည် ဖြစ်သည်။ ဤသို့ဆိုလျှင် ဓနရှင်လူတန်းစား ဦးဆောင်မှုဖြင့် အမျိုးသားဒီမိုကရေစီ တော်လှန်ရေးသည် အောင်ပွဲခံ နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အများစုဖြစ်သော ဆင်းရဲသော လယ်သမား၊ အလုပ်သမားများသည် အမျိုးသားဒီမိုကရေစီတော်လှန်ရေးနှင့် ကင်းကွာသွားမည်ဖြစ်သော ကြောင့် ဖြစ် သည်။

၅။ အလုပ်သမား ဦးဆောင်မှုမရှိလျှင် ဆိုရှယ်လစ်စံနစ်သို့လည်း တက်လှမ်း နိုင်မည် မဟုတ်ပေ။

၆။ အလားအလာနှစ်ရပ်။ လက်နက်ကိုင်တော်လှန်သည့် နည်းနှင့်ပါလီမန် ဒီမိုကရေစီ နည်းတို့ ဖြစ်သည်။

၁၉၅၅ ခုနှစ်၊ (၂၂)ကြိမ်မြောက် ဆိုဗီယက် ဗဟို ကော်မတီအစည်း အဝေးမှ၊ ပြန်လည် ချမှတ်လိုက်သော နိုင်ငံတကာ တော်လှန်ရေးအပေါ် သဘောထားဖြစ်သည်။ ပါလီမန်ဒီမိုကရေစီ နည်းနှင့်လည်း အောင်ပွဲခံနိုင်သည်ဟု ချမှတ်ခဲ့သည်။ ၎င်းကို “(၅၅)လမ်းစဉ်”ဟု ခေါ်ဆိုပြီး၊ ဗကပ တို့ကလည်း ကျင့်သုံးခဲ့ဖူးသည်။ ပါလီမန် ဒီမိုကရေစီ နည်းဖြင့်လည်း အောင်ပွဲခံနိုင်သည်ဟု ဖော်ပြ၊ အဖွဲ့အစည်းများဖြစ်သော မွန်ပြည်သူ့ တပ်ဦး၊ ပအိုဝ်း နှင့် ကရင်နီတို့ အပြင် ဗကပ နယ်မြေအချို့လည်း လက်နက် ချသွား ကြသည်။ နောက်ပိုင်း ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)က ထို (၅၅)လမ်းစဉ်သည် ဗမာပြည် အခြေအနေနှင့် မကိုက်ညီဟု ဆိုကာ လက်မခံတော့ပေ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၆၄)လမ်းစဉ်။ လက်နက်ကိုင် တော်လှန်ရေးနည်းဖြင့်သာ အောင်ပွဲခံနိုင်သည် ဟူသည့် လမ်းစဉ်အဖြစ် ပြန်လည်ချမှတ်ခဲ့သည်။

၂၃၅။ ၁၉၆၈ ခုနှစ်။ ကေအဲန်ယူပါတီ၏ မြောက်ပိုင်းကိုယ်စားလှယ် အဖွဲ့သည်၊ ပအိုဝ်း ဗိုလ်စံသိန်းအဖွဲ့နှင့် "ရှမ်း" မိုးဟိန်းအဖွဲ့တို့၏ ပဋိပက္ခကြောင့် ခရီးမပေါက်သဖြင့် ဌာနချုပ် စခန်းဖြစ်သော "ဖလေးစာလို"သို့ ပြန်လာပြီးနောက်၊ အောက်ပါအတိုင်း ပြန်လည် ဖွဲ့စည်း ခဲ့သည်။ မြောက်ပိုင်းသို့ အတွင်းလမ်းမှ ထိုးဖောက်ရန် ကိုလည်း စီစဉ်ခဲ့သည်။

အဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်အေးဟန်၊
အတွင်းရေးမှူး မန်းရှာလားဖန်း၊
အဖွဲ့ဝင် မန်းခွာ (ခေါ်) စောဘာဘာ၊
အဖွဲ့ဝင် စောအဝါး (ထွန်းငွေ)၊
အဖွဲ့ဝင် စောသမိန်ထွန်း၊
အဖွဲ့ဝင် ဗိုလ်သိန်းလွင်၊
အဖွဲ့ဝင် စောတိုး (တရုတ်ကလေး)
အဖွဲ့ဝင် တရုတ်လူမျိုး ကျောင်းသား အတွင်းရေးမှူး၊
အဖွဲ့ဝင် စောအယ်ကော(ပါစက) တို့ပါဝင်ကြသည်။

ထိုအဖွဲ့ကို အဖွဲ့ (၂)ဖွဲ့ ခွဲကာ။
အဖွဲ့ (၁)တွင်၊
၁။ ဗိုလ်အေးဟန် (အဖွဲ့ခေါင်းဆောင်)၊
၂။ မန်းခွာ (စောဘာဘာ)၊ ၄။ စောဝါး (ထွန်းငွေ)၊
၃။ မန်းရှာလားဖန်း၊ ၅။ တရုတ်ကျောင်းသား အတွင်းရေးမှူး၊

အဖွဲ့ (၂)တွင်၊
၁။ ဗိုလ်သိန်းလွင် (အဖွဲ့ခေါင်းဆောင်)၊ ၃။ စောအယ်ကော (ပါစက)၊
၂။ စောသမိန်ထွန်း၊ ၄။ စောဝါး (တရုတ်ကျောင်းသား)
တို့ဖြစ်ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၆၉ ခုနှစ်တွင် ပြန်လည် ထွက်ခွာကြသည်။ ၁၉၇၀ ခုနှစ်၊ ဇွန်လတွင် ပြန်လည် ရောက်ရှိလာသည်။ ဗိုလ်အေးဟန်၊ စောဘာဘာ (ခေါ်) မန်းခွာ တို့မှာ လမ်းတွင် (တိုက်ပွဲတွင်း) ကျဆုံးခဲ့သည်။ အဝါး (ခေါ်) တရုတ်ကလေးသည် ပအိုဝ်း နယ်တွင် အဖျား ရောဂါဖြင့် သေဆုံးခဲ့သည်။

၂၃၆။ ၁၉၆၉ ခုနှစ်။ စစ်ဦးစီးဌာနချုပ်ကို "ဖလေးစာလို"တွင် ပြန်လည်ထားရှိသည်။ ပါတီဌာနချုပ်မှာ "ဟိုခီး"တွင်ထားသည်။ ထို နေရာသည် တပ်မဟာ(၃)နှင့် တပ်မဟာ(၂) နယ်ခြင်း ဆက်စပ် လျက်ရှိသည်။

ထိုနှစ်က တောင်ငူခရိုင်ဌာနချုပ်သို့၊ (၁)။ စောဘမိုး(ခေါ်) စောရန်နာ၊ (၂)။ ဆရာမ နော် အေးဒွေး (စောဘမိုး၏ ဇနီး)၊ (၃)။ နန်းတု (ခေါ်) နန်းဃီးလာ (နောက်ပိုင်း ဆရာ သာလာထူးနှင့် အိမ်ထောင်ကျသည်။)၊ (၄)။ စသိန်းအောင် (မန်းစဘီ၏ ညီအစ်ကိုဝမ်းကွဲ)၊ (၅)။ စဘီလီ (မြောက်ဥက္ကလာပ)၊ (၆)။ စောကျော်စိန် (စောသန်းလွင်၏ တူ)၊ (၇)။ စော ကီးကီး၊ (၈)။ ဆရာစဘီ (ကျောင်းဆရာ)၊

ပါတီဌာနချုပ်သို့ - မန်းစဘီနှင့် စသိန်းအောင်၊

စစ်ဦးစီးဌာနချုပ်သို့ - စဘီလီ (ခေါ်) စောကျော်စိန်၊ နန်းတု (ခေါ်) နန်းဃီးလား၊

၂၃၇။ ဖလေးဆာလိုအနီးတွင် အထက်တန်းကျောင်း တကျောင်းကို ကေအဲန်ယူပါတီမှ ဖွင့်လှစ်ရာ ဆရာစောဘမိုး၊ ဆရာမကြီးနော်အေးဒွေး တို့က ဦးဆောင်ကာ စာသင်ပေး လေသည်။ နန်းဃီးလားမှာ ဆရာသာလာထူ နှင့် အိမ်ထောင်ကျသည်။ နောက်ပိုင်း ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဆရာမနော်အေးဒွေးသည်လည်း ကျောင်းဆရာမ လုပ်ရင်း ကိုယ်ဝန် (၈)လဖြင့် ဆုံပါးခဲ့သည်။ ဆရာစဘီ၏ ဝမ်းကွဲညီ စသန်းအောင်မှာ ကြား ဖြတ်စက် သင်တန်းတက်နေစဉ် ငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့သည်။

၂၃၈။ ပါတီနှင့် စစ်ဦးစီးဌာနချုပ်အဖွဲ့မှာ ၁၉၇၀-၇၁ တွင် ပဲခူးရိုးမသို့ အားလုံး ကူးပြောင်း သွားကြသည်။ ထိုအချိန်က ပါတီဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ကော်ထူးဖြစ်သည်။ ပါတီ အထွေထွေ အတွင်းရေးမှူးချုပ်မှာ ဗိုလ်မှူးချုပ်ကျင်ဖေဖြစ်ပြီး စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်မြမောင်၊ ဒုတိယ စစ်ဦးစီးချုပ်မှာ ဗိုလ်မှူးချုပ်တာအယ် ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျင်ဖေက ဦးစွာ ပြန်လည် ရောက်ရှိ လာပြီး၊ တောင်ယာများပင် ခုတ်ထားပြီး ဖြစ်သည်။ (၇)ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေး ကျင်းပပြီးကာစ၊ ရန်သူမှ ထိုးစစ်ဆင်သဖြင့် ထိုထိုးစစ်တွင် ဗိုလ်ကျင်ဖေ ကျဆုံး ခဲ့သည်။ ဗိုလ်ချုပ်မြမောင်က ပဲခူးကို ပြန်ကူးရာတွင် လမ်း၌ပင် ရှိနေသေးသည်။
၁၉၇၀ ခုနှစ်။ ကေအဲန်ယူ (၈)ကြိမ်မြောက် ကွန်ဂရက်
K.N.U.F. ကို ဖျက်သိမ်းလိုက်ပြီး K.N.U. ကို ဖွဲ့စည်းသည်။

၂၃၉။ ၁၉၇၀ ခုနှစ်။ ကေအဲန်ယူ (၈)ကြိမ်မြောက် ကွန်ဂရက်။ K.N.U.F. ကို ဖျက်သိမ်း လိုက်ပြီး K.N.U. ကို ဖွဲ့စည်းသည်။
ကေအဲန်ယူ ဖွဲ့စည်းပုံမှာ၊

ဥက္ကဋ္ဌ	မန်းဘဇန်၊
ဒု ဥက္ကဋ္ဌ	ဗိုလ်မြ၊
အထွေထွေ အတွင်းရေးမှူး	ဗိုလ်သန်းအောင်၊
တွဲဘက်အထွေထွေအတွင်းရေးမှူး	ဗိုလ်မောင်မောင်၊
ဘဏ္ဍာရေးမှူး	ဖူးလယ်ဝါး၊
သစ်တောဌာန	ပဒိုသာပြည့်၊
ပညာရေးဌာန	ပဒိုဂေဒွဲဘွား၊
ကျန်းမာရေးဌာန	ပဒိုရှီးလေ၊

၂၄၀။ ၁၉၇၀ မန်းဘဇန်၊ ဗိုလ်မြတို့ K.N.U. အုပ်စုမှ စည်းရုံးရေး ဌာနတာဝန်ခံ ပဒိုဘသင်အား ဘိတ်ထားဝယ် ခရိုင်တွင် သွားရောက် ဦးဆောင်ရန် တာဝန်ပေး အပ်သည်။ ဘိတ်ထားဝယ် ခရိုင် ကော်မတီဝင်များမှာ ပဒိုဘသင်၊ (ခရိုင် ဥက္ကဋ္ဌ)၊ ပဒိုစောသိန်း (ခရိုင် အတွင်းရေးမှူး) နှင့် ဗိုလ်မှူးတောလ တို့ ပါဝင်ခဲ့သည်။

၂၄၁။ မြစ်ဝကျွန်းပေါ်၌ ရန်သူ၏ စစ်ဆင်ရေးများ

၁၉၆၅ ခုနှစ်။ ဆင်မင်းစစ်ဆင်ရေး။ အောင်စစ်သည် စစ်ဆင်ရေး။
၁၉၆၈ ခုနှစ်။ မိုးဟိန်းစစ်ဆင်ရေး။ (အဆင့် ၁ မှ ၁၀ အထိ)။

၁၉၇၀ ခုနှစ်။ ရွှေလင်းယုန် စစ်ဆင်ရေး။ မိုးဟိန်းစစ်ဆင်ရေး၊ ရခိုင်ဘက်ကို ကူးသည်။

၁၉၇၀ ခုနှစ်။ အောင်စိုးမိုးစစ်ဆင်ရေး ပဲခူးဘက်သို့ ကူးသည်။

တပ်မ (၈၈)နှင့် တပ်မ (၉၉)တို့ စတင်ဝင်ရောက်သည်။

၁၉၇၀ ခုနှစ်။ ပဏာမကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

၁၉၇၀ ခုနှစ်။ တံခွန်နီကိုယ်စားလှယ်အဖွဲ့ ပဲခူးတိုင်းမှ စတင်ထွက်ခွာသည်။

၁၉၇၀ ခုနှစ်။ ဗိုလ်ကျင်ဖေ ကျဆုံးသည်။

၁၉၇၂ ခုနှစ်။ ဗကပနှင့် ကေအဲန်ယူပီ တပ်များ ပူးတွဲပြီး “အောင်နိုင် ပူးတွဲ စစ်ကြောင်း” ကို ဖွဲ့သည်။

၁၉၇၃ ခုနှစ်။ ပဲခူး၌ တပ်မ (၈၈)နှင့် (၉၉)တို့ကို ရုပ်သိမ်းပြီး၊ တပ်မ (၇၇)ကို အစားထိုးသည်။

၁၉၇၄ ခုနှစ်။ အရှေ့တိုင်း ကေအဲန်ယူပီနှင့် ကေအဲန်ယူတို့ တိုက်ပွဲဖြစ်သည်။

၁၉၇၅ ခုနှစ်။ မတ်လ (၁၅)ရက်တွင် သခင်ဇင်နှင့် သခင်ချစ်တို့ ကျဆုံးသည်။

၁၉၇၅ ခုနှစ်။ ဗိုလ်ချုပ်မြမောင်၊ ကေအဲန်ယူပါတီ ဦးဆောင်အဖွဲ့ နှင့် တပ်မှူး တပ်သား စုစုပေါင်း (၁၀၀)ကျော်တို့၊ ပဲခူးရိုးမသို့ ထွက်ခွာသည်။ ထို့နောက် အရှေ့တိုင်းသို့ ကေအဲန်ယူ နှင့် ပူးပေါင်းရန် ဆက်လက် ထွက်ခွာသွားလေသည်။

၁၉၇၅ ခုနှစ်။ ပဲခူးရိုးမကို ကေအဲန်ယူတို့ လက်လွှတ် ဆုံးရှုံးခဲ့ရသည်။

၂၄၂။ ၁၉၆၅ ခုနှစ်။ ဆင်မင်းစစ်ဆင်ရေးအတွင်း၊ တိုင်းဌာနချုပ်သည် ရခိုင်ရိုးမသို့ ရွှေ့ပြောင်း အခြေချခဲ့သည်။ ၁၉၆၅-၆၇ ခုနှစ်အထိ၊ တိုင်းဥက္ကဋ္ဌ တာဝန်ကို ဗိုလ်ချုပ် မြမောင် ထမ်းရွက်ခဲ့သည်။ တိုင်းအတွင်းရေးမှူးမှာ ဦးစိုးအောင်ဖြစ်ပြီး၊ တိုင်းစစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်မြရင် ဖြစ်ကာ တိုင်းနိုင်ငံရေးမှူးမှာ ဗိုလ်မှူးချုပ် ကျော်သောင်း တို့က တာဝန်ယူ ခဲ့ကြသည်။

၂၄၃။ ၁၉၆၆ ခုနှစ်။ အောင်စစ်သည် စစ်ဆင်ရေးသည် တိုင်း ဌာနချုပ်စခန်းကို တိုက်ခိုက်လာသည်။ ရန်သူသည် အင်အား အမြောက်အများကို အသုံးချပြီး၊ ထိုးစစ်ဆင် သောကြောင့် မြစ်ဝကျွန်းပေါ်ရှိ တော်လှန်ရေး အင်အားစုများအတွက် အခက်အခဲ ကြီးစွာနှင့် ရင်ဆိုင်နေကြရသည်။ သို့သော် ရန်သူကို ရဲရဲရင့်ရင့် ခုခံ တိုက်ခိုက်ခဲ့ကြ သောကြောင့် ရန်သူဘက်တွင် ထိခိုက် ကျဆုံးမှု အများအပြားရှိသကဲ့သို့ မိမိဘက် တွင်လည်း ထိခိုက်ဒဏ်ရာရမှုများနှင့် ကျ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဆုံးမှုများ ရှိခဲ့သည်။ ထိုစဉ်က ရန်သူ့ လက်နက် အမြောက် အများကိုလည်း သိမ်းဆည်း ရမိသည်။

၂၄၄။ ၁၉၆၈ ခုနှစ်။ ရန်သူသည် မြစ်ဝကျွန်းပေါ်အား မိုးဟိန်း စစ်ဆင်ရေးကို အဆင့်(၁)မှ စတင်ခဲ့ပြီး၊ ၁၉၆၉-၇၀ ခုနှစ်အတွင်း အဆင့် (၁၀)အထိ စစ်ရှိန်တိုးမြှင့် တိုက်ခိုက်ခဲ့သည်။ ရန်သူသည် ကုန်းပိုင်း ဖြစ်စေ၊ ရေပိုင်းဖြစ်စေ၊ အင်အား အများ အပြားဖြင့် ထွက်မရအောင် ပိတ်ဝိုင်း ထားလေသည်။ ထို့နောက် အတွင်းပိုင်းသို့ တနေရာပြီး တနေရာ၊ နယ်မြေ အပိုင်းအခြားခွဲကာ ဝင်ရောက် တိုက်ခိုက်လေ တော့သည်။

ပထမဦးဆုံး ချေမှုန်းတိုက်ခိုက်သောနေရာမှာ မြောင်းမြ အနောက်ဘက် သိလ္လာတောင်ကုန်းပေါ်ရှိ အမှတ်(၂)ခရိုင်ရုံးကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က မြစ်ဝကျွန်းပေါ် ခရိုင်ဥက္ကဋ္ဌ မှာ ဗိုလ်ဘီဖိုး ဖြစ်သည်။ မြစ်ဝကျွန်းပေါ် ကေအဲန်ယူပါတီနှင့် ကရင်အမြဲတမ်းတပ်မတော်၊ ကရင်ပြည်သူ့ပြောက်ကျား အဖွဲ့တို့က ရန်သူ၏ ဝိုင်းပတ် တိုက်ခိုက်မှုကို ထိုးဖောက်ပြီး တိုက်ခိုက်ခဲ့ကြသည်။ အင်အားမမျှသော်လည်း ထို တပ်ဖွဲ့ ဝင်များက ရွှပ်ရွှပ်ခွါခွါနှင့် အသေခံ တိုက်သွား ကြသည်။

ကျန်သော မြစ်ဝကျွန်းပေါ်တိုင်း ကေအဲန်ယူပါတီ တိုင်းကော်မတီနှင့် ကရင်အမျိုးသား တပ်မတော်သား တရာ (၁၀၀)ကျော်တို့မှာ ပဲခူးရိုးမဘက်သို့ ရွှေ့ပြောင်း အခြေချခဲ့လေသည်။

၂၄၅။ ၁၉၆၇ ခုနှစ်။ ရခိုင်ပြည်နယ်တွင် ဆန်ရေ စပါး ရှားပါးမှုကြောင့်၊ ရခိုင် စစ်တွေ ဆန်လုပွဲကြီး ဖြစ်ခဲ့ရသည်။ ထိုအချိန်မှစပြီး မိမိတို့ တော်လှန်ရေး အဖွဲ့များတွင်လည်း စားနပ်ရိက္ခာ အခက်အခဲ၊ ဆေးဝါး ရှားပါးမှု၊ လက်နက်ခဲယမ်း မလုံလောက်မှု စသော ဘက်ပေါင်းစုံ အကျပ်အတည်းကို ရင်ဆိုင်ခဲ့ကြရသည်။ သို့သော်လည်း ကရင်တော်လှန်ရေး ခရိုင်၊ မြို့နယ်၊ တပ်ဖွဲ့ အသီးသီးက မိမိတို့ အမျိုးသားအပေါ် သစ္စာခံပြီး တော်လှန်သော အသိစိတ်ဓါတ်ဖြင့်၊ ရန်သူထိုးစစ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း တဖက်တွင်လည်း အပင်ပန်း အဆင်းအရဲခံ၊ အနစ်နာခံပြီး ရိက္ခာအတွက် တောင်ယာများခုတ်ခြင်း၊ စားပင် သောက်ပင်များကို စိုက်ပျိုး၍၊ ထွက်ကုန်များကို ရောင်းချကာ ဆေးဝါးပစ္စည်းများနှင့် အဝတ် အစားများကို ဝယ်ယူ

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖြည့်ဆည်းကြရလေသည်။ ဤနည်းဖြင့် နှစ်အနည်းငယ် အခက် အခဲကို ကျော်နင်း နိုင်ခဲ့သည်။

၂၄၆။ ၁၉၇၂ ခုနှစ်။ ရခိုင်ရိုးမတွင်ရှိသော ကရင်တော်လှန်ရေးအဖွဲ့ကို စစ်ကြောင်း (၂)ကြောင်း ခွဲပြီး၊ မူလနေရင်းဒေသ မြစ်ဝကျွန်းပေါ်သို့ ပြန်လာခဲ့ကြသည်။ စစ်ကြောင်း တကြောင်းသည် ပုသိမ်ဘက်မှ ဝင်ရောက်ပြီး၊ ကျန်တကြောင်းမှာ ဟသ်ာတဘက်မှ ဝင်ရောက်လေသည်။ ရန်သူသည် အစီအစဉ်ကို ကြိုတင် သိရှိထားသဖြင့်၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များဖြင့် ဝိုင်းပတ် တိုက်ခိုက်ရာ မိမိတို့ ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်သည် စွန့်စွန့်စားစား ပြန်လည်ခုခံ တိုက်ခိုက် ခဲ့ကြလေသည်။ ကရင် တော်လှန်ရေး တပ်မှူး တပ်သား အများအပြား တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်ရောင် ပြောင်စွာ ခုခံတိုက်ခိုက်ရင်း အသက် ပေးခဲ့ကြ ရသည်။ ထိုတိုက်ပွဲတွင် ရန်သူဘက်၌လည်း ထိခိုက်ကျဆုံးမှု အများ အပြား ရှိခဲ့သည်။

မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်မြရင် ခေါ်ထူးကပေါ်သည် ရက်ပေါင်းများစွာ အစာ မစားရသဖြင့် အားပြတ်နေစဉ် ရန်သူဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ မြစ်ဝကျွန်းပေါ်တိုင်း စစ်ဦးစီးချုပ် ဖြစ်သူ ဗိုလ်မှူးထွန်းအေးသည် ရန်သူ့ထံ အညံ့ ခံသွားလေသည်။ တိုင်း စစ်ဦးစီးချုပ် လက်နက်ချသွားခြင်းကြောင့် ကျန် တပ်မှူး တပ်သား အများအပြားတို့လည်း ရန်သူထံ အညံ့ခံ ခဲ့ကြရသည်မှာ အထူးဝမ်းနည်း ဖွယ်ရာ ဖြစ်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြစ်ဝကျွန်းပေါ်တိုင်းဒေသအတွင်း ရွှပ်ရွှပ်ခွှံခွှံ တိုက်ခိုက်ရင်း
ကျဆုံးသွား ခဲ့ရသော ခေါင်းဆောင်များနှင့် တပ်မှူးများမှာ။

၂၄၇။ ကရင့်အာဇာနည်များ။

ခရိုင်ခေါင်းဆောင်များ၊	တပ်မှူးများ၊
၁။ ခရိုင်အမှတ်(၁) ဗိုလ်အောင်ကြီး၊	၁။ ဗိုလ်ကျော်လှိုင် (မြပုခက်)
၂။ ခရိုင်အမှတ်(၁) ဗိုလ်ဖိုးအောင်၊	၂။ ဗိုလ်စောရှဲ၊
၃။ ခရိုင်အမှတ်(၂) ဗိုလ်ဘီဖိုးနှင့် ဇနီး၊	၃။ ဗိုလ်မှူး မန်းဖန်းရှောင်း၊
၄။ ခရိုင်အမှတ်(၂) ပဒိုစိုင်းမွန်း၊	၄။ ဗိုလ်ကွက်ကော့၊
၅။ ခရိုင် အမှတ်(၂) ဆရာစရောလေ၊	၅။ ဗိုလ်မှူးသောင်းညွန့်၊
၆။ ခရိုင်အမှတ်(၃) မန်းကျော်လွင်၊	၆။ ဗိုလ်ချစ်လေးမောင်၊
၇။ ခရိုင် အမှတ်(၃) ဗိုလ်ဖိုးသောင်း၊	၇။ ဗိုလ်သန်းရှိန်၊
၈။ ခရိုင် အမှတ်(၄) ဗိုလ်တင်ဝင်း၊	၈။ ဗိုလ်ဂါးမင်း၊
၉။ ခရိုင်အမှတ်(၄) မန်းကျော့၊	၉။ ဗိုလ်တင်ဝင်း၊
၁၀။ ခရိုင် အမှတ်(၇) မန်းအိုင်ရှောင်၊	၁၀။ ဗိုလ်စံတင်
၁၁။ ခရိုင်အမှတ်(၈) ဗိုလ်ဂျက်၊	၁၁။ မန်းလားဖိုး၊

၂၄၈။ ၁၉၆၆ ခုနှစ်၊ ဆင်မင်းစစ်ဆင်ရေးဖြင့် မြစ်ဝကျွန်းပေါ်သို့ စတင် တိုက်ခိုက် စဉ်က
တိုင်း ဖွဲ့စည်းပုံ။

မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ	ဗိုလ်ချုပ်မြမောင်၊
တိုင်း အတွင်းရေးမှူး	ဦးစိုးအောင်၊
တိုင်း စစ်ဦးစီးချုပ်	ဗိုလ်ချုပ်မြရင်၊
တိုင်း နိုင်ငံရေးမှူး	ဗိုလ်မှူးချုပ်ကျော်သောင်း

၁၉၆၃ ခုနှစ်အထိ ခရိုင်ဥက္ကဋ္ဌမှာ မန်းစိန်ဟန်ဖြစ်ပြီး၊ ၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌ အဖမ်းခံ
ရသည့်အတွက် ကော်သူးလေ စစ်ဦးစီးချုပ် စောစိန်မုံမှာ၊ ၁၉၆၃ ခုနှစ် ခေါင်း ဆောင်များ
အကွဲအပြဲတွင် ဟန်တာသာမွေး နောက်သို့ လိုက်ပါသွားသည်။

KPLA တပ်ရင်း (၁) တပ်ရင်းမှူး ဗိုလ်မှူး မြသိန်း၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဒု - တပ်ရင်းမှူး ဗိုလ်မှူး ချစ်မောင်၊

တပ်ခွဲမှူးများ ဗိုလ်မှူး မိုးဟိန်း၊

K.P.L.A. တပ်ရင်း (၂) တပ်ရင်းမှူး ဗိုလ်မှူး ချစ်တင်၊

ဒု - တပ်ရင်းမှူး ဗိုလ်မှူး သောင်းညွန့်၊

ဗိုလ်မှူးချစ်တင် ကျဆုံးပြီးနောက်တွင် ဗိုလ်မှူးသောင်းညွန့်သည် K.P.L.A. တပ်ရင်း(၂) တပ်ရင်းမှူးဖြစ်လာလေသည်။ ဒု တပ်ရင်းမှူးမှာ ဗိုလ်မှူးအေးကျော် ဖြစ်လာသည်။

K.P.L.A. တပ်ရင်း (၃) တပ်ရင်းမှူး ဗိုလ်မှူး ဘောလ်ဒွင်၊

ဒု - တပ်ရင်းမှူး ဗိုလ်မှူး သာစိန်၊

ဗိုလ်မှူးဘော်လ်ဒွင်အား တပ်ပေါင်းစု ကိစ္စဖြင့် ရှမ်းပြည်နယ်သို့ စေလွှတ်ရာ ဗိုလ်မှူးဝင်းအား တပ်ရင်းမှူးအဖြစ် တာဝန်အပ်နှင်း ခဲ့သည်။

၂၄၉။ ၁၉၇၀ ခုနှစ်။ ပဏာမကိုယ်စားလှယ်အဖွဲ့သည် မြောက်ပိုင်း ခရီးစဉ်မှ ပြန်လည် ရောက်ရှိလာသည်။ မြောက်ပိုင်းခရီးစဉ်၌ ကျဆုံးသွားသော ကိုယ်စားလှယ် များမှာ -

၁။ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန်၊ (ဗဟိုကော်မတီဝင်)၊ ဗကပ နယ်မြေ၊ ကျောက်မဲ မြို့နယ်၊ ရေတွင်းကြီး ကျေးရွာသို့ မရောက်မီ မြင်းဖြူကျေးရွာ အနီးတွင် အနား ယူစဉ် အပစ် ခံရပြီး ပျောက်ဆုံးသွားခဲ့သည်။ မြင်းဖြူရွာတွင် ခေတ္တ စခန်းချစဉ် မေမြို့ ဗိုလ်သင်တန်းကျောင်းမှ သတင်းရရှိ၍ ရောက်တိုက်ခိုက်ရာ ဗိုလ်အေးဟန်တို့ လူချင်း ကွဲပြီး နောက် ဗိုလ်အေးဟန် ပျောက်ဆုံးခဲ့ရခြင်း ဖြစ်သည်။

၂။ စောဘာဘာ ခေါ်(မန်းခွာ)၊ ကျောက်ဆည်နယ်၊ ဇော်ဂျီ မြစ်နှုတ်ခမ်း၌ ခေတ္တ စခန်းချ ပြီး ရိက္ခာစုဆောင်းနေစဉ်၊ ရန်သူမှ ဝင်ရောက်ပစ်ခတ်ရာ၊ စောဘာဘာခေါ်မန်းခွာ ထိခိုက် ဒဏ်ရာရရှိပြီး ရန်သူဖမ်းဆီးခြင်းကို ခံရသည်။ ရန်သူမှ စခန်းကို ပြန်ပြခိုင်းပြီး ဝင်ရောက် တိုက်ခိုက်ရာ သခင်တင်ထွန်းနှင့် ၎င်း၏ ဇနီးသည်တို့လည်း ကျဆုံးသွားသည်။ စောသမိန်ထွန်းလည်း ရပ်စောက်ဒေသ၌ ဒဏ်ရာရရှိခဲ့သည်။

စောသမိန်ထွန်း၊ မန်းရှာလားဖန်း၊ စောအဝါး (ခ) ထွန်းငွေ တို့ ထီးထာ၌ စောင့်နေစဉ်၊ စော သိန်းလွင်၊ ပါစက (ခေါ်) စောအယ်ကော် တို့ ပဲခူးရိုးမ ဌာနချုပ်သို့ ပြန်လည် ရောက်ရှိ လာ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၅၀။ ၁၉၇၀ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့တွင်၊ ဗိုလ်မှူးချုပ်ကျင်ဖေ ကျဆုံးသွားသည်။

၂၅၁။ ၁၉၇၀ ခုနှစ် တံခွန်နီ ကိုယ်စားလှယ်အဖွဲ့ကို ဗမာပြည် မြောက်ပိုင်းသို့ ဒုတိယအကြိမ် စေလွှတ်လိုက်သည်။

အဖွဲ့ခေါင်းဆောင် ဖူးစကောလယ်တော (ပေါလစ်ဗျူရို)

ဒု - အဖွဲ့ခေါင်းဆောင် စောမီးသ (ဗဟိုကော်မတီ)

အတွင်းရေးမှူး မန်းရှာလားဖန်း(ပဏာမကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သူ)

ဆေးတပ်ဖွဲ့ မန်းစဘီ၊ ဖားလယ်ဒါး၊ စောရှီးဒီး။

ဖားသဒါး (S.S.A. နယ်မြေတွင် ကျန်ခဲ့သည်။)

မောင်ဖုန်း (နမ့်ဆမ်နယ်တွင် အိမ်ထောင်ကျ ကျန်ခဲ့သည်။)

အချက်ပြဆက်သွယ်ရေး နှင့် ကြားဖြတ်သတင်းဖမ်းယူရေးအဖွဲ့

စောတင်ငွေ၊ စောဒိခလေး၊ စောအယ်ကော်၊

စောထို (S.S.A. တွင် တာဝန်ဖြင့် ချန်လပ်ထားခဲ့သူ။)

စောဟင်နရီ (ခေါ်) အယ်တာတော (လုံခြုံရေးတာဝန်ခံ၊ S.S.A. နယ် မြေတွင် ကျဆုံးခဲ့သည်။)

လေ့လာသူ ဗိုလ်ကြီးသာမောင်၊ စောလိလေး၊

ဗကပ ၊ တရုတ်ကွန်မြူနစ်ပါတီ တို့နှင့် တွေ့ဆုံရာတွင် ပါဝင်သူများမှာ၊ ဖူးစကောလယ် တော၊ စောမီးသ၊ မန်းရှာလားဖန်း၊ စောဇော်မင်းနှင့် စောထွန်းကြည်တို့ ဖြစ်သည်။

အဖွဲ့ဝင်များ၊

စောဆာယု၊ စောပါစက၊ စောဒေးဖိုး (ဦးစိုးအောင်၏သား၊ S.S.A. နယ်မြေတွင် ကျဆုံးခဲ့သည်။)၊

စောဂျိုး (လမ်းခရီး၌ပင် ဗဟိုနှင့် ဆက်သွယ်ရန် ပြန်လွှတ်ခဲ့ ရသူ။)၊

စောသောင်းကြည်(လမ်းခရီး၌ပင်ဗဟိုနှင့်ဆက်သွယ်ရန် ပြန်လွှတ်ခဲ့ရသူ။)၊

စောထင်ကျော် (အပြန်ခရီးတွင် အောင်ခမ်းထီ အဖွဲ့၌ ကျန်ခဲ့သည်။)၊

စောဂျောလေ (အပြန်ခရီးတွင် အောင်ခန်းထီ အဖွဲ့၌ ကျန်ခဲ့သည်။)

စောကျော်သောင်း၊ စောငမုန်၊ စောထီးမူး (ခေါ်) ဖားဆူးခို၊

စောနေကော်ထူး(လမ်းခရီးတွင်ချန်လှပ်ထားခဲ့သည်။)

စောဘမိုး (လမ်းခရီးတွင် ချန်လှပ်ထားခဲ့သည်။)

စောသမိန်ထွန်း (လမ်းခရီးတွင် ချန်လှပ်ထားခဲ့သည်။)

စောသန်းမြ (ထီးလုံ နောင်လုံ လမ်းခရီးတွင် ချန်လှပ်ထားခဲ့ သည်။)

စောမိုးကျော် (လမ်းခရီးတွင် ချန်လှပ်ထားခဲ့သည်။)

စောထွန်းလှ (ဘားအံမှ တရုတ်ကလေး) (လမ်းခရီးတွင် ချန်လှပ် ထားခဲ့သည်။)

စောမြသောင်း (လမ်းခရီးတွင် ချန်လှပ်ထားခဲ့သည်။)

စောထွန်းငွေ (စောအဝါး) (ပဏာမ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင် သည်။)

ကိုဇော်လွင် (ကချင် အမျိုးသား)

အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်အားလုံး (၃၆)ယောက်ရှိသည်။ ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီ၊ မတ်လလောက်တွင် ပဲခူးရိုးမမှ ထွက်ခွာရာ ၁၉၇၅ ခုနှစ်၊ ဇန္နဝါရီလ (၂၅)ရက် နေ့တွင် ကရင်နီ “ထီးထာ” စခန်းသို့ ပြန်လည် ရောက်ရှိကြသည်။

၂၅၂။ ၁၉၇၀ ခုနှစ်။ စစ်ဆင်ရေးမှာ ပဲခူးဘက်သို့ ကူးလာသည်။ ထိုအချိန် တပ်မ (၉၉) စတင် ဝင်ရောက်လာသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

“ပဲခူးရိုးမတိုင်း”

၂၅၂။ ပဲခူးရိုးမတိုင်းကို ၁၉၅၆ ခုနှစ်တွင် ပဲခူးရိုးမတိုင်း အဖြစ်ဖွဲ့စည်းရာ၊ တိုင်း ဥက္ကဋ္ဌ မှာ စောမျိုးသွေးဖြစ်ပြီး၊ ဒုတိယ ဥက္ကဋ္ဌမှာ ဗိုလ်မောင်မောင်ဖြစ်သည်။ ဗိုလ်မောင်မောင်မှာ ပဲခူးတိုင်း တပ်မဟာမှူးအဖြစ်လည်း တာဝန်ယူထားလေသည်။ တိုင်း အတွင်းရေးမှူးမှာ ဗိုလ်အေးဟန် ဖြစ်သည်။ စောမျိုးသွေးသည် ပဲခူးရိုးမတိုင်းသို့ ရောက်လာပြီး၊ မကြာခင်မှာ ပင် ဗကပ မှ ဆေးဆရာမ ဒေါ်အေးမြင့်နှင့် လူမှုရေး အမှားများ ကျူးလွန်သဖြင့် တိုင်းဥက္ကဋ္ဌ တာဝန်မှ ရပ်စဲခြင်း ခံရပြီး၊ ဗိုလ်အေးဟန်မှာ တိုင်းဥက္ကဋ္ဌ ဖြစ်လာလေသည်။ ဗိုလ်သန်းအောင်မှာ ပဲခူးတိုင်း အတွင်းရေးမှူး ဖြစ်လာသည်။

၁၉၅၉ ခုနှစ်၊ ပထမအကြိမ်မြောက် ပါတီကွန်ဂရက်ကို ကျင်းပပြီးစီးသော အခါ ဗိုလ်သန်းအောင်၊ ဗိုလ်မောင်မောင်နှင့် စောမျိုးသွေးတို့အား တပ်ပေါင်းစု လုပ်ငန်းများ တာဝန်ယူရန် အရှေ့တိုင်း ပါတီဗဟိုဌာနချုပ်သို့ ခေါ်ယူလိုက်လေသည်။

၁၉၅၉ ခုနှစ်၊ ပါတီ ကွန်ဂရက်ပြီးဆုံးသောအခါ ပဲခူးတိုင်းအတွင်း တာဝန်ထမ်းဆောင်ရန်၊ ဆရာဖလားစေးအား စေလွှတ်ရာ လမ်းတွင် ရန်သူဖမ်းမိသောကြောင့် နောက်ပိုင်းတွင် ဗိုလ်တင်ဦး (ဖူးတာအယ်)ကို ပြန်လည် စေလွှတ်ရသည်။ ထိုစဉ်က ဗိုလ်တင်ဦး မှာ အရှေ့တိုင်း တပ်မဟာ (၆) ခရိုင်တွင် ဇုံမှူးအဖြစ် တာဝန် ယူနေသော ကာလဖြစ်သည်။

၁၉၅၈- ၅၉ ပဲခူးရိုးမတိုင်း ဖွဲ့စည်းပုံ၊

တိုင်းဥက္ကဋ္ဌ	ဗိုလ်တင်ဦး (ဖူးတာအယ်)
အတွင်းရေးမှူး	ဗိုလ်အေးဟန်၊
စည်းရုံးရေးမှူး	ဗိုလ်ကြည်လင်း၊
လုံခြုံရေးမှူး	စောလောကွား၊ (ဝရဇိန်)
ဘဏ္ဍာရေးမှူး	ဆရာခြုံ (အလုပ်အမှုဆောင်)
တိုင်းကော်မတီဝင်များ	ဗိုလ်ကြာချစ်၊ ဗိုလ်သာချို၊ ဗိုလ်ထိုကြည်၊ ဗိုလ်စံခ၊ ဗိုလ်ညောင်ရေ၊ ဗိုလ်အုန်းမောင်၊ ဗိုလ်မှူးအောင်စိန်၊

အမှတ် (၁) ခရိုင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ခရိုင် ဥက္ကဋ္ဌ ဗိုလ်ကြာချစ် (၁၉၅၆)၊
ဗိုလ်အုန်းမောင်၊ (၁၉၅၆)၊

၁၉၅၉ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းရာ
ခရိုင် ဥက္ကဋ္ဌ ဗိုလ်အုန်းမောင်၊
ခရိုင် အတွင်းရေးမှူး ဗိုလ်သာချို

အမှတ် (၁) ခရိုင်နယ်မြေများမှာ၊ - သာယာဝတီ၊ လက်ပံတန်း၊ စစ်ကွင်းနှင့် ဆက်စပ်နေ သောတောင်ပေါ်ဒေသ၊ ကွင်းဒေသ။

အမှတ် (၂)ခရိုင်၊
ခရိုင် ဥက္ကဋ္ဌ ဗိုလ်ထိုကြည်၊ (တိုင်းကော်မတီ)၊
အတွင်းရေးမှူး ဗိုလ်စံခ၊ (တိုင်းကော်မတီ)၊

အမှတ်(၂) ခရိုင် နယ်မြေမှာ၊ -
ဇောင်းတူ၊ ငဖြူကလေး၊ ဥက္ကံ၊ သုံးဆယ်၊ ဖလုံ တို့ဖြစ်သည်။

အမှတ် (၃) ခရိုင်၊
ခရိုင် ဥက္ကဋ္ဌ ဗိုလ်ညောင်ရေ၊
အတွင်းရေးမှူး စောထောမဲ၊ (ဆင်ပိုင်ရှင် ဖူးစကောဏ်သား)၊

အမှတ် (၃) ခရိုင် နယ်မြေမှာ၊ -
ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဒိုက်ဦး (ရထားလမ်း၊ ကားလမ်း၊ အနောက်ဘက် ခြမ်းဒေသ ဖြစ်သည်။)

အမှတ် (၄) ခရိုင်
ခရိုင် ဥက္ကဋ္ဌ ဗိုလ်ကြာချစ်၊
အတွင်းရေးမှူး ဗိုလ်လွစ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗိုလ်လွစ်သည် ၁၉၅၃ ခုနှစ်တွင် ဖာပွန်ကွန်ဂရက်သို့ ဗိုလ်တာအယ် (ဗိုလ်တင်ဦး) နှင့်အတူ တက်ရောက် လာသူဖြစ်သည်။ ကမ္ဘာရှားအေးမောင် မှာ လည်း အမှတ် (၄)ခရိုင်၏ အမှုဆောင် ကော်မတီတဦးအဖြစ် ပါဝင်သည်။

အမှတ် (၄) ခရိုင်နယ်မြေမှာ၊ -

ထိန်တော၊ မိုးညို၊ ကြို့ပင်ကောက်၊ မင်းလှမြို့နယ်များ ပါဝင်သည်။

၁၉၅၉ ခုနှစ် ပဲခူးတိုင်းအတွင်း တာဝန်ယူသော တပ်ရင်းများမှာ၊ -

အမှတ်(၁) ခရိုင်၊ တပ်ရင်း (၁၇)၊

ဖူးလောကွား က ဦးစီးကာ ပြန်လည် ဖွဲ့စည်းထားသည်။

အမှတ် (၂) ခရိုင်၊ တပ်ရင်း (၂၁)၊

ဗိုလ်ထိုကြည် က ဦးစီးကာ ပြန်လည် ဖွဲ့စည်းထားသည်။

အမှတ် (၃) ခရိုင်၊ တပ်ရင်း (၁၆)၊

ဗိုလ်သာချို က ဦးစီးကာ ပြန်လည် ဖွဲ့စည်းထားသည်။

အမှတ် (၄) ခရိုင်၊ တပ်ရင်း(၂၂)၊

ဗိုလ်ကြီးစိန်ညို က ဦးစီးကာ ပြန်လည် ဖွဲ့စည်းထားသည်။

မှတ်ချက်။ ။ တပ်များကို ပြန်လည်ဖွဲ့စည်းရန် တာဝန်ပေးအပ်ခံရသော ခရိုင်ကော် မတီများနှင့် အလုပ်အမှုဆောင် ကော်မတီ များမှာ၊ -

၁။ ဗိုလ်အုန်းမောင်၊

၂။ ဗိုလ်ကြီးစံခ၊

၃။ ဗိုလ်အောင်နိုင်၊

၄။ ဗိုလ်ကျော်၊

၅။ ဗိုလ်ညောင်ရေ တို့ဖြစ်သည်။

၂၅၃။ ၁၉၆၈ ခုနှစ်၊ မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁)မှ အဆင့် (၁၀)အထိ၊ တဆင့် ပြီးတဆင့် ထိုးစစ် တိုးမြှင့်လာရာတွင်၊ တိုင်းဗဟို ဌာနချုပ်အား၊ ရခိုင်ရိုးမသို့ ယာယီ ရွှေ့ပြောင်းခဲ့ရ လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထို့နောက် ၁၉၆၇-၆၈ တွင်၊ ရခိုင်ရိုးမမှ စစ်ကြောင်း (၂)ကြောင်းခွဲပြီး၊ ပုသိမ်နှင့် ဟင်္သာတ နယ်မြေတို့သို့ အသီးသီး ပြန်ဆင်းလာစဉ် ကာလအတွင်း၊ တိုင်း ဥက္ကဋ္ဌနှင့် ဗိုလ်ချုပ်မြမောင်တို့အဖွဲ့သည်၊ အမှတ် (၂)ခရိုင် လပွတ္တာမြို့နယ်မှ တဆင့် လှေငယ်များဖြင့် နယ်မြေအချို့ကို ဖြတ်ကျော်ပြီး ဟင်္သာတမြို့နယ်သို့ ရောက်ရှိလာသည်။ ဗိုလ်ချုပ်မြမောင် နှင့်အတူ ဗိုလ်ချုပ်မြရင် အပြင်သူ၏ လုံခြုံရေး တပ်ဖွဲ့မှူးများဖြစ်သော ဗိုလ်ထူး၊ ဗိုလ်သာခင် တို့အပြင် တပ်ဖွဲ့ဝင်အင်အား (၆၀)ကျော်တို့လည်း ပါဝင်ခဲ့လေသည်။ လပွတ္တာမြို့နယ်မှ တပ်ခွဲမှူးချစ်လေးမောင် တပ်ဖွဲ့က လုံခြုံရေးယူ၍ လိုက်လံ ပို့ဆောင်ပေးခဲ့သည်။

ဟင်္သာတမြို့နယ်သို့ ရောက်သောအခါ ဗိုလ်ချုပ်မြရင်နှင့် သူ၏ လုံခြုံရေး တပ်ဖွဲ့များသည် ရခိုင်ပြည်ဘက်သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ရခိုင်ပြည်တွင် ရှိသော ဗိုလ်ထွန်းအေး အဖွဲ့နှင့် တိုင်ပင်ပြီး ထိုးစစ်ကြီးကို ရင်ဆိုင်ရန် ပြန်လည် စီစဉ်ရန်အတွက်ပင် ဖြစ် သည်။

ဗိုလ်ချုပ်မြမောင်၏ရုံးအဖွဲ့သည် ပဲခူးတောင်ခြေသို့ ရောက်သောအခါ တပ်ရင်း (၁)မှူးဖြစ်သူ၊ ဗိုလ်မှူးမြသိန်းအား ခေါ်ယူရာ တပ်ရင်းမှူးအပြင် သူ၏ တပ်ရင်း တပ်ဖွဲ့များ နှင့်အတူ ဗိုလ်မှူးမိုးဟိန်းနှင့် သူ၏တပ်ခွဲလည်း ပါလာခဲ့သည်။

၁၉၆၉ ခုနှစ်၊ ဗိုလ်ချုပ်မြမောင် ပဲခူးရိုးမသို့ ရောက်ရှိလာပြီး နောက် ပဲခူးရိုးမတွင်၊ ရန်သူ တပ်မ (၈၈)နှင့် တပ်မ (၉၉) တပ်မ နှစ်ခုဖြင့်၊ စတင် ထိုးစစ် ဆင်တော့သည်။

၁၉၇၀-၇၅ ပါတီနှင့် ဗကပ တို့၏ ပူးတွဲအောင်နိုင် စစ်ဆင်ရေး

၂၅၄။ ၁၉၇၁၊ နိုဝင်ဘာလ။ မဒညတ ဗဟို သဘာပတိ အစည်းအဝေးကို ကျင်းပပြီး၊ ပူးတွဲတပ်မတော် “အောင်နိုင်တပ်ဖွဲ့”ကို ဖွဲ့စည်းလိုက်သည်။ တက်ရောက်လာ သော နှစ်ဘက် ဗဟို ခေါင်းဆောင်များမှာ၊ -

ကေအဲန်ယူ ပါတီ ဗဟို ကိုယ်စားလှယ်အဖွဲ့ဘက်မှ၊

၁။ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး၊
၂။ အတွင်းရေးမှူး ဗိုလ်ချုပ်မြမောင်၊
၃။ ဗဟိုကော်မတီဝင် ဗိုလ်ထိုကြည်၊
၄။ ဗဟိုကော်မတီဝင် ဗိုလ်မှူးဘော်လ်ဒင် (ခ) လေးတော၊
၅။ အရန် ဗဟိုကော်မတီ ဗိုလ်ဟန်ကြည်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗကပ - ဗဟို ကိုယ်စားလှယ်အဖွဲ့ ဘက်မှ၊

၁။ ဥက္ကဋ္ဌ သခင်ဇင်၊

၂။ အတွင်းရေးမှူး သခင်ချစ်၊

၃။ ဗဟို စခန်းရုံးအုပ် ရဲဘော်ညီ၊ (ပီကင်းပြန်)၊

၄။ ကြိုးမဲ့ကြေးနန်းတာဝန်ခံ ရဲဘော်အေးလွင် (ခ) တင်ဆွေ၊

၅။ တပ်နီလူငယ် မခင်မြိုင် (ဝါဝါ)၊ (သခင်သန်းထွန်း၏ သမီးကြီး)၊

အောင်နိုင်တပ်ဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့သည်။

ကေအဲန်ယူမှ

၁။ တပ်စု (၃)စု၊

၂။ ကြိုးမဲ့ ကြေးနန်းအဖွဲ့ (၁)ဖွဲ့၊

၃။ ဆေးတပ်ဖွဲ့ (၁)ဖွဲ့၊

၄။ ရုံးအဖွဲ့ (၁)ဖွဲ့၊ စုစုပေါင်း စုဖွဲ့မှုအင်အား (၇၀)ရှိလေသည်။

ဗကပ အဖွဲ့မှ

၁။ တပ်စု (၆)စု၊

၂။ ကြိုးမဲ့ကြေးနန်းအဖွဲ့ (၁)ဖွဲ့၊

၃။ ဆေးအဖွဲ့ (၁)ဖွဲ့၊

၄။ ရုံးအဖွဲ့ (၁)ဖွဲ့၊

စုစုပေါင်း စုဖွဲ့မှုအင်အား (၁၁၀) ရှိလေသည်။ ဗကပ အဖွဲ့တွင် အမျိုးသမီး တပ်စု တစုလည်း ပါဝင်လေသည်။

၂၅၅။ “အောင်နိုင် ပူးတွဲတပ်ဖွဲ့”၏ စစ်ဦးစီး ကော်မတီ။

၁။ နိုင်ငံရေးမှူး ရဲဘော်ညီအောင် (ဗကပ- ပီကင်းပြန်)၊

၂။ ဒု - နိုင်ငံရေးမှူး ဗိုလ်မှူးဘော်လ်ဒွင် (ခ)လေးတော၊
(ကေအဲန်ယူပီ ဗဟိုကော်မတီဝင်)၊

၃။ တပ်မှူး ရဲဘော် သက် (ခ) မြင့်၊ (ဗကပ၊ ပဲခူးတိုင်း ကော်မတီ)၊

၄။ ဒု - တပ်မှူး ဗိုလ်မှူးထိုကြည်၊ (ကေအဲန်ယူပီ- ဗဟိုကော်မတီဝင်)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅။ ထောက်ပံ့ရေး ရဲဘော် အောင်သိန်း (ဗကပ- ပီကင်းပြန်)၊
၆။ ဒုထောက်ပံ့ရေးမှူး ဗိုလ်မှူးဟန်ကြည်၊ (ကေအဲန်ယူပီ- အရံ ဗဟိုကော်မတီဝင်)၊
၂၅၆။ “အောင်နိုင်” စစ်ကြောင်းသည် အောက်ပါတိုက်ပွဲများဖြင့် ရန်သူကို ချေမှုန်း နိုင်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်။ ဝါးဖြူတောင်တိုက်ပွဲ။

တပ်မ (၈၈) လက်အောက်ခံတပ်၊ ခလရ (၁၁)အား၊ ဝါးဖြူတောင် တိုက်ပွဲတွင် ကေအဲန်ယူပါတီမှ ဗိုလ်ထိုကြည် ဦးစီးတပ်ဖွဲ့သည် တပ်ခွဲချေမှုန်းရေး တိုက်ပွဲကို ဆင်နွှဲခဲ့ သည်။ ထိုတိုက်ပွဲအပြီး လက်နက် (၅၃)လက်ကို သိမ်းဆည်း ရရှိခဲ့သည်။

တောင်ပေါ် (၁၄)ရွာ တိုက်ပွဲ။

ရန်သူ အခြေခံစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သော စခန်းသိမ်း တိုက်ပွဲဖြစ်သည်။ လက်နက် အလက်(၅၀)သာမက ရိက္ခာနှင့် စစ်အသုံးအဆောင် ပစ္စည်းများပါ သိမ်းဆည်း ရရှိခဲ့သည်။
“အောင်နိုင်”ပူးတွဲတပ်သည် တပ်မ(၈၈)၏ ထိုးစစ်ကြီးကို ရိုက်ချိုးနိုင်ခဲ့ပြီး၊ ရန်သူ က ၁၉၇၂ ခုနှစ်တွင်၊ တပ်မ (၉၉)ဖြင့် အစားထိုးကာ စစ်ဆင်ရေးကို ဆက်လက် စစ်ဆင် ခဲ့သည်။ အောင်နိုင် ပူးတွဲတပ်သည်၊ တပ်မ(၉၉) ထိုးစစ်ကိုလည်း ရိုက်ချိုး နိုင်ခဲ့သည်။
အလယ်ပိုင်းတိုင်း၏ စစ်ဌာနချုပ်မှ “လပခ” တပ်ခွဲ တခွဲနှင့် ခလရ (၅၉)ကိုလည်း ချေမှုန်း တိုက်ခိုက်ခဲ့သည်။
အောင်နိုင် ပူးတွဲ စစ်ကြောင်းသည် တိုက်ပွဲပေါင်းများစွာကို အောင်မြင်စွာ တိုက် ခိုက် နိုင်ခဲ့သည်။
ထိုကာလအတွင်း ကေအဲန်ယူပါတီမှ သီးခြား တိုက်ခိုက်ခဲ့သော တိုက်ပွဲများ။

၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်။
၁။ ရာထာ (ခေါ်) ငှက်ပျောတော တိုက်ပွဲ။

ခလရ (၃၅) တပ်ခွဲမှူး ကျော်ကျော်နှင့် ဒုခွဲမှူး ထွန်းမြင့်တို့ ကျဆုံးသည်။ တပ်ခွဲ တခွဲလုံး နီးပါးကိုလည်း ချေမှုန်းနိုင်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂။ ရွှေလောင်းချောင်း တပ်စုစခန်းသိမ်းပွဲ။

ပဲခူးတိုင်း၊ မှော်ဘီနှင့် တိုက်ကြီးမြို့နယ်၊ ရွှေလောင်းချောင်း တပ်စုစခန်းကို ဝင်ရောက် သိမ်းပိုက်ရာ ရန်သူ (၁၄)ယောက်ကို ဖမ်းဆီးရမိသည်။ သို့ပန်း(၁၄) ယောက်တွင် တပ်စုမှူး တင်ထွန်းအောင်နှင့် ဒု တပ်စုမှူး တဦးလည်း ပါဝင်သည်။ ထိုစစ်ဆင်ရေးကို ဗိုလ်မှူး မိုးဟိန်း ကိုယ်တိုင် ဦးစီးတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၅၇။ “အောင်နိုင်”ပူးတွဲတပ်ဖွဲ့၏ သို့ပန်း ပေါ်လစီ။
၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့။

အောင်နိုင်စစ်ကြောင်းက ဖြူးမြို့နယ်ရှိ၊ ကညင်ပင် မောင်နှမ တိုက်ပွဲတွင် ဖမ်းဆီး ရမိခဲ့သော သို့ပန်းများကို၊ မိမိတို့ မည်သည့်အတွက် တိုက်ပွဲဝင်နေကြခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောဆိုပြီး ပြန်လည်လွှတ်ပေးခဲ့သည်။ ထိုသို့ပန်းပေါ်လစီကို ဗကပ နှင့် ကေအဲန်ယူပီ တပ်ဖွဲ့များက ပူးတွဲ ကျင့်သုံးသည့်နည်းတူ၊ ဗကပ အနေဖြင့်သော်ငင်း၊ ကေအဲန်ယူပါတီ တပ်ဖွဲ့များကလည်း၊ သီးခြား တိုက်ခိုက်မှုများ အတွင်း ဖမ်းဆီးရမိသော သို့ပန်းများကို အထက်ပါ သို့ပန်းပေါ်လစီအတိုင်း ကျင့်သုံးကြခြင်းအတွက် မသတ်သော ကြောင့် နောက်ပိုင်းတွင် ရန်သူ တပ်မှ လက်နက်ချ အည့်ခံမှုများ ပိုမိုများပြား လာခဲ့သည်။

ပဲခူးရိုးမတိုင်း အနောက်ခြမ်း ကြို့ပင်ကောက်မြို့နယ်၊ အဝိုင်းကျေးရွာရှိ ရန်သူ့ စခန်းကို ဝင်ရောက်တိုက်ခိုက်စဉ်က ရန်သူ(၂)ဦးကို ဖမ်းမိရာ ဆွေးနွေးဟော ပြော၍ ပြန်လွှတ်ပေးခဲ့သည်။

၂၅၈။ ပဲခူးရိုးမရှိ ကေအဲန်ယူပါတီ စစ်ကြောင်းဖွဲ့စည်းပုံ။

ပဲခူးရိုးမတွင် ကေအဲန်ယူပါတီမှ စစ်ကြောင်း (၂)ကြောင်းကို ဖွဲ့စည်းထားသည်။ စစ်ကြောင်း (၁)ကို စစ်ကြောင်းမှူး ဗိုလ်ထိုကြည်က ဦးစီး၍ ဒုတိယ စစ်ကြောင်းမှူးမှာ ဗိုလ်ကြည်လင်းဖြစ်ပြီး၊ တပ်ဖွဲ့ဝင်အင်အား (၁၀၀)ကျော်ဖြင့် ဖွဲ့စည်း ထားသည်။

စစ်ကြောင်း (၂)ကို ဗိုလ်မှူးမိုးဟိန်းက စစ်ကြောင်းမှူးအဖြစ် ဦးဆောင်ပြီး၊ ဒုတိယ စစ်ကြောင်းမှူးအဖြစ် ဗိုလ်မှူးဟန်ကြည်က တာဝန်ယူသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဗကပ နှင့် ကေအဲန်ယူပါတီ ပူးတွဲစစ်ကြောင်းတွင် ကေအဲန်ယူပီ စစ်ကြောင်း (၂)ကြောင်းက အလှည့်ကျ ပူးတွဲပါဝင် တိုက်ခိုက်ခဲ့လေသည်။ ကေအဲန်ယူ ပါတီ ဗဟိုလုံခြုံရေးတပ်ဖွဲ့ကို ဗိုလ်နီပွန် ခေါ်ဗိုလ်အောင်မြတ်က အင်အား(၆၀) ကျော်ဖြင့် ဖွဲ့စည်း ထားသည်။
ထိုစဉ်က ပဲခူးရိုးမရှိ ကေအဲန်ယူပီ တပ်အားလုံး၏ အင်အားမှာ (၆၀၀) ကျော် ရှိခဲ့သည်။
(စခန်းအား ရန်သူမှ ဝင်ရောက်တိုက်ခိုက်ရာ၊ ဗိုလ်ညောင်ရေ၊ ၁၉၇၅ ခုနှစ်တွင် ကျဆုံးသည်။ လက်နက်ပြင်ဌာနမှ ရဲဘော်တဦး၏ဇနီး “ချင်း” အမျိုး သမီးတဦး၊ ဖါးဆူးခို၊ စစ်တောင်း ချောင်းကို ကူးခါနီးတွင် မြဖော၏အဖေ စစ်တောင်း ချောင်းတွင် ရေနစ် သေဆုံးသည်။)
ဗိုလ်ကျင်ဖေ ကျဆုံးခြင်းနှင့် စခန်းပြောင်းရွှေ့ခြင်း။

၂၅၉။ ၁၉၇၀ ခုနှစ်၊ ဧပြီလ။ တည်နေရာအားဖြင့် ပဲခူးချောင်း၊ ပစောက်ပုံ သဏ္ဌာန်ရှိ သော ချောင်း၊ ထိုချောင်းကွေ့တွင် ကေအဲန်ယူပါတီ ဗဟိုဌာနချုပ်စခန်းကို တည်ထားသည်။ အရှေ့တိုင်း ဗိုလ်ချုပ်မြ အုပ်စုသည် ကေအဲန်ယူပါတီမှ ခွဲထွက် ခဲ့ပြီး၊ ပါတီဗဟိုကို အရှေ့တိုင်းမှ မောင်းထုတ်ခဲ့သည့်အတွက် ပါတီဌာနချုပ်ကို ပဲခူးရိုးမသို့ ပြန်လည် ပြောင်းရွှေ့ ရာ၌ ပထမဦးဆုံး တည်ဆောက်ခဲ့သော စခန်းဖြစ်သည်။ အနောက်ဖက်တွင်၊ ဗမာလိုက်ရွာ၊ အရှေ့ဘက်တွင် သဲမဲရွာ စသော ရွာများနှင့် မနီးမဝေး ဒေသလည်း ဖြစ်သည်။ ကေအဲန်ယူ ပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး၊ ပါတီ အထွေထွေ အတွင်း ရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျင်ဖေ၊ ပါတီ၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်တင်ဦး (ဖူးတာအယ်)တို့ ဦးစွာပြန်လည် ရောက်ရှိကြသည်။ စခန်းလုံခြုံရေးမှူးအဖြစ် ဗိုလ်အောင်မြတ် (ခေါ်) ဗိုလ်နိပွန်ကို အင်အား (၆၀)ဖြင့် ဖွဲ့စည်းပေး ထားသည်။ ပါတီ ပေါလစ်ဗျူရို ဗိုလ်ချုပ်မြမောင် မှာ အရှေ့ဘက်မှ ပြန်လည် ပြောင်းရွှေ့လာ ရာ ပဲခူးသို့ရောက်ရန် (၁)ရက်တာ ခရီးအကွာအဝေးသို့ ရောက် နေသော အချိန်ဖြစ်သည်။
ပါတီအတွင်းရေးမှူးရုံးတွင်၊ ကြေးနန်း ဆက်သွယ်ရေးအတွက် ဖိုးသာခေါင်ကလည်းကောင်း၊ ကြားဖြတ် အသံဖမ်းတာဝန်ခံအဖြစ် စောကျော်ဝင်းတို့ ရှိနေ ကြသည်။ အမျိုးသမီးတပ်ဖွဲ့မှ နန့်ကျင်ရွှေ (မန်းရှာလားဖန်း၏ ဇနီး)၊ နန့်ရွှေကြိုင်၊ ဗိုလ်မှူးချုပ်ကျော်သောင်း နှင့် ဇနီးသည် ဒေါ်တင်တင် တို့အပြင် ဆေးဆရာမ အချို့တို့ ရှိနေကြသည်။ ပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကော်ထူး နှင့်အတူ ဗိုလ်သိန်းလွင်နှင့် ဇနီး နော်ဝေဖိုး၊ ဆရာစောစဘီ စသည်တို့ ဖြစ်ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စခန်းကိုတိုက်ရန် တပတ်အလိုတွင် သတင်းရရှိသဖြင့် စခန်းပြောင်းရန်နှင့် စခန်းအသစ်ခုကို ချောင်းတဖက်ကမ်းတွင် ဆောက်ထားပြီးလည်းဖြစ်သည်။ ပစ္စည်းများ ရွှေ့ပြောင်း ရန်သာ လိုတော့သည်။

ထိုကာလ၌ ဗဟို လုံခြုံရေးအဖွဲ့ကို ပါတီအတွင်းရေးမှူးမှ ရှေ့တန်းသို့ ပို့ထား သည်။ စခန်းတွင် အသက်ကြီးသူများနှင့် လူမမာများသာ ရှိကြသည်။ စခန်းကို တိုက်ခိုက် မည့်နေ့တွင် စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်တင်ဦးမှာ သူ့ရုံးအဖွဲ့သား (၂၀)ယောက်နှင့်အတူ အနီး အနားရှိ ဦးပုတက် တောင်ယာသို့ ဆင်းသွားပြီး၊ စခန်း ရိက္ခာအတွက် ငါးငပိများကို ဝါးဘူးထဲသို့ ထည့်ရန် ထွက်သွားသည်။

စခန်းကို တိုက်ခိုက်သော ရန်သူ တပ်ဖွဲ့များမှာ ခမရ (၁၀၁)၊ (၁၀၆) နှင့် (၁၀၇)တို့ ဖြစ်သည်ဟု မှတ်သားမိသည်။ စခန်းကို တိုက်ခိုက်ရန် တည်နေရာ အတိအကျရှာဖွေရာ တပတ် ကျော်ကြာခဲ့သည်။ ဗမာလိုက်ရှာမှ ရွာသားများကလည်း ပဲခူးချောင်း အနီး အနားတွင် စစ်ဖိနပ်ခြေရာများ အမြောက်အများတွေ့ရှိကြောင်း သတင်းလာပို့ကြသည်။ တောထဲ၌တွေ့ရသော ဗမာလိုက် ကျေးရွာသားများ၊ အခြားရွာသားများ အားလုံးကို ဖမ်းဆီးပြီး ပြန်မလွှတ်ဘဲ စစ်ကြောင်း၌ပင် ထိန်းသိမ်းထားပြီး စခန်းကို ရှာဖွေလေသည်။ စခန်းကို မတိုက်မီ တရက် အလိုတွင် ဗဟို ကော်မတီ ဗိုလ်ထိုကြည်က ဌာနချုပ်သို့ ကြေးနန်းတစောင် ပို့လိုက်လေသည်။ အရေးပေါ်ကြေးနန်းဖြစ်ပြီး၊ ရန်သူသည် ဗမာလိုက်ရှာသားများကို ဖမ်းဆီးကာ စခန်း အနီးအနားတွင် ရောက်ရှိနေကြပြီ ဖြစ်ကြောင်း သတင်းပို့လာသည်။ ရွှေ့ပြောင်းမှုတစုံတရာ မရှိခဲ့ပေ။ ဗဟိုစခန်းကို ဝင်တိုက်ရာ တိုက်ပွဲ (၇)မိနစ်သာကြာပြီး စခန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ကျဆုံးသူများထဲတွင် ပါတီအတွင်းရေး မှူး ဗိုလ်ကျင်ဖေ၊ ဗိုလ်လင်းထင်၏ တပည့်တဦးဖြစ်သူ ဒူးညို၊ ဆင်ကျောင်းသမား ဂျစ်ကလေး တို့ စုစုပေါင်း (၃)ယောက် ကျဆုံးခဲ့သည်။ ရဲဘော်မိုးကြိုး တယောက် ဒဏ်ရာ ရခဲ့သည်။

ဗိုလ်ကျင်ဖေ ကျဆုံးပြီးနောက် ဗဟိုဌာနချုပ်စခန်းကို “တာသူးလော်” ချောင်း ကလေးနှုတ်ခမ်းတွင် ပြန်လည် တည်ဆောက်ခဲ့သည်။ စစ်ဦးစီးဌာနချုပ်နှင့် ပါတီ ဗဟို ဌာနချုပ် နှစ်ခုကို တပေါင်းတစည်းတည်း ပူးတွဲထားလိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူ နှင့် ဗကပ နှစ်ပါတီ တွေ့ဆုံပွဲ၊

၂၆၀။ ၁၉၇၀ ခုနှစ်၊ မေလ။

ပဲခူးရိုးမ "ကိုင်းချောင်း"တွင် ကေအဲန်ယူပါတီ ဗဟိုနှင့် ဗမာပြည် ကွန်မြူ နစ်ပါတီ ဗဟိုတို့ နှစ်ပါတီ အစည်းအဝေး ကျင်းပ ပြုလုပ်ကြသည်။

ကေအဲန်ယူပါတီဘက်မှ၊ -

၁။ ဗိုလ်ချုပ်ကော်ထူး၊ (ဥက္ကဋ္ဌ)၊

၂။ ဗိုလ်ချုပ်မြမောင်၊ (စစ်ဦးစီးချုပ်)၊

၃။ ဗိုလ်ချုပ်တာအယ်၊ (ဒု စစ်ဦးစီးချုပ်)၊

၄။ စောမီးသ၊ (ဗဟိုကော်မတီ)၊

၅။ ဦးစိုးအောင်၊ (ဗဟိုကော်မတီ)၊

၆။ ဗိုလ်ထိုကြည်၊ (ဗဟိုကော်မတီ)၊

၇။ ဗိုလ်မှူးဘော်လ်ဒွင်၊ (ဗဟိုကော်မတီ)၊ တို့နှင့်

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဘက်မှ၊ -

၁။ သခင်ဇင် (ဥက္ကဋ္ဌ)၊

၂။ သခင်ချစ် (အတွင်းရေးမှူး) တို့ ပါဝင်ဆွေးနွေးကြသည်။

ကိုင်းချောင်း အစည်းအဝေးပြီးသည်နှင့် ဆရာစကောလယ်တော ဦးဆောင်သော တံခွန်နီ ကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်သို့ ခရီးထွက်ကြသည်။

၂၆၁။ ပဲခူးရိုးမ အောင်နိုင်ပူးတွဲ တပ်ဖွဲ့များ၏ အောင်ပွဲရ တိုက်ပွဲများ။

၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယအပတ်)တွင် အောင်နိုင် ပူးတွဲတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပထမဦးဆုံး စီမံကိန်းမှာ ပဲခူးရိုးမ၌ရှိသော ရန်သူတပ်များ၊ တပ်စခန်း များအား သိမ်းပိုက် ချေမှုန်း ပစ်ရေးအတွက်ဖြစ်သည်။

၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်နေ့။ တောင်ပေါ်(၁၄)ရွာ၏ သိန်းချောင်း တောင်ဘက်၊ ဝက်တက် ဇယားချောင်းဖျား တောင်ကြောတွင် ခလရ (၃၉)တပ်ရင်း၊ ဒုစစ်ကြောင်းကို ဆီးကြို တိုက်ခိုက်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၇၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့။ ဒိုက်ဦးမြို့နယ်၊ ဘုရားငုတ်တုံရွာ သမဝါယမဆိုင်ကို ဝင်ရောက်ပြီး ပစ္စည်းမျိုးစုံကို သိမ်းပိုက်ခဲ့သည်။ ဆက်လက်၍ ညောင်လေးပင်မြို့နယ်၊ ပုဂံကွဲ၊ သာယာကုန်း၊ ကဒတ်မြောင် ကျေးရွာများရှိ သမဝါယမ ဆိုင်များမှ ပစ္စည်းများကို ဝင်ရောက် သိမ်းပိုက်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဒီဇင်္ဘာလ (၂၃)ရက်။ ခလရ (၁၀၃)စစ်ကြောင်းကို ရေအေး မြောင်တွင် တိုက်ခိုက်ခဲ့သည်။

၁၉၇၃ ဧပြီလ (၂၆)ရက်နေ့။ ပဲခူးရိုးမ အနောက်ခြမ်း၊ ကြို့ပင်ကောက် မြို့နယ်၊ အဝိုင်းရွာတပ်စခန်းကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ပဲခူးချောင်းဖျား စခန်းမှပင် “အဝိုင်း-စက”သို့ တောင်များကို ဖြတ်ကျော်ကာ ခရီးပြင်း ချီတက်ပြီး တိုက်ခိုက် ချေမှုန်းခဲ့ခြင်း ဖြစ်သည်။

၁၉၇၂ ခုနှစ်၊ ဇွန်လ (၁၅)ရက်။ ငွေးကုန်း ဘုရားငုတ်တုံတိုက်ပွဲ၊ တိုက်ကင်း ရန်သူကို တိုက်ခိုက်ပြီး စခန်းကို ဝင်ရောက် တိုက်ခိုက်သည်။

၁၉၇၂ ခုနှစ် သြဂုတ်လ (၁)ရက်နေ့။ ဇေယျဝတီနှင့် စစ်ကွင်းကြား၊ ရန်ကုန်-မန္တလေး ရထားလမ်းပေါ်မှ စစ်ရထားကို ချေမှုန်းတိုက်ခိုက်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ စက်တင်္ဘာလ (၉)ရက်နေ့။ ထန်းတပင် တိုက်ပွဲတွင် ရန်သူ၏ အခြေစိုက် တပ်ခွဲစခန်းကို ဝင်ရောက်တိုက် ခိုက်သည်။

၁၉၇၂ ခုနှစ် အောက်တိုဘာလ (၂)ရက်။ ငွေးပင်ကူး တိုက် ပွဲ။

၁၉၇၂ ခုနှစ်၊ နိုဝင်္ဘာလ (၂၀)ရက်။ ဆားပြင်တိုက်ပွဲ။

၁၉၇၂ ခုနှစ်၊ နိုဝင်္ဘာလ (၂၆)ရက်။ ငှက်ပျောတုံးတိုက်ပွဲ။

၁၉၇၂ ခုနှစ်၊ ဒီဇင်္ဘာလ (၂၄)ရက်။ ရေအေးမြောင်တိုက်ပွဲ။

၁၉၇၃ ခုနှစ်၊ ဇန္နဝါရီလ (၅)ရက်။ ပေါက်ခေါင်းကားလမ်း၊ တောက်တဲ့ တိုက်ပွဲ။

၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်။ ကညင်ပင် မောင် နှမ တိုက်ပွဲ။

၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်။ ဇေယျဝတီနှင့် ပင်းဒယ ကြား၌ စစ် မီးရထား တိုက်ပွဲ။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၆၂။ “၁၉၇၂ ခုနှစ်၊ ဗိုလ်ချုပ်ကော်ထူး ကျဆုံးခြင်း”

ဗိုလ်သိန်းလွင်၊ ဗိုလ်ကြီးလှထွန်း၊ ဗိုလ်မူးမိုးဟိန်း၊ ဗိုလ်တင်ရွှေ တပ်ဖွဲ့များ ပူးတွဲပြီး၊ ပဲခူးရိုးမရှိ၊ “အဝိုင်း-စက” ဒေသသို့ သွားရောက်ပြီး ရန်သူ၏ အမာခံ ကျောရိုးများကို ဖော်ထုတ်အရေးယူသော စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ထိုကိစ္စ ပြီးမြောက်သောအခါ ဗိုလ်ချုပ်ကော်ထူးမှ အစည်းအဝေး ခေါ်ယူသည်။ ထိုအစည်း အဝေးတွင် “အဝိုင်း-စက” ၏ စစ်ဆင်ရေးကို ပြန်လည်သုံးသပ်သည်။ မဟာမိတ် ဗကပနှင့် ပူးတွဲ စစ်ဆင်ရေးကိစ္စ ကိုလည်း ရှင်းလင်း ပြောကြားသည်။ ထိုစစ်ဆင်ရေးသည် တောင်ပေါ်(၁၄)ရွာကို အခြေခံပြီး ခြေကုတ်ယူထားသည်။ ရန်သူ၏ စခန်းချမည့် အစီအစဉ်ကို တိုက်ခိုက် ဖျက်ဆီးရမည့် အစီအစဉ် ဖြစ်သည်။ ရန်သူက အခိုင်အမာ စခန်းချနိုင်မည်ဆိုလျှင် မိမိတို့ဘက်မှ အခက်အခဲများစွာနှင့် ကြုံတွေ့ရမည့် အခြေအနေများကို ရှင်းလင်းပြော ပြသည်။ စစ်ရေးတွင်သူ ကိုယ်တိုင် တိုက်ခိုက်ရမည် ဖြစ်၍လည်း နှစ်ဘက် ချိန်ကိုက် အစီအဉ်များကို အတိ အကျ လိုက်နာ ကျင့်သုံး ကြ ရန်ကိုလည်း သတိပေးလေသည်။

စစ်ဆင်မည့်နေရာသို့ ဗိုလ်ချုပ်ကော်ထူး ထွက်ခွာသွားသောနေ့သည် နွေ အချိန် ဖြစ်၍ အလွန်လည်း ပူပြင်းလှသည်။ မသွားခင်ကပင် ဗိုလ်ချုပ်ကော်ထူးမှာ အဖျားဝင်ပြီး ကျန်းမာရေး မကောင်းကြောင်းကို ဗိုလ်ချုပ်မြမောင်က အကဲခတ်မိသည်။ မသွားနိုင်လျှင် မသွားရန်၊ ဗိုလ်ချုပ်မြမောင်က ကိုယ်စားသွားပေးမည်ဖြစ်ကြောင်း ခွင့်တောင်းသည်။ ဗိုလ်ချုပ်နှင့်အတူ ဆင်တကောင် ပါသွားသည်။ တနာရီခန့် ခရီးတွင် ရဲဘော် ဆေးတပ်သား တဦး ဆေးများ ပြန်လာယူသည်။ ထိုအခါ ဗိုလ်ချုပ်မြမောင်က ဘာကိစ္စလဲဟု လှမ်းမေးသည်။ ဆေးတပ်သားက ဗိုလ်ချုပ် ခေါင်းသိပ်မူးနေ၍ ဆေးပြန်လာယူကြောင်းပြောသည်။ ထို့နောက် ဆေးတပ်သား နှင့်အတူ ဗိုလ်ချုပ်မြမောင် ကိုယ်တိုင်လိုက်သွားခဲ့သည်။ အသဲအသန်ဖျားသဖြင့် ဗိုလ်ချုပ်ကော်ထူးအား အနီးအနားရွာဖြစ်သော “ဆောမူခိုလော” သို့ ပြန်လည် ခေါ်ဆောင်လာခဲ့သည်။ “ဆောမူခိုလော” ရွာသည် ဗိုလ်ချုပ်ကော်ထူး၏ ပထမဦးဆုံး ဇနီးသည် ကွယ်လွန်ခဲ့သောရွာလည်းဖြစ်သည်။ “ဆောမူခိုလော”တွင် နေရာ ချစဉ်မှာပင် ရှေ့တန်း စခန်းမှ ကြေးနန်းတစောင်လည်း ရောက်လာသည်။ ဗိုလ်ချုပ်မြမောင် က ရန်သူစခန်း (၃)ခု

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

စလုံးကို သိမ်းပိုက်လိုက်နိုင်ကြောင်း၊ သိမ်းဆည်း ရမိသော လက်နက်စာရင်း ရိက္ခာစာရင်း များကို ဗိုလ်ချုပ်ကော်ထူးအား ဖတ်ပြသည်။ ဗိုလ်ချုပ် ကော်ထူး သည် ကျေနပ်အားရစွာ ခေါင်းတချက်ငြိမ့်ရင်း ကျဆုံးသွားခဲ့သည်။

ဗိုလ်ချုပ်ကော်ထူး ကျဆုံးပြီးနောက် ကေအဲန်ယူပါတီ ဥက္ကဋ္ဌနေရာကို ဗိုလ်ချုပ် မြ မောင်က ဆက်ခံခဲ့သည်။

၂၆၃။ ၁၉၇၃ ခုနှစ်။ ကေအဲန်ယူပါတီမှ ပဲခူးရိုးမရှိ ပြောက်ကျား အခြေခံဒေသကို စွန့်လွှတ် ခဲ့ ရခြင်း။

ပဲခူးရိုးမသည် ဗမာပြည်ရှိ အဓိက ရိုးမကြီး (၃)သွယ်အနက်၊ အလယ်ရိုးသွယ်ကြီး ဖြစ်သည်။ အလျားမိုင်ပေါင်း (၁၅၀)ကျော် ရှည်လျားပြီး၊ တွန့်လိမ်ကွေ့ကောက်သော တောင်တန်း တောင်သွယ်ကြီး တခုလည်းဖြစ်သည်။ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်း လာသော ရောဝတီမြစ်နှင့် စစ်တောင်းမြစ်နှစ်သွယ်ကြား တွင်လည်း တည်ရှိသည်။ အချင်း အားဖြင့် အကွာအဝေး (၁၅)မိုင်မှ မိုင် (၄၀)အထိရှိပြီး ပြန့်ပြူးကျယ်ပြန့်သော တောင်ကြော ကြီး တခုလည်း ဖြစ်သည်။ ပဲခူးရိုးမ တောင်တန်းကြီးသည် အမြင့်ပေ (၅၀၀)မှ (၂,၇၀၀)ထိ မြင့်မားပြီး တောင်ကြီးမှာ တောင်ထွတ်များနှင့်လည်း မူလသဘာဝအရပင် ဆက်စပ်လျက်ရှိ သည်။

ပဲခူးရိုးမ အရှေ့ခြမ်း၌၎င်း၊ အနောက်ဘက်ခြမ်း၌၎င်း၊ အနောက်မှ အရှေ့သို့၎င်း၊ အရှေ့မှ အနောက်သို့၎င်း၊ အစဉ်အမြဲ ဖြတ်သန်းစီးဆင်းနေသော ချောင်းကြီးများ၊ မြောင်း ကြီးများလည်း ပေါများလှသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက် အစရှိသော အဖိုးတန် သစ်များနှင့် ဝါး အမျိုးစုံသော တောကြီးများဖြင့် ဖုံးအုပ်လျက်ရှိသည်။ ပဲခူးရိုးမ၏ မြေလွှာထုသည် သက်နု ပံသု ဖြစ်ပြီး၊ မြေသား နူးညံ့ ပျော့ပြောင်းကာ အစဉ် စွတ်စို ထိုင်းမှိုင်း လျက်ရှိသည်။

စုဝေးနေထိုင်သော ရွာစုများမှာ ဖြူးချောင်းဖျားဘက် အခြမ်းတွင် တောင် ပေါ်ရွာ (၇)ရွာ၊ ရဲနွယ်ချောင်းဖျား အဝှမ်းတွင် (၁၄)ရွာ၊ ပဲခူးချောင်းဖျား အဝှမ်းတွင် တောင်ပေါ်ရွာ (၉)ရွာတို့ တည်ရှိသည်။ အိမ်ခြေအားဖြင့် (၅၀၀)ခန့်သာရှိပြီး၊ ထို ရွာများတွင် ကရင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တိုင်းရင်းသားများသာ နေထိုင်ကြသည်။ တောင်ယာခုတ်ခြင်း၊ တိရိစ္ဆာန်မွေးမြူခြင်း လုပ်ငန်းများကိုသာ လုပ်ကိုင်စားသောက်ကြသူများ ဖြစ်သည်။

၁၉၄၉ ခုနှစ်အထိ၊ ရန်သူသည် ထုံးကြီး၊ စာဗူးတောင်း တို့ကို ပြန်လည် သိမ်းပိုက်သည်အထိ၊ ပဲခူးရိုးမတွင် မည်သည့် လက်နက်ကိုင် အဖွဲ့အစည်းမျှမရှိ သေးပေ။ ၁၉၅၀ ခုနှစ်၊ ဗိုလ်ချုပ်စိုင်းကေ၏ အရှေ့တိုင်းခရီးစဉ်တွင် ပဲခူးရိုးမကို ဖြတ်ကျော်ခဲ့ရာမှ ပဲခူးရိုးမဒေသ၏ အရေးပါမှုကို လေ့လာသိရှိခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ပဲခူး အရှေ့ဘက် အနောက်ဘက် ဒေသများကို ထိန်းချုပ်ထား နိုင်ရန်နှင့် သစ်ထုတ်လုပ်ငန်းမှ ဝင်ငွေများ ရရှိ နိုင်ကြောင်း သိရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ကြီးစီးပလိန်းအား တပ်များတိုးချဲ့ဖွဲ့စည်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ချမှတ်နိုင်ရန် အကူအညီ ပေးခဲ့သည်။ ထိုအချိန်က ဗကပ တပ်ဖွဲ့ ဝင်များသည် တောင်ငူဒေသဘက်တွင်သာ အခြေပြုပြီး လှုပ်ရှားမှုများ ပြုလုပ်နေကြ လေသည်။ (ပဲခူးရိုးမ သမိုင်းကို ရှု)။

ပဲခူးရိုးမသည် မြို့တော် ရန်ကုန်နှင့်လည်း အလွန်နီးကပ်စွာ တည်ရှိပြီး၊ ရန်ကုန် - မန္တလေး မော်တော်ကား၊ မီးရထား လမ်းမကြီး အပြင်၊ ရန်ကုန် - ပြည် မော်တော်ကားလမ်း၊ မီးရထား လမ်းမကြီး တို့ကိုလည်း စိုးမိုးထားသော၊ စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ အချက်အခြာကျသည့် နေရာဖြစ်သကဲ့သို့ အရှေ့မြောက်၊ တောင်၊ မြောက်နှင့် အလယ်ပိုင်း ဒေသများကိုလည်း ချုပ်ကိုင်နိုင်သည့် ပထဝီအရ အဓိကကျသည်။

အထက်ဗမာပြည်၊ ကချင်ပြည်၊ ရှမ်းပြည်၊ ကယားပြည်၊ ချင်းပြည် အစ ရှိကုန်သော ပြည်နယ်များသို့ဝင်း၊ အနောက်မြောက်ဒေသ ရခိုင်ပြည်နယ်၊ မွန် ပြည်နယ်၊ မြစ်ဝကျွန်းပေါ်တို့အပြင် တနင်္သာရီဒေသထိတိုင်အောင် ဆက်သွယ်ရာတွင် ပထဝီအရ ဗဟိုအချက်အခြာ၌ တည်ရှိ နေသော နေရာလည်းဖြစ်သည်။

ပဲခူးရိုးမ အရှေ့ခြမ်း၊ အနောက်ခြမ်းတို့တွင် ကျယ်ပြန့်သော လယ်ကွင်းကြီးများ၊ လယ် ယာ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေများ လုပ်ကိုင်ရာ၊ ကျေးရွာပေါင်း နှစ်ထောင်ကျော် ရှိပြီး၊ နှစ်စဉ် စပါးတင်းရေ သိန်း(၃၀၀)ကျော် ထွက်ရှိရာ ဒေသတခုလည်းဖြစ်သည်။ သစ်တောမှ နှစ်စဉ် သစ်မျိုးစုံ တန်ချိန် (၃)သိန်းအထိ ထုတ်နိုင်သော ဒေသတခုလည်း ဖြစ်သည်။

ပဲခူးရိုးမဝန်းကျင်တွင် လူဦးရေ စုစုပေါင်း (၃)သန်းခန့် မှီတင်းနေထိုင်ရာ ဒေသ တခုလည်း ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပထဝီအနေအထား၊ တောတောင်ရေမြေ အနေအထားတို့အရ ပဲခူးရိုးမသည် မဟာဗျူဟာအရ အလွန် အရေးပါသော နေရာ ဒေသဖြစ်ပေသည်။

ဗိုလ်ချုပ်စိုင်းကေသည် ၁၉၅၀ ခုနှစ်၊ ဧပြီလလယ်လောက်တွင် ပဲခူးဒေသကို ဖြတ်ကျော်ခဲ့ရာ အလွန်အရေးပါသော ဒေသတခုအဖြစ် တွေ့ရှိခဲ့ပြီး စီးပလိန်း၏ တပ်များကို တိုးချဲ့ တည်ဆောက်ရန်နှင့် အုပ်ချုပ်ရေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ရန် အကြံပြုခဲ့သည်။ သူကိုယ်တိုင်လည်း ပဲခူးရိုးမတွင် တလခန့် နေထိုင်ကာ အကူအညီပေးခဲ့ သည်။ ၁၉၅၁ ခုနှစ်၊ ပဲခူးရိုးမကို တပ်မဟာ တခု ဖွဲ့စည်းရာ၊ ပြည်မြို့၌ ကစဉ့်ကလျား ဖြစ်နေသော ကရင်လက်နက်ကိုင် တပ်ရင်း(၂)မှ၊ ရဲဘော်များအား သာယာဝတီတွင် အခြေခံသော တပ်ရင်း(၁၇)၌ စုစည်းပြီး၊ ပဲခူးတိုင်း တပ်မဟာ (၆)အဖြစ် ဖွဲ့စည်းခဲ့ လေသည်။ ထိုတပ်မဟာ (၆)၏ တပ်မဟာမှူးမှာ စီးပလိန်းဖြစ်ပြီး၊ ထိုတပ်မဟာကို မြစ်ဝကျွန်းပေါ်တိုင်း ဒေသကြီးတွင် ထည့် သွင်းထားသည်။

ပဲခူးတိုင်း၏ မြောက်ဘက်စွန်း နယ်မြေဖြစ်သော “ကွင်းချောင်း”မြောက်ပိုင်း နယ်မြေသည်၊ တောင်ငူခရိုင်တွင် ပါဝင်လေသည်။ တောင်ငူတောင်ပေါ် ဒေသတွင် ကရင် အများအပြား နေထိုင်သောရွာ အများအပြားရှိသည်။ ထိုကျေးရွာ များသည် ဗကပ တို့၏ အုပ်ချုပ်ရေး နယ်မြေဖြစ်သည်။ ပဲခူးရိုးမ တောင်ပေါ် ဒေသတွင် ကရင်ကျေးရွာပေါင်း (၂၀)ကျော်ခန့်ရှိသည်။ အိမ်ခြေအားဖြင့် (၅၀၀) ခန့်မျှသာ ရှိသည်။

၁၉၅၆ ခုနှစ်၊ မောကို ကွန်ဂရက်မှ ပဲခူးရိုးမအား တိုင်း ဒေသကြီးတခု ဖွဲ့စည်းခဲ့ရာ၊ ခရိုင် ဥက္ကဋ္ဌမှာ ဗိုလ်မှူးမျိုးသွေး ဖြစ်ပြီး တိုင်းအတွင်းရေးမှူးမှာ ဗိုလ်မှူးအေးဟန် ဖြစ်သည်။ တပ်မဟာမှူးမှာ ဗိုလ်မှူးချုပ်မောင်မောင် ဖြစ်သည်။ ဗိုလ်မျိုးသွေးသည် ပဲခူးသို့ ရောက်ရှိပြီး မကြာမီပင် လူမှုရေး ဖောက်ပြန်မှုဖြစ် သောကြောင့် တိုင်းဥက္ကဋ္ဌအဖြစ်မှ ရပ်စဲခံရပြီး၊ ၎င်း၏နေရာတွင် ဗိုလ်အေးဟန် အား အစားထိုးသဖြင့် ဗိုလ်သန်းအောင်မှာ တိုင်းအတွင်း ရေးမှူး ဖြစ်လာသည်။ ပဲခူးတိုင်းကို အုပ်ချုပ်ရေးဒေသ (၃)ခရိုင်ခွဲခြားထားပြီး၊ သီးခြား တိုင်းတခု အဖြစ် တည်ထောင် ခဲ့ရာတွင်၊ အမှတ်(၁) ခရိုင်ကို သာယာဝတီခရိုင်နယ်မြေ၊ အမှတ်(၂) ခရိုင်ကို မော်ဘီ၊ အင်းစိန် ခရိုင်နယ်မြေ၊ အမှတ် (၃)ခရိုင်နယ်မြေကို ပဲခူးခရိုင် နယ်မြေများအဖြစ် တည်ထောင် သတ်မှတ်ပြီး အုပ်ချုပ်ရေး လုပ်ငန်းများကို ချမှတ် ခဲ့လေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉၅၂ ခုနှစ်၊ ဇင်-ဇန်စာချုပ်- ချုပ်ဆိုရေး၊ ဗကပ နှင့် ကေအဲန်ယူပါတီတို့ ပြန်လည်နားလည်မှု ရရှိပြီးနောက်၊ ၁၉၅၆ခုနှစ် မောကို ကွန်ဂရက်အပြီးတွင် နှစ်ပါတီ တွေ့ဆုံခဲ့ ကြသည်။ အပြန်အလှန် ကူညီရေး၊ ရန်သူသတင်းများ အပြန်အလှန် ပို့ဆောင်ဖလှယ်ရေး၊ စာပေးစာယူနှင့် ကြေးနန်းများဖြင့် အပြန်အလှန် ဆက်သွယ်မှု ပြုရေးများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သဖြင့် နှစ်ပါတီ ပူးပေါင်းမှုများ ပိုမို ခိုင်မာ လာလေသည်။ မတူညီမှုများ ပေါ်ပေါက်လာပါက တွေ့ဆုံဆွေးနွေးရေး၊ နိုင်ငံရေး နည်းများဖြင့် စီစဉ်ဆောင်ရွက် ဖြေရှင်းကြရန်ကိုလည်း နှစ်ပါတီစလုံးက သဘောတူ လက်ခံထား ကြသည်။

၁၉၆၃ ခုနှစ်။ ဗိုလ်မှူးချုပ်မောင်မောင်က တပ်မဟာမှူးအဖြစ် ဆောင်ရွက် ချိန်မှ စပြီး၊ ပဲခူးဒေသတွင် အခါအားလျော်စွာ ကေအဲန်ယူပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ တို့သည် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည် အသက် ဝင်လာခဲ့သည်။ ၁၉၅၆-၅၇၊ အရှေ့တိုင်းတွင် မင်းရန်အောင်စစ်ဆင်ရေး ထိုးစစ် အတွင်း၊ ဗကပ နှင့် ကေအဲန်ယူပီတို့ ပူးပေါင်းပြီး ပဲခူးမြို့ကို ဝင်တိုက်ခဲ့ရာ လူထု ထောက်ခံမှုကို ရခဲ့လေသည်။

၁၉၅၉ ခုနှစ်၊ ကေအဲန်ယူပါတီ၏ ပထမအကြိမ်မြောက်ပါတီညီလာခံ ပြီးဆုံး ပြီးနောက်၊ ဗကပနှင့် ကေအဲန်ယူပါတီတို့ ဦးဆောင်ပြီး၊ (မဒညတ) အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစုကြီးကို အောင်မြင်စွာ တည်ဆောက် နိုင်သည့် အတွက် ဗမာပြည် လက်နက်ကိုင်တော်လှန်ရေးသည် နိုင်ငံရေးအရှိန်အဟုန် မြင့်မား ခဲ့သည်။

ကေအဲန်ယူပါတီ၏ အမျိုးသားဒီမိုကရေစီတော်လှန်ရေးနှင့် ဗကပ တို့၏ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးတို့၏ စစ်ရေးလှုပ်ရှားမှုအတွက် ပဲခူးရိုးမနယ်မြေအား သေနင်္ဂ ဗျူဟာ ပြောက်ကျား အခြေခံစခန်းအဖြစ် အခိုင်အမာ တည်ဆောက် သွားရန် သဘောထား ကြလေသည်။

၁၉၅၉ ခုနှစ်၊ကေအဲန်ယူပါတီ ကွန်ဂရက်မှ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုအတွင်း၊ လူမျိုးစုအသီးသီးမှ ပါဝင်လာရေးအတွက် တပ်ပေါင်းစုဆိုင်ရာ လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်ရန် ပဲခူးဒေသခရိုင် အုပ်ချုပ်ရေးအဖွဲ့မှ ဗိုလ်မောင်မောင်၊ ဗိုလ်သန်း အောင်၊ ဗိုလ်မျိုးသွေး တို့ကို အရှေ့တိုင်း ပါတီဗဟိုသို့ ခေါ်ယူလိုက်လေသည်။ ပဲခူးတိုင်း တွင် ဥက္ကဋ္ဌ အဖြစ် ဖူးတာအယ် (ဗိုလ်တင်ဦး)အား ခန့်အပ်လိုက်လေသည်။ ပါတီ၏ ဦးဆောင်မှုအောက်တွင် ပဲခူးတိုင်းအတွင်း၊ ခရိုင်အားဖြင့် (၄)ခရိုင်ဖွဲ့စည်းပြီး၊ တခရိုင်လျှင် တပ်ရင်း တရင်း

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ဖွဲ့စည်းခဲ့သည်။ ခရိုင် (၄)ခရိုင်အတွင်း တပ်ရင်း (၄)ရင်းမှာ၊ ၁)။ တပ်ရင်း (၁၆)၊ တပ်ရင်းမှူး ဗိုလ်သာချို နှင့် ဗိုလ်ထွန်းလင်း၊ ၂)။ တပ်ရင်း (၁၇)၊ တပ်ရင်းမှူး ဖူးလောကွား (ဝရဇိန်)၊ ၃)။ တပ်ရင်း (၂၁)၊ ဗိုလ်ထိုကြည်၊ ၄)။ တပ်ရင်း (၂၂)၊ ဗိုလ်စိန်ညို တို့ဖြစ်ကြပြီး၊ တပ်မဟာမှူးမှာ တပ်ရင်း (၁၇)မှူး ဖူးလောကွားဖြစ်လေသည်။

၁၉၆၃ ခုနှစ်၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်း ချမ်းရေး ဆွေးနွေးပွဲကြီး ပျက်ပြီး နောက်၊ ၁၉၆၄ လမ်းစဉ်ဖြစ်သော လက်နက်ကိုင် လမ်းစဉ်ဖြင့်သာ အောင်ပွဲခံရေး ဘက်က အားသာလာချိန် ဖြစ်သည်။ ရန်သူအပေါ် စစ်ရေးတိုက်ခိုက်မှုများကို ပိုမိုလုပ် ဆောင်ခဲ့လေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ပဲခူးရိုးမ၏ သေနင်္ဂဗျူဟာ ပြောက်ကျား အခြေခံစခန်း စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ တည်ဆောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်း ခဲ့ကြသည်။ ထို့ကြောင့် ၁၉၆၆ ခုနှစ်တွင် ပါတီဗဟိုမှ (၄)နှစ်အတွင်း စစ် အနိုင်တိုက်ရေး စီမံကိန်းကို ချမှတ်ပြီး လှုပ်ရှားခဲ့သည်။

၂၆၄။ ဗကပ ၏ ပဲခူးဒေသအတွင်း စစ်ရေး၊ နိုင်ငံရေး လွှမ်းမိုးလာမှု အပေါ်၊ ရန်သူက လည်း ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ၊ အောက်ပါ စစ်ဆင်ရေး အမျိုးမျိုးဖြင့် ထိုးစစ်ဆင်ခဲ့သည်။

၁။ ၁၉၆၇ ခုနှစ်တွင်၊ အောင်နိုင် စစ်ဆင်ရေး၊
၂။ ၁၉၆၈ ခုနှစ်တွင်၊ ပြည်သာယာ စစ်ဆင်ရေး၊ သီဟ စစ်ဆင်ရေး၊ တေဇ စစ်ဆင်ရေး၊
၃။ ၁၉၆၉ ခုနှစ်တွင်၊ တံခွန် စစ်ဆင်ရေး၊ ဇွဲသတ္တိ စစ်ဆင်ရေး၊
၄။ ၁၉၇၀ ခုနှစ်တွင်၊ နေမင်း စစ်ဆင်ရေး၊
၅။ ၁၉၇၂ ခုနှစ်တွင်၊ အလင်းရောင် စစ်ဆင်ရေး၊

ထို ထိုးစစ်များသည် တပ်မ (၈၈)၊ တပ်မ (၉၉)နှင့် အထူးတပ်များကို အသုံး ချခဲ့သော်လည်း ဗကပ နှင့် ကေအဲန်ယူပါတီ တပ်များက၊ တပ်စုလိုက်၊ တပ်ခွဲလိုက် သီးခြားစီ တိုက်ခိုက် ချေမှုန်း နိုင်ခဲ့သည်။

ရန်သူသည် မြစ်ဝကျွန်းပေါ် ထိုးစစ်ကာလ၊ ၁၉၆၉ ခုနှစ်မှစ၍ ပဲခူး ကေအဲန်ယူပီ နှင့် ဗကပ အခြေခံဒေသများကို ထိုးစစ်ဆင်ခဲ့သည်။ အဆိုပါ ထိုးစစ်ကို တပ်မ (၉၉)အား စတင် အသုံးပြုခဲ့သည်။ ကေအဲန်ယူပါတီ တပ်ဖွဲ့များနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ တပ်ဖွဲ့များက ရန်သူ့လှုပ်ရှားတပ်ဖွဲ့များနှင့် အခြေစိုက် စခန်းများကိုပါ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ရန်သူများကို တပ်စိတ်လိုက်၊ တပ်စုလိုက်၊ တပ်ခွဲလိုက်အထိ ချေမှုန်း နိုင်ခဲ့သည်။ မကြာမီ တပ်မ (၉၉)ကို ပြန်ရုပ်ကာ၊ တပ်မ (၈၈)ဖြင့် အစားထိုးရာတွင်လည်း အလားတူ ချေမှုန်းနိုင်ခဲ့သည်။

ဤသို့ဖြင့် ရန်သူသည် ပဲခူးရိုးမတိုင်းအား အထူးစစ်ဆင်ရေး တရပ်ကို ထပ်မံ ရေးဆွဲခဲ့သည်။ ထိုစစ်ဆင်ရေးကို အောင်စိုးမိုး စစ်ဆင်ရေးဟု ခေါ်တွင်ခဲ့သည်။

ရန်သူ၏ အောင်စိုးမိုး စစ်ဆင်ရေးသည် ဗကပ နှင့် ကေအဲန်ယူပါတီ ပူးတွဲ တိုက်ခိုက်မှုများ၏ ပဲခူးတိုင်းဒေသအတွင်း စစ်ရေး၊ နိုင်ငံရေး ခြိမ်းချောက်မှုများကို တန်ပြန်သည့် အထူး စစ်ဆင်ရေးတရပ် ဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့ တွင် ဖြတ် လေးဖြတ် စစ်ဆင်ရေးကို စတင် အကောင် အထည်ဖော်ခဲ့သည်။

ဖြတ်(၄)ဖြတ် စစ်ဆင်ရေးမှာ၊

၁။ ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်ခြင်း၊

၂။ သတင်းဖြတ်ခြင်း၊

၃။ ငွေကြေး ထောက်ပံ့မှု လမ်းကြောင်းများကို ဖြတ်တောက် ခြင်း၊

၄။ ဒေသခံလူထုနှင့် အဆက်အသွယ် ဖြတ်တောက်ခြင်းတို့ပင် ဖြစ်သည်။

ရန်သူ၏ မဟာဗျူဟာနည်းဗျူဟာအရ အကောင်အထည် ဖော်မည့်လုပ်ငန်းများမှာ

၁။ ရဲနွယ် စီမံကိန်း။

ရဲနွယ်ချောင်းဖျားတွင် တောင်ပေါ်(၁၄)ရွာ တည်ရှိသည်။ ရဲနွယ်ချောင်းဖျားမှ စီးဆင်းလာသော ချောင်းမြောင်းများကို ပိတ်ဆို့ လိုက်ပြီး ရေလှောင်ကန်များ တည်ဆောက် မည်ဆို လျှင် တောင်ပေါ် (၁၄)ရွာသည် ရေအောက်သို့ ရောက်ရှိသွားမည် ဖြစ်သည်။ ထို့ကြောင့် ရွာများအား တောင်ပေါ်ဒေသမှ ကျောက်တံခါးမြို့နယ်၊ ရေတွင်းဖြူသို့ ရွှေ့ ပြောင်း လိုက်လေသည်။

၂။ တောင်ယာ စပါးများကို ဖျက်ဆီးခြင်း။

ကေအဲန်ယူပါတီမှ ရိက္ခာအတွက် စိုက်ပျိုးထားသော တောင်ယာများကို လိုက်လံ ဖျက်ဆီးခြင်း၊ စပါးသိုလှောင်ထားသော ပုန်းကျင်းများကို လိုက်လံ ဖျက်ဆီးခြင်းများကို ပြုလုပ်ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၃။ မြေပြန့်တောင်ပေါ်ဆက်သွယ် သွားလာနေမှုများကိုလည်း ဖြတ်တောက် လိုက်သည့် အတွက်၊ ရိက္ခာ၊ ငွေကြေး၊ ဆေးဝါး နှင့် အခြား ပစ္စည်းများအား သယ်ယူ ပို့ဆောင်နိုင်ခြင်း မရှိအောင် အသွားအလာများကို ပိတ်ပင် တားဆီးလိုက်သည်။

၄။ တပ်မ (၇၇)နှင့် အတူ၊ ဒေသခံ တိုင်းတပ်များကို တောင်ပေါ်သို့ ပိုက်စိပ်တိုက် ရှာဖွေ တိုက်ခိုက်ခဲ့ခြင်းများကို ပြုလုပ်လေသည်။

၂၆၅။ ကေအဲန်ယူပါတီသည် ၁၉၆၆-၆၇ ခုနှစ်အတွင်း၊ မြစ်ဝကျွန်းပေါ်တိုင်း၊ ရန်သူ၏ ထိုးစစ်ကို အပြင်းအထန် ခုခံတိုက်ခိုက်နေသည့် အချိန်တွင် ပါတီအတွင်း အယူအဆရေးရာ ပဋိပက္ခနှင့် ဂိုဏ်းခွဲမှုများကို အောက်ပါအတိုင်း ရင်ဆိုင်ခဲ့ရ လေသည်။

၁။ ၁၉၆၆ ခုနှစ်တွင်၊ ဗိုလ်ချုပ်မြနှင့် အရှေ့တိုင်း တပ်မှူးများက ခွဲထွက်သွားပြီး၊ အဖွဲ့ အစည်း အသစ်တခုကို ထူထောင်ခြင်း၊

၂။ ၁၉၆၇ ခုနှစ်တွင်၊ မန်းဘဇန်က ပါတီမှ ခွဲထွက်သွားပြီး၊ ဗိုလ်မြနှင့် ပူးပေါင်း သွားခြင်း၊

၃။ ဗိုလ်ချုပ်မြနှင့် အရှေ့တိုင်းကော်မတီက ပါတီ ဗဟိုဌာနချုပ်ကို အရှေ့တိုင်းမှ နှင်ထုတ် ခဲ့ခြင်း စသည်များကြောင့် ကေအဲန်ယူပါတီဌာနချုပ်ကို ပဲခူးရိုးမသို့ ပြောင်းရွှေ့ခဲ့ ရသည်။ ထိုသို့ ပြောင်း ရွှေ့ခဲ့ရပြီးနောက်၊ ၁၉၆၉ ခုနှစ်တွင်၊ ရန်သူသည် ပဲခူးရိုးမတိုင်းတွင် ကေအဲန်ယူ ပါတီကို စတင်ပြီး တိုက်စစ် ဆင်ခဲ့သည်။

ထိုသို့ အခြေအနေတွင်၊

ထိုးစစ်အတွင်း ကေအဲန်ယူပါတီနှင့် ဗကပ တို့ ပူးပေါင်း၍ ပဲခူးရိုးမအတွင်းသို့ ဝင်လာသော တပ်မ (၈၈)နှင့် (၉၉)တို့ကို တပ်ပျက်အောင် တိုက်ခိုက်ချေမှုန်း နိုင်ခဲ့သည်။

၁၉၇၀ ခုနှစ်တွင်၊ ကေအဲန်ယူပါတီ အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ် ကျင်ဖေ ကျဆုံးခဲ့သည်။

၁၉၇၂ အောင်နိုင် ပူးတွဲ ခုခံတိုက်ခိုက်မှုအတွင်း ကေအဲန်ယူ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ် ကော်ထူး ဖျားနာသေဆုံးသွားခြင်း၊ ဗဟိုကော်မတီဝင် ဗိုလ်ကြည်လင်း မှာလည်း တောင်ပေါ် (၁၄)ရွာ တိုက်ပွဲအတွင်း ကျဆုံးခဲ့သည်။

၁၉၇၁ ခုနှစ်တွင်၊ ဒုတိယ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်တာအယ်သည် ပါတီကို စွန့်ခွာသွားခဲ့ သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၆၆။ ၁၉၇၅ ခုနှစ်အထိ ကျဆုံးသွားသော ခေါင်းဆောင်များ၊ တပ်မှူး တပ်သားများ။

၁။ ဗိုလ်မှူးချုပ်ကျင်ဖေ ပါတီ အထွေထွေအတွင်းရေးမှူးချုပ်၊

၂။ ဗိုလ်ကြည်လင်း ပါတီ ဗဟိုကော်မတီ၊ ၁၉၇၂၊

၃။ ဗိုလ်ကြီးစောလှမောင် ပါတီဗဟိုကော်မတီ၊ စမ်းပုတ်တိုက်ပွဲတွင်ကျဆုံး၊

၄။ ဦးတု၊

၅။ ဦးချစ်သူ၊

၆။ ပဒို အားကော်၊

၇။ ပဒို အုန်းစိန်၊

၈။ ရဲဘော်စိုင်းကေ၊

၉။ ရဲဘော် လှကြွယ်၊

၁၀။ ရဲဘော် အပို၊

၁၁။ ဗိုလ်ဖိုး၊

၁၂။ ဗိုလ်တင်ဖေ၊

၁၃။ ဗိုလ်စီးစီ၊

၁၄။ မန်းကျော်လွင် ပါတီ ဗဟိုကော်မတီ၊

၁၅။ ဗိုလ်ဖိုးသောင်း

၁၆။ ဗိုလ်ညောင်ရေ အရံ ပါတီ ဗဟိုကော်မတီ၊

၁၇။ ဗိုလ်ချုပ်ကော်ထူး ပါတီ ဥက္ကဋ္ဌ၊

၂၆၇။ ၁၉၇၄ ဖြတ် (၄)ဖြတ်

တောင်ပေါ်တွင် လူသူတဦး တယောက်မျှ မရှိတော့ပေ။ ရွာသူ ရွာသား များ၏ ပုန်းတဲ၊ စပါးကျီ အသီးသီးတို့ကိုလည်း၊ ဗိုလ်နေဝင်း တပ်များက မီးရှို့ ဖျက်ဆီး လိုက်ကြ သည်။ ကရင်တပ်ဖွဲ့များသည် အလှည့်ကျ ကွင်းဆင်းပြီး ရိက္ခာများကို သွားရောက် စုဆောင်းကြရ သည်။ ပြည်သူများကလည်း ကြိုးစားပမ်းစား အတတ်နိုင်ဆုံး အကူအညီ ပေးခဲ့ကြသည်။ ရိက္ခာကို အပတ်စဉ်လိုလို သွားရောက် ယူနေ ကြရသည်။ နောက်ပိုင်းတွင် ရိက္ခာ အခက်အခဲ ရှိလာသဖြင့်၊ လျော့၍ စားကြရသည်။ ဆန်အနည်းငယ်ကို သစ်ဥ၊ သစ်ဖု များ၊ ရသမျှသော ဟင်းသီး ဟင်းရွက် မျိုးစုံတို့ဖြင့် ရောနှောကာ ချက်ပြုတ် စားသောက်ကြ ရသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပထမပိုင်းတွင် ဗကပနှင့်အတူ ပူးတွဲ၍ ရိက္ခာရှာဖွေ စုဆောင်းကာ ခွဲဝေ စားသုံးကြသည်။ နောက်ပိုင်းတွင် တပ်များကို ခွဲထုတ်ပြီး ရိက္ခာရရှိရေးကို အဖွဲ့လိုက် အစီအစဉ်ဖြင့် ကွင်းထဲသို့ ဆင်းကြသည်။ စပါး (၃/ ၄/ ၅)တင်း ရသည်နှင့်ပင် တောင်ပေါ်သို့ ပြန်တက်လာကြသည်။ ထိုနည်းအတိုင်း ဆင်းလိုက် တက်လိုက်ဖြင့် ခက် ခက် ခဲခဲ ရိက္ခာကို ရှာဖွေ စားသောက်ခဲ့ကြရသည်။ နောက်ဆုံး ရိက္ခာစပါး (၃/ ၄) တင်းကို ထောင်းပြီး အရှေ့တိုင်းသို့ ထွက်ခဲ့ကြလေသည်။

၂၆၈။ အရှေ့တိုင်းသို့ ကူးလာပြီး တောင်ပေါ်သို့ အတက်တွင် ရန်သူမှ ပစ်ခတ်ရာ၊ ပဒိုအုန်းစိန်၊ စိုင်းကေ၊ လှကြွယ်၊ သာဘိုးတို့ ကျဆုံးခဲ့သည်။ ဦးတဲခို၏ မွေးစားသား “စောလေလာ” တယောက် ခြေထောက်ကျိုးခဲ့ရသည်။

ပဲခူးရိုးမမှ အရှေ့တိုင်းသို့ ထွက်ခွာရာတွင် ထားခဲ့ရသော ရဲဘော်များနှင့် ခေါင်းဆောင်များ။

၁။ ဗိုလ်မှူးဘော်လ်ဒွင်(ဗဟို ကော်မတီ)၊ ဖောယောင်ကာ လမ်းမလျောက်နိုင်၊
၂။ ဗိုလ်ထိုကြည် (ဗဟို ကော်မတီ)၊ ဖောယောင်ကာ လမ်းမလျောက်နိုင်၊
၃။ လေလာ ဦးဆောင်ရန်နှင့် စောင့်ရှောက်ရန် ထားခဲ့။
၄။ မြင့်စိုး (ခ)စံကြည် ကျေးရွာ အမာခံကျောရိုး၊
၅။ ကျန်ကဖီး၊
၆။ စိုးလေး၊
၇။ ဦးစိန်မောင် ထိုပုဂ္ဂိုလ်များ အားလုံးကို နောက်ပိုင်းတွင် မတွေ့ရတော့ပေ။

၂၆၉။ ပဲခူးရိုးမကို အရှေ့ အနောက် ပိတ်ဆို့ပြီး စစ်ဆင်ခဲ့မှုကြောင့် ကေအဲန်ယူပါတီ တပ်များအတွက် ကွင်းဆင်းပြီး ရိက္ခာများ စုဆောင်းရန် အခက်အခဲ အကျပ်အတည်းနှင့် ကြုံနေရပြီဖြစ်သည်။ တပ်ဖွဲ့ အားလုံးအတွက် တမတ်သားနှုန်းဖြင့် တလခန့် စားနေရပြီ ဖြစ်ပြီး၊ နောက်ဆုံး ရိက္ခာလုံးဝ ရှာမရနိုင်တော့သည့် အခြေ အနေသို့ ရောက်ခဲ့ရသည်။ ထို့ကြောင့် ပဲခူးရိုးမ အခြေခံဒေသကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ စစ်ကို မရှောင်နိုင်ပါက ရဲဘော်အားလုံး ချေမှုန်းခြင်း ခံရမည် ဖြစ်သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ထို့ကြောင့် ကေအဲန်ယူပါတီ၏ အမြင့်ဆုံးခေါင်းဆောင် ဗိုလ်ချုပ်မြမောင် သည် ကေအဲန်ယူပီ လက်နက်ကိုင်တပ်များ အားလုံးကို ပြန်လည်စုစည်းပြီး ရှေ့ဆက်ရမည့် အစီအစဉ်များကို အောက်ပါအတိုင်း ရှင်းပြလေသည်။

အသက်ရှင်ကျန်ခဲ့သော တော်လှန်ရေး တပ်သားအားလုံးသည် လက်နက်ကိုင် တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်မည်ဆိုပါက မိမိနောက်သို့ လိုက်ပါနိုင်ပြီး၊ လက်နက်ကိုင် တော်လှန်ရေးကို မလုပ်နိုင်တော့လျှင်လည်း၊ မိမိတို့ နေရပ် ဒေသသို့ ပြန်လိုလျှင် ပြန်နိုင်ကြောင်း၊ လက်နက်ချမည်ဆိုလျှင်လည်း အဖမ်းခံ၍ လက်နက်ချ နိုင်ကြောင်း၊ သို့ရာတွင် လက်နက်များ ယူဆောင်သွားခွင့်ကိုမူ ခွင့်မပြု နိုင်ကြောင်း ရှင်းပြ လေသည်။

ဗိုလ်ချုပ်မြမောင်နှင့်အတူ၊ ကေအဲန်ယူပီ ဗဟိုကော်မတီများ၊ တပ်မှူး တပ်သား (၁၀၀)ကျော်တို့သည်၊ ပဲခူးရိုးမကို စွန့်ခွာပြီး၊ အရှေ့တိုင်းသို့ ထွက်ခွာခဲ့ကြ လေသည်။ ၂၇၀။ ၁၉၇၃ ခုနှစ်။ ကျောက်ကြီးမြို့နယ်၊ ဗိုလ်မြနှင့် ကေအဲန်ယူပီ ပါတီတို့၏ နယ်မြေ ပြဿနာ။

အရှေ့တိုင်းတွင် အမှတ် (၃)ခရိုင်ကို မြို့နယ် (၃)ခုဖြင့် ဖွဲ့စည်းထားသည်။ (၁)။ ကျောက်ကြီး မြို့နယ်၊ (၂)။ ရွှေကျင် မြို့နယ်၊ (၃)။ မုန်း မြို့နယ် တို့ဖြစ်ကြပြီး၊ ထိုစဉ်က ခရိုင်ဥက္ကဋ္ဌမှာ ပဒိုထွန်းဖေ၊ အတွင်းရေးမှူးမှာ ပဒိုအယ်မွီး၊ တွဲဘက် အတွင်းရေးမှူးမှာ ပဒိုလေးလော်ဆော၊ (ပဒိုလေးလော်ဆောသည် တပ်မဟာမှူးဟောင်း ပဒိုကျားမောင်၏ သားဖြစ်ပြီး၊ နောက်ပိုင်းတွင် ခရိုင်ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။) နှင့် တပ်မဟာမှူးမှာ ကဆယ်ဒိုး ဖြစ်သည်။

ဗိုလ်မြနှင့် တပ်မဟာတချို့ ခွဲထွက်စဉ်က အမှတ် (၃)ခရိုင်၊ အမှတ်(၁) ခရိုင်နှင့် အမှတ် (၂) ခရိုင်တို့သည် ပါတီဘက်မှ ရပ်တည် ခဲ့ကြသည်။

၁၉၆၆ ခုနှစ်တွင် ဗိုလ်မြသည် ကေအဲန်ယူပါတီအား အရှေ့တိုင်းမှ ထွက်သွားရန် အမိန့်ထုတ်ခဲ့စဉ်က၊ ပါတီသည် ဖာပွန်ခရိုင်မှ ထွက်ခွာပြီး၊ အမှတ်(၂) ခရိုင် အတွင်းတွင် ပြန်လည် အခြေခံ ခဲ့သည်။

၁၉၆၇ ခုနှစ်၊ မန်းဘဇန် ကေအဲန်ယူပါတီအတွင်းမှ ထွက်ခွာသွားသော အခါတွင် အရှေ့တိုင်းရှိ ခရိုင်အားလုံးသည် မန်းဘဇန် နောက်သို့ ပါသွားလေတော့သည်။ သို့သော် အမှတ် (၃) ခရိုင်အတွင်း၊ ကျောက်ကြီးမြို့နယ် ဥက္ကဋ္ဌ ဗိုလ်ဂျော့နှင့် မြို့နယ် အတွင်းရေးမှူး ဗိုလ်ကြီးလရောင်တို့သည် မန်းဘဇန်နောက်သို့ မလိုက်ခဲ့ ကြပေ။ မုန်းမြို့နယ်နှင့် ရွှေကျင်

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

မြို့နယ်တို့က မိမိတို့ဆန္ဒအရ မန်းဘဇန်အဖွဲ့နှင့် ပေါင်းမည်ဆိုလျှင် ၎င်းတို့၏ဆန္ဒ အရ သွားရောက်ပေါင်းကြရန်၊ မိမိတို့ကမူ ပါတီ ဘက်တွင် နေရစ်မည်ဖြစ်ကြောင်းဖြင့် ပါတီ အပေါ်ရုပ်တည်ခဲ့ကြသည်။

ကျောက်ကြီးမြို့နယ် တာဝန်ခံများက ပါတီဘက်မှ ရုပ်တည်ခဲ့သောကြောင့်၊ လက်နက်ကိုင် ပဋိပက္ခအဆင့်သို့ ရောက်ရတော့မည် ဖြစ်သည်။ ဗိုလ်ဂျော့ နှင့် ဗိုလ်လရောင် တို့ကလည်း စစ်ရေးအရ ပြင်ဆင်မှုများ လုပ်ကြလေသည်။ နောက်ပိုင်းတွင် နှစ်ဘက် ခေါင်းဆောင်များ ညှိနှိုင်းပြီး လူထုဆန္ဒနှင့်အညီ ရွေးကောက်ပွဲ ပြုလုပ်လေသည်။ ရွေးကောက်ပွဲတွင် ကေအဲန်ယူပါတီဘက်သို့ လိုက်မည့်မဲက အများဆုံး ရရှိလေသည်။ သို့သော်လည်း မန်းဘဇန်နှင့် ဗိုလ်မြတို့ အဖွဲ့က တောင်ပေါ်ဒေသတွင် ကေအဲန်ယူပါတီ အား နေထိုင် အုပ်ချုပ်ခွင့် မပေးဘဲ မြေပြန့်ဒေသကိုသာ ထိန်းချုပ်ခွင့် ပြုလေသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ပဲခူးရိုးမမှ ထွက်ခွါလာသော ပါတီဗဟိုကော်မတီနှင့်
တပ်မှူး တပ်သား များ စာရင်း

၂၇၁။ ၁၉၇၅ ခုနှစ်၊ ဗိုလ်ချုပ်မြမောင်အတူ အရှေ့တိုင်းသို့ ထွက်ခွာလာသော ပါတီ ခေါင်းဆောင်များနှင့် ရဲဘော်၊ ရဲမေများ။

၁။ ဗိုလ်ချုပ်မြမောင်၊
၂။ ဦးစိုးအောင်၊
၃။ ဗိုလ်မှူးချုပ်ကျော်သောင်း၊
၄။ ဗိုလ်မှူးမြသိန်း၊
၅။ ဗိုလ်မှူးမိုးဟိန်း၊
၆။ ဗိုလ်မှူးဟန်ကြည် ၊
၇။ ဗိုလ်မှူးချစ်မောင်၊
၈။ ဗိုလ်မင်းသိန်း၊
၉။ ဗိုလ်အောင်မြတ် (ခ) နီပွန်၊
၁၀။ ဗိုလ်ရွှေသန်း၊
၁၁။ ဗိုလ်တွတ်၊
၁၂။ ဗိုလ်သံတုံး၊ (သံဒုံး)၊
၁၃။ ဗိုလ်ကျော်လင်း၊
၁၄။ ဗိုလ်နိုင်းစိုး၊
၁၅။ ဗိုလ်သဆဲ့၊
၁၆။ ဗိုလ်စန်းအောင်၊
၁၇။ ဗိုလ်ထွန်းစိန်၊
၁၈။ ဗိုလ်ကျော်ဆန်း၊
၁၉။ ဗိုလ်လားဆဲ၊
၂၀။ ဗိုလ်သန်းလှ၊
၂၁။ စောသန်းလှ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၂။ မောင်တင်ရွှေ၊

၂၃။ စောအေးမောင်၊

၂၄။ စောကျော်ဝင်း (ကြားဖြတ်တာဝန်ခံ၊ တပ်မဟာ ၆)၊

၂၅။ ရဲဘော်ကျော်ဝင်း၊

၂၆။ ရှမ်းကြီး၊ (ဘဲကလော်)၊

၂၇။ အောင်ကြိုင်၊

၂၈။ မောင်သိန်းရွှေ (တပ်မဟာ(၂) တအေးခီးတွင် အိမ်ထောင်ကျသည်။)၊

၂၉။ စောမြင့်ဝင်း (အမေရိကန်သို့ ရောက်ရှိ)၊

၃၀။ အဝင်း (တပ်ရင်း ၁၉)၊

၃၁။ စောရဲလေ၊

၃၂။ စောအယ်ရီး၊

၃၃။ စောအောင်မောင်း (တပ်မဟာ ၆)၊

၃၄။ စောလေးထူး (တရုတ်အမျိုးသား)၊

၃၅။ မြတ်ထူးခေါ်(ခေါ်) စိန်ကုလား၊ (အရှေ့တိုင်းတွင် ကျဆုံးသည်။)

၃၆။ စောတပရေ (နောင်ရိုးထာတွင် အိမ်ထောင်ကျသည်။)

၃၇။ မောင်မြင့် (သံဒုံး (ခ) သံတုံး အဖွဲ့ ရိုးမသို့ ဆင်း)

၃၈။ စောထွန်းကြည်၊ (တပ်မဟာ ၆၊ နိုဖိုးစခန်း)၊

၃၉။ မောင်ဇန် (စောမူဒဲတွင် အိမ်ထောင်ကျ၊)

၄၀။ မုန်ကြီး၊

၄၁။ စောလှမြင့် (ဗိုလ်စန်းအောင်နှင့်အတူကျဆုံး)၊

၄၂။ အောင်ဘော်၊ (အမေရိကန်)၊

၄၃။ လှကမ္ဘာ (မာနယ်ပလော)၊

၄၄။ အောင်တင်စိန်၊ (တပ်မဟာ ၆၊ သတ္တုတွင်းဌာန)၊

၄၅။ စောသောင်းရွှေ၊ (တပ်ရင်း ၁၉၊ နော်အားလူ၏ ယောကျ်ား)၊

၄၆၊ ဂြိုလ်တု၊

၄၇။ စောကြာသိန်း (နော်ဃ၏ ယောက်ျား)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၄၈။ စောဒါးကြီး (စံချိန်။ တပ်မဟာ ၆)၊

၄၉။ ဆရာကျော်ကျော်၊ (မြဖော်၏ ယောကျ်ား။ ဘဲကလော်)၊

၅၀။ ကိုသင်းငွေ၊

၅၁။ ကျော်မြင့် (ကြားဖြတ်။ တပ်ရင်း ၁၉)၊

၅၂။ ဖားဟေးခို (ဆင်ဦးစီး)၊

၅၃။ ကျော်မြင့် (ဗိုလ်မင်းသိန်း၊ ဗိုလ်သံဒုံး တို့နှင့်အတူ ပဲခူးရိုးမသို့ ဆင်းစဉ် ကျဆုံး)၊

၅၄။ စောတာဒိဒိ (တပ်မဟာ (၂)သို့ ဝင်ရောက်သည်။)၊

၅၅။ ဗိုလ်စောအောင်၊ (တပ်မဟာ (၆))၊

၅၆။ စောထီးမူး (ဘဲကလော်တွင် အိမ်ထောင်ကျသည်)၊

၅၇။ စောသူလှိုင်၊ (ကြားဖြတ်။ မယ်ရမ်မိုစခန်းမှ အမေရိကန်သို့ ရောက်ရှိသွား သည်။)၊

၅၈။ ဆရာငွေထွန်း၊ (ကြားဖြတ်။ ဗဟိုဌာနချုပ်တွင် ရေနစ်ကွယ်လွန်ခဲ့သည်။)၊

၅၉။ စောသင်းစိန်၊

၆၀။ စောနေမင်း (မရမ်းသီး)၊

၆၁။ စောထွန်းလင်း၊ (မယ်လတွင် ကျဆုံး။)၊

၆၂။ ကိုလှမောင်၊

၆၃။ ကိုလှငွေ၊ (တပ်မဟာ ၆တွင် အိမ်ထောင်ကျ။)၊

၆၄။ ချိုကြီး၊ (တပ်ရင်း ၁၉။)၊

၆၅။ အောင်သန်းရွှေ၊ (ဘဲကလော်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်)

၆၆။ စစ်နိုင်၊ (အရေးယူခံရ)၊

၆၇။ စိုးသူ၊ (မာနယ်ပလောတွင် ရေနစ်သေဆုံး။)၊

၆၈။ စောသန်းရွှေ၊

၆၉။ တပ်ကြပ်ကြီးစာရေးကျော်မြင့်၊

၇၀။ ဆာဆွေ၊

၇၁။ ဗိုလ်လွန်း၊ (တပ်ရင်း ၁၇ တွင်ကျဆုံး။)၊

၇၂။ ဗိုလ်တင်ဝင်း၊

၇၃။ စတာလင်၊ (စစ်တောင်မြစ်ကူးစဉ် ရေနစ်သေဆုံး။)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇၄။ စောကို (အရှေ့တိုင်းတွင်။)၊

၇၅။ ကပေါ်မူး၊

၇၆။ အောင်ဝင်း၊ (အရေးယူခံရ။)၊

၇၇။ ဖိုးမောင်း၊ (အရေးယူခံရ။)၊

၇၈။ စိုးဝင်း၊

၇၉။ ဗိုလ်မောင်မောင်၊ (မယ်လတွင် အသက်ကြီး၍ သေဆုံး။)၊

၈၀။ စောမောင်မောင်၊ (မျက်စိတလုံး။ မယ်ရမ်မိုတွင်ရှိသည်။)၊

၈၁။ နန့်ကျင်ရွှေ (ပဒုမန်းရှာလားဖန်း၏ ဇနီး)၊

၈၂။ နော်မြဖော၊ (ဆရာကျော်ကျော်၏ ဇနီး)၊

၈၃။ နော်သူး၊ (ဗိုလ်စောအောင်၏ ဇနီး)၊

၈၄။ နော်ဖောလေလေ၊ (ဗိုလ်မှူးမိုးဟိန်း၏ ဇနီး)၊

၈၅။ နော်ဆေးဂေ၊

၈၆။ နော်အေးအေးခိုင်၊ (ဗိုလ်သန်းလှ၏ ဇနီး။ ဗိုလ်သံဒုံး၏ သမီး။)၊

၈၇။ ဗိုလ်သံဒုံ၏ဇနီး၊ (အေးအေးခိုင်၏အမေ)၊

၈၈။ မနန်စီ၊ (စစ်တောင်းမြစ်အကူးရေနစ်သေဆုံး)၊

၈၉။ နော်မူဝေ၊ (ဗိုလ်အောင်မြတ်၏ ဇနီး)၊

၉၀။ စောသစေး၊ (နော်မြဖော၏ မောင်။ အသက် ၇ နှစ်။ ရေနစ် သေဆုံး။)၊

၉၁။ ဖါးစူးခို၊ (မြဖော၏ ဖခင်။ စစ်တောင်းမြစ်အကူးတွင် ရေနစ်သေဆုံး။)၊

၉၂။ စောတင်ဦး၊ (တပ်ရင်း ၁၉)၊

၉၃။ ဦးဖိုးဂုံ၊ (တပ်မဟာ ၄)၊

၉၄။ ဦးမောတိုး၊ (ဌာနချုပ်တွင် သေဆုံး။)၊

၉၅။ ဦးတဲခို၊ (ဌာနချုပ်တွင် သေဆုံး။)၊

၉၆။ စောဝင်းခင်၊ (ပြန်ဆင်းသွားသည်။)၊

၉၇။ ငပွေးလေး၊ (ရေနစ်သေဆုံး။)၊

၉၈။ နော်ရှာဖော၊ (ရေနစ်သေဆုံး။)၊

၉၉။ ဦးလှမောင်၊ (ရေနစ်သေဆုံး။)၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၀၀။ ကိုအောင်မောင်း၊ (ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဆုံး။ KNUP နှင့် ပါလာသူ။)၊

၁၀၁။ နော်ဃ၊

၁၀၂။ နော်သီဖော (ဗိုလ်မင်းသိန်း၏ ဇနီး)၊

၁၀၃။ စိန်ကုလား။

၂၇၂။ ကေအဲန်ယူပါတီကို ဖျက်သိမ်းခြင်း။ ၁၉၇၅ ခုနှစ်။ အောက်တိုဘာလ။

ကေအဲန်ယူပါတီသည်၊ ၁၉၇၅ ခုနှစ်၊ ဧပြီလတွင် ပဲခူးရိုးမကို စွန့်ခွာခဲ့ရာ ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်မြမောင်နှင့်အတူ ဗဟိုကော်မတီဝင်၊ တပ်မှူး တပ်သား စုစုပေါင်း (၁၀၀)ကျော် ပါဝင်ခဲ့သည်။ ပဲခူးရိုးမ တောင်ခြေမှ စစ်တောင်းမြစ်ကို ဖြတ်ကူးရန်၊ နံနက်စောစော အချိန်တွင် အရှေ့ဘက်နှင့် အနောက်ဘက်တို့မှ ရန်သူများက နှစ်ဘက်ညှပ်၍ ပစ်ခတ်တို က်ခိုက်ခြင်းကို ခံခဲ့ရလေသည်။ မိမိတို့ K.N.U.P. တပ်ဖွဲ့ဝင်များကလည်း ရဲရဲရင့်ရင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့်၊ ရန်သူတို့ ရှေ့ ဆက်မတိုးနိုင်ဘဲ ပြန်ဆုတ်ပေးခဲ့ကြရသည်။ ထိုအချိန်တွင် စစ်တောင်းမြစ်ကို အလျင်အမြန် ဖြတ်ကူးခဲ့ ကြရသည်။ စစ်တောင်းမြစ်ကို ဖြတ်ကူးစဉ် ကျား/မ (၉)ဦး၊ ရေကူး မကျွမ်းကျင်သဖြင့် ရေနစ်ကာ သေဆုံးကျန်ရစ်ခဲ့ ကြရသည်။ လက်နက် (၂၄) လက်နှင့် စာရွက်စာတမ်းများလည်း ဆုံးရှုံးခဲ့ရသည်။

စစ်တောင်းမြစ် အရှေ့ဘက်သို့ကူးပြီး အရှေ့တောင်တန်း “ပနာအီပယ်ခို” သို့ ရောက်ရှိခဲ့လေသည်။ ပနာအီပယ်ခိုတွင် ခေတ္တနားခိုပြီး တပ်မဟာ(၃)နယ်မြေ၊ ညောင်လေး ပင် ခရိုင် ခေါင်းဆောင်များနှင့် ကြေးနန်း အဆက်အသွယ်ရရှိရန် ကြိုးပမ်း ခဲ့ကြသည်။ ထိုသို့ နားနေစဉ် ရန်သူတပ်ဖွဲ့တဖွဲ့ဖြစ်သော ရှမ်းသေနတ်ကိုင် အမှတ်(၁) တပ်ရင်းအဖွဲ့ ရောက်ရှိလာပြီး၊ ဝိုင်းပတ် တိုက်ခိုက်သော်လည်း ရွပ်ရွပ် ခွံ့ခွံ့ ခုခံတိုက်ခိုက်ခဲ့သဖြင့် ရန်သူတပ်ဖွဲ့မှ တပ်ခွဲမှူး အပါအဝင် တပ်သားအများ အပြား ကျဆုံးသွားသည်။ ကေအဲန်ယူ ပါတီတပ်ဖွဲ့ဘက်တွင်လည်း တဦး ကျဆုံးခဲ့ရပြီး၊ ရဲဘော်စိန်ကုလားမှာ ဒဏ်ရာ ရရှိခဲ့သည်။

ပနာအီပယ်ခိုမှ ဆက်လက်ထွက်ခွာရာ စောသေဒဲသို့ ရောက်ရှိခဲ့သည်။ စော သေဒဲသို့ ရောက်ရှိပြီးနောက် ညောင်လေးပင်ခရိုင်၊ တပ်မဟာ (၃)နှင့် အဆက် အသွယ် ရသဖြင့် ဆက်လက် ချီတက်ရာ တပ်မဟာ(၃)တပ်ဖွဲ့မှ လမ်းခရီးတွင် ပစ်ခတ်သဖြင့်၊ ရဲဘော်သန်းလှတယောက် ကျဆုံး ခဲ့ရပြန်သည်။ နောက်ဆုံး ရဲမေ နှစ်ဦးဖြစ်သော နော်သီဖောနှင့် နော်ဃတို့အား

ခရိုင်ရုံးရှိရာသို့ စေလွှတ်ပြီး အဆက် အသွယ်ရရှိရန် ကြိုးပမ်းရလေသည်။ နော်ဃနှင့် နော်သီဖောတို့ နှစ်ဦးအား K.N.U. တာဝန်ခံများက ထိန်းသိမ်းထားပြီး၊ ခေါင်းဆောင်လုပ်သူ ကိုယ်တိုင် လာရောက် တွေ့ဆုံရန် ဆက်သား စေလွှတ်၍ အကြောင်းကြားလေသည်။ ထိုအခါ ဗိုလ်ချုပ်မြမောင် ကိုယ်တိုင် သွားရောက် တွေ့ဆုံခဲ့ရသည်။ ကြေးနန်း အဆက်အသွယ်များ မလုပ်နိုင်ခြင်းမှာ စစ်တောင်းမြစ်အား ကူးစဉ်တွင် စက်သုံးဓါတ်ခဲများ ပျက်စီး သွားခဲ့ခြင်းကြောင့် ဆက်သွယ်ရေး မလုပ်နိုင်ခြင်း ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဤသို့ဖြင့် ပါတီ ရဲဘော်များအားလုံး တပ်မဟာ(၃) ခရိုင် ဌာနချုပ်သို့ ရောက်ရှိသွား လေသည်။ တပ်မဟာ (၃) မှတဆင့် ဆက်လက်ပြီးချီတက်ရာ ကေအဲန်ယူ ဌာနချုပ် ရှိရာ မာနယ်ပလောသို့ ရောက်ရှိခဲ့လေသည်။

ကေအဲန်ယူ ဗဟိုဌာနချုပ်တွင် မြောက်ပိုင်းမှ ဆင်းလာသော၊ ပါတီ ခေါင်း ဆောင်များနှင့် အဆက်အသွယ်ရယူပြီး၊ ၁၉၇၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ပေါင်းစည်း မိလေသည်။

၂၇၃။ ကေအဲန်ယူပါတီနှင့် ကေအဲန်ယူ နှစ်ဘက်ခေါင်းဆောင်များသည်၊ ၁၉၇၅ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင်၊ တွေ့ဆုံဆွေးနွေးပြီး၊ ညီညွတ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် ချမှတ်ရေးတို့အတွက် အောက်ပါ ကော်မတီကို ဖွဲ့စည်း လိုက်သည်။

ကေအဲန်ယူ	ကေအဲန်ယူပါတီ
၁။ ဗိုလ်ချုပ်မြ၊	၁။ ဗိုလ်ချုပ်မြမောင်၊
၂။ ဗိုလ်သန်းအောင်၊	၂။ စကောလယ်တော၊
၃။ ဗိုလ်မောင်မောင်၊	၃။ ဦးစိုးအောင်၊
၄။ ပဒိုသာပြည့်၊	၄။ ဗိုလ်စံလင်း

နှစ်ဘက်ဆွေးနွေးချက်များအရ၊ အဖွဲ့အစည်းနှစ်ခုကို တဖွဲ့ တစည်းတည်း ပြန် လည်ပေါင်းစည်းရန် သဘောတူညီကြသည်။ ၁၉၇၄ ခုနှစ်၊ ကေအဲန်ယူ ကွန်ဂရက်မှ ချမှတ်ထားခဲ့သော နိုင်ငံရေးလမ်းစဉ်အောက်တွင် တပေါင်းတစည်းတည်း လုပ်ဆောင်ကြ ရန် သဘောတူညီခဲ့ကြသည်။

၂၇၄။ ကေအဲန်ယူပါတီသည်၊ မိမိတို့ ပါတီတွင်း ညှိနှိုင်း ဆွေးနွေးရန်နှင့် ယခင်က မဟာမိတ်အဖွဲ့ အစည်းများနှင့်လည်း ပြန်လည်၍ စီစဉ်ဆောင်ရွက်ရမည့် ကိစ္စများ ရှိနေသည့်အပေါ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကေအဲန်ယူပါတီညီလာခံတရပ်ကို ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့မှ (၁၈)ရက်နေ့ အထိ ခေါ်ယူ ကျင်းပခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

(၈) ကြိမ်မြောက် ပါတီကွန်ဂရက်

“ဒူးဒါးဂေး” ကျေးရွာတွင် ခေါ်ဆိုရာ အောက်ဖော်ပြပါ ပါတီဝင်များ တက်ရောက်ခဲ့ ကြသည်။

၁။ ဗိုလ်ချုပ်မြမောင်၊
၂။ စကောလယ်တော (မြောက်ပိုင်းခရိုင်)၊
၃။ ဦးစိုးအောင်၊ ၁၈။ ဦးမောတိုး၊
၄။ ဗိုလ်စံလင်း၊ ၁၉။ စောလီလေး၊ (မြောက်ပိုင်း)၊
၅။ ဗိုလ်မှူးချုပ်ကျော်သောင်း၊ ၂၀။ စောဇော်မင်း၊ (မြောက်ပိုင်း)၊
၆။ ဗိုလ်မှူးမြသိန်း၊ (ပဲခူး)၊ ၂၁။ ဦးဖိုးဂုဏ်၊
၇။ ဗိုလ်မှူးမိုးဟိန်း၊ ၂၂။ မန်းအောင်ဌေး၊
၈။ ဗိုလ်မှူးဟန်ကြည်၊ ၂၃။ စောဘမိုး၊
၉။ ဗိုလ်မှူးမောင်ချစ်၊ ၂၄။ စောထိုး၊
၁၀။ ဗိုလ်မင်းသိန်း၊ ၂၅။ စောတင်ငွေ၊
၁၁။ မန်းရှာလားဖန်း၊ (မြောက်ပိုင်း)၊ ၂၆။ စောထွန်းငွေ(ခေါ်)အဝါး၊
၁၂။ ဗိုလ်သာမောင်၊ (မြောက်ပိုင်း)၊ ၂၇။ ဗိုလ်သာဆဲ၊
၁၃။ ဗိုလ်အောင်မြတ်၊ ၂၈။ ဗိုလ်ကျော်လင်း၊
၁၄။ ဗိုလ်မီးသ၊ (မြောက်ပိုင်း)၊ ၂၉။ ဗိုလ်သံတုံး၊
၁၅။ သမိန်ထွန်း၊ (မြောက်ပိုင်း)၊ ၃၀။ ဗိုလ်ခင်မောင်လွင်၊
၁၆။ ခိုတဲခို၊ ၃၁။ ဗိုလ်သန်းလှ၊
၁၇။ ဗိုလ်တွတ်၊ ၃၂။ မန်းစဘီ၊

၂၇၅။ ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာ (၂၉)ရက်။ ကေအဲန်ယူပါတီကို ဖျက်သိမ်းပြီး၊ ဗဟို ညီညွတ်ရေး ကော်မတီ၏ ဒုတိယ အကြိမ်မြောက် အစည်းအဝေးတွင် ကေအဲန်ယူ၏ ၁၉၇၄ လမ်းစဉ် အောက်တွင် ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူညီချက်ကို နှစ်ဘက် ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၇၆။ ၁၉၇၆ ခုနှစ်၊ ဇန္နဝါရီလ (၁၅)ရက်။ ကေအဲန်ယူ ဗဟိုကော်မတီ အစည်း အဝေးကို ခေါ်ယူကျင်းပပြီး၊ကေအဲန်ယူပါတီမှ ဗဟိုခေါင်းဆောင်များကို ကေအဲန်ယူ ဗဟိုကော်မတီသို့ ထည့်သွင်း ဖွဲ့စည်းလိုက်သည်။ ကေအဲန်ယူ ဗဟိုကော်မတီအဖြစ် ဖွဲ့စည်းတာဝန် ပေးလိုက်သည်။ ထို့အပြင် ပါတီခေါင်းဆောင်များ ကေဒါများ ကို စည်းရုံးရေးလုပ်ငန်း၊ စစ်ရေး လုပ်ငန်း အသီးသီးတွင် ကေဒါအဖြစ် ခန့်အပ်ပြီး တာဝန်များ ခွဲဝေပေးခဲ့သည်။

ကေအဲန်ယူပါတီ၏ ဦးဆောင်မှုအောက်တွင် ပါဝင်ခဲ့သော တပ်မှူး တပ်သား များကို၊ ကေအဲန်အယ်လ်အေ K.N.L.A. တပ်ရင်း (၁၄)အဖြစ် ပြန်လည်ဖွဲ့စည်း လိုက်ပြီး၊ တပ်ရင်းမှူး အဖြစ် ဗိုလ်မှူးမိုးဟိန်း ကို တာဝန်ပေးအပ်ခဲ့လေသည်။

၂၇၇။ ကေအဲန်ယူပါတီမှ ဗဟိုခေါင်းဆောင်များကို အောက်ပါအတိုင်း တာဝန်များ ခွဲဝေ ပေးလေသည်။

၁။ ဗိုလ်ချုပ်မြမောင်၊ ဗဟိုကော်မတီ၊ သတ္တုတွင်းဌာန ဝန်ကြီး၊
၂။ စကောလယ်တော၊ ဗဟိုကော်မတီ၊ စည်းရုံးရေးဌာန၊
၃။ ဗိုလ်မှူးချုပ်ကျော်သောင်း၊ဗဟိုကော်မတီ၊ ကာကွယ်ရေး၊
၄။ ဦးစိုးအောင်၊ အတွင်းရေးမှူးရုံး၊
၅။ ဦးမီးသ၊ ခရိုင်ဥက္ကဋ္ဌ၊ တပ်မဟာ (၄)၊
၆။ ဗိုလ်မှူးစံလင်း၊ ဘဏ္ဍာရေးဌာန၊
၇။ ဗိုလ်မှူးထင်လင်း၊ တပ်မဟာ (၄)
၈။ ဗိုလ်မှူးဟန်ကြည်၊ ဘိတ်ထားဝယ် ခရိုင်၊ တပ်မဟာ (၄)၊

ကေအဲန်ယူပါတီနှင့်အတူ ခေါင်းဆောင်ငယ်များ၊ ကေဒါများ။

၁။ မန်းရှာလားဖန်း၊ တပ်မဟာ (၃)၊
၂။ သမိန်ထွန်း၊ တပ်မဟာ (၄)၊
၃။ စောလိလေး၊ တပ်မဟာ (၆)၊
၄။ ဗိုလ်ထွန်းကြည်၊ တပ်မဟာ (၃) ကေအဲန်ဒီအို တပ်ရင်းမှူး၊
၅။ စောဇော်မင်း၊ တပ်မဟာ (၃)၊
၆။ ဦးမောတိုး၊ စည်းရုံးရေးဌာန၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၇။ ဦးဖိုးဂုံ တပ်မဟာ (၄)၊

၈။ ဦးစောတဲ၊ ကေအဲန်ယူ ဗဟို ဌာနချုပ်၊

၉။ ဗိုလ်သာမောင်၊ စစ်လက်နက် ပြင်ဆင်ရေး၊

၁၀။ ဗိုလ်သိန်းလွင်၊ အထွေထွေ အတွင်းရေးမှူးရုံး၊

၁၁။ ဆရာစဘီ၊ သတ္ထုတွင်းဌာန၊

၁၂။ မန်းအောင်ဌေး၊ သတ္ထုတွင်းဌာန၊

၁၃။ ဗိုလ်တင်ငွေ၊ ကြားဖြတ် ဆက်သွယ်ရေးဌာန၊

၁၄။ ဗိုလ်ကျော်ဝင်း၊ ကြားဖြတ် ဆက်သွယ်ရေးဌာန၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၇၈။ ပါတီ၏ တပ်မှူး တပ်သားများဖြင့် တပ်ရင်း တရင်းကို ဖွဲ့စည်းရာ ကေအဲန်ယူ လက်အောက်ခံ အမှတ်(၁၄) ကေအဲန်အယ်လ်အေ တပ်ရင်းကို အောက်ပါအတိုင်း ဖွဲ့စည်း ခဲ့သည်။

တပ်ရင်း (၁၄)၊ တပ်ရင်းမှူး၊ ဗိုလ်မှူး မိုးဟိန်း၊
တပ်ရင်း (၁၄)၊ ဒု တပ်ရင်းမှူး၊ ဗိုလ်မှူးဟန်ကြည်၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၁)၊ တပ်ခွဲမှူး၊ ဗိုလ်စောတွတ်၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၁)၊ ဒု တပ်ခွဲမှူး၊ ဗိုလ်သဆုံ၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၁)၊ တပ်စုမှူး၊ ဗိုလ်ခင်မောင်လွင်၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၂)၊ တပ်ခွဲမှူး၊ ဗိုလ်ရွှေဆန်း၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၂)၊ ဒု တပ်ခွဲမှူး၊ ဗိုလ်သံဒုံး၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၂)၊ တပ်စုမှူး၊ ဗိုလ်ထွန်းစိန်၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၃)၊ တပ်ခွဲမှူး၊ ဗိုလ်အောင်မြတ်၊ (နီပွန်)၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၃)၊ ဒု တပ်ခွဲမှူး၊ ဗိုလ်ကျော်လင်း၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၃)၊ တပ်စုမှူး၊ ဗိုလ်စန်စီဖိုး၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၁) တပ်စုမှူးများ၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၂) တပ်စုမှူးများ၊
တပ်ရင်း (၁၄)၊ တပ်ခွဲ (၃) တပ်စုမှူးများ၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

တပ်ရင်း (၁၄)ကို ဖျက်သိမ်းခြင်း၊

၂၇၉။ ၁၉၇၅ ခုနှစ်၊ ကေအဲန်ယူပါတီကို ဖျက်သိမ်းပြီးနောက်၊ ကေအဲန်ယူ အစည်းအရုံးသို့ ဝင်ရောက်ခြင်းမပြုဘဲ မြောက်ပိုင်းသို့ ထွက်ခွာသွားသော ပါတီဝင် ရဲဘော်ဟောင်း တချို့ ရှိခဲ့သည်။ ထိုရဲဘော်များမှာ၊

(၁) စောဘမိုး၊

(၂) ဗိုလ်မှူးဖော၊ (တပ်မဟာ ရုံးထိုင်မှူး၊ မြစ်ဝကျွန်းပေါ် တပ်မဟာ၊)၊

(၃) စောမြသောင်း၊

(၄) နေကော်ထူး တို့ဖြစ်သည်။

ဗိုလ်မှူးဖောသည် မြောက်ပိုင်း "ရလလဖ"မှ နေပြီး၊ ဗိုလ်မှူးမိုးဟိန်းထံသို့ ရေးသားပေးပို့သော စာတစောင်ကိစ္စနှင့် ဗိုလ်ချုပ်မြက ကွန်မြူနစ်များနှင့် ဆက်သွယ် သည်ဟု အထင်ရောက်ကာ တပ်ရင်း(၁၄)ကို ဖျက်သိမ်းရန် ညွှန်ကြားခဲ့လေသည်။

ဗိုလ်မှူးဖော ရေးသားသောစာကို ပဒိုလှကျော်မှ ဖွင့်ဖတ်လေသည်။ စာမှာ၊ ၎င်းတို့နှင့် လာရောက်ပူးပေါင်းကြရန်၊ လူမျိုးစုများက ဖိတ်ခေါ်နေကြောင်း ပါရှိလေသည်။ ဗိုလ်မှူးမိုးဟိန်း၏ ပြန်စာတွင် ခေါင်းဆောင်များအား တင်ပြပြီး ၎င်းတို့အား သွားရောက် ဖမ်းဆီးမည့် အကြောင်း ဖြစ်လေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဗိုလ်မှူးမိုးဟိန်း (တပ်ရင်း ၁၄ မှူး အား)၊ တပ်နှင့် အတူ ပြန်မလွှတ်ဘဲ၊ စစ်ဦးစီးဌာနချုပ် ရုံးထိုင်မှူး ဗိုလ်မှူးလှထူးနှင့်အတူ ထားရှိသည်။ ဗိုလ်ကျော်လင်းနှင့်အတူ၊ မဲဆိပ်ရွာတွင် ရောက်ရှိနေသော တပ်ရင်း (၁၄) တပ်ဖွဲ့ဝင်များ ထံမှ သေနတ်များကို ဖြုတ်သိမ်းလေသည်။ ကေအဲန်အယ်လ်အေ၊ တပ်ရင်း(၇) တပ်ရင်းမှူး ဗိုလ်မှူးကျော်နီနှင့် ဒု-တပ်ရင်းမှူး ဗိုလ်တူးတူ တို့က၊ အထက် ညွှန်ကြားချက်ကို ဖတ်ပြပြီး၊ အေးဆေးစွာပင် ဆွေးနွေးကာ လက်နက်များကို သိမ်းဆည်းခဲ့သော်လည်း သေနတ်များကို ထိုနေ့ ညနေစောင်းတွင်ပင် ပြန် လည်ပေး အပ်ခဲ့သည်။

နောက်ပိုင်းတွင် တပ်ရင်း (၁၄)ကို ဗဟိုဌာနချုပ်သို့ ပြန်လည်ခေါ်ယူပြီး ထို တပ်ကို ဖျက်သိမ်းလိုက်တော့သည်။ တပ်ရင်း (၁၄)မှ တပ်ဖွဲ့အသီးသီး၏ တပ်မှူးများ တပ်သားများကိုလည်း တပ်မဟာ အသီးသီးသို့ ဖြန့်ခွဲကာ တာဝန်များ ပြန်လည် ပေးအပ်ခဲ့သည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

ကရင့်တော်လှန်ရေး ဒုတိယလမ်းစဉ်နှင့် အဖွဲ့အစည်းများ စာရင်း။

၁။ A.F.O. ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖတပလ)၊

၂။ A.F.P.F.L. ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ)

၃။ B.C.P. ကွန်မြူနစ်ပါတီဗမာပြည် (အလံနီ)၊

၄။ B.I.A. ဗမာ့လွတ်လပ်ရေးတပ်မတော်၊

၅။ B.N.A. ဗမာ့အမျိုးသားတပ်မတော်၊

၆။ B.W.P.P. ဗမာပြည် အလုပ်သမား လယ်သမားပါတီ၊

၇။ B.K.N.A. ဗုဒ္ဓဘာသာ ကရင်အမျိုးသားအဖွဲ့ချုပ်၊

၈။ C.A.S. မြို့ပြအုပ်ချုပ်ရေးအဖွဲ့၊

၉။ C.P.C. တရုတ် ကွန်မြူနစ်ပါတီ၊

၁၀။ C.N.F. ချင်းအမျိုးသားတပ်ဦး၊

၁၁။ C.N.L.P. ချင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်၊

၁၂။ C.P.B. ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၊

၁၃။ D.N.U.F. ဒီမိုကရက်တစ် လူမျိုးစုများ ညီညွတ်ရေးတပ်ဦး၊

၁၄။ F.N.D.F. ဖက်ဒရယ် အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု၊

၁၅။ G.C.B.A. မြန်မာအသင်းချုပ်၊

၁၆။ G.S.C. အထွေထွေ သပိတ်ကော်မတီ၊

၁၇။ K.N.A. ကရင်အမျိုးသားအသင်း၊

၁၈။ K.C.O. ကရင်ဗဟို အဖွဲ့ချုပ်၊

၁၉။ K.Y.O. ကရင်လူငယ်များ အစည်းအရုံး၊

၂၀။ K.G.B. ကော်သူးလေ အုပ်ချုပ်ရေးအဖွဲ့၊

၂၁။ K.N.D.O. ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့၊

၂၂။ K.N.L.A. ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊

၂၃။ K.P.L.A. ကရင်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊

၂၄။ K.N.L.C. ကရင်အမျိုးသား လွတ်မြောက်ရေးကောင်စီ၊

၂၅။ K.N.U. ကရင်အမျိုးသား အစည်းအရုံး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၂၆။ K.P.G.F. ကရင်ပြည်သူ့ ပြောက်ကျားတပ်မတော်၊

၂၇။ K.N.U.F. ကရင်အမျိုးသား ညီညွတ်ရေးတပ်ဦး၊

၂၈။ K.R.C. ကရင် တော်လှန်ရေးကောင်စီ၊

၂၉။ K.N.L.P. Kayan New Land Party. ကယန်းပြည်သစ်ပါတီ၊

၃၀။ K.N.P.P. ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၊

၃၁။ K.N.S.L.F. ကရင်နီပြည်နယ် တိုင်းရင်းသား လူမျိုးများ လွတ်မြောက်ရေး တပ်ပေါင်းစု၊

၃၂။ M.N.D.O. မွန် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့၊

၃၃။ M.N.F. မွန် အမျိုးသားတပ်ဦး၊

၃၄။ M.P.F. မွန်ပြည်သူ့တပ်ဦး၊

၃၅။ M.F.L. မွန် လွတ်မြောက်ရေး အဖွဲ့ချုပ်၊

၃၆။ N.D.F. အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (မဒတ)၊

၃၇။ N.D.U.F. အမျိုးသားဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု (မဒညတ)၊

၃၈။ N.M.S.P. မွန်ပြည်သစ်ပါတီ၊

၃၉။ N.U.F. တိုင်းရင်းသား လူမျိုးစုများ ညီညွတ်ရေးတပ်ဦး၊

၄၀။ N.U.L.F. တိုင်းရင်းသားများ ညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ဦး၊

၄၁။ P.A. ပြည်သူ့ တပ်မတော်၊

၄၂။ P.B.F. မျိုးချစ် ဗမာ့တပ်မတော်၊

၄၃။ P.V.P. ပြည်သူ့ရဲဘော် ပါတီ၊

၄၄။ P.D.P. ပြည်သူ့ ဒီမိုကရေစီပါတီ၊

၄၅။ P.D.P. ပါလီမန် ဒီမိုကရေစီပါတီ၊

၄၆။ P.L.A. ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊

၄၇။ P.N.F. ပလောင်အမျိုးသားတပ်ဖွဲ့၊

၄၈။ P.N.O. ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်၊

၄၉။ P.S.L.O. ပလောင် ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့၊

၅၀။ P.S.L.A. ပလောင်ပြည် လွတ်မြောက်ရေး တပ်မတော်၊

၅၁။ P.V.O. ပြည်သူ့ ရဲဘော်အဖွဲ့၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၅၂။ S.N.U.F. ရှမ်းအမျိုးသား ညီညွတ်ရေးတပ်ဦး၊

၅၃။ S.S.A. ရှမ်းပြည် တပ်မတော်၊

၅၄။ S.S.I.A. ရှမ်းပြည်နယ် လွတ်လပ်ရေးတပ်မတော်၊

၅၅။ S.N.P.L.O. ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ (ရလလဖ)၊

၅၆။ S.S.P.P. ရှမ်းပြည် တိုးတက်ရေးပါတီ၊

၅၇။ S.S.W.C. ရှမ်းပြည်နယ် စစ်ကောင်စီ၊

၅၈။ S.U.R.A. ရှမ်းပြည် တော်လှန်ရေး တပ်ပေါင်းစု တပ်မတော်၊

၅၉။ T.N.A. တအာန်း အမျိုးသား တပ်မတော်၊

၆၀။ T.N.P. တအာန်း အမျိုးသားပါတီ၊

၆၁။ T.R.C. တိုင်(ရှမ်း)တော်လှန်ရေး ကောင်စီ၊

၆၂။ U.K.L. ပြည်ထောင်စု ကရင်အဖွဲ့ချုပ်၊

၆၃။ U.K.O. ပြည်ထောင်စု ကရင်အစည်းအရုံး၊

၆၄။ U.M.P. ပြည်ထောင်စု စစ်ရဲ့ တပ်ဖွဲ့၊

၆၅။ U.N.D.P. ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီပါတီ၊

၆၆။ U.N.F. ညီညွတ်သော လူမျိုးစုများ တပ်ဦး၊

၆၇။ U.N.P.O. /U.P.N.O. စည်းလုံးညီညွတ်သော အမျိုးသားအဖွဲ့ချုပ်၊

၆၈။ U.W.S.A. “ဝ” ပြည် သွေးစည်း ညီညွတ်ရေးတပ်မတော်၊

၆၉။ W.N.A. “ဝ” အမျိုးသား တပ်မတော်၊

၇၀။ Z.N.F. ဇိုမီ အမျိုးသား တပ်ဦး၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

အထောက်အကူပြု ကိုယ်ရေးမှတ်တမ်းများ စာအုပ်စာတမ်းများ။

၁။ နိုင်ငံသစ်စာစောင် အမှတ်စဉ် (၁)မှ အမှတ်စဉ်(၇)၊ (I.K.H.R.A.)

၂။ မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး (ဖူးကီးဒို)၊

၃။ ကရင့်တော်လှန်ရေးသမိုင်း (ဖူးစကောလယ်တော)၊

၄။ ကော်သူးလေ တော်လှန်ရေး စစ်တမ်း၊ (အလင်းရောက် ကော်သူးလေ ရဲဘော်များ၏ တင်ပြချက်၊ မောင်တိုး၊ ဘာဟု၊ ကျော်စိန်၊ နေ့စွဲ- ၂၀-၁၀-၅၉)၊

၅။ ကရင့်နိုင်ငံရေး (ဖူးဘသင်စိန်)၊

၆။ ကရင့်နိုင်ငံရေးသမိုင်း (မှတ်စု အကျဉ်း) (၁၉၄၇-၂၀၀၈)၊

၇။ ကရင်နှင့် နိုင်ငံရေး ပြဿနာ “ဆရာသာထို” ကရင်အမျိုးသား အစည်းအရုံး ဗဟို ဌာနချုပ်မှ ပြန်လည်ရိုက်နှိပ်သည့်မူ (အောက်တိုဘာ (၂၈) ၂၀၁၁)၊

၈။ ဇင် ချစ် နောက်ဆုံး (၂) (ရဲဘော်ဘခက်၊ ရဲဘော်စန်းမြင့်၊ ရဲဘော်အောင်သူ၊)၊

၉။ ကျွန်ုပ်၏ ကရင့်တော်လှန်ရေးမှတ်တိုင်များ (ဖူးကီးဒို)၊

၁၀။ စောဘဉီးကြီးနှင့် လူမျိုးများ၏ နိုင်ငံရေး ပြဿနာ (မောင်စင်ကြယ်)၊

၁၁။ ကျနော်တင်ပြလိုသည့် ကျနော့်ဖြတ်သန်းမှု အစစ်အမှန် (ဗိုလ်ချုပ်ကြီး စောဘိုမြ)၊

၁၂။ အမှောင်ကြားက ဗမာပြည် (ဝင်းတင့်ထွန်း)
အနီးခေတ်၊ ဗမာနိုင်ငံ လှုပ်ရှားမှု သမိုင်းအကျဉ်း (၁၉၄၈-၂၀၀၀)၊

၁၃။ ဖူးတာအယ်နှင့် ကရင့်တော်လှန်ရေး၊ (မန်းထက်ခေါင် စီစဉ်ရေးသားသည်)၊

၁၄။ ဒုဗိုလ်မှူးကြီး စောကျော့ (ခေါ်) ထူးဂေါ်၏ လက်ရေးမူကြမ်း (၆)စောင်တွဲ၊

၁၅။ Burma: Inisuragency And the Politic of Ethnicity by “Martin Smith.”
“ပြည် ဗမာ အဖြေရှာဖွေကာ ကြည့်ပါလှည့် ... ...”
လက်နက်ကိုင် ဖက်ပြိုင်မှုများနှင့် လူမျိုးစုဆိုင်ရာ နိုင်ငံရေး (မန်းဒိုး ဘာသာပြန်)၊

၁၆။ ဖူးရွှေဆိုင်းတောပု ၏ ကိုယ်တိုင်ရေး အကျဉ်းချုပ်၊

၁၇။ သွေးစည်းခိုင်မာရေးဂျာနယ်၊ အတွဲအမှတ်(၁) အမှတ်(၅)၊ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ၊

၁၈။ သွေးစည်းခိုင်မာရေးဂျာနယ်၊ အတွဲအမှတ်(၁) အမှတ်(၆) ၂၀၀၀ ခုနှစ်၊

လွတ်လပ်သော ကရင့်သမိုင်းသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။
https://ikhra.net/
https://web.facebook.com/independentkarenhistoricalresearchassociation

၁၉။ ကရင်အမျိုးသား တော်လှန်ရေးသမိုင်း မှတ်စု (၁၉၄၇- ၂၀၀၈ ခုနှစ်အထိ)၊

၂၀။ ဗိုလ်သိန်းလွင်၏ အသံသွင်း ကိုယ်ရေးမှတ်တမ်း (၂၀၁၆-၂၀၁၈)၊

၂၁။ ဗိုလ်မှူးမိုးဟိန်းနှင့် ကရင့်တော်လှန်ရေး၊ မန်းအိုင်ရှောင်း(ဧရာမြေ)၊

၂၂။ ရောင်နီဝန်းစာစောင်၊ ကရင်အမျိုးသားပါတီ၊ (Karen National Party.)၊

၂၃။ (K.A.F) Karen Armed Forces.

၂၄။ (K.N.D.O.) Kawhtoolai National Defence Organization.

၂၅။ (K.P.L.A.) Karen People Liberation Army.

၂၆။ (K.N.L.F.) Kayen National Liberation Front.

၂၇။ (K.N.P.P.) Karenni National Prograssive Party.

၂၈။ (K.N.U.) Karen National Union.

၂၉။ (K.N.U.P.) Karen National United Party.

၃၀။ (N.M.S.P.) New Mon State Party.

၃၁။ (N.U.F.) National United Front.

၃၂။ (Z.N.F.) Zome National Front.